အင်္ဂုတ္တိုရ်ပါဠိတော်ဆယ့်တစ်ကျမ်းတို့၏ အနှစ်သာရများကို
သိပ်သည်းပိပြင်စွာ ဖော်ပြထားသော

# ပိဋကအနှစ်ချုပ်
# အင်္ဂုတ္တရနိကာယ်

(ဧကကနိပါတ်မှ ပဉ္စကနိပါတ်ထိ)

ဦးမောင်မောင်လေး
ပထမကျော်၊ ဓမ္မာစရိယ သိရောမဏိ
B.A.,R.L.

## ပုံနှိပ်ခြင်း

၁၉၇၉ ခု၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၁၂၀၀။

**မျက်နှာဖုံးပန်းချီ**

စံတိုး

**ဘလောက်**

ထွန်းဆိုင်

**အဖုံးရိုက်**

လုပ်သား

**စာအုပ်ချုပ်**

ကောမီ

**စာမူခွင့်ပြုချက်အမှတ် ၆၃/၇၉(၂)**

**မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၀၆/၇၉ (၇)**

ဦးရွှေထွန်းအောင် (၀၂၀၇) လုပ်သားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀ ကန်တော်ကလေး၊ ရန်ကုန်မြို့က ရိုက်နှိပ်၍ ဦးရွှေထွန်းအောင် (၀၁၅၂၂)၊ နှလုံးလှစာပေ၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်က ထုတ်ဝေပါသည်။

အင်္ဂုတ္တိုရ် ပါဠိတော် ဆယ့်တစ်ကျမ်းတို့၏
အနှစ်သာရများကို သိမ်းသည့် ဖြိုခွာ
ဖော်ပြထားသော

# ပိဋကအနှစ်ချုပ်
# အင်္ဂုတ္တရနိကာယ်

(ဧကကနိပါတ်မှ ပဉ္စကနိပါတ်အထိ)


## ဦးမောင်မောင်လေး

ပထမကျော်၊ ဓမ္မာစရိယ၊ သိရိပျံချီ
B.A.,R.L



နှလုံးလှစာပေ ဖြန့်ချိရေး
စာတိုက်သေတ္တာအမှတ် ၈၇၊ ဗဟိုစာတိုက်ကြီး၊ ရန်ကုန်။
ဖုန်း - ၉၀၉၈၁



အင်္ဂုတ္တရနိကာယ်

# မိတ်ဆက်နိဒါန်း

## အင်္ဂုတ္တရနိကာယ်ကို ထိန်းသိမ်းခဲ့ကြသည့်ပုဂ္ဂိုလ်များ

ဗုဒ္ဓမြတ်စွာဟောကြားခဲ့သော တရားတော်များကိုသံဂါယနာတင်မထေရ်မြတ်တို့က ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့်ငါးရပ်၊ သတ်မှတ်ပိုင်းခြား၍ မှတ်တမ်း တင်ခဲ့ကြပါသည်၊ အင်္ဂုတ္တရနိကာယ်သည် ပိဋကအားဖြင့် သုတ္တန်ပိဋကတွင်ပါဝင်ပြီး နိကာယ်အားဖြင့် စတုတ္ထမြောက်နိကာယ်ကြီး ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံပြီးနောက် သုံးလမြောက်တွင် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ယံရှိ သတ္တပဏ္ဏိ လိုဏ်ဂူ၌ ရှင်မဟာကဿပမထေရ် ကြီးမှူးကျင်းပသည့် ပထမသံဂါယနာပွဲတွင် သံယုတ္တနိကာယ်ကို သံဂါယနာတင်ပြီးနောက် အင်္ဂုတ္တရနိကာယ်ကို ဆက်လက်သံဂါယနာတင်တော်မူခဲ့ကြကြောင်း၊ ထိုအင်္ဂုတ္တရနိကာယ်ကို မပျောက်ပျက်ရအောင် ဆောင်ရွက်ထိန်းသိမ်းသွားကြရန် အတွက်လည်း ရှင်အနုရုဒ္ဓါနှင့် တပည့်တို့အား သံဂါယနာတင် မထေရ်မြတ်တို့က တာဝန်ပေးအပ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ဗုဒ္ဓမြတ်စွာ၏ လက်ထက်တော်နှင့်ပထမ၊ ဒုတိယ၊ တတိယသံဂါယနာတင်ခေတ်ကာလတို့၌ ပိဋကတ်တော်များကို ပေထက်အက္ခရာ၊ ကျောက်ထက်အက္ခရာတင်၍ ရေးသားခဲ့ခြင်းမရှိ။ နှုတ်တက်အာဂုံကျက်မှတ်၍သာ အဆင့်ဆင့် ဆောင်တော်မူခဲ့ကြသည်။ သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းလက်ထက်၊ သာသနာနှစ် (၄၅၀) ခန့်တွင် ကျင်းပသော စတုတ္ထသံဂါယနာသို့ရောက်မှသာ ပေထက်အက္ခရာတင်ကျမ်းများဖြစ်လာခဲ့ပါသည်။ အင်္ဂုတ္တရနိကာယ်သည်ကျမ်းအားဖြင့် (၁၁) ကျမ်း၊ ဆဋ္ဌမူ စာမျက်နှာအားဖြင့် (၁၆၅၀) မျှရှိ၍၊ ဒီဃနိကာယ်စသော နိကာယ်ကြီး၊

လေးစပ်အနက် အကျယ်ဝန်းဆုံးနိကာယ်ကြီးဖြစ်ပါသည်။ ဤမျှကျယ်ဝန်းသော နိကာယ်ကြီးကို ယနေ့အထိသင်ကြားလေ့လာခွင့်ရရှိနေခြင်းမှာ သံဂါယနာတင် မထေရ်ကြီးများ၊ ရှင်အနုရုဒ္ဓါနှင့်တပည့်များမှစ၍အဆက်ဆက်သော သာသနာ့ ဝန်ဆောင် ပုဂ္ဂိုလ်မြတ်တို့၏ ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။

## အင်္ဂုတ္တိုရ်ဆယ့်တစ်ကျမ်း

''အင်္ဂုတ္တရနိကာယ-အင်္ဂုတ္တရနိကာယ်''ဟူသည် တစ်ခုတစ်ခုသော အင်္ဂါ အားဖြင့် လွန်၍လွန်၍သွားသော သုတ်တို့၏အစုအပေါင်းဟူ၍ အဓိပ္ပာယ်ရပါ သည်။[၂] ဤအဓိပ္ပာယ် ပေါ်လွင်စေရန် အနည်းငယ်ရှင်းဖို့ လိုပါလိမ့်မည်။ ဗုဒ္ဓ မြတ်စွာ၏ ဟောကြားချက်များ၌ အကြောင်း အရာတစ်ခုကို အခြေခံ၍ ဟောကြား သော ဒေသနာလည်းပါရှိ၏။ အကြောင်းအရာနှစ်ခုကိုအခြေခံ၍ဟောကြားသော ဒေသနာလည်းပါရှိ၏....အကြောင်းအရာ ဆယ့်တစ်ခုကိုအခြေခံ၍ဟောကြား သော ဒေသနာလည်း ပါရှိ၏။ ရှင်မဟာကဿပအစရှိသော ပထမသံဂါယနာ တင်မထေရ်မြတ်တို့သည် ဒီဃ၊ မဇ္ဈိမ၊ သံယုတ္တဟူသော, နိကာယ်ကြီးသုံးရပ်ကို သံဂါယနာတင်ပြီးနောက် ကျန်ရှိနေသေးသော ဗုဒ္ဓဒေသနာတော်များကို သံဂါ ယနာတင်ရာ၌ အရေအတွက်ကို အခြေခံသော အစီအစဉ်ဖြင့် သံဂါယနာတင် ရန် ဆုံးဖြတ်တော်မူခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်အရ—

- အကြောင်းအရာ တစ်ခုကို အခြေခံသော ဟောကြားချက်များကို ဧကကနိပါတ်
- အကြောင်းအရာ နှစ်ခုကို အခြေခံသော ဟောကြားချက်များကို ဒုကနိပါတ်....
- အကြောင်းအရာဆယ့်တစ်ခုကို အခြေခံသော ဟောကြားချက်များကို ဧကာဒသကနိပါတ် ဟူ၍ ပိုင်းခြားသတ်မှတ်တော် မူခဲ့ကြပါသည်။

ထိုအပိုင်းဆယ့်တစ်ပိုင်းကိုပင်အင်္ဂုတ္တိုရ်ဆယ့်တစ်ကျမ်းဟု ခေါ်ခဲ့ကြပါသည်။

ဤစာရေးသူသည်ဒီဃ၊မဇ္ဈိမစသော နိကာယ်ကြီးလေးရပ်တို့၌ပါရှိသည့် ဗုဒ္ဓမြတ်စွာ၏ ဟောကြားချက်များကို ပါဠိဘာသာတတ်ကျွမ်းသည့် လူပုဂ္ဂိုလ် များဖတ်ရှု လေ့လာနိုင်ကြစေရန် ရည်ရွယ်လျက် နိကာယ်အနှစ်ချုပ် ကြမ်းကြီး များကို ရေးသား ခဲ့ပါသည်။ ဤအင်္ဂုတ္တရနိကာယ်မှာမူ ယခင်နိကာယ်ကျမ်းများ ထက်ပို၍ ကျယ်ဝန်းပြီး မှတ်သား စရာတွေလည်း များလှပါသည်။ ထို့ကြောင့် ယခင်နိကာယ်များကဲ့သို့ တစ်အုပ်တည်းမဟုတ်ဘဲ နှစ်အုပ်ခွဲ၍ထုတ်ဝေရန် စီစဉ် လိုက်ရပါသည်။

'အင်္ဂုတ္တရနိကာယ်ခ်မှာ်သားစောေဟာ များလသည်'ကိုခေါ်ခြင်းမှာ ဤနိကာယ်၌

---

၁။ သိ သပ္ပုဒ္ဓဝဂ္ဂအဋ္ဌကထာ ၂၂

၂' ကေကာဒိဟိ အင်္ဂေဟိ ဥ ရုပ္ပိဥတ္တရော ဒမိကောတိ အင်္ဂုတ္တရော-ဋီကာ ပ-၁၀။ လန်ဒန်မြို့ ပါဠိကျမ်းစာအသင်း 'Pali Text Society'က အင်္ဂုတ္တရနိကာယ်ကို Gradual Sayings ဟူသော အမည်ဖြင့် အင်္ဂလိပ် ဘာသာ ပြန်ဆိုထားပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းသံဃာတို့နှင့်သက်ဆိုင်သည့် ရဟန်းကျင့်ဝတ်၊ ရဟန်းကျင့်စဉ်များသာမက လူပုဂ္ဂိုလ်များနှင့် သက်ဆိုင်သည့် လောကရေး၊ ဓမ္မရေး လမ်းညွှန်ချက်များလည်း ပါရှိနေသောကြောင့် ဖြစ်ပါသည်။ ၎င်းအနှစ်ချုပ်ကျမ်း၌ ထိုကဲ့သို့သော လမ်းညွှန်ချက်များကို ပေါ်လွင်အောင် ဖော်ပြထားသည့်ပြင် တိမ်မြုပ်ခက်ခဲသော အချို့နေရာတို့၌ ပါဠိပညာရှင် စာသင်စာချ မဟာစေတီယပုဂ္ဂိုလ်များ အထူးသတိပြုအံ့လေ့လာမိကြစေရန် အရေးကြီးသော အဋ္ဌကထာ၊ ဋီကာ ဖွင့်ဆိုချက်များကိုလည်း မှတ်စုအနေဖြင့် ဖြည့်စွက်ဖော်ပြထားပါသည်။

## ဟောပုဒ်ပေါင်း (၉၅၀၀) ကျော်

အင်္ဂုတ္တရနိကာယ်သည် အထက်တွင် ဖော်ပြသည့်အတိုင်း 'နိပါတ်'ခေါ် အပိုင်းအခန်း (၁၁) ခန်းရှိပြီး 'သုတ်' ဟု ခေါ်သော ဟောပုဒ် အရေအတွက် အားဖြင့်မူ—

"နဝသုတ္တသဟဿာနိ၊ နဝ သုတ္တသတာနိ စ၊
သတ္တပညာသ သုတ္တာနိ၊ ဟောန္တိ အင်္ဂုတ္တရာဂမေ။"

ဟူသော အဋ္ဌကထာမိန့်ဆိုချက်အရ (၉၅၅၇) သုတ် ရှိကြောင်း သိရပါသည်။ နှုတ်ငုံဆောင်ခေတ်က ပုဂ္ဂိုလ်များ အမှတ်အသားပြုခဲ့သည့် 'ဘာဏဝါရ'ခေါ် တစ်ကြိမ်ရွတ်စာ 'တစ်ရွတ်စာ' အတိုင်းအတာအားဖြင့် အင်္ဂုတ္တရနိကာယ်ပါဠိတော်သည် ဘာဏဝါရ (၁၂၀) ရှိသည်ဟု ဆိုပါသည်။ မျက်မှောက်ခေတ် အင်္ဂုတ္တရနိကာယ် ပါဠိတော်အား ဆဋ္ဌသံဂါယနာမူ အားဖြင့် စာမျက်နှာ (၁၆၅၁) မျက်နှာရှိပါသည်။ ယင်းကို—

(၁) ဧကကနိပါတ်မှ စတုက္ကနိပါတ်ထိ ပထမအုပ် စာမျက်နှာ (၅၁၀)။
(၂) ပဉ္စကနိပါတ်မှ သတ္တကနိပါတ်ထိ ဒုတိယအုပ် စာမျက်နှာ (၅၇၃)။
(၃) အဋ္ဌကနိပါတ်မှ ဧကာဒသက နိပါတ်ထိ တတိယအုပ်စာမျက်နှာ (၅၅၈)။

ဟူ၍ စာအုပ်ကြီး သုံးအုပ်ခွဲ၍ ရိုက်နှိပ်ထားပါသည်။

မှတ်ချက်။ ။လက်ရှိဆဋ္ဌမူပါဠိတော်၌ မြုပ်ထားသော ပေယျာလများကိုပါ ဖော်၍ သုတ်များကို ရနိုင်သမျှ ရေတွက်ကြည့်ရာ (၇၄၄၄) သုတ်သာ ရေတွက်ရရှိပါသည်။

## ဧကကနိပါတ်လာ မှတ်သားဖွယ်များ

အင်္ဂုတ္တရနိကာယ်တွင် ဧကကနိပါတ်မှ ဧကာဒသကနိပါတ်အထိ နိပါတ် (၁၁) ခုရှိသည့်အနက် ပထမဦးဆုံးဖြစ်သော ဧကကနိပါတ်၌ အကြောင်းအရာ တစ်ခုစီနှင့်ဆိုင်သော သုတ်ပေါင်း (၆၂၇) သုတ် ပါဝင်ပါသည်။ ထိုသုတ်တို့ကို 'ဝဂ်'ဟုခေါ်သော သုတ်စုပေါင်း (၂၀) တို့ဖြင့် ပိုင်းခြားထားပါသည်။ ထိုတွင် ပထမဦးဆုံးဖြစ်သော ရူပါဒိဝဂ်၌ မိန်းမ၏ အဆင်းအသံ စသော အာရုံငါးပါးသည်ယောကျ်ား၏စိတ်ကို အဆွဲဆောင်နိုင်ဆုံးဖြစ်ကြောင်း၊ ယောကျ်ား၏

အဆင်းအသံ စသော အာရုံငါးပါးသည်လည်းမိန်းမ၏စိတ်ကို အလွှဲဆောင်နိုင်ဆုံးဖြစ်ကြောင်း အသီးသီး တစ်ပါးစီခွဲ၍ ဟောကြားထားပါသည်။ ဤဟောကြားချက်မှာ ဓမ္မအမြင်အားဖြင့်သာမက လောကအမြင်အားဖြင့်လည်း အလွန်ထင်ရှားသော ဟောကြားချက်ဖြစ်ပါသည်။သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်ရေးဟူသော 'ဝိမုတ္တိရသ'ကို အစဉ်ဦးတည် ဟောကြားလေ့ရှိသော ငှုဒ္ဓမြတ်စွာကား ထိုဟောကြားချက်ဖြင့် ဝဋ္ဋဒုက္ခ၏ အကြောင်းရင်းဖြစ်သည့် တဏှာရာဂကင်းကွာရေးကို ဖော်ညွှန်းတော်မူခဲ့ခြင်းဖြစ်ပါသည်။

## နီဝရဏငါးပါး ကင်းကွာရေး

ဒုတိယမြောက်ဖြစ်သောနီဝရဏပွဟာနဝဂ်၌ နီဝရဏတရားများဖြစ်ပေါ်ခြင်းနှင့် ကင်းကွာခြင်း၏အကြောင်းများကိုတစ်ပါးစီခွဲ၍ဟောကြားထားပါသည်။ စိတ်ကိုနှောက်ယှက်ညစ်ညူးစေ၍အသိအမှန်အမြင်မှန် မပေါ်လာနိုင်အောင် ပိတ်ဆို့တားဆီးထားတတ်သည့် ကာမစ္ဆန္ဒ ဗျာပါဒစသော တရားငါးပါးကို 'နီဝရဏ' တရားဟုခေါ်ပါသည်။လျော်ကန်သင့်မြတ်သောအကြောင်းဖြင့်နီဝရဏ ငါးပါးကို ပယ်ခွာနိုင်မှသာ အသိမှန် အမြင်မှန်ပေါ်လာမည်။ မိမိအကျိုး သူတစ်ပါးအကျိုးကို သိမြင်မည်။ ရှာန်မဂ်ဖိုလ်စသော တရားထူးများကိုလည်း ရနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နီဝရဏငါးပါး ကင်းကွာရေးတရားများကို လူတိုင်းလူတိုင်း စွမ်းအားရှိသလောက် လေ့လာအားထုတ်ကြရန် အထူးလိုအပ်လှပါသည်။

## ဧတဒဂ်ရပုဂ္ဂိုလ်ထူး (၇၄)

ဧကကနိပါတ်၌နီဝရဏပ္ပဟာနဝဂ်၏နောက်တွင် စိတ်မာသော၊မေ့လျော့ပွားခြင်း၏အကျိုး၊ မေ့လျော့ခြင်းနှင့် မမေ့လျော့ခြင်း၊ ပျင်းရိခြင်းနှင့် ဝီရိယရှိခြင်း၊ မိတ်ဆွေယုတ်ရှိခြင်းနှင့် မိတ်ဆွေကောင်းရှိခြင်း စသည်တို့၏ အကျိုးအပြစ်များ၊ လောကအားအကျိုးမဲ့စေသော ပုဂ္ဂိုလ်နှင့် အကျိုးဖြစ်စေသော ပုဂ္ဂိုလ်တို့ကိုတစ်ပါးစီခွဲ၍ဟောကြားထားပါသည်၊အထူးသဖြင့်ဤဧကကနိပါတ်၌ ပညာကြီးခြင်း၊ တန်ခိုးကြီးခြင်း စသောအရာတို့၌ 'အတော်ဆုံး၊ အသာဆုံး' ဟု ဆိုအပ်သော ဧတဒဂ်ရ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ ဥပါသိကာ (၇၄) ဦးတို့၏ အမည်နှင့် ဘွဲ့ထူးများ ပြည့်စုံစွာပါရှိပါသည်။

## လူ့ဘဝ တန်ဖိုး

ဧကကနိပါတ်၌ စာဖတ်သူတို့ အထူးသတိပြုသင့်သော အချက်ကား သတ္တဝါတို့ ဖြစ်ရာဘုံများသည် လူ့ဘုံ၊ နတ်ဘုံ၊ ငရဲဘုံ စသည်ဖြင့် အမျိုးမျိုးရှိကြရာတွင် လူ့ဘုံ နတ်ဘုံတို့မှ သေလွန်၍ ထိုလူ့ဘုံ နတ်ဘုံတို့၌ပင် ပြန်ဖြစ်သောသတ္တဝါများ နည်းပါးလှကြောင်း၊ ငရဲ၊ တိရစ္ဆာန်စသော အပါယ်လေးဘုံသို့ ရောက်သွားသော သတ္တဝါတို့သာများပြားကြောင်း၊ ထို့အပြင် အပါယ်လေးဘုံမှ သေလွန်၍ လူ့ပြည်နတ်ပြည်သို့ ရောက်လာသူများလည်း နည်းပါးလှ

ကြောင်း၊ အပါယ်လေးဘုံ၌ပင် ပြန်ဖြစ်သောသတ္တဝါတို့ သာများပြားကြောင်း ဟောကြားချက်များ ဖြစ်ပါသည်။ ဤဟောကြားချက်များကို ကျွန်ုပ်တို့သည် မိမိတို့ရရှိထားသည့် လူ့ဘဝ၏တန်ဖိုးကို ကောင်းစွာသိရှိပြီး တိုတောင်းလှသော လူ့ဘဝသက်တမ်းကို အကျိုးရှိစွာ အသုံးချသင့်ကြောင်း သင်ခန်းစာရယူနိုင်ကြပါသည်။

## ဒုကနိပါတ်လာ မှတ်သားဖွယ်များ

အင်္ဂုတ္တရနိကယ် ဒုကနိပါတ်၌ အကြောင်းအချက် နှစ်ခုကိုအခြေခံ၍ဟောကြားသော သုတ်ပေါင်း (၇၀၀) ပါရှိ၏။ ထိုသုတ်များကို ဝဂ် (၁၅) ဝဂ်ဖြင့် ပိုင်းခြားထားသည်။ ထိုတွင် ပထမဝဂ် ပထမသုတ်၌ ဒုစရိုက်တို့ကို ပြုကျင့်သူသည် မျက်မှောက်အပြစ်၊ တမလွန်အပြစ်ဟူသော အပြစ်နှစ်မျိုးကို ခံစားရမည်ဖြစ်ကြောင်း ဟောကြားထားပါသည်။ ထိုဟောကြားချက်၌ တိုင်းပြည် အုပ်ချုပ်သော အစိုးရမင်းတို့သည် ဒုစရိုက်ကျူးလွန်သည့်လူဆိုးကို ဖမ်းဆီး၍ နှင်တံဖြင့်ရိုက်ခြင်း၊ ကြိမ်လုံးဖြင့်ရိုက်ခြင်း စသည့် ညှဉ်းဆဲနှိပ်စက်မှု (၂၆) မျိုးကို ပြုလေ့ရှိကြောင်း။ ဤသို့ ညှဉ်းဆဲနှိပ်စက်မှုခံရခြင်းသည် ဒုစရိုက်၏ မျက်မှောက်အပြစ်ဖြစ်ကြောင်း ဖော်ပြထားပါသည်၊ ကျွန်ုပ်တို့သည် ထိုဖော်ပြချက်မှ ဗုဒ္ဓခေတ် ဖွံ့ဖြိုးမဒေသအုပ်ချုပ်ရေးစနစ်၏ တစ်စွန်းတစ်စကိုနိဆနိုင်ကြပါသည်။

## လူမိုက်နှင့် လူလိမ္မာ

ဒုကနိပါတ်၌ လူမိုက်နှင့် လူလိမ္မာ၊ သူယုတ်နှင့်သူတော်ကောင်းတို့၏ ခြားနားချက်ကို ဖော်ပြသော ဟောကြားချက်များလည်း ပါဝင်ပါသည်။ ထိုဟောကြားချက်များ၌ အပြစ်ကို အပြစ်ဟုမမြင်သူနှင့် အပြစ်ကိုကျူးလွန်မိသူက ဝန်ချတောင်းပန်လျှင် ခွင့်မလွှတ်နိုင်သူတို့သည် လူမိုက်များဖြစ်၏။ အပြစ်ကိုအပြစ်ဟုမြင်သူနှင့် အပြစ်ကို ကျူးလွန်မိသူက ဝန်ချတောင်းပန်လျှင် ခွင့်လွှတ်သူတို့သည် လူလိမ္မာများဖြစ်၏ဟူ၍ လူမိုက်နှင့်လူလိမ္မာကို ခွဲခြား ဖော်ပြထားပါသည်။ ထို့အတူ သူ့ကျေးဇူးကိုမသိတတ်ခြင်း၊ သိသော်လည်း ထုတ်ဖော်မပြောခြင်းတို့သည် သူယုတ်တို့၏ အခြေခံသဘောဖြစ်၏။ သူ့ကျေးဇူးကိုသိတတ်ခြင်း၊ ထုတ်ဖော်၍လည်းပြောခြင်းတို့သည် သူတော်ကောင်းတို့၏ အခြေခံသဘောဖြစ်၏ ဟူသော ဟောကြားချက်မှာလည်း အထူးမှတ်သားဖွယ် ကောင်းပါသည်။

## တိကနိပါတ်လာ မှတ်သားဖွယ်များ

သုံးပါးသောအင်္ဂါ၊ သုံးပါးသောတရား၊ သုံးမျိုးသောပုဂ္ဂိုလ်စသည်တို့ကို ဟောကြားသော တိကနိပါတ်၌ သုတ်ပေါင်း (၃၅၃) သုတ်ပါရှိပြီး ဝဂ် (၁၈) ဝဂ်ခွဲထားပါသည်။ ပထမဦးဆုံး ဘယသုတ်၌ ဤလောကတွင် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်ဟူသမျှသည် လူလိမ္မာတို့ကြောင့်ဖြစ်ပေါ်လာသည်မဟုတ်။ လူမိုက်တို့ကြောင့်သာ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းဟောကြားထားပါသည်။ ထို့နောက်

လူမိုက်နှင့်လူလိမ္မာကို အလုပ်ဖြင့် ခွဲခြားသိနိုင်ကြောင်းမိန့်ကြားပြီး လူမိုက်သက္ခဏာသုံးပါးနှင့် လူလိမ္မာလက္ခဏာသုံးပါးတို့ကိုလည်း ဆက်လက်ဟောကြားပါသည်။

## ပုဗ္ဗာစရိယ မိနှင့်ဖ

တိကနိပါတ်၌ လူပုဂ္ဂိုလ်အမျိုးအစားများကို သုံးမျိုးသုံးမျိုးတွဲ၍ဟောကြားရာတွင် တရားရထိုက်မရထိုက်သောပုဂ္ဂိုလ်တို့ကိုလူနာသုံးမျိုးနှင့်ဥပမာပြု၍ ဟောကြားထားပါသည်။ ထို့အတူ ဂူထဘာဏီသုတ်၌ မစင်နှင့်တူသောစကားရှိသူ၊ပန်းနှင့်တူသောစကားရှိသူ၊ပျားရည်နှင့်တူသောစကားရှိသူဟူ၍စကားပြောဆိုပုံနှင့်စပ်၍ ကွဲပြားသောပုဂ္ဂိုလ်သုံးမျိုးကို ထင်ရှားသောဥပမာဖြင့် ဖော်ပြထားပါသည်။ ထို့အပြင် အန္ဓသုတ်၌ စုံလုံးကဖးသူ၊ မျက်စိတစ်ဖက်မြင်သူ၊ မျက်စိနှစ်ဖက်လုံးမြင်သူဟူ၍ အသိအမြင်ရှိမှု မရှိမှုနှင့်စပ်၍ ပုဂ္ဂိုလ်သုံးမျိုး ဟောကြားထားသည်ကိုလည်း တွေ့ရှိရပါသည်။

မြန်မာ့ယဉ်ကျေးမှု၌ ''ပုဗ္ဗာစရိယ မိနှင့်ဖ''ဟု အဆိုရှိပါသည်။ စင်စစ်ထိုစကားမှာ တိကနိပါတ်၊ သဗြဟ္မကသုတ်မှ ထုတ်ယူထားခြင်း ဖြစ်ပါသည်။ သဗြဟ္မကသုတ်၌မိဘနှစ်ပါးတို့သည်သားသမီးတို့၏ဗြဟ္မာ၊သားသမီးတို့၏လတ်ဦးဆရာ၊သားသမီးတို့၏အပူဇော်ခံပုဂ္ဂိုလ်ဖြစ်သည်ဟုဟောကြားထားပါသည်။

တိကနိပါတ်၌ အထူးထင်ရှားသောသုတ်ကား ''ကာလာမသုတ်''ဟူ၍ လူသိများခဲ့သည့် ကေသမုတ္တိသုတ်ပင်ဖြစ်ပါသည်။ ထိုသုတ်၌ ဗုဒ္ဓမြတ်စွာသည် ကာလာမမင်းတို့အား တစ်ဆင့်ကြားခြင်း၊အစဉ်အလာရှိခြင်းစသောအကြောင်းများဖြင့် အမှန်ဟု လက်မခံအပ်။ကိုယ်တိုင်စူးစမ်း ဆင်ခြင်ပြီးမှသာ လက်ခံအပ်ကြောင်းမိန့်ကြားခဲ့သည်။အပြစ်ရှိသောတရားသုံးပါးကိုပယ်ပြီးအပြစ်ကင်းသောတရားသုံးပါးကို ကျင့်သုံးရန် ညွှန်ပြခဲ့ပါသည်။

## စတုက္ကနိပါတ်လာ မှတ်သားဖွယ်ရာများ

စတုက္ကနိပါတ်၌ သုတ်ပေါင်း (၅၁၀) ပါရှိပြီး ဝဂ် ၂၀ ဝဂ် ခွဲထားပါသည်။ ဤနိပါတ်၌ ဟောကြားသော တရားလေးမျိုးတွဲများတွင် ကြီးပွားကြောင်း သမ္မတ္တိစက်လေးပါး၊ သင်္ဂဟဝတ္ထုခေါ် စည်းရုံးရေးတရား လေးပါး၊ ပြဿနာဖြေနည်းလေးမျိုး၊ ဘဝဆက်တိုင် ပေါင်းဖက်လိုသောလင်နှင့်မယားတို့ ဖြည့်ကျင့်ရမည့် တရားလေးပါး၊ ရန်မလွယ်သည့် နှစ်သက်ဖွယ်လေးပါးကိုရလိုသူတိုင်း ဖြည့်ကျင့်ရမည့်တရားလေးပါး၊ချမ်းသာခြင်း လေးမျိုးစသည်တို့ပါဝင်ပါသည်။

ပုဂ္ဂိုလ်လေးမျိုးတွဲများတွင်လည်းမိုးလေးမျိုးနှင့်တူသောပုဂ္ဂိုလ်လေးမျိုး၊ အိုးလေးမျိုးနှင့်တူသောပုဂ္ဂိုလ်လေးမျိုး၊ရေအိုင်လေးမျိုးနှင့်တူသောပုဂ္ဂိုလ်လေးမျိုး၊ သရက်သီးလေးမျိုးနှင့်တူသောပုဂ္ဂိုလ်လေးမျိုး၊ကြွက်လေးမျိုးနှင့်တူသောပုဂ္ဂိုလ်လေးမျိုး မြွေလေးမျိုးနှင့် တူသော ပုဂ္ဂိုလ် လေးမျိုးစသည်တို့ ပါဝင်ပါသည်။

အထက်ပါတရားလေးမျိုးတွဲ၊ ပုဂ္ဂိုလ်လေးမျိုးတွဲများအပြင် စေတီထိုက်သော ပုဂ္ဂိုလ်လေးပါး၊ သံဝေဂရစေနိုင်သည့် အရပ်လေးပါး၊ အမြတ်ဆုံးကြည်ညိုမှုလေးပါး၊ မလားရောက်အပ်သောအဂတိလေးပါး၊ သမုဒ္ဒရာ၏သဘောလေးမျိုး အဝေးဆုံးအရာလေးမျိုး၊ မြတ်စွာဘုရား၏ အံ့ဖွယ်လေးမျိုး၊ အသင်္ချေယျကပ်လေးမျိုး၊ မကြံစည်အပ်သော အရာလေးမျိုးစသည့် စိတ်ဝင်စားစရာများစွာတို့လည်း ပါရှိပါသည်။

## ပဉ္စကနိပါတ်လာ မှတ်သားဖွယ်များ

ငါးပါးအစုတရားများအပိုင်းဖြစ်သောပဉ္စကနိပါတ်၌သုတ်ပေါင်း(၁၁၅၁) သုတ်ပါရှိ၍ဝဂ်ပေါင်း (၂၉)ဝဂ်ခွဲထားပါသည်။ ဤနိပါတ်တော်မှာ သုတ်တရားတော်အရေအတွက်များသည်နှင့်အမျှ မှတ်သားဖွယ်လည်း ပို၍များပါသည်။ ပထမဦးစွာတွေ့ရှိရသော သုတ်တို့၌ သဒ္ဓါ ဟိရိစသော 'အား' ငါးပါး၏အရေးကြီးပုံကို ဟောကြားထားပါသည်။ ထို့နောက် နီဝရဏတရားငါးပါးကို ရွှေ၏ အညစ်အကြေးငါးပါးနှင့် ဥပမာပြုပြီး မိမိ၏စိတ်ကို နီဝရဏငါးပါးမှ ကင်းကွာစေနိုင်သူသည် ဈာန်အဘိညာဉ် တန်ခိုးများကို ရရှိနိုင်ကြောင်း ဆက်လက် ဖော်ပြ ထားပါသည်။

## ဒါနအမျိုးမျိုး

ပဉ္စကနိပါတ်၌ ဒါနနှင့်ပတ်သက်သော ဟောကြားချက် အတော်များများ ပါရှိပါသည်။ အချို့ကိုထုတ်ပြရလျှင် သုတ်စဉ် ၃၄ သီဟသေနာပတိ သုတ်၌ ဒါန၏ အကျိုးငါးပါး၊ သုတ်စဉ် ၃၇ ဘောဇနသုတ်၌ ဆွမ်းလှူခြင်း၏အကျိုးငါးပါး၊ သုတ်စဉ် ၃၆ ကာလဒါနသုတ်၌ အချိန်အခါ အားလျော်စွာ ပေးလှူအပ်သောဒါနငါးမျိုး၊ သုတ်စဉ် [ ၁၄၇-၁၄၈ ] တို့၌ သူတော်ကောင်းတို့၏ ဒါနနှင့် သူယုတ်မာတို့၏ ဒါနငါးမျိုး စသည်တို့ကို ဟောကြားထားခြင်း ဖြစ်ပါသည်။

## သီလ၏ အကျိုး

ဗုဒ္ဓမြတ်စွာသည် ဒါနအမျိုးမျိုးနှင့် ဒါန၏အကျိုးများကို အလျဉ်းသင့်သလို ထုတ်ဖော်ဟောကြားသကဲ့သို့ သီလစောင့်ထိန်းမှုနှင့် သီလ၏ အကျိုးကိုလည်း အလေးအနက်ထား၍ ဟောကြားခဲ့ပေသည်။ သီလသည် အချုပ်အားဖြင့် လူ့သီလ ရဟန်းသီလဟူ၍နှစ်မျိုးရှိပါသည်။ လူတို့၌ ငါးပါး သီလသည် အရေးအကြီးဆုံး ဖြစ်သကဲ့သို့ ရဟန်းတို့၌လည်း ပါတိမောက္ခသံဝရသီလသည် အရေးအကြီးဆုံးဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသည် လူဖြစ်စေ ရဟန်းဖြစ်စေ၊ ပြည့်စုံရမည့် သမ္ပဒါငါးပါးတို့တွင် သီလပြည့်စုံမှုကိုသမ္ပဒါတစ်ပါးအဖြစ်ဖြင့်ဟောကြားခဲ့သည်။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ ပိုင်ဆိုင်ရမည့် ဓနဥစ္စာငါးပါးတို့၌လည်းသီလဓန-သီလဥစ္စာ ဟူ၍ ဟောကြားခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာသည် ငါးပါးသီလကို အရိယာတို့ နှစ်သက်အပ်သော 'အရိယကန္တသီလ" ဟူ၍ ချီးကျူးဟောကြားသကဲ့သို့ ပါတိမောက္ခသံဝရ သီလကိုလည်း ရဟန်းကောင်း ရဟန်းမြတ်တို့၌ မလွဲမသွေ ရှိရမည့်အင်္ဂါတစ်ရပ်အဖြစ်ဖြင့်အကြိမ်များစွာ ဟောကြားခဲ့ပေသည်။ ထို့ပြင် ဤပဉ္စကနိပါတ်၌ သီလပျက်ခြင်း၏အပြစ်ငါးပါးနှင့် သီလနှင့်ပြည့်စုံခြင်း၏အကျိုးငါးပါးတို့ကိုဟောကြားသောသုတ်များလည်း ပါရှိပေသည်။

ကျန်းမာရေးလမ်းညွှန်ချက်များ

ပဉ္စကနိပါတ်၌ ဒါန သီလဆိုင်ရာ ဟောကြားချက်များ ပါရှိသကဲ့သို့ တာဝန်နှင့်ဆိုင်ရာ ဟောကြားချက်တို့လည်း အမြောက်အမြား ပါရှိ၏။ ထိုမှ တစ်ပါး စင်္ကြံလျှောက်ခြင်း၏ အကျိုးငါးပါး ယာဂုသောက်ခြင်း၏အကျိုးငါးပါး၊ သွားတိုက်ခြင်း၏အကျိုးငါးပါး စသော ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များ၊ သားသမီးဝတ်ငါးပါး၊ မယားဝတ်ငါးပါး၊ အိမ်ထောင်ရှင်ယောကျ်ားတို့ ဆောင်ရွက်ရမည့် တာဝန်ငါးရပ်စသည့် လူမှုရေးဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း တွေ့ရှိရပါသည်။

သရုပ်ပြအဘိဓာန်ကျမ်းကြီး

အထက်တွင်ဖော်ပြခဲ့သော ကောက်နုတ်ချက်တို့ကား အင်္ဂုတ္တရနိကာယ်တွင်ပါဝင်သော တရားအနှစ်သာရတို့၏ တစ်စွန်းတစ်စမျှသာ ဖြစ်ပါသည်။ ဤကျမ်းကို တစ်ပုဒ်ချင်း တစ်ပုဒ်ချင်း အသေးစိတ်ဖတ်ရှုလေ့လာသွားမည်ဆိုပါက ထိုအနှစ်သာရတို့ကို အပြည့်အဝ ရယူခံစားနိုင်ကြမည် ဖြစ်ပါသည်။ ဤအင်္ဂုတ္တရနိကာယ်သည် တစ်ပါး၊ နှစ်ပါး၊ သုံးပါး၊ လေးပါး-စသော တရားတို့ကို သင်္ချာအရေအတွက် အားလျော်စွာ စနစ်တကျ စီစဉ်ဖော်ပြထားသောကြောင့် သရုပ်ပြအဘိဓာန်ကျမ်းကြီး သဖွယ်ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူ နှစ်လများစွာ ကြိုးပမ်းပြုစုခဲ့သော ဤအင်္ဂုတ္တရနိကာယ်အနှစ်ချုပ်ကျမ်းသည် ဗုဒ္ဓဓမ္မကို လေးစားမြတ်နိုးသူတို့ အတွက်သာမက အဖိုးတန် ဂန္ထဝင်စာပေတို့ကို ကျယ်ပြန့်စွာ လေ့လာဆည်းပူးလိုသူတို့ အတွက်လည်း အလွန်ကျေးဇူးများသော အထောက်အကူတစ်ခုဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဦးမောင်မောင်လေး

၁၃၅၁ ခု၊ ဝါဆိုလပြည့်နေ့

၁၂၉/၃ ကျွန်းရွှေမြိုင်လမ်း
သုဝဏ္ဏမြို့၊ ရန်ကုန်။
တယ်လီဖုန်း-၅၇၆၀၈

# ပိဋကအနှစ်ချုပ် အင်္ဂုတ္တရနိကာယ်

# မှတ်သားဖွယ် မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ဧကကနိပါတ်** | |
| **တစ်ပါးစုတရားများအပိုင်း** | |
| မိန်းမ၏ရူပါရုံနှင့် | |
| ယောက်ျား၏စိတ် | ၃ |
| ယောက်ျား၏ရူပါရုံနှင့် | |
| မိန်းမ၏စိတ် | ၄ |
| ကာမစ္ဆန္ဒ နီဝရဏဖြစ်ပွားကြောင်း | |
| တရား | ၅ |
| ဝိစိကိစ္ဆာ | ၆ |
| ကာမစ္ဆန္ဒ ကင်းပျောက်ကြောင်းတရား | ၆ |
| ဝိစိကိစ္ဆာ | ၈ |
| မနူးညွတ်သောစိတ် | ၉ |
| ကြို့ပင်ကဲ့သို့ နူးညံ့သောစိတ် | ၁၄ |
| စိတ်၏လျင်မြန်ပုံ | ၁၅ |
| စိတ်ပွားများမှုမရှိသူ | ၁၆ |
| လက်ဖျစ်တစ်ကွက်မျှမေတ္တာပွားသူ | ၁၆ |
| အကုသိုလ်တရားများ | |
| စိတ်လျှင်ရှေ့သွားရှိ | ၁၇ |
| မေ့လျော့ခြင်းကြောင့်အကုသိုလ်ဖြစ်ပုံ | ၁၇ |
| ဝီရိယကြောင့် ကုသိုလ်ဖြစ်ပုံ | ၁၈ |
| မိတ်ကောင်းရှိခြင်းကြောင့် | |
| ကုသိုလ်ဖြစ်ပုံ | ၁၉ |
| အကုသိုလ်ကြောင့် | |
| ကုသိုလ်ဆုတ်ယုတ် | ၁၉ |
| ဗောဇ္ဈင်တရားများ ဆုတ်ယုတ်ခြင်း | ၂၀ |
| အကျိုးမဲ့စေသောတရား | ၂၁ |
| သူတော်ကောင်းတရား | |
| ကွယ်ခြင်းအကြောင်း | ၂၃ |
| **သူတော်ကောင်းတရား** | |
| **ကွယ်ခြင်းအကြောင်း** | ၂၄ |
| အဓမ္မကို ဓမ္မဟု ပြသောရဟန်း | ၂၄ |
| အဓမ္မကို အဓမ္မဟု ပြသောရဟန်း | ၂၅ |
| လူများအကျိုးအတွက်ဖြစ်လာသူ | ၂၆ |
| အံ့ချီးထိုက်သော ပုဂ္ဂိုလ် | ၂၇ |
| အတုမရှိသောပုဂ္ဂိုလ် | ၂၇ |
| ဉာဏ်မျက်စိကိုဖြစ်စေသူ | ၂၈ |
| မွေစာဘ်ကိုအတုလိုက်၍လည်စေသူ | ၂၉ |
| ဧတဒဂ်ရ ရဟန်း ၄၁ ပါး | ၂၉ |
| ဧတဒဂ်ရ ဘိက္ခုနီ ၁၃ ပါး | ၃၄ |
| ဧတဒဂ်ရ ဥပါသကာ ၁၀ ဦး | ၃၅ |
| ဧတဒဂ်ရ ဥပါသိကာ ၁၀ ဦး | ၃၆ |
| မဖြစ်နိုင်သောအကြောင်းများ | ၃၇ |
| နိဗ္ဗာန်ကို မျက်မှောက် | |
| ပြုစေနိုင်သောတရား | ၃၉ |
| မိစ္ဆာဒိဋ္ဌိကြောင့် အကုသိုလ်ဖြစ်ပုံ | ၄၀ |
| အယောနိသောမနသိကာရ | ၄၁ |
| မိစ္ဆာဒိဋ္ဌိသည် ခါးသောမျိုးစေ့ | ၄၁ |
| သမ္မာဒိဋ္ဌိသည် ချိုသောမျိုးစေ့ | ၄၂ |
| အကျိုးရှိစေသူနှင့်အကျိုးမဲ့စေသူ | ၄၂ |
| လူမြှူးယောင်သော | |
| မိစ္ဆာဒိဋ္ဌိသည် အပြစ်အကြီးဆုံး | ၄၂ |
| မက္ခလိဂေါသာလ | ၄၃ |
| မကောင်းသောသာသနာ | ၄၄ |
| အနည်းငယ်သောဘဝကိုပင်မချီးမွမ်း | ၄၅ |
| များသောသတ္တဝါနှင့်နည်းသောသတ္တဝါ | ၄၆ |
| ကြည်ညိုမှုဖြစ်စေသောတရား | ၄၈ |
| လက်ဖျစ်တစ်တွက်မျှရှာန်ပွားခြင်း | ၄၉ |
| ကာယဂတာသတိပွားခြင်းအကျိုး | ၄၉ |
| အမြိုက်ချမ်းသာကိုသုံးဆောင်သူ | ၅၀ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|

## ဒုကနိပါတ်
## နှစ်ပါးစုတရားများအပိုင်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒုစရိုက်၏ အပြစ်နှစ်မျိုး | ၅၅ |
| ခက်ခဲသော အားထုတ်ခြင်းနှစ်မျိုး | ၅၇ |
| ပူပန်စေသော တရားနှစ်ပါး | ၅၈ |
| သံယောဇဉ်နှင့်ရှုပုံနှစ်မျိုး | ၅၉ |
| မည်းညစ်သောတရားနှင့်ဖြူစင်သောတရား | ၆၀ |
| လောကစောင့်တရားနှစ်ပါး | ၆၀ |
| ဝါကပ်ခြင်းနှစ်မျိုး | ၆၀ |
| အားနှစ်ပါး | ၆၁ |
| တရားဟောခြင်းနှစ်မျိုး | ၆၁ |
| အဓိကရုဏ်းနှစ်မျိုး | ၆၂ |
| မှားသောအကျင့်နှင့်တရားသောအကျင့် | ၆၃ |
| မပြုအပ်သောအမှုနှင့်ပြုအပ်သောအမှု | ၆၄ |
| အကုသိုလ်ပယ် ကုသိုလ်ပွား | ၆၄ |
| သူတော်ကောင်းတရားကွယ်ခြင်းအကြောင်းနှစ်ပါး | ၆၅ |
| သူတော်ကောင်းတရားတည်ခြင်း... | ၆၅ |
| လူမိုက်နှစ်မျိုး လူပညာရှိနှစ်မျိုး... | ၆၆ |
| ဘုရားကိုစွပ်စွဲသူနှစ်မျိုး | ၆၆ |
| ဂတိနှစ်မျိုးရှိသူ | ၆၇ |
| တောကိုမှီဝဲခြင်းအကြောင်းနှစ်ပါး | ၆၇ |
| ဝိဇ္ဇာအဖို့၌တည်သောတရားနှစ်ပါး | ၆၇ |
| သူယုတ်သူမြတ်တို့၏ အခြေခံနှစ်မျိုး | ၆၈ |
| မိဘနှစ်ပါး၏ကျေးဇူး | ၆၉ |
| ကိရိယဝါဒနှင့်အကိရိယဝါဒ | ၆၉ |
| အလှူခံပုဂ္ဂိုလ်နှစ်မျိုး | ၇၀ |
| သံယောဇဉ်နှစ်မျိုး | ၇၀ |
| ငြင်းခုံခြင်းအကြောင်းနှစ်ပါး | ၇၅ |
| လူကြီးအဆင့် လူငယ်အဆင့် | ၇၆ |
| အားရှိသူနှင့်အားမဲ့သူ | ၇၇ |
| မှားသောအကျင့်ရှိသည့်လူနှင့်ရဟန်း | ၇၇ |
| လွဲမှားစွာသင်ယူအပ်သောတရား | ၇၈ |
| တိမ်သောပရိသတ်နှင့်နက်သောပရိသတ် | ၇၈ |
| မညီညွတ်သောပရိသတ်နှင့်ညီညွတ်သောပရိသတ် | ၇၉ |
| မြတ်သောပရိသတ်နှင့်မမြတ်သောပရိသတ် | ၇၉ |
| ပုထုဇဉ်နှင့်အရိယာပရိသတ် | ၈၀ |
| အနှစ်ကင်းသောပရိသတ်နှင့်အနှစ်ရှိသောပရိသတ် | ၈၀ |
| ဆုံးမခက်သောပရိသတ်နှင့်ဆုံးမလွယ်သောပရိသတ် | ၈၁ |
| အာမိသကိုအလေးပြုသောပရိသတ်နှင့်တရားကိုအလေးပြုသောပရိသတ် | ၈၂ |
| မညီမျှသောပရိသတ်နှင့်ညီမျှသောပရိသတ် | ၈၃ |
| အမှန်ကိုမဆိုသောပရိသတ်နှင့်ဆိုသောပရိသတ် | ၈၄ |
| လောကအကျိုးပြုပုဂ္ဂိုလ်နှစ်မျိုး | ၈၅ |
| ဗုဒ္ဓနှစ်မျိုး | ၈၅ |
| မိုးကြိုးပစ်သော်လည်းမထိတ်လန့်သူနှစ်မျိုး | ၈၅ |
| ကိန္နရာများစကားမပြောခြင်း၏အကြောင်းနှစ်မျိုး | ၈၅ |
| မိန်းမများမရောင့်ရဲနိုင်သောအရာနှစ်မျိုး | ၈၆ |
| သူယုတ်၏နေခြင်းနှင့်သူမြတ်၏နေခြင်း | ၈၆ |
| အဓိကရုဏ်းရှည်ကြာခြင်း၏အကြောင်းနှစ်ပါး | ၈၆ |
| ချမ်းသာခြင်းနှစ်မျိုး | ၈၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အကြောင်းနှင့်တကွဖြစ်သော ကရုဏာနှစ်ပါး | ၈၉ |
| အကုသိုလ်နှင့်ယှဉ်ဖက်တရားများ | ၈၉ |
| စေတော ဝိမုတ္တိ-ပညာဝိမုတ္တိစသော စုံတွဲတရားများ | ၉၀ |
| လူမိုက်နှစ်မျိုးနှင့်လူလိမ္မာနှစ်မျိုး | ၉၁ |
| အာသာကိုးပွားသူနှင့်မကိုးပွားသူ | ၉၂ |
| ဖြေဖျောက်နိုင်ခဲသောအာသာနှစ်မျိုး | ၉၂ |
| ရခဲသောပုဂ္ဂိုလ်နှစ်မျိုး | ၉၂ |
| ရောင့်ရဲစေရန်ခက်သူနှင့်လွယ်သူ | ၉၃ |
| ရာဂဒေါသဖြစ်ကြောင်း တရားနှစ်ပါး | ၉၃ |
| မိစ္ဆာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဖြစ်ကြောင်း တရားနှစ်ပါး | ၉၄ |
| အာပတ်နှစ်မျိုး | ၉၄ |
| တောင့်တရမည့်ပုဂ္ဂိုလ်နှစ်ပါး | ၉၄ |
| တူးဖြိုအပ်သောကိုယ်ကိုဆောင်သူ | ၉၅ |
| ဒါနနှစ်မျိုး | ၉၆ |
| အစေ့အစပ်ပြုခြင်းနှစ်မျိုး | ၉၇ |
| သမာပတ်၌လိမ္မာခြင်း၊သမာပတ်မှထမှု၌ လိမ္မာခြင်းစသောတရားစုံတွဲများ | ၉၈ |
| အမျက်ထွက်ခြင်း၊ရန်ငြိုးဖွဲ့ခြင်း စသောတရားစုံတွဲများ | ၉၉ |
| အကုသိုလ်နှင့်ကုသိုလ် | ၁၀၀ |
| ဝိနည်းပညတ်ခြင်း၏ ရည်ရွယ်ချက်နှစ်ပါး | ၁၀၀ |
| ရာဂကိုပယ်ရန် ပွားရမည့် တရားနှစ်ပါး | ၁၀၀ |


## တိကနိပါတ်
## သုံးပါးစုတရားများအပိုင်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လူမိုက်ကြောင့်ဖြစ်သော ဘေးသုံးမျိုး | ၁၀၅ |
| လူမိုက်လက္ခဏာသုံးပါးနှင့် ပညာရှိ လက္ခဏာသုံးပါး | ၁၀၆ |
| မိမိကိုယ်ကို တူးဖြိုသူ | ၁၀၈ |
| အညစ်အကြေးသုံးပါး | ၁၀၈ |
| အင်္ဂါသုံးပါးနှင့်ထင်ရှားသောရဟန်း | ၁၀၈ |
| သတိရဖွယ်အရပ်သုံးပါး | ၁၀၉ |
| တောင့်တခြင်းမရှိသူ စသော ပုဂ္ဂိုလ်သုံးမျိုး | ၁၀၉ |
| ကံသုံးပါး၌စောင့်ရှောက်ပုံ | ၁၁၀ |
| ကိုယ် နှုတ် စိတ် သုံးပါး၏ အပြစ်များ | ၁၁၁ |
| မလွဲချော်နိုင်သောအကျင့်သုံးပါး | ၁၁၃ |
| မကြီးပွားမည့်ဈေးသည်၏ အင်္ဂါသုံးပါး | ၁၁၅ |
| ကြီးပွားမည့်ဈေးသည်၏ အင်္ဂါသုံးပါး | ၁၁၅ |
| ရှင်သမိဒ္ဓနှင့်ပုဂ္ဂိုလ်သုံးမျိုး | ၁၁၆ |
| လူနာသုံးမျိုး ပုဂ္ဂိုလ်သုံးမျိုး | ၁၁၇ |
| သင်္ခါရသုံးပါးနှင့်ပုဂ္ဂိုလ်သုံးမျိုး | ၁၁၈ |
| ကျေးဇူးများသောပုဂ္ဂိုလ်သုံးမျိုး | ၁၂၀ |
| ဝဇိရစိန်နှင့်တူသူ စသော ပုဂ္ဂိုလ်သုံးမျိုး | ၁၂၀ |
| မှီဝဲထိုက်သူ စသော ပုဂ္ဂိုလ်သုံးမျိုး | ၁၂၁ |
| စက်ဆုပ်ဖွယ်ကောင်းသူ စသော ပုဂ္ဂိုလ်သုံးမျိုး | ၁၂၂ |
| မစင်နှင့်တူသောစကားရှိသူ စသော ပုဂ္ဂိုလ်သုံးမျိုး | ၁၂၃ |
| နှစ်ဖက်လုံးကန်းသူ စသော ပုဂ္ဂိုလ်သုံးမျိုး | ၁၂၄ |
| မှောက်ထားသည့်အိုးနှင့်တူသူစသော ပုဂ္ဂိုလ်သုံးမျိုး | ၁၂၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပြုပြင်စေသော မုဋ္ဌိလ်သုံးမျိုးနှင့် အတူနေသူ | ၁၂၅ |
| တဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါးကို ကင်းကွာစေသော သမာဓိ | ၁၂၆ |
| တဏှာ မာန ဒိဋ္ဌိသုံးပါးကို ကင်းကွာစေသောအကျင့် | ၁၂၇ |
| ကံဖြစ်ကြောင်းတရားသုံးပါး | ၁၂၈ |
| မှုလောင်ခြင်းသုံးမျိုးမှကင်းသူ | ၁၂၉ |
| ယမမင်းနှင့်နတ်တမန်သုံးမျိုး | ၁၃၀ |
| နတ်မင်းကြီးလေးယောက်နှင့် ဥပုသ်သုံးမျိုး | ၁၃၂ |
| နုးညံ့သူနှင့်မာန်ယစ်ခြင်းသုံးပါး | ၁၃၆ |
| အကြီးအမှူးပြုခြင်းသုံးပါး | ၁၃၇ |
| မျက်မှောက်ထင်ရှားရှိခြင်းသုံးမျိုး | ၁၃၉ |
| သဒ္ဓါတရားရှိသူဟု သိနိုင်သော အကြောင်းသုံးပါး | ၁၃၉ |
| တရားဟောခြင်းနှင့်အကျိုးသုံးပါး | ၁၃၉ |
| ပညာရှိတို့ ပညတ်အပ်သော တရားသုံးပါး | ၁၄၀ |
| သီလရှိသောရဟန်းနှင့်အကျိုး သုံးပါး | ၁၄၀ |
| သင်္ခတ တရားတို့၏ လက္ခဏာ သုံးပါး | ၁၄၁ |
| ဟိမဝန္တာတောင်နှင့်အကျိုးသုံးပါး | ၁၄၁ |
| ခိုးသူကြီး၏မိုရာသုံးပါး | ၁၄၁ |
| ကိုယ်နှုတ်စိတ်သုံးပါးကို စောင့်စည်းခြင်း | ၁၄၁ |
| ကိုယ်တိုင်သိနိုင်သောအကြောင်း သုံးပါး | ၁၄၃ |
| လူ့လောကပျက်စီးကြောင်းသုံးပါး | ၁၄၅ |
| အမျိုးကိုဟားဖြစ်သူနှင့် အနှုရာယ်သုံးပါး | ၁၄၆ |
| ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသူ | ၁၄၇ |
| သင်္ဂါရဝပုဏ္ဏားနှင့် ပြာဋိဟာသုံးပါး | ၁၅၂ |
| တိတ္ထိတို့၏မိစ္ဆာအယူသုံးပါး | ၁၅၄ |
| သားအမိချင်းပင်မကာကွယ်နိုင်သည့် ဘေးကြီးသုံးပါး | ၁၅၉ |
| ဖြင့်မြက်သောအိပ်ရာနေရာသုံးမျိုး | ၁၆၀ |
| ရဲရင့်သောစကားသုံးခွန်း | ၁၆၂ |
| ပယ်ရမည့်တရားသုံးပါးနှင့် ပြည့်စုံရမည့် တရားသုံးပါး (ကာလာမသုတ်) | ၁၆၄ |
| စကားဖြစ်ပေါ်ကြောင်းသုံးပါး | ၁၆၅ |
| ရာဂ ဒေါသ မောဟသုံးပါး ထူးခြားပုံ | ၁၇၅ |
| ဝိသာခါအားဟောသော ဥပုသ်သုံးမျိုး | ၁၇၇ |
| ရာဂ ဒေါသ မောဟတို့၏ အပြစ်များ | ၁၈၆ |
| ရာဂ ဒေါသ မောဟတို့ကို ပယ်ရန် ကျင့်သူ | ၁၈၇ |
| သီလ သမာဓိ ပညာ သုံးပါးခွဲခြားပုံ | ၁၈၈ |
| ကိလေသာဆေးမြည်းကြောင်း အကျင့်သုံးပါး | ၁၉၀ |
| ရွှေမျိုးမိတ်ဆွေတို့ကိုကြည်စေ သင့်သောတရားသုံးပါး | ၁၉၂ |
| ဘဝသုံးပါးဖြစ်ပုံ | ၁၉၂ |
| အလေ့အကျင့်သုံးပါးပြသနာ | ၁၉၄ |
| နံ့သာသုံးမျိုး | ၁၉၄ |
| လောကဓာတ်သုံးမျိုး | ၁၉၅ |
| ရဟန်း၏ကိစ္စသုံးပါး | ၁၉၆ |
| မြည်းသဘ္ဘာလိနှင့်တူသောရဟန်း | ၁၉၈ |
| လယ်သမား၏ကိစ္စသုံးပါး | ၁၉၈ |
| ဝဇ္ဇီတိုင်းသားရဟန်းနှင့် သိက္ခာသုံးပါး | ၁၉၉ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သိက္ခာသုံးပါးကိုဖြည့်ကျင့်သူ | ၂၀၀ |
| သက်ဝါနိဂုံး၌ သိက္ခာသုံးပါးကို ဟောကြားခြင်း | ၂၀၃ |
| အလျင်အမြန်ပြုရမည့်ကိစ္စသုံးပါး | ၂၀၄ |
| ကိလေသာကင်းဆိတ်ခြင်းသုံးမျိုး | ၂၀၅ |
| သံယောဇဉ်သုံးပါးကင်းကွာသူ | ၂၀၆ |
| ပရိသတ်သုံးမျိုး | ၂၀၇ |
| မြင်းအာဇာနည်နှင့်ရဟန်းမြတ် အင်္ဂါသုံးပါး | ၂၀၈ |
| လျှော်မျှင်ပုဆိုးဥပမာနှင့် အင်္ဂါသုံးပါးရှိသောရဟန်း | ၂၀၈ |
| ဆားခွက်ဥပမာနှင့်ကံသုံးမျိုး | ၂၁၁ |
| ရွှေကျင်သမားနှင့်အညစ်အကြေး သုံးပါး | ၂၁၅ |
| နိမိတ်သုံးပါးကိုနှလုံးသွင်းအပ်ပုံ | ၂၁၇ |
| အဿာဒ စသော တရားသုံးပါးကို စဉ်းစားခဲ့ပုံ | ၂၁၈ |
| အဿာဒစသောတရားသုံးပါး ထင်ရှားရှိကြောင်း | ၂၁၉ |
| မသင့်လျော်သောအမှုသုံးပါး | ၂၂၀ |
| မရောင့်ရဲနိုင်သောတရားသုံးပါး | ၂၂၀ |
| ဂိဟ်ကိုမထိန်းလျှင် ကံသုံးပါးမလုံခြုံ | ၂၂၀ |
| ကံဖြစ်ပေါ်ရန်အကြောင်းရင်း သုံးပါး | ၂၂၁ |
| အပါယ်လားမည့်သူသုံးဦး | ၂၂၂ |
| ရခဲသော ပုဂ္ဂိုလ်သုံးဦး | ၂၂၃ |
| မနှိုင်းယှဉ်အပ်သူ စသော ပုဂ္ဂိုလ်သုံးဦး | ၂၂၃ |
| တုန်လှုပ်ခြင်းမရှိသူသုံးဦး | ၂၂၄ |
| ပျက်စီးခြင်းသုံးပါး | ၂၂၅ |
| စင်ကြယ်ခြင်းသုံးပါး | ၂၂၆ |
| ဝိတက်သုံးပါးနှင့်ဒါနအကျိုး | ၂၂၇ |
| ခိုက်ရန်ပြုသောရဟန်းနှင့် ဝိတက်သုံးပါး | ၂၂၈ |
| ဗုဒ္ဓဟောကြားသောတရားသုံးမျိုး | ၂၂၉ |
| ဆရာသုံးပါးတို့၏ပန်းတိုင် | ၂၂၉ |
| တရားသုံးပါးဖြင့်မရောင့်ရဲသော နတ်သား | ၂၃၁ |
| ထွေးအန်ဖတ်စသည်နှင့်တူသော တရားသုံးပါး | ၂၃၂ |
| မာတုဂါမ အပါယ်ကျကြောင်း သုံးပါး | ၂၃၃ |
| အကုသိုလ်တရားသုံးပါးကိုပယ်ခြင်း | ၂၃၄ |
| ဖုံးကွယ်အပ်သောအရာသုံးပါး | ၂၃၄ |
| အရေးအကြောင်းသုံးမျိုးနှင့် ပုဂ္ဂိုလ်သုံးမျိုး | ၂၃၅ |
| စစ်သူရဲကောင်းနှင့်ရဟန်းမြတ်၏ စွမ်းရည်သုံးရပ် | ၂၃၆ |
| ပရိသတ်သုံးမျိုး | ၂၃၇ |
| မှိုင်အပ်သောမိတ်ဆွေအင်္ဂါသုံးပါး | ၂၃၇ |
| ဘုရားမပွင့်သောအခါ၌လည်းရှိသော တရားသုံးပါး | ၂၃၇ |
| မက္ခလိ၏ မိစ္ဆာဝါဒသုံးမျိုး | ၂၃၇ |
| မြင်းငယ်သုံးမျိုးနှင့် ယောကျ်ားငယ်သုံးမျိုး | ၂၃၈ |
| အထွတ်အထိပ်သို့ရောက်သော ရဟန်း၏အင်္ဂါသုံးပါး | ၂၄၀ |
| အကုသိုလ်ကံသုံးပါး၏အကျိုး | ၂၄၁ |
| တူးဖြိုအပ်သောကိုယ်ကိုဆောင်သူ | ၂၄၁ |
| ကောင်းသောနံနက်ခင်း | ၂၄၂ |
| အကျင့်သုံးမျိုး | ၂၄၃ |
| သူ့အသက်ကိုသတ်ခြင်းသုံးမျိုး | ၂၄၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **စတုက္ကနိပါတ် လေးပါးစုတရားများအပိုင်း** | |
| ထောက်ထားသိအပ်သော တရားလေးပါး | ၂၄၇ |
| ထူးဖြိုအပ်သောကိုယ်ကိုဆောင်သူ | ၂၄၇ |
| ရေစုန်လိုက်သူစသော ပုဂ္ဂိုလ်လေးမျိုး | ၂၄၈ |
| အကြားအမြင်နည်းသူ... | ၂၄၉ |
| သံဃာကိုတင့်တယ်စေသူ... | ၂၅၀ |
| မြတ်စွာဘုရား၏ ရဲရင့်ခြင်းလေးပါး | ၂၅၀ |
| တဏှာဖြစ်ပေါ်ရာလေးပါး | ၂၅၀ |
| ယောဂလေးပါး | ၂၅၂ |
| ဣရိယာပုတ်လေးပါးနှင့် အကုသိုလ်ဝိတက်များ | ၂၅၃ |
| သီလရှိသူနှင့်ဣရိယာပုတ် လေးပါး | ၂၅၄ |
| ကောင်းစွာအားထုတ်မှုလေးပါး | ၂၅၄ |
| စောင့်စည်းခြင်းစသော အားထုတ်မှုလေးပါး | ၂၅၅ |
| အသာလွန်ဆုံးဟုဆိုအပ်သူ လေးမျိုး | ၂၅၆ |
| သိမ်မွေ့မှုကိုသိသော ဉာဏ်လေးပါး | ၂၅၆ |
| မလားသင့်သောအဂတိလေးပါး | ၂၅၆ |
| အလေးပြုအပ်သောတရားလေးပါး | ၂၅၇ |
| လူကြီးဖြစ်ကြောင်းတရားလေးပါး | ၂၅၈ |
| လောကကိုသိမြင်ပုံလေးမျိုး | ၂၅၉ |
| မြတ်သော တာဒိဂုဏ်လေးပါး | ၂၆၀ |
| အကျင့်မြတ်၏ ရည်ရွယ်ချက် လေးပါး | ၂၆၁ |
| အံ့ဖွယ်ပြုသောရဟန်းများ | ၂၆၂ |
| ပစ္စည်းလေးပါး၌ရောင့်ရဲမှု | ၂၆၂ |
| အရိယာအစဉ်အလာလေးပါး | ၂၆၃ |
| အထွတ်အမြတ်တရားအဖို့ လေးပါး | ၂၆၄ |
| သမ္မတ္တိစက်လေးပါး | ၂၆၅ |
| သင်္ဂဟဝတ္ထုလေးပါး | ၂၆၆ |
| မြတ်စွာဘုရား၏ ရဲရင့်သော ဟောကြားချက် လေးချက် | ၂၆၆ |
| အမြတ်ဆုံးကြည်ညိုခြင်းလေးပါး | ၂၆၇ |
| ယောကျ်ားမြတ်ဟုဆိုကြောင်း တရားလေးပါး | ၂၆၈ |
| နှုတ်လှူစသောပုဂ္ဂိုလ်လေးမျိုး မဟုတ်သူ | ၂၆၉ |
| တစ်ပါးတည်းကိန်းအောင်းသူ... | ၂၇၁ |
| ယဇ်ပူဇော်ခြင်းငါးမျိုး | ၂၇၂ |
| သမာဓိပွားခြင်းလေးမျိုး | ၂၇၃ |
| ပြဿနာဖြေခြင်းလေးမျိုး | ၂၇၄ |
| အမျက်ထွက်ခြင်းကိုအလေးပြုသူ | ၂၇၅ |
| ရောဟိတဿ နတ်သားအား သစ္စာလေးပါးကိုဟောပုံ | ၂၇၅ |
| အလွန်ဝေးသောအရာလေးမျိုး | ၂၇၇ |
| အရှင်ဝိသာခနှင့်စပ်သော ဟောကြားချက် | ၂၇၇ |
| သညာဖောက်ပြန်မှုလေးပါး | ၂၇၇ |
| ရဟန်းအညစ်အကြေးလေးပါး | ၂၇၈ |
| ကောင်းမှုအလျဉ်လေးပါး | ၂၇၈ |
| ယောကျ်ားနှင့်မိန်းမအတူ နေခြင်းလေးမျိုး | ၂၈၀ |
| အမြဲပေါင်းလိုသည့်လင်နှင့် မယားကျင့်ရမည့်တရားလေးပါး | ၂၈၁ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဆွမ်းလှူခြင်း၏အကျိုးလေးပါး | ၂၈၂ |
| လူတို့နှင့်သင့်လျော်သော ကျင့်ဝတ်လေးပါး | ၂၈၃ |
| လျောက်ပတ်သောအမှုလေးပါး | ၂၈၃ |
| ကြွေးမြီကင်းခြင်းစသော ချမ်းသာလေးမျိုး | ၂၈၅ |
| မိဘနှစ်ပါးနှင့်ပြဟ္မာစသော အမည်လေးမျိုး | ၂၈၆ |
| အဆင်း၌ကြည်ညိုသူစသော ပုဂ္ဂိုလ်လေးမျိုး | ၂၈၇ |
| မြွေမင်းလေးမျိုးအား မေတ္တာပွားပုံ(ခန္ဓသုတ်) | ၂၈၇ |
| မိမိကိုယ်ကိုဖျက်ဆီးသူလေးမျိုး | ၂၈၉ |
| အားထုတ်ခြင်းလေးမျိုး | ၂၉၀ |
| လူတန်းစားလေးမျိုး တရားပျက်သောအခါ | ၂၉၀ |
| မလွဲချော်နိုင်သော အကျင့်လေးပါး | ၂၉၃ |
| သူတော်ကောင်းအင်္ဂါလေးပါး | ၂၉၄ |
| ယုံမှားမှုငါးပါးကင်းသောရဟန်းများ | ၂၉၅ |
| မကြံစည်အပ်သောအရာလေးပါး | ၂၉၇ |
| အလှူစင်ကြယ်ခြင်းလေးမျိုး | ၂၉၇ |
| ကုန်သွယ်မှုလေးမျိုး | ၂၉၈ |
| မိန်းမများကမ္ဘောဇတိုင်းသို့ မသွားရခြင်း၏အကြောင်းလေးပါး | ၃၀၀ |
| သူ့အသက်သတ်ခြင်းစသော အင်္ဂါလေးပါး | ၃၀၀ |
| မချီးမွမ်းထိုက်သူကိုချီးမွမ်းခြင်း... | ၃၀၁ |
| အမျက်ဒေါသကိုအလေးပြုခြင်း... | ၃၀၂ |
| အမှောင်၌ဖြစ်၍ အမှောင်လျှင် လလျောင်းရာရှိသူ စသော ပုဂ္ဂိုလ်လေးမျိုး | ၃၀၂ |
| ရဟန်းလေးမျိုး | ၃၀၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သံယောဇဉ်ပယ်ခြင်းနှင့် ရဟန်းလေးမျိုး | ၃၀၅ |
| မဂ္ဂင်ရှစ်ပါးနှင့် | ၃၀၆ |
| ခန္ဓာငါးပါးနှင့်... | ၃၀၆ |
| အသုရာနှင့်တူသူ စသော... | ၃၀၇ |
| သမာဓိရခြင်းနှင့်ပုဂ္ဂိုလ်လေးမျိုး | ၃၀၈ |
| ထင်းကုလားတုံးနှင့်တူသူစသော... | ၃၀၉ |
| ရာဂကိုပယ်ခြင်းနှင့်... | ၃၁၀ |
| လျင်မြန်စွာသိမြင်သူစသော... | ၃၁၁ |
| ကျေးဇူးမဲ့ကိုဆိုသူစသော... | ၃၁၂ |
| မိုးလေးမျိုးနှင့်ပုဂ္ဂိုလ်လေးမျိုး | ၃၁၃ |
| အိုးလေးမျိုးနှင့်... | ၃၁၄ |
| ရေအိုင်လေးမျိုးနှင့်... | ၃၁၅ |
| သရက်သီးလေးမျိုးနှင့်... | ၃၁၅ |
| ကြွက်လေးမျိုးနှင့်... | ၃၁၅ |
| နွားလားလေးမျိုးနှင့်... | ၃၁၆ |
| သစ်ပင်လေးမျိုးနှင့်... | ၃၁၇ |
| မြွေလေးမျိုးနှင့်... | ၃၁၈ |
| မြင်းနှင့်လူကိုဆုံးမနည်းလေးမျိုး | ၃၁၉ |
| လျင်မြန်ခြင်းစသော ရဟန်းအင်္ဂါ လေးပါး | ၃၂၀ |
| မြင်းလေးမျိုးနှင့်ယောကျ်ား အာဇာနည်လေးမျိုး | ၃၂၁ |
| ရဟန်းမြတ်၏အင်္ဂါလေးပါး | ၃၂၂ |
| ပြုသင့်မပြုသင့်သောအကြောင်း လေးပါး | ၃၂၃ |
| မမေ့မလျော့သင့်သောအကြောင်း လေးပါး | ၃၂၄ |
| သတိဖြင့်စောင့်ထိန်းသင့်သော အရာလေးပါး | ၃၂၄ |
| သံဝေဂဖြစ်စေနိုင်သောအရပ်လေးပါး | ၃၂၅ |
| မိမိကိုယ်ကိုစွပ်စွဲခြင်းစသော ဘေးလေးမျိုး | ၃၂၆ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| လှိုင်းတံပိုးစသော... | ၃၂၇ |
| ပုထုဇဉ်နှင့်အရိယာသာဝက ထူးခြားပုံလေးမျိုး | ၃၂၈ |
| မေတ္တာစသော ဈာန်လေးပါးကို ပွားများသူ | ၃၃၁ |
| မြတ်စွာဘုရား၏အံ့ဖွယ်လေးပါး | ၃၃၂ |
| ရှင်အာနန္ဒာ၏ ... | ၃၃၃ |
| စကြဝတေးမင်း၏ ... | ၃၃၄ |
| သံယောဇဉ်ပယ်ခြင်းနှင့် ပုဂ္ဂိုလ်လေးမျိုး | ၃၃၄ |
| ပြဿနာဖြေခြင်းနှင့်... | ၃၃၅ |
| အကျဉ်းပြရုံနှင့်သိမြင်သူစသော ပုဂ္ဂိုလ်လေးမျိုး | ၃၃၆ |
| ထကြွလုံ့လဖြင့်အသက်မွေးသူ... | ၃၃၆ |
| အပြစ်ရှိသူ... | ၃၃၇ |
| သီလပြည့်ကျင့်မှုရှိသူ... | ၃၃၈ |
| သီလကိုအလေးပြုသူ... | ၃၃၉ |
| ကင်းကွာမှုရှိသူ... | ၃၃၉ |
| ဓမ္မကထိကလေးမျိုး | ၃၄၀ |
| စကားပြောဆိုတတ်သူလေးမျိုး | ၃၄၁ |
| အလင်းရောင်လေးမျိုး | ၃၄၁ |
| အချိန်အခါလေးမျိုး | ၃၄၂ |
| ဝစီဒုစရိုက်လေးပါး... | ၃၄၂ |
| အနှစ်လေးမျိုး | ၃၄၃ |
| သဒ္ဓါစသော ဣန္ဒြေလေးပါး | ၃၄၃ |
| အားလေးပါး... | ၃၄၃ |
| အသင်္ချေယျကပ်လေးပါး | ၃၄၄ |
| ရဟန်းတို့၏ရောဂါလေးမျိုး | ၃၄၄ |
| ဆုတ်ယုတ်ကြောင်းလေးပါး... | ၃၄၅ |
| ပယ်ရမည့်တရားလေးပါး... | ၃၄၅ |
| ဘုရားရှင်၏အဆုံးအမကွယ်ကြောင်း လေးပါး | ၃၄၇ |
| အကျင့်လေးပါးအကျဉ်းနှင့်အကျယ် | ၃၄၈ |
| အသုဘသညာနှင့်အကျင့်လေးပါး | ၃၅၀ |
| သည်းခံခြင်းစသော... | ၃၅၁ |
| အကျင့်လေးပါးနှင့်ရှင်မောဂ္ဂလာန် | ၃၅၂ |
| ... ... ... ရှင်သာရိပုတ္တရာ | ၃၅၃ |
| အားထုတ်ရခြင်းစသော ပုဂ္ဂိုလ်လေးမျိုး | ၃၅၃ |
| သမထဝိပဿနာနှင့်နှစ်ပါးစုံကို ပွားများသူ | ၃၅၄ |
| စေ့ဆော်မှုနှင့်အတ္တဘောလေးမျိုး | ၃၅၆ |
| ပဋိသမ္ဘိဒါလေးပါး | ၃၆၀ |
| ရှင်မဟာကောဋ္ဌိက၏ ပြဿနာလေးရပ် | ၃၆၁ |
| ရှင်ဥပဝါဏ၏ ... | ၃၆၂ |
| ရှင်ရာဟုလာနှင့်ဓာတ်ကြီးလေးပါး | ၃၆၃ |
| တံစီးအိုင်ဥပမာနှင့်ပုဂ္ဂိုလ်လေးမျိုး | ၃၆၄ |
| ကိလေသာငြိမ်းခြင်းအကြောင်း လေးမျိုး | ၃၆၅ |
| ရည်ညွှန်းအပ်သော မဟာပဒေသ လေးပါး | ၃၆၆ |
| သူ့ရဲကောင်းအင်္ဂါလေးပါးနှင့် ရဟန်းမြတ်၏အင်္ဂါလေးပါး | ၃၆၈ |
| အာမခံနိုင်သူမရှိသော တရားလေးပါး | ၃၆၉ |
| မြင်၊ကြား၊တွေ့၊သိမှုတို့၌ မှတ်သားဖွယ် | ၃၇၀ |
| သေဘေးကိုမကြောက်သူလေးဦး | ၃၇၀ |
| ဗြာဟ္မဏတို့၏သစ္စာလေးပါး | ၃၇၁ |
| ရဟန်းတစ်ပါးတင်လျှောက်သော ပြဿနာလေးရပ် | ၃၇၂ |
| သူယုတ်သူကောင်းသိနိုင်သော အကြောင်းလေးပါး | ၃၇၄ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အတိုင်းအရှည်မရှိသောတရား ဟောခြင်းလေးမျိုး | ၃၇၅ |
| မျက်မှောက်ပြုအပ်သောတရား လေးပါး | ၃၇၆ |
| ပရိသတ်လေးမျိုးရဟန်းလေးမျိုး | ၃၇၈ |
| နားထဲသို့ဝင်လာသောစာရားတို့၏ အကျိုးလေးပါး | ၃၇၈ |
| ပညာရှိမှသိနိုင်သောအရာလေးပါး | ၃၈၁ |
| ပယ်ရမည့်တရားလေးပါး | ၃၈၃ |
| စင်ကြယ်အောင်အားထုတ်ခြင်း လေးမျိုး | ၃၈၄ |
| အာသဝေါကုန်ကြောင်းလေးပါး | ၃၈၅ |
| ဩဃလေးပါးမှ လွတ်မြောက်ထိုက်သူ | ၃၈၉ |
| မာတုဂါမများ အဆင်းလှခြင်း မလှခြင်းအကြောင်းလေးပါး | ၃၉၁ |
| မိမိကိုယ်ကို ပူပန်စေသူ စသော ပုဂ္ဂိုလ်လေးမျိုး | ၃၉၂ |
| တဏှာ၏သတ္တိလေးပါးနှင့် တဏှာအပြား (၁၀၈)ပါး | ၃၉၅ |
| ချစ်ခြင်းမုန်းခြင်းဖြစ်ပုံလေးမျိုး | ၃၉၈ |
| သိက္ခာပုဒ်ငါးပါးနှင့်ပုဂ္ဂိုလ်လေးမျိုး | ၄၀၁ |
| သဒ္ဓါမရှိသူစသောပုဂ္ဂိုလ်လေးမျိုး | ၄၀၁ |
| ပရိသတ်ကိုဖျက်ဆီးသူလေးမျိုး | ၄၀၂ |
| မိစ္ဆာဒိဋ္ဌိစသော တရားလေးပါးနှင့် ပြည့်စုံသူ | ၄၀၂ |
| ဇစ်ဒုစရိုက်လေးပါး | ၄၀၂ |
| ကာဝိလေးမျိုး | ၄၀၃ |
| ကံလေးမျိုး အကျဉ်းနှင့်အကျယ် | ၄၀၃ |
| သိက္ခာပုဒ်ငါးပါးနှင့်ကံလေးမျိုး | ၄၀၆ |
| သာသနာတော်၌သာရှိသော ရဟန်းလေးမျိုး | ၄၀၆ |
| သူတော်ကောင်းမှရသော အကျိုး လေးပါး | ၄၀၇ |
| သံဃာကွဲပြားခြင်းမှ အကျိုးလေးပါးကိုမျှော်လင့်သူ | ၄၀၈ |
| အာပတ်မှကြောက်ခြင်းလေးမျိုး | ၄၀၉ |
| အကျင့်မြတ်၏အကျိုးလေးပါး | ၄၁၁ |
| အိပ်ခြင်းလေးမျိုး | ၄၁၃ |
| စေတီထိုက်သော ပုဂ္ဂိုလ်လေးမျိုး | ၄၁၃ |
| ပညာတိုးခြင်း၏အကြောင်း လေးပါး | ၄၁၃ |
| ဉာဏ်အထူးဖြင့်သိထိုက်သော တရားလေးပါး | ၄၁၄ |
| ရှာမှီးခြင်းလေးမျိုး | ၄၁၄ |
| တဏှာဖြစ်ခြင်းအကြောင်း လေးပါး | ၄၁၅ |
| အမျိုးပျက်စီးခြင်းအကြောင်း လေးပါး | ၄၁၆ |
| အာဇာနည်မြင်းအင်္ဂါနှင့်ရဟန်းမြတ် အင်္ဂါလေးပါး | ၄၁၆ |
| တောကိုမှီဝဲထိုက်သော ရဟန်း အင်္ဂါလေးပါး | ၄၁၇ |


### ပဉ္စကနိပါတ်
### ငါးပါးစုတရားများအပိုင်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အားငါးပါးအကျဉ်းနှင့်အကျယ် | ၄၂၂ |
| ကာမဂုဏ်ကိုစွန့်ပယ်ရေးနှင့်တရား လေးပါး | ၄၂၃ |
| အားငါးပါးဖြင့်သစ္စာလေးပါးကို သိမြင်ခဲ့ခြင်း | ၄၂၄ |
| အကြီးအမှူးအဖြစ် မှတ်အပ်သော တရား | ၄၂၅ |
| တရားငါးပါး၏အကျိုးစီးပွားကို ကျင့်ခြင်း | ၄၂၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရှိသေခြင်းမရှိသူနှင့်တရားငါးပါး | ၄၂၆ |
| စိတ်၏အညစ်အကြေးငါးပါး | ၄၂၇ |
| သီလပျက်သူအား တရားငါးပါးပျက်ပုံ | ၄၂၈ |
| အကြောင်းငါးပါးဖြင့် ချီးမြှောက်အပ်သော သမ္မာဒိဋ္ဌိ | ၄၂၈ |
| လွတ်မြောက်မှု၏ အကြောင်းငါးပါး | ၄၂၉ |
| သမာဓိပွားသူအား ဉာဏ်ငါးပါးဖြစ်ပုံ | ၄၃၀ |
| အင်္ဂါငါးပါးရှိသော သမာဓိကိုပွားခြင်း | ၄၃၁ |
| စင်္ကြံ လျှောက်ခြင်း၏ အကျိုးငါးပါး | ၄၃၂ |
| ရှင်နာဂိတအား ဟောသော တရားငါးပါး | ၄၃၄ |
| သုမနမင်းသမီးနှင့် ဒါနအကျိုးငါးပါး | ၄၃၆ |
| စုန္ဒီမင်းသမီးနှင့်အမြတ်ဆုံး ကြည်ညိုခြင်းငါးပါး | ၄၃၈ |
| ဥဂ္ဂသူကြွယ်၏သမီးပျိုများနှင့် မယားဝတ်ငါးပါး | ၄၄၀ |
| သီဟစစ်သူကြီးနှင့် ဒါနအကျိုးငါးပါး | ၄၄၂ |
| အချိန်အခါနှင့်လျော်သော ဒါနငါးမျိုး | ၄၄၃ |
| ဆွမ်းဘောဇဉ်လှူခြင်း၏ အကျိုးငါးပါး | ၄၄၃ |
| သဒ္ဓါရှိသူမှရသောအကျိုးငါးပါး | ၄၄၄ |
| သားသမီးမှမိဘတို့၏မျှော်လင့်ချက် ငါးပါး | ၄၄၄ |
| သဒ္ဓါရှိသူကိုမှီ ကြီးပွားခြင်း ငါးမျိုးဖြစ်ပုံ | ၄၄၅ |


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စည်းစိမ်ဥစ္စာရယူခြင်း၏ အကြောင်းငါးပါး | ၄၄၅ |
| သူတော်ကောင်းမှ အကျိုးငါးပါးရခြင်း | ၄၄၆ |
| လိုလားနှစ်သက်အပ်သော အရာငါးပါး | ၄၄၆ |
| နှစ်သက်ဖွယ်ပစ္စည်းငါးပါးကို လှူသူ | ၄၄၇ |
| ကောင်းမှုအလျဉ်ငါးပါး | ၄၄၈ |
| ပြည့်စုံခြင်းငါးပါး | ၄၄၉ |
| တောင့်တ၍မရနိုင်သော အရာငါးပါး | ၄၄၉ |
| ကောသလမင်း၏မိဖုရား မလ္လိကာ ကွယ်လွန်ခြင်း | ၄၅၀ |
| ရှင်နာရဒက မုဏ္ဍမင်းအား တရားဟောခြင်း | ၄၅၁ |
| စိတ်ကိုပိတ်ဆို့တတ်သော တရားငါးပါး | ၄၅၂ |
| ကမ္မဋ္ဌာန်းအားထုတ်သူ၏ အင်္ဂါငါးပါး (ပဓာနိယင်္ဂတရား) | ၄၅၃ |
| ကမ္မဋ္ဌာန်းအားထုတ်သင့်သောအခါ ငါးပါး | ၄၅၄ |
| သားအမိချင်းမှောက်မှားမိကြခြင်း | ၄၅၅ |
| ရဟန်းတို့ကျင့်ရမည့်တရားငါးပါး | ၄၅၆ |
| အမြဲမပြတ်ဆင်ခြင်အပ်သောအရာ ငါးပါး | ၄၅၇ |
| လိစ္ဆဝီမင်းသားများနှင့်ကြီးပွားရေး တရားငါးပါး | ၄၅၉ |
| ကောဏ္ဍက်ရဟန်းငါးမျိုး | ၄၆၀ |
| ပွားများရမည့်သညာငါးပါး | ၄၆၂ |
| အရိယာတို့၏ကြီးပွားခြင်းငါးပါး | ၄၆၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဆွေးနွေးထိုက်သောရဟန်းအင်္ဂါ ငါးပါး | ၄၆၃ |
| ကညွှိပါဒ်လေးပါးနှင့်လွန်ကဲသော လုံ့လ | ၄၆၄ |
| ငြီးငွေ့မှုဖြစ်စေနိုင်သော တရားငါးပါး | ၄၆၅ |
| စေတောဝိမုတ္တိသို့ရောက်စေ နိုင်သော တရားငါးပါး | ၄၆၅ |
| တရားဖြင့်နေလေ့ရှိသူနှင့် ပုဂ္ဂိုလ်ငါးပါး | ၄၆၆ |
| စစ်သူရဲငါးမျိုးနှင့်ရဟန်းငါးမျိုး | ၄၆၇ |
| တောကျောင်းနေရဟန်းနှင့် အနာဂတ်ဘေးငါးပါး | ၄၇၂ |
| ရဟန်းတိုင်းဆင်ခြင်သင့်သော အနာဂတ်ဘေးငါးပါး | ၄၇၃ |
| နောင်အခါဖြစ်ပေါ်လာသည့် အနာဂတ်ဘေးငါးပါး | ၄၇၄ |
| အင်္ဂါငါးပါးနှင့်ပြည့်စုံသော မထေရ်ကြီးရဟန်း | ၄၇၈ |
| ဆုတ်ယုတ်ကြောင်းငါးပါး | ၄၇၉ |
| သမ္ဗဒါငါးပါး | ၄၈၀ |
| အရဟတ္တဖိုလ်ကိုပြောခြင်းငါးမျိုး | ၄၈၁ |
| သုတကိုဆောင်ခြင်းစသော အင်္ဂါငါးပါး | ၄၈၁ |
| တရားဟောပုံ | ၄၈၂ |
| နတ်သား၏စကားနှင့်တရားငါးမျိုး | ၄၈၃ |
| ကြောက်ရွံ့မှုကင်းကြောင်းတရား ငါးပါး | ၄၈၅ |
| ယုံမှားခြင်းခံရတတ်သော ရဟန်းအင်္ဂါငါးပါး | ၄၈၅ |
| ခိုးသူကြီးအင်္ဂါနှင့်ရဟန်းအင်္ဂါငါးပါး | ၄၈၅ |
| နူးညံ့သိမ်မွေ့သောရဟန်း၏ အင်္ဂါငါးပါး | ၄၈၆ |
| ရဟန်း၏ချမ်းသာစွာနေခြင်းငါးမျိုး | ၄၈၇ |
| ရှင်အာနန္ဒာအားဟောသော ချမ်းသာစွာနေခြင်းငါးမျိုး | ၄၈၈ |
| အရပ်လေးမျက်နှာတွင်လွတ်လပ်စွာ လှည့်လည်နိုင်ကြောင်းငါးပါး | ၄၈၉ |
| တောကျောင်း၌နေသင့်သော ရဟန်း၏အင်္ဂါငါးပါး | ၄၈၉ |
| ကုလူပကရဟန်း၏အင်္ဂါငါးပါး | ၄၉၀ |
| ရဟန်းသစ်အားဆောက်တည်စေ သင့်သော တရားငါးပါး | ၄၉၀ |
| ဝန်တိုမှုငါးမျိုးနှင့်ဘိက္ခုနီ | ၄၉၁ |
| ဂိလာနရဟန်း၏အင်္ဂါငါးပါး | ၄၉၁ |
| သူနာ၏အင်္ဂါငါးပါး | ၄၉၂ |
| သူနာပြုသူ၏အင်္ဂါငါးပါး | ၄၉၂ |
| အသက်တိုစေသောအကြောင်း ငါးပါး | ၄၉၂ |
| ရဟန်းချမ်းသာငါးပါး | ၄၉၃ |
| ပျက်စီးခြင်း (ဗျသနတရား)ငါးပါး | ၄၉၃ |
| မေ့စက်ကိုလည်စေနိုင်သော အင်္ဂါငါးပါး | ၄၉၄ |
| တရားမင်း၏စောင့်ရှောက်မှုငါးမျိုး | ၄၉၅ |
| အာသဝေါကုန်ရန်တောင့်တနိုင်သော ရဟန်း၏အင်္ဂါငါးပါး | ၄၉၅ |
| အအိပ်နည်းသူငါးယောက် | ၄၉၆ |
| အာရုံငါးပါးကိုသည်းမခံနိုင်သော ရဟန်း | ၄၉၆ |
| နာခံတတ်ခြင်းစသောအင်္ဂါငါးပါး | ၄၉၇ |
| မထိမ့်မြင်ပြုတတ်သူစသော ပုဂ္ဂိုလ်ငါးမျိုး | ၄၉၇ |
| လောက၌ရနိုင်သောရတနာငါးပါး | ၄၉၈ |
| ရဟန်းတို့၏နေခြင်းငါးပါး | ၄၉၉ |
| မိတ်ဆွေဖွဲ့သင့်သောရဟန်း၏အင်္ဂါ ငါးပါး | ၅၀၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မသူတော်တို့၏ ပေးလှူခြင်းငါးပါး | ၅၀၀ |
| သူတော်ကောင်းတို့၏ ပေးလှူခြင်းငါးပါး | ၅၀၁ |
| သမယဝိမုတ္တပုဂ္ဂိုလ်၏ ဆုတ်ယုတ်ကြောင်းငါးပါး | ၅၀၂ |
| သမ္ပတ္တနိယာမသို့ ရောက်ထိုက်သူ၏ အင်္ဂါငါးပါး | ၅၀၂ |
| သူတော်ကောင်းတရားကွယ်ကြောင်းငါးပါး | ၅၀၃ |
| မကောင်းသောစကားငါးမျိုး | ၅၀၄ |
| တရားဟောသူများနှလုံးသွင်းရမည့် အချက်ငါးပါး | ၅၀၅ |
| ပြေပျောက်နိုင်ခဲသောအရာငါးပါး | ၅၀၅ |
| ရန်ငြိုးပြေနည်းငါးပါး | ၅၀၆ |
| ပြဿနာမေးခြင်းအကြောင်းငါးပါး | ၅၀၇ |
| နိရောဓသမာပတ်နှင့်မထေရ်ကြီးအင်္ဂါငါးပါး | ၅၀၈ |
| စောဒကရဟန်း၏ အင်္ဂါငါးပါး | ၅၀၉ |
| လျှင်မြန်စွာမှတ်သားနိုင်သော ရဟန်းအင်္ဂါငါးပါး | ၅၁၀ |
| အမြတ်ဆုံးငါးပါး | ၅၁၁ |
| ဘေးရန်ငါးပါးငြိမ်းသူ | ၅၁၂ |
| ဒွန်းစဏ္ဍားနှင့်တူသောဥပါသကာ၏ အင်္ဂါငါးပါး | ၅၁၃ |
| ဝိဝေကပီတိ၏ အကျိုးငါးပါး | ၅၁၄ |
| မပြုသင့်သောကုန်သွယ်မှုငါးမျိုး | ၅၁၅ |
| သိက္ခာပုဒ်ငါးပါးစောင့်ထိန်းသော လူပုဂ္ဂိုလ် | ၅၁၅ |
| ဂဝေသီမည်သော ဥပါသကာနှင့် ငါးပါးသီလ | ၅၁၆ |
| တောကျောင်း၌နေသောရဟန်းငါးမျိုး | ၅၁၇ |
| ခွေးတို့၌သာတွေ့ရတော့သော ဗြာဟ္မဏဓမ္မငါးပါး | ၅၁၇ |
| ဒေါနပုဏ္ဏားနှင့်ပုဏ္ဏားငါးမျိုး | ၅၁၈ |
| ဉာဏ်အမြင်မကြည်လင်ခြင်း၏ အကြောင်းငါးပါး | ၅၁၉ |
| ကာရဏပါလီပုဏ္ဏားနှင့် ဗုဒ္ဓဂုဏ်ကော်ငါးပါး | ၅၂၀ |
| ပိင်္ဂိယာနီပုဏ္ဏားနှင့်ရတနာငါးပါး | ၅၂၁ |
| ဘုရားလောင်း၏ အိပ်မက်ကြီးငါးမျိုး | ၅၂၁ |
| မိုးရွာခြင်း၏ အန္တရာယ်ငါးပါး | ၅၂၂ |
| စကားကောင်းအင်္ဂါငါးပါး | ၅၂၃ |
| သီလရှိသောရဟန်းမှအကျိုးငါးပါး | ၅၂၃ |
| ထွက်မြောက်မှုနိဿရဏဓာတ်ငါးပါး | ၅၂၃ |
| သူတော်ကောင်းတရားကြည်တဲ့ကြောင်းငါးပါး | ၅၂၄ |
| တရားနာခြင်း၏ အကျိုးငါးပါး | ၅၂၅ |
| စိတ်၏ ငြောင့်တံသင်းငါးပါး | ၅၂၅ |
| စိတ်အနှောင်အဖွဲ့ငါးပါး | ၅၂၅ |
| ယာဂုသောက်ခြင်း၏ အကျိုးငါးပါး | ၅၂၅ |
| တံပူဝါးခြင်း၏ အကျိုးငါးပါး | ၅၂၆ |
| ဂီတသံဖြင့်တရားဟောခြင်း၏ အပြစ်ငါးပါး | ၅၂၆ |
| သတိလက်လွတ်အိပ်ခြင်း၏ အပြစ်ငါးပါး | ၅၂၆ |
| ဆဲရေးခြင်း၏ အပြစ်ငါးပါး | ၅၂၆ |
| နိုက်ရန်ဖြစ်ခြင်း၏ အပြစ်ငါးပါး | ၅၂၇ |
| စကားများခြင်း၏ အပြစ်ငါးပါး | ၅၂၇ |
| သည်းမခံခြင်း၏ အပြစ်ငါးပါး | ၅၂၇ |
| ကြည်ညိုဖွယ်မရှိသူ၏ အပြစ် ... | ၅၂၇ |
| မီးလှုံခြင်း၏ အပြစ်ငါးပါး | ၅၂၈ |
| မဓုရာမြို့၏ အပြစ်ငါးပါး | ၅၂၈ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ခရီးရှည်သွားခြင်း၏ အပြစ်ငါးပါး | ၅၂၈ |
| ကြာမြင့်စွာနေခြင်း၏ အပြစ်ငါးပါး | ၅၂၈ |
| ပစ္စည်းဥစ္စာတို့၏ အကျိုးအပြစ်ငါးပါး | ၅၂၉ |
| နေမြင့်မှထမင်းချက်ခြင်း၏ အပြစ်ငါးပါး | ၅၂၉ |
| မြွေဟောက်နှင့်မိန်းမတို့၏ အပြစ်ငါးပါး | ၅၂၉ |
| ကျောင်းထိုင်ရဟန်း၏ အင်္ဂါငါးပါး | ၅၃၀ |
| သချိုင်းနှင့်တူသောပုဂ္ဂိုလ်၏ အပြစ်ငါးပါး | ၅၃၀ |
| ပုဂ္ဂိုလ်ခွဲကြည့်ညိုခြင်း၏ အပြစ်ငါးပါး | ၅၃၁ |



# ဧကကနိပါတ်

## တစ်ပါးစု တရားများ အပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

# ၁။ ရူပါဒိဝဂ်

## ၁။ ပထမသုတ်

### မိန်းမ၏ ရူပါရုံနှင့် ယောကျ်ားတို့၏စိတ်

၁။ ကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်[၁]။ အခါ တစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံမြေ ဖြစ်သော ဇေတဝန်ကျောင်း၌[၂] သီတင်းသုံးတော်မူသည်။ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ကို ''ရဟန်းတို့'' ဟု ခေါ်တော်မူသည်။ ''အရှင်ဘုရား'' ဟု ရဟန်းတို့က မြတ်စွာဘုရားအား စကားတုံ့ပြန် ကြသည်။ (ထိုအခါ) မြတ်စွာဘုရားက ဤစကားကို မိန့်ကြားတော်မူ၏။

''ရဟန်းတို့၊ မိန်းမ၏ရူပါရုံသည် ယောကျ်ား၏စိတ်ကို သိမ်းယူ၍ တည်သကဲ့သို့ ထို့အတူ ယောကျ်ား၏ စိတ်ကို သိမ်းယူ၍ တည်သည့် အခြားတစ်စုံတစ်ခုသောတရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ မိန်းမ၏ ရူပါရုံသည် ယောကျ်ား၏စိတ်ကို သိမ်းယူ၍ တည်၏'' ဟု ဟောကြား တော်မူသည်။

---

၁။ ''ဧဝံ မေ သုတံ ကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်'' ဟူသော စကားမှာ ပထမသင်္ဂါယနာ တင်ပွဲတွင် ရှင်အာနန္ဒာက ရှင်မဟာကဿပအား မြတ်စွာဘုရားထံမှ ဤဟောကြားချက်ကို မိမိ ကြားနာခဲ့ရကြောင်း လျှောက်ကြားသောစကားဖြစ်ပါသည်။ သုတ်တိုင်း၏ အစ၌ ဤစကားရှိပါသည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

၂။ ဇေတဝန ဇေတမင်းသား၏ ဥယျာဉ်။ ထိုဥယျာဉ်ကို နောင်အခါ အနာထပိဏ်သူဌေးက ဝယ်ယူလိုက်သဖြင့် အနာထပိဏ် သူဌေး၏ အရံမြေဖြစ်သွားသည်။ ထိုအနာထပိဏ် သူဌေး၏ အရံမြေ၌ ဆောက်လုပ်သော ကျောင်းကား 'ဇေတဝန်ကျောင်း' ဟု တွင်လေသည်။

၂-၅။ ဒုတိယမှ ပဉ္စမထိ သုတ်တို့၌ မိန်းမ၏ သဒ္ဒါရုံ၊ ဂန္ဓာရုံ ရသာရုံ[1]၊ ဖောဋ္ဌဗ္ဗာရုံတို့သည် ယောကျ်ား၏စိတ်ကို သိမ်းယူ၍ တည်ကြောင်း ပထမသုတ်နည်းတူ ဟောကြားပါသည်။

## ၆။ ဆဋ္ဌမသုတ်

### ယောကျ်ား၏ ရူပါရုံနှင့် မိန်းမ၏စိတ်

၆။ ရဟန်းတို့၊ ယောကျ်ား၏ ရူပါရုံသည် မိန်းမ၏စိတ်ကို သိမ်းယူ၍တည်သကဲ့သို့ ထိုအတူ မိန်းမ၏စိတ်ကို သိမ်းယူ၍ တည်သည့်အခြား တစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ ယောကျ်ား၏ ရူပါရုံသည် မိန်းမ၏စိတ်ကို သိမ်းယူ၍ တည်၏ဟု ဟောကြားသည်။

၇-၁၀။ သတ္တမမှ ဒသမထိ သုတ်တို့၌ ယောကျ်ား၏ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့သည် မိန်းမ၏စိတ်ကို သိမ်းယူ၍ တည်ကြောင်း ဆဋ္ဌသုတ်နည်းတူ ဟောပါသည်။

## ၂။ နီဝရဏပ္ပဟာနဝဂ်

### ၁။ ပထမသုတ်

### ကာမစ္ဆန္ဒ နီဝရဏ ဖြစ်ပွားကြောင်းတရား

၁၁။ ရဟန်းတို့၊ သုဘနိမိတ်သည်[2] မဖြစ်သေးသောကာမစ္ဆန္ဒကို[3] ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒကို တိုးပွားစေသကဲ့သို့ ထိုအတူ မဖြစ်သေးသော ကာမစ္ဆန္ဒကို ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒကို တိုးပွားစေသည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ သုဘနိမိတ်ကို မသင့်သောအားဖြင့် နှလုံးသွင်းသူအား မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒသည် ဖြစ်ပေါ်၏။ ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒသည်လည်း တိုးပွား၏ဟု ဟောကြားသည်။

---

၁။ မိန်းမသည် စိမ်ချက်ပြုတ်ကျွေးသော အစားအစာ၏ အရသာကို 'မိန်းမ၏ ရသာရုံ'ဟု ဆိုပါသည်။

၂။ သုဘနိမိတ် = တင့်တယ်၏ဟုစွဲယူအပ်သော အာရုံ

၃။ ကာမစ္ဆန္ဒ = ကာမဂုဏ်တို့၌ လိုလားနှစ်သက်မှု။

## ၂။ ဒုတိယသုတ်

### ဗျာပါဒ နီဝရဏ ဖြစ်ပွားကြောင်းတရား

၁၂။ ရဟန်းတို့၊ ပဋိဃနိမိတ်သည်[1] မဖြစ်သေးသော ဗျာပါဒကို[2] ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်လာသော ဗျာပါဒကိုလည်း တိုးပွားစေသကဲ့သို့ ထို့အတူ မဖြစ်သေးသော ဗျာပါဒကို ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်လာသော ဗျာပါဒကိုလည်း တိုးပွားစေသည့် အခြား တစ်စုံ တစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ ပဋိဃနိမိတ်ကို မသင့်သောအားဖြင့် နှလုံးသွင်းသူအား မဖြစ်သေးသော ဗျာပါဒသည် ဖြစ်ပေါ်လာ၏။ ဖြစ်ပေါ်လာသော ဗျာပါဒသည်လည်း တိုးပွား၏ဟု ဟောကြားသည်။

## ၃။ တတိယသုတ်

### ထိနမိဒ္ဓ ဖြစ်ပွားကြောင်းတရား

၁၃။ ရဟန်းတို့၊ တရားအလုပ်၌ မမွေ့လျော်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်တဆန့်ဆန့်ပြုခြင်း၊ ထမင်းဆိုယစ်ခြင်း၊ စိတ်ဆုတ်နစ်ခြင်း တို့သည် မဖြစ်သေးသော ထိနမိဒ္ဓကို[3] ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်လာသော ထိနမိဒ္ဓကိုလည်း တိုးပွားစေသကဲ့သို့ ထို့အတူ မဖြစ်သေးသော ထိနမိဒ္ဓကို ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်လာသော ထိနမိဒ္ဓကိုလည်း တိုးပွားစေသော အခြားတစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ တွန့်ဆုတ်သော စိတ်ရှိသူအား မဖြစ်သေးသော ထိနမိဒ္ဓသည် ဖြစ်ပေါ်လာ၏။ ဖြစ်ပေါ်လာသော ထိနမိဒ္ဓသည်လည်း တိုးပွား၏ဟု ဟောကြားသည်။

## ၄။ စတုတ္ထသုတ်

### ဥဒ္ဓစ္စ ကုက္ကုစ္စ ဖြစ်ပွားကြောင်းတရား

၁၄။ ရဟန်းတို့၊ စိတ်မငြိမ်းအေးခြင်းသည် မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စကို ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်လာသော ဥဒ္ဓစ္စကုက္ကုစ္စကို တိုးပွားစေသကဲ့သို့ ထို့အတူ မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စကို ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်လာသော ဥဒ္ဓစ္စကုက္ကုစ္စကို တိုးပွားစေသည့် အခြား တစ်စုံတစ်ခုသော တရားမျှကိုလည်း ငါမမြင်ပေဟု ဟောကြားသည်။

---

၁။ ပဋိဃနိမိတ် မ[illegible] မနှစ်သက်ဖွယ်ဟု ခွဲယူအပ်သော အာရုံ။
၂။ ဗျာပါဒ စိတ်ဆိုးခြင်း၊ စိတ်ပျက်ခြင်း၊ စိတ်မကြည်လင်ခြင်း။
၃။ ထိနမိဒ္ဓ စိတ်စေတသိက်များ လေးလံထိုင်းမှိုင်းမှု။

## ၅။ ပဥ္စမသုတ်

### ဝိစိကိစ္ဆာ ဖြစ်ပွားကြောင်းတရား

၁၅။ ရဟန်းတို့၊ မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း "အယောနိသော မနသိကာရ" သည် မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာကို[၁] ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာကို တိုးပွားစေသကဲ့သို့ ထိုအတူ မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာကို ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာကို တိုးပွားစေနိုင်သည့် အခြားတစ်စုံတစ်ခုသောတရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့ မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာသည် ဖြစ်ပေါ်၏။ ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာသည် တိုးပွား၏ဟု ဟောပါသည်။

## ၆။ ဆဋ္ဌသုတ်

### ကာမစ္ဆန္ဒ ကင်းပျောက်ကြောင်းတရား

၁၆။ ရဟန်းတို့၊ အသုဘနိမိတ်သည်[၂] မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒကို မဖြစ်ပေါ်စေဘဲဖြစ်ပေါ်လာသော ကာမစ္ဆန္ဒကို ကင်းပျောက်စေသကဲ့သို့ထို့အတူ မဖြစ်ပေါ်သေးသောကာမစ္ဆန္ဒကိုမဖြစ်ပေါ်စေဘဲဖြစ်ပေါ်လာသော ကာမစ္ဆန္ဒကိုလည်း ကင်းပျောက်စေနိုင်သည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ အသုဘနိမိတ်ကို သင့်လျော်သော အကြောင်း အားဖြင့် နှလုံးသွင်းသော သူအား မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒသည်လည်း မဖြစ်၊ ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒသည်လည်း ကင်းပျောက်၏ဟု ဟောပါသည်။

---

၁။ ဝိစိကိစ္ဆာ = ဘုရား၊ တရား၊ သံဃာ၊ တရားသဘော စသည်တို့၌ တွေးတောယုံမှားခြင်း။

၂။ အသုဘနိမိတ် = မကောင်းတယ်ဟု စွဲယူအပ်သောအာရုံ၊ အသုဘ ကမ္မဋ္ဌာန်းကို အာရုံပြု၍ သမထဘာဝနာကို ပွားများသော ပုဂ္ဂိုလ်အား ကာမစ္ဆန္ဒ ကင်းကွာ၍ ပဌမဈာန် ဖြစ်ပေါ်နိုင်ပါသည်။

## ၇။ သတ္တမသုတ်

### ဗျာပါဒ ကင်းပျောက်ကြောင်းတရား

၁၇။ ရဟန်းတို့၊ မေတ္တာစေတော ဝိမုတ္တိသည်[၁] မဖြစ်ပေါ်သေးသော ဗျာပါဒကို မဖြစ်ပေါ်စေဘဲ ဖြစ်ပေါ်လာသော ဗျာပါဒကိုလည်း ကင်းပျောက် စေသကဲ့သို့ ထို့အတူ မဖြစ်ပေါ် သေးသော ဗျာပါဒကို မဖြစ်ပေါ်စေဘဲ ဖြစ်ပေါ်လာသောဗျာပါဒကိုလည်း ကင်းပျောက်စေနိုင်သည့် အခြား တစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့ မေတ္တာ စေတောဝိမုတ္တိကို သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဗျာပါဒသည်လည်း မဖြစ်ပေါ်၊ ဖြစ်ပေါ်လာသော ဗျာပါဒသည်လည်း ကင်းပျောက်၏ ဟု ဟောပါသည်။

## ၈။ အဋ္ဌမသုတ်

### ထိနမိဒ္ဓ ကင်းပျောက်ကြောင်းတရား

၁၈။ ရဟန်းတို့၊ အာရမ္ဘဓာတ်၊ နိက္ကမဓာတ်၊ ပရက္ကမဓာတ်သည်[၂] မဖြစ်ပေါ်သေးသော ထိနမိဒ္ဓကို မဖြစ်ပေါ်စေဘဲ၊ ဖြစ်ပေါ်လာသော ထိနမိဒ္ဓကိုလည်းကင်းပျောက်စေ သကဲ့သို့ ထို့အတူ မဖြစ်ပေါ်သေးသော ထိနမိဒ္ဓကို မဖြစ်ပေါ်စေဘဲ ဖြစ်ပေါ်လာသော ထိနမိဒ္ဓကိုလည်း ကင်းပျောက်စေ နိုင်သည့် အခြား တစ်စုံတစ်ခုသော တရားကိုမျှလည်း ငါ မမြင်ပေ။ ရဟန်းတို့၊ အားထုတ်အပ်သော ဝီရိယရှိသူအား မဖြစ်ပေါ်သေးသော ထိနမိဒ္ဓသည်လည်း မဖြစ်ပေါ်၊ ဖြစ်ပေါ်လာသော ထိနမိဒ္ဓသည်လည်း ကင်းပျောက်၏ဟု ဟောပါသည်။

---

၁။ မေတ္တာစေတောဝိမုတ္တိ = ဆန့်ကျင်ဘက်နီဝရဏတို့မှ စိတ်ကိုလွှတ်မြောက်စေနိုင်သော မေတ္တာ၊ မေတ္တာဘာဝနာကို ပွားများသော ပုဂ္ဂိုလ်အား ဗျာပါဒနီဝရဏ ကင်းကွာ၍ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်များ ဖြစ်ပေါ်နိုင်ပါသည်။

၂။ အာရမ္ဘဓာတ်=စတင် အားထုတ်ခြင်းသဘော။ နိက္ကမဓာတ်— ပျင်းရိမှုမှ ကျွတ်လွတ်အောင် ဆက်လက်အားထုတ်ခြင်းသဘော၊ ပရက္ကမဓာတ်— တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်သွားအောင် တိုး၍တိုး၍ အားထုတ်ခြင်းသဘော။ ဤသုံးပုဒ်လုံးဖြင့် အလွန်ထက်သန် ပြင်းပြသော ဝီရိယကို ဖော်ပြပါသည်။

## ၉။ နဝမသုတ်

### ဥဒ္ဓစ္စကုက္ကုစ္စ ကင်းပျောက်ကြောင်းတရား

၁၉။ ရဟန်းတို့၊ စိတ်ငြိမ်းအေးခြင်းသည် မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စကို မဖြစ်ပေါ်စေဘဲ ဖြစ်ပေါ် ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စကို ကင်းပျောက်စေသကဲ့သို့၊ ထို့အတူ မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စကို မဖြစ်ပေါ်စေဘဲ ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စကို ကင်းပျောက် စေနိုင်သည့် အခြား တစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ ငြိမ်းအေးသောစိတ်ရှိသူအား မဖြစ်ပေါ်သေးသောဥဒ္ဓစ္စကုက္ကုစ္စသည်မဖြစ်ပေါ်၊ ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စသည်လည်း ကင်းပျောက်၏ ဟု ဟောပါသည်။

## ၁၀။ ဒသမသုတ်

### ဝိစိကိစ္ဆာ ကင်းပျောက်ကြောင်းတရား

၂၀။ ရဟန်းတို့၊ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း "ယောနိသော မနသိကာရ" သည်[၁] မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာကို မဖြစ်ပေါ် စေဘဲ ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာကိုလည်း ကင်းပျောက်စေသကဲ့သို့ ထို့အတူ မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာကို မဖြစ်ပေါ်စေဘဲ ဖြစ်ပေါ်လာသောဝိစိကိစ္ဆာကိုလည်းကင်းပျောက်စေနိုင်သည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့ သင့်လျော်သော အကြောင်း အားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာသည်လည်း မဖြစ်ပေါ်၊ ဖြစ်ပေါ်လာပြီးသော ဝိစိကိစ္ဆာသည်လည်း ကင်းပျောက်၏[၂] ဟုဟောပါသည်။

---

၁။ ခန္ဓာ ငါးပါးတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘစသော အခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းသည် သင့်သောအားဖြင့် နှလုံးသွင်းခြင်း 'ယောနိသော မနသိကာရ' မည်၏။ တစ်နည်းအားဖြင့် အမှန်ကို သိမြင်ရန် သင့်လျော်လျောက်ပတ်သော အခြင်းအရာအားဖြင့် စိတ်ကို ညွှတ်စေခြင်းသည် သင့်သောအားဖြင့် နှလုံးသွင်းခြင်းမည်၏။

၂။ ကာမစ္ဆန္ဒအစ ဝိစိကိစ္ဆာအဆုံးရှိသော နီဝရဏငါးပါး ကင်းကွာရေးနှင့်ပတ်သက်၍ ပါဠိတော်၌ ဟောကြားသော အကြောင်းများအပြင် အခြားသော အကြောင်းများလည်း ခြောက်ပါးစီရှိပုံကို အဋ္ဌကထာ၌ အကျယ်ဖွင့်ပြထားပါသည်။

# ၃။ အကမ္မနိယဝဂ်

## ၁။ ပဌမသုတ်

### မခံ့ကျန်းသောစိတ်

၂၀။ ရဟန်းတို့၊ မပွားများအပ်သောစိတ်သည်[၁] အမှန်၌ မခံ့ကျန်းသကဲ့သို့[၂] ထို့အတူ အမှန်၌ မခံ့ကျန်းသည့် အခြား တစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့၊ မပွားများအပ်သော စိတ်သည် အမှန်၌ မခံ့ကျန်းချေဟု ဟောပါသည်။

၂၂။ ဒုတိယသုတ်၌ ရဟန်းတို့၊ ပွားများအပ်သော စိတ်သည် အမှန်၌ ခံ့ကျန်းသကဲ့သို့ ထို့အတူ အမှန်၌ ခံ့ကျန်းသည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့၊ ပွားများအပ်သော စိတ်သည် အမှန်၌ ခံ့ကျန်း၏ဟု ဟောပါသည်။

## ၃။ တတိယသုတ်စသည်

### အကျိုးမဲ့စေသောစိတ်နှင့် အကျိုးရှိစေသောစိတ်

၂၃။ ရဟန်းတို့ မပွားများအပ်သောစိတ်သည်များစွာအကျိုးမဲ့ခြင်းငှာ ဖြစ်သကဲ့သို့ ထို့အတူ များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်သည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှ ငါမမြင်ပေ။ ရဟန်းတို့၊ မပွားများအပ်သော စိတ်သည် များစွာအကျိုးမဲ့ခြင်းငှာ ဖြစ်၏ဟု ဟောပါသည်။

၂၄။ စတုတ္ထသုတ်၌ ရဟန်းတို့၊ ပွားများအပ်သော စိတ်သည် များစွာအကျိုးဖြစ်ခြင်းငှာဖြစ်သကဲ့သို့ ထို့အတူများစွာ အကျိုးရှိခြင်းငှာ ဖြစ်သည့် အခြား တစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ပွားများအပ်သောစိတ်သည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်၏။ ဟု ဟောပါသည်။

---

၁။ သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့ဖြင့် မပွားများ အပ်သော စိတ်သည်ဟု ဆိုလိုပါသည်။

၂။ ကောင်းသောအာရုံသို့ သက်ဝင်ရန် လိုက်လိုက် လျောလျော ရှေ ရှော ရှုရှု မရှိခြင်းကို အမှန်၌ မခံ့ကျန်းခြင်း 'အကမ္မနိယ' ဟု ဆိုပါသည်။

၂၅-၂၆။ ပဥ္စမသုတ်နှင့် ဆဋ္ဌသုတ်တို့၌ မပွားများ အပ်သည် ဖြစ်၍ ထင်ရှားစွာ မပေါ်သော စိတ်သည်[၁] များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်၏။ ပွားများအပ်သည် ဖြစ်၍ ထင်ရှားစွာ ပေါ်လာသော စိတ်သည် များစွာ အကျိုးရှိခြင်းငှာဖြစ်၏ဟု ဟောပါသည်။

၂၇-၂၈။ သတ္တမသုတ်နှင့်အဋ္ဌမသုတ်တို့၌ မပွားများအပ်အဖန်ဖန် အလေ့အလာ မပြုအပ်သော စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်၏။ ပွားများအပ် အဖန်ဖန် အလေ့အလာပြုအပ်သော စိတ်သည်ကား များစွာအကျိုးရှိခြင်းငှာ ဖြစ်၏ဟု ဟောပါသည်။

၂၉-၃၀။ နဝမနှင့် ဒသမသုတ်တို့၌ မပွားများအပ်၊ အဖန်ဖန် အလေ့အလာမပြုအပ်သောစိတ်သည် ဆင်းရဲဒုက္ခကို ဆောင်၏။ ပွားများအပ်၊ အဖန်ဖန် အလေ့အလာ ပြုအပ်သော စိတ်သည်ကား ချမ်းသာသုခကို ဆောင်၏ဟု ဟောပါသည်။

## ၄။ အဒန္တဝဂ်

### ၁။ ပထမသုတ်စသည်

#### မဆုံးမအပ်သောစိတ်နှင့် ဆုံးမအပ်သောစိတ်

၃၁။ ရဟန်းတို့၊ မဆုံးမအပ်သောစိတ်သည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်သကဲ့သို့ ထို့အတူ များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်သည့် အခြားတစ်စုံတစ်ခုသောတရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ မဆုံးမအပ်သောစိတ်သည် များစွာအကျိုးမဲ့ခြင်းငှာ ဖြစ်၏ဟု ဟောပါသည်။

၃၂။ ဒုတိယသုတ်၌ ရဟန်းတို့ ဆုံးမအပ်သောစိတ်သည် များစွာ အကျိုးရှိခြင်းငှာ ဖြစ်သကဲ့သို့ ထို့အတူ များစွာ အကျိုးရှိခြင်းငှာ ဖြစ်သည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊

---

၁။ ဝဋ္ဋဒုက္ခနှင့်စပ်၍ဖြစ်သောစိတ်သည် ဝိပဿနာ၏အခြေခံဖြစ်သော ဈာန်နှင့် ဝိပဿနာ မဂ်ဖိုလ်တို့၌ မသက်ဝင်နိုင်သောကြောင့် ထင်ရှားစွာ မပေါ်သော စိတ်မည်၏။ ဝဋ္ဋဒုက္ခကင်းမှုနှင့် စပ်၍ဖြစ်သော စိတ်သည် ဝိပဿနာ၏ အခြေခံဖြစ်သော ဈာန်နှင့် ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်တို့၌ သက်ဝင်နိုင်သောကြောင့် ထင်ရှားစွာ ပေါ်သောစိတ်မည်၏။

ဆုံးမအပ်သော စိတ်သည် များစွာအကျိုးရှိခြင်းငှာ ဖြစ်၏ဟု ဟောပါသည်။

၃၃-၃၈။ တတိယမှ အဋ္ဌမအထိ သုတ်တို့၌ မလုံခြုံစေအပ်သော စိတ်၊ မစောင့်ရှောက် အပ်သောစိတ်၊ မဆုံ့ပိတ်အပ်သော စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှာဖြစ်ပြီး လုံခြုံစေအပ်သောစိတ်၊ စောင့်ရှောက်အပ်သောစိတ်၊ ဆုံ့ပိတ်အပ်သောစိတ်သည်ကား များစွာအကျိုးရှိခြင်းငှာ ဖြစ်ကြောင်း အသီးသီးဟောပါသည်။

၃၉-၄၀။ နဝမနှင့် ဒသမသုတ်တို့၌ မဆုံးမအပ်၊ မလုံခြုံစေအပ်၊ မစောင့်ရှောက်အပ်၊ မဆုံ့ပိတ်အပ်သော စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်ပြီး ဆုံးမအပ်၊ လုံခြုံစေအပ်၊ စောင့်ရှောက်အပ်၊ ဆုံ့ပိတ်အပ်သော စိတ်သည်ကား[၁] များစွာ အကျိုးရှိခြင်းငှာ ဖြစ်ကြောင်း၊ ဝိသေသနပုဒ် လေးပုဒ်လုံး တွဲ၍ တစ်ပေါင်းတည်း ဟောပါသည်။

## ၅။ ပဏိဟိတအစ္ဆဝဂ်

### ၁။ ပဌမသုတ်

#### လွဲမှားစွာထားအပ်သောစိတ်

၄၁။ ရဟန်းတို့၊ လွဲမှားစွာ ထားအပ်သော သလေး စပါးဆူး၊ မုယောစပါးဆူးတို့ကို[၂] လက်ဖြင့်ဖိနှိပ်ခြင်း၊ ခြေဖြင့်နင်းခြင်း ပြုသည်ရှိသော် ထိုဆူးတို့သည် လက်ခြေတို့ကို ထိုးစူးခြင်း၊ သွေးထွက်ခြင်းတို့ကို ဖြစ်မစေနိုင်ဖွယ် အကြောင်းမရှိ။ အဘယ်ကြောင့်ဆိုမူသော် ဆူးကို လွဲမှားစွာ ထားအပ်သောကြောင့်ဖြစ်၏။ ရဟန်းတို့၊ ထို့အတူပင် လွဲမှားစွာ ထားအပ်သော

---

၁။ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့ဖြင့် ပွားများအပ်သော စိတ်ကိုပင် ဆုံးမအပ်သောစိတ်ဟု ဆိုပါသည်။ သတိဖြင့် ထိန်းသိမ်းထားရသော စိတ်ကို လုံခြုံစေအပ်သောစိတ်၊ စောင့်ရှောက်အပ်သောစိတ်၊ ဆုံ့ပိတ်အပ်သောစိတ်ဟု ဆိုပါသည်။

၂။ စပါးစေ့၏ ချွန်ထက်နေသော အဖျားလေးကို ဆူးဟုဆိုခြင်း ဖြစ်ပါသည်။ ထိုအဖျားလေးများဖြင့် ပုဂ္ဂိုလ်၏ လက်ခြေတို့ကို ထိုးစေလိုလျှင် စပါးစေ့ကို ထောင်ထားရသည်။ ယင်းသို့ ထောင်၍မထားဘဲ လှဲ၍ထားခြင်းကို 'လွဲမှားစွာထားခြင်း'ဟု ဆိုပါသည်။

စိတ်ဖြင့်ရဟန်းသည် အဝိဇ္ဇာကို ဖောက်ခွဲ၍ ဝိဇ္ဇာကို ဖြစ်စေနိုင်လိမ့်မည်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်လိမ့်မည်ဟု မျှော်လင့်ဖွယ် အကြောင်း မရှိ၊ အဘယ့်ကြောင့်ဆိုသော် စိတ်ကိုလွဲမှားစွာ ထားအပ်သောကြောင့် ဖြစ်၏ ဟု ဟောပါသည်။

## ၂။ ဒုတိယသုတ်

### မှန်ကန်စွာ ထားအပ်သောစိတ်

၄၂။ ရဟန်းတို့၊ ကောင်းစွာ ထားအပ်သော သလေးစပါးဆူး၊ မုယောစပါးဆူးတို့ကို လက်ဖြင့်ဖိနှိပ်ခြင်း၊ ခြေဖြင့်နင်းခြင်းပြုသည်ရှိသော် ထိုဆူးတို့သည် လက်ခြေတို့ကို စူးလိမ့်မည်၊ သွေးထွက်စေလိမ့်မည်ဟုမျှော်လင့်ဖွယ်အကြောင်းရှိ၏၊ အဘယ်ကြောင့်ဆိုသော်ထိုဆူးတို့ကို ကောင်းစွာ ထားအပ်သောကြောင့်ဖြစ်၏။[၁] ရဟန်းတို့၊ ထို့အတူပင် ကောင်းစွာထား အပ်သော စိတ်ဖြင့် ရဟန်းသည် အဝိဇ္ဇာကို ဖောက်ခွဲ၍ ဝိဇ္ဇာကို ဖြစ်စေ လိမ့်မည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုလိမ့်မည်ဟု မျှော်လင့်ဖွယ် အကြောင်း ရှိ၏၊ အဘယ့်ကြောင့်ဆိုသော် စိတ်ကို ကောင်းစွာ ထားအပ်သောကြောင့် ဖြစ်၏ဟု ဟောပါသည်။

## ၃။ တယတိသုတ်

### ပျက်စီးသောစိတ်

၄၃။ ရဟန်းတို့၊ ငါသည် ဤလောက၌(ဒေါသဖြင့်) ပျက်စီးနေသည့်စိတ်ရှိသော ပုဂ္ဂိုလ်အချို့ကို "အကယ်၍ ဤသူသည် ယခုအချိန်၌ သေလွန်သွားခဲ့သော် ယူ၍ ပစ်ချသကဲ့သို့ ငရဲသို့ ရောက်လိမ့်မည်" ဟူ၍ ငါ့စိတ်ဖြင့် သူ့စိတ်ကို ပိုင်းခြား၍သိ၏။ အဘယ့်ကြောင့် ဆိုသော် ထို

---

၁။ ထောင်၍ထားအပ်သောကြောင့် ဖြစ်၏-ဟုဆိုလိုပါသည်။ အလွန်သေးငယ်လှသည့် စပါးဆူးဖြင့် ဥပမာပြုခြင်းမှာ အနည်းငယ်မျှသောကုသိုလ်စိတ်သည်ပင် ဝဋ်ဒုက္ခမှလွတ်မြောက်ရေးအထောက် စွမ်းဆောင်နိုင်ကြောင်း ပြလိုသောကြောင့်ဖြစ်ပါသည်။ အလွန်သေးငယ်သော စပါးဆူးကလေးသည်ဝင် ထောင်၍ထားလျှင် လူတို့၏ လက်ခြေကို ထိခိုက်နာကျင်စေနိုင်သကဲ့သို့ ထို့အတူ ကောင်းစွာထားအပ်သောကုသိုလ်စိတ်သည်လည်း အနည်းငယ်မျှပင် ဖြစ်စေကာမူ၊ အဝိဇ္ဇာကို ဖောက်ခွဲ၍ ဝိဇ္ဇာဉာဏ်ကို ဖြစ်စေနိုင်၏ဟု ဆိုလိုပါသည်။

သူ၏ စိတ်သည် ဒေါသဖြင့် ပျက်စီးနေသောကြောင့် ဖြစ်၏။ ရဟန်းတို့၊ ဤလောက၌ အချို့သောသတ္တဝါတို့သည် ဤသို့စိတ်ပျက်စီးခြင်းဟူသော အကြောင်းကြောင့်သေလွန်သောအခါ ချမ်းသာခြင်းကင်းရာ၊ မကောင်းသော လားရာဖြစ်၍ အလိုအာသာ ကင်းလျက် ကျရောက်ရာဖြစ်သော ငရဲသို့ လားရောက်ရကုန်၏ဟု ဟောပါသည်။

## ၄။ စတုတ္ထသုတ်
## ကြည်လင်သောစိတ်

၄၄။ ရဟန်းတို့၊ ငါသည်ဤလောက၌ (သဒ္ဒါတရားဖြင့်) ကြည်လင်သောစိတ်ရှိနေသည့် ပုဂ္ဂိုလ်အချို့ကို ''အကယ်၍ ဤသူသည် ယခုအချိန်၌ သေလွန်သွားခဲ့သော် ယူ၍ပစ်ချသကဲ့သို့ နတ်ပြည်သို့ ရောက်လိမ့်မည်''ဟူ၍ ငါ့စိတ်ဖြင့် သူ့စိတ်ကို ပိုင်းခြားသိ၏။ အဘယ့်ကြောင့် ဆိုသော် ထိုသူ၏စိတ်သည် ကြည်လင် နေသောကြောင့်ဖြစ်၏။ ရဟန်းတို့၊ ဤလောက၌ အချို့သော သတ္တဝါတို့သည် ဤသို့ စိတ်ကြည်လင်ခြင်းဟူသော အကြောင်းကြောင့် သေလွန်သောအခါ ကောင်းသော လားရာဖြစ်သည့် နတ်ပြည်သို့ လားရောက်ရကုန်၏ဟု ဟောပါသည်။

## ၅။ ပဉ္စမသုတ်
## နောက်ကျိသောစိတ်

၄၅။ ရဟန်းတို့၊ ဥပမာအားဖြင့် ညွန်အနည်ထ၍ နောက်ကျိနေသော ရေအိုင်၏ ကမ်းစပ်၌ ရပ်တည်နေသည့် မျက်စိကောင်းသော ယောကျ်ားသည် ထိုရေအိုင်ထဲ၌တည်ရှိသော ယောက်သွား၊ ခရု၊ ကျောက်စရစ်ခဲ၊ အိုးခြမ်းကွဲတို့ကို လည်းကောင်း၊ ရေထဲ၌ သွားလာလှုပ်ရှားနေသော ငါးအပေါင်းတို့ကို လည်းကောင်း၊ မမြင်နိုင်ရာ၊ အဘယ့်ကြောင့် ဆိုသော် ရေကနောက်ကျိနေသောကြောင့်ဖြစ်၏။ ရဟန်းတို့၊ ထို့အတူပင် ရဟန်းသည် နောက်ကျိသော စိတ်ဖြင့် မိမိအကျိုး၊ သူတစ်ပါးအကျိုးကို မြင်လိမ့်မည်။ လူသာမန်တို့၏ တရားထက်သာလွန်၍[၁] အရိယာတို့နှင့်သာ ထိုက်တန်သည့် ဉာဏ်အမြင်ထူးကို[၂] မျက်မှောက် ပြုလိမ့်မည်ဟူ၍ မျှော်

---

၁။ လူသာမန်တို့၏ တရား 'မနုဿဓမ္မ' ဟူသည် ဒါန၊ သီလ စသည့် ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ဆိုလိုခြင်းဖြစ်ပါသည်။

၂။ ''အရိယာတို့နှင့်သာ ထိုက်တန်သည့် ဉာဏ်အမြင်ထူး'' ဟူသည် ဒိဗ္ဗစက္ခုဉာဏ်၊ ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာ ဉာဏ်တို့ကို ဆိုလိုခြင်း ဖြစ်ပါသည်။

လင့်ဖွယ်အကြောင်းမရှိ၊ အဘယ့်ကြောင့်ဆိုသော် စိတ် နောက်ကျိနေခြင်း ကြောင့် ဖြစ်၏ဟု ဟောပါသည်။

## ၆။ ဆဋ္ဌမသုတ်

### မနောက်ကျိသောစိတ်

၄၆။ ရဟန်းတို့၊ ဥပမာကား နောက်ကျိခြင်းကင်း၍ သန့်ရှင်း ကြည်လင်သော ရေအိုင်၏ ကမ်းစပ်၌ ရပ်နေသည့် မျက်စိကောင်းသော ယောကျ်ားသည် ထိုရေအိုင်ထဲ၌ တည်ရှိသည့် ယောက်သွား၊ ခရု၊ ကျောက်စရစ်ခဲ၊အိုးခြမ်းကွဲတို့ကိုလည်းကောင်း၊ ရေထဲ၌သွားလာလှုပ်ရှား နေသည့် ငါးအပေါင်းကို လည်းကောင်း မြင်နိုင်ရာ၏။ အဘယ့်ကြောင့် ဆိုသော် ရေကြည်လင်နေခြင်းကြောင့်ဖြစ်၏။ ရဟန်းတို့၊ ထို့အတူပင် ရဟန်းသည် နောက်ကျိခြင်းကင်း၍ သန့်ရှင်းကြည်လင်သော စိတ်ဖြင့် မိမိအကျိုး၊ သူတစ်ပါးအကျိုးကို သိမြင်နိုင်လိမ့်မည်။ သာမန်လူတို့၏ တရားထက် သာလွန်၍ အရိယာတို့နှင့်သာ ထိုက်တန်သည့် ဉာဏ်အမြင် ထူးကို မျက်မှောက်ပြုလိမ့်မည်ဟု မျှော်လင့်ဖွယ် အကြောင်းရှိ၏။ အဘယ့် ကြောင့်ဆိုသော်စိတ်ကြည်လင်နေသောကြောင့်ဖြစ်၏ဟု ဟောပါသည်။

## ၇။ သတ္တမသုတ်

### ကြို့သားကဲ့သို့ နူးညံ့သောစိတ်

၄၇။ ရဟန်းတို့၊သစ်အမျိုးမျိုးတို့တွင်ကြို့သားသစ်ကိုနူးညံ့ခြင်း အမှု၌ ခံ့ကျန်းခြင်းအားဖြင့် အကောင်းဆုံးဟု ဆိုအပ်သကဲ့သို့ ထို့အတူ ပွားများအပ်၊ အဖန်ဖန် လေ့ကျင့်အပ်သည်ရှိသော် စိက်ကဲ့သို့နူးညံ့သော စိတ်ကဲ့သို့ အမှု၌ ခံ့ကျန်းသော အခြား တစ်စုံတစ်ခုသော တရားကိုမျှ လည်း ငါမမြင်ပေ။ ရဟန်းတို့ စိတ်သည် ပွားများအပ်၊ အဖန်ဖန် လေ့ကျင့်အပ်သည်ရှိသော် နူးညံ့သည်လည်းဖြစ်၏။ အမှု၌ ခံ့ကျန်းသည် လည်းဖြစ်၏ဟု ဟောပါသည်။

## ၈။ အဋ္ဌမသုတ်

### စိတ်၏လျှင်မြန်ပုံ

၄၈။ ရဟန်းတို့၊ စိတ်ကဲ့သို့ လျင်မြန်စွာ ပြောင်းလဲတတ်သည့် အခြားတစ်စုံတစ်ခုသော တရားမျှကိုလည်း ငါမမြင်ပေ။ ရဟန်းတို့၊စိတ် သည် အလွန်လျင်မြန်စွာ ပြောင်းလဲတတ်၏။ စိတ်၏လျင်မြန်ပုံကို ဥပမာပြု ခြင်းငှာပင် မလွယ်ချေဟု ဟောပါသည်။

## ၉။ နဝမသုတ်

### ညစ်ညူးသောစိတ်

၄၉။ ရဟန်းတို့၊ဤစိတ်သည် (ပင်ကိုအားဖြင့်) ပြိုးပြိုးပြက်ပြက် တောက်ပ၏။[၁] ထိုစိတ်သည်ပင် အာဂန္တုက (ဧည့်သည်)ဖြစ်သော အညစ် အကြေးတို့ကြောင့် ညစ်ညူး၏[၂]ဟု ဟောပါသည်။

## ၁၀။ ဒသမသုတ်

### ဖြူစင်သောစိတ်

၅၀။ ရဟန်းတို့၊ဤစိတ်သည် (ပင်ကိုအားဖြင့်) ပြိုးပြိုးပြက်ပြက် ဖြူစင်တောက်ပ၏။ ထိုစိတ်သည်ပင် အာဂန္တုက ဖြစ်သော အညစ် အကြေးတို့မှ ကင်းလွတ်၏[၃]ဟု ဟောပါသည်။

---

၁။ သဘာဝအားဖြင့် ဖြူစင်သန့်ရှင်းနေသော 'ဘဝင်စိတ်' ကို ရည်ရွယ်၍ ဤသို့ ဟောကြားခြင်း ဖြစ်ပါသည်။

၂။ ဘဝင်ခဏ၌ ဖြူနေသောစိတ်သည် ဇောခဏသို့ ရောက်သောအခါ ရာဂ၊ဒေါသ၊မောဟစသော အကုသိုလ်တရားတို့ ပင်ရောက် လာသဖြင့် ညစ်ညူးသွားရ၏ဟု ဆိုလိုပါသည်။

၃။ ဘဝင်စိတ်များချည်း ဖြစ်နေခိုက်၌ ဖြူစင်သော စိတ်သည် ဇောစိတ်များ ဖြစ်လာသော အခါ၌လည်း တပ်မက်ခြင်း၊ ပြစ်မှားခြင်း စသည်တို့မှ ကင်းလျက် ဖြစ်ခဲ့သော် ရာဂ၊ ဒေါသ စသော အညစ်အကြေး တို့မှ ကင်းလွတ်သော စိတ်ဖြစ်၏ဟု ဆိုလိုပါသည်။

## ၆။ အစ္ဆရာသင်္ဃာတဝဂ်

### ၁။ ပဌမသုတ်

### စိတ်ပွားများမှု မရှိသူ

၅၁။ ရဟန်းတို့၊ ဤစိတ်သည် (ပင်ကိုအားဖြင့်) ပြိုးပြိုးပြက်ပြက် တောက်ပ၏။ ထိုစိတ်သည်ပင် အာဂန္တုက ဖြစ်သော အညစ်အကြေးတို့ကြောင့်ညစ်ညူး၏၊အကြားအမြင်မရှိသော[၁]ပုထုဇဉ်သည်ထိုအကြောင်းကိုဟုတ်တိုင်းမှန်စွာမသိ၊ထို့ကြောင့်အကြားအမြင်မရှိသောပုထုဇဉ်ပုဂ္ဂိုလ်အား စိတ်ပွားများမှု 'စိတ္တဘာဝနာ' မရှိဟု ငါဆို၏ဟု ဟောပါသည်။

၅၂။ ရဟန်းတို့၊ဤစိတ်သည် (ပင်ကိုအားဖြင့်) ပြိုးပြိုးပြက်ပြက် တောက်ပ၏။ ထိုစိတ်သည်ပင် အာဂန္တုက ဖြစ်သော အညစ်အကြေးတို့ကြောင့် ညစ်နွမ်း၏၊ အကြားအမြင်ရှိသော အရိယာ တပည့်သည် ထိုအကြောင်းကို ဟုတ်တိုင်းမှန်စွာသိ၏။ ထို့ကြောင့် အရိယာတပည့်အား စိတ်ပွားများမှု ရှိ၏ဟု ငါဆို၏ဟု ဟောပါသည်။

### ၃။ တတိယသုတ်

### လက်ဖျစ်တစ်တွက်မျှ မေတ္တာပွားသူ

၅၃။ ရဟန်းတို့၊ အကယ်၍ ရဟန်းသည် လက်ဖျစ် တစ်တွက်ခန့်မျှလည်း မေတ္တာနှင့် ယှဉ်သော စိတ်ကို မှီဝဲငြားအံ့၊ ဤရဟန်းသည် ဈာန်မှ ဆိတ်သုဉ်းခြင်း မရှိမူ၍နေသူ၊ မြတ်စွာဘုရား၏ဆုံးမဩဝါဒကို လိုက်၍နေသူ၊ တိုင်းသူပြည်သားတို့၏ ဆွမ်းကို အချည်းနှီး မဖြစ်စေမူ၍ သုံးဆောင်သူဟုဆိုထိုက်၏။ မေတ္တာနှင့်ယှဉ်သောစိတ်ကို ကြိမ်ဖန်များစွာပြုသောရဟန်းတို့ကိုမူကားအဘယ်ဆိုဖွယ်ရာရှိပါအံ့နည်းဟုဟောပါသည်၊

၅၄-၅၅။ စတုတ္ထနှင့် ပဉ္စမသုတ်တို့၌ 'မေတ္တာနှင့် ယှဉ်သော စိတ်ကို ပွားများအံ့၊ မေတ္တာနှင့်ယှဉ်သော စိတ်ကို နှလုံးသွင်းငြားအံ့''ဟု ပြောင်း၍ဟောခြင်းသာ တတိယသုတ်နှင့် ထူးပါသည်။

---

၁။ ကြားနာ သင်ယူခြင်းဖြင့် ရရှိသော 'အာဂမ' အသိလည်းမရှိ၊ ကိုယ်တိုင် လက်တွေ့ ကျင့်ကြံခြင်းဖြင့် ရရှိသော 'အဓိဂမ' အသိလည်း မရှိသူကို 'အကြားအမြင် မရှိသူ'ဟု ဆိုပါသည်။

## ၆။ ဆဋ္ဌမသုတ်

### ကုသိုလ် အကုသိုလ် တရားများ စိတ်လျှင် ရှေ့သွားရှိပုံ

၅၆။ ရဟန်းတို့၊ အကုသိုလ်အဖို့ရှိကုန်သော အကုသိုလ်အသင်းဝင် ဖြစ်ကုန်သောအကုသိုလ်တရားဟူသမျှတို့သည်စိတ်လျှင် ရှေ့သွားရှိကုန်၏။ စိတ်သည်ထိုတရားတို့၏ ရှေးဦးစွာဖြစ်၏။[၁] အကုသိုလ်တရားတို့သည် စိတ်သို့ အစဉ်လိုက်၍သာလျှင် ဖြစ်ကုန်၏ဟု ဟောပါသည်။

၅၇။ သတ္တမသုတ်၌ ရဟန်းတို့၊ ကုသိုလ်အဖို့ရှိကုန်သော ကုသိုလ် အသင်းဝင် ဖြစ်ကုန်သော ကုသိုလ်တရားဟူသမျှတို့သည် စိတ်လျှင်ရှေ့ သွားရှိကုန်၏၊ စိတ်သည် ထိုတရားတို့၏ ရှေးဦးစွာဖြစ်၏။ ကုသိုလ်တရား တို့သည် စိတ်သို့သာလျှင် အစဉ်လိုက်ကုန်၏ဟု ဟောပါသည်။

## ၈။ အဋ္ဌမသုတ်

### မေ့လျော့လျှင် အကုသိုလ်ဖြစ်ပုံ

၅၈။ အဋ္ဌမသုတ်၌ ရဟန်းတို့၊ မေ့လျော့ခြင်း 'ပမာဒ' သည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်လာ သော ကုသိုလ်တရားတို့ကိုလည်း ဆုတ်ယုတ်စေသကဲ့သို့ ထို့အတူ မဖြစ် ပေါ်သေးသော အကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်လာသော ကုသိုလ်တရားတို့ကိုလည်း ဆုတ်ယုတ်စေနိုင်သည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ မေ့လျော့သောသူအား မဖြစ် ပေါ်သေးသော အကုသိုလ် တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏။ ဖြစ်ပေါ်လာသော ကုသိုလ် တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏[၂]ဟု ဟောပါသည်။

---

၁။ ကုသိုလ်စိတ် အကုသိုလ်စိတ်တို့ဖြစ်သောအခါ စိတ်သည် ကုသိုလ်တရား အကုသိုလ်တရားတို့နှင့် တစ်ပြိုင်နက်ပင် ဖြစ်ပါသည်။ စိတ်တစ်ပါးတည်း ရှေ့ဦးစွာဖြစ်သည်မဟုတ်ပါ။ သို့သော် စိတ်ကပဓာန၊ စိတ်က ရှေ့သွား ခေါင်းဆောင် ဖြစ်သောကြောင့် စိတ်သည် ရှေးဦးစွာ ဖြစ်၏ဟု ဟော ခြင်း ဖြစ်ပါသည်။

၂။ ရှာန်တရား၊ ဝိပဿနာတရားစသော လောကီကုသိုလ်တရားများသာလျှင် တစ်ကြိမ်ဖြစ်ပေါ်ပြီး နောက်၌လည်း တစ်ဖန် ဆုတ်ယုတ် ပျက်ပြားသွား နိုင်သည်။ လောကုတ္တရာဖြစ်သော မဂ်ဖိုလ်တရား တို့သည်ကား တစ် ကြိမ်ဖြစ်ပေါ်ပြီးနောက် ပြန်၍ ဆုတ်ယုတ် ပျက်ပြားသွားခြင်းမရှိပါ။

## ၉။ နဝမသုတ်

### မမေ့လျော့လျှင် ကုသိုလ်ဖြစ်ပုံ

၅၉။ နဝမသုတ်၌ ရဟန်းတို့၊ မမေ့မလျော့ခြင်း "အပ္ပမာဒ" သည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေ၍ဖြစ်ပေါ်လာသော အကုသိုလ်တရားတို့ကို ဆုတ်ယုတ် စေသကဲ့သို့၊ ထို့အတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေ၍ ဖြစ်ပေါ်လာသော အကုသိုလ်တရားတို့ကို ဆုတ်ယုတ် စေနိုင်သည့် အခြား တစ်စုံတစ်ခုသော တရားကိုမျှ ငါ မမြင်ပေ။ ရဟန်းတို့၊ မမေ့မလျော့သော သူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရား တို့သည်လည်း ဖြစ်ပေါ်ကုန်၏။ ဖြစ်ပေါ်လာသော အကုသိုလ်တရား တို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု ဟော ပါသည်။

၆၀။ ဒသမသုတ်၌ ပျင်းရိခြင်း 'ကောသဇ္ဇ' သည် မဖြစ်သေးသော အကုသိုလ်တရားတို့ကို ဖြစ်စေ၍ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ဆုတ်ယုတ် စေနိုင်ကြောင်း ရှေ့သုတ်များနည်းတူ ဟောပါသည်။

## ၇။ ဝီရိယာရမ္ဘာဒိဝဂ်

## ၁။ ပထမသုတ်

### ဝီရိယရှိလျှင် ကုသိုလ်ဖြစ်ပုံ

၆၁။ ဝီရိယကို အားထုတ်ခြင်းသည် မဖြစ်သေးသော ကုသိုလ်တရားတို့ကိုဖြစ်စေ၍ ဖြစ်လာသော အကုသိုလ်တရားတို့ကို ဆုတ်ယုတ်စေနိုင်ကြောင်း ရှေ့သုတ်များနည်းတူ ဟောပါသည်။

## ၂–၉။ ဒုတိယသုတ္တာဒိ

### အလိုကြီးခြင်း၊ အလိုနည်းခြင်း စသော တရားများ

၆၂–၆၉။ ဒုတိယမှ နဝမထိ သုတ်တို့၌—

အလိုကြီးခြင်း 'မဟိစ္ဆတာ' က အကုသိုလ် တရားတို့ကို ဖြစ်ပွားစေ၍ အလိုနည်းခြင်း 'အပ္ပိစ္ဆတာ' က ကုသိုလ်တို့ကို ဖြစ်ပွား စေ၏။

မရောင့်ရဲခြင်း 'အသန္တုဋ္ဌိတာ' က အကုသိုလ် တရားတို့ကို ဖြစ်ပွား စေ၍ ရောင့်ရဲခြင်း 'သန္တုဋ္ဌိတာ' က ကုသိုလ်တရားတို့ကို ဖြစ်ပွားစေ၏။

အမှတ် .... .... ....

မသင့်သောအားဖြင့်နှလုံးသွင်းခြင်း 'အယောနိသော မနသိကာရ' က အကုသိုလ် တရားတို့ကို ဖြစ်ပွားစေ၍ သင့်သောအားဖြင့် နှလုံးသွင်းခြင်း 'ယောနိသော မနသိကာရ' က ကုသိုလ်တရားတို့ကို ဖြစ်ပွားစေ၏။

မဆင်ခြင်ခြင်း 'အသမ္ပဇည' က အကုသိုလ် တရားတို့ကို ဖြစ်ပွားစေ၍ ဆင်ခြင်ခြင်း 'သမ္ပဇည' က ကုသိုလ်တရားတို့ကို ဖြစ်ပွားစေ၏ ဟူ၍ ဟောကြားပါသည်။

၇၀။ ဒသမသုတ်၌ ယုတ်မာသော အဆွေခင်ပွန်း ရှိခြင်း 'ပါပမိတ္တတာ' သည် မဖြစ်သေးသော အကုသိုလ်တရားတို့ကိုဖြစ်စေ၍ဖြစ်လာသော ကုသိုလ်တရားတို့ကို ဆုတ်ယုတ်စေ၏ ဟူ၍ ဟောကြားပါသည်။

## ၈။ ကလျာဏမိတ္တာဒိဝဂ်

### ၁။ ပထမသုတ်

မိတ်ကောင်းရှိလျှင် ကုသိုလ်ဖြစ်ပုံ

၇၁။ ပထမသုတ်၌ ကောင်းသော အဆွေခင်ပွန်း ရှိခြင်း 'ကလျာဏမိတ္တတာ' သည် မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေ၍ ဖြစ်လာသော အကုသိုလ်တရားတို့ကို ဆုတ်ယုတ်စေ၏ဟူ၍ ဟောကြားပါသည်။

### ၂။ ဒုတိယသုတ်

အကုသိုလ်ကြောင့် ကုသိုလ်ဆုတ်ယုတ်ပုံ

၇၂။ ဒုတိယသုတ်၌ အကုသိုလ်တရားတို့ကို အားထုတ်ခြင်း၊ ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းကြောင့် မဖြစ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်လာကုန်၏။ ဖြစ်လာသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု ဟောပါသည်။

၇၃။ တတိယ သုတ်၌ ကုသိုလ် တရားတို့ကို အား ထုတ်ခြင်း၊ အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းကြောင့် မဖြစ်သေးသောကုသိုလ်တရားတို့သည်လည်း ဖြစ်လာကုန်၏။ ဖြစ်လာသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု ဟောပါသည်။

## ၄–၅။ စတုတ္ထနှင့် ပဉ္စမသုတ်

မောဠွင်တရား ဆုတ်ယုတ်ခြင်းနှင့် တိုးပွားခြင်း

၇၄-၇၅။ စတုတ္ထနှင့် ပဉ္စမသုတ်တို့၌ မသင့်သောအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်သေးသော ဗောဇ္ဈင်တရားတို့သည်လည်း မဖြစ်ပေါ်ကုန်။ ဖြစ်ပေါ်လာသော ဗောဇ္ဈင် တရားတို့သည်လည်း ပွားများမှု ပြည့်စုံခြင်းသို့ မရောက်ကုန်။

သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်သေးသော ဗောဇ္ဈင်တရား တို့သည်လည်း ဖြစ်လာကုန်၏။ ဖြစ်ပေါ်လာသော ဗောဇ္ဈင်တရားတို့သည်လည်း ပွားများမှု ပြည့်စုံခြင်းသို့ ရောက်ကုန်၏ဟု ဟောပါသည်။

## ၆–၇။ ဆဋ္ဌမနှင့် သတ္တမသုတ်

အယုတ်ဆုံး ဆုတ်ယုတ်ခြင်းနှင့် အမြတ်ဆုံး ကြီးပွားခြင်း

၆၆-၇၇။ ဆဋ္ဌနှင့် သတ္တမသုတ်တို့၌ ရဟန်းတို့၊ အကြင် ဆွေမျိုးတို့၏ဆုတ်ယုတ်ခြင်းသည်ရှိ၏။ ဤဆုတ်ယုတ်ခြင်းသည် အနည်းငယ်မျှသာ (မပြောပလောက်သာ) ဖြစ်၏။[၂] ရဟန်းတို့၊ အကြင် ပညာ၏ ဆုတ်ယုတ်ခြင်းသည်ရှိ၏။ ဤ ဆုတ်ယုတ်ခြင်းသည်ကား ဆုတ်ယုတ်ခြင်း ဟူသမျှတို့တွင် အယုတ်ဆုံးဖြစ်၏။

ရဟန်းတို့၊ အကြင် ဆွေမျိုးတို့၏ ကြီးပွားခြင်းသည်ရှိ၏။ ဤကြီးပွားခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏။ ရဟန်းတို့၊ အကြင်ပညာ၏ ကြီးပွားခြင်းသည်ရှိ၏။ ဤကြီးပွားခြင်းသည် ကြီးပွားခြင်း ဟူသမျှတို့ တွင်အမြတ်ဆုံးဖြစ်၏။ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ဤသို့သာသနာ

---

၁။ ဗောဇ္ဈင်တရား (ဗေ-ဇ္ဈာင် ဗော-ဓိ+အင်) သစ္စာလေးပါးကို သိမြင်သော ဗောဓိဉာဏ် (မဂ်ဉာဏ်) ၏ အစိတ်အပိုင်းဖြစ်သော တရားများဟု ဆိုလိုပါသည်။

၂။ ဆွေမျိုးတို့ပျက်စီးခြင်းသည် နတ်ပြည်သို့ မရောက်အောင် မဂ်ဖိုလ်ကို မရအောင် မတားဆီးနိုင်၊ မျက်မှောက်ဘဝ၌ ဆုတ်ယုတ်မှုကိုသာ ဖြစ်စေနိုင်သည်။ ထို့ကြောင့် အနည်းငယ်မျှသာ ဖြစ်၏ဟု ဆိုခြင်းဖြစ်ပါသည်။

တော်၌'ပညာ၏ ကြီးပွားခြင်းဖြင့် ကြီးပွားကုန်အံ့'ဟု နှလုံးသွင်း၍ ကျင့်ကြရမည်ဟု ဟောပါသည်။

၇၈-၇၉။ အဋ္ဌမသုတ်နှင့်နဝမသုတ်တို့၌ စည်းစိမ် ဥစ္စာတို့၏ ဆုတ်ယုတ်ခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏။ ပညာ၏ ဆုတ်ယုတ်ခြင်းသည်ကား အယုတ်ဆုံးဖြစ်၏။ စည်းစိမ် ဥစ္စာတို့၏ ကြီးပွားခြင်းသည်လည်း အနည်းငယ်မျှသာ ဖြစ်၏။ ပညာ၏ ကြီးပွားခြင်းသည်ကား အမြတ်ဆုံး ဖြစ်၏ဟု ဟောပါသည်။

၈၀။ ဒသမသုတ်၌ အခြံအရံ၏ ဆုတ်ယုတ်ခြင်းသည် အနည်းငယ်မျှသာဖြစ်၏။ ပညာ၏ ဆုတ်ယုတ်ခြင်းသည်ကား အယုတ်ဆုံး ဖြစ်၏ဟု ဟောပါသည်။

## ၉။ ပမာဒါဒိဝဂ်

### ၁။ ပဌမသုတ်

ပညာတိုးပွားခြင်းသည် အမြတ်ဆုံး

၈၁။ ပဌမသုတ်၌ အခြံအရံ တိုးပွားခြင်းသည် အနည်းငယ်မျှသာဖြစ်၏။ ပညာ၏ တိုးပွားခြင်းသည်သာ တိုးပွားခြင်းဟူသမျှတို့တွင် အမြတ်ဆုံး ဖြစ်၏ဟု ဟောပါသည်။

### ၂။ ဒုတိယသုတ္တာဒိ

အကျိုးမဲ့စေသော တရားနှင့် အကျိုးရှိစေသော တရား

၈၂။ ဒုတိယသုတ်၌ရဟန်းတို့ မေ့လျော့ခြင်းပမာဒသည်များစွာသောအကျိုးမဲ့ကိုဖြစ်စေသကဲ့သို့ထို့အတူများစွာသောအကျိုးမဲ့ကိုဖြစ်စေသည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ရဟန်းတို့၊ မေ့လျော့ခြင်း ပမာဒသည် များစွာသော အကျိုးမဲ့ကို ဖြစ်စေ၏ဟု ဟောပါသည်။

၈၃။ တတိယသုတ်၌ ရဟန်းတို့၊ မမေ့လျော့ခြင်း အပ္ပမာဒသည် များစွာသော အကျိုးစီးပွားကို ဖြစ်စေသကဲ့သို့ ထို့အတူ များစွာသော အကျိုးစီးပွားကို ဖြစ်စေသည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ရဟန်းတို့၊ မမေ့မလျော့ခြင်း အပ္ပမာဒသည် များစွာသော အကျိုးစီးပွားကို ဖြစ်စေ၏ဟု ဟောပါသည်။

၈၄-၈၇။ တတိယမှသတ္တမထိသုတ်တို့၌ ပျင်းရိခြင်းကောသဇ္ဇ၊ အလိုကြီးခြင်းမဟိစ္ဆတာ၊မရောင့်ရဲခြင်းအသန္တုဋ္ဌိတာ၊မသင့်သောအားဖြင့် နှလုံးသွင်းခြင်းအယောနိသောမနသိကာရ၊ ဆင်ခြင်ဉာဏ်မရှိခြင်း-အသမ္ပဇည၊ ယုတ်သော မိတ်ဆွေရှိခြင်း ပါပမိတ္တတာ၊ အကုသိုလ်တရား တို့ကို အားထုတ်၍ ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းတို့သည် များစွာသော အကျိုးမဲ့ကို ဖြစ်စေကုန်၏။

အားထုတ်ခြင်း ဝီရိယ၊ အလိုနည်းခြင်း အပ္ပိစ္ဆတာ၊ ရောင့်ရဲခြင်း သန္တုဋ္ဌိတာ၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်းယောနိသောမနသိကာရ၊ ဆင်ခြင်ဉာဏ်ရှိခြင်း သမ္ပဇည၊မိတ်ဆွေကောင်းရှိခြင်း ကလျာဏမိတ္တတာ၊ ကုသိုလ်တရားတို့ကို အားထုတ်၍ အကုသိုလ်တရားတို့ကို အားမထုတ်ခြင်း တို့သည် များစွာသော အကျိုးစီးပွားကို ဖြစ်စေကုန်၏ဟူ၍ အသီးသီး ဟောကြားပါသည်။

## ၁၀။ ဒုတိယပမာဒါဒိဝဂ်

### ၁။ ပထမသုတ္တာဒိ

### ကိုယ်တွင်း၌ဖြစ်လျက် အကျိုးမဲ့စေသောတရားနှင့် အကျိုးရှိစေသောတရား

၈၈။ ရဟန်းတို့၊ မေ့လျော့ခြင်း ပမာဒ သည် (သတ္တဝါ တို့၏) ကိုယ်တွင်း၌ ဖြစ်ပါလျက်[၁] များစွာသောအကျိုးမဲ့ကို ဖြစ်စေသကဲ့သို့ ထို့အတူ ကိုယ်တွင်း၌ဖြစ်ပါလျက် များစွာသော အကျိုးမဲ့မှုကိုဖြစ်စေသည့် အခြား တစ်စုံတစ်ခုသော တရားကိုမျှ ငါမမြင်ပေ။ ရဟန်းတို့၊မေ့လျော့ခြင်းပမာဒသည် များစွာ အကျိုးမဲ့မှုကိုဖြစ်စေ၏ဟု ဟောပါသည်။

၈၉။ ဒုတိယသုတ်၌ ရဟန်းတို့၊ မမေ့လျော့ခြင်း အပ္ပမာဒသည် (သတ္တဝါတို့၏)ကိုယ်တွင်း၌ဖြစ်ပါလျက် များစွာသော အကျိုးစီးပွားကို ဖြစ်စေသကဲ့သို့ ထို့အတူ များစွာသော အကျိုးစီးပွားကို ဖြစ်စေသည့် အခြား တစ်စုံတစ်ခုသော တရားကိုမျှ ငါမမြင်ပေ။ ရဟန်းတို့၊ မမေ့လျော့ခြင်း အပ္ပမာဒသည် များစွာသော အကျိုးစီးပွားကို ဖြစ်စေ၏ဟု ဟောပါသည်။

---

၁။ အဇ္ဈတ္တိကံအင်္ဂန္တိ ကရိတွာ ဟူသော ပါဠိကို တိုက်ရိုက်ပြန်လျှင်အစိတ်အပိုင်း မ‌ဟေ ပါ လှသောကြောင့် ဆိုလိုရင်း အစိတ်အပိုင်းကိုသာ ယူ၍ ပြန်ဆို ထားခြင်း ဖြစ်ပါသည်။

၁၁၀-၁၁၄။ တဘိုယမှ ဒွါဒသမထိ (၁၁)သုတ်တို့၌ပျင်းရိခြင်း ကောသဇ္ဇ၊ အားထုတ်ခြင်း ဝီရိယ အာရမ္ဘကိုးသော တရားတို့နှင့် တွဲစပ်၍ ရှေ့သုတ်များနည်းတူ ဟောကြားပါသည်။

## ၁။ တေရသမ သုတ္တာဒိ

ကိုယ်ပ၌ ဖြစ်လျက် အကျိုးမဲ့ စေသောတရားနှင့် အကျိုးရှိစေသော တရား

၁၁၀။ တေရသမသုတ်၌ ရဟန်းတို့၊ မိတ်ဆွေယုတ်ရှိခြင်း ပါပမိတ္တတာသည် ကိုယ်ပ၌ဖြစ်လျက် များစွာအကျိုးမဲ့ခြင်းငှာ ဖြစ်သကဲ့သို့ ထို့အတူကိုယ်ပ၌ဖြစ်လျက်များစွာအကျိုးမဲ့ခြင်းငှာဖြစ်သည့်အခြားတစ်စုံတစ်ခုသော တရားကိုမျှငါမမြင်ပေ။ ရဟန်းတို့၊ မိတ်ဆွေယုတ်ရှိခြင်းပါပမိတ္တတာသည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်၏ဟု ဟောပါသည်။

၁၁၁။ စုဒ္ဒသမသုတ်၌ရဟန်းတို့၊မိတ်ဆွေကောင်းရှိခြင်းကလျာဏမိတ္တတာသည် ကိုယ်ပ၌ဖြစ်လျက် များစွာ အကျိုးရှိခြင်းငှာ ဖြစ်သကဲ့သို့ ထို့အတူကိုယ်ပ၌ဖြစ်လျက် များစွာ အကျိုးရှိခြင်းငှာ ဖြစ်သည့် အခြား တစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ မိတ်ဆွေကောင်းရှိခြင်း ကလျာဏမိတ္တတာသည်များစွာ အကျိုး ရှိခြင်းငှာဖြစ်၏ဟု ဟောပါသည်။

၁၁၂-၁၁၃။ ပန္နရသမသုတ်နှင့် သောဠသမ သုတ်တို့၌ အကုသိုလ်တရားတို့ကိုအားထုတ်၍ ကုသိုလ်တရားတို့ကိုအားမထုတ်ခြင်းသည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်ပြီး ကုသိုလ်တရားတို့ကို အားထုတ်၍ အကုသိုလ် တရားတို့ကို အားမထုတ်ခြင်းသည် များစွာအကျိုးရှိခြင်းငှာဖြစ်ကြောင်း ရှေ့သုတ်များနည်းတူ ဟောကြားပါသည်။

## ၁၇။ သတ္တရသမ သုတ်

သူတော်ကောင်း တရား ကွယ်ခြင်းအကြောင်း

၁၁၄။ ရဟန်းတို့၊မေ့လျော့ခြင်း ပမာဒသည် သူတော်ကောင်း တရား ပျောက်ကွယ်ခြင်းငှာ ဖြစ်သကဲ့သို့ ထို့အတူ သူတော်ကောင်းတရား ပျောက်ကွယ်ခြင်းငှာဖြစ်သည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှ သည်း ငါမမြင်ပေ။ ရဟန်းတို့၊ မေ့လျော့ခြင်း ပမာဒသည် သူတော်ကောင်း တရားပျောက်ကွယ်ခြင်းငှာ ဖြစ်၏ဟု ဟောပါသည်။

## ၁၈။ အင်္ဂုတ္တရသမသုတ်

### သူတော်ကောင်းတရားကို တည်စေသောအကြောင်း

၁၁၅။ ရဟန်းတို့၊ မမေ့မလျော့ခြင်း- အပ္ပမာဒသည် သူတော်ကောင်းတရား တည်တံ့ခြင်း၊ မပျောက်ကွယ်ခြင်းငှာဖြစ်သကဲ့သို့ ထို့အတူ သူတော်ကောင်းတရား တည်တံ့ခြင်း၊ မပျောက်ကွယ်ခြင်းငှာ ဖြစ်သည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ရဟန်းတို့၊မမေ့မလျော့ခြင်း အပ္ပမာဒသည် သူတော်ကောင်း တရား တည်တံ့ခြင်း၊ မပျောက်ကွယ်ခြင်းငှာ ဖြစ်၏ဟု ဟောပါသည်။

၁၁၆-၁၂၉။ ကောသဇ္ဇ ဝီသတိမသုတ် စသော (၁၄) သုတ်တို့၌ ပျင်းရိခြင်း ကောသဇ္ဇစသော တရားထူးတို့သည် သူတော်ကောင်း တရား ပျောက်ကွယ်ခြင်းငှာဖြစ်ကုန်၏။ အားထုတ်ခြင်း ဝီရိယစသော တရား တို့သည် သူတော်ကောင်းတရား တည်တံ့ခြင်းငှာ ဖြစ်ကုန်၏ဟု ရှေ့သုတ် များနည်းတူ ဟောပါသည်။

## ၃၃။ တေတ္တိံသတိမသုတ်

### အဓမ္မကို ဓမ္မဟု ပြသောရဟန်း

၁၃၀—၁၃၉။ တေတ္တိံသတိမစသော (၁၀) သုတ်တို့၌ အကြင် ရဟန်းတို့သည် အဓမ္မကို ဓမ္မဟုပြကုန်၏။ ဓမ္မကို အဓမ္မဟု ပြကုန်၏။

ဝိနည်း မဟုတ်သည်ကို ဝိနည်းဟုပြကုန်၏။ ဝိနည်းကို ဝိနည်း မဟုတ်ဟု ပြကုန်၏။

မြတ်စွာဘုရားမဟောသောစကားကို မြတ်စွာဘုရား ဟောသော စကားဟု ပြကုန်၏။

မြတ်စွာဘုရား ဟောသောစကားကို မြတ်စွာဘုရား ဟောသော စကားမဟုတ်ဟု ပြကုန်၏။

မြတ်စွာဘုရား၏ အလေ့အကျင့်မဟုတ်သည်ကို မြတ်စွာဘုရား၏ အလေ့အကျင့်ဟု ပြကုန်၏။

မြတ်စွာဘုရား၏ အလေ့အကျင့်ကို မြတ်စွာဘုရား၏ အလေ့ အကျင့် မဟုတ်ဟု ပြကုန်၏။

မြတ်စွာဘုရားမပညတ်သည်ကိုမြတ်စွာဘုရားပညတ်၏ဟုပြကုန်၏၊ မြတ်စွာဘုရား ပညတ်သည်ကို မြတ်စွာဘုရား မပညတ်ဟု ပြကုန်၏။ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွားမဲ့ခြင်း၊ ချမ်းသာမဲ့ခြင်း၊ အကျိုးမဲ့ခြင်းငှာ၊ နတ်လူတို့၏ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ကျင့်သည်မည်ကုန်၏။ ထိုရဟန်းတို့သည် များစွာသော မကောင်းမှုကိုလည်း ပွားစေကုန်၏။ ဤသူတော်ကောင်း တရားကိုလည်း ကွယ်ပျောက်စေကုန်ဟု ဟောပါသည်။

## ၁၁။ အဓမ္မဝဂ်

### ၁။ ပဌမသုတ္တာဒိ

အဓမ္မကို အဓမ္မဟု ပြသောရဟန်း

၁၄၀-၁၄၉။ အဓမ္မဝဂ်လာ ၁၀-သုတ်တို့၌ အကြင်ရဟန်းတို့သည် အဓမ္မကို အဓမ္မဟု ပြကုန်၏။ ဓမ္မကို ဓမ္မဟု ပြကုန်၏... မြတ်စွာဘုရား မပညတ်သည်ကို မြတ်စွာဘုရား မပညတ်ဟု ပြကုန်၏။ မြတ်စွာဘုရား ပညတ်သည်ကို မြတ်စွာဘုရား ပညတ်၏ဟု ပြကုန်၏။ ထိုရဟန်းတို့သည် လူအများ၏ အကျိုးစီးပွားဖြစ်ခြင်း၊ ချမ်းသာခြင်း၊ နတ်လူတို့၏ အကျိုးစီးပွားဖြစ်ခြင်း၊ ချမ်းသာခြင်းငှာ ကျင့်သည်မည်ကုန်၏။ ထိုရဟန်းတို့သည် များစွာသော ကောင်းမှုကိုလည်း ပွားစေကုန်၏။ သူတော်ကောင်းတရားကိုလည်း တည်တံ့စေကုန်၏ဟုဟောပါသည်။

## ၁၂။ အနာပတ္တိဝဂ်

### ၁။ ပဌမသုတ္တာဒိ

အာပတ်မဟုတ်သည်ကို အာပတ်ဟု ပြသောရဟန်း

၁၅၀-၁၅၉။ အနာပတ္တိဝဂ်လာ ၁၀-သုတ်တို့၌ အကြင်ရဟန်းတို့သည် အာပတ်မဟုတ်သည်ကို အာပတ်ဟု ပြကုန်၏။ အာပတ်ဟုတ်သည်ကို အာပတ်မဟုတ်ဟု ပြကုန်၏။

ပေါ့သော အာပတ်ကို လေးသောအာပတ်ဟု ပြကုန်၏။ လေးသော အာပတ်ကို ပေါ့သောအာပတ်ဟု ပြကုန်၏။

ရန့်ရင်းသော အာပတ်ကိုရန့်ရင်းသော အာပတ်မဟုတ်ဟု ပြကုန်၏။ ရန့်ရင်းသောအာပတ် မဟုတ်သည်ကို ရန့်ရင်းသောအာပတ်ဟု ပြကုန်၏။

သီလ သိက္ခာ အကြွင်းရှိသော အာပတ်ကို သီလသိက္ခာ အကြွင်းမရှိသော အာပတ်ဟု ပြကုန်၏။[1] သီလသိက္ခာ အကြွင်းရှိသော အာပတ်ကို သီလသိက္ခာအကြွင်းမရှိသော အာပတ်ဟု ပြကုန်၏။

ကုစားကောင်းသော အာပတ်ကို မကုစားကောင်းသော အာပတ်ဟု ပြကုန်၏၊ မကုစားကောင်းသော အာပတ်ကို ကုစားကောင်းသော အာပတ်ဟု ပြကုန်၏။

ထိုရဟန်းတို့သည် လူအများ၏ အစီးအပွားမဲ့ခြင်း၊ ချမ်းသာမဲ့ခြင်း၊ အကျိုးမဲ့ခြင်းငှာ၊ နတ်လူတို့၏ အကျိုးစီးပွားမဲ့ခြင်း ဆင်းရဲခြင်းငှာ ကျင့်သည်မည်ကုန်၏။ ထိုရဟန်းတို့သည် များစွာသော မကောင်းမှုကိုလည်း ပွားစေကုန်၏။ သူတော်ကောင်း တရားကိုလည်း ကွယ်ပျောက်စေကုန်၏ဟု ဟောပါသည်။

## ၁၁။ ကောဒသမသုတ်

အာပတ်မဟုတ်သည်ကို အာပတ်မဟုတ်ဟု ပြသောရဟန်း

၁၆၀ ၁၆၉။ ကောဒသမမှ ဝိသတိမထိသုတ်တို့၌ အကြင်ရဟန်းတို့သည် အာပတ်မဟုတ်သည်ကို အာပတ်မဟုတ်ဟု ပြကုန်၏.... မကုစားကောင်းသော အာပတ်ကို မကုစားကောင်းသော အာပတ်ဟု ပြကုန်၏။ ထိုရဟန်းတို့သည် လူအများ၏ အကျိုးစီးပွားဖြစ်ခြင်း၊ ချမ်းသာခြင်းငှာ၊ နတ်လူတို့၏ အကျိုးစီးပွားဖြစ်ခြင်း၊ ချမ်းသာခြင်းငှာ ကျင့်သည်မည်ကုန်၏။ ထိုရဟန်းတို့သည် များစွာသော ကောင်းမှုကိုလည်း ပွားစေကုန်၏။ သူတော်ကောင်းတရားကိုလည်း တည်တံ့စေကုန်၏ဟု ဟောပါသည်။

---

၁။ ပါရာဇိကအာပတ်သည် သီလသိက္ခာအကြွင်းမရှိသော အာပတ်မည်၏၊ သံဃာဒိသိသ် စသော အာပတ်များသည် သီလသိက္ခာ အကြွင်းရှိသော အာပတ်မည်၏။ ဆိုလိုသည်မှာ ပါရာဇိက အာပတ်ကို ကျူးလွန်မိသော ရဟန်းမှာ ရဟန်းသိက္ခမှ လုံးဝမရှိတော့ဘဲ လူ့ဘာသို့ လျှောကျသွားသည်၊ အခြား အာပတ်များကို ကျူးလွန်မိသော ရဟန်းကား ရဟန်းသိက္ခာများ ကျန်ရှိနေသေး၏။

# ၁၃။ ဧကပုဂ္ဂလဝဂ်

## ၁။ ပဌမသုတ်

### လူအများ၏ အကျိုးစီးပွားအတွက် ဖြစ်ပေါ်လာသူ

၁၇၀။ ရဟန်းတို့၊ တစ်ဦးတည်းသော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများ၏ အကျိုးစီးပွားအလို့ငှာ၊ လူအများ၏ ချမ်းသာခြင်းငှာ၊ လောကကို အစဉ်သနားခြင်းငှာ၊ နတ်လူတို့၏ အကျိုးဖြစ်ခြင်း၊ အစီးအပွားဖြစ်ခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်ပေါ်လာ၏။ တစ်ဦးသော ပုဂ္ဂိုလ်ဟူသည် အဘယ်သူနည်းဆိုသော် - ပူဇော်အထူးကို ခံထိုက်သော တရားအားလုံးကို ကိုယ်တိုင် မှန်စွာသိမြင်တော်မူသော မြတ်စွာဘုရားပေတည်း။ ရဟန်းတို့၊ ဤတစ်ဦးသော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများ၏ အစီးအပွားအလို့ငှာ ဖြစ်ပေါ်လာ၏ဟု ဟောပါသည်။

## ၂-၄။ ဒုတိယ သုတ္တာဒိ

### အံ့ချီးထိုက်သောပုဂ္ဂိုလ်

၁၇၁-၁၇၃။ ဒုတိယ၊ တတိယ၊ စတုတ္ထသုတ်တို့၌ မြတ်စွာဘုရားဟူသော တစ်ဦးသော ပုဂ္ဂိုလ်၏ ဖြစ်ပေါ်ခြင်းကို လောက၌ ရခဲ၏။ ထိုတစ်ဦးသော ပုဂ္ဂိုလ်သည် လက်ဖျစ်တီး၍ အံ့ချီးထိုက်သောပုဂ္ဂိုလ်ဖြစ်၏၊ ထိုတစ်ဦးသော ပုဂ္ဂိုလ်၏ ကွယ်လွန်ခြင်းသည် လူအများအား ပူပန်ခြင်းကို ဖြစ်စေ၏ဟု ဟောပါသည်။

## ၅။ ပဉ္စမသုတ်

### အတုမရှိသော ပုဂ္ဂိုလ်

၁၇၄။ ပဉ္စမသုတ်၌ မြတ်စွာဘုရား တည်းဟူသော တစ်ဦးသော ပုဂ္ဂိုလ်သည် လောက၌ နှစ်ဦးမမြောက် ဒုတိယလူမရှိသူ၊ ဂုဏ်ရည်တူ မရှိသူ၊ ပုံတူပုဂ္ဂိုလ် မရှိသူ၊ ပြိုင်ဖက်မရှိသူ၊ တုဖက်မရှိသူ၊ ခပ်သိမ်းသော သတ္တဝါ

တို့နှင့် မတူသူ၊ ရှေးဘုရားတို့နှင့်သာ တူသူ၊ ခြေနှစ်ချောင်း ရှိသော သတ္တဝါတို့တွင် အမြတ်ဆုံးသူ ဖြစ်၏ဟု ဟောပါသည်။[၁]

## ၆။ ဆဋ္ဌသုတ္တာဒိ

### ဉာဏ်မျက်စိကို ဖြစ်ပေါ်စေသူ

၁၇၅ ၁၈၆။ ဆဋ္ဌမှ သတ္တရသမထိ သုတ်တို့၌ မြတ်စွာဘုရား ဟူသော တစ်ဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှား ပေါ်လာခြင်းကြောင့် ကြီးစွာသော ဉာဏ်မျက်စိ၊ ကြီးစွာသော ဉာဏ်အလင်း၊ ကြီးစွာသော ဉာဏ်အရောင်၏ ထင်ရှား ပေါ်လာခြင်းသည် ဖြစ်၏။

အမြတ်ဆုံး (အနုတ္တရိယ) တရား ခြောက်ပါး[၂] ထင်ရှား ပေါ်လာခြင်းသည် ဖြစ်၏။

လေးပါးသော ပဋိသမ္ဘိဒါဉာဏ် တို့ကို[၃] မျက်မှောက် ပြုခြင်းသည် ဖြစ်၏။

များစွာသော ဓာတ်သဘော၊ အမျိုးမျိုးသော ဓာတ်သဘောတို့ကို[၄] မျက်မှောက် ပြုခြင်းသည် ဖြစ်၏။

ဝိဇ္ဇာနှင့် ဝိမုတ္တိဖိုလ်တို့ကို မျက်မှောက်ပြုရခြင်းသည် ဖြစ်၏။

သောတာပတ္တိဖိုလ် အစရှိသော ဖိုလ်လေးပါးတို့ကို မျက်မှောက် ပြုခြင်းသည် ဖြစ်၏ဟု ဟောပါသည်။

---

၁။ ခြေမရှိသော သတ္တဝါ၊ ခြေနှစ်ချောင်းရှိသောသတ္တဝါ၊ ခြေလေးချောင်း ရှိသောသတ္တဝါ စသည့် သတ္တဝါအမျိုးမျိုးတို့တွင် ခြေနှစ်ချောင်းရှိသော သတ္တဝါသည် အမြတ်ဆုံးဖြစ်၏။ မြတ်စွာဘုရားသည် ခြေနှစ်ချောင်း ရှိသော သတ္တဝါတို့တွင် အမြတ်ဆုံးဖြစ်၏ဟု ဆိုခြင်းဖြင့် သတ္တဝါ အားလုံးတို့တွင် အမြတ်ဆုံးဖြစ်ကြောင်းလည်း ထင်ရှားပြီး ဖြစ်ပါသည်။

၂။ အနုတ္တရိယတရား ခြောက်ပါးကို ဆက္ကနိပါတ်၊ အနုတ္တရိယသုတ်၌ ရှုပါ။

၃။ (၁) အတ္ထပဋိသမ္ဘိဒါ–အကျိုးကို ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊
(၂) ဓမ္မပဋိသမ္ဘိဒါ–အကြောင်းကိုခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊
(၃) နိရုတ္တိပဋိသမ္ဘိဒါ–ဘာသာစကားကို ခွဲခြမ်းစိတ်ဖြာ၍သိသော ဉာဏ်၊
(၄) ပဋိဘာနပဋိသမ္ဘိဒါ အသိပညာအမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ် ဟူ၍ ပဋိသမ္ဘိဒါဉာဏ် လေးပါးရှိပါသည်။

(၄) စက္ခုဓာတ်၊ ရူပဓာတ်စသော ဓာတ်(၁၈)ပါးကို 'များစွာသော ဓာတ်၊ အထူးပြုသောဓာတ်' ဟု ဆိုခြင်းဖြစ်ပါသည်၊

## ၁၈။ အဂ္ဂရသမသုတ်

မွေစက်ကို အတုလိုက်၍ လည်စေနိုင်သူ
ဧတဒဂ်ရ ရဟန်း (၄၁) ပါး

၁၈၇။ အဂ္ဂရသမ သုတ်၌ ဤသာရိပုတြာသည် မြတ်စွာဘုရား လည်စေအပ်သည့် အမြတ်ဆုံးမွေစက်ကို ကောင်းစွာသာလျှင် အတုလိုက်၍ လည်စေနိုင်သကဲ့သို့ ထို့အတူမြတ်စွာဘုရားလည်စေအပ်သော မွေစက်ကို ကောင်းစွာသာလျှင် အတုလိုက်၍ လည်စေနိုင်သည့် အခြားတစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ သာရိပုတြာသည် မြတ်စွာဘုရားလည်စေအပ်သည့်အမြတ်ဆုံး မွေစက်ကိုကောင်းစွာသာလျှင် အတုလိုက်၍ လည်စေနိုင်၏ဟု ဟောပါသည်။

## ၀၄။ ဧတဒဂ္ဂဝဂ် (၁–၄)

**ဧတဒဂ်ရ ရဟန်း ၄၁ ပါး**

၁၈၈–၂၃၃။ (၁) ပထမသုတ်၌ ရဟန်းတို့၊ ညဥ့်ကို သိကုန်သောငါ၏ တပည့်ရဟန်းတို့တွင်[၁] အကြင် အညာသိ ကောဏ္ဍည သည်ရှိ၏၊ ဤအညာသိကောဏ္ဍညသည် အမြတ်ဆုံး ဖြစ်၏ဟု ဟောကြားပါသည်။

---

၁။ ရတ္တညူ-ညဥ့်ကိုသိသူ၊ တစ်နေ့နှင့် တစ်ညသည် တစ်ရက်ဖြစ်၍တစ်ည လွန်သွားလျှင် တစ်ရက်ကုန်သွားပါသည်။ ထို့ကြောင့် ညဥ့်ကိုသိသူဟူသည် နေ့ရက် အပိုင်းအခြားကို သိသူဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ရဟန်းပြု၍တရားထူး ရှိသွားသောပုဂ္ဂိုလ်များသည် ''ငါသည် ဤမည်သော နေ့မှစ၍ ရဟန်းပြုခဲ့၏။ ဤမည်သော နေ့မှစ၍ တရားထူးကို သိမြင်ခဲ့၏''ဟူ၍ မကြာခဏ ပြန်၍ ဆင်ခြင် အောက်မေ့လေ့ရှိကြသည်။ အရှင်ကောဏ္ဍညသည် မြတ်စွာဘုရားထံ၌ ပထမဆုံးရဟန်းပြုခဲ့သူ ပထမဆုံး တရားထူးကို သိမြင်ခဲ့သူဖြစ်၏။ ထို့ကြောင့် ရဟန်းပြုသည့်နေ့၊ တရားထူးရသည့်နေ့မှစ၍ နေ့ရက်များကို ပြန်၍ရေတွက်ဆင်ခြင်းသိမြင်ရာ၌နေ့ရက်အများဆုံးကိုဆင်ခြင်သိမြင်နိုင်သူဖြစ်ပါသည်။ ထို့ကြောင့် ''ညဥ့်ကို သိသူတို့တွင် အမြတ်ဆုံး''ဟု ဆိုခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရဟန္တာပုဂ္ဂိုလ်တို့သည် နေ့ရက် အပိုင်းအခြားကို ထင်ရှားစွာ သိမြင်နေသူများဖြစ်သည်။ အရှင် ကောဏ္ဍညမှာလည်း ပထမဆုံး ရဟန္တာဖြစ်ခဲ့သူဖြစ်၍ ညဥ့်ကိုသိသူ (ဝါ) နေ့ရက် အပိုင်း အခြားကို သိသူတို့တွင် အမြတ်ဆုံးဟု ဆိုခြင်း ဖြစ်ပါသည်။

ထို့အတူ ဒုတိယသုတ် စသည်တို့၌လည်း-

(၂) ကြီးသောပညာရှိသောရဟန်းတို့တွင်ရှင်သာရိပုတြာ၊

(၃) ကြီးသော တန်ခိုးရှိသော ရဟန်းတို့တွင် ရှင်မဟာမောဂ္ဂလာန်။

(၄) ဓုတင် အကျင့်ကို ဟောပြောလေ့ရှိသော ရဟန်းတို့တွင် ရှင်မဟာကဿပ။

(၅) ဒိဗ္ဗစက္ခုအဘိညာဉ်ရသောရဟန်းတို့တွင်ရှင်အနုရုဒ္ဓါ၊

(၆) မြတ်သော အမျိုးဇာတ်ရှိသော ရဟန်းတို့တွင် ကာဠိဂေါဓာမည်သော သာကီဝင်မင်းသမီး၏သားဖြစ်သူ ဘဒ္ဒိယ။

(၇) သာယာသောအသံရှိသောရဟန်းတို့တွင် လကုဏ္ဋက ဘဒ္ဒိယ။

(၈) ခြင်္သေ့ကဲ့သို့ ရဲရင့်သော စကားကို ကြုံးဝါးမြွက်ဆိုလေ့ရှိသော ရဟန်းတို့တွင် ပိဏ္ဍောလ ဘာရဒွါဇ။

(၉) တရားဟောတတ်သော ရဟန်းတို့တွင် မန္တာနီပုဏ္ဏေးမ၏သားဖြစ်သော ပုဏ္ဏ။

(၁၀) အကျဉ်း အားဖြင့် ဟောကြားအပ်သော တရား၏ အနက်အဓိပ္ပာယ်ကို အကျယ်အားဖြင့် ဝေဖန်တတ်သော ရဟန်းတို့တွင် မဟာကစ္စာန(မဟာကစ္စည်း)။

(၁၁) အဘိညာဉ် စိတ်ဖြင့် ပြီးသော ကိုယ်ကို ဖန်ဆင်းတတ်သောရဟန်းတို့တွင် စူဠပန္ထက (ရှင်စူဠပန်)။

(၁၂) ရူပါဝစရဈာန် အရာ၌ ကျွမ်းကျင်သော ရဟန်းတို့တွင် စူဠပန္ထက။

(၁၃) အရူပါဝစရဈာန် အရာ၌ ကျွမ်းကျင် လိမ္မာသော ရဟန်းတို့တွင် မဟာပန္ထက (မဟာပန်)။

(၁၄) ကိလေသာကင်းသော နေခြင်းဖြင့် နေလေ့ရှိသော ရဟန်းတို့တွင် သုဘူတိ။

(၁၅) မြတ်သော အလှူကို ခံထိုက်သော ရဟန်းတို့တွင် သုဘူတိ[၁]။

(၁၆) တောကျောင်း၌ နေလေ့ရှိသော ရဟန်းတို့တွင် ခဒိရဝနိယ ရေဝတ။

(၁၇) ဈာန်၌ မွေ့လျော်သော ရဟန်းတို့တွင် ကင်္ခါရေဝတ။

(၁၈) ထက်သန်သော လုံ့လ ဝီရိယရှိသော ရဟန်းတို့တွင် ကောဠိဝိသ အမျိုး၌ဖြစ်သော သောဏ။

(၁၉) ချိုသာကောင်းမြတ်မြွက်ဆိုအပ်သော တရားစကားသံ ရှိသော ရဟန်းတို့တွင် ကုဋိကဏ္ဏ သောဏ။

(၂၀) လာဘ်ပေါများသော ရဟန်းတို့တွင် သီဝလိ။

(၂၁) လွန်ကဲသော သဒ္ဓါရှိသော ရဟန်းတို့တွင် ဝက္ကလိ။

(၂၂) အကျင့်သိက္ခာကို လိုလားသော ရဟန်းတို့တွင် ရာဟုလာ။

(၂၃) ယုံကြည်ခြင်း သဒ္ဓါဖြင့် ရဟန်းပြုသော ရဟန်းတို့တွင် ရဋ္ဌပါလ။

(၂၄) စာရေးတံမဲကို ပထမဦးစွာ ယူအပ်သော ရဟန်းတို့တွင် ကုဏ္ဍဓာန။

(၂၅) ဆန်းကြယ်သော ဉာဏ် ပဋိဘာန် ရှိသော ရဟန်းတို့တွင် ဝင်္ဂီသ။

---

၁။ ရဟန္တာပုဂ္ဂိုလ်တိုင်း မြတ်သော အလှူကို ခံထိုက်သော ဒက္ခိဏေယျ) ပုဂ္ဂိုလ်များ ဖြစ်သော်လည်း အရှင်သုဘူတိကား ဆွမ်းခံသွားသည့်အိမ်တိုင်း အိမ်တိုင်း၌ မေတ္တာဈာန်ကို ဝင်စားပြီးမှ ဆွမ်းခံ၏။ ထို့ကြောင့် အရှင်သုဘူတိသည် မြတ်သော အလှူကို ခံထိုက်သော ရဟန်းတို့တွင် အမြတ်ဆုံးဖြစ်၏ဟု မိန့်ကြားခြင်းဖြစ်ပါသည်။

(၂၆) အလုံးစုံ ကြည်ညိုဖွယ် ရှိသော ရဟန်းတို့တွင် ဝင်္ဂန္တပုဏ္ဏား၏သားဖြစ်သော ဥပသေန[၁]။

(၂၇) ကျောင်းအိပ်ရာ နေရာကို စီမံခင်းကျင်း တတ်သော ရဟန်းတို့တွင် မလ္လာမင်းသားဖြစ်သော ဒဗ္ဗ။

(၂၈) နတ်များ ချစ်ခင် မြတ်နိုးအပ်သော ရဟန်းတို့တွင် ပိလိန္ဒဝစ္ဆ။

(၂၉) လျင်မြန်စွာ ရအပ်သော မဂ်ဖိုလ် အသိဉာဏ်ရှိသော ရဟန်းတို့တွင် ဗာဟိယ တိုင်းသား ဖြစ်သော ဒါရုစီရိယ။

(၃၀) ဆန်းကြယ်စွာ တရားဟောတတ်သော ရဟန်းတို့တွင် ကုမာရကဿပ။

(၃၁) ပဋိသမ္ဘိဒါလေးပါးသို့ ရောက်သော ရဟန်းတို့တွင် မဟာကောဋ္ဌိက။

(၃၂) အကြားအမြင် များသော ရဟန်းတို့တွင် အာနန္ဒာ။

(၃၃) ထူးကဲသော ဂတိနှင့် ပြည့်စုံသော ရဟန်းတို့တွင် အာနန္ဒာ။

(၃၄) ထူးကဲသော ပညာနှင့် ပြည့်စုံသော ရဟန်းတို့တွင် အာနန္ဒာ။

(၃၅) ထူးကဲသော လုံ့လဝီရိယနှင့် ပြည့်စုံသော ရဟန်းတို့ အာနန္ဒာ။

(၃၆) မြတ်စွာဘုရားကို လုပ်ကျွေးပြုစု တတ်သော ရဟန်းတို့တွင် အာနန္ဒာ။

---

၁။ အရှင်ဥပသေနသည် မိမိကိုယ်တိုင်သာ ကြည်ညိုဖွယ်ဖြစ်အောင် နေထိုင်သည်မဟုတ်၊ မိမိ၏ တပည့်များကိုလည်း ကြည်ညိုဖွယ် ဖြစ်အောင် နေထိုင်ကြရန် ဆုံးမ၏။ ထို့ကြောင့် အလုံးစုံ ကြည်ညိုဖွယ် ရှိသော ရဟန်းတို့တွင် အမြတ်ဆုံးဖြစ်၏ဟု မိန့်ကြားခြင်းဖြစ်ပါသည်။

(၃၇) များသော ပရိသတ်ရှိသော ရဟန်းတို့တွင် ဥရုဝေလကဿပ။

(၃၈) အမျိုးဒါယကာတို့ကို ကြည်ညိုစေတတ်သောရဟန်းတို့တွင် ကာဠုဒါယီ။

(၃၉) အနာရောဂါ ကင်းသော ရဟန်းတို့တွင် ဗာကုလ။

(၄၀) ရှေးက ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ် (ရှေးဘဝများ) ကို ပြန်ပြောင်း အောက်မေ့နိုင်သော ရဟန်းတို့တွင် သောဘိတ။

(၄၁) ဝိနည်းကို ဆောင်သော ရဟန်းတို့တွင် ဥပါလိ။

(၄၂) ဘိက္ခုနီကို ဆုံးမတတ်သော ရဟန်းတို့တွင် နန္ဒက။

(၄၃) ဣန္ဒြေကို စောင့်စည်းသော ရဟန်းတို့တွင် နန္ဒ။

(၄၄) ရဟန်းတို့ကို ဆုံးမတတ်သော ရဟန်းတို့တွင် မဟာကပ္ပိန။

(၄၅) တေဇောဓာတ် ([illegible]) ကို ဝင်စားနိုင်သော ရဟန်းတို့တွင် သာဂတ။

(၄၆) ဒေသနာဉာဏ် ထင်လာခြင်းကို ဖြစ်စေတတ်သော ရဟန်းတို့တွင်[1] ရာဓ။

(၄၇) ခေါင်းပါးသော သင်္ကန်းကို ဆောင်သော ရဟန်းတို့တွင် မောဃရာဇသည် အမြတ်ဆုံး ဖြစ်၏ဟု မိန့်ကြားသည်။

(ဘိက္ခုဧတဒဂ် ၄၇ မျိုးတို့တွင် ရှင်အာနန္ဒာက ၅ မျိုး၊ ရှင်စူဠပန်ထက ၂-မျိုး၊ ရှင်သုဘူတိက ၂ မျိုး ရပြီး ကျန်ရဟန်း ၃၈-ပါးက တစ်မျိုးစီ ရကြသည်။ ထို့ကြောင့် ဧတဒဂ်ရ ရဟန်း ၄၁ ပါးရှိသည်။

---

၁။ တရားဟောရန် အကြောင်းကို ဖြစ်ပေါ်စေတတ်သော ရဟန်းတို့တွင် ဟု ဆိုလိုသည်။

## ၁၄။ ဧတဒဂ္ဂဝဂ် (၅)

### ဧတဒဂ်ရ ဘိက္ခုနီ ၁၃ ပါး

၂၃၅-၂၄၇။ ၁။ ညဉ့်ကိုသိသော ဘိက္ခုနီတို့တွင် မဟာပဇာပတိဂေါတမီ။

၂။ ကြီးသောပညာရှိသော ဘိက္ခုနီတို့တွင် ခေမာ။

၃။ ကြီးသောတန်ခိုးရှိသော ဘိက္ခုနီတို့တွင်ဥပ္ပလဝဏ်၊

၄။ ဝိနည်းကိုဆောင်သော ဘိက္ခုနီတို့တွင် ပဋာစာရာ။

၅။ တရားဟောတတ်သော ဘိက္ခုနီတို့တွင် ဓမ္မဒိန္နာ။

၆။ ဈာန်ဝင်စားခြင်း၌ မွေ့လျော်သောဘိက္ခုနီတို့တွင် နန္ဒာ။

၇။ ထက်သန်သော လုံ့လ ဝီရိယရှိသော ဘိက္ခုနီတို့တွင် သောဏာ။

၈။ ဒိဗ္ဗစက္ခုအဘိညာဉ်နှင့်ပြည့်စုံသော ဘိက္ခုနီတို့တွင် ဗကုလာ။

၉။ လျင်မြန်စွာ ရအပ်သောမဂ်ဖိုလ် အသိဉာဏ်ရှိသော ဘိက္ခုနီတို့တွင် ကုဏ္ဍလကေသာ။

၁၀။ ရှေးကနေဖူးသောခန္ဓာအစဉ် (ဘဝဟောင်းများ) ကိုပြန်ပြောင်းအောက်မေ့နိုင်သော ဘိက္ခုနီတို့တွင် ဘဒ္ဒါကာပိလာနီ။

၁၁။ မြတ်သော အဘိညာဉ်သို့ရောက်သော ဘိက္ခုနီတို့တွင် ဘဒ္ဒကစ္စနာ[၁] (ယသော်ဓရာ)။

---

၁။ ဂေါတမ မြတ်စွာဘုရား၏ သာသနာ၌ အဂ္ဂသာဝက ၂ ပါး။ အရှင်ဗာကုလနှင့် ဤယသော်ဓရာထေရီတို့သည် အဘိညာဉ်ဖြင့် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် အတိတ်ကို ပြန်၍အောက်မေ့နိုင်ကြသည်။ အခြားသာဝကတို့ကား ကမ္ဘာတစ်သိန်း အထိသာ အောက်မေ့နိုင်ကြသည်။ ထို့ကြောင့် ယသော်ဓရာထေရီကို မြတ်သော အဘိညာဉ်အရာ၌ ဧတဒဂ်ထားခြင်း ဖြစ်ပါသည်။

(၁၂) ခေါင်းပါးသော သက်နုံးကို ဆောင်သော ဘိက္ခုနီတို့တွင် ကီသာဂေါတမီ။

(၁၃) လွန်ကဲသော သဒ္ဓါနှင့် ပြည့်စုံသော ဘိက္ခုနီတို့တွင် သိင်္ဂါလကမာတာသည်

အမြတ်ဆုံး ဖြစ်၏ဟု မိန့်ကြားသည်။

## ၁၄။ ဧတဒဂ္ဂဝဂ် (၆)

### ဧတဒဂ်ရ ဥပါသကာ ၁၀-ယောက်

၂၄၀-၂၅၃။ (၁) ရှေးဦးစွာ ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်ခဲ့သော ဥပါသကာ တို့တွင် တပုဿနှင့် ဘလ္လိက။

(၂) ပေးလှူခြင်း၌ မွေ့လျော်သော ဥပါသကာတို့တွင် သုဒတ္တမည်သော အနာထပိဏ်သူကြွယ်။

(၃) တရားဟောတတ်သော ဥပါသကာတို့တွင် မစ္ဆိကာသဏ္ဍမြို့သား စိတ္တသူကြွယ်။

(၄) သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် ပရိသတ်ကို ချီးမြှောက်တတ်သော ဥပါသကာတို့တွင် ဟတ္ထက အာဠဝက။

(၅) မွန်မြတ်သော ပစ္စည်းဝတ္ထုကို ပေးလှူ တတ်သော ဥပါသကာ တို့တွင် သာကီဝင် မင်းမျိုး ဖြစ်သော မဟာနာမ်။

(၆) မိမိ နှစ်သက်မြတ်နိုးသော ပစ္စည်းဝတ္ထုကို ပေးလှူတတ်သော ဥပါသကာတို့တွင် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်[၁]။

(၇) သံဃာကို လုပ်ကျွေးတတ်သော ဥပါသကာတို့တွင် ဟတ္ထိဂ္ဂါမသား ဥဂ္ဂတသူကြွယ်။

---

၁။ ဤဝေသာလီပြည်သား ဥဂ္ဂသူကြွယ်၏အကြောင်းကို ပဉ္စကနိပါတ် မနာပဒါယီသုတ်၌ ရှုနိုင်သည်။

(၉) သာသနာ၌ ခိုင်မြဲစွာ သက်ဝင် ကြည်ညိုသော ဥပါသကာတို့တွင် သုရမ္ဗဋ္ဌ (သုရမ္ဗဋ္ဌ)။
(၉) ပုဂ္ဂိုလ်၌ ကြည်ညိုသော ဥပါသကာတို့တွင် အဘယ မင်းသား၏ မွေးစားသားဖြစ်သော ဇီဝက[၁]။
(၁၀) ထူကျွမ်းဝင်သော (ရင်းနှီးသော) စကားကို ဆိုတတ်သော ဥပါသကာတို့တွင် နကုလပိတာ သူကြွယ်သည် အမြတ်ဆုံးဖြစ်၏ဟု မိန့်ကြားသည်။

## ၁၄။ ဧတဒဂ္ဂဝဂ် (၇)

### ဧတဒဂ်ရ ဥပါသိကာမ ၁၀-ယောက်

၂၅၈-၂၆၇။ (၁) ရှေးဦးစွာ ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်သော (သရဏဂုံတည်သော) ဥပါသိကာမတို့တွင် သေနိယ သေဋ္ဌေး၏ သမီးဖြစ်သော သုဇာတာ။
(၂) ပေးလှူခြင်း၌ မွေ့လျော်သော ဥပါသိကာမတို့တွင် မိဂါရသေဋ္ဌေး၏ မိခင်အရာ၌ တည်သော ဝိသာခါ။
(၃) အကြားအမြင် (ဗဟုသုတ) များသော ဥပါသိကာမ တို့တွင် ခုဇ္ဇုတ္တရာ။
(၄) မေတ္တာစိတ်ဖြင့် နေလေ့ရှိသော ဥပါသိကာမတို့တွင် သာမာဝတီ။
(၅) ဈာန်၌ မွေ့လျော်သော ဥပါသိကာမတို့တွင် နန္ဒ သတို့သား၏ မိခင်ဖြစ်သော ဥတ္တရာ။
(၆) မွန်မြတ်သော ဝတ္ထုကိုပေးလှူတတ်သော ဥပါသိကာ မတို့တွင် ကောလိယမင်းသမီးဖြစ်သော သုပ္ပဝါသာ။
(၇) လူနာရဟန်းကို လုပ်ကျွေးပြုစုတတ်သော ဥပါ သိကာမတို့တွင် သုပ္ပိယာ။

---

၁။ မြတ်စွာဘုရားအား ပုဂ္ဂိုလ်စွဲအားဖြင့် ကြည်ညိုသော ဥပါသကာဟု ဆိုလိုပါသည်။

(၈) သာသနာ၌ စွဲမြဲစွာ သက်ဝင် ကြည်ညိုသော ဥပါသိကာမတို့တွင် ကာတိယာနီ။

(၉) အကျွမ်းဝင်သော စကားကို ဆိုတတ်သော ဥပါသိကာမတို့တွင် နကုလမာတာ[1]။

(၁၀) တစ်ဆင့်စကားဖြင့် ကြည်ညိုတတ်သော ဥပါသိကာမတို့တွင် ကုလဃရမြို့သူဖြစ်သော ကာဠီသည် အမြတ်ဆုံးဖြစ်၏ဟု မိန့်ကြားပါသည်။
(အထက်ဖော်ပြပါ ဧတဒဂ်ရပုဂ္ဂိုလ်ထူးများအကြောင်းကို အင်္ဂုတ္တရ အဋ္ဌကထာ၌ အကျယ်ဖော်ပြထားပါသည်။)

## ၁၅။ အဋ္ဌာနပါဠိ (ပဌမဝဂ်)

### သောတာပန်မှာ မဖြစ်နိုင်သော အကြောင်းများ

၂၆၈-၂၇၆။ ပဌမဝဂ်၊ ပဌမသုတ်မှ နဝမထိ သုတ်တို့၌ မှန်သော ဉာဏ်အမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်[2] တစ်စုံတစ်ခုသော သင်္ခါရကိုနိစ္စ၊ သုခ ဟုစွဲယူဖွယ်အကြောင်းမရှိ၊ တစ်စုံတစ်ခုသောဓမ္မကိုအတ္တဟုစွဲယူဖွယ် အကြောင်းမရှိ။

အမိအဖ၊ ရဟန္တာပုဂ္ဂိုလ်တို့ကိုသတ်ခြင်း၊ မြတ်စွာဘုရားအား ပြစ်မှားလိုသောစိတ်ဖြင့်သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကို သင်းခွဲခြင်း အမှုများကို ပြုလုပ်ဖွယ် အကြောင်းမရှိ။

မြတ်စွာဘုရားမှ တစ်ပါးသော သူကို ဆရာဟု ညွှန်ပြဖွယ် အကြောင်းမရှိ။

---

၁။ နကုလပိတာနှင့် နကုလမာတာ ဇနီးမောင်နှံတို့သည် မြတ်စွာဘုရားကို ပထမဦးစွာ တွေ့မြင်သည့်အချိန်မှစ၍ ပျောက်ဆုံးနေသော သားရင်းကိုပြန်တွေ့ရဘိသကဲ့သို့ ချစ်ခင်ရင်းနှီးစွာ ပြောဆို ဆက်ဆံခဲ့ကြသည်။ ထို့ကြောင့် သူတို့နှစ်ဦးလုံးအား 'ဝိဿာသိက ဧတဒဂ်' ပေးခဲ့ခြင်း ဖြစ်ပါသည်။

၂။ မှန်သောဉာဏ်အမြင်နှင့် ပြည့်စုံသော 'ဒိဋ္ဌိသမ္ပန္န' ပုဂ္ဂိုလ် ဟူသည် သောတာပန် ပုဂ္ဂိုလ်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

ပုထုဇဉ်ပုဂ္ဂိုလ်သည်ကား ထိုကဲ့သို့သော အမှုမျိုးကို ပြုလုပ်ဖွယ် အကြောင်းရှိ၏ဟု ဟောတော်မူပါသည်။

၂၇၇။ ဒသမသုတ်၌ ရဟန်းတို့၊ တစ်ခုသောလောကဓာတ်၌[၁] နှစ်ဆူသော မြတ်စွာဘုရားတို့ တစ်ပြိုင်နက် ဖြစ်ပေါ်ရန် အကြောင်း မရှိ၊ တစ်ခုသောလောကဓာတ်၌ တစ်ဆူသော မြတ်စွာဘုရားသည် သာလျှင် ဖြစ်ပေါ်ရန်အကြောင်းရှိ၏ဟု ဟောပါသည်။

## ၁၅။ အဋ္ဌာနပါဠိ (ဒုတိယနှင့်တတိယဝဂ်)

မဖြစ်နိုင်သော အကြောင်းများ

၂၇၈။ ဒုတိယဝဂ်၊ ပထမသုတ်၌ တစ်ခုသော လောကဓာတ်၌ စကြဝတေးမင်းနှစ်ပါးတို့ တစ်ပြိုင်နက် ဖြစ်ပေါ်ရန် အကြောင်းမရှိ၊ တစ်ပါးစီသာ ဖြစ်ပေါ်ရန်အကြောင်းရှိ၏ဟု ဟောပါသည်။

၂၇၉-၂၈၃။ ဒုတိယသုတ် စသည်တို့၌ မိန်းမသည် စကြဝတေးမင်း၊ သိကြားမင်း၊ မာရ်နတ်မင်း၊ ဗြဟ္မာမင်းဖြစ်နိုင်ရန် အကြောင်းမရှိဟု ဟောကြားပါသည်။

၂၈၄-၂၈၆။ သတ္တမသုတ်စသည်တို့၌ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ဟူသော ဒုစရိုက်သုံးပါးသည် အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သော အကျိုးကို ဖြစ်စေဖွယ် အကြောင်း မရှိ၊ အလိုမရှိအပ်၊ မနှစ်သက်အပ်၊ မမြတ်နိုးအပ်သော အကျိုးကို ဖြစ်စေဖွယ် အကြောင်း ရှိ၏ဟု ဟောပါသည်။

၂၈၇-၂၈၅။ တတိယဝဂ်၌ ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်ဟူသော သုစရိုက်သုံးပါးသည် အလိုမရှိအပ်၊ မနှစ်သက်အပ်၊

---

၁။ တစ်ခုသော လောကဓာတ်ဟူသည် စကြဝဠာတစ်သောင်းဖြစ်ပါသည်၊ ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်ဟု ခေတ်အပိုင်းအခြား သုံးခုရှိပါသည်။ ထိုတွင် စကြဝဠာတစ်သောင်းသည် ဘုရားလောင်းဖွားမြင်ချိန် စသည်တို့၌တစ်ပြိုင်နက် တုန်လှုပ်သောကြောင့် ဇာတိခေတ်မည်၏။ စကြဝဠာ ကုဋေ တစ်သိန်းသည် ပရိတ်တရားတော်တို့၏ အာဏာပျံ့နှံ့ရာဖြစ်၍ အာဏာခေတ်မည်၏။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်ဖြင့် အာရုံပြုနိုင်သော အရပ်သည် ဝိသယခေတ်မည်၏။ ထိုဝိသယခေတ်ကား အပိုင်းအခြားမရှိ၊ စကြဝဠာအနန္တပင်ဖြစ်၏။

မမြတ်နိုးအပ်သော အကျိုးကို ဖြစ်စေဖွယ် အကြောင်းမရှိ၊ အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သော အကျိုးကိုသာ ဖြစ်စေဖွယ် အကြောင်း ရှိ၏ဟု ဟောပါသည်။

ဒုစရိုက်သုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ထိုဒုစရိုက် သုံးပါး ဟူသော အကြောင်းကြောင့် သေလွန်သောအခါ နတ်ပြည်သို ရောက်ဖွယ် အကြောင်းမရှိ၊ အပါယ်ငရဲသို့သာ ရောက်ဖွယ် အကြောင်းရှိ၏။

သုစရိုက်သုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ထိုသုစရိုက် သုံးပါး ဟူသောအကြောင်းကြောင့် သေလွန်သောအခါ အပါယ်ငရဲသို့ ရောက်ဖွယ် အကြောင်းမရှိ၊ နတ်ပြည်သို့သာရောက်ဖွယ်အကြောင်းရှိ၏ဟု ဟောတော် မူပါသည်။

## ၁၆။ ဧကဓမ္မပါဠိ (ပဌမဝဂ်)

နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြောင်း တရားများ

၂၉၆-၂၉၇။ ဧကဓမ္မပါဠိ ပဌမဝဂ်ပါ ၁၀– သုတ်၌ မြတ်စွာ ဘုရား၏ ဂုဏ်တို့ကို အဖန်တလဲလဲ ဆင်ခြင် အောက်မေ့ခြင်း ဗုဒ္ဓါ နုဿတိ။

တရားတော်၏ ဂုဏ်တို့ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ခြင်း ဓမ္မာနုဿတိ။

သံဃာတော်၏ ဂုဏ်တို့ကိုအဖန်တလဲလဲ ဆင်ခြင် အောက်မေ့ခြင်း သံဃာနုဿတိ။

မိမိစောင့်ထိန်းသည့် သီလကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ ခြင်း သီလာနုဿတိ။

မိမိ၏ စွန့်လွှတ်မှုကို အဖန်တလဲလဲ ဆင်ခြင် အောက်မေ့ခြင်း စာဂါနုဿတိ။

နတ်တို့၏ သဒ္ဓါ သီလစသော ဂုဏ်နှင့်တူသည့် မိမိ၏ သဒ္ဓါသီလ စသောဂုဏ်တို့ကို ဆင်ခြင် အောက်မေ့ခြင်း ဒေဝတာနုဿတိ။

ထွက်သက်ဝင်သက်ကို ဆင်ခြင်ရှုမှတ်ခြင်း အာနာပါနဿတိ။

သေခြင်းတရားကို အဖန်တလဲလဲဆင်ခြင်အောက်မေ့ခြင်း မရဏာ နုဿတိ။

ဆံပင် မွေးညှင်းစသည်တို့၏ အစု အဝေးဖြစ်သော ကိုယ်ခန္ဓာ၌ အရုပ်ပွား ဖြစ်သော ဆင်ခြင် ဝအောက်မေ့ခြင်း —ကာယဂတာသတိ။

ဒုက္ခငြိမ်းအေးရာ နိဗ္ဗာန်ကို အဖန်တလဲလဲ ဆင်ခြင် မအောက်မေ့ ခြင်း ဥပသမာ နုဿတိ—

ဟူသော တရားတစ်ပါးစီသည် ပွားများအပ်၊ ကြိမ်ဖန်များစွာ ပွားလေ့ အဘ ပြုအပ်သည် ရှိသော် သံသရာဝဋ်၌ စင်စစ် ငြီးငွေ့ခြင်း၊ စွဲမက် ကင်းခြင်း၊ ကိလေသာ ချုပ်ပျောက်ခြင်း၊ ငြိမ်းအေးခြင်း၊ အထူး သိခြင်း၊ ထိုးထွင်း၍သိခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အလို့ငှာဖြစ်၏ ဟု ဟောပါသည်။

## ၁ ။ ဧကဓမ္မပါဠိ (ဒုတိယဝဂ်)

### ၁–၂။ ပထမသုတ်နှင့် ဒုတိယသုတ်

### မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ

၂၉၈–၂၉၉။ ပထမနှင့် ဒုတိယသုတ်တို့၌ မှားသောအမြင် မိစ္ဆာ ဒိဋ္ဌိ ကဲ့သို့ မဖြစ်သေးသော အကုသိုလ်တရားတို့ကို ဖြစ်စေ၍ဖြစ်ပြီး သော အကုသိုလ်တရားတို့ကို လည်း တိုးပွားစေနိုင်သည့် အခြား တစ်စုံ တစ်ခု သောတရားကိုမျှလည်း ငါမမြင်၊ မှန်သောအားဖြင့် သမ္မာဒိဋ္ဌိ ကဲ့သို့ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေ၍ ဖြစ်ပြီးသော ကုသိုလ်တရား တို့ကိုလည်း တိုးပွားစေနိုင်သည့်အခြားတစ်စုံတစ်ခုသောတရားကိုမျှလည်း ငါမမြင်ဟု ဟောပါသည်။

၃၀၀–၃၀၁။ တတိယနှင့် စတုတ္ထသုတ်တို့၌ မိစ္ဆာဒိဋ္ဌိကဲ့သို့ မဖြစ် သေးသော ကုသိုလ်တရားတို့ကို မဖြစ်စေဘဲ ဖြစ်ပေါ်ပြီးသော ကုသိုလ် တရားတို့ကိုလည်း ဆုတ်ယုတ်စေနိုင်သည့် အခြားတစ်စုံတစ်ခုသော တရား ကိုမျှ ငါမမြင်၊ သမ္မာဒိဋ္ဌိကဲ့သို့ မဖြစ်သေးသော အကုသိုလ် တရားတို့ကို မဖြစ်စေဘဲ ဖြစ်ပြီးသော အကုသိုလ် တရားတို့ကိုလည်း ဆုတ်ယုတ်စေနိုင် သည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ဟု ဟောပါ သည်။

## ၅-၆ ပဥ္စမသုတ်နှင့် ဆဋ္ဌမသုတ်

### အယောနိသော မနသိကာရနှင့် ယောနိသော မနသိကာရ

၃၀၂-၃၀၃။ မသင့်သောအားဖြင့် နှလုံးသွင်းခြင်း 'အယောနိသောမနသိရ'ကဲ့သို့ မဖြစ်သေးသော မိစ္ဆာဒိဋ္ဌိကို ဖြစ်စေ၍ ဖြစ်ပြီးသော မိစ္ဆာဒိဋ္ဌိကို တိုးပွားစေနိုင်သည့် အခြားတစ်စုံ တစ်ခုသော တရားကိုမျှ ငါမမြင်။ သင့်သောအားဖြင့် နှလုံးသွင်းခြင်း 'ယောနိသောမနသိကာရ' ကဲ့သို့ မဖြစ်သေးသော သမ္မာဒိဋ္ဌိကို ဖြစ်စေ၍ ဖြစ်ပြီးသော သမ္မာဒိဋ္ဌိကို လည်းတိုးပွားစေနိုင်သည့် အခြား တစ်စုံ တစ်ခုသော တရားကိုမျှလည်း ငါမမြင်ဟု ဟောပါသည်။

## ၇-၈။ သတ္တမနှင့် အဋ္ဌမသုတ်

### အပါယ်လေးပါးသို့ ရောက်စေသောတရား

၃၀၄-၃၀၅။ မိစ္ဆာဒိဋ္ဌိကဲ့သို့ သေလွန်သောအခါ သတ္တဝါတို့ကို အပါယ်ငရဲသို့ ရောက်စေနိုင်သည့် အခြားတစ်စုံ တစ်ခုသော တရားကိုမျှလည်း ငါမမြင်။ သမ္မာဒိဋ္ဌိကဲ့သို့ သေလွန်သော အခါ သတ္တဝါတို့ကို နတ်ပြည်သို့ရောက်စေနိုင်သည့် အခြားတစ်စုံ တစ်ခုသော တရားကိုမျှ ငါမမြင်ဟု ဟောပါသည်။

## ၉။ နဝမသုတ်

### ခါးသောမျိုးစေ့နှင့် တူသောတရား

၃၀၆။ မှားသောအယူရှိသော ပုဂ္ဂိုလ်သည် မိမိအယူ အားလျော်စွာ အပြည့်အဝ ဆောက်တည်အပ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့ သည်လည်းကောင်း၊ စေ့ဆော်မှုစေတနာ၊ တောင်းတမှုပတ္တနာ၊ စိတ်ကို ထားမှု ပဏိဓိ၊ ပြုပြင်မှု သင်္ခါရ တို့ သည် လည်းကောင်း မလိုလားဖွယ် မနှစ်သက်ဖွယ်၊ မမြတ်နိုးဖွယ်အလို့ငှာ ဖြစ်ကုန်၏၊ အစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်း အလို့ငှာ ဖြစ်ကုန်၏။ အဘယ့်ကြောင့် ဆိုသော် အယူက ယုတ်ညံ့နေသောကြောင့် ဖြစ်ပေသည်။ ဥပမာ စိုစွတ်သောမြေ၌ စိုက်ပျိုးအပ်သောတမာစေ့၊ သပွတ်ခါးစေ့၊ ဗူးခါးစေ့တို့က စုပ်ယူအပ်သော မြေဩဇာနှင့် ရေဓာတ်တို့သည် ခါးသက်ရန်၊ မချိုရန် အလို့ငှာသာ ဖြစ်ကုန်သကဲ့သို့ပေတည်းဟု ဟောပါသည်။

## ၁၀။ ဒသမသုတ်

### ချိုသောမျိုးစေ့နှင့် တူသောတရား

၃၀၇။ မှန်သောအယူရှိသော ပုဂ္ဂိုလ်သည် မိမိအယူအားလျော်စွာ အပြည့်အဝ ဆောက်တည် အပ်သော ကာယကံ၊ ဝစီကံ၊ မနောကံ တို့သည်လည်းကောင်း၊ စေ့ဆော်မှု စေတနာ ၊တောင်းတမှု ပတ္တနာ၊ စိတ်ကိုထားမှု ပဏိဓိ၊ ပြုပြင်မှု သင်္ခါရ တို့သည်လည်းကောင်း လိုလားဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ် အကျိုးငှာ ဖြစ်ကုန်၏။ အကျိုးစီးပွား ဖြစ်ခြင်း၊ ချမ်းသာခြင်း အလို့ငှာ ဖြစ်ကုန်၏။ အဘယ့်ကြောင့် ဆိုသော် အယူက ကောင်းမြတ်နေသောကြောင့် ဖြစ်ပေသည်။ ဥပမာ စိုက်သော မြေ့ဗိုက်ပျိုးအပ်သောကြံမျိုးစေ့၊ သလေးစပါးမျိုးစေ့၊ စပျစ်မျိုးစေ့ တို့က စုပ်ယူအပ်သော မြေဩဇာနှင့် ဖရဓာတ်တို့သည် ချိုမြိန်ခြင်းငှာ ဖြစ်ကုန်သကဲ့သို့ပေတည်းဟု ဟောပါသည်။

## ၁၆။ ဧကဓမ္မပါဠိ(တတိယဝဂ်)

### ၁ ၂။ ပထမသုတ်နှင့် ဒုတိယသုတ်

#### အကျိုးရှိစေသူနှင့် အကျိုးမဲ့စေသူ

၃၀၈-၃၀၉။ မှားသောအယူ ဖောက်ပြန်သော အမြင်ရှိသော ပုဂ္ဂိုလ်သည် လောကတွင် ဖြစ်ပေါ်လာသည်ရှိသော် လူအများ၏အကျိုးကို သူတော်ကောင်းတရားမှ ထဖယ်၍ မသူတော်တရား၌ တည်စေ၏။

မှန်သောအယူ ဖောက်ပြန်သော အမြင်ရှိသော ပုဂ္ဂိုလ်သည် လောကတွင် ဖြစ်ပေါ်လာသည်ရှိသော် လူအများ၏ အကျိုးစီးပွားဖြစ်ခြင်း ချမ်းသာခြင်းငှာ ဖြစ်၏။ ထိုသူသည်လူအများကို မသူတော်တရားမှ ထဖယ်၍ သူတော်ကောင်းတရား၌ တည်စေ၏ဟု ဟောပါသည်။

### ၃။ တတိယသုတ်

#### အပြစ် အကြီးဆုံး တရား

၃၁၀။ ရဟန်းတို့၊ ဤမိစ္ဆာဒိဋ္ဌိသည် ကြီးလေးသောအပြစ်ရှိသကဲ့သို့ ထို့အတူ ကြီးလေးသော အပြစ်ရှိသည့် အခြား တစ်စုံတစ်ခုသော

တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ ကြီးလေးသော အပြစ်ဟူမျှတို့သည် မိစ္ဆာဒိဋ္ဌိလျှင် အဆုံး အပိုင်း အခြားကုန်၏[၁] ဟု ဟောပါသည်။

## ၄။ စတုတ္ထသုတ်

### လူမြှုံးထောင်သူ မက္ခလိ ဂေါသာလ

၃၁၁။ ရဟန်းတို့၊ မဂ်ဖိုလ်မှအချည်းအနှီးသော ယောကျ်ားဖြစ်သည့် မက္ခလိဂေါသာလကဲ့သို့ လူအများ၏ အစီးအပွားမဲ့ခြင်း၊ ချမ်းသာမဲ့ခြင်း အကျိုးမဲ့ခြင်းငှာ၊ နတ်လူတို့၏ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ကျင့်သည့် အခြားတစ်စုံ တစ်ယောက်သော ပုဂ္ဂိုလ်ကိုမျှလည်း ငါမမြင်ပေ၊ ရဟန်းတို့၊ များစွာသော ငါးတို့၏ အစီး အပွား မဲ့ခြင်း၊ ဆင်းရဲခြင်း၊ အကျိုးမဲ့ ပျက်စီးခြင်းငှာ မြစ်ဆုံမြစ်ဝ၌ မြှုံးကိုဖွဲ့ထားသကဲ့သို့ ဤအတူ သာလျှင်များစွာသော သတ္တဝါတို့၏ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်း၊ အကျိုးမဲ့ ပျက်စီးခြင်းငှာ မဂ်ဖိုလ်မှ အချည်းနှီးသောယောကျ်ားဖြစ်သည့် မက္ခလိ ဂေါသာလသည် လူမြှုံးပမာ လောက၌ ဖြစ်ပေါ်လာ၏[၂]ဟု ဟောပါသည်။

---

၁။ အမိသတ်ခြင်း၊ အဖသတ်ခြင်း၊ ရဟန္တာသတ်ခြင်း၊ မြတ်စွာဘုရားအား သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာသင်းခွဲခြင်း ဟူသော ပဉ္စာနန္တရိယကံငါးပါးသည် အပြစ်ကြီးသောအကုသိုလ်ကံများဖြစ်၏၊ မိစ္ဆာဒိဋ္ဌိသည်ကား ထိုကံငါးပါးထက်ပင်အပြစ်ကြီး၏။ အဘယ့်ကြောင့်ဆိုသော် ထိုကံငါးပါး၏အပြစ်မှာ အပိုင်းအခြားရှိပြီး နိယတမိစ္ဆာဒိဋ္ဌိ၏ အပြစ်မှာ အပိုင်းအခြားမရှိသောကြောင့်ဖြစ်၏။ မှန်၏။ ပဉ္စာနန္တရိယကံငါးပါးကို ကျူးလွန်သူသည် ထိုကံအားလျော်စွာ ငရဲ၌ခံပြီး ထိုအပြစ်မှ လွတ်၏၊ နိယတ မိစ္ဆာဒိဋ္ဌိကို စွဲယူသူသည်ကား ထိုအယူကို မစွန့်သမျှ သံသရာ ပင့်မှ မလွတ်နိုင်ချေ။

၂။ မက္ခလိဂေါသာလကား "သတ္တဝါတို့သည် အကြောင်းမရှိဘဲ ညစ်ညူးခြင်း၊ ဖြူစင်ခြင်း ဖြစ်ကြရသည်။ ဘဝကုန်ဆုံးရန် အပေါက် အထူးမျှန့်ကြိုး ရနဲ့လို၊ လူမိုက်ဖြစ်စေ၊ ပညာရှိကောင်းဖြစ်စေ မဟာကပ် ပေါင်း ရှစ်သန်းလေးသိန်း သံသရာ၌ ကျင်လည်ပြီးလျှင် ဘဝကုန်ဆုံးသွား၏" ဟုအယူရှိသော တိတ္ထိဆရာကြီးဖြစ်ပါသည်၊ သူ၏အယူဝါဒမှာ သတ္တဝါတို့၏ နတ်ရွာ၊ နိဗ္ဗာန် ရောက်မှုကို တားဆီး ပိတ်ပင်နေသောကြောင့် မက္ခလိဂေါသာလကို "လူမြှုံး"ဟု ဆိုခြင်း ဖြစ်ပါသည်။

## ၅-၁၂။ ပဌမ သုတ္တာဒိ

### မကောင်းသော သာသနာနှင့် ကောင်းသောသာသနာ

၃၁၂-၃၁၉။ ပဌမသုတ်မှ ဒွါဒသမသုတ် အထိ (၈) သုတ်တို့၌ မကောင်းသဖြင့်ဟောကြားအပ်သော တရားအဆုံးအမ ဓမ္မဝိနယ၌ ထိုဓမ္မဝိနယကို ဆောက်တည်စေသော ဆရာသည်လည်းကောင်း၊ ဆရာ၏ အဆုံးအမအတိုင်း ကျင့်သော တပည့်သည် လည်း ကောင်း များ စွာ သော မကောင်းမှုကို ပွားစေကုန်၏။ အဘယ့်ကြောင့်ဆိုသော် တရားကမကောင်းသဖြင့် ဟောကြားအပ်သော တရားဖြစ်သောကြောင့် ဖြစ်၏။

ကောင်းစွာ ဟောကြားအပ်သော ဓမ္မဝိနယ၌ ထိုဓမ္မဝိနယကို ဆောက်တည်စေသော ဆရာသည်လည်းကောင်း၊ ဆရာ ဆုံးမသည့်အတိုင်း ကျင့်သောတပည့်သည် လည်းကောင်း များစွာသောကောင်းမှုကို တိုးပွားစေကုန်၏။ အဘယ့်ကြောင့် ဆိုသော် တရားက ကောင်းစွာဟောကြားအပ်သော တရား ဖြစ်သောကြောင့် ဖြစ်၏။

မကောင်းသဖြင့် ဟောကြားအပ်သောဓမ္မဝိနယ၌ အလှူပေးသော ပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိရမည်၊ အလှူခံ ပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိရန်မလို။[၁] ကောင်းစွာ ဟောကြားအပ်သော ဓမ္မဝိနယ၌ အလှူခံပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိရမည်။ အလှူပေး ပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိရန်မလို[၂]။

---

၁။ မကောင်းသဖြင့် ဟောကြားအပ်သော သာသနာ၌ အလှူပေးပုဂ္ဂိုလ်သည် မိမိဥစ္စာနှင့် နှိုင်းချိန်စဉ်းစားချိန်၍ သင့်လျော်သော အတိုင်းအတာ မျှသာ လှူသင့်၏။ များစွာပေးလှူခြင်း မပြုသင့်၊ အဘယ့်ကြောင့် ဆိုသော် များစွာပေးလှူသော်လည်း များစွာ အကျိုးမရှိနိုင်သော ကြောင့်ဖြစ်၏။ ထိုသာသနာ၌ အလှူခံပုဂ္ဂိုလ်မှာမူ ရသမျှ ယူရမည့် သူများဖြစ်၍ အတိုင်းအရှည်ကို သိရန်မလိုပါ ဆိုလိုပါသည်။

၂။ ကောင်းစွာ ဟောကြားအပ်သောသာသနာတော်၌ အလှူခံပုဂ္ဂိုလ်သည် ပေးလှူသူ၏ လှူနိုင်အား ရှိသော လှူဖွယ်ပစ္စည်း၏ အခြေအနေနှင့် မိမိအသုံးလိုအပ်ချက်တို့၏ အတိုင်းအတာ ပမာဏတို့ကို ချင့်ချိန်၍ အလှူခံရမည်၊ အလှူပေးပုဂ္ဂိုလ်မှာမူ များများ လှူနိုင်သည်နှင့် အများ များများအကျိုးခံစားရမည်ဖြစ်သောကြောင့် အတိုင်းအရှည် ပမာဏကို သိရန်မလို၊ မိမိလှူနိုင်သမျှ လှူရမည်ဟု ဆိုလိုပါသည်။

မကောင်းသဖြင့် ဟောကြားအပ်သော ဓမ္မဝိနယ၌ ထက်သန်သော လုံ့လဝီရိယရှိသူသည် ဆင်းရဲစွာနေရ၏။[၁] ကောင်းစွာ ဟောကြားအပ်သော ဓမ္မဝိနယ၌ ပျင်းရိသော သူသည် ဆင်းရဲစွာ နေရ၏။[၂]

မကောင်းသဖြင့် ဟောကြားအပ်သော ဓမ္မဝိနယ၌ ပျင်းရိသူသည် ချမ်းသာစွာနေရ၏။[၃] ကောင်းစွာ ဟောကြားအပ်သော ဓမ္မဝိနယ၌ ထက်သန်သော လုံ့လဝီရိယရှိသူသည် ချမ်းသာစွာနေရ၏ဟု ဟောကြားပါသည်။

## ၁၃။ တေရသမသုတ်

### မချီးမွမ်းအပ်သော ဘဝ

၃၂၀။ ရဟန်းတို့၊ အနည်းငယ်သော မစင်သည်ပင် မကောင်းသော အနံ့ရှိသကဲ့သို့ ထို့အတူပင် ငါသည် အနည်းငယ်မျှသော ဘဝကိုပင် ချီးမွမ်းတော်မမူ၊ အယုတ်အားဖြင့် လက်ဖျစ်တစ်တွက် ကာလမျှသော ဘဝကိုပင် ချီးမွမ်းတော်မမူဟု ဟောပါသည်။

၃၂၁။ စုဒ္ဒသာယသုတ်၌ ကျင်ငယ်၊ တံတွေး၊ ပြည်၊ သွေးတို့နှင့်ဥပမာပြု၍ ရှေ့သုတ်နည်းတူ ဟောပါသည်။

---

၁။ မကောင်းသဖြင့် ဟောကြားအပ်သော ဓမ္မဝိနယ၌ ထက်သန်သော လုံ့လဝီရိယရှိသူသည် ပစ္စုပ္ပန်၌လည်း လွဲမှားသော အကျင့်များကို ပင်ပန်းတကြီးကျင့်နေရသောကြောင့်ဆင်းရဲစွာနေရ၏။ တမလွန်၌လည်း အပါယ်ငရဲသို့ ကျရောက်၍ ဆင်းရဲစွာ နေရ၏ဟု ဆိုလိုပါသည်။

၂။ ကောင်းစွာဟောကြားအပ်သော ဓမ္မဝိနယ၌ ပျင်းရိ၍ ကျင့်ရန်ကို မကျင့်သောသူသည် ရဟန်း[illegible] လေ့လာ၍ ပစ္စုပ္ပန်၌ ဆင်းရဲစွာ နေရ၏။ တမလွန်ဘဝ၌လည်း အပါယ်ငရဲသို့ ရောက်၍ ဆင်းရဲစွာ နေရ၏ဟု ဆိုလိုပါသည်။

၃။ မကောင်းသဖြင့်ဟောကြားအပ်သော ဓမ္မဝိနယ၌ ပျင်းရိသူသည်လွဲမှားသော အကျင့်တို့ကို အပင်အပန်းခံ၍ မကျင့်သောကြောင့် ပစ္စုပ္ပန်၌လည်းချမ်းသာစွာနေရ၏။ တမလွန်ဘဝ၌လည်းအပါယ်ငရဲသို့မရောက်သဖြင့် ချမ်းသာစွာ နေရ၏ဟု ဆိုလိုပါသည်။

# ၁၆၊ ဧကဓမ္မပါဠိ (စတုတ္ထဝဂ်)

## ပထမ သုတ္တာဒိ

### များသော သတ္တဝါနှင့် နည်းသော သတ္တဝါ

၃၂၂—၃၃၅။ ပထမသုတ်မှ စုဒ္ဒသမသုတ်အထိ ၁၄ သုတ်တို့၌-

ဤဇမ္ဗူဒိပ်ကျွန်း၌ မွေ့လျော်ဖွယ် ကောင်းသော ဥယျာဉ်ခြံမြေ၊ တောအုပ်၊ လွင်ပြင်တို့သည် အနည်းငယ်မျှသာ ရှိကုန်၏။ စင်စစ်အားဖြင့် ချိုင့်ဝှမ်း၊ ကုန်းမြင့် အ သွား အ လာခက်သော မြစ်မြောင်းအရပ်၊ ဘစ်ငုတ် ဆူးငြောင့်ပေါသောအရပ် မညီညာသော တောင်ကုန်းအရပ် တို့သည်သာ များကုန်၏။ ထို့အတူပင် ကုန်းမြေပေါ်၌ ဖြစ်သော သတ္တဝါတို့သည် အနည်းမျှသာ ဖြစ်ကုန်၏။ စင်စစ် ရေထဲ၌ဖြစ်သော သတ္တဝါတို့သည်သာ များကုန်၏။

လူ့ပြည်၌ဖြစ်သောသတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏။ လူ့ပြည်မှ တစ်ပါးသော အပါယ်ဘုံ၌ဖြစ်သော သတ္တဝါ တို့သည်သာ များကုန်၏။

မဇ္ဈိမဇနပုဒ်တို့၌ ဖြစ်သောသတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏။ ပစ္စန္တရာဇ်ဇနပုဒ်အရပ်၊ သစ္စာလေးပါးကို မသိသော လူရိုင်း 'မိလက္ခုမျိုး' တို့၌ဖြစ်သော သတ္တဝါတို့သည်သာ များကုန်၏။

ထုံထိုင်းဆွံ့အသူမဟုတ်ဘဲ ကောင်းသောစကား၊ မကောင်းသော စကားကို သိနားလည်သော ပညာရှိ ပုဂ္ဂိုလ်တို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏။ ထုံထိုင်းဆွံ့အ၍ ကောင်းသောစကား၊ မကောင်းသောစကား ကို နားမလည်သောပညာမဲ့ ပုဂ္ဂိုလ်တို့သာ များကုန်၏။

ပညာမျက်စိနှင့် ပြည့်စုံသော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏။ အဝိဇ္ဇာအမှောင်တိုက် လွှမ်းမိုး၍တွေဝေသောသတ္တဝါတို့သည် သာ များကုန်၏။

မြတ်စွာဘုရားကို ဖူးမြင်ရသောသတ္တဝါတို့သည်အနည်းငယ်မျှသာ ဖြစ်ကုန်၏။ မြတ်စွာဘုရားကို မဖူးမြင်ရသော သတ္တဝါ တို့သည်သာ များကုန်၏။

မြတ်စွာဘုရားဟောကြားအပ်သော ဓမ္မဝိနယကို ကြားနာရသော သတ္တဝါတို့သည် နည်းကုန်၏။ မကြားနာရသော သတ္တဝါ တို့သည်သာ များကုန်၏။

တရားကို ကြားနာရသော်လည်း ဆောင်ထားနိုင်သော သတ္တဝါ တို့သည် နည်းကုန်၏။ မဆောင် ထား နိုင် သော သတ္တဝါ တို့သည်သာ များကုန်၏။

ဆောင်ထားသော တရား၏အနက်ကို စူးစမ်း ဆင်ခြင်တတ်သော သတ္တဝါတို့သည် နည်းကုန်၏။ မစူးစမ်း မဆင်ခြင်တတ်သော သတ္တဝါ တို့သည်သာ များကုန်၏။

ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်သော အကျင့်ကို ကျင့်သော သတ္တဝါတို့သည်နည်းကုန်၏၊ မကျင့်သော သတ္တဝါတို့သည်သာများကုန်၏၊

ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သည့် ဇာတိစသောအကြောင်းတို့၌ ထိတ်လန့်သောသတ္တဝါတို့သည် နည်းကုန်၏။ မထိတ်လန့်သောသတ္တဝါတို့ သည်သာ များကုန်၏။

ထိတ်လန့်၍ သင့်လျော်သော အကြောင်းအားဖြင့် အားထုတ်သော သတ္တဝါတို့သည် နည်းကုန်၏။ အားမထုတ်သော သတ္တဝါ တို့သည်သာ များကုန်၏။

နိဗ္ဗာန်ကို အာရုံပြု၍[၁] သမာဓိကို ရသော သတ္တဝါ တို့သည် နည်းကုန်၏။ သမာဓိကိုမရသော သတ္တဝါတို့သည်သာ များကုန်၏။

မွန်မြတ်သော ထမင်း အရသာကို စားရသော သတ္တဝါတို့သည် နည်းကုန်၏။ မွန်မြတ်သော ထမင်း အရသာကို မရသည်ဖြစ်၍ ခွက်ပေါက်စွဲကာ တောင်းစားရသော ယာဂု၊ သစ်သီး ကြီးငယ်တို့ဖြင့် မျှတရသော သတ္တဝါတို့သည်သာ များကုန်၏။

ဖိုလ်တည်းဟူသော အရသာ၊ မဂ်တည်းဟူသော အရသာ၊ နိဗ္ဗာန် တည်းဟူသောအရသာကိုရသော သတ္တဝါတို့သည် နည်းကုန်၏။ မရသော သတ္တဝါတို့သည်သာ များကုန်၏ဟု ဟောပါသည်။

---

၁။ ဝဝဿဂ္ဂါရမ္မဏာနံ ဝဝဿဂ္ဂေါ ဒုမ္မဟိ နိဗ္ဗာနံ၊ တံ အာရမ္မဏံ ကရိတွာ ဥပ္ပတ္တိ အတ္ထော-အဋ္ဌကထာ။

## ပန္နရသမ သုတ္တာဒိ

### လူ့ပြည် နတ်ပြည်တို့၌ဖြစ်ခဲသော သတ္တဝါများ နည်းပါးကြောင်း

၃၃၆–၃၆၅။ ပန္နရသမစသောသုတ်တို့၌ ဤဇမ္ဗူဒိပ်ကျွန်း၌မွေ့လျော်ဖွယ် ကောင်းသော ဥယျာဉ်ခြံမြေ၊ တောအုပ်၊ လွင်ပြင်၊ မြကန်တို့သည် အနည်းငယ်မျှသာ ရှိကုန်၏။ စင်စစ်အားဖြင့် ချိုင့်ဝှမ်း ကုန်းမြင့်၊ အသွားအလာခက်ခဲသော မြစ်မြောင်အရပ်၊ သစ်ငုတ် ဆူးငြောင့် ပေါသော အရပ် မညီညာသော တောင်ကုန်းအရပ် [illegible]သော များကုန်၏၊ ထိုနည်းတူစွာ လူ့ပြည်မှစုတေ၍ လူ့ပြည်နတ်ပြည်၌ပြန်ဖြစ်သော သတ္တဝါတို့သည် နည်းကုန်၏။ လူ့ပြည်မှစုတေ၍ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံတို့၌ဖြစ်သော သတ္တဝါတို့သည်သာ များကုန်၏ဟု ဟောပါသည်။

နတ်ပြည်မှစုတေ၍ နတ်ပြည်၊ လူ့ပြည်၌ ပြန်ဖြစ်သော သတ္တဝါတို့ နည်းပါးကြောင်း၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတို့မှ စုတေ၍ လူ့ပြည် နတ်ပြည်တို့၌ဖြစ်သော သတ္တဝါများနည်းပါကြောင်းကိုလည်း ဆက်ပါ နည်းအတိုင်း ဟောပါသည်။

## ၁၇။ ပသာဒကရဓမ္မဝဂ်

## ၁၇။ ပထမ သုတ္တာဒိ

### ကြည်ညိုမှုကို ဖြစ်စေနိုင်သော တရားများ

၃၆၆–၃၈၁။ တောကျောင်း၌နေခြင်း၊ ပိဏ္ဍပါတ် ဓုတင်ဆောက်တည်ခြင်း၊ ပံ့သကူသင်္ကန်း ကို ဆောင်ခြင်း၊ တိစီဝရိက် သင်္ကန်းကိုဆောင်ခြင်း၊ တရားဟောခြင်း၊ ဝိနည်းကိုဆောင်ခြင်း၊ အကြားအမြင်များခြင်း၊ သိက္ခာဝါရင့်၍ တည်မြဲမှုရှိသော ရဟန်းဖြစ်ခြင်း၊ ကြည်ညိုဖွယ် အသွင်အပြင်နှင့် ပြည့်စုံခြင်း၊ စင်ကြယ်သော အခြံအရံနှင့် ပြည့်စုံသော ရဟန်းဖြစ်ခြင်း၊ များသောအခြံအရံရှိသော ရဟန်း ဖြစ်ခြင်း၊ အမျိုးကောင်းသား ရဟန်းဖြစ်ခြင်း၊ ကိုယ်အဆင်းနှင့် ပြည့်စုံသော ရဟန်းဖြစ်ခြင်း၊ ချိုသာသော စကား ရှိသော ရဟန်းဖြစ်ခြင်း၊ အလိုနည်းသော ရဟန်းဖြစ်ခြင်း၊ ကျန်းမာသော ရဟန်းဖြစ်ခြင်းတို့သည် စင်စစ်[illegible]ခြင်း၏ အကြောင်း ဖြစ်ကုန်၏ဟု ဟောကြားသည်။

## ၁၇။ အပရအစ္ဆရာသင်္ဃာတဝဂ်

### ၁။ ပထမသုတ္တာဒိ

လက်ဖျစ်တစ်တွက်မျှ ချာန်ပွားများခြင်းအကျိုး

၃၈၂။ ပထမသုတ်၌ ရဟန်းတို့၊ အကယ်၍ ရဟန်းသည် လက်ဖျစ်တစ်တွက်ကာလမျှလည်း ပထမဈာန်ကို ပွားများအံ့၊ ဤရဟန်းကို ဈာန်မဆိတ်သုဉ်းဘဲ နေသောရဟန်း၊ မြတ်စွာဘုရား၏အဆုံးအမကို လိုက်နာသော ရဟန်း ပြည်သူတို့၏ဆွမ်းကိုအချည်းအနှီးမဖြစ်စေဘဲ စားသုံးသောရဟန်းဟူ၍ဆိုထိုက်၏။ ထိုဈာန်ကို အဖန်ဖန် အခါခါ အားထုတ်ပွားသော ရဟန်းတို့၌ကား အဘယ်ဆိုဖွယ် ရှိတော့အံ့နည်းဟု ဟောပါသည်။

၃၈၃-၅၆၂။ နောက်သုတ်တို့၌ ဒုတိယဈာန်စသော ဈာန်သမာပတ်များ၊ မေတ္တာ ကရုဏာ စသော ဗြဟ္မာဝိဟာရ ၄ ပါး၊ သမ္မပ္ပဓာန် ဝိရိယ ၄ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊ ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါး၊ ဗောဇ္ဈင် ၇ ပါး၊ မဂ္ဂင် ၈ ပါး၊ ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ အနုဿတိ ၁၀ ပါး၊ သညာစသော သညာ ၁၀ ပါး၊ အနုဿတိ ၁၀ ပါးတို့ကို ပွားများအပ်သော ရဟန်းတို့နှင့် ပတ်သက်၍ ပထမသုတ်နည်းတူ ဟောကြားသည်။

## ၁၈။ ကာယဂတာသတိဝဂ်

### ၁။ ပထမသုတ္တာဒိ

ကာယဂတာသတိ ပွားခြင်း၏အကျိုး

၅၆၃။ ပထမသုတ်၌ ရဟန်းတို့၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဈာန်အဘိညာဉ်စိတ်ဖြင့် မဟာသမုဒ္ဒရာကိုဖြန့်၍ ကြည့်ခဲ့လျှင် မဟာသမုဒ္ဒရာသို့ စီးဝင်သော မြစ်ဟူသမျှတို့သည် ထိုပုဂ္ဂိုလ်၏စိတ်၌ ဖြန့်အပ်သော မဟာသမုဒ္ဒရာ၌ ပါဝင်ကုန်သကဲ့သို့ ကို့ အတူပင် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာနှင့်စပ်သော ကာယဂတာသတိကို ပွားများခဲ့သော်ဝိဇ္ဇာအဖို့၌တည်သော ကုသိုလ်တရားဟူသမျှတို့သည် ထိုပုဂ္ဂိုလ်၏ ကာယဂတာသတိ ဘာဝနာ၌ ပါဝင်လာကုန်၏ဟု ဟောပါသည်။

၅၆၃-၅၇၀။ ဒုတိယမှ သတ္တမထိ သုတ်တို့၌ ကာယဂတာသတိ တည်းဟူသောတစ်ခုသောတရားကို ပွားများလျှင် ကြီးစွာသော ထိတ်လန့်

ခြင်း သံဝေဂဉာဏ်အလို့ငှာ ဖြစ်၏။ ကြီးစွာသော အကျိုးကို ရရှိခြင်းငှာ ဖြစ်၏။ ကြီးစွာသော ယောဂဓလေးပါးကုန်ရာ (နိဗ္ဗာန်)သို့ရောက်ခြင်းငှာ ဖြစ်၏၊ သတိသမ္ပဇဉ် အလို့ငှာ ဖြစ်၏။ (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ကို ရခြင်းငှာဖြစ်၏။ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းငှာ ဖြစ်၏။ ဝိဇ္ဇာနှင့် ဝိမုတ္တိတို့ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏ဟု ဟောပါသည်။

၅၇၁-၂၇၄။ အဋ္ဌမမှ ကောဒသမထိ သုတ်တို့၌ ကာယဂတာ သတိဟူသော တစ်ခုသော တရားကို ပွားများလျှင် ကိုယ်ရော စိတ်ပါ ငြိမ်းချမ်း၏။ ဝိတက်နှင့် ဝိစာရတို့သည်လည်း ငြိမ်းအေးကုန်၏။ ဝိဇ္ဇာ အဖို့ရှိသော တရားအားလုံးတို့သည် ပွားများမှုပြည့်စုံခြင်းသို့ရောက်ကုန်၏။ မဖြစ်သေးသော အကုသိုလ်တရားတို့သည် မဖြစ်ပေါ်ကုန်၊ ဖြစ်ပေါ်လာ သော အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည် ဖြစ်ပေါ်လာကုန်၏။ ဖြစ်ပေါ်လာသော ကုသိုလ် တရားတို့သည်လည်းတိုးပွားကုန်၏။ အဝိဇ္ဇာသည် ကင်းပျောက်၏။ ဝိဇ္ဇာ ဉာဏ်သည်ဖြစ်ပေါ်လာ၏။ ငါဟူသော "အတိမာန"သည် ကင်းပျောက် ၏။အနုသယတို့သည် အကြွင်းမဲ့ကင်းကွာခြင်းသို့ ရောက်ကုန်၏။ သံယော ဇဉ်တို့သည် ကင်းပျောက်ကုန်၏ဟု ဟောပါသည်။

၅၇၅-၅၉၉။ ဒွါဒသမ စသော သုတ်တို့၌ ကာယဂတာသတိ တည်းဟူသော တစ်ခုသော တရားကို ပွားများလျှင် ပညာဖြင့် ဖောက်ခွဲ သိမြင်ခြင်းသို့ ရောက်ခြင်းငှာဖြစ်၏။ အနုပါဒိသေသ ပရိနိဗ္ဗာန် အလို့ငှာ ဖြစ်၏။ များစွာသောဓာတ်တို့ကို ထိုးထွင်း၍ သိနိုင်၏။ အမျိုးမျိုးသော ဓာတ်တို့ကို ထိုးထွင်း၍ သိနိုင်၏။ များစွာသော ဓာတ်တို့ကို ခွဲခြမ်း၍ သိနိုင်၏။ သောတာပတ္တိဖိုလ် စသော ဖိုလ်လေးပါးကို မျက်မှောက်ပြု ခြင်းငှာဖြစ်၏။ ပညာကိုရခြင်း၊ ပညာ၏ တိုးပွားခြင်း၊ ပြန့်ပြောခြင်းငှာ ဖြစ်၏။ မြတ်သောပညာ၊ ကြီးသောပညာ၊ ပြန့်ပြောသောပညာ၊ နက်နဲ သော ပညာအလို့ငှာ ဖြစ်၏။ မယှဉ်သာသော ပညာ၊မြေကြီး အထုနှင့် တူသောပညာ၊ လျင်သော ပညာ၊ ပေါ့ပါးသောပညာ၊ မြန်သောပညာ၊ ထက်သောပညာ၊ကိုလေသာကို ဖောက်ခွဲနိုင်သော ပညာအလို့ငှာ ဖြစ်၏ ဟု ဟောပါသည်။

## ၂၀။ အမတဝဂ်


### ၁။ ပဌမသုတ္တာဒိ

#### အမြိုက်ချမ်းသာကို သုံးဆောင်သူ

၆၀၀။ အကြင်သူတို့သည် ကာယဂတာသတိကို မသုံးဆောင်ကုန်၊ ထိုသူတို့သည် သေခြင်းကင်းရာ အမြိုက် ချမ်းသာကို မသုံးဆောင်သူများ ဖြစ်ကုန်၏။ အကြင်သူတို့သည် ကာယဂတာသတိကို သုံးဆောင်ကုန်၏၊ ထိုသူတို့သည် သေခြင်းကင်းရာ အမြိုက်ချမ်းသာကို သုံးဆောင်သူများ ဖြစ်ကုန်၏ဟု ဟောပါသည်။

၆၀၁-၆၁၁။ ဒုတိယသုတ် စသည်တို့၌ ပဌမသုတ်ပါ အဓိပ္ပာယ်ကိုပင် စကားလုံးများ ပြောင်း၍ ဟောကြားပါသည်။

ဧကကနိပါတ် ပြီး၏။



# ဒုကနိပါတ်

## နှစ်ပါးစု တရားများ အပိုင်း

## ၁။ ကမ္မကရဏဝဂ်

### ၁။ ဝဇ္ဇသုတ်

#### အပြစ်နှစ်မျိုး

၁။ ရဟန်းတို့၊ အပြစ်တို့သည် မျက်မှောက် သဝ၌ ဖြစ်သော အပြစ်၊ တမလွန်သဝ၌ဖြစ်သောအပြစ် ဟူ၍နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့တွင်မျက်မှောက်ဘဝ၌ ဖြစ်သော အပြစ်ဟူသည်အဘယ်နည်းဆိုသော် ဤလောက၌ မင်းတို့သည် မကောင်းမှု ပြုကျင့်သော ခိုးသူကို ဖမ်းဆီး၍ အမျိုးမျိုးသော နှိပ်စက်ညှဉ်းပန်းမှုများကိုပြုစေကြကုန်၏။ အမျိုးမျိုးသော နှိပ်စက်ညှဉ်းပန်းမှု ဟူသည်–

(၁) နှင်တံဖြင့်ရိုက်နှက်ခြင်း။
(၂) ကြိမ်လုံးဖြင့် ရိုက်နှက်ခြင်း။
(၃) တုတ်တိုဖြင့် ရိုက်နှက်ခြင်း။
(၄) လက်ကိုဖြတ်ခြင်း။
(၅) ခြေကိုဖြတ်ခြင်း။
(၆) လက်ရောခြေပါ ဖြတ်ခြင်း။
(၇) နားကိုဖြတ်ခြင်း။
(၈) နှာခေါင်းကိုဖြတ်ခြင်း။
(၉) နားရော နှာခေါင်းပါဖြတ်ခြင်း။
(၁၀) ဦးခေါင်းကို ဖောက်၍ သံပူခဲများထည့်ပြီး ပုန်းရည်အိုးဆူပွက်သကဲ့သို့ ဦးနှောက်ဆူပွက်သာအောင်ပြုလုပ်ခြင်း။
(၁၁) ဆံပင်များကိုစု၍ တုတ်ဖြင့်ရစ်ပတ်ကာ ဦးရေနှင့် တကွဆုတ်ခွာပြီး ခေါင်းကို ခရုသင်းကဲ့သို့ ဖွေးဖွေး ဖြူအောင် ကျောက်ခဲဖြင့် ပွတ်တိုက်ခြင်း။

(၁၂) ပါးစပ်ကိုသံငုတ်ဖြင့်ထောက်ထား၍ပြီး ရာဟုခံတွင်း၌နေလုံး ကြီး ရောက်နေသကဲ့သို့ အာခေါင်တွင်း၌မီးတွန်းညှိထား ခြင်း။

(၁၃) တစ်ကိုယ်လုံးကို ဆီစိမ်အဝတ်ဖြင့်ပတ်၍မီးရှို့ကာမီးပန်း ကုံးသဖွယ် ပြုလုပ်ခြင်း။

(၁၄) လက်ကို ဆီစိမ်အဝတ်ဖြင့်ပတ်၍ မီးရှို့ကာ မီးရှူး မီးတိုင် သဖွယ် ပြုလုပ်ခြင်း။

(၁၅) ပြွန်းမြက်ပမာ ကိုယ်ရေလွှာကို ဆွဲခွာခြင်း။

(၁၆) ခန္ဓာကိုယ်မှ ဆွဲခွာအပ်သော အရေလွှာတို့ကို လျှော်တေ အဝတ်ပမာ ဝတ်စေခြင်း။

(၁၇) ဇော်သားကောင်ပမာ လေးဘက် ထောက်သွားစေပြီး ပတ် ပတ်လည်မှ မီးဖြင့်ရံလျက် မြှိုက်ကင်ခြင်း။

(၁၈) အချွန်နှစ်ခုရှိသောသံချိတ်ဖြင့် အရေအသား အကြောတို့ကို ဆွဲချိတ် ခွာယူခြင်း။

(၁၉) တင်ကိုယ်လုံးမှ အရေအသားတို့ကို ထက်စွာသော ဓားဖြင့် တစ်ကျပ်သားခန့်စီ ခုတ်ထစ်ယူခြင်း။

(၂၀) တစ်ကိုယ်လုံးကို တုတ်ဖြင့် ညက်ညက်ကြေအောင် ရိုက်နှက် ပြီး အရေအသားအကြောတို့ကို ဘီးကြမ်းဖြင့်ခြစ်၍ ဆား ငန်ရေ လောင်းချခြင်း။

(၂၁) မြေပေါ်၌စောင်း၍အိပ်စေပြီး သံချွန်တစ်ချောင်းကိုနား ပေါက် နှစ်ဖက်မှ မြေကြီးထဲအထိ နစ်မြုပ်အောင် ရိုက် သွင်းလျက် ခြေနှစ်ဖက်ကို တံခါးကျည်ပမာ ချာချာလည် အောင် ဆွဲလှည့်ခြင်း။

(၂၂) အသားစုတို့ကို ကောက်ရိုးယိုးကဲ့သို့ ဆံပင်ဖြင့် ရစ်ပတ် ခေါက် လိပ်ခြင်း။

(၂၃) ကျိုက်ကျိုက်ဆူသော ဆီပူတို့ဖြင့် လောင်းခြင်း။

(၂၄) နှစ်ရက်သုံးရက်အစာငတ်ထားသဖြင့် အလွန်ဆာနေသော ခွေးတို့ကို ကိုက်စားစေခြင်း။

(၂၅) အရှင်လတ်လတ် သံတံကျင်လျှိုစေခြင်း။

(၂၆) သံလျက်ဖြင့်ခေါင်းကိုဖြတ်ခစခြင်း-
စသော နှိပ်စက်ညှဉ်းပန်းမှုများ ဖြစ်၏။

ဤသို့ မကောင်းမှုပြုလုပ်သော ခိုးသူကို အစိုးရမင်းတို့က ဖမ်း၍ အမျိုးမျိုးသောညှဉ်းပန်းမှုများ ပြုစေသည်ကိုမြင်သောသူအား "အကယ်၍ ငါသည်လည်းဤကဲ့သို့သော မကောင်းမှုတို့ကို ပြုလုပ်ခဲ့လျှင် ထိုကဲ့သို့သော ညှဉ်းပန်းနှိပ်စက်မှုများကို ခံရပေလိမ့်မည်" ဟု အကြံဖြစ်၏။ ဤသို့လျှင် ထိုသူသည် မျက်မှောက် ဘဝ၌ ဖြစ်သော အပြစ်ကို ကြောက်သည် ဖြစ်၍ သူတစ်ပါး၏ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏။ ထိုညှဉ်းပန်းနှိပ်စက်မှုအမျိုးမျိုးခံရခြင်းကို မျက်မှောက်ဘဝ၌ ဖြစ်သောအပြစ်ဟု ဆိုအပ်၏။

တမလွန်ဘဝ၌ ဖြစ်သော အပြစ်ဟူသည် အဘယ်နည်း ဆိုသော် ဤလောက၌ အချို့သောသူအား "ကိုယ်နှုတ်စိတ်တို့ဖြင့် မကောင်းသော အကျင့်ဒုစရိုက်ကို ကျင့်ခြင်းသည် တမလွန်ဘဝ၌ ယုတ်ညံ့သော ဆင်းရဲသော အကျိုးကို ဖြစ်စေတတ်၏။ အကယ်၍ ငါသည်လည်း ဒုစရိုက်ကို ပြုကျင့်ခဲ့သော် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်မည်သာ ဖြစ်၏" ဟုအကြံဖြစ်၏။ ထိုသူသည် တမလွန်ဘဝ၌ဖြစ်သော အပြစ်ကိုကြောက်သည်ဖြစ်၍ဒုစရိုက်ကိုပယ်ပြီး သုစရိုက်ကို ပြုကျင့်၏။ မိမိကိုယ်ကို စင်ကြယ်အောင်စောင့်ထိန်း၏။ ဤသို့ အပါယ်ငရဲသို့ ကျရောက်ခြင်းကို တမလွန်ဘဝ၌ ဖြစ်သောအပြစ်ဟု ဆိုအပ်၏။

ရဟန်းတို့၊ သင်တို့သည် မျက်မှောက်ဘဝ၌ဖြစ်သောအပြစ်၊ တမလွန်ဘဝ၌ ဖြစ်သောအပြစ်ကို ဘေးဟု ရှုမြင်ကြောက်ရွံ့သည်ဖြစ်၍ နေကုန်အံ့ ဟူ၍အားထုတ်အပ်၏။ အပြစ်ကို ဘေးဟု ရှုမြင် ကြောက်ရွံ့သည် ဖြစ်၍ နေသူသည် အပြစ်အားလုံးမှ လွတ်လိမ့်မည်ဟု မုချ မျှော်လင့်အပ်၏။

## ၂။ ပဓာနသုတ်

### ခက်ခဲသော အားထုတ်ခြင်းနှစ်မျိုး

၂။ လောက၌ ပြုလုပ်ရန်ခက်ခဲသောအားထုတ်ခြင်းသည် နှစ်မျိုးရှိ၏။ ယင်းတို့မှာ လူ့ဘောင်၌နေသူတို့က ရဟန်းတို့အား သင်္ကန်း ဆွမ်း ကျောင်း ဆေး ဟူသော ပစ္စည်းလေးပါးဖြင့် ထောက်ပံ့နိုင်ရန် အားထုတ်ခြင်း၊ လူ့ဘောင်မှ ထွက်၍ ရဟန်းပြုသော ပုဂ္ဂိုလ်တို့က အလုံးစုံသော

ဥပဓိ[၁]တို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်အလို့ငှာ အားထုတ်ခြင်းတို့ ဖြစ်၏။ ထိုအားထုတ်ခြင်းနှစ်မျိုးတို့တွင် ဥပဓိတို့မှ ကင်းလွတ်ရာ နိဗ္ဗာန် အလို့ငှာ အားထုတ်ခြင်းသည် အမြတ်ဆုံးဖြစ်၏။ ထို့ကြောင့် ရဟန်းတို့သည် ဥပဓိတို့မှကင်းလွတ်ရာ နိဗ္ဗာန်အလို့ငှာ အားထုတ်ရန် ကြိုးစားရမည်ဟု ဟောကြားပါသည်။

## ၃။ တပနီယသုတ်

ပူပန်စေတတ်သော တရားနှစ်ပါး

၃။ ဤလောက၌ အချို့သူသည် ကိုယ်နှုတ် စိတ်တို့ဖြင့် မကောင်းသော အကျင့်ကိုကျင့်၏။ ကောင်းသော အကျင့်ကို မကျင့်။ ထိုသူသည် နောင်အခါ၌ ''ငါကားမကောင်းသောအကျင့်ကို ပြုကျင့်မိပြီ''ဟု ပူပန်ရ၏။ ''ငါသည်ကောင်းသောအကျင့်ကိုမပြုကျင့်ခဲ့မိ'' ဟုလည်း ပူပန်ရ၏။ ဤသို့လျှင် ပူပန်စေတတ်သော တရားတို့သည် မကောင်းသော အကျင့်ကို ပြုကျင့်ခဲ့ခြင်းနှင့် ကောင်းသော အကျင့်ကို မပြုကျင့်ခဲ့ခြင်းဟူ၍ နှစ်မျိုး ရှိကြောင်း ဟောပါသည်။

## ၄။ အတပနီယသုတ်

မပူပန်စေတတ်သော တရားနှစ်ပါး

၄။ ကိုယ်နှုတ် စိတ်တို့ဖြင့် ကောင်းသော အကျင့်ကို ပြုကျင့်ခဲ့ခြင်းနှင့် မကောင်းသောအကျင့်ကို မပြုကျင့်ခဲ့ခြင်းတို့သည် မပူပန်စေတတ်သော တရားနှစ်ပါး ဖြစ်ကြောင်း ဟောပါသည်။

## ၅။ ဥပညာတသုတ်

ကိုယ်တိုင်သိမြင်ခဲ့သော တရားနှစ်ပါး

၅။ ရဟန်းတို့၊ ငါသည် ကုသိုလ် တရားတို့၌ မရောင့်ရဲခြင်းနှင့် အားထုတ်မှု၌ မဆုတ်နစ်ခြင်းဟူသော ဤတရား နှစ်ပါးတို့၏ ကျေးဇူးကို ကိုယ်တိုင်သိမြင်ခဲ့၏။ ရဟန်းတို့၊ ငါသည် ''ငါ၏ကိုယ်၌ အရေအကြော အရိုးမျှသာကြွင်း၍ အသွေးအသားခန်းခြောက်စေကာမူ ယောကျာ်းတို့၏

[၁] ဆင်းရဲဒုက္ခတို့၏ စွဲတည်ရာ အခြေခံကို 'ဥပဓိ' ဟုခေါ်သည်။ ယင်းတို့မှာ ခန္ဓာငါးပါး၊ ကိလေသာ ဆယ်ပါး၊ ကုသိုလ် အကုသိုလ် စေတနာနှင့် ကာမဂုဏ်ငါးပါးတို့ ဖြစ်ပါသည်။

စွမ်းအားလုံ့လဝီရိယဖြင့် ရောက်သင့်ရောက်ထိုက်သော တရားသို့ မရောက်ဘဲ ဝီရိယ၏ ဆုတ်နစ်ခြင်းသည် မဖြစ်စေအံ့'' ဟူသော စိတ်ဓာတ်ဖြင့် မဆုတ်မနစ်အားထုတ်ခဲ့၏။ ရဟန်းတို့၊ ငါသည် မမေ့မလျော့အားထုတ်ခြင်းဖြင့် 'သမ္ဗောဓိဉာဏ်ကိုရခဲ့၏။[၁] ယောဂလေးပါး[၂]မှ ကင်းလွတ်သည့် အမြတ်ဆုံးတရားကိုရခဲ့၏။

ရဟန်းတို့၊ အကယ်၍သင်တို့သည်လည်း(ငါကဲ့သို့ပင်)မဆုတ်မနစ်သော စိတ်ဓာတ်ဖြင့် အားထုတ်ခဲ့သော် ရဟန်းပြုသော အမျိုးကောင်းသားတို့ မျှော်မှန်းအပ်သည့် အကျင့်မြတ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ကိုယ်တိုင်မျက်မှောက်ပြု၍ နေနိုင်ကြလိမ့်မည်။

ရဟန်းတို့၊ ထို့ကြောင့်သင်တို့သည် ''ငါ၏ကိုယ်၌ အရေအကြောအရိုးမျှသာကြွင်း၍အသွေးအသားခန်းခြောက်စေလော့မူ ယောကျ်ားတို့၏ စွမ်းအားလုံ့လဝီရိယဖြင့် ရောက်သင့်ရောက်ထိုက်သောတရားသို့ မရောက်ဘဲ ဝီရိယ၏ ဆုတ်နစ်ခြင်းသည် မဖြစ်စေအံ့''ဟူသော စိတ်ဓာတ်ဖြင့် မဆုတ်မနစ် အားထုတ်အပ်၏။

## ၆။ သညောဇနသုတ်

### သံယောဇဉ်နှင့် ရှုမြင်ပုံ နှစ်မျိုး

၆။ သံယောဇဉ်ကို ဖြစ်ပေါ်စေသည့် အကြောင်း တရားတို့ အပေါ်၌ ရှုမြင်ခြင်းသည် သာယာဖွယ်ဟု ရှုမြင်ခြင်း၊ ငြီးငွေ့ဖွယ် ဟု ရှုမြင်ခြင်း ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် သာယာဖွယ်ဟု အဖန်တလဲလဲ ရှုမြင်နေသူသည် ရာဂ ဒေါသ မောဟတို့ကို မပယ်နိုင်။ ရာဂ ဒေါသ မောဟတို့ကို မပယ်လျှင် ဇာတိဇရာစသော ဆင်းရဲဒုက္ခအပေါင်း မှ မလွတ်။ ငြီးငွေ့ဖွယ်ဟု အဖန်တလဲလဲ ရှုမြင်သူသည် ရာဂ ဒေါသ မောဟ

---

၁။ 'သမ္ဗောဓိဉာဏ်' ဟူသည် မဂ်ဉာဏ် လေးပါးနှင့် သဗ္ဗညုတဉာဏ်ကို ဆိုလိုခြင်းဖြစ်သည်ဟု ဖွင့်ပါသည်။

၂။ ကာမတဏှာ၊ ဘဝတဏှာ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ ဟူသော တရားလေးပါးသည် သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲ၌ ယှဉ်စပ်ထား၏ဟူ၍ ဆိုအပ်သော အကြောင်းကြောင့် 'ယောဂ' မည်၏။ ယောဂက္ခေမ၊ ယောဂ လေးပါးမှ ကင်းလွတ်သော တရားဟူသည် အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်တို့ ဖြစ်၏။

တို့ကိုပယ်နိုင်၏။ ရာဂ ဒေါသ မောဟတို့ကို ပယ်လျှင် ဇာတိဇရာ စသော ဆင်းရဲဒုက္ခအပေါင်းမှ လွတ်၏ဟု ဟောကြားပါသည်။

## ၇-၈ ကဏှာသုတ်နှင့် သုက္ကသုတ်

### မည်းညစ်သောတရားနှင့် ဖြူစင်သောတရား

၇-၈။ မကောင်းမှုမှ မရှက်ခြင်း "အဟိရိက"နှင့် မလန့်ခြင်း "အနောတ္တပ္ပ"တို့သည် မည်းညစ်သော တရားနှစ်ပါးဖြစ်၏။ မကောင်းမှုမှ ရှက်ခြင်း "ဟိရီ"နှင့် လန့်ခြင်း "ဩတ္တပ္ပ" တို့သည် ဖြူစင်သော တရားနှစ်ပါးဖြစ်၏ဟု ဟောကြားပါသည်။

## ၉။ စရိယသုတ်

### လောက စောင့်သော တရားနှစ်ပါး

၉။ ဟိရီနှင့် ဩတ္တပ္ပတရားနှစ်ပါးတို့က လောကကို စောင့်ထိန်းထား၏။ အကယ်၍ဤတရားနှစ်ပါးက လောကကို စောင့်ထိန်းမထားခဲ့သော် လောက၌ အမေ၊ မိကြီး၊ မိထွေး၊ ဆရာကတော်ဟူ၍ ထင်ရှားတော့မည်မဟုတ်၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက်၊ ခွေး၊ မြေခွေးများကဲ့သို့ ရောယှက်ခြင်းသို့ ရောက်ဖွယ်ရှိသည်ဟု ဟောကြားသည်။

## ၁၀။ ဝဿုပနာယိကသုတ်

### ဝါကပ်ခြင်း နှစ်မျိုး

၁၀။ ပုရိမ ဝါကပ်ခြင်းနှင့် ပစ္ဆိမ ဝါကပ်ခြင်းဟူ၍ ရဟန်းတို့၏ ဝါကပ်ခြင်း နှစ်မျိုးရှိကြောင်း ဟောသည်။[၁]

---

၁။ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှ သီတင်းကျွတ် လပြည့်နေ့ထိ သုံးလကို 'ပုရိမဝါ' ဟုခေါ်သည်။ ဝါခေါင် လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့ အထိ သုံးလကို 'ပစ္ဆိမဝါ' ဟုခေါ်ပါသည်။

## ၂။ အဓိကရဏဝဂ်

### ၁။ ဗလသုတ်[၁]

#### အားနှစ်ပါး

၁၁။ ဆင်ခြင်ခြင်းအား "ပဋိသင်္ခါနဗလ"နှင့်ပွားများခြင်းအား "ဘာဝနာဗလ"ဟူ၍ အားနှစ်ပါးရှိသည်။ ထိုနှစ်ပါးတို့တွင် ဒုစရိုက်သုံးပါးသည် မျက်မှောက်ဘဝ တမလွန်ဘဝ နှစ်ပါးလုံး၌ ယုတ်ညံ့သော အကျိုးကို ဖြစ်စေတတ်ကြောင်း ဆင်ခြင်၍ ဒုစရိုက်သုံးပါးကို ပယ်ပြီး သုစရိုက်သုံးပါးကို ပွားများခြင်းသည် ပဋိသင်္ခါနဗလမည်၏။

ဘာဝနာဗလဟူသည် သေက္ခပုဂ္ဂိုလ်တို့၏ အားကို ဆိုခြင်းဖြစ်၏။ မှန်၏။ ထိုသေက္ခပုဂ္ဂိုလ်သည် မိမိ၏ဉာဏ်အားကို အကြောင်းပြု၍ ရာဂ ဒေါသ မောဟတို့ကိုပယ်၏။ အကုသိုလ်တို့ကို မပြုလုပ်မမှီဝဲဘဲ ရှောင်ကြဉ်၏။ ထို့ကြောင့် ဘာဝနာဗလဟူသည် သေက္ခပုဂ္ဂိုလ်တို့၏ အားပင် ဖြစ်သည်ဟု ဟောပါသည်။

၁၂။ ဒုတိယဗလသုတ်၌ ပဋိသင်္ခါနဗလမှာ ရှေ့သုတ် အတိုင်း ဖြစ်သည်။ သတိသမ္ဗောဇ္ဈင်စသော ဗောဇ္ဈင်ခုနစ်ပါးကို ပွားများခြင်းသည် ဘာဝနာဗလမည်၏ဟု ဟောကြားသည်။

၁၃။ တတိယ ဗလသုတ်၌ ပဌမစျာန်စသော စျာန်လေးပါး ဝင်စားနိုင်ခြင်းသည် ဘာဝနာ ဗလမည်၏ဟု ဟောကြားသည်။

### ၄။ ဓမ္မဒေသနာသုတ်

#### တရားဟောခြင်း နှစ်မျိုး

၁၄။ မြတ်စွာဘုရား၏ တရားဟောခြင်းသည် အကျဉ်း အားဖြင့် ဟောခြင်း၊ အကျယ်အားဖြင့် ဟောခြင်းဟူ၍ နှစ်မျိုးရှိကြောင်း ဟောကြားသည်။

---

၁။ ဤအဓိကရဏဝဂ် စသည်တို့၌မူရင်း ပါဠိတော်၌ သုတ်အမည်များ မပါသော်လည်း မှတ်သားရ လွယ်စေရန် သင့်လျော်သော သုတ်အမည် များ တပ်ထားပါသည်။

## ၅။ အဓိကရဏသုတ်

### အဓိကရုဏ်း နှစ်မျိုး

၁၅။ အကြင်အဓိကရုဏ်း၌ အပြစ် "အာပတ်"သို့ ရောက်သော (အမှုသည်) ရဟန်းသည် လည်းကောင်း၊ အပြစ်ကို ဖော်ထုတ်သော "စောဒက" ရဟန်းလည်လည်းကောင်း မိမိကိုယ်မိမိ ကောင်းစွာဆင်ခြင် စဉ်းစားခြင်းမပြု၊ ထိုအဓိကရုဏ်း၌ အငြင်းပွားမှုသည် ရှည်ကြာခြင်း၊ ကြမ်းတမ်းခြင်း၊ ရှုနှ်ရင်းခြင်းငှာ ဖြစ်လိမ့်မည်။ ရဟန်းတို့ သည်လည်း ချမ်းသာစွာ နေရလိမ့်မည်မဟုတ်ဟူ၍ မုချမျှော်လင့်အပ်၏။

အကြင် အဓိကရုဏ်း၌ အာပတ်သို့ရောက်သော ရဟန်းသည်လည်း ကောင်း၊ အပြစ်ကို ဖော်ထုတ်သော စောဒကရဟန်းသည် လည်းကောင်း၊ မိမိကိုယ်မိမိ ကောင်းစွာဆင်ခြင်စဉ်းစား၏၊ ထိုအဓိကရုဏ်း၌ အငြင်းပွားမည် မဟုတ်။ ရဟန်းတို့သည်လည်း ချမ်းသာစွာ နေရလိမ့်မည်ဟု မုချမျှော်လင့်အပ်၏။

အာပတ်သို့ရောက်သော ရဟန်းသည် အဘယ်သို့ ဆင်ခြင် စဉ်းစားရမည်နည်းဆိုသော်–"ငါသည် ကိုယ်ဖြင့် တစ်ခုသောအာပတ်သို့ ရောက်ခဲ့သောကြောင့်သာ ထိုစောဒကရဟန်းသည် မြင်ခဲ့ခြင်း ဖြစ်၏၊ အကယ်၍ ငါသည် အာပတ်သို့ မရောက်ခဲ့သော် ထိုစောဒက ရဟန်းသည် မြင်မည် မဟုတ်။ငါအာပတ်သို့ရောက်သည်ကိုမြင်သောကြောင့်သာလျှင်ထိုစောဒက ရဟန်းသည်ငါ့အား မနှစ်သက်သည်ဖြစ်၍ မနှစ်သက်သော စကားကို ဆိုခဲ့ခြင်းဖြစ်၏။ ဤသို့ မနှစ်သက်သော စကားကို ဆိုခြင်း ခံရသော ငါကလည်း သူ့အပေါ်၌ တစ်ဖန် မနှစ်သက်သည်ဖြစ်၍ သူတပါးအား ပြောကြားခဲ့ခြင်းဖြစ်၏။ ဤသို့လျှင် ကင်းစသည်ကို ရှောင်သွားသူအား ကင်းခွန် မဆောင်ခြင်းကြောင့် အပြစ်သည် ကျရောက်သကဲ့သို့ ငါ့အား သာလျှင် အပြစ်သည် ကျရောက်၏"ဟူ၍ ဆင်ခြင်ရမည်။

အပြစ်ကို ဖော်ထုတ်သော စောဒက ရဟန်းကလည်း အဘယ်သို့ ဆင်ခြင်ရမည်နည်းဟု ဆိုသော်–" ထိုရဟန်းသည် ကိုယ်ဖြင့် တစ်စုံတစ်ခု သော အာပတ်သို့ ရောက်သောကြောင့် သာလျှင် ငါသည် သူ့ကိုမြင်ခဲ့ခြင်း ဖြစ်၏။ အကယ်၍ထိုရဟန်းသည် တစ်စုံတစ်ခုသော အာပတ်သို့ မရောက် ခဲ့သော် ငါမြင်မည်မဟုတ်၊ အာပတ်သို့ ရောက် သည် ကို မြင်ခြင်းကြောင့်

သည်။ ငါသည်မနှစ်သက်သည်ဖြစ်၍ မနှစ်သက်သော စကားကို ဆိုခဲ့မိခြင်း ဖြစ်၏။ မနှစ်သက်သောစကားကိုပြောဆိုခြင်းခံရသော ထိုရဟန်းကလည်း ငါ့အားတစ်ဖန် မနှစ်သက်သည်ဖြစ်၍ သူတစ်ပါးတို့အား ပြောကြားခဲ့ခြင်းဖြစ်၏။ ဤသို့လျှင် ကင်းစခန်းကို ရှောင်သွားသူအား ကင်းခွန်မဆောင်ခြင်းကြောင့် အပြစ်ကျရောက်သကဲ့သို့ ငါ့အားသာလျှင် အပြစ်သည် ကျရောက်၏''ဟူ၍ ဆင်ခြင်ရမည်ဟု ဟောကြားပါသည်။

## ၆။ အဓမ္မစရိယာသုတ်

### မတရားသောအကျင့်နှင့် တရားသောအကျင့်

၁၆။ အခါတစ်ပါး၌ မထင်ရှားသော ပုဏ္ဏား တစ်ယောက်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ ပြဿနာကို မေးလျှောက်၏။

''အရှင်ဂေါတမ၊ အဘယ်အကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်ပါကုန်သနည်း''

''ပုဏ္ဏား မကောင်းသောအကျင့်၊ မညီမျှသောအကျင့်ကြောင့် [1] ဤလောက၌ အချို့သော သတ္တဝါတို့သည် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်ခြင်း ဖြစ်၏''

''အရှင်ဂေါတမ အဘယ်အကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် သေလွန်သောအခါ နတ်ပြည်သို့ ရောက်ပါကုန်သနည်း''

''ပုဏ္ဏား၊ တရားသောအကျင့်၊ ညီမျှသော အကျင့်ကြောင့် [2] ဤလောက၌ အချို့သောသတ္တဝါတို့သည် သေလွန်သောအခါ နတ်ပြည်သို့ ရောက်ကြခြင်း ဖြစ်၏''

ပုဏ္ဏားသည် ဗုဒ္ဓ၏အဖြေကို နှစ်သက်၍ ဥပါသကာအဖြစ်ခံယူသွားလေသည်။

---

၁။ မတရားသောအကျင့်၊ မညီမျှသော အကျင့်ဟူသည် အကုသိုလ် ကမ္မပထ တရား ဆယ်ပါးကို ဆိုလိုခြင်း ဖြစ်ပါသည်။

၂။ တရားသောအကျင့်၊ ညီမျှသောအကျင့်ဟူသည် ကုသိုလ် ကမ္မပထ တရား ဆယ်ပါးကို ဆိုလိုခြင်း ဖြစ်ပါသည်။

၁၇။ ကတတ္တာသုတ်၌အထက်သုတ်ပါမေးခွန်းကိုပင် ဇာနုဿောဏိ ပုဏ္ဏားက မေးလျှောက်၏။ ဒုစရိုက်မှုကိုပြုလုပ်၍ သုစရိုက်မှုကို မပြုလုပ်ခြင်းကြောင့် အပါယ်ငရဲသို့ ရောက်ခြင်းဖြစ်သည်။ သုစရိုက်မှုကို ပြုလုပ်၍ ဒုစရိုက်မှုကို မပြုလုပ်ခြင်းကြောင့် နတ်ပြည်သို့ ရောက်ခြင်း ဖြစ်သည်ဟု ဗုဒ္ဓက ဖြေကြားသည်။

## ၈။ ကော်သ အကရဏီယသုတ်

### စင်စစ် မပြုအပ်သောအမှုနှင့် ပြုအပ်သောအမှု

၁၈။ ကာယ ဒုစရိုက်စသော ဒုစရိုက် သုံးပါးကို စင်စစ် မပြုအပ်၊ ကာယသုစရိုက်စသော သုစရိုက် သုံးပါးကို စင်စစ်ပြုအပ်၏ဟု ဗုဒ္ဓက ရှင်အာနန္ဒာအား မိန့်ကြားသည်။ "ဒုစရိုက်မှုကို ပြုမိလျှင် မည်သို့သော အကျိုးကို မျှော်လင့်အပ်ပါသနည်း၊ သုစရိုက်မှုကို ပြုမိလျှင် မည်သို့သော အကျိုးကို မျှော်လင့် အပ်ပါသနည်း"ဟု ရှင်အာနန္ဒာက မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

"အာနန္ဒာ၊ စင်စစ်မပြုအပ်သော ဒုစရိုက်မှုကို ပြုကျင့်သည်ရှိသော် မိမိကိုယ်ကို မိမိ စွပ်စွဲခြင်း၊ ပညာရှိတို့က ကဲ့ရဲ့ခြင်း၊ မကောင်း သတင်း ပျံ့နှံ့ခြင်း၊ တွေဝေလျက်သေရခြင်း၊ သေပြီးနောက် အပါယ်ငရဲသို့ ကျခြင်း ဟူသော အကျိုးငါးပါး ကို မုချရရှိလိမ့်မည်ဟု မျှော်လင့်အပ်၏။

"အာနန္ဒာ၊ စင်စစ် ပြုအပ်သော သုစရိုက်သုံးပါးကို ပြုကျင့်သည် ရှိသော် မိမိကိုယ်မိမိ မစွပ်စွဲခြင်း၊ ပညာရှိတို့က ချီးမွမ်းခြင်း၊ ကောင်းသော သတင်း ပျံ့နှံ့ခြင်း၊ မတွေမဝေ သေရခြင်း၊ သေပြီးနောက် နတ်ပြည်သို့ ရောက်ခြင်းဟူသောအကျိုးငါးပါးကို မုချရလိမ့်မည်ဟုမျှော်လင့်အပ်၏"

## ၉။ အကုသလပဟာနသုတ်

### အကုသိုလ်ကို ပယ်၍ ကုသိုလ်ကို ပွားအပ်ကြောင်း

၁၉။ ရဟန်းတို့၊ သင်တို့သည် အကုသိုလ်ကို ပယ်ကြလော့။ ရဟန်းတို့၊အကုသိုလ်ကိုပယ်ခြင်းငှာတတ်ကောင်း၏။ အကယ်၍ အကုသိုလ်ကိုပယ်ခြင်းငှာ မတတ်ကောင်းခဲ့သော် အကုသိုလ်ကို ပယ်ကြလော့ဟု ငါမိန့်ကြားမည်မဟုတ်၊ စင်စစ်အကုသိုလ်ကို ပယ်ခြင်းငှာ တတ်ကောင်

သောကြောင့်သာ အကုသိုလ်ကိုပယ်ကြလော့ဟု ငါမိန့်ကြားခြင်း ဖြစ်၏။ ရဟန်းတို့၊ အကယ်၍ အကုသိုလ်ကို ပယ်လျှင် အကျိုးစီးပွား မဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်ခဲ့သောအကုသိုလ်ကို ပယ်ကြလောဟု ငါမိန့်ကြားမည် မဟုတ်၊အကုသိုလ်ကိုပယ်လျှင် အကျိုးစီးပွားများခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်သောကြောင့်သာ အကုသိုလ်ကိုပယ်ကြလောဟု ငါမိန့်ကြားခြင်းဖြစ်၏။

ရဟန်းတို့၊သင်တို့သည် ကုသိုလ်ကို ပွားကြကုန်လော့၊ ရဟန်းတို့၊ ကုသိုလ်ကို ပွားခြင်းငှာ တတ်ကောင်း၏။ အကယ်၍ ကုသိုလ်ကို ပွားခြင်းငှာ မတတ်ကောင်းခဲ့သော် ကုသိုလ်ကို ပွားကြလောဟု ငါမိန့်ကြားမည်မဟုတ်၊ စင်စစ် ကုသိုလ်ကို ပွားခြင်းငှာ တတ်ကောင်း၏။ ထို့ကြောင့်သာလျှင် ကုသိုလ်ကို ပွားကြလောဟု ငါမိန့်ကြားခြင်း ဖြစ်၏။ ရဟန်းတို့၊ ကုသိုလ်ကို ပွားလျှင် အကျိုးစီးပွား မဲ့ခြင်း၊ဆင်းရဲခြင်းငှာ ဖြစ်ခဲ့သော် ကုသိုလ်ကို ပွားကြလောဟု ငါမိန့်ကြားမည်မဟုတ်။ စင်စစ် ကုသိုလ်ကို ပွားလျှင် အကျိုးစီးပွားများခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်၏။ ထို့ကြောင့်သာလျှင် ကုသိုလ်ကို ပွားကြလောဟု ငါမိန့်ကြားခြင်း ဖြစ်၏ဟု ဟောပါသည်။

## ၁၀။ သဒ္ဓမ္မသမ္မောသသုတ်

သူတော်ကောင်းတရား ကွယ်ခြင်း အကြောင်း နှစ်ပါး

၂၁။ မကောင်းသဖြင့် ထားအပ်သော ပုဒ်ဗျည်းနှင့်[1] မကောင်းသဖြင့် သိအပ်သော အနက်တို့သည်[2] သူတော်ကောင်း တရား ပျက်စီး ကွယ်ပျောက်ခြင်း၏ အကြောင်းများ ဖြစ်သည်။ ပုဒ်ဗျည်းကို မကောင်းသဖြင့်ထားအပ်သည်ရှိသော် အနက်ကိုသည်း မကောင်းသဖြင့် သိအပ်မည်သာ ဖြစ်၏ဟု ဟောပါသည်။

## ၁၁။ သဒ္ဓမ္မဋ္ဌိတိသုတ်

သူတော်ကောင်း တရား တည်ခြင်း၏ အကြောင်းနှစ်ပါး

၂၁။ ကောင်းစွာထားအပ်သောပုဒ်ဗျည်းနှင့် ကောင်းစွာ သိအပ်သော အနက်တို့သည်သူတော်ကောင်းတရားတည်တံ့ခြင်း၊ မကွယ်ပျောက်

---

၁။ မကောင်းသဖြင့် ထားအပ်သော ပုဒ်ဗျည်းဟူသည် အစီအစဉ် မကျ ထားအပ်သော ပုဒ်ဗျည်းကို ဆိုလိုပါသည်။

၂။ မကောင်းသဖြင့် သိအပ်သော အနက်ဟူသည် လွဲမှားစွာ သိအပ်သော အနက်ကို ဆိုလိုပါသည်။

မပျက်စီးခြင်း၏ အကြောင်းများ ဖြစ်သည်။ ပုဒ်ဗျည်းကို ကောင်းစွာထား အပ်သည်ရှိသော် အနက်ကိုလည်း ကောင်းစွာ သိအပ်သည်သာ ဖြစ်၏ဟု ဟောပါသည်။

## ၃။ ဗာလဝဂ်

### ၁။ ဗာလပဏ္ဍိတသုတ်

#### လူမိုက်နှစ်မျိုးနှင့် လူလိမ္မာနှစ်မျိုး

၂၂။ အပြစ်ကို အပြစ်ဟု မမြင်သူနှင့် အပြစ်ကို ဝန်ခံပြောကြား ပါလျက် တရားနှင့်အညီ လက်မခံသူဟူ၍ လူမိုက်နှစ်မျိုးရှိသည်။

အပြစ်ကို အပြစ်ဟု မြင်သူနှင့် အပြစ်ကို ဝန်ခံ ပြောကြားလျှင် တရားနှင့်အညီ လက်ခံသူဟူ၍ လူလိမ္မာ နှစ်မျိုး ရှိသည်ဟု ဟောပါ သည်။

### ၂-၅ အဗ္ဘာစိက္ခနသုတ်များ

#### မြတ်စွာဘုရားကို စွပ်စွဲသူနှစ်မျိုး

၂၃-၂၆။ ဒေါသသည် ဖျက်ဆီးအပ်သော သူသည် ဒေါသနှင့် ယှဉ်သောစိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို စွပ်စွဲ၏။[၁] (အသိဉာဏ်မရှိဘဲ အချည်းနှီးသော) သဒ္ဓါရှိသူသည် မကောင်းသဖြင့် (လွဲမှားစွာ) စွဲယူ ခြင်းဖြင့် မြတ်စွာဘုရားကို စွပ်စွဲ၏။[၂] ဤနှစ်ဦးသောပုဂ္ဂိုလ်တို့သည် မြတ် စွာ ဘုရားကို မဟုတ်မမှန် စွပ်စွဲသူများ ဖြစ်ကုန်၏။

---

၁။ ဒေါသ လွှမ်းမိုးနေသူသည် ''ရဟန်း ဂေါတမမှာ လူတို့၏ ကုသိုလ် တရားထက် သာလွန်သော ဈာနမဂ်ဖိုလ်တရားသည် မရှိ''ဟု ပြောဆို သော သုနက္ခတ္တ လိစ္ဆဝီ မင်းသားကဲ့သို့ မြတ်စွာဘုရားကို မဟုတ်မမှန် သောစကားဖြင့် စွပ်စွဲ ပြောဆိုတတ်လေသည်။

၂။ အသိဉာဏ်မပါဘဲ အချည်းနှီးသော သဒ္ဓါဖြင့် မြတ်စွာဘုရား အပေါ်၌ အလွန်အကဲ ကြည်ညိုသူသည် ''မြတ်စွာဘုရား မည်သည် လောကမှ လွန်မြောက်ပြီးသူ ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရား၏ဆံပင် မွေးညင်း စသော ၃၂=ကောဋ္ဌာသတို့သည် လောကုတ္တရာ တရားများ ဖြစ်ကုန် ၏'' စသည်ဖြင့် လွဲမှားစွာစွဲယူလျက် မြတ်စွာဘုရားကို မဟုတ်မမှန် စွပ်စွဲ တတ်လေသည်။

မြတ်စွာဘုရား မဟောသော စကားကို မြတ်စွာဘုရား ဟောသော စကားဟု တင်ပြသူနှင့်မြတ်စွာဘုရားဟောသော စကားကို မြတ်စွာဘုရား ဟောသော စကားမဟုတ်ဟု တင်ပြသူ တို့သည်လည်း မြတ်စွာဘုရားကို မဟုတ်မမှန် စွပ်စွဲသူများ ဖြစ်ကြ၏။

ဆောင်၍ သိအပ်သော အနက်ရှိသော'နေယျတ္ထ' သုတ်ကို တိုက်ရိုက်သိအပ်သော အနက်ရှိသော 'နီတတ္ထ'သုတ်ကို တင်ပြသူနှင့် တိုက်ရိုက်သိအပ်သောအနက်ရှိသော'နီတတ္ထ'သုတ်ကို ဆောင်၍ သိအပ်သောအနက်ရှိသော 'နေယျတ္ထ'သုတ်ဟု ညွှန်ပြသူ တို့သည်လည်း မြတ်စွာဘုရားကို မဟုတ်မမှန် စွပ်စွဲသူများ ဖြစ်၏။

## ၆-၉။ ပဋိစ္ဆန္နကမ္မန္တသုတ်စသည်
ဂတိနှစ်မျိုး ရှိသူများ

၂၇-၃၀။ ဖုံးကွယ်အပ်သော မကောင်းမှု ရှိသူအား ငရဲဘုံနှင့် တိရစ္ဆာန်ဘုံ နှစ်မျိုးတို့တွင် တစ်မျိုးမျိုးကို မျှော်လင့်အပ်၏။ ဖုံးကွယ်အပ်သော မကောင်းမှု မရှိသူအား နတ်ဘုံနှင့် လူ့ဘုံနှစ်မျိုးတို့တွင် တစ်မျိုးမျိုးကို မျှော်လင့်အပ်၏။

မှားသော အယူရှိသူကို ငရဲနှင့်တိရစ္ဆာန်ဘုံတို့က ကြိုဆိုနေကုန်၏။ မှန်သောအယူ ရှိသူကို နတ်ဘုံနှင့်လူ့ဘုံတို့က ကြိုဆိုနေကုန်၏ဟု ဟောပါသည်။

## ၁၀။ အရညဝနပတ္ထသုတ်
တောကိုမှီဝဲခြင်း၏ အကြောင်းနှစ်ပါး

၃၁။ ရဟန်းတို့၊ ငါသည် မိမိ၏ မျက်မှောက် ချမ်းသာစွာနေရခြင်းကို မျှော်ကိုးလျက်လည်းကောင်း၊နောင်လာ နောက်သား လူအများကို သနားငဲ့ညှာသည် ဖြစ်၍လည်းကောင်း၊ ဤအကြောင်း နှစ်ပါးကို ထင်ခြင်လျက် လူနေ မှုရွာနှင့်ဝေးသော တောကျောင်းတို့ကို မှီဝဲ၏ဟု ဟောပါသည်။

## ၁၁။ ဝိဇ္ဇာဘာဂိယသုတ်
ဝိဇ္ဇာအဖို့၌ တည်သော တရားနှစ်ပါး

၃၂။ စိတ်တည်ကြည်ခြင်း''သမထ''နှင့် သင်္ခါရတရားတို့ကိုအထူးရှုမြင်ခြင်း''ဝိပဿနာ''တို့သည် ဝိဇ္ဇာအဖို့၌တည်သောတရားနှစ်ပါး ဖြစ်

''ပုဏ္ဏား၊ ငါသည် ပြုအပ်၏ဟု ဆိုလေ့ရှိသူ'ကိရိယဝါဒီ'လည်း ဖြစ်၏၊ မပြုအပ်ဟုဆိုလေ့ရှိသူ 'အကိရိယဝါဒီ'လည်း ဖြစ်၏''

''အရှင်ဂေါတမ၊ အရှင်သည်အဘယ်သို့လျှင် ပြုအပ်၏ဟုဆိုလေ့ရှိသူ 'ကိရိယဝါဒီ'လည်းဖြစ်၊ မပြုအပ်ဟု ဆိုလေ့ရှိသူ 'အကိရိယဝါဒီ' လည်း ဖြစ်ပါသနည်း''

''ပုဏ္ဏား၊ ငါသည် ဒုစရိုက်သုံးပါးနှင့် များစွာသော အကုသိုလ်တရားဆိုးတို့ကို မပြုအပ်ဟု ဟောကြား၏။ သုစရိုက်သုံးပါးနှင့်များစွာသော ကုသိုလ်တရားမြတ်တို့ကို ပြုအပ်၏ဟု ဟောကြား၏။ ပုဏ္ဏား၊ ဤသို့လျှင် ငါသည် ပြုအပ်၏ဟု ဆိုလေ့ရှိသူ'အကိရိယဝါဒီ' လည်းဖြစ်၏''

ပုဏ္ဏားသည် ဗုဒ္ဓ၏ ဖြေကြားချက်ကို လွန်စွာနှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၄။ ဒက္ခိဏေယျသုတ်

### အလှူခံပုဂ္ဂိုလ်နှစ်မျိုး

၃၆။ အခါတစ်ပါး၌ အနာထပိဏ်သေဋ္ဌေးသည် ဗုဒ္ဓသခင်ချဉ်းကပ်၍''အရှင်ဘုရား၊ လောက၌ အလှူခံပုဂ္ဂိုလ်မည်မျှ ရှိပါသနည်း၊ အဘယ်ပုဂ္ဂိုလ်တို့၌ အလှူကို ပေးလှူအပ်ပါသနည်း'' ဟု မေးလျှောက်၏။

''သူကြွယ်၊ အလှူခံပုဂ္ဂိုလ်တို့သည် သေက္ခပုဂ္ဂိုလ်၊ အသေက္ခပုဂ္ဂိုလ်၊ ဟူ၍ နှစ်မျိုးရှိကုန်၏၊ ဤပုဂ္ဂိုလ်နှစ်မျိုးတို့၌ အလှူကို ပေးလှူအပ်၏'' ဟု ဗုဒ္ဓက ဖြေကြားလေသည်။

## ၅။ သမစိတ္တသုတ်

### သံယောဇဉ် နှစ်မျိုး

၃၇။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏။ အရှင်သာရိပုတ္တရာကား ပုဗ္ဗာရုံကျောင်း

---

၁။ သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးပါးကို ကျင့်နေဆဲဖြစ်သူ၊ ကျင့်မှုကိစ္စ မပြီးသေးသူသည် သေက္ခပုဂ္ဂိုလ်မည်၏။ ၎င်းမှာ ရဟန္တာမှ တစ်ပါးသော အရိယာပုဂ္ဂိုလ်များ ဖြစ်၏။ သီလရှိသော ပုထုဇဉ်သည်လည်း သောတာပန်နှင့်အလားတူ၏ဟုအဋ္ဌကထာ၌ဆိုပါသည်။ ရဟန္တာသည်ကား ကျင့်မှုကိစ္စ ပြီးမြောက်သူဖြစ်၍ အသေက္ခပုဂ္ဂိုလ်မည်၏။

တိုက် မိဂါရမာတာ မည်သော ဝိသာခါ၏ ပြာသာဒ်၌ သီတင်းသုံးတော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာက ရဟန်းတို့အား "ငါ့ရှင်တို့၊ ငါသည် သင်တို့အား အဇ္ဈတ္တ သံယောဇဉ်ရှိသော ပုဂ္ဂိုလ်ကိုလည်းကောင်း၊ ဗဟိဒ္ဓသံယောဇဉ်ရှိသောပုဂ္ဂိုလ်ကိုလည်းကောင်း ဟောကြားအံ့ သင်တို့သည် ထိုတရားကို ကောင်းစွာနာကြကုန်လော့၊ ကောင်းစွာနှလုံးသွင်းကြကုန်လော့"ဟု မိန့်ကြားတော်မူ၏။ ရဟန်းတို့ကလည်း "ကောင်းပါပြီအရှင်"ဟု စကားတုံ့ပြန်ကြကုန်၏။

အဇ္ဈတ္တ သံယောဇဉ် ရှိသောပုဂ္ဂိုလ်

"ငါ့အရှင်တို့၊ အဇ္ဈတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ငါ့အရှင်တို့၊ ဤသာသနာ၌ ရဟန်းသည် သီလရှိသူဖြစ်၏။ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက်နေ၏။ သင့်လျော်သောအကျင့်၊ သင့်လျော်သောကျက်စားရာနှင့် ပြည့်စုံသည်ဖြစ်၍ အဏုမြူလောက်သော အပြစ်တို့၌ပင် ဘေးဟု ရှုလျက် နေ၏။ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ကျင့်၏။ ထိုရဟန်းသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည့်နောက်၌(ကာမာဝစရ) နတ်ခြောက်ဘုံတို့တွင် တစ်ပါးပါးသော နတ်ဘုံသို့ ရောက်၏။ ထိုရဟန်းသည် ထိုနတ်ပြည်မှ စုတေသည်ရှိသော် ဤလူ့အဖြစ်ကို ပဋိသန္ဓေအားဖြင့်ပြန်လာ၏။ ငါ့အရှင်တို့၊ ဤသို့ လူအဖြစ်သို့ ပြန်လာသော ပုဂ္ဂိုလ်ကို အဇ္ဈတ္တ သံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။[၂]

---

၁။ ကာမဘုံ၊ ရူပဘုံ၊ အရူပ ဘုံဟူသော ဘုံသုံးပါးတို့တွင် ကာမဘုံသည် သတ္တဝါတို့ အများဆုံး တွယ်တာ တပ်မက်သော ဘုံဖြစ်သောကြောင့် အဇ္ဈတ္တဘုံ (အတွင်းဘုံ) မည်၏။ ထို အဇ္ဈတ္တ မည်သော ကာမဘုံ၌ လိုခြင်းကပ်မက်ခြင်း ဆန္ဒရာဂကို အဇ္ဈတ္တ သံယောဇဉ်ဟု ခေါ်သည်။ ကာမဘုံမှ တစ်ပါးသော ရူပဘုံ၊ အရူပဘုံတို့၌ လိုချင်တပ်မက်ခြင်း ဆန္ဒရာဂကို ဗဟိဒ္ဓ သံယောဇဉ်ဟု ခေါ်သည်။ တစ်နည်း ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးကို အဇ္ဈတ္တ သံယောဇဉ်၊ ဥဒ္ဓမ္ဘာဂိယ သံယောဇဉ်ငါးပါးကို ဗဟိဒ္ဓသံယောဇဉ် ခေါ်သည်ဟု ဖွင့်ပါသည်။

၂။ ဤနတ်ပြည်မှ စုတေသည်ရှိသော် လူ့ပြည်သို့ ပြန်လာခဲ့သော ပုဂ္ဂိုလ်ဟူသည် သမထကို အားမထုတ်ဘဲ ဝိပဿနာရှု၍ သောတာပန်၊ သကဒါဂါမ် ဖြစ်သွားသော 'သုက္ခဝိပဿက' ပုဂ္ဂိုလ်ကို ဆိုလိုခြင်းဖြစ်ပါသည်။

## ဗဟိဒ္ဓ သံယောဇဉ်ရှိသော ပုဂ္ဂိုလ်

ငါ့အရှင်တို့၊ဗဟိဒ္ဓသံယောဇဉ်ရှိသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ငါ့ရှင်တို့၊ ဤသာသနာ၌ရဟန်းသည် သီလရှိသူဖြစ်၏။ ပါတိမောက္ခသံဝရသီလကိုစောင့်ထိန်းလျက်နေ၏။ သင့်လျော်သောအကျင့်၊ သင့်လျော်သော ကျက်စားရာနှင့်ပြည့်စုံသည်ဖြစ်၍ အဏုမြူ လောက်သော အပြစ်တို့၌ပင် ဘေးဟုရှုလျက်နေ၏။ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏။ ထိုရဟန်းသည်သမာပတ်ရှစ်ပါးတို့တွင်တစ်ပါးအပါအဝင်ဖြစ်ပြီး စိတ်၏ ဆန့်ကျင်ဘက် နီဝရဏတို့မှ လွတ်မြောက်ရာဖြစ်သည့်ငြိမ်သက်သော သမာပတ်ကို[၁] ဝင်စား၍နေ၏။ ထိုရဟန်းသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည့်နောက်၌ (သုဒ္ဓါဝါသငါးဘုံတွင်) တစ်ပါးပါးသော ဗြဟ္မာဘုံသို့ ရောက်၏၊ထိုပုဂ္ဂိုလ်သည် ယိုဘုံမှစုတေသည်ရှိသော် ပဋိသန္ဓေအားဖြင့် ဤလူ့အဖြစ်သို့ပြန်မလာသူဖြစ်၏။ ငါ့ရှင်တို့၊ဤသို့ လူ့အဖြစ်ကို ပြန်မလာသော ပုဂ္ဂိုလ်ကို ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။[၂]

ငါ့ရှင်တို့၊ထိုမှတစ်ပါးသော ရဟန်းသည်ကား သီလရှိသူ ဖြစ်၏။ သိက္ခာပုဒ်ကို ကောင်းစွာဆောက်တည်၍ ကျင့်၏။ ထိုရဟန်းသည် ကာမဂုဏ်တို့ကို ငြီးငွေ့ခြင်း၊မတပ်မက်ခြင်း၊[၃] ချုပ်ငြိမ်းခြင်းငှာ ကျင့်၏။[၄] ဘဝသုံးပါးတို့ကို ငြီးငွေ့ခြင်း၊ မတပ်မက်ခြင်းငှာ ကျင့်၏။[၅] တဏှာကုန်ခြင်းငှာကျင့်၏။[၅] လောဘကုန်ခြင်းငှာကျင့်၏။[၆] ထိုရဟန်းသည် ခန္ဓာကိုယ်

---

၁။ အညတရံ သန္တံ စေတောဝိမုတ္တိံ အဋ္ဌသု သမာပတ္တိသု အညတရံ စတုတ္ထဇ္ဈာနသမာပတ္တိံ။ (အဋ္ဌကထာ။)

၂။ ဤ၌ဗြဟ္မာဘုံမှစုတေသည်ရှိသော် ဤလူ့ပြည်သို့ ပြန်မလာသော ပုဂ္ဂိုလ်များကို ဆိုလိုခြင်းဖြစ်ပါသည်။

၃။ ဤစကားရပ်ဖြင့် ကာမရာဂ ကုန်ခန်းစေရန် အားထုတ်သော သောတာပန်၊ သကဒါဂါမိ ပုဂ္ဂိုလ်တို့၏ ဝိပဿနာကို ပြပါသည်။

၄။ ဤစကားရပ်ဖြင့် ဘဝရာဂ ကုန်ခန်းစေရန် အားထုတ်သော အနာဂါမိ ပုဂ္ဂိုလ်၏ ဝိပဿနာကို ပြပါသည်။

၅။ ဤစကားရပ်ဖြင့် ကာမရာဂ ကုန်ခန်းစေရန် အားထုတ်သော သောတာပန် သကဒါဂါမိတို့၏ ဝိပဿနာကို ပြပါသည်။

၆။ ဤစကားရပ်ဖြင့် ဘဝရာဂကုန်စေရန် အားထုတ်သော အနာဂါမိပုဂ္ဂိုလ်၏ ဝိပဿနာကို ပြပါသည်။

ပျက်စီး၍သေပြီးသည်မှနောက်၌ (သုဒ္ဓါဝါသငါးဘုံတို့တွင်)တစ်ပါးပါး သော ဗြဟ္မာ့ဘုံ၌ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် ထိုဘုံမှ စုတေသည်ရှိသော် ဤလူ့အဖြစ် သို့ပဋိသန္ဓေအားဖြင့် ပြန်မလာသူဖြစ်၏။ ငါ့ရှင်တို့၊ ဤလူ့အဖြစ် သို့ပြန်မလာသောပုဂ္ဂိုလ်ကိုဗဟိဒ္ဓသံယောဇဉ်ရှိသောပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

နတ်တို့က မြတ်စွာဘုရားအား လျှောက်ကြားကြခြင်း

ဤသို့ ရှင်သာရိပုတ္တရာက ရဟန်းတို့အား တရား ဟောကြားသော အခါ တူမေသာစိတ်ရှိသည့်များစွာသော နတ်ဗြဟ္မာတို့သည် မြတ်စွာဘုရား ထံသို့ချဉ်းကပ်၍ "အရှင်ဘုရား၊ ရှင်သာရိပုတ္တရာသည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာပြာသာဒ်၌ ရဟန်းတို့အား အဇ္ဈတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်တို့ နှင့် ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်နှစ်မျိုးအကြောင်းကို ဟောကြားပါ သည်။ ပရိသတ်အပေါင်းကလည်း ရွှင်လန်းကျေနပ်၍ နေပါသည်။ မြတ် စွာဘုရားသည် တပည့်တော်တို့အား သနားကြင်နာသောအားဖြင့် ရှင်သာရိပုတ္တရာ ထံသို့ ကြွတော်မူပါ" ဟူ၍ လျှောက် ကြား တောင်းပန်ကြလေသည်၊

မြတ်စွာဘုရားသည် ထိုနတ်ဗြဟ္မာတို့၏ တောင်းပန်မှုကိုဆိတ်ဆိတ် နေခြင်းဖြင့် လက်ခံတော်မူပြီး အားရှိသော ယောကျာ်းသည် ကွေးထား သောလက်ကို ဆန့်တန်းဘိသကဲ့သို့ လည်းကောင်း၊ ဆန့်တန်းထားသော လက်ကိုကွေးလိုက်ဘိသကဲ့သို့လည်းကောင်း၊ ဇေတဝန်ကျောင်း၌ (ရုတ်တ ရက်)ကွယ်ပျောက်ခဲ့ပြီး၊ ပုဗ္ဗာရုံကျောင်း မိဂါရမာတာပြာသာဒ်၌ တည် သောရှင်သာရိပုတ္တရာ၏ ရှေ့မှောက်၌ ထင်ရှားပေါ်လာကာ ခင်းထား သောနေရာ၌ ထိုင်တော်မူ၏။ ရှင်သာရိပုတ္တရာသည်လည်း မြတ်စွာဘုရား ကို ရှိခိုးသွား၍ခိုး၍ တစ်ခုသောနေရာ၌ ထိုင်နေလေ၏။

ထိုအခါမြတ်စွာဘုရားသည် နတ်ဗြဟ္မာတို့လာရောက်တောင်းပန်ပုံ နှင့်တကွ အောက်ပါစကားကို ရှင်သာရိပုတ္တရာအား မိန့်ကြားတော်မူ၏။

"သာရိပုတ္တရာ၊ ထိုနတ်တို့သည် အပ်ဖျားစွန်းထိရုံမျှသာရှိသော နေ ရာကလေး၌ပင် ဆယ်ယောက် အယောက်နှစ်ဆယ်ဖြစ်၍ လည်းကောင်း၊ အယောက်သုံးဆယ် လေးဆယ်ဖြစ်၍လည်းကောင်း၊ အယောက်ငါးဆယ်

---

၁။ သမစိတ္တ ဒေဝတာတိ စိတ္တဿ သုခုမဘာဝ သမတာယ သမစိတ္တတာ– အင္ဂုတ္တရ။ နူးညံ့သိမ်မွေ့သော စိတ်ရှိခြင်းအားဖြင့် တူညီသော စိတ် ရှိသောနတ်တို့သည်ဟုဆိုလိုပါသည်။

ခြောက်ဆယ်ဖြစ်၍ လည်းကောင်း တည်ကုန်၏။[၁] ထိုသို့တည်ကုန်သော်လည်း တစ်ယောက်နှင့်တစ်ယောက် ထိပါးခြင်းမပြုကြကုန်။ သာရိပုတ္တရာ၊ ဤသို့ အလွန်ကျဉ်းကျပ်သော အရပ်ကလေး၌ပင် နတ်ဗြဟ္မာပေါင်းများစွာ တည်နေနိုင်ခြင်းသည် ထိုနတ်ပြည် ဗြဟ္မာပြည်၌ ပွားများအပ်သောစိတ်တန်ခိုးကြောင့်ဖြစ်၏ဟူ၍ သင်တို့မှတ်ထင်ဖွယ်ရှိ၏။ သာရိပုတ္တရာ၊ စင်စစ်ကား ဤသို့မဟုတ်ချေ။ ဤလူ့ပြည်၌သာသနာ၌ ပွားများအပ်သော စိတ်တန်ခိုးကြောင့်သာ ဖြစ်ပေသည်။

''သာရိပုတ္တရာ၊ ထို့ကြောင့်သင်တို့သည် ငြိမ်သက်သော ဣန္ဒြေရှိသူ၊ ငြိမ်သက်သော စိတ်ရှိသူဖြစ်ကုန်အံ့'' ဟူ၍ လေ့ကျင့် အားထုတ်အပ်၏။ သာရိပုတ္တရာ ငြိမ်သက်သောဣန္ဒြေရှိသူ၊ ငြိမ်သက်သော စိတ်ရှိသူတို့အား ငြိမ်သက်သောကာယကံ၊ ဝစီကံ၊ မနောကံတို့သည်သာလျှင် ဖြစ်ကုန်လတ္တံ့၊ သာရိပုတ္တရာ၊ သင်တို့သည် သီတင်းသုံးဖော်တို့ အပေါ်၌ အေးချမ်းငြိမ်သက်သော ကိုယ်စိတ်ဖြင့် ရှေးရှုဆောင်ခြင်းကိုသာလျှင် ရှေးရှုဆောင်ကုန်အံ့'' ဟူ၍ လေ့ကျင့် အားထုတ်အပ်၏။

''သာရိပုတ္တရာ၊ ဤတရားကို မကြားနာရသည့် တစ်ပါးသောအယူရှိသော ပရိဗိုဇ်တို့သည် ကြီးစွာပျက်စီး၊ ဆုံးရှုံးရာကြလေပြီ''[၂]

---

၁။ အခြံအရံများသော နတ်တို့က အပ်ဖျား တစ်ထောက် အရပ်၌ ဆယ်ယောက်စီနေကြသည်။ ၎င်းတို့ထက် အခြံအရံနည်းသော နတ်တို့က နှစ်ဆယ်စီ သုံးဆယ်စီ စသည်ဖြင့် နေကြသည်။ တစ်နည်းအားဖြင့် သိမ်မွေ့သော သမာပတ်ကို ဝင်စားသောနတ်တို့က အပ်ဖျား တစ်ထောက် အရပ်၌ ခြောက်ဆယ်စီ နေကြသည်။ ၎င်းတို့လောက် မသိမ်မွေ့သော သမာပတ်ကို ဝင်စားသော နတ်တို့က ငါးဆယ်စီ လေးဆယ်စီ စသည်ဖြင့် နေကြသည်ဟူ၍ အခြံအရံ အများအနည်း အားဖြင့်လည်းကောင်း သမာပတ် သိမ်မွေ့မှု မသိမ်မွေ့မှု အားဖြင့် လည်းကောင်း နတ်တို့၏ နေရာယူကြပုံကို ဖွင့်ပါသည်။

၂။ ဤသမစိတ္တသုတ်ကို ရှင်သာရိပုတ္တရာ ဟောကြားရာသို့ သာဝတ္ထိမြို့နှင့် အနီး ပတ်ဝန်းကျင်မှ များစွာသော လူအပေါင်းတို့သည် လည်းကောင်း၊ စကြဝဠာတစ်သောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့သည် လည်းကောင်း လာ၍တရားနာကြသည်။ တရားအဆုံး၌ ကုဋေတစ်သိန်းသော နတ်ဗြဟ္မာတို့ အရဟတ္တဖိုလ်ကို ရရှိကြသည်။ သောတာပတ္တိဖိုလ် စသည်ကို ရရှိသော နတ်ဗြဟ္မာတို့ကား မရေတွက်နိုင်။ မဟာသမယသုတ်၊ မင်္ဂလသုတ်နှင့် ရာဟုလောဝါဒသုတ်တို့ကို ဟောကြားရာ၌လည်း ဤသုတ်နည်းတူ ဖြစ်ခဲ့သည်ဟု အဋ္ဌကထာ၌ ဖွင့်ပါသည်။

## ၆။ ဝိဝါဒဟောတုသုတ်

### ငြင်းခုံခြင်း၏ အကြောင်းနှစ်ပါး

အခါတစ်ပါး၌ အရှင်မဟာကစ္စည်းသည် ဝရဏမြို့၊ ဘဒ္ဒသာရိ မြစ်ကမ်း၌ သီတင်းသုံး၏။ ထိုအခါ အာရာမဒဏ္ဍမည်သော ပုဏ္ဏားသည် အရှင်မဟာကစ္စည်းထံ ချဉ်းကပ်၍ ငြင်းခုံခြင်းနှင့်စပ်သော မေးခွန်းများကို မေးလျှောက်၏။

"အရှင်ကစ္စာန၊ မင်းမျိုးတို့သည် မင်းမျိုးတို့နှင့် လည်းကောင်း၊ ပုဏ္ဏားမျိုးတို့သည် ပုဏ္ဏားမျိုးတို့နှင့်လည်းကောင်း၊ သူကြွယ်မျိုးတို့သည် သူကြွယ်မျိုးတို့နှင့်လည်းကောင်းငြင်းခုံနေကြခြင်းသည်အဘယ်အကြောင်း၊ ကြောင့်ပါနည်း"

"ပုဏ္ဏား၊ ကာမရာဂ၏ လွှမ်းမိုးမှု၊ ဖွဲ့နှောင်မှု၊ ငြိကပ်မှု၊ ထကြွမှု၊ ဝါးမျိုမှုကြောင့် ဖြစ်ပေသည်"

အရှင်ကစ္စာန၊ ရဟန်းတို့သည် ရဟန်းတို့နှင့် ငြင်းခုံနေကြခြင်းကား အဘယ်အကြောင်းကြောင့်ဖြစ်ပါသနည်း

"ပုဏ္ဏား၊ မိစ္ဆာအယူလျှင် အရင်းခံရှိသော ဒိဋ္ဌိရာဂ၏ လွှမ်းမိုးမှု ဖွဲ့နှောင်မှု၊ ငြိကပ်မှု၊ ထကြွမှု၊ ဝါးမျိုမှုကြောင့် ဖြစ်ပေသည်"

"အရှင်ကစ္စာန၊ ဤရာဂနှစ်မျိုး၏ လွှမ်းမိုးမှု၊ ဖွဲ့နှောင်မှု၊ ငြိကပ်မှု ထကြွမှု၊ ဝါးမျိုမှုကို လွန်မြောက်နိုင်သည့် တစ်စုံ တစ်ယောက်သော ပုဂ္ဂိုလ်သည် ဤလောက၌ ရှိပါမည်လော"

"ပုဏ္ဏား၊ အရှေ့ဘက် ဇနပုဒ်တို့၌ သာဝတ္ထိမည်သောမြို့သည်ရှိ၏။ ထိုသာဝတ္ထိမြို့၌ ပူဇော်အထူးကို ခံထိုက်ပြီး တရားအားလုံးကို ကိုယ်တိုင် မှန်စွာသိမြင်တော်မူသော မြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူ၏။ ထိုမြတ်စွာဘုရားသည် ကာမရာဂ၊ ဒိဋ္ဌိရာဂနှစ်ပါး၏ လွှမ်းမိုးမှု၊ ဖွဲ့နှောင်မှု၊ ငြိကပ်မှု၊ ထကြွမှု၊ ဝါးမျိုမှုတို့ကို လွန်မြောက်နိုင်သော ပုဂ္ဂိုလ် ဖြစ်ပေသည်"

ဤသို့ အရှင်မဟာကစ္စည်းက ဖြေကြားသောအခါ အာရာမဒဏ္ဍမည်သောပုဏ္ဏားသည် နေရာမှထ၍ အပေါ်ရုံ အဝတ်ကို ပခုံးတစ်ဖက်ပေါ်၌ လက်ကန်တော့ တင်ပြီး လက်ယာဘက်ဒူးကိုမြေကြီးပေါ်၌ထောက်လျက် မြတ်စွာဘုရားရှိရာအရပ်သို့ လက်အုပ်ချီကာ "ကာမရာဂ၊ ဒိဋ္ဌိရာဂ နှစ်ပါးကို လွန်မြောက်တော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏" ဟူ၍

(နမောတဿစသော)ဥဒါန်းစကားကို ၁သုံးကြိမ်မြွက်ဆိုသည်။ဥပါသကာ အဖြစ်လည်း ဝမ်းမြောက်စွာ ခံယူသွားလေသည်။

## ၇။ ဝုဍ္ဎဘူမိသုတ်

လူကြီးအဆင့်ဌာနသည့်သူနှင့် လူငယ်အဆင့်ဌာနသည့်သူ

၃၉။ မဓုရာမြို့အနီးပိတ်ချင်းတောအုပ်၌ ရှင်မဟာကစ္စည်း သီတင်းသုံး နေစဉ် ကန္ဒရာယနမည်သော ပုဏ္ဏားသည် ရှင်မဟာကစ္စည်းထံ ချဉ်းကပ်၍ ဤသို့ ပြောဆို၏။

''အရှင်ကစ္စန၊ အရှင်သည် အသက်အရွယ် ကြီးသော ပုဏ္ဏားတို့အား ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ နေရာဖြင့် ဖိတ်မန္တက်ခြင်း မပြုဟု ကျွန်ုပ် ကြားဖူးပါသည်။ ၎င်းစကားမှာ ကြားဖူးသည့်အတိုင်းပင် ဖြစ်နေသည်ကို ယခု ကျွန်ုပ် တွေ့မြင်နေရပါသည်။ အရှင်ကစ္စန၊ အသက်အရွယ်ကြီးသော ပုဏ္ဏားတို့အား အရိုအသေမပြုခြင်းသည် မသင့်လျော်ပါ''

''ပုဏ္ဏား၊သိတော်မူမြင်တော်မူသော မြတ်စွာဘုရားသည် လူကြီး အဆင့် 'ဝုဍ္ဎဘူမိ' နှင့် လူငယ်အဆင့် 'ဒဟရဘူမိ' တို့ကို ဟောကြားတော်မူ၏၊ ပုဏ္ဏား အသက်တစ်ရာပင် ရှိစေကာမူ ကာမဂုဏ်တို့ကို ခံစား၍ ကာမဂုဏ်ရှာဖွေမှု၌အားထုတ်နေသူသည်လူကြီးဟူသောအမည်ကိုမခံထိုက်။ ပထမအရွယ်နုနယ်ပျိုမျစ်သူပင် ဖြစ်စေကာမူ ကာမဂုဏ်ကို မခံစား၊ကာမ ဂုဏ်ရှာဖွေမှု၌ အားမထုတ်သူသည်သာလျှင် ပညာရှိသော လူကြီးဟူသော အမည်ကို ခံထိုက်၏''

ဤသို့ ရှင်မဟာကစ္စည်းက ပြောသောအခါ ကန္ဒရာယနပုဏ္ဏားသည် နေရာမှထ၍ အပေါ်ရုံအဝတ်ကို လက်ကန်တော့တင်ကာ ငယ်ရွယ်သော ရဟန်းတို့၏ ခြေတို့ကို ခေါင်းဖြင့် ဦးတိုက်ရှိခိုး၏၊ ''အရှင်တို့သည် လူကြီး

---

၁။ ဝမ်းမြောက် နှစ်သက် မှုကြောင့် နှလုံးသားထဲမှ လျှံထွက်လာသော စကားကို 'ဥဒါန်- ဥဒါန်း'ဟု ခေါ်ပါသည်။

အဆင့်၌ တည်သူများ ဖြစ်ပါသည်၊ ကျွန်ုပ်တို့သည်ကား လူငယ်အဆင့်၌ တည်သူများ ဖြစ်ပါသည်''ဟူ၍လည်း လျှောက်ကြား၏။

## ၈။ ဗလဝန္တသုတ်

### အားကြီးသူနှင့် အားနည်းသူ

၇၀။ လောက၌ သူခိုးဓားပြတို့ အားကြီးသောအခါ မင်း (အစိုးရ)တို့သည် အားနည်းကုန်၏၊ မင်းနှင့်တကွ ပုဏ္ဏားသူကြွယ်တို့သည် မိမိတို့အလုပ်ကို မဆောင်ရွက်ရန် မလွယ်။ ထိုနည်းတူပင် သာသနာတော်၌ ယုတ်မာသော ရဟန်းများအားကြီးသောအခါ သီလကို မြတ်နိုးသော ရဟန်းများ အားနည်းကုန်၏။ သံဃာအလယ်၌ ဆိတ်ဆိတ် နေရကုန်၏။ အစွန်အဖျားကျသော ဇနပုဒ်သို့သော်လည်း သွား၍နေကြကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် လူအများ၏ အကျိုးမဲ့ကို ဖြစ်စေ၏။

လောက၌ မင်းတို့အားကြီးသောအခါ သူခိုးဓားပြတို့ အားနည်းကုန်၏။ မင်းနှင့်တကွ ပုဏ္ဏားသူကြွယ်တို့သည် မိမိတို့အလုပ်ကို ချမ်းသာစွာ ဆောင်ရွက်နိုင်ကုန်၏။ ထိုနည်းတူပင် သာသနာတော်၌ သီလကို မြတ်နိုးသော ရဟန်းများ အားကြီးသောအခါ ယုတ်မာသော ရဟန်းတို့သည် အားနည်းကုန်၏။ သံဃာအလယ်၌ဆိတ်ဆိတ်နေရကုန်၏။ ဤသို့ ဖြစ်ခြင်းသည် လူအများ၏အကျိုးစီးပွားကို ဖြစ်စေ၏ဟု ဟောပါသည်။

## ၉။ မိစ္ဆာပဋိပတ္တိသုတ်

### လွဲမှားသောအကျင့်ရှိသည့် လူနှင့်ရဟန်း

၇၁။ ရဟန်းတို့၊ လူ၏ဖြစ်စေ၊ ရဟန်း၏ဖြစ်စေ မကောင်းသော အကျင့်ကို ငါမချီးမွမ်း။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မကောင်းသောအကျင့်ကို ကျင့်သူသည် ကုသိုလ်တရားကို မပြီးမြောက်စေနိုင်။ ရဟန်းတို့၊ လူ၏ ဖြစ်စေ၊ ရဟန်း၏ဖြစ်စေ ကောင်းသော အကျင့်ကို ကျင့်သူသည် ကုသိုလ်တရားကို ပြီးမြောက်စေနိုင်၏ဟု ဟောပါသည်။

## ၁၀။ ဒုက္ခဟိတသုတ်

### လွဲမှားစွာ သင်ယူအပ်သောတရားနှင့် မှန်ကန်စွာ သင်ယူအပ်သောတရား

၄၂။ အကြင် သူတို့သည် လွဲမှားစွာ သင်ယူအပ်ကုန်သော၊ သဒ္ဒါအားဖြင့် အတုအပ ဖြစ်ကုန်သော သုတ္တန်တို့ဖြင့်[၁] ကောင်းစွာ သင်ယူအပ်သော သုတ္တန်တို့၏ ပါဠိအနက်တို့ကို တား မြစ်ကုန်၏။ ထိုသူတို့သည် လူအများ၏ အကျိုးမဲ့ကို ဖြစ်စေကုန်၏။ များစွာသော မကောင်းမှုကိုလည်း ပွားစေကုန်၏။ သူတော်ကောင်း တရားကိုလည်း ကွယ်ပျောက်စေကုန်၏။ အကြင်သူတို့သည်ကား ကောင်းစွာ သင်ယူအပ်ကုန်သော သဒ္ဒါအားဖြင့် အတုအပ ဖြစ်ကုန်သော သုတ္တန်တို့ဖြင့် ပါဠိအနက်ကို လျော်စေကုန်၏။ ထိုသူတို့သည် လူအများ၏ အကျိုးစီးပွားကို ဖြစ်စေကုန်၏။ များစွာသော ကောင်းမှုကိုလည်း ပွားစေကုန်၏။ သူတော်ကောင်းတရားကိုလည်း တည်တံ့စေကုန်၏ဟု ဟောပါသည်။

(ပါဠိအနက် ဆန့်ကျင်ကွဲလွဲခြင်း မရှိဘဲ ညီညွတ်စေသူသည် ပါဠိအနက်ကို လျော်စေသူ မည်၏။ အနုလောမေတိ၊ လျော်စေ၏။)

## ၅။ ပရိသဝဂ်

### ၁။ ပဌမသုတ်

### တိမ်သောပရိသတ်နှင့် နက်သောပရိသတ်

၄၃။ တိမ်သော ပရိသတ်နှင့် နက်သော ပရိသတ်ဟူ၍ ပရိသတ် နှစ်မျိုးရှိပါသည်။ ထိုနှစ်မျိုးတို့တွင် အကြင် ပရိသတ်၌ ရဟန်းတို့သည် ပျံ့လွင့်သောစိတ်၊ ထောင်လွှား မာန်၊ ကြမ်းသော နှုတ် ရှိကုန်၏။ သတိသမ္ပဇဉ် မရှိကုန်။ ဤပရိသတ်သည် တိမ်သော ပရိသတ်မည်၏။

---

၁။ ဗျဉ္ဇနပတိ ရူပကေဟီတိ ဗျဉ္ဇနသော ပတိ ရူပကေဟိ၊ အက္ခရစိတ္တတာ ယ လဒ္ဓကေဟိ၊ (အဋ္ဌကထာ၊ မူရင်း ဟော ကြားချက်ကို ဆန်းကြယ် သော အဖွဲ့အနွဲ့တို့ဖြင့် တစ်မျိုးပြောင်း၍ ဖွဲ့ဆိုထားသော ဟောကြား ချက်များကို ဆိုလိုပါသည်။

အကြင်ပရိသတ်၌ ရဟန်းတို့သည် ပျံ့လွင့်သောစိတ်၊ ထောင်လွှားသောမာန်၊ ကြမ်းသောနှုတ်မရှိကုန်၊ သတိသမ္ပဇဉ်ရှိကုန်၏။ ဤပရိသတ်သည် နက်သော ပရိသတ်မည်၏ဟု ဟောပါသည်။

## ၂။ ဒုတိယသုတ်

### မညီညွတ်သောပရိသတ်နှင့် ညီညွတ်သောပရိသတ်

၄၄။ မညီညွတ်သော 'ဝဂ္ဂ'ပရိသတ်နှင့် ညီညွတ်သော "သမဂ္ဂ" ပရိသတ်ဟူ၍ ပရိသတ် နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတို့တွင်အကြင်ပရိသတ်၌ ရဟန်းတို့သည် ခိုက်ရန်ဖြစ်ကုန်၊ ငြင်းခုံကုန်လျက်၊ ဆန့်ကျင်ဘက်စကားကို ပြောဆိုကုန်လျက်၊ အချင်းချင်း နှုတ်လှံထိုးကုန်လျက်နေကုန်၏။ ဤပရိသတ်သည် မညီညွတ်သောပရိသတ်မည်၏။

အကြင်ပရိသတ်၌ ရဟန်းတို့သည် ညီညွတ်ဝမ်းမြောက်ကုန်လျက်၊ ဆန့်ကျင်ဘက်စကားကို မပြောဆိုကုန်ဘဲ နို့နှင့်ရေကဲ့သို့တစ်သားတည်း ဖြစ်ကုန်လျက်၊ အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကြည့်ကုန်လျက် နေကုန်၏။ ဤပရိသတ်သည် ညီညွတ်သော ပရိသတ်မည်၏ဟု ဟောပါသည်။

## ၃။ တတိယသုတ်

### မြတ်သောပရိသတ်နှင့် မမြတ်သောပရိသတ်

၄၅။ မြတ်သောအကျင့် မရှိသောပရိသတ်နှင့် မြတ်သောအကျင့်ရှိသော ပရိသတ်ဟူ၍[၁] ပရိသတ် နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတွင် အကြင် ပရိသတ်၌ မထေရ်ကြီး ရဟန်းတို့သည် ပစ္စည်းပရိက္ခရာ ပေါများခြင်းငှာ ကျင့်ကုန်၏။ လျော့ရဲသော အကျင့် ရှိကုန်၏။ ဆုတ်ယုတ်ကျဆင်းရေး၌ရှေ့သွားခေါင်းဆောင်များ ဖြစ်ကုန်၏။ ဝိဝေက ရရှိရေး၌ ပစ်ချထားသောဝန် ရှိကုန်၏။ မရသေးသော တရားကိုရရှိရန် အားမထုတ်ကြကုန်။ ထိုမထေရ်ကြီးတို့၏ ပဟည့်ဖြစ်သော

---

၁။ အဂ္ဂဝတီတိ ဥတ္တမ ပုဂ္ဂလဝတိ၊ အဂ္ဂါယဝါ ဥတ္တမာယ ပဋိပတ္တိယာ သမန္နာဂတာ။အင်္ဂကထာ၊ ယင်းအဖွင့်အရ မြတ်သော ပုဂ္ဂိုလ်ရှိသော ပရိသတ်ဟူ၍လည်းကောင်း၊ မြတ်သော အကျင့်ရှိသော ပရိသတ်ဟူ၍လည်းကောင်း၊ ပြန်ဆိုနိုင်ပါသည်။

နောင်လာနောက်သား အပေါင်းသည်လည်း ထိုမထေရ်ကြီးများသို့ အတုလိုက်၍ ကျင့်ကုန်၏။ ဤပရိသတ်သည် မြတ်သောအကျင့်မရှိသော ပရိသတ်မည်၏။

အကြင် ပရိသတ်၌ မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် ပစ္စည်းပရိက္ခရာပေါများခြင်းငှာ မကျင့်ကုန်၊ လျော့ရဲသောအကျင့် မရှိကုန်၊ ဆုတ်ယုတ်ကျဆင်းရေး၌ ပစ်ချထားသော ဝန်ရှိကုန်၏။ ဝိဝေကရရှိရေး၌ ရှေ့သွား ခေါင်းဆောင် ဖြစ်ကုန်၏။ မရသေးသော တရားကို ရရှိရန် အားထုတ်ကုန်၏။ ထိုမထေရ်ကြီးရဟန်းတို့၏ တပည့်ဖြစ်သော နောင်လာနောက်သား အပေါင်းသည်လည်း ထိုမထေရ်ကြီးများသို့ အတုလိုက်၍ ကျင့်ကုန်၏။ ဤပရိသတ်သည် မြတ်သော အကျင့်ရှိသော ပရိသတ်မည်၏ဟု ဟောပါသည်။

## ၄။ စတုတ္ထသုတ်

### ပုထုဇဉ်ပရိသတ်နှင့် အရိယာပရိသတ်

၄၆။ ပုထုဇဉ်ပရိသတ်နှင့် အရိယာပရိသတ်ဟူ၍ ပရိသတ် နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတို့တွင် အကြင် ပရိသတ်၌ ရဟန်းတို့သည် ဤကားဒုက္ခတည်း၊ ဤကားဒုက္ခဖြစ်ကြောင်းတည်း၊ ဤကားဒုက္ခချုပ်ရာတည်း၊ ဤကားဒုက္ခချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်း''ဟူ၍ ဟုတ်တိုင်းမှန်စွာမသိကုန်။ ဤပရိသတ်သည် ပုထုဇဉ် ပရိသတ်မည်၏။

အကြင် ပရိသတ်၌ ရဟန်းတို့သည် ''ဤကားဒုက္ခတည်း....ဤကားဒုက္ခချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်း''ဟု ဟုတ် တိုင်း မှန် စွာ သိကုန်၏။ ဤပရိသတ်သည် အရိယာပရိသတ်မည်၏ဟု ဟောပါသည်။

## ၅။ ပဉ္စမသုတ်

### အနှစ်ကင်းသော ပရိသတ်နှင့် အနှစ်ရှိသော ပရိသတ်

၄၇။ အနှစ်ကင်း၍ သိမ်ဖျင်းသော ပရိသတ်နှင့် [၁]အနှစ်ရှိ၍ ကြည်လင်သောပရိသတ်ဟူ၍ ပရိသတ် နှစ်မျိုးရှိသည်။

---

၁၊ ပရိသာကသဋ္ဌောတိ ကသဋပရိသာ ကစဝပရိသာ၊ ပလာပပရိသာတိ အတ္ထော (အဋ္ဌကထာ) အမှိုက်သရိုက်နှင့်တူသော ပရိသတ်ဟု ဆိုလိုပါသည်။

၂။ ပရိသာမဏ္ဍောတိ ပသန္နပရိသာ သာရပရိသာတိ အတ္ထော (အဋ္ဌကထာ)

ထိုနှစ်မျိုးတို့တွင် အကြင်ပရိသတ်၌ ရဟန်းတို့သည်-
ချစ်သဖြင့် မလိုက်လားအပ်သော အရာသို့ လိုက်လားခြင်း 'ဆန္ဒာဂတိ'။
မုန်းသဖြင့် မလိုက်လားအပ်သော အရာသို့ လိုက်လားခြင်း 'ဒေါသာဂတိ'။
တွေဝေသဖြင့် မလိုက်လားအပ်သော အရာသို့ လိုက်လားခြင်း 'မောဟာဂတိ'။
ကြောက်သဖြင့် မလိုက်လားအပ်သော အရာသို့ လိုက်လားခြင်း 'ဘယာဂတိ'
ဟူသော အဂတိ လေးပါးသို့ လိုက်ကုန်၏။ ဤပရိသတ်သည် အနှစ်ကင်း၍ သိမ်ဖျင်းသော ပရိသတ်မည်၏။

အကြင်ပရိသတ်၌ ရဟန်းတို့သည် အဂတိ လေးပါးသို့ မလိုက်ကုန်။ ဤပရိသတ်သည် အနှစ်ရှိ၍ ကြည်လင်သော ပရိသတ်မည်၏ဟု ဟောပါသည်။

## ၆။ ဆဋ္ဌသုတ်

### ဆုံးမခက်သော ပရိသတ်နှင့် ဆုံးမလွယ်သော ပရိသတ်

၄၈။ အဆုံးအခက်ခသော မမေးမြန်းမူ၍ ဆုံးမအပ်သော ပရိသတ်နှင့် မေးမြန်း၍ ဆုံးမအပ်သော၊ အဆုံးအမ မခက်သော ပရိသတ်ဟူ၍ ပရိသတ် နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတို့တွင် အကြင်ပရိသတ်၌ ရဟန်းတို့သည် နက်နဲကုန်၊ နက်နဲသော အနက်ရှိကုန်သော၊ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်သော အတ္တမှကင်းဆိတ်ခြင်းနှင့် စပ်ကုန်သော ဘုရားဟော သုတ္တန်တို့ကို ဟောကြားအပ်ကုန်သည်ရှိသော် ကောင်းစွာ မနာယူကုန်။ ထိုတရားတို့ကို သင်ယူလေ့လာထိုက်၏ဟူ၍ မမှတ်ထင်ကုန်။ ဆန်းကြယ်သော အက္ခရာ ဗျည်းတို့ဖြင့် ကဗျာဆန်ဆန် ဖွဲ့ဆိုထားသည့် သာဝကဘာသိတ[1]ဖြစ်သော သုတ္တန်တို့ကို ဟောကြားအပ်ကုန်သည်ရှိသော် ကောင်းစွာ နာယူကြကုန်၏။ ထိုသုတ္တန်တို့ကို သင်ယူလေ့လာထိုက်၏ဟု မှတ်ထင်ကုန်၏။ သို့သော်လည်း ထိုရဟန်းတို့သည် ထို'သာဝကဘာသိတ' တရားကို သင်ယူပြီး ထိုတရားတို့၏ အနက်အဓိပ္ပာယ်ကို အချင်းချင်း မေးမြန်းဆွေးနွေးခြင်းမပြုကြကုန်၊ မရှင်းလင်းသည်ကို ရှင်းလင်းအောင် မပြုကုန်၊ ယုံမှားဖွယ်ရှိ

---

၁။ ''သာဝကဘာသိတာတိ တေသံ တေသံ သာဝကေဟိ ဘာသိတာ''ဟု ဖွင့်ပါသည်။ ထိုထို သာသနာ၌ ဆရာတို့၏ တပည့်တို့သည် ဟောအပ်သောဟု ဆိုလိုပါသည်။

သော တရားတို့၌ ယုံမှားခြင်းကို မပယ်ဖျောက်ကုန်။ ဤပရိသတ်သည် အဆုံးမခက်သော မမေးမြန်းမှု၍ ဆုံးမအပ်သော ပရိသတ်မည်၏။

အကြင်ပရိသတ်၌ ရဟန်းတို့သည် ဆန်းကြယ်သော အက္ခရာပုဒ်ဗျည်းတို့ဖြင့် ကဗျာဆန်ဆန် ဖွဲ့ဆိုထားသည့် သာဝကဘာသိတဖြစ်သော သုတ္တန်တို့ကို ဟောကြားအပ်ကုန်သည် ရှိသော် မနာယူကုန်၊ စိတ်မဝင်စားကုန်။ ထိုတရားတို့ကို သင်ယူလေ့လာထိုက်၏ဟု မမှတ်ထင်ကုန်။ နက်နဲကုန်၊ နက်နဲသော အနက်ရှိကုန်သော၊ လောကမှ လွတ်မြောက်ကြောင်းဖြစ်ကုန်သော၊ အတ္တမှ ကင်းဆိတ်ခြင်းနှင့် စပ်ကုန်သော ဘုရားဟော သုတ္တန်တို့ကို ဟောကြားအပ်ကုန်သည်ရှိသော် ကောင်းစွာ နာယူကုန်၏။ စိတ်ဝင်စားကုန်၏။ ထိုတရားတို့ကို သင်ယူ လေ့လာထိုက်၏ဟူ၍ မှတ်ထင်ကုန်၏။ ထိုရဟန်းတို့သည် ထိုဘုရားဟောတရားကို သင်ယူလေ့လာပြီး ထိုတရား၏ အနက်အဓိပ္ပာယ်ကို အချင်းချင်း မေးမြန်းဆွေးနွေးကုန်၏။ မရှင်းလင်းသည်ကို ရှင်းလင်းအောင် ပြုကုန်၏။ ယုံမှားဖွယ်ရှိသော တရားတို့၌ ယုံမှားမှုကို ပယ်ဖျောက်ကုန်၏။ ဤပရိသတ်သည် မေးမြန်း၍ ဆုံးမအပ်သော အဆုံးအမ မခက်သော ပရိသတ်မည်၏ဟု ဟောပါသည်။

## ၇။ သတ္တမသုတ်

### အာမိသကို အလေးပြုသော ပရိသတ်နှင့် တရားကို အလေးပြုသော ပရိသတ်

၄၉။ ပစ္စည်းလေးပါးဟူသော အာမိသကို[2] အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသော ပရိသတ်နှင့်သူတော်ကောင်းတရားကို အလေးပြု၍ အာမိသကို အလေးမပြုသော ပရိသတ်ဟူ၍ ပရိသတ်နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတို့တွင် အကြင်ပရိသတ်၌ရဟန်းတို့သည် လူဝတ်ကြောင်တို့၏ မျက်မှောက်၌ အချင်းချင်း၏ ဂုဏ်ကို ပြောဆိုကုန်၏။ ထိုရဟန်း

---

၁။ သြဂ္ဂ. စိတ ပိန္နဘာတ် ဒုဗ္ဗိနိဘာ (အဋ္ဌကထာ)

၂။ ကိလေသေဟိ အာမသိတဗ္ဗတော အာမိသံ ဝတ္ထုဗ္ဗယာ-ဋီကာ၊ ကိလေသာတို့ဖြင့် သုံးသပ်သာယာအပ်သောကြောင့် ပစ္စည်းလေးပါးသည် အာမိသမည်၏ဟု ဆိုလိုပါသည်။

တို့သည် ထိုသို့ပြောဆိုခြင်း ကြောင့် လာဘ်ရကုန်သည်ရှိသော် ထိုလာဘ်ကို မက်မောတွေ့ဝကုန်လျက် အပြစ်မရှုဘဲ သုံးဆောင်ကုန်၏။ ဤပရိသတ်သည် အာမိသကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသော ပရိသတ်မည်၏။

အကြင်ပရိသတ်၌ ရဟန်းတို့သည် လူဝတ်ကြောင်တို့၏ရှေ့မှောက်၌ အချင်းချင်း၏ဂုဏ်ကို မပြောဆိုကုန်။ ထိုရဟန်းတို့သည် ထိုသို့မပြောဆိုခြင်းကြောင့် လာဘ်ရကုန်သည်ရှိသော် ထိုလာဘ်ကို မိန်းမောတွေ့ဝခြင်းမရှိဘဲ အပြစ်ကို ရှုကုန်လျက် သုံးဆောင်ကုန်၏။ ဤ ပရိသတ်သည် သူတော်ကောင်းတရားကို အလေးပြု၍ အာမိသကို အလေးမပြုသော ပရိသတ်မည်ဟု ဟောပါသည်။

## ၆။ အဋ္ဌမသုတ်

### မညီမျှသော ပရိသတ်နှင့် ညီမျှသောပရိသတ်

၅၀။ မညီမျှသော ပရိသတ်နှင့် ညီမျှသော ပရိသတ်ဟူ၍ ပရိသတ်နှစ်မျိုးရှိ၏။[၁]

ထိုနှစ်မျိုးတို့တွင် အကြင်ပရိသတ်၌ တရားနှင့် မညီမျှသော အမှုတို့သည် ဖြစ်ကုန်၏။ တရားနှင့်ညီသော အမှုတို့သည် မဖြစ်ကုန်၏။ ဝိနည်းနှင့်မညီသော အမှုတို့သည် ဖြစ်ကုန်၏။ ဝိနည်းနှင့်ညီသော အမှုတို့သည် မဖြစ်ကုန်၏။ ဤပရိသတ်သည် မညီမျှသော ပရိသတ် မည်၏။

အကြင်ပရိသတ်၌ တရားနှင့်ညီသော အမှုတို့သည် ဖြစ်ကုန်၏။ တရားနှင့်မညီသော အမှုတို့သည် မဖြစ်ကုန်၏။ ဝိနည်းနှင့်ညီသော အမှုတို့သည် ဖြစ်ကုန်၏။ ဝိနည်းနှင့်မညီသော အမှုတို့သည် မဖြစ်ကုန်၏။ ဤပရိသတ်သည် ညီမျှသော ပရိသတ်မည်၏ဟု ဟောပါသည်။

၅၁။ နဝမသုတ်၌ တရားနှင့်မယှဉ်သော ပရိသတ်နှင့်ယှဉ်သော ပရိသတ် ဟူ၍ ပရိသတ် နှစ်မျိုးရှိကြောင်း အထက်သုတ် နည်းတူ ဟောပါသည်။

---

၁။ ဝိသမန္တိ သပက္ခလနဋ္ဌာနံ ဝိသမံ၊ သမန္တိ နိပ္ပက္ခလနဋ္ဌာနံ သမံ-အဋ္ဌကထာ။ ချွတ်ချော် တိမ်းပါးမှုရှိသော ပရိသတ်သည် မညီမျှသော ပရိသတ်မည်၏။ ချွတ်ချော် တိမ်းပါးမှုမရှိသော ပရိသတ်သည် ညီမျှသော ပရိသတ်မည်၏ဟု ဆိုလိုပါသည်။

## ၁၀။ ဒသမသုတ်

### အမှန်ကို မဆိုသောပရိသတ်နှင့် ဆိုသောပရိသတ်

၅၂။ အမှန်တရားကို ဆိုလေ့မရှိသော 'အဓမ္မဝါဒီ'ပရိသတ်နှင့် အမှန်တရားကိုဆိုလေ့ရှိသော 'ဓမ္မဝါဒီ' ပရိသတ်ဟူ၍ ပရိသတ် နှစ်မျိုး ရှိသည်။

ထိုနှစ်မျိုးတို့တွင် အကြင်ပရိသတ်၌ ရဟန်းတို့သည် တရား လမ်းကြောင်းကျသော အဓိကရဏ်းဖြစ်စေ၊ တရားလမ်းကြောင်း မကျသော အဓိကရဏ်းကိုဖြစ်စေ စွဲကိုင်ပြီး အချင်းချင်း နားလည် သဘော ပေါက်အောင် ပြောဆို ဆွေးနွေးခြင်း မပြုကြကုန်။ ထိုရဟန်းတို့သည် အချင်းချင်း နားလည်သဘောပေါက်အောင် မပြောခြင်းဟူသော အားရှိ ကုန်လျက်[၁](အယူများကို)စွန့်လွှတ်ရန် တိုင်ပင် ဆွေးနွေးခြင်း မရှိကုန်ဘဲ ထိုအဓိကရဏ်းကိုပင် မှားသောအမြင်၊ မှားသောသုံးသပ်ခြင်းဖြင့် သက် ဝင်စွဲလမ်း၍ "ငါ့အယူသာ မှန်၏။ တစ်ပါးသော အယူသည် အချည်းနှီး သာတည်း" ဟု ပြောဆိုကုန်၏။ ဤပရိသတ်သည် အမှန်တရားကိုဆိုလေ့ မရှိသော ပရိသတ်မည်၏။

အကြင်ပရိသတ်၌ ရဟန်းတို့သည် တရားလမ်းကြောင်းကျသော အဓိကရဏ်းကို ဖြစ်စေ၊ တရားလမ်းကြောင်း မကျသော အဓိကရဏ်း ကိုဖြစ်စေ စွဲကိုင်ပြီး အချင်းချင်း နားလည်သဘောပေါက်အောင်ပြောဆို ဆွေးနွေးခြင်း ပြုကြကုန်၏။ ထိုရဟန်းတို့သည် အချင်းချင်း နားလည် သဘောပေါက်အောင် ပြောဆိုခြင်းဟူသော အားရှိကုန်လျက်[၂] (အယူ များကို) စွန့်လွှတ်ရန် တိုင်ပင် ဆွေးနွေးခြင်း ရှိကြကုန်လျက် ထို အဓိကရဏ်းကို မှားသောအမြင်၊ မှားသောသုံးသပ်ခြင်းဖြင့် သက်ဝင်

---

၁။ အသည္ဗတ္တိဗလာ="သူတို့ သဘောမပေါက်လဲ အရေးမစိုက်ပါဘူး"ဟု သဘော ပေါက်ထားကုန်လျက်ဟု ဆိုလိုပါသည်။ အသည္ဗတ္တိယေဝ အတ္တနာ ဂဟိတာ ပက္ခံသ ဗလံ ဧတေသန္တိ အသည္ဗတ္တိဗလာ ဋီကာ။

၂။ သညတ္တိဗလာ အချင်းချင်း နားလည် သဘောပေါက်အောင် ပြောဆို ဆွေးနွေးပြီးမှ အဓိကရဏ်းကို ဖြေရှင်းမည်ဟု သဘောကား လားကုန်လျက် ဟု ဆိုလိုပါသည်။ အချင်းချင်းနားလည်အောင် ပြောဆိုဆွေးနွေးခြင်းကို အားကိုးကုန်လျက်ဟုလည်း ပြန်နိုင်ပါသည်။

စွဲလမ်း၍ "ငါ့အယူသာ မှန်၏။ တစ်ပါးသော အယူသည် အချည်းနှီးသာတည်း"ဟု မပြောဆိုကြကုန်။ ဤပရိသတ်သည် အမှန်တရားကို ဆိုလေ့ရှိသော ပရိသတ်မည်၏။

ဤပရိသတ်နှစ်မျိုးတို့တွင် အမှန်တရားကို ဆိုလေ့ရှိသော ပရိသတ်သည် မြတ်၏ဟု ဟောကြားပါသည်။

## ၆။ ပုဂ္ဂလဝဂ်

### ၁-၄။ ပုဂ္ဂလသုတ်များ

လောကအကျိုးပြု ပုဂ္ဂိုလ်နှစ်မျိုး

၅၃-၅၆။ မြတ်စွာဘုရားနှင့် စကြဝတေးမင်းတို့သည် လူအများ၏ အကျိုးစီးပွားအတွက် လောက၌ ဖြစ်ပေါ်လာကြသည်။ အံ့ဖွယ်လူသား 'အစ္ဆရိယမနုဿ' များ ဖြစ်သည်။ စေတီပုထိုး တည်ထားကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်များဖြစ်သည်။ ထိုပုဂ္ဂိုလ်နှစ်ပါးတို့၏ ကွယ်လွန်ခြင်းကြောင့် လူထုများမှာ ပူပန်သောက ဖြစ်ရသည်ဟု ဟောကြားပါသည်။

### ၅။ ဗုဒ္ဓသုတ်

ဗုဒ္ဓမည်သော ပုဂ္ဂိုလ်နှစ်မျိုး

၅၇။ ပူဇော်အထူးကို ခံထိုက်၍ တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော 'သမ္မာသမ္ဗုဒ္ဓ' မြတ်စွာဘုရားနှင့် သစ္စာလေးပါး အမှန်တရားကို ကိုယ်တိုင် သိ ခြား သိမြင်သော 'ပစ္စေကဗုဒ္ဓ'ဟူ၍ ဗုဒ္ဓမည်သော ပုဂ္ဂိုလ်နှစ်ပါးရှိကြောင်း ဟောကြားပါသည်။

### ၆-၈။ အသနိသုတ်များ

မိုးကြိုးပစ်သော်လည်း မထိတ်လန့်သူ နှစ်မျိုး

၅၈-၆၀။ အာသဝေါ ကုန်ပြီးသောရဟန်းနှင့် ဆင်အာဇာနည်။ အာသဝေါ ကုန်ပြီးသော ရဟန်းနှင့် မြင်းအာဇာနည်၊ အာသဝေါ ကုန်ပြီးသော ရဟန်းနှင့်သားကို သနင်းခြင်္သေ့မင်းတို့သည် မိုးကြိုးပစ်သော်လည်း မထိတ်လန့်သူများ ဖြစ်၏ဟု ဟောကြားပါသည်။

### ၉။ ကိံပုရိသသုတ်

ကိန္နရာများ စကားမပြောခြင်း အကြောင်းနှစ်မျိုး

၆၁။ ငါတို့သည် မုသာစကား မဆိုမိကြပါစေကုန်သောင်၊ ငါတို့သည် သူတစ်ပါးကို မဟုတ်မမှန်သော အကြောင်းဖြင့် မစွပ်စွဲမိကြပါ

စေကုန်လင့် ဟူသော အကြောင်းနှစ်ပါးကို မြော်မြင်ကုန်လျက် ကိန္နရာတို့သည် လူစကားကို မပြောကြခြင်း ဖြစ်သည်ဟု ဟောကြားပါသည်။

## ၁၀။ မာတုဂါမသုတ်

မိန်းမများ၏ မရောင့်ရဲနိုင်သော အရာနှစ်မျိုး

၆၂။ မာတုဂါမ (မိန်းမ)သည် မေထုန်မှီဝဲခြင်းနှင့် သားဖွားခြင်းတို့၌ မရောင့်ရဲ မငြီးငွေ့သည် ဖြစ်၍သာ ကွယ်လွန်ခြင်းကို ပြုရ၏ဟု မိန့်ကြားပါသည်၊

## ၁၁။ အသန္တသန္နိဝါသသုတ်

သူယုတ်၏နေခြင်းနှင့် သူမြတ်၏နေခြင်း

၆၃။ သူယုတ်တို့နှင့် နေခြင်းနှင့် သူမြတ်တို့၏ နေခြင်းဟူ၍ နေခြင်း နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတို့တွင် သီတင်းကြီး၊ သီတင်းလတ်၊ သီတင်းငယ်အားဖြင့် သုံးမျိုးသော အကြင်ရဟန်းတို့သည် တစ်ပါးနှင့် တစ်ပါး အပြစ်ကိုမြင်စေသော်လည်း ပြောဆိုဆုံးမခြင်းမပြု၊ တစ်ပါးသော ရဟန်းတို့က မိမိအား ဆိုဆုံးမခြင်းပြုလျှင်လည်း အပြစ်ကို ဝန်ခံခြင်း၊ အပြစ်ကို ကုစားခြင်းမပြုဘဲ နေကြကုန်ငြားအံ့၊ ထိုရဟန်းတို့၏ နေခြင်းကို သူယုတ်တို့၏ နေခြင်းဟု ဆိုအပ်၏။

အကြင်ရဟန်းတို့သည်ကား တစ်ပါးနှင့်တစ်ပါး အပြစ်ကိုမြင်လျှင် ပြောဆို ဆုံးမကုန်၏၊ တစ်ပါးသော ရဟန်းတို့က မိမိအား ပြောဆိုဆုံးမလျှင်လည်း အပြစ်ကို ဝန်ခံခြင်း၊ ကုစားခြင်းပြုလျက် နေကြကုန်၏။ ထိုရဟန်းတို့၏ နေခြင်းကို သူမြတ်တို့၏ နေခြင်းဟု ဆိုအပ်၏ ဟူ၍ ဟောကြားပါသည်။

## ၁၂။ အဓိကရဏသုတ်

အဓိကရုဏ်း ရှည်ကြာခြင်း အကြောင်းနှစ်ပါး

၆၄။ ရဟန်းတို့၊ အကြင်အဓိကရုဏ်း၌ နှစ်ဦးနှစ်ဖက် အပြန်အလှန် ပုတ်ခတ် ပြောဆိုခြင်း[၁]၊ မိမိအယူကို မှီ၍ ဂုဏ်ပြိုင်ခြင်း၊ စိတ်

---

၁။ ဥဘတော ဝစီသံသာရောတိ ဒွိသုပိ ပက္ခေသု အဿမည်း အညမညံ အက္ကောသန ပစ္စက္ကောသနဝသေန သံသရမာနာ ဝါဒ ဝစီသံသာရော (အဋ္ဌကထာ) နှစ်ဦးနှစ်ဖက်ကြား၌ ဖြစ်ပွားသော စကား၊သံသရာလည်-ဟု ပြန်နိုင်ပါသည်၊

**မကျေနပ်ခြင်း၊** မနှစ်မြို့ခြင်းတို့သည် အတွင်း အဇ္ဈတ္တပိုင်း၌[၁] ငြိမ်းအေးခြင်းမရှိငြားအံ့၊ ထိုအဓိကရုဏ်းသည် ရှည်မြင့်စွာတည်ခြင်း၊ ကြမ်းတမ်းခြင်း၊ ရှုန့်ရင်းခြင်းငှာ ဖြစ်လိမ့်မည်၊ ရဟန်းတို့သည်လည်း ချမ်းသာစွာနေရလိမ့်မည် မဟုတ်ဟု မျှော်လင့်အပ်၏။

ရဟန်းတို့၊ အကြင် အဓိကရုဏ်း၌ နှစ်ဦးနှစ်ဖက် အပြန်အလှန်ပုတ်ခတ်ပြောဆိုခြင်း၊ မိမိအယူကိုမှီ၍ ဂုဏ်ပြိုင်ခြင်း၊ စိတ်ထိခိုက်ခြင်း၊ စိတ်မကျေနပ်ခြင်း၊ မနှစ်မြို့ခြင်းတို့သည် အတွင်းအဇ္ဈတ္တ၌ ကောင်းစွာငြိမ်းအေးသည် ဖြစ်ငြားအံ့၊ ထိုအဓိကရုဏ်းသည် ရှည်မြင့်စွာ တည်ခြင်း၊ ကြမ်းတမ်းခြင်း၊ ရှုန့်ရင်းခြင်းငှာ ဖြစ်လိမ့်မည်မဟုတ်၊ ရဟန်းတို့သည်လည်း ချမ်းသာစွာ နေရလိမ့်မည်ဟု မျှော်လင့်အပ်၏ ဟူ၍ ဟောကြားပါသည်။

## ၇။ သုခဝဂ်

### ပဌမသုတ္တာဒိ

#### ချမ်းသာခြင်းနှစ်မျိုး

၆၅-၇၇။ သုခဝဂ်ပါ သုတ်(၁၃)သုတ်တို့၌-

လူ၏ချမ်းသာခြင်း'ဂိဟိသုခ'နှင့်ရဟန်း၏ ချမ်းသာခြင်း 'ပဗ္ဗဇိတသုခ'။

ကာမဂုဏ်နှင့်စပ်သော ချမ်းသာခြင်း 'ကာမသုခ'နှင့် ကာမဂုဏ်မှ ထွက်မြောက်မှုနှင့်စပ်သော ချမ်းသာခြင်း 'နေက္ခမ္မသုခ'

ခန္ဓာငါးပါးဟူသောဥပဓိနှင့်စပ်သောချမ်းသာခြင်း'ဥပဓိသုခ'နှင့် ဥပဓိနှင့် မစပ်သော ချမ်းသာခြင်း- နိရူပဓိသုခ အာသဝေါတရားတို့နှင့် တကွဖြစ်သော ချမ်းသာခြင်း သာသဝသုခနှင့်အာသဝေါတရား တို့မှ ကင်းလွတ်သောချမ်းသာခြင်း အနာသဝသုခ

ကိလေသာဟူသော အာမိသနှင့်တကွဖြစ်သော ချမ်းသာခြင်း'သာမိသသုခ'နှင့် ကိလေသာဟူသော အာမိသကင်းသော ချမ်းသာခြင်း'နိရာမိသသုခ'။

အရိယာပုဂ္ဂိုလ်တို့၏ ချမ်းသာခြင်း 'အရိယသုခ'နှင့် အရိယာမဟုတ်သူတို့၏ ချမ်းသာခြင်း'အနရိယသုခ'။

---

၁။ အဇ္ဈတ္တံ အဝူပသန္တံ ဟောတီတိ သဗ္ဗမေတံ နိယကဇ္ဈတ္တသင်္ခါတေ အတ္တနော စိတ္တေ စ သန္ဒိဟိတပရိကန္တေဝါသိက သင်္ခါတာယ အတ္တနော ပရိသာယ စ အဝူပသန္တံ ဟောတိ- အဋ္ဌကထာ၊ မိမိစိတ် မိမိပရိသတ် အတွင်း၌ ဟု ဆိုလိုပါသည်။

ကိုယ်၌ဖြစ်သော ချမ်းသာခြင်း 'ကာယိကသုခ'နှင့် စိတ်၌ဖြစ်သောချမ်းသာခြင်း 'စေတသိကသုခ'။

နစ်သိမ့်မှု ပီတိနှင့်တကွ ဖြစ်သော ချမ်းသာခြင်း 'သပ္ပီတိကသုခ' နှင့် နှစ်သိမ့်မှု ပီတိကင်းသော ချမ်းသာခြင်း 'နိပ္ပီတိကသုခ'။[၂]

သာယာအပ်သော ချမ်းသာခြင်း 'သာတသုခ'နှင့် ဥပေက္ခာဝေဒနာ ဟူသော ချမ်းသာခြင်း 'ဥပေက္ခာသုခ'။[၃]

စိတ်တည်ကြည်မှုကို မရ၍ ဖြစ်သော ချမ်းသာခြင်း 'သမာဓိသုခ' နှင့်စိတ်တည်ကြည်မှုနှင့် ကင်းသော ချမ်းသာခြင်း 'အသမာဓိသုခ'။

ပီတိနှင့်တကွ ဖြစ်သည့် ဈာန်လျှင် အာရုံရှိသော ချမ်းသာခြင်း 'သပီတိကာရမ္မဏသုခ'နှင့် ပီတိကင်းသည့် ဈာန်လျှင် အာရုံရှိသော ချမ်းသာခြင်း 'နိပ္ပီတိကာရမ္မဏသုခ'။

သာယာအပ်သော ဈာန်လျှင် အာရုံရှိသော ချမ်းသာခြင်း 'သာတာရမ္မဏသုခ'နှင့် ဥပေက္ခာ ဝေဒနာနှင့်တကွဖြစ်သည့်ဈာန်လျှင် အာရုံရှိသော ချမ်းသာခြင်း 'ဥပေက္ခာရမ္မဏသုခ'။

ရုပ်လျှင်အာရုံရှိသော ချမ်းသာခြင်း 'ရူပါရမ္မဏသုခ'နှင့်နာမ်လျှင် အာရုံရှိသော ချမ်းသာခြင်း 'အရူပါရမ္မဏသုခ'။

ဟူ၍ ချမ်းသာခြင်း အမျိုးမျိုးရှိသည်။ ယင်းတို့တွင် ရှေးရှေးဖြစ်သော ချမ်းသာခြင်းတို့သည်နောက်နောင် ဖြစ်သော ချမ်းသာခြင်းတို့ထက် သာလွန်ကုန်၏ဟု ဟောကြားပါသည်။ (ဂိဟိသုခထက် ပဗ္ဗဇိတသုခက သာလွန်သည် ရူပါရမ္မဏသုခထက် အရူပါရမ္မဏသုခက သာလွန်သည်ဟု ဆိုလိုပါသည်။)

---

၁။ ကာယိကန္တိ ကာယဝိညာဏသဟဇာတံ၊ စေတသိကန္တိ မနောဒွါရိကသုခံ (အဋ္ဌကထာ)

၂။ ပထမဈာန်၊ ဒုတိယဈာန်တို့၌ရှိသော ချမ်းသာခြင်းသည် သပ္ပီတိကသုခ တတိယဈာန် စတုတ္ထဈာန်တို့၌ရှိသော ချမ်းသာခြင်းသည် နိပ္ပီတိက သုခဖြစ်၏ဟု ဖွင့်ပါသည်။

၃။ ပထမ၊ ဒုတိယ၊ တတိယဈာန်တို့၌ရှိသော ချမ်းသာခြင်းသည် သာတ သုခ၊ စတုတ္ထဈာန်၌ရှိသော ချမ်းသာခြင်းသည် ဥပေက္ခာသုခဖြစ်၏ဟု ဖွင့်ပါသည်။

# ၈။ သန္နိမိတ္တဝဂ်

## ၁။ ပဌမသုတ္တာဒိ

### အကြောင်းနှင့်တကွဖြစ်သော တရားများ

၇၀-၇၃။ ပဌမသုတ်၌ ရဟန်းတို့၊ အကုသိုလ် တရားဆိုးတို့သည် အကြောင်းနှင့်တကွ ဖြစ်ပေါ်ကုန်၏၊ အကြောင်းကင်းလျက် မဖြစ်ပေါ်ကုန်၊ ထိုအကြောင်းတရားကို ပယ်ခြင်းကြောင့် ထိုအကုသိုလ် တရားဆိုးတို့သည် မဖြစ်တော့ကုန်ဟု ဟောပါသည်။

ဒုတိယမှ ဆဋ္ဌထိ သုတ်တို့၌ အကြောင်းတရားကိုပင် နိမိတ္တ၊ နိဒါန၊ ဟေတု၊ သင်္ခါရ၊ ပစ္စယ၊ ရူပ ဟူသော အနက်တူပုဒ်များဖြင့် ပြောင်းလဲ၍ ဟောကြားထားပါသည်။

## ၇။ သတ္တမသုတ္တာဒိ

### အကုသိုလ်နှင့်ယှဉ်ဖက် တရားများ

၇၄-၇၆။ သတ္တမ၊ အဋ္ဌမ၊ နဝမသုတ်တို့၌ အကုသိုလ် တရားဆိုးတို့သည် ယှဉ်ဖက်(သမ္ပယုတ်)ဖြစ်သော ဝေဒနာ၊ သညာ ဝိညာဏ်တို့နှင့် တကွ ဖြစ်ကုန်၏။ ယင်းတို့နှင့် ကင်း၍ မဖြစ်ကုန်၊ ယင်းတို့ကို ပယ်ခြင်းကြောင့် (ယင်းတို့ကို ပယ်နိုင်လျှင်) အကုသိုလ် တရားဆိုးတို့ မဖြစ်ပေါ်တော့ကုန်ဟု ဟောကြားပါသည်။

## ၁၀။ ဒသမသုတ်

### အကုသိုလ်နှင့် သင်္ခတတရားများ

၇၇။ ရဟန်းတို့၊ အကုသိုလ် တရားဆိုးတို့သည် သင်္ခတတရားလျှင် အာရုံရှိကုန်သည် ဖြစ်၍ ဖြစ်ပေါ်ကုန်၏။ အသင်္ခတ တရားလျှင် အာရုံရှိကုန်သည် ဖြစ်၍ မဖြစ်ပေါ်ကုန်။ ထိုသင်္ခတ တရားကို ပယ်ခြင်းကြောင့် (ပယ်သည်နှင့် တစ်ပြိုင်နက်)အကုသိုလ် တရားဆိုးတို့သည် မဖြစ်ပေါ်တော့ကုန်ဟု ဟောကြားသည်။

## ၉။ ဓမ္မဝင်္ဂ

### ပဌမသုတ္တာဒိ

### စုံတွဲတရားများ

၈၈-၉၈။ ဓမ္မဝဂ်ပါ သုတ်(၁၁)သုတ်တို့၌-

(၁) စိတ်၏ ကိလေသာတို့မှ လွတ်ခြင်း 'စေတောဝိမုတ္တိ' နှင့် ပညာဖြင့် ကိလေသာတို့မှ လွတ်ခြင်း'ပညာဝိမုတ္တိ'။

(၂) ယှဉ်ဖက်တရားတို့အား ချီးမြှောက်ခြင်း 'ပဂ္ဂါဟ'နှင့် စိတ်မပျံ့လွင့်ခြင်း 'အဝိက္ခေပ'။

(၃) အာရုံသို့ ညွတ်တတ်သော နာမ်တရားနှင့် ဖောက်ပြန်တတ်သော ရုပ်တရား။

(၄) နိဗ္ဗာန်ကို သိမြင်တတ်သော ဖိုလ်ဉာဏ်ဟူသော ဝိဇ္ဇာနှင့်ထိုဖိုလ်ဉာဏ်နှင့်ယှဉ်သော တရားအပေါင်းဟူသော ဝိမုတ္တိ။

(၅) အတ္တနှင့် လောကသည် မပြတ်မစဲ အမြဲတည်၏ဟု ယူသော သဿတဒိဋ္ဌိနှင့် မဟုတ်မမြဲ ပြတ်စဲ၏ဟုယူသော ဥစ္ဆေဒဒိဋ္ဌိ။

(၆) မကောင်းမှုမှ မရှက်ခြင်း 'အဟိရိက'နှင့် မကောင်းမှုမှ မလန့်ခြင်း အနောတ္တပ္ပ'။

(၇) မကောင်းမှုမှရှက်ခြင်း 'ဟိရိ'နှင့် မကောင်းမှုမှ လန့်ခြင်း 'ဩတ္တပ္ပ'

(၈) ဆိုဆုံးမခက်ခြင်း'ဒေါဝစဿတာ'နှင့် မိတ်ဆွေယုတ်ရှိခြင်း 'ပါပမိတ္တတာ'။

(၉) ဆိုဆုံးမလွယ်ခြင်း 'သောဝစဿတာ'နှင့် မိတ်ဆွေကောင်းရှိခြင်း 'လျာဏမိတ္တတာ'။

(၁၀) ဓာတ်သဘော၌လိမ္မာခြင်း 'ဓာတုကုသလတာ'နှင့် နှလုံးသွင်းမှု၌ လိမ္မာခြင်း 'မနသိကာရကုသလတာ'။

(၁၁) အာပတ်၌လိမ္မာခြင်း 'အာပတ္တိကုသလတာ'နှင့် အာပတ်ထမှု၌ လိမ္မာခြင်း 'အာပတ္တိဝုဋ္ဌာနကုသလတာ'-ဟူသော တရားစုံတွဲများကို ဟောကြားပါသည်။

# ၁၀ ဗာလဝဂ်

## ပဌမသုတ္တာဒိ

### လူမိုက်နှစ်မျိုးနှင့် လူလိမ္မာနှစ်မျိုး

၉၉-၁၀၀။ ပဌမမှ ဒသမထိ (၁၀) သုတ်တို့၌—

(၁) မိမိသို့ မကျရောက်သော တာဝန်ကို ထမ်းဆောင် သူနှင့် မိမိသို့ ကျရောက်သော တာဝန်ကို မထမ်းဆောင် သူတို့သည် လူမိုက်များဖြစ်သည်။

(၂) မိမိသို့ မကျရောက်သော တာဝန်ကို မထမ်းဆောင်သူနှင့် မိမိသို့ ကျရောက်သော တာဝန်ကို ထမ်းဆောင်သူတို့သည် လူလိမ္မာများ ဖြစ်သည်။

(၃) မအပ်စပ်သောအရာ၌ အပ်စပ်၏ဟု အမှတ်ရှိသူနှင့် အပ်စပ်သော အရာ၌ မအပ်စပ်ဟု အမှတ် ရှိသူ တို့သည် လူမိုက်များ ဖြစ်သည်။

(၄) မအပ်စပ်သော အရာ၌ မအပ်စပ်ဟု အမှတ် ရှိသူနှင့် အပ်စပ်သော အရာ၌ အပ်စပ်၏ဟု အမှတ်ရှိသူ တို့သည် လူလိမ္မာများ ဖြစ်သည်။

(၅) အာပတ် မဟုတ်သည်၌ အာပတ်ဟု အမှတ် ရှိသူနှင့် အာပတ်ဟုတ်သည်၌ အာပတ်မဟုတ်ဟု အမှတ် ရှိသူတို့သည် လူမိုက်များ ဖြစ်သည်။

(၆) အာပတ် မဟုတ်သည်၌ အာပတ် မဟုတ်ဟု အမှတ် ရှိသူနှင့် အာပတ် ဟုတ်သည်၌ အာပတ်ဟု အမှတ်ရှိသူ တို့သည် လူလိမ္မာများ ဖြစ်သည်။

(၇) မဓမ္မ၌ ဓမ္မဟု အမှတ် ရှိသူနှင့် ဓမ္မ၌ အဓမ္မဟု အမှတ် ရှိသူတို့သည် လူမိုက်များ ဖြစ်သည်။

(၈) မဓမ္မ၌ ဓမ္မဟု အမှတ်ရှိသူနှင့် အဓမ္မ၌ အဓမ္မဟုအမှတ်ရှိသူတို့သည် လူလိမ္မာများ ဖြစ်သည်။

(၉) ဝိနည်း မဟုတ်သည်၌ ဝိနည်းဟု အမှတ်ရှိသူနှင့် ဝိနည်း၌ ဝိနည်းမဟုတ်ဟု အမှတ်ရှိသူ တို့သည် လူမိုက် များ ဖြစ်သည်။

(၁၀) ဝိနည်း မဟုတ်သည်၌ ဝိနည်း မဟုတ်ဟု အမှတ် ရှိသူနှင့် ဝိနည်း၌ ဝိနည်းဟု အမှတ် ရှိသူတို့သည် လူလိမ္မာများဖြစ်သည်ဟု ဟောကြားပါသည်။

## ၁၁။ ကောဒသမသုတ်

### အာသဝ တိုးပွားသူနှင့် မတိုးပွားသူ

၁၀၉။ ကောဒသမသုတ်၌-

ကုက္ကုစ္စ [တွေးတော ယုံမှားမှု] မရှိသင့်သောအရာ၌ ကုက္ကုစ္စရှိသူနှင့် ကုက္ကုစ္စရှိသင့်သော အရာ၌ ကုက္ကုစ္စ မရှိသူတို့အား အာသဝတရားတို့သည် တိုးပွားကုန်၏။

ကုက္ကုစ္စ မရှိသင့်သော အရာ၌ ကုက္ကုစ္စမရှိသူနှင့် ကုက္ကုစ္စ ရှိသင့်သော အရာ၌ ကုက္ကုစ္စရှိသူတို့အား အာသဝ တရားတို့သည် မတိုးပွားကုန်ဟု ဟောပါသည်။

၁၁၀-- ၁၁၁။ ဒွါဒသမသုတ်မှ ဝီသတိမထိ သုတ်တို့၌ မအပ်သော အရာ၌ အပ်၏ဟု အမှတ်ရှိသူ၊ အာပတ် မဟုတ်သည်၌ အာပတ်ဟု အမှတ်ရှိသူ စသည်တို့အား အာသဝ တိုးပွားပုံကို အထက်သုတ် နည်းတူ ဟောပါသည်။

## ၁၁။ အာသာ ဒုပ္ပဇဟဝဂ်

## ၁။ အာသာသုတ်

### ဖြေဖျောက်နိုင်ခဲသော အာသာနှစ်မျိုး

၁၁၉။ လာဘ်၌တပ်မက်ခြင်း အာသာနှင့် အသက်၌တပ်မက်ခြင်း အာသာတို့သည် ဖြေဖျောက်နိုင်ခဲသော အာသာများ ဖြစ်သည်ဟု ဟောကြားပါသည်။

## ၂-၃။ ဒုလ္လဘ သုတ်များ

### ရခဲသော ပုဂ္ဂိုလ်နှစ်မျိုး

၁၂၀-၁၂၁။ ရှေးဦးစွာ ကျေးဇူးပြုတတ်သော ပုဂ္ဂိုလ်နှင့် ပြုဖူးသော ကျေးဇူးကိုသိ၍ ကျေးဇူးတုံ့ပြန်တတ်သော ပုဂ္ဂိုလ်၊

တရားသဖြင့် ရောင့်ရဲကျေနပ်လွယ်သော ပုဂ္ဂိုလ်နှင့် သူတစ်ပါးကို တရားဖြင့် ရောင့်ရဲ ကျေနပ်စေနိုင်သော ပုဂ္ဂိုလ်တို့သည် လောက၌ ရခဲသော ပုဂ္ဂိုလ်များ ဖြစ်သည်ဟု ဟောကြားပါသည်။

## ၄-၅။ တပ္ပယသုတ်

### ရောင့်ရဲစေရန် ခက်သူနှင့်လွယ်သူ

၁၂၂-၁၂၃။ ရတိုင်းရတိုင်းသော ပစ္စည်းကို မသုံးမစား သိမ်းဆည်း၍ ထားသူနှင့် ရတိုင်းရတိုင်းသော ပစ္စည်းကို သူတစ်ပါး တို့အား ပေးစွန့်ပစ်သူတို့သည် နှစ်သိမ့် ရောင့်ရဲစေရန် မလွယ်သူများ ဖြစ်သည်။

ရတိုင်းရတိုင်းသော ပစ္စည်းကို သိမ်းဆည်း၍ မထားသူနှင့်ရတိုင်းရတိုင်းသောပစ္စည်းကို သူတစ်ပါးတို့အား ပေးစွန့်၍ မပစ်သောသူတို့သည် နှစ်သိမ့်ရောင့်ရဲစေရန် လွယ်သူများ ဖြစ်၏ဟု ဟောကြားပါသည်။

## ၆-၇။ ဥပ္ပါဒသုတ်များ

### ရာဂဒေါသ ဖြစ်ပေါ်ကြောင်း တရားနှစ်ပါး

၁၂၄-၁၂၅။ တင့်တယ်သော အာရုံ 'သုဘနိမိတ်' နှင့် မသင့်သောအားဖြင့် နှလုံးသွင်းခြင်း 'အယောနိသော မနသိကာရ' တို့သည် ရာဂ ဖြစ်ပေါ်ခြင်း၏ အကြောင်းများ ဖြစ်သည်။

စိတ်မကျေနပ်ဖွယ် အာရုံ 'ပဋိဃနိမိတ်နှင့်' မသင့်သော အားဖြင့် နှလုံးသွင်းခြင်း 'အယောနိသော မနသိကာရ' တို့သည် ဒေါသ ဖြစ်ပေါ်ခြင်း၏ အကြောင်းများဖြစ်သည်ဟု ဟောကြားပါသည်။

## ၈-၉။ ဒိဋ္ဌိသုတ်များ

### မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ ဖြစ်ပေါ်ကြောင်း နှစ်ပါး

၁၂၆-၁၂၇။ သူတစ်ပါးတို့ထံမှ မသူတော်တရားကို ကြားနာရခြင်းနှင့် [၁] မသင့်သောအားဖြင့် နှလုံးသွင်းခြင်းတို့သည် မိစ္ဆာဒိဋ္ဌိ ဖြစ်ပေါ်ခြင်း၏ အကြောင်းများ ဖြစ်၏။

သူတစ်ပါးတို့ထံမှ သူတော်ကောင်း တရားကို ကြားနာရခြင်းနှင့် [၂] သင့်သောအားဖြင့် နှလုံးသွင်းခြင်း တို့သည် သမ္မာဒိဋ္ဌိ ဖြစ်ပေါ် ခြင်း၏ အကြောင်းများ ဖြစ်၏ဟု ဟောကြားပါသည်။

## ၁၀-၁၂။ အာပတ္တိသုတ်များ

### အာပတ်နှစ်မျိုးစီကို ဟောခြင်း

၁၂၈-၁၃၀။ ပေါ့သော ‘လဟုက’ အာပတ်နှင့် လေးသော ‘ဂရုက’ အာပတ်။

ရုန့်ရင်းသော ‘ဒုဋ္ဌုလ္လ’ အာပတ်နှင့် မရုန့်ရင်းသော ‘အဒုဋ္ဌုလ္လ’ အာပတ်။

သီလသိက္ခာအကြွင်းရှိသော ‘သာဝသေသ’ အာပတ်နှင့် သီလသိက္ခာ အကြွင်းမရှိသော ‘အနဝသေသ’ အာပတ်။ [၃]

ဟူ၍အာပတ်နှစ်မျိုးရှိကြောင်း ဟောကြားပါသည်။

# ၁၂။ အာယာစနဝဂ်

## ၁-၂။ အာယာစနသုတ်များ

### တောင့်တလိုက်သော ပုဂ္ဂိုလ်နှစ်ပါး

၁၃၁။ ရဟန်းတို့၊ သဒ္ဓါတရားရှိသော ရဟန်းသည် ကောင်းစွာ တောင့်တလိုသည် ရှိသော် ‘ငါသည် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့

---

၁ ပရတော ဃောသောတိ ပရဿ သန္တိကာ အဿဒ္ဓမ္မဿဝနံ၊ (အဋ္ဌကထာ)။

၂။ ပရတော ဃောသောတိ ပရဿ သန္တိကာ သဒ္ဓမ္မဿဝနံ [အဋ္ဌကထာ]

၃။ ပါရာဇိကအာပတ်သို့ ရောက်သူမှာ ရဟန်းသီလ၊ ရဟန်းသိက္ခာ ဘာမှ မကျန်ရှိတော့ပါ။ ထို့ကြောင့် ပါရာဇိက အာပတ်သည် သီလသိက္ခာ အကြွင်းမရှိသော အာပတ်မည်၏။ သံဃာဒိသိသ် အာပတ် စသည်တို့ ကား သီလသိက္ခာ အကြွင်းမရှိသော အာပတ်မည်၏။

ကဲ့သို့ (ပညာကြီးသူ၊ တန်ခိုးကြီးသူ) ဖြစ်ရပါလို၏''ဟု တောင့်တရာ၏။ ရဟန်းတို့ ငါ၏တပည့်ဖြစ်သော ရဟန်းတို့တွင်သာရိပုတ္တရာနှင့်မောဂ္ဂလ္လာန်တို့သည် ချိန်စက်စံထားထိုက်သော ပုဂ္ဂိုလ်များဖြစ်၏ဟု ဟောကြားပါသည်။

၁၃၂ ၁၃၄။ သဒ္ဓါတရားရှိသော ဘိက္ခုနီသည် ခေမာနှင့် ဥပ္ပလဝဏ်တို့ ကဲ့သို့ ဖြစ်ရန် လည်းကောင်း၊[၁]

သဒ္ဓါ တရားရှိသော ဥပါသကာသည် စိတ္တသူကြွယ်နှင့် ဟတ္ထက အာဠဝကကိုကဲ့သို့ဖြစ်ရန် လည်းကောင်း၊[၂]

သဒ္ဓါတရားရှိသော ဥပါသိကာမသည်ခုဇ္ဇုတ္တရာနှင့်ဝေဠုကဏ္ဍကီ မြို့သူ နန္ဒမာတာ ကဲ့သို့ ဖြစ်ရန် လည်းကောင်း တောင့်တ သင့်ကြောင်း အထက်သုတ် နည်းတူ ဟောကြားပါသည်။[၃]

## ၅။ ခတသုတ်

### တူးဖြို့အပ်သော ကိုယ်ကိုဆောင်သူ၏ အင်္ဂါနှစ်ပါး

၁၃၅။ ရဟန်းတို့ နှစ်ပါးသော တရားတို့နှင့်ပြည့်စုံသည့်မလိမ္မာသော သူယုတ်သည် တူးဖြို့ ဖျက်ဆီးအပ်သော မိမိကိုယ်ကို ဆောင်၏။[၄] အပြစ်ရှိသူ၊ ပညာရှိတို့ ကဲ့ရဲ့အပ်သူဖြစ်၏၊ များစွာသော မကောင်းမှုကို လည်းပွားစေ၏။ အဘယ်တရား နှစ်ပါးနည်းဆိုသော် ဉာဏ်ဖြင့် မစူးစမ်း မသက်ဝင်မူ၍ မချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်း၊ ချီးမွမ်းထိုက်သူကို ကဲ့ရဲ့ခြင်းတို့ဖြစ်၏။

ရဟန်းတို့၊ နှစ်ပါးသော တရားတို့နှင့် ပြည့်စုံသည့်ပညာရှိသော သူတော်ကောင်းသည် မတူးဖြို့ မဖျက်ဆီးအပ်သော မိမိကိုယ်ကို ဆောင်၏။

---

၁။ ဘိက္ခုနီတို့တွင် ခေမာသည် ပညာအကြီးဆုံး၊ ဥပ္ပလဝဏ်သည် တန်ခိုးအကြီးဆုံး ဖြစ်၏။

၂။ ဥပါသကာတို့တွင် စိတ္တသည် ပညာအကြီးဆုံး၊ ဟတ္ထကသည် တန်ခိုးအကြီးဆုံးဖြစ်၏။

၃။ ဥပါသိကာမတို့တွင် ခုဇ္ဇုတ္တရာသည် ပညာအကြီးဆုံး၊ နန္ဒမာတာသည် တန်ခိုးအကြီးဆုံး ဖြစ်၏ဟု ဆိုလိုပါသည်။

၄။ ခတံ ဥပဟတံ အတ္တာနံ ပရိဟရတိ= အကျင့်သီလ လုံးဝ ပျက်စီး၍ အချည်းနှီးသော ကိုယ်ခန္ဓာကို ဆောင်ထားသူ ဖြစ်၏ဟု ဆိုလိုပါသည်၊

အပြစ်မရှိသူ ပညာရှိတို့ ကဲ့ရဲ့ အပ်သူလည်း ဖြစ်၏။ များစွာသော ကောင်းမှုကိုလည်း ပွားစေ၏။ အဘယ်တရားနှစ်ပါးနည်းဆိုသော် ဥဘတော ဖြင့်စူးစမ်းဆင်ခြင်၍ကဲ့ရဲ့ထိုက်သူကိုကဲ့ရဲ့ခြင်း၊ ချီးမွမ်းထိုက်သူကိုချီးမွမ်းခြင်းတို့ ဖြစ်၏ဟု ဟောပါသည်။

၁၃၆။ ဒုတိယခတသုတ်၌ မကြည်ညိုသင့်သော အရာ၌ ကြည်ညိုမှုကို ဖြစ်စေသူ ကြည်ညိုသင့်သော အရာ၌ မကြည်ညိုမှုကို ဖြစ်စေသူ သည် တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို ဆောင်သူဖြစ်သည်။ မကြည်ညိုသင့်သော အရာ၌ မကြည်ညိုမှုကို ဖြစ်စေသူ၊ ကြည်ညိုသင့်သော အရာ၌ ကြည်ညိုမှုကို ဖြစ်စေသူသည် မတူးဖြို မဖျက်ဆီးအပ်သော မိမိ ကိုယ်ကို ဆောင်သူ ဖြစ်သည်ဟု ဟောကြားသည်။

၁၃၇။ တတိယ ခတသုတ်၌ မိခင်နှင့် ဖခင်တို့၌ မကောင်းသဖြင့် ကျင့်သူသည် တူးဖြိုဖျက်ဆီး အပ်သော မိမိကိုယ်ကို ဆောင်သူ ဖြစ်၏ဟု ဟောပါသည်။

၁၃၈။ စတုတ္ထ ခတသုတ်၌ မြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ ထပည့်သာဝကတို့အပေါ်၌ မကောင်းသဖြင့် ကျင့်သူသည် တူးဖြိုဖျက်ဆီး အပ်သော မိမိကိုယ်ကို ဆောင်သူဖြစ်၏ဟု ဟောပါသည်။

၁၃၉-၁၄၁။ နဝမ၊ ဒသမနှင့် ဧကာဒသမသုတ်တို့၌-

မိမိစိတ်ကို ဖြူစင်စေခြင်းနှင့် တစ်စုံ တစ်ခုကိုမျှ မစွဲလမ်းခြင်း။

အမျက်ထွက်ခြင်းနှင့် ရန်ငြိုးဖွဲ့ခြင်း။

အမျက်ကို ဖြေဖျောက်ခြင်းနှင့် ရန်ငြိုးကို ဖြေဖျောက်ခြင်း ဟူသော စုံတွဲတရားများကို ဟောပါသည်။

## ၁၃။ ဒါနဝဂ်

### ၁။ ပထမသုတ်

#### ဒါနနှစ်မျိုး

၁၄၂။ ပစ္စည်းကို ပေးလှူခြင်း အာမိသဒါနနှင့် တရားကိုပေးလှူခြင်း ဓမ္မဒါနဟူ၍ ဒါနနှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် ဓမ္မဒါနက ပို၍ မြတ်၏ဟု ဟောကြားပါသည်။

၁၄၃-၁၅၁။ ဒုတိယသုတ် စသည်တို့၌ ပူဇော်ခြင်း ယာဂ၊ စွန့်လွှတ်ခြင်းစာဂ၊ စွန့်ကြဲခြင်း ပရိစ္စာဂ၊ သုံးဆောင်ခြင်း ဘောဂ၊ ခွဲခြမ်းဝေဖန်ခြင်း သံဝိဘာဂ၊ ထောက်ပံ့ခြင်း သင်္ဂဟ၊ ချီးမြှောက်ခြင်း အနုဂ္ဂဟ၊ စောင့်ရှောက်ခြင်း အနုကမ္ပာ တို့သည်လည်း အာမိသယာဂ၊ ဓမ္မယာဂ စသည်ဖြင့် နှစ်ပါးစီ ရှိကြောင်း ဟောကြားပါသည်။

(အာမိသယာဂ- ပစ္စည်းဖြင့် ပူဇော်ခြင်း၊ ဓမ္မယာဂ- တရားဖြင့် ပူဇော်ခြင်း၊ အာမိသစာဂ-ပစ္စည်းကို စွန့်ခြင်း၊ ဓမ္မစာဂ- တရားကို စွန့်ခြင်း၊ အာမိသသင်္ဂဟ ပစ္စည်းဖြင့် ထောက်ပံ့ခြင်း၊ ဓမ္မသင်္ဂဟ-တရားဖြင့် ထောက်ပံ့ခြင်းစသည်ဖြင့် အဓိပ္ပာယ် ကောက်ယူပါ။)

## ၁၄။ သန္ထာရဝဂ်

### ၁။ ပထမသုတ်

#### အစေ့အစပ်ပြုခြင်း နှစ်မျိုး

၁၅၂။ ပစ္စည်းဖြင့် အစေ့အစပ်ပြုခြင်း 'အာမိသ သန္ထာရ'[1] တရားဖြင့် အစေ့အစပ်ပြုခြင်း 'ဓမ္မသန္ထာရ' ဟူ၍ အစေ့အစပ်ပြုခြင်း နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် ဓမ္မသန္ထာရက သာလွန်ကောင်းမြတ်၏ဟု ဟောကြားပါသည်။

၁၅၃။ ဒုတိယသုတ်၌ 'သန္ထာရ' ဟူသော ပုဒ်ကို 'ပဋိသန္ထာရ' ဟူသော အနက်တူပုဒ်နှင့် ပြောင်းလဲ ဟောခြင်းသာ ထူးပါသည်။

၁၅၄-၁၆၃။ တတိယသုတ် စသည်တို့၌-

ပစ္စည်းကိုရှာမှီးခြင်း၊ တရားကိုရှာမှီးခြင်းဟူ၍ ရှာမှီးခြင်းနှစ်မျိုး၊

ပစ္စည်းဖြင့် ပူဇော်ခြင်း၊ တရားဖြင့် ပူဇော်ခြင်းဟူ၍ ပူဇော်ခြင်း နှစ်မျိုး၊

---

၁။ စတူဟိပစ္စယေဟိ အတ္တနော စ ပရဿ စ အန္တရပဋိစ္ဆာဒန ဝသေန သန္ထရဏံ အာမိသ သန္ထာရော၊ (အဋ္ဌကထာ)။ မိမိနှင့် သူတစ်ပါးတို့ ကြား၌ ကွာဟနေသည့် အပေါက် အကြားကို ပစ္စည်း လေးပါးဖြင့် ဖုံးဖိဆက်စပ်ပေးခြင်းသည် အာမိသ သန္ထာရမည်၏ဟု ဆိုလိုပါသည်။ သန္ထာရမှာ ပဋိသန္ထာရနှင့် အနက်တူပင် ဖြစ်ပါသည်- အစေ့အစပ် ပြုခြင်းဟု မြန်မာပြန်ရှိပါသည်။ တစ်ဦးနှင့် တစ်ဦး ခင်မင်ရင်းနှီးအောင် ပြေပြစ်ပျူငှာစွာ ဆက်ဆံခြင်းပင် ဖြစ်ပါသည်။

ပစ္စည်းဖြင့်ညှော်ဝတ်ပြုခြင်း၊ တရားဖြင့် ညှော်ဝတ်ပြုခြင်းဟူ၍ ညှော်ဝတ်ပြုခြင်း နှစ်မျိုး၊

ပစ္စည်းပြည့်စုံခြင်း၊ တရားပြည့်စုံခြင်းဟူ၍ ပြည့်စုံခြင်း နှစ်မျိုး၊

ပစ္စည်းဖြင့်ကြီးပွားခြင်း၊ တရားဖြင့် ကြီးပွားခြင်းဟူ၍ ကြီးပွားခြင်း နှစ်မျိုး၊

ပစ္စည်းဟူသော ရတနာ တရားဟူသော ရတနာဟူ၍ ရတနာ နှစ်မျိုး၊

ပစ္စည်းဖြင့် ပွားစီးခြင်း၊ တရားဖြင့် ပွားစီးခြင်းဟူ၍ ပွားစီးခြင်း နှစ်မျိုး၊

ပစ္စည်း၏ ပြန့်ပြောခြင်း၊ တရား၏ပြန့်ပြောခြင်းဟူ၍ ပြန့်ပြောခြင်း နှစ်မျိုးရှိ၏ဟု ဟောပါသည်။

## ၁၅။ သမာပတ္တိဝဂ်

### ၁။ ပဌမသုတ္တာဒိ

သမာပတ်၌ လိမ္မာခြင်း စသော တရား စုံတွဲများ

၁၆၄-၁၈၀။ သမာပတ္တိဝဂ်လာ (၁၇) သုတ်၌-

(၁) သမာပတ်၌ လိမ္မာခြင်းနှင့် သမာပတ်မှ ထမှု၌လိမ္မာခြင်း။
(၂) ဖြောင့်မတ်ခြင်း 'အဇ္ဇဝ'နှင့် နူးညံ့ခြင်း 'မဒ္ဒဝ'။
(၃) သည်းခံခြင်း 'ခန္တိ'နှင့် ကောင်းသော အမူ၌ မွေ့လျော်ခြင်း 'သောရစ္စ'။
(၄) နူးညံ့ပြေပြစ်သောစကားရှိခြင်း'သာခလျ'နှင့်အစေ့အစပ်ပြုခြင်း 'ပဋိသန္ထာရ'။
(၅) မညှဉ်းဆဲခြင်း 'အဝိဟိံသာ'နှင့် စင်ကြယ်ခြင်း 'သောစေယျ'။
(၆) ဣန္ဒြေခြောက်ပါးတို့၌မလုံခြုံသော ဝင်ပေါက်ရှိခြင်း 'ဣန္ဒြိယေသု အဂုတ္တဒွါရတာ'နှင့် ဘောဇဉ်၌ အတိုင်းအရှည်ကို မသိခြင်း 'ဘောဇနေ အမတ္တညုတာ'။

(၇) ကြမ်းကြုတ်ခြောက်ပါးတို့၌လုံခြုံသော ဝင်ပေါက်ရှိခြင်း 'ဣန္ဒြိယေသု ဂုတ္တဒွါရတာ' နှင့် ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း 'ဘောဇနေ မတ္တညုတာ'။

(၈) ဆင်ခြင်မှုအား 'ပဋိသင်္ခါနဗလ' နှင့် ပွားများမှုအား 'ဘာဝနာဗလ'။

(၉) သတိအားနှင့် သမာဓိအား။

(၁၀) သမထနှင့် ဝိပဿနာ။

(၁၁) သီလပျက်ခြင်း 'သီလဝိပတ္တိ' နှင့် အယူ ပျက်ခြင်း 'ဒိဋ္ဌိဝိပတ္တိ'။

(၁၂) သီလစင်ကြယ်ခြင်း 'သီလဝိသုဒ္ဓိ' နှင့် အယူ စင်ကြယ်ခြင်း 'ဒိဋ္ဌိဝိသုဒ္ဓိ'။

(၁၃) အယူ စင်ကြယ်ခြင်းနှင့် စင်ကြယ်သော အယူ အားလျော်စွာ အားထုတ်ခြင်း။

(၁၄) ကုသိုလ် တရားတို့၌ မရောင့်ရဲခြင်းနှင့် အားထုတ်မှု၌ နောက် မဆုတ်ခြင်း။

(၁၅) သတိကင်းလွတ်ခြင်းနှင့်ဆင်ခြင်ဉာဏ် သမ္ပဇဉ်မရှိခြင်း၊

(၁၆) သတိရှိခြင်းနှင့် ဆင်ခြင်ဉာဏ် သမ္ပဇဉ် ရှိခြင်းဟူသော **တရားစုံတွဲများကို** ဟောကြားပါသည်။

## ၁။ ကောဓပေယျာလ

အပျက်တွက်ခြင်း ရန်ငြိုးဖွဲ့ခြင်းစသော တရားစုံတွဲများ

၁၈၁။ ပထမသုတ်၌ အမျက်ထွက်ခြင်းကောဓနှင့် ရန်ငြိုး ဖွဲ့ခြင်း ဥပနာဟ။

သူ့ကျေးဇူးကို ချေဖျက်ခြင်း မက္ခနှင့် ဂုဏ်ပြိုင်ပြုခြင်း ပဠာသ။
ငြူစူခြင်း ဣဿာနှင့် ဝန်တိုခြင်း မစ္ဆရိယ။
လှည့်ဖြားခြင်း မာယာနှင့် စဉ်းလဲခြင်း သာဌေယျ။
မရှက်ခြင်း အဟိရိကနှင့် မလန့်ခြင်း အနောတ္တပ္ပ ဟူသောအကုသိုလ် **တရားစုံတွဲများကို** ဟောကြားပါသည်။

၁၈၂။ ဒုတိယသုတ်၌ အမျက်မထွက်ခြင်း၊ ရန်ငြိုးမဖွဲ့ခြင်းစသော ကုသိုလ်တရား စုံတွဲများကို ဟောပါသည်။

၁၈၃–၁၈၄။ တတိယနှင့် စတုတ္ထသုတ်တို့၌ အမျက် ထွက်ခြင်း စသော အကုသိုလ်တရားတို့နှင့် ပြည့်စုံသူသည် ဆင်းရဲစွာ နေရ၏။ အမျက် မထွက်ခြင်းစသော ကုသိုလ်တရားတို့နှင့် ပြည့်စုံသူသည် ချမ်းသာစွာ နေရ၏ဟု ဟောကြားပါသည်။

၁၈၅–၁၈၆။ ပဉ္စမနှင့် ဆဋ္ဌသုတ်တို့၌ အမျက်ထွက်ခြင်း စသော အကုသိုလ် တရား တို့သည် သေက္ခပုဂ္ဂိုလ်အား ဆုတ်ယုတ်မှုကို ဖြစ်စေ၏။ အမျက် မထွက်ခြင်းစသော ကုသိုလ်တရားတို့သည် သေက္ခ ပုဂ္ဂိုလ်အား မဆုတ်ယုတ်မှု (တိုးတက်မှု)ကိုဖြစ်စေ၏ဟု ဟောကြားပါသည်။

၁၈၇–၁၈၈။ သတ္တမနှင့် အဋ္ဌမသုတ်တို့၌အမျက်ထွက်ခြင်းစသော အကုသိုလ်တရားတို့နှင့် ပြည့်စုံသူသည် ပစ်ချသကဲ့သို့ ငရဲသို့ ရောက်ရ၏။ အမျက်မထွက်ခြင်းစသောကုသိုလ်တရားတို့နှင့် ပြည့်စုံသူသည်ပစ်ချသကဲ့သို့ နတ်ပြည် ရောက်ရ၏ဟု ဟောကြားပါသည်။

၁၈၉–၁၉၀။ နဝမနှင့် ဒသမသုတ်တို့၌ အမျက်ထွက်ခြင်းစသော အကုသိုလ်တရားတို့နှင့် ပြည့်စုံသူသည် သေလွန်သောအခါ အပါယ်ငရဲသို့ ရောက်ရ၏။ အမျက်မထွက်ခြင်းစသောကုသိုလ်တရားတို့နှင့် ပြည့်စုံသူသည် သေလွန်သောအခါ နတ်ပြည်သို့ ရောက်ရ၏ဟု ဟောကြားပါသည်။

(ဤကောဓ ပေယျာလမှာ သုတ်ပေါင်း (၅၀) ကို တူရာပေါင်း၍ပြ ထားခြင်း ဖြစ်ပါသည်၊

## ၂။ အကုသလ ပေယျာလ

### အကုသိုလ်တရားနှင့် ကုသိုလ်တရား

၁၉၁–၂၀၀။ အကုသလပေယျာလ၌ အမျက်ထွက်ခြင်း စသော တရားတို့သည် အကုသိုလ်တရား၊ အပြစ်ရှိသော တရား၊ ဆင်းရဲကို ပွားစေ တတ်သောတရား၊ ဆင်းရဲနှင့်ကျ ဖြစ်သော တရား များ ဖြစ်သည်။

အမျက်မထွက်ခြင်းစသော တရားတို့သည် ကုသိုလ်တရား အပြစ်မဲ့ သောတရား၊ ချမ်းသာကို ပွားစေသောတရား၊ဆင်းရဲခြင်းမရှိသောတရား များဖြစ်၏ဟု ဟောကြားပါသည်။

(ဤအကုသလ ပေယျာလမှာလည်း သုတ်ပေါင်း (၅၀)ကို တူရာ ပေါင်း၍ ပြထားခြင်း ဖြစ်ပါသည်။ )

## ၃။ ဝိနယပေယျာလ

### ဝိနည်းပညတ်ခြင်း၏ ရည်ရွယ်ချက်စုတွဲများ

၂၀၁-၂၃၀။ ဝိနယပေယျာလသည်

(၁) သံဃာကောင်းစွာသက်ခံစေရန်နှင့် သံဃာများ၊ ချမ်းသာစွာနေနိုင်စေရန်။

(၂) သိယေမျှသော ပုဂ္ဂိုလ်တို့ကို နှိမ်နင်းရန်နှင့် သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ကို ချမ်းသာစွာနေစေရန်။

(၃) မျက်မှောက်၌ ဖြစ်သော ဒုက္ခတို့ကို ပိတ်ဆို့ရန်နှင့် တမလွန်၌ဖြစ်သော ဒုက္ခတို့ကို တားဆီးရန်။

(၄) မျက်မှောက်၌ ဖြစ်သော ရန်တို့ကို ပိတ်ဆို့ရန်နှင့် တမလွန်၌ဖြစ်သောရန်တို့ကို တားဆီးရန်၊

(၅) မျက်မှောက်၌ဖြစ်သော အပြစ်တို့ကို ပိတ်ဆို့ရန်နှင့် တမလွန်၌ဖြစ်သော အပြစ်တို့ကို တားဆီးရန်၊

(၆) မျက်မှောက်၌ဖြစ်သော ဘေးတို့ကို ပိတ်ဆို့ရန်နှင့် တမလွန်၌ဖြစ်သော ဘေးတို့ကို တားဆီးရန်၊

(၇) မျက်မှောက်၌ဖြစ်သော အကုသိုလ်တို့ကို ပိတ်ဆို့ရန် နှင့် တမလွန်၌ဖြစ်သောအကုသိုလ်တို့ကို တားဆီးရန်၊

(၈) လူတို့ကိုစောင့်ရှောက်ရန်နှင့် အလိုဆိုးရှိသောရဟန်း တို့၏ အသင်းအပင်းတို့ကို ဖြတ်တောက်ရန်၊

(၉) မကြည်ညိုသောသူတို့ ကြည်ညိုစေရန်နှင့် ကြည်ညို ပြီးသောသူတို့ အကြည်အညို ပွားစေရန်၊

(၁၀) သူတော်ကောင်းတရား တည်တံ့ရန်နှင့် ဝိနည်းကို ချီးမြှောက်ရန် ·

ဟူသော အကျိုးထူးတို့ကို ရည်ရွယ်၍ မြတ်စွာဘုရားသည် တပည့် သာဝကတို့အား သိက္ခာပုဒ်များနှင့်ပါတိမောက်ပြခြင်း၊ ပဝါရဏာပြုခြင်း

စသောဝိနည်းကံတို့ကို ပညတ်တော်မူခဲ့ခြင်း ဖြစ်သည်ဟု ဟောကြားပါသည်။

(ဤဝိနယပေယျာလမှာ သုတ်ပေါင်း(၃၀၀) ကို ဇူရာပေါင်း၍ ပြထားခြင်း ဖြစ်ပါသည်။


## ၄။ ရာဂပေယျာလ

### ရာဂကိုပယ်ရန် ပွားရမည့် တရားနှစ်ပါး

၂၃၁-၂၄။ ရာဂပေယျာလ၌ (၁) ရာဂ- တပ်မက်ခြင်း၊ (၂) ဒေါသ-စိတ်ဆိုးစိတ်ပျက်ခြင်း၊ (၃) မောဟ-တွေဝေခြင်း၊ (၄)ကောဓ-အမျက်ထွက်ခြင်း၊(၅)ဥပနာဟ-ရန်ငြိုးဖွဲ့ခြင်း၊(၆)မက္ခ-သူ့ကျေးဇူးကို ချေဖျက်ခြင်း၊(၇)ပဠာသ-တုပြိုင်ခြင်း၊(၈)ဣဿာ-မနာလိုခြင်း၊(၉)မစ္ဆရိယ-ဝန်တိုခြင်း၊(၁၀)မာယာ-လှည့်စားခြင်း၊(၁၁)သာဌေယျ-ကောက်ကျစ်စဉ်းလဲခြင်း၊ (၁၂) ထမ္ဘ-မာကျောခက်ထန်ခြင်း၊ (၁၃)သာရမ္ဘ-သူတစ်ပါးထက်သာလွန်ရန် အားထုတ်ခြင်း၊ (၁၄)မာန-ထောင်လွှားခြင်း (၁၅)အတိမာန-မိမိကိုယ်ကိုအထင်ကြီးလွန်းခြင်း(၁၆)မဒ- မူးယစ်ခြင်း၊ (၁၇)ပမာဒ-ခမေ့လျော့ခြင်းဟူသော အကုသိုလ်တရား၁၇ပါးတို့ကိုအထူးသိရန်၊ပိုင်းခြား၍သိရန်၊ကုန်ခန်းစေရန်၊ပျက်စီးစေရန်၊ ကင်းပျောက်စေရန်၊ချုပ်ငြိမ်းစေရန်၊စွန့်လွှတ်ရန်၊ထပ်ဆင့်စွန့်လွှတ်ရန်အလို့ငှာသမထနှင့်ဝိပဿနာနှစ်ပါးကို ပွားများအပ်၏ဟု ဟောကြားပါသည်။

(ဤရာဂပေယျာလ၌ ဆင်တူသုတ်ပေါင်း (၁၇၀)တို့ကို ချုံး၍ ပြထားပါသည်။)

ဒုကနိပါတ်ပြီး၏။



# တိကနိပါတ်

## သုံးပါးစု တရားများ အပိုင်း

## ၁။ ဗာလဝဂ်

### ၁။ ဘယသုတ်

#### လူမိုက်ကြောင့်ဖြစ်သော ဘေးသုံးမျိုး

၁။ ရဟန်းတို့[1] ဖြစ်ပေါ်လာသော ဘေးဟူသမျှတို့သည် လူမိုက်ကြောင့် ဖြစ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ကုန်။ ဖြစ်ပေါ်လာသော စိတ်ချောက်ချားဖွယ် အန္တရာယ် ဟူသမျှတို့သည် လူမိုက်ကြောင့် ဖြစ်ကုန်၏။ ပညာရှိကြောင့် မဖြစ်ကုန် ဖြစ်ပေါ်လာသောစိတ်ဆင်းရဲဖွယ် နှောင့်ယှက်မှု ဟူသမျှတို့သည် လူမိုက်ကြောင့် ဖြစ်ကုန်၏။ ပညာရှိကြောင့် မဖြစ်ကုန်။

ရဟန်းတို့၊ ကျူမိုးကျူကာ အိမ်မှဖြစ်စေ၊ မြက်မိုး မြက်ကာအိမ်မှ ဖြစ်စေ သောင်စွဲလွင့်ထွက်သော မီးသည် အတွင်းအပြင် အင်္ဂတေ လိမ်းကျံအပ်သော လေစေ့စပ်သော တံခါးပေါင် တံခါးရွက် ရှိသော၊ လုံသော လေသာပြတင်းပေါက်ရှိသော အထွတ်တင်ထားသည့် အိမ်ကြီး အိမ်ကောင်းတို့ကိုလည်း လောင်ကျွမ်းသကဲ့သို့၊ ထို့အတူပင် ဖြစ်ပေါ်လာသော ဘေးဟူသမျှတို့သည် လူမိုက်ကြောင့် ဖြစ်ကုန်၏။

ရဟန်းတို့၊ ဤသို့လျှင် လူမိုက်သည် ဘေးရှိသူ ဖြစ်၏၊ ပညာရှိသည်ဘေးကင်းသူ ဖြစ်၏။ လူမိုက်သည်အန္တရာယ်ရှိသူ ဖြစ်၏၊ ပညာရှိ

---

၁။ ဤအင်္ဂုတ္တရနိကာယ်၌ သုတ်အစကွင် အထူးဖော်ပြထားသော သုတ်အားလုံးသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဟောကြားသော သုတ်များ ဖြစ်သည်ဟု မှတ်ယူပါ။

သည် အန္တရာယ်ကင်းသူ ဖြစ်၏။ လူမိုက်သည် စိတ်ဆင်းရဲဖွယ် နှောင့်ယှက်မှု ရှိသူဖြစ်၏။ ပညာရှိသည် စိတ်ဆင်းရဲဖွယ် နှောင့်ယှက်မှု ကင်းသူဖြစ်၏။

ရဟန်းတို့၊ ပညာရှိကြောင့် ဘေးဖြစ်ပေါ်ခြင်း မရှိ၊ စိတ်ချောက်ချားမှု၊ စိတ်ဆင်းရဲမှုများ ဖြစ်ပေါ်ခြင်းမရှိ၊ ရဟန်းတို့၊ ထို့ကြောင့် ဤသာသနာ၌ သင်တို့သည် လူမိုက်ဟု သိကြောင်း တရားသုံးမျိုးကို ရှောင်ပြီး ပညာရှိဟုသိကြောင်းတရား သုံးမျိုးကို ဆောက်တည်၍ ကျင့်ကုန်အံ့ဟူ၍ အားထုတ်အပ်ဟု ဟောကြားပါသည်။

## ၂။ လက္ခဏသုတ်

### လူမိုက်လက္ခဏာသုံးပါးနှင့် ပညာရှိလက္ခဏာသုံးပါး

၂။ လူမိုက်သည် လည်းကောင်း၊ ပညာရှိသည် လည်းကောင်း၊ မိမိပြုအပ်သော အလုပ်လျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ ပညာမည်သည် သတ္တဝါတို့၏ ပြုအမူ အားဖြင့်သာ ထင်ရှား၏။[၁] မကောင်းသော ကိုယ်အကျင့် 'ကာယဒုစရိုက်'၊ မကောင်းသော နှုတ်အကျင့် 'ဝစီဒုစရိုက်'၊ မကောင်းသော စိတ်အကျင့် 'မနောဒုစရိုက်' ဟူသော တရားသုံးပါးနှင့် ပြည့်စုံသူကို လူမိုက်ဟူ၍ သိရမည်။

ကောင်းသော ကိုယ်အကျင့် 'ကာယသုစရိုက်'၊ ကောင်းသော နှုတ်အကျင့် 'ဝစီသုစရိုက်'၊ ကောင်းသော စိတ်အကျင့်'မနောသုစရိုက်' ဟူသော တရားသုံးပါးနှင့် ပြည့်စုံသူကို ပညာရှိဟူ သိရမည်။ လူမိုက်ဟု သိကြောင်း တရားသုံးပါးကို ရှောင်ပြီး ပညာရှိဟု သိကြောင်း တရား သုံးပါးကို ဆောက်တည်၍ ကျင့်ရမည်ဟု ဟောပါသည်။

၃။ စိန္တိသုတ်၌ မကောင်းသော အကြံကိုကြံခြင်း၊ မကောင်းသော စကားကို ပြောဆိုခြင်း၊ မကောင်းသောအမှုကို ပြုခြင်းတို့သည် လူမိုက်၏ လူမိုက်ဟု သိမှတ်ကြောင်း လက္ခဏာသုံးပါး ဖြစ်၏။

---

၁။ အပဒါနေ သောဘတိ ပညာတိ ယာ ပညာ နာမ အပဒါနေန သောဘတိ ဗာလာစ ပဏ္ဍိတာစ အတ္တနော အတ္တနော စရိယာဝသေန ပါကဋာ ဟောန္တီတိ အတ္ထော။ (အဋ္ဌကထာ)။ (ပုဒ်နှုတ်အဖွင့်ကို ဋီကာ၌ပါ)

ကောင်းသော အကြံကို ကြံခြင်း၊ ကောင်းသော စကားကိုပြောဆိုခြင်း၊ ကောင်းသော အမှုကို ပြုခြင်းတို့သည် ပညာရှိ၏ ပညာရှိဟု သိမှတ်ကြောင်း လက္ခဏာ သုံးပါးဖြစ်၏ဟု ဟောကြားပါသည်။

၄။ အနယသုတ်၌ မိမိ၏ အပြစ်ကို အပြစ်ဟု မမြင်ခြင်း အပြစ်ကို အပြစ်ဟု မြင်သော်လည်း တရားနှင့်အညီ မကုစားခြင်း၊ သူတစ်ပါးက အပြစ်ကို ဝန်ခံပြောကြားလျှင် တရားနှင့်အညီ လက်မခံခြင်း ဟူသော တရားသုံးပါးနှင့် ပြည့်စုံသူကို လူမိုက်ဟု သိရမည်။

မိမိအပြစ်ကို အပြစ်ဟု မြင်ခြင်း၊ အပြစ်ကို အပြစ်ဟုမြင်ပြီးတရားနှင့်အညီ ကုစားခြင်း၊ သူတစ်ပါးက အပြစ်ကို ဝန်ခံ ပြောကြားလျှင် တရားနှင့်အညီ လက်ခံခြင်းဟူသော တရားသုံးပါးနှင့် ပြည့်စုံသူကို ပညာရှိဟု သိရမည်ဟူ၍ ဟောပါသည်။

၅။ အယောနိသောသုတ်၌ မသင့်သော အားဖြင့် မေးခြင်း၊ မသင့်သောအားဖြင့် ဖြေခြင်း၊ သူတစ်ပါးက ပြည့်စုံသော ပုဒ်ဗျည်းတို့ဖြင့် သင့်လျော်စွာ ဖြေဆိုအပ်သော ပြဿနာကို ဝမ်းမြောက်စွာ မထောက်ခံခြင်း ဟူသော တရားသုံးပါးနှင့် ပြည့်စုံသူကို လူမိုက်ဟု သိရမည်။

သင့်သောအားဖြင့် မေးခြင်း၊ သင့်သောအားဖြင့် ဖြေခြင်း၊ သူတစ်ပါးက ပြည့်စုံသော ပုဒ်ဗျည်းတို့ဖြင့် သင့်လျော်စွာ ဖြေဆိုအပ်သော ပြဿနာကို ဝမ်းမြောက်စွာ ထောက်ခံခြင်း ဟူသော တရားသုံးပါးနှင့် ပြည့်စုံသူကို ပညာရှိဟု သိရမည်ဟု ဟောပါသည်။

၆။ အကုသလသုတ်၌ အကုသိုလ် ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့် ပြည့်စုံသူကို လူမိုက်ဟု သိရမည်။ ကုသိုလ် ကာယကံ၊ ကုသိုလ် ဝစီကံ၊ ကုသိုလ်မနောကံတို့နှင့် ပြည့်စုံသူကိုပညာရှိဟု သိရမည်ဟုဟောပါသည်။

၇။ သာဝဇ္ဇသုတ်၌ အပြစ်ရှိသော ကာယကံ၊ အပြစ်ရှိသော ဝစီကံ အပြစ်ရှိသော မနောကံတို့နှင့် ပြည့်စုံသူကို လူမိုက်ဟု သိရမည်။ အပြစ်ကင်းသော ကံသုံးပါးနှင့် ပြည့်စုံသူကို ပညာရှိဟု သိရမည်ဟု ဟောပါသည်။

၈။ သဗျာဗဇ္ဈသုတ်၌ ဆင်းရဲမှုဖြစ်စေသော[၁] ကံသုံးပါးနှင့်ပြည့်စုံသူကို လူမိုက်ဟု သိရမည်။ ဆင်းရဲမှုမဖြစ်စေသော ကံသုံးပါးနှင့် ပြည့်စုံသူကို ပညာရှိဟု သိရမည်ဟု ဟောပါသည်။

၁။ သဗျာဗဇ္ဈန္တိ ဝ၊ သဒုက္ခံ၊ အတ္တနော ဥပ္ပါဒေတဗ္ဗေန ဒုက္ခေန သဒုက္ခန္တိ အတ္ထော၊ ဒုက္ခသံဝတ္တနကစေတနာဟူ ဟောတိ၊ ဋီကာ ၂-၃၀။

## ၉။ ခတသုတ်

### မိမိကိုယ်ကို တူးဖြိုသူ၏ အင်္ဂါသုံးပါး

၉။ ကာယဒုစရိုက် စသော ဒုစရိုက်သုံးပါးနှင့် ပြည့်စုံသော မလိမ္မာသော၊ မိုက်မဲသော သူယုတ်သည် တူးဖြို ဖျက်ဆီးအပ်သော မိမိကိုယ်ကိုဆောင်၏။ အပြစ်ရှိသူတို့ စွပ်စွဲထိုက်သူလည်း ဖြစ်၏။ များစွာသော မကောင်းမှုကိုလည်းပွားစေ၏။ သုစရိုက် သုံးပါးနှင့် ပြည့်စုံသော ပညာရှိသော လိမ္မာသောသူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကိုဆောင်၏။ အပြစ်ကင်းသူ၊ ပညာရှိတို့ မစွပ်စွဲထိုက်သူ ဖြစ်၏။ များစွာသောကောင်းမှုကိုလည်း ပွားစေ၏ဟု ဟောပါသည်။

## ၁၀။ မလသုတ်

### အညစ်အကြေးသုံးပါးကို မပယ်သူ

၁၀။ သီလမရှိခြင်း၊ ငြူစူခြင်း၊ ဝန်တိုခြင်းဟူသော တရားသုံးပါးနှင့် ပြည့်စုံသူသည် ထိုတရားသုံးပါး တည်းဟူသော အညစ်အကြေးများကို မပယ်ခြင်းကြောင့် မစ်ချလိုက် သကဲ့သို့ ငရဲ၌ဖြစ်ရ၏။

သီလရှိခြင်း၊ မငြူစူခြင်း၊ ဝန်မတိုခြင်းဟူသော တရားသုံးပါးနှင့် ပြည့်စုံသူသည် သီလမရှိခြင်း စသော အညစ်အကြေး သုံးပါးကို ပယ်ခြင်းကြောင့် ပစ်ချသကဲ့သို့ နတ်ပြည်၌ ဖြစ်ရ၏ဟု ဟောပါသည်။

# ၂။ ရထကာရဝဂ်

## ၁။ ဉာတသုတ်

### အင်္ဂါသုံးပါးနှင့်ပြည့်စုံသည့် ထင်ရှားသော ရဟန်း

၁၁။ မသင့်လျော်သော ကာယကံ၌ သူတစ်ပါးတို့အား ဆောက်တည်စေခြင်း၊ မသင့်လျော်သော ဝစီကံ၌ သူတစ်ပါးတို့အား ဆောက်တည်စေခြင်း၊ မသင့်လျော်သော မနောကံ၌ သူတစ်ပါးတို့အား ဆောက်တည်စေခြင်း တူသော တရားသုံးပါးနှင့် ပြည့်စုံသည့်ထင်ရှားသော ရဟန်းတည် လူအများ၏ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ကျင့်သူဖြစ်၏။

သင့်လျော်သော ကာယကံ၌ သူထစ်ပါးတို့အား ဆောက်တည်စေခြင်းစသော တရားသုံးပါးနှင့် ပြည့်စုံသည့် ထင်ရှားသော ရဟန်းသည် လူအများ၏ အကျိုးစီးပွားများခြင်း၊ ချမ်းသာခြင်းငှာ ကျင့်သူ ဖြစ်၏ဟု ဟောပါသည်။

## ၂။ သာရဏီယသုတ်

### သတိရထိုက်သော အရပ်သုံးပါး

၁၂။ အဘိသိက် ခံယူပြီးသော ပြည့်ရှင် မင်းတို့အား အသက်ထက်ဆုံး သတိရထိုက်သော အရပ်သုံးပါးရှိ၏၊ ၎င်းတို့မှာ မွေးဖွားရာ အရပ်၊ ဘိသိက်ခံရာ အရပ်၊ စစ်အောင်ရာ အရပ်တို့ဖြစ်၏။

ထိုနည်းတူပင် ရဟန်းတို့အားလည်း အသက်ထက်ဆုံး သတိရထိုက်သော အရပ်သုံးပါးရှိ၏၊ ၎င်းတို့မှာ ရဟန်းဖြစ်ရာ အရပ်၊ သစ္စာလေးပါးကို သိရာ မြင့်ရာ အရပ်၊ အာသဝေါ ကုန်ခန်းသည့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအရပ်တို့ ဖြစ်၏ဟု ဟောပါသည်။

## ၃။ အာသံသသုတ်

### တောင့်တခြင်း မရှိသူစသော ပုဂ္ဂိုလ်သုံးမျိုး

၁၃။ လောက၌ တောင့်တခြင်း မရှိသူ၊ တောင့်တခြင်း ရှိသူ၊ တောင့်တခြင်း ကင်းပြီးသူ ဟူ၍ ပုဂ္ဂိုလ်သုံးမျိုးရှိ၏။

ထိုသုံးမျိုးတို့တွင် ဒွန်းစဏ္ဍားမျိုး မုဆိုးမျိုးစသော ယုတ်ညံ့သော အမျိုး၌ဖြစ်သူအား၊ "ဤမည်သော မင်းမျိုးကို မင်းအဖြစ် ဘိသိက်သွန်းလိုက်ပြီတဲ့" ဟူသော သတင်းကို ကြားသိစေကာမူ "ငါသည်လည်း ဘယ်အခါ ဘိသိက်သွန်း ခံရပါမည်နည်း" ဟူ၍ တောင့်တခြင်းမဖြစ်၊ ဤပုဂ္ဂိုလ်မျိုးကို တောင့်တခြင်း မရှိသူဟု ဆိုအပ်၏။

အဘိသိက် ခံယူပြီးသော ပြည့်ရှင်မင်း၏ အရွယ် ရောက်ပြီးသော သားကြီးအားတစ်ပါးသော မင်းအဘိသိက်ခံယူသည့်သတင်းကို ကြားသိရသည့်အခါ "ငါသည်လည်း ဘယ်အခါ အဘိသိက်ခံယူ ရပါအံ့နည်း" ဟူ၍ တောင့်တခြင်းဖြစ်၏၊ ဤပုဂ္ဂိုလ်မျိုးကို တောင့်တခြင်း ရှိသူဟူ၍ ဆိုအပ်၏။

မိမိကိုယ်တိုင် အဘိသိက်ခံယူပြီးသော ပြည့်ရှင်မင်းမှာကား တစ်ပါးသော မင်းအဘိသိက် ခံယူသည့်သတင်းကို ကြားသိရငြားသော်လည်း

မည်သို့သော တောင့်တခြင်းမျှ မဖြစ်တော့ချေ။ ဤပုဂ္ဂိုလ်မျိုးကို တောင့်တခြင်း ကင်းပြီးသူဟူ၍ ဆိုအပ်၏။

ထို့အတူပင် ရဟန်းတို့သည်လည်း တောင့်တခြင်းမရှိသူ၊ တောင့်တခြင်း ရှိသူ၊ တောင့်တခြင်း ကင်းပြီးသူဟူ၍ ပုဂ္ဂိုလ်သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် အကျင့်သီလ မရှိသော ရဟန်းသည် တစ်ပါးသော ရဟန်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြောင်း ကြားသိရသော်လည်း "ငါလည်း ဘယ်အခါ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါအံ့နည်း" ဟူ၍ တောင့်တလေ့ မရှိသောကြောင့် တောင့်တခြင်း မရှိသူမည်၏။

အကျင့်သီလနှင့် ပြည့်စုံသော ရဟန်းသည် တစ်ပါးသော ရဟန်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသည့် သတင်းကို ကြားသိလျှင် "ငါလည်း ဘယ်အခါ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါအံ့နည်း" ဟူ၍ တောင့်တလေ့ ရှိသောကြောင့် တောင့်တခြင်း ရှိသူမည်၏။

အာသဝေါ ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည်ကား တစ်ပါးသော ရဟန်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြောင်း သတင်းကို ကြားသိငြားသော်လည်း မည်သို့သော တောင့်တမှုမျှ ဖြစ်ပေါ်ရန် မရှိတော့သောကြောင့် တောင့်တခြင်းကင်းပြီးသူ မည်၏ဟု ကြားကြားပါသည်။

## ၄။ စက္ကဝတ္တိသုတ်

ဂုဏ်သုံးပါး၌ စောင့်ရှောက်ခြင်း

၁၄။ "ရဟန်းတို့၊ တရားမင်းဖြစ်သော စကြဝတေးမင်းသည်လည်း မှီရာမင်း မရှိဘဲ စကြာရတနာကို မလည်စေနိုင်"

ဤသို့ ဗုဒ္ဓက မိန့်ကြားတော်မူသောအခါ ရဟန်းတစ်ပါးက "အရှင်ဘုရား၊ တရားမင်းဖြစ်သော စကြဝတေးမင်း၏ မှီရာမင်းကား အဘယ်သူပါနည်း" ဟု မေးလျှောက်၏။ ထိုအမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူ၏။

"ရဟန်း၊ စကြဝတေးမင်း၏ မှီရာမင်းကား တရားပင်တည်း။ "ရဟန်း၊ ဤလောက၌ စကြဝတေးမင်းသည် တရားကိုသာလျှင် အမှီပြု၍

တရားကိုသာလျှင် အလေး အမြတ်ပြုလျက် အတွင်းလူအပေါင်း[၁] လက်အောက်ခံ မင်းအပေါင်း စစ်သည်ဗိုလ်ပါအပေါင်း နိဂုံးဇနပုဒ်သား ရဟန်း ပုဏ္ဏား' သားငှက်တို့အပေါ်၌ တရားနှင့် လျော်သော စောင့်ရှောက်မှု၊ ကာကွယ်မှု၊ လုံခြုံမှုကို စီစဉ်၏။ ဤသို့စီစဉ်၍ တရားဖြင့်သာလျှင် စကြာ ရတနာကို လည်စေ၏။ ထိုစကြာရတနာကို ဆန့်ကျင်ဘက်လိုလားသည့် တစ်စုံတစ်ယောက်သော လူသားကမျှ တားဆီးခြင်းငှာ မစွမ်းနိုင်ချေ''

ရဟန်းတို့ ထိုနည်းတူပင် တရားမင်းဖြစ်သော မြတ်စွာဘုရားသည်လည်း တရားကိုသာမှီ၍ တရားကိုသာလျှင် အလေးအမြတ်ပြုလျက်တရားကိုသာလျှင် အကြီးအမှူးပြုလျက် ''ဤသို့ သဘောရှိသော ကာယကံမှုကို မှီဝဲအပ်၏။ ဤသို့ သဘောရှိသော ကာယကံမှုကို မမှီဝဲအပ်''ဟူ၍ ကာယကံမှု၌ တရားနှင့်လျော်သော စောင့်ရှောက်မှု၊ ကာကွယ်မှု၊ လုံခြုံမှုကို စီရင်၏။ ထို့အတူ ဝစီကံမှု၊ မနောကံမှုတို့၌လည်း တရားနှင့်လျော်သော စောင့်ရှောက်မှု ကာကွယ်မှု၊ လုံခြုံမှုကိုစီရင်၏။ ဤသို့စီရင်၍ တရားဖြင့်သာလျှင် အမြတ်ဆုံးဖြစ်သော တရားစက်ကို လည်စေ၏။ ထိုတရားစက်ကို ရဟန်းပုဏ္ဏား အစရှိသော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်မျှ တားဆီးခြင်းငှာ မစွမ်းနိုင်ချေဟု ဟောကြားပါသည်။

## ၅။ သစေတနသုတ်

### ကိုယ်နှုတ်စိတ် သုံးပါး၏ အပြစ်များ

၁၅။ ဗုဒ္ဓသည် ဗာရာဏသီမြို့နယ်၊ ဣသိပတန မည်သော မိဂဒါဝုန်တော၌ သီတင်းသုံးစဉ် ရဟန်းတို့အား အောက်ပါ အကြောင်းကို မိန့်ကြားတော်မူ၏။

ရဟန်းတို့၊ ရှေးအခါက သစေတန မည်သော မင်းသည် ဖြစ်ခဲ့၏။ ထိုမင်းသည် ရထားလုပ်သား တစ်ယောက်ကို ခေါ်၍ အချင်းရထားအလုပ်သမား၊ ဤနေ့မှ ခြောက်လ လွန်သောအခါ စစ်ဖြစ်လိမ့်

---

၁။ အဋ္ဌကထာ သံခိတ် ပုဏ္ဏဒါရိနဲ့ဟု ဖွင့်သည်။ သားမယားကို အတွင်းလူဟု ဆိုလိုပါသည်။

မည်။ သင်သည် ငါ့အတွက် ရထားဘီးသစ် တစ်စုံကို ပြုခြင်းငှာ စွမ်းနိုင်မည်လော''ဟု မေး၏။ ရထားအလုပ်သမားက စွမ်းနိုင်ကြောင်းပြောကြားပြီး ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် ရထားဘီး တစ်ဖက်ကို ပြီးမြောက်စေ၏။

ထိုအခါ သစေတနမင်းသည် ရထားလုပ်သားကို ခေါ်၍ ရထားဘီးတစ်စုံပြီးပြီလောဟု မေး၏။ ဘီးတစ်ဖက်သာ ပြီးသေးကြောင်းလျှောက်ထင်သောအခါ ကျန်ဘီးတစ်ဖက်ကို ခြောက်ရက်ဖြင့် ပြီးနိုင်မည်လောဟု မေးမြန်း၏။ ရထားလုပ်သားက ပြီးနိုင်ကြောင်း ဖြေကြားပြီး ခြောက်ရက်အတွင်း၌ ဒုတိယရထားဘီးကို အပြီးလုပ်ကာ မင်းကြီးအား ဆက်သလေသည်။

ထိုအခါ သစေတနမင်းက ခြောက်ရက်လျော့သော ခြောက်လဖြင့် ပြီးသည့် ရထားဘီးနှင့် ခြောက်ရက်ဖြင့်သာပြီးသည့် ရထားဘီးနှစ်ခုတို့သည် မည်သို့ခြားနား သနည်းဟု မေး၏။ ရထားလုပ်သားက''အရှင်မင်းကြီး ယိုဘီးနှစ်ခုတို့၏ ထူးခြားပုံကို ရှုပါလော့''ဟု ဆိုကာ ခြောက်ရက်ဖြင့်ပြီးသည့် ဘီးကို ရှေးဦးစွာ လိမ့်ပြ၏။ ထိုဘီးသည် တွန်းလိမ့်မှုအင်အား အရှိန်ရှိသရွေ့လောက် လိမ့်သွားပြီး ပတ်ပတ်လည်ကာ မြေ၌ လဲကျ၏။ ခြောက်ရက်လျော့သော ခြောက်လဖြင့် ပြီးသည့် ရထားဘီးကို လိမ့်သောအခါ၌ကား ထိုရထားဘီးမှာ တွန်းလိမ့်မှု အင်အား အရှိန်ရှိသလောက် လိမ့်သွားပြီး ဝင်ရိုး၌ စွပ်ထားသကဲ့သို့ မပ်တည်နေ၏။

ဤသို့ ရထားဘီးနှစ်ခု အစွမ်းသတ္တိကွဲပြားရခြင်းမှာ ခြောက်ရက်ဖြင့်ပြီးသည် ဘီး၏အကွပ်၊ အကန့်၊ ပုန်တောင်းတို့သည် ကောက်ကောက်ကုန်၏။ အပြစ်အနာပါကုန်၏။ အဟာအဆွေးများ ဖြစ်ကုန်၏။ ခြောက်ရက်လျော့သော ခြောက်လဖြင့်ပြီးသည့် ဘီး၏အကွပ်၊ အကန့်၊ ပုန်တောင်းတို့သည် မကောက်ကုန်၊ အပြစ်အနာကင်းကုန်၏။ အဟာအဆွေးများလည်း မဟုတ်ကုန်။ ယင်းအကြောင်းကြောင့် ဖြစ်၏။

ရဟန်းတို့ ထိုရထားလုပ်သားသည် အခြားသူမဟုတ်၊ ငါဘုရားပင်ဖြစ်၏။ ရဟန်းတို့ ငါသည် ထိုအခါက ကောက်ကောက်သော အပြစ်အနာရှိသော၊ အဟာအဆွေးဖြစ်သော သစ်သားတို့၌ ကျွမ်းကျင်လိမ္မာသည့် ရထားလုပ်သား ဖြစ်ခဲ့၏။ ယခုအချိန်၌ကား ငါသည် ကိုယ်နှုတ်စိတ်

တို့၏ကြွေးကောက်ခြင်း၊ အပြစ်အနာရှိခြင်း၊ အကာအဆွေးဖြစ်ခြင်းတို့၌ လိမ္မာသော မြည်းစွာသူရဟန်း ဖြစ်လာ၏။

ရဟန်းတို့၊ အကြွင်ရဟန်း၊ ရဟန်းမိန်းမတို့သည် ကိုယ်နှုတ်စိတ်တို့၏ အကြွေးအကောက်၊ အပြစ်အနာ၊ အကာအဆွေးတို့ကို မပယ်အပ်။ ထိုရဟန်း၊ ရဟန်းမတို့သည် ခြောက်ရက်ဖြင့်ပြီးသည့် ရထားဘီးကဲ့သို့ ဤသာသနာမှ လျှောကျကုန်၏။

ရဟန်းတို့၊ အကြွင်ရဟန်း၊ ရဟန်းမိန်းမတို့သည် ကိုယ်နှုတ်စိတ်တို့၏ အကြွေးအကောက်၊ အပြစ်အနာ၊ အကာအဆွေးတို့ကို ပယ်အပ်ပြီး ဖြစ်ကုန်၏။ ထိုရဟန်း၊ ရဟန်းမိန်းမတို့သည်ကား ခြောက် ရက် လျော့သော ခြောက်သဖြင့် ပြီးသည့် ရထားဘီးကဲ့သို့ ဤသာသနာ၌ တည်ကုန်၏။

ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ကိုယ်နှုတ်စိတ်တို့၏ အကြွေးအကောက်၊ အပြစ်အနာ အကာ အဆွေးတို့ကို စွန့်ပယ်ရန် အားထုတ်အပ်၏ဟု ဟောကြားပါသည်။

## ၆။ အပဏ္ဏကသုတ်

### မလွဲမချော်နိုင်သော အကျင့်သုံးပါး

၂၆။ ရဟန်းတို့၊ ဣန္ဒြေခြောက်ပါးတို့၌ ပိတ်ဆို့အပ်သော ဝင်ပေါက်ရှိခြင်း၊ ဘောဇဉ်၌ အတိုင်းအရှည်ကိုသိခြင်း၊ နိုးကြားမှု၌ အားထုတ်ခြင်းဟူသော တရားသုံးပါးနှင့်ပြည့်စုံသော ရဟန်းသည် မလွဲမချော်နိုင်သော အကျင့်ကို [၁] ကျင့်သူဖြစ်၏။ အာသဝေါတရားများ ကုန်ခန်းစေရန် သင့်လျော်သောအကျင့်ကို အားထုတ်သူလည်း ဖြစ်၏။

"ရဟန်းတို့၊ ရဟန်းသည် အဘယ်သို့လျှင် ဣန္ဒြေ ခြောက်ပါး၌ လုံခြုံသော ဝင်ပေါက်ရှိသူ ဖြစ်သနည်းဆိုသော်-ဤသာသနာ၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သည်ရှိသော် နိမိတ်ပုံကို စွဲယူလေ့ မရှိ။ အမှတ်အသား လက္ခဏာကို စွဲယူလေ့မရှိ၊ အကယ်၍ မျက်စိတည်း ဟူသော ဣန္ဒြေ (စက္ခုန္ဒြေ)ကို မစောင့်စည်းဘဲနေလျှင် ယင်းသို့ မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့်မက်မောခြင်း-အဘိဇ္ဈာ၊ နှလုံးမသာခြင်း-

---

၁။ အပဏ္ဏကပဋိပဒန္တိ အဝိရဒ္ဓပဋိပဒံ ဧကံသပဋိပဒံ နိယျာနိကပဋိပဒံ၊ (အဋ္ဌကထာ) သံသရာဝဋ်ဆင်းရဲမှ အမှန်ဧကန် လွတ်မြောက်စေနိုင်သော အကျင့်ဟု ဆိုလိုသည်။

ဒေါမနဿ ဟူသော အကုသိုလ်တရားဆိုးတို့သည် ထို မစောင့်စည်းသူကို အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏။ ထို့ကြောင့်ထိုရဟန်းသည်စက္ခုဣန္ဒြေကို စောင့်စည်းခြင်းငှာ ကျင့်၏။ နားဖြင့်အသံကိုကြားခြင်း စသည်တို့၌လည်း ထိုနည်းတူစောင့်စည်း၏။ ဤသို့လျှင် ရဟန်းတို့သည် ဣန္ဒြေခြောက်ပါး၌ လုံခြုံသော ပင်ပေါက်ရှိသူ ဖြစ်၏။

ရဟန်းတို့၊ ရဟန်းသည် အဘယ်သို့လျှင် ဘောဇဉ်၌အတိုင်းအရှည်ကို သိသူဖြစ်သနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည်သင့်သောအားဖြင့် ဆင်ခြင်၍ အာဟာရကို မှီဝဲ၏။ ပျော်မြူးရန်၊ မာန်ယစ်ရန်၊ တန်ဆာဆင်ရန်၊ အရေအဆင်း ဖွံ့ဖြိုးတိုးပွားရန် အာဟာရကိုမှီဝဲသည် မဟုတ်။ ဤကိုယ်တည်တံ့ရန်၊ မျှတရန်၊ ဆာလောင်မွတ်သိပ်မှုကြောင့်ဖြစ်သော ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်၊ မြတ်သောအကျင့်ကို ချီးမြှောက်နိုင်ရန် အတွက်သာလျှင် အာဟာရကို မှီဝဲ၏။ ဤသို့ဆောင်ခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှခြင်း၊ အပြစ်မရှိခြင်းနှင့် ချမ်းသာစွာ နေရခြင်းသည်သည်း ဖြစ်လိမ့်မည်ဟူ၍ နှလုံးသွင်းကာ အာဟာရကို မှီဝဲ၏။ ရဟန်းတို့၊ ဤသို့ လျှင် ရဟန်းသည် ဘောဇဉ်၌ အတိုင်းအရှည်ကို သိသူဖြစ်၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် နိုးကြားမှု၌အားထုတ်သူ ဖြစ်သနည်းဆိုသော်—ဤသာသနာ၌ ရဟန်းသည် နေ့အခါ၌ လည်းကောင်း၊ ညဉ့်ဦးယံ၌ လည်းကောင်း၊ စင်္ကြံသွားခြင်း ထိုင်ခြင်းတို့ဖြင့် နီဝရဏတရားတို့မှ စိတ်ကိုသုတ်သင်၏။ သန်းခေါင်ယံ၌ လက်ယာခြေပေါ်၌ လက်ဝဲခြေကို ရှဉ်ငယ်လွန်းတင်ကာ သတိသမ္ပဇဉ်ရှိလျက် (မည်သည့်အချိန်၌) ထအံ့ဟူသောအမှတ်ကို နှလုံးသွင်း၍ လက်ယာနံဖြောင်းဖြင့် ခြင်္သေ့မင်း ကဲ့သို့ မြတ်သောအိပ်ခြင်းကိုပြု၏။ မိုးသောက်ယံ၌ စောစောထ၍ စင်္ကြံသွားခြင်း ထိုင်ခြင်း တို့ဖြင့် နီဝရဏတရားတို့မှ စိတ်ကိုသုတ်သင်၏။ ရဟန်းတို့၊ ဤသို့လျှင် ရဟန်းသည် နိုးကြားမှုကို အားထုတ်သူဖြစ်၏။

ရဟန်းတို့၊ ဤသုံးပါးသောတရားတို့နှင့်ပြည့်စုံသောရဟန်းသည်မလွဲ မချော်နိုင်သောအကျင့်ကို ကျင့်သူဖြစ်၏။ အာသဝေါတရားများ ကုန်ခန်း စေရန် သင့်လျော်သောအကျင့်ကို ကျင့်သူလည်း ဖြစ်ပေ၏ဟု ဟောကြား ပါသည်.

၁၃။ အနုပုဗ္ဗဗာဓသုတ်၌ ဒုစရိုက်သုံးပါးတို့သည် မိမိသူတစ်ပါး နှစ်ပါးစုံအားဆင်းရဲခြင်းကိုဖြစ်စေသောတရားများဖြစ်သည်။ ဒုစရိုက်သုံး

ပါးတို့သည် မိမိသူတစ်ပါးနှစ်ပါးစုံအား ဆင်းရဲခြင်းကို မဖြစ်စေသော တရားများဖြစ်သည်ဟု ဟောကြားပါသည်။

၁၈။ ဒေဝလောကသုတ်၌ တစ်ပါးသောအယူရှိသော ပရိဗိုဇ်တို့က 'သင်တို့သည် နတ်ပြည်ရောက်ရန်အတွက် ရဟန်းဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်ကြပါသလော' ဟု မေးလျှင် ရဟန်းများသည် စက်ဆုပ်ရှက်ရွံကြသကဲ့သို့ ဒုစရိုက်သုံးပါးလည်း စက်ဆုပ် ရှက်ရွံသင့်ကြောင်း ဟောကြားပါသည်။

## ၉။ ပဌမ ပါပဏိကသုတ်

### မကြီးပွားထိုက်သော ဈေးသည်၏ အင်္ဂါသုံးပါး

၁၉။ နံနက်ချိန်၌ အလုပ်ကို ကောင်းစွာ စီမံခြင်း၊ နေ့ခင်းအချိန်၌လည်း အလုပ်ကို ကောင်းစွာ စီမံခြင်း၊ ညနေပိုင်း၌လည်း အလုပ်ကို ကောင်းစွာ စီမံခြင်း ဟူသော အင်္ဂါသုံးပါးနှင့် မပြည့်စုံသော ဈေးသည်သည် မရသေးသော စည်းစိမ်ကို ရခြင်းငှာလည်းကောင်း၊ ရပြီးသော စည်းစိမ်ကို ပွားစီးအောင် ပြုခြင်းငှာ လည်းကောင်း မထိုက်။ ထိုအင်္ဂါသုံးပါးနှင့်ပြည့်စုံသော ဈေးသည်သည်သာလျှင် ကြီးပွားခြင်းငှာထိုက်၏။

ထို့အတူပင် သာသနာတော်၌လည်း နံနက်ချိန်၌ သမာဓိနိမိတ်ကို ကောင်းစွာ ဆောက်တည်ခြင်း၊ နေ့ခင်းအချိန်၌ သမာဓိနိမိတ်ကို ကောင်းစွာ ဆောက်တည်ခြင်း၊ ညနေခင်းအချိန်၌ သမာဓိနိမိတ်ကို ကောင်းစွာ ဆောက်တည်ခြင်း ဟူသော အင်္ဂါသုံးပါးနှင့် မပြည့်စုံသော ရဟန်းသည် မရသေးသော ကုသိုလ်တရားကို ရခြင်းငှာလည်းကောင်း၊ ရပြီးသော ကုသိုလ်တရားကို ပွားစီးအောင် ပြုခြင်းငှာ လည်းကောင်း မထိုက်၊ ထိုအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းသည်သာလျှင် ကုသိုလ်တရားကို ပွားစီးစေခြင်းငှာ ထိုက်၏ဟု ဟောကြားပါသည်။

## ၉။ ဒုတိယ ပါပဏိကသုတ်

### ကြီးပွားထိုက်သော ဈေးသည်၏ အင်္ဂါသုံးပါး

၂၀။ မျက်စိအမြင်ရှိခြင်း၊ ဥာဏ်နှင့်ယှဉ်သည့် ထူးကဲသော ဝီရိယ ရှိခြင်း၊ မှီရာနှင့် ပြည့်စုံခြင်း ဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ဈေးသည်သည် မကြာမီပင် စည်းစိမ်ဥစ္စာများ ပေါများခြင်းသို့ရောက်၏။ ယင်းအင်္ဂါ သုံးပါးတို့တွင် —

'ဤပစ္စည်းကိုဤသို့ဝယ်၍ဤသို့ရောင်းလျှင် အရင်းမည်မျှဖြစ်မည်၊ အမြတ်မည်မျှဖြစ်မည်ဟူ၍ သိခြင်းကို 'မျက်စိအမြင်ရှိခြင်း'ဟု ဆို၏။

ကုန်ပစ္စည်းကို ဝယ်ခြင်း၊ ရောင်းခြင်း၌ ကျွမ်းကျင်လိမ္မာခြင်းကို 'ဥဿာဟနှင့်ယှဉ်သည့် ထူးကဲသော ဝီရိယရှိခြင်း'ဟု ဆိုသည်။

'ဤသူကား၊မျက်စိအမြင်ရှိ၍ ထူးကဲသော ဝီရိယနှင့် ပြည့်စုံသော ဈေးသည်ဖြစ်၏'ဟု သိ၍ ချမ်းသာကြွယ်ဝသော သူကြွယ်တို့၏ ပစ္စည်းဖြင့် ထောက်ပံ့ကူညီမှုကို ရယူသူကို 'မှီရာနှင့် ပြည့်စုံသောဈေးသည်'ဟု ဆိုသည်။

ထို့အတူပင် မျက်စိအမြင်ရှိခြင်း၊ ဥဿာဟနှင့်ယှဉ်သည့် ထူးကဲသော ဝီရိယရှိခြင်း၊ မှီရာနှင့်ပြည့်စုံခြင်းဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းသည် ကုသိုလ်တရားတို့၌ မြင့်မြတ်ပြန့်ပြောခြင်းသို့ ရောက်၏။

ထိုအင်္ဂါသုံးပါးတို့တွင် သစ္စာလေးပါးကို သိမြင်ခြင်းကို 'မျက်စိအမြင်ရှိခြင်း'ဟု ဆို၏။

အကုသိုလ်တရားများကို ပယ်၍ ကုသိုလ်တရားများ ပြည့်စုံစေရန် စွဲမြဲထက်သန်စွာ အားထုတ်ခြင်းကို 'ဥဿာဟနှင့်ယှဉ်သည့် ထူးကဲသောဝီရိယရှိခြင်း'ဟု ဆို၏။

ဓမ္မဝိနယကို ဆောင်သည့် အကြားအမြင်များသော ရဟန်းများထံ ချဉ်းကပ်၍ မေးမြန်းဆွေးနွေးခြင်းကို 'မှီရာနှင့် ပြည့်စုံခြင်း'ဟု ဆို၏ဟူ၍ ဟောကြားပါသည်။

## ၃။ ပုဂ္ဂလဝဂ်

### ၁။ သမိဒ္ဓသုတ်

ရှင်သမိဒ္ဓနှင့် ပုဂ္ဂိုလ်သုံးမျိုး

၂၁။ အခါတစ်ပါး၌ ရှင်သမိဒ္ဓနှင့် ရှင်မဟာ ကောဋ္ဌိကတို့သည် ရှင်သာရိပုတ္တရာထံ သွားကြသည်။ ရှင်သာရိပုတ္တရာက လောက၌ နာမကာယဖြင့် ဈာန်သို့ရောက်ပြီးမှ နိဗ္ဗာန်ကို မျက်မှောက်ပြုသော'ကာယသက္ခိ ပုဂ္ဂိုလ်၊ သစ္စာလေးပါးကို သိမြင်သော သောတာပတ္တိမဂ်၏ အခြားမဲ့၌ပင် အထက်မဂ်သို့ ရောက်သော'ဒိဋ္ဌိပတ္တ' ပုဂ္ဂိုလ်နှင့် သဒ္ဓါဖြင့် ကိလေသာတို့မှ

လွတ်မြောက်သော 'သဒ္ဓါဝိမုတ္တ' ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်သုံးမျိုး ရှိရာတွင် အဘယ်ပုဂ္ဂိုလ်ကိုအနှစ်သက်ဆုံး ဖြစ်ပါသနည်းဟုမေးသည်။ ရှင်သမိဒ္ဓက "သဒ္ဓိန္ဒြေ လွန်ကဲသော 'သဒ္ဓါဝိမုတ္တ' ပုဂ္ဂိုလ်ကို အနှစ်သက်ဆုံး ဖြစ်ပါသည်" ဟု ဖြေ၏။ ရှင်မဟာကောဋ္ဌိကကမူ "သမာဓိန္ဒြေ လွန်ကဲသော 'ကာယသက္ခိ' ပုဂ္ဂိုလ်ကို အနှစ်သက်ဆုံး ဖြစ်ပါသည်" ဟု ဖြေ၏။ ရှင်သာရိပုတ္တရာကလည်း "ပညိန္ဒြေလွန်ကဲသော 'ဒိဋ္ဌိပ္ပတ္တ' ပုဂ္ဂိုလ်ကို မိမိ အနှစ်သက်ဆုံးဖြစ်ကြောင်း" မိန့်ကြား၏။

ထို့နောက် မထေရ်သုံးပါးတို့သည် ဗုဒ္ဓမြတ်စွာထံသွား၍ မိမိတို့ သုံးပါး ပြောဆိုဆွေးနွေးသည့်စကားကို ဗုဒ္ဓအား လျှောက်ထားကြသည်။ ထိုအခါ ဗုဒ္ဓက ပုဂ္ဂိုလ်သုံးမျိုးတို့တွင် "ဤ ပုဂ္ဂိုလ်သည် နှစ်သက်ဖွယ် အကောင်းဆုံး၊ အမြတ်ဆုံးဖြစ်၏" ဟူ၍ တစ်သစ်ချ ပြောရန် မလွယ်။ အကြောင်းမှာ ထိုပုဂ္ဂိုလ် အသီးသီးသည် အရဟတ္တဖိုလ်အလို့ငှာကျင့်နေသူသော် လည်းကောင်း၊ သောတာပန်၊ သကဒါဂါမ်သော်လည်းကောင်း ဖြစ်နိုင်သောကြောင့်တည်းဟု မိန့်ကြားတော်မူ၏။

## ၂။ ဂိလာနသုတ်

### လူနာနှင့်တူသော ပုဂ္ဂိုလ်သုံးမျိုး

၂၂။ လောက၌လူနာ သုံးမျိုးရှိ၏။ ၎င်းတို့မှာ....

(၁) သင့်လျော်သောအစားအစာ၊ ဆေးဝါး၊ သူနာပြုတို့ကို ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အနာမှထသည် မဟုတ်သော လူနာ။

(၂) သင့်လျော်သောအစားအစာ၊ ဆေးဝါး၊ သူနာပြုတို့ကို ရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ အနာမှ ထမည့် လူနာ။

(၃) သင့်လျော်သော အစားအစာ၊ ဆေးဝါး၊ သူနာပြုတို့ကို ရလျှင် အနာမှ ထမည်၊ မရလျှင် အနာမှ မထမည့် လူနာတို့ ဖြစ်၏။

ထိုသုံးမျိုးတို့တွင် တတိယလူနာမျိုးကို အကြောင်းပြု၍ လူနာအား 'ဂိလာနဘတ်' ဆေးဝါးနှင့် သူနာပြုတို့ကို ဗုဒ္ဓက ခွင့်ပြုခဲ့ခြင်း ဖြစ်၏။

သို့သော် ဤတတိယ လူနာမျိုးကိုပင် အကြောင်းပြု၍အခြားလူနာများကိုလည်း လုပ်ကျွေးပြုစုရမည်ဟု မိန့်ကြားတော်မူသည်။

လူနာသုံးမျိုးနည်းတူပင် ဤလောက၌ လူနာနှင့်တူသော ပုဂ္ဂိုလ်သုံးမျိုးရှိသည်။ ၎င်းတို့မှာ....

(၁) မြတ်စွာဘုရားအား ဖူးမြင်ခွင့်၊ မြတ်စွာဘုရားဟောသောတရားကို ကြားနာခွင့်ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကုသိုလ်တရားတို့၌ မှန်ကန်သော သဘောရှိသော နိယာမသို့ရောက်မည် မဟုတ်သော ပုဂ္ဂိုလ်။

(၂) မြတ်စွာဘုရားကို ဖူးမြင်ခွင့်၊ မြတ်စွာဘုရား ဟောသော တရားကို ကြားနာခွင့် ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကုသိုလ် တရားတို့၌ မှန်ကန်သော သဘောရှိသော နိယာမသို့ သက်ရောက်မည့်ပုဂ္ဂိုလ်။

(၃) မြတ်စွာဘုရားအား ဖူးမြင်ခွင့်၊မြတ်စွာဘုရားဟောသောတရားကို ကြားနာခွင့် ရမှသာလျှင်ကုသိုလ်တရားတို့၌ မှန်ကန်သောသဘောရှိသော နိယာမသို့ သက်ရောက်မည့် ပုဂ္ဂိုလ်တို့ဖြစ်၏။

ထိုသုံးမျိုးတို့တွင် တတိယပုဂ္ဂိုလ်မျိုးကို အကြောင်းပြု၍ တရားဟောခြင်းကို မြတ်စွာဘုရားက ခွင့်ပြုခြင်းဖြစ်၏။ သို့သော် ထိုတတိယပုဂ္ဂိုလ်မျိုးကိုပင် အကြောင်းပြု၍ အခြားပုဂ္ဂိုလ်များအားလည်း တရားဟောရမည်ဟု မိန့်ကြားတော်မူသည်။

## ၃။ သင်္ခါရသုတ်

### စေ့ဆော်အားထုတ်မှု သင်္ခါရသုံးပါးနှင့် ပုဂ္ဂိုလ်သုံးမျိုး

၂၃။ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည်ဆင်းရဲခြင်းနှင့်တကွဖြစ်သော ကိုယ်ဖြင့် စေ့ဆော်အားထုတ်ခြင်း 'ကာယသင်္ခါရ' နှုတ်ဖြင့် စေ့ဆော်အားထုတ်ခြင်း 'ဝစီသင်္ခါရ'၊ စိတ်ဖြင့် စေ့ဆော် အားထုတ်ခြင်း 'မနောသင်္ခါရ'တို့ကို စေ့ဆော်အားထုတ်၍ ဆင်းရဲခြင်းနှင့် တကွဖြစ်သော လောကသို့ရောက်၏။ ထိုပုဂ္ဂိုလ်ကို ဆင်းရဲခြင်းနှင့်တကွ ဖြ

သော ဖဿတို့သည် တွေ့ထိကုန်၏။ ဆင်းရဲခြင်းနှင့်တကွ ဖြစ်သောဖဿတို့သည် တွေ့ထိအပ်သော ထိုပုဂ္ဂိုလ်သည် ဆင်းရဲခြင်းနှင့်တကွ ဖြစ်သော စင်စစ် ဆင်းရဲသော ဝေဒနာကို ခံစားရ၏။ ဥပမာ ငရဲ၌ ဖြစ်သော သတ္တဝါများဖြစ်၏။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည်ကား ဆင်းရဲခြင်းကင်းသော သင်္ခါရသုံးပါးကို စေ့ဆော်အားထုတ်၍ ဆင်းရဲခြင်းကင်းသောလောကသို့ ရောက်၏။ ထိုပုဂ္ဂိုလ်ကို ဆင်းရဲခြင်းကင်းသော ဖဿတို့သည် တွေ့ထိကုန်၏။ ဆင်းရဲခြင်း ကင်းသော ဖဿတို့သည် တွေ့ထိအပ်သော ထိုပုဂ္ဂိုလ်သည် ဆင်းရဲခြင်းကင်း၍ စင်စစ် ချမ်းသာသော ဝေဒနာကို ခံစားရ၏။ ဥပမာ သုဘကိဏှာဗြဟ္မာများ ဖြစ်၏။[၁]

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည်ကား ဆင်းရဲခြင်းနှင့်တကွ ဖြစ်သော သင်္ခါရ၊ ဆင်းရဲခြင်းကင်းသော သင်္ခါရနှစ်ပါးစုံကို စေ့ဆော်အားထုတ်၍ ဆင်းရဲခြင်း ရှိသည်လည်း ဖြစ်၊ မရှိသည်လည်း ဖြစ်သော လောကသို့ရောက်၏။ ထိုပုဂ္ဂိုလ်ကို ဆင်းရဲခြင်း ရှိ ရှိ အားဖြင့် နှစ်ပါးစုံသော ဖဿတို့သည် တွေ့ထိကုန်၏။ နှစ်ပါးစုံသော ဖဿတို့ တွေ့ထိအပ်သော ထိုပုဂ္ဂိုလ်တို့သည် ဆင်းရဲ ချမ်းသာ နှစ်ပါး ရောပြွမ်းသော ဝေဒနာကို ခံစားရ၏။ ဥပမာ လူများ အချို့သော နတ်များနှင့်[၂] အချို့သော ဝိနိပါတိက ဘုံသားများဖြစ်၏။[၃] ဤသို့လျှင် စေ့ဆော် အားထုတ်မှု 'သင်္ခါရ' အားလျော်စွာ ပုဂ္ဂိုလ် သုံးမျိုး ရှိကြောင်း ဟောကြားပါသည်။

---

၁။ အောက်ဗြဟ္မာဘုံတို့၌ ရှိသော ချမ်းသာမှုသုခမှာ ပီတိနှင့်တကွဖြစ်သော သုခဖြစ်၍ စင်စစ် ချမ်းသာဟု မဆိုနိုင်၊ သုဘကိဏှာဘုံ၌ ဖြစ်သော သုခမှာမူ ပီတိကင်းသော သုခဖြစ်၍ စင်စစ် ချမ်းသာသော သုခသည်၏။ ထို့ကြောင့် သုဘကိဏှာ ဗြဟ္မာတို့ကိုသာ ပြခြင်းဖြစ်၏။

၂။ အချို့သော နတ်ဟူသည် ကာမာဝစရနတ်များကို ဆိုလိုခြင်း ဖြစ်ပါသည်။ ယင်းတို့၌ မိမိထက်တန်ခိုးကြီးသော နတ်များ ပါလျှင် နေရာမှ ထပေးရခြင်း၊ အမှုအရာသပြုရခြင်း စသည်တို့သည် ဆင်းရဲကြောင်း ဖြစ်ပါသည်။

၃။ ဝိနိပါတိက ဘုံသားဟူသည် တစ်ခါတစ်ရံ နက်ဖြန်စိမ်ကို ခံစားပြီး၊ တစ်ခါတစ်ရံ အကုသိုလ်ကံ၏ အကျိုးဖြစ်သော ဒုက္ခကို ခံစားရသည့် ဝေမာနိက ပြိတ္တာများ ဖြစ်ပါသည်။

## ၄။ ဗဟုကာရသုတ်

### ကျေးဇူးများသော ပုဂ္ဂိုလ်သုံးမျိုး

အကြင် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘုရား တရား သံဃာတို့အား ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏။ ထိုပုဂ္ဂိုလ်သည် ကျေးဇူးများသူ ဖြစ်၏။

အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ သစ္စာလေးပါးကို သိမြင်၏၊ထို ပုဂ္ဂိုလ်သည်လည်း ကျေးဇူးများသူ ဖြစ်၏။

အကြင်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ အာသဝေါကင်းသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၏။ ထိုပုဂ္ဂိုလ်သည်လည်း၊ ကျေးဇူးများသူ ဖြစ်၏။

အထက်ပါ ပုဂ္ဂိုလ်သုံးမျိုးထက် ပို၍ ကျေးဇူးများသော အခြားပုဂ္ဂိုလ်မရှိ။ ထိုပုဂ္ဂိုလ်သုံးမျိုးအား ရှိခိုးခြင်း၊ အရိုအသေပြုခြင်း၊ ပစ္စည်းလေးပါး ပေးလှူခြင်းသို့ဖြင့် ကောင်းစွာ ကျေးဇူးတုံ့ပြန်ခြင်း(ကျေးဇူးဆပ်ခြင်း)ငှာ မလွယ်ဟု ဟောကြားပါသည်။

## ၅။ ဝဇိရူပမသုတ်

### ဝဇိရစိန်နှင့်တူသူ စသော ပုဂ္ဂိုလ်သုံးမျိုး

၂၅။ ဤလောက၌ အနာဟောင်းနှင့် တူသည့် စိတ်ရှိသော ပုဂ္ဂိုလ်၊ လျှပ်စီးအင်နှင့်တူသည့် စိတ်ရှိသော ပုဂ္ဂိုလ်၊ ဝဇိရစိန်နှင့် တူသည့် စိတ်ရှိသော ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်သုံးမျိုးရှိ၏။

ထိုသုံးမျိုးတို့တွင်—

(၁) ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အမျက်ဒေါသ ကြီး၏။ အနည်းငယ် ပြောဆိုရုံဖြင့်ပင် စိတ်ဆိုးတတ်၏။ ဥပမာ အနာဟောင်းသည် တုတ်ချောင်း၊ အိုးခြမ်းကွဲတို့ဖြင့် ထိခိုက်မိရုံဖြင့် များစွာသော သွေးပြည်များကို ယိုစီးစေသကဲ့သို့ဖြစ်၏။ ဤကဲ့သို့သော သူသည် အနာဟောင်းနှင့် တူသည့် စိတ်ရှိသော ပုဂ္ဂိုလ်မည်၏။

(၂) ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည်'ဤကားဆင်းရဲတည်း' ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ 'ဤကားဆင်းရဲ ဖြစ်ကြောင်းတည်း'ဟု

ဟုတ်တိုင်းမှန်စွာ သိ၏။ ဤကား ဆင်းရဲချုပ်ရာတည်းဟု ဟုတ်တိုင်းမှန်စွာသိ၏။ 'ဤကား ဆင်းရဲချုပ်ရာသို့ ရောက်စေနိုင်သော အကျင့်တည်း'ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဥပမာ မျက်စိကောင်းသော ယောကျ်ားသည် မှောင်မိုက်သည့် ညအချိန်၌ လျှပ်စီးရောင်ဖြင့် အဆင်းအာရုံတို့ကို မြင်သကဲ့သို့ ဖြစ်၏။ ဤကဲ့သို့သော သူသည် လျှပ်စီးရောင်နှင့်တူသည့် စိတ်ရှိသော ပုဂ္ဂိုလ်မည်၏။

(၃) ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်သမာဓိနှင့် အရဟတ္တဖိုလ်ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ဉာဏ်အထူးဖြင့် မျက်မှောက်ပြုကာ ရရောက်၍ နေ၏။ ဥပမာအားဖြင့် ဝဇီရစိန်ဖြင့် မဖောက်ခွဲနိုင်သည့် တစ်စုံတစ်ခုသော ပတ္တမြား၊ သို့မဟုတ် ကျောက်ဟူ၍ မရှိသကဲ့သို့ ဖြစ်၏။ ဤကဲ့သို့သော သူသည် ဝဇီရစိန်နှင့်တူသည့်စိတ်ရှိသောပုဂ္ဂိုလ်မည်၏ဟူ၍ ဟောကြားပါသည်။

## ၆။ သေဝိတဗ္ဗသုတ်

### မှီဝဲထိုက်သူစသော ပုဂ္ဂိုလ်သုံးမျိုး

၂၆။ လောက၌ မှီဝဲဆည်းကပ်ရန် မထိုက်သူ၊ မှီဝဲဆည်းကပ်ရန် ထိုက်သူ၊ အရိုအသေ အလေးအမြတ် ပြု၍ မှီဝဲဆည်းကပ်ရန် ထိုက်သူဟူ၍ ပုဂ္ဂိုလ်သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင်—

(၁) မိမိထက် သီလ သမာဓိ ပညာအားဖြင့် နိမ့်ကျသူကို သနား ကြင်နာခြင်း၊ ကူညီစောင့်ရှောက်ခြင်းမှ တစ်ပါး အခြားနည်းဖြင့် မှီဝဲဆည်းကပ်ခြင်း မပြုထိုက်။

(၂) မိမိနှင့် သီလ သမာဓိ ပညာအားဖြင့် တူညီသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းငှာ ထိုက်၏၊ အကြောင်းမှာ သီလ သမာဓိ ပညာအားဖြင့် တူသူအချင်းချင်း သီလ သမာဓိ ပညာနှင့် စပ်သော စကားများကို ပြောဆိုဆွေးနွေး နိုင်သောကြောင့် ဖြစ်ပေသည်။

(၃) မိမိထက် သီလ သမာဓိ ပညာ အားဖြင့် သာလွန်သူကိုမူ အရိုအသေ အလေးအမြတ် ပြု၍ မှီဝဲဆည်းကပ်ရန် ထိုက်ပေသည်။ အကြောင်းမှာ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကို မှီဝဲ ဆည်းကပ်ခြင်းဖြင့် မပြည့်သေး

သော သီလ သမာဓိ ပညာတို့ ပြည့်ဝ လာနိုင်ပြီး ပြည့်ပြီးသော သီလ သမာဓိ ပညာတို့ကိုလည်း ခိုင်မာအောင် အထောက်အကူ ပြုနိုင်သောကြောင့် ဖြစ်သည်ဟု ဟောကြားပါသည်။

## ၇။ ဇိဂုစ္ဆိတဗ္ဗသုတ်

### စက်ဆုပ်ဖွယ်ကောင်းသူစသော ပုဂ္ဂိုလ်သုံးမျိုး

၂၇။ လောက၌ စက်ဆုပ်ဖွယ်ကောင်း၍ မှီဝဲဆည်းကပ်ရန် မထိုက်သော ပုဂ္ဂိုလ်၊ လျစ်လျူရှုထားထိုက်၍ မှီဝဲဆည်းကပ်ရန် မထိုက်သော ပုဂ္ဂိုလ်နှင့် မှီဝဲဆည်းဆည်းကပ် ထိုက်သော ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်သုံးမျိုးရှိ၏။

ထိုသုံးမျိုးတို့တွင်—

(၁) ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလမရှိ၊ ယုတ်မာသော အကျင့်ရှိ၏။ မစင်ကြယ်သော အကျင့်ရှိ၏။ ယုံမှားဖွယ် ဖြစ်သော အကျင့်ရှိ၏။ ဖုံးလွှမ်းအပ်သော အမှုရှိ၏။ ရဟန်းမဟုတ်ဘဲလျက် ရဟန်းဟု ဝန်ခံ၏။ အကျင့်မြတ်ကို ကျင့်သူမဟုတ်ဘဲ အကျင့်မြတ်ကို ကျင့်သူဟု ဝန်ခံ၏။ အတွင်းပုပ်၏။ ကိလေသာဖြင့် စွတ်စို၏။ ဤသို့သော သဘော ရှိသော ပုဂ္ဂိုလ်ကို စက်ဆုပ်အပ်၏။ မှီဝဲဆည်းကပ်ခြင်းငှာ မထိုက်၊ ဤသို့သော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်သူသည် ထိုပုဂ္ဂိုလ်သို့ အတု မလိုက်ငြားသော်လည်း "ယုတ်မာသော အဆွေခင်ပွန်း ရှိသူဖြစ်၏" ဟူသော မကောင်း သတင်းကား ပျံ့နှံ့သည်သာ ဖြစ်၏။ ဥပမာ မစင်တွင်းသို့ ကျနေသော မြွေသည် မိမိအား ဆယ်သူကို မကိုက်ငြားသော်လည်း မစင်ဖြင့် လိမ်းကျံစေ နိုင်သကဲ့သို့ ဖြစ်၏။

၂။ အနာဟောင်းသည် တုတ်ချောင်း အိုးခြမ်းကွဲတို့ဖြင့် ထိခိုက်မိလျှင် သွေး ပြည်တို့ကို လွန်စွာ ယိုစီးစေသကဲ့သို့လည်းကောင်း၊ မီးလောင်နေသော တည်သား ထင်းမီးစသည် တုတ်ချောင်း၊ အိုးခြမ်းကွဲတို့ဖြင့် ထိခိုက်မိလျှင် လွန်စွာ ဖျစ်ဖျစ်မြည်သကဲ့သို့ လည်းကောင်း၊ မစင်တွင်းသည် တုတ်ချောင်း အိုးခြမ်းကွဲတို့ဖြင့် ထိခိုက်မိလျှင် မကောင်းသော အနံ့ကို လွန်စွာဖြစ်စေသကဲ့သို့ လည်းကောင်း၊ ထို့အတူ လောက၌ အချို့သော ပုဂ္ဂိုလ်သည် အမျက်ဒေါသကြီး၏။ အနည်းငယ် ပြောဆိုရုံဖြင့်ပင် စိတ်ဆိုး တတ်၏။ ဤကဲ့သို့သော ပုဂ္ဂိုလ်ကို လျစ်လျူရှုအပ်၏။ မှီဝဲဆည်းကပ်ခြင်း

မပြုအပ်။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်သည် ဆဲရေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျိုးမဲ့စေခြင်းများကို ပြုလုပ် တတ်သောကြောင့် ဖြစ်၏။

(၃) အကျင့်သီလနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် မှီဝဲဆည်းကပ်ထိုက်သော ပုဂ္ဂိုလ်ဖြစ်၏။ အကြောင်းမှာ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကို မှီဝဲခြင်းဖြင့် ထိုပုဂ္ဂိုလ်၏ အတုကို မလိုက်နိုင်စေကာမူ ''ကောင်းသော အဆွေခင်ပွန်းရှိသူဖြစ်၏'' ဟူသော ဂုဏ်သတင်းကား ထွက်ပေါ်နိုင်သောကြောင့် ဖြစ်၏ဟု ဟောကြားပါသည်။

## ၈။ ဂူထဘာဏိသုတ်

### မစင်နှင့်တူသော စကားရှိသူစသော ပုဂ္ဂိုလ်သုံးမျိုး

၂၈။ မစင်နှင့်တူသော စကားရှိသူ၊ ပန်းနှင့်တူသော စကားရှိသူ၊ ပျားရည်နှင့်တူသော စကားရှိသူဟူ၍ ပုဂ္ဂိုလ်သုံးမျိုးရှိသည်။ ထိုသုံးမျိုးတို့တွင်–

(၁) ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပွဲသဘင်၊ ပရိသတ်၊ ဆွေမျိုး [illegible] အဖွဲ့၊ မင်းအိမ်တို့၌ တည်လျက် [illegible] မြှ မေးမြန်း [illegible] ရှိသော မ [illegible] မြင်ဘဲလျက် သိမြင်၏ဟု ပြောဆို၏။ သိမြင်ပါလျက်သည်း မသိမြင်ပါဟု ပြောဆို၏၊ မိမိဟူသော အကြောင်းကြောင့်ဖြစ်စေ၊ သူတစ်ပါးဟူသော အကြောင်းကြောင့် ဖြစ်စေ၊ တံစိုးလက်ဆောင်ပစ္စည်းဟူသော အကြောင်းကြောင့်ဖြစ်စေ သိလျက်လွဲမှားသောစကားကို ပြောဆို၏။ ဤပုဂ္ဂိုလ်သည် မစင်နှင့်တူသော စကားရှိသူမည်၏။

(၂) ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပွဲသဘင်၊ ပရိသတ်စသည်တို့၏ အလယ်၌ တည်လျက် [illegible] ၍ မေးမြန်းအပ်သည်ရှိသော် မိမိသိမြင်သည်ကို သိမြင်ပါသည်ဟု ပြောဆို၏။ မိမိ မသိမမြင်သည်ကိုမသိပါ။ မမြင်ပါဟု ပြောဆို၏။ ဤပုဂ္ဂိုလ်သည် ပန်းနှင့်တူသော စကားရှိသူမည်၏။

(၃) ဤ [illegible] ၌ အချို့သောပုဂ္ဂိုလ်သည် ကြမ်းတမ်းသော စကားကိုပယ်၍ အပြစ်ကင်းသော၊ နားချမ်းသာသော၊ ယဉ်ကျေးသော၊ လူအများ နှစ်သက်မြတ်နိုးသောစကားကို ပြောဆိုတတ်၏။ ဤပုဂ္ဂိုလ်သည် ပျားရည်နှင့်တူသော စကားရှိသူမည်၏ဟု ဟောပါသည်။

## ၉။ အန္ဓသုတ်

### နှစ်ဖက်ကန်းသူစသော ပုဂ္ဂိုလ်သုံးပါး

၂၉။ လောက၌ မျက်စိနှစ်ဖက်လုံး ကန်းသူ၊ တစ်ဖက်မြင်သူ၊ နှစ်ဖက်လုံးမြင်သူဟူ၍ ပုဂ္ဂိုလ်သုံးမျိုးရှိသည်။

ထိုသုံးမျိုးတို့တွင်—

(၁) အကြင်သူအား မရသေးသောစည်းစိမ်များ ရအောင်၊ရပြီး စည်းစိမ်များတိုးပွားအောင် ပြုနိုင်သော ဉာဏ်မျက်စိလည်းမရှိ၊ ကုသိုလ်တရားနှင့် အကုသိုလ်တရား၊ အပြစ်ရှိတရားနှင့် အပြစ်မဲ့တရား၊ယုတ်သောတရားနှင့်မြတ်သောတရား၊ မည်းညစ်သောအဖို့ရှိသော တရားနှင့် ဖြူစင်သောအဖို့ရှိသောတရားတို့ကို ခွဲခြားသိနိုင်သော ဉာဏ်မျက်စိလည်း မရှိ။ ထိုသူသည် မျက်စိနှစ်ဖက်လုံးကန်းသော အန္ဓပုဂ္ဂိုလ်မည်၏။

(၂) အကြင်သူအား မရသေးသောစည်းစိမ်တို့ကိုရအောင်၊ ရပြီးသော စည်းစိမ်တို့ကိုလည်း တိုးပွားအောင် ပြုနိုင်သော ဉာဏ်မျက်စိရှိ၏။ ကုသိုလ် အကုသိုလ်စသော တရားတို့ကို ခွဲခြား သိမြင်နိုင်သော ဉာဏ်မျက်စိကား မရှိ၊ ထိုသူသည် မျက်စိတစ်ဖက်သာမြင်သော 'ဧကစက္ခု' ပုဂ္ဂိုလ်မည်၏။

(၃) အကြင်သူအား ဥစ္စာ စည်းစိမ်တို့ကို ရရှိတိုးပွားအောင်ပြုနိုင်သော ဉာဏ်မျက်စိလည်း ရှိ၏။ ကုသိုလ် အကုသိုလ်စသော တရားတို့ကို ခွဲခြားသိနိုင်သော ဉာဏ်အမြင်လည်းရှိ၏။ ထိုသူသည် မျက်စိနှစ်ဖက်လုံးမြင်သော 'ဒွိစက္ခု' ပုဂ္ဂိုလ်မည်၏ဟု ဟောပါသည်။

## ၁၀။ အဝကုဇ္ဇသုတ်

### မှောက်ထားသည့်အိုးနှင့်တူသူ စသောပုဂ္ဂိုလ်သုံးမျိုး

၃၀။ လောက၌ မှောက်ထားသော အိုးနှင့်တူသည့် ပညာရှိသူ၊ ခါးပိုက်နှင့်တူသည့် ပညာရှိသူ၊ ကြီးသောပညာရှိသူဟူ၍ ပုဂ္ဂိုလ်သုံးမျိုး ရှိ၏။ ထိုသုံးမျိုးတို့တွင်—

(၁) ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကျောင်းသို့မပြတ်သွား၍ ရဟန်းတို့ထံ၌ တရားနာ၏။ သို့သော် သူသည်နာနေစဉ် အခါ၌လည်းတရားစကား၏အစအလယ်အဆုံးကို ကောင်းစွာ နှလုံးမသွင်း။ တရားနာရာမှထလာသောအခါ၌လည်း ကောင်းစွာနှလုံးမသွင်း၊ ဥပမာ

မှောက်ထားသောအိုးထဲသို့လောင်းလိုက်သောရေသည်ရေအိုးထဲ၌မတည်ဘဲ လျှောကျသွားသကဲ့သို့ဖြစ်၏။ ဤပုဂ္ဂိုလ်သည် မှောက်ထားသောအိုးနှင့်တူသော ပညာရှိသူမည်၏။

(၂) အချို့သောပုဂ္ဂိုလ်သည် တရားကို နာနေစဉ်၌သာလျှင် ကောင်းစွာနှလုံးသွင်း၏။ တရားနာရာမှထသွားသောအခါ၌ကားကောင်းစွာ နှလုံးမသွင်း။ ဥပမာ–ယောကျ်ားတစ်ယောက်၏ ခါးပိုက်ထဲ၌ထည့်ထားသည့် စားဖွယ်တို့သည် ထိုယောကျ်ား အမှတ်တမဲ့နေရာမှ ထလိုက်မိပါက ဖရိုဖရဲပြန့်ကျသွားကုန်သကဲ့သို့ဖြစ်၏။ဤပုဂ္ဂိုလ်သည် ခါးပိုက်နှင့်တူသော ပညာရှိသူမည်၏။

(၃) အချို့သော ပုဂ္ဂိုလ်သည်ကား တရားကို နာကြားနေစဉ်၌လည်းကောင်း၊ တရားနာရာမှ ထသွားသောအခါ၌လည်းကောင်း၊ နာကြားအပ်သောတရား၏ အစ အလယ် အဆုံးသုံးပါးကို ကောင်းစွာနှလုံးသွင်း၏။ ဥပမာ လှန်ထားသောအိုးထဲသို့ သွန်းလောင်းအပ်သောရေသည် အောက်သို့ လျှောမကျဘဲ အိုးထဲ၌ ကောင်းစွာတည်ထားသကဲ့သို့ဖြစ်၏။ ဤပုဂ္ဂိုလ်သည် ကြီးသော ပညာရှိသူမည်၏ဟု ဟောကြားပါသည်။

## ၄။ ဒေဝဒူတဝဂ်

### ၁။ သဗြဟ္မကသုတ်

ဗြဟ္မာစသော ပုဂ္ဂိုလ်သုံးမျိုးနှင့် အတူခနေသူ

၃၁။ ရဟန်းတို့၊ အကြင်အမျိုးတို့၏သားသမီးတို့သည် မိမိတို့အိမ်၌ မိဘများကို ပူဇော်ထားကုန်၏။ ထိုအမျိုးတို့သည် ဗြဟ္မာနှင့်တကွ နေသူများဖြစ်ကုန်၏၊ ရှေးဆရာနှင့်တကွ နေသူများဖြစ်ကုန်၏။ အဝေးမှ ယူဆောင်လာသော ပစ္စည်းကို ခံယူထိုက်သူနှင့်တကွ နေသူများဖြစ်ကုန်၏။ ရဟန်းတို့၊ 'ဗြဟ္မာ'ဟူသောအမည်၊ 'ရှေးဆရာ' ဟူသောအမည်၊ 'အဝေးမှ ယူဆောင်လာသော ပစ္စည်းကို ခံယူထိုက်သူ'ဟူသော အမည်တို့သည် မိဘ၏အမည်များဖြစ်၏၊ အဘယ်ကြောင့်ဆိုသော် မိဘတို့သည် သားသမီးတို့အား ကျေးဇူးများသူ၊ စောင့်ရှောက် ကျွေးမွေးသူ၊ လောကကိုပြသူများ ဖြစ်သောကြောင့် ပေတည်းဟု ဟောကြားပါသည်။

## ၂။ အာနန္ဒသုတ်

### တဏှာမာနဒိဋ္ဌိသုံးပါးကို ကင်းကွာစေနိုင်သော သမာဓိ

၃၂။ ''အရှင်ဘုရား၊ အကြင်သမာဓိကိုရခြင်းဖြင့် စိတ်ဝိညာဏ်နှင့် တကွဖြစ်သော ဤကိုယ်၌ လည်းကောင်း၊ ဗဟိဒ္ဓနိမိတ်အာရုံ ဟူသမျှ တို့၌ လည်းကောင်း၊ ငါဟုထင်မှတ်ခြင်း ဒိဋ္ဌိ၊ ငါ့ဟာဟု ထင်မှတ်ခြင်း တဏှာ၊ စောင်လွှားခြင်းမာန၊ ဟူသော အနုသယတို့သည်မဖြစ်ကုန်ရာ၊ ထိုအနုသယများ မဖြစ်နိုင်ကြောင်းဖြစ်သည့် လွတ်မြောက်သော စိတ်နှင့် လွတ်မြောက်သော ပညာတို့ကိုလည်း ရရောက်၍ နေနိုင်ရာ၏။ ထိုကဲ့သို့ သမာဓိကို ရခြင်းသည် ဖြစ်နိုင်ရာပါသလော''

''အာနန္ဒာ၊ ထိုကဲ့သို့သောသမာဓိကို ရခြင်းသည် ဖြစ်နိုင်ပေ၏''

''အရှင်ဘုရား၊အဘယ်သို့လျှင် ထိုကဲ့သို့သော သမာဓိကိုရခြင်းဖြစ်သနည်း''

''အာနန္ဒာ၊ဤသာသနာ၌ ရဟန်းအား သင်္ခါရအားလုံးငြိမ်းအေးရာ ဥပဓိအားလုံးကို စွန့်လွှတ်ရာ၊ တဏှာကုန်ရာ၊ တပ်မက်ခြင်းကင်းရာ၊ ဆင်းရဲချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည် အေးချမ်း၏။ မွန်မြတ်၏''ဟူ၍ အကြံဖြစ်၏၊ အာနန္ဒာ၊ ဤသို့လျှင် ထိုကဲ့သို့သော သမာဓိကို ရခြင်း သည်ဖြစ်၏၊ အာနန္ဒာ၊ ဤအနက်သဘောကို ရည်ရွယ်၍ ပါရာယနဝဂ် ပုဏ္ဏကပဥှာ၌—

''အကြင်သူအား လောက၌ သူတစ်ပါး၏ ကိုယ်ခန္ဓာ၊ မိမိ၏ ကိုယ်ခန္ဓာတို့ကို ဥာဏ်ဖြင့်ဆင်ခြင် သိမြင်၍ လောကဝယ် တစ်စုံတစ်ခု သော အာရုံ၌ တုန်လှုပ်ခြင်းမရှိ၊ ငြိမ်းအေးသူ၊ ကိလေသာ အခိုးအငွေ့ ကင်းသူ၊ ဆင်းရဲခြင်း၊ တောင့်တခြင်း ကင်းပြီးသူ ဖြစ်သော ထိုပုဂ္ဂိုလ် သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းတို့ကို လွန်မြောက်လေ၏'' ဟူ၍ ဟောကြားခဲ့ပေသည်။

(ငါဟု ထင်မြင်ခြင်းဒိဋ္ဌိ၊ ငါ့ဟာဟု ထင်ခြင်းတဏှာ၊ ထောင်လွှား ခြင်း မာနဟူသော တရားသုံးပါး ပါပင်သောကြောင့် ဤသုတ်ကိုတိက နိပါတ်၌ ထည့်ထားခြင်းဖြစ်ဖွယ် ရှိပါသည်။)

## ၃။ သာရိပုတ္တသုတ်

### တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးကို ကင်းလွှာစေသော အကျင့်

၃၃။ အခါတစ်ပါး၌ ရှင်သာရိပုတ္တရာသည် ဗုဒ္ဓထံ ချဉ်းကပ်၏။ ဗုဒ္ဓက ရှင်သာရိပုတ္တရာအား အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။ "သာရိပုတ္တရာ၊ ငါသည် အကျဉ်းအားဖြင့်လည်း တရားကို ဟောကြားရာ၏၊ အကျယ်အားဖြင့်လည်း ဟောကြားရာ၏။ အကျဉ်းအကျယ်အားဖြင့်လည်း ဟောကြားရာ၏။ သို့သော် သိမြင်နားလည်သူတို့ကား ရခဲကုန်၏"

"အရှင်ဘုရား၊ ယခုအချိန်သည် အကျဉ်းအားဖြင့် လည်းကောင်း အကျယ်အားဖြင့် လည်းကောင်း၊ အကျဉ်းအကျယ် နှစ်ပါးစုံအားဖြင့် လည်းကောင်း တရားကို ဟောကြားရန်အချိန် ဖြစ်ပါသည်။ (ဟောကြားတော်မူပါ) သိမြင်နားလည်သူများ ရှိပါလိမ့်မည်"

"သာရိပုတ္တရာ၊ သို့ဖြစ်သော် "စိတ် ဝိညာဏ်နှင့် တကွသော ဤကိုယ်၌လည်းကောင်း၊ ဗဟိဒ္ဓနိမိတ်အစုတို့၌ လည်းကောင်း ငါဟု ထင်မှတ်ခြင်း ဒိဋ္ဌိ၊ ငါ့ဟာဟု ထင်မှတ်ခြင်းတဏှာ၊ မထောင်လွှားခြင်းမာန ဟူသော အနုသယတို့သည် မဖြစ်စေကုန်အံ့။ ထိုအနုသယများ မဖြစ်နိုင်ကြောင်းဖြစ်သည့် လွတ်မြောက်သောစိတ်နှင့် လွတ်မြောက်သောပညာတို့ကိုလည်း မရောက်၍ နေကုန်အံ့"ဟူ၍ သင်တို့သည် အားထုတ်အပ်၏။ သာရိပုတ္တရာ၊ ဤသို့နေသောရဟန်းသည် တဏှာကိုဖြတ်ပြီးသူ၊ သံယောဇဉ်ကို လွန်မြောက်ပြီးသူ၊ မာနကို ကောင်းစွာ ပယ်ခြင်းကြောင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုပြီးသူ ဖြစ်၏ဟု ဆိုအပ်၏။ သာရိပုတ္တရာ၊ ဤအနက်သဘောကို ရည်ရွယ်၍ ပါရာယနဝဂ်၊ ဥဒယဉ္စာ၌ -

"ကာမသညာနှင့် ဒေါမနဿ နှစ်ပါးကို ပယ်ရှားတတ်သော၊ တိုင်းမှိုင်းမှု ထိနကိုပယ်နုတ်တတ်သော၊ နောင်တ တစ်ဖန် ပူပန်မှုကုက္ကုစ္စကို တားဆီးတတ်သော၊ ဥပေက္ခာနှင့် သတိတို့ဖြင့် စင်ကြယ်သော၊ သမ္မာသင်္ကပ္ပလျှင် ရှေ့သွားရှိသော၊ အဝိဇ္ဇာကို ဖျက်ဆီးတတ်သော အရဟတ္တဖိုလ်ကို ပညာဖြင့် ကိလေသာတို့မှ လွတ်မြောက်သောတရားဟူ၍ ငါဆို၏"ဟူသော ဤဂါထာကို ဟောကြားခဲ့ပေ၏။

## ၄။ နိဒါနသုတ်

### ကံဖြစ်ပေါ်ကြောင်း တရားသုံးပါး

၃၄။ ရဟန်းတို့၊ကံဖြစ်ပေါ်ခြင်း၏ အကြောင်းတို့သည် လောဘ ဒေါသ၊ မောဟ ဟူ၍ သုံးပါးရှိကုန်၏။

ရဟန်းတို့ အကြင်ကံသည် လောဘဖြင့် ပြုအပ်၏။ လောဘ ကြောင့်ဖြစ်၏။ လောဘလျှင် ဖြစ်ကြောင်းရှိ၏။ ထိုကံသည် ထိုကံကို ပြုသူ၏ အတ္တဘော ဖြစ်ရာဘုံ၌ ရင့်ကျက်၏။ ကံပြုသူသည် မျက်မှောက် ဘဝ၌သော် လည်းကောင်း၊ ဒုတိယဘဝ၌သော်လည်းကောင်း အဆက် ဆက်သော ဘဝ၌သော်လည်းကောင်း ကံ၏အကျိုးကို ခံစားရ၏။

ရဟန်းတို့၊ အကြင်ကံသည် ဒေါသဖြင့် ပြုအပ်၏....အဆက်ဆက် သောဘဝ၌ သော်လည်းကောင်း ထိုကံ၏ အကျိုးကို ခံစားရ၏။

ရဟန်းတို့ အကြင်ကံသည် မောဟဖြင့် ပြုအပ်၏....အဆက်ဆက် သော ဘဝ၌သော်လည်းကောင်း ထိုကံ၏ အကျိုးကို ခံစားရ၏။

ရဟန်းတို့ ဥပမာကား မကျိုးမပျက် မပုပ်မဆွေးသော လေ နေပူ တို့သည် မနှိပ်စက်အပ်သော ကောင်းစွာ သိမ်းဆည်းထားသည့် မျိုးစေ့ တို့ကို ကောင်းစွာ ပြုပြင်ထွန်ယက်ထားသော မြေ၌ ကြဲချ စိုက်ပျိုး ထားပြီး မိုးကလည်း ကောင်းစွာ ရွာသွန်းခဲ့သော် ထိုမျိုးစေ့တို့သည် ကြီးပွားစည်ပင်ခြင်းသို့ ရောက်ကုန်သကဲ့သို့ ပေတည်း။

ရဟန်းတို့၊ ကံဖြစ်ပေါ်ခြင်း၏ အကြောင်းတို့သည် အလောဘ၊ အဒေါသ၊ အမောဟ ဟူ၍လည်း သုံးပါးရှိကုန်၏။

ရဟန်းတို့၊ အကြင်ကံသည် အလောဘဖြင့် ပြုအပ်၏။ အလောဘ ကြောင့်ဖြစ်၏။ အလောဘလျှင် ဖြစ်ကြောင်းရှိ၏။ ထိုကံသည် လောဘ ကင်းသည် ရှိသော် ပယ်အပ်ပြီး၊ အမြစ်ပြတ်ပြီး ဖြစ်၏။ နောက်တစ်ဖန် ဖြစ်ပေါ်ခြင်း သဘော မရှိတော့ချေ။

ရဟန်းတို့၊ အကြင်ကံသည် အဒေါသဖြင့် ပြုအပ်၏....ထိုကံသည် ဒေါသကင်းသည်ရှိသော် ပယ်အပ်ပြီး ဖြစ်၏။အမြစ်ပြတ်ပြီးဖြစ်၏။နောက် တစ်ဖန် ဖြစ်ပေါ်ခြင်း သဘော မရှိတော့ချေ။

ရဟန်းတို့၊ အကြင်ကံသည် အမောဟဖြင့် ပြုအပ်၏....ထိုကံသည် မောဟကင်းသည် ရှိသော် ပယ်အပ်ပြီး ဖြစ်၏။ အမြစ်ပြတ်ပြီး ဖြစ်၏။ နောက်တစ်ဖန် ဖြစ်ပေါ်ခြင်း သဘော မရှိတော့ချေ။

ရဟန်းတို့၊ ဥပမာအားဖြင့် မကျိုးမပျက် မဆွေးမပုပ်သော လေနေပူ တို့သည် မနှိပ်စက်အပ်သော ကောင်းစွာ သိမ်းဆည်းထားသည့် မျိုးစေ့ တို့ကို မိုးရို့၍မိုးသွေးဖြစ်အောင် ပြုလုပ်ပြီး ရေထဲ၌ မျှောလိုက်သည် ရှိ သော် ထိုမျိုးစေ့တို့သည် နောက်တစ်ဖန် ဖြစ်ပေါ်ခြင်း သဘော မရှိ ကုန်သကဲ့သို့ပင်တည်းဟု ဟောကြားပါသည်။

## ၅။ ဟတ္ထကသုတ်

ပူလောင်ခြင်း သုံးမျိုးမှ ကင်းပြီးသူ

၃၅။ အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် အာဠဝီပြည် နွားများ သွားရာလမ်းဖြစ်သော ယင်းတိုက်တောမြက်အခင်းပေါ်၌ ထိုင်နေတော် မူ၏။ ထိုအခါ ဟတ္ထကအာဠဝကမင်းသားသည် လမ်းလျှောက်ရင်း ဗုဒ္ဓ ကိုမြင်၍ ဗုဒ္ဓထံချဉ်းကပ်ပြီး၊

''မြတ်စွာဘုရားသည် ချမ်းသာစွာ အိပ်စက်ရပါ၏လော''ဟုမေး လျှောက်၏။

''မင်းသား၊ ငါသည် ချမ်းသာစွာအိပ်စက်ရ၏။ လောက၌ ချမ်းသာစွာ အိပ်စက်ရသူတို့တွင် ငါသည် တစ်ဦးအပါအဝင် ဖြစ်၏''

''အရှင်ဘုရား၊ ဆောင်းရာသီ ညသည်ချမ်းအေးလှပါသည်။ တပို့ တွဲနှင့် တပေါင်းအကူး ကြားရှစ်ရက်[1]သည် ဆီးနှင်းများစွာ ကျသော အခါဖြစ်ပါသည်။ နွားခွာရာများထပ်နေသော မြေပြင်သည် ကြမ်းတမ်း လှပါသည်။ သစ်ရွက်အခင်းသည်လည်းပါးလှပါသည်။ သစ်ပင်၏အရွက် များမှာလည်း ကျဲလှပါသည်။ ဆက်နီးများလည်းအေးစက်နေပါသည်။ အေးသောလေသည်လည်း တိုက်ခတ်နေပါသည်။ သို့ဖြစ်ပါလျက် မြတ်စွာ ဘုရားသည် ချမ်းသာစွာအိပ်စက်ရ၏ဟု မိန့်ကြားတော်မူဘိ၏''

''မင်းသား၊ ဤအရာ၌ သင့်ကိုငါတစ်ခုမေးအံ့၊ သင်နှစ်သက် သလိုဖြေလော့။ ဤလောက၌ သူကြွယ်၊ သို့မဟုတ် သူကြွယ်သားအား

---

၁။ မဇ္ဈိမ ဒေသ အိန္ဒိယနိုင်ငံ၌ လဘာတ်မှတ်ပုံ မြန်မာနှင့်မကူ၊ လပြည့် ကျော် ၁-ရက်မှ နောက်လပြည့်နေ့အထိကို တစ်လဟုသတ်မှတ်သည်။ ထို့ကြောင့် 'တပို့တွဲနှင့် အပေါင်းအကူးအကြား ရှစ်ရက်'ဟူသည် မြန်မာ လို တပို့တွဲလဆန်း ၁၂ ရက်မှ တပို့တွဲလပြည့်ကျော် ၄ ရက်အထိ ဖြစ်သည်။ ၎င်းကား အအေးဆုံးအချိန် ဖြစ်ပါသည်။ 'အန္တရဋ္ဌက'ဟု ခေါ်သည်။

လေလုံသော အတွင်းအပြင် အင်္ဂတေလိမ်းကျံသော၊ စေ့စပ်သော တံခါး ပေါင်တံခါးရွက်ရှိသော၊ လုံသော လေသာပြတင်းရှိသော၊ အတွင်တပ် သော အိမ်ကြီးတစ်ဆောင်ရှိရာ၏။ ထိုအိမ်ကြီး၌လည်း မွေးရှည် ကော် ဇောကြီးဖြင့်သော်လည်း ခင်းထားအပ်သော၊ သာမွေးဖြူ အခင်းဖြင့် သော်လည်း ခင်းထားအပ်သော ပန်းပြောက်ခြယ်သည့် သားမွေးအခင်း ဖြင့်သော်လည်း ခင်းထားအပ်သော ကောင်းမြတ်သော ဝံပိုင်ရေ အခင်းဖြင့် သော်လည်း ခင်းထားအပ်သော၊ နီသောအပေါ်လွှမ်းခင်းနှင့် တကွဖြစ် သော၊ အုန်းနှီးနှစ်ဖက်ထားအပ်သော အိပ်ရာခုတင်ရှိရာ၏၊ ထိုတိုက်အိမ်ကြီး၌ ဆီမီးတိုင်များ ကိုလည်း ညှိထွန်းထားရာ၏။ နှစ်သက်မြတ်နိုးဖွယ် မယား လေးယောက်တို့ကလည်း နှစ်သက်ဖွယ်ပြုစုခြင်းအမျိုးမျိုးဖြင့် ပြုစုနေရာ၏။ မင်းသား၊ သင်မည်သို့ထင်သနည်း. ထိုသူကြွယ်၊ သို့မဟုတ် သူကြွယ် သားသည် ချမ်းသာစွာအိပ်စက်ရမည်လော၊ ချမ်းသာစွာ မအိပ်စက်ရ မည်လော''

''အရှင်ဘုရား၊ ထိုသူကြွယ် သို့မဟုတ် သူကြွယ်သားသည် ချမ်း သာစွာ အိပ်စက်ရမည်ဖြစ်ပါသည်''

မင်းသား၊ ရာဂဒေါသ မောဟတို့ကြောင့်ဖြစ်သည့် အကြင်ကိုယ်၏ ပူလောင်ခြင်း၊ စိတ်၏ပူလောင်ခြင်းတို့ဖြင့် ပူလောင်သောသူသည် ဆင်းရဲ စွာအိပ်စက်ရရာ၏။ ထိုသူကြွယ်၊ သို့မဟုတ် သူကြွယ်သားအား ထိုကဲ့သို့ သော ကိုယ်၏ပူလောင်ခြင်း၊ စိတ်၏ပူလောင်ခြင်းတို့သည် ဖြစ်ကုန်ရာ သည် မဟုတ်လော''

''အရှင်ဘုရား၊ ထိုသူကြွယ် သို့မဟုတ် သူကြွယ်သားအား ထိုကဲ့သို့ သော ပူလောင်ခြင်းတို့သည် ဖြစ်ကုန်ရာပါသည်။

''မင်းသား၊ မြတ်စွာဘုရားသည် ထိုကဲ့သို့သော ပူလောင်ခြင်းများ ကို ဖြစ်စေနိုင်သည့် ရာဂ ဒေါသ မောဟတို့ကို အကြွင်းမဲ့ ပယ်အပ်ပြီးဖြစ် ၏။ ထို့ကြောင့်ပါသည် ကောင်းစွာအိပ်စက်ရခြင်းဖြစ်ပေ၏'' ဟု မိန့် ကြားပါသည်။

## ၆။ ဒေဝဒူတသုတ်

ယမမင်းနှင့်နတ်တမန်သုံးမျိုး

၃၆။ ဤလောက၌ ဒုစရိုက်သုံးပါးကိုပြုကျင့်သူသည် သေလွန် သောအခါ အင့်ါယ်ငရဲသို့ ကျရောက်ရာ၏။ ထိုသတ္တဝါကို ငရဲစောင့်တို့က လက်မောင်းတစ်ဖက်စီ၌ကိုင်၍ ယမမင်းအားပြကြသည်။

"အရှင်မင်းကြီး၊ ဤယောကျ်ားသည် မိဘတို့၌ ဝတ္တရားပျက်ကွက်သူ၊ ရဟန်းပုဏ္ဏားတို့၌ဝတ္တရားပျက်ကွက်သူ၊ အသက်အရွယ်ကြီးသူတို့အား မလေးစားသူဖြစ်ပါသည်။ ဤယောကျ်ားအား ဒဏ်ခတ်ပါလော"

ထိုအခါ ယမမင်းက ထိုယောကျ်ားအား ပထမ နတ်တမန်ကိုမေးစစ်၏။

"အချင်းယောကျ်ား၊ သင်သည် လူတို့၌ ပထမနတ်တမန်ထင်ရှားပေါ်လာသည်ကို မမြင်ခဲ့ပါလော"

"ကျွန်ုပ်မမြင်ခဲ့ပါ အရှင်"

"အချင်းယောကျ်ား၊သင်သည် လူ့ပြည်၌ ခါးကုန်း၍ တောင်ဝှေးကို အားပြုသွားရသော၊ သွားကျိုးဆံဖြူ၍ အရေတွန့်လိပ်နေသော၊ အသက် ရှစ်ဆယ်ကိုးဆယ်ရှိသောအဘိုးအိုကို မမြင်ခဲ့ပါသလော"

"ကျွန်ုပ်မြင်ခဲ့ပါသည် အရှင်"

"အချင်းယောကျ်ား၊ အရွယ်ရောက်၍ တတ်သိလိမ္မာသူဖြစ်လာသောသင့်အား 'ငါသည်လည်း အိုခြင်းသဘောရှိ၏။ အိုခြင်းသဘောကို မလွန်ဆန်နိုင်ချေ။ ယခု ငါသည် ကိုယ်နှုတ်စိတ်တို့ဖြင့် ကောင်းသောအမှုကိုပြုတော့အံ့' ဟူ၍ အကြံမဖြစ်ခဲ့ပါသလော"

"အရှင်၊ ကျွန်ုပ်သည် ဤသို့ကြံစည်ခြင်းငှာ မစွမ်းနိုင်ခဲ့ပါ၊ မေ့လျော့ခဲ့ပါသည်"

"အချင်းယောကျ်ား၊ မေ့လျော့သဖြင့် ကောင်းသောအမှုကို မပြုလုပ်ခဲ့သော သင့်အား မေ့လျော့သူများအား ပြုလုပ်မြဲအတိုင်း ပြုလုပ်ကြလိမ့်မည်။ ထိုမကောင်းမှုကို သင်၏ မိဘဆွေမျိုးများက ပြုလုပ်သည် မဟုတ်။ အခြားသော နတ်၊ ဗြဟ္မာ၊ ရဟန်း၊ ပုဏ္ဏားတို့က ပြုလုပ်ကြသည်လည်း မဟုတ်။ သင်ကိုယ်တိုင် ပြုလုပ်ခဲ့ခြင်းသာ ဖြစ်၏။ထိုမကောင်းမှု၏ အကျိုးကိုလည်း သင်သာလျှင် ခံစားရလိမ့်မည်"

## ဒုတိယနတ်တမန်

ယမမင်းသည် ထိုယောကျ်ားအား ပထမနတ်တမန်ကို မေးစစ်ပြီး ဒုတိယနတ်တမန်ကို မေးစစ်၏။

"အချင်းယောကျ်ား၊ သင်သည် လူတို့၌ ဒုတိယနတ်တမန်ထင်ရှားပေါ်လာသည်ကို မတွေ့မြင်ခဲ့ပါသလော"

"ကျွန်ုပ် မတွေ့မြင်ခဲ့ပါ အရှင်"

"အချင်းယောကျ်ား၊ သင်သည် လူတို့၌ ပြင်းထန်စွာ နာမကျန်းဖြစ်နေ၍ မိမိ၏ ကျင်ကြီးကျင်ငယ်တို့ဖြင့် လိမ်းကျံပေရေလျက် အိပ်နေရသော၊ သူတစ်ပါးထူပေးမှ ထနိုင်သော လူမမာ မိန်းမ၊ သို့မဟုတ် လူမမာ ယောကျ်ားကို မမြင်ခဲ့ပါသလော"

"ကျွန်ုပ် မြင်ခဲ့ပါသည် အရှင်"

"အချင်းယောကျ်ား၊ အရွယ်ရောက်၍ သိကြား လိမ္မာသူဖြစ်လာသော သင့်အား 'ငါသည်လည်း နာခြင်းသဘော ရှိ၏၊ နာခြင်းသဘောကို မလွန်ဆန်နိုင်ချေ။ ယခု ငါသည် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကောင်းသောအမှုကို ပြုတော့အံ့'ဟူ၍ အကြံ မဖြစ်ခဲ့ပါသလော"

"အရှင်၊ ကျွန်ုပ်သည် ဤကဲ့သို့ ကြံစည်ခြင်းငှာ မစွမ်းနိုင်ခဲ့ပါ။ မေ့လျော့ခဲ့ပါသည်"

"အချင်းယောကျ်ား၊ မေ့လျော့သဖြင့် ကောင်းသောအမှုကို မပြုလုပ်ခဲ့သော သင့်အား မေ့လျော့သူများအား ပြုလုပ်မြဲအတိုင်း ပြုလုပ်ကြလိမ့်မည်၊ ထိုမကောင်းမှုကို သင်၏ မိဘ ဆွေမျိုးများက ပြုလုပ်သည်မဟုတ်၊ ညီအစ်ကို မောင်နှမများ ... [illegible] ... ပြုလုပ်ကြသည်လည်း မဟုတ်၊ သင်ကိုယ်တိုင် ပြုလုပ်ခဲ့ခြင်း ဖြစ်၏။ ထိုမကောင်းမှု၏ အကျိုးကိုလည်း သင်သာလျှင် ခံစားရလိမ့်မည်"

## တတိယနတ်တမန်

ထို့နောက် ယမမင်းသည် ထိုယောကျ်ားအား တတိယနတ်တမန်ကို မေးစစ်ပြန်၏။

"အချင်းယောကျ်ား၊ သင်သည် လူတို့၌ တတိယနတ်တမန် ထင်ရှားပေါ်လာသည်ကို မတွေ့မြင်ခဲ့ပါသလော"

"အရှင်၊ ကျွန်ုပ် မတွေ့မြင်ခဲ့ပါ"

"အချင်းယောကျ်ား၊ သင်သည် လူတို့၌ သေ၍ နှစ်ရက် သုံးရက် လွန်သဖြင့် ဖူးရောင် ပုပ်ပွနေသော မိန်းမ၊ သို့မဟုတ် ယောကျ်ားကို မတွေ့မြင်ခဲ့ပါသလော"

"အရှင်၊ ကျွန်ုပ် တွေ့မြင်ခဲ့ပါသည်"

"အချင်းယောကျ်ား၊ အရွယ်ရောက်၍ သိကြား လိမ္မာသူဖြစ်လာသော သင့်အား 'ငါသည်လည်း သေခြင်းသဘောရှိ၏။ သေခြင်းသဘောကို မလွန်ဆန်နိုင်ချေ။ ယခု ငါသည် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကောင်းသောအမှုကို ပြုတော့အံ့' ဟူ၍ အကြံ မဖြစ်ခဲ့ပါသလော"

"အရှင်၊ ကျွန်ုပ်သည် ဤသို့ကြံစည်ခြင်းငှာ မစွမ်းနိုင်ခဲ့ပါ၊ မေ့လျော့ခဲ့ပါသည်"

"အချင်းယောကျ်ား၊ မေ့လျော့သဖြင့် ကောင်းသောအမှုကိုမပြုလုပ်ခဲ့သော သင့်အား မေ့လျော့သူများအား ပြုလုပ်မြဲအတိုင်း ပြုလုပ်ကြလိမ့်မည်။ ထိုမကောင်းမှုကို သင်၏မိဘဆွေမျိုးများက ပြုလုပ်သည်မဟုတ်။ အခြားသော နတ်၊ ဗြဟ္မာ၊ ရဟန်း၊ ပုဏ္ဏားတို့က ပြုလုပ်ကြသည်လည်း မဟုတ်။ သင်ကိုယ်တိုင် ပြုလုပ်ခဲ့ခြင်း ဖြစ်၏။ ထိုမကောင်းမှု၏ အကျိုးကိုလည်း သင်ကိုယ်တိုင် ခံစားရလိမ့်မည်"

## ငရဲထိန်းတို့က နှိပ်စက်ပုံ

ဤသို့လျှင် ယမမင်းသည် ထိုယောကျ်ားအား တတိယ နတ်တမန်ကို မေးစစ်ပြီး ဆိတ်ဆိတ်နေလေ၏။ ထိုအခါ ငရဲထိန်းတို့သည် ထိုသတ္တဝါအား လောလော ပူသော သံစို့တို့ကို လက်နှစ်ဖက်၊ ခြေနှစ်ဖက်နှင့် ရင်အလယ်တို့၌ရိုက်သွင်း၍ အနှောင်အဖွဲ့ ငါးမျိုးဖြင့် ညှဉ်းဆဲနှိပ်စက်ညှဉ်းပန်းမှုကို ပြုကြကုန်၏။ ထိုယောကျ်ားသည် မကောင်းမှုကံ မကုန်သေးသမျှ ကာလပတ်လုံး မသေဘဲ ပြင်းထန်သော ဒုက္ခဝေဒနာတို့ကို ခံစားနေရ၏။

ထို့နောက် ငရဲထိန်းတို့သည် ထိုယောကျ်ားအား—

- ဓားကိုယ် မိုးမျှော်ဆွဲကိုင်၍ ပဲခွပ်တို့ဖြင့် ခုတ်ရွေခြင်း၊
- ခြေထောက်မြှောက်၍ ပဲခွပ်တို့ဖြင့် ခုတ်ရွေခြင်း၊
- ရထားဦးတပ်၍ မီးတောက်မီးလျှံတို့ဖြင့် အလျှံတပြောင်ပြောင် တောက်လောင်နေသော မြေပြင်၌ အခေါက်ခေါက် အပြန်ပြန် မောင်းနှင်ခြင်း၊

- မီးတောက် မီးလျှံတို့ဖြင့် အလျှံတပြောင်ပြောင် တောက်နေသောမီးတောက်ကြီးပေါ်သို့ တက်စေ ဆင်းစေခြင်း၊

- တောက်ထိုးမိုး မျှော်ဆွဲကိုင်၍ မီးတောက် မီးလျှံတို့ဖြင့် အလျှံတပြောင်ပြောင် တောက်လောင်နေသော သံအိုးကြီး ထဲ၌ပစ်ချခြင်း၊

ဝသော ညှဉ်းဆဲနှိပ်စက်မှုများကိုလည်း ပြုလုပ်ကြကုန်၏၊ သံအိုးကြီးထဲ၌ ပစ်ချခြင်းခံရသော ထိုသတ္တဝါကြီးသည် အမြှုပ်တစီစီထလျက် ကျက်သည်ဖြစ်၍ အထက်သို့လည်း တစ်ကြိမ် ပေါ်၏၊ အောက်သို့လည်း တစ်ကြိမ်မြုပ်၏။ ဖီလာလည်း တစ်ကြိမ် ရောက်၏။

ထိုယောကျ်ားသည် မကောင်းမှု ကံမကုန်သေးသမျှ ကာလပတ်လုံး မသေဘဲ ပြင်းထန်သော ဒုက္ခဝေဒနာတို့ကို ခံစားနေရ၏။

ထို့နောက် ငရဲထိန်းတို့သည် ထိုယောကျ်ားကို (အဝီစိ)ငရဲကြီး၌ ပစ်ချကြကုန်၏။ ထိုအဝီစိ ငရဲကြီးသည်ကား လေးထောင့် ရှိ၏။ တံခါးလေးပေါက် ရှိ၏။ ညီညာသော အပိုင်းအခြားဖြင့် ပိုင်းခြားထား၏။ သံတံတိုင်းဖြင့် ကာရံထား၏။ သံပြားဖြင့် မိုးထား၏။ ထိုငရဲ၏ မြေပြင်သည် သံမြေပြင် ဖြစ်၏။ မီးတောက် မီးလျှံတို့ဖြင့် အလျှံ တစ်ပြောင်ပြောင် တောက်လောင်နေ၏။ ထက်ဝန်းကျင် ယူဇနာ တစ်ရာ တိုင်အောင် ပျံ့နှံ့၍ တည်၏။

ရှေးအခါက ယာမမင်းအား "လောက၌ မကောင်းမှု ပြုသူများသည် ဤအမျိုးမျိုးသော ညှဉ်းပန်း နှိပ်စက်မှုကို ခံရ၏။ ငါသည် လူအဖြစ်ရ၍ လောက၌လည်း မြတ်စွာဘုရား ဖြစ်ပေါ်လာပြီး ထိုမြတ်စွာဘုရား၏ တရားကို ကြားနာ သိမြင်ခွင့် ရပါမူကောင်းလေစွ" ဟု အကြံ ဖြစ်ပေါ်ခဲ့၏။

"ရဟန်းတို့၊ ငါသည် ဤအကြောင်းများကို တစ်ပါးသော ရဟန်း ပုဏ္ဏားတို့ ထံမှ ကြားသိ၍ ဟောသည်မဟုတ်၊ ကိုယ်တော်တိုင် ထင်ရှားစွာ သိမြင်၍သာ ဟောကြားခြင်း" ဟု မိန့်ကြားပါသည်။ (မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ၊ ဒေဝဒူတသုတ်ကိုလည်း ကြည့်ပါ)

## ၇။ စတုမဟာရာဇသုတ်

### နတ်မင်းကြီးလေးယောက်နှင့် ဥပုသ်သုံးမျိုး

၃၇။ လဆန်း ပက္ခ၊ လဆုတ် ပက္ခ၏ ရှစ်ရက်မြောက်နေ့ တို့၌ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်၏ အလုပ်အကျွေး ဖြစ်သောနတ်တို့သည် ဤလူ့လောက၌ လှည့်လည်ကာ ''များစွာသော လူတို့သည် မိဘတို့ကို လုပ်ကျွေးပြုစုကြရဲ့လား၊ ဥပုသ်စောင့်ကြရဲ့လား၊ ကုသိုလ်ကောင်းမှုပြုကြရဲ့လား'' ဟူ၍ လေ့လာ စုံစမ်းကြသည်။

လဆန်း ပက္ခ၊ လဆုတ်ပက္ခတို့၏ တစ်ဆယ့်လေးရက်မြောက် နေ့တို့၌ နတ်မင်းကြီး လေးယောက်တို့၏ သားတို့သည် အလားတူလှည့်လည် စုံစမ်းကြသည်၊

လဆန်း ပက္ခ၊ လဆုတ်ပက္ခတို့၏ တစ်ဆယ့်ငါးရက်မြောက်နေ့များ၌ကား စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်ကိုယ်တိုင်လှည့်လည် စုံစမ်းကြသည်။

ထိုသို့ လေ့လာစုံစမ်း၍ သိရှိရသော အကြောင်းကို သုဓမ္မာနတ်သဘင်၌ အစည်းအဝေး တက်လာသော နတ်တို့အား ပြောကြားကြလေ့ရှိသည်။ ကုသိုလ်ကောင်းမှု ပြုသော သူများ နည်းပါးနေကြောင်း ကြားရသည့်အခါ နယ်တို့သည် စိတ်မကောင်းဖြစ်ကြသည်။ ကုသိုလ်ကောင်းမှု ပြုသောလူများ များပြားနေကြောင်း သိရသောအခါ၌ကား နတ်တို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။

ဝစ်ခါက နတ်မင်းကြီးသည် တာဝတိံသာ နတ်တို့အားဤ ဂါထာကို မြွက်ကြားခဲ့သည်။

'အကြင်သူသည် ငါကဲ့သို့ ဖြစ်လိုအံ၊ ထိုသူသည် လဆန်း ပက္ခ လဆုတ်ပက္ခ၏တစ်ဆယ့်လေးရက် တစ်ဆယ့်ငါးရက်နေ့တို့၌ လည်းကောင်း လဆန်း ပက္ခ လဆုတ် ပက္ခ ရှစ်ရက်နေ့တို့၌ လည်းကောင်း၊ ရက်ရှည်

မပြတ် စောင့်ထိန်းအပ်သော ဥပုသ်နေ့တို့၌ လည်းကောင်း [1]အင်္ဂါရှစ်ပါး နှင့်ပြည့်စုံသော ဥပုသ်ကို ကျင့်သုံး ဆောက်တည်ရာ၏''

ရဟန်းတို့၊ ရာဂ ဒေါသ မကင်းသေးသော သိကြားမင်းက ထို ဂါထာကို ရွတ်ဆိုခြင်းသည် ကောင်းသော ရွတ်ဆိုခြင်း မမည်။ ရာဂ ဒေါသကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်က ရွတ်ဆိုမှသာ ကောင်းသောရွတ်ဆို ခြင်း မည်၏ဟု ဗုဒ္ဓက ဟောကြားသည်။

၃၈။ ဒုတိယ စတုမဟာရာဇသုတ်၌ အထက်ပါ ဂါထာကို 'ဇာတိ စသော ဒုက္ခမှ မလွတ်သေးသော သိကြားမင်းက ရွတ်ဆိုခြင်းသည် ကောင်းသော ရွတ်ဆိုခြင်းမဟုတ်၊ ဇာတိစသော ဒုက္ခအပေါင်းမှ လွတ် ပြီးသော ရဟန္တာက ရွတ်ဆိုခြင်းသည်သာ ကောင်းသော ရွတ်ဆိုခြင်း ဖြစ်၏' ဟု ပြောင်းလဲ၍ ဟောခြင်းသာ ပထမသုတ်နှင့် ကွဲပြားပါသည်။

## ၉။ သုခုမာလသုတ်

### မာန်ယစ်ခြင်းသုံးပါးမှ ကင်းသောပုဂ္ဂိုလ်

၃၉။ ရဟန်းတို့၊ ငါသည် အလွန် နူးညံ့သိမ်မွေ့သူ ဖြစ်၏။ ငါ့ ခမည်းတော်၏ နန်းတော်၌ ငါ့အတွက် ရေကန်များ ပြုလုပ်၍ ကြာညို၊ ကြာဖြူ၊ ကြာနီပန်းတို့ကို စိုက်ပျိုးထား၏။ ရဟန်းတို့၊ ငါသည် ကာသိ တိုင်းထွက် မဟုတ်သော စန္ဒကူးနံ့သာကို မသုံး၊ ခေါင်းပေါင်း ပုဆိုး အင်္ကျီ အပေါ်ရုံ အဝတ်တို့ကိုလည်း ကာသိတိုင်းဖြစ် များကိုသာ သုံးစွဲ၏၊ အအေး အပူ စသည်တို့ မတွေ့ထိစေရန် ငါ့အပေါ်၌ နေ့ညမပြတ် ထီးဖြူကို ဆောင်းမိုးထား၏။

---

၁။ ပါဋိဟာရိယပက္ခ၊ ရက်ရှည် မပြတ် စောင့်ထိန်းအပ်သော ဥပုသ်နေ့ ဟူသည် ဝါတွင်းသုံးလပတ်လုံး စောင့်ထိန်းအပ်သော ဥပုသ်နေ့များကို ဆိုလိုရင်းဖြစ်ပါသည်၊ ထို သုံးလပတ်လုံး မစောင့်ထိန်းနိုင် သူသည် သီတင်းကျွတ် လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့ အထိဖြစ်စေ၊ သီတင်းကျွတ် လပြည့်ကျော် တစ်ရက်မှ သီတင်းကျွတ် လကွယ်နေ့အထိ ဖြစ်စေ ရက်ရှည်ဥပုသ် စောင့်နိုင်၏။ ထိုသို့ တစ်လ ဖြစ်စေ လဝက်ဖြစ်စေ စောင့်ထိန်း အပ်သော ဥပုသ် သည်လည်း 'ပါဋိဟာရိယပက္ခ' ပင် မည်၏ဟု ဖွင့်ပါသည်။

ရဟန်းတို့၊ ဆောင်း၊ နွေ၊ မိုး ရာသီအလိုက် ငါ့နေရန် ပြာသာဒ် သုံးဆောင် ရှိ၏။ ငါသည် မိုးရာသီနေဆောင်၌ မိုးလေးလပတ်လုံး ယောကျာ်းမဖက် မိန်းမချည်းသက်သက် တီးမှုတ်အပ်သော တူရိယာတို့ဖြင့် ပျော်ပါးလျက် နန်းပြာသာဒ်မှ အောက်သို့ မဆင်းဘဲ နေခဲ့၏။ ရဟန်းတို့၊ သူတစ်ပါး အိမ်တို့၌ ကျွန်အမှုလုပ် ယောကျာ်းတို့အား ပွန်းရည်ဟင်းလျာ အဖော်ရှိသော ဆန်ကွဲ ထမင်းကို ကျွေးသကဲ့သို့ ငါ့ခမည်းတော်၏ နန်းတော်၌ ကျွန်အမှုလုပ် ယောကျာ်းတို့အား သလေးဆန်ဖြင့် ချက်သော သားပြွမ်း ထမင်းကို ကျွေး၏။

ရဟန်းတို့၊ ဤသို့သော်စည်းစိမ်ချမ်းသာ၊ နူးညံ့သိမ်မွေ့ခြင်းတို့နှင့် ပြည့်စုံသောငါ့အား ''ငါသည် အိုခြင်းသဘောရှိသူဖြစ်ပါလျက် အိုသောသူကိုမြင်လျှင် စက်ဆုပ်ခြင်းငှာမသင့်'' ဟု အကြံဖြစ်ခဲ့၏။ ဤသို့စဉ်းစားဆင်ခြင်သောငါ့အား အရွယ်နုပျိုခြင်းကိုစွဲ၍ ဖြစ်သောမာန်ယစ်မှုသည် လုံးဝကင်းပျောက်ခဲ့၏။

ထို့အတူ ''ငါသည် နာခြင်းသဘောရှိသူဖြစ်လျက် နာသောသူကို မြင်လျှင် စက်ဆုပ်ရန်မသင့်'' ဟု စဉ်းစားဆင်ခြင်သောငါ့အား အနာရောဂါကင်းခြင်းကိုစွဲ၍ ဖြစ်သောမာန်ယစ်မှုသည် လုံးဝကင်းပျောက်ခဲ့၏။

''ငါသည် သေခြင်းသဘောရှိသူဖြစ်လျက် သေသောသူကိုမြင်လျှင် စက်ဆုပ်ရန်မသင့်'' ဟု စဉ်းစားဆင်ခြင်သောငါ့အား အသက်ရှည်ခြင်းကို စွဲ၍ ဖြစ်သောမာန်ယစ်မှုသည် လုံးဝကင်းပျောက်ခဲ့၏။

ဗုဒ္ဓသည် ဤသို့ မိမိအား မာန်ယစ်မှု သုံးပါးကင်းပျောက်ခဲ့ပုံကို ဟောကြားပြီး ''အကြားအမြင်နည်းသော ပုထုဇဉ်သတ္တဝါတို့သည် မာန်ယစ်မှုသုံးပါးဖြင့် မာန်ယစ်ကာ ဒုစရိုက်မှုတို့ကိုပြုလုပ်ခြင်းကြောင့် အပါယ်ငရဲသို့ ကျရောက်ကြကုန်၏၊ အချို့သောရဟန်းတို့သည်လည်း ဤမာန်ယစ်မှုသုံးမျိုးဖြင့်ပင် မာန်ယစ်ကာ လူထွက်သွားကြကုန်၏'' ဟု မိန့်ကြားတော်မူလေသည်။

## ၁၀။ အာဓိပတေယျသုတ်

### အကြီးအမှူးပြုခြင်းသုံးပါး

၄၀။ မိမိကိုယ်ကို အကြီးအမှူးပြုခြင်းဖြင့် ဖြစ်စေအပ်သော ဂုဏ်၊ လောကကို အကြီးအမှူးပြုခြင်းဖြင့် ဖြစ်စေအပ်သောဂုဏ်၊ တရားကို

အကြီးအမှူးပြုခြင်းဖြင့် ဖြစ်စေအပ်သောဂုဏ်ဟူ၍ အကြီးအမှူးပြုခြင်းဖြင့် ဖြစ်စေအပ်သောဂုဏ် သုံးပါးရှိ၏။

ထိုသုံးပါးတို့တွင် ရဟန်းတစ်ပါးသည် ဘောဓောင်ဘစ်ပင်ရင်း စသောအရပ်များသို့ချဉ်းကပ်လျက် 'ငါသည် ဆွမ်းသက်နှုးစသော ပစ္စည်းလေးပါး' ဟူသောအကြောင်း၊ ထိုထို ဘဝစည်းစိမ်ဟူသော အကြောင်းအကြောင်း ရဟန်းပြုသည်မဟုတ်။ ဇာတိ စသောဆင်းရဲ၏ ကုန်ဆုံးမှုပြုခြင်းငှာ ရဟန်းပြုခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ငါသည် ဘာဂုဏ်တို့ကို ရှာမှီးခြင်းငှာ မသင့်'ဟု ကြံစည်၏။ ထို့နောက် ထိုရဟန်းသည် 'ငါသည် ဝီရိယကို မတွန့်မဆုတ်အားထုတ်အံ့၊ သတိကိုစွဲမြဲစေအံ့၊ ကိုယ်ကို ငြိမ်းစေအံ့၊ စိတ်ကိုတည်ကြည်စေအံ့'ဟု ကြံလျက် မိမိကိုသာလျှင် အကြီးအကဲပြု၍ အကုသိုလ်ကိုစွန့်ပယ်၏။ ကုသိုလ်ကိုပွားစေ၏။ အပြစ်ရှိသော တရားကို စွန့်ပယ်၏။အပြစ်မဲ့သောတရားကိုပွားစေ၏။ မိမိကိုယ်ကို စင်ကြယ်အောင် စောင့်ထိန်း၏။ ဤသို့ စောင့်ထိန်းခြင်းသည် [၁] မိမိကိုယ်ကို အကြီးအမှူးပြုခြင်းဖြင့် ဖြစ်စေအပ်သောဂုဏ်မည်၏။

တစ်ပါးသောရဟန်းသည်''ဤလောကဌ် နတ်မျက်စိနှင့်တူသော ဉာဏ်အမြင်ရှိသော၊ သူတစ်ပါးစိတ်ကိုသိမြင်သော ရဟန်းပုဏ္ဏားတို့သည်လည်းကောင်း၊ တန်ခိုးကြီးသော နတ်တို့သည်လည်းကောင်း ရှိကုန်၏။ အကယ်၍ ငါသည် မကောင်းသောအကြံကိုကြံမိလျှင်ထိုသူတို့ကသိကြလိမ့်မည်''ဟု ကြံလျက် လောကကို အကြီးအမှူးပြု၍ အကုသိုလ်ကိုစွန့်ပယ်၏။ ကုသိုလ်ကိုပွားစေ၏။ ဤသို့ပွားစေခြင်းသည် လောကကို အကြီးအမှူးပြုခြင်းဖြင့် ဖြစ်စေအပ်သောဂုဏ်မည်၏။

တစ်ပါးသောရဟန်းသည်ကား ''မြတ်စွာဘုရား၏ တရားသည် ကောင်းစွာဟောကြားအပ်သောတရားဖြစ်၏။ ငါ၏သီတင်းသုံးဖော်တို့တွင် အသိအမြင်နှင့် ပြည့်စုံသည်ဖြစ်၍ မနေသောပုဂ္ဂိုလ်များရှိ၏။ ငါသည် ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ တရားဝိနည်း၌ရဟန်းပြုသူဖြစ်ပါလျက် ပျင်းရိ၍နေခြင်းငှာမသင့်''ဟုကြံလျက် တရားကိုအကြီးအမှူးပြု၍ အကုသိုလ်ကိုစွန့်ပယ်၏၊ကုသိုလ်ကိုပွားစေ၏။ ဤသို့ပွားခြင်းသည် တရားကိုအကြီးအမှူးပြုခြင်းဖြင့် ဖြစ်စေအပ်သောဂုဏ်မည်၏ဟူ၍

---

၁။ ဥတိဟဝါဘဝ ဟေတုဟိ ဥတိဘဝေါ၊ ဥတိဘဝေါတိ ဝေံအာယတိ န တဿ တဿ သမ္ဘတ္တိဘဝဿ ဟေတု–အဋ္ဌကထာ။

ဟောကြားတော်မူပါသည်။ (အတ္တာနံ ဇေဂ္ဂုကံ ဟောတု, နိဗ္ဗုတ္တိတံ ဂုဏေ ဇာတံ အတ္တာဓိပတေယျံ စသည်ဖြင့် အဋ္ဌကထာ ဖွင့်ပါသည်။)

## ၅။ ရူပဝဂ်

### ၁။ သမ္ပုခီတာဝသုတ်

မျက်မှောက်ထင်ရှားရှိခြင်း သုံးမျိုး

၄၁။ သဒ္ဓါတရား၊ အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်ဟူသော အကြောင်း သုံးပါး မျက်မှောက်ထင်ရှားရှိခြင်းကြောင့် သဒ္ဓါတရားရှိသော အမျိုး ကောင်းသားသည် များစွာသောကောင်းမှုကို ပွားစေ၏ဟု ဟောကြား ပါသည်။

### ၂။ တိဌာနသုတ်

သဒ္ဓါရှိသူဟု သိနိုင်ကြောင်းသုံးပါး

၄၂။ သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့အား ဖူးမြင်လိုသူဖြစ်ခြင်း၊
သူတော်ကောင်းတရားကို ကြားနာလိုသူဖြစ်ခြင်း။
လွတ်လွတ်စွန့်ကြဲခြင်းရှိသည်ဖြစ်၍ ဝန်တိုမှု အညစ်အကြေး ကင်း သောစိတ်ဖြင့် အိမ်၌နေသူ ဖြစ်ခြင်း။
ဟူသောအကြောင်းသုံးမျိုးတို့ဖြင့် သဒ္ဓါတရားရှိသူ ကြည်ညိုသူ ကို သိအပ်ပေ၏ဟု ဟောကြားသည်။

### ၃။ အတ္ထဝသသုတ်

တရားဟောသူ ရှုမြင်အပ်သော အကျိုးထူးသုံးပါး

၄၃။ တရားဟောသောသူသည် ပါဠိအနက်ကို သိမြင်၏။
တရားနာသောသူသည်လည်း ပါဠိအနက်ကို သိမြင်၏။
ဟောသူ နာသူ နှစ်ဦးလုံးသည်လည်း ပါဠိအနက်ကိုသိမြင်၏။
ဤအကျိုးထူးသုံးပါးကို ရှုမြင်သဖြင့် သူတစ်ပါးတို့အား တရား ဟောအပ်၏ဟူ၍ မိန့်ကြားသည်။

၄၄။ ကထာပဝတ္တိသုတ်၌ အထက်ပါအကြောင်း သုံးပါးတို့ဖြင့် တရားစကားကို အဆက်မပြတ်ဖြစ်စေအပ်၏ဟူ၍ ဟောကြားသည်။

## ၅။ ပဏ္ဍိတသုတ်

ပညာရှိသူများ၏ ပညတ်အပ်သော တရားသုံးပါး

၄၅။ အလှူပေးခြင်း၊ ရှင်ရဟန်းပြုခြင်း၊ မိဘတို့အား လုပ်ကျွေးခြင်းတို့သည် ပညာရှိသူတော်ကောင်းတို့ ပညတ်အပ်သောတရားသုံးပါး ဖြစ်၏ဟု ဟောကြားပါသည်။

## ၆။ သီလဝန္တသုတ်

သီလရှိသော ရဟန်းကိုမှီ၍ ရရှိသည့် အကျိုးသုံးပါး

၄၆။ အကြင်ရွာနိဂုံးကိုအမှီပြု၍ သီလရှိသောရဟန်းတို့သည် နေကုန်၏။ ထိုရွာနိဂုံး၌ နေသောလူတို့သည် ကိုယ်နှုတ်စိတ်သုံးပါးတို့ဖြင့် များစွာသော ကောင်းမှုကို ပွားစေကုန်၏ဟု ဟောကြားပါသည်။

## ၇။ သင်္ခတလက္ခဏသုတ်

၄၇။ အကြောင်းတရားတို့သည် ပေါင်းစုပြုပြင် စီမံအပ်သော ‘သင်္ခတ’ တရား၏ အမှတ်လက္ခဏာသုံးပါးရှိသည်။ ၎င်းတို့မှာ

ဖြစ်မှု ‘ဥပါဒ်’ လက္ခဏာ ထင်ရှားခြင်း၊

ပျက်မှု ‘ဘင်’ လက္ခဏာ ထင်ရှားခြင်း၊

တည်နေစဉ် တစ်ပါးသောအခြင်းအရာသို့ရောက်မှု ‘ဌီ’[၁] လက္ခဏာ ထင်ရှားခြင်းတို့ဖြစ်၏ဟု ဟောကြားပါသည်။

၄၈။ အသင်္ခတလက္ခဏာသုတ်၌ အကြောင်းတရားတို့၏ ပေါင်းစုပြုပြင် စီရင်ခြင်း မခံရသော ‘အသင်္ခတ’ တရား၏ အမှတ်လက္ခဏာသုံးပါးမှာ အထက်ပါ အခြင်းအရာသုံးပါး မထင်ရှားခြင်းပင် ဖြစ်ကြောင်း ဟောသည်။

---

၁။ ‘ဌိတဿ အညထတ္တံ နာမ ဇရာ’ ဟု အဋ္ဌကထာ၌ ဖွင့်သောကြောင့် ရုပ်နာမ်တရားတို့၏ ဌီကာလသို့ ရောက်ခြင်းသည်ပင် ရင့်ရော်မှု ‘ဇရာ’ ဖြစ်ပါသည်။

၉။ ပဗ္ဗတသုတ်

ဟိမဝန္တာတောင်မှ ရရှိသော အကျိုးသုံးပါး

၄၉။ ဟိမဝန္တာတောင်မင်းကိုမှီ၍ သစ်ပင်ကြီးတို့သည် အကိုင်းအခက် အရွက်ဖြင့် ကြီးပွားခြင်း၊ အခေါက်အမှုပ်ဖြင့် ကြီးပွားခြင်း၊ အကာအနှစ်ဖြင့် ကြီးပွားခြင်းဟူသော ကြီးပွားခြင်း သုံးပါးတို့ဖြင့် ကြီးပွားကုန်သကဲ့သို့ ထို့အတူ သဒ္ဓါတရားနှင့် ပြည့်စုံသော အိမ်ထောင်အကြီးအကဲကို အမှီပြု၍ သားမယား၊ အခြွေအရံပွန်း၊ ချစ်ကျွမ်းဝင်သူဆွေမျိုးအပေါင်းတို့သည် သဒ္ဓါ၊ သီလ၊ ပညာဟူသော ကြီးပွားခြင်း သုံးပါးတို့ဖြင့် ကြီးပွားကုန်၏ဟု ဟောကြားပါသည်။

၁၀။ အာတပ္ပကရဏီယသုတ်

အားထုတ်မှုပြုသင့်သော အကြောင်းသုံးပါး

၅၀။ မဖြစ်သေးသော အကုသိုလ်တရားများ မဖြစ်စေရန်၊
မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်စေရန်၊
ဖြစ်ပေါ်လာသည့် ပြင်းထန်ကြမ်းတမ်းသော ကိုယ်ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်စေရန်-

ဟူသော အကြောင်းသုံးပါးဖြင့် အပူတပြင်း အားထုတ်ခြင်းကို ပြုအပ်၏။ ယင်းသို့အားထုတ်သော ရဟန်းကို 'ဆင်းရဲကုန်ဆုံးမှု ပြုရန် အပူတပြင်း အားထုတ်ခြင်းရှိသူ၊ ရင့်ကျက်သော ပညာရှိသူ၊ သတိနှင့် ပြည့်စုံသူ'ဟူ၍ ဆိုအပ်၏ဟု ဟောကြားပါသည်။

၁၁။ မဟာစောရသုတ်

ခိုးသူကြီး၏ မှီရာသုံးပါး

၅၁။ ကူးသန်းသွားလာရန်ခက်ခဲသော မြစ်၊ တောတောင်တို့ကို အမှီပြုခြင်း၊ ထူထပ်သောတောအုပ်ကို အမှီပြုခြင်း၊
မိမိအား အကာအကွယ်ပေးမည့် မင်း၊မင်း၏အမတ်ကြီးကို အမှီပြုခြင်း-

ဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခိုးသူကြီးသည် အိမ်ကို ဖောက်ထွင်းခြင်း၊ ရွာကို တိုက်ခိုက်လုယက်ခြင်း၊ လမ်း၌တိုက်ခိုက်လုယက်ခြင်းအမှုတို့ကို ပြုသကဲ့သို့ ထို့အတူ ဤသာသနာ၌လည်း–

မညီညွတ်သော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုနှင့်[၁] ပြည့်စုံခြင်း၊
မှားသောအယူရှိခြင်း၊
ဝိမိအား ကာကွယ်ပေးပည့် ပင်း၊ မင်း၏ အမတ်ကြီးကို အမှီပြုခြင်း–

ဟူသော အင်္ဂါသုံးပါးနှင့်ပြည့်စုံသောရဟန်းသည် တူးပြီ ဖျက်ဆီးအပ်သော မိမိကိုယ်ကို ဆောင်သူဖြစ်၏။ အပြစ်ရှိသူ၊ ပညာရှိများ ကဲ့ရဲ့အပ်သူဖြစ်၏။ များစွာသော မကောင်းမှုကိုလည်း ပွားများစေသူဖြစ်၏ဟု ဟောကြားပါသည်။

## ၆။ ဗြဟ္မဏဝဂ်

### ၁။ ပဌမဒွေဗြဟ္မဏသုတ်

ကိုယ်နှုတ်စိတ်သုံးပါးကို စောင့်စည်းခြင်း

၅၂။ အခါတစ်ပါး၌ အသက် တစ်ရာ့နှစ်ဆယ်ရှိသော ပုဏ္ဏား အိုကြီးနှစ်ယောက်သည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဂေါတမ၊ ကျွန်ုပ်တို့သည် အသက် တစ်ရာ့နှစ်ဆယ်ရှိပြီ ဖြစ်သော်လည်း ဒုဂ္ဂတိဘေးမှ ကာကွယ်တားဆီးနိုင်သော ကုသိုလ်ကောင်းမှု[၁] မပြုရသေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့အား အကျိုးစီးပွား ဖြစ်စေနိုင်သော ဆုံးမဩဝါဒကို ပေးပါလော'ဟု တောင်းပန်ကြသည်။

ထိုအခါ ဗုဒ္ဓက "ပုဏ္ဏားတို့၊ ဤလောကကို အိုခြင်း၊ နာခြင်း၊ သေခြင်းတို့က ဆွဲဆောင်နေ၏။ ဤသို့ဆွဲဆောင်ခံနေရသော လောက၌ ကိုယ်၊ နှုတ်၊ စိတ်၊ သုံးပါးဖြင့် စောင့်စည်းခြင်းသည် တမလွန်ဘဝသို့ ပြောင်းသွားသူ၏ မှီခိုအားထားရာ ဖြစ်ပေ၏"ဟု ဆုံးမတော်မူလေသည်။

---

၁။ ဝိသမေန ကာယကမ္မေနာတိ သပက္ခလနဋ္ဌေန ဝိသမေန ကာယဒွါရိက တမ္မေန–အဋ္ဌကထာ၊ ချွတ်ချော်လွဲမှားသော ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့်ဟု ဆိုလိုပါသည်။

၅၃။ ဒုတိယဒွေဗြဟ္မဏသုတ်၌အထက်သုတ်နည်းတူလျှောက်ကြားသော ပုဏ္ဏားအိုနှစ်ယောက်အား အိုခြင်း၊ နာခြင်း သေခြင်းသုံးပါးဖြင့် တောက်လောင်နေသော ဤလောက၌ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးဖြင့် စောင့်စည်းခြင်းသည် တမလွန်ဘဝသို့ ပြောင်းသွားသူ၏ မှီခိုအားထားရာ ဖြစ်ပေ၏ဟု ဟောကြားသည်။

## ၃။ အညတရ ဗြာဟ္မဏသုတ်

တရားကို ကိုယ်တိုင်သိနိုင်သော အကြောင်းသုံးပါး

၅၄။ အရှင်ဂေါတမ၊ တရားကို မျက်မှောက်ထင်ထင် ကိုယ်တိုင် သိမြင်နိုင်၏၊ ကိုယ်တိုင်သိမြင်နိုင်၏'ဟု ပြောဆိုကြပါသည်။ အဘယ်မျှဖြင့် တရားကိုမျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်နိုင်ပါသနည်း။

ပုဏ္ဏားတစ်ယောက်က ဗုဒ္ဓအား ဤသို့ လာရောက်မေးသည်။ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူသည်။

'ပုဏ္ဏား၊ တပ်မက်သော စိတ်ရှိသူသည် ရာဂဖြင့် လွှမ်းမိုးဖိစီးအပ်သည်ဖြစ်၍ ပမိဆင်းရဲရန်လည်း စေ့ဆော်အားတုတ်၏။ သူတစ်ပါးဆင်းရဲရန်လည်း စေ့ဆော်အားထုတ်၏။ မိမိသူတစ်ပါး နှစ်ဦးလုံးဆင်းရဲရန်လည်း စေ့ဆော်အားထုတ်၏။ ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်းခံစားရ၏။ ရာဂကိုပယ်အပ်ပြီးသည်ရှိသော် မိမိဆင်းရဲရန်လည်း စေ့ဆော်အားထုတ်ခြင်းမပြု။ ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်း မခံစားရ။

ပုဏ္ဏား၊ အမျက်ထွက်သော စိတ်ရှိသူသည်ဒေါသဖြင့် လွှမ်းမိုးဖိစီးအပ်သည်ဖြစ်၍ မိမိဆင်းရဲရန်လည်း စေ့ဆော်အားထုတ်၏။ ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်း ခံစားရ၏။ ဒေါသကို ပယ်အပ်သည်ရှိသော် မိမိဆင်းရဲရန်လည်း စေ့ဆော်အားထုတ်ခြင်းမပြု။....ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်း မခံစားရ။

ပုဏ္ဏား၊ တွေဝေသော စိတ်ရှိသူသည် မောဟဖြင့် လွှမ်းမိုးဖိစီးအပ်သည်ဖြစ်၍ မိမိဆင်းရဲရန်လည်း စေ့ဆော်အားထုတ်၏....ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်း ခံစားရ၏။ မောဟကို ပယ်အပ်သည်ရှိသော် မိမိဆင်းရဲခြင်းငှာလည်း စေ့ဆော် အားထုတ်ခြင်းမပြု....ကိုယ်စိတ် ဆင်းရဲခြင်းကိုလည်း မခံစားရ။

ပုဏ္ဏား၊ ဤသို့လျှင် တရားကို မျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်နိုင်ပေ၏ဟု ဟောကြားပါသည်။

## ၄။ ပရိဗ္ဗာဇကသုတ်

တရားကို ကိုယ်တိုင်သိမြင်နိုင်သော အကြောင်းသုံးပါး

၅။ ပုဏ္ဏားမျိုးဖြစ်သော ပရိဗိုဇ်တစ်ပါးက အထက်သုတ်နည်းတူ မေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူသည်။

''ပုဏ္ဏား၊ တပ်မက်သောစိတ်ရှိသူသည် ရာဂဖြင့် လွှမ်းမိုး ဖိစီးအပ်သည်ဖြစ်၍မိမိဆင်းရဲရန်လည်း စေ့ဆော်အားထုတ်၏။....ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်း ခံစားရ၏။ရာဂကို ပေးအပ်သည်ရှိသော် မိမိဆင်းရဲရန်လည်း စေ့ဆော်အားထုတ်ခြင်းမပြု....ကိုယ်စိတ် ဆင်းရဲခြင်းကိုလည်းမခံစားရ။

ပုဏ္ဏား၊ တပ်မက်သောစိတ်ရှိသူသည် ရာဂဖြင့် လွှမ်းမိုးဖိစီးအပ်သည်ဖြစ်၍ ကိုယ်ဖြင့်လည်း မကောင်းသော အကျင့်ကိုကျင့်၏။ နှုတ်ဖြင့်လည်း မကောင်းသော အကျင့်ကိုကျင့်၏၊စိတ်ဖြင့်လည်း မကောင်းသော အကျင့်ကို ကျင့်၏။ရာဂကိုပယ်အပ်သည်ရှိသော် ကိုယ်ဖြင့်လည်းမကောင်းသောအကျင့်ကို မကျင့်၊ နှုတ်ဖြင့်လည်းမကောင်းသော အကျင့်ကိုမကျင့်၊ စိတ်ဖြင့်လည်း မကောင်းသော အကျင့်ကို မကျင့်။

ပုဏ္ဏား၊ တပ်မက်သော စိတ်ရှိသူသည် ရာဂဖြင့် လွှမ်းမိုးဖိစီးအပ်သည်ဖြစ်၍မိမိအကျိုးကိုလည်းဟုတ်တိုင်းမှန်ရာမသိ၊သူတစ်ပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်ရာမသိ၊ မိမိသူတစ်ပါး နှစ်ဦးလုံး၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်ရာမသိ၊ ရာဂကို ပယ်အပ်သည်ရှိသော် မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။သူတစ်ပါးအကျိုးကိုလည်းဟုတ်တိုင်းမှန်စွာသိ၏၊ မိမိ သူတစ်ပါး နှစ်ဦးလုံး၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။

ပုဏ္ဏား၊ဤသို့လျှင် တရားကိုမျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်နိုင်ပေ၏။

(အမျက်ထွက်သော စိတ်ရှိသူ၊ တွေဝေသော စိတ်ရှိသူတို့၌လည်း ထိုနည်းတူ ဟောကြားသည်)

၅၆။ နိဗ္ဗုတသုတ်၌ ဇာဏုဿောဏိပုဏ္ဏားက "အဘယ်မျှဖြင့် နိဗ္ဗာန်ကိုမျက်မှောက် ထင်ထင် ကိုယ်တိုင် သိမြင်နိုင်ပါသနည်း" ဟုမေးလျှောက်ရာ ဗုဒ္ဓက အညာတရဗြာဟ္မဏသုတ် နည်းတူ ဖြေကြားသည်။

## ၆။ ပဒလကသုတ်

လူ့လောကပျက်စီးခြင်း၏ အကြောင်းသုံးပါး

၅၇။ အခါတစ်ပါး၌ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော ပုဏ္ဏားတစ်ယောက်က ဗုဒ္ဓအား မေးလျှောက်၏၊

"အရှင်ဂေါတမ၊ ရှေးအခါကဤလူ့လောကသည်အဝီစိငရဲကဲ့သို့ လူတို့ဖြင့် ပြည့်နှက်နေ၏၊ ရွာနိဂုံးမင်းနေပြည်တို့သည် ကြက်ပျံတစ်ကျ စည်ကားကုန်၏ဟူ၍[၁] ဆရာ့ဆရာဖြစ်သော ရှေးပုဏ္ဏားတို့ ပြောသည်ကို ကျွန်ုပ်ကြားဖူးပါသည်။ ယခုအခါ၌ကား၊ လူဦးရေနည်းပါး၍ ကျိုးတိုးကျဲတဲသာထင်ပါသည်။ မြို့ရွာနိဂုံး ဇနပုဒ်တို့သည် မြို့ရွာနိဂုံး ဇနပုဒ် မဟုတ်သည့် အဖြစ်သို့ ရောက်နေပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အဘယ် အကြောင်းကြောင့်ပါနည်း"

ထိုအမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူ၏။

"ပုဏ္ဏား၊ ယခုအခါ လူတို့သည် မတရားသော အဓမ္မရာဂဖြင့်[၂] တပ်မက်ကုန်၏။ မညီမျှသော လိုချင်မှု ဝိသမလောဘဖြင့်[၃] နှိပ်စက်အပ်ကုန်၏။ ဖောက်ပြန်သောအကျင့် "မိစ္ဆာဓမ္မ"[၄] နှင့်ပြည့်စုံကုန်၏။ထိုသူတို့သည်ထက်သောဓားလက်နက်များကို စွဲကိုင်၍တစ်ယောက်ကိုတစ်ယောက် သတ်ဖြတ်ကြကုန်၏။ ထို့ကြောင့် လူအများ သေကြကုန်၏။ ဤသို့ သေခြင်းသည် လူဦးရေ လျော့ပါး၍ ကျိုးတိုးကျဲတဲသာ ထင်ခြင်း၏ ပထမ အကြောင်းဖြစ်၏၊

---

၁။ ကုက္ကုဋ သံပါတိကာ =သည့်ဘက်ရွာ၏ အိမ်မိုးပေါ်မှ ပျံသွားသော ကြက် ... ပိုဘက်ရွာ၏ အိမ်မိုးပေါ်သို့ သက်ဆင်းနိုင်လောက်အောင် ရွာချင်း နီးကပ်နေကုန်၏ ဟုဆိုလိုသည်၊ ကြက်ပျံတစ်ကျ စည်ကားသည်ဟူသော ... ၏ အဆိုနှင့် မညီပါ။

၂။ သူတစ်ပါးကို ... ၌ တပ်မက်ခြင်းကို 'အဓမ္မရာဂ' ဟု ဆိုပါသည်။

၃။ တစ်ပါးသူတို့၏ ... ၌ လိုချင်မှုကို 'ဝိသမလောဘ' ဟုဆိုပါသည်။

၄။ ဆက်ဆံမှုဝမှ မပြုအပ်သူ (မိထွေး မိကြီး စသည်) တို့၌ မှားဆက်ဆံခြင်း ကို 'မိစ္ဆာဓမ္မ' ဟု ဆိုပါသည်၊

ပုဏ္ဏား၊ ထိုမှတစ်ပါး အခမ္မရာဂဖြင့် တပ်မက်ကုန်သော၊ ဝိသမ လောဘဖြင့် နှိပ်စက်ကုန်သော၊ မိစ္ဆာဓမ္မနှင့် ပြည့်စုံကုန်သော ထိုလူတို့အား မိုးကောင်းစွာ မရွာသဖြင့် ဆန်စပါး ရှားပါး၍ ဝတ်မှုတ်ခေါင်းပါးခြင်းသည် ဖြစ်သည်။ ထို့ကြောင့် လူများ သေကြကုန်၏။ ဤသို့ သေခြင်းသည် လူဦးရေ လျော့ပါး၍ ကျေးတို့ကျဲတဲ့သော ထင်ခြင်း၏ ဒုတိယ အကြောင်းဖြစ်၏။

ပုဏ္ဏား၊ ထိုမှတစ်ပါး အဓမ္မရာဂဖြင့် တပ်မက်ကုန်သော၊ ဝိသမ လောဘဖြင့် နှိပ်စက်ကုန်သော၊ မိစ္ဆာဓမ္မနှင့် ပြည့်စုံသော ထိုလူတို့ထံတို့ အကြီးအဘဲ ဖြစ်သော ဘီလူးတို့သည် ကြမ်းကြုတ်သော ဘီလူးတို့ကို စေလွှတ်ကုန်၏။ ထို့ကြောင့် လူအများ သေကြကုန်၏။ ဤသို့ သေခြင်းသည် လူဦးရေ လျော့ပါး၍ ကျေးတို့ကျဲတဲသော ထင်မြင်ခြင်း၏ တတိယ အကြောင်း ဖြစ်၏ဟု ဖြေကြားပါသည်။

## ၄။ ဝစ္ဆဂေါတ္တသုတ်

### အလှူကို တားမြစ်သူနှင့် အန္တရာယ်သုံးပါး

၅၈။ အခါတစ်ပါး၌ ဝစ္ဆဂေါတ္တ ပရိဗိုဇ်သည် ဗုဒ္ဓထံချဉ်းကပ်၍ "အရှင် ဂေါတမသည် ငါနှင့်ငါ့တပည့်တို့အား သာလျှင် အလှူကိုပေးလှူအပ်၏ တစ်ပါးသူတို့အား မပေးလှူအပ်၊ ငါနှင့်ငါ့တပည့် တို့အား လှူသော အလှူသည်သာလျှင် အကျိုးကြီး၏၊ တစ်ပါးသော သူတို့အား လှူသော အလှူသည် အကျိုးမကြီး ဟူ၍ ဟောပြောလေ့ ရှိကြောင်း ကျွန်ုပ် ကြားဖူးပါသည်။ ထိုစကား မှန်ပါသလော"ဟူ မေးလျှောက်၏။

ထိုအမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော် မူသည်။ "ဝစ္ဆ၊ ထိုစကားသည် မမှန်၊ မဟုတ်မမှန် စွပ်စွဲခြင်းသာ ဖြစ်၏။ ဝစ္ဆ၊သူတစ်ပါး အလှူ ပေးသည်ကို တားမြစ်သူသည် အလှူရှင်၏ ကောင်းမှု အန္တရာယ်ကို ပြုသည် မည်၏။ အလှူခံပုဂ္ဂိုလ်၏ လာဘ်အန္တရာယ်ကို ပြုသည် မည်၏။ ထိုသူသည် ပထမဦးဆုံး မိမိကိုယ်မိမိ တူးဖြို ဖျက်ဆီးအပ်ပြီး ဖြစ်၏။ ဤသို့လျှင် ထိုသူသည် မိမိနှင့်တကွ သုံးဦးသားတို့၏ အန္တရာယ်ကို ပြုသူဖြစ်၏။

"ဝစ္ဆ၊ စင်စစ် ငါသည် မစင်တွင်း၊ မစင် မြောင်းထဲ၌ ရှိသော သတ္တဝါတို့သည် ဤဒေဖြင့် မျှတကြပါစေ' ဟူသော စိတ်ဖြင့် အိုးဆေး၊ ရေခွက်ဆေးရည်တို့ကို ထိုတွင်းထဲ မြောင်းထဲသို့ စွန့်သွန်ခြင်း ဟူသော အကြောင်းကြောင့်ပင် ကောင်းမှုဖြစ်ခြင်းကို ဟောကြား၏။ လူဖြစ်သူအား ပေးလှူရာ၌မူ အဘယ်ဆိုဖွယ် ရှိအံ့နည်း။ ဝစ္ဆ၊ သို့သော်လည်း ငါသည် သီလရှိသူအား ပေးလှူခြင်းကို အကျိုးကြီး၏ဟုဆို၏။ သီလမရှိသူအား ပေးလှူခြင်းကို အကျိုးကြီး၏ဟု မဆိုပေ။ ထိုသီလရှိသူသည် သည်းပယ် အပ်ပြီးသော အင်္ဂါငါးပါးရှိ၍ ပြည့်စုံသောအင်္ဂါငါးပါးရှိသူ ဖြစ်ရ၏။ ပယ်အပ်ပြီးသော အင်္ဂါငါးပါးဟူသည် ကာမဂုဏ်ကို လိုလားခြင်း ကာမစ္ဆန္ဒ၊ သူတစ်ပါး ပျက်စီး စေလိုခြင်း ဗျာပါဒ၊ လေးလံထိုင်းမှိုင်းခြင်း ထိန မိဒ္ဓ၊ စိတ်ပျံ့လွင့်ခြင်းနှင့် နောင်တ တစ်ဖန်ပူပန်ခြင်း ဥဒ္ဓစ္စကုက္ကုစ္စ၊ တွေးတော ယုံမှားခြင်း ဝိစိကိစ္ဆာတို့ဖြစ်၏။

ပြည့်စုံရမည့် အင်္ဂါငါးပါးကား အသေက္ခ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလအစု၊ သမာဓိအစု၊ ပညာအစု၊ ဝိမုတ္တိအစု၊ ဝိမုတ္တိဉာဏ်အမြင် အစုတို့ ဖြစ်၏ဟု မိန့်ကြားတော်မူပါသည်။

## ၈။ တိကဏ္ဏသုတ်

### ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ

၅၉။ အခါတစ်ပါး၌ တိကဏ္ဏမည်သော ပုဏ္ဏားသည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဗုဒ္ဓ၏ရှေ့မှောက်၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော ပုဏ္ဏားတို့၏ ဂုဏ်ကို ချီးကျူးပြောဆို၏။ ကိုအခါ ဗုဒ္ဓက 'ပုဏ္ဏားတို့သည် အဘယ်သို့ လျှင် ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသော ပုဏ္ဏားကို ပညတ်ကြပါသနည်း' ဟု မေးမြန်းရာ ဘိုးဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးအားဖြင့် သန့်ရှင်း စင်ကြယ်ခြင်း၊ ဗေဒင်သုံးပုံတို့၌ တစ်ဖက်ကမ်းခတ် တတ်မြောက်ခြင်း၊ လောကာယတကျမ်း၊ မဟာပုရိသ လက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်ခြင်းဟူသော အင်္ဂါသုံးရပ်နှင့် ပြည့်စုံသူကို ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသော ပုဏ္ဏားဟူ၍ ပညတ်ကြကြောင်း တိကဏ္ဏပုဏ္ဏားက ဖြေဆို၏။

"ပုဏ္ဏား၊ ပုဏ္ဏားတို့သည် တစ်ပါးသော အခြင်းအရာအားဖြင့် ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသူကို ပညတ်ကြကုန်၏။ အရိယာအဆုံးအမ၌ကား

တစ်ပါးသော အခြင်းအရာအားဖြင့် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူသည် ဖြစ်၏''

''အရှင်ဂေါတမ၊ အရိယာအဆုံးအမ၌ကား အဘယ်သို့လျှင် ဝိဇ္ဇာ သုံးပါးနှင့် ပြည့်စုံသူဖြစ်ပါသနည်း၊ ပုဏ္ဏားကြီး၊ ဟောကြားပါလော''

'ပုဏ္ဏား ဤသာသနာ၌ရဟန်းသည် ကာမဂုဏ်တို့မှလည်းကောင်း၊ အကုသိုလ်တရားတို့မှလည်းကောင်း၊ ကင်းဆိတ်၍ ကြံစည်ခြင်း၊ ဝိတက်၊ သုံးသပ်ခြင်း ဝိစာရနှင့် တကွဖြစ်သော ကိလေသာ ကင်းဆိတ်မှုကြောင့် ဖြစ်သည့် နှစ်သိမ့်ခြင်းပီတိ၊ ချမ်းသာခြင်း သုခရှိသော ပဌမစျာန်ကို ဝင်စား၍ နေ၏။

'ဝိတက်နှင့် ဝိစာရတို့ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင် စေတတ်သော၊ တည်ကြည်ခြင်း သမာဓိကို ဖြစ်စေတတ်သော ဝိတက် ဝိစာရမရှိတော့ဘဲ သမာဓိကြောင့်ဖြစ်သည့် ပီတိသုခ ရှိသော ဒုတိယစျာန်ကို ဝင်စား၍ နေ၏။

ထိုရဟန်းသည် ပီတိလည်း ကင်းကွာသွားခြင်းကြောင့် လျစ်လျူ ရှုလျက် သတိသမ္ပဇဉ်ရှိလျက် နေ၏။ချမ်းသာခြင်းသုခကိုလည်း ကိုယ်ဖြင့် ခံစား၏။ လျစ်လျူရှုလျက် သတိရှိလျက် ချမ်းသာစွာ နေသူ ဖြစ်၏ဟု အရိယာတို့ ချီးကျူးကြောင်း ဖြစ်သော တတိယစျာန်ကို ဝင်စားနေ၏။

ချမ်းသာခြင်းသုခ၊ ဆင်းရဲခြင်း ဒုက္ခတို့ကို ပယ်ခြင်းကြောင့်လည်း ကောင်း၊ ရှေးမဆွကပင်ဝမ်းမြောက်ခြင်း သောမနဿ၊ နှလုံးမသာခြင်း ဒေါမနဿတို့၏ ကင်းကွာ ချုပ်ငြိမ်းပြီးဖြစ်သောကြောင့် လည်းကောင်း၊ ဆင်းရဲခြင်းချမ်းသာခြင်းမရှိသော လျစ်လျူရှုခြင်း ဥပေက္ခာကြောင့် ဖြစ် သည့် သတိ၏စင်ကြယ်ခြင်း ရှိသော စတုတ္ထစျာန်ကို ဝင်စား၍ နေ၏။

ထိုရဟန်းသည် ဤသို့ စျာန်၏အစွမ်းအားဖြင့် တည်ငြိမ်သန့်စင်၊ ကြည်လင်နူးညံ့ ကျန်းမာသော စိတ်ရှိလတ်သော် ထိုစိတ်ကို ရှေးဘဝက မိမိ နေခဲ့ဖူးသော ဘဝဖြစ်စဉ်များကို ပြန်ပြောင်းအောက်မေ့နိုင်သည့် သတိနှင့် ယှဉ်သော ဉာဏ်အလို့ငှာ ရှေးရှုညွှတ်စေ၏။ ထိုရဟန်းသည် တစ်ဘဝ၊ နှစ်ဘဝမှစ၍ ထောင်သောင်းမက များစွာသော ဘဝတိုင်အောင် လည်း ကောင်း၊ များစွာသော ကပ်ကမ္ဘာတိုင်အောင် လည်းကောင်း မိမိဖြစ်ခဲ့ သောဘဝဖြစ်စဉ်တို့ကိုအမည်အနွယ်စသည်တို့နှင့်တကွ ပြန်ပြောင်းအောက်

မေ့နိုင်၏။ ဤပုဗ္ဗေနိဝါသာနုဿတိဉာဏ်တည်းဟူသော ပထမဝိဇ္ဇာကိုရရှိသော ထိုရဟန်းအားဘာကို ဖုံးကွယ်နေအည့် အဝိဇ္ဇာမှောင်ကင်းပျောက်လေ၏။

ထိုရဟန်းသည် တည်ကြည်နူးညံ့၊ ခံ့ကျန်းသောစိတ်ကို သတ္တဝါတို့၏သေခြင်းဖြစ်ခြင်း(စုတိပဋိသန္ဓေ)ကို သိမြင်သော 'စုတူပပါတ'ဉာဏ်အလို့ငှာ ရှေးရှုညွတ်စေ၏။ ထိုရဟန်းသည် သန့်ရှင်းစင်ကြယ်၍ လူတို့၏မျက်စိအမြင်ထက်သာလွန်၍ နတ်မျက်စိနှင့်တူသောဉာဏ်အမြင်ဖြင့် သေလွန်သောသတ္တဝါ၊ပဋိသန္ဓေ နေသောသတ္တဝါတို့ကို သိမြင်၏။ သတ္တဝါတို့သေလွန်သောအခါ မိမိသို့ပြုလုပ်ခဲ့သော ကောင်းမှု၊ မကောင်းမှုအား လျော်စွာ အပါယ်ငရဲသို့လည်းကောင်း၊ နတ်ပြည်သို့လည်းကောင်း လားရောက်ကြရပုံကို သိမြင်၏။ ဤစုတူပပါတဉာဏ်တည်းဟူသော ဒုတိယဝိဇ္ဇာကိုရရှိသော ထိုရဟန်းအား စုတိပဋိသန္ဓေကို ဖုံးကွယ်နေသည့် အဝိဇ္ဇာမှောင် ကင်းပျောက်လေ၏။

ထိုရဟန်းသည်တည်ကြည်နူးညံ့ ခံ့ကျန်းသောစိတ်ကိုအာသဝေါတရားလေးပါး ကုန်ခန်းကြောင်းဖြစ်သည့် 'အာသဝက္ခယ'ဉာဏ်အလို့ငှာ ရှေးရှုညွတ်စေ၏။ ထိုရဟန်းသည်''ဤကားဆင်းရဲတည်း၊ ဤကားဆင်းရဲဖြစ်ကြောင်းတည်း၊ ဤကားဆင်းရဲချုပ်ရာတည်း၊ ဤကားဆင်းရဲချုပ်ရာသို့ ရောက်စေသော အကျင့်တည်း''ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ''ဤကား အာသဝေါတရားတို့တည်း၊ဤကား အာသဝေါတရား ဖြစ်ကြောင်းတည်း၊ဤကား အာသဝေါတရားချုပ်ရာတည်း၊ဤကား အာသဝေါတရားချုပ်ရာသို့ ရောက်စေသောအကျင့်တည်း' ဟုဟုတ်တိုင်းမှန်စွာ သိ၏၊ ဤသို့သိမြင်သော ထိုရဟန်း၏စိတ်သည် ကာမာသဝ၌၊ ဘဝါသဝ၊ အဝိဇ္ဇာသဝတို့မှလွတ်မြောက်၏။လွတ်မြောက်သော် လွတ်မြောက်ပြီဟု သိသောဉာဏ်ဖြစ်၏။ထိုရဟန်းသည်''ဝါအား ဘဝ၌ဖြစ်ခြင်း'ဇာတိ' ကုန်ပြီ။ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဇာတိကုန်ရန် တစ်ပါးသောပြုဖွယ်ကိစ္စ မရှိတော့'ဟု သိမြင်၏။ အာသဝက္ခယဉာဏ်တည်းဟူသော တတိယဝိဇ္ဇာကိုရသော ထိုရဟန်းအား သစ္စာလေးပါးကိုဖုံးကွယ်နေသည့် အဝိဇ္ဇာမှောင် ကင်းပျောက်လေ၏။

''ပုဏ္ဏား၊ ဤသို့လျှင် အရိယာအဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသူဖြစ်၏''

ဗုဒ္ဓက ဤသို့ဟောကြားသောအခါ တိကဏ္ဏပုဏ္ဏားသည် ''အရှင်ဂေါတမ၊ ပုဏ္ဏားတို့ပညတ်သော ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသူကား အရိယာ

အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသူ၏ တစ်ဆယ့်ခြောက်စိတ်တစ်စိတ်မျှကိုပင် မမီပါ''ဟူ၍ ဝမ်းမြောက်စွာလျှောက်ကြား၍ ဥပါသကာအဖြစ်ခံယူသွားခဲ့လေသည်။

၆၀။ ဇာဏုဿောဏိသုတ်၌ ''လှူဒါန်းပူဇော်ဖွယ် တစ်စုံတစ်ခုရှိသောသူသည် ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသော ပုဏ္ဏားတို့အား ပေးလှူသင့်ပါသည်''ဟု ပြောဆိုသော ဇာဏုဿောဏိပုဏ္ဏားအား ပုဏ္ဏားတို့၏ဝိဇ္ဇာသုံးပါးနှင့် အရိယာတို့၏ ဝိဇ္ဇာသုံးပါး ခြားနားပုံကို အထက်သုတ်နည်းတူဟောကြားပါသည်။

## ၁၀။ သင်္ဂါရဝသုတ်

### သင်္ဂါရဝပုဏ္ဏားနှင့် ပြာဋိဟာသုံးပါး

၆၁။ အခါတစ်ပါး၌ သင်္ဂါရဝမည်သောပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်၍ ဤသို့လျှောက်ကြားသည်-

''အရှင်ဂေါတမ၊ ပုဏ္ဏားမျိုးဖြစ်သောကျွန်ုပ်တို့သည် ကိုယ်တိုင်လည်း ယဇ်ပူဇော်ကြပါသည်။ သူတစ်ပါးကိုလည်း ယဇ်ပူဇော်စေကြပါသည်။ ထိုသို့ပူဇော်ရာ၌ ပူဇော်သူနှင့် ပူဇော်စေသူအားလုံးသည် များစွာသော ကိုယ်၌ဖြစ်သော ကောင်းမှုအကျင့်ကို ကျင့်သူများဖြစ်ပါသည်။ အရှင်ဂေါတမ၊တစ်ခုခုသောအမျိုးမှထွက်၍ ရဟန်းပြုပြီး မိမိတစ်ကိုယ်တည်းကိုဆုံးမသောမိမိတစ်ကိုယ်တည်းကိုအေးငြိမ်းစေသောသူသည်ကား တစ်ခုသောကိုယ်၌ဖြစ်သော ကောင်းမှုအကျင့်ကို ကျင့်သူဖြစ်ပါသည်။

'ပုဏ္ဏား၊ သို့ဖြစ်လျှင် သင့်ကို ငါတစ်ခုမေးအံ့၊ သင်နှစ်သက်သလိုဖြေလော၊ ဤလောက၌ မြတ်စွာဘုရားသည် ဖြစ်ပေါ်လာ၍''ငါသည် အကြင်အကျင့်ကိုကျင့်သဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေနိုင်၏။ ထိုခါအကျင့်ကို ကျင့်တည်ရှိသော် သင်တို့သည်လည်း နိဗ္ဗာန်ကိုမျက်မှောက်ပြု၍ နေနိုင်ကြလိမ့်မည်''ဟု မိန့်ကြား၏။

ဤသို့လျှင်မြတ်စွာဘုရားကလည်း တရားကိုဟောကြား၏၊တစ်ပါးသောသူတို့ကလည်း ဟောသည့်အတိုင်းကျင့်ကုန်၏။ ထိုသို့ကျင့်သူများမှာလည်းရာထောင်မကများလှကုန်၏။ပုဏ္ဏား၊သင်မည်သို့ထင်သနည်း၊ဤသို့ဖြစ်သည်ရှိသော်ရဟန်းပြုခြင်းဟူသောအကြောင်းကြောင့်တစ်ခုသောကိုယ်

၌ ဖြစ်သော ကောင်းမှုအကျင့်သည် ဖြစ်သလော၊ သို့မဟုတ် များစွာသော ကိုယ်၌ဖြစ်သော ကောင်းမှုအကျင့်သည် ဖြစ်သလော”

“အရှင်ဂေါတမ၊ ဤသို့ဖြစ်သည်ရှိသော် များစွာသော ကိုယ်၌ ဖြစ်သော ကောင်းမှုအကျင့်သည် ဖြစ်ပါ၏”

ထိုအခါ ရှင်အာနန္ဒာက ကြားဝင်၍ သင်္ဂါရဝပုဏ္ဏားအား မေးခွန်းထုတ်လေသည်။

“ပုဏ္ဏား၊ ဤအကျင့်နှစ်မျိုးတို့တွင် အသယ်အကျင့်သည် နည်းသောကိုစ္စ၊ နည်းသော ညှဉ်းဆဲနှိပ်စက်မှုရှိပြီး ကြီးသောအကျိုးအာနိသင်ရှိသည်ဟု သင်ထင်သနည်း”

“အရှင်ဂေါတမနှင့် အရှင်အာနန္ဒာကဲ့သို့သော ပုဂ္ဂိုလ်များသည် ကျွန်ုပ်အဖို့ ပူဇော်ထိုက်၊ ချီးကျူးထိုက်သော ပုဂ္ဂိုလ်များဖြစ်ပါသည်”

“ပုဏ္ဏား၊ သင့်အဖို့ အဘယ်သူတို့သည် ပူဇော်ထိုက်သူ၊ ချီးကျူးထိုက်သူများ ဖြစ်သနည်းဟု သင့်အား ငါမေးသည်မဟုတ်၊ အကျင့်နှစ်မျိုးတို့တွင် ဘယ်အကျင့်သည် နည်းသောကိစ္စ၊ နည်းသောညှဉ်းဆဲနှိပ်စက်မှုရှိပြီး များသော အကျိုးအာနိသင်ရှိ၏ဟု သင်ထင်သနည်း ဟူ၍ မေးခြင်းသာ ဖြစ်၏”

ဤသို့ ရှင်အာနန္ဒာက သုံးကြိမ်တိုင်အောင်ထပ်၍မေးသော်လည်း သင်္ဂါရဝပုဏ္ဏားသည် မေးသည်ကိုမဖြေဘဲ စကားကိုသာ လွှဲလွဲ၍ပြောဆိုနေ၏။ ထိုအခါ ဗုဒ္ဓသည် သူတို့နှစ်ဦးအား ထိုအကျပ်အတည်းမှ လွတ်မြောက်စေရန် ရည်ရွယ်လျက် ဤသို့မိန့်ကြားတော်မူ၏။

“ပုဏ္ဏား၊ ယနေ့ မင်း၏နန်းတော်၌ စည်းဝေးသောမင်းပရိသတ်အား အဘယ်သို့သော ‘ကြားပေါက်စကားသည်’ ဖြစ်ပေါ်ခဲ့သနည်း”

“အရှင်ဂေါတမ၊ ယနေ့ မင်း၏နန်းတော်၌ စည်းဝေးသောမင်းပရိသတ်အား ရှေးအခါက ရဟန်းတို့သည် အနည်းငယ်သာ ဖြစ်ကုန်၍ နည်းပါးခဲ့ကြသော်လည်း တန်ခိုးပြာဋိဟာကို ပြနိုင်သူတို့ကား များခဲ့ကုန်၏။ ယခုအခါ၌မူ ရဟန်းတို့သည် အရေအတွက်အားဖြင့် များပြားကုန်သော်လည်း တန်ခိုးပြာဋိဟာကိုပြနိုင်သူတို့ကား နည်းကုန်၏ ဟူ၍ကြားပေါက်စကား ဖြစ်ပေါ်ခဲ့ပါသည်”

---

၁။ အင်္ဂုတ္တရ ကထာ ဥဒပါဒိပတိ အညီယာကထာယ အနုရနုဖေရကတုရ ကထာ ဥပ္ပန္နာတိ ပုန္နတိ-အင္ဂကထာ။

“ပုဏ္ဏား၊ တန်ခိုးပြခြင်း ဣဒ္ဓိပြာဋိဟာ၊ အတပ်ဟောခြင်း– အာဒေသနာပြာဋိဟာ၊ ဆုံးမခြင်း အနုသာသနီပြာဋိဟာဟူ၍ ပြာဋိဟာ သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် တန်ခိုးပြခြင်း ဣဒ္ဓိပြာဋိဟာဟူသည် အဘယ် နည်းဆိုသော်– ဤလောက၌ အချို့သူသည် အမျိုးမျိုးသော တန်ခိုး ဖန်ဆင်းမှုကို ပြီးမြောက်စေ၏။ တစ်ယောက်တည်း ဖြစ်လျက် အများ ဖြစ်၏၊ အများဖြစ်လျက်လည်း တစ်ယောက်တည်း ဖြစ်၏၊ ကိုယ်ထင်ရှား ဖြစ်စေ၏။ ကိုယ်ပျောက်စေ၏။ နံရံတစ်ဖက်၊ တံတိုင်းတစ်ဖက်၊ တောင် တစ်ဖက်သို့ မထိစေဘဲ ကောင်းကင်၌ ကဲ့သို့ သွားနိုင်၏။ မြေပေါ်၌ လည်း ရေထဲမှာကဲ့သို့ ငုပ်ခြင်း၊ ပေါ်ခြင်းကို ပြု၏။ ရေပေါ်၌လည်း မြေပေါ်မှာကဲ့သို့ မကွဲစေဘဲ သွား၏။ ကောင်းကင်၌လည်း တောင်ပံ ရှိသော ငှက်ပမာ ထက်ဝယ်ဖွဲ့ခွေလျက် သွား၏။ အလွန် တန်ခိုးကြီး သော နေလတို့ကိုလည်း လက်ဖြင့်သုံးသပ်၏။ ဆုပ်ကိုင်၏။ ဗြဟ္မာ့ပြည် တိုင်အောင်လည်း ကိုယ်ဖြင့် မိမိအလိုအတိုင်း ဖြစ်စေ၏။ ဤသို့ ဖြစ်စေ ခြင်းသည် တန်ခိုးပြခြင်း ဣဒ္ဓိပြာဋိဟာမည်၏။

“ပုဏ္ဏား၊ အတပ်ဟောခြင်း အာဒေသနာ ပြာဋိဟာ ဟူသည် အဘယ်နည်းဆိုသော်–ဤလောက၌ အချို့သူသည် ကောက်ယူအပ်သော အတိတ်နိမိတ် အမှတ်အသားဖြင့် ‘သင့်စိတ်သည် ဤသို့သော သဘော ရှိ၏၊ ဤသို့သော အခြင်းအရာရှိ၏။ သင်၏စိတ်အကြံသည် ဤသို့ဖြစ်၏’ ဟု အတပ်ဟောသည့်အတိုင်းလည်း အမှန်ဟုတ်ကယ်ဖြစ်၏။

“ဤလောက၌ အချို့သောသူသည်ကား လူ၊ ဘီလူး၊ နတ်တို့၏ အသံကို ကြား၍ “သင့်စိတ်သည် ဤသို့သဘောရှိ၏၊ ဤသို့သောအခြင်း အရာရှိ၏၊ သင်၏ စိတ်အကြံသည် ဤသို့ဖြစ်၏”ဟု အတပ်ဟော၏။ သူဟောသည့်အတိုင်းလည်း ဖြစ်၏။

“ဤလောက၌ အချို့သောသူသည်ကား ကြံစည်သုံးသပ်သော သူ ၏ ကြံစည်ခြင်းဝိတက် ပျံ့နှံ့မှုကြောင့် ဖြစ်ပေါ်သည့်အသံကိုကြား၍ ‘သင့် စိတ်သည် ဤသို့သဘောရှိသည်။ သင့်စိတ်သည် ဤသို့သော အခြင်းအရာ ရှိ၏၊ သင်၏စိတ်အကြံသည် ဤသို့ဖြစ်၏’ဟု အတပ်ဟော၏၊ သူဟော သည့်အတိုင်းလည်း အမှန်ဟုတ်ကယ်ဖြစ်၏။

“ဤလောက၌အချို့သောသူသည်ကား ကြံစည်သုံးသပ်ခြင်းဝိတက်၊ ဝိစာရမရှိသော သမာဓိကို ဝင်စားသူ၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ “ဤအရှင်သည် ဤစိတ်၏ အခြားမဲ့၌ဤသို့သောအကြံကိုကြံလိမ့်မည်”

ဟု သိ၏။ ဤသို့ ပိုင်းခြားသိ၍ သူ့အတပ်ဟောသည်အတိုင်းလည်းအမှန်တကယ် ဖြစ်၏။ ဤသို့ဟောခြင်းသည် အဘပ်ဒေဟာခြင်း အာဒေသနာ ပြာဋိဟာမည်၏။

"ပုဏ္ဏား၊ ဆုံးမခြင်းအနုသာသနီ ပြာဋိဟာ ဟူသည့်အဘယ်နည်း ဆိုသော် ဤလောက၌ အချို့သောသူသည် ဤသို့ကြံကြလော၊ ဤသို့ မကြံကြလင့်၊ ဤသို့နှလုံးသွင်းကြလော၊ ဤသို့နှလုံး မသွင်းကြလင့်၊ ဤတရားကို ပယ်ကြလော၊ ဤတရားကိုပြည့်စုံစေ၍နေကြလော ဟုဆုံးမ၏။ ဤသို့ဆုံးမခြင်းသည် ဆုံးမခြင်း အနုသာသနီ ပြာဋိဟာမည်၏။

"ပုဏ္ဏား၊ ဤသုံးလျှင် ပြာဋိဟာသုံးမျိုးရှိ၏။ ဤသုံးမျိုးတို့တွင် အဘယ်ပြာဋိဟာကို နှစ်သက်ဖွယ်အကောင်းဆုံး၊ အမွန်မြတ်ဆုံးဟု သင် ထင်သနည်း"

"အရှင်ဂေါတမ၊ တန်ခိုးပြခြင်း ဣဒ္ဓိပြာဋိဟာနှင့် အတပ်ဟောခြင်း အာဒေသနာ ပြာဋိဟာတို့သည် မျက်လှည့်နှင့် တူသော သဘော ရှိသကဲ့သို့ ကျွန်ုပ်အားထင်ပါသည်။[၂] ဆုံးမခြင်း၊ အနုသာသနီပြာဋိဟာ သည်သာလျှင် နှစ်သက်ဖွယ်အကောင်းဆုံး၊ အမွန်မြတ်ဆုံးဟူ၍ ကျွန်ုပ် အား ထင်ပါသည်။

"အရှင်ဂေါတမ၊ အံ့ဩဖွယ် ကောင်းလှပါသည်။ မဖြစ်ဖူးမြဲ ထူးကဲလှပါသည်။ အရှင်ဂေါတမမိန့်ကြားအပ်သော စကားသည် ကောင်း စွာ မိန့်ကြားအပ်သောစကား ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အရှင်ဂေါ တမကို ပြာဋိဟာသုံးပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်ဟူ၍ မှတ်ယူကြပါကုန်၏။

"ပုဏ္ဏား၊ စင်စစ်သင်သည် ငါ့အား ထိပါးပုတ်ခတ်၍စကားကို ပြောပေ၏၊ သို့သော် ငါသည် သင့်အား အတိအလင်း ပြောကြားအံ့၊ ငါသည် အမျိုးမျိုးသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးမြောက်စေနိုင်၏။

---

၁။ ပါဠိ ...ဂရိဟာနိတိ ပဋိက္ခိပိတဗ္ဗာနိ... ပါဠိဟာရိယာနိ–အဋ္ဌကထာ။ ဆန့်ကျင်ဘက်တို့ကို ပယ်ရှားပစ်နိုင်သောကြောင့် ပြာဋိဟာ မည်၏ဟု ဆိုလိုပါသည်။

၂။ မာယာသဟဂတမိဝ ခါယတီတိ မာယာယ သမာနံ ဝိယ ဟုတွာ ဥပဋ္ဌာတိ–အဋ္ဌကထာ။ မျက်လှည့်နှင့် တူသလို ဖြစ်နေပါသည်ဟု ဆိုလို၏။

ငါသည် ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်း၊ ဝိတက်ဝိစာရမရှိသည့်သမာဓိကို[၁] ဝင်စားသောသူ၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိ၏။ ငါသည် 'ဤသို့ကြံကြလော၊ ဤသို့မကြံလင့်' စသည်ဖြင့် ဆုံးမ၏။

"အရှင်ဂေါတမ၊ အရှင်ဂေါတမမှတစ်ပါး ဤပြာဋိဟာသုံးပါးနှင့် ပြည့်စုံသော ရဟန်း ရှိပါသေးသလော"

"ပုဏ္ဏား၊ ဤပြာဋိဟာ သုံးပါးနှင့်ပြည့်စုံသော ရဟန်းတို့ကား တစ်ရာမက၊ နှစ်ရာမက၊ လေးရာငါးရာ မည်းမက မြောက် မြား စွာ ရှိကုန်၏။

"အရှင်ဂေါတမ၊ ထိုရဟန်းတို့သည် ယခု ဘယ်မှာရောက်နေကြပါသနည်း"

"ပုဏ္ဏား၊ ထိုရဟန်းတို့သည် ဤရဟန်းသံဃာထဲ၌ပင်ရှိကုန်၏"

ဗုဒ္ဓ က ဤသို့မိန့်ကြားသောအခါ သင်္ဂါရဝပုဏ္ဏားသည် လွန်စွာ ကျေနပ်နှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## (၇) ၂။ မဟာဝဂ်

### ၁။ တိတ္ထာယတနသုတ်

#### တိတ္ထိတို့၏ မိစ္ဆာအယူ သုံးပါး

၆၂။ ရဟန်းတို့၊ အယူလွဲမှားသူတို့၏ပေါက်ဖွားရာမိစ္ဆာအယူတို့သည်[၂] သုံးပါးရှိကုန်၏။ ထိုမိစ္ဆာအယူတို့သည်ပညာရှိတို့က ကောင်းစွာ

---

၁။ ဝိတက် ဝိစာရမရှိသော 'အဝိတက္က အဝိစာရ' သမာဓိဟူသည်ဒုတိယ ဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ဖြစ်ပါသည်။

၂။ တိတ္ထာယတနာနီတိ တိတ္ထာယတနာနိ အာယတနာနိ၊ တိတ္ထိယာနံ ဝါ အာယတနာနိ၊ (အဋ္ဌကထာ)။ အယူလွဲမှားသူတို့ပေါက်ဖွားရာ ဖြစ်သော မိစ္ဆာအယူတို့သည်။ ဝါ။ အယူလွဲမှားသူတို့ စွဲကိုင်အပ်သောအကြောင်းတို့သည် ဟူ၍လည်း ပြန်နိုင်ပါသည်။ တိတ္ထာယတနပုဒ်မှ အာယတန သဒ္ဒါသည် သဉ္ဇာတိဋ္ဌာန-ပေါက်ဖွားရာအရပ်၊ သမောသရဏဋ္ဌာန-ပေါင်းဆုံရာအရပ်၊ ကာရဏ=အကြောင်းဟူသော အနက် သုံးပါးကို ဟောနိုင်သည်ဟု ဆိုပါသည်။

မေးမြန်း စိစစ်အပ်ကုန်သည်ရှိသော် အဆင့်ဆင့် လိုက်သော်လည်း မပြု လုပ်ခြင်း(ပြုလုပ် တီထွင်သူ မရှိခြင်း)၌ သာလျှင် တည်ကုန်၏။[၁]

ထိုမိစ္ဆာအယူ သုံးပါးတို့ဟူသည် အဘယ်နည်းဆိုသော်....

(၁) ရဟန်းတို့၊ ဤသတ္တဝါသည် အကြင် ချမ်းသာခြင်းသုခ၊ အကြင် ဆင်းရဲခြင်းဒုက္ခ၊ အကြင်ချမ်းသာ ဆင်းရဲမဟုတ်သော ဥပေက္ခာကို ခံစား၏၊ ထိုခံစားမှု အားလုံးသည် ရှေးဘဝကပြုခဲ့သည့်ကောင်းမှု၊ မကောင်းမှုဟူသော အကြောင်းကြောင့်သာလျှင် ဖြစ်၏ ဟူ၍ ပြောဆို လေ့ရှိသည့် သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ (ပုဗ္ဗေကတဟေတုဝါဒ)

(၂) ရဟန်းတို့၊ ဤသတ္တဝါသည် အကြင် ချမ်းသာခြင်း သုခ၊ ဆင်းရဲခြင်း ဒုက္ခ၊ ချမ်းသာ ဆင်းရဲမဟုတ်သော ဥပေက္ခာကို ခံစား၏၊ ထိုခံစားမှု အားလုံးသည်လောကကို အစိုးရသော တန်ခိုးရှင်၏ဖန်ဆင်းမှု ဟူသော အကြောင်းကြောင့် သာလျှင်ဖြစ်၏ဟု ပြောဆိုလေ့ ရှိသည့် သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ (ဣဿရနိမ္မာန ဝါဒ)

(၃) ရဟန်းတို့၊ ဤသတ္တဝါသည် အကြင်ချမ်းသာခြင်း သုခ၊ ဆင်းရဲခြင်း ဒုက္ခ၊အကြင်ချမ်းသာ ဆင်းရဲခြင်း မဟုတ်သောဥပေက္ခာကို ခံစား၏။ ထိုခံစားမှုအားလုံးသည် အကြောင်းအထောက်အပံ့ မရှိမူ၍ ဖြစ်ပေါ်လာ၏ ဟူ၍ ပြောဆိုလေ့ ရှိသော သမဏဗြာဟ္မဏ တို့သည် ရှိကုန်၏။(အဟေတုကဝါဒ)

## မိစ္ဆာအယူသုံးပါးကို နှိပ်ကွပ်ပုံ

ရဟန်းတို့၊ ငါသည်ထိုအယူသုံးမျိုးရှိသောပုဂ္ဂိုလ်တို့တွင် 'ခံစားမှု အားလုံးသည် ရှေးဘဝက ပြုခဲ့သည့် ကောင်းမှု၊ မကောင်းမှု ဟူသော အကြောင်းကြောင့်သာလျှင် ဖြစ်၏'ဟု ပြောဆိုလေ့ရှိသော သမဏ ဗြာဟ္မဏတို့ထံ ချဉ်းကပ်၍ 'သင်တို့သည် ဤသို့ ပြောဆိုလေ့ရှိကြကုန် ၏'ဟု ဆိုသည်မှာ မှန်ပါသလော'ဟု မေးခဲ့၏။ သူတို့ကလည်း 'မှန်ပေ၏' ဟု ဝန်ခံခဲ့ကြကုန်၏၊ ထိုအခါငါက 'သို့ဖြစ်သော် ရှေးဘဝကပြုခဲ့သည့်

၁။ ''ဤအယူကို မည်သူက စ၍ဟောကြားခဲ့သနည်း'' ဟု ဆရာစဉ်ဆက်သို့ ပြန်လိုက်၍ မေးမြန်း စိစစ်သောအခါ ''မည်သူက စ၍ ဟောကြားခဲ့ သည်''ဟု အထောက်အထား မပြနိုင်ဟု ဆိုလိုပါသည်။

ကောင်းမှု၊ မကောင်းမှုဟူသော အကြောင်းကြောင့်သာလျှင် သူ့အသက်ကို သတ်သူ၊ သူ့ဥစ္စာကို ခိုးသူ စသည်တို့ ဖြစ်ကြလိမ့်မည်’ဟု ပြောဆိုခဲ့၏။

ရဟန်းတို့၊ ရှေးဘ၀ကပြုခဲ့သည့် ကောင်းမှု၊ မကောင်းမှုကိုသာလျှင်အနှစ်သာရအားဖြင့်ယုံကြည်စွဲလမ်းသူတို့အား ‘ဤအမှုကိုပြုသင့်၏။ ဤအမှုကို မပြုသင့်’ဟူ၍ လိုလားသူဆန္ဒ၊ အားထုတ်မှုဝီရိယသည် မဖြစ်တော့ချေ။ ဤသို့ပြုသင့်သော အမှုကို အမှန်အကန်အခိုင်အမာအားဖြင့် ဆုပ်ကိုင်၍ မရခဲ့သော် သတိလွတ်ကင်း စောင့်စည်းခြင်း မရှိဘဲ နေသူတို့အား အသီးအခြား အကြောင်းနှင့်တကွ ဖြစ်သော ‘သမဏဝါဒ’သည် မဖြစ်နိုင်တော့ချေ။

ရဟန်းတို့၊ ရှေးဘ၀ကပြုခဲ့သည့် ကံကိုသာ ပြောဆိုလေ့ရှိသော သမဏ ဗြာဟ္မဏတို့၌ ခိုင်လုံသော အကြောင်းနှင့် တကွ ငါ၏ ပထမ နှိပ်ကွပ်ခြင်းသည် ဖြစ်၏။

ရဟန်းတို့၊ ငါသည် ‘ခံစားမှုအားလုံးသည် လောကကိုအစိုးရသူ တန်ခိုးရှင်၏ ဖန်ဆင်းမှုကြောင့်သာလျှင် ဖြစ်၏’ဟုဆိုလေ့ရှိသောသမဏ ဗြာဟ္မဏတို့ထံ ချဉ်းကပ်၍ ‘သင်တို့သည် ဤသို့ဆိုလေ့ရှိကြ၏ဟုဆိုသည်မှာ မှန်ပါသလော’ဟု မေးခဲ့၏။ သူတို့ကလည်း ‘မှန်ပေ၏’ဟုဝန်ခံခဲ့ကြကုန်၏။ ထိုအခါ ငါက ’သို့ဖြစ်သော် လောကကိုအစိုးရသော တန်ခိုးရှင်၏ ဖန်ဆင်းမှုဟူသော အကြောင်းကြောင့်သာလျှင် သူ့ အသက်ကို သတ်သူ၊ သူ့ဥစ္စာကိုခိုးသူစသည်တို့သည်ဖြစ်ကြလိမ့်မည်’ဟု ပြော ဆိုခဲ့၏။

ရဟန်းတို့ လောကကို အစိုးရသူ တန်ခိုးရှင်ကို သာလျှင် အနှစ်သာရအားဖြင့် ယုံကြည်စွဲလမ်းသူတို့အား ‘‘ဤအမှုကို ပြုသင့်၏။ ဤအမှုကို မပြုသင့်’’ဟူ၍ လိုလားမှုဆန္ဒ၊ အားထုတ်မှု ဝီရိယသည် မဖြစ်တော့ချေ။ ဤသို့ ပြုသင့်သော အမှု၊ မပြုသင့်သောအမှုကို အမှန်အကန်အခိုင်အမာအားဖြင့် ဆုပ်ကိုင်၍မရခဲ့သော် သတိလွတ်ကင်းစောင့်စည်းခြင်း မရှိဘဲ နေသူတို့အား အသီးအခြား အကြောင်းနှင့်တကွ ဖြစ်သော ‘သမဏဝါဒ’သည် မဖြစ်နိုင်တော့ချေ။

ရဟန်းတို့၊ လောကကို အစိုးရသူ တန်ခိုးရှင်၏ဖန်ဆင်းမှုကိုပြော ဆိုလေ့ရှိသော သမဏ ဗြာဟ္မဏတို့၌ ခိုင်လုံသော အကြောင်းနှင့် တကွ ဤ ငါ၏ ဒုတိယ နှိပ်ကွပ်ခြင်းသည် ဖြစ်၏။

ရဟန်းတို့၊ ငါသည် 'ခံစားမှုအားလုံးသည် အကြောင်းအထောက် အပံ့မရှိဘဲ ဖြစ်ပေါ်၏' ဟု ပြောဆိုလေ့ရှိသော သမဏ ဗြာဟ္မဏတို့ထံ ချဉ်းကပ်၍ ''သင်တို့သည် ဤသို့ပြောဆိုလေ့ ရှိကြကုန်၏'' ဟု ဆိုသည် မှာ မှန်ပါသလောဟု မေးခဲ့၏။ သူတို့ကလည်း 'မှန်ပေ၏' ဟု ဝန်ခံခဲ့ကြ ကုန်၏။ ထိုအခါ ငါက 'သို့ဖြစ်သော် အကြောင်းအထောက်အပံ့မရှိမှု ၍သာလျှင် သူ့အသက်ကိုသတ်သူ၊ သူ့ဥစ္စာကို ခိုးသူ စသည် တို့သည် ဖြစ်ကြလိမ့်မည်' ဟု ပြောဆိုခဲ့၏။

ရဟန်းတို့၊ အကြောင်း အထောက်အပံ့ မရှိခြင်းကို သာလျှင် အနှစ်သာရအားဖြင့် ယုံကြည်စွဲလမ်းသူတို့အား 'ဤအမှုကို ပြုအပ်၏၊ ဤ အမှုကို မပြုအပ်' ဟူ၍ လိုလားမှုဆန္ဒ၊ အားထုတ်မှုလုံ့လသည် မဖြစ် နိုင်တော့ချေ။ ဤသို့ပြုသင့်သောအမှု၊ မပြုသင့်သောအမှုကို အမှန်အကန် အခိုင်အမာအားဖြင့် ဆုပ်ကိုင်၍ မရခဲ့သော် သတိလွတ်ကင်းစောင့်စည်း ခြင်း မရှိဘဲ နေသူတို့အား အသီးအခြားအကြောင်းနှင့်တကွဖြစ်သော 'သမဏဝါဒ' သည် မဖြစ်နိုင်တော့ချေ။

ရဟန်းတို့၊ အကြောင်းအထောက်အပံ့မရှိဘဲ ခံစားမှု အားလုံး သည် ဖြစ်၏ဟု ပြောဆိုလေ့ရှိသော သမဏ ဗြာဟ္မဏတို့၌ ခိုင်လုံသော အကြောင်းနှင့်တကွ ဤငါ၏ တတိယနှိပ်ကွပ်ခြင်းသည် ဖြစ်၏။

## သူတစ်ပါးတို့ မနှိပ်ကွပ်အပ်သောတရား

ရဟန်းတို့၊ ငါဟောကြားအပ်သော ဤတရားသည်ကား သူတစ် ပါးတို့မနှိပ်ကွပ်အပ်သောတရားဖြစ်၏။ ပညာရှိတို့မကဲ့ရဲ့အပ်သောတရား ဖြစ်၏။ ထိုတရားသည် အဘယ်နည်းဆိုသော်-ဓာတ်ခြောက်ပါး၊ ဖဿာ ယတန ခြောက်ပါး၊ အာရုံသို့ကပ်ရောက်၍ စိတ်၏ဖြစ်ခြင်း—မနောပဝိ စာရ တစ်ဆယ့်ရှစ်ပါး၊ သစ္စာလေးပါးတို့ဖြစ်၏။

ရဟန်းတို့၊ ဓာတ်ခြောက်ပါးဟူသည်အဘယ်နည်း ဆိုသော်-ပထဝီ ဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသ ဓာတ်၊ ဝိညာဏဓာတ်တို့ဖြစ်၏။ ဖဿာယတန (၆)ပါးဟူသည် စက္ခု သောတစသော အာယတန (၆)ပါးဖြစ်၏။

ရဟန်းတို့၊ စိတ်၏အာရုံသို့ ကပ်ရောက်၍ဖြစ်ခြင်း ‘မနောပဝိစာရ’ တစ်ဆယ့်ရှစ်ပါးဟူသည်အဘယ်နည်း ဆိုသော်-မျက်စိဖြင့် ရူပါရုံကိုမြင်သောအခါ နှစ်သက်မှု၏ အကြောင်းဖြစ်သော ရူပါရုံသို့ ကပ်ရောက်၍လည်း စိတ်သည်ဖြစ်၏။ မနှစ်သက်မှု၏ အကြောင်း ဖြစ်သော ရူပါရုံသို့ ကပ်ရောက်၍လည်း စိတ်သည်ဖြစ်၏။လျစ်လျူရှုမှု၏ အကြောင်းဖြစ်သော ရူပါရုံသို့ ကပ်ရောက်၍လည်း စိတ်သည်ဖြစ်၏။ နားဖြင့်သဒ္ဒါရုံကို ကြားသောအခါ၊ နှာခေါင်းဖြင့် ဂန္ဓာရုံကို နံသောအခါ၊ လျှာဖြင့် ရသာရုံကို ခံစားသောအခါ၊ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသောအခါ စိတ်ဖြင့် ဓမ္မာရုံကို သိသောအခါ နှစ်သက်မှု၏ အကြောင်း ဖြစ်သော ဓမ္မာရုံသို့ ကပ်ရောက်၍လည်းစိတ်သည် ဖြစ်၏။မနှစ်သက်မှု၏အကြောင်း ဖြစ်သော ဓမ္မာရုံသို့ ကပ်ရောက်၍လည်း စိတ်သည်ဖြစ်၏။ လျစ်လျူရှုခြင်း၏ အကြောင်းဖြစ်သော ဓမ္မာရုံသို့ ကပ်ရောက်၍လည်း စိတ်သည် ဖြစ်၏။ ဤသို့လျှင်စိတ်၏အာရုံသို့ကပ်ရောက်၍ ဖြစ်ခြင်း “မနောပဝိစာရ[၁] တို့သည် တစ်ဆယ့်ရှစ်ပါး ဖြစ်ကုန်၏။

ရဟန်းတို့၊ အရိယသစ္စာလေးပါးဟူသည် အဘယ်နည်းဆိုသော် ဓာတ်ခြောက်ပါးကိုစွဲ၍ သန္ဓေသား၏အမိဝမ်းသို့ သက်ဝင်ခြင်းသည်ဖြစ်၏။ သန္ဓေသားသက်ဝင်သည်ရှိသော် နာမ်ရုပ်သည်ဖြစ်၏။ နာမ်ရုပ်ဟူသော အကြောင်းကြောင့် အာယတန ခြောက်ပါးသည် ဖြစ်၏။ အာယတန ခြောက်ပါးဟူသော အကြောင်းကြောင့် တွေ့ထိမှုဖဿသည်ဖြစ်၏။ ဖဿဟူသော အကြောင်းကြောင့် ခံစားမှုဝေဒနာသည်ဖြစ်၏။ ခံစားမှုဝေဒနာရှိသော ပုဂ္ဂိုလ်အား ‘ဤကား ဆင်းရဲတည်း၊ ဤကားဆင်းရဲဖြစ်ကြောင်းတည်း၊ ဤကားဆင်းရဲချုပ်ရာတည်း၊ ဤကားဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်း’ ဟု ငါဟောကြား၏၊

ရဟန်းတို့၊ ဆင်းရဲခြင်း ‘ဒုက္ခအရိယသစ္စာ’ ဟူသည် အဘယ်နည်း ဆိုသော်-ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲတည်း၊ အိုရခြင်း၊ သေရခြင်းတို့သည် ဆင်းရဲတည်း။စိုးရိမ်ခြင်း၊ငိုကြွေးခြင်း၊ကိုယ်ဆင်းရဲခြင်း၊စိတ်နှလုံးမသာခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည်လည်းဆင်းရဲတို့တည်း။ မချစ်မနှစ်သက်သူတို့နှင့်ပေါင်းဖော်ရခြင်း၊ချစ်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်း

---

၁။ မနောပဝိစာရာတိ တံ တံ အာရမ္မဏံ ဥပေစ္စ မနသော ဝိစရဏာကာရော၊ ဋီကာ။

သည်ဆင်းရဲ၏ ချည်း။ လိုချင်သောအရာကိုမရခြင်းသည်လည်း ဆင်းရဲတည်း။ အကျဉ်းအားဖြင့် ဆိုသော် စွဲလမ်းအပ်သော ဥပါဒါနက္ခန္ဓာ ငါးပါးသည် ဆင်းရဲတို့တည်း။ ဤတရားများကို 'ဒုက္ခသစ္စာ' ဟု ဆိုအပ်၏၊

ရဟန်းတို့၊ ဆင်းရဲဖြစ်ကြောင်း 'ဒုက္ခသမုဒယအရိယသစ္စာ' ဟူသည် အဘယ်နည်းဆိုသော် အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရဟူသောအကြောင်းကြောင့် ဝိညာဏ်သည်ဖြစ်၏....ဇာတိ ဟူသောအကြောင်းကြောင့်ဇရာမရဏသည်ဖြစ်၏။ သောကပရိဒေဝစသည် တို့သည်ဖြစ်ကုန်၏။ ဤဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်းများကို 'ဒုက္ခ သမုဒယအရိယသစ္စာ' ဟု ဆိုအပ်၏။

ရဟန်းတို့ ဆင်းရဲချုပ်ငြိမ်းရာ 'ဒုက္ခနိရောဓအရိယသစ္စာ' ဟူသည် အဘယ်နည်းဆိုသော်–အဝိဇ္ဇာအကြွင်းမဲ့ချုပ်ခြင်းကြောင့်သင်္ခါရတို့သည် ချုပ်ကုန်၏။ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်သည်ချုပ်၏... ဇာတိချုပ် ခြင်းကြောင့် ဇရာမရဏသည်ချုပ်၏။ သောကပရိဒေဝစသည်တို့သည်ချုပ် ကုန်၏။ ဤသို့ဆင်းရဲချုပ်ငြိမ်းခြင်းကို ဒုက္ခနိရောဓအရိယသစ္စာ' ဟု ဆို အပ်၏။

ရဟန်းတို့၊ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်စေသောအကျင့် 'ဒုက္ခနိ ရောဓဂါမိနိပဋိပဒါအရိယသစ္စာ' ဟူသည်အဘယ်နည်းဆိုသော်–မှန်သော အမြင်-သမ္မာဒိဋ္ဌိ၊ မှန်သောအကြံ-သမ္မာသင်္ကပ္ပ၊ မှန်သော ပြောဆိုခြင်း သမ္မာဝါစာ မှန်သောပြုလုပ်ခြင်း-သမ္မာကမ္မန္တ၊ မှန်သောအသက်မွေးခြင်း သမ္မာအာဇီဝ မှန်သောအားထုတ်ခြင်း-သမ္မာဝါယာမ၊ မှန်သောအောက် မေ့ခြင်း-သမ္မာသတိ၊ မှန်သောတည်ကြည်ခြင်း-သမ္မာသမာဓိ ဟူသော အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော အရိယမဂ်ပင်တည်းဟု ဟောကြားတော် မူပါသည်။

## ၂။ ဘယသုတ်

သားအမိခြင်းပင် မကာကွယ်နိုင်သည့်ဘေးသုံးပါး

၆၃။ ရဟန်းတို့၊ အမိနှင့်သား အချင်းချင်းပင်မကာကွယ်နိုင်သည့် ဘေးကြီးသုံးမျိုးရှိ၏ဟု မကြားအမြင်နည်းသောပုထုဇဉ်သည် ပြောဆို၏။ ထိုဘေးကြီးသုံးမျိုးကား အဘယ်နည်းဆိုသော်–

(၁) မြို့ရွာနိဂုံးများကို မီးကြီးစွာလောင်ခြင်း၊

(၂) မိုးကြီးစွာရွာ၍ မြို့ရွာနိဂုံးများမျောပါသွားခြင်း၊

(၃) တောပုန်းဓားပြ ထကြွသောင်းကျန်း၍ ဇနပုဒ်နေသူများ လက်လွတ်ထွက်ပြေးရခြင်းတို့ ဖြစ်၏။

ရဟန်းတို့၊ စင်စစ်ထိုခဘားသုံးမျိုးတို့သည် အမိနှင့်သား အချင်းချင်း ကာကွယ်နိုင်သည့် ဘေးများသာဖြစ်ကုန်၏၊ အိုခြင်းဇရာဘေး၊ နာခြင်းဗျာဓိဘေး၊ သေခြင်းမရဏဘေးတို့သည်လာ စင်စစ်အမိနှင့်သား အချင်းချင်းပင် မကာကွယ်နိုင်သည့် ဘေးများဖြစ်ကုန်၏။ ရဟန်းတို့၊ အမိသည် သားကို 'မအိုပါစေလင့်၊ မနာပါစေလင့်၊ မသေပါစေသင့်' ဟူ၍ တောင့်တ၍မရနိုင်၊ သားသည်လည်း အမိကို 'မအိုပါစေလင့်၊ မနာပါစေလင့်၊ မသေပါစေလင့်' ဟူ၍ တောင့်တ၍မရနိုင်။

ရဟန်းတို့၊ အမိနှင့်သား အချင်းချင်းကာကွယ်နိုင်သည့် ဘေးသုံးမျိုးကိုလည်းကောင်း၊ အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သည့်ဘေး သုံးမျိုးကိုလည်းကောင်း၊ ပယ်ရှားလွန်မြောက်ကြောင်းဖြစ်သောအကျင့် လမ်းစဉ်သည်ရှိ၏။ ထိုအကျင့်လမ်းစဉ်ကား အဘယ်နည်းဆိုသော်အင်္ဂါ ရှစ်ပါးနှင့်ပြည့်စုံသော အရိယမဂ်ပေတည်းဟုဟောကြားတော်မူပါသည်။

## ၃။ ဝေနာဂပုရသုတ်

### မြင့်မြတ်သောအိပ်ရာနေရာ သုံးမျိုး

ဖြေ၊ အခါတစ်ပါး၌ ဗုဒ္ဓသည် ရဟန်းသံဃာအပေါင်းနှင့်တကွ ကောသလတိုင်းအတွင်း၌ ခရီးလှည့်တော်မူရာ ဝေနာဂပုရ မည်သော ပုဏ္ဏားရွာသို့ဆိုက်ရောက်၏။ ဝေနာဂပုရရွာသား ပုဏ္ဏားသူကြွယ်တို့သည် ဗုဒ္ဓထံချဉ်းကပ်လာကြ၏။ ထိုရွာသားတို့တွင် ဝစ္ဆအနွယ်ဝင် ဖြစ်သော ပုဏ္ဏားတစ်ယောက်က ဗုဒ္ဓအား ဤသို့လျှောက်၏—

"အရှင်ဂေါတမ၊ အံ့ဖွယ်ကောင်းလှပါသည်။ မဖြစ်ဖူးမြဲ ထူးကဲလှပါသည်။ အရှင်ဂေါတမ၏ မျက်စိစသောဣန္ဒြေတို့သည် မှည့်စဆီးသီးကဲ့သို့ပေ။ ကောင်း၊ အညာမှကြွစ ထန်းသီးမှည့်ကဲ့သို့ လည်းကောင်း၊ ကမ္ဗလာနီပေါ်၌တင်ထားသော ဇမ္ဗူရစ်ရွှေကဲ့သို့လည်းကောင်း အလွန် ကြည်လင်လှပါသည်။ အရေအဆင်းသည်လည်း ဖြူစင်တောက်ပလှပါ သည်။ အရေအဆင်းသည်လည်း ဖြူစင်တောက်ပလှပါသည်။ အရှင် ဂေါတမသည် မြင့်သော အခြေရှိသော ညောင်းစောင်း၊ ပလ္လင်၊ မွေးရှည် ကော်ဇော၊ သားမွေးအခင်းစသည့် မြင့်မြတ်သောအိပ်ရာနေရာတို့ကို အလို ရှိတိုင်း ရရှိနေပါသလော"

"ပုဏ္ဏား၊ မြင့်သောအခြေရှိသောညောင်စောင်း၊ ပလ္လင်၊ မွေးရှည်ကော်ဇော စသည့် မြင့်မြတ်သော အိပ်ရာနေရာတို့သည် ရဟန်းတို့အား ရခဲကုန်၏၊ ရလျှင်လည်း မသုံးစွဲအပ်ကုန်။ ပုဏ္ဏား၊ ယခုအခါ ငါသည် အလိုရှိတိုင်း မပင်မပန်း ရရှိနေသည့် မြင့်မြတ်သော အိပ်ရာနေရာတို့ကား နတ်တို့၏ မြင့်မြတ်သော အိပ်ရာနေရာ၊ ဗြဟ္မာတို့၏ မြင့်မြတ်သောအိပ်ရာနေရာ၊ အရိယာတို့၏ မြင့်မြတ်သော အိပ်ရာ နေရာဟူ၍ သုံးမျိုးရှိ၏"

"အရှင်ဂေါတမ၊ အရှင်အလိုရှိတိုင်းရရှိနေသောနတ်တို့၏ မြင့်မြတ်သော အိပ်ရာနေရာဟူသည် အဘယ်ပါနည်း"

"ပုဏ္ဏား၊ ငါသည် နံနက်အချိန်တွင် သပိတ်သင်္ကန်းကိုဆောင်၍ မိမိအမှီပြု၍နေရာဖြစ်သော ရွာနိဂုံးသို့ဆွမ်းအလို့ငှာဝင်၏၊ ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှထွက်ခဲ့ပြီးလျှင်တောအရပ်သို့သာလျှင်ဝင်၏၊ ထိုတောအရပ်၌ရှိသော မြက်သစ်ရွက်တို့ကိုစုရုံး၍ထက်ဝယ်ဖွဲ့ခွေပြီးကိုယ်ကိုဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကိုဖြစ်စေလျက ထိုင်နေ၏။ ထို့နောက် ငါသည် ကာမဂုဏ်တို့မှလည်းကောင်း၊ အကုသိုလ်တို့မှ လည်းကောင်း ကင်းဆိတ်၍ ဝိတက်ဝိစာရပီတိသုခတို့နှင့်တကွဖြစ်သော ပထမဈာန်တို့ဝင်စား၍နေ၏၊ စတုတ္ထဈာန်ကိုဝင်စား၍နေ၏။ ထိုအချိန်၌ ငါ၏ စင်္ကြံ လျှောက်ခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့သည် နတ်တို့၏ စင်္ကြံ လျှောက်ခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့သည် နတ်တို့၏ စင်္ကြံ လျှောက်ခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့ပင်ဖြစ်ကုန်၏၊ ပုဏ္ဏား၊ ငါအလိုရှိတိုင်းရရှိနေသော နတ်တို့၏မြင့်မြတ်သောအိပ်ရာနေရာ ဟူသည် ဤစျာန်လေးပါးဖြင့် နေခြင်းပင်တည်း"

"အရှင်ဂေါတမ၊ အရှင်သည်အလိုရှိတိုင်းရရှိနေသောဗြဟ္မာတို့၏ မြင့်မြတ်သော အိပ်ရာနေရာဟူသည် အဘယ်ပါနည်း"

"ပုဏ္ဏား၊ ငါသည် နံနက်အချိန်တွင်သပိတ်သင်္ကန်း ကိုယူဆောင်၍ မိမိအမှီပြု၍နေရာဖြစ်သော ရွာနိဂုံးသို့ ဆွမ်းအလို့ငှာဝင်၏။ ငါသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ထွက်ခဲ့ပြီးလျှင်တောအရပ်သို့သာ လျှင်ဝင်၏။ ထိုတော အရပ်၌ရှိသော မြက်သစ်ရွက်တို့ကိုစုရုံး၍ ထက်ဝယ်ဖွဲ့ခွေပြီး ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ရှေးရှုသတိကိုဖြစ်စေလျက်ထိုင်နေ၏၊ ထို့နောက် ငါသည် မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် အရပ်လေးမျက်နှာတို့ကိုဖြန့်၍နေ၏၊ အထက်အရပ်၊ အောက်အရပ်၊ ဖီလာ ဝန်းကျင် အရပ်တို့၌ရှိသော သတ္တဝါအားလုံးနှင့်တကွဖြစ်သောလောကလုံးကို ဖြန့်ပြော

မြင့်မြတ်၍ အကန့်အသတ်မရှိသည့်မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့်ဖြန့်၍ နေ၏။ ထို့ အတူကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့နှင့်တကွ ဖြစ်သော စိတ်ဖြင့် လည်းဖြန့်၍နေ၏။ ထိုအချိန်၌ငါ၏စင်္ကြံသွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့သည်ဗြဟ္မာတို့၏စင်္ကြံသွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့ပင် ဖြစ်ကုန်၏။ ပုဏ္ဏား၊ ငါသည်အလိုရှိတိုင်း ရရှိနေသောဗြဟ္မာတို့၏ မြင့်မြတ်သောအိပ်ရာနေရာဟူသည် ဤမေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ဖြင့် နေခြင်းပင်တည်း။

"အရှင်ဂေါတမ၊ အရှင်သည် အလိုရှိတိုင်း ရရှိနေသောအရိယာတို့၏ မြင့်မြတ်သော အိပ်ရာနေရာဟူသည် အဘယ်နည်း"

"ပုဏ္ဏား၊ ငါသည် နံနက်အချိန်တွင် သပိတ်သင်္ကန်းကိုဆောင်၍ မိမိအမှီပြု၍နေရာဖြစ်သောရွာနိဂုံးသို့ ဆွမ်းအလို့ငှာဝင်၏။ ဆွမ်းစားပြီး နောက်ဆွမ်းခံရာမှထွက်လျှင် တောအရပ်သို့သာဝင်၏။ ထိုတော အရပ်၌ ရှိသော မြက်သစ်ရွက်တို့ကိုစုရုံး၍ ထက်ဝယ်ဖွဲ့ခွေပြီး ထိုင်နေ၏။ ထိုအခါ ငါသည် ရာဂကိုအကြွင်းမဲ့ ပယ်အပ်ပြီးပြီ၊ ဒေါသကိုအကြွင်းမဲ့ ပယ်အပ်ပြီးပြီ၊ မောဟကိုအကြွင်းမဲ့ ပယ်အပ်ပြီးပြီ'ဟုသိ၏။ ထိုအချိန်၌ ငါ၏စင်္ကြံသွားခြင်း ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့ပင် ဖြစ်ကုန်၏။ ပုဏ္ဏား၊ ငါသည် အလိုရှိတိုင်း ရရှိနေသောအရိယာတို့၏မြင့်မြတ်သော အိပ်ရာနေရာဟူသည် ဤသို့ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်၍နေခြင်းပင်တည်း"

ဤသို့ ဗုဒ္ဓကဖြေကြားသောအခါ ဝေနာဂပုရ ရွာသား ပုဏ္ဏား သူကြွယ်တို့သည် လွှင်စွာနှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားကြလေ သည်။

## ၄။ သရဘသုတ်

### သရဘပရိဗိုဇ်နှင့်စပ်၍ မြွက်ကြားသော စကားသုံးခွန်း

၆၅။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ်သာ သနာတော်မှ ပြန်ကြား(?) မိကာပထွက်ခွာသွားသည့်သရဘပရိဗိုဇ်သည်ပရိသတ် အလယ်၌ "ငါသည် သကျအနွယ်ဝင် ရဟန်းတို့၏ တရားကိုသိခဲ့ပြီ" ဟု ပြောဆို၏။ ယိုသို့ပြောဆိုသည်ကို မြို့ထဲ၌ဆွမ်းခံသောရဟန်းတို့က ကြား ခဲ့၍ ဗုဒ္ဓအား လျှောက်တင်ကြလေသည်။

ထိုအခါဗုဒ္ဓသည် ညချမ်းအချိန်တွင် သိပ္ပိနိကာမြစ်ကမ်းရှိ ပရိဗိုဇ်တို့၏ ကျောင်းဇရပ်သို့ကြွသွား၍ ခင်းထားသောနေရာ၌ ထိုင်တော်မူပြီး သရဘပရိဗိုဇ်အား ထိုကဲ့သို့သောစကားကို ပြောကြားသည် ဆိုခြင်းမှာ မှန်ပါသလော’ဟု မေးတော်မူသည်၊ ဗုဒ္ဓကသုံးကြိမ်တိုင်အောင်ထပ်၍မေးသော်လည်း သရဘပရိဗိုဇ်သည် အဖြေမပေးဘဲ မျက်နှာမသာမယာဖြင့် ခေါင်းငိုက်စိုက်ချကာ ထိုင်နေ၏။ ထိုအခါ ဗုဒ္ဓကပရိဗိုဇ်တို့အား ဤသို့ မိန့်ကြားတော်မူ၏။

“ပရိဗိုဇ်တို့၊ အကြင်သူသည် ငါ့ကို ‘သင်သည် တရားအားလုံးကို ကိုယ်တိုင်မှန်ကန်စွာသိ၏’ဟု ဝန်ခံသော်လည်း၊ ဤတရားတို့ကိုမူ မသိ’ ဟုဆိုငြားအံ့၊ ထိုသူသည် ငါကပြန်၍မေးသည်ရှိသော် နောက်စကားဖြင့် ရှေ့စကားကိုဖုံးကွယ်လျက် စကားလမ်းကြောင်းပြောင်းပစ်ခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ သရဘပရိဗိုဇ်ကဲ့သို့ ခေါင်းငိုက်စိုက်ကျကာထိုင်နေရခြင်းဟူသော အကြောင်းသုံးပါးတို့တွင် တစ်ပါးပါးသော အကြောင်းသို့သာ ရောက်ရာ၏။

ပရိဗိုဇ်တို့၊ အကြင်သူသည် ငါ့ကို ‘အာသဝေါတရားကုန်ပြီးသူဖြစ်၏’ဟု ဝန်ခံသောသင့်အား ဤမည်သော အာသဝေါတရားတို့ကားမကုန်သေးချေ’ဟု ဆိုငြားအံ့၊ ထိုသူသည် ငါကပြန်၍ မေးစစ်သည်ရှိသော် အကြောင်းသုံးပါးတို့တွင် တစ်ပါးပါးသောအကြောင်းသို့သာ ရောက်ရာ၏။

ပရိဗိုဇ်တို့၊ အကြင်သူသည် ငါ့ကို ‘သင်ဟောကြားအပ်သောတရားသည် ဆင်းရဲကုန်ခြင်းငှာမဖြစ်’ဟု ပြောဆိုငြားအံ့၊ ထိုသူသည် ငါက ပြန်၍မေးစစ်သည်ရှိသော် အကြောင်းသုံးတို့တွင် တစ်ပါးပါးသော အကြောင်းသို့သာ ရောက်ရာ၏”

ဤသို့လျှင် ဗုဒ္ဓသည် သိပ္ပိနိကာမြစ်ကမ်းရှိ ပရိဗိုဇ်တို့၏ အရှေ့၌ ခြင်္သေ့ဟောက်သကဲ့သို့ ရဲရင့်သောစကားကို သုံးကြိမ်မြွက်ဆိုပြီး ကောင်းကင်သို့ ပျံတက်ကြွသွားတော်မူ၏။

ထိုအခါ ပရိဗိုဇ်တို့သည် သရဘပရိဗိုဇ်အား “သင်သည် ခြင်္သေ့ကို တု၍ဟိန်းဟောက်သောမြေခွေးအို၊ ကြက်ဖကိုတု၍တွန်သောကြက်မ၊ နွားမရှိသောခြံတွင်းသာနွားလားကဲ့သို့ ရဟန်းဂေါတမကွယ်ရာ၌သာအချည်းနှီးကြုံးဝါးဘို၏”ဟု ကဲ့ရဲ့ပြစ်တင်ကြလေသည်။

(ဗုဒ္ဓပေါ်လာသောအခါ ဗုဒ္ဓကိုကြည်ညိုသူများ တစ်နေ့တခြားတိုးလာပြီး တိတ္ထိပရိဗိုဇ်တို့ကိုကြည်ညိုသူများ တဖြည်းဖြည်းဆုတ်ယုတ်သွားသည်၊ ထိုအခါ ရဟန်းဂေါတမသည် 'အာဝဋ္ဋနီမာယာ'ခေါ် လျှို့ဝှက်ပညာဖြင့် လူတွေကိုလှည့်ပတ်ဆွဲဆောင်သောကြောင့် သူ့ကိုကြည်ညိုသူတွေများလာခြင်းဖြစ်လိမ့်မည်'ဟု တိတ္ထိတို့ကထင်ကြသည်။ ထို့ကြောင့် ထိုလျှို့ဝှက်ပညာကို ခိုးယူရန်အကြံဖြင့် သရဘပရိဗိုဇ်သည် ရဟန်းတို့ထံ၌ ရဟန်းပြုသည်၊ သူသည် ဥပုသ်နေ့တိုင်း ရဟန်းများရွတ်ဆိုကြားနာသည့်ပါတိမောက်ကိုပင်လျှို့ဝှက်ပညာဟု မှတ်ထင်သဖြင့် ပါတိမောက်ကို နှုတ်တက်ရအောင်သင်ယူပြီး ပရိဗိုဇ်ကျောင်းသို့ပြန်သွားခဲ့ခြင်း ဖြစ်ပါသည်။)

## ၅။ ကေသမုတ္တိသုတ်[၁]

ယုံရမည့်တရားသုံးပါးနှင့် ပြည့်စုံရမည့်တရားသုံးပါး

### ကာလာမင်းများ လျှောက်ကြားပုံ

၆၆။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် များစွာသောရဟန်းအပေါင်းနှင့်တကွ ကောသလတိုင်းအတွင်း၌ ဒေသစာရီကြွချီစဉ်ကာလာမမင်းတို့၏ ကေသမုတ္တ မည်သော နိဂုံးသို့ ဆိုက်ရောက်လေ၏။

ကာလာမမင်းတို့သည် ''သာကီဝင် မင်းမျိုးဖြစ်သော ရဟန်းဂေါတမသည် ကေသမုတ္တနိဂုံးသို့ဆိုက်ရောက်လာသတဲ့''ဟူသောသတင်းစကားကို ကြားသိကြလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ် လာကြပြီး ဝမ်းမြောက်ဖွယ် ပဋိသန္ထာရ စကားကို ပြောဆိုကြသည်။ ထို့နောက် ကာလာမမင်းတို့က မြတ်စွာဘုရားအား အောက်ပါစကားကို လျှောက်ကြားကြသည်။

''အရှင်ဘုရား၊ အချို့သော သမဏဗြာဟ္မဏတို့သည် ကေသမုတ္တနိဂုံးသို့ ရောက်လာကြပါသည်။ သူတို့သည် မိမိတို့၏အယူဝါဒကိုသာလျှင်

---

၁။ ဤသုတ်ကို ယခင်က 'ကာလာမသုတ်' ဟု လူသိများခဲ့ပါသည်။ ကေသမုတ္တနိဂုံး၌ ဟောသောကြောင့် ကေသမုတ္တိသုတ်ဟု ဆဋ္ဌမူ၌ အမည်တပ်ပါသည်။ သီဟိုနှင့်အင်္ဂလိပ်မူတို့၌ကား 'ကေသပုတ္တ'ဟု ရှိပါသည်။

အမှန်းတင်ပြောဆို၍ သူတစ်ပါးတို့၏ အယူဝါဒကို ရှုတ်ချပြောဆိုကြပါသည်။ တစ်ဖန် အခြားသော သမဏဗြာဟ္မဏတို့ ရောက်လာပြန်သော အခါ၌လည်း ထိုနည်းတူပင် ပြောဆိုကြပြန်ပါသည်။

အရှင်ဘုရား၊ ထိုသမဏ ဗြာဟ္မဏတို့တွင် အဘယ်သူတို့၏ စကားသည် မှန်၍ အဘယ်သူတို့၏ စကားသည် မှားသနည်း ဟူ၍ကျွန်ုပ်တို့အား ယုံမှားမှု တွေးတောမှုများ ဖြစ်ခဲ့ရပါသည်။”

ကာလာမ မင်းတို့က ထိုသို့ လျှောက်ကြားသောအခါ မြတ်စွာဘုရားသည် ကာလာမ မင်းတို့အား သူတစ်ပါး ပြောကာမျှဖြင့် မယုံဘဲ ကိုယ်တိုင် သိမြင်အောင် ဆင်ခြင် စူးစမ်းပြီးမှ ပယ်သင့်သောတရားကို ပယ်၍၊ ဆောင်သင့်သောတရားကို ဆောင်ကြရန် ဟောကြားလမ်းညွှန်တော် မူပါသည်။

“ကာလာမ မင်းတို့၊ သင်တို့သည် ယုံမှားခြင်းငှာ သင့်ပေ၏။ တွေးတောခြင်းငှာ သင့်ပေ၏။ ယုံမှားသင့်သော အရာ၌သာလျှင် သင်တို့အား ယုံမှားခြင်းသည် ဖြစ်ခဲ့၏။

## မယုံကြည်ရာ အကြောင်းဆယ်ပါး

ကာလာမမင်းတို့၊ သင်တို့သည် တစ်ဆင့်စကား ကြားရုံမျှဖြင့် အမှန်ဟု မယူကြကုန်လင့်။

မိဘဘိုးဘွား အဆက်ဆက် ပြောစကားများဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

“ဒီဟာက ဒီလိုတဲ့”ဟူ၍ မသေမချာ ပြောစကားဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

စာပေကျမ်းဂန်နှင့် ညီညွတ်ရုံဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

‘ဤအတိုင်းသာ ဖြစ်လောက်ရာ၏’ ဟူ၍ ကြံဆယူခြင်း ဟူသော အကြောင်းဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

နည်းလမ်းယုတ္တိဖြင့် ချိန်ဆနိုင်ခြင်း ဟူသော အကြောင်းဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

အကြောင်းခြင်းရာကို ကြံဆခြင်းဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

တွေကြုံ စဉ်းစား၍ ကျေနပ်နှစ်သက် လက်ခံထားသော မိမိ အယူ အဆနှင့် ညီညွတ်ရုံဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

နားယူထိုက်သော ပုဂ္ဂိုလ်၏ စကားဖြစ်ခြင်းမျှဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

မိမိတို့၏ ဆရာဖြစ်သော ရဟန်း၏ စကား ဖြစ်ရုံမျှဖြင့်လည်းအမှန် ဟု မယူကြကုန်လင့်။

## ကိုယ်တိုင်သိလျှင် စွန့်ပယ်ကြ

ကာလာမ မင်းတို့၊ အကြင်အခါ၌ “ဤတရားတို့သည် အကုသိုလ် တရားများဖြစ်၏။ အပြစ်ရှိသော တရားများဖြစ်၏။ ပညာရှိတို့ ကဲ့ရဲ့အပ် သော တရားများဖြစ်၏။ ပြည့်စုံစွာ စွဲယူဆောက်တည်အပ်သည် ရှိသော် အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာဖြစ်ကုန်၏” ဟူ၍ သင်တို့ကိုယ်တိုင် သာလျှင် သိကုန်ရာ၏။ ထိုအခါ၌ သင်တို့သည် ထိုတရားတို့ကို ပယ်စွန့်ကြ ကုန်လော့။

## ပယ်ရမည့် တရားသုံးပါး

“ကာလာမမင်းတို့၊ ထိုအရာကို သင်တို့ မည်သို့ထင်ကြကုန်သနည်း။ လောဘသည် သတ္တဝါ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်လာသည် ရှိသော် အကျိုးစီးပွား တိုးပွားခြင်းငှာ ဖြစ်သလော၊ အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်သလော”

“အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်ပါသည်ဘုရား”

“ကာလာမ မင်းတို့၊ တပ်မက်ခြင်းရှိသော သတ္တဝါသည် လောဘ ဖြင့်လွှမ်းမိုးအပ်၊ သိမ်းကျုံးဆွဲယူအပ်သော စိတ်ရှိသည်ဖြစ်၍ သတ္တဝါကို လည်း သတ်၏။ သူမပေးအပ်သော ဥစ္စာကိုလည်း ယူ၏။ သူတစ်ပါး သားမယားကိုလည်း သွားလာ၏။ မုသားစကားကိုလည်း ပြော၏၊ သူ တစ်ပါးကိုလည်း ထိုအမှုများပြုကျင့်ရန် စေခိုင်းတိုက်တွန်း၏။ သတ္တဝါ ကိုသတ်ခြင်း စသော အမှုသည် ထိုသတ္တဝါအား ရှည်မြင့်စွာ အကျိုး စီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်လေ၏။

ကာလာမ မင်းတို့၊ ထိုအရာကို သင်တို့ မည်သို့ထင်ကြသနည်း။ ဒေါသသည် သတ္တဝါ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်လာသည် ရှိသော်

အကျိုးစီးပွား တိုးပွားခြင်းငှာ ဖြစ်သလော၊ အကျိုးစီးပွား မဲ့ခြင်းငှာ ဖြစ်သလော”

‘အကျိုးစီးပွား မဲ့ခြင်းငှာ ဖြစ်ပါသည်ဘုရား’

‘ကာလာမ မင်းတို့၊ ဒေါသထွက်သော သတ္တဝါသည် ဒေါသဖြင့် လွှမ်းမိုးအပ် သိမ်းကြုံး ဆွဲယူအပ်သော စိတ်ရှိသည်ဖြစ်၍ သတ္တဝါ ကို လည်းသတ်၏။...မုသားစကားကိုလည်းပြော၏၊ သူတစ်ပါးကိုလည်း ထိုအမှုများဖြင့်ပြုကျင့်ရန်စေခိုင်းတိုက်တွန်း၏။ သတ္တဝါ ကို သတ်ခြင်းစသော အမှုသည် ထိုသတ္တဝါအား ရှည်မြင့်စွာ အကျိုးစီးပွားမဲ့ခြင်း၊ဆင်းရဲခြင်း ငှာ ဖြစ်လေ၏။

‘ကာလာမ မင်းတို့၊ထိုအရာကို သင်တို့ မည်သို့ ထင်ကြသနည်း။ မောဟသည် သတ္တဝါ၏အတွင်းသန္တာန်၌ ဖြစ်သည်ရှိသော် အကျိုးစီးပွား တိုးပွားခြင်းငှာ ဖြစ်သလော၊ အကျိုးစီးပွားမဲ့ခြင်းငှာဖြစ်သလော

‘အကျိုးစီးပွား မဲ့ခြင်းငှာ ဖြစ်ပါသည်ဘုရား’

‘ကာလာမ မင်းတို့၊ တွေဝေသောသတ္တဝါသည်မောဟဖြင့် လွှမ်းမိုးအပ်၊ သိမ်းကျုံး ဆွဲယူ အပ်သော စိတ်ရှိသည်ဖြစ်၍ သတ္တဝါကိုလည်း သတ်၏။ မုသားစကားကိုလည်းပြော၏။ သူတစ်ပါးကိုလည်းထိုအမှုများ ပြုကျင့်ရန် စေခိုင်းတိုက်တွန်း၏။ သတ္တဝါကို သတ်ခြင်းစသောအမှုသည် ထိုသတ္တဝါအား ရှည်မြင့်စွာ အကျိုးစီးပွားမဲ့ခြင်း၊ဆင်းရဲခြင်းငှာ ဖြစ်လေ၏။

ကာလာမ မင်းတို့၊ ထိုအရာကို သင်တို့မည်သို့ ထင်ကြသနည်း၊ ဤလောဘ၊ဒေါသ၊မောဟတို့သည်ကုသိုလ်တရားများဖြစ်သလောအကုသိုလ် တရားများ ဖြစ်ပါသလော’

‘အကုသိုလ်တရားများ ဖြစ်ပါသည်ဘုရား’

‘အပြစ်ရှိသော တရားများဖြစ်သလော၊ အပြစ်ကင်းသော တရားများ ဖြစ်သလော’

‘အပြစ်ရှိသော တရားများ ဖြစ်ပါသည်ဘုရား’

‘ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားများ ဖြစ်သလော၊ ပညာရှိတို့ ချီးမွမ်းအပ်သော တရားများ ဖြစ်သလော’

'ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားများ ဖြစ်ပါသည်ဘုရား'

'ဤတရားတို့သည် အပြည့်အစုံ စွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွားမဲ့ခြင်း၊ဆင်းရဲခြင်းငှာ ဖြစ်ကုန်သလော၊မဖြစ်ကုန်သလော ဤအရာ၌ သင်တို့၏ထင်မြင်ချက် မည်သို့ရှိပါသနည်း'

'ဤတရားတို့သည် အပြည့်အစုံဆွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာဖြစ်ပါကုန်၏။ဤအရာ၌ ဤသို့လျှင် ကျွန်ုပ်တို့ ထင်မြင်ချက် ရှိပါသည်ဘုရား'

'ကာလာမ မင်းတို့၊ ဤသို့ လောဘ ဒေါသမောဟတို့၏ အစီးအပွားမဲ့မှု ဆင်းရဲမှုကို ဖြစ်စေခြင်းဟူသော အနက်သဘောကို ရည်ရွယ်၍ 'သင်တို့သည် တစ်ဆင့်စကား ကြားရုံမျှစသည်ဖြင့် အမှန်ဟု မယူကြကုန်လင့်၊ အကြင်အခါ၌ ဤတရားတို့သည် အကုသိုလ်တရား၊ အပြစ်ရှိသော တရား၊ပညာရှိတို့ ကဲ့ရဲ့အပ်သောတရား၊အစီးအပွားမဲ့မှု၊ဆင်းရဲမှုကိုဖြစ်စေနိုင်သော တရားများ ဖြစ်ကုန်၏ ဟူ၍ သင်တို့ကိုယ်တိုင် သိကုန်၏။ ထိုအခါ၌ ထိုတရားတို့ကို ပယ်စွန့်ကြကုန်လော့' ဟူ၍ ငါမိန့်ကြားခဲ့ခြင်း ဖြစ်ပေ၏။

## ပြည့်စုံရမည့် တရားသုံးပါး

'ကာလာမ မင်းတို့၊ သင်တို့သည် တစ်ဆင့်စကား ကြားရုံမျှဖြင့် အမှန်ဟု မယူကြကုန်လင့်- မိမိတို့၏ဆရာဖြစ်သောရဟန်း၏ စကား ဖြစ်ရုံမျှဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်'

'ကာလာမ မင်းတို့၊အကြင်အခါ၌ဤတရားတို့သည်ကုသိုလ်တရားများ ဖြစ်၏၊ အပြစ်ကင်းသော တရားများ ဖြစ်၏။ ပညာရှိတို့ ချီးမွမ်းအပ်သောတရားများဖြစ်၏။ပြည့်စုံစွာဆွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွားတိုးပွားခြင်းချမ်းသာခြင်းငှာဖြစ်ကုန်၏' ဟူ၍ကိုယ်တိုင်သာလျှင်သိကုန်ရာ၏။ထိုအခါ၌ သင်တို့သည် ထိုတရားတို့ကိုပြည့်စုံစေ၍နေကြကုန်လော'

'ကာလာမမင်းတို့၊ ထိုအရာကို သင်တို့ မည်သို့ ထင်ကြသနည်း၊ အလောဘသည် သတ္တဝါ၏အတွင်းသန္တာန်၌ ဖြစ်ပေါ်လာသည် ရှိသော် အကျိုးစီးပွားတိုးပွားခြင်းငှာ ဖြစ်သလော၊အကျိုးစီးပွား မဲ့ခြင်းငှာဖြစ်သလော'

'အကျိုးစီးပွား တိုးပွားခြင်းငှာ ဖြစ်ပါသည်ဘုရား'

'ကာလာမ မင်းတို့၊ မတပ်မက်သော သတ္တဝါသည် လောဘဖြင့် မလွှမ်းမိုးအပ်၊ သိမ်းကျုံးဆွဲငင်၍ မယူအပ်သော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုမသတ်၊ သူ့ဥစ္စာကို မခိုးယူ၊ သူတစ်ပါး သားမယားကို မသွားလာ၊ မုသားစကားမဆို၊ သူတစ်ပါးကိုလည်းထိုအမှုများပြုကျင့်ရန်စေခိုင်းတိုက်တွန်းခြင်းမပြု၊ ယင်းသို့မပြုခြင်းသည် ထိုသတ္တဝါအား ရှည်မြင့်စွာ အကျိုးစီးပွားတိုးပွားခြင်း ချမ်းသာခြင်းငှာ ဖြစ်၏။

'ကာလာမ မင်းတို့ ထိုအရာကို သင်တို့ မည်သို့ ထင်ကြသနည်း၊ အဒေါသသည် သတ္တဝါတို့၏ အတွင်းသန္တာန်၌ ဖြစ်သည်ရှိသော် အကျိုးစီးပွားတိုးပွားခြင်းငှာဖြစ်သလော အကျိုးစီးပွားမဲ့ခြင်းငှာဖြစ်သလော'

'အကျိုးစီးပွား တိုးပွားခြင်းငှာ ဖြစ်ပါသည်ဘုရား'

'ကာလာမမင်းတို့၊ အမျက်မထွက်သောသတ္တဝါသည် ဒေါသဖြင့် မလွှမ်းမိုးအပ်၊ သိမ်းကျုံးဆွဲငင်၍ မယူအပ်သော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုမသတ်၊–မုသားစကားကိုမဆို၊သူတစ်ပါးကိုလည်းထိုအမှုများပြုကျင့်ရန် စေခိုင်းတိုက်တွန်းခြင်းမပြု၊ယင်းသို့မပြုခြင်းသည်ထိုသတ္တဝါအား ရှည်မြင့်စွာ အကျိုးစီးပွားတိုးပွားခြင်း ချမ်းသာခြင်းငှာဖြစ်ပေ၏၊

'ကာလာမ မင်းတို့၊ ထိုအရာကိုသင်တို့ မည်သို့ ထင်ကြသနည်း၊ အမောဟသည် သတ္တဝါတို့၏အတွင်းသန္တာန်၌ ဖြစ်ပေါ်လာသည်ရှိသော် အကျိုးစီးပွားတိုးပွားခြင်းငှာဖြစ်သလော၊ အကျိုးစီးပွားမဲ့ခြင်းငှာဖြစ်သလော'

'အကျိုးစီးပွား တိုးပွားခြင်းငှာ ဖြစ်ပါသည်ဘုရား'

'ကာလာမ မင်းတို့၊ မတွေဝေသော သတ္တဝါသည် မောဟဖြင့် မလွှမ်းမိုးအပ်၊ သိမ်းကျုံးဆွဲငင်၍ မယူအပ်သော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကို မသတ်၊ မုသားစကားကိုမဆို၊ သူတပါးကိုလည်း ထိုအမှုများပြုကျင့်ရန် စေခိုင်းတိုက်တွန်းခြင်းမပြု၊ ယင်းသို့မပြုခြင်းသည် ထိုသတ္တဝါအားရှည်မြင့်စွာ အကျိုးစီးပွားတိုးပွားခြင်း၊ချမ်းသာခြင်းငှာ ဖြစ်ပေ၏'

'ကာလာမမင်းတို့၊ ထိုအရာကို သင်တို့ မည်သို့ ထင်ကြသနည်း၊ ဤအလောဘ၊ အဒေါသ၊အမောဟ သုံးပါးတို့သည်ကုသိုလ် တရားများဖြစ်သလော၊ အကုသိုလ်တရားများ ဖြစ်သလော'

'ကုသိုလ်တရားများ ဖြစ်ပါသည်ဘုရား'

'အပြစ်ရှိသောတရားများ' ဖြစ်သလော၊ အပြစ်ကင်းသော တရားများ ဖြစ်သလော'

'အပြစ်ကင်းသော တရားများ ဖြစ်ပါသည်ဘုရား'

'ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားများ ဖြစ်သလော၊ ပညာရှိတို့ ချီးမွမ်းအပ်သော တရားများ ဖြစ်သလော'

'ပညာရှိတို့ ချီးမွမ်းအပ်သော တရားများ ဖြစ်ပါသည်ဘုရား'

'ဤတရားတို့သည် ပြည့်စုံစွာ စွဲယူဆောက်တည်အပ်သည် ရှိသော် အကျိုးစီးပွားတိုးပွားခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်ကုန်သလော၊ မဖြစ်ကုန်သလော၊ ဤအရာ၌ သင်တို့ထင်မြင်ချက် မည်သို့ရှိသနည်း'

'ဤတရားတို့သည် ပြည့်စုံစွာ စွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွားတိုးပွားခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်ပါသည်။ ဤအရာ၌ ဤသို့လျှင် ကျွန်ုပ်တို့ ထင်မြင်ချက် ရှိပါသည်ဘုရား'

'ကာလာမမင်းတို့၊ ဤသို့အားဖြင့်၊ အဒေါသ၊ အမောဟတို့၏ အကျိုးစီးပွားတိုးတက်မှု၊ ချမ်းသာမှုကို ဖြစ်စေနိုင်ခြင်းဟူသော ဤအနက်သဘောကိုရည်ရွယ်၍ 'သင်တို့သည် တခါဆင့်စကား ကြားရုံမျှစသည်ဖြင့် အမှန်ဟုမယူကြကုန်လင့်၊ အကြင် အခါ၌ ဤတရားတို့သည် ကုသိုလ်တရား အပြစ်ကင်းသောတရား ပညာရှိတို့ချီးမွမ်းအပ်သောတရား၊ အကျိုးစီးပွားတိုးတက်မှု၊ ချမ်းသာမှုကို ဖြစ်စေသောတရားဟူ၍ သင်တို့ကိုယ်တိုင်သိကုန်၏။ ထိုအခါ၌ ထိုတရားတို့ကို ပြည့်စုံစေ၍ နေကြကုန်လော့' ဟူ၍ ငါမိန့်ကြားခဲ့ခြင်း ဖြစ်ပေသည်။

## မေတ္တာပွားပုံ

ကာလာမမင်းတို့၊ အကုသိုလ်တရားသုံးပါးကိုပယ်၍ကုသိုလ်တရားသုံးပါးနှင့် ပြည့်စုံသောထိုအရိယာတပည့်သည် အဘိဇ္ဈာ၊ဗျာပါဒနှင့်ပြင်းစွာ တွေဝေခြင်းမောဟတို့ကင်း၍ ကောင်းစွာဆင်ခြင်ပါတ်သော သမ္ပဇဉ် ဉာဏ်နှင့်စွဲမြဲသော သတိရှိလျက်မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကိုဖြန့်၍နေ၏၊ ထို့အတူ ဒုတိယအရပ်မျက်နှာ တတိယ အရပ်မျက်နှာ၊ စတုတ္ထအရပ်မျက်နှာတို့ကို ဖြန့်၍နေ၏။ ဤသို့လျှင် အထက် အောက်ဝန်းကျင်အလုံးစုံသောအရပ်တို့၌သတ္တဝါအားလုံးအပေါ်ဝယ်မိမိ

နှင့် ထပ်တူပြုခြင်းဖြင့် သတ္တဝါအားလုံး ပါဝင်သော သတ္တ လောကကို ကျယ်ပြန့်သော၊ မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော၊ အတိုင်းအဆမရှိသော၊ ရန်လိုမှု၊ စိတ်ငြိုငြင်မှုမရှိသော၊ မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် ဖြန့်၍နေ၏။

ကရုဏာနှင့်တကွ ဖြစ်သောစိတ်၊ မုဒိတာနှင့်တကွ ဖြစ်သောစိတ်၊ ဥပေက္ခာနှင့်တကွ ဖြစ်သောစိတ်ဖြင့် ဖြန့်၍နေ၏။

## ဆောက်တည်ရာ လေးပါးကို ရခြင်း

''ကာလာမမင်းတို့၊ အကြင်အရိယာတပည့်သည် ရန်လိုမှုကင်းသော စိတ်ရှိ၏၊ ငြိုငြင်မှုကင်းသောစိတ် ရှိ၏၊ မညစ်နွမ်းသောစိတ်ရှိ၏။ စင်ကြယ်သောစိတ်ရှိ၏။ ထိုအရိယာတပည့်သည် မျက်မှောက်ဘဝ၌ပင် လေးပါးသော ထောက်တည်ရာတို့ကို ရလေသည်။

(၁) အကယ်၍ တမလွန်လောကသည် ရှိငြားအံ့၊ ကောင်းစွာပြုအပ်သောအမှု၊ မကောင်းသဖြင့်ပြုအပ်သောအမှုတို့၏အကျိုးဝိပါက်သည် အကယ်၍ရှိငြားအံ့၊ ငါသည် သေလွန်သောအခါ နတ်ပြည်သို့ရောက်ရလိမ့်မည်ဟူ၍ ပထမထောက်တည်ရာကို ရ၏။

(၂) အကယ်၍တမလွန်လောကသည် မရှိငြားအံ့၊ ကောင်းစွာပြုအပ်သောအမှု၊ မကောင်းသဖြင့်ပြုအပ်သောအမှုတို့၏ အကျိုးဝိပါက်သည် အကယ်၍မရှိငြားအံ့၊ ငါသည် ယခုမျက်မှောက်ဘဝ၌ရန်မရှိ၊ ကြောင့်ကြမှုမရှိသော ဆင်းရဲကင်း၍ ချမ်းသာသော မိမိကိုယ်ကို ဆောင်ရပေ၏ဟူ၍ ဤ ဒုတိယဆောက်တည်ရာကို ရလေ၏။

(၃) မကောင်းမှုကို ပြုလုပ်သူသည် အကယ်၍မကောင်းမှုကိုပြုလုပ်မိရောက်ငြားအံ့၊ စင်စစ်ငါသည်တစ်စုံတစ်ယောက်သော သူအပေါ်၌ မကောင်း မှုကို စေ့ဆော်အားထုတ်ခြင်းမပြုခဲ့၊ မကောင်းမှုမပြုသော ငါ့ကို ဆင်းရဲခြင်းဒုက္ခသည် အဘယ်မှာတွေ့ထိအံ့နည်းဟူ၍ ဤတတိယထောက်တည်ရာကို ရ၏။

(၄) အကယ်၍မကောင်းမှုကိုပြုသော်လည်း ပြုရာ မရောက်ငြားအံ့၊ ငါသည် မကောင်းမှုကိုပြုလည်းမပြုခြင်း၊ ပြုသော်လည်းပြုရာမရောက်

ခြင်းဟူသောအကြောင်းနှစ်ပါးလုံးဖြင့်ပင် စင်ကြယ်သော မိမိကိုယ်ကို တွေ့မြင်နေရ၏ဟူ၍ ဤစတုတ္ထ ထောက်တည်ရာရ၏။

ကာလာမမင်းတို့ စင်ကြယ်သော စိတ်ရှိသော ထိုအရိယာ တပည့်သည် မျက်မှောက်ဘဝ၌ပင် ဤလေးပါးသော ထောက်တည်ရာ တို့ကို ရလေပြီ'

ဤသို့မြတ်စွာဘုရားက ဟောကြားသောအခါ ကေသမုတ္တနိဂုံး၌ နေသော ကာလာမမင်းတို့သည် 'မြတ်စွာဘုရား ဟောကြားသော တရားကား နှစ်သက်ဖွယ် ကောင်းလှပါပေသည်'ဟု ချီးကျူးစကားလျှောက်ကြားကြပြီး ဥပါသကာ အဖြစ်ခံယူသွားကြ လေသည်။

## ၆။ သာဠှသုတ်

ပယ်ရမည့်တရားသုံးပါးနှင့် ပြည့်စုံရမည့်တရားသုံးပါး

၆၇။ အရှင်နန္ဒက မထေရ်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံ ကျောင်း မိဂါရမာတာဝိသာခါ၏ပြာသာဒ်၌သီတင်းသုံး၍မိဂါရသေဋ္ဌေး၏မြေးသာဠှနှင့် သေခုနိယသေဋ္ဌေး၏ မြေးသာဏတို့အား အောက်ပါအတိုင်း ဟောကြားခဲ့သည်။'သာဠှတို့၊သင်တို့သည် တစ်ဆင့်စကားကြားရုံဖြင့် အမှန်ဟု မယူကြကုန်လင့်။ငါတို့ကြည်ညိုလေးစားသော ရဟန်းဖြစ်၏ဟူ၍လည်း သူ့စကားကို အမှန်ဟု မယူကြလင့်။ သာဠှတို့၊အကြင်တရားများကို 'ဤတရားများကားအကုသိုလ်ဖြစ်ကုန်၏။ပညာရှိတို့ကဲ့ရဲ့အပ်ကုန်၏။ ကျင့်သုံးဆောက်တည်အပ်သည်ရှိသော် အကျိုးမဲ့ခြင်း၊ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏' ဟူ၍ သင်တို့ကိုယ်တိုင်သိကုန်၏။ ထိုတရားတို့ကို ပယ်စွန့်ကြကုန်လော့။

'သာဠှတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ လောဘဟူသည် ရှိသလော'

'ရှိပါသည်ဘုရား'

'သာဠှတို့၊ဤလောဘကို'အဘိဇ္ဈာ'ဟု ငါဆို၏။သာဠှတို့၊တပ်မက်ခြင်း၊မက်မောခြင်းရှိသူသည်သူ့အသက်ကိုလည်းသတ်၏၊သူ့ဥစ္စာကိုလည်း ခိုး၏။သူတစ်ပါးဘာသားမယားကိုလည်း ပြစ်မှား၏။ မုသားစကားကိုလည်း ပြောဆို၏။ သူတစ်ပါးကိုလည်း ထိုအမှုများပြုကျင့်ရန် စေခိုင်းတိုက်တွန်း၏'

'သာဠှတို့၊သင်တို့မည်သို့ထင်ကြသနည်း။ဒေါသဟူသည်ရှိသလော'

'ရှိပါသည် ဘုရား'

'သာဠှတို့၊ဤဒေါသကို 'ဗျာပါဒ'ဟူ၍ ငါဆို၏။ သာဠှတို့၊ ဒေါသထွက်၍ စိတ်ဆိုးနေသူသည် သူ့အသက်ကိုလည်း သတ်၏။ သူ့ဥစ္စာကိုလည်း ခိုးယူ၏...။

'သာဠှတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ မောဟဟူသည် ရှိသလော'

'ရှိပါသည် ဘုရား'

'သာဠှတို့၊မောဟကို'အဝိဇ္ဇာ'ဟု ငါဆို၏။ သာဠှတို့၊ မောဟဖြင့်တွေဝေ၍ အဝိဇ္ဇာကပ်ရောက်နေသူသည် သူ့အသက်ကိုလည်းသတ်၏။ သူ့ဥစ္စာကိုလည်း ခိုးယူ၏။

'သာဠှတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ ဤလောဘ၊ ဒေါသ မောဟသုံးပါးတို့သည် ကုသိုလ်တရားများဖြစ်သလော၊ အကုသိုလ်တရားများဖြစ်သလော'

အကုသိုလ်တရားများ ဖြစ်ပါသည်ဘုရား'

(အပြစ်နှင့် တကွဖြစ်သောတရား၊ပညာရှိတို့ကဲ့ရဲ့အပ်သောတရား ကျင့်သုံးဆောက်တည်အပ်သည်ရှိသော် အကျိုးမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်စေတတ်သော တရားများဖြစ်ပုံကိုလည်း နည်းတူမိန့်ကြားသည်။)

'သာဠှတို့၊ဤအကြောင်းများကိုရည်ရွယ်၍ 'သင်တို့သည်တစ်ဆင့်စကားကြားရုံဖြင့် အမှန်ဟုမယူကြလင့်' စသောစကားကိုငါမိန့်ကြားခဲ့ခြင်း ဖြစ်ပေ၏။

'သာဠှတို့၊သင်တို့သည်တစ်ဆင့်စကားကြားရုံမျှဖြင့် အမှန်ဟုမယူလင့်၊ ငါတို့ရိုသေလေးစားသောဆရာဟန်းဖြစ်၏ဟူ၍လည်း သူ့စကားကိုအမှန်ဟု မယူကြလင့်၊ သာဠှတို့၊အကြင်တရားတို့ကို 'ဤတရားတို့သည် ကုသိုလ်ဖြစ်ကုန်၏။အပြစ်ကင်းကုန်၏၊ပညာရှိတို့ချီးမွမ်းအပ်ကုန်၏၊ ကျင့်သုံးဆောက်တည်အပ်သည်ရှိသော် အကျိုးများခြင်း၊ချမ်းသာခြင်းငှာဖြစ်ကုန်၏'ဟူ၍ သင်တို့ကိုယ်တိုင်သင်တို့သိကုန်၏။ထိုတရားတို့ကို ပြည့်စုံစေ၍ နေကြကုန်လော့။

'သာဠှတို့၊သင်တို့ မည်သို့ထင်ကြသနည်း။ အလောဘဟူသည် ရှိသလော'

'ရှိပါသည် ဘုရား'

'သာဠှတို့၊ဤအလောဘကို 'အနဘိဇ္ဈာ' ဟုငါဆို၏။ သာဠှတို့၊ လိုချင်ခြင်း မက်မောခြင်းမရှိသူသည် သူ့အသက်ကိုလည်းမသတ်၊သူ့ဥစ္စာကိုလည်း မခိုးယူ....သူတစ်ပါးကိုလည်း ထိုအမှုမျိုးကိုပြုကျင့်ရန် စေခိုင်းတိုက်တွန်းခြင်းမပြု'

'သာဠှတို့၊ သင်တို့မည်သို့ထင်ကြသနည်း။ အဒေါသဟူသည် ရှိသလော'

'ရှိပါသည်ဘုရား'

'သာဠှတို့၊ ဤအဒေါသကို 'အဗျာပါဒ'ဟု ငါဆို၏။ သာဠှတို့ ဒေါသမထွက်၍ ဖောက်ပြန်သော စိတ်မရှိသူသည် သူ့အသက်ကိုလည်း မသတ်၊ သူ့ဥစ္စာကိုလည်း မခိုးယူ....

'သာဠှတို့၊ သင်တို့ မည်သို့ထင်ကြသနည်း။ အမောဟဟူသည် ရှိသလော'

'ရှိပါသည် ဘုရား'

သာဠှတို့၊ ဤအမောဟကို 'ဝိဇ္ဇာ'ဟု ငါဆို၏။ သာဠှတို့၊ မောဟဖြင့် မတွေဝေ၍ဝိဇ္ဇာဉာဏ်သက်ဝင်နေသူသည်သူ့အသက်ကိုလည်း မသတ်၊ သူ့ဥစ္စာကိုလည်း မခိုးယူ....

'သာဠှတို့၊သင်တို့မည်သို့ထင်ကြသနည်း ဤအလောဘ အဒေါသ အမောဟ သုံးပါးတို့သည် ကုသိုလ်တရားများ ဖြစ်သလော။အကုသိုလ်တရားများဖြစ်သလော'

'ကုသိုလ်တရားများ ဖြစ်ပါသည်ဘုရား'

(အပြစ်ကင်းသောတရား၊ပညာရှိတို့ချီးမွမ်းအပ်သောတရား၊ကျင့်သုံးဆောက်တည်အပ်သည်ရှိသော် အကျိုးများခြင်း ချမ်းသာခြင်းငှာဖြစ်သော တရားများဖြစ်ပုံကိုလည်း နည်းတူမိန့်ကြားသည်)

'သာဠှတို့၊ဤအကြောင်းများကို ရည်ရွယ်၍ သင်တို့သည်တစ်ဆင့်ကြားရုံမျှဖြင့် အမှန်ဟု မယူကြလင့်'စသောစကားကို ငါမိန့်ကြားခဲ့ခြင်းဖြစ်ပေ၏'

''သာဝင္တို့၊ ဤသို့လျှင် အဘိဇ္ဈာဗျာပါဒကင်း၍ တွေဝေခြင်းမရှိသော အရိယာတပည့်သည် သတိသမ္ပဇဉ်နှင့်ပြည့်စုံသည်ဖြစ်၍ မေတ္တာကရုဏာစသည်တို့နှင့်တကွ ဖြစ်သောစိတ်ဖြင့် တစ်လောကလုံးကိုဖြန့်၍နေ၏။ ထိုအရိယာတပည့်သည်'ခန္ဓာငါးပါးဟူသောဒုက္ခသစ္စာသည်ရှိ၏။ သမုဒယသစ္စာဟူသော ယုတ်ညံ့သောတရားသည်ရှိ၏။ မဂ္ဂသစ္စာဟူသော မွန်မြတ်သောတရားသည်ရှိ၏။ ဤဝိပဿနာသညာထက်သာလွန်သော လွတ်မြောက်ရာ(နိဗ္ဗာန်)သည် ရှိ၏ဟု သိ၏။ ဤသို့သိမြင်သော အရိယာတပည့်၏စိတ်သည် အာသဝေါတရားတို့မှလွတ်မြောက်၏။ လွတ်မြောက်သော် လွတ်မြောက်ပြီဟု သိသောဉာဏ်ဖြစ်၏။ ''ငါ့အား ရှေးအခါက လောဘ၊ ဒေါသ၊ မောဟတို့သည်ဖြစ်ခဲ့၏။ ထိုတရားများသည် အကုသိုလ်ဖြစ်၏။ ထိုတရားများသည် ယခု ငါ့အားမရှိတော့။ ဤသို့မရှိခြင်းသည် ကောင်းမွန်၏''ဟူ၍ ထိုအရိယာတပည့်သည် သိမြင်လေ၏။ ဤသို့လျှင် ထိုအရိယာတပည့်သည် မျက်မှောက်ဘဝ၌ပင် တဏှာဖြင့်ဆာလောင်ခြင်းမရှိသည်ဖြစ်၍၊ ငြိမ်းချမ်းအေးမြလျက် ချမ်းသာသုခကိုခံစားကာ မြတ်သောအတ္တဘောဖြင့် နေလေ၏' ဟု ဟောကြားပါသည်။ (၁-ဣမဿ သညာဂတဿ ဥတ္တရိနိဿရဏန္တိ ဣမဿ ဝိပဿနာသညာ သင်္ခါတဿသညာဂတဿ ဥတ္တရိနိဿရဏံ နာမ နိဗ္ဗာနံ-အဋ္ဌကထာ)

## ၇။ ကထာဝတ္ထုသုတ်

### စကားဖြစ်ပေါ်ခြင်း၏ အကြောင်းသုံးမျိုး

၆၇။ ''အတိတ်ကာလ၌ ဤသို့ဖြစ်ခဲ့၏''ဟူ၍ အတိတ်ကာလကို အကြောင်းပြု၍ စကားဖြစ်ပေါ်ခြင်း၊

''အနာဂတ်ကာလတို့၌ ဤသို့ဖြစ်လိမ့်မည်''ဟူ၍ အနာဂတ်ကာလကို အကြောင်းပြု၍ စကားဖြစ်ပေါ်ခြင်း၊

''ယခုမျက်မှောက်၌ ဤသို့ဖြစ်နေ၏''ဟူ၍ ပစ္စုပ္ပန်ကိုအကြောင်းပြု၍ စကားဖြစ်ပေါ်ခြင်းအားဖြင့် စကားဖြစ်ပေါ်ခြင်း သုံးပါးရှိ၏။

စကားနှီးနှောပြောဆိုခြင်းဖြင့် ဆွေးနွေးထိုက်သူ ဟုတ်မဟုတ်ကို သိရမည်။

ပြဿနာမေးသည့်အခါ တိုက်ရိုက်ဖြေဆိုရမည့်ပြဿနာကိုတိုက်ရိုက်မဖြေ။

ဝေဖန်၍ဖြေရမည့်ပြဿနာကို ဝေဖန်၍မဖြေ။

တစ်ဖန်မေး၍ ဖြေရမည့်ပြဿနာကို တစ်ဖန်မေး၍ မဖြေ၊မဖြေဘဲထားရမည့်ပြဿနာကို မဖြေဘဲမထားသူသည် မဆွေးနွေးထိုက်သူ ဖြစ်၏။ တိုက်ရိုက်ဖြေဆိုရမည့်ပြဿနာကို တိုက်ရိုက်ဖြေသူ.... မဖြေဘဲထားရမည့်ပြဿနာကို မဖြေဘဲထားသူသည် ဆွေးနွေးထိုက်သူဖြစ်၏။

ပြဿနာမေးသည့်အခါ အကြောင်းဟုတ်မဟုတ်၌မတည်သူ၊ပြောဆိုရန် ကြံစည်သောအရာ၌ မတည်သူ၊ မိမိသိထားသောဝါဒ၌မတည်သူ၊ မေးသူဖြေသူတို့၏ ကျင့်ဝတ်၌မတည်သူသည် မဆွေးနွေးထိုက်သူဖြစ်၏။

အကြောင်းဟုတ်မဟုတ်၌ တည်သူ....မေးသူ ဖြေသူတို့၏ကျင့်ဝတ်၌ တည်သူသည် ဆွေးနွေးထိုက်သူဖြစ်၏။

ပြဿနာကိုမေးသည့်အခါ စကားတစ်ခုဖြင့်တစ်ခုကို ဖုံးကွယ်သူ၊ အပြင်သို့စကားကိုထုတ်သူ၊ အမျက်ဒေါသကိုထင်ရှားပြုသူသည် မဆွေးနွေးထိုက်သူဖြစ်၏။

စကားတစ်ခုဖြင့် စကားတစ်ခုကို မဖုံးကွယ်သူ....အပြင်သို့စကားကို မထုတ်သူသည် ဆွေးနွေးထိုက်သူဖြစ်၏။

ပြဿနာမေးသည့်အခါ ပါဠိပါဠ်သားရွတ်၍ လွှမ်းမိုးဖိနှိပ်သူ၊ ပြင်းစွာရယ်သူ၊ အသေးအဖွဲ့လဲ့မှားမှုကိုဆုပ်ကိုင်သူသည်မဆွေးနွေးထိုက်သူဖြစ်၏။ ပါဠိပါဠ်သားရွတ်၍ လွှမ်းမိုးဖိနှိပ်ခြင်းမပြုသူ၊ ပြင်းစွာမရယ်သူ၊ အသေးအဖွဲ့လဲ့မှားမှုကို မဆုပ်ကိုင်သူသည် ဆွေးနွေးထိုက်သူ ဖြစ်၏။

စကားနိုးနှောပြောဆိုခြင်းဖြင့် မှီရာအကြောင်းရှိသူ ဟုတ်မဟုတ်ကို သိရမည်။ နားမထောင်သူသည် မှီရာ အကြောင်းမရှိသူဖြစ်၏။နားထောင်သူသည် မှီရာအကြောင်းရှိသူဖြစ်၏။ ဤသို့ မှီရာ အကြောင်းရှိသူသည် အရိယမဂ်တရားကို အထူးသိ၏။ ဒုက္ခသစ္စာတရားကို ပိုင်းခြား သိ၏။ အကုသိုလ်တရားကို စွန့်ပယ်၏။အရဟတ္တဖိုလ်တရားကို မျက်မှောက်ပြု၏။ လွတ်မြောက်မှုကို ကောင်းစွာ တွေ့ထိ၏။

ပြောဆိုခြင်း၊တိုင်ပင်ခြင်း၊ ဆွေးနွေးခြင်း၊မှီရာရှိခြင်း၊နားထောင်ခြင်းတို့သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲယူမှု၍စိတ်၏ကိလေသာတို့မှလွတ်မြောက်ခြင်းဟူသော အကျိုးငှာသာ ဖြစ်ကုန်၏ဟု ဟောကြားပါသည်။

## ၈။ အညတိတ္ထိယသုတ်

### ရာဂ ဒေါသ မောဟ တရားသုံးပါး ထူးခြားပုံ

၆၉။ “ငါ့ရှင်တို့၊ ရာဂ၊ ဒေါသ၊ မောဟ ဟူသော ဤတရားသုံးပါးသည် မည်သို့ ထူးခြားမှု ရှိပါသနည်း ’ ဟူ၍ အယူတစ်ပါးရှိသော ပရိဗိုဇ်တို့က မေးခဲ့သော် မည်ကဲ့သို့ ဖြေကြားရမည်ကို ဗုဒ္ဓက ရဟန်းတို့အား ဟောကြားတော်မူသည်။

ရာဂသည် အပြစ်နည်း၏။ နှေးနှေးကင်းပျောက်၏။ ဒေါသသည် အပြစ်ကြီး၏။ လျင်မြန်စွာ ကင်းပျောက်၏။ မောဟသည် အပြစ်ကြီး၏၊ နှေးနှေးကင်းပျောက်၏။ ဤကား တရားသုံးပါးတို့၏ ထူးခြားပုံဖြစ်၏။

တင့်တယ်သောအာရုံ ‘သုဘနိမိတ်’သည် မဖြစ်သေးသော ရာဂ ဖြစ်ပေါ်ခြင်း၊ ဖြစ်ပေါ်လာသော ရာဂတိုးပွားခြင်း၏ အကြောင်းဖြစ်၏။ မတင့်တယ်သော အာရုံ‘အသုဘနိမိတ်’သည် မဖြစ်ပေါ်သေးသော ရာဂ မဖြစ်ပေါ်ခြင်း၊ ဖြစ်ပေါ်လာသော ရာဂကင်းပျောက်ခြင်း၏ အကြောင်း ဖြစ်၏။

မနှစ်သက်ဖွယ်အာရုံ ‘ပဋိဃနိမိတ်’သည် ဒေါသ ဖြစ်ပေါ်တိုးပွားခြင်း၏ အကြောင်းဖြစ်၏။ မေတ္တာပွားများခြင်း ‘မေတ္တာစေတော ဝိမုတ္တိ’ သည် ဒေါသမဖြစ်ပေါ်ခြင်း၊ ကင်းပျောက်ခြင်း၏ အကြောင်း ဖြစ်၏။

မသင့်သောအားဖြင့် နှလုံးသွင်းခြင်း‘အယောနိသော မနသိကာရ’ သည်မောဟဖြစ်ပေါ်တိုးပွားခြင်း၏အကြောင်းဖြစ်၏။ သင့်သောအားဖြင့် နှလုံးသွင်းခြင်း ‘ယောနိသော မနသိကာရ’သည် မောဟ မဖြစ်ပေါ်ခြင်း၊ ကင်းပျောက်ခြင်း၏ အကြောင်းဖြစ်၏။

ဤသို့လျှင် တိတ္ထိတို့အား ဖြေကြားရမည်ဟု ဟောကြားတော်မူသည်။

## ၉။ အကုသလမူလသုတ်

### အကုသိုလ်၏ အကြောင်းရင်းသုံးပါး

၇၀။ အကုသိုလ်၏ အကြောင်းရင်း ‘မူလ’တို့သည် လောဘ၊ ဒေါသ၊ မောဟအားဖြင့် သုံးပါးရှိ၏။

လိုချင်ခြင်း "လောဘ"သည် အကုသိုလ်၏အကြောင်းရင်း "အကုသလ မူလ"ဖြစ်၏။ လိုချင်သည်ဖြစ်၍ ကိုယ်နှုတ်စိတ်တို့ဖြင့် စေ့ဆော်အားထုတ်ပြုလုပ်ခြင်းသည် အကုသိုလ်ဖြစ်၏။ လိုချင်သူသည် လောဘဖြင့် လွှမ်းမိုးအပ်သော စိတ်ရှိသည်ဖြစ်၍ "ငါသည် အားရှိ၏၊ စွမ်းနိုင်၏" ဟု သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ ဆုံးရှုံးစေခြင်း၊ ကဲ့ရဲ့ခြင်း၊ နှင်ထုတ်ခြင်း စသည်တို့ဖြင့် မမှန်သောအကြောင်းကို ပြ၍ သူတစ်ပါးအား ဆင်းရဲကိုဖြစ်စေ၏။ ဤသို့ ဆင်းရဲကို ဖြစ်စေခြင်းသည်လည်း အကုသိုလ်ဖြစ်၏။ ဤသို့လျှင်ထိုသူအား လောဘလျှင် အကြောင်းရင်းရှိသည့်များစွာသော အကုသိုလ်တရားတို့သည် ဖြစ်ပေါ်ကုန်၏။

စိတ်ဆိုးခြင်း "ဒေါသ"သည် အကုသိုလ်၏ အကြောင်းရင်းဖြစ်၏။ စိတ်ဆိုးသည်ဖြစ်၍ ကိုယ်နှုတ်စိတ်တို့ဖြင့် စေ့ဆော်အားထုတ် ပြုလုပ်ခြင်းသည် အကုသိုလ်ဖြစ်၏။ စိတ်ဆိုးသူသည် ဒေါသဖြင့်လွှမ်းမိုးအပ်သည်ဖြစ်၍ သူတစ်ပါးတို့အား သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်း စသည်ဖြင့် ဆင်းရဲကိုဖြစ်စေ၏။ ဤသို့ ဆင်းရဲကို ဖြစ်စေခြင်းသည်လည်း အကုသိုလ် ဖြစ်၏။ ဤသို့လျှင် ထိုသူအား ဒေါသလျှင် အကြောင်းရင်းရှိသည့် များစွာသော အကုသိုလ်တို့သည် ဖြစ်ပေါ်ကုန်၏။

တွေဝေခြင်း "မောဟ"သည်အကုသိုလ်၏ အကြောင်းရင်းဖြစ်၏။ တွေဝေသည်ဖြစ်၍ ကိုယ် နှုတ် စိတ်တို့ဖြင့် စေ့ဆော်အားထုတ် ပြုလုပ်ခြင်းသည် အကုသိုလ်ဖြစ်၏။ တွေဝေသူသည် မောဟဖြင့် လွှမ်းမိုးအပ်သည်ဖြစ်၍ သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်းစသည်တို့ဖြင့် သူတစ်ပါးတို့အား ဆင်းရဲကို ဖြစ်စေ၏။ ဤသို့ ဆင်းရဲကို ဖြစ်စေခြင်းသည်လည်း အကုသိုလ် ဖြစ်၏။ ဤသို့လျှင် ထိုသူအား မောဟလျှင် အကြောင်းရင်းရှိသည့်များစွာသော အကုသိုလ်တို့သည်ဖြစ်ကုန်၏။

ဤသို့ သူတစ်ပါးတို့အား ဆင်းရဲကို ဖြစ်စေသော ပုဂ္ဂိုလ်ကိုအချိန်အခါမဟုတ်သည်၌ ဆိုလေ့ရှိသူ၊ မဟုတ်မမှန်သည်ကို ဆိုလေ့ရှိသူ၊ အကျိုးမဲ့ကိုဆိုလေ့ရှိသူ၊ တရားဝိနည်းမဟုတ်သည်ကို ဆိုလေ့ရှိသူဟုဆိုအပ်၏။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်သည် မမှန်သော အကြောင်းကို ပြ၍ သတ်ခြင်း၊ နှောင်ဖွဲ့ခြင်း စသည်တို့ဖြင့် သူတစ်ပါးအား ဆင်းရဲကိုဖြစ်စေ၏။ ဟုတ်မှန်သောအကြောင်းဖြင့် ပြောဆိုအပ်သည်ရှိသော် ငြင်းပယ်၏။ ဝန်မခံ။ မဟုတ်မမှန်သောအကြောင်းဖြင့် ပြောဆိုအပ်သည်ရှိသော် မဟုတ်မမှန်ကြောင်း ဖြေရှင်းရန်လုံ့လမပြု။ ထို့ကြောင့်ဤသို့ဆိုအပ်ခြင်းဖြစ်၏။

ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် လောဘ၊ ဒေါသ၊ မောဟ တို့ကြောင့်ဖြစ်သော အကုသိုလ်တရား တို့သည် လွှမ်းမိုးအပ်သည် ဖြစ်၍ မျက်မှောက်ဘဝ၌လည်း ဆင်းရဲခြင်း၊ ပင်ပန်းခြင်း၊ ပူပန်ခြင်းနှင့် တကွ နေရ၏။ သေလွန်ပြီးနောက်၌လည်း မကောင်းသော လားရာဂတိကိုသာ မျှော်လင့်အပ်၏။ ဥပမာ ခွေးဘောက်နွယ် သုံးခုဖြင့် ရစ်ပတ်အပ်သော အင်ကြင်းပင်၊ မျောက်ငိုပင်၊ ကြို့ပင်တို့သည် ပျက်စီးခြင်းသို့ ရောက်ကုန် သကဲ့သို့ ဖြစ်၏။

## ကုသိုလ်၏ အကြောင်းရင်း သုံးပါး

ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ'တို့သည် အလောဘ၊ အဒေါသ၊ အမောဟဟူ၍ သုံးပါးရှိသည်။ ထိုသုံးပါးတို့တွင် မလိုချင်ခြင်း အလောဘသည် ကုသိုလ်၏ အကြောင်းရင်းဖြစ်၏။ လိုချင်မက်မောမှု မရှိသည်ဖြစ်၍ ကိုယ်နှုတ်စိတ်သုံးပါးဖြင့် စေ့ဆော် အားထုတ် ပြုလုပ်ခြင်းသည် ကုသိုလ်ဖြစ်၏။ လိုချင်မက်မောမှု မရှိသူသည် လောဘဖြင့်လွှမ်းမိုးခြင်း မခံရသည်ဖြစ်၍ သူတစ်ပါးတို့အား သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်း စသည် တို့ဖြင့် ဆင်းရဲကို မဖြစ်စေ။ ဤသို့ဆင်းရဲကို မဖြစ်စေခြင်း သည်လည်း ကုသိုလ်ဖြစ်၏။ ဤသို့လျှင် ထိုသူအား အလောဘလျှင် အကြောင်းရင်း ရှိသည့် များစွာသော ကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။

အမျက်မထွက်ခြင်း အဒေါသသည် ကုသိုလ်၏ အကြောင်းရင်း ဖြစ်၏။ အမျက်မထွက်သည် ဖြစ်၍ ကိုယ်နှုတ်စိတ် သုံးပါးဖြင့် စေ့ဆော် အားထုတ် ပြုလုပ်ခြင်းသည် ကုသိုလ်ဖြစ်၏။

မတွေဝေခြင်း အမောဟသည် ကုသိုလ်၏ အကြောင်းရင်းဖြစ်၏။ မတွေဝေသည်ဖြစ်၍ ကိုယ်နှုတ်စိတ် သုံးပါးဖြင့် စေ့ဆော် အားထုတ် ပြုလုပ်ခြင်းသည် ကုသိုလ်ဖြစ်၏။

ဤသို့သူတစ်ပါးတို့အား ဆင်းရဲကို မဖြစ်စေသောပုဂ္ဂိုလ်ကိုအချိန် အခါ၌ ဆိုလေ့ရှိသူ၊ အမှန်ကိုဆိုလေ့ရှိသူ၊ အကျိုးစီးပွားကို ဆိုလေ့ရှိသူ တရားဝိနည်းကိုဆိုလေ့ရှိသူဟုဆိုအပ်၏၊ အဘယ်ကြောင့် ဆိုသော် ထိုပုဂ္ဂိုလ် သည် သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်း စသည်ဖြင့်သူ တစ်ပါးအား ဆင်းရဲကို မဖြစ်စေ၊ ဟုတ်မှန်သော အကြောင်းဖြင့် ပြောဆိုအပ်သည်ရှိသော်ဝန်ခံ၏။ မဟုတ်မမှန်သောအကြောင်းဖြင့် ပြောဆိုအပ်သည်ရှိသော် မဟုတ် မမှန် ကြောင်း ဖြေရှင်းရန်အားထုတ်၏။ ထို့ကြောင့် ဤသို့ဆိုအပ်ခြင်းဖြစ်၏။

ဤသို့ယခုတာရှိသော ပုဂ္ဂိုလ်အား လောဘ၊ ဒေါသ၊ မောဟ ကြောင့်ဖြစ်သော အကုသိုလ်တရားတို့သည် အကြွင်းမဲ့ ပယ်ခွာအပ်ကုန် သည်ဖြစ်၍ တစ်ဖန် ဖြစ်ပေါ်လာခြင်း မရှိတော့ချေ။ ထိုပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ ဆင်းရဲခြင်း၊ ပင်ပန်းခြင်း၊ ပူပန်ခြင်း မရှိသည်ဖြစ်၍ ချမ်းသာစွာ နေရ၏။ မျက်မှောက်ဘဝ၌ပင် ငြိမ်းအေးလေ၏ဟု ဟော ကြားပါသည်။

## ၁၀။ ဥပေါသထသုတ်

### ဝိသာခါအား ဟောသော ဥပုသ်သုံးမျိုး

ဥပုသ်သုံးမျိုး

၇၁။ သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် မိဂါရ မာတာဝိသာခါသည် ဥပုသ်နေ့၌ ဗုဒ္ဓထံချဉ်းကပ်သွားလေသည်။ ဗုဒ္ဓက ဝိသာခါအား 'ဝိသာခါ။ သင်သည်နေ့လယ်မွန်းတည့်ချိန်၌အဘယ်မှလာ ဘိသနည်းဟု မေးရာ ဝိသာခါက 'ယနေ့တပည့်တော် ဥပုသ်စောင့် နေပါ သည်'ဟု ပြောကြား၏။ ထိုအခါ ဗုဒ္ဓက ဝိသာခါအား ဥပုသ်သုံးမျိုးကို ဟောကြားလေသည်။

ဝိသာခါ နွားကျောင်းသားဥပုသ်၊ နိဂဏ္ဌဥပုသ်၊ အရိယာဥပုသ် ဟူ၍ ဥပုသ်သုံးမျိုးရှိ၏။

နွားကျောင်းသားဥပုသ်

ထိုသုံးမျိုးတို့တွင် နွားကျောင်းသားသည် ညနေခင်းတွင်နွားရှင် တို့အား နွားတို့ကိုအပ်ပြီး 'နွားများသည် ယနေ့ ဤမည်သော အရပ်၌ အစာစားခဲ့ကြ၏။ ဤမည်သော အရပ်၌ ရေသောက်ခဲ့ကြ၏။ နက်ဖြန် နွားများသည် ဤမည်သောအရပ်၌အစာစားကြရလိမ့်မည်။ ဤမည်သော အရပ်၌ ရေသောက် ကြရလိမ့်မည်'ဟု ဆင်ခြင်သကဲ့သို့ ထို့အတူ အချို့ သော ဥပုသ်သည်သည် 'ယနေ့ငါသည် ဤမည်သော စားသောက်ဖွယ် တို့ကို စားသောက်ခဲ့ရ၏။ နက်ဖြန် ဤမည်သော စားသောက်ဖွယ်တို့ကို စားသောက်ရလိမ့်မည်'ဟု ဆင်ခြင်လျက် မက်မောခြင်းအဘိဇ္ဈာနှင့်တကွ ဖြစ်သောစိတ်ဖြင့် နေ့အဖို့ကို ကုန်လွန်စေ၏။ ဝိသာခါ ဤသို့ စောင့်သုံး အပ်သော ဥပုသ်သည် နွားကျောင်းသား ဥပုသ်မည်၏။ ဤဥပုသ်သည် ကြီးသော အကျိုးအာနိသင် မရှိ။

## နိဂဏ္ဌဥပုသ်

ဝိသာခါ နိဂဏ္ဌမည်သော ရဟန်းတို့သည် မိမိတို့၏တပည့်ကို 'သင်သည် အရှေ့အရပ်ယူဇနာတစ်ရာ အရပ်လေးမျက်နှာ ယူဇနာတစ်ရာ ထက်ဝန်းကျင်၏ အပြင်ဘက်တွင်ရှိသော သတ္တဝါတို့၌ ညှဉ်းဆဲ နှိပ်စက်ကြောင်းဖြစ်သောလက်နက်ကိုချထားသော (ညှဉ်းဆဲနှိပ်စက်ခြင်းမပြုလင့်) ဟုဆောက်တည်စေ၏၊ ဤသို့လျှင် အချို့သော သတ္တဝါတို့အား သနားကြင်နာခြင်းပြုရန် ဆောက်တည်စေပြီး အချို့သော သတ္တဝါတို့အားမူ သနားကြင်နာခြင်း မပြုရန် ဆောက်တည်စေ၏။

ထိုနိဂဏ္ဌတို့သည် ဥပုသ်နေ့၌ မိမိတို့၏တပည့်ကို အဝတ်အစားအားလုံးကိုချွတ်စေပြီး 'ငါသည် တစ်စုံတစ်ခုသောအရပ်၊ တစ်စုံတစ်ခုသော အချိန်၌ တစ်စုံတစ်ယောက်သော သူအတွက်မျှ ကြောင့်ကြမှုမဖြစ်။ ငါ့မှာလည်း အတွင်းအပ သန္တာန်ဝယ် တစ်စုံတစ်ခုသော ပစ္စည်း ပရိက္ခရာ၌မျှ ကြောင့်ကြမှု မရှိ'ဟု ဆိုစေ၏၊ ထိုသို့ ဆိုစေငြားသော်လည်း ယင်းတပည့်၏ မိဘသားမယားတို့သည် ဤသူကား ငါတို့သားတည်း၊ ငါ့ခင်ပွန်းတည်းဟု မှတ်သိကုန်၏။ ထိုတပည့်ကလည်း 'ဤသူတို့သည် ငါ့မိဘများတည်း၊ ဤသူသည် ငါ့ဇနီးတည်း'ဟု သိ၏။ ဤသို့မှန်သောသစ္စာစကား၌ ဆောက်တည်စေရမည့်အချိန်ဝယ် မှားသော မုသားစကား၌ ဆောက်တည်စေကြကုန်၏။ ဤသို့ ဆောက်တည်ခြင်းကို မုသားပြောခြင်း 'မုသာဝါဒ' ဟု ငါဆို၏။ ယင်းတပည့်သည် ထိုညလွန်သောအခါ မည်သူကမျှ မပေးအပ်သော စည်းစိမ်ဥစ္စာတို့ကို ခံစားသုံးဆောင်၏။ ဤသို့ခံစား သုံးဆောင်ခြင်းကို မပေးအပ်ယူခြင်း 'အဒိန္နာဒါန'ဟု ငါဆို၏။ ဝိသာခါ ဤသို့စောင့်သုံးအပ်သော ဥပုသ်သည် နိဂဏ္ဌဥပုသ်မည်၏။ ထိုဥပုသ်သည် ကြီးသောအကျိုးအာနိသင် မရှိချေ။

## အရိယဥပုသ်

ဝိသာခါ အရိယဥပုသ်ဟူသည် အဘယ်နည်း ဆိုသော် ညစ်နွမ်းသော စိတ်ကို လုံ့လထုတ်ခြင်းဖြင့် ဖြူစင်စေခြင်းသည် ရှိ၏။

ဝိသာခါ အဘယ်သို့လျှင် ညစ်နွမ်းသော စိတ်ကို လုံ့လဝိရိယထုတ်ခြင်းဖြင့်ဖြူစင်စေခြင်းသည် ဖြစ်သနည်းဆိုသော် ဤသာသနာ၌ အရိယာတပည့်သည်-

(၁) မြတ်စွာဘုရား၏အရဟံစသော ဂုဏ်တော်၊
(၂) တရားတော်၏သွာက္ခာတစသော ဂုဏ်တော်၊
(၃) သံဃာ၏ သုပ္ပဋိပန္နစသော ဂုဏ်တော်၊
(၄) မိမိ၏ မကျိုးမပေါက် မပြောက်မကျားသောသီလ၊
(၅) စတုမဟာရာဇ်-တာဝတိံသာစသော နတ်တို့၏သဒ္ဓါ၊သီလ စသောဂုဏ်—

တို့ကို ဆင်ခြင်အောက်မေ့၏။ ထိုသို့ ဆင်ခြင် အောက်မေ့သော အရိယာတပည့်အား စိတ်ကြည်လင်၏၊ ဝမ်းမြောက်ခြင်း ဖြစ်၏။ စိတ်၏ အညစ်အကြေးများ ကင်းပျောက်ကုန်၏။ ဝိသာခါ ဤသို့လျှင် ညစ်နွမ်းသောစိတ်ကိုလုံ့လစိုက်ထုတ်ခြင်းဖြင့် ဖြူစင်စေခြင်းသည်ဖြစ်၏။

ဝိသာခါ၊ ထိုအရိယာတပည့်သည် ဤသို့ဆင်ခြင်၏—

'ရဟန္တာတို့သည် အသက်ထက်ဆုံး သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်တာ သတ္တဝါအားလုံးအပေါ်၌ သနားကြင်နာလျက် နေကုန်၏။ ငါသည်လည်း ယနေ့တစ်နေ့နှင့် တစ်ညပတ်လုံး သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကာ၊ သတ္တဝါအားလုံးအပေါ်၌ သနားကြင်နာလျက် နေ၏။ ဤအင်္ဂါဖြင့်လည်းငါသည်ရဟန္တာတို့အား အတုလိုက်၍ကျင့်၏။ငါသည် ဥပုသ်ကိုလည်း ကျင့်သုံးပြီးဖြစ်လိမ့်မည်'

'ရဟန္တာတို့သည် အသက်ထက်ဆုံးမပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်ကုန်၏။ ပေးသည်ကိုသာယူကုန်လျက် ပေးသည်ကိုသာ အလိုရှိကုန်လျက်၊ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေကုန်၏။ ငါသည်လည်း ယနေ့တစ်နေ့နှင့် တစ်ညပတ်လုံး မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ ပေးသည်ကိုသာယူသည်ဖြစ်၍ ပေးသည်ကိုသာ အလိုရှိသည်ဖြစ်၍၊ မခိုးမဝှက်စင်ကြယ်သောကိုယ်ဖြင့်နေ၏၊ဤအကြောင်းအင်္ဂါဖြင့်လည်းငါသည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ကျင့်၏။ ငါသည် ဥပုသ်ကိုလည်း မစောင့်သုံးပြီး ဖြစ်လိမ့်မည်'

'ရဟန္တာပုဂ္ဂိုလ်တို့သည်အသက်ထက်ဆုံးမမြတ်သောမေထုန်အမှုကို ပယ်၍ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်၏။ မေထုန်အမှုမှ ဝေးသော အကျင့်ရှိကုန်၏။ ရွာသူတို့၏အကျင့်ဖြစ်သော မေထုန်အမှုမှ ရှောင်ကြဉ်

ကုန်၏။ ငါသည်လည်း ယနေ့တစ်နေ့နှင့် တစ်ညဉ့်ပတ်လုံး မမြတ်သော မေထုန်အကျင့်ကို ပယ်၍ မြတ်သော အကျင့်ကိုကျင့်၏။ မေထုန်အမှုမှ ဝေးသော အကျင့်ရှိ၏။ ရွာသူတို့၏ အကျင့်ဖြစ်သော မေထုန်အမှုမှ ရှောင်ကြဉ်၏။ ဤအကြောင်းအင်္ဂါဖြင့်လည်း ငါသည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ကျင့်၏။ ထိုငါသည် ဥပုသ်ကိုလည်း စောင့်သုံးပြီး ဖြစ်လိမ့်မည်'

'ရဟန္တာတို့သည် အသက်ထက်ဆုံး မုသား ပြောခြင်းကိုပယ်၍ မုသားပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မှန်သောစကားကို ပြောဆိုလေ့ရှိကုန်၏၊ မှန်သောစကားချင်း ဆက်စပ်တတ်ကုန်၏၊ ခိုင်မြဲသော စကားရှိကုန်၏။ ယုံကြည်ထိုက်သောစကား ရှိကုန်၏။ လူအပေါင်းကိုမလှည့်ချော်စေတတ်ကုန်။ ယနေ့ငါသည်လည်း ဤနေ့ ဤညဉ့်ပတ်လုံး မုသားပြောခြင်းကိုပယ်၍ မုသားပြောခြင်းမှ ရှောင်ကြဉ်၏၊ လူအပေါင်းကို မလှည့်ချော်စေတတ်။ ဤအကြောင်းအင်္ဂါဖြင့်လည်း ငါသည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ကျင့်၏။ ငါသည် ဥပုသ်ကိုလည်းစောင့်သုံးပြီး ဖြစ်လိမ့်မည်။

"ရဟန္တာတို့သည် အသက်ထက်ဆုံး မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက်သောက်စားခြင်းမှ ရှောင်ကြဉ်ကုန်၏။ ငါသည်လည်း ယနေ့ တစ်နေ့နှင့်တစ်ညဉ့်ပတ်လုံး သေရည်အရက်သောက်စားခြင်းမှ ရှောင်ကြဉ်၏။ဤအကြောင်းအင်္ဂါဖြင့်လည်း ငါသည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ကျင့်၏။ ငါသည် ဥပုသ်စောင့်သုံးပြီး ဖြစ်လိမ့်မည်"

ရဟန္တာတို့သည် အသက်ထက်ဆုံး အကျင့်မြတ်၏ ဆူးငြောင့်သဖွယ် ဖြစ်သည့် အက အဆို အတီး အမှုတ်တို့ကို ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာမှုန့် နံ့သာရည်တို့ဖြင့် လိမ်းကျံခြယ်သခြင်းတို့မှ ရှောင်ကြဉ်ကုန်၏။ ငါသည်လည်း ယနေ့တစ်နေ့နှင့် တစ်ညဉ့်ပတ်လုံး အကျင့်မြတ်၏ ဆူးငြောင့်သဖွယ် ဖြစ်သည့် အက အဆို အတီး အမှုတ်ကို ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာမှုန့် နံ့သာရည်တို့ဖြင့် လိမ်းကျံခြယ်သခြင်းတို့မှ ရှောင်ကြဉ်၏။ ဤအကြောင်းအင်္ဂါဖြင့်လည်း ငါသည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ကျင့်၏၊ ငါသည် ဥပုသ်ကိုလည်း စောင့်သုံးပြီး ဖြစ်လိမ့်မည်"

"ရဟန္တာတို့သည် အသက်ထက်ဆုံး မြင့်သော အိပ်ရာနေရာ၊ မြတ်သော အိပ်ရာနေရာတို့၌ အိပ်ခြင်းမှ ရှောင်ကြဉ်ကုန်၏။ နိမ့်သော နေရာ၌ အိပ်ခြင်းကို ပြုကုန်၏။ ညောင်စောင်းငယ်၌ ဖြစ်စေ၊ မြက်ခင်း၌ ဖြစ်စေ၊ အိပ်ကုန်၏။ ငါသည်လည်း ယနေ့ တစ်နေ့နှင့် တစ်ညပတ်လုံး မြင့်သောနေရာ မြတ်သောနေရာသို့၌ အိပ်ခြင်းမှ ရှောင်ကြဉ်၏။ နိမ့်သော နေရာ၌အိပ်ခြင်းကို ပြု၏။ ညောင်စောင်းငယ်၌ဖြစ်စေ၊ မြက်အခင်း၌ ဖြစ်စေအိပ်၏။ ဤအကြောင်းအင်္ဂါဖြင့်လည်း ငါသည် ရဟန္တာတို့ကို အတုလိုက်၍ကျင့်၏၊ ငါသည် ဥပုသ်ကိုတည်း စောင့်သုံးပြီး ဖြစ်လိမ့်မည်။

ဝိသာခါ ဤသို့ စောင့်သုံးအပ်သော ဥပုသ်သည် အရိယာဥပုသ် မည်၏၊ ထိုဥပုသ်သည် အကျိုးအာနိသင်လည်း ကြီး၏။ အဘယ်မျှအကျိုး အာနိသင် ကြီးသနည်းဆိုသော်-အင်္ဂ၊ မဂဓ၊ ကာသိ၊ ကောသလ၊ ဝဇ္ဇီ၊ မလ္လာ၊ စေတီ၊ ဝံ၊ ကုရု၊ ပဉ္စာလ၊ မစ္ဆ၊ သူရသေန၊ အဿက၊ အဝန္တိ၊ ဂန္ဓာရ၊ ကမ္ဗောဇဟူသော 'မဟာဇနပဒ'ခေါ် တိုင်းကြီး(၁၆)ရပ်တို့၌ အစိုးရသော မင်းအဖြစ်သည် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်၏တစ် ဆယ့်ခြောက်စိတ်စိတ် တစ်စိတ်ကိုပင်မမီချေ။ အဘယ်ကြောင့် ဆိုသော် လူမင်း၏စည်းစိမ်သည် နတ်ချမ်းသာနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်မျှသာ ဖြစ်သောကြောင့်ပေတည်း။

## နတ်တို့၏ သက်တမ်း

ဝိသာခါ လူတို့၏ နှစ်ပေါင်း(၅၀)သည် စတုမဟာရာဇ် နတ်တို့၏ တစ်ညနှင့် တစ်နေ့ဖြစ်၏။[1] ထိုညဖြင့် ညပေါင်း သုံးဆယ်သည် တစ်လ၊ ထိုလဖြင့် တစ်ဆယ့်နှစ်လသည်တစ်နှစ် ဖြစ်၏။ ထိုနှစ်ပေါင်း(၅၀၀)သည် စတုမဟာရာဇ် နတ်တို့၏ သက်တမ်းဖြစ်၏။ ဝိသာခါ-ဤလူ့ပြည်မှ မိန်းမ ဖြစ်စေ၊ ယောကျာ်းဖြစ်စေ အချို့သောသူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ သောဥပုသ်ကိုစောင့်သုံး၍ သေလွန်သည်ရှိသော် စတုမဟာရာဇ်နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရန်အကြောင်းရှိ၏။ ဤအကြောင်းကို ရည်ရွယ်၍ "လူမင်းစည်းစိမ်သည် နတ်ချမ်းသာနှင့် နှိုင်းယှဉ်လျှင်အနည်း ငယ်မျှသာ ဖြစ်သည်"ဟု ငါဆိုခဲ့ခြင်းဖြစ်၏။

---

၁။ တစ်ညနှင့်တစ်နေ့=ဧကောရတ္တိန္ဒိဝေါ၊ ပါဠိသုံးဖြစ်ပါသည်။ မြန်မာလိုက တစ်နေ့နှင့်တစ်ည၊ (ဝါ) တစ်ရက်ဖြစ်ပါသည်။ ပါဠိမှာလည်း အချို့ နေရာ၌ 'အဟောရတ္တိ-နေ့ည'ဟု ဆိုပါသည်။

ဝိသာခါ၊ လူတို့၏နှစ်ပေါင်း (၁၀၀)သည်တာဝတိံသာနတ်တို့၏ တစ်ညနှင့်တစ်နေ့မျှသာဖြစ်၏။ ထိုညဖြင့် ညပေါင်းသုံးဆယ်သည် တစ်လဖြစ်၏။[၁] ထိုလဖြင့်တစ်ဆယ့်နှစ်လသည်တစ်နှစ်ဖြစ်၏။ ထိုနှစ်ဖြင့် နှစ်ပေါင်း (၁၀၀၀)သည် တာဝတိံသာနတ်တို့၏ သက်တမ်း ဖြစ်၏။

ဝိသာခါ၊ လူတို့၏ နှစ်ပေါင်း (၂၀၀) သည် ယာမာနတ်တို့၏ တစ်နေ့နှင့် တစ်ညဖြစ်၏။ ထိုညဖြင့် ညပေါင်း သုံးဆယ်သည် တစ်လဖြစ်၏။ ထိုလဖြင့်တစ်ဆယ့်နှစ်လသည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ဖြင့်နှစ်ပေါင်း (၂၀၀၀)သည် ယာမာနတ်တို့၏ သက်တမ်းဖြစ်၏။

ဝိသာခါ၊ လူတို့၏ နှစ်ပေါင်း (၄၀၀)သည် တုသိတာနတ်တို့၏ တစ်နေ့နှင့်တစ်ညဖြစ်၏။ ထိုညဖြင့် ညပေါင်းသုံးဆယ်သည်တစ်လဖြစ်၏၊ ထိုလဖြင့် တစ်ဆယ့်နှစ်လသည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ဖြင့် နှစ်ပေါင်း (၄၀၀၀)သည် တုသိတာနတ်တို့၏ သက်တမ်းဖြစ်၏။

ဝိသာခါ၊ လူတို့၏နှစ်ပေါင်း(၈၀၀)သည် နိမ္မာနရတိ နတ်တို့၏ တစ်နေ့နှင့် တစ်ညဖြစ်၏။ ထိုညဖြင့် ညပေါင်း သုံးဆယ်သည် တစ်လဖြစ်၏။ ထိုလဖြင့် တစ်ဆယ့်နှစ်လသည် တစ်နှစ် ဖြစ်၏၊ ထိုနှစ်ဖြင့် နှစ်ပေါင်း(၈၀၀၀)သည် နိမ္မာနရတိနတ်တို့၏ သက်တမ်းဖြစ်၏။

ဝိသာခါ၊ လူတို့၏ နှစ်ပေါင်း(၁၆၀၀)သည် ပရနိမ္မိတ ဝသဝတ္တီ နတ်တို့၏ တစ်နေ့နှင့် တစ်ညဖြစ်၏။ ထိုညဖြင့် ညပေါင်း သုံးဆယ်သည် တစ်လဖြစ်၏။ ထိုလဖြင့်တစ်ဆယ့်နှစ်လသည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ဖြင့် နှစ်ပေါင်း (၁၆၀၀၀)သည် ပရနိမ္မိတ ဝသဝတ္တီ နတ်တို့၏ သက်တမ်း ဖြစ်၏။ ဝိသာခါမိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အချို့သော သူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို စောင့်သုံးပြီး လျှင် ကိုယ်ခန္ဓာ ပျက်စီး၍သေလွန်ပြီးသည်ရှိသော် ပရနိမ္မိတဝသဝတ္တီနတ်တို့၏အပေါင်းအဖော် အဖြစ်သို့ရောက်ရန် အကြောင်းရှိ၏။ ဤ အကြောင်းကိုရည်ရွယ်၍ 'လူမင်း စည်းစိမ်သည် နတ်မင်း စည်းစိမ်နှင့် နှိုင်းယှဉ်လျှင် အနည်းငယ်မျှဖြစ်၏' ဟု ငါဆိုခဲ့ခြင်းဖြစ်၏ဟု ဟောကြားပါသည်။

---

၁။ တာယရတ္တိယာ တိံသရတ္တိယော – ထိုညဖြင့် ညပေါင်းသုံးဆယ်သည် လူ့အရေအတွက်နှင့် နှစ်ပေါင်း တစ်ရာရှိသော တာဝတိံသာ နတ်တို့၏ ရက်အားဖြင့် ရက်ပေါင်း သုံးဆယ်ရှိသည်ဟု ဆိုလိုပါကသည်။ 'ရတ္တိ–ည' ဟူသောစကားဖြင့် တစ်ရက်ကို ဖော်ပြပါသည်။

# အာဝနန္ဒဝဂ်

## ၁။ ဆန္နသုတ်

### ရာဂ၊ ဒေါသ၊ မောဟတို့၏အပြစ်များ

၇၂။ အခါတစ်ပါး၌ ဆန္နမည်သော ပရိဗိုဇ်သည် ရှင်အာနန္ဒာထံ ချဉ်းကပ်၍ ဤသို့မေးလျှောက်၏-

'ငါ့ရှင်အာနန္ဒာ သင်တို့သည်လည်း ရာဂ ဒေါသ မောဟတို့ကို ပယ်ခြင်းကို ပညတ်ကြပါ ကုန်သလော'

'ငါ့ရှင်ဆန္န၊ ငါတို့သည် ရာဂ ဒေါသ မောဟတို့ကို ပယ်ခြင်းကို ပညတ်ကြကုန်၏'

'ငါ့ရှင်အာနန္ဒာ၊ သင်တို့သည် ရာဂ ဒေါသ မောဟတို့၌ အဘယ် သို့သော အပြစ်ကိုမြင်၍ ထိုတရားတို့ကို ပယ်ခြင်းကိုပညတ်ကြပါသနည်း'

'ငါ့ရှင်ဆန္န၊ တပ်မက်ခြင်း ရှိသူသည် ရာဂဖြင့် လွှမ်းမိုးအပ်သည် ဖြစ်၍ မိမိဆင်းရဲရန်လည်း စေ့ဆော်အားထုတ်၏။ သူတစ်ပါးဆင်းရဲရန် လည်းစေ့ဆော်အားထုတ်၏၊ မိမိသူတစ်ပါးနှစ်ပါးလုံးဆင်းရဲရန်လည်း စေ့ဆော်အားထုတ်၏။ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း ကိုလည်း ခံစားရ၏။ ရာဂကိုပယ်အပ်သည်ရှိသော် မိမိ ဆင်းရဲရန်လည်း စေ့ဆော် အားထုတ်ခြင်းမပြု၊သူတစ်ပါးဆင်းရဲရန်လည်း စေ့ဆော်အားထုတ်ခြင်း မပြု၊စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းကိုလည်း မခံစားရ။

ငါ့ရှင်ဆန္န၊တပ်မက်ခြင်းရှိသူသည် ရာဂဖြင့် လွှမ်းမိုးအပ်သည်ဖြစ် ၍ ကိုယ်ဖြင့်လည်း မကောင်းသော အကျင့်ကိုကျင့်၏၊ နှုတ်ဖြင့်လည်း မကောင်းသောအကျင့်ကိုကျင့်၏။ စိတ်ဖြင့်လည်း မကောင်းသောအကျင့် ကိုကျင့်၏။ ရာဂကိုပယ်အပ်သည်ရှိသော် ကိုယ်ဖြင့်လည်း မကောင်းသော အကျင့်ကိုမကျင့်၊နှုတ်ဖြင့်လည်း မကောင်းသော အကျင့်ကိုမကျင့်၊ စိတ် ဖြင့်လည်း မကောင်းသော အကျင့်ကို မကျင့်။

ငါ့ရှင်ဆန္နတပ်မက်ခြင်း ရှိသူသည်ရာဂဖြင့်လွှမ်းမိုးအပ်သည်ဖြစ်၍ မိမိ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ သူတစ်ပါး အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ မိမိသူတစ်ပါး နှစ်ဦးသားလုံး၏ အကျိုးကိုလည်း

ဟုတ်တိုင်းမှန်စွာမသိ၊ ရာဂကိုပယ်အပ်သည်ရှိသော် မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။သူတစ်ပါးအကျိုးကိုလည်းဟုတ်တိုင်းမှန်စွာသိ၏၊ မိမိသူတစ်ပါး နှစ်ဦးသားလုံး၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊

'ငါ့ရှင်ဆန္ဒ၊ ရာဂသည် ကန်းအောင်ပြုတတ်၏။ မျက်စိမမြင်အောင်ပြုတတ်၏။ အသိဉာဏ် ကင်းမဲ့အောင်ပြုတတ်၏။ ပညာကို ချုပ်ကွယ်စေတတ်၏။ ပင်ပန်းခြင်း အဖို့ရှိ၏၊ ငြိမ်းအေးမှုကို မဖြစ်စေနိုင်။

ငါ့ရှင်ဆန္ဒ၊ စိတ်ဆိုးသူသည် ဒေါသဖြင့် လွှမ်းမိုးအပ်သည်ဖြစ်၍ မိမိ ဆင်းရဲရန်လည်း စေ့ဆော် အားထုတ်၏.... ငါ့ရှင်ဆန္ဒ၊ ဒေါသသည် ကန်းအောင်ပြုတတ်၏....ငြိမ်းအေးမှုကို မဖြစ်စေနိုင်။

ငါ့ရှင်ဆန္ဒ၊ တွေဝေသူသည် မောဟဖြင့် လွှမ်းမိုးအပ်သည် ဖြစ်၍ မိမိဆင်းရဲရန်လည်း စေ့ဆော် အားထုတ်၏ ....ငါ့ရှင်ဆန္ဒ၊ မောဟသည် ကန်းအောင်ပြုတတ်၏....ငြိမ်းအေးမှုကို မဖြစ်စေနိုင်။

ငါ့ရှင်ဆန္ဒ၊ ငါတို့သည် ရာဂဒေါသမောဟတို့၌ ဤသို့သောအပြစ်တို့ကိုမြင်၍ ထိုတရားတို့အား ပယ်ရှားခြင်းကို ပညတ်ကုန်၏။

ငါ့ရှင်အာနန္ဒ၊ ထိုရာဂ ဒေါသ မောဟတို့ကို ပယ်ရန် အကျင့်လမ်းစဉ်သည် ရှိပါသလော'

'ငါ့ရှင်ဆန္ဒ၊ထိုရာဂ ဒေါသမောဟတို့ကို ပယ်ရန်အကျင့်လမ်းစဉ်သည်ရှိ၏။ ထိုအကျင့်လမ်းစဉ်ကား အဘယ်နည်းဆိုသော် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယာမဂ်ပင် ဖြစ်၏'

'ငါ့ရှင်အာနန္ဒာ၊ ထိုရာဂ ဒေါသ မောဟတို့ကို ပယ်ရန် အကျင့်လမ်းစဉ်ကား ကောင်းမွန်လှပေ၏။ မမေ့မလျော့ခြင်းငှာလည်း သင့်လှပေ၏'ဟု ဆန္ဒပရိဗိုဇ်က ပြောဆိုလေသည်။

## ၂။ အာဇီဝက သုတ်

ရာဂ ဒေါသ မောဟ သုံးပါးကိုပယ်ရန်ကျင့်သူ

၇၃။ ကောသမ္ဗီပြည်ဃောသိတာရုံကျောင်း၌ရှင်အာနန္ဒာသီတင်းသုံးနေစဉ် တက္ကတွန်းတို့၏ တပည့်ဖြစ်သော သူကြွယ် တစ်ယောက်သည် ရှင်အာနန္ဒာထံ လာရောက်ပြီး ဤသို့မေးလျှောက်၏-

'အရှင်အာနန္ဒာ၊ အဘယ်သူတို့၏ တရားသည် ကောင်းစွာဟော ကြားအပ်သော တရား ဖြစ်ပါသနည်း၊ လောက၌ အဘယ်သူတို့သည် ကောင်းစွာကျင့်သူများ ဖြစ်ပါသနည်း၊ လောက၌ အဘယ် သူတို့သည် ကောင်းစွာပြုပြီးသူများ ဖြစ်ပါသနည်း'

'သူကြွယ်၊ ဤအရာ၌ သင့်ကို ငါပြန်မေးအံ့၊ သင်ကြိုက်သလို ဖြေလော့၊ အကြင်သူတို့သည်ရာဂဒေါသမောဟတို့ကို ပယ်ရန် ဟောကြား ကုန်၏။ ထိုသူတို့၏ တရားသည် ကောင်းစွာဟောကြားအပ်သော တရား၊ ဟုတ်သလော၊ မဟုတ်သလော'

'ထိုသူတို့၏တရားသည် ကောင်းစွာ ဟောကြားအပ်သော တရား ဖြစ်ပါသည် ဘုရား'

'သူကြွယ်၊ အကြင်သူတို့သည် ရာဂ ဒေါသ မောဟတို့ကို ပယ်ရန် ကျင့်ကုန်၏။ ထိုသူတို့သည် လောက၌ ကောင်းစွာကျင့်သူများ ဟုတ် သလော၊ မဟုတ်သလော'

'ထိုသူတို့သည် ကောင်းစွာ ကျင့်သူများ ဖြစ်ပါသည်ဘုရား'

'သူကြွယ်၊ အကြင်သူတို့သည် ရာဂ ဒေါသ မောဟတို့ကို နောင် တစ်ဖန် မဖြစ်အောင် အကြွင်းမဲ့ ပယ်အပ်ပြီး ဖြစ်ကုန်၏။ ထိုသူတို့သည် လောက၌ ကောင်းစွာ ပြုပြီး သူများ ဖြစ်သလော၊ မဖြစ်သလော'

'ထိုသူတို့သည် လောက၌ ကောင်းစွာ ပြုပြီးသူများ ဖြစ်ပါသည် ဘုရား'

'သူကြွယ်၊ သင်၏အမေးကို သင်ကိုယ်တိုင် ဖြေဆိုအပ်ပြီးဖြစ်ပေ၏'

ဤသို့ ရှင်အာနန္ဒာက မေးသောအခါ ထိုသူကြွယ်သည် 'မိမိ ဆရာ ကိုလည်း မချီးမြှောက်၊ သူတစ်ပါး တရားကိုလည်း မရှုတ်ချဘဲ အကြောင်းအားလျော်စွာ ဖြေကြားခြင်းမှာ ထူးကဲလှပေသည်'ဟု ဝမ်း မြောက်စွာ လျှောက်ကြားပြီး ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၃။ မဟာနာမ သက္ကသုတ်

### သီလ သမာဓိ ပညာ သုံးပါး ခွဲခြားပုံ

၇၄။ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ဗုဒ္ဓ သီတင်းသုံးစဉ် မဟာနာမ်မည်သော သာကီဝင်မင်းသည် ဓမ္မဒိန္နထေရီမထေရ်ထံချဉ်းကပ်၍ ဤသို့ မေးလျှောက်လေ၏။

'အရှင်ဘုရား၊ တည်ကြည်သော စိတ်ရှိသူအား ဉာဏ်သည်ဖြစ်၏။ တည်ကြည်သော စိတ်ရှိသူအား ဉာဏ်သည်ဖြစ်' ဟူ၍ မြတ်စွာဘုရား ဟောကြားသည်ကို ကြားမြင့်စွာကာလမှစ၍ တပည့်တော် ကြားသိခဲ့ရပါသည်။ သို့ဖြစ်သော် သမာဓိသည် ရှေးဦးစွာဖြစ်၍ ဉာဏ်သည် နောက်မှဖြစ်ပါသလော၊ သို့မဟုတ် ဉာဏ်သည် ရှေးဦးစွာဖြစ်၍ သမာဓိသည် နောက်မှဖြစ်ပါသလော'

ထိုအခါ ရှင်အာနန္ဒာအား 'မဟာနာမ်သည် အနာမှ ထစဖြစ်သော မြတ်စွာဘုရားအား နက်နဲသော ပြဿနာကိုမေးလျှောက်၏။ ငါသော် မဟာနာမ်ကို သင့်တော်ရာ အရပ်သို့ခေါ်၍ တရားဟောအံ့' ဟု အကြံဖြစ်၏။

ထို့နောက် ရှင်အာနန္ဒာသည် မဟာနာမ်၏ လက်မောင်းကိုဆွဲ၍ သင့်တော်ရာအရပ်သို့ ခေါ်သွားပြီး ဤသို့ မိန့်ကြားလေသည်-

'မဟာနာမ်၊ မြတ်စွာဘုရားသည် သီလကို သေက္ခပုဂ္ဂိုလ်တို့၏ဥစ္စာဖြစ်သော သီလ၊ အသေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သောသီလ ဟူ၍ နှစ်မျိုးခွဲ၍ ဟောကြား၏။ သမာဓိနှင့် ပညာတို့ကိုလည်း ထို့အတူ နှစ်မျိုးခွဲ၍ ဟောကြား၏'

'မဟာနာမ်၊ သေက္ခ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် သီလရှိသူဖြစ်၏။ ပါတိမောက်သီလကို စောင့်စည်းလျက် နေ၏။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏ ဤသို့ ကျင့်ခြင်းကို သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဟု ဆို၏။

'မဟာနာမ်၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ကာမဂုဏ် တို့မှ လည်းကောင်း၊ အကုသိုလ်တရားတို့မှလည်းကောင်း ကင်းဆိတ်၍ ပဌမ ဈာန်ကို ဝင်စားနေ၏၊ စတုတ္ထဈာန်ကို ဝင်စားနေ၏။ ဤသို့ ဈာန်ဝင်စား၍နေခြင်းကို သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဟု ဆို၏။

'မဟာနာမ်၊ သေက္ခပုဂ္ဂိုလ်တို့၏ ဖြစ်သော ဥစ္စာ ပညာဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ဤကား ဆင်းရဲတည်းဟု ဟုတ်တိုင်းမှန်စွာသိ၏။ 'ဤကားဆင်းရဲချုပ်ရာသို့ရောက်စေတတ်သော အကျင့်တည်း'ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဤသို့ သိခြင်းကို သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဟုဆို၏။

'မဟာနာမ်၊ ဤသို့လျှင် သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလ၊ သမာဓိပညာတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းရာဖြစ်သည့် စိတ်၏လွတ်မြောက်မှု၊ ပညာဖြင့်လွတ်မြောက်မှု(အရဟတ္တဖိုလ်) ကိုကိုယ်တိုင်ထူးခြားသောဉာဏ်ဖြင့်မျက်မှောက်ပြုကာ ပြည့်စုံစွာ နေ၏။

'မဟာနာမ်၊ ဤသို့လျှင် မြတ်စွာဘုရားသည် သီလကို သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလ၊ အသေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဟူ၍ နှစ်မျိုးဟောကြား၏။ သမာဓိနှင့်ပညာတို့ကိုလည်း ထို့အတူ နှစ်မျိုးစီခွဲ၍ ဟောကြားတော်မူ၏'ဟု မိန့်ကြားလေသည်။

(ဤဟောကြားချက်ဖြင့် သေက္ခပုဂ္ဂိုလ်တို့၏ ဝိပဿနာဉာဏ်နှင့် အသေက္ခတို့၏ ဖိုလ်ဉာဏ်သည် သေက္ခတို့၏ သမာဓိမှ နောက်၌ဖြစ်၏။ အသေက္ခတို့၏ သမာဓိသည် သေက္ခတို့၏ ဝိပဿနာဉာဏ်မှ နောက်၌ဖြစ်၏ဟု ပြလိုခြင်းဖြစ်ကြောင်း အဋ္ဌကထာ၌ ဖွင့်သည်။)

## ၄။ နိဂဏ္ဌသုတ်

### ကံလေသာ ဆွေးမြည့်ကြောင်း အကျင့်သုံးပါး

၇၅။ ဝေသာလီပြည် ကူဋာဂါရကျောင်း၌ ရှင်အာနန္ဒာ သီတင်းသုံးစဉ် အဘယနှင့် ပဏ္ဍိတ ကုမာရမည်သော လိစ္ဆဝီမင်းသား နှစ်ယောက်တို့သည် ရှင်အာနန္ဒာထံချဉ်းကပ်လာကြပြီး အဘယက ရှင်အာနန္ဒာအား ဤသို့လျှောက်၏။

'အရှင်ဘုရားအာနန္ဒာ၊ နာဋပုတ္တမည်သော ဇက္ကတွန်းက 'ငါသည် အားလုံးကို သိမြင်သူဖြစ်၏။ ငါအား သွားနေစဉ်၊ ရပ်နေစဉ်၌ လည်းကောင်း၊ အိပ်နေစဉ်၊ နိုးနေစဉ်၌လည်းကောင်း ဉာဏ်အမြင်သည် အမြဲမပြတ်ထင်၏'ဟူ၍ ခြွင်းချက် မရှိသော ဉာဏ်အမြင်ကို ဝန်ခံပါသည်။ ထိုဇက္ကတွန်းသည် ခြိုးခြံသော အကြင့်ဖြင့် ကံဟောင်းတို့၏ ကုန်ခန်းခြင်းကိုပညတ်၏။ ကံအသစ်ကို မပြုလုပ်ခြင်းဖြင့် အကြောင်းကံကို ပယ်ဖြတ်ခြင်းကိုပညတ်၏။ ဤသို့လျှင် 'ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်ခြင်းသည် ဖြစ်၏။ ဆင်းရဲကုန်ခြင်းကြောင့်ခံစားမှု ဝေဒနာ ကုန်ခြင်းသည် ဖြစ်၏။ ဝေဒနာကုန်ခြင်းကြောင့် ဒုက္ခအားလုံး ဆွေးမြည့်ပျက်စီးလိမ့်မည်။ ဤသို့

လျှင် ကိုယ်တိုင် သိမြင်နိုင်သော ကိလေသာကို ဆေးမြည့်စေတတ်သည့် စင်ကြယ်သော အကျင့်ဖြင့် ဝဋ်ဆင်းရဲကို လွန်မြောက်ခြင်းသည် ဖြစ်၏' ဟု ဆိုပါသည်။ အရှင်ဘုရား အာနန္ဒာ၊ ဤအရာ၌ မြတ်စွာဘုရားသည် အကယ်သို့ ဟောကြားပါသနည်း''

''အဘယ၊ သတ္တဝါတို့စင်ကြယ်ရန်၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်းတို့ကို လွန်မြောက်ရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အတွက် မြတ်စွာဘုရား ဟောကြားအပ်သော ကိလေသာကို ဆေးမြည့်စေနိုင်သည့်စင်ကြယ်သော အကျင့်တို့သည် သုံးပါးရှိကုန်၏။ ထိုသုံးပါးကားအဘယ်နည်းဆိုသော်....

ဤသာသနာ၌ ရဟန်းသည် သီလရှိသူ ဖြစ်၏။ ... သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ထိုရဟန်းသည် ကံသစ်ကိုလည်း မပြုလုပ်၊ ကံဟောင်းကိုလည်း တွေ့ထိတွေ့ထိ၍ ကုန်ဆုံးအောင်ပြု၏။ ဤသို့ပြုခြင်းသည် ကိုယ်တိုင်သိမြင်နိုင်သော ကိလေသာကို ဆေးမြည့် စေတတ်သည့် အကျင့်ဖြစ်၏။

အဘယ၊ ဤသို့သီလနှင့်ပြည့်စုံသော ရဟန်းသည် ကာမဂုဏ်တို့မှ လည်းကောင်း၊ အကုသိုလ်တရားတို့မှလည်းကောင်း ကင်းဆိတ်၍ ပထမ ဈာန်ကို ဝင်စား၍နေ၏။ စတုတ္ထဈာန်ကို ဝင်စား၍နေ၏။....ထိုရဟန်း သည် ကံသစ်ကိုလည်း မပြုလုပ်၊ ကံဟောင်းကိုလည်း တွေ့ထိ တွေ့ထိ၍ ကုန်ဆုံးအောင်ပြု၏။ ဤသို့ပြုခြင်းသည်လည်း ကိုယ်တိုင် သိမြင်နိုင်သော ကိလေသာကို ဆေးမြည့်စေတတ်သည့် အကျင့် ဖြစ်၏။

အဘယ၊ဤသို့သီလသမာဓိနှင့်ပြည့်စုံသောရဟန်းသည်အာသဝေါ တရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းရာ ဖြစ်သော စိတ်၏ လွတ်မြောက်မှု၊ ပညာဖြင့် လွတ်မြောက်မှု(အရဟတ္တဖိုလ်)ကို ကိုယ်တိုင် ဉာဏ်ထူးဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏။ ထိုရဟန်းသည် ကံသစ်ကိုလည်း မပြုလုပ်၊ ကံဟောင်းကိုလည်း တွေ့ထိ တွေ့ထိ၍ ကုန်ဆုံး အောင်ပြု၏။ ဤသို့ပြုခြင်းသည်လည်း ကိုယ်တိုင်သိမြင်နိုင်သော ကိလေ သာကို ဆေးမြည့်စေတတ်သည့်အကျင့် ဖြစ်၏။ ဤသို့လျှင် ကိလေသာကို ဆေးမြည့်စေတတ်သော အကျင့်တို့သည် သုံးပါးရှိကုန်၏''

ဤသို့ ရှင်အာနန္ဒာက ဖြေကြားလေသော် ပဏ္ဍိတကုမာရကမည်သော လိစ္ဆဝီမင်းသားက အဘယအား''အဆွေအဘယ၊သင်သည်အဘယ့် ကြောင့် အရှင်အာနန္ဒာ၏စကားကို မချီးကျူးဘိသနည်း'' ဟု ဆို၏။

ထိုအခါ အဘယတ "အဆွေ ပဏ္ဍိတကုမာရက၊ ဝါသည်အဘယ်ကြောင့် အရှင်အာနန္ဒာ၏စကားကို မချီးကျူးဘဲ နေနိုင်အံ့နည်း၊ ရှင်အာနန္ဒာ၏ စကားကို မချီးကျူးသူကား ဦးခေါင်းခုနစ်စိတ်ကွဲဖွယ်ရာသာရှိပေ၏"ဟု ပြန်ပြောလေသည်။

## ၅။ နိဝေသကသုတ်

ဆွေမျိုးမိတ်ဆွေတို့အား တည်စေသင့်သော တရားသုံးပါး

၇၆။ အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည်ရှင်အာနန္ဒာအားအောက် ပါအတိုင်း မိန့်ကြားတော်မူ၏။

"အာနန္ဒာ၊ သင်တို့သည် အကြင်ဆွေမျိုးမိတ်ဆွေတို့ကိုသနားကြင် နာကုန်၏။ အကြင်ဆွေမျိုးမိတ်ဆွေတို့သည်လည်း သင်တို့၏စကားကိုနာယူ သင့်၏ဟု မှတ်ထင်ကုန်၏။ သင်တို့သည် ထိုဆွေမျိုးမိတ်ဆွေတို့ကို သုံးပါး သော အရာတို့၌တည်စေအပ်ကုန်၏။ ထိုသုံးပါးသော အရာတို့ ဟူသည် အဘယ်နည်းဆိုသော်-ဘုရား၌စွဲမြဲစွာသက်ဝင်ယုံကြည်ခြင်း၊ တရား၌စွဲမြဲ စွာသက်ဝင်ယုံကြည်ခြင်း၊ သံဃာ၌ စွဲမြဲစွာသက်ဝင်ယုံကြည်ခြင်းတို့ဖြစ်၏။

အာနန္ဒာ၊ ပထဝီစသော ဓာတ်လေးပါးတို့၏ သဘော လက္ခဏာ အားဖြင့် တစ်မျိုးတစ်မည် ပြောင်းသွားခြင်းသည် ဖြစ်မည်ဆိုကဖြစ်နိုင်ရာ ၏။ ဘုရား၊တရား၊သံဃာတို့၌ စိုမြဲစွာယုံကြည်သော အရိယာတပည့်၏ လားရာဂတိအားဖြင့် တစ်မျိုးတစ်မည် ဖြစ်သွားခြင်းကား မရှိနိုင်ချေ။ အာနန္ဒာ၊ ထိုစကားမှန်၏။ ဘုရား၊ တရား၊ သံဃာတို့၌စွဲမြဲစွာ ယုံကြည် သော အရိယာတပည့်သည် ငရဲဘုံ၊ တိရိစ္ဆာန်ဘုံ၊ပြိတ္တာဘုံသို့ ရောက်ရန် အကြောင်းလုံးဝ မရှိချေ" ဟု ဟောကြားပါသည်။

## ၆။ ပဌမဘဝသုတ်

ဘဝသုံးပါးဖြစ်ပုံ

၇၇။ "အရှင်ဘုရား၊ 'ဘဝ ဘဝ'ဟုဆိုရာ၌အဘယ်မျှဖြင့် ဘဝ သည် ဖြစ်ပါသနည်း"

ဤသို့ ရှင်အာနန္ဒာကမေးလျှောက်ရာ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူ၏။

"အာနန္ဒာ၊ အကယ်၍ ကာမဓာတ်၌ အကျိုးပေးတတ်သော ကံသည် မရှိခဲ့သော် ကာမဘဝသည် ထင်ရှားပါမည်လော"

"ထင်ရှားမည် မဟုတ်ပါဘုရား"

"အာနန္ဒာ၊ ဤသို့လျှင် ကံသည် လယ်မြေဖြစ်၏။ ဝိညာဏ်သည် မျိုးစေ့ဖြစ်၏။ တဏှာသည် အစေး (အရည်) ဖြစ်၏။ အဝိဇ္ဇာဖုံးကွယ်အပ်သည် ဖြစ်၍၊ တဏှာ အနှောင်အဖွဲ့ရှိသော သတ္တဝါတို့အား ယုတ်နိမ့်သော ကာမဓာတ်၌ ဝိညာဏ်သည် တည်၏။ ဤသို့လျှင် တစ်ဖန် ဘဝသစ်သည် ဖြစ်ရ၏။

"အာနန္ဒာ၊ အကယ်၍ ရူပဓာတ်၌ အကျိုးပေးတတ်သော ကံသည် မရှိခဲ့သော် ရူပဘဝသည် ထင်ရှားပါမည်လော"

"ထင်ရှားမည် မဟုတ်ပါဘုရား"

"အာနန္ဒာ၊ ဤသို့လျှင် ကံသည် လယ်မြေဖြစ်၏။ ... အဝိဇ္ဇာဖုံးကွယ်အပ်သည်ဖြစ်၍ တဏှာအနှောင်အဖွဲ့ရှိသော သတ္တဝါတို့အား အလယ်အလတ်ဖြစ်သော ရူပဓာတ်၌ ဝိညာဏ်သည် တည်၏။ ဤသို့လျှင် တစ်ဖန်ဘဝသစ်သည် ဖြစ်ရ၏"

"အာနန္ဒာ၊ အကယ်၍ အရူပဓာတ်၌ အကျိုးပေးတတ်သော ကံသည် မရှိခဲ့သော် အရူပဘဝသည် ထင်ရှားပါမည်လော"

"ထင်ရှားမည် မဟုတ်ပါဘုရား"

"အာနန္ဒာ၊ ဤသို့လျှင် ကံသည် လယ်မြေဖြစ်၏။ ... အဝိဇ္ဇာဖုံးကွယ်အပ်သည်ဖြစ်၍ တဏှာအနှောင်အဖွဲ့ရှိသော သတ္တဝါတို့အား မြင့်မြတ်သော အရူပဓာတ်၌ ဝိညာဏ်သည် တည်၏။ ဤသို့လျှင် တစ်ဖန်ဘဝသစ်သည် ဖြစ်ရ၏။ အာနန္ဒာ၊ ဤသို့လျှင် ဘဝသည် ဖြစ်၏" ဟု မိန့်ကြားတော်မူပါသည်။

၇၈။ ဒုတိယဘဝသုတ်၌ 'ဝိညာဏ်သည် တည်၏' ဟူသော စကားရပ်အစား 'စေတနာသည် တည်၏' ဟူ၍ ပြောင်းလဲ ဟောကြားခြင်းသာ မထမသုတ်နှင့် ထူး၏။

## ၈။ သီလဗ္ဗတသုတ်

### အလေ့ အကျင့် သုံးပါးဆိုင်ရာ ပြဿနာ

၇၉။ “အာနန္ဒာ၊ မိမိအသက်ကိုမငဲ့ကွက်ဘဲ ဆင်းရဲပင်ပန်းစွာ ကျင့်အပ်သော အလေ့အကျင့်အားလုံးသည် လည်းကောင်း၊ မြတ်သော အကျင့်ကို ကျင့်ခြင်းအားလုံးသည်လည်းကောင်း၊ ကောင်းမြတ်၏ဟု စိတ်၌ထင်လာသောတရားအားလုံးသည်လည်းကောင်း[၁] အကျိုးရှိပါသလော”

“အရှင်ဘုရား၊ ဤအရာ၌ တစ်ထစ်ချအားဖြင့် မဖြေဆိုသင့်ပါ”

“အာနန္ဒာ၊ သို့ဖြစ်လျှင် ခွဲခြားဝေဖန်၍ ဖြေပါလော”

“အရှင်ဘုရား၊ အကြင် အလေ့အကျင့်စသည်ကို မှီဝဲသူအား အကုသိုလ်တရား တိုးပွား၍ ကုသိုလ်တရားဆုတ်ယုတ်၏၊ ထိုအလေ့အကျင့်စသည်သည် အကျိုးမရှိပါ၊ အကြင်အလေ့အကျင့်စသည်ကို မှီဝဲသူအား အကုသိုလ်တရား ဆုတ်ယုတ်၍ကုသိုလ်တရား တိုးပွား၏။ ထိုအလေ့အကျင့်စသည်ကား အကျိုးရှိပါသည်”

ရှင်အာနန္ဒာ၏အဖြေကို ဗုဒ္ဓက ကျေနပ်စွာ လက်ခံတော်မူသည်။

“ရဟန်းတို့၊ အာနန္ဒာသည် သေက္ခပုဂ္ဂိုလ်မျှသာဖြစ်သော်လည်း ပညာအရာ၌ အာနန္ဒာနှင့်တူညီသူကို ရရှိရန် မလွယ်လှပေ” ဟူ၍လည်း ရဟန်းတို့အား မိန့်ကြားတော်မူသည်။

## ၉။ ဂန္ဓဇာတသုတ်

### နံ့သာသုံးမျိုးထက်သာသော နံ့သာ

၈၀။ “အရှင်ဘုရား၊ အမြစ်နံ့သာ၊ အနှစ်နံ့သာ၊ အပွင့်နံ့သာ ဟူသော နံ့သာမျိုးသုံးပါးတို့၏ ရနံ့သည်လေအောက်သို့သာ သွားပါသည်။ လေညာသို့မသွားပါ။ လေအောက်လေညာနှစ်ပါးလုံးသို့ ရနံ့သွားနိုင်သည့် တစ်စုံတစ်ခုသော နံ့သာမျိုးသည် ရှိပါသလော”

“အာနန္ဒာ၊ ထိုကဲ့သို့သော နံ့သာမျိုးသည် ရှိ၏”

“အရှင်ဘုရား၊ ထိုကဲ့သို့သော နံ့သာမျိုးကား အဘယ်ပါနည်း”

---

၁။ ဥပဋ္ဌာနသာရန္တိ ဥပဋ္ဌာနေန သာရံ၊ ဖလဒံ သာရံ၊ ဖလဒံ ဝရံ၊ ဖလဒံ နိဋ္ဌာဂတိ ဝေံ ဥပဋ္ဌိတန္တိ အတ္ထော—အဋ္ဌကထာ။

''အာနန္ဒာ၊ အကြင်ရွာနိဂုံး၌ နေသော မိန်းမ၊ ယောကျ်ားသည် ဘုရားကို ကိုးကွယ်ဆည်းကပ်၏၊ တရား၊ သံဃာတို့ကို ကိုးကွယ်ဆည်းကပ်၏။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း စသည်တို့မှ ရှောင်ကြဉ်၏၊ သီလရှိ၏။ ဝန်တိုမှု အညစ်အကြေးကင်းသောစိတ်ဖြင့် အိမ်ထောင်ကိုဦးစီး၍နေ၏။ လွတ်လွတ်စွန့်ကြဲခြင်းရှိ၏။ ထိုမိန်းမ ယောကျ်ား၏ ဂုဏ်ကျေးဇူးကို ရဟန်းပုဏ္ဏားတို့ကလည်း ပြောဆိုကြကုန်၏။ နတ်တို့ကလည်း ပြောဆိုကြကုန်၏။ အာနန္ဒာ၊ လေအောက်သို့လည်းကောင်း၊ လေညာသို့လည်းကောင်း သွားနိုင်သောနံ့သာမျိုးကား ဤဘုရားကိုကိုးကွယ်ဆည်းကပ်ခြင်းစသော ဂုဏ်ကျေးဇူးပေတည်း''

ထို့နောက် ဗုဒ္ဓက အောက်ပါဂါထာကိုလည်း မြွက်ကြားတော်မူပါသည်၊

''ပန်းတို့၏ရနံ့သည်လေညာသို့မသွားနိုင်၊ စန္ဒကူးပန်း၏ရနံ့သည်လည်းကောင်း၊ တောင်စလပ် ကြက်ရုံးပန်းတို့၏ ရနံ့သည်လည်းကောင်း လေညာသို့မသွားနိုင်၊ သူတော်ကောင်းတို့၏ရနံ့သည်ကားလေညာသို့သွားနိုင်၏၊ သူတော်ကောင်းသည်အရပ်မျက်နှာအားလုံးသို့ ဂုဏ်ရနံ့ဖြင့် သင်းပျံ့လှိုင်၏''

## ၁၀။ စူဠနိကာသုတ်

စူဠနိကာစသော လောကဓာတ် သုံးမျိုးအကြောင်း

ဂ၁။ ''အရှင်ဘုရား၊ သိခီမြတ်စွာဘုရား၏အဘိဘူမည်သောတပည့်သည် ဗြဟ္မာ့ပြည်၌တည်လျက် တစ်ထောင်သောလောကဓာတ်ကိုအသံဖြင့် သိစေနိုင်၏''ဟုမြတ်စွာဘုရား ဟောကြားသည်ကို တပည့်တော် ကြားဖူးပါသည်။ မြတ်စွာဘုရားသည်ကား အဘယ်မျှသောအရပ်ကို အသံဖြင့်သိစေခြင်းငှာ စွမ်းနိုင်ပါသနည်း'

'အာနန္ဒာ၊ ထိုအဘိဘူသည်တပည့် သာဝကမျှသာဖြစ်၏။ မြတ်စွာဘုရားတို့သည်ကား နှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်များဖြစ်၏'

၁။ နိဂုံး—ပုံ ပါဒေးစ်ငြေဈေးတန်းများရှိ၍မြို့ကလေးတစ်မြို့မျှစည်ကားသော ရွာကြီးကို နိဂုံးဟုခေါ်သည်၊ တစ်နည်းဆိုသော် ဈေးမြို့ကလေးပင်ဖြစ်ပါသည်။[Market Town]

ဤသို့ ဗုဒ္ဓကဖြေကြားသော်လည်း ရှင်အာနန္ဒာက အထက်ပါမေးခွန်းကို သုံးကြိမ်တိုင်အောင် ထပ်၍လျှောက်၏။ ထိုအခါ ဗုဒ္ဓက ဤသို့မိန့်ကြားတော်မူ၏။

အာနန္ဒာ၊ စကြာဝဠာတစ်ထောင်ရှိသည့် 'စူဠနိကာ' လောကဓာတ်ကို သင်ကြားဖူးသလော'

'အရှင်ဘုရား၊ ယခု ထိုစူဠနိကာလောကဓာတ်အကြောင်းကိုဟောရန်အချိန်ဖြစ်ပါသည်။ ဟောကြားတော်မူပါလော'

'အာနန္ဒာ၊ လနှင့်နေတို့လှည့်လည်လျက် အရပ်မျက်နှာတို့ကို ထွန်းလင်းတောက်ပရာစကြာဝဠာတစ်ခုအပိုင်းအခြားကို တစ်ထောင်ဖြင့်မြှောက်ယူရသော လောကသည်ရှိ၏။ ထိုလောကဓာတ်၌ လတစ်ထောင်၊ နေတစ်ထောင်၊ မြင်းမိုရ်တောင်၊ ဇမ္ဗူဒိပ်(တောင်)ကျွန်း၊အပရဂေါယာန(အနောက်)ကျွန်း၊ဥတ္တရကုရု(မြောက်ကျွန်း)၊ ပုဗ္ဗဝိဒေဟ(အရှေ့)ကျွန်း တစ်ထောင်စီရှိ၏။ မဟာသမုဒ္ဒရာလေးထောင်၊ နတ်မင်းကြီးလေးထောင်ရှိ၏၊ စတုမဟာရာဇ် တာဝတိံသာစသော နတ်ဘုံ ဗြဟ္မာဘုံများလည်း တစ်ထောင်စီရှိ၏။ဤသို့လ,နေစသည်တို့ တစ်ထောင်စီရှိသော စကြာဝဠာအုပ်စုသည် 'စူဠနိကာ'လောကဓာတ် မည်၏။

အာနန္ဒာ၊ ထိုလနေစသည်တို့ တစ်ထောင်စီရှိသော 'စူဠနိကာ' လောကဓာတ်ပေါင်းတစ်ထောင် (ပ ါ-စကြာဝဠာပေါင်းတစ်သန်း)သည် မဇ္ဈိမိကာ လောကဓာတ်မည်၏။

အာနန္ဒာ၊ ထိုမဇ္ဈိမိကာ လောဓာတ်ဟု ဆိုအပ်သော စကြာဝဠာပေါင်းတစ်သန်းကိုတစ်ထောင်ဖြင့်နှစ်ကြိမ်ဆင့်၍မြှောက်ခြင်းဖြင့်ရရှိသည့် စကြာဝဠာပေါင်းကုဋေတစ်သိန်းသည်'မဟာသဟဿီလောကဓာတ်'မည်၏

(မဇ္ဈိမိကာ လောကဓာတ်ပေါင်း တစ်ထောင်၏ တစ်ထောင်သည် မဟာသဟဿီ လောကဓာတ်မည်၏ဟု ဆိုလို၏။ )

အာနန္ဒာ၊ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် ထိုမဟာသဟဿီလောကဓာတ် တစ်ခုလုံးကို အသံဖြင့်ကြားသိနိုင်၏။ထို့ထက်အလွန်လည်း အလိုရှိသမျှသော အရပ်အပိုင်းအခြားကို အသံဖြင့်ကြားသိစေနိုင်၏'

''အရှင်ဘုရား၊ မြတ်စွာဘုရားသည် အဘယ်သို့လျှင် မဟာသဟဿီ တစ်ခုလုံးကို အသံဖြင့် ကြားသိစေပါသနည်း'

'အာနန္ဒာ၊မြတ်စွာဘုရားသည်ရှေးဦးစွာမဟာသဟဿီလောကဓာတ်

ကို အလင်းရောင်ဖြင့် ပျံ့နှံ့စေရာ၏။ အကြင်အခါ၌ထိုမဟာသဟဿီလောက ဓာတ်၌ရှိသော သတ္တဝါတို့သည် ထိုအလင်းရောင်ကို သိကုန်ရာ၏။ ထိုအခါ မြတ်စွာဘုရားသည်အသံပြုရာ၏။ အာနန္ဒာ၊ ဤသို့လျှင် မြတ်စွာဘုရားသည် မဟာသဟဿီ လောကဓာတ်တစ်ခုလုံးကို အသံဖြင့် ကြားသိစေနိုင်၏''

ဗုဒ္ဓက ဤသို့မိန့်ကြားသောအခါ ရှင်အနန္ဒာသည် 'ဤမျှတန်ခိုးကြီးသော ဆရာကိုရရှိသောငါ့အား အရတော်လှပေစွ'ဟု မြွက်ဆို၏။ ထိုအခါ ရှင်ဥဒါယီက ''ငါ့ရှင်အာနန္ဒာ၊ ဤမျှတန်ခိုးကြီးသောဆရာကို ရရှိသောသင့်အား အဘယ်အကျိုးရှိပါသနည်း''ဟု ဆို၏။ ထိုရှင်ဥဒါယီအား ဗုဒ္ဓက 'ဥဒါယီ သင်ဤသို့ မဆိုလင့်၊ အကယ်၍ အာနန္ဒာသည် ရာဂမကင်းဘဲ ကွယ်လွန်ခဲ့သော် ငါဘုရား၌ ကြည်ညိုသောစိတ်ဖြင့် နတ်ပြည်တို့၌ နတ်မင်း ခုနစ်ကြိမ်ဖြစ်ရာ၏။ ဤဇမ္ဗူဒိပ်၌ပင် ကြီးမြတ်သော စကြဝတေးမင်း ခုနစ်ကြိမ် ဖြစ်ရာ၏။ ဥဒါယီ၊ သို့သော်လည်း အာနန္ဒာသည် မျက်မှောက်ဘဝ၌ပင် ပရိနိဗ္ဗာန်ပြုလိမ့်မည်''ဟု မိန့်ကြားတော်မူလေသည်။

(စကြဝဠာတစ်ထောင်သည် စူဠနိကာလောကဓာတ်၊
စကြဝဠာ(၁၀၀၀×၁၀၀၀)တစ်သန်းသည် မဇ္ဈိမိကာလောကဓာတ်၊
စကြဝဠာ တစ်သန်းကိုတည်၊ စကြဝဠာတစ်ထောင်ဖြင့် နှစ်ကြိမ်ဆင့်၍မြှောက်လျှင် စကြဝဠာကုဋေတစ်သိန်းရ၏။ ၎င်းကို မဟာသဟဿီလောကဓာတ်ဟု ခေါ်သည်။

ထိုလောကဓာတ်သုံးမျိုးတွင် သာဝကတို့သည် စူဠနိကာလောကဓာတ်မျှကိုသာ အာရုံပြုနိုင်ကြသည်။ ကျန်လောကဓာတ်နှစ်မျိုးကို အာရုံမပြုနိုင်ကြ။ ဗုဒ္ဓမြတ်စွာတို့ကား လောကဓာတ်သုံးမျိုးလုံးနှင့်တကွ စကြဝဠာအနန္တကို အာရုံပြုနိုင်ကြသည်။ တို့ဖြင့် ဘုရားလောင်းပဋိသန္ဓေနေသော အခါ၊ ဖွားမြင်သောအခါ စသည်တို့၌ စကြဝဠာပေါင်းတစ်သောင်းတစ် ပြိုင်နက် တုန်လှုပ်သည်။ ထို့ကြောင့် စကြဝဠာတစ်သောင်းသည် ဇာတိခေတ်မည်၏။ အာဋာနာဋိယသုတ်စသော ပရိတ်တော်တို့၏အာဏာသည် စကြဝဠာပေါင်းကုဋေတစ်သိန်းတိုင်အောင် ပျံ့နှံ့သည်။ ထို့ကြောင့် စကြဝဠာကုဋေတစ်သိန်းသည် အာဏာခေတ်မည်၏။ ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်သည် စကြဝဠာအနန္တကို အာရုံပြုနိုင်သည်။ ထို့ကြောင့် စကြဝဠာအနန္တသည် ဝိသယခေတ်မည်၏ဟု အခြားအဋ္ဌကထာတို့၌ ဖွင့်သည်။ ဤစူဠနိကာသုတ် အဋ္ဌကထာ၌ကား ဇာတိခေတ်ကို စကြဝဠာတစ်သန်းဟု ပြပါသည်။)

# ၉။ သမဏဝဂ်

## ၁။ သမဏသုတ်

ရဟန်းကိစ္စ သုံးပါး

၈၂။ ရဟန်းတို့ ပြုလုပ်ရမည့် ကိစ္စသုံးပါးရှိ၏။ ၎င်းတို့မှာ အဓိသီလသိက္ခာကို ဆောက်တည်ခြင်း၊ အဓိစိတ္တသိက္ခာကို ဆောက်တည်ခြင်း၊ အဓိပညာသိက္ခာကို ဆောက်တည်ခြင်းတို့ ဖြစ်၏။ ထို့ကြောင့် ရဟန်းတို့သည် ထိုသိက္ခာသုံးပါးကို ဆောက်တည်မှု၌ ထက်သန်သောဆန္ဒကိုဖြစ်စေရမည်ဟု ဟောကြားသည်။

## ၂။ ဂဒြဘသုတ်

မြည်းသတ္တဝါနှင့်တူသော ရဟန်း

၈၃။ မြည်းသတ္တဝါသည် မိမိကိုယ်မိမိ နွားဟုထင်မှတ်လျက် နွားတို့၏ နောက်မှလိုက်သော်လည်း သူ၏အဆင်း၊ အသံ၊ ခွါတို့ကား နွားနှင့်မတူချေ။ ထို့အတူပင် ဤသာသနာ၌ အချို့သောရဟန်းသည် မိမိကိုယ်မိမိ ရဟန်းဟု ထင်မှတ်လျက် ရဟန်းသံဃာ၏ နောက်မှလိုက်နေသော်လည်း သိက္ခာသုံးပါးကို ဆောက်တည်မှု၌ ထိုရဟန်းအား အခြားရဟန်းကဲ့သို့ ထက်သန်သော ဆန္ဒမရှိချေ။ ထို့ကြောင့်ရဟန်းတို့သည် သိက္ခာသုံးပါးကို ဆောက်တည်မှု၌ ထက်သန်သောဆန္ဒကို ဖြစ်စေရမည်ဟု ဟောကြားသည်။

## ၃။ ခေတ္တသုတ်

လယ်သမား၏ကိစ္စသုံးပါးနှင့် ရဟန်းကိစ္စသုံးပါး

၈၄။ လယ်သမားအား လယ်စိုက်ခြင်းနှင့်ဆိုင်သော ကိစ္စသုံးရပ်ရှိ၏။ ၎င်းတို့မှာ လယ်မြေကို ကောင်းစွာ ထွန်ယက်ခြင်း၊ အချိန်သင့်သော အခါ မျိုးစေ့ချခြင်း၊ အခါအားလျော်စွာ ရေသွင်း ရေထုတ်ပြုခြင်းတို့ ဖြစ်၏။ ထို့အတူ ရဟန်းတို့အားလည်း အဓိသီလသိက္ခာကိုဆောက်တည်ခြင်းစသော ဦးစားပေးပြုလုပ်ရမည့် ကိစ္စသုံးရပ်ရှိ၏ဟု ဟောကြားသည်။

## ၄။ ဝဇ္ဇီပုတ္တသုတ်

### ဝဇ္ဇီတိုင်းသား ရဟန်းတစ်ပါးနှင့် သိက္ခာသုံးပါး

၈၅။ ဝေသာလီပြည် ... ဋ္ဌာဂါရကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ဝဇ္ဇီတိုင်းသားရဟန်းတစ်ပါးသည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဘုရား၊ တစ်ရာငါးဆယ်ကျော်မျှသောသိက္ခာပုဒ်တို့ကို[၁] တပည့်တော်တို့ ... လခွဲတစ်ကြိမ်ရွတ်ဆို ကြားနာနေရပါသည်။ တပည့်တော်သည် ဤသိက္ခာပုဒ်ကို ကျင့်ခြင်းငှာ မစွမ်းနိုင်ပါ'ဟု လျှောက်၏။

'ရဟန်း၊ သင်သည် အဓိသီလသိက္ခာစသော သိက္ခာသုံးပါး၌ ကျင့်ခြင်းငှာ စွမ်းနိုင်မည်လော'

'စွမ်းနိုင်ပါသည် ဘုရား'

'ရဟန်း၊ ... ဖြစ်သော် သင်သည် အဓိသီလ သိက္ခာစသော သိက္ခာသုံးပါးတို့၌ ကျင့်လော၊ ထိုသို့ကျင့်သည်ရှိသော် သင့်အား ရာဂ ဒေါသ မောဟ ... ပျောက်လိမ့်မည်။ ရာဂ ဒေါသ မောဟ ကင်းပျောက်လျှင် အကုသိုလ်ကို ပြုတော့မည်မဟုတ်။ မကောင်းမှုကို မှီဝဲတော့မည် မဟုတ်'ဟု မိန့်ကြားတော်မူ၏။

နောင်အခါ၌ ဗုဒ္ဓမိန့်ကြားသည့်အတိုင်း သိက္ခာသုံးပါးကို ကျင့်သောထိုရဟန်းအား ရာဂ ဒေါသ မောဟ ကင်းပျောက်သွားတော့သည်။

## ၅။ သေက္ခသုတ်

### သိက္ခာသုံးပါးကို ကျင့်သူ

၈၆။ ရဟန်းတစ်ပါးက ဗုဒ္ဓအား 'သေက္ခပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်ဟုဆိုရာ၌ ... မျှသောအကြောင်းဖြင့် သေက္ခပုဂ္ဂိုလ် ဖြစ်ပါသနည်း' ဟု မေးလျှောက်၏။

အဓိသီလသိက္ခာစသောသိက္ခာသုံးပါးကို ကျင့်ဆဲဖြစ်သောကြောင့် သေက္ခပုဂ္ဂိုလ်ဟု ဆိုအပ်၏ဟူ၍ ဗုဒ္ဓက ဖြေကြားတော်မူသည်။

---

၁။ ယိုအခါနှိုင်းသိက္ခာပုဒ် (၁၅၀) ကျော်မျှသာ ပညတ်ရသေးသောကြောင့် ဤသို့ဆိုခြင်းဖြစ်သည်ဟု အဋ္ဌကထာ ဖွင့်၏။

## ၆။ ပထမသိက္ခာသုတ်

### သိက္ခာသုံးပါးကို ဖြည့်ကျင့်သူ

၈၇။ ရဟန်းတို့၊ မိမိအကျိုးကိုလိုလားသော အမျိုးကောင်းသားတို့ ကျင့်သုံးလိုက်နာရမည့် တစ်ရာ့ ငါးဆယ်ကျော်မျှသော သိက္ခာပုဒ်အပေါင်းသည် လဝက်တစ်ကြိမ် အကျဉ်း ရွတ်ဆိုခြင်းသို့ ရောက်၏။[1] ထိုသိက္ခာပုဒ် အပေါင်းသည်လည်း အဓိသီလစသော သိက္ခာသုံးပါး၌ ပေါင်းဆုံခြင်းသို့ ရောက်၏၊

ရဟန်းတို့၊ ဤသာသနာ၌ ရဟန်းသည် သီလတို့၌ ပြည့်စုံစွာဖြည့်ကျင့်လေ့ရှိ၏။ သမာဓိပညာတို့၌ တစ်စိတ်တစ်ဒေသ အတိုင်းအတာအားဖြင့် သာပြုလေ့ရှိ၏။ ထိုရဟန်းသည် သေးငယ်သောသိက္ခာပုဒ်၊ ပို၍သေးငယ်သောသိက္ခာပုဒ်များသို့ သင့်ရောက်လည်း သင့်ရောက်၏။ ထိုအာပတ်တို့မှ ထလည်းထ၏။ အဘယ်ကြောင့်ဆိုသော် အရိယာ ပုဂ္ဂိုလ်သည် သေးငယ်သောအာပတ်သို့ သင့်ရောက်ခြင်းငှာ မထိုက်ကြောင်း မဟောကြားအပ်သောကြောင့်ဖြစ်၏။ ထိုရဟန်းသည် အကျင့်မြတ်၏ အဦးအစ ဖြစ်သော သိက္ခာပုဒ်တို့၌ ခိုင်မြဲ တည်တံ့သော အကျင့်သီလ ရှိ၏။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ သည်းကျင့်၏။ ထိုရဟန်းသည် (ဒိဋ္ဌိ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသဟူသော) သံယောဇဉ်သုံးပါးကုန်ခြင်းကြောင့် အပါယ်သို့ကျ ရောက်ခြင်းမရှိတော့သော၊ ကိန်းသေမြဲသော၊ အထက်မဂ်ဉာဏ်လျှင် လဲ လျောင်းရာရှိသော 'သောတာပန်'ဖြစ်၏။

'ရဟန်းတို့ ဤသာသနာ၌တစ်ပါးသောရဟန်းသည် သီလတို့၌ ပြည့်စုံစွာဖြည့်ကျင့်လေ့ရှိ၏။ သမာဓိပညာတို့၌ တစ်စိတ်တစ်ဒေသအတိုင်း အတာအားဖြင့် ပြုလေ့ရှိ၏။ ထိုရဟန်းသည် သံယောဇဉ်သုံးပါးကုန်၍ ရာဂဒေါသမောဟခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တစ်ကြိမ်သာ လာ၍ ဒုက္ခကုန်ဆုံးခြင်းကိုပြုမည့် သကဒါဂါမိ'ပုဂ္ဂိုလ်ဖြစ်၏။

---

၁။ ကျောင်းတိုက် ပရိဝုဏ်အတွင်း၌ နေသော ရဟန်းတို့သည် လပြည့်လကွယ် နေ့တိုင်းသိမ်အတွင်း၌ စုဝေး၍ သံဃဥပုသ် ပြုကြရသည်။ သံဃဥပုသ် ဟူသည် ပါတိမောက်ခပါဠိနည်း သိက္ခာပုဒ်များကို ရဟန်း တစ်ပါးက ရွတ်ဆိုပြီး ကျန်ရဟန်းများက ကြားနာကြခြင်းပင် ဖြစ်၏။

၂။ ရဟန်းတို့၏ (၂၂၇) ပါးသော သိက္ခာပုဒ်တို့တွင် ပါရာဇိကသိက္ခာပုဒ် လေးပါးကို အကျင့်မြတ်၏ အဦးအစဖြစ်သော 'အာဒိဗြဟ္မစရိယက' သိက္ခာပုဒ်ဟု ဆိုပါသည်။

ရဟန်းတို့၊ဤသာသနာ၌ တစ်ပါးသောရဟန်းသည်ကား သီလတို့၌ ပြည့်စုံစွာဖြည့်ကျင့်လေ့ရှိ၏။ သမာဓိ၌လည်း ပြည့်စုံစွာဖြည့်ကျင့်လေ့ရှိ၏။ ပညာတို့၌ တစ်စုံတစ်ခုသောအတိုင်းအတာအားဖြင့်ပြုလေ့ရှိ၏။ ထိုရဟန်းသည် အောက်အဖို့၌ရှိသော သံယောဇဉ်ငါးပါး ကုန်ခြင်းကြောင့်[၁] တာဝတိံသ ပြန်မလာတော့ဘဲ ထိုဗြဟ္မာဘုံ၌ပင် ပရိနိဗ္ဗာန်ပြုမည့် 'ဥပပတ်' ပဋိသန္ဓေနေသော ဗြဟ္မာဖြစ်၏။

ရဟန်းတို့၊ဤသာသနာ၌ တစ်ပါးသောရဟန်းသည်ကား၊ သီလတို့၌ လည်းကောင်း၊ သမာဓိပညာတို့၌ လည်းကောင်း ပြည့်စုံစွာဖြည့်ကျင့်လေ့ရှိ၏။ ထိုရဟန်းသည် အာသဝေါတရားလေးပါး ကုန်ခြင်းကြောင့် အာသဝေါကင်းရာဖြစ်သော စိတ်၏လွတ်မြောက်မှု ပညာဖြင့်လွတ်မြောက်မှုကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ဉာဏ်အထူးဖြင့် မျက်မှောက်ပြုသော ပြည့်စုံစေ၍နေ၏။

ရဟန်းတို့၊ ဤသို့လျှင် တစ်စိတ်တစ်ဒေသ ဖြည့်ကျင့်မှုကို ပြုလေ့ရှိသူသည် တစ်စိတ်တစ်ဒေသ လွတ်မြောက်မှုကိုရ၏။ ပြည့်စုံစွာဖြည့်ကျင့်မှုကိုပြုလေ့ရှိသူသည် ပြည့်စုံသော လွတ်မြောက်မှုကိုရ၏။ ရဟန်းတို့၊သိက္ခာပုဒ်တို့သည် မမြုံ(အချည်းအနှီး မဖြစ်)ဟူ၍သာလျှင် ငါဟောကြား၏-ဟု မိန့်ကြားတော်မူပါသည်။

## ၇။ ဒုတိယသိက္ခာသုတ်

### သိက္ခာသုံးပါးကို ဖြည့်ကျင့်သူများ

၈၈။ ဝိနည်းသိက္ခာပုဒ်ပေါင်း တစ်ရာ့ငါး ဆယ်ကျော်သည် သိက္ခာသုံးပါး၌ အကျုံးဝင်ကြောင်း ပထမသုတ်နည်းတူ ဟောကြားပြီး ဖြည့်ကျင့်မှု ကွဲပြားပုံနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဟောကြား၏။

သီလတို့၌ပြည့်စုံစွာ ဖြည့်ကျင့်လေ့ရှိပြီး သမာဓိပညာတို့၌ တစ်စုံတစ်ခုသောအတိုင်းအတာအားဖြင့်ပြုလေ့ရှိသောရဟန်းသည်သံယောဇဉ်

---

[၁] သံယောဇဉ်ဆယ်ပါးတို့တွင် ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ် ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ် ဟူသော သံယောဇဉ် ငါးပါးသည် ကာမဘုံဟူသော အောက်အဖို့သို့ ရောက်စေနိုင်သော 'ဩရမ္ဘာဂိယ သံယောဇဉ်' မည်၏။

သုံးပါး ကုန်ဆုံးခြင်းကြောင့် နတ်ပြည် လူ့ပြည်တို့၌ ခုနစ်ကြိမ်သာ ကျင်လည်၍ ဒုက္ခကုန်ဆုံးခြင်းကိုပြုမည့် "သတ္တက္ခတ္တုပရမ" သောတာပန် ဖြစ်၏။ နှစ်ဘဝ သုံးဘဝ ကျင်လည်၍ ဒုက္ခ ကုန်ဆုံးခြင်းကို ပြုမည့် 'ကောလံ ကောလ' သောတာပန်သော်လည်း ဖြစ်၏။[၁] လူ့ဘဝ၌ တစ်ကြိမ်သာဖြစ်၍ ဒုက္ခကုန်ဆုံးခြင်းကို ပြုမည့်'ဧကဗီဇီ' သောတာပန် သော်လည်းဖြစ်၏။[၂] သံယောဇဉ်သုံးပါးကုန်၍ ရာဂ ဒေါသ မောဟ ခေါင်းပါးခြင်းကြောင့် လူ့ပြည်သို့ တစ်ကြိမ်သာလာ၍ ဒုက္ခကုန်ဆုံးခြင်း ကို ပြုမည့် သကဒါဂါမ် ပုဂ္ဂိုလ်သော်လည်း ဖြစ်၏။

သီလ သမာဓိတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ရှိပြီး ပညာ၌ တစ်စုံ တစ်ခုသော အတိုင်းအတာအားဖြင့် ပြုလေ့ရှိသော ရဟန်းသည်အောက် အဖို့ရှိသော သံယောဇဉ်ငါးပါး ကုန်ခြင်းကြောင့် ဘုံစဉ်အတိုင်းအကနိဋ္ဌ ဘုံအထိ တက်သွားမည့်'ဥဒ္ဓံသောတ' အနာဂါမ်ဖြစ်၏၊ အားထုတ်မှုဖြင့် ကိလေသာငြိမ်းအေးစေမည့်'အသင်္ခါရပရိနိဗ္ဗာယီ'အနာဂါမ်သော်လည်း ဖြစ်၏၊ အားထုတ်ရမှု မရှိဘဲ ကိလေသာငြိမ်းအေးမည့် 'အသင်္ခါရ ပရိနိဗ္ဗာယီ'အနာဂါမ်သော်လည်းဖြစ်၏။သက်တမ်းတစ်ပက်သို့ ရောက်ပြီးမှ ကိလေသာအေးငြိမ်းမည့် 'ဥပဟစ္စ ပရိနိဗ္ဗာယီ' အနာဂါမ်သော် လည်းဖြစ်၏။ သက်တမ်းတစ်ဝက်သို့ မရောက်မီကြား၌ ကိလေသာငြိမ်အေး မည့် 'အန္တရာ ပရိနိဗ္ဗာယီ' အနာဂါမ်သော်လည်း ဖြစ်၏။

သီလ၊ သမာဓိ ပညာ သုံးပါးလုံး၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ ရှိသော ရဟန်းသည်ကား အာသဝေါတရား သုံးပါး ကုန်ခြင်းကြောင့် အာသဝေါကင်းရာ ဖြစ်သော အရဟတ္တဖိုလ် မျက်မှောက် ပြုလေသည်ဟု ဟောကြားပါသည်။

၇၉။ ဒုတိယ သိက္ခာသုတ်၌ သီလ သမာဓိ ပညာ သုံးပါးလုံး၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ရှိသော ရဟန်းသည် မျက်မှောက်ဘဝ၌ပင် အာသဝေါကင်းရာဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၏။ ထို အရဟတ္တဖိုလ်သို့မရောက်ခဲ့သော် အန္တရာ ပရိနိဗ္ဗာယီ၊ ဥပဟစ္စ ပရိနိဗ္ဗာယီ

---

၁။ ကောလံကောလောတိ ကုလာ ကုလံ ဂမနကော၊ ကုလန္တိ စေတ္ထ ဘဝေါ အဓိပ္ပေတော—အဋ္ဌကထာ။

၂။ ဧကဗီဇီတိ ဧကဿေဝ ဘဝဿ ဗီဇံ ဧတဿ အတ္ထီတိ ဧကဗီဇီ— အဋ္ဌကထာ။

စသော အနာဂါမ် ပုဂ္ဂိုလ်တစ်ပါးပါး ဖြစ်နိုင်၏။ အနာဂါမ် အဖြစ်သို့ မရောက်ခဲ့သော် သကဒါဂါမ် ပုဂ္ဂိုလ် ဖြစ်၏။ သကဒါဂါမ် အဖြစ်သို့ မရောက်ခဲ့သော် ကောလံကောလစသော သောတာပန်ပုဂ္ဂိုလ် တစ်ပါးပါးဖြစ်၏။ ဟု ဟောကြားသည်။

## ၉။ ပဌမ သိက္ခတ္တယသုတ်

သိက္ခာသုံးပါးကို ဟောကြားခြင်း

၉၀။ ပါတိမောက် သီလကို စောင့်ထိန်းခြင်း၊ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ခြင်းသည် အဓိသီလ သိက္ခာမည်၏။ ပဌမစျာန် စသော စျာန်တို့ကို ဝင်စားနေခြင်းသည် အဓိစိတ္တ သိက္ခာ မည်၏။ 'ဤကားဆင်းရဲတည်း' စသည်ဖြင့် သစ္စာလေးပါးကို ဟုတ်တိုင်း မှန်စွာ သိမြင်ခြင်းသည် အဓိပညာ သိက္ခာမည်၏ ဟု ဟောကြားသည်။

၉၁။ ဒုတိယသိက္ခတ္တယသုတ်၌ ဂါထာများပါခြင်းသာ ထူးသည်၊

## ၁၀။ သင်္ကဝါသုတ်

သင်္ကဝါနိဂုံး၌ သိက္ခာသုံးပါးကို ဟောခြင်း

၉၂။ အခါတစ်ပါး၌ ဗုဒ္ဓသည် ကောသလတိုင်း အတွင်း၌ ခရီး လှည့်စဉ် သင်္ကဝါမည်သော နိဂုံးသို့ ဆိုက်ရောက်လေ၏။ ထိုနိဂုံး၌ ကဿပဂေါတ္တမည်သော ရဟန်းသည် ကျောင်းနေရဟန်းဖြစ်၏။ ဗုဒ္ဓသည် ထိုနိဂုံး၌ ဝိနည်းသိက္ခာပုဒ်နှင့်စပ်သော တရား စကားကို ရဟန်းတို့အား ဟောကြား၏။ ထိုအခါ အရှင်ကဿပဂေါတ္တအား 'ဤရဟန်းသည် အလွန် ကုတ်ကုတ်ခြစ်ခြစ် ပြောဆိုဘိ၏'[၁] ဟူ၍ မနှစ်သက်ခြင်း ဖြစ် လေ၏။

သင်္ကဝါ နိဂုံးမှ ဗုဒ္ဓ ကြွသောအခါ ရှင်ကဿပဂေါတ္တအား နှလုံးမသာယာခြင်း ဖြစ်ပေါ်လာ၍ မိမိအပြစ်ကို တောင်းပန်ရန်အတွက် ဗုဒ္ဓသီတင်းသုံးရာ ရာဇဂြိုဟ်ပြည်သို့ လိုက်သွား၏။ ဗုဒ္ဓထံသို့ ရောက်သည့် အခါ အကြောင်းစုံကို လျှောက်ကြားပြီး မိမိအပြစ်ကို ခွင့်လွှတ်ရန် တောင်းပန်လေသည်။ ဗုဒ္ဓကလည်း အပြစ်ကို အပြစ်ဟုမြင်၍ ဝန်ချ

---

၁။ အဓိသလ္လေခတေတိ အတိဝိယ သလ္လေခတိ၊ အတိဝိယ သလ္လေခိတံ ကတ္ထာ သဏှံ့ ကဏှံ့ကထေတီတိ အဋ္ဌော-အဋ္ဌကထာ။၊

တောင်းပန်ခြင်းကို လက်ခံတော်မူပြီး အောက်ပါအတိုင်း ဆုံးမစကား မိန့်ကြားခဲ့လေသည်။

'ကဿပ၊ သီတင်းကြီး၊ သီတင်းလတ်၊ သီတင်ငယ် အားဖြင့် သုံးပါးသောရဟန်းတို့တွင် မည်သည့်ရဟန်းပင်ဖြစ်စေကာမူ အကြင်ရဟန်းသည် သိက္ခာကိုအလိုမရှိ၊ သိက္ခာကို ဆောက်တည်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ဆိုလေ့မရှိ၊ သိက္ခာကို အလိုမရှိသည့်တစ်ပါးသော ရဟန်းများကိုလည်းသိက္ခာ၌ဆောက်တည်စေခြင်းမပြု၊ သိက္ခာကိုအလိုရှိသောရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုလည်းပြောဆိုလေ့မရှိ။ဤသို့သဘောရှိသောရဟန်း၏ဂုဏ်ကျေးဇူးကို ငါသည်မပြောဆိုပေ။ အဘယ်ကြောင့် ဆိုသော် 'ဤရဟန်း၏ ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားသည် မိန့်ကြား၏'ဟူ၍ တစ်ပါးသော ရဟန်းတို့သည် ထိုရဟန်းကိုဆည်းကပ်ကုန်ရာ၏။ ထိုရဟန်း၏ အတုသို့လိုက်၍ကျင့်ကြကုန်ရာ၏၊ ထိုသို့အတုလိုက်၍ ကျင့်ခြင်းဖြင့်ထိုရဟန်းတို့အား ရှည်မြင့်စွာအကျိုးစီးပွားမဲ့ခြင်း၊ဆင်းရဲခြင်းသည် ဖြစ်ပေရာ၏။ ထို့ကြောင့် ဤသို့သဘောရှိသော ရဟန်း၏ ဂုဏ်ကျေးဇူးကို ငါမဆိုခြင်းဖြစ်၏။

ကဿပ၊ အကြင်ရဟန်းသည် သိက္ခာကို အလိုရှိ၏။ သိက္ခာကို ဆောက်တည်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏။ သိက္ခာကို အလိုမရှိသည့် တစ်ပါးသောရဟန်းတို့ကိုလည်း သိက္ခာ၌ ဆောက်တည်စေ၏။ သိက္ခာကိုအလိုရှိသောရဟန်းတို့၏ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏။ ဤသို့သဘောရှိသောရဟန်း၏ ဂုဏ်ကျေးဇူးကို ငါသည် ချီးမွမ်း၏။ အဘယ့်ကြောင့်ဆိုသော် 'ဤရဟန်း၏ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားသည် ချီးမွမ်း၏''ဟူ၍တစ်ပါးသောရဟန်းတို့သည် ထိုရဟန်းကို ဆည်းကပ်ကုန်ရာ၏။ ထိုရဟန်းသို့အတုလိုက်၍ ကျင့်ကုန်ရာ၏။ ထိုသို့အတုလိုက်၍ ကျင့်ခြင်းဖြင့် ထိုရဟန်းတို့အား ရှည်မြင့်စွာအကျိုးစီးပွားများခြင်း ချမ်းသာခြင်းသည်ဖြစ်ရာ၏။ ထို့ကြောင့် ဤသို့သဘောရှိသောရဟန်း၏ ဂုဏ်ကျေးဇူးကို ငါချီးမွမ်းခြင်းဖြစ်၏'ဟု ဟောကြားပါသည်။

## ၁၀။ လောကကပလ္လဝဂ်

### ၁။ အစ္စာယိကသုတ်

အလျင်အမြန် ပြုရမည့် ကိစ္စသုံးမျိုး

၉၃။ ရဟန်းတို့၊ လယ်သမားအား အလျင်အမြန် ပြုရမည့်ကိစ္စ သုံးပါးရှိ၏။ ထိုသုံးပါးမှာ အဘယ်နည်းဆိုသော်—

လယ်သမားသည် လျင်လျင်မြန်မြန် လယ်ကို ကောင်းစွာညက်အောင် ထွန်ယက်ရ၏၊

လျင်လျင်မြန်မြန် မျိုးစေ့တို့ကိုချရ၏။

လျင်လျင်မြန်မြန် ရေသွင်းခြင်း၊ ရေထုတ်ခြင်းကို ပြုရ၏။

ရဟန်းတို့ ထိုလယ်သမားအား "ငါ၏စပါးတို့သည် ယနေ့ပင် ပေါက်ပါစေ။ နက်ဖြန်ဖုံးပါစေ။ သန်ဘက်ခါမှည့်ပါစေ"ဟူ၍ တောင့်တတိုင်းပြီးစီးစေနိုင်သော တန်ခိုးစွမ်းသည်မရှိ၊ စင်စစ်သော်ကား ထိုလယ်သမား၏စပါးတို့သည် မျတသောဥတုကိုရရှိသည်ရှိသော် ပေါက်သင့်သော အချိန်၌ ပေါက်ကုန်၏။ ဖုံးသင့်သောအချိန်၌ ဖုံးကုန်၏။ မှည့်သင့်သော အချိန်၌ မှည့်ကုန်၏။

ရဟန်းတို့၊ ထိုနည်းတူပင် ရဟန်းအားလည်း အလျင်အမြန်ပြုရမည့်ကိစ္စသုံးပါး ရှိ၏။ ထိုကိစ္စသုံးပါးကား အဘယ်နည်းဆိုသော်-

အဓိသီလသိက္ခာကို ဆောက်တည်ခြင်း၊

အဓိစိတ္တသိက္ခာကို ဆောက်တည်ခြင်း၊

အဓိပညာသိက္ခာကို ဆောက်တည်ခြင်းတို့ဖြစ်၏။

ရဟန်းတို့၊ ရဟန်းအား "ငါ၏စိတ်သည် ယနေ့ပင်မစွဲလမ်းဘဲ အာသဝတို့မှ လွတ်မြောက်ပါစေ။ နက်ဖြန် သို့မဟုတ် သန်ဘက်ခါပင် လွတ်မြောက်ပါစေ"ဟူ၍ တောင့်တတိုင်းပြီးစီးနိုင်သော တန်ခိုးစွမ်းရည် သည်မရှိ။ စင်စစ်သော်ကား သိက္ခာသုံးပါးတို့ကျင့်သော ထိုရဟန်း၏စိတ်သည် လွတ်မြောက်သင့်သောအချိန်၌ မစွဲလမ်းဘဲ အာသဝတို့မှ လွတ်မြောက်၏။

ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် သိက္ခာသုံးပါးကို ဆောက်တည်မှု၌ထက်သန်သောဆန္ဒကိုဖြစ်စေအပ်၏ဟု ဟောကြားတော်မူပါသည်။

## ၂။ ပဝိဝေကသုတ်

### ကိလေသာကင်းဆိတ်ခြင်း သုံးမျိုး

၉၄။ ရဟန်းတို့၊ တစ်ပါးသောအယူရှိသော ပရိဗိုဇ်တို့သည်-

သင်္ကန်းကိုမှီ၍ ကိလေသာ ကင်းဆိတ်ခြင်း၊

ဆွမ်းကိုမှီ၍ ကိလေသာကင်းဆိတ်ခြင်း

ကျောင်းကိုမှီ၍ ကိလေသာကင်းဆိတ်ခြင်း။

ဟူ၍ ကိလေသာကင်းဆိတ်ခြင်းသုံးမျိုးကို ပညတ်ကုန်ကြ၏။

ထိုသုံးမျိုးတို့တွင် သက်နှ်းကိုမှီ၍ကိလေသာကင်းဆိတ်ခြင်းဟူသည် ပိုက်ဆံလျှော်အဝတ်၊ သူခသကောင်လွှမ်းသောအဝတ်၊ ပံသုကူအဝတ်၊ သစ်ခေါက်အဝတ်၊ သစ်နက်ရေအဝတ်၊ သမန်းမြက်အဝတ်၊ လျှော်တော ပျဥ်ချပ်အဝတ်၊ စသည်တို့ကို ဆောင်ခြင်းဖြစ်၏။

ဆွမ်းကိုမှီ၍ ကိလေသာ ကင်းဆိတ်ခြင်းဟူသည် ဟင်းရွက်စိမ်း၊ ပြောင်းဆန်စိမ်း၊ ကျိတ်သီးဆန်၊ သားရေဖတ်၊ မှော်၊ ဆန်ကွဲ၊ ထမင်းချိုး၊ နှမ်းမှုန့်၊ မြက်၊ နွားချေး၊ သစ်မြစ်၊ သစ်သီးစသည်တို့ကို စား၍ နေခြင်းဖြစ်၏။

ကျောင်းကိုမှီ၍ ကိလေသာ ကင်းဆိတ်ခြင်းဟူသည် သစ်ပင်ရင်း၊ သင်္ချိုင်း၊ တောအုပ်၊ လွင်ပြင်၊ တောက်ရိုးပုံ စသည်တို့၌ နေခြင်းဖြစ်၏။

ရဟန်းတို့၊ ဤသာသနာ၌ ရဟန်း၏ ကိလေသာ ကင်းဆိတ်ခြင်းတို့သည် သုံးမျိုးရှိ၏။ ထိုသုံးမျိုးကား အဘယ်နည်းဆိုသော်-

ဤသာသနာ၌ ရဟန်းသည် သီလရှိသူဖြစ်၏။ သီလပျက်ခြင်းကို ပယ်ပြီးသည်ဖြစ်၍ ထိုသီလပျက်ခြင်းမှ ကင်းဆိတ်သူဖြစ်၏။

မှန်သော အမြင်ရှိသူဖြစ်၏။ မှားသောအမြင်ကို ပယ်ပြီးသူဖြစ်၍ ထိုမှားသောအမြင်မှ ကင်းဆိတ်သူဖြစ်၏။

အာသဝေါတရားကုန်ပြီးသူဖြစ်၏။ အာသဝေါတရားတို့ကိုပယ်ပြီးသည်ဖြစ်၍ ထိုအာသဝေါတရားတို့မှ ကင်းဆိတ်သူဖြစ်၏။

ရဟန်းတို့၊ ဤသို့ ကိလေသာကင်းဆိတ်သော ရဟန်းကို အထွတ် 'အထိတ်သို့ ရောက်သူ၊ အနှစ်သို့ရောက်သူ၊ စင်ကြယ်သူ၊ အနှစ်၌တည်သူ' ဟု ဆိုအပ်၏ဟူ၍ ဟောပါသည်။

## ၃။ သရဒသုတ်

### သံယောဇဉ်သုံးပါးကင်းကွာသူ

၉၅။ ရဟန်းတို့၊ တန်ဆောင်မုန်းလ သရဒဥတု၌ တိမ်သားကင်း စင်၍ ကြည်လင်သောမိုးကောင်းကင်ဝယ် ရှေးရှုတက်လာသော နေမင်းသည် ကောင်းကင်ရှိအမိုက်တိုက်အားလုံးကို ဖျက်ဆီး၍ထွန်းလင်းတောက်ပသကဲ့သို့၊ ထို့အတူ အရိယာတပည့်အား ကိလေသာ မြူအညစ်အကြေးကင်းသော 'တရားမျက်စိ' ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက်

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဟူသော သံယောဇဉ် သုံးပါးတို့သည် ကင်းပျောက်ကုန်၏။ ထိုမှ နောက်၌ အရိယာတပည့်သည် အဘိဇ္ဈာ ဗျာပါဒတို့မှ လွတ်မြောက်၏။ ထိုအရိယာသာဝကသည် ကာမဂုဏ်တို့မှ လည်းကောင်း၊ အကုသိုလ်မှလည်းကောင်း ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း ဝိတက်၊သုံးသပ်ခြင်း ဝိစာရ နှင့်တကွဖြစ်သော ကိလေသာ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သည့် နှစ်သိမ့်ခြင်းပီတိ၊ ချမ်းသာခြင်း သုခ ရှိသော ပထမဈာန်သို့ ရောက်၍နေ၏။

ရဟန်းတို့၊ ထိုအရိယာတပည့်သည် အကယ်၍ ထိုအချိန်၌ သေလွန်ငြားအံ့၊ ဤလူ့ပြည်သို့ တစ်ဖန် ပြန်လာကြောင်း သံယောဇဉ် မရှိတော့ပေဟု ဟောကြားပါသည်။

(ဤသုတ်၌ လူ့ပြည်တွင် ဈာန်ရ၍ ဗြဟ္မာဘုံသို့ရောက်ပြီး လူ့ပြည်သို့ တစ်ဖန် ပြန်မလာတော့ဘဲ ပရိနိဗ္ဗာန်ပြုတော့မည့် 'ဈာနအနာဂါမိ' ပုဂ္ဂိုလ်ကို ဟောကြားခြင်း ဖြစ်သည်ဟု အဋ္ဌကထာ၌ ဖွင့်သည်)

## ၄။ ပရိသာသုတ်

### ပရိသတ်သုံးမျိုး

၉၆။ ရဟန်းတို့၊ ပရိသတ်တို့သည်-

အထွတ်အမြတ်ပုဂ္ဂိုလ်ရှိသော "အဂ္ဂဝတီ" ပရိသတ်၊
မညီညွတ်သော "ဝဂ္ဂ" ပရိသတ်၊
ညီညွတ်သော "သမဂ္ဂ" ပရိသတ်ဟူ၍ သုံးမျိုးရှိ၏။

ရဟန်းတို့၊ အထွတ်အမြတ်ပုဂ္ဂိုလ်ရှိသော 'အဂ္ဂဝတီ'' ပရိသတ်ဟူသည် အဘယ်နည်းဆိုသော်-အကြင်ပရိသတ်၌ မထေရ်ကြီးဖြစ်သော ရဟန်းတို့သည်ပစ္စည်းလေးပါးပေါများရန်ကျင့်သူ၊လျော့ရဲသောအကျင့်ရှိသူများမဟုတ်။ အောက်သို့ သက်ဆင်းကြောင်းတရား၌ ချထားအပ်သော ဝန်ရှိကုန်၏။[၁] ကိလေသာ ကင်းဆိတ်ရေး၌ ရှေ့ဆောင် သူများ

---

၁။ ဩက္ကမနေ နိက္ခိတ္တဓုရာတိ ဩက္ကမနံ ဝုစ္စတိ အဝဂမနဋ္ဌေန ပဉ္စနီဝရဏာနိ၊ တေသု နိက္ခိတ္တဓုရာ—အဋ္ဌကထာ၊ အောက်ဘုံများသို့ ကျဆင်းကြောင်း ဖြစ်သည့် နီဝရဏ ငါးပါးကို တိုးပွားစေသူများ မဟုတ်ဟု ဆိုရပါသည်။

ဖြစ်ကုန်၏။ မရသေးသောသောတရားရရှိရန်ဝီရိယတို့အားထုတ်ကြကုန်၏။ နောက်လိုက်ဖြစ်သော ရဟန်းအပေါင်းသည်လည်း ထိုမထေရ်ကြီးများသို့ အတုလိုက်၍ကျင့်ကုန်၏။ ဤပရိသတ်ကို အထွတ်အမြတ်ပုဂ္ဂိုလ်ရှိသော 'အဂ္ဂဝတီ' ပရိသတ်ဟု ဆိုအပ်၏။

ရဟန်းတို့၊ မညီညွတ်သော 'ဝဂ္ဂ' ပရိသတ်ဟူသည် အဘယ်နည်း ဆိုသော်- အကြင်ပရိသတ်၌ ရဟန်းတို့သည်ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုန်ခြင်း၊ ဆန့်ကျင်ဘက်စကား ပြောဆိုခြင်း ပြုကုန်လျက်၊ အချင်းချင်း နှုတ်လှံ ထိုးကုန်လျက် နေကြကုန်၏။ ဤပရိသတ်ကို မညီညွတ်သော'ဝဂ္ဂ' ပရိသတ်ဟု ဆိုအပ်၏။

ရဟန်းတို့၊ ညီညွတ်သော 'သမဂ္ဂ'ပရိသတ်ဟူသည် အဘယ်နည်း ဆိုသော်-အကြင်ပရိသတ်၌ ရဟန်းတို့သည် အချင်းချင်း ညီညွတ်ကြကုန်လျက်၊ အချင်းချင်းချစ်ခင်သောမျက်စိတို့ဖြင့် ကြည့်ကုန်လျက် နေကုန်၏။ ဤပရိသတ်ကို ညီညွတ်သော 'သမဂ္ဂ' ပရိသတ်ဟု ဆိုအပ်၏။

ရဟန်းတို့၊ တောင်ပေါ်၌ မိုးသည်းထန်စွာရွာသည်ရှိသော်နိမ့်ရာသို့ စီးဆင်းသောမိုးရေကြောင့် တောင်ကြား၊ချောက်ကြား၊ မြောင်းငယ်တို့မှ စ၍မြစ်ငယ်၊မြစ်ကြီး၊သမုဒ္ဒရာတို့ပြည့်လျှံကုန်သကဲ့သို့ ထို့အတူပင်ရဟန်းတို့ အချင်းချင်း ညီညွတ်စွာနေကြသောအခါ၌ ထို ရဟန်းတို့သည် များစွာသော ကောင်းမှုကိုပွားစေကုန်၏။ ဆန့်ကျင်ဖက်တရားတို့မှ လွတ်မြောက်ကြောင်းဖြစ်သော ဝမ်းမြောက်ခြင်း မုဒိတာဖြင့် မြင့်မြတ်သော နေခြင်းကို နေကြကုန်၏။ ဝမ်းမြောက်ခြင်းရှိသူအား နှစ်သိမ့်ခြင်းပီတိ သည်ဖြစ်၏။ နှစ်သိမ့်သောစိတ်ရှိသူအား ကိုယ်သည်ငြိမ်ချမ်း၏။ ငြိမ်းချမ်းသော ကိုယ်ရှိသူသည် ချမ်းသာခြင်းသုခကို ခံစားရ၏။ချမ်းသာခြင်းရှိသူ၏ စိတ်သည် တည်ကြည်၏-ဟု ဟောကြားပါသည်။

## ၅။ ပထမအာဇာနီယသုတ်

### မြင်းအာဇာနည်နှင့် ရဟန်းအင်္ဂါမြတ်သုံးပါး

၉၇။ အဆင်း၊ခွန်အား လျင်မြန်ခြင်းဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံသော မြင်းအာဇာနည်သည် မင်းနှင့်သာထိုက်သန်၍ မင်းအင်္ဂါဟူ၍ ခေါ်ဆိုခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ အဆင်း၊ခွန်အား၊ လျင်မြန်ခြင်း ဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းသည် ရပ်ဝေးမှဆောင်လာ

သောပစ္စည်းကိုခံယူထိုက်သူဖြစ်၏။ ဧည့်သည်တို့အတွက်စီမံအပ်သောပစ္စည်းကိုခံယူထိုက်သူဖြစ်၏။ မြတ်သောအလှူကိုခံယူထိုက်သူဖြစ်၏။ လက်အုပ်ချီခြင်းကို ခံယူထိုက်သူ ဖြစ်၏။ လောက၏အမြတ်ဆုံး ကောင်းမှု မျိုးစေ့စိုက်ပျိုးရာ လယ်မြေဖြစ်၏။

ရဟန်းသည် အဘယ်သို့လျှင် အဆင်းနှင့် ပြည့်စုံသူ ဖြစ်သနည်း ဆိုသော်- ဤသာသနာ၌ရဟန်းသည်သီလရှိသူဖြစ်၏။ ပါတိမောက်သီလကိုစောင့်စည်းလျက်နေ၏။ လျော်ကပ်သောအကျင့်ကျက်စားရာနှင့် ပြည့်စုံလျက်နေ၏။ အဏုမြူပမာသေးငယ်စွာသောအပြစ်တို့၌ပင်ဘေးဟုရှုလျက်နေ၏။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ဤသို့လျှင် ရဟန်းသည် အဆင်းနှင့်ပြည့်စုံသူ ဖြစ်၏။

ရဟန်းသည် အဘယ်သို့လျှင် ခွန်အားနှင့် ပြည့်စုံသူဖြစ်သနည်း ဆိုသော် ဤသာသနာ၌ရဟန်းသည် အကုသိုလ်တရားများ ကိုပယ်၍ ကုသိုလ်တရားများပြည့်စုံစေရန် အားထုတ်အပ်သောဝီရိယ ရှိသည်ဖြစ်၍ နေ၏။ ခိုင်မြဲသော အားထုတ်ခြင်းရှိ၏။ကုသိုလ်တရားတို့၌ချအပ်သောဝန်ရှိ၏။[1] ဤသို့လျှင် ရဟန်းသည် ခွန်အားရှိသူဖြစ်၏။

ရဟန်းသည် အဘယ်သို့ လျင်လျင်မြန်မြန်ခြင်းနှင့်ပြည့်စုံသူဖြစ်သနည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည်''ဤကားဆင်းရဲတည်း''ဟု ဟုတ်တိုင်းမှန်စွာသိ၏။....''ဤကား ဆင်းရဲချုပ်ရာသို့ ရောက်စေသော အကျင့်တည်း''ဟု ဟုတ်တိုင်း မှန်စွာသိ၏၊ ဤသို့လျှင် ရဟန်းသည် လျင်မြန်ခြင်းနှင့်ပြည့်စုံသူဖြစ်၏ဟု ဟောကြားပါသည်။

၉၈။ ဒုတိယ အာဇာနီယသုတ်၌ အင်္ဂါသုံးပါးကို ပထမသုတ်ပါ နည်းတူဟောကြားပြီးလျင်မြန်ခြင်းနှင့် ပြည့်စုံသောရဟန်းဖြစ်ပုံကိုဟောကြားရာ၌''အောက်အဖို့ရှိသော သံယောဇဉ် ငါးပါးကုန်ခြင်းကြောင့်ထိုဘုံမှ မပြန်လာတော့ဘဲ ထိုဗြဟ္မာဘုံ၌ပင် ပရိနိဗ္ဗာန် ပြုမည့် 'ဥပပါတ်' ဗြဟ္မာဖြစ်၏။ ဤသို့လျှင် ဤရဟန်းသည် လျင်မြန်ခြင်းနှင့် ပြည့်စုံသူ ဖြစ်၏။ ဟူ၍ ပြောင်းလဲ၍ ဟောကြားခြင်းသာ ထူး၏။

---

[1] အနိက္ခိတ္တဓုရော=ကုသိုလ်တရားများကို အားထုတ်မှု လုံ့လကိုမလျှော့သူဖြစ်၏ဟု ဆိုလိုသည်။

၉၉။ တတိယ အာဇာနိယသုတ်၌ "ဤသာသနာ၌ ရဟန်းသည် အာသဝေါတရားသုံးပါးကုန်ခြင်းကြောင့် အာသဝေါကင်းရာ ဖြစ်သော လွတ်မြောက်မှု(အရဟတ္တဖိုလ်)ကို မျက်မှောက်ပြု၍ နေ၏။ ဤသို့လျှင် ရဟန်းသည်လျှင်မြန်ခြင်းနှင့် ပြည့်စုံသူဖြစ်၏"ဟု ပြောင်းလဲဟောကြားခြင်းသာ ထူး၏။

## ဂ။ ပေါတ္ထကသုတ်

### လျှော်မျှင်ပုဆိုး ဥပမာနှင့် အင်္ဂါသုံးပါးရှိသောရဟန်း

၁၀၀။ လျှော်မျှင်ပုဆိုးသည်အသစ်ဖြစ်စေ၊ တစ်ပတ်နွမ်းဖြစ်စေ၊ အဟောင်းဖြစ်စေ အဆင်းမလှ။ ကြမ်းတမ်းသော အတွေ့ရှိ၏။ တန်ဖိုးလည်းနည်း၏။ဟောင်းနွမ်းသော လျှော်မျှင်ပုဆိုးကို လက်နှီးသော်လည်း ပြုလုပ်ကြကုန်၏။ အမှိုက်ပုံ၌သော်လည်း စွန့်ပစ်ကြကုန်၏။

ထို့အတူပင် ရဟန်းသည်လည်း သီတင်းငယ်ဖြစ်စေ၊ သီတင်းလတ်ဖြစ်စေ၊သီတင်းကြီးမထေရ်ဖြစ်စေ သီလပျက်သူ၊ မကောင်းသော အကျင့်ရှိသူဖြစ်ခဲ့သော် အဆင်းမလှ၊ကြမ်းတမ်းသောအတွေ့ရှိ၏။တန်ဖိုးနည်း၏။

ဤ၌သီလပျက်ခြင်း၊ မကောင်းသော အကျင့်ရှိခြင်းကို ရဟန်း၏ 'အဆင်းမလှခြင်း'ဟု ဆို၏။

ထိုရဟန်းကို မှီဝဲဆည်းကပ်သူ၊ အတုလိုက်၍ကျင့်သူတို့အားအကျိုးမဲ့စေခြင်းကို ရဟန်း၏ 'ကြမ်းတမ်းသော အတွေ့ရှိခြင်း' ဟုဆို၏။

ထိုရဟန်းအားပစ္စည်းလေးပါးလှူဒါန်းသူတို့အားအကျိုးကျေးဇူး မများခြင်းကို ရဟန်း၏ 'တန်ဖိုးနည်းခြင်း'ဟု ဆိုသည်။

ထိုသို့ အကျင့်သီလ မကောင်းသော မထေရ်ကြီး ရဟန်းသည် သံဃာ့အလယ်၌တစ်ခုံ တစ်ခုသောစကားကိုပြောဆိုငြားအံ့၊ "မိုက်မဲသော သင်၏စကားဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟူ၍ ပစ်ပါးသော ရဟန်းတို့က ပစ်ပယ်ကြကုန်၏။ ထိုမထေရ်ကြီးသည်လည်း [illegible]ဆိုးသည်ဖြစ်၍ ရဟန်းတို့က လက်မခံနိုင်ဖွယ် ပစ်ပယ်စရာ စကားကိုပင် ပြောဆိုမိလေသည်။

ကာသိတိုင်းဖြစ် အဝတ်သည် အသစ်ဖြစ်စေ၊ [illegible]ပတ်နွမ်းဖြစ်စေ၊ အဟောင်းဖြစ်စေ အဆင်းလှ၏။ ကောင်းသော အ[illegible]၏။ တန်ဖိုး

လည်းရှိ၏၊ ထို့အတူပင် ရဟန်းသည်လည်း သီတင်းငယ် ဖြစ်စေ၊ သီတင်းလတ်ဖြစ်စေ၊ သီတင်းကြီးမထေရ်ဖြစ်စေ သီလရှိသူ၊ ကောင်းသော အကျင့်ရှိသူ ဖြစ်ခဲ့သော် အဆင်းလှ၏၊ ကောင်းသော အဓိတ္တရှိ၏။ တန်းဖိုးကြီး၏။

ဤသို့ အကျင့်သီလရှိခြင်းကို ရဟန်း၏ 'အဆင်းလှခြင်း' ဟု ဆိုသည်။

ထိုရဟန်းကို မှီဝဲ ဆည်းကပ်သူ၊ အတုလိုက်၍ ကျင့်သူတို့အား အကျိုး များခြင်းကို ရဟန်း၏ 'ကောင်းသော အဓိတ္တ ရှိခြင်း' ဟု ဆိုသည်။

ထိုရဟန်းအား ပစ္စည်းလေးပါး လှူဒါန်း ထောက်ပံ့သူတို့အား အကျိုး များခြင်းကို ရဟန်း၏ 'တန်ဖိုးရှိခြင်း'ဟု ဆိုသည်။

ဤသို့ အကျင့်သီလနှင့် ပြည့်စုံသော မထေရ်ကြီး ရဟန်းသည် သံဃာ့အလယ်၌ တစ်စုံ ဖစ်ခုသော စကားကိုပြောဆိုငြားအံ့၊ "အရှင်တို့ ဆိတ်ဆိတ်နေကြပါ။ မထေရ်သည် ဓမ္မဝိနယကို ဟောပြောနေ၏" ဟု၍ တစ်ပါးသော ရဟန်းတို့က ဆိုကြကုန်၏။ ထို့ကြောင့် 'ရဟန်းတို့သည် ကာသိတိုင်းဖြစ် အဝတ်နှင့်တူသူဖြစ်အောင် ကျင့်ရမည်။ လျှော်မျှင်ပုဆိုး နှင့် တူသူဖြစ်အောင် မကျင့်ရ''ဟု မိန့်ကြား ဆုံးမတော်မူသည်။

## ၉။ လောဏကပလ္လသုတ်

ဆားခွက်ဥပမာနှင့် ကံသုံးမျိုး

ပြုသမျှကံကို ခံစားရသည် မဟုတ်

၁၀၁။ ရဟန်းတို့၊ ဤသတ္တဝါသည် အကြင်အကြင် အခြင်းအရာ အားဖြင့် ကံကိုပြု၏။ ထိုထို အခြင်းအရာအားဖြင့် ထိုကံ၏(အကျိုး)ကို ခံစားရ၏'' ဟူ၍ တစ်စုံတစ်ယောက်က ပြောဆိုငြားအံ့။ ထိုသူ ပြောဆိုတိုင်း ဖြစ်ခဲ့သော် အကျင့်မြတ်ကို ကျင့်သုံးခြင်း မည်သည် ရှိတော့မည် မဟုတ်။ ကောင်းစွာ (နည်းလမ်းမှန်စွာ) ဆင်းရဲ ဒုက္ခ ကုန်ဆုံးခြင်းကို ပြုရန် အခွင့်အလမ်းသည်လည်း ထင်ပေါ်တော့မည် မဟုတ်ပေ။

(သတ္တဝါ တစ်ဦးသည် မိမိ ပြုလုပ်သမျှသော ကုသိုလ်ကံ အကုသိုလ်ကံ၏အကျိုးမျိုးကို မလွဲမသွေ ခံစားရမည်၊ ထိုကံ၏အကျိုးများကို မည်သည့်နည်းနှင့်မျှ တားဆီး၍မရဟုဆိုလျှင် အရိယာမဂ်တည်းဟူသော အကျင့်မြတ်ကို ကျင့်သုံးမှုသည် ရှိနိုင်တော့မည် မဟုတ်။ အဘယ့်ကြောင့်ဆိုသော် အရိယာမဂ်သည် ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ကုန်ခန်းစေသော အကျင့်မြတ် ဖြစ်သောကြောင့် တည်း ဟု ဆိုလိုပါသည်)

ခံစားခွင့် ရှိသည့်အားလျော်စွာ ခံစားရ

ရဟန်းတို့၊ ဤသတ္တဝါသည် အကြင်အကြင်သို့သောအခြင်းအရာအားဖြင့် ခံစားအပ်သော အကျိုးရှိသော ကံကိုပြု၏။ ထိုထို သို့သော အခြင်း အရာအားဖြင့် ထိုကံ၏ အကျိုးကို ခံစားရ၏။ ဟူ၍ တစ်စုံတစ်ယောက်က ပြောဆိုငြားအံ့။ ထိုသူတို့ ပြောဆိုတိုင်း ဖြစ်ခဲ့သော် အကျင့်မြတ်ကို ကျင့်သုံးခြင်းသည် ဖြစ်နိုင်၏။ ကောင်းစွာ ဆင်းရဲဒုက္ခ ကုန်ဆုံးခြင်းကို ပြုရန်အခွင့်အလမ်းသည် ထင်ပေါ်နိုင်၏။

သတ္တဝါ တစ်ဦး ပြု လုပ် ခဲ့ သော ကံတို့တွင် အချို့ကံသည် မျက်မှောက်ဘဝ၌ အကျိုးပေးနိုင်၏။ အချို့ကံသည် ဒုတိယ ဘဝ၌ အကျိုးပေးနိုင်၏။ အချို့ကံသည် တတိယဘဝမှစ၍ ဘဝအဆက်ဆက်၌ အကျိုးပေးနိုင်၏၊ ဤသို့မိမိတို့ အကျိုးပေးခွင့် ရှိသည့် အားလျော်စွာသာအကျိုးပေးနိုင်သည်။ မိမိတို့၏ အကျိုးပေးရမည့်ဘဝ၌ အကြောင်းမညီညွတ်၍အကျိုးမပေးနိုင်သော ကံများသည် အဟောသိကံ ဖြစ်သွား၏ ဟုဆိုလျှင်ကား အရိယာမဂ်ဖြင့် ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ကုန်ခန်းစေနိုင်သောကြောင့် အကျင့်မြတ်ကို ကျင့်သုံးခြင်းသည် ဖြစ်နိုင်၏။ ကံကြောင့်ဖြစ်ပေါ်လာမည့် ဝဋ်ဒုက္ခကို မဖြစ်ပေါ်လာအောင်လည်း ပြုနိုင်၏ ဟု ဆိုလိုပါသည်။)

ငရဲသို့ ပို့ဆောင်နိုင်သော ကံ

ရဟန်းတို့၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ အနည်းငယ်မျှ ပြုအပ်သော မကောင်းမှုကံသည် ထိုပုဂ္ဂိုလ်ကို ငရဲသို့ ပို့ဆောင်၏။ အချို့သော ပုဂ္ဂိုလ်၏ ထိုသို့သဘော ရှိသည်သာလျှင် ဖြစ်သော အနည်းငယ်မျှပြုအပ်သော မကောင်းမှုကံကိုကား မျက်မှောက်ဘဝ၌ပင် ခံစမ်း

ရ၏။ ထိုကံ၏အနည်းငယ်မျှသော အကျိုးသည်ပင် ဒုတိယ ဘဝ၌ မထင်ချေ။ များစွာသော အကျိုးကား အဘယ်မှာ ထင်ပါအံ့နည်း။

ဆားခွက်ဥပမာ

ရဟန်းတို့၊ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်၏ အနည်းငယ်မျှ ပြုအပ်သော မကောင်းမှုကံသည် ငရဲသို့ ပို့ဆောင်သနည်း ဆိုသော်- ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မပွားများအပ်သော ကိုယ်ရှိ၏။ မပွားများအပ်သော သီလ၊ မပွားများအပ်သော စိတ်၊ မပွားများအပ်သော ပညာရှိ၏။ သေးသိမ်သောဂုဏ်ရှိ၏၊ အကျင့်ဂုဏ်အားဖြင့် သေးသိမ်သော ကိုယ်ရှိ၏။အနည်းငယ်သော မကောင်းမှုဖြင့် ဆင်းရဲစွာ နေရ၏။ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်၏ အနည်းငယ်မျှ ပြုအပ်သော မကောင်းမှုကံသည် ငရဲသို့ ပို့ဆောင်၏။

ရဟန်းတို့၊ အဘယ်သို့ သဘောရှိသောပုဂ္ဂိုလ်၏ အနည်းငယ်မျှ ပြုအပ်သော မကောင်းမှုကံသည် မျက်မှောက်ဘဝ၌သာ ခံစားအပ်သည် ဖြစ်၍၊ ဒုတိယဘဝ၌ အနည်းငယ်မျှပင် အကျိုးမထင်သနည်း ဆိုသော်ဤ လောက၌ အချို့သောပုဂ္ဂိုလ်သည်ပွားများအပ်သောကိုယ်ရှိ၏၊ပွားများအပ်သော သီလ၊ ပွားများအပ်သောစိတ်၊ ပွားများအပ်သောပညာရှိ၏။ မသေးသိမ်သော ဂုဏ်ရှိ၏၊ အကျင့်ဂုဏ်အားဖြင့် မသေးသိမ်သော ကိုယ်ရှိ၏၊ နှိုင်းယှဉ်ခြင်းကို ပြုဖွယ်သည့်ရာ ဝသည်တို့ မရှိသည်ဖြစ်၍ နေလေ့ရှိ၏။[၁] ဤသို့ သဘောရှိသော ပုဂ္ဂိုလ်၏ အနည်းငယ်မျှ ပြုအပ်သော မကောင်းမှုကံသည် မျက်မှောက်ဘဝ၌သာ ခံစားအပ်သည်ဖြစ်၍ ဒုတိယ ဘဝ၌ အနည်းငယ်မျှ အကျိုးမထင်ချေ။ရဟန်းတို့၊ ဥပမာကား ယောက်ျား သော ရေခွက်၌ ဆားခွက်ကို ထည့်လျှင် ဆားငန်ရေ ဖြစ်သွားသော်သည်း ဂင်္ဂါမြစ်ထဲ၌ ဆားခွက်ကိုထည့်သော် ဆားငန်ရေမဖြစ်သကဲ့သို့ပင်တည်း။

---

၁။ သတ္တဝါတို့၏စိတ်ဓာတ်ကို သာမန်အခါ၌ ထင်ထင်ရှားရှားမသိနိုင်။ ရောဂါသ မောဟတို့ဖြစ်ပေါ်လာသော အခါ၌ကား သူတို့၏ စိတ်ဓာတ် မည်သို့ရှိကြောင်းထင်ရှားစွာ ပေါ်လာ၏၊ရာဂ ဒေါသ မောဟတို့သည် သတ္တဝါတို့ကို ဤသူသည် အကျင့်ဂုဏ်အားဖြင့် ဤရွေ့ ဤမျှ ပမာဏရှိ၏ ဟူ၍ နှိုင်းယှဉ်တိုင်းတာမှု ပြုပေးသကဲ့သို့ ဖြစ်ကုန်၏။ ထို့ကြောင့် ယင်းတရားသုံးပါးသည် နှိုင်းယှဉ်တိုင်းတာခြင်း ပြုတတ်သော တရားမည်၏။ နှိုင်းယှဉ်မှုပြုတတ်သည့် တရားများမရှိသည် ဖြစ်၍ နေလေ့ရှိသူ (အပ္ပမာဏဝိဟာရီ) ဟူသည်ရဟန္တာ ပုဂ္ဂိုလ်ပင် ဖြစ်ပါသည်။

## ချမ်းသာသူနှင့် ဆင်းရဲသူ ဥပမာ

ရဟန်းတို့၊ဤလောက၌ ပစ္စည်းဥစ္စာနည်းပါး၍ ဆင်းရဲသောသူသည် တစ်သပြာဝက်ဖြင့်လည်းကောင်း၊ တစ်သပြာဖြင့် လည်းကောင်း၊ အသပြာတစ်ရာဖြင့်လည်းကောင်း နှောင်းဖွဲ့ခံရခြင်းသို့ ရောက်သကဲ့သို့၊ ထို့အတူ မပွားအပ်သောကိုယ်ရှိသော ၁... အနည်းငယ်သော မကောင်းမှုဖြင့် ဆင်းရဲစွာနေရသောပုဂ္ဂိုလ်၏ အနည်းငယ်မျှပြုအပ်သောမကောင်းမှုကံသည် ငရဲသို့ ပို့ဆောင်၏။

ရဟန်းတို့၊ ဤလောက၌ ပစ္စည်းဥစ္စာပေါများ၍ ကြွယ်ဝချမ်းသာသောသူသည် တစ်သပြာဝက်ဖြင့်လည်းကောင်း၊ တစ်သပြာဖြင့် လည်းကောင်း၊ အသပြာတစ်ရာဖြင့် လည်းကောင်း နှောင်းဖွဲ့ခံရခြင်းသို့ မရောက်သကဲ့သို့ ထို့အတူ ပွားများအပ်သော ကိုယ်ရှိသော၊နှိုင်းယှဉ်တိုင်းတာမှု ပြတတ်သည့် ရာဂစသည်တို့ မရှိသည်ဖြစ်၍ နေသော့ရှိသောပုဂ္ဂိုလ်၏အနည်းငယ်မျှပြုအပ်သော မကောင်းမှုကံသည် မျက်မှောက်ဘဝ၌သာ ခံစားအပ်သည်ဖြစ်၍ ဒုတိယဘဝ၌ အနည်းငယ်မျှပင် အကျိုးမထင်ချေ။

## ဆိတ်ခိုးသူ ဥပမာ

ရဟန်းတို့၊ ဤလောက၌ ဆိတ်ပိုင်ရှင်သည် လည်းကောင်း၊ ဆိတ်သတ်သမားသည် လည်းကောင်း၊ မိမိဆိတ်ကိုခိုးယူသည့်ဆင်းရဲသောသူကို သတ်ခြင်း၊ နှောင်ဖွဲ့ခြင်း စသောအမှုများကို ပြုလုပ်နိုင်သကဲ့သို့ ထို့အတူ မပွားများအပ်သော ကိုယ်ရှိသော....အနည်းငယ်သော မကောင်းမှုဖြင့် ဆင်းရဲစွာနေရသော ၂ ပုဂ္ဂိုလ်၏ အနည်းငယ်မျှ ပြုအပ်သော မကောင်းမှုကံသည် ငရဲသို့ပို့ဆောင်၏။

ရဟန်းတို့၊ ဤလောက၌ ဆိတ်ပိုင်ရှင်သည်လည်းကောင်း၊ ဆိတ်သတ်သမားသည် လည်းကောင်း၊ မိမိဆိတ်ကို ခိုးယူသည့် ကြွယ်ဝချမ်းသာသူကို လည်းကောင်း၊ မင်း မင်း၏အမတ်ကို လည်းကောင်း၊ သတ်ခြင်း နှောင်ဖွဲ့ခြင်းစသော အမှုများကို မပြုလုပ်နိုင်သကဲ့သို့ ထို့အတူပွားများအပ်သော ကိုယ်ရှိသော...နှိုင်းယှဉ်တိုင်းတာမှုပြုတတ်သည့် ရာဂစသည်တို့ မရှိသည်ဖြင့်၍ နေသော့ရှိသော ပုဂ္ဂိုလ်၏ အနည်းငယ်မျှပြုအပ်သော

---

၁။ ကာယနုပဿနာ (ကိုယ်ခန္ဓာ၏စက်ဆုပ်ဖွယ်အခြင်းအရာကိုရှုမှတ်မှု) ကိုမပွားများသူသည် 'မပွားအပ်သောကိုယ်ရှိသူ' မည်၏။

၂။ အပ္ပဒုက္ခဝိဟာရီတိ အပ္ပ ကေနပိ ပါပေန ဒုက္ခဝိဟာရီ—အဋ္ဌကထာ။

မဆောင်းမှုကားသည် မျက်စေ့မှာကဲ့ဘာဝ၌သာ ခံစားအပ်သည်ဖြစ်၍ ဒုတိယဘဝ၌ အနည်းငယ်မျှပင်အကျိုးမထင်စေတော့ချေဟု ဟောကြားပါသည်။

(ဤသုတ်၌ ငရဲသို့ပို့ဆောင်နိုင်သောကံနှင့်မပို့ဆောင်နိုင်သောကံ နှစ်မျိုးကို ဥပမာသုံးမျိုးဖြင့် ဟောကြားထားပါသည်။ ဥပမာသုံးမျိုးပါသောကြောင့် ဤသုတ်ကိုတိကနိပါတ်၌ ထည့်ထားခြင်း ဖြစ်ဖွယ်ရှိပါသည်။)

## ၁၀။ ပံသုဓောဝကသုတ်

မရွှေ၏အညစ်အကြေးသုံးပါးနှင့် စိတ်၏အညစ်အကြေးသုံးပါး

၁၀။ မြေကြီးမှ ရွှေကိုကျင်ယူရာ၌ ထိုရွှေ၏ ညစ်နွမ်းကြောင်းဖြစ်သည့် မြေမှုန့်၊ သဲမှုန့်၊ ကျောက်စရစ်ခဲစသော အညစ်အကြေးများမှာ အကြမ်းစား၊ အလတ်စားနှင့် အနုစားဟူ၍ သုံးမျိုးရှိ၏။ ထိုအညစ်အကြေးများကို ရွှေကျင်သောယောကျ်ားက အကြိမ်ကြိမ်ဆေး၍ သန့်စင်အောင် ပြုလိုက်သောအခါ ရွှေသားချည်းသာကျန်၏။ သို့သော် ထိုရွှေမှာလည်း အညစ်အကြေး မကင်းသေးသည်ဖြစ်၍ နူးညံ့ပျော့ပျောင်းခြင်းမရှိ အရောင်မထွက်၊ ကြွပ်ဆတ်၏။ လက်ဝတ်တန်ဆာလုပ်၍ မရသေးချေ။ ရွှေပန်းတိမ်သည်က မိုက်ခွက်ကိုထည့်၍ အကြိမ်များစွာ မီးဖြင့်မှုတ်သောအခါ၌ကား ထိုရွှေသည်အညစ်အကြေးကင်းသည်ဖြစ်၍နူးညံ့ပျော့ပျောင်းလာ၏။ အရောင်တောက်လာ၏။ လက်ဝတ်တန်ဆာလုပ်ရန်လည်း သင့်လျော်လာ၏။

ထို့အတူပင် ထူးမြတ်သော(သမထဝိပဿနာ)စိတ်ကို အားထုတ်သောရဟန်းသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ဟူသော အကြမ်းစားအညစ်အကြေးတို့ကို ရှေးဦးစွာ ပယ်ခွါရ၏။ ထိုအကြမ်းစားအညစ်အကြေးများ ကင်းကွာသော် ကာမဂုဏ်နှင့်စပ်သော ကြံခြင်း'ကာမဝိတက်'၊ ပျက်စီးမှုနှင့်စပ်သောကြံခြင်း 'ဗျာပါဒဝိတက်'၊ ညှဉ်းဆဲမှုနှင့်စပ်သောကြံခြင်း 'ဝိဟိံသာဝိတက်'ဟူသော အလတ်စားအညစ်အကြေးများကို ပယ်ခွာရ၏၊ ထိုအလတ်စား အညစ်အကြေးများ ကင်းကွာသော် ဆွေမျိုးတို့နှင့်စပ်သော ကြံခြင်း'ဉာတိဝိတက်'၊ ဇနပုဒ်နှင့်စပ်သော ကြံခြင်း'ဇနပဒဝိတက်'၊ မထီမဲ့မြင်အပြုမခံလိုခြင်းနှင့် စပ်သောကြံခြင်း 'အဝညတ္တိပဋိသံယုတ္တဝိတက်'ဟူသော သိမ်မွေ့သောအညစ်အကြေးတို့ကို ပယ်ခွါရ၏။

ဤသို့ အညစ်အကြေးသုံးမျိုးကိုပယ်ခွာပြီးသည်ရှိသော် တရားနှင့်စပ်သော ကြံစည်ခြင်း'ဓမ္မဝိတက်'မျှသာ ကြွင်းကျန်၏။ သို့သော် ထိုဓမ္မ

ဝိတက်နှင့်ယှဉ်သော သမာဓိသည် ငြိမ်သက်ခြင်းမရှိသေး၊ မွန်မြတ်ခြင်း မရှိသေး၊ ကိလေသာငြိမ်းအေးခြင်းဖြင့် ရအပ်သော သမာဓိမဟုတ်။ စိတ်၏ တစ်ခုတည်းသော အာရုံရှိသည်၏အဖြစ်သို့ မရောက်သေး၊ အားထုတ်ခြင်းပယောဂဖြင့် ကိလေသာတို့ကို ဖိနှိပ်တားမြစ်၍ ဖြစ်ပေါ်လာသော တရားသာ ဖြစ်၏။

အကြင်အခါ၌ စိတ်သည် အတွင်းသန္တာန်၌ ကောင်းစွာ တည်၏။ ငြိမ်ဝပ်စွာတည်၏။ တစ်ခုတည်းသောအာရုံရှိသည် ဖြစ်၏။ ထိုအခါ၌ ထိုသမာဓိသည် ငြိမ်သက်၏၊ မွန်မြတ်၏၊ ကိလေသာငြိမ်းအေးခြင်းဖြင့်ရအပ်သောတရားဖြစ်၏။ တစ်ခုတည်းသော အာရုံရှိသည်၏အဖြစ်သို့ ရောက်၏။ လုံ့လပယောဂဖြင့် ကိလေသာတို့ကို ဖိနှိပ်တားမြစ်၍ ဖြစ်ပေါ်လာသော တရားမဟုတ်၊ ကိလေသာပြတ်စဲခြင်း၏ အဆုံး၌ဖြစ်ပေါ်လာသော တရားဖြစ်၏။ ထိုအခါ၌ ရဟန်းသည် ဉာဏ်အထူးဖြင့်သိ၍ မျက်မှောက်ပြုအပ်သောတရားကို မျက်မှောက်ပြုရန် စိတ်ကိုညွတ်စေငြားအံ့၊ အကြောင်းအထောက်အပံ့နှင့် ပြည့်စုံသည့်အခါတိုင်း[1] ထိုတရားကို မျက်မှောက်ပြုခြင်းငှာ စွမ်းနိုင်၏။ ထိုရဟန်းသည် အလိုရှိခဲ့သော်–

(၁) အများဖြစ်လျက် တစ်ဦးတည်းဖြစ်ခြင်း၊ တစ်ဦးတည်းဖြစ်လျက် အများဖြစ်ခြင်း၊ ကိုယ်ထင်ရှားဖြစ်ခြင်း၊ ကိုယ်ပျောက်စေခြင်းစသော တန်ခိုးအမျိုးမျိုးကို ပြုမြောက်စေနိုင်၏ (ဣဒ္ဓိဝိဓအဘိဉာဏ်ကိုရ၏။)

(၂) နတ်တို့၏နားနှင့်တူသော အသိဉာဏ်ဖြင့် အဝေး၌တည်သော လူနတ်တို့၏အသံများကို ကြားနိုင်၏။ (ဒိဗ္ဗသောတအသိဉာဏ်ကိုရ၏။)

(၃) တစ်ပါးသောသူတို့၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍သိနိုင်၏။ (စေတောပရိယအဘိဉာဏ်ကိုရ၏။)

---

၁။ (သတိ သတိ အာယတနေ) အဘိဉာဏ်ကိုရရှိရန် ရှေးဘဝက ထူးကဲစွာအားထုတ်ခဲ့သော ကုသိုလ်ကောင်းမှုနှင့် ယခုဘဝ၌ အဘိဉာဏ်၏ အခြေခံဖြစ်သည့် ဈာန်ကို ရရှိခြင်းဟူသော အကြောင်းနှစ်ပါး ပြည့်စုံသည့်အခါတိုင်း၌ဟု ဆိုလိုပါသည်။

( ၄ ) ရှေးက မိမိဖြစ်ခဲ့သော ဘဝများစွာတို့ကို ပြန်ပြောင်း အောက်မေ့နိုင်၏။ (ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ကိုရ၏။)

( ၅ ) နတ်တို့၏ မျက်စိနှင့်တူသော အဘိညာဉ်ဖြင့်စုတေဆဲ၊ ပဋိသန္ဓေနေဆဲဖြစ်သောသတ္တဝါကိုအားလျော်စွာ လားသော သတ္တဝါတို့ကိုသိမြင်နိုင်၏။ (ဒိဗ္ဗစက္ခုအဘိညာဏ်ကိုရ၏။)

( ၆ ) အာသဝေါတရားကင်းရာဖြစ်သော လွတ်မြောက်မှု (အရဟတ္တဖိုလ်)ကို မျက်မှောက်ပြု၍နေနိုင်၏။ (အာသဝက္ခယဉာဏ်ကိုရ၏)ဟူ၍ ဟောကြားပါသည်။

## ၁၀။ နိမိတ္တသုတ်

### နိမိတ်သုံးပါးကို နှလုံးသွင်းအပ်ပုံ

၁၀၃။ ထူးမြတ်သော (သမထဝိပဿနာ)စိတ်ကို အားထုတ်သော ရဟန်းသည် သမာဓိနိမိတ်၊ ပဂ္ဂဟနိမိတ်၊ ဥပေက္ခာနိမိတ်ဟူသော[၁] နိမိတ်သုံးပါးကို အခါအားလျော်စွာ ပြောင်းလဲ၍နှလုံးသွင်းရမည်။ ထိုရဟန်းသည် အကယ်၍ သမာဓိနိမိတ်ကိုသာ နှလုံးသွင်းခဲ့သော် စိတ်သည် ပျင်းရိခြင်းငှာ ဖြစ်ဖွယ်ရှိ၏။ အကယ်၍ ပဂ္ဂဟနိမိတ်ကိုသာ နှလုံးသွင်း၍ နေခဲ့သော်စိတ်သည်ပျံ့လွင့်ခြင်းငှာဖြစ်ဖွယ်ရှိ၏။ အကယ်၍ဥပေက္ခာနိမိတ်ကိုသာ နှလုံးသွင်း၍နေခဲ့သော် စိတ်သည် အာသဝေါတရားများ ကုန်စေနိုင်လောက်အောင် တည်တံ့ခိုင်မြဲမည်မဟုတ်။ ထို့ကြောင့် နိမိတ်သုံးပါးကို အခါအားလျော်စွာပြောင်းလဲ၍ နှလုံးသွင်းရမည်ဟုဆိုခြင်းဖြစ်သည်။

ဥပမာ ရွှေပန်းထိမ်သည်သည်ရွှေတုံးရွှေခဲကိုမီးဖိုပေါ်၌ လုခွက်ဖြင့် ထည့်၍တင်ထားပြီးရဲခါမီးကိုမှုတ်ပေးရ၏။ ရဲခါရေဖြင့်ဆွတ်ဖြန်းပေးရ၏။ ရဲခါလျစ်လျူရှုနေ၏။ သို့မှသာ ထိုရွှေသည် မပူလွန်း မအေးလွန်းသည် ဖြစ်၍ကောင်းစွာမှည့်ရင့်ခြင်းသို့ ရောက်ကာ နူးညံ့ ပျော့ပျောင်းလာပြီး လက်ကောက်၊နားတောင်းစသော လက်ဝတ်တန်ဆာ အမျိုးမျိုးပြုလုပ်၍ ရမည် ဖြစ်၏။

---

၁။ သမာဓိနိမိတ်—သမာဓိဟူသော အကြောင်းတရား၊ ပဂ္ဂဟနိမိတ်=ဝီရိယဟူသောအကြောင်းတရား၊ဥပေက္ခာနိမိတ်=ဥပေက္ခာဟူသောအကြောင်းတရားဟု ဖွင့်ပါသည်။

ထိုနည်းတူပင် ထူးမြတ်သော (သမထဝိပဿနာ) စိတ်ကိုအားထုတ်သောရဟန်းသည်လည်း နိမိတ်သုံးပါးကို အခါအားလျော်စွာ ပြောင်းလဲ၍ နှလုံးသွင်းမှသာလျှင် စိတ်သည် နူးညံ့ခံ့ကျန်း၍ ဣဒ္ဓိဝိဓစသောအဘိညာဏ် ခြောက်ပါးကို မျက်မှောက်ပြုနိုင်မည်ဖြစ်သည်ဟု ဟောကြားတော်မူသည်။

## ၁၁။ သမ္ဗောဓဝဂ်

### ၁။ ပုဗ္ဗေဝ သမ္ဗောဓသုတ်

အဿာဒစသော တရားသုံးပါးကို စဉ်းစားပုံ

၁၀၄။ ရဟန်းတို့၊ သစ္စာလေးပါးကို ထိုးထွင်း၍ မသိမီ ဘုရားလောင်းဖြစ်စဉ်ကပင်[၁] လောက၌ သာယာဖွယ် 'အဿာဒ'သည် အဘယ်နည်း။ အပြစ်'အာဒီနဝ'သည် အဘယ်နည်း။ လွတ်မြောက်ရာ 'နိဿရဏ' သည် အဘယ်နည်းဟု၍ ငါ့အား အကြံဖြစ်ခဲ့၏။ ထိုနောက် တစ်ဖန် ငါ့အား ဤသို့အကြံဖြစ်ပေါ်ခဲ့၏။ "လောက၌ စွဲ၍ဖြစ်သော ကိုယ်စိတ်ချမ်းသာခြင်းသည် လောက၌ သာယာဖွယ်'အဿာဒ'ဖြစ်၏။ လောက၏ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်းသဘောသည် လောက၏အပြစ် 'အာဒီနဝ' ဖြစ်၏၊ လောက၌ ဆန္ဒရာဂကို ပယ်ဖျောက်ခြင်းသည် လောက၏ လွတ်မြောက်ရာ'နိဿရဏ'ဖြစ်၏။"

ရဟန်းတို့၊ ငါသည်လောက၌သာယာဖွယ်'အဿာဒ'၊ အပြစ်'အာဒီနဝ'နှင့် လွတ်မြောက်ရာ 'နိဿရဏ'တို့ကို ဟုတ်တိုင်းမှန်စွာ မသိမီ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို[၂] ရပြီဟု ဝန်မခံခဲ့။ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာသိမြင်သော အခါမှစ၍သာလျှင် သမ္မာသမ္ဗောဓိဉာဏ်ကို ရပြီဟု ဝန်ခံခဲ့ပေသည်ဟု ဟောကြားပါသည်။

---

၁။ ဘုရားလောင်း မဟာဗောဓိသတ္တ သစ္စာလေးပါးတို့ ဧကန်မလွဲ သိမြင်တော့မည့်ပုဂ္ဂိုလ် (ဝါ) သစ္စာလေးပါးကိုသိမြင်သော ဗောဓိဉာဏ်၌တွယ်တာ ကပ်ငြိနေသော ပုဂ္ဂိုလ်ဟု ဆိုလိုပါသည်။

၂။ သစ္စာလေးပါးနှင့်အခြားသိဖွယ်ရှိသမျှကိုကိုယ်တိုင်မှန်စွာသိမြင်နိုင်သော အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်ကို 'သမ္မာသမ္ဗောဓိ' ဉာဏ်ဟု ဆိုပါသည်။

## ၂။ ပထမအဿာဒသုတ်

### အဿာဒစသောတရားသုံးပါးကိုရှာခဲ့ပုံ

၁၀၂။ ဗုဒ္ဓမြတ်စွာက မိမိသည် လောက၏ သာယာဖွယ်အဿာဒ၊ အပြစ်အာဒီနဝနှင့်လွတ်မြောက်ရာ နိဿရဏတို့ ရှာဖွေခဲ့သည့်အတိုင်းယင်းတို့ကို ဉာဏ်ဖြင့် သိမြင်ခဲ့ကြောင်း၊ ထိုသို့သိမြင်ခြင်းကြောင့်သာလျှင် လောက၌ အမြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိပြီဟု ဝန်ခံခဲ့ခြင်းဖြစ်ကြောင်း ဟောကြားသည်။

## ၃။ ဒုတိယအဿာဒသုတ်

### အဿာဒစသော တရားသုံးပါးထင်ရှားရှိကြောင်း

၁၀၃။ ရဟန်းတို့၊ အကယ်၍ လောက၌ သာယာဖွယ်အဿာဒသည် မရှိငြားအံ့။ သတ္တဝါတို့သည် လောက၌ တပ်မက်ကြမည်မဟုတ်။ စင်စစ် လောက၌ သာယာဖွယ်အဿာဒသည် ရှိ၏။ ထို့ကြောင့်၊ သတ္တဝါတို့သည် လောက၌ တပ်မက်ကြခြင်း ဖြစ်၏။

ရဟန်းတို့၊ အကယ်၍ လောက၌အပြစ်အာဒီနဝသည် မရှိငြားအံ့။ သတ္တဝါတို့သည် လောက၌ ငြီးငွေ့ကြမည်မဟုတ်။ စင်စစ် လောက၌ အပြစ်အာဒီနဝသည် ရှိ၏။ ထို့ကြောင့်သာလျှင် သတ္တဝါတို့သည်လောက၌ ငြီးငွေ့ကြခြင်း ဖြစ်၏။

ရဟန်းတို့၊ အကယ်၍ လောက၌ လွတ်မြောက်ရာနိဿရဏသည် မရှိငြားအံ့။ သတ္တဝါတို့သည် လောကမှ လွတ်မြောက်ကြမည်မဟုတ်။ စင်စစ် လောက၌ လွတ်မြောက်ရာနိဿရဏသည်ရှိ၏။ ထို့ကြောင့်သာလျှင် သတ္တဝါတို့သည် လောကမှ လွတ်မြောက်နိုင်ကြခြင်း ဖြစ်၏။

ရဟန်းတို့၊ သတ္တဝါတို့သည် လောက၏ သာယာဖွယ် အဿာဒ၊ အပြစ် အာဒီနဝနှင့် လွတ်မြောက်ရာနိဿရဏတို့ကို ဟုတ်တိုင်းမှန်စွာ မသိသေးသမျှကာလပတ်လုံးလောကမှကျွတ်လွတ်ကင်းကွာလျက်အပိုင်းအခြားကင်းသောစိတ်ဖြင့်[၁] နေနိုင်ကြမည်မဟုတ်။ ယင်းတို့ကိုဟုတ်တိုင်းမှန်စွာ

၁။ [illegible] ဒိဋ္ဌိသမ္ပန္နော [illegible] စေတသာတိ အဋ္ဌော၊ သံ၊ ဋ္ဌ–၁၄၄၊ ကိလေသာအပိုင်းအကန့်။ ဝဋ်ဒုက္ခအပိုင်းအကန့်ကို ကျော်လွန်ပြီးသောဟု ဆိုလိုပါသည်။

သိမြင်ခသာအခါမှသာလျှင် လောကမှ ကျွတ်လွတ်ကင်းကွာလျက်အပိုင်းအခြားကင်းသောစိတ်ဖြင့် နေနိုင်ကြကုန်၏ဟု ဟောကြားပါသည်။

၁၁၇။ သမဏ ဗြာဟ္မဏသုတ်၌ လောက၏ သာယာဖွယ်အသာဒ၊ အပြစ် အာဒီနဝနှင့် လွတ်မြောက်ရာ နိဿရဏ တို့ကို ဟုတ်တိုင်းမှန်စွာ မသိသူများသည် စင်စစ် ရဟန်း ပုဏ္ဏား မဟုတ်၊ ရဟန်းပုဏ္ဏားပြုခြင်း၏ အကျိုးကိုလည်းမခံစားရ။ ယင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိသူများသာလျှင် ရဟန်းပုဏ္ဏား စင်စစ် ဖြစ်သည်။ ရဟန်းပုဏ္ဏားပြုခြင်း၏ အကျိုးကိုလည်းခံစားရသည်ဟုဟောကြားသည်။

## ၅။ ရုဏ္ဏသုတ်

### ပယ်အပ်သောအပြုအမူသုံးမျိုး

၁၁၈။ ရဟန်းတို့၊ သီချင်းဆိုခြင်းသည် အရိယာအဆုံးအမ၌ ငိုကြွေးခြင်းမည်၏။ ကခြင်းသည်အရိယာအဆုံးအမ၌ရူးသွပ်ခြင်းမည်၏။ အပိုင်းအခြားကိုလွန်၍ သွားပေါ်အောင် ပြင်းစွာရယ်ခြင်းသည် အရိယာအဆုံးအမ၌ ကလေးသူငယ်တို့၏ အပြုအမူမည်၏။ ထို့ကြောင့် သီချင်းဆိုခြင်း၊ ကခြင်းတို့ကို အကြောင်းရင်းကိုဒလသာနှင့်တကွပယ်သတ်ရမည်။ တရားနှင့်စပ်သော အကြောင်းဖြင့် ဝမ်းမြောက်ခြင်းဖြစ်ခဲ့သော် သင်တို့သည် ပြုံးရုံမျှ ပြုံးခြင်းငှာသာ သင့်၏ဟု မိန့်ကြားပါသည်။

## ၆။ အတိတ္တိသုတ်

### မငြောင့်ရဲနိုင်သော တရားသုံးပါး

၁၁၉။ အိပ်ခြင်း၊ သေအရက်သောက်ခြင်း၊ မေထုန်မှီဝဲခြင်းတို့သည် မငြောင့်ရဲနိုင်သော တရားသုံးပါးဖြစ်၏ဟု မိန့်ကြားသည်။

## ၇။ အရက္ခိတသုတ်

### စိတ်ကိုမထိန်းလျှင် ကံသုံးပါး မလုံခြုံကြောင်း

၁၂၀။ အထွတ်ဟပ်သောအိမ်၌ အထွတ်ကို ကောင်းစွာမမိုးလျှင် ကစ်အိမ်သုံး မိုးစိုပျက်စီးနိုင်သကဲ့သို့ ထို့အတူ စိတ်ကိုမစောင့်ထိန်းလျှင် ကံသုံးပါးမလုံခြုံ၍ ကောင်းသောသေခြင်းမဖြစ်နိုင်။

အထွတ်တပ်သောအိမ်၌ အထွတ်ကို ကောင်းစွာမိုးလျှင် တစ်အိမ်လုံးခြုံသကဲ့သို့ ထို့အတူ စိတ်ကိုစောင့်ထိန်းလျှင် ကံသုံးပါးလုံး လုံခြုံ၍ ကောင်းသော သေခြင်း ဖြစ်နိုင်၏ ဟူ၍ အနာထပိဏ် သေဋ္ဌေးအား ဟောကြားသည်။

၁၁၁။ ဗျာပန္နသုတ်၌ စိတ်ပျက်စီးလျှင် ကံသုံးပါး ပျက်စီး၍ ကောင်းသောသေခြင်း မဖြစ်နိုင်၊ စိတ်မပျက်စီးလျှင် ကံသုံးပါးလည်း မပျက်စီးဘဲ ကောင်းသောသေခြင်း ဖြစ်နိုင်ကြောင်း ဟောကြားသည်။

## ၉။ ပထမ နိဒါနသုတ်

### ကံဖြစ်ပေါ်ရန် အကြောင်းရင်းသုံးပါး

၁၁၂။ လောဘ၊ ဒေါသ၊ မောဟတို့သည် ဝဋ်ဆင်းရဲကိုဖြစ်စေတတ်သည့်ကံများ ဖြစ်ပေါ်ရန်[1] အကြောင်းရင်းသုံးပါးဖြစ်၏။ ထိုတရားသုံးပါးလျှင် အကြောင်းရင်းရှိသော ကံသည် အကုသိုလ်ကံမည်၏။ အပြစ်နှင့်တကွ ဖြစ်၏။ ဆင်းရဲခြင်းအကျိုးရှိ၏။ ထိုကံသည် ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သည့် အခြားကံများ ဖြစ်ပေါ်ရန်အကြောင်း ဖြစ်၏။

အလောဘ၊ အဒေါသ၊ အမောဟတို့သည် ဝဋ်ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေနိုင်သည့် ကံများဖြစ်ပေါ်ရန်[2] အကြောင်း ဖြစ်၏။ ထိုတရားသုံးပါးလျှင် အကြောင်းရင်းရှိသော ကံသည် ကုသိုလ်ကံမည်၏။ အပြစ်ကင်း၏။ ချမ်းသာခြင်းအကျိုး ရှိ၏။ ထိုကံသည် ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သည့် အခြားကံများ ချုပ်ငြိမ်းရန် အလို့ငှာ ဖြစ်၏ဟု ဟောကြားပါသည်။

## ၁၀။ ဒုတိယ နိဒါနသုတ်

### ကံဖြစ်ပေါ်ရန် အကြောင်းရင်းသုံးပါး

၁၁၃။ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သည့် ကံများ ဖြစ်ပေါ်ရန် အကြောင်းတို့သည် သုံးပါးရှိ၏။ ၎င်းတို့မှာ ဆန္ဒရာဂ၏ တည်ရာအတိတ်

---

၁။ ကမ္မာနံ သမုဒယာယာတိ ဝဋ္ဋဂါမိကမ္မာနံ ပိဏ္ဍကရဏတ္ထာယ - အဋ္ဌကထာ။ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သည့် ကံများ ပေါင်းဆုံခြင်းငှာဟု ဆိုလိုသည်။

၂။ ကမ္မာနံသမုဒယာယာတိ ဝိဝဋ္ဋဂါမိကမ္မာနံ သမုဒယတ္ထာယ—အဋ္ဌကထာ

တရားတို့ကို စွဲ၍ အလိုဆန္ဒဖြစ်ခြင်း၊ အနာဂတ်တရားတို့ကိုစွဲ၍ အလိုဆန္ဒဖြစ်ခြင်း၊ ပစ္စုပ္ပန်တရားတို့ကို စွဲ၍ အလိုဆန္ဒဖြစ်ခြင်းတို့ ဖြစ်၏။

အဘယ်သို့လျှင်ဆန္ဒရာဂ၏တည်ရာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တရားတို့ကို စွဲ၍ အလိုဆန္ဒဖြစ်သနည်းဆိုသော်— ထိုတရားတို့ကို အာရုံပြု၍ စိတ်ဖြင့် အဖန်တလဲလဲ ကြံစည်သုံးသပ်ခြင်းဖြင့် အလိုဆန္ဒသည် ဖြစ်၏။ အလိုဆန္ဒ ဖြစ်သူသည် ထိုတရားတို့နှင့် စပ်ယှဉ်နေ၏။ စိတ်၏ ပြင်းစွာ တပ်မက်ခြင်းကို သံယောဇဉ်ဟု ဆိုအပ်၏။ဤသို့လျှင် အတိတ်၊အနာဂတ်၊ ပစ္စုပ္ပန် တရားတို့ကို စွဲ၍ အလိုဆန္ဒသည် ဖြစ်၏။

ငွေဆင်းရဲကင်းရာ နိဗ္ဗာန်သို့ ရောက်စေနိုင်သောကံများ ဖြစ်ပေါ်ရန် အကြောင်းရင်းတို့သည်လည်း ဆန္ဒရာဂ၏တည်ရာ အတိတ်တရားတို့ကို စွဲ၍ အလိုဆန္ဒမဖြစ်ခြင်း၊ အနာဂတ်တရားတို့ကို စွဲ၍ အလိုဆန္ဒမဖြစ်ခြင်း ပစ္စုပ္ပန်တရားတို့ကိုစွဲ၍ အလိုဆန္ဒမဖြစ်ခြင်းဟူ၍ သုံးပါးရှိ၏။

အဘယ်သို့လျှင် ဆန္ဒရာဂ၏တည်ရာ အတိတ်၊ အနာဂတ်၊ပစ္စုပ္ပန် တရားတို့ကိုစွဲ၍ အလိုဆန္ဒ မဖြစ်သနည်းဆိုသော်–ထိုတရားတို့မှ နောင်တွင် ဖြစ်ပေါ်လာမည့် အကျိုးကိုသိ၏။ဒနာင်တွင် ဖြစ်ပေါ်လာမည့်အကျိုးကို သိ၍ ထိုအကျိုးကို(ဝိပဿနာဉာဏ်မဂ်ဉာဏ်ဖြင့်)ဆုတ်နစ်စေ၏။ စိတ်ဖြင့် လွှမ်းမိုး၍ ပညာဖြင့် ထိုးဖောက်၍ သိမြင်၏။ ဤသို့လျှင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် တရားတို့ကိုစွဲ၍ အလိုဆန္ဒသည် မဖြစ်ဟု ဟောကြားပါသည်။

## ၁၂။ အာပါယိကဝဂ်

### ၁။ အာပါယိကသုတ်

အပါယ်လားမည့်သူ သုံးဦး

၁၁၄။ မြတ်သောအကျင့်ရှိသူ မဟုတ်ဘဲလျက် မြတ်သောအကျင့် ရှိသူဖြစ်၏ဟု ဝန်ခံသူ၊

စင်ကြယ်သော အကျင့်မြတ် ကျင့်နေသူကို အခြေအမြစ်မရှိသည့် ယုတ်သောအကျင့်ဖြင့် စွပ်စွဲသူ၊(ယုတ်ညံ့သော မေထုန်အကျင့်ကိုကျင့်၏ စသည်ဖြင့်စွပ်စွဲသူ)

ကာမဂုဏ်တို့၌အပြစ်မရှိဟူသောအယူဖြင့်ကာမဂုဏ်တို့ကိုခံစားသူ။

ဤသုံးယောက်သောသူတို့သည် ထိုအပြစ်များကို မစွန့်ပယ်ခဲ့သော် အပါယ်ငရဲသို့ ရောက်မည့်သူများ ဖြစ်ကုန်၏ဟု ဟောကြားပါသည်။

## ၂။ ဒုလ္လဘသုတ်

### ရခဲသော ပုဂ္ဂိုလ်သုံးမျိုး

၁၁၅။ တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်သော မြတ်စွာဘုရား၊ ထိုမြတ်စွာဘုရား၏တရားဝိနည်းကိုဟောကြားတတ်သော ပုဂ္ဂိုလ်၊ သူ့ကျေးဇူးကိုသိ၍ ထင်စွာပြုလေ့ရှိသော ပုဂ္ဂိုလ်၊

ဤသုံးယောက်သော ပုဂ္ဂိုလ်တို့၏ ဖြစ်ပေါ်လာခြင်းကို လောက၌ ရခဲလှပေသည်ဟု ဟောကြားပါသည်။

## ၃။ အပ္ပမေယျသုတ်

### မနှိုင်းယှဉ်အပ်သူ စသော ပုဂ္ဂိုလ်သုံးမျိုး

၁၁၆။ နှိုင်းယှဉ်ရန်လွယ်သော ပုဂ္ဂိုလ်၊
နှိုင်းယှဉ်ရန် ခက်သော ပုဂ္ဂိုလ်၊
မနှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်
ဟူ၍လောက၌ ပုဂ္ဂိုလ်သုံးမျိုးရှိ၏။

ထိုသုံးမျိုးတို့တွင် အကြင်ပုဂ္ဂိုလ်သည် စိတ်ပျံ့လွင့်၏။ ထောင်လွှား၏။လျှပ်ပေါ်၏။ နှုတ်ကြမ်း၏။ ဖရိုဖရဲ ပြန့်ကျဲသော စကားရှိ၏။ သတိသမ္ပဇဉ်မရှိ၊ မတည်ငြိမ်ဘဲ တုန်လှုပ်သောစိတ်ရှိ၏၊ ပေါ်လွင်သော ဣန္ဒြေရှိ၏။ ဤပုဂ္ဂိုလ်သည် နှိုင်းယှဉ်ရန်လွယ်သော ပုဂ္ဂိုလ်ဖြစ်၏။

အကြင်ပုဂ္ဂိုလ်သည် စိတ်မပျံ့လွင့်၊မထောင်လွှား၊ လျှပ်ပေါ်ခြင်းမရှိ၊နှုတ်မကြမ်း၊ ဖရိုဖရဲ ပြန့်ကျဲသောစကားမရှိ၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံ၏၊ တည်ကြည်၏၊ စောင့်စည်းအပ်သော ဣန္ဒြေရှိ၏၊ ဤပုဂ္ဂိုလ်သည် နှိုင်းယှဉ်ရန်ခက်ခဲသော ပုဂ္ဂိုလ် ဖြစ်၏။

အာသဝေါကုန်ပြီးသော ရဟန္တာသည် မနှိုင်းယှဉ်အပ်သောပုဂ္ဂိုလ် ဖြစ်၏ဟု ဟောကြားပါသည်။

(အနည်းငယ်မျှသာရှိသော ရေ၏အတိုင်းအတာ ပမာဏကို တိုင်းတာတွက်ဆရန် လွယ်သကဲ့သို့ စိတ်ပျံ့လွင့်သူ၊ ထောင်လွှားသူ စသည်တို့၏။

အရည်အချင်းကို တိုင်းတာရန် လွယ်သည်။ မဟာသမုဒ္ဒရာ၏ ပမာဏကို တွက်ဆရန် ခက်ခဲသကဲ့သို့ စိတ်မပျံ့လွင့်သူ၊ မထောင်လွှားသူ စသည်တို့၏ အရည်အချင်းကို တွက်ဆရန် ခက်ခဲသည်။ကောင်းကင်ပြင်ကြီး၏ပမာဏကို တိုင်းတာတွက်ဆ၍မရသကဲ့သို့ ရဟန္တာပုဂ္ဂိုလ်၏ အရည် အချင်းကိုလည်း တိုင်းတာတွက်ဆ၍ မရနိုင်ဟု ဆိုလိုပါသည်။)

## ၄။ အာနေဉ္ဇသုတ်

တုန်လှုပ်ခြင်းမရှိသည့် အရူပဈာန်ကိုရသူသုံးမျိုး

၁၁၇။ ဤလောက၌ ပုဂ္ဂိုလ်သုံးမျိုးရှိ၏၊ ၎င်းတို့မှာ—

(၁) အချို့သောပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတန ဈာန်ကို ရ၍ ထိုဈာန်မှမလျောဘဲသေလွန်သည်ရှိသော် အာကာသာ နဉ္စာယတနပြဟ္မာတို့၏အပေါင်းအဖော်အဖြစ်သို့ရောက်၏။ ထိုပြဟ္မာတို့၏ သက်တမ်းကား ကမ္ဘာပေါင်း နှစ်သောင်း ဖြစ်၏။

(၂) အချို့သောပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနဈာန်ကိုရ၍ ထို ဈာန်မှမလျောဘဲ သေလွန်သည်ရှိသော် ဝိညာဏဉ္စာယတန ပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်၏။ထိုပြဟ္မာ တို့၏ သက်တမ်းကား ကမ္ဘာပေါင်း လေးသောင်းဖြစ်၏။

(၃) အချို့သောပုဂ္ဂိုလ်သည် အာကိဉ္စညာယတန ဈာန်ကိုရ၍ ထိုဈာန်မှမလျောဘဲ သေလွန်သည်ရှိသော် အာကိဉ္စညာယ တနပြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ရောက်၏။ ထို ပြဟ္မာတို့၏ သက်တမ်းကား ကမ္ဘာပေါင်း ခြောက်သောင်း ဖြစ်၏။

ဖော်ပြပါပုဂ္ဂိုလ်သုံးဦးသည် ပုထုဇဉ်ဖြစ်လျှင်ပြဟ္မာ့ဘုံ၌သက်တမ်း ဆုံးအောင်တည်၍ သေလွန်သောအခါ ငရဲဘုံသို့လည်း ရောက်နိုင်၏။ တိရစ္ဆာန်ဘုံ၊ပြိတ္တာဘုံများသို့လည်း ရောက်နိုင်၏။ အရိယာ ကပည့်သည်ကား ထိုပြဟ္မာဘုံတို့၌ပင် ပရိနိဗ္ဗာန်ပြု၏။ ဤသို့လျှင် ပုထုဇဉ်နှင့် အရိယာ တပည့်တို့၏ လားရာဂတိအားဖြင့် ကွဲပြား ခြားနားခြင်းသည် ဖြစ်၏ဟု ဟောပါသည်။

## ၅။ ဝိပတ္တိသမ္ပဒါ သုတ်

### ပျက်စီးခြင်းသုံးပါးနှင့် ပြည့်စုံခြင်း သုံးပါး

၁၁၈။ သီလပျက်စီးခြင်း၊ စိတ်ပျက်စီးခြင်း၊ အယူပျက်စီးခြင်း ဟူ၍ ပျက်စီးခြင်းသုံးပါးရှိ၏။

ထိုသုံးပါးတို့တွင် သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း မမှန်သောစကား၊ ကြမ်းကြုတ်သော စကား၊ ကုန်းချောသောစကား၊ သိမ်ဖျင်းသော စကားတို့ကို ပြောဆိုခြင်းသည် သီလပျက်စီးခြင်း 'သီလဝိပတ္တိ'မည်၏။

သူတစ်ပါးပစ္စည်းကို မိမိသို့ရွေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ'၊သူတစ်ပါးကို ပျက်စီးစေလိုခြင်း'ဗျာပါဒ' တို့နှင့် ယှဉ်သောစိတ်ရှိခြင်းသည် စိတ်ပျက်စီးခြင်း 'စိတ္တဝိပတ္တိ'' မည်၏။

''ပေးလှူခြင်း၊ ပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးသည်မရှိ၊ မျက်မြင်လောက မျက်ကွယ်လောကဟူ၍ မရှိ၊ အမိအဖတို့၏ ဂုဏ်ကျေးဇူးသည် မရှိ'' စသည်ဖြင့် ဖောက်ပြန်လွဲမှားသော အယူရှိခြင်းသည် အယူပျက်စီးခြင်း 'ဒိဋ္ဌိဝိပတ္တိ' မည်၏။

ယိုပျက်စီးခြင်း သုံးပါးကြောင့် သတ္တဝါတို့သည် အပါယ်ငရဲသို့ ကျရောက်ကြရခြင်းဖြစ်၏။

သီလပြည့်စုံခြင်း၊ စိတ်ပြည့်စုံခြင်း၊ အယူပြည့်စုံခြင်း ဟူ၍ ပြည့်စုံခြင်းသုံးပါး ရှိ၏။

ထိုသုံးပါးတို့တွင်သူ့အသက်သတ်ခြင်း၊သူ့ဥစ္စာခိုးယူခြင်း စသော မကောင်းမှုတို့မှ ရှောင်ကြဉ်ခြင်းသည် သီလပြည့်စုံခြင်း 'သီလသမ္ပဒါ' မည်၏။

အဘိဇ္ဈာ၊ ဗျာပါဒကင်းသော စိတ်ရှိခြင်းသည် စိတ်ပြည့်စုံခြင်း 'စိတ္တသမ္ပဒါ'မည်၏။

ပေးလှူခြင်း၊ ပူဇော်ခြင်းသည် အကျိုးရှိ၏။ စသည်ဖြင့်မဖောက်မပြန် မှန်သောအယူရှိခြင်းသည် အယူပြည့်စုံခြင်း 'ဒိဋ္ဌိသမ္ပဒါ' မည်၏။

ထို ပြည့်စုံခြင်းသုံးပါးကြောင့် သတ္တဝါတို့သည် နတ်ပြည်သုဂတိသို့ ရောက်ကြရခြင်း ဖြစ်၏ဟု ဟောကြားပါသည်။

၁၉။ အပဏ္ဏကသုတ်၌ ပျက်စီးခြင်းသုံးပါးနှင့် ပြည့်စုံခြင်းသုံးပါးကို အထက်သုတ်နည်းတူ ဟောသည်။ ခြောက်မျက်နှာ ရှိသောအန်စာတုံးသည်အထက်သို့ပစ်မြှောက်အပ်သော် ကျရာကျရာမျက်နှာဖြင့်သာလျှင် ကောင်းစွာထောက်လျက် တည်သကဲ့သို့ထို့အတူသတ္တဝါတို့သည် ပျက်စီးခြင်းသုံးပါးကြောင့် အပါယ်ငရဲသို့ ကျရောက်ကုန်၏။ ပြည့်စုံခြင်းသုံးပါးကြောင့် နတ်ပြည်သို့ ရောက်ကြရသည်ဟု ဥပမာထည့်၍ ဟောခြင်းသာထူးပါသည်။

၁၂၀။ ကမ္မန္တသုတ်၌ အလုပ်ပျက်စီးခြင်း ကမ္မဝိပတ္တိ၊ အသက်မွေးမှု ပျက်စီးခြင်း အာဇီဝဝိပတ္တိ၊ အယူပျက်စီးခြင်း ဒိဋ္ဌိဝိပတ္တိဟူ၍ပျက်စီးခြင်း သုံးပါးရှိသည်။ ထို့အတူပြည့်စုံခြင်း သမ္ပဒါသည်လည်း ကမ္မန္တသမ္ပဒါ၊ အာဇီဝသမ္ပဒါ၊ ဒိဋ္ဌိသမ္ပဒါဟူ၍သုံးပါးရှိ၏။ ထိုတွင် သူ့အသက်သတ်မှုစသည်မကောင်းသောအလုပ်ကိုလုပ်ခြင်းသည် ကမ္မန္တဝိပတ္တိမည်၏။ သူ့အသက်သတ်ခြင်း စသည့် မကောင်းမှုတို့မှ ရှောင်ကြဉ်ခြင်းသည် ကမ္မန္တသမ္ပဒါမည်၏။ မကောင်းသောအလုပ်ဖြင့် အသက်မွေးခြင်းသည် အာဇီဝဝိပတ္တိမည်၏။ ကောင်းသောအလုပ်ဖြင့်အသက်မွေးခြင်းသည် အာဇီဝသမ္ပဒါမည်၏။ ဖောက်ပြန်လွဲမှားသော အယူရှိခြင်းသည် ဒိဋ္ဌိဝိပတ္တိမည်၏။ မဖောက်မပြန် မှန်သော အယူရှိခြင်းသည် ဒိဋ္ဌိသမ္ပဒါ မည်၏ဟု ဟောပါသည်။

## ၈။ ပဌမ သောစေယျသုတ်

### စင်ကြယ်ခြင်းသုံးပါး

၁၂၁။ ကိုယ်စင်ကြယ်ခြင်း၊ နှုတ်စင်ကြယ်ခြင်း၊ စိတ်စင်ကြယ်ခြင်း ဟူ၍ စင်ကြယ်ခြင်းသုံးပါး ရှိသည်။

ထိုသုံးပါးတို့တွင် သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာ ကျင့်ခြင်းတို့မှ ရှောင်ကြဉ်ခြင်းသည် ကိုယ်စင်ကြယ်ခြင်း 'ကာယသောစေယျ' မည်၏။

လွဲမှားသောစကား၊ ကုန်းချောသောစကား၊ ကြမ်းကြုတ်သောစကား၊ သိမ်ဖျင်းသောစကားတို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် နှုတ်စင်ကြယ်ခြင်း 'ဝစီသောစေယျ' မည်၏။

အဘိဇ္ဈာ၊ဗျာပါဒကင်း၍ ဖြောင့်မတ်သော အယူရှိခြင်းသည် စိတ်စင်ကြယ်ခြင်း 'မနောသောစေယျ' မည်၏ဟု ဟောပါသည်။

၁၂၂။ ဒုတိယ သောစေယျသုတ်၌ စင်ကြယ်ခြင်း သုံးပါးကို ပထမသုတ်အတိုင်း ဟောသည်။ စိတ်စင်ကြယ်ခြင်း'မနောသောစေယျ'၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ မိမိသန္တာန်၌ ကာမစ္ဆန္ဒစသော နီဝရဏငါးပါး ရှိလျှင်ရှိ၏၊ မရှိလျှင် မရှိဟုသိခြင်း၊ မဖြစ်ပေါ်သေးသော နီဝရဏများ မဖြစ်ပေါ်ကြောင်း၊ ဖြစ်ပေါ်လာသော နီဝရဏများ ကင်းပျောက်ကြောင်း၊ တစ်ဖန် မဖြစ်နိုင်ကြောင်း တရားများကို သိခြင်းသည်'မနောသောစေယျ' မည်၏ဟု ဟောကြားသည်။

၁၂၃။ မောနေယျသုတ်၌ ကာယမောနေယျ၊ ဝစီမောနေယျ၊ မနောမောနေယျဟူ၍ မောနေယျ သုံးပါးကို[၁] ဟောသည်။ ကာယနှင့် ဝစီမောနေယျတို့မှာ သောစေယျနှင့် အတူပင်ဖြစ်သည်။ အာသဝေါကင်းဝေးရာ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းသည် စိတ်လိမ္မာခြင်း 'မနောမောနေယျ'မည်၏ဟု ဟောကြားသည်။

## ၁၃။ ကုသိနာရဝဂ်

### ၁၃။ ကုသိနာရသုတ်

ဝိတက်သုံးပါးနှင့် ဒါနအကျိုး

၁၂၄။ ကုသိနာရုံမြို့ ဗလိနဝံစသောကျေးရာ 'ဗလိဟရဏ'တော အုပ်၌ သီတင်းသုံးစဉ် ဗုဒ္ဓက ရဟန်းတို့အား ဟောကြားသည်။

တစ်စုံတစ်ခုသောရွာနိဂုံးကိုဆမှီပြု၍နေသောရဟန်းအားသူကြွယ် တစ်ဦးက ဆွမ်းစားပင့်၏။ ထိုရဟန်းသည် နံနက်အချိန်တွင် ယုံသူကြွယ်

၁။ မုနိနော ဘာဝါ မောနေယျာနိ၊ ယေဟိ ဓမ္မေဟိ ဥဘယလောကမုနနတော မုနိနာမ ဟောတိ၊ တေ ပုနိဘာဝကရာ ဓမ္မာ မောနေယျာ ပဋိပဒါ ဓမ္မာဝေ ပုတ္တာ။ မုနိနော၀ါ ဟောန္တိ မောနေယျာနိ။ ယထာမုတ္တ ဓမ္မာဝေ ဋီကာ။ပဋိပ္ပြန် သိသရာ နှစ်ဖြာသောအကျိုးစီးပွားကို သိသူသည် မုနိမည်၏။ မုနိဖြစ်အောင် ပြုတတ်သောအကျင့်၊ သို့မဟုတ် မုနိတို့၏ ဥစ္စာဖြစ်သော အကျင့်တို့သည် 'မောနေယျ'မည်၏ဟု ဆိုလိုပါသည်။

အိမ်သို့ချဉ်းကပ်၍ ထိုသူကြွယ်ဆက်ကပ်သည့်မွန်မြတ်သောဆွမ်းကိုခံယူသုံးဆောင်၏၊ထို့နောက်ထိုရဟန်းအား ဤသူကြွယ်ဆက်ကပ်သောဆွမ်းကား ကောင်းလှပေ၏။နောင်တွင်လည်းဤသို့ပင်ဆက်ကပ်ပါမူ ကောင်းလေစွဟု ကြံဖြစ်၏။ ထိုရဟန်းသည် ဆွမ်းကို မက်မောစွာဖြင့် အပြစ်ကိုမရှုဘဲ သုံးဆောင်ပြီး ကာမဝိတက်စသော အကုသိုလ်ဝိတက် သုံးပါးကို ကြံ၏။ ဤသို့သောရဟန်းအား ပေးလှူခြင်းသည် အကျိုးမကြီး။အဘယ့်ကြောင့်ဆိုသော် မေ့လျော့စွာနေသော ရဟန်းဖြစ်သော ကြောင့်ပင်တည်း။

အခြားသောရဟန်းကား ဤကဲ့သို့ ပင့်ဖိတ်ဆက်ကပ်သောဆွမ်းကို သုံးဆောင်ပြီး "နောင်၌လည်း ဤကဲ့သို့ ဆက်ကပ်လှူပါမူ ကောင်းလေစွ"ဟု မတောင့်တ၊ ထိုဆွမ်းကို မက်မောခြင်းမရှိဘဲအပြစ်ကိုရှုလျက်သုံးဆောင်၏ နေက္ခမ္မဝိတက်စသော ကုသိုလ်ဝိတက်သုံးပါးကိုသာ ကြံစည်၏။ဤသို့သော ရဟန်းအား ပေးလှူခြင်းသည် အကျိုးကြီး၏။ အဘယ့်ကြောင့်ဆိုသော် မမေ့မလျော့နေသော ရဟန်းဖြစ်ခြင်းကြောင့် ပေတည်းဟု ဟောကြားသည်။

## ၂။ ဘလ္လာနသုတ်

### ခိုက်ရန်ပြုသောရဟန်းများနှင့် ဝိတက်သုံးပါး

၁၂၅။ ရဟန်းတို့၊ အကြင်အရပ်၌ ရဟန်းတို့သည်ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်းပြုလျက်နေကုန်၏။ထိုအရပ်သည် ငါ့အား နှလုံးသွင်းရခြင်းသည်ပင်မချမ်းသာ၊ သွားရခြင်းကား ဆိုဖွယ်မရှိချေ၊ ထိုအရပ်၌နေသော ရဟန်းတို့သည် နေက္ခမ္မဝိတက်စသော ဝိတက်သုံးပါးကိုစွန့်၍ကာမဝိတက် စသော ဝိတက်သုံးပါးကို ကြိမ်ဖန်များစွာ ပြုကြ၏ဟူ၍ ငါသည် ဆုံးဖြတ်ခြင်းသို့ ရောက်၏။

ရဟန်းတို့၊ အကြင်အရပ်၌ရဟန်းတို့သည်ညီညွတ်ကုန်လျက်နို့ရည်နှင့်ရေပမာတစ်သားတည်းဖြစ်ကုန်လျက် အချင်းချင်းချစ်ခင်သော မျက်စိဖြင့်ကြည့်ကုန်လျက် နေကုန်၏၊ ထိုအရပ်သည် ငါ့အား နှလုံးသွင်းရခြင်းသည်ပင် ချမ်းသာလှပေ၏။ သွားရခြင်းကား ဆိုဖွယ်မရှိချေ။ ထိုအရပ်၌နေသောရဟန်းတို့သည်ကာမဝိတက်စသော ဝိတက်သုံးပါးကိုစွန့်၍ နေက္ခမ္မဝိတက်စသော ဝိတက်သုံးပါးကို ကြိမ်ဖန်များစွာ ပြုကြကုန်၏ဟူ၍ ငါသည်ဆုံးဖြတ်ခြင်းသို့ ရောက်၏ဟု-ဟောကြားပါသည်။

## ၃။ ဂေါတမက စေတီယသုတ်

### ရှုမြှော်ဟောကြားသော တရားသုံးမျိုး

၁၂၆။ ဝေသာလီပြည် ဂေါတမက စေတီ၌ သီတင်းသုံး ၍ ဗုဒ္ဓက ရဟန်းတို့အား အောက်ပါအတိုင်း ဟောကြားတော်မူသည်။

ရဟန်းတို့၊ ငါသည် ဉာဏ်အထူးဖြင့် သိ၍သာလျှင် တရားကိုဟော၏။ ဉာဏ်အထူးဖြင့် မသိမူ၍ တရားကို ဟောသည်မဟုတ်၊ အကြောင်းရင်း ရှိသောတရားကိုသာလျှင် ဟောကြား၏။ အကြောင်းရင်းမရှိသော တရားကိုမဟော၊ ဆန့်ကျင်ဘက်များကိုပယ်ရှားနိုင်သောတရားကိုသာလျှင်ဟော ကြား၏။ ဆန့်ကျင့်ဘက်များကို မပယ်ရှားနိုင်သော တရားကိုမဟော။ ရဟန်းတို့၊ သင်တို့သည် ဤသို့သောတရားကို ဟောကြားသည့် ငါ၏ဆုံးမ သြဝါဒကိုလိုက်နာသင့်၏။ ရဟန်းတို့ "မြတ်စွာဘုရားသည် တရားအားလုံး ကို ကိုယ်တိုင်မှန်စွာသိမြင်သော မြတ်စွာဘုရားဖြစ်၏။ တရားသည်ကောင်း စွာ ဟောကြားအပ်သောတရားဖြစ်၏။ သံဃာသည် ကောင်းစွာကျင့်သော သံဃာဖြစ်၏" ဟူ၍ သင်တို့သည် ဝမ်းမြောက်ကျေနပ်ခြင်းငှာ သင့်ပေ၏ ဟုမိန့်ကြား၏။

ဤတရားကို ဟောကြားစဉ် တစ်ထောင်သောလောကဓာတ်သည် တုန်လှုပ်လေ၏။ (ဤသုတ်ကို ကြားနာသောရဟန်းများမှာ မဇ္ဈိမနိကာယ် မူလပရိယာယသုတ်ကို ကြားနာရသောရဟန်းများဖြစ်၍၊ ဤသုတ်အဆုံး၌ ၎င်းတို့အားလုံး ရဟန္တာဖြစ်သည်ဟု မူလပရိယာယသုတ် အဋ္ဌကထာ၌ ဖွင့်သည်။)

## ၄။ ဘရဏ္ဍုကာလာမသုတ်

### ဆရာသုံးမျိုးတို့၏ နောက်ဆုံးပန်းတိုင်

၁၂၇။ အခါတစ်ပါး၌ဗုဒ္ဓမြတ်စွာသည် ကောသလတိုင်းအတွင်း၌ ခရီးလှည့်တော်မူရင်း ကပိလဝတ်မြို့သို့ ဆိုက်ရောက်လာ၏။ ဗုဒ္ဓကြွ ရောက်လာမည့်အကြောင်း ကြားသိသဖြင့် မဟာနာမ်မည်သော သာကီဝင်သည ဗုဒ္ဓထံသို့ချဉ်းကပ်၏။ ထိုအခါ ဗုဒ္ဓက မဟာနာမ်သား ' မဟာနာမ်၊ ကပိလ ဝတ်မြို့၌ ယနေ့ညဉ့်မှ ငါတို့တည်းခိုရန် သင့်လျော်သော နေရာကို ရှာချေလော့' ဟု မိန့်ကြားတော်မူ၏။

မဟာနာမ်သည်ကပိလဝတ်တစ်မြို့လုံးလှည့်လည်ရှာဖွေသော်လည်း ဗုဒ္ဓမြတ်စွာတည်းခိုရန် သင့်လျော်သော နေရာကို မတွေ့သဖြင့်[၁] ဗုဒ္ဓထံ ပြန်သွားပြီး "အရှင်ဘုရား၊ မြတ်စွာဘုရား သီတင်းသုံးရန် သင့်လျော်သည့် အခြားနေရာကို တပည့်တော် မတွေ့ပါ၊ မြတ်စွာဘုရား၏ သီတင်းသုံး ဖော်ဖောင်းဖြစ်ခဲ့သော သရဏ္ဍုကာလာမ၏[၂] ကျောင်းသင်္ခမ်းမှုကား ရှိပါ သည်။မြတ်စွာဘုရားသည် ထိုကျောင်းသင်္ခမ်း၌ တစ်ညတာ သီတင်းသုံး တော်မူပါလော" ဟု လျှောက်၏။

ဗုဒ္ဓသည် မဟာနာမ် လျှောက်သည့်အတိုင်း ကာလာမ၏ ကျောင်း သင်္ခမ်းသို့ကြွ၍ သီတင်းသုံးတော်မူ၏။ မဟာနာမ်သည် ထိုနေ့ည၌ ဗုဒ္ဓအားရှိခိုး၍ ပြန်သွားပြီးနောက်နေ့တွင် တစ်ဖန် ဗုဒ္ဓထံသို့ ချဉ်းကပ် လာ၏။ ထိုအခါ ဗုဒ္ဓက မဟာနာမ်အား ဤသို့ မိန့်ကြားတော်မူ၏။

"မဟာနာမ်၊ လောက၌ ဆရာသုံးမျိုး ရှိ၏။ ထိုသုံးမျိုးကား အဘယ်နည်းဆိုသော် အချို့သောဆရာသည် ကာမဂုဏ်တို့ကို ပိုင်းခြား သိခြင်းကိုသာ ပညတ်၏။ ရုပ်ဝေဒနာတို့ကို ပိုင်းခြားသိခြင်းကို မပညတ်။

အချို့သောဆရာသည် ကာမဂုဏ်နှင့် ရုပ်တို့ကို ပိုင်းခြားသိခြင်း ကိုသာ ပညတ်၏။ ဝေဒနာတို့ကို ပိုင်းခြားသိခြင်းကို မပညတ်။

အချို့သောဆရာသည်ကား ကာမဂုဏ်၊ ရုပ်၊ ဝေဒနာ သုံးပါးကို ပိုင်းခြားသိခြင်းကို ပညတ်၏။

---

၁။ သရဏ္ဍုကာလာမရသေ့၏ ကျောင်းသင်္ခမ်း၌ တည်းခိုလျှင် တရား ဒေသနာတစ်ပုဒ်ကို ဟောကြားရန်အခွင့်ရလိမ့်မည်ဟုမြင်၍မြတ်စွာဘုရား က အခြားနေရာများကို ရှာမတွေ့အောင် တန်ခိုးဖြင့် အမိန့်ရှိထား သောကြောင့် မဟာနာမ်သည် မြတ်စွာဘုရား သီတင်းသုံးရန်သင့်လျော် သောနေရာကို ရှာမတွေ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။

၂။ ဘုရားလောင်းသည် တောထွက်စ အချိန်က အာဠာရကာလာမ မည် သော ရသေ့ကြီးထံ၌ တရားထူး ရလိုရငြား နည်းခံခဲ့ဖူးသည်။ ထို အချိန်က ဤသရဏ္ဍုကာလာမသည်လည်း ထိုရသေ့ကြီး၏ တပည့် တစ်ဦးအဖြစ်ဖြင့် ရှိခဲ့သည်။ထို့ကြောင့် "မြတ်စွာဘုရား၏ သီတင်းသုံး ဖော်ဖောင်း" ဟု ဆိုခြင်းဖြစ်ပါသည်။

၃။ ဤဆရာ သုံးယောက်တို့တွင် ပထမဆရာသည် ရူပါဝစရဈာန်ကို ရသူ ဖြစ်၏။ ဒုတိယဆရာသည် အရူပါဝစရဈာန်ကိုလည်း ရသူဖြစ်၏။ တတိယဆရာကား မြတ်စွာဘုရားကို ဆိုလိုခြင်းဖြစ်၏။ (ပုဂ္ဂလပညတ္တိ ပါဠိ–၁၄၂)

ဤသို့လျှင် ဆရာသုံးမျိုးရှိပေ၏၊

"မဟာနာမ်၊ ဤဆရာသုံးဦးယောက်တို့၏ နောက်ဆုံးပန်းတိုင်သည် တူသလော၊ ထူးသလော"

ဗုဒ္ဓက ဤသို့မေးသောအခါ အနီး၌ရှိနေသည့်ဘရဏ္ဍုကာလာမက မဟာနာမ်အား "တူပါသည်ဟု ဖြေလော" ဟုဆို၏။ ဗုဒ္ဓကသည်း "ထူးပါသည်ဟု ဖြေလော" ဟု မိန့်ကြားတော်မူ၏။ ကာလာမက ရှေးနည်းတူ သုံးကြိမ်တိုင်အောင် ပြော၍ဗုဒ္ဓကလည်းသုံးကြိမ်တိုင်အောင် မိန့်ကြား၏။

ထိုအခါ ဘရဏ္ဍုကာလာမသည် "ရဟန်း ဂေါတမကား အရှိန်အဝါကြီးသော မဟာနာမ်၏ မျက်မှောက်၌ ငါ့ကိုသုံးကြိမ်တိုင်အောင် ဖိနှိပ်ပြောဆို၏"ဟု ကြံ၍ ကပိလဝတ်မြို့မှ အပြီးတိုင် ထွက်ခွာသွားလေသည်။

## ၅။ ဟတ္ထကသုတ်

တရားသုံးပါးဖြင့် မရောင့်ရဲသော နတ်သား

၁၂၈။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓသီတင်းသုံးစဉ် ဟတ္ထကမည်သော နတ်သားသည် ညဉ့်ဦးယံအချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန် တစ်ကျောင်းလုံးကို ထွန်းလင်း တောက်ပစေကာ ဗုဒ္ဓမြတ်ထံ ချဉ်းကပ်လာ၏။ ချဉ်းကပ်လာပြီးနောက် ဗုဒ္ဓမြတ်စွာ၏ရှေ့၌ ရပ်အံ့ဟု ရပ်သည်ရှိသော် မြေပြင်၌ ကျွံနစ်၍သွား၏။ နစ်မြုပ်၍သွား၏။ ရပ်ခြင်းငှာ မစွမ်းနိုင်ချေ။ ဥပမာ ဆီကိုဖြစ်စေ ထောပတ်ကိုဖြစ်စေ သဲထဲ၌ လောင်းသည်ရှိသော် စိမ့်ဝင်နစ်မြုပ်သွားသကဲ့သို့ဖြစ်၏။

ထိုအခါ ဗုဒ္ဓက နတ်သားအား "ဟတ္ထက၊ သင်သည် ကြမ်းတမ်းသော အတ္တဘောကို ဖန်ဆင်းလော" ဟုမိန့်တော်မူ၏။ နတ်သားသည် ကြမ်းတမ်း

---

၁။ ဟတ္ထကမှာ နတ်သား (ဒေဝပုတ္တ) ဟုဆိုသော်လည်း စင်စစ် ဗြဟ္မာပြည်မှ ဗြဟ္မာတစ်ဦးဖြစ်သည်။ ဗြဟ္မာတို့၏ ခန္ဓာကိုယ်မှာ အလွန်နုးညံ့သောကြောင့်မြေကြီးပေါ်၌ ရပ်တည်သည့်လျှင် ကြမ်းတမ်းသော ကိုယ်ခန္ဓာဖြစ်အောင် ဖန်ဆင်းပြီးမှ ရပ်တည်နိုင်ကြလေသည်။

သော အတ္တဘောကို ဖန်ဆင်း၍ ဗုဒ္ဓအားရှိခိုးပြီး တစ်ခုသောအရပ်၌ရပ်တည်လေ၏။ ထိုနတ်သားအား ဗုဒ္ဓက ဤသို့မိန့်ကြားလေ၏။

“ဟတ္ထက၊ ရှေးလူဖြစ်စဉ်က သင်လေ့ကျက်မှတ်သားခဲ့သောတရားတို့ကို ယခုနတ်သားဖြစ်သောအခါ၌လည်း လေ့ကျက်မှတ်သားထားနိုင်ပါသေး၏လော”

“အရှင်ဘုရား ရှေးလူဖြစ်စဉ်က လေ့ကျက်မှတ်သားခဲ့သောတရားတို့ကိုလည်းကောင်း၊ ရှေးလူဖြစ်စဉ်ကလေ့ကျက်မှတ်သားခြင်းမပြုခဲ့သောတရားတို့ကိုလည်းကောင်း တပည့်တော်သည် ယခုနတ်ဖြစ်သော အခါ၌ လေ့ကျက်မှတ်သားလျက် ရှိပါသည်။ မြတ်စွာဘုရားသည် ရဟန်းယောက်ျား၊ ရဟန်းမိန်းမ စသည်တို့နှင့် ရောနှောလျက် နေရဘိသကဲ့သို့ ထို့အတူ တပည့်တော်သည်လည်း နတ်သားတို့နှင့် ရောနှောလျက် နေရပါသည်။ နတ်သားတို့သည် အဝေးမှပင် တပည့်တော်ထံသို့တရားနာရန် လာကြပါသည်၊ တပည့်တော်သည် မြတ်စွာဘုရားကို ဖူးမြင်ရခြင်း၊ သူတော်ကောင်းတရားကို ကြားနာရခြင်း၊ သံဃာအား လုပ်ကျွေးပြုစုရခြင်းဟူသောတရား သုံးပါး၌မရောင့်ရဲ မတင်းတိမ်သည်ဖြစ်၍သာလျှင် ကွယ်လွန်ခဲ့ရပါသည်”ဟု ဖြေကြားလေသည်။

## ၆။ ကဋုပိယသုတ်

### ထွေးအန်ဖတ်စသည်နှင့်တူသောတရားသုံးပါး

၁၂၉။ အခါတစ်ပါး၌ ဗုဒ္ဓသည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်ကျောင်း၌သီတင်းသုံးနေတော်မူ၏။ ထိုအခါဗုဒ္ဓသည် နံနက်ချိန်၌ ဗာရာဏသီမြို့တွင်းသို့ဆွမ်းခံကြွတော်မူစဉ်နွားအရောင်းအဝယ်ပြုရာညောင်ကြတ်ပင်အနီး၌[1] သာယာဖွယ်ဈာန်ချမ်းသာမှ ဆိတ်သုဉ်းလျက် အပြင်ချမ်းသာဖြစ်သော ကာမဂုဏ်ကို သာယာနှစ်သက်ကာ သတိသမ္ပဇဉ်ကင်းလွတ်သဖြင့်မတည်ကြည်သော စိတ်ရှိလျက်၊ ပေါ့လွင့်သောဣန္ဒြေရှိလျက် နေသော ရဟန်းတစ်ပါးကိုတွေ့မြင်လေသည်။

ဗုဒ္ဓသည် ထိုရဟန်းအား “ရဟန်း၊ သင်သည် မိမိကိုယ်ကိုထွေးအန်ဖတ်မပြုလင့်၊ မိမိကိုယ်ကို ထွေးအန်ဖတ်ပြုသည်ဖြစ်၍ သားစိမ်းရည်ဖြင့်

---

၁။ ဂေါယောဂ ပိလက္ခသ္မိံ ဂါဝီနံ ဝိက္ကယဋ္ဌာနေ ဥမ္ဗရိကာပိလက္ခဿ သန္တိကေ—အဋ္ဌကထာ။

စိုစွတ်နေသော သင့်ကို ယင်ကောင်တို့သည် ကျရောက် နှိပ်စက် သိမ့်မည်''ဟု ဆုံးမစကား မိန့်ကြားတော်မူ၏။ ရဟန်းသည် ဗုဒ္ဓ၏ ဩဝါဒစကားဖြင့် ထိတ်လန့်ခြင်းသို့ ရောက်လေသည်။

ဗုဒ္ဓသည် ဆွမ်းခံရာမှ ပြန်ကြွလာသော အခါ ရဟန်းတို့အား ထို အကြောင်းကို ပြန်၍ မိန့်ကြားတော်မူ၏၊ ထိုအခါ ရဟန်းတစ်ပါးက ''အရှင်ဘုရား၊ထွေးအန်ဖတ်ဟူသည်အဘယ်ပါနည်း၊သားစိမ်းရည်ဟူသည် အဘယ်ပါနည်း၊ယင်ကောင်ဟူသည် အဘယ်ပါနည်း''ဟု မေးလျှောက်၏။

''ရဟန်း၊ အဘိဇ္ဈာသည် ထွေးအန်ဖတ်မည်၏။ ဗျာပါဒသည် သားစိမ်းရည် မည်၏၊ အကုသိုလ်ဝိတက်တို့သည် ယင်ကောင်မည်၏'' ဟု ဗုဒ္ဓက ဖြေကြားတော်မူပါသည်။

## ၇။ ပထမ အနုရုဒ္ဓသုတ်

မာတုဂါမ၏ အပါယ်ကျကြောင်း သုံးပါး

၁၃၈။ မာတုဂါမများ အပါယ်ကျခြင်း အကြောင်းကို ရှင်အနုရုဒ္ဓါက မေးလျှောက်၍ ဗုဒ္ဓက ဖြေကြားသောသုတ် ဖြစ်ပါသည်။

''အရှင်ဘုရား၊ တပည့်တော်သည် သေလွန်ပြီးနောက် အပါယ်ငရဲသို့ ကျရောက်သော မာတုဂါမများကို ဒိဗ္ဗစက္ခုအဘိဉာဏ်ဖြင့် တွေ့မြင်ရပါသည်။ အဘယ်မျှသောတရားတို့နှင့် ပြည့်စုံသော မာတုဂါမသည် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်ပါသနည်း''

''အနုရုဒ္ဓါ၊ဤလောက၌ မာတုဂါမသည် နံနက်ချိန်၌ဝန်တိုခြင်း 'မစ္ဆေရ' ထကြွသောစိတ်ဖြင့် အိမ်မှုကိစ္စတို့ စီမံခန့်ခွဲ၍ နေ၏။ နေ့လယ် အချိန်၌ ငြူစူခြင်း 'ဣဿာ'ထကြွသောစိတ်ဖြင့် အိမ်မှုကိစ္စတို့ကို စီမံခန့်ခွဲ၍နေ၏၊ ညချမ်းအချိန်၌ ကာမရာဂထကြွသောစိတ်ဖြင့် အိမ်မှုကိစ္စတို့ကို စီမံခန့်ခွဲ၍နေ၏။ အနုရုဒ္ဓါ၊ ဤသုံးပါးသောတရားတို့နှင့် ပြည့်စုံသော မာတုဂါမသည် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်၏'' ဟု ဖြေကြားတော်မူသည်။

## ၈။ ဒုတိယ အနုရုဒ္ဓသုတ်

### အကုသိုလ်တရားသုံးပါးကို ရှင်အနုရုဒ္ဓါပယ်ခြင်း

၁၃၁။ အခါတစ်ပါး၌ ရှင်အနုရုဒ္ဓါသည်ရှင်သာရိပုတ္တရာထံချဉ်းကပ်၍ ဤသို့ လျှောက်၏-''အရှင်သာရိပုတ္တရာ၊ တပည့်တော်သည် ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့်တစ်ထောင်သော လောကဓာတ်ကို မြင်အောင်ကြည့်နိုင်ပါသည်။ ဝီရိယကို မတွန့်ဆုတ်အောင် အားထုတ်ပါသည်။ စွဲမြဲသော သတိရှိလျက် စိတ်ကိုလည်း တည်ကြည်အောင် ထားနိုင်ခဲ့ပါသည်။ သို့ပါသော်လည်း တပည့်တော်၏စိတ်သည် အာသဝေါတရားတို့မှ မလွတ်မြောက်သေးပါ''

''ငါ့ရှင်အနုရုဒ္ဓါ၊ 'ငါသည် ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် တစ်ထောင်သော လောကဓာတ်ကို မြင်အောင်ကြည့်နိုင်၏'ဟု အကြံဖြစ်ခြင်းသည် မာနပင်ဖြစ်၏။ 'ငါသည် ဝီရိယကို မတွန့်ဆုတ်အောင် အားထုတ်၏၊ စွဲမြဲသောသတိရှိလျက် စိတ်ကိုလည်း တည်ကြည်အောင် ထားနိုင်၏'ဟု အကြံဖြစ်ခြင်းသည် စိတ်ပျံ့လွင့်ခြင်း'ဥဒ္ဓစ္စ'ပင် ဖြစ်၏။ 'သို့ပါလျက် ငါ၏စိတ်သည် အာသဝေါတရားတို့မှ မလွတ်မြောက်သေး' ဟူ၍ အကြံဖြစ်ခြင်းသည် နောင်တတစ်ဖန် ပူပန်ခြင်း'ကုက္ကုစ္စ'ပင် ဖြစ်၏။ ငါ့ရှင်အနုရုဒ္ဓါ၊ သင်သည် ဤတရားသုံးပါးကိုပယ်၍ အမတဓာတ်ဖြစ်သော နိဗ္ဗာန်ကိုပို့ဆောင်ပါလော''

ဤသို့ ရှင်သာရိပုတ္တရာက မိန့်ကြားတော်မူသည်။ တစ်ပါးသောအခါ၌ ရှင်အနုရုဒ္ဓါသည် ထိုတရား သုံးပါးကို နှလုံးသွင်းခြင်းမပြုဘဲစွန့်ပယ်၍ အမတဓာတ်ဖြစ်သော နိဗ္ဗာန်သို့ စိတ်ကိုပို့ဆောင်လေ၏။ ယင်းသို့ပို့ဆောင်၍ တစ်ပါးတည်းနေကာ တရားကို အပူတပြင်း အားထုတ်ရာ မကြာမီ ရဟန္တာဖြစ်ပါသည်။

## ၉။ ပဋိစ္ဆန္နသုတ်

### ဖုံးကွယ်အပ်သော အရာသုံးပါး

၁၃၂။ မာတုဂါမ၊ ပုဏ္ဏားတို့၏မန္တန်နှင့် မိစ္ဆာဒိဋ္ဌိအားဖြင့် သုံးပါးသောအရာတို့သည် ဖုံးကွယ်အပ်သည်ရှိသော် (ဆိုင်ရာကိစ္စကို) ရှက်ဆောင်ကုန်၏။ ဖွင့်ပြအပ်သည်ရှိသော် (ဆိုင်ရာကိစ္စကို) မရှက်ဆောင်နိုင်ကုန်။

လဝန်း၊နေဝန်းနှင့် မြတ်စွာဘုရား ဟောကြားအပ်သော တရား အားဖြင့်သုံးပါးသောအရာတို့သည် ဖွင့်ပြအပ်သည်ရှိသော် တင့်တယ်ကုန် ၏။ဖုံးကွယ်အပ်သည်ရှိသော် မတင့်တယ်ကုန်၏ဟု ဟောကြားသည်။

## ၁၀။ လေခသုတ်

### အရေးအကြောင်း သုံးမျိုးနှင့် ပုဂ္ဂိုလ်သုံးမျိုး

၁၃၄။ ကျောက်ပြားပေါ်၌ ရေးသော အရေးအကြောင်းနှင့် တူသောပုဂ္ဂိုလ်၊

မြေကြီးပေါ်၌ ရေးသော အရေးအကြောင်းနှင့်တူသော ပုဂ္ဂိုလ်၊ ရေပေါ်၌ရေးသော အရေးအကြောင်းနှင့် တူသော ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ် သုံးမျိုးရှိသည်။

ထိုသုံးမျိုးတို့တွင် ကျောက်ပြားပေါ်၌ရေးသောအရေးအကြောင်း သည် လေ၊ရေတို့ကြောင့် ပျက်မသွားဘဲကြာမြင့်စွာ တည်သကဲ့သို့ ထို့ အတူ ကြာခဏအမျက်ထွက်ပြီး လွယ်လွယ်နှင့် အမျက်မပြေ နိုင်သောသူ သည် 'ကျောက်ပြားပေါ်၌ ရေးသော အရေးအကြောင်းနှင့် တူသော ပုဂ္ဂိုလ်' မည်၏။

မြေကြီးပေါ်၌ ရေးသော အရေးအကြောင်းသည် ကြာမြင့်စွာ မတည်ဘဲ လေ၊ရေတို့ကြောင့် ပျက်စီးသွားသကဲ့သို့ ထို့အတူ မကြာခဏ အမျက်ထွက်သော်လည်း လျင်မြန်စွာအမျက်ပြေလေ့ရှိသူသည် 'မြေကြီး ပေါ်၌ရေးသော အရေးအကြောင်းနှင့် တူသော ပုဂ္ဂိုလ်'မည်၏။

ရေပေါ်၌ရေးအပ်သောအရေးအကြောင်းသည်အရေးအကြောင်း ထင်မနေဘဲ ချက်ချင်းပင် ကင်းပျောက်သွားသကဲ့သို့ ထို့အတူကြမ်းတမ်း သောစကား၊ ရုန့်ရင်းသောစကား၊ မနှစ်သက်ဖွယ်သော စကားတို့ဖြင့် ပြောဆိုအပ်သော်လည်း စိတ်မဆိုးသောပုဂ္ဂိုလ်သည် ရေပေါ်၌ ရေးသော အရေးအကြောင်းနှင့် တူသော ပုဂ္ဂိုလ်မည်၏ — ဟူ၍ ဟောကြားပါ သည်။

# ၁၄။ ယောဓာဇီဝဝဂ်

## ၁။ ယောဓာဇီဝသုတ်

### စစ်သူရဲကောင်းနှင့် ရဟန်းမြတ်၏ ဂုဏ်ရည် သုံးရပ်

၁၃၄။ အဝေး၌ မြားကိုကျစေနိုင်ခြင်း၊ မချွတ်မယွင်း စူးဝင်စေနိုင်ခြင်း (ပစ်မှတ်ကို မလွဲအောင် ပစ်နိုင်ခြင်း)ကြီးစွာသောကိုယ်ထည်ကို ဖောက်ထွင်းစေနိုင်ခြင်းဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံသော စစ်သူရဲကောင်းသည် မင်းနှင့်သာထိုက်တန်၍ မင်း၏အင်္ဂါဟူ၍ ခေါ်ဆိုခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ အဝေး၌ ကျရောက်စေနိုင်ခြင်း၊ မချွတ်မလွဲစူးဝင်စေနိုင်ခြင်း၊ ကြီးစွာသောကိုယ်ထည်ကို ဖောက်ခွဲစေနိုင်ခြင်း ဟူသော အင်္ဂါသုံးပါးနှင့်ပြည့်စုံသောရဟန်းမြတ်သည်အဝေးမှ ယူဆောင်လာသည့် ပစ္စည်းကို ခံယူထိုက်သူဖြစ်၏။....လောက၏ အမြတ်ဆုံး ကောင်းမှုလယ်မြေဖြစ်၏။

ရဟန်းသည် အဘယ်သို့လျှင် အဝေး၌ ကျရောက်စေနိုင်သူ ဖြစ်သနည်းဆိုသော်–ဤသာသနာ၌ ရဟန်းသည် အတိတ် အနာဂတ် ပစ္စုပ္ပန် အတွင်းအပြင်၊ အကြမ်းအနု၊ အယုတ်အမြတ်၊ အနီးအဝေး အားဖြင့် ကွဲပြားသောရုပ်ဟူသမျှကို "ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်" ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုမြင်၏။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလည်း ထို့အတူရှုမြင်၏။ ဤသို့ ရှုမြင်သော ရဟန်းသည် 'အဝေး၌ ကျရောက်စေနိုင်သူ'မည်၏။

ရဟန်းသည် အဘယ်သို့လျှင် မချွတ်မလွဲ စူးဝင်စေနိုင်သူ ဖြစ်သနည်းဆိုသော်–ဤသာသနာ၌ ရဟန်းသည် 'ဤကား ဆင်းရဲတည်း'ဟု ဟုတ်တိုင်းမှန်စွာသိ၏။....ဤကားဆင်းရဲချုပ်ရာသို့ရောက်စေသောအကျင့်တည်းဟု ဟုတ်တိုင်းမှန်စွာသိ၏။ဤသည်လျှင်ရဟန်းသည် 'မချွတ်မလွဲစူးဝင်စေနိုင်သူ' ဖြစ်၏။

ရဟန်းသည် အဘယ်သို့လျှင် ကြီးစွာသော ကိုယ်ထည်ကို ဖောက်ထွင်းစေနိုင်သူ ဖြစ်သနည်းဆိုသော်–ဤသာသနာ၌ ရဟန်းသည် ကြီးစွာသော အဝိဇ္ဇာအစိုင်အခဲကို ဖောက်ခွဲ၏။ ဤသို့လျှင် ရဟန်းသည်'ကြီးစွာသောကိုယ်ထည်ကို ဖောက်ခွဲနိုင်သူ' ဖြစ်၏ဟု ဟောကြားပါသည်။

## ၂။ ပရိသာသုတ်

### ပရိသတ် သုံးမျိုး

၁၃၅။ အဆုံးအမခက်သဖြင့် မမေးမူ၍ ဆုံးမအပ်သော ပရိသတ်၊ အဆုံးအမလွယ်သဖြင့် မေး၍ ဆုံးမအပ်သောပရိသတ်၊ ပမာဏကို သိ၍ ဆုံးမအပ်သောပရိသတ် ဟူ၍ ပရိသတ် သုံးမျိုးရှိကြောင်း ဟောသည်။

(ဤပရိသတ် သုံးမျိုးအနက် ပထမနှစ်မျိုးအကြောင်းကို ဒုက နိပါတ် သုတ်အမှတ် ၄၈ ၌ ပြန်ရှုပါ)

## ၃။ မိတ္တသုတ်

### မှီစဲအပ်သော မိတ်ဆွေ အင်္ဂါသုံးပါး

၁၃၆။ ပေးနိုင်ခဲ့သည်ကို ပေးခြင်း၊ ပြုနိုင်ခဲသည်ကို ပြုခြင်း၊ သည်းခံနိုင်ခဲသည်ကို သည်းခံခြင်း ဟူသောအင်္ဂါသုံးပါးနှင့်ပြည့်စုံသော မိတ်ဆွေကို မှီဝဲထိုက်၏ဟု ဟောသည်။

## ၄။ ဥပ္ပါဒါသုတ်

### ဘုရားမပွင့်သော အခါ၌လည်း ရှိသော တရားသုံးပါး

၁၃၇။ ဘုရားရှင်တို့ပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ 'အလုံးစုံသော သင်္ခါရတို့သည် မမြဲကုန်၊ အလုံးစုံသောသင်္ခါရတို့သည် ဆင်းရဲကုန်၏၊ အလုံးစုံသောတရားသဘော ဟူသမျှတို့သည် အတ္တမဟုတ်ကုန်' ဟူသောဤဓာတ်သဘောသည် တည်ရှိနေသည်သာဖြစ်၏၊ ထိုသို့ အမြဲ တည်ရှိနေသည့်ဓာတ်သဘောကိုပင် မြတ်စွာဘုရားသည် ယုံးထွင်းသိမြင်၍ ထုတ် ဖော်ဟောကြားခြင်း ဖြစ်ပေသည်ဟု မိန့်ကြားတော်မူသည်။

## ၅။ ကေသကမ္ဗလသုတ်

### မက္ခလိ၏ မိစ္ဆာဝါဒသုံးပါး

၁၃၈။ ချည်မျှင်ဖြင့် ရက်လုပ်သည့် အဝတ် ဟူသမျှတို့တွင် လူ၏ ဆံပင်ချည်ဖြင့် ရက်လုပ်သည့် အဝတ်သည် အယုတ်ညံ့ဆုံး ဖြစ်၏။ လူ၏ ဆံပင်ချည်ဖြင့် ရက်လုပ်သည့် အဝတ်သည် အေးသောအခါ၌ အလွန် အေး၏၊ ပူသော အခါ၌ အလွန်ပူ၏၊ မကောင်းသော အဆင်း၊ အနံ့၊

အတွေ့ ရှိ၏။ ထို့အတူပင် ရဟန်း ပုဏ္ဏားတို့၏ ဝါဒ ဟူသမျှတို့တွင် မက္ခလိ၏ အယူဝါဒသည် အယုတ်ညံ့ဆုံးဖြစ်၏။

မက္ခလိသည် 'ကုသိုလ်ကံ အကုသိုလ်ကံ မရှိ၊ ကုသိုလ်အကုသိုလ်ကို ပြုလုပ်ခြင်းမရှိ၊ အားထုတ်ခြင်းဝီရိယမရှိဟု' ပြောဆိုလေ့ရှိ၏။ ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလတို့၌ ပွင့်တော်မူသော မြတ်စွာဘုရားတို့သည် 'ကုသိုလ်ကံ အကုသိုလ်ကံ ရှိ၏။ ကုသိုလ် အကုသိုလ်ကို ပြုလုပ်ခြင်း ရှိ၏။ အားထုတ်ခြင်း ဝီရိယရှိ၏ဟု' ဟောကြားလေ့ရှိကုန်၏။ မက္ခလိသည်ကား ထိုဘုရားရှင်တို့ကို ဆန့်ကျင်သူဖြစ်၏။ ဥပမာ မြစ်ဝ၌ငါးများကို ပျက်စီးစေရန် မြှုံးကို ထောင်သကဲ့သို့ ထို့အတူ မက္ခလိသည် သတ္တဝါများကို ပျက်စီးစေရန်လောက၌ ဖြစ်ပေါ်လာသော 'လူထောင်မြှုံး' သဖွယ် ဖြစ်၏ဟု မိန့်ကြားတော်မူသည်။

၁၃၉။ သမ္ပဒါသုတ်၌ သဒ္ဓါပြည့်စုံခြင်း 'သဒ္ဓါသမ္ပဒါ'၊ သီလ ပြည့်စုံခြင်း 'သီလသမ္ပဒါ'၊ ပညာဖြင့်ပြည့်စုံခြင်း 'ပညာသမ္ပဒါ' ဟူ၍ သမ္ပဒါတရား သုံးပါးရှိကြောင်း ဟောသည်။

၁၄၀။ ဝုဍ္ဎိသုတ်၌သဒ္ဓါ၏ ကြီးပွားခြင်း၊ သီလ၏ ကြီးပွားခြင်း၊ ပညာ၏ ကြီးပွားခြင်း ဟူ၍ ကြီးပွားခြင်းသုံးပါးရှိကြောင်းဟောသည်။

## ၈။ အဿခဠုင်္ကသုတ်

မြင်းငယ်သုံးမျိုးနှင့် ယောကျ်ားငယ်သုံးမျိုး

၁၄၁။ လျင်မြန်ခြင်းနှင့် ပြည့်စုံ၍ အဆင်း၊ အလုံး အရပ်တို့နှင့် မပြည့်စုံသော မြင်းငယ်။

လျင်မြန်ခြင်းနှင့် လည်းကောင်း၊ အဆင်းနှင့် လည်းကောင်း ပြည့်စုံ၍ အလုံးအရပ်နှင့်မပြည့်စုံသော မြင်းငယ်။

ယင်းသုံးချက်လုံးနှင့် ပြည့်စုံသောမြင်းငယ်ဟူ၍ မြင်းငယ်သုံးမျိုး ရှိသကဲ့သို့ ထို့အတူ ယောကျ်ားငယ် သုံးမျိုးရှိကြောင်းဟောကြားသည်။

အကြင်ရဟန်းသည် ဆင်းရဲခြင်း၊ ဆင်းရဲဖြစ်ကြောင်းစသည်တို့ကို ဟုတ်တိုင်းမှန်စွာသိ၏။ လွန်မြတ်သော ဓမ္မဝိနယ၌ ပြဿနာမေးလျှင်မူ တွန့်ဆုတ်၏၊ မဖြေနိုင်။ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး

၁။ အဿခဠုင်္ကောတိ အဿခဠုင်္ကေတော—အဋ္ဌကထာ။

**ကိုလည်းရခြင်းမရှိ။ ဤရဟန်းသည် လျင်မြန်ခြင်းနှင့် ပြည့်စုံ၍ အဆင်း အလုံးအရပ်တို့နှင့် မပြည့်စုံသော ယောကျ်ားငယ် မည်၏။**

**အကြင်ရဟန်းသည် ဆင်းရဲခြင်း၊ ဆင်းရဲဖြစ်ခြင်း၏ အကြောင်း စသည်တို့ကို** ဟုတ်တိုင်းမှန်စွာသိ၏။ လွန်မြတ်သော ဓမ္မဝိနယ၌ ပြဿနာ **မေးလျှင်လည်း** မတွန့်ဆုတ်ဘဲ ဖြေဆိုနိုင်၏။ သင်္ကန်း၊ ဆွမ်း စသော **ပစ္စည်းလေးပါးကိုမူ** ရခြင်းမရှိ၊ ဤရဟန်းသည် လျင်မြန်ခြင်းနှင့် လည်း **ကောင်း၊ အဆင်းနှင့်** လည်းကောင်း ပြည့်စုံ၍ အလုံးအရပ်နှင့် မပြည့်စုံ **သော ယောကျ်ားငယ် မည်၏။**

အကြင်ရဟန်းသည် ဆင်းရဲခြင်း၊ ဆင်းရဲဖြစ်ခြင်း၏ အကြောင်း **စသည်တို့ကို** ဟုတ်တိုင်းမှန်စွာသိ၏။ လွန်မြတ်သော ဓမ္မဝိနယ၌ ပြဿနာ **မေးလျှင်လည်း** မတွန့်ဆုတ်ဘဲ ဖြေနိုင်၏။ ပစ္စည်းလေးပါးကိုလည်းရခြင်း **ရှိ၏။** ဤရဟန်းသည် 'လျင်မြန်ခြင်း၊ အဆင်း၊ အလုံး အရပ်ဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ယောကျ်ားငယ်' မည်၏ ဟူ၍ ဟောကြား ပါသည်။

၁၄၂။ **အဿပရဿသုတ်၌** မြင်းတို့၌ လွန်ကဲသော မြင်းသုံးမျိုး ရှိသကဲ့သို့ လူတို့၌လွန်ကဲသော ယောကျ်ား သုံးမျိုးရှိကြောင်း ဟောသည်။ လွန်ကဲသော ယောကျ်ားသုံးမျိုးကို ဖော်ပြရာတွင် 'အကြင်ရဟန်းသည် ဆင်းရဲ၊ ဆင်းရဲဖြစ်ခြင်း၏ အကြောင်း စသည်တို့ကို ဟုတ်တိုင်းမှန်စွာ **သိ၏**"ဟူသောစာပိုဒ်အစား "အကြင်ရဟန်းသည် အောက်အဖို့ ရှိသော သံယောဇဉ် ငါးပါး ကုန်ခြင်းကြောင့် ကာမဘုံသို့ ပြန်မလာတော့ဘဲ ထိုဗြဟ္မာ့ဘုံ၌ပင် ပရိနိဗ္ဗာန်ပြုမည့်သူဖြစ်၏"ဟူ၍ ပြောင်းလဲဟောခြင်းသာ **အဿခဠုင်္ကသုတ်နှင့်** ထူးသည်။

၁၄၃။ **အဿာဇာနီယသုတ်၌ မြင်းအာဇာနည်** သုံးမျိုးရှိသကဲ့သို့ **ယောကျ်ားအာဇာနည်** သုံးမျိုးရှိကြောင်း ဟောသည်။ ယောကျ်ား **အာဇာနည်**သုံးမျိုးကို ဖော်ပြရာတွင် ပထမအချက်၌ 'အကြင်ရဟန်းသည် **အာသဝေါ** တရား ကုန်ခြင်းကြောင့် အာသဝေါကင်းကို ဖြစ်သော **လွတ်မြောက်မှုကို** မျက်မှောက်ပြု၍နေ၏'ဟု ပြောင်းလဲဟောခြင်းသာ **ထူးသည်။**

## ၁၁။ ပထမ မောရနိဝါပ သုတ်

### အထွတ်အထိပ်သို့ ရောက်သောရဟန်း၏ အင်္ဂါသုံးပါး

၄၄။ ရာဇဂြိုဟ်ပြည် မောရနိဝါပ မည်သော ပရိဗိုဇ်တို့၏ ကျောင်းအရံ၌ သီတင်းသုံးစဉ် ဗုဒ္ဓက ရဟန်းတို့အား ဟောသည်။

အောက်ပါ သုံးပါးသော တရားတို့နှင့် ပြည့်စုံသောရဟန်းသည် စင်စစ် အထွတ်အထိပ်သို့ ရောက်သူဖြစ်၏။ စင်စစ် ယောဂဓလေးပါး ကင်းဝေးရာသို့ ရောက်သူဖြစ်၏။ စင်စစ် အကျင့်မြတ်ကို ကျင့်သူဖြစ်၏။ စင်စစ် ပြီးဆုံးခြင်းရှိသူ ဖြစ်၏။ နတ်လူတို့ထက် မြတ်သူဖြစ်၏။ သုံးပါးသော တရားဟူသည် အဘယ်နည်းဆိုသော် - အသေက္ခ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလအစု၊ သမာဓိအစု၊ ပညာအစုတို့ဖြစ်၏[၁] ဟု ဟောကြားပါသည်။

၁၄၅။ ဒုတိယမောရနိဝါပသုတ်၌ တန်ခိုးပြခြင်း ဣဒ္ဓိပြာဋိဟာ၊ အတပ်ဟောခြင်း အာဒေသနာ ပြာဋိဟာ၊ ဆုံးမခြင်း အနုသာသနီ ပြာဋိဟာဟူသော တရားသုံးပါးနှင့် ပြည့်စုံသော ရဟန်းသည် စင်စစ် အထွတ်အထိပ်သို့ ရောက်သူဖြစ်၏ဟု ဟောသည်။

(ပြာဋိဟာသုံးပါးအကြောင်းကို တိကနိပါတ် ၆၀-သင်္ဂါရဝသုတ်၌ ရှုပါ)

၁၄၆။ တတိယမောရနိဝါပသုတ်၌ သမ္မာဒိဋ္ဌိ၊ သမ္မာဉာဏ်၊ သမ္မာဝိမုတ္တိဟူသော တရားသုံးပါးနှင့်ပြည့်စုံသော ရဟန်းသည် စင်စစ်အထွတ်အထိပ်သို့ ရောက်သူဖြစ်၏ဟု ဟောသည်။

---

၁။ မဂ္ဂင်ရှစ်ပါးတွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟူသော သီလမဂ္ဂင်သုံးပါးသည် သီလက္ခန္ဓ-သီလအစုမည်၏။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော သမာဓိမဂ္ဂင်၊ သုံးပါးသည် သမာဓိက္ခန္ဓ-သမာဓိ အစုမည်၏။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟူသော ပညာမဂ္ဂင် နှစ်ပါးသည် ပညာက္ခန္ဓ ပညာအစုမည်၏။

## ၁၅။ မဂ်လဝဂ်

### ၁။ အကုသလသုတ်

အကုသိုလ်ကံသုံးပါး၏ အကျိုး

၁၄၇။ အကုသိုလ်ဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့် ပြည့်စုံသူသည် ယူဆောင်ပစ်ချသကဲ့သို့ ငရဲသို့ ရောက်၏။ ကုသိုလ်ဖြစ်သော ကံသုံးပါးနှင့် ပြည့်စုံသူသည် ယူဆောင်ပစ်ချသကဲ့သို့ နတ်ပြည်သို့ရောက်၏ဟု ဟောကြားပါသည်။

၁၄၈။ သာဝဇ္ဇသုတ်၌ အပြစ်နှင့် တကွဖြစ်သော ကံသုံးပါးနှင့် ပြည့်စုံသူသည် ငရဲသို့ရောက်၍ အပြစ်ကင်းသော ကံသုံးပါးနှင့် ပြည့်စုံသူသည် နတ်ပြည်သို့ ရောက်၏ဟု ဟောပါသည်။

၁၄၉။ ဝိသမသုတ်၌ မညီမျှသောကံသုံးပါးနှင့်ပြည့်စုံသူ ငရဲသို့ ရောက်၍၊ ညီမျှသော ကံသုံးပါးနှင့်ပြည့်စုံသူ နတ်ပြည်သို့ ရောက်၏ဟု ဟောသည်။

၁၅၀။ အသုစိသုတ်၌ မစင်ကြယ်သော ကံသုံးပါးနှင့်ပြည့်စုံသူငရဲသို့ရောက်၍စင်ကြယ်သော ကံသုံးပါးနှင့် ပြည့်စုံသူ နတ်ပြည်သို့ရောက်၏ဟု ဟောပါသည်။

### ၂။ ပထမ ခတသုတ်

တူးဖြိုအပ်သော မိမိကိုယ်ကိုဆောင်သူ

၁၅၁။ ပထမခတသုတ်၌ အကုသိုလ်ဖြစ်သော ကံသုံးပါးနှင့်ပြည့်စုံ၍ မိုက်မဲသော၊ မလိမ္မာသော သူယုတ်သည် တူးဖြို ဖျက်ဆီးအပ်သော မိမိကိုယ်ကိုဆောင်၏။ ပညာရှိတို့ ကဲ့ရဲ့အပ်သူလည်းဖြစ်၏။ များစွာသော မကောင်းမှုကိုလည်း ပွားစေ၏။ ကုသိုလ်ဖြစ်သော ကံသုံးပါးနှင့်ပြည့်စုံ၍ ပညာရှိသော၊ လိမ္မာသော သူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို ဆောင်၏။ ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲအပ်သူလည်းဖြစ်၏။ များစွာသော ကောင်းမှုကိုလည်းပွားစေ၏ဟူ၍ဟောကြားသည်။

၁၅၂-၁၅၄။ ဒုတိယခတသုတ် စသည်တို့၌ အပြစ်နှင့်တကွ ဖြစ်သော ကံသုံးပါး၊ အပြစ်ကင်းသော ကံသုံးပါး စသည်တို့ဖြင့် နည်းတူ ဟောကြားပါသည်။

၁၅၅။ ဝန္ဒနာသုတ်၌ ကိုယ်ဖြင့် ရှိခိုးခြင်း၊ နှုတ်ဖြင့်ရှိခိုးခြင်း၊ စိတ်ဖြင့်ရှိခိုးခြင်းဟူ၍ ရှိခိုးခြင်းသုံးမျိုးရှိကြောင်း ဟောသည်။

## ၁၀။ ပုဗ္ဗဏှသုတ်

### ကောင်းသောနံနက်ခင်း

၁၅၆။ ရဟန်းတို့၊ အကြင်သတ္တဝါတို့သည် နံနက်ချိန်၌ ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်၏။ နှုတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်၏။ စိတ်ဖြင့် ကောင်းသော အကျင့်ကိုကျင့်ကုန်၏။ ထိုသတ္တဝါတို့အား ကောင်းသော နံနက်ခင်းသည် ဖြစ်၏။

အကြင် သတ္တဝါတို့သည် နေ့လယ် အချိန်၌ ကိုယ်ဖြင့် ကောင်းသော အကျင့်ကိုကျင့်ကုန်၏။ နှုတ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ စိတ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ ထိုသတ္တဝါတို့အား ကောင်းသော နေ့လယ်ခင်းသည် ဖြစ်၏။

အကြင် သတ္တဝါတို့သည် ညဒနအချိန်၌ ကိုယ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်၏။ ထိုသတ္တဝါတို့အား ကောင်းသော ညနေသည် ဖြစ်၏ဟု ဟောကြားသည်။

ထို့နောက် အောက်ပါ ဂါထာများကို မြွက်ကြားတော်မူသည်။

"ကောင်းသော အမှုကို ပြုလုပ်သူတို့အား ကောင်းသော နက္ခတ်သည်ဖြစ်၏။ ကောင်းသောမင်္ဂလာသည်ဖြစ်၏။ ကောင်းသောမိုးသောက်ခြင်းသည်ဖြစ်၏။ ကောင်းသော အိပ်ရာမှ ထခြင်းသည်ဖြစ်၏။ ကောင်းသောခဏ ကောင်းသောမုဟုတ်သည် ဖြစ်၏။ မြတ်သောအကျင့်ရှိသော ပုဂ္ဂိုလ်တို့၌ ပူဇော်ခြင်းသည် ကောင်းသော ပူဇော်ခြင်းဖြစ်၏။

ကောင်းသော အကျင့်ကို ပြုကျင့်သော နေ့၌ ပွားစီးကြောင်းဖြစ်သော ကာယကံ၊ ပွားစီးကြောင်း ဖြစ်သော ဝစီကံ၊ ပွားစီးကြောင်းဖြစ်သော မနောကံသည် ဖြစ်၏။ ပွားစီးကြောင်း ဖြစ်သော စိတ်တောင့်တခြင်းတို့သည်ဖြစ်ကုန်၏။ ပွားစီးကြောင်း အမှုတို့ကို ပြုသည် ရှိသော် ပွားစီးသော အကျိုးတို့ကိုရ၏။

အကျိုးစီးပွားကို ရရှိသော ထိုသူတို့သည် အလုံးစုံသော ဆွေမျိုးတို့နှင့်တကွ မြတ်စွာဘုရား သာသနာ၌ ချမ်းသာစွာ စည်ပင် တိုးပွားကုန်လျက်၊ ရောဂါကင်းကွာ ချမ်းသာသူများ ဖြစ်ကြပါစေ"

(ဤသုတ်မှ အနက်အဓိပ္ပာယ်နှင့် ''သုနက္ခတ္တံ သုမင်္ဂလံ'' စသော ဂါထာများကိုယူ၍ ဖရိတ်ကြီး (၁၁)သုတ်၌ပုဗ္ဗဏှသုတ်ကို ရှေးဆရာများ ဖွဲ့ဆိုထားခဲ့ကြပါသည်။)

## ၁၆။ အစေလကဝဂ်

### ၁။ ပဌမ ပဋိပဒါသုတ်

အကျင့်သုံးမျိုး

၁၅၇။ မြဲမြံစွာ စွဲယူအပ်သော အကျင့်၊
မိမိကိုယ်ကို လောင်မြိုက်စေတတ်သော အကျင့်၊
ဖြောင့်တန်းတည့်မတ်သော အကျင့်ဟူ၍ အကျင့်သုံးမျိုး ရှိသည်။

ထိုသုံးမျိုးတို့တွင်ကာမဂုဏ်တို့၌အပြစ်မရှိဟုစွဲယူ၍ယင်း ကာမဂုဏ်တို့ကို ခံစားနေခြင်းသည် မြဲမြံစွာစွဲယူအပ်သော'အာဂဠ္ဌပဋိပဒါ'အကျင့် မည်၏။

အဝတ်မဝတ်ဘဲနေခြင်း၊ ရပ်လျက် ကျင်ငယ်စွန့်ခြင်း၊ မစင်ကိုလက်ဖြင့်သုတ်ခြင်း၊ အစာကို ရက်ခြားစားခြင်း၊ ဟင်းရွက်စိမ်း၊ ပြောင်းဆန်၊ ကျိတ်သီးဆန် စသည်ကိုသာစား၍နေခြင်း၊ ပိုက်ဆံလျှော်အဝတ်၊ သစ်ခေါက်ဖာဝတ်စသည်တို့ကိုသာဝတ်၍နေခြင်း၊ မထိုင်ဘဲရပ်၍နေခြင်း၊ ဆူးအခင်းပေါ်၌ အိပ်ခြင်းစသောအကျင့်များသည် မိမိကိုယ်ကို လောင်မြိုက်စေတတ်သော 'နိဇ္ဈာမပဋိပဒါ' အကျင့်မည်၏။

ကိုယ်၌ကိုယ်ဟု အဖန်ဖန်ရှုလျက်နေခြင်း၊ ဝေဒနာတို့၌ဝေဒနာဟု အဖန်ဖန်ရှုလျက်နေခြင်း၊ စိတ်၌စိတ်ဟု အဖန်ဖန်ရှုလျက်နေခြင်း၊ တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန်ရှုလျက်နေခြင်း ဟူသော သတိပဋ္ဌာန်းလေးပါးသည် ဖြောင့်တန်းတည့်မတ်သော 'မဇ္ဈိမပဋိပဒါ'အကျင့် မည်၏ဟု ဟောကြားသည်။

၁၅၈-၁၆၃။ဒုတိယပဋိပဒါသုတ်စသည်တို့၌သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတို့ကို 'မဇ္ဈိမပဋိပဒါ' အဖြစ်ပြောင်းလွဲဟောကြားခြင်းသာ ထူးပါသည်။

## ၁၇။ ကမ္မပထပေယျာလ

### ပါဏာတိပါတ သုတ်

#### သူ့အသက်ကိုသတ်ခြင်းသုံးမျိုး


၁၆၄။ ကိုယ်တိုင် သူ့အသက်ကိုသတ်ခြင်း၊ သူတစ်ပါးကိုလည်း သူ့အသက်သတ်မှု၌ ဆောက်တည်စေခြင်း၊ သူ့အသက်သတ်မှု၌ အလိုတူခြင်းဟူသော တရားသုံးပါးနှင့် ပြည့်စုံသူသည် ပစ်ချလိုက်သကဲ့သို့ ငရဲသို့ ရောက်ရ၏၊

ကိုယ်တိုင်သူ့အသက်သတ်မှုမှရှောင်ကြဉ်ခြင်း၊သူတစ်ပါးကိုလည်း ရှောင်ကြဉ်ရန် တိုက်တွန်းခြင်း၊ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ရန် အလိုတူခြင်းဟူသော တရားသုံးပါးနှင့် ပြည့်စုံသူသည်ပစ်ချလိုက်သကဲ့သို့ နတ်ပြည်သို့ ရောက်ရ၏-ဟုဟောကြားသည်။

၁၆၅-၁၇၃။ အဒိန္နာဒါနမှ မိစ္ဆာဒိဋ္ဌိအထိ ကျန် ဒုစရိုက် (၉) ပါးတို့၌လည်း ပါဏာတိပါတနည်းတူ ဟောသည်။

၁၇၄။ ရာဂပေယျာလ၌ ရာဂ ဒေါသစသော တရား(၁၇)ပါး တို့ကိုအထူးသိခြင်း၊ပိုင်းခြားသိခြင်းငှာ၊သုညတ သမာဓိ၊အနိမိတ္တသမာဓိ၊ အပ္ပဏိဟိတ သမာဓိ ဟူသော သမာဓိသုံးပါးကို ပွားရမည်ဟု ဟောပါသည်။

တိကနိပါတ် ပြီး၏။



# စတုက္ကနိပါတ်

## လေးပါးစု တရားအပိုင်းများ

## ၁။ ဘဏ္ဍဂါမဝဂ်

### ၁။ အနုဗုဒ္ဓသုတ်

#### လျော်စွာသိအပ်သော တရားလေးပါး

၁။ ဝဇ္ဇီတိုင်း ဘဏ္ဍရွာ၌ သီတင်းသုံးစဉ် ဗုဒ္ဓက ရဟန်းတို့အား ဟောကြားသည်။

“ရဟန်းတို့၊ လေးပါးသော တရားကိုကို လျော်စွာမသိခြင်း၊ ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည် လည်းကောင်း၊ သင်တို့သည် လည်းကောင်း ရှည်မြင့်စွာသော ကာလပတ်လုံး သံသရာ၌ ကျင်လည်ပြေးသွားခဲ့ကြရကုန်၏။ ထိုလေးပါးသော တရားတို့ဟူသည် အဘယ်နည်းဆိုသော် အရိယာတို့၏ ဥစ္စာဖြစ်သော သီလ၊ သမာဓိ၊ ပညာ၊ လွတ်မြောက်ခြင်း ‘ဝိမုတ္တိ’တို့ဖြစ်၏။ ရဟန်းတို့၊ ယခုငါသည် ထိုတရားလေးပါးကို လျော်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ၊ ဘဝတဏှာကို ပြတ်အပ်ပြီ။ ဘဝနှောင်ကြိုးသည် ကုန်ပြီ၊ တစ်ဖန်ဘဝသစ်၌ ဖြစ်ခြင်းသည် မရှိတော့ပေ” (ဝိပဿနာဉာဏ်ဖြင့်သိခြင်းသည် အနုဗောဓ- လျော်စွာ သိခြင်းမည်၏။ မဂ်ဉာဏ်ဖြင့် သိခြင်းသည် ပဋိဝေဓ ထိုးထွင်း၍ သိမြင်ခြင်း မည်၏။)

၂။ ပပတိတသုတ်၌ အရိယာတို့၏ ဥစ္စာဖြစ်သည့် သီလစသော တရားလေးပါးနှင့်မပြည့်စုံသူကို ဤသာသနာမှ လျောကျသူဟု ဆိုအပ်၏။ ထိုတရားလေးပါးနှင့်ပြည့်စုံသူကို ဤသာသနာမှမလျောကျသူဟုဆိုအပ်၏ဟူ၍ ဟောပါသည်။

### ၃။ ပဌမခတသုတ်

#### တူးဖြိုအပ်သော မိမိကိုယ်ကိုဆောင်သူ

၃။ လေးပါးသောတရားတို့နှင့်ပြည့်စုံ၍မိုက်မဲသော၊မလိမ္မာသော သူယုတ်သည် တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို ဆောင်၏။ ပညာရှိတို့

ကဲ့ရဲ့စွပ်စွဲအပ်သူလည်းဖြစ်၏။ များစွာသော မကောင်းမှုကိုလည်း ပွား စေ၏။ ထိုတရား လေးပါးမှာ–

( ၁ ) ဉာဏ်ဖြင့်မစိစစ်မူ၍ မချီးမွမ်းထိုက် သူကို ချီးမွမ်းခြင်း၊
( ၂ ) ဉာဏ်ဖြင့် မစိစစ်မူ၍ ချီးမွမ်းထိုက် သူကို ကဲ့ရဲ့ခြင်း၊
( ၃ ) ဉာဏ်ဖြင့် မစိစစ်မူ၍ မကြည်ညိုသင့်သောအရာ၌ကြည်ညို မှုကိုပြုခြင်း၊
(၄) ဉာဏ်ဖြင့် မစိစစ်မူ၍ ကြည်ညိုသင့်သောအရာ၌ မကြည်ညို မှုကို ပြုခြင်းတို့ဖြစ်၏။

လေးပါးသော တရားတို့နှင့် ပြည့်စုံ၍ လိမ္မာသော ပညာရှိသော သူတော်ကောင်းသည် မတူးဖြိုအပ်သော မိမိကိုယ်ကိုဆောင်၏။ ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲထိုက်သူလည်း ဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း ပွားစေ၏။ ထိုတရားလေးပါးမှာ–

( ၁ ) ဉာဏ်ဖြင့်စိစစ်၍ ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့ခြင်း၊
( ၂ ) ဉာဏ်ဖြင့်စိစစ်၍ ချီးမွမ်းထိုက်သူကို ချီးမွမ်း ခြင်း၊
( ၃ ) ဉာဏ်ဖြင့်စိစစ်၍ မကြည်ညိုသင့်သော အရာ၌ မကြည်ညို မှုကို ပြုခြင်း၊
( ၄ )ဉာဏ်ဖြင့်စိစစ်၍ ကြည်ညိုသင့်သော အရာ၌ ကြည်ညိုမှုကို ပြုခြင်းတို့ဖြစ်၏ဟု ဟောကြားပါသည်။

၄။ ဒုတိယခတသုတ်၌ အမိအဖ၊မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ တပည့်သာဝကဟူသော ပုဂ္ဂိုလ်လေးပါး၌ ဖောက်ပြန်စွာ ကျင့်သူသည် တူးဖြိုအပ်သောမိမိကိုယ်ကိုဆောင်သူဖြစ်၏။ ထိုပုဂ္ဂိုလ် လေးပါး၌ကောင်း စွာကျင့်သူသည် မတူးဖြိုအပ်သော မိမိကိုယ်ကို ဆောင်သူ ဖြစ်၏ဟု ဟော ပါသည်။

## ၅။ အနုသောတသုတ်

ရေစုန်သို့ လိုက်သူစသော ပုဂ္ဂိုလ်လေးမျိုး

၅။ ရေစုန်သို့ မျောလိုက်သော ပုဂ္ဂိုလ်၊

ရေဆန်သို့တက်သော ပုဂ္ဂိုလ်၊

တည်တံ့သော သဘောရှိသော ပုဂ္ဂိုလ်၊

တစ်ဖက်ကမ်းသို့ရောက်ပြီး၍ ကုန်းထက်၌တည်သော ပုဂ္ဂိုလ် ဟူ၍ ပုဂ္ဂိုလ်လေးမျိုး ရှိသည်။

ထိုလေးမျိုးတို့တွင်ကာမဂုဏ်တို့ကိုလည်းမှီဝဲ၍မကောင်းမှုကိုလည်း ပြုလုပ်သူသည် ရေစုန်သို့မျော၍ လိုက်သောပုဂ္ဂိုလ် မည်၏။

အကြင်ပုဂ္ဂိုလ်သည် ကာမဂုဏ်တို့ကိုလည်း မမှီဝဲ၊ မကောင်းမှုကို လည်းမပြု၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းများကိုခံကာ မျက်ရည် ပြည့်သော မျက်နှာဖြင့် ငိုယိုလျက်သော်လည်း ပြည့်စုံစင်ကြယ်သောအကျင့် မြတ်ကို ကျင့်၏။ ဤပုဂ္ဂိုလ်သည်ရေဆန်သို့ တက်သောပုဂ္ဂိုလ်မည်၏။

အောက်အဖို့ရှိသော သံယောဇဉ် ငါးပါး ကုန်ခြင်းကြောင့်ကာမ ဘုံသို့ ပြန်မလာတတ်ဘဲ ဗြဟ္မာ့ဘုံ၌ဖြစ်၍ ပရိနိဗ္ဗာန်ပြုမည့် ပုဂ္ဂိုလ်သည် တည်တံ့သောသဘော ရှိသော ပုဂ္ဂိုလ်မည်၏။

အာသဝေါတရား လေးပါး ကုန်ခြင်းကြောင့်အာသဝေါကင်းရာ ဖြစ်သော လွတ်မြောက်မှုကိုမျက်မှောက်ပြု၍နေသောပုဂ္ဂိုလ်သည်တစ်ဖက် ကမ်းသို့ရောက်၍ ကုန်းထက်၌တည်သော ပုဂ္ဂိုလ်မည်၏ဟု ဟောကြား ပါသည်။

## ၆။ အပ္ပဿုတသုတ်

### အကြားအမြင်နည်းသူစသော ပုဂ္ဂိုလ်လေးမျိုး

၆။ အကြားအမြင်နည်း၍ ကြားနာအပ်သော တရားနှင့်လည်း မပြည့်စုံသူ၊
အကြားအမြင်နည်းသော်လည်း ကြားနာအပ်သော တရားနှင့် ပြည့်စုံသူ၊
အကြားအမြင်များသော်လည်း ကြားနာအပ်သော တရားနှင့် မပြည့်စုံသူ၊
အကြားအမြင်များ၍ကြားနာအပ်သော တရားနှင့်လည်းပြည့်စုံသူ ဟူ၍ ပုဂ္ဂိုလ်လေးမျိုးရှိသည်။

ထိုလေးမျိုးတို့တွင် အနည်းငယ်သော သုတ္တ၊ ဂေယျ၊ ဝေယျာ ကရဏစသော တရားကိုသာ ကြားနာဖူး၍ ထိုတရားနှင့် လျော်စွာမကျင့် သူသည် အကြားအမြင်နည်း၍ ကြားနာအပ်သောတရားနှင့်လည်း ပြည့် စုံသူမည်၏။

အနည်းငယ်သောတရားကိုသာ ကြားနာဖူးသော်လည်းထိုတရား နှင့်လျော်စွာ ကျင့်သူသည် အကြားအမြင်နည်းသော်လည်းကြားနာအပ် သောတရားနှင့် ပြည့်စုံသူမည်၏။

များစွာသောတရားကိုကြားနာဖူးသော်လည်း ထိုတရားနှင့် လျော်စွာ မကျင့်သူသည် အကြားအမြင် များသော်လည်း ကြားနာအပ်သော တရားနှင့် မပြည့်စုံသူမည်၏။

များစွာသောတရားကို ကြားနာဖူးပြီး ထိုတရားနှင့် လျော်စွာ ကျင့်သူသည်ကား အကြားအမြင်များ၍ ကြားနာအပ်သော တရားနှင့် လည်း ပြည့်စုံသူမည်၏ဟု ဟောကြားပါသည်။

## ၇။ သောဘနသုတ်

### သံဃာကို တင့်တယ်စေသူလေးယောက်

၇။ ကျွမ်းကျင်လိမ္မာ၍ ကိုယ်နှုတ်နှလုံး ယဉ်ကျေးသော၊ ရဲရင့်၍ အကြားအမြင်များသောတရားကိုဆောင်၍တရားနှင့်လည်းလျော်စွာကျင့် သော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာမတို့သည် သံဃာကို တင့်တယ်စေသော ပုဂ္ဂိုလ်များဖြစ်၏ဟု ဟောကြားပါသည်။

## ၈။ ဝေသာရဇ္ဇသုတ်

### မြတ်စွာဘုရား၏ ရဲရင့်ခြင်းလေးပါး

၈။ ရဟန်းတို့၊ မြတ်စွာဘုရားသည်အကြင်ရဲရင့်ခြင်းတို့နှင့် ပြည့်စုံ သည်ဖြစ်၍ မြင့်မြတ်သောအရာကိုဝန်ခံ၏။ ပရိသတ်တို့၌ ခြင်္သေ့ဟောက် သကဲ့သို့ရဲရင့်သောစကားကိုမြွက်ဆို၏။ မြတ်သောတရားစက်ကိုလည်စေ၏။ ထိုရဲရင့်ခြင်းတို့သည်လေးပါးရှိကုန်၏။ အဘယ်လေးပါးတို့နည်းဆိုသော်-

"အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာသိမြင်၏" ဟုဝန်ခံ သောသင်သည်ဤမည်သည့်သေတရားတို့ကိုထိုးထွင်း၍မသိဟူ၍ လောက ၌ ထင်စုံတစ်ယောက်သောပုဂ္ဂိုလ်က အကြောင်းယုတ္တိနှင့်တကွငါ့ကိုစော ဒနာလိမ့်မည်ဟူသော အရိပ်နိမိတ်ကို ငါမမြင်။ ထိုသို့မမြင်သောကြောင့် ငါသည် ငြိမ်းချမ်းခြင်း၊ဘေးကင်းခြင်း၊ရဲရင့်ခြင်းသို့ရောက်လျက်နေ၏။

"အာသဝေါကုန်ပြီးသူ ဖြစ်၏" ဟုဝန်ခံသောသင့်အား "ဤမည် သော အာသဝေါတရားတို့သည် မကုန်သေး" ဟူ၍လောက၌တစ်စုံတစ် ယောက်သောပုဂ္ဂိုလ်ကအကြောင်းယုတ္တိနှင့်တကွငါ့ကိုစောဒနာလိမ့်မည်ဟူ သောအရိပ်နိမိတ်ကို ငါမမြင်။ ထိုသို့မမြင်သောကြောင့် ငါသည်ငြိမ်းချမ်း ခြင်း၊ ဘေးကင်းခြင်း ရဲရင့်ခြင်းသို့ ရောက်လျက်နေ၏။

"ချွန်မင်ဖိုလ်၏ အန္တရာယ်ပြုတတ်သော တရားများဖြစ်၏" ဟု သင်ဟောကြားသော တရားတို့သည် ထိုတရားတို့ကို မှီဝဲသော်သူအား ချွန်မင်ဖိုလ်၏ အန္တရာယ်ကိုပြုခြင်းငှာ မစွမ်းနိုင်ကုန်"ဟူ၍ လောက၌ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က အကြောင်း ယုတ္တိနှင့်တကွ ငါ့ကို စောဒနာလိမ့်မည်ဟူသောအရိပ်နိမိတ်ကို ငါမမြင်။ ထိုသို့ မမြင်သောကြောင့်ငါသည် ငြိမ်းချမ်းခြင်း၊ ဘေးကင်းခြင်း၊ ရဲရင့်ခြင်းသို့ ရောက်လျက်နေ၏။

"ဆင်းရဲကုန်ခြင်းအကျိုးငှာ သင်ဟောကြားအပ်သောတရားသည် ဟောကြားသည့် အတိုင်း ကျင့်သူအား ဆင်းရဲကုန်ရာသို့ မပို့ဆောင်နိုင်" ဟူ၍လောက၌တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က အကြောင်းယုတ္တိနှင့်တကွ ငါ့ကို စောဒနာ လိမ့်မည်ဟူသော အရိပ်နိမိတ်ကို ငါမမြင်။ ထိုသို့မမြင်သောကြောင့် ငါသည်ငြိမ်းချမ်းခြင်း၊ဘေးကင်းခြင်း၊ရဲရင့်ခြင်းသို့ရောက်လျက်နေ၏ဟု ဟောကြားပါသည်။

## ၆။ တဏှာပ္ပါဒသုတ်

### တဏှာဖြစ်ပေါ်ရာ အကြောင်းလေးပါး

၉။ ရဟန်းအား တဏှာဖြစ်ပေါ်ရာ အကြောင်းလေးပါးရှိသည်။

(၁) သင်္ကန်းဟူသော အကြောင်းကြောင့်လည်း ရဟန်းအားတဏှာသည် ဖြစ်ပေါ်၏၊

(၂) ဆွမ်းဟူသော အကြောင်းကြောင့်လည်း ရဟန်းအား တဏှာသည် ဖြစ်ပေါ်၏။

(၃) ကျောင်းဟူသော အကြောင်းကြောင့်လည်း ရဟန်းအား တဏှာသည် ဖြစ်ပေါ်၏၊

(၄) မွန်မြတ်သော ကောင်းမြတ်ဆိုဦး ကလည်း သေးငယ်ည သော အကြောင်းကြောင့်လည်း ရဟန်းအား တဏှာသည်ဖြစ် ပေါ်၏ဟု ဟောကြားပါသည်။

( [illegible] ဘဝ [illegible] [illegible] [illegible] [illegible] [illegible] [illegible] ဘ၀ [illegible] [illegible] [illegible] [illegible] သပ္ပိနဝနိကာဒိနိ [illegible]၊

သမ္ပတ္တိဘာဝေသု ပဏီတတရ ပဏီတတမ ဘာဝေါတိပိ ဝဒန္တိ ဟု အဋ္ဌကထာ ဖွင့်ပါသည်။ ထိုအဖွင့်အရ ဣတ္ထိဘာဝါဘာဝဟောတု–ယုတ်သောဘာဝ မြတ်သော ဘာဝဟူသော အကြောင်းကြောင့်ဟု ပြန်နိုင်ပါသည်။)

## ၁၀။ ယောဂသုတ်

### ယောဂ လေးပါး

၁၀။ ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ ဟူ၍ ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော ယောဂလေးပါးရှိသည်။ ထိုလေးပါးတို့တွင် ကာမဂုဏ်တို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်ခြင်း၊ သာယာဖွယ်၊ အပြစ်တို့ကို ဟုတ်တိုင်းမှန်စွာမသိသည်ဖြစ်၍ ကာမဂုဏ်တို့၌တပ်မက်ခြင်း၊ နှစ်သက်ခြင်း၊ ဆာလောင်ခြင်း၊ ပူပန်ခြင်းသည် ကာမယောဂမည်၏။

ရူပဘဝ၊ အရူပဘဝတို့၌ ဖြစ်ခြင်း၊ ချုပ်ပျောက်ခြင်း စသည်တို့ကို ဟုတ်တိုင်းမှန်စွာ မသိသည်ဖြစ်၍ ထိုဘဝတို့၌ တပ်မက်ခြင်း၊ နှစ်သက်ခြင်းသည် ဘဝယောဂမည်၏။

ဒိဋ္ဌိတို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်ခြင်း စသည်တို့ကို ဟုတ်တိုင်းမှန်စွာ မသိသည်ဖြစ်၍ ထိုဒိဋ္ဌိတို့၏ တပ်မက်ခြင်း နှစ်သက်ခြင်းသည် ဒိဋ္ဌိယောဂမည်၏။

ဖဿ၏ တည်ရာအကြောင်း 'ဖဿာယတန' ခြောက်ပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ပျောက်ခြင်းစသည်တို့ကို ဟုတ်တိုင်းမှန်စွာ မသိသည်ဖြစ်၍ ထိုဖဿာယတန ခြောက်ပါးတို့၌ အမှန်ကိုမသိခြင်းသည် အဝိဇ္ဇာယောဂမည်၏။

ဝဋ်ဆင်းရဲ၌ယှဉ်စေတတ်သော 'ယောဂ' လေးပါးရှိသကဲ့သို့ ဝဋ်ဆင်းရဲမှ ကင်းလွတ်စေတတ်သော 'ဝိသံယောဂ' လေးပါးရှိသည်။ ထိုဝိသံယောဂ လေးပါး၏ အဓိပ္ပာယ်ကို ယောဂလေးပါး၏ ဆန့်ကျင်ဘက်အားဖြင့် ဟောကြားပါသည်။

## ၂။ စရဝဂ်

### ၁။ စရသုတ်

ဇာရိယာပုထ်လေးပါးနှင့်

အကုသိုလ်ဝိတက်များ

၁၁။ အကြင်ရဟန်းသည် သွားနေစဉ်၊ ရပ်နေစဉ်၊ ထိုင်နေစဉ်၊ အိပ်နေစဉ် တို့၌ ဖြစ်ပေါ်လာသော ကာမ ဝိတက်၊ ဗျာပါဒ ဝိတက်၊ ဝိဟိံသာဝိတက် တို့ကို ကင်းပျောက်သွားအောင် မပယ်ဖျောက်ဘဲ သာယာ၍နေခြင်းအားဖြင့်၊ ထိုရဟန်းကို 'အားထုတ်ခြင်း မရှိသူ၊ ထိတ်လန့်ခြင်း မရှိသူ၊ အမြဲ ပျင်းရိနေသူ၊ ယုတ်လျော့သောဝီရိယရှိသူ' ဟူ၍ ဆိုအပ်၏။

အကြင်ရဟန်းသည် သွားနေစဉ်၊ ရပ်နေစဉ်၊ ထိုင်နေစဉ်၊ အိပ်နေစဉ်တို့၌ ဖြစ်ပေါ်လာသော ကာမဝိတက် စသည်တို့ကို သာယာ၍ မနေဘဲကင်းပျောက်အောင် ပယ်ဖျောက်ခြင်းအားဖြင့် ထိုရဟန်းကို 'အားထုတ်ခြင်းရှိသူ၊ ထိတ်လန့်ခြင်းရှိသူ၊ အမြဲမပြတ် အားထုတ်အပ်သော ဝီရိယရှိသူ၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသူ' ဟူ၍ဆိုအပ်၏ ဟူ၍ ဟောကြားပါသည်။

### ၂။ သီလသုတ်

သီလရှိသူနှင့် ဣရိယာပုထ် လေးပါး

၁၂။ ရဟန်းတို့၊ သင်တို့သည် သီလနှင့်ပြည့်စုံလျက်၊ ပါတိမောက်နှင့် ပြည့်စုံလျက် နေကြကုန်လော။ ပါတိမောက်သီလကို စောင့်ထိန်းကုန်လျက်၊ လျောက်ပတ်သောအကျင့်၊ လျောက်ပတ်သော ကျက်စားရာနှင့် ပြည့်စုံကုန်လျက် နေကြကုန်လော၊ အဏုမြူသာဖွယ် သေးငယ်သော အပြစ်တို့၌ပင် ဘေးဟု ရှုကုန်လျက်၊ သိက္ခာပုဒ်တို့၌ဆောက်တည်၍ ကျင့်ကြကုန်လော။

ရဟန်းတို့၊ သီလနှင့် ပြည့်စုံသည် ဖြစ်၍ နေသော သင်တို့အား တစ်ဆင့်တက်၍ပြုဖွယ်ကိုစွသည်အဘယ်နည်းဆိုသော်—ရဟန်းတို့၊ ရဟန်းအား သွားလာနေစဉ်၌လည်း အဘိဇ္ဈာဗျာပါဒ ကင်းကွာခြင်းအားဖြင့်၊ ထိုနမိဒ္ဓ၊ ဥဒ္ဒစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာတို့ကို ပယ်နိုင်ခြင်းအားဖြင့်၊ ဝီရိယကို မတွန့်

မဆုတ်၊ အားထုတ်ငြားအံ့၊ သတိသည် စွဲမြဲငြားအံ့၊ ကိုယ်သည်ငြိမ်းအေး၍ စိတ်သည် တည်ကြည်ငြားအံ့၊ သွားလာနေစဉ်၌ဤသို့သဘောရှိသော ရဟန်းကိုလည်း 'အားထုတ်ခြင်းရှိသူ၊ ထိတ်လန့်ခြင်းရှိသူ၊ အမြဲမပြတ် အားထုတ်အပ်သော ဝီရိယရှိသူ၊ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသူ' ဟူ၍ဆိုအပ်၏။

ရဟန်းတို့၊ ရဟန်းအား ရပ်နေစဉ်၊ ထိုင်နေစဉ်၊ အိပ်နေစဉ်၊ ၌လည်း အဘိဇ္ဈာဗျာပါဒကင်းကွာငြားအံ့—စိတ်တည်ကြည်ငြားအံ့၊ အိပ်ပျော်နေစဉ်၌ဤသို့ သဘောရှိသော ရဟန်းကိုလည်း 'အားထုတ်ခြင်းရှိသူ...နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသူ' ဟူ၍ဆိုအပ်၏ဟု ဟောကြားပါသည်။

## ၃။ ပဓာနသုတ်

ကောင်းစွာ အားထုတ်မှု လေးပါး

၁၃။ ကောင်းစွာအားထုတ်မှု 'သမ္မပ္ပဓာန်' တို့သည် လေးပါး ရှိကုန်၏၊ အဘယ် လေးပါးတို့နည်း ဆိုလျှော်—

ဤသာသနာ၌ ရဟန်းသည်မဖြစ်သေးသော အကုသိုလ်တရားဆိုးများ မဖြစ်စေခြင်းငှာ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ အားထုတ်၏၊ စိတ်ကို ပင့်မြှောက်၏။

ဖြစ်ပေါ်လာသော အကုသိုလ်တရားဆိုးများကို ပယ်ရှားခြင်းငှာ ဆန္ဒကိုဖြစ်စေ၏။....စိတ်ကိုပင့်မြှောက်၏။

မဖြစ်သေးသော ကုသိုလ်တရားများဖြစ်ပေါ်စေခြင်းငှာဆန္ဒကို ဖြစ်စေ၏....စိတ်ကိုပင့်မြှောက်၏။

ဖြစ်ပေါ်လာသောကုသိုလ်တရားများ တည်တံ့ တိုးပွားဖြင်းငှာ ဆန္ဒကိုဖြစ်စေ၏....စိတ်ကိုပင့်မြှောက်၏။

ရဟန်းတို့၊ ကောင်းစွာ အားထုတ်မှု 'သမ္မပ္ပဓာန်' တို့သည် ဤ လေးပါးတို့ပင်တည်းဟု ဟောကြားပါသည်။

## ၄။ သံဝရသုတ်

### သံဝရ ပဓာနစသော အားထုတ်ခြင်း လေးပါး

၁၄။ အားထုတ်ခြင်းတို့သည်-
စောင့်စည်းသောအားဖြင့် အားထုတ်ခြင်း 'သံဝရပ္ပဓာန'၊
ပယ်အပ်သောအားဖြင့် အားထုတ်ခြင်း 'ပဟာနပ္ပဓာန'၊
ပွားများသောအားဖြင့် အားထုတ်ခြင်း 'ဘာဝနာ ပဓာန'၊
စောင့်ရှောက်သောအားဖြင့် အားထုတ်ခြင်း 'အနုရက္ခဏာ ပဓာန' ဟူ၍ လေးပါးရှိသည်။

ထိုလေးပါးတို့တွင် မျက်စိဖြင့် အဆင်းကို မြင်သောအခါ စသည်တို့၌ အဘိဇ္ဈာဒေါမနဿ စသော အကုသိုလ် တရားဆိုးများ ဖြစ်ပေါ်ကြောင်း ဖြစ်သည့် နိမိတ်ပုံ၊ အမူအရာ လက္ခဏာစသည်တို့ကို စွဲယူခြင်း မပြုဘဲ မျက်စိနားစသည်တို့၌ စောင့်စည်းခြင်းသည် စောင့်စည်းသော အားဖြင့်အားထုတ်ခြင်း 'သံဝရပ္ပဓာန' မည်၏။

ဖြစ်ပေါ်လာသော ကာမဝိတက် စသည်တို့ကို လည်းကောင်း၊ ဖြစ်ပေါ်လာသော အကုသိုလ် တရားများကို လည်းကောင်း၊ လက်ခံမထားဘဲ ကင်းပျောက်သွားအောင် ဖျောက်ပယ်ပစ်ခြင်းသည် ပယ်သော အားဖြင့်အားထုတ်ခြင်း 'ပဟာနပ္ပဓာန' မည်၏။

ကိလေသာ ကင်းဆိတ်မှု၊ တပ်မက်ခြင်း ကင်းမှု၊ ချုပ်ငြိမ်းမှုကို မှီဝဲသော နိဗ္ဗာန်သို့ကိုင်းညွတ်သော သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် အစရှိသော ဗောဇ္ဈင် ခုနစ်ပါးကိုပွားများခြင်းသည် ပွားများသောအားဖြင့်အားထုတ်ခြင်း 'ဘာဝနာပဓာန' မည်၏။

ဖြစ်ပေါ်လာသည့်'အဋ္ဌိကသညာ' စသော ကောင်းသောသမာဓိ နိမိတ်ကို စောင့်ရှောက်ခြင်းသည် [၁] စောင့်ရှောက်သော အားဖြင့် အားထုတ်ခြင်း 'အနုရက္ခဏာ ပဓာန' မည်၏ဟုဟောကြားပါသည်။

---

၁။ အရိုးစုကို အာရုံပြု၍ ကမ္မဋ္ဌာန်းရှုသူအား ထိုအရိုးစု အာရုံသည် မျက်စိထဲ၌စွဲမြဲစွာ ထင်ရှားလျက် ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂ နိမိတ်များ ဖြစ်ပေါ်၍လာသည့်အခါ ထိုနိမိတ်များ တစ်ဖန် ပျောက်မသွားအောင် အမြဲသတိထား၍ ထိန်းသိမ်းစောင့်ရှောက်ရပါသည်။ အခြား ကမ္မဋ္ဌာန်းတို့၌လည်း ထိုနည်းတူပင် စောင့်ရှောက် ရပါသည်။

## ၅။ ပညတ္တိသုတ်

### အသာလွန်ဆုံးဟု ဆိုအပ်သူလေးမျိုး

၁၅။ ကြီးစွာသောအတ္တဘောရှိသူတို့တွင် ရာဟုအသူရိန်။ ကာမဂုဏ် ခံစားသူတို့တွင် မန္ဓာတ်မင်း။

အစိုးရခြင်း ရှိသူတို့တွင် မာရ်နတ်ကို အသာလွန်ဆုံးဟု သတ်မှတ်အပ်၏။

နတ်နှင့်တကွသောလောက၌ မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏ဟု ဟောကြားပါသည်။

## ၆။ သောခုမ္မသုတ်

### သိမ်မွေ့မှုကိုသိသော ဉာဏ်လေးပါး

၁၆။ ရုပ်၌ သိမ်မွေ့သော သဘောလက္ခဏာကို ထိုးထွင်း၍သိသောဉာဏ်၊ ဝေဒနာ၌ သညာ၌ သင်္ခါရတို့၌ သိမ်မွေ့သော သဘောလက္ခဏာကို ထိုးထွင်း၍သိသော ဉာဏ်ဟူ၍ သိမ်မွေ့သော သဘောလက္ခဏာကိုထိုးထွင်း၍သိသောဉာဏ်လေးပါး[၁]ရှိကြောင်း ဟောပါသည်။

## ၇။ ပဌမအဂတိသုတ်

### မလားသင့်သော အဂတိ လေးပါး

၁၇။ ချစ်ခြင်းကြောင့် မလားသင့်သော အရာသို့ လားခြင်း 'ဆန္ဒာဂတိ'၊ မုန်းခြင်းကြောင့် မလားသင့်သောအရာသို့ လားခြင်း 'ဒေါသာဂတိ'၊ တွေဝေခြင်းကြောင့် မလားသင့်သော အရာသို့လားခြင်း 'မောဟာဂတိ' ကြောက်ခြင်းကြောင့် မလားသင့်သော အရာသို့ လားခြင်း 'ဘယာဂတိ'ဟူ၍ မလားသင့်သောအရာသို့လားခြင်း 'အဂတိ' လေးပါး ရှိ၏ဟု ဟောပါသည်။

၁၈။ ဒုတိယ အဂတိသုတ်၌ ချစ်ခြင်းကြောင့် မလားသင့်သော အရာသို့ မလားခြင်းစသည်ဖြင့်မလားသင့်သောအရာသို့မလားခြင်းလည်း လေးပါးရှိကြောင်း ဟောပါသည်။

---

၁။ သောခုမ္မာနီတိ သုခုမလက္ခဏ ပဋိဝိဇ္ဈနကာနိ ဉာဏာနိ– အဋ္ဌကထာ။

၁၉။ တတိယ အဂတိသုတ်၌ မလားသင့်သော အရာသို့လားခြင်း လေးပါးနှင့် မလားခြင်း လေးပါးတို့ကို ဟောပါသည်။

၂၀။ ဘတ္တုဒ္ဒေသကသုတ်၌ အဂတိ လေးပါးလိုက်သော ဆွမ်းညွှန်းရဟန်းသည် ငရဲသို့ ကျရောက်၏။ အဂတိ လေးပါးသို့ မလိုက်သော ရဟန်းသည် နတ်ပြည်သို့ ရောက်တတ်၏ဟု ဟောပါသည်။

## ၃။ ဥရုဝေလဝဂ်

### ၁။ ပဌမ ဥရုဝေလသုတ်

အလေးပြုအပ်သော တရားလေးပါး

၂၁။ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌သီတင်းသုံးစဉ်ဘုရားဖြစ်ပြီးစ အဇပါလညောင်ပင်ရင်း၌ နေစဉ်က မိမိအားအကြံဖြစ်ခဲ့ပုံကို ရဟန်းတို့အား ပြန်လည် မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ သစ္စာလေးပါးကိုထိုးထွင်း၍သိပြီးစဖြစ်တဲ့ဥရုဝေလ တော နေရဉ္ဇရာမြစ်အနီး အဇပါလညောင်ပင်ရင်း၌ တစ်ပါးတည်းနေသောငါ့အား 'ရိုသေ ကျိုးနွံ ရမည့်သူ မရှိသည်ဖြစ်၍ နေရခြင်းသည်ဆင်းရဲ၏။ ငါသည် အဘယ်သို့သော ရဟန်းပုဏ္ဏားကို အမှီပြု၍ နေရအံ့နည်း' ဟု အကြံဖြစ်ခဲ့၏။

ထို့နောက်'ငါသည် မပြည့်သေးသော သီလအစု၊ သမာဓိအစု၊ ပညာအစု၊ဝိမုတ္တိအစုတို့ကို ပြည့်ဝစေခြင်းငှာ တစ်ပါးသောရဟန်းပုဏ္ဏားတို့ကိုမှီဝဲရာ၏၊ သို့သော် နတ်နှင့်တကွသော လောက၌ ငါ့ထက် သီလ သမာဓိစသည်အားဖြင့်သာလွန်သည့်တစ်စုံ တစ်ယောက်သော ပုဂ္ဂိုလ်ကိုမျှ ငါမမြင်၊ ထို့ကြောင့် ငါသည် ငါသိမြင်အပ်သော တရားကိုသာလျှင် အလေးအမြတ်ပြု၍ အမှီပြု၍နေတော့အံ့'ဟူ၍ငါ့အား အကြံဖြစ်ခဲ့ပြန်၏။

ထိုအခါ သဟမ္ပတိ ဗြဟ္မာသည် ငါ၏ရှေ့၌ ထင်ပေါ်လာပြီး လက်အုပ်ချီကာ ဤသို့ လျှောက်ကြားခဲ့၏။

"အရှင်ဘုရား၊ ဤအကြံသည် မှန်လှပါသည်။ ရှေးအခါက ပွင့်တော်မူခဲ့သော မြတ်စွာဘုရားတို့သည် တရားကိုသာ အလေးအမြတ်ပြု၍

နေခဲ့ကြပါသည်။ နောင်အနာဂတ်၌ပွင့်တော်မူမည့်မြတ်စွာဘုရားတို့သည်လည်း တရားကိုသာ အလေးအမြတ်ပြု၍ နေကြပါလိမ့်မည်။ ယခုပွင့်တော်မူဆဲဖြစ်သောမြတ်စွာဘုရားသည်လည်း တရားကိုသာ အလေးအမြတ်ပြု၍ နေတော်မူပါလော့''

''ရဟန်းတို့၊ ငါသည်ဗြဟ္မာ၏ တောင်းပန်ခြင်းကိုလည်းကောင်း၊ မိမိအား လျောက်ပတ်မှုကိုလည်းကောင်း သိတော်မူပြီး ငါကိုယ်တိုင် ထိုးထွင်း၍ သိအပ်သောတရားကိုသာလျှင် အရိုအသေ အလေးအမြတ်ပြု၍၊ အမှီအဟဲ ပြု၍နေခဲ့၏။

ရဟန်းတို့၊ အကြင်အခါ၌သံဃာသည် မြင့်မြတ်သောသီလသမာဓိစသည့် ဂုဏ်လေးပါးနှင့်ပြည့်စုံ၏။ ထိုအခါ၌ငါ့အား သံဃာ၌လည်းရိုသေလေးစားခြင်းသည်ဖြစ်၏'ဟု မိန့်ကြားတော်မူပါသည်။

## ၂။ ဒုတိယဥရုဝေလသုတ်

### လူကြီးဖြစ်ကြောင်း တရားလေးပါး

၂၂။ ရဟန်းတို့၊ ငါသည် ဘုရားဖြစ်ပြီးစ အဇပါလ ညောင်ပင်ရင်း၌ တစ်ပါးတည်းနေစဉ်က များစွာသော ပုဏ္ဏားအိုကြီးတို့သည် ငါ့ထံသို့ချဉ်းကပ်၍ 'အရှင်ဂေါတမသည် အသက်အရွယ် ကြီးသောပုဏ္ဏားတို့ကို ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ နေရာဖြင့် ဖိတ်ခြင်းမပြုဘဲနေသည်မှာ မသင့်လျော်ပါ'ဟု ပြောဆိုကြကုန်၏။ ထိုအခါ ငါ့အား ဤသို့အကြံဖြစ်ခဲ့၏။ 'ဤပုဏ္ဏားတို့သည် လူကြီးကိုလည်းကောင်း၊ လူကြီးဖြစ်အောင်ပြုတတ်သောတရားကိုလည်းကောင်း၊ မသိကြကုန်။ အသက် ရှစ်ဆယ့်ကိုးဆယ်ရှိသူဖြစ်စေကာမူ မမှန်သောစကား၊ အကျိုးမရှိသော စကားကိုဆိုလေ့ရှိသူ၊ တရားဝိနည်းနှင့် မညီသော စကားကို ဆိုလေ့ ရှိသူကို 'မိုက်သောလူကြီး'ဟူ၍သာလျှင် ခေါ်ဆိုရ၏။ ပထမအရွယ် နုနယ်ပျိုမျစ်သူပင်ဖြစ်စေကာမူ မှန်သောစကား အကျိုးရှိသော စကားကို ဆိုလေ့ရှိသူ၊ တရားဝိနည်းနှင့်ညီသော စကားကို ဆိုလေ့ရှိသူကို 'လိမ္မာသောလူကြီး'ဟူ၍သာလျှင် ခေါ်ဆိုရ၏။

ရဟန်းတို့၊ လူကြီးဖြစ်အောင်ပြုတတ်သော တရားသည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း ဆိုသော်–

ရဟန်းတို့၊ ဤသာသနာ၌ ရဟန်းသည် သီလရှိသူဖြစ်၏။

များသော အကြားအမြင်ရှိသူ၊ အကြားအမြင်ကို ဆောင်သူ၊ **အကြားအမြင်ကိုဆည်းပူးသူဖြစ်၏။**

မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်း၊ ဖြစ်ကုန်သော၊ထူးကဲ လွန်မြတ်သောစိတ်နှင့်ယှဉ်သော ဈာန်တို့ကို မငြိုငြင် မပင်ပန်းဘဲရသူ ဖြစ်၏။

အာသဝေါကင်းရာဖြစ်သော လွတ်မြောက်မှုကိုမျက်မှောက်ပြုကာ ဝင်စား၍နေ၏။

ရဟန်းတို့၊ လူကြီးဖြစ်အောင် ပြုတတ်သော တရား တို့သည် ဤလေးပါးတို့ပင်တည်းဟု ဟောကြားပါသည်။

## ၃။ လောကသုတ်

### လောကကိုသိမြင်ပုံ လေးမျိုး

၂၃။ ရဟန်းတို့၊ မြတ်စွာဘုရားသည် လောကကို ထိုးထွင်း၍ သိတော်မူ၏။ ထိုလောကမှလည်းကင်းကွာတော်မူ၏။

မြတ်စွာဘုရားသည်လောက၏ ဖြစ်ကြောင်းကိုထိုးထွင်း၍သိတော် မူ၏။ ထိုလောက၏ ဖြစ်ကြောင်းကိုလည်း ပယ်စွန့်တော်မူ၏။

မြတ်စွာဘုရားသည်လောက၏ ချုပ်ရာကိုထွင်း၍ သိတော်မူ၏။ ထိုလောက၏ချုပ်ရာကိုလည်းမျက်မှောက်ပြုတော်မူ၏။

မြတ်စွာဘုရားသည် လောက၏ ချုပ်ရာသို့ ရောက်စေသောအကျင့် ကို ထိုးထွင်း၍ သိတော်မူ၏။ ထိုလောက၏ ချုပ်ရာသို့ ရောက်စေသော အကျင့်ကိုလည်း ပွားများတော်မူပြီး ဖြစ်၏။

---

၁။ အဘိဇ္ဈာဝိသမလောဘာနန္တိ အဘိဇ္ဈာဝိသမလောဘေဟိ အဘိဇ္ဈာဝိသမလောဘံ ဝိသုံ ဝိဂ္ဂ ဝုစ္စတိ အင်္ဂီရသ ဝါ။ အဘိဇ္ဈာ တေသံ ဇာတာနံ အဘိဇ္ဈာဝိသမလောဘာနံ၊ အသံဝေဇေတွာ သန္တံ ဃဋိတာနီတိ အဘိဇ္ဈေတဗ္ဗာနိ—အဋ္ဌကထာ။

ရဟန်းတို့၊ နတ်နှင့်တကွသော လောက သည်မြင်အပ်၊ ကြားအပ် တွေ့ထိအပ်၊ ရောက်အပ်၊ ရှာဖွေအပ်၊ စိတ်ဖြင့် သုံးသပ်အပ်သော အရာမှန်သမျှကို ငါသည် သိ၏။ ထိုးထွင်း၍ သိအပ်ပြီးဖြစ်၏။ ထို့ကြောင့် 'တထာဂတ' ဟုဆိုအပ်၏။

ရဟန်းတို့၊ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိသည့်ညနှင့် ခန္ဓာအကြွင်းမရှိသော နိဗ္ဗာန်နိဗ္ဗာန်ဓာတ်ဖြင့်ငြိမ်းအေးသော ညအကြား၌ မြတ်စွာဘုရားသည် ဟောကြား ညွှန်ပြ အပ်သော တရားဟူသမျှသည် ထိုဟောကြားညွှန်ပြသည့် အတိုင်းသာဖြစ်၏။ တစ်ပါးသော အခြားအရာအားဖြင့်မဖြစ်၊ ထို့ကြောင့် 'တထာဂတ'ဟုဆိုအပ်၏။

ရဟန်းတို့၊ မြတ်စွာဘုရားသည် ပြောဆိုသည့်အတိုင်း ပြုလုပ်လေ့ရှိ၏။ ပြုလုပ်သည့်အတိုင်းလည်း ပြောဆိုလေ့ရှိ၏။ ထို့ကြောင့် 'တထာဂတ' ဟုဆိုအပ်၏။

ရဟန်းတို့၊ နတ်နှင့် တကွသော လောက၌ မြတ်စွာဘုရားသည် သူတစ်ပါးတို့ကိုလွှမ်းမိုးနိုင်သူဖြစ်၏။ သူတစ်ပါးတို့က မလွှမ်းမိုးအပ်သူဖြစ်၏။ အမှန်တကယ် သိမြင်သူ၊ မိမိအလိုသို့ လိုက်စေနိုင်သူ ဖြစ်၏။ ထို့ကြောင့် 'တထာဂတ' ဟုဆိုအပ်၏ ဟုမိန့်ကြားပါသည်။

## ၄။ ကာဠကာရာမသုတ်

### မြတ်သော တာဒိဂုဏ်လေးပါး

၂၄။ သာကေတမြို့ ကာဠကာရာမ ကျောင်း၌ သီတင်းသုံးစဉ် ဗုဒ္ဓက ရဟန်းတို့အား ဟောကြားသည်။

''ရဟန်းတို့ နတ်နှင့်တကွသော လောကသည်မြင်အပ်၊ ကြားအပ်၊ တွေ့ထိအပ်၊ သိအပ်၊ ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့်သုံးသပ်အပ်သော အရာဟူသမျှကို ငါသည်သိ၏။

ထိုအရာအားလုံးကိုငါသည် ထိုးထွင်း၍သိ၏။ ထိုအရာ အားလုံးကိုမြတ်စွာဘုရားသည် ထင်ရှားသိခဲ့၏။ မြတ်စွာဘုရားသည် ထိုအရာများသို့ တဏှာဒိဋ္ဌိတို့ဖြင့် မကပ်ရောက်။

ရဟန်းတို့၊ နှတ်နှင့်တကွသော လောကသည် မြင်အပ်၊ ကြားအပ် စိတ်ဖြင့်သုံးသပ်အပ်သော အရာဟူသမျှကို ငါမသိဟုဆိုငြားအံ့၊ ထိုစကားသည် အမှားသာ ဖြစ်ရာ၏။

ထိုအရာများကို ငါသိလည်းသိ၏၊ မသိလည်းမသိဟု ဆိုငြားအံ့၊ ထိုစကားသည်လည်း အမှားသာဖြစ်ရာ၏။

ထိုအရာများကို ငါသိသည်လည်းမဟုတ်၊ မသိသည်လည်းမဟုတ်ဟု ဆိုငြားအံ့၊ ထိုစကားသည်လည်း ချွတ်ချော်မှုသာ ဖြစ်ရာ၏။

ရဟန်းတို့၊ဤသည်လျှင် မြတ်စွာဘုရားသည် မြင်အပ်သောအာရုံကို မြင်၍ မြင်ပြီးသည်ကို 'ငါ၊ဟာ၊ ငါ' စသည်ဖြင့် မထင်မှတ်၊ မမြင်အပ် သေးသည်ကို 'ငါ၊ဟာ၊ငါ'စသည်ဖြင့် မထင်မှတ်။မြင်ဆဲအာရုံကို 'ငါ၊ဟာ၊ ငါ'စသည်ဖြင့် မထင်မှတ်၊မြင်တတ်သူကို'ငါ၊ဟာ၊ငါ'စသည်ဖြင့်မထင်မှတ်၊

ကြားအပ်သော အာရုံကိုကြား၍...

တွေ့ထိအပ်သော အာရုံကို တွေ့ထိ၍...

အတွင်းစိတ်ဖြင့် သိအပ်သောအာရုံကိုသိ၍ သိပြီးသည်ကို'ငါ၊ဟာ၊ ငါ'စသည်ဖြင့် မထင်မှတ်၊ မသိသေးသည်ကို 'ငါ၊ဟာ၊ ငါ' စသည်ဖြင့် မထင်မှတ်၊ သိဆဲအာရုံကို 'ငါ၊ဟာ၊ငါ' စသည်ဖြင့် မထင်မှတ်။

ရဟန်းတို့၊ ဤသည်လျှင် မြတ်စွာဘုရားသည် မြင်အပ်၊ ကြားအပ် တွေ့အပ်၊သိအပ်သောတရားတို့၌ ထပ်တူထပ်မျှ သဘောရှိသည် သာလျှင် ဖြစ်၍ 'တာဒိ'မည်၏။ ဤတာဒိဂုဏ်ထက် သာလွန်မြင့်မြတ်သည့် တစ်ပါး သော တာဒိဂုဏ်သည် မရှိဟု ငါဆို၏။

## ၅။ ဗြဟ္မစရိယသုတ်

အကျင့်မြတ်ကို ကျင့်ခြင်း၏ ရည်ရွယ်ချက်ဖော်ပြ

၂၅။ ရဟန်းတို့၊ဤအကျင့်မြတ်ကို လူအများအား လှည့်စားရန်မကျင့် အပ်၊လူအများအား မြှူဆွယ်ရန်မကျင့်အပ်၊ ပစ္စည်းလေးပါး ပြုပြင်အတွက်လေး အမြတ်ပြုခြင်း၊ ကျော်စောခြင်း၊ ကောင်းကျော်ကြားခြင်း အကျိုးငှာ မကျင့်အပ်၊ သူ တစ်ပါးကဲ့ရဲ့မှုတို့မှ လွတ်ခြင်းအကျိုးငှာမကျင့်အပ်၊ 'ငါ့ကို လူအများသိ

ပါစေဟူသော ရည်ရွယ်ချက်ဖြင့်လည်း မကျင့်အပ်၊ ရဟန်းတို့၊ စင်စစ်ကား ကိုယ်နှုတ်တို့ကို စောင့်စည်းခြင်း၊ ကိလေသာတို့ကို စွန့်ပယ်ခြင်း၊ တဏှာ ရာဂကင်းကွာခြင်း၊ ဒုက္ခချုပ်ငြိမ်းခြင်း အကျိုးငှာသာလျှင် ဤအကျင့်မြတ်ကို ကျင့်သုံးအပ်ပေ၏ဟု ဟောကြားပါသည်။

## ၆။ ကုဟသုတ်

### အံ့သြဖွယ်ပြသော ရဟန်းများ မကြီးပွား

၂၆။ ရဟန်းတို့၊ အကြင်ရဟန်းတို့သည် အံ့သြဖွယ်ကို ပြုတတ်ကုန်၏။ ခက်ကန်ကုန်၏။ ဖြားယောင်း မြူဆွယ်တတ်ကုန်၏။ ဦး ချိုးအားယားထင်ရှားသော ကိလေသာရှိကုန်၏။ အချည်းနှီး ထောင်လွှားကုန်၏။ မတည်ကြည်ကုန်၏။ ထိုရဟန်းတို့သည် ငါ့ကိုမမြတ်နိုးသူများ ဖြစ်ကုန်၏။ ဤဓမ္မဝိနယမှ ကင်းကွာသူများ ဖြစ်ကုန်၏။ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ၌ ကြီးပွားတိုးတက်ခြင်းသို့ မရောက်နိုင်ကုန်။

ရဟန်းတို့၊ အကြင်ရဟန်းတို့သည်ကား အံ့သြဖွယ်ကို မပြုတတ်ကုန်၊ ဖြားယောင်းမြူဆွယ်မှု မပြုတတ်ကုန်၊ ဥာဏ်ပညာနှင့်ပြည့်စုံကုန်၏၊ မခက်ထန်ကုန်။ တည်ကြည်သောစိတ်ရှိကုန်၏။ ထိုရဟန်းတို့သည် ငါ့ကိုမြတ်နိုးသူများဖြစ်၏။ ဤဓမ္မဝိနယမှ မကင်းကွာသူများ ဖြစ်၏။ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ၌ ကြီးပွားတိုးတက်ခြင်းသို့ ရောက်နိုင်ကုန်၏ဟု ဟောကြားပါသည်။ (ဤသုတ်၌ တရားတော်ပါး သရုပ်ကို စဉ်းစားဖော်ထုတ်ရန် လိုပါသည်။)

## ၇။ သန္တုဋ္ဌိသုတ်

### ပစ္စည်းလေးပါး၌ ရောင့်ရဲမှု

၂၇။ ပံ့သကူ သင်္ကန်း၊ လှည့်လည်ဆွမ်းခံ၍ ရသောဆွမ်း၊ သစ်ပင်ရင်းဟူသော ကျောင်း၊ နွားကျင်ငယ်ပုပ်ဟူသော ဆေးအားဖြင့် ဤလေးပါးသော ပစ္စည်းတို့သည် ရလွယ်၍ အပြစ်ကင်းသော ပစ္စည်းများဖြစ်သည်။ ထိုပစ္စည်းများဖြင့် ရောင့်ရဲခြင်းကို ရဟန်းအကျင့်၏ အင်္ဂါတစ်ပါးဟု ဆိုအပ်ပေသည်ဟု ဟောကြားပါသည်။

## ၈။ အရိယဝံသ သုတ်

### အရိယာတို့၏ အစဉ်အလာလေးပါး

၂၈။ ရဟန်းတို့၊ အရိယာတို့၏ အစဉ်အလာတို့သည် လေးပါး ရှိကုန်၏။ ထိုလေးပါးတို့သည် အထွတ်အမြတ်ဟု သိအပ်သောတရားများ ဖြစ်၏။ ကြာမြင့်စွာက သိအပ်သော တရားများ ဖြစ်၏။ အစဉ်အလာ ဟုသိအပ်သော တရားများဖြစ်၏။ ရှေးကျသောတရားများဖြစ်၏။ ပညာ ရှိသော သမဏဗြာဟ္မဏတို့သည် မပယ်အပ်သော ရှေးကလည်း မပယ်ခဲ့ ယခုလည်းမပယ်၊ နောင်လည်းပယ်မည် မဟုတ်သော တရားများဖြစ်၏။ မကဲ့ရဲ့အပ်သော တရားများဖြစ်၏။

ထိုအရိယာတို့၏ အစဉ်အလာ လေးပါးတို့ကား–

(၁) ဤသာသနာ၌ ရဟန်းသည် အယုတ် အမြတ်သမှတ်မထား တစ်ပါးပါးသောသင်္ကန်းဖြင့်ရောင့်ရဲ၏။ ထိုရောင့်ရဲခြင်း၏။ ဂုဏ်ကိုလည်း ပြောလေ့ရှိ၏။ သင်္ကန်းဟူသော အကြောင်းကြောင့် မသင့်သော ရှာမှီး ခြင်းသို့လည်း မရောက်။ သင်္ကန်းကို မရခြင်းကြောင့်လည်း မတောင့်တ၊ သင်္ကန်းကိုရ၍လည်းမက်မောခြင်း၊ တွေဝေခြင်း၊ မျိုသိပ်ခြင်းမရှိ ဘေးအပြစ် ကိုရှုလျက်၊ ထွက်မြောက်ကြောင်း ပညာရှိလျက် သုံးဆောင်၏။ အမှတ် မထား တစ်ပါးပါးသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း မိမိကိုယ် မိမိ မချီးမြှောက်၊ သူတစ်ပါးကိုလည်း မရှုတ်ချ။

အကြင်ရဟန်းသည် အမှတ်မထား တစ်ပါးပါးသောသင်္ကန်းဖြင့် ရောင့်ရဲခြင်း၌ကျွမ်းကျင်လိမ္မာ၏၊ မပျင်းရိ၊ သတိသမ္ပဇဉ် ရှိ၏။ ဤ ရဟန်းကိုရှေးကျ၍ အထွတ်အမြတ်ဟု သိအပ်သော အရိယာတို့၏။ အစဉ် အလာ၌ တည်သော ရဟန်းဟု ဆိုအပ်၏။

(၂) ဤသာသနာ၌ ရဟန်းသည် အယုတ်အမြတ် အမှတ်မထား တစ်ပါးပါးသော ဆွမ်းဖြင့် ရောင့်ရဲ၏။...

(၃) ဤသာသနာ၌ ရဟန်းသည် အယုတ်အမြတ် အမှတ်မထား တစ်ပါးပါးသောကျောင်းဖြင့် ရောင့်ရဲ၏။....

(၄) ဤသာသနာ၌ ရဟန်းသည် ဘာဝနာ၌ မွေ့လျော်၏။ ကာမစ္ဆန္ဒ စသော နီဝရဏတို့ကို ပယ်ခြင်း၌မွေ့လျော်၏၊ ထိုမွေ့လျော်ခြင်း ဖြင့်မိမိကိုယ်ကို မိမိမချီးမြှောက်၊ သူတစ်ပါးကိုလည်းမရှုတ်ချ။ အကြ

ရဟန်းသည် ထို ဘာဝနာဖြင့် မမွေ့လျော်ခြင်း၌ ကျွမ်းကျင် လိမ္မာ၏။ မပျင်းရိ၊ သတိ သမ္ပဇဉ်ရှိ၏။ ဤရဟန်းကိုရွေးကျ၍ အထွတ် အမြတ် ဖြစ်သောအရိယာတို့၏ အစဉ်အလာ၌ တည်သော ရဟန်းဟုဆိုအပ်၏။

ရဟန်းတို့၊ အရိယာတို့၏ အစဉ်အလာ 'အရိယဝံသ' လေးပါး တို့နှင့် ပြည့်စုံသော ရဟန်းသည် အရှေ့အရပ်၌ နေလျှင်လည်း မမွေ့လျော်ခြင်းကို လွှမ်းမိုးနိုင်သည်သာဖြစ်၏၊ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်၌ နေလျှင်လည်း မမွေ့လျော်ခြင်းကို လွှမ်းမိုးနိုင်သည်သာ ဖြစ်၏။ မမွေ့လျော်ခြင်းသည်ကား ထိုရဟန်းကို ဘယ်အခါမျှ မလွှမ်း မိုးနိုင်ပေ။ အဘယ့်ကြောင့် ဆိုသော် ကြံ့ခိုင်သော လုံ့လ ဝီရိယ ရှိသူ သည် မမွေ့လျော်ခြင်းကိုလည်းကောင်း၊ မွေ့လျော်ခြင်းကိုလည်းကောင်း ခံနိုင်ရည်ရှိသောကြောင့် ဖြစ်ပေသည်ဟု ဟောကြားပါသည်။

## ၉။ ဓမ္မပဒသုတ်

### အထွတ်အမြတ်ဟု သိအပ်သော တရားအဖို့လေးပါး

၂၉။ အထွတ်အမြတ်ဟု သိအပ်သော၊ ပညာရှိ ရဟန်း ပုဏ္ဏား တို့မကဲ့ရဲ့အပ်သော တရားအဖို့တို့သည်[၁] သူတစ်ပါးပစ္စည်းကို မမက်မောခြင်း 'အနဘိဇ္ဈာ'၊ သူတစ်ပါးကိုပျက်စီးစေလိုခြင်း 'အဗျာပါဒ'၊ ကောင်းစွာ အောက်မေ့ခြင်း 'သမ္မာသတိ' ကောင်းစွာတည်ကြည်ခြင်း 'သမ္မာသမာဓိ' ဟူ၍လေးပါးရှိ၏ဟု ဟောပါသည်။

## ပရိဗ္ဗာဇကသုတ်

### ပရိဗိုဇ်တို့အား တရားအဖို့လေးပါးကိုဟောကြားခြင်း

၃၀။ ဗုဒ္ဓမြတ်စွာသည်ရာဇဂြိုဟ်ပြည်ဂိဇ္ဈကုဋ်တောင်၌သီတင်းသုံး စဉ် အန္နဘာရ၊ ဝရဓရ၊ သကုလုဒါယီစသည့်ထင်ရှားသောပရိဗိုဇ်များစွာ

---

၁။ ဓမ္မပဒါနိ ဟိ ဓမ္မကောဋ္ဌာသာ အဋ္ဌကထာ၊ ဈာနာဒိဘေဒေါ ဓမ္မော ပဇ္ဇတိ ဧတေနာတိ ဓမ္မပဒံ ဋီကာ၊ ယင်းဋီကာနည်းအရ "ဓမ္မပဒါနိ- ဈာန်စသော တရားထူးကို ရနိုင်ကြောင်းဖြစ်သော, အခြေခံတို့သည်" ဟု ပြန်နိုင်သည်။

တို့သည် သိပ္ပိနိကာမြစ်ကမ်းရှိ ပရိဗိုဇ်ကျောင်းတိုက်၌ နေကြကုန်၏။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ညနေအချိန်တွင် ပရိဗိုဇ်ကျောင်းတိုက်သို့ ကြွသွား၍ ခင်းထားသောနေရာ၌ ထိုင်ကာ အထွတ်အမြတ်ဟု သိအပ်သော တရားအဖို့လေးပါးကို ဟောကြားတော်မူ၏။

တရားအဖို့လေးပါးကို ဟောကြားတော်မူပြီး ထိုတရားအဖို့လေးပါးကို ကဲ့ရဲ့ပစ်ပယ်သူသည် အဘိဇ္ဈာအားကြီးသူ၊ ဗျာပါဒအားကြီးသူ၊ သတိလက်လွတ်နေသူ၊ မတည်ကြည်သောစိတ် ရှိသူတို့ကို ချီးမွမ်းရာရောက်ကြောင်း၊ အဟေတုကဝါဒ၊ အကိရိယဝါဒ၊ နတ္ထိကဝါဒကို[၁] စွဲယူသည့် ဥက္ကလဇနပုဒ်မှ ဝဿနှင့်ဘညမည်သော ပရိဗိုဇ်နှစ်ပါးတို့သည်ပင် ဤတရားအဖို့လေးပါးကို ကဲ့ရဲ့ပစ်ပယ်အပ်၏ဟု မထင်ခဲ့ကြကြောင်း ဗုဒ္ဓကမိန့်ကြားတော်မူ၏။

## ၄။ စက္ကဝဂ်

### ၁။ စက္ကသုတ်

သမ္ပတ္တိစက်လေးပါး

၃၁။ နတ်လူတို့အား စည်းစိမ်ဥစ္စာပေါများ တိုးပွားကြောင်း ဖြစ်သော 'သမ္ပတ္တိစက်' တို့သည်—

သင့်လျော်သော အရပ်၌နေခြင်း 'ပတိရူပဒေသဝါသ'
သူတော်ကောင်းတို့အား မှီဝဲဆည်းကပ်ခြင်း 'သပ္ပုရိသူပနိဿယ'
မိမိကိုယ်ကို ကောင်းစွာဆောက်တည်ခြင်း 'အတ္တသမ္မာပဏိဓိ'

ရှေးက ပြုခဲ့သည့် ကောင်းမှုရှိခြင်း 'ပုဗ္ဗေစကတပုညတာ' ဟူ၍ လေးပါးရှိ၏ဟု ဟောကြားသည်။

---

၁။ အဟေတုကဝါဒ—သတ္တဝါတို့မှာ စင်ကြယ်ခြင်း ညစ်နွမ်းခြင်း၏ အကြောင်း မရှိဟု ပြောဆိုသောဝါဒ၊ အကိရိယဝါဒ—ကောင်းမှု မကောင်းမှုကို ပြုသော်လည်း ပြုရာမရောက်ဟု ပြောဆိုသောဝါဒ၊ နတ္ထိကဝါဒ—ပေးလှူခြင်း၊ ပူဇော်ခြင်း စသည်တို့၏အကျိုးမရှိဟု ပြောဆိုသောဝါဒ။

## ၂။ သင်္ဂဟသုတ်

သင်္ဂဟဝတ္ထုလေးပါး

၃၂။ ချီးမြှောက်ထောက်ပံ့မှု သင်္ဂဟဝတ္ထုတို့သည်-
ပေးကမ်းခြင်း 'ဒါန'၊
ချစ်ဖွယ်သော စကားကိုဆိုခြင်း 'ပေယျဝဇ္ဇ'၊
အကျိုးစီးပွားကို ကျင့်ခြင်း 'အတ္ထစရိယာ'၊
မိမိနှင့်ထပ်တူထပ်မျှပြုခြင်း'သမာနတ္တတာ' ဟူ၍ လေးပါးရှိ၏ဟု ဟောပေါ်သည်။

## ၃။ သီဟသုတ်

မြတ်စွာဘုရား၏ ရဲရင့်သော ဟောကြားချက်လေးချက်

၃၃။ ရဟန်းတို့၊ သားတို့သနင်းခြင်္သေ့မင်းသည် ညချမ်းအချိန်၌ မိမိနေရာအရပ်မှထွက်၍ ကွန့်မြူးစံပယ်လျက် ထက်ဝန်းကျင်အရပ်လေး မျက်နှာတို့ကို စောင်းငဲ့ကြည့်ရှုပြီး သုံးကြိမ်ဟောက်ကာ ကျက်စားရန် ထွက်သွား၏။ ရဟန်းတို့၊ခြင်္သေ့မင်း၏ဟောက်သံကို ကြားသောတိရစ္ဆာန် သတ္တဝါတို့သည် များသောအားဖြင့် ကြောက်ရွံ့ထိတ်လန့်ခြင်းသို့ ရောက်ကုန်၏။ တွင်းနေသတ္တဝါတို့သည် တွင်းသို့ဝင်ကုန်၏။ ရေနေသတ္တဝါတို့သည် ရေသို့ငုပ်ကုန်၏။ တောနေသတ္တဝါတို့သည် တောသို့ဝင်ကုန်၏။ငှက်တို့သည် ကောင်းကင်သို့ ပျံတက်ကုန်၏။ရဟန်းတို့ ရွာနိဂုံးမင်းနေပြည်တို့၌ ခိုင်ခံ့သော သားရေကြိုးတို့ဖြင့် ချည်နှောင်ထားသော မင်းစီးဆင်တို့သည်လည်း ထိုနှောင်ကြိုးတို့ကိုဖြတ်လျက် ကြောက်ရွံ့ကုန်သည်ဖြစ်၍ ကျင်ကြီးကျင်ငယ်တို့ကို စွန့်ကာ ခြေဦးတည်ရာအရပ်သို့ ပြေးသွားကုန်၏။

ရဟန်းတို့၊ဤအတူသာလျှင် အကြင်အခါ၌ပူဇော်အထူးကိုခံထိုက်သော၊ တရားအားလုံးကို ကိုယ်တိုင်မှန်စွာသိမြင်သော၊ အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏတို့နှင့် ပြည့်စုံသော၊ ကောင်းသောစကားကို ဆိုတတ်သော လောကကိုသိမြင်တော်မူသော၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော၊ နတ်လူတို့၏ဆရာဖြစ်သော၊ သတ္တဝါတို့အား သစ္စာလေးပါးကို သိမြင်စေတော် မူတတ်သော၊ ဘုန်းတန်ခိုး ကြီးတော်မူသော မြတ်စွာဘုရားသည်[၁] လောက၌ ဖြစ်ပေါ်လာ၏။

---

၁။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါစသော ဂုဏ်တော်ကိုးပါးတို့ ပြန်ဆိုထားခြင် ဖြစ်ပါသည်။

ထိုမြတ်စွာ ဘုရားသည် ‘ဤကား ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း ‘သက္ကာယ’ တည်း။ ဤကား သက္ကာယဖြစ်ကြောင်းတည်း။ ဤကား သက္ကာယချုပ်ရာတည်း။ ဤကား သက္ကာယချုပ်ရာသို့ ရောက်စေနိုင်သောအကျင့်တည်း’ဟု တရားကိုဟော၏။

ရဟန်းတို့၊ထိုအရှည်၌အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊များသောချမ်းသာခြင်း တို့နှင့်ပြည့်စုံ၍ မြင့်မားသော ဘုံဗိမာန်တို့၌ ကြာမြင့်စွာတည်ခြင်းရှိသော နတ်ပြဟ္မာတို့ သော်မှလည်း မြတ်စွာဘုရား၏ တရားကိုကြားနာရ၍ များသောအားဖြင့် ကြောက်ရွံ့ ထိတ်လန့်ခြင်းသို့ ရောက်ကုန်၏။ ‘ငါတို့သည်မြဲခိုင်တည်တံ့သူများ မဟုတ်ဘဲလျက်မြဲခိုင်တည်တံ့သူများဖြစ်၏ဟု မှတ်ထင်ခဲ့ ကြကုန်၏။ စင်စစ်ငါတို့သည် မမြဲသူ၊မခိုင်သူ၊ မတည်တံ့သူ၊ သက္ကာယ၌ အကျုံးဝင်သူများ ဖြစ်ကုန်၏’ ဟူ၍ ထိတ်လန့်ခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့၊မြတ်စွာဘုရားသည်နတ်နှင့်တကွသောလောကအပေါ်၌ ဤမျှအထိတန်ခိုးရှိန်စော် အာနုဘော် ကြီးလှပေသည်ဟု ဟောကြားပါသည်။

## ၄။ အဂ္ဂပ္ပသာဒသုတ်

### အမြတ်ဆုံး ကြည်ညိုခြင်းလေးပါး

၃၄။ ရဟန်းတို့၊ အမြတ်ဆုံးဖြစ်သော ကြည်ညိုခြင်း တို့သည် လေးပါးရှိကုန်၏။

အဘယ်လေးပါးတို့နည်း ဆိုသော်–

ခြေမရှိသော သတ္တဝါ၊ ခြေနှစ်ချောင်းရှိသောသတ္တဝါ၊ ခြေလေးချောင်းရှိသော သတ္တဝါ၊ ခြေများစွာရှိသော သတ္တဝါ ဟူသောသတ္တဝါအားလုံးတို့တွင် ပူဇော်အထူးကိုခံထိုက်ပြီး တရားအားလုံးကို ကိုယ်တိုင်မှန်စွာသိမြင်တော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏။ အကြင်သူတို့သည် ဘုရား၌ကြည်ညိုကုန်၏၊ ထိုသူတို့သည် အမြတ်ဆုံး၌ ကြည်ညိုသူများဖြစ်ကြ၏။ အမြတ်ဆုံး၌ကြည်ညိုသူတို့အား အမြတ်ဆုံးဖြစ်သော အကျိုးသည် ဖြစ်၏။

အကြောင်းတရားတို့၏ ပြုပြင်စီရင်မှုကြောင့် ဖြစ်ပေါ် လာသော 'သင်္ခတ' တရားဟူသမျှတို့တွင် အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို အမြတ်ဆုံးဟုဆိုအပ်၏။ အကြင်သူတို့သည် အရိယာမဂ်၌ ကြည်ညိုကုန်၏။ ထိုသူတို့သည် အမြတ်ဆုံး၌ ကြည်ညိုသူများဖြစ်ကုန်၏။ အမြတ်ဆုံး၌ ကြည်ညိုသူတို့အား အမြတ်ဆုံးဖြစ်သော အကျိုးသည် ဖြစ်၏။

အကြောင်းတရားတို့သည် မပြုပြင်မစီရင် အပ်သော 'အသင်္ခတ' တရားတို့တွင် ရာဂကင်းရာဖြစ်သော နိဗ္ဗာန်ကို အမြတ်ဆုံးဟု ဆိုအပ်၏။ အကြင်သူတို့သည် ရာဂကင်းရာနိဗ္ဗာန်၌ ကြည်ညိုကုန်၏။ ထိုသူတို့သည် အမြတ်ဆုံး၌ ကြည်ညိုသူများဖြစ်၏။ အမြတ်ဆုံး၌ ကြည်ညိုသူတို့အား အမြတ်ဆုံး ဖြစ်သော အကျိုးသည်ဖြစ်၏။

သံဃာ့ဂိုဏ်း ဟူသမျှတို့တွင် အစုံအားဖြင့်လေးစုံ၊ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ရှိသော မြတ်စွာဘုရား၏ တပည့်သံဃာကို အမြတ်ဆုံးဟု ဆိုအပ်၏။ အကြင်သူတို့သည် ထိုသံဃာ၌ ကြည်ညိုကုန်၏။ ထိုသူတို့သည် အမြတ်ဆုံး၌ ကြည်ညိုသူများဖြစ်၏။ အမြတ်ဆုံး၌ ကြည်ညိုသူတို့အား အမြတ်ဆုံးဖြစ်သောအကျိုးသည် ဖြစ်၏ဟုဟောကြားပါသည်။

## ၅။ ဝဿကာရသုတ်

ယောကျ်ားမြတ်ဟု ဆိုနိုင်ကြောင်း တရားလေးပါး

၃၅။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာသီတင်းသုံးနေစဉ် မဂဓတိုင်း၏ အမတ်ကြီး ဖြစ်သော ဝဿကာရ ပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်၍ ဤသို့လျှောက်၏။

"အရှင်ဂေါတမ၊ အကျွန်ုပ်တို့သည် လေးပါးသော တရားတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို 'ကြီးသောပညာရှိသော ယောကျ်ားမြတ်' ဟူ၍ ပညတ်ကြပါသည်။ အဘယ် လေးပါးတို့နည်းဆိုသော်-များသောအကြားအမြင်ရှိခြင်း၊ ထိုထိုစကားတို့၏ အနက်အဓိပ္ပာယ်ကို သိနားလည်ခြင်း၊ ကြားမြင်ဖူး ပြုခဲ့ ပြောဆိုခဲ့သည်ကို အောက်မေ့နိုင်သော သတိရှိခြင်း၊ လူတို့၏ပြုဖွယ် ကိစ္စတို့၌ ကြံလုပ်စီမံနိုင်သော ဉာဏ်ပညာနှင့်ပြည့်စုံ၍ ကျွမ်းကျင်လိမ္မာခြင်းတို့ ဖြစ်ပါသည်။ အရှင်ဂေါတမ၊ကျွန်ုပ်၏ စကားကို ကျေနပ်

ထောက်ခံလိုက်လျှင်ထောက်ခံပါသလော၊ သို့မဟုတ် ကန့်ကွက်ထိုက်လျှင် လည်းကန့်ကွက်ပါသလော”

“ပုဏ္ဏားငါသည် သင်၏စကားကို ကျေနပ်ထောက်ခံခြင်း လည်း မပြု၊ ကန့်ကွက်ခြင်းလည်းမပြုလိုပေ။ သို့သော်ငါသည်ကား လူအများ အကျိုးစီးပွားကို ကျင့်ခြင်း၊ အလိုရှိသော အကြံကိုသာ ကြံ၍ အလိုမရှိ သောအကြံကို မကြံဘဲ ကြံစည်မှု၌ စိတ်အလိုအတိုင်း ဖြစ်စေနိုင်ခြင်းသို့ ရောက်ခြင်း [1]၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်သည့် စျာန်လေးပါးကိုရရှိခြင်း၊ အာသဝေါ ကင်းရာ ဖြစ်သော လွတ်မြောက် မှုကိုမျက်မှောက်ပြု၍ နေနိုင်ခြင်းဟူသော တရားလေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို‘ကြီးသောပညာရှိ ယောကျ်ားမြတ်’ဟု ပညတ်၏။”

“အရှင် ဂေါတမ၊ အံ့သြဖွယ် ကောင်းလှပါသည်။ မဖြစ်ဖူးမြဲ ထူးကဲလှပါသည်။ ကျွန်ုပ်တို့သည်အရှင်ဂေါတမကိုပင်ဤလေးပါးသော တရားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ မှတ်ဖျားကြပါကုန်၏။”

“ပုဏ္ဏား၊ စင်စစ်သင်သည် ငါ့ကိုထိပါး၍ ဤစကားကိုပြောဆို ခြင်းဖြစ်၏။ သို့သော် ,ငါတို့ယ်တိုင်ပင်သင့်အားထုတ်ဖော်ပြောကြားအံ့၊ ငါသည် လူအများ၏ အကျိုးငှာ ကျင့်သူဖြစ်၏။ ကြံစည်မှု၌ စိတ်အလို အတိုင်းဖြစ်စေနိုင်ခြင်းသို့ရောက်သူဖြစ်၏။ မျက်မှောက်ဘဝ၌ချမ်းသာစွာ နေကြောင်းဖြစ်သည့် စျာန်လေးပါးကို ရရှိသူဖြစ်၏။ အာသဝေါကင်းရာ ဖြစ်သော လွတ်မြောက်မှုကို မျက်မှောက်ပြု၍နေနိုင်သူဖြစ်၏ဟု မိန့်ကြား တော်မူပါသည်။

## ၆။ ဒေါဏသုတ်

### နတ်လူစသည်လေးမျိုးမဟုတ်သူ

၃၆။ အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့ အကြား ခရီးရှည်ကြွသွားတော်မူ၏။ ဒေါဏပုဏ္ဏားသည်လည်း ထိုခရီးကိုသွားလျက်ရှိသော မြတ်စွာဘုရား၏ ခြေတော်ရာတို့၌ အနာဘိဖြစ်ယောင်ရှိကုန်သော၊ အကွပ်ပုံမှတ်ကောင် တို့နှင့် ပြည့်စုံ ဖြစ်ကုန်

---

[1] ဝိတက္ကပထေ စေတောဝသိပ္ပတ္တော ဟောတိ။

သော၊ အလုံးစုံသော အခြင်းအရာတို့နှင့် ပြည့်စုံကုန်သော စက်လက္ခဏာတို့ကိုတွေ့မြင်လေသည် ထိုအခါဒေါနပုဏ္ဏားအား 'အံ့ဩဖွယ်ကောင်းပေစွ၊ ဤခြေထောက်တို့သည်လူသား၏ခြေထောက်များ ဖြစ်မည်မဟုတ် ဟူ၍ အကြံဖြစ်လေသည်။

ထို့နောက် ဒေါဏပုဏ္ဏားသည် လမ်းပေါ်မှဆင်း၍ လမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်၌ အေးချမ်းတည်ငြိမ်စွာ ထိုင်နေတော် မူသော ဗုဒ္ဓကိုမြင်လျှင် ဗုဒ္ဓထံချဉ်းကပ်၍ ဤသို့လျှောက်လေသည်။

''အရှင်သည်နတ်ဖြစ်လတ္တံ့လော''

''ပုဏ္ဏား၊ ငါသည် နတ်ဖြစ်မည်မဟုတ်''

''အရှင်သည်ဂန္ဓဗ္ဗဖြစ်လတ္တံ့လော''

''ပုဏ္ဏား၊ ငါသည် ဂန္ဓဗ္ဗဖြစ်မည်မဟုတ်''

''အရှင်သည်ဘီလူးဖြစ်လတ္တံ့လော''

''ပုဏ္ဏားငါသည်ဘီလူးဖြစ်မည်မဟုတ်''

''အရှင်သည်လူဖြစ်လတ္တံ့လော''

''ပုဏ္ဏား၊ငါသည်လူဖြစ်မည်မဟုတ်''

''သို့သော်အရှင်သည် အဘယ်သူဖြစ်လတ္တံ့နည်း''

''ပုဏ္ဏား၊ အကြင် အာသဝေါတရားတို့ကိုမပယ်ခြင်းကြောင့်နတ်၊ ဂန္ဓဗ္ဗ၊ ဘီလူး၊ လူဖြစ်ရာ၏။ ထိုအာသဝေါတရားတို့ကိုငါသည် အကြွင်းမဲ့ ပယ်ပြီးဖြစ်၏။ ပုဏ္ဏား၊ ရေ၌ပေါက်သောရေ၌ကြီးပွားသောကြာပင်သည် ရေပေါ်သို့တက်၍ ရေဖြင့်မလိမ်းကျံဘဲ တည်သကဲ့သို့ ထို့အတူလောက၌ဖြစ်ပေါ်၍ လောက၌ကြီးပွားသော ငါသည် လောကကို လွှမ်းမိုး၍

---

၁။ ''အရှင်သည်နတ်ဖြစ်ပါသလော'' ဟု မေးလိုရင်းဖြစ်သော်လည်း 'ဤရဟန်းသည် နောင်တွင်တန်ခိုးကြီးသော နတ်ဘဝ်ပါးဖြစ်လာလိမ့်မည်'' ဟုတွေးမိသောကြောင့် ထိုအတွေးအား လျော်စွာ ''နတ်ဖြစ်လတ္တံ့လော''ဟု အနာဂတ်စကားဖြင့် မေးခြင်းဖြစ်သည်ဟုအဋ္ဌကထာ၌ဖွင့်ပါသည်။

လောကမြင့် ပေလိမ်းကျံ ဘဲနေ၏။ ပုဏ္ဏားသင်သည် ငါ့ကိုဘုရား(ဗုဒ္ဓ)ဟူ၍ မှတ်ယူလော''ဟု မိန့်ကြားလေသည်။

## ၇။ အပရိဟာနိယသုတ်

မဆုတ်ယုတ်ကြောင်း တရားလေးပါး

၃၇။ သီလနှင့် ပြည့်စုံခြင်း၊

ဣန္ဒြေ ခြောက်ပါးတို့၌ လုံခြုံစွာ စောင့်စည်း အပ်သောဝင်ပေါက်ရှိခြင်း၊

စားသောက်ဖွယ်၌ အတိုင်းအရှည်ကို သိခြင်း၊
နိုးကြားမှုကို အစဉ် အားထုတ်ခြင်း။

ဤ တရားလေးပါးနှင့် ပြည့်စုံသော ရဟန်းသည် ဆုတ်ယုတ်ခြင်းငှာမထိုက်၊ နိဗ္ဗာန်အနီး၌ ပင် တည်ရှိ၏ဟု ဟောကြားပါသည်။

## ၈။ ပတိလီနသုတ်

တစ်ပါးတည်း ကိန်းအောင်းသူ၏ အင်္ဂါလေးပါး

၈။ ရဟန်းတို့၊ အသီးသီးသော သစ္စာတို့ကို နှုတ်ပယ်ပြီးသော၊ ရှာမှီးခြင်းကို အကြွင်းမဲ့ စွန့်ပြီးသော၊ ကာယသင်္ခါရငြိမ်း ပြီးသောရဟန်းကို 'တစ်ပါးတည်းကိန်းအောင်းသူ'ဟု ဆိုအပ်၏။

ရဟန်းတို့၊ ရဟန်းသည် အဘယ်သို့လျှင် အသီးသီးသော သစ္စာတို့ကို နှုတ်ပယ်ပြီးသူ ဖြစ်သနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် များစွာသော ရဟန်း ပုဏ္ဏားတို့၏ 'လောကသည်မြဲ၏၊ လောကသည် မမြဲ' စသော အသီးသီးသော သစ္စာတို့ကို နှုတ်ပယ်စွန့်လွှတ်ပြီး ဖြစ်၏။ ဤသို့လျှင် ရဟန်းသည် အသီးသီးသော သစ္စာတို့ကို နှုတ်ပယ်ပြီးသူ ဖြစ်၏။

ရဟန်းတို့၊ ရဟန်းသည် အဘယ်သို့လျှင် ရှာမှီးခြင်းကို အကြွင်းမဲ့ စွန့်ပယ်ပြီးသူ ဖြစ်သနည်း ဆိုသော်ဤသာသနာ၌ ရဟန်းသည် ကာမရှာ

မှိုးခြင်းကို စွန့်ပယ်ပြီးဖြစ်၏၊ ဘဝရှာမှီးခြင်းကို စွန့်ပယ်ပြီးဖြစ်၏၊ အကျင့်မြတ်ရှာမှီးခြင်းသည် ငြိမ်းအေးပြီးဖြစ်၏။ ဤသို့လျှင် ရဟန်းသည် ရှာမှီးခြင်းကို အကြွင်းမဲ့ စွန့်ပယ်ပြီးသူဖြစ်၏။

ရဟန်းတို့၊ ရဟန်းသည် အဘယ်သို့လျှင် ကာယသင်္ခါရ ငြိမ်းအေးပြီးသူဖြစ်သနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် သုခဒုက္ခတို့ကို ပယ်ခြင်းကြောင့်လည်းကောင်း၊ ဝမ်းသာခြင်း ဝမ်းနည်းခြင်းတို့၏လည်း ရှေးဦးပဆွကပင် ချုပ်ပျောက်ပြီး ဖြစ်ခြင်းကြောင့် လည်းကောင်း ဆင်းရဲခြင်း၊ ချမ်းသာခြင်းကင်း၍ ဥပေက္ခာကြောင့်ဖြစ်သည့်သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ကိုဝင်စား၍နေ၏။ ရဟန်းတို့၊ ဤသို့လျှင်ရဟန်းသည် ကာယသင်္ခါရ ငြိမ်းအေးပြီး သူဖြစ်၏။

ရဟန်းတို့၊ရဟန်းသည်အဘယ်သို့လျှင်တစ်ပါးတည်းကိန်းအောင်းသူဖြစ်သနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ငါဟူသော ထောင်လွှားမှုကိုနောင်တစ်ဖန်မဖြစ်အောင် အရင်းမှနုတ်ပယ်ပြီးဖြစ်၏။ ဤသို့လျှင် ရဟန်းသည် တစ်ပါးတည်းကိန်းအောင်းသူဖြစ်၏ဟု ဟောကြားပါသည်။

## ၉။ ဥဇ္ဇယသုတ်

### ယဇ်ပူဇော်ခြင်း ငါးမျိုး

၃၉။ အခါတစ်ပါး၌ ဥဇ္ဇယမည်သော ပုဏ္ဏားသည် ဗုဒ္ဓထံ ချဉ်းကပ်၍ “အရှင်ဂေါတမသည်လည်းယဇ်ပူဇော်ခြင်းကို ချီးမွမ်းပါသလော” ဟု မေးလျှောက်၏။ ထိုအမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူ၏။

“ပုဏ္ဏား၊ငါသည် ယဇ်ပူဇော်ခြင်း ဟူသမျှကို မချီးမွမ်း၊ အကြင်ယဇ်ပူဇော်ခြင်း၌ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက်တို့ကို သတ်ကုန်၏။ သတ္တဝါအများ ပျက်စီးခြင်းသို့ ရောက်ကုန်၏။ ထိုယဇ်ပူဇော်ခြင်းကို ငါ မချီးမွမ်း။ အကြင်ယဇ်ပူဇော်ခြင်း၌ကား နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက်တို့ကို မသတ်၊ သတ္တဝါအများ ပျက်စီးခြင်းသို့ မရောက်။ ဤသို့ညှဉ်းဆဲသတ်ဖြတ်မှု မရှိသော အမြဲမပြတ် ပေးလှူခြင်း၊ မျိုးရိုး စဉ်ဆက်အလိုက် ပေးလှူခြင်းတည်းဟူသော ယဇ်မျိုးကို ငါချီးမွမ်း၏”

မြင်းကိုသတ်၍ပူဇော်သော အဿမေဓယဇ်။

ယဇ်တိုင်ကိုစိုက်၍ပူဇော်သော ဝါဇပေယျယဇ်။

ယဇ်ဆောက်ထားကို သတ်၍ ပူဇော်သော ပုရိသမေဓယဇ်။

ထမ်းပိုးကျည်ကိုပစ်ချ၍ကျရာအရပ်၌ပူဇော်သောသမ္မာပါသ ယဇ်
မန္တာန်ဖြင့် စီရင်သည့် ထောပတ် ပျားရည်ကိုသောက်၍ ပူဇော်
သော ဝါဇပေယျယဇ်။

ဘုရားတိုက်၊ စပါးကျီတို့၏တံခါးများကိုဖွင့်၍ ဖြိုသမျှ ပစ္စည်းကို
မခြွင်းမချန် ပေးလှူသော နိရဂ္ဂဋယဇ်ဟူသော များစွာအား ထုတ်ဆောင်ရွက်
ဖွယ်ကိစ္စရှိသော ယဇ်ကြီးငါးမျိုးတို့သည် များသော အကျိုး မရှိကုန်
ဟု ဟောကြားပါသည်။

(ဤသုတ်၌ယဇ်ငါးပါးဖြစ်နေသည်။ ဘာ့ကြောင့်စတုက္ကနိပါတ်၌
ဤသုတ်ပါနေကြောင်း စဉ်းစားသင့်ပါသည်။)

၄၀။ ဥဒါယီသုတ်၌ ဥဒါယီမည်သောပုဏ္ဏားအား အဟက်သုတ်
နည်းတူဟောကြားပါသည်။

## ၅။ ရောဟိတဿဝဂ်

### ၁။ သမာဓိဘာဝနာသုတ်

သမာဓိ ပွားများခြင်း လေးပါး

၄၁။ သမာဓိပွားများခြင်းသည်-

(၁) မျက်မှောက် ဘဝ၌ ချမ်းသာစွာ နေရခြင်း အလို့ငှာဖြစ်
သော သမာဓိပွားများခြင်း။

(၂) ဉာဏ်အမြင်ရရှိခြင်းအလို့ငှာဖြစ်သောသမာဓိပွားများခြင်း

(၃) သတိသမ္ပဇဉ်ရှိခြင်းအလို့ငှာဖြစ်သောသမာဓိပွားများခြင်း

(၄) အာသဝေါတရား ကုန်ခြင်း အလို့ငှာ ဖြစ်သော သမာဓိ
ပွားများခြင်း ဟူ၍လေးပါးရှိသည်။

ထိုလေးပါးတို့တွင် ပထမစျာန် ဒုတိယစျာန် အစရှိသော စျာန်လေးပါး ကိုဝင်စားခြင်းသည်မျက်မှောက်ဘဝ၌ချမ်းသာစွာ နေကြောင်းဖြစ်သော သမာဓိပွားများခြင်း မည်၏။

ဤသာသနာ၌ရဟန်းသည် အရောင်အလင်းဟူသော အမှတ်သညာကိုနှလုံးသွင်း၏။ နေ့ဟူသော အမှတ်သညာကို ဆောက်တည်၏။ ညအချိန်၌ နေ့အချိန် ကဲ့သို့ လည်းကောင်း၊ နေ့အချိန်၌ ညအချိန် ကဲ့သို့ လည်းကောင်း၊ အရောင်အလင်းဟူသော အမှတ်သညာကိုနှလုံးသွင်း၏။ ဤသို့အပိတ်အဆီးမရှိ၊ ဟင်းလင်းပွင့်သော စိတ်ဖြင့် အရောင်အလင်းနှင့်တကွ ဖြစ်သော စိတ်ကိုပွားများ၏။ ဤသို့ ပွားများခြင်းသည် (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ကို ရရှိခြင်းအလို့ငှာ ဖြစ်သောသမာဓိပွားများခြင်း မည်၏။

ဤသာသနာ၌ ရဟန်းအား ဝေဒနာ၊ သညာ၊ ဝိတက် တို့သည် ထင်ရှားလျက် ဖြစ်ပေါ်ကုန်၏။ ထင်ရှားလျက်တည်ကုန်၏။ ထင်ရှားလျက် ချုပ်ပျောက်ခြင်းသို့ ရောက်ကုန်၏။ ဤသို့ဖြစ်ခြင်းသည် သတိသမ္ပဇဉ် အလို့ငှာ ဖြစ်သော သမာဓိ ပွားခြင်း မည်၏။

ဉပါဒါနက္ခန္ဓာ ငါးပါးတို့၌ဖြစ်ခြင်းပျက်ခြင်းကိုအဖန်ဖန်ရှုလျက် နေခြင်းသည် အာသဝေါ တရားများ ကုန်ခြင်းငှာ ဖြစ်သော သမာဓိပွားများခြင်းမည်၏ဟု ဟောကြားပါသည်။

## ၂။ ပဥှာဗျာကရဏသုတ်

### ပြဿနာဖြေခြင်းလေးမျိုး

၄၂။ ကေန်ဖြေဆိုရမည့် ဧကံသဗျာကရဏီယ ပြဿနာ၊

ခွဲခြားဝေဖန်၍ ဖြေဆိုရမည့် ဝိဘဇ္ဇဗျာကရဏီယပြဿနာ၊
တစ်ဖန်မေး၍ ဖြေဆိုရမည့်ပဋိပုစ္ဆာဗျာကရဏီယပြဿနာ၊
မဖြေဘဲ ထားရမည့် ဌပနီယပြဿနာ၊

ဤသို့ပြဿနာ လေးမျိုးရှိကြောင်း ဟောသည်။

## ၃။ ပထမ ကောဓဂရုသုတ်

### အမျက်ထွက်ခြင်းကို အလေးပြုသူစသော ပုဂ္ဂိုလ်လေးမျိုး

၄၃။ အမျက်ထွက်ခြင်းကိုအလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသူ၊ ကျေးဇူး ချေဖျက်ခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသူ၊ လာဘ်ရခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကိုအလေးမပြုသူ။ အရိုအသေပြုခံရခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသူဟူ၍ ပုဂ္ဂိုလ်လေးမျိုးရှိသည်။

ထို့အတူ သူတော်ကောင်းတရားကို အလေးပြု၍ အမျက်ထွက်ခြင်းကို အလေးမပြုသူ စသည်ဖြင့်လည်း ပုဂ္ဂိုလ်လေးမျိုး ရှိ၏ဟု ဟောသည်။

၄၄။ ဒုတိယ ကောဓဂရုသုတ်၌ အမျက်ထွက်ခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေး မပြုခြင်းစသော အားဖြင့် သူယုတ်မာတို့၏ အကျင့် လေးမျိုးရှိပြီး သူတော်ကောင်း တရား အလေးပြု၍ အမျက်ထွက်ခြင်းကို အလေးမပြုခြင်း စသည်ဖြင့် သူတော်ကောင်းတို့၏ အကျင့်လေးမျိုးရှိကြောင်း ဟောသည်။

## ၅။ ရောဟိတဿသုတ်

### ကိုယ်ခန္ဓာထဲ၌ပင် သစ္စာလေးပါးကို တွေ့ရှိနိုင်ကြောင်း

၄၅။ အခါတစ်ပါး၌ ရောဟိတဿ မည်သော နတ်သားသည် ဗုဒ္ဓထံချဉ်းကပ်၍ မေးလျှောက်၏-

"အရှင်ဘုရား၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း သေခြင်း ပဋိသန္ဓေ ဖြစ်သော လောက၏ အဆုံးကို ခြေကျင်သွားခြင်း ဖြင့် သိမြင် ဆိုက်ရောက်ခြင်းငှာတတ်ကောင်းပါသလော"

"နတ်သား၊ လောက၏အဆုံးကို ခြေကျင် သွားခြင်းဖြင့် သိမြင် ဆိုက်ရောက်ခြင်းငှာ မတတ်ကောင်းပေ။

အတ္တမဟုတ်သောအရာ၌ အတ္တဟု မှတ်ထင်ခြင်း၊
မတင့်တယ်သောအရာ၌ တင့်တယ်၏ဟု မှတ်ထင်ခြင်း၊
ဤသို့အားဖြင့် သညာဖောက်ပြန်မှု "သညာဝိပ္လာသ"
တို့သည် လေးပါးရှိ၏ဟု ဟောပါသည်။

### ၁၀။ ဥပက္ကိလေသသုတ်

ရဟန်းတို့၏ အညစ်အကြေးလေးပါး

၅၀။ လနှင့်နေတို့ကို အရောင်မလင်းဘဲညစ်နွမ်းစေသောအရာတို့သည် တိမ်တိုက်၊ ဆီးနှင်း၊ မြူခိုး၊ ရာဟု အသူရိန်ဟူ၍ လေးမျိုးရှိသည်။ ထို့အတူ ရဟန်းပုဏ္ဏားတို့ကို ညစ်နွမ်းစေသော အရာတို့သည်လည်း သေရည်သေရက် သောက်ခြင်း၊ မေထုန်မှီဝဲခြင်း၊ ရွှေငွေကိုသာယာခြင်း၊ လွဲမှားသော အသက်မွေးမှု 'မိစ္ဆာဇီဝ' ဖြင့် အသက်မွေးခြင်းဟူ၍ လေးပါးရှိသည်ဟု ဟောပါသည်။

## ၆။ ပုညာဘိသန္ဒဝဂ်

### ၁။ ပထမ ပုညာဘိသန္ဒသုတ်

ကောင်းမှုအလျဉ်လေးပါ

၅၁။ ချမ်းသာကိုဆောင်တတ်သော၊ တူးမြတ်သော အကျိုးကို ဖြစ်စေ တတ်သော၊ ချမ်းသာသော အကျိုးကို ဖြစ်စေ တတ်သော၊ နတ်ပြည်၌ဖြစ်စေတတ်သော ကုသိုလ်ကောင်းမှု အလျဉ်တို့သည် လေးပါး ရှိကုန်၏။[၁]

---

၁။ ပုညာဘိသန္ဒာတိ ပုညဿ အဘိသန္ဒာ ပုညပ္ပဝတ္တိယောတိ အတ္ထော) အဋ္ဌကထာ)။ ကောင်းမှု၏ စီးဆင်းဖြစ်ပေါ်မှု တို့သည်ဟု ဆိုလိုသည်။ ပုညာဘိသန္ဒာပိ ဝါ ပုညနဒိယော (ဋီကာ)။ ကောင်းမှု ဟူသော မြစ်ရေအလျဉ်တို့သည်ဟု ဆိုလိုသည်။

ရင်းတို့မှာ-

(၁) **အကြင်သူ၏ သက်နီးကို** သုံးဆောင်သော ရဟန်းသည် အတိုင်းအရှည်မရှိသော စိတ်တည်ကြည်မှု (အရဟတ္တဖိုလ်သမာဓိ) ကိုပြည့်စုံစေ၍ နေ၏။ ထိုသူ အားအတိုင်းအရှည်မရှိသော ကုသိုလ်ကောင်းမှုအလျဉ်သည် ဖြစ်၏။

(၂) အကြင်သူ၏ ဆွမ်းသုံးဆောင်သော ရဟန်းသည် အတိုင်းအရှည်မရှိသောစိတ်တည်ကြည်မှုကိုပြည့်စုံစေ၍နေ၏။ ထိုသူ ထိုသူအားအတိုင်းအရှည်မရှိသောကုသိုလ်ကောင်းမှုအလျဉ်းသည်ဖြစ်၏။

(၃) အကြင်သူ၏ ကျောင်းကို သုံးဆောင်သော ရဟန်းသည် အတိုင်းအရှည် မရှိသော စိတ်တည်ကြည်မှုကို ပြည့်စုံစေ၍ နေ၏။ ထိုသူအား အတိုင်းအရှည်မရှိသော ကုသိုလ်ကောင်းမှု အလျဉ်းသည်ဖြစ်၏။

(၄) အကြင်သူ၏ ဆေးဝါးပစ္စည်းများကို သုံးဆောင်သောရဟန်းသည် အတိုင်းအရှည် မရှိသော စိတ်တည်ကြည်မှုကို ပြည့်စုံစေ၍နေ၏။ ထိုသူအားအတိုင်းအရှည်မရှိသောကုသိုလ်ကောင်းမှု အလျဉ်းသည် ဖြစ်၏။

ဤလေးပါးသောကုသိုလ်ကောင်းမှု အလျဉ်းတို့နှင့် ပြည့်စုံသောသူ၏ ကုသိုလ်ကောင်းမှုကို 'ဤမျှ၊ ဤသို့ရှိ၏' ဟု တိုင်းတာခြင်းငှာမလွယ်၊ 'မတိုင်းတာ မရေတွက်နိုင်သော ကုသိုလ်ကောင်းမှုအစု' ဟူ၍ သာလျှင် ဆိုအပ်၏။ ဥပမာ မဟာသမုဒ္ဒရာထဲမှ ရေတို့ကို ရေကျက်ချင်တွယ်ခြင်းငှာ မတတ်ကောင်းသကဲ့သို့ ဖြစ်၏ဟု ဟောကြားပါသည်။

၅၂ ဒုတိယ ပုညာဘိသန္ဒသုတ်၌
ဘုရား၌စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊
တရား၌စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊
သံဃာ၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊
အရိယာတို့ နှစ်သက်အပ်သည့် မကျိုး မပေါက် မပြောက် မကျားသော သီလနှင့် ပြည့်စုံခြင်း။

သူကြွယ်အိမ်သို့ ကြွသွားတော်မူ၏။ နကုလပိတာ၊ သူကြွယ်သည် ဗုဒ္ဓအား ရှိခိုးပြီး ဤသို့လျှောက်ကြား၏။

"အရှင်ဘုရား၊ တပည့်တော်သည် နကုလမာတာ သူကြွယ်မကို ငယ်ရွယ်စဉ်ကပင် ခေါ်ဆောင်ခဲ့ပြီး ထိုအချိန်မှစ၍ စိတ်ဖြင့်သော်လည်း သူမကိုလွန်၍ မကျင့်ခဲ့ဖူးပါ။ ကိုယ်ဖြင့်ကား ဆိုဖွယ်မရှိပါ။ တပည့်တော်တို့သည် ယခုမျက်မှောက်ဘဝ၌ လည်းကောင်း၊ နောင်တမလွန်၌လည်းကောင်း တစ်ဦးနှင့်တစ်ဦး မြင်တွေ့လိုကြပါသည်ဘုရား"

နကုလမာတာ သူကြွယ်မကလည်း သူမသည် ငယ်ရွယ်စဉ်ကပင် နကုလပိတာသူကြွယ်၏ အိမ်သို့လိုက်ခဲ့ရပြီး ထိုအချိန်မှစ၍နကုလပိတာကို စိတ်ဖြင့်သော်လည်းလွန်၍ မကျင့်ခဲ့ဖူးကြောင်း လျှောက်ကြား၏။ ထိုအခါ ဗုဒ္ဓက–

"သူကြွယ်တို့၊ ယခုမျက်မှောက်ဘဝ၌ လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း တစ်ဦးနှင့်တစ်ဦး တွေ့မြင်လိုသော လင်နှင့်မယားတို့သည် တစ်ဦးနှင့်တစ်ဦး တူညီသောသဒ္ဓါ၊ တူညီသော သီလ၊ တူညီသောစွန့်လွှတ်မှု (စာဂ)၊ တူညီသော ပညာရှိကြကုန်၏။ ယင်းသို့ဖြစ်သော် တစ်ဦးနှင့်တစ်ဦး တွေ့မြင်နေကြရလိမ့်မည်" ဟု မိန့်ကြားတော်မူပါသည်။

၃၆။ ဒုတိယ သမဇီဝိနီသုတ်မှာ ပထမသုတ်ပါ အကြောင်းအရာကိုပင် ရဟန်းတို့အား ဟောကြားခြင်းဖြစ်၏။

## ၇။ သုပ္ပဝါသာသုတ်

### ဆွမ်းလှူခြင်း အကျိုးလေးပါး

၃၇။ အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ကောလိယတိုင်း၊ ပဇ္ဇနိက မည်သော နိဂုံး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ နံနက်အချိန်၌ သုပ္ပဝါသာ မည်သော ကောလိယ မင်းသမီး၏ နေအိမ်သို့ဆွမ်းအလို့ငှာ

ကြွသွားတော်မူ၏၊ သုပ္ပဝါသာသည် ဗုဒ္ဓအား မွန်မြတ်သော ဆွမ်းဖြင့် လုပ်ကျွေးပြုစု၏။ ဆွမ်းကိုစား ပြီးသောအခါ ဗုဒ္ဓက သုပ္ပဝါသာအား အောက်ပါအတိုင်း မိန့်ကြားခဲ့သည်-

"သုပ္ပဝါသာ၊ ဆွမ်းကိုလှူသော အရိယာ တပည့်မသည် အလှူခံတို့အား အသက်၊ အဆင်း၊ ချမ်းသာခြင်း၊ ခွန်အားဟူသော အရာလေးပါးကိုပေး လှူရာည်မည်၏။ အသက်ကို ပေးလှူသူသည် နတ်၌ ဖြစ်သော အသက်ရှည်ခြင်း၊ လူ၌ဖြစ်သော အသက်ရှည်ခြင်းကို ရ၏။... ခွန်အားကို ပေးလှူသူသည် နတ်၌ဖြစ်သော ခွန်အား၊ လူ၌ဖြစ်သောခွန်အားကိုရ၏"

၅၈။ သုဒတ္တသုတ်မှာ ဆွမ်းလှူခြင်း၏ အကျိုး လေးပါးကိုပင် အနာထပိဏ်သေဋ္ဌေးဟု အမည်တွင်သော သုဒတ္တ သူကြွယ်အား ဟော ကြားခြင်း ဖြစ်ပါသည်။

၅၉။ ဘောဇနသုတ်မှာ ဆွမ်းလှူခြင်း၏ အကျိုး လေးပါးကို ပင် ရဟန်းတို့အား ဟောကြားခြင်းဖြစ်ပါသည်။

## ၁၀။ ဂိဟိသာမိစိသုတ်

လူတို့နှင့်သင့်လျော်သော ကျင့်ဝတ်လေးပါး

၆၀။ ရဟန်းသံဃာအား သင်္ကန်းလှူခြင်း၊ ဆွမ်းလှူခြင်း၊ ကျောင်း လှူခြင်း၊ ဆေးဝါးပစ္စည်းလှူခြင်း ဟူသော တရား လေးပါးနှင့်ပြည့်စုံသော အရိယာတပည့်သည် ဆင်ခြင်အရံ အကျော် အစောကို ရစေတတ်သော၊ နတ် ပြည်၌ ဖြစ်စေတတ်သော၊ လူတို့နှင့် သင့်လျော်သော ကျင့်ဝတ်ကိုကျင့်သူ ဖြစ်၏ဟု အနာထပိဏ် သေဋ္ဌေးအား ဟောကြားသည်။

# ၇။ ပတ္တကမ္မဝဂ်

## ၁။ ပတ္တကမ္မသုတ်

ရလျောက်ပတ်သော အမှု လေးပါး

၆၁။ ဗုဒ္ဓမြတ်စွာက အနာထပိဏ်သေဋ္ဌေးအား အောက်ပါအတိုင်း ဟောကြားသည်။

**ရခဲသော တောင့်တမှု လေးပါး**

လောက၌ လိုလားနှစ်သက် မြတ်နိုး အပ်၍ ရရန် ခဲယဉ်းသော တောင့်တမှု လေးမျိုးရှိသည်။ ၎င်းတို့မှာ-

(၁) ငါ့အား တရားသဖြင့် စည်းစိမ်ဥစ္စာ များ ဖြစ်ပါစေဟူ၍ တောင့်တခြင်း၊

(၂) ငါ့အား ဆွေမျိုးမိတ်ဆွေတို့နှင့်တကွ အခြံအရံ အကျော်အစောသည် ရောက်လာပါစေဟူ၍ တောင့်တခြင်း၊

(၃) ငါသည် ဆွေမျိုး မိတ်ဆွေတို့နှင့် အတူတကွ ကြာမြင့်စွာ အသက်ရှည်ပါစေဟူ၍ တောင့်တခြင်း၊

(၄) ငါသည် ကြာမြင့်စွာ အသက်ရှည်ပြီး သေလွန်သော အခါ နတ်ပြည်သို့ရောက်ပါစေဟူ၍ တောင့်တခြင်းတို့ဖြစ်သည်။

**တောင့်တမှုကို ရစေနိုင်သော တရားလေးပါး**

ဤလေးပါးသော တောင့်တမှုကို ရစေနိုင်သော တရားလေးပါး ရှိ၏။ ၎င်းတို့မှာ သဒ္ဓါနှင့် ပြည့်စုံခြင်း၊ သီလနှင့်ပြည့်စုံခြင်း၊ စာဂ(စွန့်လွှတ်မှု) နှင့် ပြည့်စုံခြင်း၊ ပညာနှင့် ပြည့်စုံခြင်းတို့ဖြစ်၏။

ထိုလေးပါးတို့တွင် မြတ်စွာဘုရား၏ဗောဓိဉာဏ်ကို ယုံကြည်ခြင်းသည် သဒ္ဓါနှင့် ပြည့်စုံခြင်းမည်၏။

သူ့အသက် သတ်ခြင်း စသော မကောင်းမှုတို့မှ ရှောင်ကြည်ခြင်းသည် သီလနှင့်ပြည့်စုံခြင်းမည်၏။

ဝန်တိုခြင်းကင်းသော စိတ်ဖြင့် အိမ်ထောင်ကို အုပ်ချုပ်၍နေပြီး လှူဒါန်းမှု၊ ခွဲဝေပေးကပ်းမှု တို့၌ မွေ့လျော်ခြင်းသည် စာဂနှင့်ပြည့်စုံခြင်းမည်၏။

အဘိဇ္ဈာ၊ဗျာပါဒ စသောတရားဆိုးများ လွှမ်းမိုးသော စိတ်ဖြင့် နေသူသည် မပြုသင့်သော အမှုကို ပြုလုပ်၏။ ပြုလုပ်သင့်သော အမှုကို လွဲချော်စေ၏။ အဘိဇ္ဈာ၊ဗျာပါဒ စသော တရားများကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ယင်းတို့ကို ပယ်စွန့်သော အရိယာတပည့်သည်ပညာနှင့်

ပြည့်စုံသူမည်၏၊ ထိုသို့သိ၍ ပယ်ခြင်းကိုလည်း ပညာနှင့်ပြည့်စုံခြင်း ဟူ၍ ဆိုအပ်၏။

**လျောက်ပတ်သော အမှုလေးပါး**

သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ ဟူသော တရားလေးပါးနှင့် ပြည့်စုံသော အရိယာတပည့်သည် မိမိ၏လုံ့လဝီရိယအားလျော်စွာ တရားသဖြင့် ရအပ်သော စည်းစိမ်ဥစ္စာတို့ဖြင့် လျောက်ပတ်သော အမှုလေးခုကိုပြု၏။ ၎င်းတို့မှာ-

(၁) မိမိရှာဖွေရရှိသောစည်းစိမ်ဥစ္စာတို့ဖြင့်မိမိနှင့်တကွမိဘ၊ သားမယား ကျေးကျွန်၊ ဆွေမျိုးမိတ်ဆွေတို့ကို ချမ်းသာပြည့်ဖြိုးစေခြင်း၊

(၂) ထိုစည်းစိမ် ဥစ္စာတို့ဖြင့် မီး၊ ရေ၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်အပ်သော အမွေခံတို့ကြောင့် ဖြစ်ပေါ်လာသည့်ဘေးရန်တို့ကို ပိတ်ဆို့တားဆီးခြင်း၊

(၃) ထိုစည်းစိမ်ဥစ္စာတို့ဖြင့် ဆွေမျိုး၊ ဧည့်သည်၊ ကွယ်လွန်သွားသူ၊ မင်း၊ စိုးရာဇာနှင့် နတ်တို့အား ပြုသင့်သော ပူဇော်ချီးမြှောက်မှုကို ပြုခြင်း၊

(၄) ထိုစည်းစိမ်တို့ဖြင့် မူးယစ်မေ့လျော့ခြင်းမှ ရှောင်ကြဉ်၍ သည်းခံခြင်း၊ ကောင်းသောအမှု၌ မွေ့လျော်ခြင်း၌ တည်သော ရဟန်း၊ ပုဏ္ဏားတို့၌ မြတ်သောအလှူကို ဖြစ်စေခြင်းတို့ ဖြစ်၏ဟု ဟောကြားပါသည်။

## ၂။ အနဏသုတ်

ကြွေးမြီကင်းခြင်းစသော ချမ်းသာခြင်းလေးမျိုး

၆၂။ ကာမဂုဏ်ခံစားသော လူဝတ်ကြောင်များအနေဖြင့် အခါအားလျော်စွာ ရရှိနိုင်သည့်ချမ်းသာမှုတို့သည် ရှိခြင်းချမ်းသာ၊ သုံးဆောင်ရခြင်းချမ်းသာ၊ ကြွေးမြီ ကင်းခြင်းချမ်းသာ၊ အပြစ်ကင်းခြင်းချမ်းသာဟူ၍ လေးမျိုးရှိသည်။

ထိုချမ်းသာ လေးမျိုးတို့တွင်စည်းစိမ်ဥစ္စာတို့ကိုချွေးထွက်သံယိုဖြင့် ပင်ပန်းကြီးစွာအားထုတ်ရှာဖွေ၍ ရှိခြင်းကြောင့်ဖြစ်သော ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းသည် ရှိခြင်းချမ်းသာ 'အတ္ထိသုခ' မည်၏။

ထိုစည်းစိမ်ဥစ္စာတို့ကို ခံစားသုံးဆောင်ခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းကြောင့်ဖြစ်သော ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းသည် သုံးဆောင်ရခြင်းချမ်းသာ 'ဘောဂသုခ' မည်၏။

ထိုစည်းစိမ်ဥစ္စာတို့ကို ရှိ၍သူတစ်ပါးထံမှ အနည်းငယ်သောကြွေးမြီ ကိုမျှ မယူရခြင်းကြောင့်ဖြစ်သောချမ်းသာသည်ကြွေးမြီးကင်းခြင်းချမ်းသာ'အနဏသုခ' မည်၏။

အပြစ်ကင်းသော ကိုယ်မှု နှုတ်မှု စိတ်မှုတို့နှင့် ပြည့်စုံခြင်းကြောင့် ဖြစ်သော ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းသည် အပြစ်ကင်းခြင်း ချမ်းသာ'အနဝဇ္ဇသုခ'မည်၏ဟု ဗုဒ္ဓက အနာထပိဏ်သေဋ္ဌေးအား ဟော ကြားပါသည်။

## ၄။ ဗြဟ္မသုတ်

### မိဘနှစ်ပါး၏ ဗြဟ္မာစသော အမည်လေးမျိုး

၆၃။ ရဟန်းတို့၊ အိမ်၌မိဘနှစ်ပါးကို ပူဇော်ထားသောအမျိုးသား အမျိုးသမီးတို့သည် ဗြဟ္မာနှင့် အတူနေသူများဖြစ်ကုန်၏။ လက်ဦးဆရာနှင့်အတူနေသူများဖြစ်ကုန်၏။အိမ်ဦးနတ်နှင့်အတူနေသူများဖြစ်ကုန်၏၊အလှူခံပုဂ္ဂိုလ်မြတ်နှင့် အတူနေသူများ ဖြစ်ကုန်၏၊

ရဟန်းတို့၊ ဗြဟ္မာဟူသောအမည်သည် မိဘတို့၏ အမည်ဖြစ်၏။ လက်ဦးဆရာဟူသောအမည်သည် မိဘတို့၏အမည်ဖြစ်၏။ အိမ်ဦးနတ်ဟူသောအမည်သည် မိဘတို့၏ အမည်ဖြစ်၏၊ အလှူခံ ပုဂ္ဂိုလ်မြတ် ဟူသော အမည်သည် မိဘတို့၏အမည်ဖြစ်၏။ အဘယ့်ကြောင့် မိဘတို့သည် ဗြဟ္မာစသော အမည်လေးမျိုးကို ခံထိုက်သနည်း ဆိုသော်-မိဘတို့သည် သားသမီးတို့အား များစွာကျေးဇူးပြုသူ၊ ကျွေးမွေးစောင့်ရှောက်သူ၊ လောကကိုပြသူများ ဖြစ်သောကြောင့်ပေတည်းဟု ဟောကြားပါသည်။

၆၄။ နိရယသုတ်၌ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ ဖောက်လွဲဖောက်ပြန်ကျင့်ခြင်း၊ မုသားပြောခြင်း ဟူသော

တရားသေးပါးနှင့် ပြည့်စုံသူသည်ပင်ချစ်ဖွယ်ကောင်းသည်ဖြစ်ရာ၏ဟု ဟောပါသည်။

## ၅။ ရူပသုတ်

### အဆင်း၌ ကြည်ညိုသူ စသောပုဂ္ဂိုလ်လေးမျိုး

၆၅။ ( ၁ ) အဆင်းသဏ္ဌာန်ကို ပမာဏပြု၍ အဆင်း သဏ္ဌာန်၌ ကြည်ညိုသူ။

( ၂ ) အသံကိုပမာဏပြု၍ အသံ၌ကြည်ညိုသူ။

( ၃ ) ခေါင်းပါးမှုကို ပမာဏပြု၍ခေါင်းပါးမှု၌ ကြည် ညိုသူ။

( ၄ ) တရားကိုပမာဏပြု၍ တရား၌ကြည်ညိုသူ-

ဤသို့ ပုဂ္ဂိုလ်လေးမျိုးရှိ၏ဟု ဟောပါသည်။

၆၆။ သရာဂသုတ်၌ ရာဂရှိသော ပုဂ္ဂိုလ် (ရာဂလွှမ်းကဲသော ပုဂ္ဂိုလ်)၊ ဒေါသရှိသောပုဂ္ဂိုလ်၊ မောဟရှိသောပုဂ္ဂိုလ်၊ မာနရှိသောပုဂ္ဂိုလ် ဟူ၍ ပုဂ္ဂိုလ်လေးမျိုးရှိကြောင်း ဟောပါသည်။

## ၇။ အဟိရာဇသုတ် (ခန္ဓပရိတ်)

### မြွေမင်းလေးမျိုးအား မေတ္တာပွားပုံ

၆၇။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံး စဉ် ရဟန်းတစ်ပါး မြွေကိုက်၍ ကွယ်လွန်သွားသဖြင့် ရဟန်းတို့က ထို အကြောင်းကို ဗုဒ္ဓအား လျှောက်ထားကြသည်။ ထိုအခါ ဗုဒ္ဓက အောက် ပါအတိုင်း မိန့်ကြားတော်မူ၏။

''ရဟန်းတို့၊ အကယ်၍ရဟန်းသည် မြွေမင်းလေးမျိုးကို မေတ္တာ စိတ်ဖြင့်ဖြန့်ခဲ့သော် မြွေကိုက်၍ သေမည်မဟုတ်။ မေတ္တာစိတ်ဖြင့် မဖြန့် သောကြောင့်သာလျှင် မြွေကိုက်၍ သေခြင်းဖြစ်ရ၏။ မြွေမင်းလေးမျိုး ဟူသည်-ဝိရူပက္ခမြွေမင်းမျိုး၊ ဧရာပထမြွေမင်းမျိုး၊ ဆဗျာပုတ္တမြွေမင်းမျိုး၊

ကဏှာဂေါတမမြွေမင်းမျိုးတို့ဖြစ်၏။ ရဟန်းတို့၊ မိမိကိုယ်မိမိလုံခြုံစေရန်၊ စောင့်ရှောက်ရန်၊ ကာကွယ်ရန်အတွက် ဤမြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် ဖြန့်ခြင်းငှာ ငါခွင့်ပြု၏။

## မေတ္တာစိတ်ဖြင့် ဖြန့်ပုံ

''ငါ့အား ဝိရူပက္ခနဂါးမျိုးတို့၌ ချစ်ခြင်းမေတ္တာဖြစ်ပါစေ။
ငါ့အား ဧရာပထ နဂါးမျိုးတို့၌ ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။
ငါ့အား ဆဗျာပုတ္တနဂါးမျိုးတို့နှင့် ချစ်ခြင်း မေတ္တာဖြစ်ပါစေ။
ငါ့အား ကဏှာဂေါတမ နဂါးမျိုးတို့နှင့် ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။

ငါ့အား ခြေမရှိသောသတ္တဝါတို့နှင့် ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။
ငါ့အား ခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့် ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။

ငါ့အား ခြေလေးချောင်းရှိသော သတ္တဝါတို့နှင့် ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။

ငါ့အား များသောခြေရှိသည့် သတ္တဝါတို့နှင့် ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။

ခြေမရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲပါစေလင့်။

ခြေနှစ်ချောင်းရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲပါစေလင့်။

ခြေလေးချောင်းရှိသော သတ္တဝါတို့သည် ငါ့ကို မညှဉ်းဆဲပါစေလင့်။

များသော ခြေရှိသော သတ္တဝါတို့သည် ငါ့ကို မညှဉ်းဆဲပါစေလင့်။

အလုံးစုံသော သတ္တဝါ ဟူသမျှတို့သည် ကောင်းမြတ်သော ဣဋ္ဌာရုံတို့ကို တွေ့မြင်ကြပါစေ၊

မည်သူ တစ်ဦးတစ်ယောက်သို့မျှ မကောင်းသော ဆင်းရဲဒုက္ခသည် မကျရောက်ပါစေလင့်။

မြတ်စွာဘုရားသည် ဂုဏ်တော်အားဖြင့် အတိုင်းအရှည်ပမာဏ မရှိ။

တရားတော်သည် ဂုဏ်တော်အားဖြင့် အတိုင်းအရှည် ပမာဏ မရှိ။

သံဃာတော်သည် ဂုဏ်တော်အားဖြင့် အတိုင်းအရှည် ပမာဏ မရှိ။

မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ပင့်ကူ၊ အိမ်မြှောင်၊ ကြွက် ဟူသောအင်္ဂါဖြင့် တွားသွားတတ်သည့် သတ္တဝါတို့သည်ကား ကန့်သတ်မှုပြုတတ်သည့် ကိလေသာရှိသူများဖြစ်၍ အတိုင်းအရှည် ပမာဏရှိသူများ ဖြစ်ကုန်၏။

ငါသည် အကာအကွယ်အစောင့်အရှောက်ကို ပြုခဲ့ပြီးပြီ၊ အရံအတားကို ပြုခဲ့ပြီးပြီ၊ သတ္တဝါ များသည် ရှောင်ရှားကြကုန်လော့။ ငါသည် မြတ်စွာဘုရားအားရှိခိုးပါ၏၊ ဝိပဿီစသော ခုနစ်ဆူသောဘုရားတို့အား ရှိခိုးပါ၏။

ဤသို့လျှင် မြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် ဖြန့်ရမည်ဟု ဟောကြားတော်မူသည်။

(ပရိတ်ကြီး၁၁ သုတ်မှ မြွေအန္တရာယ်ကာကွယ်နိုင်သော ခန္ဓပရိတ်၏ မူရင်းသုတ်ဖြစ်၍မူရင်းပါဠိအတိုင်း အပြည့်အစုံ ဆိုလိုက်ပါသည်။)

## ၈။ ဒေဝဒတ္တသုတ်

### မိမိကိုယ် မိမိဖျက်ဆီးသူလေးမျိုး

၆၈။ ဗုဒ္ဓမြတ်စွာသည်ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်၌သီတင်းသုံးစဉ် ဒေဝဒတ်က သံဃာကို သင်းခွဲ၍ထွက်ခွာသွားခြင်းကို အကြောင်းပြု၍ အောက်ပါစကားကို မိန့်ကြားတော်မူ၏။

"ငှက်ပျောပင်၊ ဝါးပင်၊ ကျူပင် ပြီးလျှင်သော်သည် ပိပိကိုယ် မိမိ သတ်ဖြတ်ဖျက်ဆီးရန်အသီးသီးသကဲ့သို့ လည်းကောင်း၊ ဆာယာကိုရ မြင်းမသည် မိမိကိုယ်မိမိ သတ်ဖြတ်ဖျက်ဆီးရန် ကိုယ်ဝန်ကို ယူသကဲ့သို့

လည်းကောင်း၊ ထို့အတူပင် မိမိကိုယ်မိမိသတ်ဖြတ်ရန် ဒဒဝဒတ်အား လာဘ်ရခြင်း၊ ပူဇော်ခံရခြင်း ကျော်ခေစာခြင်းသည် ဖြစ်ပေါ်လာ၏။

## ၉။ ပဓာနသုတ်

အားထုတ်ခြင်းလေးမျိုး

၉၆။ စောင့်စည်းသောအားဖြင့် အားထုတ်ခြင်း၊
ပယ်သောအားဖြင့် အားထုတ်ခြင်း၊
ပွားများသောအားဖြင့် အားထုတ်ခြင်း၊
စောင့်ရှောက်သော အားဖြင့် အားထုတ်ခြင်း၊
ဤသို့အားထုတ်ခြင်းလေးမျိုးရှိကြောင်း ဟောသည်။

ထိုလေးမျိုးတို့တွင် မဖြစ်သေးသော အကုသိုလ် တရားဆိုးများ ပေါ်မလာစေရန် ဆန္ဒကိုဖြစ်စေခြင်း၊ လုံ့လဝီရိယကို အားထုတ်ခြင်းသည် စောင့်စည်းသောအားဖြင့် အားထုတ်ခြင်း 'သံဝရပ္ပဓာန' မည်၏။

ဖြစ်ပေါ်လာသောအကုသိုလ် တရားဆိုးများကို ပယ်ရှားနိုင်ရန် ဆန္ဒကိုဖြစ်စေခြင်း၊ လုံ့လဝီရိယကိုအားထုတ်ခြင်းသည်ပယ်သောအားဖြင့် အားထုတ်ခြင်း 'ပဟာနပ္ပဓာန'မည်၏။

မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်ပေါ်စေရန်ဆန္ဒကို ဖြစ်စေခြင်း၊ လုံ့လဝီရိယကို အားထုတ်ခြင်းသည် ပွားများသောအားဖြင့် အားထုတ်ခြင်း 'ဘာဝနာပဓာန' မည်၏။

ဖြစ်ပေါ်လာသော ကုသိုလ်တရားများ တည်တံ့တိုးပွားစေရန် ဆန္ဒကိုဖြစ်စေခြင်း၊ လုံ့လဝီရိယကို အားထုတ်ခြင်းသည် စောင့်ရှောက်သောအားဖြင့် အားထုတ်ခြင်း 'အနုရက္ခဏာပဓာန' မည်၏ဟု ဟောကြားပါသည်။

## ၁၀။ အဓမ္မိကသုတ်

လူဘန်းစားလေးမျိုး တရားပျက်သောအခါ

၇၀။ ပြည့်ရှင်မင်းတို့တရားမစောင့်သောအခါ မင်း၏မှူးမတ်တို့သည် တရားမစောင့်ကုန်။

မှူးမတ်တို့ တရားမစောင့်သောအခါ မြို့နေပုဏ္ဏား၊ သူကြွယ်တို့သည်[1] တရားမစောင့်ကုန်။

မြို့နေ ပုဏ္ဏားသူကြွယ်တို့ တရားမစောင့်သောအခါ နိဂုံးသား ဇနပုဒ်သားတို့သည် တရားမစောင့်ကုန်။

နိဂုံးသား ဇနပုဒ်သားတို့တရားမစောင့်သောအခါ လနှင့်နေတို့သည် မညီမညွတ် သွားလာ လှည့်လည်ကုန်၏။

လနှင့်နေတို့ မညီမညွတ် သွားလာလှည့်လည်သောအခါ နက္ခတ်တာရာတို့သည် မညီမညွတ် သွားလာလှည့်လည်ကုန်၏။

နက္ခတ်တာရာတို့ မညီမညွတ် သွားလာ လှည့်လည်သောအခါ ညနှင့်နေ့တို့သည် မညီမညွတ်ဖြစ်ကုန်၏။

ညနှင့်နေ့တို့ မညီမညွတ် ဖြစ်သောအခါ ဥတုသုံးပါးနှင့် နှစ်တို့သည် မညီမညွတ်ဖြစ်ကုန်၏။

ဥတုသုံးပါးနှင့်နှစ်တို့ မညီမညွတ် ဖြစ်သောအခါ လေတို့သည် တိုက်နေကျလမ်းကြောင်းအတိုင်း မဟုတ်ဘဲ မညီမညွတ်တိုက်ကုန်၏။[2]

လေတို့သည် မညီမညွတ်တိုက်သောအခါ နတ်တို့သည် စိတ်ဆိုးကုန်၏။[3]

---

၁။ "ဗြာဟ္မဏဂဟပတိကာတိ ခတ္တိယဗြာဟ္မဏေ ဝေဇ္ဇတွာ ယေကေစိ အဂါရံ အဇ္ဈာဝသန္တာ ပုဗ္ဗဏ္ဏ၊ ဝိသေသတော၊ ဝေ-သာ" ဟူသော ဥဒါန-အဋ္ဌကထာ (၃၄၂) နှင့်အညီ ဤ ဗြာဟ္မဏဂဟပတိကာ" ပုဒ်၌လည်း မင်းမျိုး၊ ပုဏ္ဏားမျိုးတို့မှ တစ်ပါးသော လူတန်းစားအားလုံးကို ဂဟပတိ ဆိုနိုင်ပါသည်။ ဤနေရာ၌မူ "အနန္တရဂုဏ်ပါသိနေ၌ ဗြာဟ္မဏဂဟပတိယော" ဟူသော အဋ္ဌကထာဖွင့်နှင့် အညီ မြို့နေ လူတန်းစားများကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။

၂။ ဝိသမံ ဝါတာ ဝါယန္တိ–တိုက်သင့်သောအခါ မတိုက်ဘဲ မတိုက်သင့်သောအခါ၌ တိုက်ကုန်၏။ တစ်ခါတစ်ရံ ပြင်းပြင်းထန်ထန်တိုက်၍ တစ်ခါတစ်ရံ ညင်ညင်သာသာ တိုက်ကုန်၏။ မြောက်လေ တိုက်ရမည့် အချိန်၌ တောင်လေတိုက်၍ တောင်လေတိုက်ရမည့် အချိန်၌ မြောက်လေ တိုက်ကုန်၏ဟု ဆိုလိုပါသည်။

၃။ လေတို့ မညီမညွတ် တိုက်သောအခါ သစ်ပင်များနှင့် နတ်ဗိမာန်များ ပျက်စီးသောကြောင့် နတ်တို့ စိတ်ဆိုးကြသည်ဟု ဆိုပါသည်။

နတ်တို့စိတ်ဆိုးသောအခါ မိုးသည် ကောင်းစွာမရွာ။

မိုးကောင်းစွာ မရွာသည်ရှိသော် ကောက်ပဲသီးနှံတို့သည် မညီမညွတ် မှည့်ကုန်၏။

မညီညွှတ်မှည့်သော ကောက်ပဲသီးနှံတို့ကိုစားသော လူတို့သည် အသက်တိုသူ၊ အဆင်းမလှသူ၊ အနာရောဂါများသူများ ဖြစ်ကုန်၏။

ပြည့်ရှင်မင်းတို့ တရားစောင့်သောအခါ မင်း၏ မှူးမတ် အမှုထမ်းတို့သည် တရားစောင့်ကုန်၏။

မင်း၏ မှူးမတ် အမှုထမ်းတို့ တရားစောင့်သောအခါ မြို့နေပုဏ္ဏား သူကြွယ်တို့ တရားစောင့်ကုန်၏။

မြို့နေပုဏ္ဏား သူကြွယ်တို့ တရားစောင့်သောအခါ နိဂုံးသားဇနပုဒ်သားတို့သည် တရားစောင့်ကုန်၏။

နိဂုံးသား ဇနပုဒ်သားတို့ တရားစောင့်သောအခါ လနှင့်နေတို့သည် ညီညွတ်စွာ သွားလာ လှည့်လည်ကုန်၏။

လနှင့်နေတို့ ညီညွတ်စွာ သွားလာလှည့်လည်သောအခါ နက္ခတ်တာရာတို့သည် ညီညွတ်စွာ သွားလာလှည့်လည်ကုန်၏။[၁]

နက္ခတ်တာရာတို့ ညီညွတ်စွာ သွားလာ လှည့်လည်သောအခါ ညနှင့်နေ့တို့သည် ညီညွတ်စွာ ဖြစ်ကုန်၏။

ညနှင့်နေ့တို့ ညီညွတ်စွာဖြစ်သောအခါ လနှင့်လဝက်(လဆန်းနှင့် လဆုတ်)တို့သည် ညီညွတ်စွာ ဖြစ်ကုန်၏။

လနှင့်လဝက်(လဆန်း လဆုတ်)တို့ ညီညွတ်စွာ ဖြစ်သောအခါ ဥတုသုံးပါးနှင့်နှစ်တို့သည် ညီညွတ်စွာ ဖြစ်ကုန်၏။

---

၁။ တန်ခူးလပြည့်နေ့၌ ကြတ္တိကာနက္ခတ် ယှဉ်သင့်၏၊ နတ်တော်လပြည့်နေ့၌ မိဂသီနက္ခတ် ယှဉ်သင့်၏။ ဤသို့စသည်ဖြင့် မိမိတို့ဆိုင်ရာ အချိန်ကာလနှင့်ညီညွတ်စွာ နက္ခတ်တာရာတို့သည် လှည့်လည်သွားလာကုန်၏ဟု ဆိုလိုပါသည်။

ဥတုသုံးပါးနှင့်နှစ်တို့ ညီညွတ်စွာဖြစ်သောအခါ လေတို့သည်တိုက်နေကျ လမ်းကြောင်းအတိုင်း ညီညွတ်မျှတစွာ တိုက်ကုန်၏။

လေတို့ ညီညွတ်စွာ တိုက်သောအခါ နတ်တို့သည် စိတ်မဆိုးကုန်။

နတ်တို့စိတ်မဆိုးသောအခါ မိုးသည် ကောင်းစွာရွာ၏။

မိုးကောင်းစွာရွာသောအခါ ကောက်ပဲသီးနှံတို့သည် ညီညွတ်စွာ မှည့်ကုန်၏။

ညီညွတ်စွာမှည့်သော ကောက်ပဲသီးနှံတို့ကို စားသော လူတို့သည် အသက်ရှည်သူ၊ အဆင်းလှသူ၊ ခွန်အားကောင်းသူ၊ အနာရောဂါနည်းသူများ ဖြစ်ကုန်၏။

မြစ်ကိုကူးသော နွားအပေါင်းတို့တွင် ရှေ့ဆောင်နွားလားကြီးက ကွေ့ကောက်၍သွားလျှင် နောက်မှလိုက်သော နွားအပေါင်းတို့ကလည်း ကွေ့ကောက်၍ လိုက်ကုန်၏။ ထို့အတူပင် လူတို့တွင်လည်း အမြတ်ဆုံးဟု သတ်မှတ်ထားသောမင်းသည် တရားမဲ့ကျင့်လျှင် အခြားလူများမှာ အထူးဆိုဖွယ်မရှိတော့၊ မင်းတရားမဲ့လျှင် တစ်နိုင်ငံလုံး ဒုက္ခရောက်၏။

''မြစ်ကိုကူးသော နွားအပေါင်းတို့တွင် ရှေ့ဆောင်နွားလားကြီး ဖြောင့်ဖြောင့်သွားလျှင် နောက်မှလိုက်သော နွားအပေါင်းတို့ကလည်း ဖြောင့်ဖြောင့်လိုက်ကုန်၏။ ထို့အတူပင် လူတို့တွင်လည်း အမြတ်ဆုံးဟု သတ်မှတ်ထားသော မင်းသည် တရားနှင့်အညီကျင့်လျှင်အခြားလူများမှာ အထူးဆိုဖွယ်မရှိတော့။ မင်းသည် တရားရှိသူဖြစ်လျှင် တစ်နိုင်ငံလုံး ချမ်းချမ်းသာသာ နေရ၏ဟု ဟောကြားပါသည်။

## ၈။ အပဏ္ဏကဝဂ်

### ၁။ ပဓာနသုတ်

မလွဲချော်နိုင်သော အကျင့်လေးပါး

၇၁။ သီလရှိခြင်း၊ များစွာသော အကြားအမြင်ရှိခြင်း၊ အားထုတ်အပ်သော၊ လုံ့လဝီရိယရှိခြင်း၊ ပညာရှိခြင်းဟူသော အင်္ဂါလေးပါးနှင့်ပြည့်

---

၁။ ပဓာနသတိ မဂ္ဂပ္ပဋိပန္နာ—အဋ္ဌကထာ၊ ပကဋ္ဌံပဓာနံ အဋ္ဌသံ တေသန္တိ ပဓာသာ။ အဋ္ဌသံ ပဂတာ ပဋိပန္နာတိဝါ ပဓာသာ။ ပကဟ် မဂ္ဂါဓိဋ္ဌာနာ—ဋီကာ။

စုံသော ရဟန်းသည် မလွှဲချော်နိုင်သော အကျင့်ကိုကျင့်သူ ဖြစ်သည်။ အာသဝေါတရားများ ကုန်ခန်းရန် အကြောင်းကိုလည်း ပြည့်စုံအောင် အားထုတ်ပြီးသူ ဖြစ်သည်ဟု ဟောကြားသည်။

၇၂။ သမ္မာဒိဋ္ဌိသုတ်၌ နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်၊ သမ္မာဒိဋ္ဌိဟူသော တရားလေးပါးနှင့် ပြည့်စုံသောရဟန်းသည် မလွှဲချော်နိုင်သော အကျင့်ကိုကျင့်သူ ဖြစ်၏ဟု ဟောကြားသည်။

## ၃။ သပ္ပုရိသသုတ်

### သူယုတ်နှင့်သူတော်ကောင်း အင်္ဂါများ

### သူယုတ်အင်္ဂါ လေးပါး

၇၃။ (၁) သူတစ်ပါး၏ ဂုဏ်ကျေးဇူးမဲ့ကို မမေးဘဲနှင့်ပင်ပြောတတ်ပြီး မေးလျှင်လည်း ချဲ့ကား၍ ပြောတတ်ခြင်း။
(၂) သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို မမေးလျှင်မပြောတတ်၊ မေးလျှင်လည်း လျှော့ပေါ့၍ ပြောတတ်ခြင်း။
(၃) မိမိ၏ဂုဏ်ကျေးဇူးမဲ့ကို မမေးလျှင်မပြော၊ မေးလျှင် လျှော့ပေါ့ထိန်ချန်၍ မပြည့်မစုံပြောခြင်း။
(၄) မိမိ၏ဂုဏ်ကျေးဇူးကို မမေးဘဲနှင့် ပြောတတ်ပြီး မေးလျှင်လည်း ချဲ့ကား၍ ပြောတတ်ခြင်း–
ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသူကို သူယုတ်မာဟု သိရမည်။

### သူတော်ကောင်းအင်္ဂါ လေးပါး

(၁) သူတစ်ပါး၏ ဂုဏ်ကျေးဇူးမဲ့ကို မမေးလျှင်မပြော၊ မေးလျှင် ချဲ့ကား၍ မပြောဘဲ လျှော့ပေါ့၍ ပြောခြင်း၊
(၂) သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို မမေးဘဲနှင့်ပင် ပြောခြင်း၊ မေးလျှင်လည်း မထိန်ချန်ဘဲ ပြည့်စုံအောင်ပြောခြင်း။
(၃) မိမိ၏ဂုဏ်ကျေးဇူးမဲ့ကို မမေးဘဲနှင့်ပင်ပြောခြင်း၊ မေးလျှင်လည်း ထိန်ချန်မထားဘဲ ပြည့်စုံအောင် ပြောခြင်း။

(၄) မိမိ၏ ဂုဏ်ကျေးဇူးကိုမမေးဘဲနှင့်မပြော၊ မေးလျှင်လည်း ချန်ကာ၍ မပြောဘဲ လျှော့ပေါ့၍ ပြောခြင်း၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသူကို သူတော်ကောင်းဟု သိရမည်။

## ယောက္ခမအိမ်ရောက်စ ချွေးမကဲ့သို့

ယောက္ခမအိမ်သို့ လိုက်ပါလာသော ချွေးမသည် ရောက်စအချိန်၌ ယောက္ခမနှင့်လင်စသည်တို့ကပေါ်၌အရှက်အကြောက်ကြီးမားပြီး ပေါင်းသင်းဆက်ဆံမှု၊ ရင်းနှီးမှုရှိလာသောအခါ၌ကား ယောက္ခမနှင့်လင်သားတို့ကိုပင် ထီမထင်ပြောကား ပြောဆိုသကဲ့သို့၊ ထို့အတူ သာသနာ့ဘောင်သို့ ဝင်လာသော အချို့ရဟန်းငယ်၊ ရဟန်းဖြစ်စ အချိန်၌သာ ဘိက္ခု ဘိက္ခုနီ စသည်တို့အပေါ်၌ရှက်ကြောက်မှုရှိပြီး နောင်ရင်းနှီးကျွမ်းဝင်မှု ရှိလာသောအခါ၌ကား ဆရာဥပဇ္ဈာယ်တို့ကိုပင် မထီမဲ့မြင်ပြုတတ်၏။ ထို့ကြောင့် ရဟန်းတို့သည် "ယောက္ခမအိမ်သို့ရောက်စချွေးမနှင့်တူသော စိတ်ဖြင့်နေကုန်အံ့" ဟူ၍ အားထုတ်ရမည်ဟု ဟောကြားတော်မူသည်။

၃၄။ ပထမအင်္ဂုတ္တရသုတ်၌ မြတ်သောသီလ၊ မြတ်သောသမာဓိ၊ မြတ်သောပညာ၊ မြတ်သောဝိမုတ္တိဟူ၍ မြတ်သောတရား လေးပါး ရှိ၏ဟု ဟောသည်။

၃၅။ ဒုတိယ အင်္ဂုတ္တရသုတ်၌ မြတ်သောရုပ်၊ မြတ်သောဝေဒနာ၊ မြတ်သောသညာ၊ မြတ်သောဘဝဟူ၍ မြတ်သောတရား လေးပါးရှိ၏ဟု ဟောသည်။(အကြွင်းရုပ်ကို သိမ်းသင်းခြင်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုရုပ်သည် မြတ်သောရုပ်မည်၏။ ဝေဒနာသညာတို့၌လည်း နည်းတူဖြစ်၏။ အပါယ်အတွင်းဘဝ၌တည်လျက် အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုအတ္တဘောသည် မြတ်သောဘဝမည်၏ဟု ဖွင့်ပြသည်။)

## ၆။ ကုသိနာရသုတ်

လိုမှားမှု ငါးပါးကင်းသောရဟန်းများ

၃၆။ ဗုဒ္ဓမြတ်စွာသည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ယင်ကျေးင်း ဥယျာဉ် အင်ကြင်းပင်ပျို အစုံတို့ကြား ရှိသောင်စောင်းထက်၌လျောင်းစက်

နေစဉ်ပရိနိဗ္ဗာန် စံခါနီးအချိန်၌ ရဟန်းတို့အားအောက်ပါစကားကိုမြွက်ကြားတော်မူသည်။

"ရဟန်းတို့ ဘုရား၌ဖြစ်စေ၊ တရား၌ဖြစ်စေ၊ သံဃာ၌ဖြစ်စေ၊ မဂ်၌ဖြစ်စေ၊ အကျင့်၌ဖြစ်စေ တွေးတောယုံမှားခြင်းသည် တစ်စုံ တစ်ယောက်သော ရဟန်းအား အကယ်၍ ရှိငြားအံ့၊ မေးလျှောက်ကြကုန်လော့ မြတ်စွာဘုရားသည် 'ငါတို့မျက်မှောက်၌ထင်ရှားရှိခဲ့ပါလျက် ငါ တို့သည် မြတ်စွာဘုရားကို မျက်မှောက်၌ မေးလျှောက်ခြင်းငှာ မစွမ်းနိုင်ခဲ့ကြကုန်' ဟူ၍ နောင်အခါ နှလုံးမသာခြင်း မဖြစ်ကြကုန်လင့်"

အထက်ပါစကားကိုဗုဒ္ဓက သုံးကြိမ်တိုင်အောင် မိန့်ကြားသော်လည်း ရဟန်းတို့သည်ဆိတ်ဆိတ်နေကြကုန်၏။ ထိုအခါဗုဒ္ဓက 'ရဟန်းတို့၊ သင်တို့သည် မြတ်စွာဘုရား၌ ရိုသေခြင်းဖြင့် မမေးမလျှောက်လိုကြသည် ရှိသော် အဖော်ရဟန်းအချင်းချင်း သော်လည်း ယုံမှားမှုကို ပြောကြားကြကုန်လော''ဟု မိန့်ကြားတော်မူ၏။ ယင်းသို့မိန့်ကြားသော်လည်း ရဟန်းတို့သည် ဆိတ်ဆိတ်သာနေကြကုန်၏။

ထိုအခါ ရှင်အာနန္ဒာက "အရှင်ဘုရား အံ့ဩဖွယ် ကောင်းလှပါသည်၊ မဖြစ်ဖူးမြဲထူးကဲလှပါသည်။ ဤရဟန်း သံဃာအပေါင်းတွင်တစ်ပါးသော ရဟန်းအားမျှသော်လည်းဘုရားတရားစသည်တို့၌ တွေးတောယုံမှားခြင်းသည် မရှိဟု တပည့်တော်ယုံကြည်ပါသည်"ဟူ၍လျှောက်၏။ ဗုဒ္ဓကလည်း အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

"အာနန္ဒာ၊ သင်သည် ယုံကြည်ခြင်းဖြင့် ပြောဆိုဘိ၏။ စင်စစ် ဤအရာ၌ မြတ်စွာဘုရားအား ဉာဏ်တော်ဖြင့်ပင်လျှင် သိမြင်ခြင်းသည် ဖြစ်၏။ ဤရဟန်းသံဃာထဲ၌ တစ်ပါးသောရဟန်းအားမျှလည်း ဘုရား၊ တရားစသည်တို့၌ တွေးတော ယုံမှားခြင်းသည် မရှိ။ အာနန္ဒာ၊ မှန်၏။ ဤငါးရာသောရဟန်းတို့တွင် အနိမ့်ဆုံးဖြစ်သော ရဟန်းသည်အပါယ်သို့ ကျရောက်ခြင်းမရှိသောကိန်းသေမြဲသောအထက်မဂ်ဉာဏ်လျှင်လဲလျောင်းရာရှိသော သောတာပန် ဖြစ်ပေသည်။"

(ဤမိန့်ကြားချက်များသည်ဒီဃနိကာယ် မဟာ ပရိနိဗ္ဗာနသုတ်၌လည်းပါဝင်ပါသည်၊ ယုံမှားမှုငါးပါးဖြစ်နေ၍စတုက္ကနိပါတ်၌ဤသုတ် ပါဝင်နေခြင်းကိုလည်း စဉ်းစားရန်ရှိပါသည်။)

## ၇။ အစိန္တေယျသုတ်

### မကြံစည်အပ်သော အရာလေးပါး

၇၇။ လောက၌ မကြံစည်အပ်သော အရာလေးပါးရှိသည်၊ ယင်းတို့ကို ကြံစည်သူသည် ရူးသွပ်ဖွယ်၊ ဆင်းရဲပင်ပန်းဖွယ်သာရှိ၏။ ထိုအရာလေးပါးကား-

(၁) ဘုရားရှင်တို့၏ ဘုရားအရာ၊

(၂) ဈာန်ရပုဂ္ဂိုလ်၏ ဈာန်အရာ၊

(၃) ကံ၏အကျိုး၊

(၄) လောကအကြောင်းကို ကြံစည်ခြင်း၊

ဤလေးပါးတို့ ဖြစ်၏ဟု ဟောကြားပါသည်။

(လနှင့်နေတို့ကို မည်သူကပြုလုပ်ဖန်ဆင်းခဲ့သနည်း၊ ကမ္ဘာမြေကြီးနှင့် မဟာသမုဒ္ဒရာတို့ကို မည်သူက ပြုလုပ်ခဲ့သနည်း၊ စသည်ဖြင့် ကြံစည်ခြင်းသည် လောကအကြောင်းကို ကြံစည်ခြင်းမည်၏ဟု ဆိုပါသည်။

## ၈။ ဒက္ခိဏာသုတ်

### အလှူစင်ကြယ်ခြင်း လေးမျိုး

၇၈။ အလှူစင်ကြယ်ခြင်းတို့သည်-

(၁) အလှူပေးပုဂ္ဂိုလ်မှ စင်ကြယ်၍ အလှူခံ ပုဂ္ဂိုလ်မှ မစင်ကြယ်သော အလှူ၊

(၂) အလှူခံပုဂ္ဂိုလ်မှ စင်ကြယ်၍ အလှူပေး ပုဂ္ဂိုလ်မှ မစင်ကြယ်သော အလှူ၊

(၃) အလှူပေးပုဂ္ဂိုလ်မှလည်းကောင်း၊ အလှူခံပုဂ္ဂိုလ်မှ လည်းကောင်း မစင်ကြယ်သော အလှူ၊

(၄) အလှူပေးပုဂ္ဂိုလ်မှလည်းကောင်း၊ အလှူခံပုဂ္ဂိုလ်မှလည်းကောင်း စင်ကြယ်သောအလှူ

ဟူ၍ လေးပါးရှိသည်၊

ထိုလေးပါတို့တွင် အကြင်အလှူ၌ အလှူပေးပုဂ္ဂိုလ်သည် သီလရှိ၏။ အလှူခံပုဂ္ဂိုလ်ကား သီလမရှိ။ ထိုအလှူသည် အလှူပေး ပုဂ္ဂိုလ်မှ စင်ကြယ်၍ အလှူခံပုဂ္ဂိုလ်မှ မစင်ကြယ်သော အလှူမည်၏။

အကြင်အလှူ၌ အလှူပေးပုဂ္ဂိုလ်သည် သီလမရှိ။ အလှူခံပုဂ္ဂိုလ်ကားသီလရှိ၏။ ထိုအလှူသည် အလှူခံပုဂ္ဂိုလ်မှ စင်ကြယ်၍ အလှူပေးပုဂ္ဂိုလ်မှ မစင်ကြယ်သော အလှူမည်၏။

အကြင်အလှူ၌ အလှူပေးပုဂ္ဂိုလ်၊ အလှူခံပုဂ္ဂိုလ်၊ နှစ်ဦးလုံးသည် သီလမရှိ၊ ထိုအလှူသည် အလှူပေး ပုဂ္ဂိုလ်မှလည်းကောင်း၊ အလှူခံပုဂ္ဂိုလ်မှလည်းကောင်း မစင်ကြယ်သော အလှူမည်၏။

အကြင်အလှူ၌ အလှူပေးပုဂ္ဂိုလ်၊ အလှူခံပုဂ္ဂိုလ် နှစ်ဦးလုံးသည် သီလမရှိ၊ ထိုအလှူသည် အလှူပေး ပုဂ္ဂိုလ်မှလည်းကောင်း၊ အလှူခံပုဂ္ဂိုလ်မှလည်းကောင်း မစင်ကြယ်သော အလှူမည်၏။

အကြင်အလှူ၌ အလှူပေးပုဂ္ဂိုလ် အလှူခံပုဂ္ဂိုလ်နှစ်ဦးလုံးသည် သီလရှိ၏။ ထိုအလှူသည် အလှူပေး ပုဂ္ဂိုလ်မှလည်းကောင်း အလှူခံပုဂ္ဂိုလ်မှလည်းကောင်း စင်ကြယ်သောအလှူမည်၏-ဟု ဟောကြားပါသည်။

## ၉။ ဝဏိဇ္ဇသုတ်

### ကုန်သွယ်မှုလေးမျိုး

၇၉။ အခါတစ်ပါး၌ အရှင် သာရိပုတ္တရာက ဗုဒ္ဓအား ဤသို့ မေးလျှောက်သည်။

"အရှင်ဘုရား၊ ဤလောက၌အချို့သောသူ အားထုတ်အပ်သော ကုန်သွယ်မှုသည် ကုန်သွယ်မှုချင်းတူမျှသည်သာဖြစ်ပါလျက် ပျက်စီးခြင်းသို့ ရောက်ပါသည်။

အချို့သောသူ အားထုတ်အပ်သော ကုန်သွယ်မှုသည် ကုန်သွယ်မှုချင်း တူမျှသည်သာ ဖြစ်ပါလျက် ရည်မှန်းချက်အတိုင်း မဖြစ်ပါ။

အချို့သောသူ အားထုတ်အပ်သော ကုန်သွယ်မှုသည် ကုန်သွယ်မှုချင်း တူမျှသည်သာဖြစ်ပါလျက် ရည်မှန်းသည့်အတိုင်း ဖြစ်သာသည်။

အချို့သောသူ အားထုတ်အပ်သော ကုန်သွယ်မှုသည် ကုန်သွယ်မှုချင်းတူမျှသည်သာဖြစ်ပါလျက်ရည်မှန်းသည်ထက်သာလွန်သော အကျိုးရှိပါသည်။

ဤသို့ ဖြစ်ရခြင်းမှာ ထိုသို့သော အကြောင်း၊ အကြောင်းအပုံ တို့ကြောင့် ဖြစ်ပါသနည်း"

ရှင်သာရိပုတ္တရာ၏ အမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား တော်မူသည်။

"သာရိပုတ္တရာ၊ ဤလောက၌ အချို့သောသူသည် ရဟန်းပုဏ္ဏား တို့အား 'အရှင်အလိုရှိသော ပစ္စည်းကို မိန့်ကြားပါလော'ဟုဖိတ်ကြားပြီး ထိုဖိတ်ကြားသော ပစ္စည်းကို မလှူချေ။ ထိုသူသည် ထိုဘဝမှ စုတေ၍ ဤလူ့ဘုံသို့ ရောက်လာသည်ရှိသော် အကြင်အကြင် ကုန်သွယ်မှုကိုပြု၏၊ ထိုထိုကုန်သွယ်မှုသည် ပျက်စီးခြင်းသို့သာ ရောက်၏။

ဤလောက၌ အချို့သောသူသည် ရသေ့ရဟန်းတို့အား အလိုရှိ သော ပစ္စည်းဖြင့်ဖိတ်ကြားပြီး ထိုပစ္စည်းကို အလိုရှိသလောက် မပေးလှူ ချေ။ ထိုသူသည် ထိုဘဝမှစုတေ၍ ဤလူ့ပြည်သို့ ရောက်လာသည်ရှိသော် အကြင်အကြင် ကုန်သွယ်မှုကို အားထုတ်၏။ ထိုထို ကုန်သွယ်မှုသည် ရည်မှန်းသည့်အတိုင်း မဖြစ်ချေ။

ဤလောက၌ အချို့သောသူသည် ရဟန်းပုဏ္ဏားတို့အား အလိုရှိ သောပစ္စည်းဖြင့် ဖိတ်ကြားပြီး ထိုပစ္စည်းကို အလိုရှိသလောက်ပေးလှူ၏။ ထိုသူသည် ထိုဘဝမှ စုတေ၍ ဤလူ့ပြည်သို့ ရောက်လာသည်ရှိသော် အကြင်အကြင် ကုန်သွယ်မှုကိုပြု၏၊ ထိုထို ကုန်သွယ်မှုသည် ရည်မှန်းသည့် အတိုင်းဖြစ်၏။

ဤလောက၌ အချို့သောသူသည် ရဟန်းပုဏ္ဏားတို့အား အလို ရှိသော ပစ္စည်းဖြင့် ဖိတ်ကြားပြီး ထိုပစ္စည်းကို အလိုရှိသည်ထက်ပို၍ ပေး လှူ၏။ ထိုသူသည် ထိုဘဝမှစုတေ၍ ဤလူ့ပြည်သို့ ရောက်ရှိလာသည် ရှိသော် အကြင်အကြင် ကုန်သွယ်မှုကိုပြု၏၊ ထိုထိုကုန်သွယ်မှုသည် ရည် မှန်းသည်ထက် သာလွန်၍ အကျိုးရှိ၏။

သာရိပုတ္တရာ၊ ကုန်သွယ်မှုခြင်း တူမျှသည့်သာ ဖြစ်ပါလျက်အကျိုး ရှိမှု ကွဲပြားရခြင်း၏ အကြောင်း အကြောင်းအပုံတို့ကား ဤဆိုအပ်ခဲ့ပြီး သော အကြောင်းများပင် ဖြစ်ပေသည်"

## ၁၀။ ကမ္ဗောဇသုတ်

### မိန်းမများ ကမ္ဗောဇတိုင်းသို့ မသွားရခြင်း အကြောင်းလေးပါး

၈၀။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးစဉ် ရှင်အာနန္ဒာက မေးလျှောက်၍ ဗုဒ္ဓက ဖြေကြားခြင်းဖြစ်သည်။

"အရှင်ဘုရား၊ မာတုဂါမသည် တရားရုံး၌ (တရားသူကြီးအဖြစ် ဖြင့်)မထိုင်ရခြင်း၊ (ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်းစသော) စီးပွားရေး လုပ်ငန်းကြီးများကို မလုပ်ကိုင်ရခြင်း၊ ကမ္ဗောဇတိုင်း (စသော တိုင်း တစ်ပါး)သို့ စီးပွားရှာရန် မသွားရခြင်းတို့၏ အကြောင်းကား အဘယ် ပါနည်း"[၁]

"အာနန္ဒာ၊ မာတုဂါမသည် အမျက်ဒေါသကြီး၏။ မနာလိုရှိ တတ်၏၊ ဝန်တိုတတ်၏။ ပညာနည်း၏။ ဤအကြောင်းလေးပါးကြောင့် မာတုဂါမသည်တရားရုံး၌(တရားသူကြီးအဖြစ်)မထိုင်ရခြင်းဖြစ်၏။(ကုန် သွယ်ခြင်း၊ လယ်လုပ်ခြင်းစသော)စီးပွားရေးလုပ်ငန်းကြီးများကို မလုပ် ကိုင်ရခြင်းဖြစ်၏။ ကမ္ဗောဇတိုင်း(စသောတိုင်းတစ်ပါး)သို့ စီးပွားရှာရန် မသွားရခြင်းဖြစ်၏"

## ၉။ မစလဝဂ်

### ၁။ ပါဏာတိပါတသုတ်

#### သူ့အသက်သတ်ခြင်းစသော အင်္ဂါလေးပါး

၈၁။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်း၊ ကာမဂုဏ်တို့၌ ဖောက်လွဲဖောက်ပြန်ကျင့်ခြင်း၊ မုသားပြောခြင်းဟူသော အင်္ဂါလေးပါး နှင့်ပြည့်စုံသူသည် ပစ်ချလိုက်သကဲ့သို့ ငရဲသို့ကျရောက်သည်။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းစသော အင်္ဂါလေးပါးတို့နှင့် ပြည့်စုံသူသည် ပစ်ချလိုက်သကဲ့သို့ နတ်ပြည်သို့ ရောက်သည်ဟု ဟောကြားသည်။

---

[၁]။ နကမ္ဗောဇံ ဂန္တာတိ ဘောဂေဿရိယတ္ထာယ ကမ္ဗောဇရဋ္ဌံ နဂန္တာတိ ဒေသနာမတ္တမေဝ စေတံ၊ ယံကိဉ္စိ တိရောရဋ္ဌံ နဂန္တာတိ အတ္ထော- ဋ္ဌကထာ။

၇၂။ မုသာဝါဒသုတ်၌ မုသားပြောခြင်း၊ ကုန်းချောစကားပြော ခြင်း၊ ကြမ်းတမ်းသော စကားပြောခြင်း၊ သိမ်ဖျင်းသော စကားကို ပြောခြင်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသူသည် ပစ်ချလိုက်သကဲ့သို့ ငရဲသို့ ကျရောက်သည်။ မုသားပြောခြင်းမှ ရှောင်ကြဉ်ခြင်း စသော အင်္ဂါလေးပါးနှင့် ပြည့်စုံသူသည် ပစ်ချလိုက်သကဲ့သို့ နတ်ပြည်သို့ ရောက် သည်ဟု ဟောကြားသည်။

## ၃။ အဝဏ္ဏာရဟသုတ်

မချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်းစသော အင်္ဂါလေးပါး

၇၃။ ဉာဏ်ဖြင့် မစိစစ်မူ၍ မချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်း၊
ဉာဏ်ဖြင့် မစိစစ်မူ၍ ချီးမွမ်းထိုက်သူကို ကဲ့ရဲ့ခြင်း၊

ဉာဏ်ဖြင့် မစိစစ်မူ၍ မကြည်ညိုသင့်သောအရာ၌ ကြည်ညို မှုကို ပြုခြင်း၊

ဉာဏ်ဖြင့် မစိစစ်မူ၍ ကြည်ညိုသင့်သော အရာ၌ မကြည်ညို မှုကို ပြုခြင်း၊

ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသူသည် ပစ်ချလိုက်သကဲ့သို့ ငရဲသို့ကျ ရောက်သည်။

ဉာဏ်ဖြင့် စိစစ်၍ ကဲ့ရဲ့ထိုက်သူကိုကဲ့ရဲ့ခြင်း၊

ဉာဏ်ဖြင့် စိစစ်၍ ချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်း၊

ဉာဏ်ဖြင့်စိစစ်၍ မကြည်ညိုသင့်သော အရာ၌ မကြည်ညိုမှု ပြုခြင်း၊

ဉာဏ်ဖြင့် စိစစ်၍ ကြည်ညိုသင့်သောအရာ၌ ကြည်ညိုမှုကို ပြုခြင်း၊

ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသူသည် ပစ်ချလိုက်သကဲ့သို့ နတ်ပြည်သို့ ရောက်သည်ဟု ဟောကြားသည်။

## ၄။ ကောဓဂရုသုတ်

အမျက်ဒေါသကို အလေးပြုခြင်းစသော

အင်္ဂါလေးပါး

၁၄။ သူတော်ကောင်းတရားကို အလေးမပြုဘဲ အမျက်ဒေါသကို အလေးပြုခြင်း၊ သူတစ်ပါးကျေးဇူးကိုချေဖျက်မှု 'မက္ခ'ကို အလေးပြုခြင်း၊ လာဘ်ရမှုကို အလေးပြုခြင်း၊ အပူဇော်ခံရမှုကို အလေးပြုခြင်း ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသူသည်ပစ်ချလိုက်သကဲ့သို့ငရဲသို့ကျရောက်သည်။

အမျက်ဒေါသကိုအလေးမပြုဘဲ သူတော်ကောင်းတရားကိုအလေးပြုခြင်းစသောအင်္ဂါလေးပါးနှင့် ပြည့်စုံသူသည် ပစ်ချလိုက်သကဲ့သို့ နတ်ပြည်သို့ ရောက်သည်ဟု ဟောကြားသည်။

## ၅။ တမောတမသုတ်

အမှောင်ဖြစ်၍ အမှောင်လျှင် လဲလျောင်းရာရှိသူ
စသော ပုဂ္ဂိုလ် လေးမျိုး

၁၅။ အမှောင်၌ ဖြစ်၍ အမှောင်လျှင် လဲလျောင်းရာရှိသူ၊

အမှောင်၌ဖြစ်၍ အလင်းလျှင်လဲလျောင်းရာရှိသူ၊
အလင်း၌ဖြစ်၍ အမှောင်လျှင် လဲလျောင်းရာရှိသူ၊
အလင်း၌ဖြစ်၍ အလင်းလျှင်လဲလျောင်းရာ ရှိသူ-၊
ဟူ၍ ပုဂ္ဂိုလ်လေးမျိုးရှိသည်။

ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် အကြင်သူသည် ဒွန်းစဏ္ဍားမျိုး၊ နှီးဖျာရက်သောအမျိုးစသည့် နိမ့်ကျသော အမျိုး၌ဖြစ်၍ ဆင်းရဲ၏။ ပင်ပန်းစွာ အသက်မွေးရ၏။ အဆင်းမလှ၊ အနာရောဂါများ၏။ မျက်စိနားစသော ကိုယ်အင်္ဂါချို့တဲ့၏။ ကိုယ်နှုတ်စိတ်သုံးပါးဖြင့် မကောင်းသော အကျင့်ကိုလည်းကျင့်၏၊ ထိုသူသည် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်၏။ ထိုသူသည် 'အမှောင်၌ဖြစ်၍ အမှောင်လျှင် လဲလျောင်းရာ ရှိသော ပုဂ္ဂိုလ်' မည်၏။

အကြင်သူသည်နိမ့်ကျသောအမျိုး၌ဖြစ်၍ ဆင်းရဲနွမ်းပါးသူ၊ ရုပ်အဆင်းမလှသူ၊ အနာရောဂါများသူဖြစ်ငြားသော်လည်း ကိုယ် နှုတ် စိတ် သုံးပါးဖြင့် ကောင်းသောအမှုကို ပြုလုပ်၏။ ထိုသူသည် သေလွန်သော အခါ နတ်ပြည်သို့ ရောက်၏၊ ထိုသူသည် 'အမှောင်၌ဖြစ်၍အလင်းလျှင် လဲလျောင်းရာရှိသော ပုဂ္ဂိုလ်' မည်၏။

အကြင်သူသည် မင်းမျိုးပုဏ္ဏားသူကြွယ်မျိုး စသည့် မြင့်မြတ်သော အမျိုး၌ဖြစ်ကာ ချမ်းသာကြွယ်ဝ၏။ အဝတ်အစား စသည်တို့ကို မပင် မပန်း ရ၏။ တင့်တယ်သောရုပ်အဆင်းလည်း ရှိ၏။ သို့သော်ကိုယ်နှုတ်စိတ် သုံးပါးဖြင့် မကောင်းသောအမှုကို ပြုကျင့်၏၊ ယင်းသူသည် သေလွန်သော အခါ အပါယ်ငရဲသို့ ကျရောက်၏၊ ထိုသူသည် 'အလင်း၌ဖြစ်၍ အမှောင် လျှင် လဲလျောင်းရာရှိသော ပုဂ္ဂိုလ်'မည်၏။

အကြင်သူသည် မြင့်မြတ်သော အမျိုး၌ဖြစ်၍ ချမ်းသာ ကြွယ်ဝသူ ရုပ်အဆင်းတင့်တယ်သူဖြစ်ပြီး ကိုယ်နှုတ်စိတ် သုံးပါးဖြင့်လည်း ကောင်း သောအကျင့်ကို ကျင့်၏။ ထိုသူသည် သေလွန်သောအခါ နတ်ပြည်သို့ ရောက်၏၊ ထိုသူသည် 'အလင်း၌ဖြစ်၍ အလင်းလျှင် လဲလျောင်းရာရှိသော ပုဂ္ဂိုလ်'မည်၏ဟု ဟောကြားပါသည်။

၈၆။ ဩဏတောဏတသုတ်၌ ယုတ်နိမ့်သည်ဖြစ်၍ယုတ်နိမ့်လတ္တံ့ သောသူ၊ ယုတ်နိမ့်သည်ဖြစ်၍ မြင့်မြတ်လတ္တံ့သောသူ၊ မြင့်မြတ်သည်ဖြစ် ၍ ယုတ်နိမ့်လတ္တံ့သောသူ၊ မြင့်မြတ်သည်ဖြစ်၍ မြင့်မြတ်လတ္တံ့သောသူ ဟူ၍ ပုဂ္ဂိုလ်လေးမျိုးရှိကြောင်း ဟောပါသည်။

ထိုပုဂ္ဂိုလ်လေးမျိုး၏ အဓိပ္ပါယ်မှာ တမောတမသုတ် အတိုင်းပင် ဖြစ်ပါသည်။

## ၇။ ပုတ္တသုတ်

### ရဟန်းလေးမျိုး

၁၆၅။ ယိမ်းယိုင်လှုပ်ရှားမှု မရှိသောရဟန်း၊ ပဒုမ္မာကြာနှင့်တူ သောရဟန်း၊ ပဒုမ္မာကြာနှင့် တူသောရဟန်း၊ ရဟန်းတို့တွင် သိမ်မွေ့နူး ညံ့သောရဟန်း ဟူ၍ ရဟန်းလေးမျိုးရှိသည်။

ထိုလေးမျိုးတို့တွင် အဘိသိက်သွန်းအပ်ပြီးသော မင်း၏သားကြီးသည် အဘိသိက် မသွန်းရသေးသော်လည်း (မင်းလောင်းအဖြစ်မှ)ရွေ့လျားခြင်းသို့ မရောက်သကဲ့သို့၊ ထို့အတူ ဤသာသနာ၌ အကြင်ရဟန်းသည် သေက္ခပုဂ္ဂိုလ်ဖြစ်၍သိက္ခာသုံးပါးကိုကျင့်ဆဲဖြစ်၏။ အမြတ်ဆုံးဖြစ်သော ယောဂလေးပါး ကုန်ရာ အရဟတ္တဖိုလ်ကိုတောင့်တလျက်နေ၏။ ဤရဟန်းသည် 'ယိမ်းယိုင်လှုပ်ရှားမှုမရှိသောရဟန်း'မည်၏။

အကြင်ရဟန်းသည်အာသဝေါတရား လေးပါးကုန်ခြင်း ကြောင့် အာသဝေါကင်းရာဖြစ်သော စိတ်၏လွတ်မြောက်မှု၊ပညာဖြင့်လွတ်မြောက်မှုကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံ၍ နေ၏။ ဝိမောက္ခရှစ်ပါးကိုမူ နာမကာယဖြင့်တွေ့ထိ၍မနေ။ ဤရဟန်းသည် 'ပုဏ္ဍရိက်ကြာနှင့်တူသော ရဟန်းမည်၏'[၁]

အကြင်ရဟန်းသည်အာသဝေါကင်းရာဖြစ်သောစိတ်၏လွတ်မြောက်မှု၊ ပညာ၏ လွတ်မြောက်မှုကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏၊ ဝိမောက္ခ ရှစ်ပါးကိုလည်း နာမကာယဖြင့် တွေ့ထိ၍နေ၏။ ဤရဟန်းသည် 'ပဒုမ္မာကြာနှင့်တူသောရဟန်း'မည်၏။[၂]

အကြင်ရဟန်းသည် တောင်းပန်အပ်သည် ဖြစ်၍သာလျှင် များစွာသောသင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးကို သုံးဆောင်ရ၏။[၃] မတောင်းပန်အပ်ဘဲ ကားအနည်းငယ်မျှကိုသာသုံးဆောင်ရ၏။ အတူနေ သီတင်းသုံးဖော်တို့သည် ထိုရဟန်းကိုနှစ်မြို့ဖွယ်ဖြစ်သော ကာယကံ ဝစီကံ မနောကံ တို့ဖြင့်သာလျှင် များစွာ ပြုမူဆက်ဆံကြ၏။ မနှစ်မြို့ဖွယ် ဖြစ်သောကံသုံးပါးဖြင့်ကား အနည်းငယ်သာ ပြုမူဆက်ဆံ

---

၁။ ပုဏ္ဍရိက်ကြာသည် ပွင့်ချပ်တစ်ရာမပြည့်သကဲ့သို့ ဤရဟန်းသည်လည်း ဈာန်အဘိဉာဏ်မရသဖြင့် မပြည့်စုံသော ဂုဏ်ရှိသောကြောင့်'ပုဏ္ဍရိက်ကြာနှင့်တူသော ရဟန်း'မည်၏။-အဋ္ဌကထာ။

၂။ ပဒုမ္မာကြာသည် ပွင့်ချပ် တစ်ရာ ပြည့်သကဲ့သို့ ဤရဟန်းသည်လည်း ဈာန်အဘိဉာဏ် ရ၍ ပြည့်စုံသော ဂုဏ်ရှိသောကြောင့် ပဒုမ္မာကြာနှင့်တူသောရဟန်းမည်၏။ အဋ္ဌကထာ။

၃။ ဒါယကာတို့က ဖိတ်ကြားလှူဒါန်းသည့်ပစ္စည်းကိုသာ များစွာသုံးဆောင်ရသည်ဟု ဆိုလိုပါသည်။

ကြ၏။ နှစ်မြို့ဖွယ် ဖြစ်သော ပူဇော်ခြင်းကိုသာ များစွာ ဆောင်ကြ၏။ မနှစ်မြို့ဖွယ်ဖြစ်သော ပူဇော်ခြင်းကိုကား အနည်းငယ်သာ ဆောင်ကြ၏။ သည်းခြေ သလိပ်လေသည်တို့ကြောင့် ဖြစ်သော ရောဂါဝေဒနာတို့သည် ထိုရဟန်းအား များစွာမဖြစ်ကုန်။ ထိုရဟန်းသည် ရောဂါဝေဒနာ နည်း၏။ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်း ဖြစ်သည့်စျာန်လေးပါးကို အလိုရှိတိုင်းရ၏။ အာသဝေါကင်းရာဖြစ်သော စိတ်၏လွတ်မြောက်မှု၊ ပညာဖြင့် လွတ်မြောက်မှုကိုလည်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်၏။ ဤရဟန်းသည် 'ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်း' မည်၏။

''ရဟန်းတို့၊ ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်း'' ဟူသော စကားကို ကောင်းစွာ ဆိုသော သူသည် ငါ့ကိုသာလျှင် ရည်ညွှန်း၍ ဆိုရာ၏။ ရဟန်းတို့၊ ငါသည် တောင်းပန်အပ်သည် ဖြစ်၍ သာလျှင် များစွာသော ပစ္စည်းလေးပါးကို သုံးဆောင်ရ၏။ မတောင်းပန်အပ်ဘဲကား အနည်းငယ်မျှသာ သုံးဆောင်ရ၏....အာသဝေါကင်းရာ ဖြစ်သော စိတ်၏ လွတ်မြောက်မှု၊ ပညာဖြင့် လွတ်မြောက်မှုကိုလည်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်၏ဟု မိန့်ကြားပါသည်။

## ၈။ သံယောဇနသုတ်

### သံယောဇဉ်ပယ်ခြင်းနှင့် ရဟန်းလေးမျိုး

၈၈။ သံယောဇဉ်သုံးပါးကုန်သော သောတာပန် ပုဂ္ဂိုလ်သည် ယိမ်းယိုင်လှုပ်ရှားမှု ရှိသော ရဟန်းမည်၏။

သံယောဇဉ် သုံးပါးကုန်ပြီး ရာဂ ဒေါသ မောဟ ခေါင်းပါးသော သကဒါဂါမိ ပုဂ္ဂိုလ်သည် ပုဏ္ဍရိပ်ကြာနှင့် တူသောရဟန်းမည်၏။

အောက်အဖို့ရှိသော သံယောဇဉ် ငါးပါးကုန်ခြင်းကြောင့် ဤကာမဘုံသို့ ပြန်မလာတော့သော အနာဂါမိပုဂ္ဂိုလ်သည် ပဒုမ္မာကြာနှင့် တူသော ရဟန်းမည်၏။

အာသဝေါကင်းရာ ဖြစ်သော လွတ်မြောက်မှုကို မျက်မှောက်ပြု၍ နေသော ရဟန္တာပုဂ္ဂိုလ်သည် ရဟန်းတို့တွင် နူးညံ့သိမ်မွေ့သော ရဟန်း မည်၏ဟု ဟောပါသည်။

## ၉။ သမ္မာဒိဋ္ဌိသုတ်

### မဂ္ဂင်ရှစ်ပါးနှင့် ရဟန်းလေးမျိုး

၈၉။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ စသော မဂ္ဂင်ရှစ်ပါးနှင့်ပြည့်စုံသော သေက္ခပုဂ္ဂိုလ်သည် ယိမ်းယိုင်လှုပ်ရှားမှု မရှိသော ရဟန်းမည်၏။

မဂ္ဂင်ရှစ်ပါး၊ သမ္မာဉာဏ်၊ သမ္မာဝိမုတ္တိတို့နှင့် ပြည့်စုံသော်လည်း ဝိမောက္ခရှစ်ပါးကို နာမကာယဖြင့် တွေ့ထိ၍ မနေသော (သုက္ခဝိပဿက ရဟန္တာ)ပုဂ္ဂိုလ်သည် ပုဏ္ဍရိက်ကြာနှင့်တူသော ရဟန်းမည်၏။

မဂ္ဂင်ရှစ်ပါး၊ သမ္မာဉာဏ်၊ သမ္မာဝိမုတ္တိတို့နှင့် ပြည့်စုံ၍ ဝိမောက္ခ ရှစ်ပါးကိုလည်း နာမကာယဖြင့် တွေ့ထိ၍နေသော (ဥဘတောဘာဂ ဝိမုတ္တ ရဟန္တာ)ပုဂ္ဂိုလ်သည် ပဒုမ္မာကြာနှင့်တူသော ရဟန်းမည်၏။

တောင်းပန်အပ်သည် ဖြစ်၍သာလျှင် များစွာသော ပစ္စည်းလေး ပါးကို သုံးဆောင်ရသော ချာန်လေးပါးကိုရရှိ၍ အာသဝေါကင်းရာဖြစ် သော လွတ်မြောက်မှုကိုမျက်မှောက်ပြု၍နေသော(မြတ်စွာဘုရား၊ မြတ်စွာ ဘုရားနှင့် အလားတူသော ရဟန္တာ)ပုဂ္ဂိုလ်သည် ရဟန်းတို့တွင် နူးညံ့ သိမ်မွေ့သော ရဟန်းမည်၏ဟု ဟောကြားပါသည်။

## ၁၀။ ခန္ဓသုတ်

### ခန္ဓာငါးပါးနှင့် ရဟန်းလေးမျိုး

၉၀။ အမြတ်ဆုံးဖြစ်သောအယာဂလေးပါးကုန်ရာ အရဟတ္တဖိုလ် ကို တောင့်တ၍နေသော သေက္ခပုဂ္ဂိုလ်သည် ယိမ်းယိုင်လှုပ်ရှားမှု မရှိသော ရဟန်းမည်၏။

ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို ရှု၍ နေလေ့ ရှိပြီး ဝိမောက္ခရှစ်ပါးကို နာမကာယဖြင့် ထိတွေ့၍ မနေသော ပုဂ္ဂိုလ် သည် ပုဏ္ဍရိက်ကြာနှင့်တူသော ရဟန်းမည်၏။

ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှု၍နေလေ့ ရှိပြီး ဝိမောက္ခ ရှစ်ပါးကိုလည်း နာမကာယဖြင့် ထိတွေ့၍နေသော ပုဂ္ဂိုလ်သည် ပဒုမ္မာကြာနှင့် တူသောရဟန်းမည်၏။

တောင်းပန်အပ်သည် ဖြစ်၍သာလျှင် များစွာသော ဇစ္စည်းလေးပါးကိုသုံးဆောင်ရသော၊ ချောင်လေးပါးကို ရရှိပြီး အာသဝေါကင်းရာဖြစ်သော လွတ်မြောက်မှုကို မျက်မှောက်ပြု၍နေသောပုဂ္ဂိုလ်သည် ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်းမည်၏ဟု- ဟောကြားပါသည်။

## ၁၀။ အသုရဝဂ်

### ၁။ အသုရသုတ်

အသုရာနှင့် တူသူစသော ပုဂ္ဂိုလ်လေးမျိုး

၉၁။ (၁) အသုရာဖြစ်၍[၁] အသုရာ အခြံအရံရှိသော ပုဂ္ဂိုလ်၊
(၂) အသုရာဖြစ်၍ နတ်အခြံအရံရှိသော ပုဂ္ဂိုလ်၊
(၃) နတ်ဖြစ်၍[၂] အသုရာ အခြံအရံဖြစ်သော ပုဂ္ဂိုလ်၊
(၄) နတ်ဖြစ်၍ နတ်အခြံအရံရှိသော ပုဂ္ဂိုလ်၊

ဟူ၍ လေးမျိုးရှိသည်။

ထိုလေးမျိုးတို့တွင် အကြင်သူသည် သီလမရှိ။ မကောင်းသော အကျင့်ရှိ၏။ သူ၏ပရိသတ်သည်လည်း သီလမရှိ၊ မကောင်းသော အကျင့်ရှိ၏။ ထိုသူသည် အသုရာဖြစ်၍ အသုရာအခြံအရံရှိသော ပုဂ္ဂိုလ်မည်၏။

အကြင်သူသည် သီလမရှိ။ မကောင်းသော အကျင့်ရှိ၏။ သူ၏ပရိသတ်ကား သီလရှိ၏။ ကောင်းသော သဘောရှိ၏။ ထိုသူသည် အသုရာဖြစ်၍ နတ်အခြံအရံရှိသော ပုဂ္ဂိုလ်မည်၏။

အကြင်သူသည် သီလရှိ၏။ ကောင်းသော အကျင့်ရှိ၏။ သူ၏ပရိသတ်သည်ကား သီလမရှိ။ မကောင်းသောအကျင့်ရှိ၏။ ထိုသူသည်နတ်ဖြစ်၍ အသုရာ အခြံအရံရှိသော ပုဂ္ဂိုလ်မည်၏။

အကြင်သူသည် သီလရှိ၏။ ကောင်းသော အကျင့်ရှိ၏။ ထိုသူ၏ပရိသတ်သည်လည်း သီလရှိ၏။ ကောင်းသောအကျင့်ရှိ၏။ ထိုသူသည် နတ်ဖြစ်၍ နတ်အခြံအရံရှိသော ပုဂ္ဂိုလ်မည်၏ဟု ဟောကြားပါသည်။

---

၁။ အသုရာကဲ့သို့ စက်ဆုပ်ဖွယ်အကျင့်ရှိသူဖြစ်၍ဟု ဆိုလိုပါသည်။
၂။ နတ်ကဲ့သို့ ဂုဏ်အားဖြင့် တင့်တယ်သူ ဖြစ်၍ဟု ဆိုလိုပါသည်။

## ၂။ ပထမ သမာဓိသုတ်

### သမာဓိရခြင်းနှင့် ပုဂ္ဂိုလ်လေးမျိုး

၉၂။ (၁) ကိုယ်တွင်း၌ စိတ်အေးငြိမ်းမှု အပ္ပနာ သမာဓိကိုသာ ရ၍ သင်္ခါရတရားတို့ကို ရှုအတ်သည့်လွန်မြတ်သော ဝိပဿနာ ပညာကို မရသူ။

(၂) လွန်မြတ်သော ဝိပဿနာ ပညာကိုသာရ၍ အပ္ပနာ သမာဓိကို မရသူ။

(၃) ထိုသမာဓိပညာနှင့် နှစ်ပါးလုံးကိုမရသူ၊

(၄) ထိုသမာဓိနှင့်ပညာ နှစ်ပါးလုံးကိုရသူ၊

ဟူ၍ ပုဂ္ဂိုလ်လေးမျိုး ရှိ၏ဟု ဟောပါသည်။

၉၃။ ဒုတိယသမာဓိသုတ်၌ မိမိကိုယ် ခန္ဓာထဲ၌ စိတ်အေးငြိမ်းမှု 'အပ္ပနာသမာဓိ' ကိုသာရ၍သင်္ခါရတရားတို့ကို အထူးရှုတတ်သည့်လွန်မြတ်သော ဝိပဿနာပညာကို မရသူစသောအားဖြင့် ပုဂ္ဂိုလ်လေးမျိုး ရှိသည်။

ထိုလေးမျိုးတို့တွင် အပ္ပနာသမာဓိသာရ၍ ဝိပဿနာ ပညာကိုမရသူသည်အပ္ပနာသမာဓိ၌တည်၍ ဝိပဿနာပညာ၌အားထုတ်ခြင်းပြုရမည်၊ ထိုသူသည် တစ်ပါးသောအခါ၌ သမာဓိနှင့်ဝိပဿနာပညာနှစ်ပါးလုံးကို ရသူ ဖြစ်လာနိုင်၏။

ထို့အတူ ဝိပဿနာပညာကိုသာရ၍ အပ္ပနာသမာဓိကို မရသူသည် ဝိပဿနာပညာ၌တည်၍ အပ္ပနာသမာဓိ၌ အားထုတ်ခြင်း ပြုရမည်။

ထိုသမာဓိပညာ နှစ်ပါးလုံးကို မရသေးသူကား ခါးတောင်ပုဆိုးကို မီးလောင်သူ၊ ဦးခေါင်းကိုမီးလောင်သူသည်ထိုမီးကိုငြိမ်းသတ်ရန်လွန်ကဲသောအားထုတ်မှုကို ပြုသကဲ့သို့ ထိုကုသိုလ်တရားများကို ရရှိရန်လွန်ကဲသော အားထုတ်မှုကို ပြုရမည်။

ထိုသမာဓိပညာ နှစ်ပါးလုံးကို ရရှိနေသော ပုဂ္ဂိုလ်သည်လည်း ထိုတရားနှစ်ပါးတို့၌တည်၍ အာသဝေါတရားများ ကုန်ခန်းစေရန် တိုးတက် အားထုတ်ရမည်ဟု ဟောကြားပါသည်။

၉၄။ တတိယသမာဓိ သုတ်၌အပ္ပနာသမာဓိကိုသာရ၍ ဝိပဿနာ ပညာကိုမရသူသည် ဝိပဿနာ ပညာကိုရသော ပုဂ္ဂိုလ်ထံ ချဉ်းကပ်၍ "သင်္ခါရတို့ကို အဘယ်သို့ရှုမှတ်သုံးသပ်ရပါမည်နည်း" ဟု၍ မေးရမည်။

ဝိပဿနာပညာကိုသာရ၍ အပ္ပနာသမာဓိကို မရသူသည် အပ္ပနာ သမာဓိကိုရသူထံ ချဉ်းကပ်၍ "စိတ်ကိုအဘယ်သို့ တည်မြဲမြဲအောင် ထားရမည်နည်း" ဟု၍မေးရမည်။

အပ္ပနာသမာဓိနှင့်ဝိပဿနာပညာ နှစ်ပါးလုံးကို မရသေးသူသည် ထိုနှစ်ပါးလုံးကိုရသူထံ ချဉ်းကပ်၍ "စိတ်ကိုအဘယ်သို့ တည်မြဲအောင် ထားရမည်နည်း၊ သင်္ခါရတို့ကို အဘယ်သို့ရှုရမည်နည်း" ဟုမေးရမည်။

ထိုပုဂ္ဂိုလ်များဖြေကြားသည့်အတိုင်းအားထုတ်လျှင် တစ်ပါးသော အခါ၌ အပ္ပနာသမာဓိနှင့် ဝိပဿနာပညာ နှစ်ပါးလုံးကို ရသူ ဖြစ်လာ နိုင်သည်။

အပ္ပနာသမာဓိနှင့်ဝိပဿနာပညာ နှစ်ပါးလုံးကို ရရှိနေသူသည် ကား ထိုတရား နှစ်ပါး၌တည်သော အာသဝေါ ကုန်ခန်း စေရန် တိုးတက်အားထုတ်ရမည်ဟု ဟောကြားပါသည်။

## ၅။ ဆဝါလာတသုတ်

ထင်းကုလားတုံးနှင့် ပုဂ္ဂိုလ်လေးမျိုး

၉၅။ (၁) မိမိအကျိုးငှာလည်း မကျင့်၊ သူတစ်ပါး အကျိုးငှာ လည်း မကျင့်သူ။

(၂) သူတစ်ပါး အကျိုးငှာသာ ကျင့်၍ မိမိအကျိုးငှာ မကျင့်သူ။

(၃) မိမိ အကျိုးငှာသာ ကျင့်၍ သူတစ်ပါးအကျိုးငှာ မကျင့်သူ။

(၄) မိမိ အကျိုးငှာလည်းကျင့်၍ သူတစ်ပါးအကျိုးငှာ လည်းကျင့်သူ။

ဟူ၍ပုဂ္ဂိုလ်လေးမျိုးရှိသည်။

ထိုလေးမျိုးတို့တွင်မိမိအကျိုးငှာလည်းမကျင့်၊ သူတစ်ပါးအကျိုးငှာလည်း မကျင့်သူသည် အစွန်းနှစ်ဘက်၌ မီးလောင်၍ အလယ်၌လည်း မစင်လူးနေသော ထင်းကုလားတုံးနှင့် တူ၏။

နွားမှထွက်သော နို့ရည်၊ နို့ခမ်း၊ ဆီဦးထောပတ် ထောပတ်ဆီကြည် တို့တွင် ထောပတ်ဆီကြည်ကိုအကောင်းဆုံးဟုဆိုအပ်သကဲ့သို့ ထို့အတူ မိမိအကျိုးငှာလည်းကျင့်၍ သူတစ်ပါးအကျိုးငှာလည်းကျင့်သူကို ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် အမြတ်ဆုံးဟုဆိုအပ်၏ဟု ဟောကြားပါသည်။

## ၆။ ရာဂဝိနယသုတ်

### ရာဂကို ပယ်ခြင်းနှင့် ပုဂ္ဂိုလ်လေးမျိုး

၉၆။ မိမိအကျိုးငှာသာကျင့်၍ သူတစ်ပါးအကျိုး ငှာမကျင့်သူ၊ သူတစ်ပါးအကျိုးငှာ ကျင့်၍ မိမိအကျိုးငှာမကျင့်သူ၊ မိမိအကျိုးငှာ လည်း မကျင့် သူတစ်ပါးအကျိုးငှာလည်း မကျင့်သူ၊ မိမိ သူတစ်ပါး နှစ်ဦးသားလုံး အကျိုးငှာ ကျင့်သူဟူ၍ ပုဂ္ဂိုလ်လေးမျိုး ရှိသည်၊ ထို လေးမျိုးတို့တွင်-

(၁) မိမိ ကိုယ်တိုင်သာ ရာဂ၊ ဒေါသ၊ မောဟ တို့ကို ပယ်ဖျောက်ရန် ကျင့်၍ သူတစ်ပါးကို ပယ်ဖျောက်ရန် မတိုက်တွန်းသူသည် မိမိ အကျိုးငှာသာကျင့်၍ သူတစ်ပါးအကျိုးငှာ မကျင့်သူဖြစ်၏။

(၂) သူတစ်ပါးကိုသာ ရာဂ၊ ဒေါသ၊ မောဟ တို့ကို ပယ်ဖျောက်ရန် တိုက်တွန်းပြီး ကိုယ်တိုင်ကား ထိုတရားတို့ ပယ်ဖျောက်ရန် မကျင့်သူသည် သူတစ်ပါးအကျိုးငှာသာကျင့်၍မိမိအကျိုးငှာ မကျင့်သူဖြစ်၏။

(၃) ရာဂ၊ ဒေါသ၊ မောဟ တို့ကိုပယ်ဖျောက်ရန်ကိုယ်တိုင်လည်း မကျင့် သူတစ်ပါးကိုလည်း မတိုက်တွန်းသူသည်မိမိသူတစ်ပါးနှစ်ဦးသား လုံးအကျိုးငှာ မကျင့်သူ ဖြစ်၏။

(၄) ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ဖျောက်ရန်ကိုယ်တိုင်လည်းကျင့် သူတစ်ပါးကိုလည်း တိုက်တွန်းသူသည်မိမိသူတစ်ပါးနှစ်ဦးသား လုံး အကျိုးငှာ ကျင့်သူဖြစ်၏ဟု ဟောပါသည်။

## ၇။ ခိပ္ပနိသန္တိသုတ်

### လျင်မြန်စွာ သိမြင်ခြင်းနှင့် ပုဂ္ဂိုလ်လေးမျိုး

၉၇။ အထက်သုတ်ပါ ပုဂ္ဂိုလ်လေးမျိုးကိုတွင် အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာ သိမြင်နိုင်သော ဉာဏ်ရှိ၏။ ကြားနာပြီးသော တရားတို့ကို ဆောင်နိုင်သော သဘောရှိ၏။ ဆောင်ထားသော တရားတို့၏အနက်ကိုစူးစမ်းဆင်ခြင်လေ့ရှိ၏။ ပါဠိအနက်ကိုသိ၍ တရားနှင့် လျော်စွာလည်း ကျင့်၏။ ကောင်းသောစကား ကောင်းသောအသံနှင့် ထား မပြည့်စုံ၊ သိတင်းသုံးဖော်အား တရားကို သိမြင်အောင် ညွှန်ကြား ပြသ ဆောက်တည်စေခြင်းငှာ မစွမ်းနိုင်၊ ထိုသူသည် မိမိအကျိုးငှာသာ ကျင့်၍ သူတစ်ပါးအကျိုးငှာ မကျင့်သူမည်၏။

အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာ သိမြင်နိုင်သော ဉာဏ်မရှိ၊ ကြားနာပြီးသောတရားတို့ကို မဆောင်သောသဘောမရှိ၊ ဆောင်ထားသော တရားတို့၏အနက်ကို စူးစမ်းဆင်ခြင်လေ့မရှိ၊ ပါဠိအနက်ကို သိ၍ တရားနှင့်လျော်စွာ ကျင့်လေ့မရှိ။ ကောင်းသောစကား ကောင်းသောအသံနှင့်ကား ပြည့်စုံ၏။ သိတင်းသုံးဖော်တို့အားတရားကို သိမြင်အောင်ညွှန်ကြားပြသ ဆောက်တည်စေခြင်းငှာ စွမ်းနိုင်၏။ ထိုသူသည် သူတစ်ပါးအကျိုးငှာသာကျင့်၍ မိမိအကျိုးငှာ မကျင့်သူ မည်၏။

အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာ သိမြင်နိုင်သော ဉာဏ်မရှိ၊ ပါဠိအနက်ကို သိ၍ တရားနှင့်လျော်စွာ ကျင့်လေ့မရှိ။ ကောင်းသောစကား ကောင်းသော အသံနှင့်လည်း မပြည့်စုံ။ သိတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသ ဆောက်တည် စေခြင်းငှာ မစွမ်းနိုင်၊ ထိုသူသည်မိမိအကျိုးငှာလည်းမကျင့်၊ သူတစ်ပါးအကျိုးငှာ လည်း မကျင့်သူ မည်၏။

အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာ သိမြင်နိုင်သော ဉာဏ်ရှိ၏၊ ပါဠိအနက်ကို သိ၍ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။ ကောင်းသော စကား၊ ကောင်းသော အသံနှင့်လည်း ပြည့်စုံ၏။ သိတင်းသုံးဖော်တို့အား တရားကို သိမြင်အောင် ညွှန်ကြားပြသ ဆောက်တည်

---

၁။ ခိပ္ပနိသန္တိ၀တီခိပ္ပနိသာမနော သီ၊ ံ ေန်တို့ သမဿ ...ကထာ။ ခိပ္ပနိသန္တိ၀တီခိပ္ပ ပဉ္စာ၊ တေနာဟ 'ခိပ္ပနိသာမနော'တိ–ဋီကာ။

စေခြင်းငှာ စွမ်းနိုင်၏။ ထိုသူသည် မိမိ အကျိုးငှာလည်း ကျင့်၍ သူ တစ်ပါး အကျိုးငှာလည်း ကျင့်သူမည်၏ဟု ဟောပါသည်။

၉၈။ အတ္တဟိတသုတ်၌ အထက်ပါပုဂ္ဂိုလ်လေးမျိုးကိုပင်အကျဉ်း ချုပ်အားဖြင့် ဟောပါသည်။

၉၉။ သိက္ခာပဒသုတ်၌ မိမိကိုယ်တိုင် ပါဏာတိပါတ စသော ငါးပါးမှ ရှောင်ကြဉ်၍ သူတစ်ပါးကို ရှောင်ကြဉ်ရန် မဆောက်တည် စေသူသည် မိမိ အကျိုးငှာသာ ကျင့်၍ သူတစ်ပါး အကျိုးငှာ မကျင့်သူ မည်၏ စသည်ဖြင့် ပုဂ္ဂိုလ်လေးမျိုးကို ဟောပါသည်။

## ၁၀။ ပေါတလိယသုတ်

### ကျေးဇူးမဲ့ကိုဆိုတတ်သူ စသည့်ပုဂ္ဂိုလ်လေးမျိုး

၁၀၀။ အခါတစ်ပါး၌ ပေါတလိယမည်သော ပရိဗိုဇ်သည်ဗုဒ္ဓထံ ချဉ်းကပ်၏. ဗုဒ္ဓက ထိုပရိဗိုဇ်အား အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။ "ပေါတလိယ၊ ဤလောက၌ ပုဂ္ဂိုလ်လေးမျိုးရှိ၏။ ယင်းတို့မှာ-

(၁) ကဲ့ရဲ့ထိုက်သူ၏ ကျေးဇူးမဲ့ကို အမှန်အတိုင်း သင့်လျော်သောအခါ ပြောဆိုတတ်ပြီး ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကိုကား မပြောဆို တတ်သူ၊

(၂) ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို အမှန်အတိုင်း သင့်လျော် သောအခါ ပြောဆိုတတ်ပြီး ကဲ့ရဲ့ထိုက်သူ၏ ကျေးဇူးမဲ့ကိုမူ မပြောဆိုတတ်သူ၊

(၃) ကဲ့ရဲ့ထိုက်သူ၏ ကျေးဇူးမဲ့ကိုလည်းကောင်း၊ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း မပြောဆိုတတ်သူ၊

(၄) ကဲ့ရဲ့ထိုက်သူ၏ ကျေးဇူးမဲ့ကို လည်းကောင်း၊ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို လည်းကောင်း အမှန်အတိုင်း သင့်လျော်သော အခါ ပြောဆိုတတ်သူတို့ ဖြစ်၏။

"ပေါတလိယ၊ ဤပုဂ္ဂိုလ်လေးယောက်တို့တွင် အဘယ် ပုဂ္ဂိုလ်ကို သင် အနှစ်သက်ဆုံး ဖြစ်သနည်း"

"အရှင်ဂေါတမ ဤပုဂ္ဂိုလ် လေးယောက်တို့တွင် ကဲ့ရဲ့ ထိုက်သူ၏ ကျေးဇူးမဲ့ကို လည်းကောင်း၊ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို လည်းကောင်းမပြောဆိုတတ်သူကိုကျွန်ုပ်တို့ အနှစ်သက်ဆုံးဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လျစ်လျူရှုခြင်းသည် နှစ်သက်ဖွယ် ကောင်းလှသောကြောင့် ဖြစ်ပါသည်"

"ပေါတလိယ၊ ဤပုဂ္ဂိုလ် လေး ယောက်တို့တွင် ကဲ့ရဲ့ ထိုက်သူ၏ ကျေးဇူးမဲ့ကိုလည်းကောင်း၊ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို လည်းကောင်း အမှန်အတိုင်း သင့်လျော်သောအခါ ပြောဆိုတတ်သူကို ငါ အနှစ်သက်ဆုံးဖြစ်၏၊ အဘယ့်ကြောင့် ဆိုသော် ထိုထိုအရာ၌ သင့်လျော်သော အချိန်အခါကို သိခြင်းသည် နှစ်သက်ဖွယ်ကောင်းလှသောကြောင့်ဖြစ်၏"

ဗုဒ္ဓက ထိုသို့ မိန့်ကြားသောအခါ ပေါတလိယ ပရိဗိုဇ် သည် ထိုမိန့်ကြားချက်ကို လွန်စွာနှစ်သက်၍ ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၁၂။ ဝလာဟကဝဂ်

### ၁၁။ ပဌမ ဝလာဟကသုတ်

မိုးလေးမျိုးနှင့် ပုဂ္ဂိုလ်လေးမျိုး

၁၀၁။ (၁) ချုန်းသာချုန်း၍ မရွာသောမိုး၊

(၂) ရွာသာရွာ၍ မချုန်းသောမိုး၊

(၃) ချုန်းလည်းမချုန်း ရွာသည်းမရွာသောမိုး၊

(၄) ချုန်းလည်းချုန်း ရွာလည်းရွာသောမိုး၊

ဤသို့ မိုးလေးမျိုးရှိသကဲ့သို့ ပုဂ္ဂိုလ်လေးမျိုး ရှိသည်။

ယင်းလေးမျိုးတို့တွင် ပြောရုံသာ ပြော၍ ပြောတိုင်း မလုပ်သူသည် ချုန်းသာချုန်း၍ မရွာသော ပုဂ္ဂိုလ်မည်၏။

လုပ်သာလုပ်၍ မပြောတတ်သူသည် ရွာသာရွာ၍ မချုန်းသော ပုဂ္ဂိုလ်မည်၏။

ပြောလည်းမပြော၊ လုပ်လည်းမလုပ်သူသည် ချုန်းလည်းမချုန်း၊ ရွာလည်းမရွာသော ပုဂ္ဂိုလ်မည်၏။

ပြောလည်းပြော၊ လုပ်လည်းလုပ်သူသည် ချုန်းလည်းချုန်း၊ ရွာလည်းရွာသော ပုဂ္ဂိုလ်မည်၏-ဟု ဟောကြားပါသည်။

၁၀၂။ ဒုတိယ ဝလာဟကသုတ်၌ သုတ္တ၊ ဂေယျစသော တရားကို သင်ယူ၍ သစ္စာလေးပါးကို မသိသူသည် ချုန်းသောချုန်း၍ မရွာသော ပုဂ္ဂိုလ်မည်၏ စသည်ဖြင့် ဟောကြားသည်။

## ၃။ ကုမ္ဘသုတ်

### အိုးလေးမျိုးနှင့် ပုဂ္ဂိုလ်လေးမျိုး

၁၀၃။ (၁) အချည်းအနှီးဖြစ်လျက် ပိတ်ထားသော အိုး၊
(၂) ပြည့်လျက် ဖွင့်ထားသောအိုး၊
(၃) အချည်းနှီး ဖြစ်လျက် ဖွင့်ထားသောအိုး၊
(၄) ပြည့်လျက် ပိတ်ထားသောအိုး၊

ဤသို့အိုး လေးမျိုးရှိသကဲ့သို့ ထို့အတူ ပုဂ္ဂိုလ်လေးမျိုးရှိသည်။

ထိုလေးမျိုးတို့တွင် ရှေ့သို့သွားခြင်း၊ နောက်သို့ဆုတ်ခြင်း၊ ရှေးရှုကြည့်ခြင်း၊ တစောင်းကြည့်ခြင်းစသော အမူအရာ အားဖြင့် ကြည်ညိုဖွယ်ဖြစ်သော်လည်း သစ္စာလေးပါးကို မသိသူသည် 'အချည်းနှီး ဖြစ်လျက် ပိတ်ထားသော ပုဂ္ဂိုလ်' မည်၏။

ဆိုခဲ့သော အမူအရာအားဖြင့် ကြည်ညိုဖွယ် မရှိသော်လည်း သစ္စာလေးပါးကို သိမြင်သူသည် 'ပြည့်လျက် ဖွင့်ထားသော ပုဂ္ဂိုလ်' မည်၏။

အမူအရာအားဖြင့်လည်း ကြည်ညိုဖွယ်မရှိ၊ သစ္စာလေးပါးကိုလည်း မသိမြင်သူသည် 'အချည်းနှီးဖြစ်လျက် ဖွင့်ထားသော ပုဂ္ဂိုလ်' မည်၏။

အမူအရာအားဖြင့်လည်း ကြည်ညိုဖွယ်ရှိပြီး သစ္စာလေးပါးကိုလည်း သိမြင်သူသည် 'ပြည့်လျက် ပိတ်ထားသော ပုဂ္ဂိုလ်' မည်၏ဟု ဟောပါသည်။

## ၄။ ဥဒကရဟဒသုတ်

ရေအိုင်လေးမျိုးနှင့် ပုဂ္ဂိုလ်လေးမျိုး

၁၀၄။ (၁) တိမ်လျက် နက်ရောင်ရှိသော ရေအိုင်၊
(၂) နက်လျက်တိမ်ယောင်ရှိသော ရေအိုင်၊
(၃) တိမ်လျက် တိမ်ယောင်ရှိသော ရေအိုင်၊
(၄) နက်လျက် နက်ယောင်ရှိသော ရေအိုင်၊

ဟူ၍ ရေအိုင် လေးမျိုး ရှိသကဲ့သို့၊ ထို့အတူ ပုဂ္ဂိုလ်လေးမျိုးရှိကြောင်း ဟောပါသည်။

ထိုပုဂ္ဂိုလ်လေးမျိုး၏အဓိပ္ပာယ်ကား ကုမ္ဘသုတ်အတိုင်းဖြစ်ပါသည်။

## ၅။ အမ္ဗသုတ်

သရက်သီးလေးမျိုးနှင့် ပုဂ္ဂိုလ်လေးမျိုး

၁၀၅။ (၁) စိမ်းလျက်မှည့်ယောင်ရှိသော သရက်သီး၊
(၂) မှည့်လျက် စိမ်းယောင်ရှိသော သရက်သီး၊
(၃) စိမ်းလျက် စိမ်းယောင်ရှိသောသရက်သီး၊
(၄) မှည့်လျက် မှည့်ယောင်ရှိသောသရက်သီး၊

ဤသို့ သရက်သီး လေးမျိုးရှိသကဲ့သို့ လောက၌ ပုဂ္ဂိုလ်သည်လည်း စိမ်းလျက်မှည့်ယောင်ရှိသော ပုဂ္ဂိုလ်စသည်ဖြင့် လေးမျိုးရှိကြောင်း ဟောပါသည်။ အဓိပ္ပာယ်ကား ကုမ္ဘသုတ်အတိုင်းပင် ဖြစ်၏။

## ၇။ မူသိကသုတ်[၁]

ကြွက်လေးမျိုးနှင့် ပုဂ္ဂိုလ်လေးမျိုး

၁၀၇။ (၁) တွင်းသာဖောက်၍ မအောင်း သောကြွက်၊
(၂) အောင်းသာအောင်း၍ တွင်းမဖောက်သောကြွက်၊

---

၁။ အ[illegible]ကထာအဆိုအရ အမ္ဗသုတ်နှင့် မူသိကသုတ် [illegible]၌ သုတ်တစ်သုတ် ရှိပေသည် ဟုယူဆရပါသည်။ဆ[illegible] မူ မြန်မာပြန်၌ယင်းကို 'ဒုတိယ အမ္ဗ ပမသုတ်' ဟုခေါ်တစ်ထ[illegible] သို့သော် ပါဠိ၌ရော မြန်မာပြန်၌ပါ စာသား မပါရှိပါ။

(၃) တွင်းလည်းမဖောက်၊အောင်းလည်းမအောင်းသော ကြွက်၊

(၄) တွင်းလည်းဖောက် အောင်းလည်း အောင်းသော ကြွက်။

ဤသို့ ကြွက်လေးမျိုးရှိသကဲ့သို့၊ ထို့အတူ လောက၌လူပုဂ္ဂိုလ်သည်လည်း တွင်းသာဖောက်၍၊ မအောင်းသောပုဂ္ဂိုလ် စသည်ဖြင့်လေးမျိုးရှိသည်

ထိုပုဂ္ဂိုလ် လေးမျိုးတို့တွင် သုတ္တ ဂေယျ၊စသောတရားကိုသင်ယူသော်လည်း သစ္စာလေးပါးကို မသိသူသည်တွင်းသာဖောက်၍မအောင်းသောပုဂ္ဂိုလ်မည်၏။

တရားကို မသင်ယူသော်လည်း သစ္စာလေးပါးကို သိမြင်သူသည် အောင်းသာအောင်း၍တွင်း မဖောက်သောပုဂ္ဂိုလ်မည်၏။

တရားကိုလည်းမသင်ယူ၊သစ္စာလေးပါးကိုလည်း မသိမြင်သူသည် တွင်းလည်းမဖောက် အောင်းလည်းမအောင်းသောပုဂ္ဂိုလ်မည်၏။

တရားကိုလည်းသင်ယူပြီး သစ္စာလေးပါးကိုလည်း သိမြင်သူသည် တွင်းလည်းဖောက် အောင်းလည်းအောင်းသော ပုဂ္ဂိုလ်မည်၏ဟု ဟောပါသည်။

## ဂ။ ဗလိဗဒ္ဒသုတ်

### နွားလားလေးမျိုးနှင့် ပုဂ္ဂိုလ်လေးမျိုး

၁၀ဂ။ (၁) မိမိနွားအုပ်၌သာ ကြမ်းတမ်း၍၊ အခြားနွားအုပ်၌ မကြမ်းတမ်းသော နွားလား။

(၂) အခြားနွားအုပ်၌သာ ကြမ်းတမ်း၍၊ မိမိနွားအုပ်၌မကြမ်းတမ်းသောနွားလား။

(၃) မိမိနွားအုပ်၌လည်း မကြမ်းတမ်း၊ အခြားနွားအုပ်၌လည်းမကြမ်းတမ်းသော နွားလား။

(၄) မိမိနွားအုပ်၌လည်း ကြမ်းတမ်း၊ အခြားနွားအုပ်၌လည်း ကြမ်းတမ်းသော နွားလား။

ဤသို့နွားလားလေးမျိုးရှိသကဲ့သို့ထို့အတူ လောက၌ လူပုဂ္ဂိုလ်သည်လည်း မိမိအုပ်စု၌သာ ကြမ်းတမ်း၍ အခြားအုပ်စု၌ မကြမ်းတမ်းသော ပုဂ္ဂိုလ်စသည်ဖြင့် လေးမျိုးရှိသည်။

ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် မိမိပရိသတ်ကိုသာ ထိတ်လန့်စေတတ်၍ သူတစ်ပါး ပရိသတ်ကို မထိတ်လန့်စေတတ်သော ပုဂ္ဂိုလ်သည် မိမိအုပ်စု၌သာ ကြမ်းတမ်း၍ အခြားအုပ်စု၌ မကြမ်းတမ်းသော ပုဂ္ဂိုလ်မည်၏ စသည်ဖြင့် အကျယ်ဖွင့်ထားပါသည်။

(ဥဗ္ဗေဇေတာ ဟောတီတိ ဿနွတ္တာ ဝိဇ္ဇိတ္တာ ဥဗ္ဗေဂပ္ပတ္တံ ကရောတိ- အဋ္ဌကထာ )

## ၉။ ရုက္ခသုတ်

### သစ်ပင်လေးမျိုးနှင့် ပုဂ္ဂိုလ်လေးမျိုး

၁၀၉။ လောက၌ သစ်ပင်တို့သည်—

(၁) အကာပင်ဖြစ်၍ အကာပင် အခြံအရံရှိသော သစ်ပင်၊
(၂) အကာပင်ဖြစ်၍ အနှစ်ပင်အခြံအရံရှိသော သစ်ပင်၊
(၃) အနှစ်ပင်ဖြစ်၍ အကာပင် အခြံအရံရှိသော သစ်ပင်၊
(၄) အနှစ်ပင်ဖြစ်၍ အနှစ်ပင်အကာအရံရှိသော သစ်ပင်-

ဟူ၍ လေးမျိုးရှိသည်။

ထို့အတူ လောက၌ လူပုဂ္ဂိုလ်တို့သည်လည်း အကာပင် ဖြစ်၍ အကာပင် အခြံအရံရှိသော ပုဂ္ဂိုလ် စသောအားဖြင့် လေးမျိုးရှိသည်။ ထိုလေးမျိုးတို့တွင် အကြင်သူသည်သီလမရှိ၊ ယုတ်မာသော အကျင့်ရှိ၏။ သူ၏ ပရိသတ်သည်လည်း သီလမရှိ၊ ယုတ်မာသော အကျင့်ရှိ၏။ ထိုသူသည် အကာပင်ဖြစ်၍ အကာပင် အခြံအရံရှိသော ပုဂ္ဂိုလ်မည်၏။

သူက သီလမရှိဘဲ သူ့ပရိသတ်က သီလရှိလျှင် ထိုသူသည် အကာပင်ဖြစ်၍ အနှစ်ပင် အခြံအရံရှိသော ပုဂ္ဂိုလ်မည်၏။

သူကသီလရှိပြီး သူ့ပရိသတ်က သီလမရှိလျှင် ထိုသူသည် အနှစ်ပင်ဖြစ်၍ အကာပင်အခြံအရံရှိသော ပုဂ္ဂိုလ်မည်၏။

သူကလည်းသီလရှိ၊ သူ့ပရိသတ်ကလည်း သီလရှိလျှင် ထိုသူသည် အနှစ်ပင်ဖြစ်၍အနှစ်ပင်အခြံအရံရှိသောပုဂ္ဂိုလ်မည်၏ဟု ဟောပါသည်။

## ၁၀။ အာဘိဝိသသုတ်

### မြွေလေးမျိုးနှင့် ပုဂ္ဂိုလ်လေးမျိုး

၁၁၀။ လောက၌ မြွေတို့သည်—

(၁) လျင်စွာတက်သော အဆိပ်ရှိ၍ ကြမ်းသော အဆိပ် မရှိသည့် မြွေ။

(၂) ကြမ်းသော အဆိပ်ရှိ၍ လျင်စွာတက်သော အဆိပ် မရှိသည့် မြွေ။

(၃) လျင်စွာတက်သော အဆိပ်လည်းရှိ၊ ကြမ်းသော အဆိပ်လည်း ရှိသည့်မြွေ။

(၄) လျင်စွာတက်သော အဆိပ်လည်းမရှိ၊ ကြမ်းတမ်းသော အဆိပ်လည်းမရှိသည့်မြွေ။—

ဟူ၍လေးမျိုးရှိသည်။

ထို့အတူ လောက၌ လူပုဂ္ဂိုလ်တို့သည်လည်း လျင်စွာတက်သော အဆိပ်ရှိ၍ ကြမ်းတမ်းသောအဆိပ်မရှိသည့် ပုဂ္ဂိုလ်စသောအားဖြင့် လေးမျိုး ရှိသည်။

ထိုလေးမျိုးတို့တွင် မကြာခဏအမျက်ထွက်သော်လည်း ထိုအမျက် ဒေါသမှာ ကြာမြင့်စွာ မတည်သော ပုဂ္ဂိုလ်သည် လျင်စွာတက်သော အဆိပ်ရှိ၍ ကြမ်းသောအဆိပ်မရှိသည့် ပုဂ္ဂိုလ်မည်၏။

မကြာခဏအမျက် မထွက်သော်လည်း အမျက်ထွက်သည့် အခါ ကြာမြင့်စွာတည်သော ပုဂ္ဂိုလ်သည် ကြမ်းသော အဆိပ်ရှိ၍ လျင်စွာတက် သော အဆိပ်မရှိသည့် ပုဂ္ဂိုလ်မည်၏။

မကြာခဏ အမျက်ထွက်ပြီး ထိုအမျက်မှာလည်း ကြာမြင့်စွာ တည် နေ ရှိသော ပုဂ္ဂိုလ်သည် လျင်စွာတက်သော အဆိပ်လည်းရှိ ကြမ်းသော အဆိပ်လည်း ရှိသည့် ပုဂ္ဂိုလ်မည်၏။

မကြာခဏလည်း အမျက်ထွက်လေ့မရှိ၊ အမျက်ထွက်သည့်အခါ လည်းကြာမြင့်စွာ တည်နေ ရှိသော ပုဂ္ဂိုလ်သည် လျင်စွာတက်သော အဆိပ်လည်း ရှိ၊ ကြမ်းသော အဆိပ်လည်း မရှိသည့် ပုဂ္ဂိုလ်မည်၏ဟု ဟောကြားပါသည်။

## ၁၂။ ကေသိဝဂ်

### ၁။ ကေသိသုတ်

မြင်းကို ဆုံးမနည်းနှင့် လူကိုဆုံးမနည်းလေးမျိုး

၁၁၁။ အခါတစ်ပါး၌ ကေသိမည်သော မြင်းဆရာသည် ဗုဒ္ဓထံသို့ ချဉ်းကပ်၏။ ထိုမြင်းဆရာအား ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူ၏-

"ကေသိ၊ သင်သည် ထင်ရှားသော မြင်းဆရာ ဖြစ်၏၊ သင်သည် မြင်းရိုင်းကို အဘယ်သို့ ယဉ်ကျေးအောင် ဆုံးမသနည်း"

"အရှင်ဘုရား၊ တပည့်တော်သည် မြင်းရိုင်းကို အနုနည်းဖြင့်လည်း ဆုံးမပါသည်။ အကြမ်းနည်းဖြင့်လည်း ဆုံးမပါသည်။ အနုနည်း အကြမ်းနည်း နှစ်မျိုးလုံးဖြင့်လည်း ဆုံးမပါသည်"

"ကေသိ၊ ဤသို့ဆုံးမသော်လည်း အကယ်၍ ထိုမြင်းရိုင်းသည် ယဉ်ကျေးခြင်းသို့ မရောက်ခဲ့သော် သင်အဘယ်သို့ ပြုလုပ်သနည်း"

"အရှင်ဘုရား၊ ဤသို့ဆုံးမသော်လည်း အကယ်၍ ယဉ်မကျေးခြင်းသို့ မရောက်ခဲ့သော် တပည့်တော်သည် ထိုမြင်းရိုင်းကို သတ်ပစ်ပါသည်။ အကြောင်းမှာ တပည့်တော်၏ ဆရာစဉ်ဆက်အား ဂုဏ်သတင်းပျက်စေလိုသောကြောင့် ဖြစ်ပါသည်။ အရှင်ဘုရား၊ မြတ်စွာဘုရားသည် ဆုံးမကိုက်သော သတ္တဝါတို့ကို ဆုံးမတော်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်ပါသည်။ မြတ်စွာဘုရားသည် အဘယ်သို့လျှင် ဆုံးမတိုက်သော သတ္တဝါကို ယဉ်ကျေးအောင် ဆုံးမပါသနည်း"

"ကေသိ၊ ငါသည် ဆုံးမထိုက်သော သတ္တဝါကို အနုနည်းဖြင့်လည်း ဆုံးမ၏၊ အကြမ်းနည်းဖြင့်လည်း ဆုံးမ၏၊ အနုနည်း အကြမ်းနည်း နှစ်ပါးစုံဖြင့်လည်း ဆုံးမ၏။ အနုနည်းဖြင့် ဆုံးမခြင်းဟူသည် သုစရိုက်သုံးပါး၊ ထိုသုစရိုက်တို့၏ အကျိုးနှင့် လူ့ပြည်နတ်ပြည်တို့ကို ပြသ ဆုံးမခြင်းဖြစ်၏၊ အကြမ်းနည်းဖြင့် ဆုံးမခြင်းဟူသည် ဒုစရိုက်သုံးပါး၊ ထိုဒုစရိုက်တို့၏အကျိုးနှင့်ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတို့ကိုပြ၍ဆုံးမခြင်းဖြစ်၏"

"အရှင်ဘုရား အကယ်၍ဆုံးမသိုက်သော သတ္တဝါသည်အနုနည်း၊ အကြမ်းနည်းတို့ဖြင့် ဆုံးမသော်လည်း ယဉ်ကျေးသိမ်မွေ့ခြင်းသို့မရောက်ခဲ့သော် အရှင်ဘုရားသည် ထိုသူကို အဘယ်သို့ ပြုလုပ်ပါသနည်း"

"ကေသိ၊ အကယ်၍ ဆုံးမထိုက်သော သတ္တဝါသည် အနုနည်း အကြမ်းနည်းတို့ဖြင့် ဆုံးမသော်သည်း ယဉ်ကျေးသိမ်မွေ့ခြင်းသို့မရောက်ခဲ့သော် ငါသည် ထိုသူကို သတ်ပစ်၏"

'အရှင်ဘုရား သူ့အသက်ကိုသတ်ခြင်းသည် မြတ်စွာဘုရားအား မအပ်စပ်ပါ၊ သို့ပါလျက်' ထိုသူကို ငါသတ်ပစ်၏'ဟု မိန့်ကြားတော်မူဘိ၏"

"အချင်းကေသိ၊ငါ့အား သူ့အသက်ကိုသတ်ခြင်းသည် မအပ်စပ်သည်မှာမှန်ပေ၏။ စင်စစ် အကြင်သူသည် အနုနည်းအကြမ်းနည်းနှစ်မျိုးလုံးဖြင့် ဆုံးမအပ်သော်လည်း ယဉ်ကျေးသိမ်မွေ့ခြင်းသို့မရောက်၊ထိုသူကို ငါသည် ဆုံးမထိုက်သူဟု အသိအမှတ် မပြုတော့ချေ။ အသိဉာဏ်ရှိသော သီတင်းသုံးဖော်တို့ကလည်း ထိုသူကို ဆုံးမထိုက်သူဟု၍ အသိအမှတ်မပြုကြတော့ချေ။ အချင်းကေသိ၊ဆုံးမထိုက်သူဟု အသိအမှတ် မပြုခြင်းသည် အရိယာဝိနည်း၌ သတ်ပစ်ခြင်းပင် ဖြစ်ပေသည်"

"အရှင်ဘုရား၊ ဆုံးမထိုက်သူဟု အသိအမှတ် မပြုခြင်းကား ကောင်းသော သတ်ပစ်ခြင်း ဖြစ်ပါပေသည်"

ကေသိမည်သော မြင်းဆရာသည် ဤသို့လျှောက်ကြားပြီး ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၂။ ဇဝသုတ်

### လျင်မြန်ခြင်းစသော ရဟန်းအင်္ဂါလေးပါး

၁၁၂။ ဖြောင့်မတ်ခြင်း၊ လျင်မြန်ခြင်း၊ သည်းခံခြင်း၊ အကျင့်မကောင်းခြင်းဟူသော အင်္ဂါလေးပါးနှင့်ပြည့်စုံသော မြင်းအာဇာနည်ကို မင်း၏ အသုံးအဆောင်၊ မင်း၏အင်္ဂါအစိတ်အပိုင်းဟူ၍ ခေါ်ဆိုသကဲ့သို့ အသုံးအဆောင်၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ခေါ်ဆိုသကဲ့သို့ ထို့အတူ ဖြောင့်မတ်ခြင်း၊လျင်မြန်ခြင်း၊ သည်းခံခြင်း၊ အကျင့်ကောင်းခြင်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဝေးမှဆောင်ယူလာသည့် ပစ္စည်းကို ခံယူထိုက်သော ပုဂ္ဂိုလ်ဖြစ်၏....လောက၏ အမြတ်ဆုံး ကောင်းမှုလယ်မြေ ဖြစ်၏ဟု ဟောကြားပါသည်။

## ၃။ ပဋိပဒါဝဂ်

မြင်းလေးမျိုးနှင့် ယောကျ်ားအာဇာနည်လေးမျိုး

၁၁၃။ လောက၌ မြင်းအာဇာနည်တို့သည်-

(၁) နှင်တံရိပ်ကို မြင်လျှင်ထိတ်လန့်သောမြင်းအာဇာနည်၊

(၂) အမွေး၌နှင်တံဖြင့်ထိုးလျှင်ထိတ်လန့်သော မြင်းအာဇာနည်၊

(၃) အရေ၌နှင်တံဖြင့်ထိုးလျှင် ထိတ်လန့်သော မြင်းအာဇာနည်၊

(၄) အရိုး၌နှင်တံဖြင့် ထိုးလျှင် ထိတ်လန့်သော မြင်းအာဇာနည် ဟူ၍ လေးမျိုးရှိသည်။

မြင်းအာဇာနည် လေးမျိုးရှိသကဲ့သို့ ယောကျ်ားအာဇာနည် လေးမျိုးရှိ၏။ ၎င်းတို့မှာ-

(၁) ဤမည်သောရွာနိဂုံး၌ တစ်ယောက်သောမိန်းမ၊ သို့မဟုတ် ယောကျ်ားသည် ဆင်းရဲခြင်းသို့ရောက်လေ၏။ သို့မဟုတ် ကွယ်လွန်သွား၏" ဟုကြားရ၍ဖြင့်ထိတ်လန့်ပြီး သင့်လျော်စွာ အားထုတ်သဖြင့် နိဗ္ဗာန်[၁] ကို မျက်မှောက် ပြုသော ယောကျ်ားအာဇာနည်။

(၂) ဆင်းရဲခြင်း သို့ရောက်နေသော သို့မဟုတ် ကွယ်လွန်သွားသော မိန်းမကိုဖြစ်စေ၊ ယောကျ်ားကိုဖြစ်စေကိုယ်တိုင်မြင်၍ ထိတ်လန့်ပြီး သင့်လျော်စွာအားထုတ်သဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသော ယောကျ်ား အာဇာနည်။

(၃) မိမိ၏ ဆွေမျိုးသားချင်းတစ်ယောက်ဆင်းရဲခြင်းသို့ ရောက်နေသော် လည်းကောင်း၊ သေလွန်၍သော်လည်းကောင်း ထိတ်လန့်ပြီး သင့်လျော်စွာအားထုတ်သဖြင့်နိဗ္ဗာန်ကိုမျက်မှောက်ပြုသော ယောကျ်ားအာဇာနည်။

---

၁။ ပရမသစ္စန္တိ နိဗ္ဗာနံ=အဋ္ဌကထာ၊ အမြတ်ဆုံး၊ အမှန်တရားဖြစ်သောနိဗ္ဗာန် ကိုဟု ဆိုလိုပါသည်။

(၄) မိမိကိုယ်တိုင်ပင် ခါးသီးပြင်းထန်သော ကိုယ်ဆင်းရဲခြင်း ဝေဒနာတို့ကိုခံစားရ၍ ထိတ်လန့်ပြီး သင့်လျော်စွာအား ထုတ်သဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသော ဧယာကျွဲ အာဇာနည်တို့ဖြစ်၏ ဟု ဟောကြားပါသည်။

## ၄။ နာဂသုတ်

မင်းသုံးဆင်နှင့် ရဟန်းမြတ်၏ အင်္ဂါလေးပါး

၁၁၄။ နာခံတတ်ခြင်း၊ သတ်ဖြတ်တတ်ခြင်း၊ သည်းခံတတ်ခြင်း သွားတတ်ခြင်းဟူသောအင်္ဂါလေးပါးနှင့်ပြည့်စုံသော ဆင်ကိုမင်းနှင့်ထိုက် တန်၍ မင်း၏အင်္ဂါအစိတ်အပိုင်းဟူ၍ ခေါ်ဆိုအပ်၏။

ထိုအင်္ဂါလေးပါးတို့တွင် ပြုလုပ်ဖူးသောအမှုကိုဖြစ်စေ၊ မပြုလုပ်ဖူး သောအမှုကိုဖြစ်စေ ဆင်ထိန်းကပြုလုပ်စေသည်ရှိသော်ထိုအမှုကို ကောင်း စွာနာခံခြင်းသည် 'နာခံတတ်ခြင်း' မည်၏။

စစ်မြေပြင်၌ရန်သူ၏ ဆင် မြင်း ရထား စစ်သည်များကိုသတ်ဖြတ် ဖျက်ဆီးခြင်းသည် 'သတ်ဖြတ်တတ်ခြင်း' မည်၏။

စစ်မြေပြင်၌ ရန်သူ၏လှံဖြင့်ထိုးခြင်း၊ သံလျက်ဖြင့်ခုတ်ခြင်း၊ မြှား ဖြင့်ပစ်ခြင်း၊ ပုဆိန်ဖြင့်ပေါက်ခြင်းတို့ကိုလည်းကောင်းသည်းခံနိုင်ခြင်းသည် 'သည်းခံတတ်ခြင်း' မည်၏။

သွားဖူးသည်ဖြစ်စေ၊ မသွားဖူးသည်ဖြစ်စေ ဆင်ထိန်းက စေလွှတ် သောအရပ်သို့ သွားခြင်းသည် 'သွားတတ်ခြင်း' မည်၏။

မင်းသုံးဆယ်နည်းတူစွာ နာခံတတ်ခြင်း၊ သတ်ဖြတ်တတ်ခြင်း၊ သည်းခံတတ်ခြင်း၊ သွားတတ်ခြင်းဟူသောအင်္ဂါလေးပါးနှင့် ပြည့်စုံသော ရဟန်းသည် အဝေးမှယူဆောင်လာသည့်ပစ္စည်းကိုခံယူထိုက်သောပုဂ္ဂိုလ် ဖြစ်၏ ... လောက၏ အမြတ်ဆုံး ကောင်းမှုလယ်မြေဖြစ်၏။

ထိုအင်္ဂါလေးပါးတို့တွင် မြတ်စွာဘုရား၏ တရားကို ဟောကြား သည့်အခါ ရိုသေလေးစားစွာ နာယူခြင်းသည် 'နာခံတတ်ခြင်း' မည်၏။

ဖြစ်ပေါ်လာသောကာမဝိတက်စသည်တို့ကို သာယာလက်ခံမထား ဘဲ ဖျောက်ပယ်ပစ်ခြင်းသည် 'သတ်ဖြတ်ဘတ်ခြင်း'မည်၏။

အပူအအေး ဆာလောင်ခြင်း၊ မှတ်သိပ်ခြင်း၊ မှက် ခြင် ယင် လေ နေပူတို့၏အတွေ့အထိတို့ကိုလည်းကောင်း၊ နားမခံသာသော စကားတို့ကို လည်းကောင်း၊ ခါးသီးပြင်းထန်သော ကိုယ်ဆင်းရဲခြင်း ဝေဒနာတို့ကို လည်းကောင်း၊ သည်းခံနိုင်ခြင်းသည် 'သည်းခံတတ်ခြင်း'မည်၏။

ရှည်လျားစွာသော သံသရာတစ်လျှောက်လုံး တစ်ကြိမ် တစ်ခါမျှ မရောက်ဖူးသော နိဗ္ဗာန်သို့ လျင်မြန်စွာရောက်အောင် သွားတတ် (အား ထုတ်တတ်ခြင်း)သည် 'သွားတတ်ခြင်း' မည်၏ဟု ဟောကြားပါသည်။

## ၅။ ဌာနသုတ်

ပြုသင့် မပြုသင့်သော အကြောင်းလေးပါး

၁၁၅။ ၁။ ပြုလုပ်ရန် နှစ်သက်ဖွယ်မရှိ၊ ပြုလုပ်လျှင်လည်း အကျိုးမဲ့ နှစ်စေနိုင်သော အကြောင်းကိစ္စ၊

၂။ ပြုလုပ်ရန် နှစ်သက်ဖွယ်မရှိ၊ ပြုလုပ်လျှင်ကား အကျိုး စီးပွားဖြစ်စေနိုင်သော အကြောင်းကိစ္စ၊

၃။ ပြုလုပ်ရန် နှစ်သက်ဖွယ်ရှိ၏။ ပြုလုပ်လျှင်ကား အကျိုးမဲ့ဖြစ်စေနိုင်သော အကြောင်းကိစ္စ၊

၄။ ပြုလုပ်ရန် နှစ်သက်ဖွယ်ရှိ၏။ ပြုလုပ် လျှင်လည်း အကျိုးစီးပွား ဖြစ်စေနိုင်သော အကြောင်း ကိစ္စ

ဟူ၍ အကြောင်းကိစ္စ လေးမျိုးရှိသည်။

ထိုအကြောင်းကိစ္စလေးမျိုးတွင် ပဌမအကြောင်းကိစ္စကို ပြုလုပ် ရန် နှစ်သက်ဖွယ်မရှိခြင်း၊ ပြုလုပ်လျှင်လည်း အကျိုးမဲ့ဖြစ်စေနိုင်ခြင်းဟူ သော အကြောင်းနှစ်ပါးလုံးဖြင့်ပင် မပြုလုပ်သင့်သည်ဟု မှတ်ယူနိုင်သည်။

ပြုလုပ်ရန် နှစ်သက်ဖွယ်မရှိသော်လည်း ပြုလုပ်လျှင်အကျိုးစီးပွား ဖြစ်စေနိုင်သော အကြောင်းကိစ္စကိုပညာရှိသူ ပြုလုပ်သင့်၏ဟုမှတ်ယူ၏။ မိုက်မဲသူကမူ မပြုလုပ်သင့်၏ဟု မှတ်ယူ၏။

ပြုလုပ်ရန် စိတ်သက်ဖွယ်ရှိသော်လည်း ပြုလုပ်လျှင်အကျိုးမဲ့ကိုဖြစ်စေနိုင်သော ကိစ္စကိုမိုက်မဲသူက ပြုလုပ်သင့်သည်ဟု မှတ်ယူသည်။ ပညာရှိသူက မပြုလုပ်သင့်ဟု မှတ်ယူသည်။

စတုတ္ထအကြောင်းကိစ္စကိုမူ ပြုလုပ်ရန် နှစ်သက်ဖွယ်ရှိခြင်း၊ ပြုလုပ်လျှင်လည်း အကျိုးစီးပွားဖြစ်စေနိုင်ခြင်းဟူသော အကြောင်းနှစ်ပါးလုံးဖြင့်ပင် ပြုလုပ်သင့်၏ဟူ၍ မှတ်ယူနိုင်ပေသည်ဟု ဟောကြားပါသည်။

## ၆။ အပ္ပမာဒသုတ်

### မမေ့မလျော့ သင့်သော အကြောင်းလေးပါး

၁၁၆။ ရဟန်းတို့၊ လေးပါးသောအကြောင်းတို့ဖြင့်မမေ့မလျော့ခြင်းကို ပြုအပ်၏။ အဘယ်လေးပါးသော အကြောင်းတို့နည်း ဆိုသော် ရဟန်းတို့၊ သင်တို့သည် ကာယဒုစရိုက်ကို စွန့်ကြလော့၊ ကာယသုစရိုက်ကို ပွားများကြလော့၊ ဤအရာ၌ မမေ့မလျော့ကြကုန်လင့်၊ ဝစီဒုစရိုက်ကို စွန့်ကြလော့၊ ဝစီသုစရိုက်ကို ပွားများကြလော့၊ မနောဒုစရိုက်ကို စွန့်ကြလော့၊ မနောသုစရိုက်ကို ပွားများကြလော့၊ မိစ္ဆာဒိဋ္ဌိကို စွန့်ကြလော့၊ သမ္မာဒိဋ္ဌိကို ပွားများကြလော့၊ ဤအရာတို့၌ မမေ့မလျော့ကြကုန် လင့်။

ရဟန်းတို့ အကြင်ရဟန်းသည် ကာယဒုစရိုက်ကိုပယ်၍ ကာယသုစရိုက်ကို ပွားများ၏... မိစ္ဆာဒိဋ္ဌိကိုပယ်၍သမ္မာဒိဋ္ဌိကိုပွားများ၏။ ထိုရဟန်းသည် တမလွန်၌ တွေ့ကြုံရမည့် သေခြင်းတရားမှ မကြောက်ရွံ့တော့ချေဟု ဟောကြားပါသည်။ (တမလွန်၌တွေ့ကြုံရမည့် သေခြင်းတရားမှ မကြောက်ဟူသောစကားမှာ ဒေသနာအားဖြင့် ဟောခြင်းသာဖြစ်၏။ စင်စစ်မျက်မှောက်ဘဝ၌ တွေ့ကြုံရမည့် သေခြင်းတရားကိုလည်း မကြောက်သည်သာဖြစ်ပါသည်--ဋ္ဌကထာ )

## ၇။ အာရက္ခသုတ်

### သတိဖြင့် စောင့်ထိန်းသင့်သော အရာလေးပါး

၁၁၇။ ရဟန်းတို့၊ မိမိအကျိုးကို လိုလားသောသူသည်လေးပါးသောအရာတို့၌ မမေ့မလျော့သော သတိဖြင့် စိတ်ကိုစောင့်ထိန်းအပ်၏။ အဘယ်လေးပါးသောအရာတို့၌ စိတ်ကိုစောင့်ထိန်းအပ်သနည်းဆိုသော်—

"ငါ၏ စိတ်သည်တပ်မက်ဖွယ် အာရုံတို့၌ မတပ်မက်ပါစေလင့်" ဟူ၍ မမေ့မလျော့သောသတိဖြင့် စိတ်ကိုစောင့်ထိန်းအပ်၏။

"ငါ၏ စိတ်သည် ဒေါသထွက်ဖွယ်အာရုံတို့၌ ဒေါသမထွက်ပါစေလင့်" ဟူ၍မမေ့မလျော့သော သတိဖြင့် စိတ်ကိုစောင့်ထိန်းအပ်၏။

"ငါ၏စိတ်သည်တွေဝေဖွယ် အာရုံတို့၌မတွေဝေပါစေလင့်" ဟူ၍ မမေ့မလျော့သော သတိဖြင့် စိတ်ကိုစောင့်ထိန်းအပ်၏။

"ငါ၏စိတ်သည် ယစ်မူးဖွယ်အာရုံတို့၌မယစ်မူးစေပါလင့်" ဟူ၍ မမေ့မလျော့သော သတိဖြင့် စိတ်ကိုစောင့်ထိန်းအပ်၏။

ရဟန်းတို့၊ အကြင်ရဟန်း၏ စိတ်သည် ရာဂ ကင်းသည်ဖြစ်၍ တပ်မက်ဖွယ် အာရုံတို့၌မတပ်မက်၊ ဒေါသကင်းသည်ဖြစ်၍ပြစ်မှား ဖွယ်သော ဂုဏ်တို့၌မပြစ်မှား၊ မောဟကင်းသည်ဖြစ်၍ တွေဝေဖွယ် အာရုံတို့၌ မတွေဝေ၊ ယစ်မူးခြင်း ကင်းသည်ဖြစ်၍ယစ်မူးဖွယ် အာရုံတို့၌မယစ်မူး၊ ထို ရဟန်းသည် (ဒိဋ္ဌိ၏ အစွမ်းအားဖြင့်) တုန်လှုပ်ခြင်း၊ ယိမ်းယိုင်ခြင်း၊ ချောက်ချားခြင်း၊ ထိတ်လန့်ခြင်းသို့ မရောက်၊ အယူကွဲပြားသော အခြား ရဟန်းတို့၏ စကားဟူသော အကြောင်းကြောင့်လည်း အယူ တစ်ပါးသို့ လိုက်ပါသွားတော့ချေ" ဟုဟောကြားပါသည်။

## ၈။ သံဝေဇနီယသုတ်

### သံဝေဂဖြစ်စေနိုင်သော အရပ်လေးပါး

၁၁၈။ ယုံကြည်ခြင်းသဒ္ဓါနှင့် ပြည့်စုံသော အမျိုးကောင်းသား အားထိတ်လန့်မှု သံဝေဂကို ဖြစ်စေနိုင်သော အရပ်ဌာနလေးပါးရှိ၏။ ၄ ထို့တို့မှာ-

(၁) မြတ်စွာဘုရားဖွားမြင်တော်မူခဲ့သော အရပ် (လုမ္ဗိနီဥယျာဉ်)၊

(၂) မြတ်စွာဘုရားသည် အမြတ်ဆုံး ယမ္မာသမ္ဗောဓိဉာဏ် ကို ရရှိတော်မူခဲ့သောအရပ် (မဟာဗောဓိပင်)၊

---

၄။ နစပန သမဏောစန ဟေတုဝိ ဂစ္ဆတိဟိ သမဏာနံ ပရဝါဒိနံ ဝစန ဟေတုပိ အတ္တနော ဒိဋ္ဌိံ ပဟာယ ဝေသံ ဒိဋ္ဌိဝသေန န ဂစ္ဆတိတိ အတ္ထော = အင်္ဂုကထာ။

(၃) မြတ်စွာဘုရားသည် အမြတ်ဆုံး တရားစက်ကိုလည်းစေ တော်မူခဲ့သော အရပ် (မိဂဒါဝုန်တော)၊
(၄) မြတ်စွာဘုရားသည် ရုပ်ခန္ဓာ အကြွင်း မရှိသော ငြိမ်းအေးခြင်းသဘောဖြင့် ဘဝဇာတ် ချုပ်ငြိမ်းတော် မူခဲ့သော အရပ် (ကုသိနာရုံ) တို့ ဖြစ်၏ဟု ဟော ကြားပါသည်။
(ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်၌လည်း ရှိနိုင်၏။)

## ၉။ ပဌမဘယသုတ်

ဘေးလေးမျိုး

၁၁၉။ ပဋိသန္ဓေ နေရခြင်း 'ဇာတိ' ဘေး၊အိုခြင်း'ဇရာ'ဘေး၊ နာခြင်း 'ဗျာဓိ'ဘေး၊သေခြင်း 'မရဏ' ဘေးဟူ၍ ဘေးလေးမျိုး ရှိကြောင်း ဟောကြားပါသည်။

၁၂၀။ ဒုတိယဘယသုတ်၌ မီးဘေး၊ ရေဘေး၊ မင်းဘေး၊ ခိုးသူ ဘေးဟူ၍ လေးမျိုးရှိကြောင်း ဟောသည်။

## ၁၃။ ဘယဝဂ်

### ၁။ အတ္တာနုဝါဒသုတ်

မိမိကိုယ်ကို စွပ်စွဲခြင်းစသော ဘေးလေးမျိုး

၁၂၁။ (၁) မိမိကိုယ်ကို စွပ်စွဲခြင်း'အတ္တာနုဝါဒ'ဘေး၊
(၂) သူတစ်ပါးတို့က စွပ်စွဲခြင်း 'ပရာနုဝါဒ' ဘေး၊
(၃) မင်းပြစ်မင်းဒဏ်သင့်ခြင်း 'ဒဏ္ဍ' ဘေး၊
(၄) မကောင်းသော လားရာရှိခြင်း'ဒုဂ္ဂတိ' ဘေး ဟူ၍ ဘေး လေးမျိုးရှိသည်၊

ဤလောကရှိ အချို့သော ပုဂ္ဂိုလ်သည်' ဒုစရိုက်မှုတို့ကို ပြုကျင့် လျှင် မိမိကိုယ်မိမိ သီလဖြင့် စွပ်စွဲလိမ့်မည်' ဟုဆင်ခြင်မိသဖြင့် ဒုစရိုက် တို့မှ ရှောင်ရှား၍ သုစရိုက်မှုတို့ကို ပြုကျင့်၏။

အချို့သော ပုဂ္ဂိုလ်သည်ကား ‘ဒုစရိုက်မှုတို့ကို ပြုကျင့်လျှင် သူတစ်ပါးတို့က သီလဖြင့် စွပ်စွဲလိမ့်မည်’ဟု ဆင်ခြင်မိသဖြင့် ဒုစရိုက်တို့မှ ရှောင်ရှား၍ သုစရိုက်မှုကို ပြုကျင့်၏။

အချို့သော ပုဂ္ဂိုလ်သည်ကား မကောင်းမှုပြုသူများကို မင်းတို့က ဖမ်းဆီး၍ ညှဉ်းပန်းနှိပ်စက်မှု အမျိုးမျိုး ပြုလုပ်သည်ကို မြင်သော ထိုမင်းပြစ် မင်းဒဏ်များမှ ကြောက်သဖြင့် ဒုစရိုက်မှုတို့မှ ရှောင်ရှားပြီး သုစရိုက်မှုတို့ကို ပြုကျင့်၏။

အချို့သောသူသည်ကား ‘ဒုစရိုက်မှုတို့ကို ပြုကျင့်လျှင် သေလွန်သော အခါအပါယ်ဝရဲသို့ကျရောက်လိမ့်မည်’ဟု ဆင်ခြင်မိသဖြင့်ဒုစရိုက်မှုတို့မှရှောင်ရှားပြီး သုစရိုက်မှုတို့ကို ပြုကျင့်၏။

ဤသို့လျှင် ဘေးလေးမျိုးရှိ၏ဟု ဟောကြားပါသည်။

## ၂။ ဦမိဘယသုတ်

### လှိုင်းတံပိုးစသော ဘေးလေးမျိုး

၁၂၂။ ပင်လယ်ရေထဲသို့ သက်ဆင်းသူအား လှိုင်းတံပိုးဘေး၊ မိကျောင်းဘေး၊ဝဲဂယက်ဘေး၊ လင်းပိုင်ဘေးဟူသော ဘေးရန် လေးမျိုးကို မျှော်လင့်အပ်သကဲ့သို့၊ ထို့အတူ ဤသာသနာ၌ ရဟန်းပြုသော အမျိုးကောင်းသားအားလည်းလှိုင်းတံပိုးဘေး၊မိကျောင်းဘေး၊ဝဲဂယက်ဘေး၊ လင်းပိုင်ဘေးဟူသော ဘေးလေးမျိုးကို တွေ့ရလိမ့်မည်ဟု မျှော်လင့်အပ်၏။

ဤလောက၌ အချို့သော အမျိုးကောင်းသားသည် ပဋိသန္ဓေနေခြင်း၊အိုခြင်း၊ သေခြင်းစသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့၏။ ထိုအမျိုးကောင်းသားသည် သီတင်း သုံးဖော်တို့က“ ဤသို့သွားရမည်။ ဤသို့လာရမည်။ ဤသို့ကြည့်ရမည်” စသည်ဖြင့် ပြောဆိုဆုံးမသည်ရှိသော် “ငါ၏သားမြေး အရွယ်သာ ရှိသူတို့၏ ပြောဆိုဆုံးမကြားမှုကို ခံရမည်လော”ဟု မကျေမနပ်ဖြစ်ကာ လူထွက်လေ၏။ ဤရဟန်းကို ‘လှိုင်းတံပိုးဘေးကြောင့် လူထွက်သူ’ဟု ဆိုအပ်၏။ ဤ၌လှိုင်းတံပိုးဘေးဟူသည် အမျက်ထွက်ခြင်း၊ စိတ်ပင်ပန်းခြင်းကို ဆိုလိုခြင်း ဖြစ်၏။ (၁)

ဤလောက၌ အချို့သော အမျိုးကောင်းသားသည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းစသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး သီတင်းသုံးဖော်တို့က "ဤဟာကိုစားရမည်။ ထိုဟာကိုမစားရ၊ နံနက်ချိန်၌သာ စားရမည်။ မွန်းလွဲချိန်၌မစားရ" စသည့်ဖြင့် ဆိုဆုံးမသည်ရှိသော် လူ့ဘဝမှာကဲ့သို့ လွတ်လပ်စွာ မစားရသဖြင့် မကျေမနပ်ဖြစ်ကာ လူထွက်လေ၏။ ဤရဟန်းကို 'မိကျောင်းဘေးကြောင့် လူထွက်သွားသူ' ဟုဆိုအပ်၏။ ဤ၌ 'မိကျောင်းဘေး' ဟူသည် ဝမ်းရေး၌ ကြောင့်ကြစိုက်မှုကို ဆိုလိုခြင်းဖြစ်၏။ (၂)

ဤလောက၌ အချို့သော အမျိုးကောင်းသားသည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး မျက်စိနားစသော ဣန္ဒြေတို့ကို မစောင့်စည်းဘဲ မြို့ရွာတွင်းသို့ ဆွမ်းခံ လှည့်လည်လေသော် ကာမဂုဏ်စည်းစိမ် ခံစားနေကြသော လူများကိုမြင်၍ မိမိလည်း ကာမဂုဏ်စည်းစိမ်ခံစားလိုသော စိတ်ဖြစ်ပေါ်လာသဖြင့် လူထွက်လေ၏။ ဤရဟန်းကို 'ဝဲဂယက်ဘေးကြောင့် လူထွက်သူ' ဟူ၍ ဆိုအပ်၏။ ဤ၌ 'ဝဲဂယက်ဘေး' ဟူသည် ကာမဂုဏ်ငါးပါးကို ဆိုလိုခြင်းဖြစ်၏။ (၃)

ဤလောက၌ အချို့သော အမျိုးကောင်းသားသည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး ဣန္ဒြေတို့ကို မစောင့်စည်းဘဲ မြို့တွင်းရွာတွင်းသို့ ဆွမ်းခံဝင်လေသော် အဝတ်အစား ကပိုကရို ဝတ်ဆင်ထားသော မာတုဂါမကို မြင်၍ တပ်မက်စွဲလမ်းသော စိတ်ဖြစ်ကာ လူထွက်လေ၏။ ဤရဟန်းကို 'လင်းပိုင်ဘေးကြောင့် လူထွက်သူ' ဟု ဆိုအပ်၏။ ဤ၌ 'လင်းပိုင်' ဘေးဟူသည် မာတုဂါမကို ဆိုလိုခြင်းဖြစ်၏ဟု ဟောကြားပေသည်။

(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ စာတုမသုတ်၌လည်း ရှုနိုင်ပါသည်။)

## ၃။ ပထမ နာနာကရဏသုတ်

### ပုထုဇဉ်နှင့် အရိယာသာဝက ထူးခြားပုံလေးမျိုး

၁၂၃။ (၁) ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပထမဈာန်ကိုရရှိလျှင် ထိုဈာန်ကိုသာယာနှစ်သက်၍ ထိုဈာန်မှ မဆုတ်ယုတ်ဘဲ ကွယ်

လွန်သည်ရှိသော် ပထမဈာန်ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ရောက်၏။ ထိုဗြဟ္မာတို့၏ သက်တမ်းမှာ (အသင်္ချေယျကပ်) တစ်ကပ်ဖြစ်၏။[၁] ပုထုဇဉ်ဖြစ်သော သတ္တဝါသည် ထိုပထမဈာန် ဗြဟ္မာဘုံ၌ သက်တမ်းဆုံးအောင် တည်ပြီးသက်တမ်း ကုန်ဆုံးသောအခါ ငရဲဘုံသို့ ဖြစ်ရ၏၊ တိရစ္ဆာန်ဘုံသို့ ဖြစ်ရ၏၊ ပြိတ္တာဘုံသို့ ဖြစ်စေရောက်၏။ မြတ်စွာဘုရား၏ တပည့်သည်ကား ပထမဈာန် ဗြဟ္မာဘုံ၌ပင် သက်တမ်းဆုံးအောင် တည်ပြီး ပရိနိဗ္ဗာန်ပြု၏။ ဤကား အကြားအမြင် ရှိသော အရိယာ တပည့်၏ အကြားအမြင် မရှိသော ပုထုဇဉ်နှင့် ထူးခြားပုံဖြစ်၏။

(၂) ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဒုတိယဈာန်ကိုရရှိလျှင် ထိုဈာန်ကို သာယာနှစ်သက်၍ ထိုဈာန်မှ မဆုတ်ယုတ်ဘဲ ကွယ်လွန်သည်ရှိသော် အာဘဿရဗြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ရောက်၏။ အာဘဿရဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ် နှစ်ကပ်ဖြစ်၏။[၂]

(၃) ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် တတိယဈာန်ကို ရလျှင် ထိုဈာန်ကို သာယာနှစ်သက်၍ မဆုတ်ယုတ်ဘဲ ကွယ်လွန်သည်

---

၁။ ပထမဈာန်သည် အညံ့စား ဟီန၊ အလတ်စား မဇ္ဈိမ၊ အမြတ်စား ပဏီတ ဟူ၍ သုံးမျိုးရှိ၏။ ဟီန ပထမဈာန်ကြောင့် ဖြစ်သော ဗြဟ္မာတို့သည် အသင်္ချေယျကပ်၏ သုံးပုံတစ်ပုံ၊ မဇ္ဈိမ ပထမဈာန်ကြောင့် ဖြစ်သော ဗြဟ္မာတို့သည် အသင်္ချေယျကပ်၏ တစ်ဝက်၊ ပဏီတ ပထမဈာန်ကြောင့်ဖြစ်သော ဗြဟ္မာတို့သည် အသင်္ချေယျ ကပ်တစ်ကပ် အသက်ရှည်ကြသည်။ ဤသုတ်၌ ပဏီတ ပထမဈာန်ကြောင့် ဖြစ်သော ဗြဟ္မာတို့ကို ရည်ရွယ်၍ အသင်္ချေယျ ကပ်တစ်ကပ်ဟု ဆိုခြင်းဖြစ်ပါသည်။

၂။ ဒုတိယဈာန်၌လည်း ဟီန၊ မဇ္ဈိမ၊ ပဏီတ ဟု သုံးမျိုးရှိရာ ဟီန ဒုတိယဈာန်ကြောင့် မဟာကပ် ၂ ကပ်၊ မဇ္ဈိမ ဈာန်ကြောင့် ၄ ကပ်၊ ပဏီတ ဈာန်ကြောင့် ၈ ကပ် အသက်ရှည်ပါသည်။ ဤသုတ်၌ကား ဟီန ဒုတိယ ဈာန်ကိုသာ ရည်ရွယ်၍ မဟာကပ် ၂ ကပ်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ရှိသော် သုဘကိဏှာ ဗြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ရောက်၏။ ထိုသုဘကိဏှာဗြဟ္မာတို့၏ သက်တမ်းကား မဟာကပ် ၆၄-ကပ် ဖြစ်၏။[၁]

(၄) ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် စတုတ္ထဈာန်ကို ရရှိလျှင် ထိုဈာန်ကို သာယာနှစ်သက်၍ ထိုဈာန်မှ မဆုတ်ယုတ်ဘဲ ကွယ်လွန်သည်ရှိသော် ဝေဟပ္ဖိုလ်တို့၏ အပေါင်းအဖော် အဖြစ်သို့ရောက်၏။ ဝေဟပ္ဖိုလ်ဗြဟ္မာတို့၏ သက်တမ်းကား မဟာကပ်ပေါင်း ငါးရာဖြစ်၏။ ပုထုဇဉ်ဖြစ်သော သတ္တဝါသည် ထို ဝေဟပ္ဖိုလ်၌ သက်တမ်းဆုံးအောင်တည်ပြီး ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်ဘုံများသို့ ရောက်နိုင်၏။[၂] မြတ်စွာဘုရား၏ တပည့်သည်ကား ထိုဘုံ၌ပင် ပရိနိဗ္ဗာန်ပြု၏....

ဤသို့လျှင်လောက၌ပုဂ္ဂိုလ်လေးမျိုး ရှိ၏ဟု ဟောကြားပါသည်။

၁၂၄။ ဒုတိယ နာန ာကရဏသုတ်၌ ပထမဈာန်ကိုရသော ပုဂ္ဂိုလ်သည် ပထမဈာန်ဘုံ၌ရှိသော ရုပ် ဝေဒနာ စသည်တို့ကို အနိစ္စ၊ ဒုက္ခစသော အားဖြင့် ရှုသည်ရှိသော် ကွယ်လွန်သောအခါ သုဒ္ဓါဝါသ ဗြဟ္မာ တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်၏။[၃] ဤ သုဒ္ဓါဝါသဘုံ၌ ဖြစ်ခြင်းသည် ပုထုဇဉ်တို့နှင့် မဆက်ဆံသောအရာ ဖြစ်၏။

---

၁။ ပါဠိ၌ ''စတ္တာ ရော ကပ္ပါ''ဟု ရှိပါသည်။ သို့သော် ဝိဘင်း ပါဠိတော် ဓမ္မဟဒယ ဝိဘင်းပါဠိ ဟောကြားချက်အရ သုဘကိဏှာ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ်ပေါင်း ၆၄ ကပ်ရှိသည်ဟု သိရပါသည်။ ထိုကြောင့် အဋ္ဌကထာဆရာက ''စတ္တာရော ကပ္ပါ'' အရ လေးကပ်ကို ၂ ဖြင့် လေးကြိမ်မြှောက်၍ ရသည့် ၆၄–ကပ်ကို ယူရမည်ဟု ဖွင့်ပါသည်။

(နယ်မြဗြဟ္မာ တို့၏ သက်တမ်းနှင့် ပတ်သက်သော ဖွင့်ဆိုချက် အပြည့်အစုံကို ဓမ္မဟဒယ ဝိဘင်းပါဠိ အဋ္ဌကထာနှင့် သဂြိုဟ်ဘုံပိုင်း အဖွင့်တို့၌ရှုပါ)

၂။ ဗြဟ္မာဘုံမှ စုတေသောသတ္တဝါသည် အပါယ်လေးဘုံသို့ တိုက်ရိုက် မရောက်နိုင်။ လူ့ဘုံမှ တစ်ဆင့်သာ ရောက်နိုင်သည်ဟု အဘိဓမ္မာကျမ်း များ၌ ဆိုပါသည်။

၃။ ခန္ဓာငါးပါးကို အနိစ္စစသောအားဖြင့်ရှု၍ ဝိပဿနာပွားပြီး အနာဂါမ် အဖြစ်သို့ ည်းရောက်၊ စတုတ္ထဈာန်ကိုလည်း ရရှိ၍ သုဒ္ဓါဝါသ ဗြဟ္မာ ဘုံ၌ ဖြစ်၏ဟု ဆိုလိုပါသည်။

ဒုတိယစျာန်ရသော ပုဂ္ဂိုလ်၊ တတိယစျာန်ရသော ပုဂ္ဂိုလ် စတုတ္ထစျာန်ရသောပုဂ္ဂိုလ်တို့၌ လည်း ထိုနည်းတူပင်ဖြစ်၏။

ဤသို့လျှင်လောက၌ပုဂ္ဂိုလ်လေးမျိုးရှိ၏ဟု ဟောကြားပါသည်။

## ၅။ ပထမ မေတ္တာသုတ်

မေတ္တာစျာန် ပွားများသူစသော ပုဂ္ဂိုလ်လေးမျိုး

၁၂၅။ (၁) မေတ္တာစျာန်ကိုပွားများ၍ထိုစျာန်မှ မဆုတ်ယုတ်ဘဲကွယ်လွန်သူသည် ပထမစျာန်ဗြဟ္မာတို့၏အပေါင်းအဖော်အဖြစ်သို့ရောက်၏။ ပုထုဇဉ်သည် ထိုဗြဟ္မာဘုံ၌ သက်တမ်းဆုံးအောင် တည်ပြီး ဝရဲဘုံစသည်သို့ ရောက်နိုင်၏။ မြတ်စွာဘုရား၏ တပည့်သားကား ထိုဘုံ၌ပင် ပရိနိဗ္ဗာန်ပြု၏။

(၂) ကရုဏာစျာန်ကို ပွားများ၍ထိုစျာန်မှ မဆုတ်ယုတ်ဘဲကွယ်လွန်သူသည် အာဘဿရဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်၏။

(၃) မုဒိတာစျာန်ကို ပွားများ၍ ထိုစျာန်မှ မဆုတ်ယုတ်ဘဲကွယ်လွန်သူသည် သုဘကိဏှာ ဗြဟ္မာတို့၏အပေါင်းအဖော်အဖြစ်သို့ရောက်၏။

(၄) ဥပေက္ခာစျာန်ကို ပွားများ၍ ထိုစျာန်မှ မဆုတ်ယုတ်ဘဲကွယ်လွန်သူသည်ဝေဟပ္ဖိုလ်ဗြဟ္မာတို့၏အပေါင်းအဖော်အဖြစ်သို့ ရောက်၏။ ပုထုဇဉ်သည် ထိုဝေဟပ္ဖိုလ်ဘုံမှ ကွယ်လွန်၍ အပါယ်လေးဘုံသို့ရောက်နိုင်၏။ မြတ်စွာဘုရား၏တပည့်သည်ကားထိုဘုံ၌ ပင်ပရိနိဗ္ဗာန်ပြု၏။

ဤသို့လည်းလောက၌ပုဂ္ဂိုလ်လေးမျိုးရှိ၏ဟု ဟောကြားပါသည်။

၁၂၆။ ဒုတိယမေတ္တာသုတ်၌ မေတ္တာစျာန် စသည်တို့ကို ပွားများ၍ ပထမစျာန် ဗြဟ္မာဘုံစသည်တို့သို့ ရောက်သောပုဂ္ဂိုလ်တို့သည်ထိုဘုံ၌ရှိသော ရုပ်၊ ဝေဒနာစသည်တို့ကို အနိစ္စ၊ ဒုက္ခစသောအားဖြင့်ရှုသည်ရှိသော် သုဒ္ဓါဝါသ ဗြဟ္မာတို့၏ အပေါင်း အဖော်အဖြစ်သို့ ရောက်နိုင်ကြောင်း ဟောသည်။

## ၇။ ပထမတထာဂတအစ္ဆရိယသုတ်

### မြတ်စွာဘုရား၏ အံ့ဖွယ်လေးပါး

၁၂၇။ ပုဗ္ဗေနိဝါသဉာဏ်ကိုခံထိုက်၍ သိဖွယ်ဉာဏ်အလုံးစုံကို အကုန်အစင် ကိုယ်တော်တိုင်သိမြင်သော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်လာခြင်းကြောင့် လောက၌ မဖြစ်စဖူး ထူးကဲသော အံ့ဖွယ်လေးပါးတို့သည် ဖြစ်ပေါ်လာကုန်၏။ ထိုလေးပါးတို့ကား-

(၁) ဘုရားလောင်းသည်တုသိတာ နတ်ပြည်မှစုတေ၍ မယ်တော်ဝမ်းတိုက်သို့ သက်ဝင်သောအခါ နတ်နှင့်တကွသော လောက၌ အတိုင်းအဆမရှိ ထူးကဲသောအလင်းရောင်သည်ဖြစ်ပေါ်၏။ ထိုအလင်းရောင်ဖြင့် အမိုက်တိုက်ဇာတိဖြစ်သည့် လောကန္တရိက်ငရဲ၌ရှိသောသတ္တဝါတို့သည်ပင် အချင်းချင်းမြင်ကြရကုန်၏။

(၂) ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ဖွားမြင်သောအခါ၌လည်း နတ်နှင့်တကွသော လောက၌ ထူးကဲသောအလင်းရောင်သည်ဖြစ်ပေ၏။

(၃) မြတ်စွာဘုရားသည် အမြတ်ဆုံး ဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိတော်မူသောအခါ၌လည်း နတ်နှင့်တကွသော လောက၌ထူးကဲသောအလင်းရောင်သည် ဖြစ်ပေါ်၏။

(၄) မြတ်စွာဘုရားသည် အမြတ်ဆုံး ဖြစ်သော တရားစက်ကို လည်စေတော်မူသော အခါ၌လည်း နတ်နှင့်တကွသော လောက၌ ထူးကဲသောအလင်းရောင်သည် ဖြစ်ပေါ်၏ဟု ဟောကြားပါသည်။

၁၂၈။ ဒုတိယ တထာဂတအစ္ဆရိယသုတ်၌ မြတ်စွာဘုရားထင်ရှားဖြစ်ပေါ်လာခြင်းကြောင့် လောက၌ မဖြစ်စဖူး ထူးကဲသော အံ့ဖွယ်လေးပါးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။ ထိုလေးပါးတို့ကား-

(၁) ကာမဂုဏ်ငါးပါး၌ တွယ်တာကပ်ငြိမှုဖြင့် ပျော်မွေ့နေသော သတ္တဝါအပေါင်းတို့သည် တွယ်တာကပ်ငြိမှုကင်းရေး တရားကို မြတ်စွာဘုရားက ဟောကြားသည်ရှိသော် နားစိုက်၏၊ သိလိုသောစိတ်ဖြစ်ပေါ်စေ၏။

(၂) ထောင်လွှားခြင်း မာနဖြင့် ပျော်မွေ့နေသော သတ္တဝါ အပေါင်းသည် မာနကင်းရေးတရားကို မြတ်စွာဘုရားက ဟောကြားသည် ရှိသော် နားစိုက်၏။ သိလိုစိတ် ဖြစ်ပေါ်စေ၏။

(၃) မငြိမ်းချမ်းသော ဝဋ်ဒုက္ခဖြင့် ပျော်မွေ့နေသော သတ္တဝါ အပေါင်းသည် ငြိမ်းချမ်းရေးတရားကို မြတ်စွာဘုရားက ဟောကြားသည် ရှိသော် နားစိုက်၏။ သိလိုစိတ်ကို ဖြစ်ပေါ်စေ၏။

(၄) အဝိဇ္ဇာဖုံးလွှမ်းနေသော သတ္တဝါအပေါင်းသည် အဝိဇ္ဇာ ထင်းပျောက်ရေးတရားကို မြတ်စွာဘုရားက ဟောကြားသည်ရှိသော် နား စိုက်၏။ သိလိုစိတ်ကို ဖြစ်ပေါ်စေ၏ဟု ဟောကြားပါသည်။

## ၉။ အာနန္ဒအစ္ဆရိယသုတ်

### ရှင်အာနန္ဒာ၏ အံ့ဖွယ်လေးပါး

၂၉။ ရှင်အာနန္ဒာ၌ မဖြစ်ဖူးမြဲ ထူးကဲသော အံ့ဖွယ် လေးပါး ရှိသည်။ အံ့ဖွယ်လေးပါးကား -

၁။ အကယ်၍ ရဟန်းပရိသတ်သည် ရှင်အာနန္ဒာကို ဖူးမြင်ရန် ချဉ်းကပ်ငြားအံ့၊ ထိုပရိသတ်သည် ရှင်အာနန္ဒာကို ဖူးမြင်ရခြင်းဖြင့်လည်း နှစ်ခြိုက်၏။ အကယ်၍ ထိုပရိသတ်၌ ရှင်အာနန္ဒာသည် တရားကို ဟော ငြားအံ့၊ ထိုတရားဟောခြင်းဖြင့်လည်း ပရိသတ်သည်နှစ်ခြိုက်၏။ ရှင်အာ နန္ဒာသည် တရားဟောခြင်းကို ရပ်စဲ၍ ဆိတ်ဆိတ်နေသည့် တိုင်အောင် ရဟန်းပရိသတ်သည် မရောင့်ရဲနိုင်သည်သာ ဖြစ်၏။

၂။ အကယ်၍ ရဟန်း မိန်းမပရိသတ်သည်လည်း....

၃။ အကယ်၍ ဥပါသကာ ပရိသတ်သည်လည်း....

၄။ အကယ်၍ဥပါသိကာမ ပရိသတ်သည် ရှင်အာနန္ဒာကို ဖူးမြင် ရန် ချဉ်းကပ်ငြားအံ့၊... ဥပါသိကာမပရိသတ်သည်...မရောင့်ရဲနိုင်သည်သာ ဖြစ်၏ဟု ဟောကြားပါသည်။

## ၁၀။ စက္ကဝတ္တိ အစ္ဆရိယသုတ်

### စကြဝတေးမင်း၏ အံ့ဖွယ်လေးပါး

၁၃၀။ စကြဝတေးမင်း၌ မဖြစ်စဖူးကဲသော အံ့ဖွယ်လေးပါး ရှိသည်။ အံ့ဖွယ်လေးပါးကား-

၁။ အကယ်၍ မင်းပရိသတ်သည် စကြဝတေးမင်းကို ဖူးမြင်ရန် ချဉ်းကပ်ငြားအံ့၊ ထိုပရိသတ်သည် စကြဝတေးမင်းကို ဖူးမြင်ရခြင်းဖြင့် လည်း နှစ်ခြိုက်၏။ အကယ်၍ ထိုပရိသတ်၌ စကြဝတေးမင်းသည် စကား ပြောငြားအံ့၊ ထိုစကားပြောခြင်းဖြင့်လည်း မင်းပရိသတ်သည် နှစ်ခြိုက်၏။ စကြဝတေးမင်းသည် စကား ပြောခြင်းကို ရပ်စဲ၍ဆိတ်ဆိတ်နေသည့်တိုင် အောင် မင်းပရိသတ်သည် မရောင့်ရဲနိုင်သည်သာဖြစ်၏။

၂။ အကယ်၍ ပုဏ္ဏားပရိသတ်သည်....

၃။ အကယ်၍ သူကြွယ်ပရိသတ်သည်....

၄။ အကယ်၍ ရဟန်း ပရိသတ်သည် စကြဝတေးမင်းကို ဖူးမြင် ရန်ချဉ်းကပ်ငြားအံ့....ရဟန်း ပရိသတ်သည် မရောင့်ရဲနိုင်သည်သာဖြစ်၏ ဟု ဟောကြားပါသည်။

## ၁၄။ ပုဂ္ဂလဝဂ်

### ၁။ သံယောဇနသုတ်

### သံယောဇဉ်ပယ်ခြင်းနှင့် ပုဂ္ဂိုလ်လေးမျိုး

၁၃၁။ သံယောဇဉ် ပယ်ခြင်းနှင့် ဆိုင်သော ပုဂ္ဂိုလ် လေးမျိုး ရှိသည်။ ထိုလေးမျိုးကား-

၁။ အောက်အဖို့၌ရှိသော သံယောဇဉ်တို့ကို လည်းကောင်း၊ ပဋိ သန္ဓေကိုရကြောင်းဖြစ်သော သံယောဇဉ်တို့ကိုလည်းကောင်း၊ ဥပပတ္တိဘဝ ကို ရကြောင်းဖြစ်သော သံယောဇဉ်ကိုလည်းကောင်း မပယ်ရသေးသော ပုဂ္ဂိုလ်၊ ဥပမာ သကဒါဂါမ်(နှင့်၎င်းအောက်) ပုဂ္ဂိုလ်များ ဖြစ်သည်။

၂။ အောက်အဖို့၌ရှိသော သံယောဇဉ်ကို ပယ်ပြီးသော်လည်း ပဋိသန္ဓေကို ရကြောင်းဖြစ်သော သံယောဇဉ်၊ ဥပပတ္တိဘဝကို ရကြောင်း

ဖြစ်သော သံယောဇဉ်တို့ကို မပယ်ရသေးသော ပုဂ္ဂိုလ်၊ ၎င်းမှာ အထက် ဗြဟ္မာ့ဘုံများသို့ အဆင့်ဆင့် တက်ပြီး အကနိဋ္ဌဗြဟ္မာ့ဘုံသို့ရောက်မှကိလေ သာ ငြိမ်းမည့် 'ဥဒ္ဓံသောတ'အနာဂါမ် ပုဂ္ဂိုလ် ဖြစ်သည်။

(၃) အောက်အဖို့ရှိသော သံယောဇဉ်တို့ကိုလည်းကောင်း၊ ပဋိသန္ဓေကို ရကြောင်း ဖြစ်သော သံယောဇဉ်တို့ကို လည်းကောင်း ပယ်ပြီး သော်လည်း ဥပပတ္တိ ဘဝကို ရကြောင်းဖြစ်သော သံယောဇဉ်ကို မပယ်ရ သေးသော ပုဂ္ဂိုလ်။ ၎င်းမှာ ဗြဟ္မာ့ဘုံ၌ သက်တမ်း၏ ထက်ဝက်မကျော် လွန်မီ ကြား၌ ကိလေသာ ငြိမ်းမည့် 'အန္တရာပရိနိဗ္ဗာယီ' အနာဂါမ် ပုဂ္ဂိုလ် ဖြစ်သည်။

(၄) အထက်ပါ သံယောဇဉ် သုံးပါးလုံးကို ပယ်ပြီးသော ပုဂ္ဂိုလ်၊ ၎င်းမှာ ရဟန္တာ ဖြစ်သည်ဟု ဟောကြားပါသည်။

## ၂။ ပဋိဘာနသုတ်

### ပြဿနာဖြေဆိုခြင်းနှင့် ပုဂ္ဂိုလ်လေးမျိုး

၁၃၂။ (၁) သင့်မြတ်မှန်ကန်စွာ ဖြေဆိုတတ်၍ လျင်စွာမဖြေဆို တတ်သော ပုဂ္ဂိုလ်၊

(၂) လျင်စွာ ဖြေဆိုတတ်၍ သင့်မြတ်မှန်ကန်စွာမဖြေဆို တတ်သော ပုဂ္ဂိုလ်၊

(၃) သင့်မြတ် မှန်ကန်စွာလည်း မဖြေဆိုတတ်၊ လျင်စွာ လည်း မဖြေဆိုတတ်သော ပုဂ္ဂိုလ်၊

(၄) သင့်မြတ် မှန်ကန်စွာလည်း ဖြေဆိုတတ်၊ လျင်စွာ လည်း ဖြေဆိုတတ်သော ပုဂ္ဂိုလ်၊

ဟူ၍ ပြဿနာ ဖြေဆိုခြင်းနှင့် စပ်၍ ပုဂ္ဂိုလ်လေးမျိုး ရှိကြောင်း ဟောသည်။

## ၃။ ဥဂ္ဃဋိတညုသုတ်

အကျဉ်းပြရုံဖြင့် သိမြင်သူစသော ပုဂ္ဂိုလ်လေးမျိုး

၁၃၃။(၁) အကျဉ်းပြရုံမျှဖြင့် သစ္စာလေးပါး တရားကို သိမြင်သော 'ဥဂ္ဃဋိတညု' ပုဂ္ဂိုလ်၊

(၂) အကျယ်ချဲ့၍ ပြမှ သစ္စာလေးပါး တရားကိုသိမြင်သော 'ဝိပဉ္စိတညု' ပုဂ္ဂိုလ်၊

(၃) ပါဠိအနက်တို့ကို ဆောင်ရွက်မှတ်သား ပွားများ လေ့လာမှ သစ္စာလေးပါး တရားကို သိမြင်သော 'နေယျ' ပုဂ္ဂိုလ်၊

(၄) မည်သို့ပင်နာယူလေ့ကျက် ဆောင်ရွက် ပွားများ ခြင်း ပြုစေကာမူ ဤဘဝ၌ သစ္စာလေးပါး တရား ကို သိမြင်ခြင်းငှာ မထိုက်၊ ပုဒ်ပါဠိအက္ခရာ သဒ္ဒါ ကို မှတ်မိရုံမျှသာ အတိုင်းအရှည်ရှိသော 'ပဒပရမ' ပုဂ္ဂိုလ်

ဟူ၍ တရားကိုသိမြင်မှုနှင့်စပ်၍ ပုဂ္ဂိုလ်လေးမျိုး ရှိကြောင်း ဟောကြားပါသည်။

## ၄။ ဥဋ္ဌာန ဖလသုတ်

ထကြွလုံ့လဖြင့် အသက်မွေးသူစသော ပုဂ္ဂိုလ်လေးမျိုး

၁၃၄။ (၁) ထကြွလုံ့လပြုခြင်း၏အကျိုးကိုမှီ၍အသက်မွေးသူ၊

(၂) ကုသိုလ်ကံ၏ အကျိုးကိုမှီ၍ အသက်မွေးသူ၊

(၃) ထကြွလုံ့လပြုမှုနှင့်ကုသိုလ်ကံ၏ အကျိုးနှစ်ပါးလုံး ကို မှီ၍ အသက်မွေးသူ၊

(၄) ထကြွလုံ့လပြုမှုနှင့်ကုသိုလ်ကံ၏ အကျိုးနှစ်ပါးလုံး ကို မမှီဘဲ အသက်မွေးသူ—

ဟူ၍ အသက်မွေးမှုနှင့်စပ်၍ပုဂ္ဂိုလ်လေးမျိုးရှိ၏ဟု ဟောပါသည်။

၁။ တစ်နေကုန် ပင်ပန်းကြီးစွာ အားထုတ် လုပ်ကိုင်သော်လည်း အနည်းငယ်သော ဝီရိယ၏ အကျိုးကိုသာ ခံစားရ၍ ကုသိုလ်ကံ၏အကျိုးကို မခံစားရသော သူဆင်းရဲများသည် ထကြွလုံ့လဖြင့် အသက်မွေးသူမည်၏။

၂။ စတုမဟာရာဇ်စသော နတ်ပြည်တို့မှ နတ်များသည် ကုသိုလ်ကံ၏အကျိုးဖြင့် အသက်မွေးသူ မည်၏၊

၃။ မင်း၊ မင်း၏အမတ်ကြီး စသူတို့သည် နှစ်ပါးစုံကို မှီ၍ အသက်မွေးသူများ ဖြစ်သည်။

၄။ ငရဲသားများသည် နှစ်ပါးစုံကို မမှီမူ၍ အသက်မွေး သူများ ဖြစ်သည်ဟု အဋ္ဌကထာ၌ဖွင့်ပါသည်။

## ၅။ သာဝဇ္ဇသုတ်

အပြစ်ရှိ မရှိနှင့်ဆိုင်သော ပုဂ္ဂိုလ်လေးမျိုး

၁၃၅။ ၁။ ကုသိုလ်မဖက် အကုသိုလ်အပြစ် သက်သက်ချည်းသာရှိသော 'သာဝဇ္ဇ' ပုဂ္ဂိုလ်၊

၂။ ကုသိုလ်နည်းပါး အကုသိုလ်အပြစ် အများအပြားရှိသော 'ဝဇ္ဇဗဟုလ' ပုဂ္ဂိုလ်၊

၃။ ကုသိုလ်များပြား အကုသိုလ် အပြစ် နည်းပါးသော 'အပ္ပဝဇ္ဇ' ပုဂ္ဂိုလ်၊

၄။ အကုသိုလ်အပြစ် အလျင်း မ ရှိ သော 'အနဝဇ္ဇ' ပုဂ္ဂိုလ်၊

ဤသို့ အပြစ်ရှိမရှိနှင့်စပ်၍ ပုဂ္ဂိုလ်လေးမျိုးရှိသည်။

ထိုလေးမျိုးတို့တွင် အပြစ်ရှိသော ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့် ပြည့်စုံသူသည် 'သာဝဇ္ဇ' ပုဂ္ဂိုလ်မည်၏။ အ(န္ဓဗာလ ပုထုဇဉ်)

များသောအားဖြင့် အပြစ်ရှိသောကံသုံးပါးနှင့် ပြည့်စုံ၍အနည်းငယ်အားဖြင့်အပြစ်မရှိသော ကံသုံးပါးနှင့် ပြည့်စုံသူသည် 'ဝဇ္ဇဗဟုလ' ပုဂ္ဂိုလ်မည်၏။ (ကြိုးကြား၊ကြိုးကြား၌ကုသိုလ်ပြုသောခလာကီပုထုဇဉ်)

များသောအားဖြင့် အပြစ်မရှိသောကံသုံးပါးနှင့်ပြည့်စုံ၍ အနည်းငယ်အားဖြင့် အပြစ်ရှိသောကံသုံးပါးနှင့်ပြည့်စုံသူသည် 'အပ္ပဝဇ္ဇ' ပုဂ္ဂိုလ်မည်၏။(သောတာပန်၊သကဒါဂါမ်၊အနာဂါမ်ပုဂ္ဂိုလ်များ)

အနည်းငယ်မျှ အပြစ်မရှိသော ကံသုံးပါးနှင့် ပြည့်စုံသူသည် 'အနဝဇ္ဇ' ပုဂ္ဂိုလ်မည်၏ (ရဟန္တာပုဂ္ဂိုလ်များ)-ဟု ဟောကြားပါသည်။

## ၆။ ပဌမ သီလသုတ်

သီလပြည့်ကျင့်မှုနှင့် ယှဉ်သော ပုဂ္ဂိုလ်လေးမျိုး

၁၃၆။ ၁။ သီလသမာဓိပညာ သုံးပါးလုံး၌ပြည့်စုံအောင် ဖြည့်ကျင့်မှုမရှိသူ။

၂။ သီလ၌သာဖြည့်ကျင့်၍ သမာဓိ ပညာတို့၌ ပြည့်စုံအောင် ဖြည့်ကျင့်မှုမရှိသူ၊

၃။ သီလ သမာဓိနှစ်ပါး၌သာ ပြည့်စုံအောင်ဖြည့်ကျင့်၍ ပညာ၌ပြည့်စုံအောင် ဖြည့်ကျင့်မှုမရှိသူ၊

၄။ သီလ သမာဓိ ပညာသုံးပါး၌ ပြည့်စုံအောင် ဖြည့်ကျင့်မှုရှိသူ၊

ဤသို့ သီလ သမာဓိ ပညာတို့ကိုဖြည့်ကျင့်မှုနှင့် စပ်၍ ပုဂ္ဂိုလ်လေးမျိုးရှိကြောင်း ဟောကြားပါသည်။

၁။ လောကီလူသားအပေါင်းသည် သီလ သမာဓိ ပညာသုံးပါးသုံး၌ ပြည့်စုံအောင် ဖြည့်ကျင့်မှု မရှိသူမည်၏။

၂။ ချွတ်ပရသော သောတာပန်၊ သကဒါဂါမ်တို့သည် သီလ၌သာ ပြည့်စုံအောင် ဖြည့်ကျင့်၍ သမာဓိပညာတို့၌ ပြည့်စုံအောင်ဖြည့်ကျင့်မှု မရှိသူမည်၏။

၃။ အနာဂါမ်ပုဂ္ဂိုလ်သည် သီလသမာဓိတို့၌သာ ပြည့်စုံအောင် ဖြည့်ကျင့်၍ ပညာ နှင့်ပြည့်စုံအောင် ဖြည့်ကျင့်မှု မရှိသူ မည်၏။

၄။ ရဟန္တာပုဂ္ဂိုလ်သည် သီလသမာဓိပညာ သုံးပါးလုံး၌ ပြည့်စုံစွာ ဖြည့်ကျင့်သူမည်၏- အဋ္ဌကထာ။ ]

## ၇။ ဒုတိယသီလသုတ်

### သီလကို အလေးပြုမှုနှင့် ပုဂ္ဂိုလ်လေးမျိုး

၁၃၇။ (၁) သီလသမာဓိပညာသုံးပါးလုံးကိုအလေးဂရုမပြုသူ၊
(၂) သီလကိုသာ အလေးဂရုပြု၍ သမာဓိနှင့် ပညာကို အလေးဂရုမပြုသူ။
(၃) သီလနှင့်သမာဓိကိုသာ အလေးဂရုပြု၍ ပညာကို အလေးဂရုမပြုသူ၊
(၄) သီလနှင့်သမာဓိပညာသုံးပါးလုံးကိုအလေးဂရုပြုသူ

ဤသို့ သီလသမာဓိပညာတို့ကို အလေးပြုမှု မပြုမှုနှင့်စပ်၍ပုဂ္ဂိုလ်လေးမျိုး ရှိ၏ ဟု ဟောပါသည်။
(ထိုပုဂ္ဂိုလ်လေးမျိုးအရကို ပထမသုတ်ပါဖွင့်ဆိုချက်အတိုင်း ကောက်ယူရပါသည်။)

## ၈။ နိကဋ္ဌသုတ်

### ကင်းကွာမှုနှင့်ပုဂ္ဂိုလ်လေးမျိုး

၁၃၈။ (၁) ကင်းကွာသော ကိုယ်ရှိ၍[၁] ကင်းကွာသော စိတ်မရှိသူ၊
(၂) ကင်းကွာသောကိုယ်မရှိဘဲကင်းကွာသော စိတ်ရှိသူ၊
(၃) ကင်းကွာသော ကိုယ်လည်းမရှိ၊ ကင်းကွာသော စိတ်လည်းမရှိသူ၊
(၄) ကင်းကွာသောကိုယ်လည်းရှိ၊ ကင်းကွာသော စိတ်လည်းရှိသူ၊

ဤသို့ကာမဂုဏ်တို့မှ ကင်းကွာမှုနှင့်စပ်၍ ပုဂ္ဂိုလ် လေးမျိုး ရှိသည်။
ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် တောကျောင်း၌ နေသော်လည်း ကာမဝိတက်စသည်တို့ကို ကြံစည်သော ပုဂ္ဂိုလ်သည် ကင်းကွာသော ကိုယ်ရှိ၍ ကင်းကွာသော စိတ်မရှိသူ မည်၏။

---

၁။ နိကဋ္ဌက ယောကို နိဂ္ဂဟကာယော=အနုကထာ၊ ... ထဲမှထွက်ခွာသော ကိုယ်ရှိ၏ဟုဆိုလိုပါသည်။

တောကျောင်း၌ မနေသော်လည်း နေက္ခမ္မဝိတက်စသည်တို့ကိုကြံစည်သော ပုဂ္ဂိုလ်သည်'ကင်းကွာသောကိုယ်မရှိဘဲ ကင်းကွာသော စိတ်ရှိသူ'မည်၏။

တောကျောင်း၌လည်း မနေ၊ ကာမဝိတက် စသည်တို့ကိုလည်း ကြံစည်သော ပုဂ္ဂိုလ်သည် 'ကင်းကွာသော ကိုယ်လည်းမရှိ၊ကင်းကွာသော စိတ်လည်း မရှိသူ' မည်၏။

တောကျောင်း၌နေ၍ နေက္ခမ္မဝိတက် စသည်တို့ကို ကြံစည်သော ပုဂ္ဂိုလ်သည် 'ကင်းကွာသော ကိုယ်လည်းရှိ၊ ကင်းကွာသော စိတ်လည်း ရှိသူ'မည်၏—ဟုဟောကြားပါသည်။

## ၆။ ဓမ္မကထိကသုတ်

### ဓမ္မကထိကလေးမျိုး

၁၃၆။ တရားဟောတတ်သော 'ဓမ္မကထိက' လေးမျိုးရှိ၏၊ ၎င်းတို့မှာ–

(၁) အချို့သော ဓမ္မကထိကသည် အနည်းငယ်မျှကိုသာ ဟောပြော၏။ ထိုသော်အကျိုးမရှိသည်ကို ဟောပြော၏။ သူ၏ ပရိတ်သတ်သည်လည်း အကျိုးရှိမရှိ၌ မလိမ္မာ။

(၂) အချို့သော ဓမ္မကထိကသည် အနည်းငယ်မျှကိုသာ ဟောပြော၏။ ထိုသော်အကျိုးရှိသည်ကို ဟောပြော၍။ သူ၏ ပရိတ်သတ်သည်လည်း အကျိုး ရှိမရှိ၌ လိမ္မာ၏။

(၃) အချို့သောဓမ္မကထိကများသည်များစွာဟောပြော၏ ထိုသော် အကျိုးမရှိသည်ကို ဟောပြော၏။ သူ၏ပရိတ်သတ်သည်လည်း အကျိုးရှိမရှိ၌ မလိမ္မာ။

(၄) အချို့သော ဓမ္မကထိကသည် များစွာဟောပြော၏။ အကျိုးရှိသည်ကိုလည်းဟောပြော၏။ သူ၏ပရိတ်သတ်သည်လည်း အကျိုး ရှိ မရှိ၌ လိမ္မာ၏။ဤသို့လျှင်ဓမ္မကထိကလေးမျိုး ရှိ၏ဟုဟောပါသည်။

## ၁၀။ ဝါဒီသုတ်

### ပြောဆိုတတ်သူ လေးမျိုး

၁၄၀။ ၁။ အနက်အားဖြင့်သာ ကုန်ခြင်းသို့ရောက်၍[၁] သဒ္ဒါအားဖြင့် ကုန်ခြင်းသို့ မရောက်သော ပြောဆိုတတ်သူ၊

၂။ သဒ္ဒါအားဖြင့်သာ ကုန်ခြင်းသို့ရောက်၍ အနက်အားဖြင့်ကုန်ခြင်းသို့ မရောက်သော ပြောဆိုတတ်သူ၊

၃။ အနက်အားဖြင့်လည်းကောင်း၊ သဒ္ဒါအားဖြင့်လည်းကောင်း ကုန်ခြင်းသို့ရောက်သော ပြောဆိုတတ်သူ၊

၄။ အနက်အားဖြင့်လည်းကောင်း၊ သဒ္ဒါအားဖြင့်လည်းကောင်းကုန်ခြင်းသို့မရောက်သောပြောဆိုတတ်သူဟူ၍ တရားစကား ပြောဆိုတတ်သူ လေးမျိုးရှိ၏။ ပဋိသမ္ဘိဒါ လေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အနက်အားဖြင့် လည်းကောင်း၊ သဒ္ဒါအားဖြင့် လည်းကောင်း ကုန်ခြင်းသို့ရောက်ဖွယ် အကြောင်းမရှိဟု ဟောကြားတော်မူသည်။

## ၁၅။ အာဘာဝဂ်

### ၁။ အာဘာသုတ်

#### အရောင်လေးမျိုး

၁၄၁။ လရောင်၊ နေရောင်၊ မီးရောင်၊ ပညာရောင် ဟူ၍အရောင် လေးမျိုးရှိသည့်အနက် ပညာရောင်သည် အမြတ်ဆုံးဖြစ်၏ဟု ဟောသည်။

၁၄၂-၁၄၅။ ပဘာသုတ်၊ အာလောကသုတ်၊ ဩဘာသသုတ်၊ ပဇ္ဇောတသုတ် တို့သည် အာဘာသုတ်နှင့် စကားလုံးပရိယာယ်သာ ကွဲပြီး အနက်တူပင် ဖြစ်ပါသည်။

---

၁။ ကုန်ခြင်းသို့ရောက်၏၊ [illegible] ခြင်းသို့ ရောက်၏ ဟု ဆိုလိုပါသည်။ ပြောစရာ စကားလုံး ကုန်ခမ်းခြင်းသည် သဒ္ဒါအားဖြင့် ကုန်ခြင်းသို့ ရောက်သည်မည်၏။ ပြောစရာ အကြောင်းအရာ မရှိတော့ခြင်းသည် အနက်အားဖြင့် ကုန်ခြင်းသို့ ရောက်သည်မည်၏။

## ၆။ ပထမကာလသုတ်

### အချိန်အခါလေးမျိုး

၁၄၆။ ၁။ သင့်လျော်သောအခါ၌ တရားနာခြင်း၊
၂။ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်း၊
၃။ သင့်လျော်သောအခါ၌ တရားကို သုံးသပ်ဆင်ခြင်ခြင်း၊
၄။ သင့်လျော်သောအခါ၌ ဝိပဿနာရှုခြင်းဟူ၍ သင့်လျော်သော အချိန်အခါ[1] လေးမျိုးရှိ၏ဟု ဟောပါသည်။

၁၄၇။ ဒုတိယကာလသုတ်၌ တောင်ထိပ်၌ မိုးရွာသော အခါ နိမ့်ရာသို့စီးဆင်းသွားသော မိုးရေတို့သည် တောင်ကြားရှိ ချောင်းမြောင်း အင်းအိုင်တို့မှ တစ်ဆင့် သမုဒ္ဒရာကို ပြည့်စေသကဲ့သို့၊ ထို့အတူ သင့်လျော်သောအခါ၌ တရားနာခြင်းစသော အချိန်ကာလလေးပါး[2]တို့သည် ကောင်းစွာ ပွားများအပ်သည် ရှိသော် အာသဝေါတရားများ ကုန်ခန်းခြင်းသို့ ရောက်ပစေနိုင်ကုန်၏ဟု ဟောကြားသည်။

## ၈။ ဒုစ္စရိတသုတ်

### ဝစီဒုစရိုက် လေးပါးနှင့် ဝစီသုစရိုက် လေးပါး

၁၄၈–၁၄၉။ မုသားပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းသော စကားပြောခြင်း၊ သိမ်ဖျင်းသော စကားကို ပြောခြင်းတို့သည် ဝစီဒုစရိုက် လေးပါးဖြစ်၏။

## ၉။ သုစရိတသုတ်

### သုစရိုက်လေးပါး

မှန်သော စကားကိုပြောခြင်း၊ ကုန်းမတိုက်ခြင်း၊ သိမ်မွေ့နူးညံ့သော စကားကို ပြောခြင်း၊ ပညာဖြင့် ပိုင်းခြား၍ ပြောခြင်းတို့သည် ဝစီသုစရိုက်လေးပါးဖြစ်သည်ဟု ဟောကြားသည်။

---

၁။ ကာလာတိ ယုတ္တပ္ပယုတ္တကာလာ–အဋ္ဌကထာ။

၂။ ကာလာတိဟသ္မိံ တသ္မိံကာလေ ဓမ္မဿဝနာဒိ ဝသေန ပဝတ္တာနံ ကုသလဓမ္မာနံ‌ေတံအဓိဝစနံ–အဋ္ဌကထာ။ ထိုထိုအချိန်၌ တရားနာခြင်း စသည်ဖြင့် ဖြစ်ပေါ်လာသော ကုသိုလ်တရားတို့ကို 'အချိန်ကာလ' ဟု ဆိုခြင်း ဖြစ်ပါသည်။

## ၁၀။ သာရသုတ်

### အနှစ်လေးမျိုး

၁။ သီလအနှစ်၊ သမာဓိအနှစ်၊ ပညာအနှစ်၊ ဝိမုတ္တိအနှစ် ဟူ၍ အနှစ်လေးမျိုး ရှိ၏ဟု ဟောသည်။

## ၁၆။ ဣန္ဒြိယဝဂ်

## ၁။ ဣန္ဒြိယသုတ်

### ဣန္ဒြေလေးပါး

၁၅၁။ သဒ္ဓိန္ဒြေ၊ ဝီရိယ၊ သတိ၊ သမာဓိဣန္ဒြေ ဟူ၍ဣန္ဒြေလေးပါးရှိ၏ဟု ဟောသည်။[၁]

## ၂။ သဒ္ဓါဗလသုတ်

### သဒ္ဓါစသော အားလေးပါး

၁၅၂။ သဒ္ဓါဗလသုတ်၌ သဒ္ဓါအား၊ ဝီရိယအား၊ သတိအား သမာဓိအားဟူ၍ 'အား' လေးပါးရှိ၏ဟု ဟောပါသည်။[၂]

၁၅၃။ ပညာဗလသုတ်၌ပညာအား၊ ဝီရိယအား၊ အပြစ်ကင်းခြင်း အနဝဇ္ဇအား၊[၃] ချီးမြှောက်ခြင်း 'သင်္ဂဟ' အားဟူ၍ 'အား'လေးပါး ရှိသည်ဟု ဟောပါသည်။

၁၅၄။ သတိဗလသုတ်၌ သတိအား သမာဓိအား အနဝဇ္ဇအား၊ သင်္ဂဟအား ဟူ၍ အားလေးပါး ရှိကြောင်း ဟောပါသည်။

၁၊ ဣန္ဒြိယ ဣန္ဒြေဟူသည် မိမိနှင့်သက်ဆိုင်သည့် ကိစ္စနှင့်ယှဉ်ဖက်တရားတို့ အပေါ်ကြီးစိုးလွှမ်းမိုးနိုင်သော သဘောဖြစ်၏။ သဒ္ဓါသည် ယုံကြည်မှု ကိစ္စ၌၊ ဝီရိယသည် အားထုတ်မှု ကိစ္စ၌၊ သတိသည် အောက်မေ့မှု ကိစ္စ၌၊ သမာဓိသည် တည်ကြည်မှု ကိစ္စ၌ ယှဉ်ဖက်တရားတို့ အပေါ် လွှမ်းမိုးနိုင်သော သဘောရှိပါသည်။

၂၊ ဗလ အား ဟူသည် ဆန့်ကျင်ဘက်တရားတို့ကြောင့် မလှုပ်မယိုင်ကြံ့ခိုင်သောစွမ်းအားသတ္တိ ဖြစ်ပါသည်။ဗလကိုဗိုလ်ဟုလည်း ပြန်ကြပါသည်။

၃။ အကုသိုလ် အပြစ်တို့မှ ကင်းစင်၍ ဖြူစင်သော အကျင့်သီလရှိခြင်းသည် 'အား' တစ်ပါးဖြစ်၏ဟု ဆိုလိုပါသည်။

၁၅၅။ ပဋိသန္ဓေနဖလ သုတ်၌ ဆင်ခြင်ခြင်း ပဋိသင်္ခါနအား၊[၁] ပွားများခြင်းဘာဝနာအား၊[၂] အပြစ်ကင်းခြင်း အနဝဇ္ဇအား၊ချီးမြှောက်ခြင်းသင်္ဂဟအား ဟူ၍ လေးပါးရှိ၏ဟု ဟောပါသည်။

## ၆။ ကပ္ပသုတ်

အသင်္ချေယျ ကပ်လေးပါး

၁၅၆။ နှစ်ပေါင်း ဤမျှ၊ ဤမျှ ရှိ၏ဟူ၍ ရေတွက်ခြင်းငှာ မတတ်ကောင်းသော 'အသင်္ချေယျကပ်'တို့သည်—

(၁) ကမ္ဘာပျက်ဆဲကာလ 'သံဝဋ္ဋကပ်'၊
(၂) ကမ္ဘာ၏အပျက်အတိုင်းတည်နေဆဲကာလ 'သံဝဋ္ဋဋ္ဌာယီကပ်'၊
(၃) ကမ္ဘာဖြစ်ဆဲကာလ 'ဝိဝဋ္ဋကပ်'၊
(၄) ဖြစ်ပြီးကမ္ဘာ၏ တည်ဆဲကာလ ဝိဝဋ္ဋဋ္ဌာယီကပ်'

အားဖြင့် လေးပါးရှိ၏ဟု ဟောသည်။

## ၇။ ရောဂသုတ်

ရဟန်း၌ဖြစ်ဘယသော ရောဂါလေးမျိုး

၁၅၇။ သတ္တဝါတို့၏ ကိုယ်၌ ဖြစ်သောရောဂါ၊စိတ်၌ဖြစ်သော ရောဂါဟူ၍ ရောဂါနှစ်မျိုးရှိ၏၊ ကိုယ်၌ဖြစ်သော ရောဂါဖြစ်တစ်နှစ်၊ နှစ်နှစ်မှစ၍ နှစ်ပေါင်းတစ်ရာတိုင်အောင် သော်လည်းအနာရောဂါကင်း ခြင်းကို ဝန်ခံသော သတ္တဝါတို့ကို များစွာပင် မြင်ကြရ၏၊ သို့သော် အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာတို့မှာ တစ်ပါးစိတ်၌ ဖြစ်သော

---

၁။ ချီးမြှောက်သင့်သူတို့အား ပေးကမ်းခြင်း၊ ချစ်ဖွယ်သော စကားပြော ကြားခြင်း၊ မိမိနှင့် တန်းတူ ထားခြင်း အကျိုးစီးပွားကို ကျင့်ခြင်း ဟူသော သင်္ဂဟဘရာလေးပါးဖြင့် ချီးမြှောက်ခြင်းသည် 'အား'တစ် ပါးဖြစ်၏ဟုဆိုလိုပါသည်။
၂။ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများခြင်းသည် 'အား' တစ်ပါးဖြစ်၏ဟုဆိုလို ပါသည်။

ရောဂါဖြင့် တစ်မုဟုတ်မျှသော်လည်း အနာရောဂါ ကင်းခြင်းကို ဝန်ခံနိုင်သော ပုဂ္ဂိုလ်တို့ကိုမူ ရရှိရန် မလွယ်ချေ။

ရဟန်း၏ ရောဂါ တို့သည်ကား လေးမျိုး ရှိကုန်၏။ ၎င်းတို့မှာ အလိုကြီး၍ ပစ္စည်းလေးပါးဖြင့် မရောင့်ရဲနိုင်သော ရဟန်းသည် လာဘ် လာဘ ပေါများမှု၊ ဂုဏ်သတင်း ကျော်စောမှု၊ သူတစ်ပါးတို့၏ အထင်ကြီးမှုများကို ရရှိရန် ကြံရွယ်၍-

(၁) ဒါယကာတို့အိမ်များသို့ ချဉ်းကပ်ခြင်း၊

(၂) ဒါယကာတို့အိမ်၌ ထိုင်နေရခြင်း၊

(၃) တရားဟောရခြင်း၊

(၄) ကျင်ကြီးကျင်ငယ်တို့ကို ချုပ်တည်းထားရခြင်း-

တို့ဖြစ်၏။ ''ထို့ကြောင့် ရဟန်းတို့သည် အလိုကြီးသူ၊ ပစ္စည်းလေးပါးဖြင့် မရောင့်ရဲနိုင်သူ မဖြစ်အောင် အားထုတ်ရမည်'' ဟု မိန့်ကြားတော်မူသည်။

## ၈။ ပရိဟာနိသုတ်

### ဆုတ်ယုတ်ကြောင်း တရားလေးပါး

၁၅၈။ မိမိ၌ ရာဂထူပြောခြင်း၊ ဒေါသထူပြောခြင်း၊ မောဟထူပြောခြင်း၊ နက်နဲသော အကြောင်းအရာတို့၌ ဉာဏ်မျက်စိမသက်ဝင်ခြင်းဟူသော တရားလေးပါးကို တွေ့မြင်သော ရဟန်းရဟန်း မိန်းမသည် ''ငါက ုသိုလ်တရားတို့မှ ဆုတ်ယုတ်နေ၏'' ဟူ၍ ဆုံးဖြတ်ရမည် ဟု ရှင်သာရိပုတ္တရာက ရဟန်းတို့အား ဟောကြားသည်။

## ၉။ ဘိက္ခုနီသုတ်

### ဘိက္ခုနီတို့ ပယ်ရမည့်တရားလေးပါး

၁၅၉။ အခါတစ်ပါး၌ရှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေ၏။ ထိုအခါ ဘိက္ခုနီတစ်ပါးသည် မိမိ အသည်းအသန် နာမကျန်းဖြစ်နေ၍ မိမိထံသို့ ကြွရောက်လာရန် ရှင်အာနန္ဒာထံသို့ လူတစ်ယောက်ကိုစေလွှတ်၍ ပင့်ဖိတ်၏၊

ကိုဘိက္ခုနီသည် ရှင်အာနန္ဒာ ကြွလာသည်ကို လှမ်း၍ မြင်သော အခါ ညောင်စောင်းပေါ်၌ ခေါင်းမြီးခြုံ၍ အိပ်နေ၏။ ရှင်အာနန္ဒာသည် ခင်းထားသော နေရာ၌ထိုင်၍ထိုဘိက္ခုနီအား အောက်ပါအတိုင်းမိန့်ကြား လေသည်။

''နှမ၊ ဤကိုယ်သည် အာဟာရကြောင့် ဖြစ်၏၊ စားဖွယ်တည်း ဟူသော (ကဗဠီကာရ)အာဟာရကို အမှီပြု၍ (ရှေးဘာ ကပြုလုပ်ခဲ့သည့် ကံတည်းဟူသော မနောသဉ္စေတနာ) အာဟာရကို ပယ်ရမည်''

''နှမ၊ ဤကိုယ်သည် တဏှာကြောင့်ဖြစ်၏။ တဏှာကို အမှီပြု၍ တဏှာကို ပယ်ရမည်။''

''နှမ၊ ဤကိုယ်သည် မာနကြောင့် ဖြစ်၏။ မာနကို အမှီပြု၍ မာန ကို ပယ်ရမည်''

''နှမ ဤကိုယ်သည် မေထုန်အကျင့်ကြောင့် ဖြစ်၏။ မေထုန်အကျင့် ၌မူကား အကြောင်းရင်း အခြေအမြစ်နှင့်တကွ ပယ်သတ်ခြင်းကို မြတ်စွာ ဘုရားသည် ဟောကြားအပ်၏''

အထက်ပါမိန့်ကြားချက်၌ စားဖွယ်အာဟာရကို ဉာဏ်ဖြင့်ဆင်ခြင် ၍ စားသုံးခြင်းသည် အာဟာရကိုမှီ၍ အာဟာရကို ပယ်ခြင်းဖြစ်သည်။

''တစ်ပါးသော ရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်၏''ဟုကြား လျှင်-'ငါသည်လည်း ဘယ်သောအခါ၌ အရဟတ္တဖိုလ်သို့ ရောက်ရအံ့ နည်း'ဟု တောင့်တ၍ အရဟတ္တဖိုလ်သို့ ရောက်အောင် အားထုတ်ခြင်း သည် တဏှာကိုမှီ၍ တဏှာကိုပယ်ခြင်း မည်၏။

''တစ်ပါးသောရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်၏''ဟုကြား လျှင်-'ငါသည်လည်း အဘယ်ကြောင့် မရောက်နိုင်ဘဲ ရှိအံ့နည်း'ဟုကြံ၍ အရဟတ္တဖိုလ်သို့ ရောက်အောင် အားထုတ်ခြင်းသည် မာနကိုမှီ၍ မာန ကို ပယ်ခြင်း ဖြစ်သည်ဟု ရှင်းလင်းမိန့်ကြားသည်။

ဤသို့ ရှင်အာနန္ဒာက မိန့်ကြားသောအခါ ထို ဘိက္ခုနီသည် ရှင်အာနန္ဒာ၏ ခြေရင်း၌ဦးခိုက်၍ မိမိအပြစ်ကို ဝန်ချ တောင်းပန်၏။ ရှင်အာနန္ဒာကလည်း''အပြစ်ကို အပြစ်ဟုမြင်၍ ကုစားခြင်းသည်အရိယာ ဝိနည်း၌ ကြီးပွားကြောင်း ဖြစ်ပေသည်''ဟု မိန့်ကြားပြီး ခွင့်လွှတ်တော်မူ လေ၏။

(ဤဘိက္ခုနီသည် ရှင်အာနန္ဒာ အပေါ်၌ တပ်မက်သော စိတ်ဖြင့် နာမကျန်းဖြစ်ဟန်ဆောင်ကာ ရှင်အာနန္ဒာအား မိမိထံ ဖိတ်ခေါ်ခြင်း ဖြစ်သည်ဟု အဋ္ဌကထာ၌ ဖွင့်ပါသည်။)

## ၁၀။ သုဂတ ဝိနယသုတ်

ဘုရားရှင်၏ အဆုံးအမကွယ်ကြောင်း လေးပါး

၁၆၀။ မြတ်စွာဘုရား၏ အဆုံးအမဖြစ်သော သူတော်ကောင်း တရားကွယ်ပျောက်ခြင်း၏ အကြောင်း လေးပါးရှိသည်။ ၎င်းတို့မှာ-

(၁) ရဟန်းတို့သည် မကောင်းသဖြင့် သင်ယူအပ်သော သုတ္တန်ကို မကောင်းသဖြင့် ထားအပ်သော ပုဒ်ဗျည်းတို့ဖြင့် သင်ယူခြင်း၊

(၂) ရဟန်းတို့သည် ဆိုဆုံးမသောစကားကို ရိုသေစွာမနာယူဘဲ ဆိုဆုံးမခက်သူများဖြစ်ခြင်း၊

(၃) အကြားအမြင်များ၍ ဓမ္မဝိနယကို နှုတ်တက်အာဂုံဆောင်သော ရဟန်းတို့က သူတစ်ပါးတို့အားမိမိတို့သင်ယူထားသည့် သုတ္တန်ကို ရိုသေလေးစားစွာ မပို့ချခြင်း၊

(၄) မထေရ်ကြီး ဖြစ်သောရဟန်းတို့သည် စည်းစိမ်များရန် အားထုတ်သူ၊ လျော့ရဲသော အကျင့်ရှိသူများဖြစ်ပြီး မရသေးသောတရားထူးကို ရရှိရန် အားမထုတ်ကြခြင်း တို့ဖြစ်ပါသည်။

မြတ်စွာဘုရား၏ အဆုံးအမဖြစ်သောသူတော်ကောင်းတရားတည်တံ့ခြင်း၏ အကြောင်းလေးပါးရှိသည်။ ၎င်းတို့မှာ=

(၁) ရဟန်းတို့သည် ကောင်းစွာသင်ယူအပ်သောသုတ္တန်ကို ကောင်းစွာ ထားအပ်သော ပုဒ် ဗျည်းတို့ဖြင့် သင်ယူခြင်း၊

(၂) ရဟန်းတို့သည်ဆိုဆုံးမသော စကားကိုရိုသေစွာနာယူ၍ ဆိုဆုံးမ လွယ်သူများ ဖြစ်ခြင်း၊

(၃) အကြားအမြင်များ၍ ဓမ္မဝိနယကို နှုတ်တက် အာဂုံဆောင်သော ရဟန်းတို့က သူတစ်ပါးတို့အား မိမိတို့သင်ယူထားသည့်သုတ္တန်ကို ရိုသေလေးစားစွာ ပို့ချခြင်း၊

(၄) မထေရ်ကြီးဖြစ်သောရဟန်းတို့သည်စည်းစိမ်များရန် အားထုတ်သူ၊ လျော့ရဲသောအကျင့်ရှိသူများမဟုတ်ဘဲ မရသေးသော တရားထူးကို ရရှိရန်အားထုတ်ကြခြင်းတို့ဖြစ်သည်ဟုဟောကြားပါသည်

# ၁၇။ ပဋိပဒါဝဂ်

## ၁။ သံခိတ္တသုတ်

အကျင့်လေးပါးကို အကျဉ်းဟောခြင်း

၁၆၁။ (၁) ဆင်းရဲငြိုငြင်စွာကျင့်ရ၍ နှုန့်နှေးသော အသိဉာဏ်ရှိသော[၁]'ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ' အကျင့်၊

(၂) ဆင်းရဲငြိုငြင်စွာကျင့်ရ၍ လျင်မြန်သောအသိဉာဏ်ရှိသော 'ဒုက္ခပဋိပဒါခိပ္ပါဘိညာ' အကျင့်၊

(၃) ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ နှုန့်နှေးသော အသိဉာဏ်ရှိသော 'သုခပဋိပဒါ ဒန္ဓာဘိညာ' အကျင့်၊

(၄) ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော 'သုခပဋိပဒါခိပ္ပါဘိညာ' အကျင့်၊

ဤသို့ မဂ်ဖိုလ်ရရှိရန် အားထုတ်မှုအကျင့်သည် လေးပါး ရှိ၏ဟု ဟောပါသည်။

---

၁။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုနှေးနွေးစွာရစေနိုင်သည်ဟုဆိုလိုသည်။

၂။ မဂ်ဉာဏ်ရရှိရန် အားထုတ်ရာ၌ရှေ့ပိုင်းဝိပဿနာတို့ဖြင့် ကိလေသာတို့ကို ဆင်းရဲပင်ပန်းစွာ ပယ်ခွာရလျှင် ထိုမဂ်သည် ဆင်းရဲသော အကျင့်ရှိသော ဂ်မဂ်မည်၏၊ ကိလေသာတို့ကို လွယ်ကူစွာပယ်ခွာနိုင်လျှင်ထိုမဂ်သည် ချမ်းသာသော အကျင့်ရှိသော မဂ်မည်၏။

ကိလေသာတို့ကို ပယ်ခွာပြီးနောက် နှောင့်နှေး ကြန့်ကြာပြီးမှ မဂ်ဉာဏ်ဖြစ်ပေါ်လျှင်ထိုမဂ်ဉာဏ်သည်နှုန့်နှေးသော (ဝိပဿနာ) အသိဉာဏ်ရှိသော မဂ်မည်၏၊

ကိုလေသာတို့ကို ပယ်ခွာပြီးနောက် နှောင့်နှေးမှုမရှိဘဲ လျင်မြန်စွာ မဂ်ဉာဏ်ဖြစ်ပေါ်လျှင် ထိုမဂ်သည် လျင်မြန်သော (ဝိပဿနာ) အသိဉာဏ်ရှိသော မဂ်မည်၏။

ဤသုတ်၌ အကျင့်လေးပါးဟူသည် အကျင့်လေးပါးဖြင့် ရအပ်သော မဂ်လေးမျိုးကို ဆိုလိုခြင်းဖြစ်ပါသည်။

## ၂။ ဝိတ္ထာရသုတ်

### အကျင့်လေးပါးကို အကျယ်ဟောခြင်း

၁၆၂။ ၁။ ဤလောက၌ အချို့သောသူသည် ပင်ကိုအားဖြင့် **ထက်သော အားကြီးသော** ရာဂ၊ ဒေါသ၊ မောဟရှိ၏။ ရာဂ ဒေါသ မောဟတို့ကြောင့်ဖြစ်သော ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းကို မကြာခဏ ခံစားရ၏။ ထိုသူအား နုံသော သဒ္ဓါစသည့် ဣန္ဒြေ ငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုသူသည် ဣန္ဒြေငါးပါး နုံခြင်းကြောင့် အာသဝေါတရားများ ကုန်ခြင်းငှာ မိမိ၏အခြားမဲ့၌ အကျိုးကို ဖြစ်စေသော မဂ်သမာဓိသို့နှေးနှေးစွာရောက်၏၊ ဤအကျင့်ကို 'ဆင်းရဲစွာကျင့်ရ၍ နှံ့နှေးသော အသိဉာဏ်ရှိသော အကျင့်' ဟုဆိုအပ်၏။

၂။ ဤလောက၌ အချို့သော သူသည် ပင်ကို အားဖြင့် ထက်သော ရာဂ၊ ဒေါသ၊ မောဟရှိ၏။ ရာဂ၊ ဒေါသ၊ မောဟတို့ကြောင့် ဖြစ်သော ဆင်းရဲခြင်း၊ နှလုံး မသာယာခြင်းကို မကြာခဏခံစားရ၏။ ထိုသူအား လွန်သော (ရင့်ကျက်သော) ဣန္ဒြေငါးပါးတို့သည် ဖြစ်ကုန်၏။ ထိုသူသည် ဣန္ဒြေငါးပါးလွန်ကဲခြင်းကြောင့် အာသဝေါတရားတို့၏ကုန်ခြင်းငှာ မိမိ၏အခြားမဲ့၌ အကျိုးကိုဖြစ်စေသော မဂ်သမာဓိသို့ လျင်မြန်စွာရောက်၏။ ဤအကျင့်ကို 'ဆင်းရဲစွာကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသောအကျင့်' ဟု ဆိုအပ်၏။

၃။ ဤလောက၌ အချို့သော သူသည် ပင်ကိုယ် အားဖြင့် ထက်သောရာဂဒေါသမောဟမရှိ၊ ရာဂဒေါသမောဟတို့ကြောင့် ဖြစ်သော ဆင်းရဲခြင်း၊ နှလုံး မသာယာခြင်းကို မကြာခဏ မခံစားရ၊ ထိုသူအားနုံသော ဣန္ဒြေငါးပါးတို့သည်ဖြစ်ကုန်၏။ ထိုသူသည် ဣန္ဒြေငါးပါး နုံခြင်းကြောင့် အာသဝေါတရားများ ကုန်ခြင်းငှာ မိမိ၏ အခြားမဲ့၌ အကျိုးကိုဖြစ်စေသော မဂ်သမာဓိသို့ နှံ့နှေးစွာရောက်၏၊ ဤအကျင့်ကို 'ချမ်းသာစွာကျင့်ရ၍နှံ့နှေးသော အသိဉာဏ်ရှိသော အကျင့်' ဟုဆိုအပ်၏။

၄။ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပင်ကိုအားဖြင့် ထက်သော ရာဂ၊ ဒေါသ၊ မောဟ မရှိ၊ ရာဂ ဒေါသ မောဟတို့ကြောင့် ဖြစ်သော ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းကို မကြာခဏ မခံစားရ၊ ထိုသူအားလွန်ကဲသော ဣန္ဒြေငါးပါးတို့သည် ဖြစ်ပေါ်ကုန်၏။ ထိုသူသည်

ကူးခြင်း ပါးလွန်ကဲခြင်းကြောင့် အာသဝေါတရားများ ကုန်ခြင်းငှာ မိမိ၏အခြားမဲ့၌ အကျိုးကိုဖြစ်စေသော မဂ်သမာဓိသို့ လျင်မြန်စွာ ရောက်၏။ ဤအကျင့်ကို 'ချမ်းသာစွာကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်'ဟု ဆိုအပ်၏။

ဤသို့လျှင် အကျင့်လေးမျိုးရှိ၏ဟု ဟောကြားပါသည်။

## ၃။ အသုဘသုတ်

### အသုဘရှုခြင်းနှင့် အကျင့်လေးပါး

၁၆၃။ ဒုက္ခပဋိပဒါ ဒန္ဓာဘိညစသော အကျင့်လေးပါးကိုပင်ထပ်နည်းအားဖြင့် အကျယ်ဟောကြားသည်။

၁။ ဤသာသနာ၌ တစ်ပါးသောရဟန်းသည် ကိုယ်၌မတင့်တယ်မှု 'အသုဘ' အခြင်းအရာကိုရှုလျက်နေ၏။ အာဟာရ၌ စက်ဆုပ်ဖွယ်ဟုရှုလျက်၊ အလုံးစုံသော လောက၌မမွေ့လျော်ဖွယ်ဟု ရှုလျက်၊ အလုံးစုံသော သင်္ခါရတရားတို့၌ မမြဲမှုကိုရှုလျက်နေ၏။ ထိုရဟန်းအားသေခြင်းကို အာရုံပြု၍ဖြစ်ပေါ်လာသော အမှတ်သညာသည်မိမိ၏သန္တာန်အစဉ်၌ကောင်းစွာသင်၏။ ထိုရဟန်းသည် သဒ္ဓါ၊ သီလ၊ဩတ္တပ္ပ၊ ဝီရိယ၊ ပညာဟူသော သေက္ခဗိုလ်ငါးပါးကို အမှီပြု၍နေ၏။ ထိုရဟန်းအား နုသောသဒ္ဓါ၊ ဝီရိယစသည့် ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုရဟန်းသည် ဣန္ဒြေငါးပါး နုခြင်းကြောင့် အာသဝေါတရားများ ကုန်ခြင်းငှာ မိမိ၏ အခြားမဲ့၌ အကျိုးကိုဖြစ်စေသော မဂ်သမာဓိသို့ နှေးနှေးစွာရောက်၏။ ဤအကျင့်ကို 'ဆင်းရဲစွာကျင့်ရ၍နှေးနှေးသော အသိဉာဏ်ရှိသော အကျင့်'ဟုဆိုအပ်၏။

၂။ ဤသာသနာ၌ တစ်ပါးသော ရဟန်းသည် ကိုယ်၌မတင့်တယ်မှုကိုရှုလျက်နေ၏။ ထိုရဟန်းအားလွန်ကဲသော သဒ္ဓါ၊ဝီရိယစသည့် ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုရဟန်းသည်ဣန္ဒြေငါးပါး လွန်ကဲခြင်းကြောင့် မိမိ၏အခြားမဲ့၌ အကျိုးကိုဖြစ်စေနိုင်သောမဂ်သမာဓိသို့ လျင်မြန်စွာ ဆိုက်ရောက်၏။ ဤအကျင့်ကို'ဆင်းရဲစွာကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်'ဟုဆိုအပ်၏။

၃။ ဤသာသနာ၌ တစ်ပါးသော ရဟန်းသည် ကာမဂုဏ်တို့မှ ဆင်းဆိတ်၍ ပဌမဈာန်ကို ဝင်စား၍နေ၏ ... စတုတ္ထဈာန်ကို ဝင်စား၍နေ၏။ထိုရဟန်းသည် သေက္ခ ဗိုလ်ငါးပါးကို အမှီပြု၍နေ၏။ ထိုရဟန်း

အား နုသော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုရဟန်းသည် ဣန္ဒြေငါးပါး နုခြင်းကြောင့် မိမိ၏ အခြားမဲ့၌ အကျိုးကိုဖြစ်စေနိုင်သော မဂ်သမာဓိသို့ နူန့်နှေးစွာရောက်၏။ ဤအကျင့်ကို 'ချမ်းသာစွာ ကျင့်ရ၍ နူန့်နှေးသော အသိဉာဏ်ရှိသော အကျင့်' ဟုဆိုအပ်၏။

(၄) ဤသာသနာ၌ တစ်ပါးသော ရဟန်းသည် ကာမဂုဏ်တို့ကို ကင်းဆိတ်၍ ပထမဈာန်ကို ဝင်စား၍နေ၏။ ထိုရဟန်းအား လွန်ကဲသော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုရဟန်းသည် ဣန္ဒြေငါးပါး လွန်ကဲခြင်းကြောင့် မိမိ၏ အခြားမဲ့၌ အကျိုးကို ဖြစ်စေနိုင်သော မဂ်သမာဓိသို့ လျင်မြန်စွာရောက်၏။ ဤအကျင့်ကို 'ချမ်းသာစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်' ဟု ဆိုအပ်၏ဟူ၍ ဟောကြားပါသည်။

## ၄။ ပထမ ခမသုတ်

### သည်းခံခြင်းစသော အကျင့်လေးပါး

၁၆၄။ သည်းမခံခြင်း 'အက္ခမာ' အကျင့်၊ သည်းခံခြင်း 'ခမာ' အကျင့်၊ ဆုံးမခြင်း 'ဒမာ' အကျင့်၊ ငြိမ်းစေခြင်း 'သမာ' အကျင့်ဟူ၍ အကျင့်လေးပါးရှိသည်။

ထိုလေးပါးတို့တွင် ဆဲရေးသူကိုပြန်၍ ဆဲရေးခြင်း၊ ထိပါးသူကို ပြန်၍ ထိပါးခြင်း၊ ပုတ်ခတ်သူကိုပြန်၍ ပုတ်ခတ်ခြင်းသည် 'သည်းမခံခြင်း' အကျင့် မည်၏။

ဆဲရေးသူကိုပြန်၍ မဆဲရေးခြင်း၊ ထိပါးသူပြန်၍ မထိပါးခြင်း၊ ပုတ်ခတ်သူကိုပြန်၍ မပုတ်ခတ်ခြင်းသည် 'သည်းခံခြင်း' အကျင့်မည်၏။

မျက်စိဖြင့် အဆင်းအာရုံကိုမြင်မှု စသည်တို့၌ အဘိဇ္ဈာ ဒေါမနဿ စသော အကုသိုလ်တရားဆိုးများ မဖြစ်အောင် ဣန္ဒြေခြောက်ပါးကို စောင့်စည်းခြင်းသည် 'ဆုံးမခြင်း' အကျင့်မည်၏။

ဖြစ်ပေါ်လာသော ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက် တို့ကို သာယာလက်ခံ မထားဘဲ ပယ်ခွာ ဖျောက်ဖျက် ပစ်ခြင်းသည် 'ငြိမ်းစေခြင်း' အကျင့်မည်၏ဟု ဟောကြားပါသည်။

၄၆၅။ ဒုတိယ ခမသုတ်၌ ပဋမသုတ်ပါ အကျင့်လေးပါးကိုပင် ဟောသည်။ အပူ အအေး၊ ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်း စသည်တို့ကို သည်းမခံနိုင်ခြင်းသည် 'သည်းမခံခြင်း' အကျင့်မည်၏။ ယင်းတို့ကို သည်းခံခြင်းသည် 'သည်းခံခြင်း' အကျင့်မည်၏ဟု ပြောင်းလဲ ဟောခြင်းသာ ထူး ပါသည်။

၁၆၆။ ဥဘယသုတ်၌ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာစသော အကျင့်လေးပါးတို့တွင် ဆင်းရဲစွာကျင့်ရ၍ နှုန်းနှေးသော အသိဉာဏ်ရှိသော အကျင့်ကို ဆင်းရဲစွာကျင့်ရခြင်း နှုန်းနှေးသော အသိဉာဏ် ရှိခြင်းဟူသော အကြောင်းနှစ်ပါးလုံးဖြင့် ယုတ်ညံ့၏ဟု ဆိုရမည်။

ဆင်းရဲစွာကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်ကို ဆင်းရဲစွာ ကျင့်ရခြင်းဟူသော အကြောင်းဖြင့် ယုတ်ညံ့၏ဟု ဆိုရမည်။

ချမ်းသာစွာ ကျင့်ရ၍ နှုန်းနှေးသော အသိဉာဏ်ရှိသော အကျင့်ကို နှုန်းနှေးသော အသိဉာဏ်ရှိခြင်းဟူသော အကြောင်းဖြင့် ယုတ်ညံ့၏ဟု ဆိုရမည်။

ချမ်းသာစွာကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်ကို ချမ်းသာစွာ ကျင့်ရခြင်း၊ လျင်မြန်သော အသိဉာဏ် ရှိခြင်းဟူသော အကြောင်း နှစ်ပါးလုံးဖြင့် မြတ်၏ဟု ဆိုရမည်ဟူ၍ ဟောကြားပါသည်။

## ၇။ မဟာမောဂ္ဂလာနသုတ်

### အကျင့်လေးပါးနှင့် ရှင်မဟာမောဂ္ဂလာန်

၁၆၇။ အခါတစ်ပါး၌ ရှင်သာရိပုတ္တရာသည် ရှင်မောဂ္ဂလာန်ထံ ချဉ်းကပ်၍ "ဒုက္ခပဋိပဒါဒန္ဓာဘိညာစသော အကျင့်လေးပါး တို့တွင် အဘယ်အကျင့်ကိုစွဲ၍ အရှင်မောဂ္ဂလာန်၏စိတ်သည်အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့ပါသနည်း"ဟုမေး၏။ "ဆင်းရဲစွာကျင့်ရ၍လျင်မြန်သော အသိဉာဏ်ရှိသော ဒုက္ခပဋိပဒါခိပ္ပာဘိညာ အကျင့်ကိုစွဲ၍ တပည့်တော်၏ စိတ်သည် အာသဝေါတရားတို့မှ လွတ်မြောက် ခဲ့ပါသည်"ဟု အရှင် မောဂ္ဂလာန်က ဖြေသည်။[၁]

---

၁။ အရှင်မောဂ္ဂလာန်၏ အောက်မဂ်သုံးပါးသည် သုခပဋိပဒါဒန္ဓာဘိည ဖြစ်ပြီး အရဟတ္တမဂ်ကား ဒုက္ခပဋိပဒါခိပ္ပာဘိညဖြစ်၏ဟု ဖွင့်သည်။

## ၈။ သာရိပုတ္တသုတ်

### အကျင့်လေးပါးနှင့် ရှင်သာရိပုတ္တရာ

၁၆၈။ ရှင်မောဂ္ဂလာန်က ရှင်သာရိပုတ္တရာအား 'အကျင့်လေးပါးတို့တွင် အဘယ်အကျင့်ကိုစွဲ၍ အမျှင်၏စိတ်သည် အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့ပါသနည်း' ဟု မေးသည်။ 'ချမ်းသာစွာကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော 'သုခပဋိပဒါ ခိပ္ပာဘိညာ' အကျင့်ဖြင့် တပည့်တော်၏စိတ်သည် အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့ပါသည်' ဟု ရှင်သာရိပုတ္တရာက ဖြေသည်။[၁]

## ၉။ သသင်္ခါရသုတ်

### အားထုတ်ရခြင်းရှိသူစသော ပုဂ္ဂိုလ်လေးပါး

၁၆၉။ (၁) မျက်မှောက်ဘဝ၌ပင်အားထုတ်ခြင်းရှိလျက်ကိလေသာ ငြိမ်းအေးသူ၊

(၂) သေလွန်ပြီးနောက်မှ အားထုတ်ရခြင်းရှိလျက် ကိလေသာ ငြိမ်းအေးသူ၊

(၃) မျက်မှောက်ဘဝ၌ပင် အားထုတ်ခြင်း မရှိဘဲ ကိလေသာ ငြိမ်းအေးသူ၊

(၄) သေလွန်ပြီးနောက်မှ အားထုတ်ရခြင်း မရှိဘဲ ကိလေသာ ငြိမ်းအေးသူ ဟူ၍ အားထုတ်ရခြင်း ရှိ မရှိနှင့်စပ်၍ပုဂ္ဂိုလ်လေးမျိုးရှိသည်။

(၁) ဤသာသနာ၌ တစ်ပါးသောရဟန်းသည်မိမိကိုယ်၌ အသုဘဟုရှုလျက် နေ၏ အာဟာရ၌ စက်ဆုပ်ဖွယ်ဟု ရှုလျက်၊ တစ်လောကလုံး၌ မမွေ့လျော်ဖွယ်ဟုရှုလျက် သင်္ခါရတရား အားလုံးတို့၌လည်း အနိစ္စဟုရှုလျက်နေ၏။ ထိုရဟန်းအားသေခြင်းသဘောကိုရှုမှတ်သော 'မရဏာသညာ' သည်လည်း ကောင်းစွာထင်၏။ ထိုရဟန်းသည် သေက္ခဗိုလ်ငါးပါးကိုအမှီ

---

၁။ အရှင်သာရိပုတ္တရာ၏ အောက်မဂ်သုံးပါးသည် သုခပဋိပဒါ ဒန္ဓာဘိညာဖြစ်ပြီး၊ အရဟတ္တမဂ်ကား သုခပဋိပဒါခိပ္ပာဘိညာဖြစ်၏ဟုဖွင့်သည်။ ဝိသုဒ္ဓိမဂ်နှင့် ညီမှ ဋီကာတို့ကိုကြည့်ပါ။

ပြု၍နေ၏၊ ထိုရဟန်းအား လွန်ကဲသော ဤငါးပါးတို့သည် ထင်ရှား ဖြစ်ကုန်၏။ ထိုရဟန်းသည် ဤငါးပါး လွန်ကဲခြင်းကြောင့် မျက်မှောက် ဘဝ၌သာလျှင် အားထုတ်ရခြင်းရှိလျက် ကိလေသာအေးငြိမ်းသူဖြစ်၏။

(၂) ဤသာသနာ၌ တစ်ပါးသောရဟန်းသည်မိမိကိုယ်၌အသုဘ ဟုရှုလျက်နေ၏။....ထိုရဟန်းအား နုသောဣန္ဒြေငါးပါးတို့သည် ထင်ရှား ဖြစ်ကုန်၏။ ထိုရဟန်းသည် ဣန္ဒြေငါးပါးနုခြင်းကြောင့် သေလွန်ပြီး နောက်၌ အားထုတ်ရခြင်းရှိလျက် ကိလေသာ အေးငြိမ်းသူဖြစ်၏။

(၃) ဤသာသနာ၌ တစ်ပါးသော ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍ပထမဈာန်ကိုဝင်စား၍နေ၏။ ထိုရဟန်းအား လွန်ကဲသော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။....ထိုရဟန်းသည်ဣန္ဒြေငါးပါး လွန်ကဲခြင်းကြောင့် မျက်မှောက်ဘဝ၌ပင် အားထုတ်ရခြင်းမရှိဘဲ ကိလေ သာ ငြိမ်းအေးသူဖြစ်၏။

(၄) ဤသာသနာ၌ တစ်ပါးသောရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍ ပထမဈာန်ကို ဝင်စား၍နေ၏။....ထိုရဟန်းသည် နုသော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုရဟန်းသည် ဣန္ဒြေငါးပါး နုခြင်းကြောင့် သေလွန်ပြီးနောက် အားထုတ်ရခြင်းမရှိဘဲ ကိလေသာ ငြိမ်းအေးသူ ဖြစ်၏။

ဤသို့လျှင် အားထုတ်ရခြင်း ရှိမရှိနှင့်စပ်၍ ပုဂ္ဂိုလ်လေးမျိုးကွဲပြား ပုံကို ဟောကြားသည်။

(ဤပုဂ္ဂိုလ်လေးမျိုးတွင်ပထမနှင့်ဒုတိယပုဂ္ဂိုလ်တို့သည် ဝိပဿနာ သက်သက်ဖြင့် ကိလေသာငြိမ်းအေးသော သုက္ခဝိပဿက ပုဂ္ဂိုလ်များဖြစ် သည်- တတိယနှင့် စတုတ္ထပုဂ္ဂိုလ်တို့သည် သမထမှထစ်ဆင့် ဝိပဿနာသို့ ကူးသော သမထယာနိက ပုဂ္ဂိုလ်များဖြစ်သည်ဟု အဋ္ဌကထာ၌ဖွင့်သည်။)

## ၁၀။ ယုဂနဒ္ဓသုတ်

သမထဝိပဿနာနှစ်ပါးစုံဖြင့် မဂ်လေးပါးကိုပွားများ သူ

၁၇၀။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးစဉ် ရှင်အာနန္ဒာက ရဟန်းတို့အား ဟောကြားသည်—

"ငါ့ရှင်တို့ ငါ၏ထံ၌ အရဟတ္တဖိုလ်ဆိုက်ရောက်ခြင်းကို ပြောကြားသော ရဟန်း၊ ရဟန်းမဟူသမျှသည်လေးပါးသောမဂ်တို့ဖြင့်သော်လည်းကောင်း၊ လေးပါးသော မဂ်တို့တွင်တစ်ပါးပါး သောမဂ်ဖြင့်သော်လည်းကောင်း ပြောကြား၏။

အဘယ်မဂ်လေးပါတို့ဖြင့် ပြောကြားသနည်းဆိုသော်-

(၁) ဤသာသနာ၌ရဟန်းသည် သမထလျှင် ရှေ့သွားရှိသော ဝိပဿနာကို ပွားများ၏။[၁] ထိုရဟန်းအား မဂ်သည် ဖြစ်ပေါ်၍ ထိုမဂ်ကို မှီဝဲပွားများသည်ရှိသော်[၂] သံယောဇဉ်တို့သည် ထင်းပျောက်ကုန်၏။ အနုသယတို့သည် ကင်းကွာကုန်၏။

(၂) တစ်ပါးသောရဟန်းသည်ကား ဝိပဿနာ လျှင်ရှေ့သွားရှိသောသမထကိုပွားများ၏။[၃] ထိုရဟန်းအား မဂ်သည် ဖြစ်ပေါ်၍ ထိုမဂ်ကိုမှီဝဲပွားများသည်ရှိသော် သံယောဇဉ်တို့သည် ကင်းပျောက်ကုန်၏။ အနုသယတို့သည် ကင်းကွာကုန်၏။

(၃) တစ်ပါးသော ရဟန်းသည်ကား သမထနှင့် ဝိပဿနာကို အစုံဖွဲ့၍ ပွားများ၏။[၄] ထိုရဟန်းအားမဂ်သည် ဖြစ်ပေါ်၍ ထိုမဂ်ကိုမှီဝဲပွားများသည်ရှိသော် သံယောဇဉ်တို့သည်ကင်းပျောက်ကုန်၏။ အနုသယတို့သည် ကင်းကွာကုန်၏။

---

၁။ ရှေးဦးစွာ ဥပစာရ သမာဓိ အပ္ပနာ သမာဓိကိုဖြစ်စေပြီးနောက်သမာဓိကိုလည်းကောင်း၊ ထိုသမာဓိနှင့် ယှဉ်သောတရားတို့ကိုလည်းကောင်း အနိစ္စ စသော အခြင်းအရာအားဖြင့် ရှုသောရဟန်းသည် သမထလျှင် ရှေ့သွားရှိသော ဝိပဿနာကို ပွားများသည်မည်၏။ 'သမထယာနိက' ပုဂ္ဂိုလ်ဟုလည်းခေါ်၏။

၂၊ တစ်ကြိမ်ဖြစ်ပေါ်ပြီးသော မဂ်သည် နောက်တစ်ကြိမ်ထပ်၍ ဖြစ်ရိုး မရှိ၊ ပထမ မဂ်ကို ရပြီးနောက် ဒုတိယ မဂ်ကို ဖြစ်စေခြင်းသည် မဂ်ကိုမှီဝဲပွားများသည် မည်၏၊

၃။ ဝိပဿနာကို အားထုတ်ပြီးမှ ဥပစာရသမာဓိ အပ္ပနာသမာဓိကိုဖြစ်စေ၏ဟု ဆိုလိုပါသည်။ 'ဝိပဿနာယာနိက' ပုဂ္ဂိုလ်ကို ရည်ရွယ်ခြင်း ဖြစ်ပါသည်။

၄။ သမထဝိပဿန ယုဂနဒ္ဓံ ဘာဝေတိ- ပထမဈာန်ကို ဝင်စား၍ ထိုဈာန်မှထပြီး သင်္ခါရတို့ကို သုံးသပ်၏။ သင်္ခါရတို့ကို သုံးသပ်ပြီး ဒုတိယဈာန်ကိုဝင်စား၏၊ ဤသို့လျှင် သမထနှင့် ဝိပဿနာကို အစုံလိုက် အစုံလိုက် ဖွဲ့၍ပွားများ၏ဟု ဆိုလိုပါသည်။

(၄) တစ်ပါးသော ရဟန်းအား သမထ ဝိပဿနာ တရားတို့၌ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စသည်သိမ်းယူအပ်သော (လွှမ်းမိုးအပ်သော)စိတ်သည် ဖြစ်ပေါ်၏။[1] တစ်ပါးသောအခါ၌ ထိုစိတ်သည် ကောင်းစွာ တည်ငြိမ်လာ၍ မဂ်သည် ဖြစ်ပေါ်လာ၏။ ထိုမဂ်ကို မှီဝဲပွားများသည် ရှိသော် သံယောဇဉ်တို့သည် ကင်းပျောက်ကုန်၏။ အနုသယ တို့သည် ကင်းကွာကုန်၏။

ငါ့ရှင်တို့၊ ငါ၏ထံ၌ အရဟတ္တဖိုလ်ဆိုက်ရောက်ခြင်းကို ပြောကြားသော ရဟန်း၊ ရဟန်းမဟူမျှသည် ဤလေးပါးသော မဂ်တို့ဖြင့်သော်လည်းကောင်း၊ ဤလေးပါးသောမဂ်တို့တွင် တစ်ပါးပါးသော မဂ်ဖြင့်သော်လည်းကောင်း ပြောကြား၏ဟုမိန့်ကြားပါသည်။

## ၁၀။ သဉ္စေတနိယဝဂ်

### ၁။ စေတနာသုတ်

#### စေ့ဆော်မှုနှင့် အတ္တဘောလေးမျိုး

**စေ့ဆော်မှုကြောင့် သုခဒုက္ခဖြစ်ပုံ**

၁၇၁။ ရဟန်းတို့ ကိုယ်ရှိခဲ့သော် ကိုယ်၌ဖြစ်သည့် စေ့ဆော်မှု စေတနာဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ချမ်းသာခြင်း၊ ဆင်းရဲခြင်းသည် ဖြစ်ပေါ်၏။[2]

နှုတ်ရှိခဲ့သော် နှုတ်၌ဖြစ်သည့် စေ့ဆော်မှု 'စေတနာ' ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာခြင်း ဆင်းရဲခြင်းသည်ဖြစ်၏။

စိတ်ရှိခဲ့သော် စိတ်၌ဖြစ်သည့် စေ့ဆော်မှု 'စေတနာ' ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာခြင်း ဆင်းရဲခြင်းသည်ဖြစ်၏။

---

၁။ ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတံ မာနသံ ဟောတိ ဩဘာသ၊ ပီတိ၊ ပဿဒ္ဓိစသည့် ဝိပဿနာ ညစ်ညူးကြောင်း တရားတို့၌ မဂ်ဖိုလ်ဟု ထင်မှားခြင်းကို တရားတို့၌ ပျံ့လွင့်ခြင်း 'ဓမ္မုဒ္ဓစ္စ' ဟုဆိုလိုပါသည်။

၂။ ကာယေ္ဘာဝေ သတိ ကာယသဉ္စေတနာဟေတု … ကာယဒွါရ၌ရှိလျှင် ကာယကံကြောင့် သုခဒုက္ခ ဖြစ်၏။ ဝစီဒွါရ ရှိလျှင် ဝစီကံကြောင့် သုခဒုက္ခ ဖြစ်၏။ မနောဒွါရ ရှိလျှင် မနောကံကြောင့် သုခဒုက္ခ ဖြစ်၏ဟု ဆိုလိုပါသည်။

ထိုချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့သည် အဝိဇ္ဇာဟူသော အရင်းခံ အကြောင်းကြောင့် သာလျှင် ဖြစ်ကုန်၏။[၁]

ရဟန်းတို့၊ မိမိသန္တာန်၌ချမ်းသာဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်း ဖြစ်သည့် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရကို ကိုယ်တိုင် သော်လည်းပြုလုပ်၏။ သူတစ်ပါးတို့သည်မူလည်း ပြုလုပ်ကုန်၏၊ [၂]ကောင်းစွာ သိလျက်သော်လည်း ပြုလုပ်၏။ကောင်းစွာမသိမူ၍သော်လည်းပြုလုပ်၏။[၃]

ရဟန်းတို့၊ ဤစေတနာ တရားတို့၌ အဝိဇ္ဇာသည် အစဉ်မပြတ် ကျရောက်၏။[၄] အဝိဇ္ဇာ၏ အကြွင်းမဲ့ ကင်းကွာ ချုပ်ငြိမ်းခြင်းကြောင့် ထိုရဟန်းအား မိမိသန္တာန်၌ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဖြစ်ပေါ်ကြောင်း ဖြစ်သည့် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ တို့သည် မဖြစ် တော့ချေ။

## အတ္တဘောကို ရခြင်းလေးမျိုး

ရဟန်းတို့၊ အတ္တဘောကို ရခြင်းတို့သည် လေးမျိုးရှိကုန်၏။ အဘယ် လေးမျိုးတို့နည်း ဆိုသော်-

---

၁။ အဝိဇ္ဇာပုံးလွှမ်းမှုကြောင့် ကံသုံးပါးကိုပြုလုပ်၏။ ကံသုံးပါးကို ပြုလုပ်မှုကြောင့် သုခဒုက္ခဖြစ်၏၊ ထို့ကြောင့် အဝိဇ္ဇာသည် သုခဒုက္ခ၏အရင်းခံ အကြောင်းဖြစ်၏ဟု ဆိုလိုပါသည်။

၂။ ကာယသင်္ခါရ [ကာယကံ] ကို သူတစ်ပါးတို့ကမစေခိုင်းဘဲ မိမိဘာသာ ပြုလုပ်လျှင် ကိုယ်တိုင်သာ ပြုလုပ်သည်မည်၏၊ သူတစ်ပါးတို့က စေခိုင်း၍ ပြုလုပ်လျှင် သူတစ်ပါးတို့ ပြုလုပ်သည် မည်၏။

၃။ ကံ၊ ကံ၏အကျိုးကို သိသော်လည်း ပြုလုပ်၏။ မသိမူ၍လည်း ပြုလုပ် ၏ဟု ဆိုလိုပါသည်။

၄။ အဝိဇ္ဇာ အနုပတိတာ- အဝိဇ္ဇာသည် သဟဇာတ အနေအားဖြင့် ဖြစ်စေ၊ ဥပနိဿယ အနေအားဖြင့်ဖြစ်စေ ပါဝင် ဝင်သက် နေ၏ဟု ဆိုလိုပါသည်။

၅။ မိမိ၏ စေ့ဆော်မှု စေတနာကသာလျှင် အကျိုးသက်ရောက်မှုကိုဖြစ်စေ နိုင်၍ သူတစ်ပါးတို့၏ စေ့ဆော်မှု စေတနာက အကျိုးသက်ရောက်မှု ကို မဖြစ်စေနိုင်သည့် အတ္တဘောကို ရခြင်းဟု ဆိုလိုပါသည်။

(၁) မိမိ၏စေ့ဆော်မှု (စေတနာ) သာဖြစ်၍ သူတစ်ပါးတို့၏ စေ့ဆော်မှု မဖြစ်သော အတ္တဘောကိုရခြင်း၊၁

(၂) သူတစ်ပါး၏စေ့ဆော်မှုသာဖြစ်၍မိမိ၏ စေ့ဆော်မှုမဖြစ်သောအတ္တဘောကို ရခြင်း၊

(၃) မိမိ၏စေ့ဆော်မှု၊ သူတစ်ပါး၏စေ့ဆော်မှု နှစ်ပါးလုံးဖြစ်သောအတ္တဘောကို ရခြင်း၊

(၄) မိမိ၏ စေ့ဆော်မှုလည်း မဖြစ်၊ သူတစ်ပါးတို့၏ စေ့ဆော်မှုလည်း မဖြစ်သော အတ္တဘောကိုရခြင်းတို့ ဖြစ်၏။

စေ့ဆော်မှု မဖြစ်သော နတ်များ

ဤသို့ ဗုဒ္ဓက မိန့်ကြားသောအခါ ရှင်သာရိပုတ္တရာက ဗုဒ္ဓအား အောက်ပါအတိုင်း လျှောက်ကြား၏—

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့်ဟောကြားအပ်သောတရားတော်၏အနက်ကို အကျယ်အားဖြင့် တပည့်တော် ဤသို့ နားလည်ပါသည်- မိမိ၏စေ့ဆော်မှုသာဖြစ်၍ သူတစ်ပါး၏ စေ့ဆော်မှု မဖြစ်သော အတ္တဘောကို ရခြင်း၌ ထိုသတ္တဝါအား မိမိ၏ စေ့ဆော်မှုဟူသော အကြောင်းကြောင့် ထိုကိုယ်မှစုတေရွေ့လျောခြင်းသည် ဖြစ်၏။၂

သူတစ်ပါး၏ စေ့ဆော်မှုသာဖြစ်၍ မိမိ၏ စေ့ဆော်မှု မဖြစ်သောအတ္တဘောကို ရခြင်း၌ ထိုသတ္တဝါတို့အား သူတစ်ပါး စေ့ဆော်ဟူသော အကြောင်းကြောင့် ထိုကိုယ်မှ စုတေ ရွေ့လျော်ခြင်း သည် ဖြစ်၏။

---

၁။ ခိဍ္ဍာပဒေါသိက 'မည်သော နတ်တို့သည် အပျော်ကြူးနေမိ၍ အစာစားချိန်ကို လွန်သွားလျှင် အစာပြတ်ခြင်းကြောင့် စုတေ ကြရသည်။ ဤသို့စုတေခြင်းကို 'မိမိ၏ စေ့ဆော်မှုကြောင့် စုတေခြင်း' ဟု ဆိုလိုပါသည်။

၂။ မနောပဒေါသိက မည်သော နတ်တို့သည် တစ်ပါးသော နတ်သားအပေါ် ဒေါသစိတ် ဖြစ်မိပြီး၊ ထိုနတ်သားကလည်း ပြန်၍ဒေါသစိတ်ဖြင့် တုံ့ပြန်ခဲ့လျှင် စုတေကြရသည်၊ ယင်းသို့ စုတေခြင်းကို 'သူတစ်ပါး၏ စေ့ဆော်မှုကြောင့်စုတေခြင်း' ဟု ဆိုပါသည်။

မိမိ၏ စေ့ဆော်မှုလည်း ဖြစ်၊ သူတစ်ပါး၏ စေ့ဆော်မှုလည်း ဖြစ်သော အတ္တဘောကို ရခြင်း၌ ထိုသတ္တဝါတို့အား မိမိ၏ စေ့ဆော်မှု၊ သူတစ်ပါး၏ စေ့ဆော်မှု ဟူသော အကြောင်းနှစ်ပါးကြောင့် ထိုကိုယ်မှ စုတေ ရွေ့လျောခြင်းသည် ဖြစ်၏။[၁]

"အရှင် ဘုရား၊ မိမိ၏ စေ့ဆော်မှုလည်း မဖြစ်၊ သူတစ်ပါး၏ စေ့ဆော်မှုလည်း မဖြစ်သော အတ္တဘောဖြင့် အဘယ်နတ်တို့ကို မှတ်ယူ အပ်ပါသနည်း"

"သာရိပုတ္တရာ၊ မိမိ၏ စေ့ဆော်မှုလည်း မဖြစ်၊ သူတစ်ပါး၏ စေ့ဆော်မှုလည်း မဖြစ်သော အတ္တဘောဖြင့် 'နေဝသညာနာသညာ ယတန' ဘုံသို့ ရောက်သော နတ်တို့ကို မှတ်ယူအပ်၏"

**ကာမဘုံသို့ ပြန်လာသူနှင့် မလာသူ**

"အရှင်ဘုရား၊ ဤလောက၌ အချို့သော သတ္တဝါတို့သည် ထို ပြဟ္မာ့ကိုယ်မှ စုတေသည် ရှိသော် ဤကာမဘုံသို့ လာရောက်ကြကုန်၏။ အချို့သော သတ္တဝါတို့သည်ကား ဤကာမဘုံသို့ မလာရောက်ကြကုန်။ ဤသို့ ကာမဘုံသို့ လာရောက်ခြင်း၊ မလာရောက်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း"

"သာရိပုတ္တရာ၊ ဤလောက၌ အောက်အဖို့ရှိသည့် သံယောဇဉ် ငါးပါးကို မပယ်ရသေးသည့် အချို့သောပုဂ္ဂိုလ်သည် မျက်မှောက် ဘဝ၌ နေဝသညာ နာသညာယတန စျာန်ကို ရ၍ ထိုစျာန်ကို သာယာ နှစ်သက် နေ၏။ သူသည် ထိုစျာန်မှ မဆုတ်ယုတ်ဘဲ သေလွန်သည် ရှိသော် နေဝ သညာနာသညာယတန ပြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်၏။ သူသည် ထိုပြဟ္မာ့ပြည်မှ စုတေသည်ရှိသော ဤကာမဘုံသို့ ပြန်လာသည့်သူ ဖြစ်၏၊

"သာရိပုတ္တရာ၊ အောက်အဖို့ရှိသည့် သံယောဇဉ် ငါးပါးကို ပယ် ပြီးနောက် နေဝသညာနာသညာယတန စျာန်ကိုရ၍ထိုဘုံသို့ရောက်သွား သူကား ဤကာမဘုံသို့ ပြန်မလာသူ ဖြစ်ပေ၏။

---

၁။ လူတို့သည် မိမိ ဘာသာလည်း သတ်၍သေကြ၏။ သူတစ်ပါးတို့၏ ပယောဂကြောင့်လည်း သေကြရ၏။ ထို့ကြောင့် [illegible] အတ္တဘော သည် မိမိ၏ စေ့ဆော်မှု၊ သူတစ်ပါး စေ့ဆော်မှု နှစ်ပါးလုံးကြောင့် စုတေသော အတ္တဘော ဖြစ်၏။

"ဤကာမဘုံမှ ဤကာမဘုံသို့ပြန်လာခြင်း၊ မလာခြင်း၏ အကြောင်း ဖြစ်၏"ဟု ဟောကြားတော်မူပါသည်။

## ၂။ ဝိဘင်္ဂသုတ်

### ပဋိသမ္ဘိဒါလေးပါးဖြင့် ဝိုင်းခြားဝေဖန်ခြင်း

၄၂။ ရှင်သာရိပုတ္တရာက ရဟန်းတို့အား အောက်ပါ အတိုင်း မိန့်ကြားသည်—

"ငါရှင်တို့၊ ရဟန်း ဖြစ်၍ လဝက်မျှသာ ရှိသေးသော ငါသည် အကျိုး၌ ပိုင်းခြား ဝေဖန် တတ်သော 'အတ္ထပဋိသမ္ဘိဒါ' ဉာဏ်ကို အကြောင်းအားဖြင့် လည်းကောင်း၊ ပုဒ်ပါဌ် အက္ခရာ သဒ္ဒါအားဖြင့် လည်းကောင်း မျက်မှောက် ပြုခဲ့၏။ ထိုအတ္ထပဋိသမ္ဘိဒါ ဉာဏ်ကို နည်း ပရိယာယ် အမျိုးမျိုးဖြင့် ဟောကြား၏၊ ထင်စွာ ဟောပြော၏။ သိစေ၏။ ဖြစ်စေ၏။ ဖွင့်ပြ၏။ ဝေဖန်၏။ ပေါ်လွင်အောင်ပြု၏။ အတ္ထပဋိသမ္ဘိဒါ၌ ယုံမှားတွေးတောမှုရှိသော ပုဂ္ဂိုလ်သည် ငါ့ကိုမေးခွန်းဖြင့် ချဉ်းကပ်မေးရာ၊ ငါသည်ဖြေဆိုခြင်းဖြင့် ထိုသူ၏စိတ်ကိုနှစ်သက်စေအံ့။ တရား၌ကောင်းစွာ လိမ္မာသော ဆရာသည် ငါတို့၏ မျက်မှောက်၌ ထင်ရှားရှိတော်မူ၏။

ငါရှင်တို့၊ ရဟန်းဖြစ်၍ လဝက်မျှသာ ရှိသေးသော ငါသည် အကြောင်း၌ ပိုင်းခြားဝေဖန်တတ်သော ဓမ္မပဋိသမ္ဘိဒါဉာဏ်....ဘာသာ စကား၌ ပိုင်းခြားဝေဖန် တတ်သော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်...ရှေးက မရှိဖူး ပေါ်လာသောဉာဏ်အမြင်၌ ပိုင်းခြားဝေဖန်တတ်သောပဋိဘာနပဋိသမ္ဘိ ဒါဉာဏ်ကို အကြောင်းအားဖြင့် လည်းကောင်း၊ ပုဒ်ပါဌ်အက္ခရာသဒ္ဒါ အားဖြင့် လည်းကောင်း မျက်မှောက် ပြုခဲ့၏...ပဋိဘာန ပဋိသမ္ဘိဒါ၌ တွေးတော ယုံမှားမှုရှိသူသည် ငါ့ကို မေးခွန်းဖြင့် ချဉ်းကပ်မေးရာ၊ ငါသည် ဖြေဆိုခြင်းဖြင့် ထိုသူ၏စိတ်ကို နှစ်သက်စေအံ့။ တရား၌ ကောင်းစွာ လိမ္မာ သော မြတ်စွာဘုရားသည် ငါတို့ မျက်မှောက်၌ ထင်ရှား ရှိတော် မူ၏။

## ၃။ မဟာကောဋ္ဌိကသုတ်

### ရှင်မဟာကောဋ္ဌိက၏ ပြဿနာလေးရပ်

၁၇၃။ အခါတစ်ပါး၌ရှင်မဟာကောဋ္ဌိကသည်ရှင်သာရိပုတ္တရာထံ ချဉ်းကပ်၍ပြဿနာမေးလျှောက်၏

"ငါ့ရှင် သာရိပုတ္တရာ၊ ဖဿ၏ဖြစ်ပေါ်ကြောင်း 'ဖဿာယတန' ခြောက်ပါးတို့ အကြွင်းမဲ့ကင်းကွာ ချုပ်ငြိမ်းခဲ့သော် အခြားတစ်စုံတစ်ခုသော ကိလေသာသည် ရှိပါသေးသလော"

"ငါ့ရှင် ကောဋ္ဌိက၊ ဤသို့မဆိုသင့်ပါ"

"ငါ့ရှင် သာရိပုတ္တရာ၊ 'ဖဿာယတန' ခြောက်ပါးတို့အကြွင်းမဲ့ ကင်းကွာ ချုပ်ငြိမ်းခဲ့သော် အခြားတစ်စုံတစ်ခုသော ကိလေသာသည် မရှိပါသလော"

"ငါ့ရှင် ကောဋ္ဌိက၊ ဤသို့လည်းမဆိုသင့်ပါ"

ငါ့ရှင်သာရိပုတ္တရာ၊ 'ဖဿာယတန' ခြောက်ပါးတို့ အကြွင်းမဲ့ ကင်းကွာ ချုပ်ငြိမ်းခဲ့သော် အခြားတစ်စုံတစ်ခုသော ကိလေသာသည် ရှိသည်လည်းဖြစ်၊ မရှိသည် လည်းဖြစ်ပါသလော"

"ငါ့ရှင်ကောဋ္ဌိက၊ ဤသို့လည်းမဆိုသင့်ပါ"

"ငါ့ရှင် သာရိပုတ္တရာ၊ ဖဿာယတန ခြောက်ပါးတို့ အကြွင်းမဲ့ ချုပ်ငြိမ်းခဲ့သော် အခြားတစ်စုံတစ်ခုသော ကိလေသာသည် ရှိသည်လည်း မဟုတ်၊ မရှိသည်လည်းမဟုတ်ပါသလော"

"ငါ့ရှင် ကောဋ္ဌိက၊ ဤသို့လည်းမဆိုသင့်ပါ"

"ငါ့ရှင် သာရိပုတ္တရာ၊ သို့ဖြစ်သော် အဘယ်သို့ မှတ်ယူရပါမည်နည်း"

"ငါ့ရှင် ကောဋ္ဌိက၊ ဖဿာယတန ခြောက်ပါးတို့ အကြွင်းမဲ့ ကင်းကွာချုပ်ငြိမ်းခဲ့သော် အခြား တစ်စုံ တစ်ခုသော ကိလေသာသည် ရှိ၏" စသည်ဖြင့် ပြောဆိုမှုသည် မချဲ့သင့်သော တရားကို ချဲ့ရာ ဖြစ်၏။ ငါ့ရှင်ကောဋ္ဌိက၊ဖဿာယတနခြောက်ပါ တို့၏ဖြစ်ခြင်းနှင့်အမျှ (သံသရာကို ချဲ့တတ်သည့် တဏှာ၊ မာန၊ ဒိဋ္ဌိ ဟူသော)ပပဉ္စတရားတို့၏ဖြစ်ခြင်း

သည်ရှိ၏။ပပဉ္စတရားတို့၏ ဖြစ်ခြင်းနှင့်အမျှ ဖဿာယတန ခြောက်ပါး တို့၏ ဖြစ်ခြင်းသည်ရှိ၏။ ဖဿာယတန ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းကွာချုပ်ငြိမ်းခြင်းကြောင့် ပပဉ္စတရားတို့၏ ချုပ်ငြိမ်းခြင်းသည်ဖြစ် ၏''ဟုဖြေကြားပါသည်။

(ရှင်ကောဋ္ဌိက၏ မေးခွန်း လေးခုတွင် ပထမ မေးခွန်းသည် သဿတဝါဒ၊ ဒုတိယမေးခွန်းသည် ဥစ္ဆေဒဝါဒ။ တတိယမေးခွန်းသည် ကေစ္စိ သဿတဝါဒ၊စတုတ္ထ မေးခွန်းသည်အမရာ ဝိက္ခေပဝါဒရှိသူတို့ကို ရည်ရွယ်၍ မေးခြင်း ဖြစ်သည်ဟု အဋ္ဌကထာ၌ ဖွင့်သည်။)

၁၇၄။ အာနန္ဒသုတ်မှာအထက်ပါမေးခွန်းလေးခုကိုရှင်အာနန္ဒာက မေး၍ ရှင်ကောဋ္ဌိက ဖြေကြားခြင်းဖြစ်သည်။

## ၅။ ဥပဝါဏသုတ်

### ရှင်ဥပဝါဏ၏ ပြဿနာလေးရပ်

၁၇၅။ အခါတစ်ပါး၌ ရှင်ဥပဝါဏသည် ရှင်သာရိပုတ္တရာ ထံ ချဉ်းကပ်၍ ပြဿနာ လေးရပ်ကို မေးလျှောက်၏။

''ငါ့ရှင် သာရိပုတ္တရာ၊ အသိဉာဏ်ဝိဇ္ဇာဖြင့်ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသူဖြစ်ပါသလော''

''ဝါ့ရှင် ဥပဝါဏ၊ အသိဉာဏ် ဝိဇ္ဇာဖြင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသူမဖြစ်''

ငါ့ရှင် သာရိပုတ္တရာ၊ အကျင့်စရဏဖြင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသူဖြစ်ပါသလော''

''ငါ့ရှင် ဥပဝါဏ၊ အကျင့်စရဏဖြင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသူမဖြစ်''

''ငါ့ရှင် သာရိပုတ္တရာ၊ ဝိဇ္ဇာစရဏ နှစ်ပါးဖြင့်ဆင်းရဲ၏အဆုံးကို ပြုသူဖြစ်ပါသလော''

''ငါ့ရှင်ဥပဝါဏ၊ ဝိဇ္ဇာစရဏ နှစ်ပါးဖြင့်ဆင်းရဲ၏အဆုံးကိုပြုသူ မဖြစ်''

''ငါ့ရှင် သာရိပုတ္တရာ၊ ဝိဇ္ဇာစရဏ နှစ်ပါးနှင့် ကင်း၍ ဆင်းရဲ၏ အဆုံးကိုပြုသူ ဖြစ်ပါသလော''

''ငါ့ရှင်ဥပဝါဏ၊ ဝိဇ္ဇာစရဏနှစ်ပါးနှင့်ကင်း၍ဝဋ်ဆင်းရဲ၏အဆုံး ကို ပြုသူမဖြစ်''

''ငါ့ရှင်သာရိပုတ္တရာ၊ သို့ဖြစ်သော် အဘယ်သို့လျှင် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသူဖြစ်ပါသနည်း''

''ငါ့ရှင်ဥပဝါဏ၊ အကယ်၍ ဝိဇ္ဇာဖြင့်သော်လည်းကောင်း၊ စရဏ ဖြင့်သော်လည်းကောင်း၊ ဝိဇ္ဇာစရဏ နှစ်ပါးတို့ဖြင့် သော်လည်းကောင်း ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုသူဖြစ်ငြားအံ့၊ စွဲလမ်းခြင်းသည် ရှိသည်ဖြစ်လျက် သာလျှင်ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုသူဖြစ်၏။ အကယ်၍ ဝိဇ္ဇာစရဏနှစ်ပါး နှင့်ကင်း၍ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုသူဖြစ်ငြားအံ့ ။ ပုထုဇဉ်သည်လည်း ဝဋ်ဆင်းရဲ၏အဆုံးကို ပြုသူဖြစ်ရာ၏။ ငါ့ရှင်ဥပဝါဏ ပုထုဇဉ်သည်ဝိဇ္ဇာ စရဏမှ ကင်းသူဖြစ်၏၊ စရဏချို့တဲ့သောသူသည် ဟုတ်တိုင်းမှန်စွာ မသိ မမြင်၊ စရဏနှင့်ပြည့်စုံသောသူသည် ဟုတ်တိုင်းမှန်စွာ သိမြင်၏။ ဟုတ် တိုင်းမှန်စွာ သိမြင်သူသည် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုသူဖြစ်၏''ဟုမိန့်ကြား ပါသည်။

၁၇၆။ အာယာစနသုတ်မှာ ဒုကနိပါတ်၊ အာယာစနဝဂ်မှ ပထမ သုတ်(၄)သုတ်ကိုပေါင်း၍ ဟောကြားခြင်းဖြစ်သည်။

## ၇။ ရာဟုလသုတ်

### ရှင်ရာဟုလာအား ဓာတ်ကြီးလေးပါးကို ဟောကြားခြင်း

၁၇၇။ အခါတစ်ပါး၌ ရှင်ရာဟုလာသည် ဗုဒ္ဓထံချဉ်းကပ်၏။ ထို အခါ ဗုဒ္ဓက ရှင်ရာဟုလာအား အောက်ပါအတိုင်း ဆုံးမတော်မူ၏—

''ရာဟုလာ၊ အတွင်းသန္တာန်၌ဖြစ်သော ပထဝီဓာတ် သည်လည်း ကောင်း။ အပြင် သန္တာန်၌ဖြစ်သော ပထဝီဓာတ်သည် လည်းကောင်း ပထဝီဓာတ်ပင် ဖြစ်၏။ ထိုပထဝီဓာတ်ကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ ကိုယ်မဟုတ်'ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာရှုရမည်။ ဤသို့ ကောင်းစွာ ရှုမြင်သည်ရှိသော် ပထဝီဓာတ်၌ ငြီးငွေ့၏။ ပထဝီဓာတ်၌ စိတ်ကို ကင်းကွာစေ၏။

"ရာဟုလာ၊ အတွင်းသန္တာန်၌ဖြစ်သောအာပေါဓါတ်....တေဇောဓာတ်....ဝါယောဓာတ် သည်လည်းကောင်း၊ အပြင် သန္တာန်၌ဖြစ်သော ဝါယောဓာတ်သည်လည်းကောင်း ဝါယောဓာတ်ပင် ဖြစ်၏။ ထိုဝါယောဓာတ်ကို 'ငါ့ဟာမဟုတ်၊ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်'ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာရှုရမည်။ ဤသို့ ကောင်းစွာ ရှုသည်ရှိသော် ဝါယောဓာတ်၌ ငြီးငွေ၏၊ ဝါယောဓာတ်၌ စိတ်ကို ကင်းကွာစေ၏။

"ရာဟုလာ၊ အကြင်အခါ၌ ရဟန်းသည် ဤဓာတ်လေးပါး တို့၌ အတ္တဟူ၍ မရှု၊ အတ္တနှင့်စပ်သောအရာဟူ၍ မရှု၊ ထိုအခါ ဤရဟန်းသည် တဏှာကို ပြတ်ပြီးသူ၊ ယောင်လွှားခြင်း မာနကို ကောင်းစွာ ပယ်ခြင်းကြောင့် ဆင်းရဲ၏အဆုံးကို ပြုပြီးသူ ဖြစ်၏ဟူ၍ ဆိုအပ်၏"

## ၈။ ဇမ္ဗာလိသုတ်

### တံစိုးဒိုင် ဥပမာနှင့် ပုဂ္ဂိုလ်လေးမျိုး

၁၇၈။ လောက၌ ပုဂ္ဂိုလ် လေးမျိုးရှိ၏။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဤသာသနာ၌ ရဟန်းသည် နီဝရဏတို့မှ စိတ်လွတ်မြောက်ရာ ငြိမ်သက်သော ချမ်းသာ သမာပတ် တစ်ပါးပါးသို့[၁] ရောက်၍နေ၏။ ထိုရဟန်းသည် ပဂုမတ် သက္ကာယအားဖြင့် ထင်ရှားရှိသည့် ခန္ဓာ ငါးပါး အပေါင်းဟုဆိုအပ်သော သက္ကာယ၏ချုပ်ရာ နိဗ္ဗာန်ကိုနှလုံးသွင်း၏။ထိုသို့ နှလုံးသွင်းသော ရဟန်း၏ စိတ်သည် သက္ကာယ ချုပ်ရာ နိဗ္ဗာန်၌ မသက်ဝင်ငြားအံ့။ ထိုရဟန်းသည် သက္ကာယချုပ်ရာ နိဗ္ဗာန်ကိုရလိမ့်မည်ဟု မမျှော်လင့်အပ်။ ဥပမာ–အာ ... ဖြင့် လိမ်းကျံနေသည့် လက်ဖြင့် သစ်ကိုင်းကို ဆွဲကိုင်သည်ရှိသော် ထို ... လက်သည် သစ်ကိုင်း၌ ငြိနေသကဲ့သို့ဖြစ်၏။

၂။ ဤသာသနာ၌ ရဟန်းသည် နီဝရဏတို့မှ စိတ်လွတ်မြောက်ရာ ချမ်းသာသမာပတ် တစ်ပါးပါးသို့ ရောက်၍နေ၏။ ထိုရဟန်းသည် သက္ကာယချုပ်ရာ နိဗ္ဗာန်ကို နှလုံးသွင်း၏။ ထိုနှလုံးသွင်းသော ရဟန်း၏ စိတ်သည် သက္ကာယချုပ်ရာ နိဗ္ဗာန်၌ သက်ဝင်ငြားအံ့။ ထိုရဟန်းသည်

---

၁။ သန္တံ စေတော ဝိမုတ္တိံ ဥပသမ္ပဇ္ဇ သမာပတ္တိံ အညတရံ သမာပတ္တိံ–အဋ္ဌကထာ။

သက္ကာယချုပ်ရာ နိဗ္ဗာန်ကို ရလိမ့်မည်ဟု မမျှော်လင့်အပ်၏။ ဥပမာ စင်ကြယ်သောလက်ဖြင့် သစ်ကိုင်းကို ကိုင်သည်ရှိသော် ထိုလက်သည် သစ်ကိုင်း၌ မကပ်ငြိသကဲ့သို့ ဖြစ်၏။

(၃) ဤသာသနာ၌ ရဟန်းသည် နိဗ္ဗာနဓာတ်ကို စိတ်လွှတ်မြောက်ရာ ချာန်သမာပတ် တစ်ပါးပါးသို့ ရောက်၍နေ၏။ ထိုရဟန်းသည် အဝိဇ္ဇာကို ဖြိုခွဲနိုင်သော အရဟတ္တမဂ်ကို နှလုံးသွင်း၏။ ထိုသို့ နှလုံးသွင်းသော ရဟန်း၏စိတ်သည်အဝိဇ္ဇာကို ဖြိုခွဲနိုင်သော အရဟတ္တမဂ်၌ မသက်ဝင်ငြားအံ့။ ထိုရဟန်းသည် အဝိဇ္ဇာကို ဖြိုခွဲနိုင်သော အရဟတ္တမဂ်ကို ရလိမ့်မည်ဟု မမျှော်လင့်အပ်။ ဥပမာနှစ်ပေါင်းများစွာ ကြာမြင့်နေသော တံစီးအိုင်၏ ရေဝင်ပေါက်များကို ပိတ်၍ ရေထွက်ပေါက်များကို ဖွင့်ထားစဉ်မိုးလည်း မရွာသွန်းခဲ့သော ထိုတံစီးအိုင်၏ ကန်သင်းရိုး ကျိုးပျက်ခြင်းကို မမျှော်လင့်အပ်သကဲ့သို့ ဖြစ်၏။

(၄) ဤသာသနာ၌ ရဟန်းသည်နိဗ္ဗာနဓာတ်ကို စိတ်လွှတ်မြောက်ရာ ဖြစ်သော သမာပတ် တစ်ပါးပါးသို့ ရောက်၍ နေ၏။ ထိုရဟန်းသည် အဝိဇ္ဇာကို ဖြိုခွဲနိုင်သော အရဟတ္တမဂ်ကို နှလုံးသွင်း၏။ ထိုသို့နှလုံးသွင်းသော ရဟန်း၏စိတ်ကို အဝိဇ္ဇာကို ဖြိုခွဲနိုင်သော အရဟတ္တမဂ်၌ သက်ဝင်ငြားအံ့။ ထိုရဟန်းသည် အဝိဇ္ဇာကို ဖြိုခွဲနိုင်သော အရဟတ္တမဂ်ကို ရလိမ့်မည်ဟုမျှော်လင့်အပ်၏။ ဥပမာ နှစ်ပေါင်းများစွာ ကြာမြင့်နေသော တံစီးအိုင်၏ ရေထွက်ပေါက်များကို ပိတ်၍ ရေဝင်ပေါက်များကိုဖွင့်ထား စဉ် မိုးလည်း ကောင်းစွာ ရွာသွန်းခဲ့သော ထိုတံစီးအိုင်၏ ကန်သင်းရိုး ကျိုးပျက်ခြင်းကို မျှော်လင့်အပ်သကဲ့သို့ ဖြစ်၏ဟု ဟောကြားပါသည်။

## ၉။ နိဗ္ဗာနသုတ်

မျက်မှောက်ဘဝ၌ ကိလေသာငြိမ်းခြင်းလေးပါး

၁၇၉။ ရှင်အာနန္ဒာ၏ အမေးကို ရှင်သာရိပုတ္တရာက ဖြေကြားသောသုတ် ဖြစ်သည်။

''အရှင်သာရိပုတ္တရာ၊ ဤလောက၌ အချို့သော သတ္တဝါတို့သည် အဘယ်ကြောင့် မျက်မှောက်ဘဝ၌ ကိလေသာ မငြိမ်းပါကုန်သနည်း၊''

''ငါ့ရှင်အာနန္ဒာ၊ ဤလောက၌ အချို့သော သတ္တဝါတို့သည် ဆုတ်ယုတ်ခြင်း အဖို့ရှိသော 'ဟာနဘာဂိယ' သညာ၊ ရပ်တန့်နေခြင်းအဖို့

ရှိသော 'ဋ္ဌိတိဘာဂိယ' သညာ၊ ထူးခြားသော အဖို့ရှိသော 'ဝိသေသဘာဂိယ' သညာ၊ ဖောက်ထွင်းခြင်း အဖို့ရှိသော 'နိဗ္ဗေဓဘာဂိယ' သညာတို့ကို ဟုတ်တိုင်းမှန်စွာ မသိ။' ဤသို့ မသိခြင်းသည် မျက်မှောက်ဘဝ၌ ကိလေသာ မငြိမ်းအေးခြင်း၏ အကြောင်းဖြစ်၏။

''အရှင်သာရိပုတ္တရာ၊ ဤလောက၌ အချို့သော သတ္တဝါတို့သည် အဘယ့်ကြောင့်မျက်မှောက်ဘဝ၌ ကိလေသာငြိမ်းအေး ပါကုန်သနည်း''

''ငါ့ရှင်အာနန္ဒာ၊ ဤလောက၌ အချို့သော သတ္တဝါတို့သည် ဆုတ်ယုတ်ခြင်း အဖို့ရှိသော 'ဟာနဘာဂိယသညာ'....ဖောက်ထွင်းခြင်း အဖို့ရှိသော နိဗ္ဗေဓဘာဂိယ သညာ တို့ကို ဟုတ်တိုင်းမှန်စွာ သိ၏။ ဤသို့ သိခြင်းသည် မျက်မှောက်ဘဝ၌ ကိလေသာ ငြိမ်းအေးခြင်း၏ အကြောင်း ဖြစ်၏''ဟု အရှင်သာရိပုတ္တရာက ဖြေကြားပါသည်။

## ၁၀။ မဟာပဒေသသုတ်

### ရည်ညွှန်းအပ်သော အရာလေးပါး

၁၈၀။ ဗုဒ္ဓမြတ်စွာသည် ဘောဂမြို့ အာနန္ဒာစေတီ၌ သီတင်းသုံး စဉ် ရဟန်းတို့အား 'မဟာပဒေသ' ခေါ် ရည်ညွှန်းအပ်သောအရာ လေးပါးကို ဟောကြားတော်မူသည်။

မဟာပဒေသ လေးပါးမှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) ရဟန်းတစ်ပါးက ''တပည့်တော်သည် မြတ်စွာဘုရား၏မျက်မှောက် မှ ဤသို့ နာယူမှတ်သား ခဲ့ရပါသည်''ဟု ပြောဆိုလာခဲ့သော် ထို ရဟန်း၏စကားကို ချက်ချင်း နှစ်သက်စွာ လက်ခံခြင်း၊ ကန့်ကွက်

---

၁။ ရရှိပြီးနောက်ပိုင်နိုင်အောင် အလေ့အကျင့် မပြုလေ့သော ဈာန်သညာ သည် ဟာနဘာဂိယသညာ မည်၏။ မိမိရရှိထားသော ဈာန်ကိုသာယာ နှစ်သက်နေသူသည် အထက်ဈာန်များကို မတက်နိုင်သောကြောင့်ထိုဈာန် သည် ဌိတိဘာဂိယသညာ မည်၏။ မိမိရရှိထားသောဈာန်ကို သာယာနှစ် သက် မနေဘဲ နိုင်နင်းအောင် လေ့ကျင့်ထားသူသည် အထက်ဈာန်သို့ တက်နိုင်သောကြောင့် ထိုဈာန်သည် ဝိသေသဘာဂိယ သညာမည်၏။ ဈာန်တစ်ပါးပါးကို ရရှိပြီးနောက် ထိုဈာန်၌ ဝိပဿနာရှုသူသည် သစ္စာ လေးပါးကို ဖောက်ထွင်းသိမြင်၍ အရိယမဂ်သို့ ရောက်နိုင်သောကြောင့် ထိုဈာန်သည်နိဗ္ဗေဓဘာဂိယ သညာမည်၏။ သညာဟူသော စကားဖြင့် ဈာန်နှင့်ယှဉ်သော သညာကို ပြပါသည်။

ခြင်း မပြုဘဲ ထိုစကားသည် သုတ် ဝိနည်း၊ အဘိဓမ္မာတို့၌ သက်ဝင်ခြင်း ရှိမရှိ စိစစ်ကြည့်ရမည်။ သုတ် ဝိနည်း အဘိဓမ္မာတို့၌ မသက်ဝင်လျှင် ပယ်ရမည်။ သက်ဝင်မှသာ လက်ခံရမည်။ ဤကား ပဌမ မဟာပဒေသ ဖြစ်၏။

(၂) ရဟန်းတစ်ပါးက "တပည့်တော်သည် ဤမည်သော ကျောင်း၌ ကြီးအကဲ မထေရ်နှင့်တကွ နေသော ရဟန်းသံဃာထံမှ ဤသို့ နာယူမှတ်သား ခဲ့ရပါသည်"ဟု ပြောဆိုလာခဲ့သော် ထိုရဟန်း၏ စကားကိုလည်း ချက်ချင်းလက်မခံဘဲ သုတ် ဝိနည်း အဘိဓမ္မာတို့၌ သက်ဝင်မှသာ လက်ခံရမည်။ ဤကား ဒုတိယမဟာပဒေသ ဖြစ်၏။

(၃) ရဟန်းတစ်ပါးက "တပည့်တော်သည် ဤမည်သော ကျောင်း၌ နေသည့် ဓမ္မဝိနယကို ဆောင်သော မထေရ်ကြီး ရဟန်းများစွာတို့ထံမှ ဤသို့နာယူမှတ်သားခဲ့ရပါသည်"ဟု ပြောဆိုလာခဲ့သော် ထိုရဟန်း၏စကားကိုလည်း ချက်ချင်းလက်မခံဘဲ သုတ် ဝိနည်း အဘိဓမ္မာတို့၌ သက်ဝင်မှ လက်ခံရမည်။ ဤကား တတိယ မဟာပဒေသ ဖြစ်၏။

(၄) ရဟန်းတစ်ပါးက "တပည့်တော်သည် ဤမည်သော ကျောင်း၌ နေသည့် ဓမ္မဝိနယကို ဆောင်သော မထေရ်တစ်ပါးထံမှ ဤသို့ နာယူ မှတ်သားခဲ့ရပါသည်"ဟု ပြောဆိုလာခဲ့သော် ထိုရဟန်း၏ စကားကိုလည်း ချက်ချင်းလက်မခံဘဲ သုတ်၊ ဝိနည်း အဘိဓမ္မာတို့၌ သက်ဝင်မှ လက်ခံရမည်။ ဤကား စတုတ္ထ မဟာပဒေသ ဖြစ်၏။

(ဘုရား၊ သံဃာ၊ သမ္ဗဟုလထေရ၊ ဧကထေရ ဟူသော အရာလေးပါးသည် ဓမ္မဝိနယ အစစ်အမှန် ဖြစ်ကြောင်းကိုးကား၍ ဆိုအပ်သည့် မြတ်သောအရာ၊ မြတ်သောအကြောင်း ဥဒေသများ ဖြစ်သည်။ ထို့ကြောင့် မဟာပဒေသ(မဟာ+အပဒေသ)ဟု ခေါ်ပါသည်။ ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်၌လည်း ရှုပါ။)

# ၁၉။ ဗြာဟ္မဏဝဂ်

## ၁။ ယောဓာဇီဝသုတ်

### သူရဲကောင်းအင်္ဂါလေးပါးနှင့် ရဟန်းမြတ်၏အင်္ဂါလေးပါး

၁၈၁။ ပစ်ကွင်းကောင်းသော အရပ်၌ ကျွမ်းကျင် လိမ္မာခြင်း၊ အဝေးသို့ရောက်အောင် မြားကိုပစ်နိုင်ခြင်း၊ ပစ်မှတ်ကို မလွဲအောင်ပစ်နိုင်ခြင်း၊ ကြီးမားသော ထုထည်ကို ဖောက်ထွင်းနိုင်ခြင်း ဟူသော အင်္ဂါလေးပါးနှင့်ပြည့်စုံသည့် သူရဲကောင်းသည် မင်းနှင့်ထိုက်တန်သော သူရဲကောင်း ဖြစ်သကဲ့သို့။

ထို့အတူ ပစ်ကွင်းကောင်းသော အရပ်၌ ကျွမ်းကျင် လိမ္မာခြင်း၊ အဝေးသို့ ရောက်အောင် မြားကို ပစ်နိုင်ခြင်း၊ ပစ်မှတ်ကို မလွဲအောင် ပစ်နိုင်ခြင်း၊ ကြီးမားသော ထုထည်ကို ဖောက်ထွင်းနိုင်ခြင်း ဟူသော အင်္ဂါလေးပါးနှင့်ပြည့်စုံသည့် ရဟန်းသည် အဝေးမှ ယူဆောင်လာသည့် ပစ္စည်းကို ခံယူထိုက်သူဖြစ်၏။ ဧည့်သည်တို့အတွက် စီမံအပ်သည့် ပစ္စည်းကို ခံယူထိုက်သူဖြစ်၏။ တမလွန် ဘဝအတွက် ရည်မှန်း၍ ပေးလှူအပ်သည့် အလှူကို ခံယူထိုက်သူ ဖြစ်၏။ လောက၏ အမြတ်ဆုံး ကောင်းမှုလယ်မြေ ဖြစ်၏။

ရဟန်းသည် အဘယ်သို့လျှင် ပစ်ကွင်းကောင်းသော အရပ်၌ ကျွမ်းကျင် လိမ္မာသနည်းဆိုသော်– ဤသာသနာ၌ ရဟန်းသည် သီလ ရှိသူဖြစ်၏ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ကျင့်၏။ ဤသို့လျှင်ရဟန်းသည် ပစ်ကွင်းကောင်းသော အရပ်၌ လိမ္မာသူဖြစ်၏။

ရဟန်းသည် အဘယ်သို့လျှင် အဝေးသို့ရောက်အောင် မြားကို ပစ်နိုင်သနည်း ဆိုသော်– ဤသာသနာ၌ ရဟန်းသည် အတိတ် အနာဂတ် စသော အားဖြင့် ကွဲပြားသောရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို "ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်"ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ ရှုမြင်၏။ ဤသို့လျှင် ရဟန်းသည် အဝေးသို့ ရောက်အောင် မြားကို ပစ်နိုင်သူ ဖြစ်၏။

ရဟန်းသည် အဘယ်သို့လျှင်ပစ်မှတ်ကိုမလွဲအောင် ပစ်နိုင်သနည်း ဆိုသော်–ဤသာသနာ၌ ရဟန်းသည် ဆင်းရဲခြင်း၊ ဆင်းရဲဖြစ်ခြင်း၏ အကြောင်း၊ ဆင်းရဲ ချုပ်ငြိမ်းရာ၊ ထို ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း

အကျင့်တို့ကို ဟုတ်တိုင်းမှန်စွာသိ၏။ ဤသို့လျှင် ရဟန်းသည် ပစ်မှတ်ကို မလွဲအောင် ပစ်နိုင်သူဖြစ်၏။

ရဟန်းသည် အဘယ်သို့လျှင်ကြီးမားသော ထုထည်ကိုဖောက်ထွင်း စေသနည်းဆိုသော်- ဤသာသနာ၌ ရဟန်းသည် ကြီးမားသော အဝိဇ္ဇာ အစိုင်အခဲကို ဖောက်ထွင်းနိုင်၏။ ဤသို့လျှင် ရဟန်းသည် ကြီးမားသော ထုထည်ကို ဖောက်ထွင်းနိုင်သူဖြစ်၏ဟု ဟောကြားပါသည်။

## ၂။ ပဋိဘောဂသုတ်

### အာမခံနိုင်သူ မရှိသော တရားလေးပါး

၁၈၂။ ရဟန်းတို့၊ လေးပါးသော တရားတို့ကို အာမခံနိုင်သည့် ရဟန်း၊ ပုဏ္ဏားသည်လည်းကောင်း၊ နတ်၊ မာရ်နတ်သည် လည်းကောင်း၊ ဗြဟ္မာသည်လည်းကောင်း၊ လောက၌ အခြား တစ်စုံ တစ်ယောက်သော သူသည် လည်းကောင်း မရှိချေ။ အဘယ်လေးပါးသော တရားတို့နည်း ဆိုသော်-

အိုခြင်း သဘောရှိသောအရာကို 'မအိုပါစေလင့်'ဟူ၍ အာမခံ နိုင်သူမရှိ၊

နာခြင်းသဘော ရှိသောအရာကို 'မနာပါစေလင့်' ဟူ၍ အာမခံ နိုင်သူ မရှိ၊

သေခြင်းသဘောရှိသောအရာကို 'မသေပါစေလင့်' ဟူ၍ အာမခံ နိုင်သူ မရှိ၊

ရှေးအခါကမိမိပြုလုပ်ခဲ့သည့်မကောင်းသောကံတို့၏ အကျိုးသည် 'မဖြစ်ပါစေလင့်'ဟူ၍ အာမခံနိုင်သူ မရှိ၊

"ရဟန်းတို့ဤလေးပါးသောတရားတို့ကို အာမခံနိုင်သည့်ရဟန်း ပုဏ္ဏားသည်လည်းကောင်း၊ နတ်မာရ်နတ်တို့သည် လည်းကောင်း၊ ဗြဟ္မာ သည်လည်းကောင်း၊ လောက၌ အခြားတစ်စုံတစ်ယောက်သော သူသည် လည်းကောင်း မရှိချေ"ဟု ဟောကြားပါသည်။

## ၃။ သုတသုတ်

### မြင်၊ ကြား၊ တွေ့၊ သိမှုတို့၌ မှတ်သားဖွယ်

၁ဂ၃။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် မဂဓတိုင်း၏ အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည်ဗုဒ္ဓထံ ချဉ်းကပ်၍ ဤသို့လျှောက်ကြား၏ -

"အရှင်ဂေါတမ ၊ မည်သူမဆို မြင်သည်ကို 'ဤသို့ ငါမြင်၏' ဟု ဆိုခဲ့သော် ထိုသို့ဆိုခြင်းကြောင့် အပြစ်မရှိ၊ကြားသည်ကို....တွေ့သည်ကို.... သိသည်ကို ဤသို့ငါသိ၏ ဟု ပြောဆိုခဲ့သော် ထိုသို့ဆိုခြင်းကြောင့် အပြစ် မရှိဟူ၍ ကျွန်ုပ်အယူရှိပါသည်"

"ပုဏ္ဏား၊မြင်သမျှကို ပြောဆိုအပ်၏ဟု မဆို၊ မြင်သမျှကို မပြော ဆိုအပ်ဟုလည်း ငါမဆို၊ ကြားသမျှကို တွေ့သမျှကို....သိသမျှကို ပြောဆို အပ်၏ဟု ငါမဆို၊သိသမျှကိုမပြောဆိုအပ်ဟု ငါမဆို။

"ပုဏ္ဏား၊ အကြင်မြင် ကြား၊ တွေ့၊ သိမှုတို့ကို ပြောဆိုသူအား အကုသိုလ်တရား တိုးပွား၍ကုသိုလ်တရား ဆုတ်ယုတ်၏။ ထိုမြင်၊ကြား တွေ့၊ သိမှုကို မပြောဆိုအပ်။ အကြင် မြင်၊ ကြား၊ တွေ့၊ သိမှု တို့ကို ပြောဆိုသူအား အကုသိုလ်တရား ဆုတ်ယုတ်၍ ကုသိုလ်တရား တိုးပွား၏။ ထိုမြင်၊ ကြား၊ တွေ့သိမှုတို့ကို ပြောဆိုအပ်၏ဟု ငါဆိုပေသည်"

ဝဿကာရ ပုဏ္ဏားသည် ဗုဒ္ဓ၏ မိန့်ကြားချက်ကို လွန်စွာ ကျေနပ် သွားလေသည်။

## ၄။ အဘယသုတ်

### သေခြင်းကို မကြောက်သူ လေးဦး

၁ဂ၄။ အခါတစ်ပါး၌ ဇာနုဿောဏိမည်သော ပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်၍ 'အရှင်ဂေါတမ၊ သေခြင်း သဘော ရှိသူ ဖြစ်လျက်၊ သေခြင်းကို မကြောက်သူ မရှိဟု ကျွန်ုပ်အယူရှိပါသည်' ဟူ၍ လျှောက်၏။

ထိုအခါ ဗုဒ္ဓက "သေခြင်းကို ကြောက်သူ ရှိသကဲ့သို့ မကြောက် သူလည်းရှိသည်။ ကာမဂုဏ်တို့၌ တပ်မက်ခြင်း မကင်းသူ၊ ကိုယ်ခန္ဓာ၌ တပ်မက်ခြင်းမကင်းသူ၊ ကုသိုလ်ကောင်းမှုကို မပြုလုပ်ဘဲ မကောင်းမှု

အကုသိုလ်ကိုပြုလုပ်သူ၊ သူတော်ကောင်းတရား၌ တွေးတောယုံမှားခြင်း ရှိသူတို့သည် သေခြင်းကို ကြောက်သူများဖြစ်သည်၊

ကာမဂုဏ်တို့၌ တပ်မက်ခြင်းကင်းသူ၊ ကိုယ်ခန္ဓာ၌ တပ်မက်ခြင်း ကင်းသူ၊ မကောင်းမှု အကုသိုလ်တို့ကို မပြုလုပ်ဘဲကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်သူ၊ သူတော်ကောင်းတရား၌ တွေးတောယုံမှားခြင်း မရှိသူတို့သည် သေခြင်းကို မကြောက်သူများ ဖြစ်သည်” ဟု မိန့်ကြားတော်မူ၏။

## ၅။ ဗြာဟ္မဏသစ္စသုတ်

### ဗြာဟ္မဏတို့၏ သစ္စာလေးပါး

၁၈၅။ အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ထင်ရှားသော ပရိဗိုဇ်များစွာတို့သည် သပ္ပိနီ မြစ်ကမ်းရှိ ပရိဗိုဇ်တို့၏ အရံ၌ သီတင်းသုံးနေကြကုန်၏။

တစ်ညနေ၌ ဗုဒ္ဓသည် ထိုပရိဗိုဇ်တို့၏ကျောင်းအရပ်သို့ကြွသွားတော်မူ၏။ ထိုအချိန်တွင်ပရိဗိုဇ်တို့သည် “ဗြာဟ္မဏတို့၏ သစ္စာများသည် ဤသို့ သဘောရှိ၏။ ဤနှယ်သဘော ရှိ၏” ဟူ၍ပြောဆိုနေကြ၏။ ဗုဒ္ဓသည် ခင်းထားသောနေရာ၌ ထိုင်တော်မူပြီး ‘သင်တို့သည် အဘယ်စကားကို ပြောဆိုနေကြသနည်း’ ဟုမေးတော်မူ၏။ ပရိဗိုဇ်တို့ကလည်း ဗြာဟ္မဏတို့၏ သစ္စာအကြောင်းကို ပြောဆိုနေကြပါသည် ဟုဖြေကြားကြကုန်၏။ ထိုအခါ ဗုဒ္ဓက အောက်ပါစကားကိုမိန့်ကြားတော်မူ၏။

“ပရိဗိုဇ်တို့ ငါသည်ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်မျက်မှောက်ပြု၍ ဟောကြားအပ်သော ဗြာဟ္မဏသစ္စာတို့သည် လေးပါးရှိကုန်၏။ အဘယ် လေးပါးတို့နည်း ဆိုသော်-

(၁) ဤလောက၌ဗြာဟ္မဏသည်သတ္တဝါတို့အားလုံးကိုမသတ်အပ် ဟုဆို၏။ ဤသို့ဆိုသော ဗြာဟ္မဏသည်မှန်ကန်သောစကားကို ဆို၏။ အမှားကိုဆိုသည် မဟုတ်။ ထိုဗြာဟ္မဏသည်ယင်းစကားဖြင့် “ငါ သမဏဖြစ်၏။ ငါ ဗြာဟ္မဏဖြစ်၏” ဟူ၍ (တဏှာ မာန ဒိဋ္ဌိ) တို့ဖြင့် စွဲလမ်းထင်မှတ်ခြင်းမရှိ။ ထိုစကားဖြင့် ထိုဗြာဟ္မဏသည် ထိုသစ္စာ၌ အမှန်ကို ထူးသောဉာဏ်ဖြင့် သိ၍ သတ္တဝါတို့ကို အစဉ် သနားခြင်း၊ အစဉ်စောင့်ရှောက်ခြင်း၊ အကျိုးငှာ သာလျှင်ကျင့်သူ ဖြစ်၏။

(၂) ဤလောက၌ ဗြဟ္မဏသည်ကာမဂုဏ်အားလုံးတို့သ ည်မမြဲ ကုန်၊ဆင်းရဲကုန်၏။ဖေ ာက်ပြန်ခြင်းသဘောရှိကုန်၏ဟု ဆို၏ စင်စစ်အားဖြင့်ထိုဗြဟ္မဏသည် ထိုအရာ၌အမှန်ကိုထူးသော ဉာဏ်ဖြင့်သိ၍ကာမဂုဏ်တို့ကိုငြီးငွေ့ခြင်း၊တပ်မက်မှုကင်းခြင်း ချုပ်ငြိမ်းစေခြင်း အကျိုးငှာသာ ကျင့်သူဖြစ်၏။

(၃) ဤလောက၌ ဗြာဟ္မသည် ဘဝအားလုံးသည်မမြဲ၊ဆင်းရဲ ၏။ ဖေ ာက်ပြန်ခြင်း သဘောရှိ၏။ ဟု ဆို၏။... ဘဝတို့ကို ငြီးငွေ့ခြင်း၊တပ်မက်မှုကင်းခြင်း၊ချုပ်ငြိမ်းစေခြင်း အကျိုး ငှာသာကျင့် သူဖြစ်၏။

(၄) ဤလောက၌ဗြ ာဟ္မဏသည်'ငါသည်တစ်စုံတစ်ခုသောအရာ၌ မတည်။ တစ်စုံတစ်ယောက်၏ ကြောင့်ကြမှု၌မတည်။ တစ်စုံ တစ်ယောက်သည်လည်းငါ၏တစ်စုံတစ်ခုသော ကြောင့်ကြမှု မတည်၊ ငါ့အားတစ်စုံတစ်ခုသောအရာ၌ ကြောင့်ကြမှုသည် မရှိ'ဟုဆို၏။... စင်စစ်အားဖြင့်ထိုဗြာဟ္မသည်ထိုအရာ၌ အမှန် ကို ထူးသောဉာဏ်ဖြင့် သိ၍ ကြောင့်ကြမှုကင်းသောအကျင့် ကိုသာ ကျင့်သူဖြစ်၏။

ပရိဗိုဇ်တို့၊ ငါသည်ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်မျက်မှောက်ပြု၍ ဟောကြားအပ်သော ဗြာဟ္မဏသစ္စာတို့ကား ဤလေးပါးတို့ပင်တည်း''

[ဤသုတ်၌ ''ဗောဓိဗြာဟ္မဏ'' ခေါ်ပုဏ္ဏားမျိုးတို့ အစဉ်အဆက် အားဖြင့် သတ်မှုရှောင်ကြဉ်သားသော အမှန်တရားကို ပရိဗိုဇ်တို့က'ဗြာဟ္မ ဏသစ္စာ' ဟု ဆိုသည်။ ဗုဒ္ဓကမူ ကိုလေသာကို ပယ်ခွာပြီးသော ရဟန္တာ ပုဂ္ဂိုလ်တည်းဟူသော အရိယဗြာဟ္မဏ' ၏သစ္စာ' ဟူသော အမှန်တရား ကို 'ဗြာဟ္မဏသစ္စာ' ဟုဟောကြားခြင်း ဖြစ်ပေသည်။]

### ၆။ ဥမ္မဂ္ဂသုတ်

ရဟန်းတစ်ပါး၏ ပြဿနာလေးရပ်ကို

ဖြေကြားခြင်း

၁၈၆။ ရဟန်းတစ်ပါးကမေးလျှောက်သောမေးခွန်း လေးရပ်ကို ဗုဒ္ဓက ဖြေဆိုတော်မူသည်။

"အရှင်ဘုရား၊ အဘယ် တရားသည် လောကကို ဆောင်ထားပါသနည်း။ အဘယ်တရားသည် လောကကို ဆွဲငင်နေပါသနည်း။ ဖြစ်ပေါ်လာသော အဘယ်တရား၏ အလိုသို့ လောကသည် လိုက်နေပါသနည်း"

"ရဟန်း၊ ကောင်းပေစွ ကောင်းပေစွ။ သင့်အား ထွက်ပေါ်လာသော ဉာဏ်သည်[၁] ကောင်းလှပေ၏။ သင့်အား ထင်မြင်လာသော စိတ်ကူးဉာဏ်သည် ကောင်းလှပေ၏။ မေးခွန်းသည် ကောင်းလှပေ၏ ရဟန်း စိတ်သည် လောကကို ဆောင်ထား၏။ စိတ်သည်လောကကို ဆွဲငင်နေ၏။ ဖြစ်ပေါ်လာသော စိတ်၏ အလိုသို့ လောကသည် လိုက်ပါနေရ၏"

"အရှင်ဘုရား၊ များသော အကြားအမြင်ရှိသူ၊ တရားကို ဆောင်သူဟုဆိုရာ၌ အဘယ်မျှဖြင့် များပြားသော အကြား ... ရှိသူ၊ တရားကို ဆောင်သူဖြစ်ပါသနည်း"

"ရဟန်း၊ ငါသည်သုတ္တ၊ ဂေယျ အစရှိသည့် များစွာသော တရားကို ဟောကြားခဲ့၏။ (ထိုတရားတို့အနက်) လေးပိုဒ်ရှိသော ဂါထာ ... ပါဠိ အနက်ကိုသိ၍ တရားနှင့်လျော်စွာကျင့်သောသူ ... များသော အကြားအမြင်ရှိသူ၊ တရားကိုဆောင်သူဟု ဆိုအပ်၏"

"အရှင်ဘုရား၊ အဘယ်မျှဖြင့် အကြားအမြင်ရှိသူ၊ ဖောက်ထွင်းနိုင်သော ပညာရှိသူ ဖြစ်နိုင်ပါသနည်း"

"ရဟန်း၊ ဤသာသနာ၌ ရဟန်းသည် "ဤကား ဆင်းရဲတည်း" ဟု ကြားနာခဲ့၏။ ထိုဆင်းရဲခြင်း၏ အနက်သဘောကိုလည်း ပညာဖြင့် ထိုးထွင်းသိမြင်၏။ ... "ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်း" ဟုကြားနာခဲ့၏။ ထိုအကျင့်၏ အနက်သဘောကိုလည်းပညာဖြင့် ထိုးထွင်းသိမြင်၏၊ ရဟန်း၊ ဤသို့လျှင်အကြားအမြင်ရှိသူသည်ဖောက်ထွင်းနိုင်သော ပညာရှိသူဖြစ်၏"

"အရှင်ဘုရား၊ အဘယ်မျှဖြင့် ပညာရှိသူ၊ ကြီးသောပညာရှိသူ ဖြစ်ပါသနည်း"

---

၁။ ဥမ္မင္ဂေါ ... ဥမ္မဂ္ဂေါ်နှ် ပညာဂမနန္တိ အတ္ထော။ ပညာပေဝ ဥမ္မဂ္ဂေါ်နှေ ဥမ္မဂ္ဂေါတိ ဝုစ္စတိ=အဋ္ဌကထာ။

"ရဟန်း၊ဤလောက၌ ပညာရှိသူ၊ ကြီးသောပညာရှိသူသည် မိမိ ဆင်းရဲစေရန် စေ့ဆော်အားထုတ်ခြင်း မပြု၊ သူတစ်ပါး ဆင်းရဲစေရန် လည်းစေ့ဆော်အားထုတ်ခြင်းမပြု၊ မိမိသူတစ်ပါး နှစ်ဦးသားလုံး ဆင်း ရဲစေရန်လည်း စေ့ဆော်အားထုတ်ခြင်းမပြု၊ မိမိ၏ အကျိုးစီးပွား၊ သူ တစ်ပါး၏အကျိုးစီးပွား၊ မိမိသူတစ်ပါး နှစ်ဦးသားလုံး၏ အကျိုးစီးပွား တစ်လောကလုံး၏ အကျိုး စီးပွားကိုသာ ကြံစည် စဉ်းစား၏။ ရဟန်း၊ ဤသို့လျှင်'ပညာရှိသူ၊ကြီးမြတ်သော ပညာရှိသူ'ဖြစ်၏ဟု ဖြေကြားတော် မူပါသည်။

## ၇။ ဝဿကာရသုတ်

### သူယုတ်နှင့် သူတော်ကောင်း သိနိုင်သော အကြောင်းလေးပါး

၁၀၇။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်း သုံးစဉ်မဂဓတိုင်း၏အမတ်ကြီးဖြစ်သောဝဿကာရပုဏ္ဏားသည်ဗုဒ္ဓထံချဉ်း ကပ်၍ အောက်ပါအတိုင်း မေးလျှောက်လေသည်—

"အရှင်ဂေါတမ၊ သူယုတ်သည် သူယုတ်ကို "ဤသူကား သူယုတ် တည်း"ဟု သိနိုင်ဖွယ်ရာ အကြောင်းရှိပါသလော"

"ပုဏ္ဏား၊သူယုတ်သည် သူယုတ်ကို"ဤသူကား သူယုတ်တည်း"ဟု သိနိုင်ဖွယ်ရာ အကြောင်းမရှိ"

"အရှင်ဂေါတမ၊ သူယုတ်သည် သူတော်ကောင်းကို "ဤသူကား သူတော်ကောင်းတည်း"ဟု သိနိုင်ဖွယ်အကြောင်း ရှိပါသလော"

"ပုဏ္ဏား၊ သူယုတ်သည် သူတော်ကောင်းကို"ဤသူကားသူတော် ကောင်းတည်း"ဟု သိနိုင်ဖွယ်အကြောင်းမရှိ"

"အရှင်ဂေါတမ၊ သူတော်ကောင်းသည်သူတော်ကောင်းကို" ဤ သူကား သူတော်ကောင်းတည်း"ဟု သိနိုင်ဖွယ် အကြောင်းရှိပါသလော"

"ပုဏ္ဏား၊သူတော်ကောင်းသည် သူတော်ကောင်းကို "ဤသူကား သူတော်ကောင်းတည်း"ဟု သိနိုင်ဖွယ် အကြောင်းရှိ၏"

"အရှင်ဂေါတမ၊ သူတော်ကောင်းသည် သူယုတ်ကို'ဤသူကား သူယုတ်တည်း"ဟု သိနိုင်ဖွယ် အကြောင်း ရှိပါသလော"

"ပုဏ္ဏား၊ သူတော်ကောင်းသည် သူယုတ်ကို" ဤသူကား သူယုတ်တည်း"ဟု သိနိုင်ဖွယ်အကြောင်းရှိ၏။

''အရှင်ဂေါတမ၊ အရှင်၏စကားသည် အံ့ဖွယ်ရှိလှပါသည်။ မဖြစ်ဖူးမြဲ ထူးကဲလှပါသည်။ အရှင်ဂေါတမ၊ အခါတစ်ပါး၌ တောဒေယျပုဏ္ဏား၏ပရိသတ်ဝယ် 'ရာမပုတ္တ ဥဒကရသေ့အပေါ် အလွန်ကြည်ညိုသော ဧဠေယျမင်းနှင့် သူ၏ အလုပ်အကျွေးတို့သည် မိုက်မဲကုန်၏' ဟူ၍ သူတစ်ပါးအား ရှုတ်ချသော စကားတစ်ရပ် ဖြစ်ပေါ်ခဲ့ပါသည်။

ထိုအခါ 'ရာမပုတ္တ ဥဒရသေ့သည် ဧဠေယျမင်းနှင့် သူ၏အလုပ်အကျွေးတို့ထက် ပို၍ ပညာရှိသူ၊ ပို၍ အကျိုးစီးပွားကို သိမြင်နိုင်သူဖြစ်သည်။ ထို့ကြောင့်သာလျှင် ဧဠေယျမင်းနှင့် သူ၏ အလုပ်အကျွေးတို့သည် ဥဒကရသေ့အား ကြည်ညိုလေးစားကြခြင်း ဖြစ်သည်'ဟု တောဒေယျပုဏ္ဏားက သူ့ပရိသတ်ကို ရှင်းလင်းပြောပြခဲ့ပါသည်။[၁]

''အရှင်ဂေါတမ၊ အရှင်၏စကားသည် အံ့ဖွယ်ရှိလှပါသည်။ မဖြစ်ဖူးမြဲ ထူးကဲလှပါသည်။ ယခု ကျွန်ုပ်သွားပါရစေ၊ အကျွန်ုပ်တို့သည် များသောကိစ္စရှိသူများ ဖြစ်ပါသည်''

ဝဿကာရ ပုဏ္ဏားသည် မြတ်စွာဘုရားကို ခွင့်ပန်၍ နေရာမှထကာ ပြန်သွားလေသည်။

## ၈။ ဥပကသုတ်

### အတိုင်းအဆမရှိ တရားဟောခြင်းလေးမျိုး

၁၈၈။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေစဉ် မဏ္ဍိကာ၏သားဖြစ်သော ဥပကသည် ဗုဒ္ဓထံချဉ်းကပ်၍ ဤသို့လျှောက်၏။-

''အရှင်ဘုရား၊ သူတစ်ပါးအား ရှုတ်ချခြင်းကို ဖြစ်စေသူသည် မိမိစကားကို လျှောက်ပတ် ပြည့်စုံအောင် မပြောနိုင်သည် ရှိသော် ကဲ့ရဲ့ထိုက်သူ ဖြစ်၏ဟူ၍ တပည့်တော် အယူရှိပါသည်''

---

၁။ တောဒေယျပုဏ္ဏားသည် သူကိုယ်တိုင်က သူတော်ကောင်းဖြစ်သောကြောင့် သူတော်ကောင်းဟုတ်သူ၊ သူတော်ကောင်း မဟုတ်သူတို့ကို ခွဲခြားသိ၏ ဟုလိုခြင်းဖြစ်ပါသည်။

''ဥပက၊ သင်သည် သူတစ်ပါးအား ရှုတ်ချခြင်းကို ဖြစ်စေ၏။ ထိုသို့ ဖြစ်စေရာ၌ မိမိစကား ကို လျောက်ပတ် ပြည့်စုံအောင်လည်း မပြောနိုင်။ ထို့ကြောင့် သင်သည် သည်းကဲ့ရဲ့ထိုက်သူ ဖြစ်ချေ၏''

''အရှင်ဘုရား၊ ရေထဲမှပေါ်ထွက်လာသော ငါးဦးခေါင်းကိုထွက်လာလျှင်လည်းမျှင်း ကြီးစွာသော ကျော့ကွင်းဖြင့် ဖွဲ့ချည်သကဲ့သို့ ထို့အတူ ခေါင်းပြူကာမျှသာ ဖြစ်သော တပည့်တော်ကို မြတ်စွာဘုရားသည် ကြီးစွာသော ဝါဒကျော့ကွင်း ဖြင့် ဖွဲ့ချည်အပ်ပါပြီ''

''ဥပက၊ 'ဤကား အကုသိုလ်တည်း' ဟု ငါသည်ပညတ်၏။ ထိုသို့ ပညတ်ရာ၌ 'ဤသို့သော အကြောင်းကြောင့် ဤတရားသည် အကုသိုလ် ဖြစ်၏' ဟု ဖော်ပြသော ပုဒ်ဗျည်းတို့သည် အတိုင်းအရှည် မရှိ။ မြတ်စွာဘုရား၏ တရားဟောခြင်းသည် အတိုင်းအရှည်မရှိ။[၁]

''ဥပက၊ 'ထိုအကုသိုလ်တရားကို ပယ်အပ်၏' ဟု ငါသည် ပညတ်၏။ ထိုသို့ပညတ်ရာ၌ 'ဤသို့သောအကြောင်းကြောင့် ဤအကုသိုလ်ကိုပယ်အပ်၏' ဟု ဖော်ပြသော ပုဒ်ဗျည်းတို့သည် အတိုင်းအရှည် မရှိကုန်။ မြတ်စွာဘုရား၏ တရားဟောခြင်းသည် အတိုင်းအရှည် မရှိ။

''ဥပက၊ 'ဤကား ကုသိုလ်တည်း' ဟု ငါသည် ပညတ်၏။ ထိုသို့ ပညတ်ရာ၌ 'ဤသို့သော အကြောင်းကြောင့် ဤတရားသည် ကုသိုလ် ဖြစ်၏' ဟု ဖော်ပြသော ပုဒ်ဗျည်းတို့သည် အတိုင်းအရှည်မရှိ။ မြတ်စွာဘုရား၏ တရားဟောခြင်းသည် အတိုင်းအရှည် မရှိ။

'ဥပက၊ 'ထိုကုသိုလ်ကို ပွားများအပ်၏' ဟု ငါသည် ပညတ်၏။ ထိုသို့ ပညတ်ရာ၌ 'ဤသို့သော အကြောင်းကြောင့် ထိုကုသိုလ်ကို ပွားများအပ်၏' ဟု ဖော်ပြသော ပုဒ်ဗျည်းတို့သည် အတိုင်းအရှည် မရှိ။ မြတ်စွာဘုရား၏ တရားဟောခြင်းသည် အတိုင်းအရှည် မရှိ''

ဗုဒ္ဓက ဤသို့ မိန့်ကြားသောအခါ ဥပကသည် ထိုမိန့်ကြားချက်ကို နှစ်သက်စွာ နာယူ၍ ဗုဒ္ဓထံပါးမှ ထွက်ခွာသွားလေ၏။

---

၁။ နောက်ထပ် ဟောစရာ မကျန်အောင် ကုန်ခန်းသွားသည် ဟူ၍မရှိဟု ဆိုလိုပါသည်။

ထို့နောက် ဥပကသည် အဇာတသတ် မင်းထံ ချဉ်းကပ်၍ မိမိနှင့် မြတ်စွာဘုရား စကားပြောဆိုခဲ့ပုံ အလုံးစုံကို လျှောက်ကြားလေ၏။ ထိုအခါ အဇာတသတ်မင်းက "ဆားချက်ရွာသား ဖြစ်သော သင်သည် မြတ်စွာဘုရားကိုပင် ထိပါးချုပ်ချယ်ဘိ၏၊ သွားလော့၊ သင့်ကိုငါမမြင်လို" ဟု ဆိုကာ မောင်းထုတ်လိုက်လေသည်။

(ဤဥပကသည်ဒေဝဒတ်၏အလုပ်အကျွေးဖြစ်၏။ "ဒေဝဒတ်သည် ပါစ်ကမ္ဘာပတ်လုံး ငရဲ၌ခံရမည့်သူ ဖြစ်သည်" ဟုမိန့်ကြားခဲ့သော ဗုဒ္ဓအား ထိပါးချုပ်ချယ်လိုသဖြင့် ဥပကသည်အထက်ပါစကားကို လျှောက်ကြားခြင်း ဖြစ်သည်ဟု အဋ္ဌကထာ၌ ဖွင့်ပါသည်။)

## ဂ။ သစ္ဆိကရဏီယသုတ်

မျက်မှောက်ပြုအပ်သော တရားလေးပါး

၁၈၉။ (၁) နာမကာယဖြင့် မျက်မှောက်ပြုအပ်သော တရား၊
(၂) သတိဖြင့် မျက်မှောက်ပြုအပ်သော တရား၊
(၃) မျက်စိဖြင့် မျက်မှောက်ပြုအပ်သော တရား၊
(၄) ပညာဖြင့် မျက်မှောက်ပြုအပ်သော တရား၊

ဟူ၍ မျက်မှောက် ပြုအပ်သော တရားလေးပါး ရှိသည်။

ထိုလေးပါးတို့တွင် "ဝိမောက္ခ" ခေါ် ဈာန်သမာပတ် ရှစ်ပါးတို့သည် နာမကာယဖြင့် မျက်မှောက် ပြုအပ်သော တရားဖြစ်၏။

ရှေးအခါက မိမိနေခဲ့ (ဖြစ်ခဲ့) ဖူးသော ခန္ဓာစဉ်သည် သတိဖြင့် မျက်မှောက်ပြုအပ်သောတရား ဖြစ်၏။

သတ္တဝါတို့၏ စုတိနှင့် ပဋိသန္ဓေသည် မျက်စိ (ဒိဗ္ဗစက္ခု) ဖြင့် မျက်မှောက်ပြုအပ်သော တရားဖြစ်၏။

အာသဝေါတရားများ ကုန်ခန်းကြောင်း ဖြစ်သော အရဟတ္တဖိုလ်သည် ပညာဖြင့် မျက်မှောက် ပြုအပ်သော တရား ဖြစ်၏ဟု ဟောကြားပါသည်။

## ၁၀။ ဥပေါသထသုတ်

### ပရိသတ် လေးမျိုးနှင့် ရဟန်းလေးမျိုး

၁၈၁။ အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဗုဒ္ဓသည် ဥပုသ်နေ့၌ ရဟန်းအပေါင်း ခြံရံလျက် ထိုင်နေတော်မူ၏။ ယင်းသို့ ထိုင်နေစဉ် အလွန်တိတ်ဆိတ် ငြိမ်သက်စွာ ရှိနေသော ရဟန်းအပေါင်းကို စောင်း၍ ကြည့်ရှုတော်မူပြီး ဗုဒ္ဓက ဤသို့ မိန့်ကြားတော်မူ၏—

''ရဟန်းတို့၊ ဤပရိသတ်သည် အကာ အဖျင်း ကင်း၍ အနှစ်၌ တည်သော ပရိသတ် ဖြစ်၏။

ရဟန်းတို့၊ ဤပရိသတ်သည် လောက၌ ဖူးမြင်ခန့်မျှပင် ရခဲသော သတောရှိ၏။

ရဟန်းတို့၊ ဤပရိသတ်သည် အဝေးမှ ယူဆောင်လာသည့် ပစ္စည်းကို ခံလိုက်၏...လောက၏ အမြတ်ဆုံးကောင်းမှု လယ်မြေ ဖြစ်၏။

ရဟန်းတို့၊ ဤပရိသတ်၌ အနည်းငယ် လှူလျှင် များစွာအကျိုးရှိ၏။ များစွာ လှူလျှင် အလွန်များစွာ အကျိုးရှိ၏။

ရဟန်းတို့၊ ဤပရိသတ်သည် ရိက္ခာထုပ်ဖြင့် ယူဇနာပေါင်း မြောက်မြားစွာ သွား၍သော်လည်း ဖူးမြင်ခြင်းငှာ ထိုက်သော ပရိသတ် ဖြစ်၏။

ရဟန်းတို့၊ ဤရဟန်း သံဃာအပေါင်း၌—

(၁) နတ်အဖြစ်သို့ ရောက်လျက်နေသော ရဟန်း၊

(၂) ဗြဟ္မာအဖြစ်သို့ ရောက်လျက်နေသောရဟန်း၊

(၃) တုန်လှုပ်ခြင်း ကင်းသူ အဖြစ်သို့ ရောက်လျက် နေသော ရဟန်း၊

(၄) အရိယာ အဖြစ်သို့ ရောက်လျက် နေသော ရဟန်း တို့သည် ရှိကုန်၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် နတ်အဖြစ်သို့ရောက်လျက်နေသနည်း ဆိုသော်—ဤသာသနာ၌ ရဟန်းသည် ကာမ ဂုဏ် တို့ မှ

**ကင်းဆိတ်၍ – ပဌမဈာန်သို့ ရောက်၍နေ၏။ – စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့၊ ဤသို့လျှင် ရဟန်းသည် နတ်အဖြစ်သို့ ရောက်လျက်နေ၏။**

ရဟန်းတို့ အဘယ်သို့လျှင်ရဟန်းသည်ဗြဟ္မာအဖြစ်သို့ရောက်လျက်နေသနည်းဆိုသော်- ဤသာသနာ၌ ရဟန်းသည် မေတ္တာနှင့် တကွ ဖြစ်သောစိတ်ဖြင့် အရပ်မျက်နှာတို့ကို ဖြန့်၍ နေ၏။ * ဥပေက္ခာ နှင့် တကွ ဖြစ်သောစိတ်ဖြင့် အရပ်မျက်နှာတို့ကို ဖြန့်၍နေ၏။ ရဟန်းတို့၊ ဤသို့ လျှင် ရဟန်းသည် ဗြဟ္မာအဖြစ်သို့ ရောက်လျက်နေ၏။

ရဟန်းတို့။ အဘယ်သို့လျှင် ရဟန်းသည် တုန်လှုပ်ခြင်းကင်းသူ အဖြစ်သို့ ရောက်လျက်နေသနည်း ဆိုသော်- ဤသာသနာ၌ ရဟန်းသည် ရူပသညာတို့ကို[1] အချင်းခပ်သိမ်း လွန်မြောက်၍ ဝတ္ထုနှင့် အာရုံ ထိခိုက်မှုကြောင့် ဖြစ်သည့် ပဋိဃသညာ တို့၏[2] ချုပ်ပျောက်ခြင်း၊ အထူးထူးသော သဘောရှိသည့် နာနတ္တသညာတို့ကို[3] နှလုံးမသွင်းခြင်း ကြောင့် "ကောင်းကင်သည် အဆုံးမရှိ" ဟုပွားများ၍ အာကာသာနဉ္စာ ယတနဈာန်သို့ ရောက်၍နေ၏....နေဝသညာနာသညာယတနဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့၊ ဤသို့လျှင် ရဟန်းသည် တုန်လှုပ်ခြင်းကင်း သူ အဖြစ်သို့ ရောက်လျက်နေ၏။

ရဟန်းတို့၊ အဘယ်သို့လျှင်ရဟန်းသည်အရိယာအဖြစ်သို့ ရောက် လျက်နေသနည်းဆိုသော် ဤသာသနာ၌ရဟန်းသည် "ဤကား ဆင်းရဲ တည်း" ဟုဟုတ်တိုင်းမှန်စွာ သိ၏။...."ဤကား ဆင်းရဲချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်တည်း"ဟုဟုတ်တိုင်းမှန်စွာသိ၏။ ရဟန်းတို့၊ ဤသို့ လျှင် ရဟန်းသည် အရိယာအဖြစ်သို့ရောက်လျက်နေ၏။

---

၁။ ရူပါဝစရဈာန်နှင့် ယှဉ်သောသညာနှင့် ထို ရူပါဝစရဈာန်၏ အာရုံ ဖြစ်သော ကသိုဏ်း နိမိတ်တို့ကို 'ရူပသညာ' ဟုဆိုပါသည်။

၂။ စက္ခုပသာဒ အစရှိသော ဝတ္ထုရုပ်များဖြင့် ရူပါရုံ အစရှိသော အာရုံ ငါးပါးတို့ကို ထိခိုက်မှုကြောင့် ဖြစ်ပေါ်သည့် ပဉ္စဝိညာဏ်၏ သညာတို့ကို 'ပဋိဃသညာ'ဟုဆိုပါသည်။

၃။ ဒွေပဉ္စဝိညာဏ် တစ်ဆယ်မှ တစ်ပါးသော ကာမာဝစရစိတ် (၄၄) ပါးတို့နှင့် ယှဉ်သော သညာကို 'နာနတ္တသညာ'ဟုဆိုပါသည်။

## ၂၀။ မဟာဝဂ်

### ၇။ သောတာနုဂတသုတ်

#### နားသို့ဝင်လာသော တရားတို့၏ အကျိုးလေးပါး

၁၉၁။ နားထဲသို့ ဝင်လာ၍ နှုတ်ဖြင့် သေချာကျင့်အပ်၊ စိတ်ဖြင့် အဖန်ဖန် ဆင်ခြင်အပ်သော၊ ပညာဖြင့်လည်း ကောင်းစွာ ထိုးထွင်း၍ သိအပ်သော တရားတို့၏ မျှော်လင့်အပ်သော အကျိုးဆက် "အာနိသင်" တို့သည် လေးပါးရှိကုန်၏။ ထိုလေးပါးတို့ကား—

(၁) ဤသာသနာ၌ ရဟန်းသည် သုတ္တ၊ ဂေယျ စသော တရားတို့ကို သင်ယူ၏၊ ထိုတရားတို့သည် ၎င်း၏နားထဲသို့ဝင်၍ နှုတ်ဖြင့်သေချာကျင့်အပ် စိတ်ဖြင့် ဆင်ခြင်အပ် ပညာဖြင့်လည်း ထိုးထွင်း၍သိအပ်ပြီး ဖြစ်ကုန်၏။ ထိုရဟန်းသည်သတိလက်လွတ် ဖြစ်၍ သေလွန်သည်ရှိသော် တစ်ပါးပါး သောနတ်ပြည်သို့ ရောက်၏။ ထိုနတ်ပြည်၌ ချမ်းသာခြင်း ရှိသော ထိုနတ်အား တရားစကားတို့သည် ပေါ်လာကုန်၏။ သတိဖြစ်ပေါ်ခြင်းသည် နှေးသေး၏။ စင်စစ်ထိုသတ္တဝါတို့သည် လျင်မြန်စွာသာလျှင် တရားထူးကို ရနိုင်၏။ ဤကား ပထမအကျိုးအာနိသင် ဖြစ်၏။

(၂) သုတ္တ၊ ဂေယျ၊ အစရှိသောတရားကိုသင်ယူထားသည့်ရဟန်းသည် သတိလက်လွတ် ဖြစ်၍ သေလွန်သည်ရှိသော် တစ်ပါးပါးသော နတ်ပြည်သို့ရောက်၏- တန်ခိုးရှိသော ရဟန်းတစ်ပါးက နတ် ပရိသတ်၌ တရား ဟောသည်ရှိသော် ထိုနတ်သားသည် ရှေးဘဝက မိမိကျင့်သုံးခဲ့သော ဓမ္မဝိနယကို ပြန်၍ သတိရပြီး တရားထူးကို လျင်မြန်စွာရ၏။ ဥပမာစည်သံ၌ ကျွမ်းကျင်သော ယောကျာ်းသည် ခရီးသွားစဉ် စည်သံကို ကြားသည့်အခါ စည်သံသို့၍ ချက်ချင်းသိသကဲ့သို့ဖြစ်၏။ ဤကား ဒုတိယအကျိုး အာနိသင်ဖြစ်၏။

(၃) သုတ္တ၊ ဂေယျအစရှိသော။ တရားကို သင်ယူထားသည့်ရဟန်းသည် သတိလက်လွတ် ဖြစ်၍ သေလွန်သည်ရှိသော် တစ်ပါးပါးသောနတ်ပြည် သို့ ရောက်၏။ အခြားနတ်သားတစ်ယောက်က နတ်ပရိသတ်၌ တရား

---

၁။ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ= တရားစကားများကိုအမှတ်ရသောသတိ ဖြစ်ပေါ်ခြင်းသည် နှောင့်နှေးကောင်း နှောင့်နှေးနေလိမ့်မည်၊ သတိ ဖြစ်ပေါ်လာလျှင်ကား ထိုရဟန်းသည် နှောင့်နှေးခြင်းမရှိဘဲ လျင်မြန်စွာ သာလျှင် တရားထူးသို့ ဆိုက်ရောက်၏ ဟု ဆိုလိုပါသည်။

ဟောသည်ရှိသော် ထိုနတ်သားသည် ရှေးကဝ၁ မိမိကျင့်သုံးခဲ့သော ဓမ္မဝိနယ ပြန်၍ သတိရပြီး တရားထူးကို လျင်မြန်စွာရ၏၊ ဥပမာ ခရုသင်းသံ၌ ကျွမ်းကျင်လိမ္မာသော ယောကျ်ားသည် ခရီးသွားစဉ် ခရုသင်းသံကို ကြားလျှင် ခရုသင်းသံဟူ၍ ချက်ချင်းသိသကဲ့သို့ ဖြစ်၏။ ဤကား တတိယအကျိုးအာနိသင် ဖြစ်၏။

(၄) သုတ္တဂေယျ အစရှိသောတရားကို သင်ယူထားသည့်ရဟန်းသည် သတိလက်လွတ်ဖြစ်၍ သေလွန်သည်ရှိသော် တစ်ပါးပါးသော နတ်ပြည်သို့ရောက်၏။ ထိုနတ်သည် နတ်ပြည်၌ ရှေးဦးစွာ ဖြစ်နေသော အခြားနတ်သားတစ်ယောက်က သတိပေးသည်ရှိသော် ရှေးဘဝက မိမိကျင့်သုံးခဲ့သော အကျင့်မြတ်ကို သတိရ၍ တရားထူးကို ရနိုင်၏။ ဥပမာ ငယ်စဉ်က အတူကစားဖက် ဖြစ်သော သူငယ်ချင်း နှစ်ယောက်တို့သည် တစ်ယောက်နှင့်တစ်ယောက် ငယ်စဉ်က အကြောင်းအရာများကို သတိရစေသကဲ့သို့ ဖြစ်၏။ ဤကား စတုတ္ထအကျိုး အာနိသင် ဖြစ်၏ဟု ဟောကြားပါသည်။

## ၂။ ဌာနသုတ်

ပညာရှိများသာ သိနိုင်သည့် အရာလေးပါး

၆၂။ (၁) အတူနေခြင်းဖြင့် အကျင့်သီလကို သိနိုင်သည်။ သို့သော် ထိုအကျင့်သီလကိုလည်း ကြာမြင့်မှသိနိုင်၏။ ခဏတဖြုတ်ဖြင့် မသိနိုင်။ နှလုံးသွင်းသူသည် သာ သိနိုင်၏၊ နှလုံးမသွင်းသူသည်မသိနိုင်။ ပညာရှိသူသာ သိနိုင်၏။ ပညာမရှိသူသည် မသိနိုင်။

(၂) အတူတကွ စကားပြောဆိုခြင်းဖြင့် စင်ကြယ်ခြင်းကို သိနိုင်၏။ သို့သော် ထိုစင်ကြယ်ခြင်းကိုလည်း ကြာမြင့်မှ သိနိုင်၏။ .... ပညာ မရှိသူသည် မသိနိုင်။

---

၁။ သောတေဟိ နုဿုတာ ... ဣတိ ... အကျင့်စရိုက်ရှိ သားဖြောင့်မတ်မှု၊ ဟန်ဆောင်လှည့်စားခြင်း မရှိမှုဟုဆိုလိုပါသည်။

(၃) ဘေးရန်နှင့် တွေ့သောအခါတို့၌ အစွမ်း သတ္တိကို သိနိုင်သည်။ သို့သော် ထိုအစွမ်း သတ္တိကိုလည်း ကြာမြင့်မှ သိနိုင်၏။....ပညာမရှိသူသည် မသိနိုင်။

(၄) ဆွေးနွေးခြင်းဖြင့် ပညာကို သိနိုင်သည်။ သို့သော် ထိုပညာကိုလည်း ကြာမြင့်မှ သိနိုင်၏။....ပညာမရှိသူသည် မသိနိုင်။

ပုဂ္ဂိုလ်တစ်ယောက်သည် မိမိနှင့်ကြာမြင့်စွာ အတူနေသော ပုဂ္ဂိုလ်တစ်ယောက်ကို ''ဤသူသည် သီလရှိသူ မဟုတ်။ ဤသူသည် သီလရှိသူဖြစ်၏'' ဟူ၍ သိနိုင်၏။ ထို့ကြောင့် 'အတူနေခြင်းဖြင့် အကျင့်သီလကို သိနိုင်သည်'ဟူ၍ မိန့်ကြားခြင်းဖြစ်သည်။ (၁)

ပုဂ္ဂိုလ်တစ်ယောက်သည် အခြား ပုဂ္ဂိုလ်တစ်ယောက်နှင့် စကားပြောဆိုသည်ရှိသော် ''ဤသူကား တစ်ဦးချင်း ပြောသည့်အခါ တစ်မျိုးပြော၏။ နှစ်ဦးသုံးဦးတို့နှင့် ပြောဆိုသည့်အခါ တစ်မျိုးပြော၏။ ရှေ့စကားနှင့် နောက်စကား မညီ''ဟူ၍ လည်းကောင်း၊ ''ဤသူကား တစ်ယောက်ချင်း ပြောသည့်အခါ၌ ဖြစ်စေ၊ နှစ်ဦး သုံးဦးတို့နှင့် ပြောဆိုသည့်အခါ၌ ဖြစ်စေ ထပ်တူ ထပ်မျှ ပြောဆို၏။ ရှေ့စကား နောက်စကား ညီ၏''ဟူ၍ လည်းကောင်း သိနိုင်၏။ ထို့ကြောင့် 'အတူတကွ စကားပြောဆိုခြင်းဖြင့် စင်ကြယ်ခြင်းကို သိနိုင်သည်' ဟူ၍ မိန့်ကြားခြင်း ဖြစ်သည်။ (၂)

ဤလောက၌ အချို့သောသူသည် ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း စသော ပျက်စီးခြင်း တစ်မျိုးမျိုးနှင့် ကြုံတွေ့သည့်အခါ လောကဓံ ရှစ်ပါးတို့နှင့် မကင်းနိုင်သော လောကသဘာဝကို မဆင်ခြင်ဘဲ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ပင်ပန်းဆင်းရဲခြင်းသို့ ရောက်၏။ အချို့သောသူသည်ကား ထိုကဲ့သို့သော ပျက်စီးခြင်းတို့နှင့် တွေ့ကြုံရသည့်အခါ လောကဓံ ရှစ်ပါးတို့နှင့် မကင်းနိုင်သော လောက သဘာဝကို ဆင်ခြင်၍ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ဆင်းရဲပင်ပန်းခြင်းသို့ မရောက်၊ ထို့ကြောင့် ဘေးရန် ကျရောက်သောအခါ၌ အစွမ်းသတ္တိကို သိနိုင်သည်' ဟူ၍ မိန့်ကြားခြင်း ဖြစ်သည်။ (၃)

ဤလောက၌ ပုဂ္ဂိုလ်တစ်ယောက်သည် အခြားပုဂ္ဂိုလ်တစ်ယောက်နှင့် ဆွေးနွေးသည်ရှိသော် ထိုသူ၏ မေးပုံ ဖြေပုံ ပြောပုံ ဆိုပုံတို့ကို ထောက်

၍ "ဤသူသည် ပညာရှိသူ မဟုတ်၊ ဤသူကား ပညာရှိသူဖြစ်၏"ဟု သိနိုင်သည်။ ဥပမာ ရေအိုင်တစ်ခု၏ ရေစပ်၌ ရပ်နေသော ယောကျာ်း သည် ထိုရေအိုင်ထဲ၌ ငါးတစ်ကောင် ပွက်သလာသည့်အခါ ရေပွက်ထပုံ၊ ရေလှိုင်းကို ဖျက်ပုံ၊ လျှင်မြန်ပုံတို့ကို မှတ်သား၍ ထိုငါးသည် ငါးငယ် ဖြစ်သည်။ သို့မဟုတ် ငါးကြီးဖြစ်သည်ကို သိနိုင်သကဲ့သို့ ဖြစ်ပါသည်။ ထို့ကြောင့် 'ဆွေးနွေးခြင်းဖြင့် ပညာကို သိနိုင်၏' ဟု မိန့်ကြားခြင်း ဖြစ်သည်။ (၄)

## ၄။ ဘဒ္ဒိယသုတ်

### ပယ်ရမည့်တရားလေးပါး

၁၉၃။ ဝေသာလီပြည် ကူဋာဂါရဇရပ်ဆောင်၌ ဗုဒ္ဓမြတ်စွာ သီတင်း သုံးနေစဉ် ဘဒ္ဒိယ မည်သော လိစ္ဆဝီ မင်းသားသည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဤသို့ လျှောက်၏–

"အရှင်ဘုရား၊ 'ရဟန်းဂေါတမသည် လှည့်ဖြား တတ်သူဖြစ်၏။ မိမိ ဘက်သို့ ပါအောင် လှည့်ယူတတ်သော အာဝဋ္ဋနီ ယ ကို သိ၏' ဟူသော စကားကို တပည့်တော် ကြားဖူးပါသည်။ အရှင်ဘုရား၊ ထိုသို့ ပြောဆို သူများသည် အမှန်ကို ပြောဆိုသူများ ဖြစ်ပါသလော"

ဤသို့ ဘဒ္ဒိယက လျှောက်ကြားသောအခါ ဗုဒ္ဓက တစ်ဆင့် ကြားခြင်း၊ ကစဉ်ဆက် ပြောရိုးစကားရှိခြင်း စသောအကြောင်းတို့ဖြင့် အမှန်ဟု မမှတ်ယူအပ်။ မိမိ၏ ကိုယ်ပိုင် အသိဖြင့်သာ အမှန်အမှားကို ဆုံးဖြတ်၍ ရှောင်သင့်သည်ကို ရှောင်၊ ဆောင်သင့်သည်ကို ဆောင်အပ် ကြောင်း(တိကနိပါတ်ကေသမုတ္တိသုတ်၌ ဖော်ပြခဲ့သည့်အတိုင်း)မိန့်ကြား ပြီး အောက်ပါအတိုင်း ဆက်လက် ဟောကြားတော်မူသည်–

"ဘဒ္ဒိယ၊ လောက၌ သူတော်သူမြတ်တို့သည် မိမိတို့၏ တပည့် များကို 'သင်သည် လောဘကို ဖျောက်ပယ်၍ နေလော၊ လောဘကို ဖျောက်ပယ်၍ နေသည်ရှိသော် လောဘကြောင့်ဖြစ်သည့် အမှုကို ကိုယ် နှုတ်စိတ်တို့ဖြင့် ပြုလုပ်တော့မည် မဟုတ်၊ ဒေါသ....မောဟ....ချုပ်ချယ် ခြင်း 'သာရမ္ဘ'ကို ဖျောက်ပယ်၍ နေလော၊ သာရမ္ဘကို ဖျောက်ပယ်၍နေ သည်ရှိသော် သာရမ္ဘကြောင့် ဖြစ်သည့် အမှုကို ပြုတော့မည်မဟုတ်'ဟူ၍ ဆောက်တည်စေ ကြကုန်၏"

ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားနာရသောအခါ ဘဒ္ဒိယသည် ထို ဟောကြားချက်ကို လွန်စွာနှစ်သက်၍ ဥပါသကာ အဖြစ် ခံယူသည်။ ရဟန်းဂေါတမသည်တစ်ပါးသောအယူရှိသောရဟန်းပုဏ္ဏားတို့၏တပည့် များကို အာဝဋ္ဋနီမာယာဖြင့် မိမိဘက်သို့ပါအောင် လှည့်ဖြား၍ ယူတတ် သည်'' ဟုပြောဆိုကြခြင်းမှာမဟုတ်မမှန်ပြောဆိုခြင်းသာဖြစ်ပါကြောင်း၊ သို့သော်လည်း ထိုကဲ့သို့သောမာယာဖြင့် မိမိ၏ဆွေမျိုးသားချင်းများနှင့် တကွ အမျိုးလေးပါး လုံးကိုပင် လှည့်ဖြား၍ ယူနိုင်ခဲ့လျှင်ထိုသူအားလုံး မှာပင် အကျိုးစီးပွား တိုးပွားမည်ဖြစ်၍ ကောင်းမွန် လှ ပါ ကြောင်း ထပ်ဆင့် လျှောက်ကြားသည်။

ဗုဒ္ဓကလည်းအနီးရှိ အင်ကြင်းပင်ကြီးများကို ညွှန်ပြလျက်'ဘဒ္ဒိယ လူဖြစ်သူများကိုမဆိုထားဘိ၊ ဤအင်ကြင်းပင်ကြီးများသည်ပင်အကုသိုလ် တရားကိုပယ်၍ ကုသိုလ်တရားနှင့် ပြည့်စုံခြင်းငှာ အာဝဋ္ဋနီမာယာဖြင့် လှည့်ဖြားခံရပါမူ ထိုအင်ကြင်းပင်ကြီးများအားပင် အကျိုးစီးပွား များ ခြင်းငှာ ဖြစ်ပေရာ၏' ဟု မိန့်ကြားတော်မူလေသည်။

## ၄။ သာမုဂိယသုတ်

### စင်ကြယ်အောင် အားထုတ်ခြင်းလေးမျိုး

၁၉၄။ ရှင်အာနန္ဒာသည် ကောလိယတိုင်း သာမုဂ မည်သော နိဂုံး၌ သီတင်းသုံးစဉ် ထိုနိဂုံး၌နေသည့် ကောလိယမင်းတို့အား အောက်ပါ တရားကို ဟောကြားသည်။

မြတ်စွာဘုရားသည် ဟောကြားအပ်သည့် စင်ကြယ်မှု၏အကြောင်း ဖြစ်သော အားထုတ်ခြင်းတို့သည်—[၁]

(၁) သီလစင်ကြယ်အောင် အားထုတ်ခြင်း၊

(၂) စိတ်စင်ကြယ်အောင် အားထုတ်ခြင်း၊

---

၁။ ပါရိသုဒ္ဓိပဓာနိယင်္ဂါနိတိ ပါရိသုဒ္ဓိအတ္ထာယ ပဓာနိယင်္ဂါနိ၊ ပဒဟိတဗ္ဗ င်္ဂါနိ၊ သ ဒုံ ဒင်္ဂါနိ ကောဋ္ဌာသာတိ အတ္ထော=အဋ္ဌကထာ။ စင်ကြယ် ခြင်း အကျိုးငှာ အားထုတ် အပ်သော ဝီရိယ၏ အင်္ဂါအစုတို့သည်ဟု ဆိုလိုပါသည်။

(၃) အယူစင်ကြယ်အောင် အားထုတ်ခြင်း၊
(၄) လွတ်မြောက်မှု စင်ကြယ်အောင် အားထုတ်ခြင်း-
ဟူ၍ လေးပါးရှိသည်။

ထိုလေးပါးတို့တွင် 'ပါတိမောက် သီလစင်ကြယ်မှုကို မပြည့်သေးလျှင် ပြည့်အောင်ဖြည့်မည်။ ပြည့်နေလျှင်လည် ပညာဖြင့် ချီးမြှောက်အားပေးမည်' ဟူသော စိတ်ဖြင့် မဆုတ်မနစ် အားထုတ်ခြင်းသည် သီလစင်ကြယ်အောင် အားထုတ်ခြင်း မည်၏။

'ဈာန်လေးပါးတည်းဟူသော စိတ်စင်ကြယ်မှုကို မပြည့်သေးလျှင် ပြည့်အောင် ဖြည့်မည်။ ပြည့်နေလျှင်လည်း ပညာဖြင့် ချီးမြှောက် အားပေးမည်' ဟူသော စိတ်ဖြင့်မဆုတ်မနစ်အားထုတ်ခြင်းသည် စိတ်စင်ကြယ်အောင် အားထုတ်ခြင်းမည်၏။

"ဤကား ဆင်းရဲတည်း" စသည်ဖြင့် သိမြင်ခြင်း တည်းဟူသော အယူစင်ကြယ်မှုကို မပြည့်သေးလျှင် ပြည့်အောင်ဖြည့်မည်။ ပြည့်နေလျှင်လည်း ပညာဖြင့် ချီးမြှောက်အားပေးမည် ဟူသောစိတ်ဖြင့် မဆုတ်မနစ် အားထုတ်ခြင်းသည် အယူစင်ကြယ်အောင် အားထုတ်ခြင်းမည်၏။

ဆိုအပ်ပြီးသော အားထုတ်ခြင်းသုံးပါးနှင့် ပြည့်စုံသော အရိယာတပည့်သည် တပ်မက်ဖွယ်အာရုံတို့၌ စိတ်ကို ကင်းကွာစေ၍ လွတ်မြောက်ဖွယ်အာရုံတို့၌ စိတ်ကို လွတ်မြောက်စေ၍ကိုလေသာတို့မှ ကောင်းစွာလွတ်သောအရဟတ္တဖိုလ်ကိုဉာဏ်ဖြင့်တွေ့ထိ၏။ဤသို့တွေ့ထိခြင်းကိုလွတ်မြောက်မှုစင်ကြယ်ခြင်းဟု ဆိုအပ်၏။ ထိုလွတ်မြောက်မှု စင်ကြယ်ခြင်းကို မပြည့်သေးလျှင် ပြည့်အောင်ဖြည့်မည်။ ပြည့်နေလျှင်လည်း ပညာဖြင့် ချီးမြှောက်အားပေးမည်ဟူသော စိတ်ဖြင့် မဆုတ်မနစ် အားထုတ်ခြင်းသည် လွတ်မြောက်မှု စင်ကြယ်အောင် အားထုတ်ခြင်းမည်၏"

## ၅။ ဝပ္ပသုတ်

### အာသဝေါကုန်ကြောင်း လေးပါး

၁၉၅။ သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် နိဂဏ္ဌတို့၏ တပည့်ဖြစ်သည့် ဝပ္ပသာကီဝင်သည် ရှင်မောဂ္ဂလာန်ထံသို့ ချဉ်းကပ်၏။ ထိုဝပ္ပအား ရှင်မောဂ္ဂလာန်က ဤသို့ မိန့်ကြား၏၊

"ဝပ္ပ ကိုယ် နှုတ် စိတ်တို့ဖြင့် စောင့်စည်းသော သူအား အဝိဇ္ဇာ ကင်းကွာ၍ ဝိဇ္ဇာဖြစ်ပေါ်လာသည်ရှိသော် နောင်ဘဝ၌ ဆင်းရဲခံစားရကြောင်းဖြစ်သည့် အာသဝေါတရားတို့ နှိပ်စက်ဖွယ်အကြောင်းကို သင်မြင်ပါသလော"

"အရှင်ဘုရား ရှေးဘဝက ပြုလုပ်ခဲ့၍ အကျိုးပေးခွင့် မရသေးသော မကောင်းမှုကံ ရှိသူအား ဘဝလွန်ဘဝ၌ ဆင်းရဲကြောင်း ဖြစ်သည့် အာသဝေါတရားတို့နှိပ်စက်ဖွယ်အကြောင်းကိုတပည့်တော် မြင်ပါသည်"

ဤသို့ ရှင်မောဂ္ဂလာန်နှင့် ဝပ္ပတို့ပြောဆိုနေကြစဉ် ထိုနေရာသို့ဗုဒ္ဓ မြတ်စွာကြွရောက်လာပြီး "အဘယ်စကားကို ပြောဆိုနေကြသနည်း" ဟု မေးတော်မူ၏။ ရှင်မောဂ္ဂလာန်က မိမိနှင့်ဝပ္ပ ပြောဆိုနေပုံကို လျှောက်ကြားသောအခါ ဗုဒ္ဓကဝပ္ပအား အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

"ဝပ္ပ၊ အကယ်၍သင်သည် ထောက်ခံသင့်သောစကားကို ထောက်ခံ၍ကန့်ကွက်သင့်သောစကားကို ကန့်ကွက်မည်။ နားမလည်သော စကားကိုလည်း ငါ့အားပြန်မေးမည်ဆိုလျှင် ဤအရာ၌ သင်နှင့်ငါ စကားပြောဆို ဆွေးနွေးခြင်းသည် ဖြစ်နိုင်ရာ၏"

"အရှင်ဘုရား၊ တပည့်တော်သည် ထောက်ခံသင့်သော စကားကို ထောက်ခံပါမည်။ ကန့်ကွက်သင့်သော စကားကိုလည်း ကန့်ကွက်ပါမည်။ နားမလည်သော စကားကိုလည်း အရှင်ဘုရားအား ပြန်၍မေးပါမည်။ အရှင်ဘုရား၊ ဤအရာ၌ တပည့်တော်တို့အား စကားပြောဆိုဆွေးနွေးခြင်းသည် ဖြစ်ပါသလော"

"ဝပ္ပ၊ သင်တို့မည်သို့ထင်သနည်း။ ကိုယ်ဖြင့်အားထုတ်ခြင်း 'ကာယကံ' ဟူသော အကြောင်းကြောင့်ဆင်းရဲခြင်းပူလောင်ခြင်းတို့၏ အကြောင်းဖြစ်သည့် အကြင် အာသဝေါတရားတို့သည် ဖြစ်ကုန်၏။ ကိုယ်ဖြင့် အားထုတ်မှုမှ ရှောင်ကြဉ်သော ထိုပုဂ္ဂိုလ်အား ထိုအာသဝေါတရားတို့သည် မဖြစ်ကုန်။ ထိုပုဂ္ဂိုလ်သည် အသစ်ဖြစ်သော ကံကိုလည်း မပြု။ အဟောင်းဖြစ်သော ကံကိုလည်း တွေ့ထိတွေ့ထိ၍ ကုန်သုံးအောင် ပြု၏။[၁]

---

၁။ ပုရာဏဉ္စ ကမ္မံ ဖုဿ ဖုဿ ဗျန္တီကရောတိ–မဂ္ဂဉာဏ်ဖြင့် ပယ်သတ်ရမည့် ကုသိုလ အကုသိုလ ကံများကို မဂ်ဉာဏ်ဖြင့် ပယ်သတ်၍ ကုန်ခန်းစေ၏။ ယခုဘဝ ပဋိသန္ဓေ မစဲမီအတွင်း အကျိုးပေး နေသည့် ကုသိုလကံ အကုသိုလကံများကိုလည်း ယခုသဝဒ္ဓပဋ ယုံကုံ၏အကျိုးများကိုခံစားရင်း ခံစားရင်း ကုန်ခန်းသွားစေ၏ဟု ဆိုလိုပါသည်၊

ထိုပုဂ္ဂိုလ်အားတမလွန်ဘဝ၌ ဆင်းရဲခံစားရကြောင်း ဖြစ်သည့် အာသဝေါတရားတို့ နှိပ်စက်နိုင်ဖွယ် အကြောင်းကို သင်မြင်ပါသလော။”

“အရှင်ဘုရား၊ ထိုပုဂ္ဂိုလ်အား တမလွန်ဘဝ၌ဆင်းရဲခံစားရကြောင်း ဖြစ်သည့် အာသဝေါတရားတို့နှိပ်စက်နိုင်ဖွယ် အကြောင်းကိုတပည့်တော် မမြင်ပါ။”

“ဝပ္ပ၊ သင်မည်သို့ ထင်သနည်း။ နှုတ်ဖြင့် အားထုတ်မှု ‘ဝစီကံ’၊ စိတ်ဖြင့်အားထုတ်မှု ‘မနောကံ’ ဟူသော အကြောင်းကြောင့် တမလွန်ဘဝ၌ ဆင်းရဲခံစားရကြောင်း ဖြစ်သည့် အာသဝေါတရားတို့ နှိပ်စက်ဖွယ်အကြောင်းကိုသင်မြင်ပါသလော”

“အရှင်ဘုရား ထိုအကြောင်းကို တပည့်တော် မမြင်ပါဘုရား”

“ဝပ္ပ၊ သင်မည်သို့ထင်သနည်း။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် ဆင်းရဲခြင်း၊ ပူပန်ခြင်း၏ အကြောင်းဖြစ်သည့် အကြင် အာသဝေါတရားတို့သည် ဖြစ်ကုန်၏။ အဝိဇ္ဇာ ကင်းကွာ၍ ဝိဇ္ဇာ ဖြစ်ပေါ်လာသည် ရှိသော် ထိုပုဂ္ဂိုလ်အား ထိုအာသဝေါတရားတို့သည်မဖြစ်ပေါ်ကုန်။ ထိုပုဂ္ဂိုလ်သည် အသစ်ဖြစ်သော ကံကိုလည်း မပြုလုပ်။ အဟောင်းဖြစ်သော ကံကိုလည်း တွေ့ထိ တွေ့ထိ၍ ကုန်ဆုံးအောင်ပြု၏။ ထိုပုဂ္ဂိုလ်အား တမလွန်ဘဝ၌ ဆင်းရဲ ခံစားရကြောင်း ဖြစ်သည့် အာသဝေါတရားတို့ နှိပ်စက်နိုင်ဖွယ် အကြောင်းကို သင်မြင်ပါသလော။

“အရှင်ဘုရား၊ ထိုကဲ့သို့သော အကြောင်းကို တပည့်တော်မမြင်ပါ

“ဝပ္ပ၊ ဤသို့ကောင်းစွာ ကိလေသာတို့မှ လွတ်မြောက်သောစိတ် ရှိသည့် ရဟန်းအား ခြောက်ပါးသော အမြဲ နေခြင်း သတတဝိဟာရ တို့သည်ပြီးဖြစ်ကုန်၏။ အဘယ်ခြောက်ပါးတို့နည်း ဆိုသော်—

(၁) ထိုရဟန်းသည် မျက်စိဖြင့်အဆင်းကို မြင်သည်ရှိသော် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းမရှိ။ သတိသမ္ပဇဉ်နှင့်ယှဉ်ကာ လျစ်လျူရှုလျက်နေ၏။

(၂) နားဖြင့်အသံကိုကြားသည်ရှိသော်... လျစ်လျူရှုလျက်နေ၏

---

၁။ [illegible] ဖြင့် နှစ်သက်ခြင်း မဖြစ်။ [illegible] သော အစွမ်းအားဖြင့် မနှစ်သက်ခြင်း၊ စိတ်ဆိုးခြင်းမဖြစ်ဟု ဆိုလိုပါသည်။

(၃) နှာခေါင်းဖြင့် အနံ့ကို နံသည်ရှိသော်.. လျစ်လျူ ရှုလျက် နေ၏။

(၄) လျှာဖြင့်အရသာကိုလျက်သည်ရှိသော်.. လျစ်လျူ ရှုလျက် နေ၏။

(၅) ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသည်ရှိသော်..လျစ်လျူ ရှုလျက်နေ၏။

(၆) စိတ်ဖြင့် ဓမ္မရုံကိုသိသည်ရှိသော်....လျစ်လျူရှုလျက်နေ၏။

ထိုရဟန်းသည် ကိုယ်လျှင်အပိုင်းအခြားရှိသောဝေဒနာကို ခံစားသည်ရှိသော် ကိုယ်လျှင်အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟုသိ၏။ အသက်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည် ရှိသော် အသက်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟု သိ၏။ ခန္ဓာကိုယ်ပျက်စီး၍ အသက်ကုန်ပြီး နောက်ဝယ် ဤကိုယ်၌ပင် ခံစားမှုအားလုံးသည် မနှစ်သက်အပ်သည်ဖြစ်၍ ငြိမ်းအေးလိမ့်မည်ဟုသိ၏။ ဥပမာ- သစ်ပင်ကို အရင်းမှတူးဖြတ်၍ မီးတိုက်လိုက်သည်ရှိသော် ထိုသစ်ပင်ကို စွဲ၍ ထင်သောအရိပ်သည် နောက်တစ်ဖန် မထင်နိုင်သကဲ့သို့ဖြစ်၏။''

ဗုဒ္ဓက ဤသို့မိန့်ကြားသောအခါ နိဂဏ္ဌတို့၏ဘပည့်ဖြစ်သည့်သာကီဝင်မင်းသား ဝပ္ပသည် အရှင်ဘုရား၊ အမြတ်စွန်းကို လိုချင်၍မြင်းငယ်တက်ကိုဝယ်၍ မွေးမြူသောယောကျ်ားသည် ထိုမြင်းငယ်များသေဆုံးသွားသဖြင့် အမြတ်အစွန်းမရဘဲ ဆင်းရဲ ပင်ပန်းခြင်းသာ အဖက်တင်သကဲ့သို့ ယုံ့အတူ အကျိုးစီးပွားကို လိုချင်၍နိဂဏ္ဌတို့ကို ကိုးကွယ်ဆည်းကပ်သော တပည့်တော်သည်လည်း အကျိုးအမြတ် တစ်စုံတရာမရဘဲ ဆင်းရဲပင်ပန်းခြင်းသာ အဖက်တင်ခဲ့ပါသည်။ တပည့်တော်သည်ယနေ့မှစ၍ မိုက်မဲသော နိဂဏ္ဌတို့၌ကြည်ညိုခြင်းကိုပြင်းစွာ တိုက်ခတ်သောလေ၌ ယော်သည်း လွှင့်လိုက်ပါမည်။ လျှင်မြန်သောရေအလျဉ်ရှိသော မြစ်၌ သော်လည်း မျှောလိုက်ပါတော့မည် ဟု လျှောက်ကြားပြီး ဗုဒ္ဓထံ၌ဥပါသကာအဖြစ် ခံယူသွားလေသည်။

---

၁။ မျက်စိ၊ နား၊ စသည့်ကိုယ်အင်္ဂါငါးပါးရှိနေသမျှ ဖြစ်နိုင်သောပဉ္စဒွါရိက ဝေဒနာကိုကိုယ်လျှင်အပိုင်းအခြားရှိသော 'ကာယပရိယန္တိက' ဝေဒနာဟုဆိုပါသည်။

၂။ အသက်တည်ရှိနေသမျှ ဖြစ်နိုင်သောမနောဒွါရိက ဝေဒနာကို အသက်လျှင် အပိုင်းအခြားရှိသော ဇီဝိတပရိယန္တိက ဝေဒနာဟုဆိုပါသည်။

## ၆။ သာဠှသုတ်

### ကြိမ်လေးပါးမှ လွတ်မြောက်ထိုက်သူ

၉၆၊ ဝေသာလီပြည်ကူဋာဂါရကျောင်းတိုက်၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် သာဠှနှင့်အဘယမည်သော လိစ္ဆဝီမင်းသားနှစ်ယောက် ဗုဒ္ဓထံ ချဉ်းကပ်လာကြသည်။ သာဠှက "အရှင်ဘုရား၊ သီလစင်ကြယ်ခြင်း၊ ဆင်းရဲပင်ပန်းသောအကျင့်ဖြင့် မကောင်းမှုကိုစက်ဆုပ်ခြင်းဟူသော အကြောင်းနှစ်ပါးဖြင့် ကြိမ်လေးပါးမှလွတ်မြောက်ခြင်းကိုပညတ်သောရဟန်းပုဏ္ဏားအချို့ရှိပါသည်။ ဤအရာ၌ မြတ်စွာဘုရားသည် အဘယ်သို့ မိန့်ဆိုပါသနည်း"ဟူ၍ ဗုဒ္ဓအား မေးလျှောက်၏။ ထိုအမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူသည်။

"သာဠှ၊ သီလစင်ကြယ်ခြင်းကို ရဟန်းအကျင့်၏ အင်္ဂါတစ်ပါးဟု ငါဆို၏။ ဆင်းရဲပင်ပန်းသောအကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်းကို ပြောဆိုကုန်လျက် ယင်းအကျင့်ကိုသာ အနှစ်သာရဟု မှတ်ထင်ကုန်လျက်နေသော ရဟန်း ပုဏ္ဏားတို့သည် ကြိမ်လေးပါးမှ လွတ်မြောက်ခြင်းငှာ မထိုက်ကုန်။ မစင်ကြယ်သော ကိုယ်အကျင့်၊ နှုတ်အကျင့်၊ စိတ်အကျင့်ရှိသော၊ မစင်ကြယ်သော အသက်မွေးခြင်းရှိသော ရဟန်းပုဏ္ဏားတို့သည်လည်း အမြတ်ဆုံးဖြစ်သော ဉာဏ်အမြင်ကို ရခြင်းငှာမထိုက်ကုန်။ ဥပမာ မြစ်ကို ဖြတ်ကူးလိုသော ယောကျ်ားသည် ဖြောင့်စင်းသော အင်ကြင်းပင်ပျိုကို ခုတ်ဖြတ်၍ အထဲ၌ ဆောက်ဖြင့် ကောင်းစွာထွင်းခြင်းမပြုဘဲ အပြင်မှသာ ချောမွတ်အောင် ခုတ်ရွေ ပွတ်တိုက်ခြင်း ပြုကာ မြစ်ထဲသို့ ချသည်ရှိသော် မြစ်ကို ဖြတ်ကူးနိုင်မည် မဟုတ်။ ရေထဲသို့ နစ်မြုပ်သွားဖွယ်သာ ရှိသကဲ့သို့ ဖြစ်၏။

"သာဠှ၊ ဆင်းရဲပင်ပန်းသောအကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်းကို မပြောဆိုဘဲ ထိုအကျင့်ကို အနှစ်သာရဟု မမှတ်ထင်ဘဲနေသော ရဟန်းပုဏ္ဏားတို့သည် ကြိမ်လေးပါးမှ လွတ်မြောက်ခြင်းငှာ ထိုက်ကုန်၏။ စင်ကြယ်သော ကိုယ်အကျင့်၊ နှုတ် အကျင့်၊ စိတ်အကျင့် ရှိသော၊ စင်ကြယ်သော အသက်မွေးခြင်းရှိသော ရဟန်း ပုဏ္ဏားတို့သည် လည်း အမြတ်ဆုံး ဖြစ်သော ဉာဏ်အမြင်ကို ရခြင်းငှာ ထိုက်ကုန်၏။ ဥပမာ မြစ်ကို ဖြတ်ကူးလိုသော ယောကျ်ားသည် ဖြောင့်စင်းသော အင်ကြင်း

ပင်ပျိုကို ခုတ်ဖြတ်၍ အပြင်မှ ယည်း ချော်မှတ်အောင် ခုတ်ရွှေ ပွတ်တိုက်၊ ယထဲ၌ လည်း ကောက်ဖြင့် ကောင်းစွာ ထွင်း၍ လေ့လုပ်ပြီး မြစ်ထဲသို့ ချသည်ရှိသော် သိုမြစ် ကိုဖြတ်ကူးနိုင်ရှိသကဲ့သို့ ဖြစ်၏။

''သာဠှ၊ သူရဲကောင်းသည် မြားဖြင့် ပြုအပ်သည့် များစွာသော ဆန်းကြယ်မှုကိုကဲ့ သိငြားသော်လည်း ''အဝေးသို့ ရောက်အောင် မြားကို ပစ်နိုင်ခြင်း၊ ပစ်မှတ်ကို မလွဲအောင် ပစ်နိုင်ခြင်း၊ ကြီးမားသော ထုထည်ကို ဖောက်ထွင်းနိုင်ခြင်းဟူသော အကြောင်းသုံးပါးဖြင့်သာလျှင် မင်းနှင့် ထိုက်တန်သူ အဖြစ်သို့ ရောက်၏၊

''သာဠှ၊ သူရဲကောင်းသည် မြားကို အဝေးသို့ ရောက်အောင် ပစ်နိုင်သကဲ့သို့၊ အရိယာသာဝကသည် ကောင်းသော တည်ကြည်ခြင်း ရှိ၏။ ကောင်းသော တည်ကြည်ခြင်းရှိသော အရိယာ သာဝကသည် ရုပ်၊ ဝေဒနာ စသော ခန္ဓာ ငါးပါးကို 'ငါ့ဟုတ်၊ ငါဟာ မဟုတ၊ ငါ၏ ကိုယ်မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ မြင်၏။

''သာဠှ၊ သူရဲကောင်းသည် ပစ်မှတ်ကို ပစ်၍ လွဲအောင် ပစ်နိုင်သကဲ့သို့ အရိယာ သာဝကသည် ကောင်းသော အမြင်ရှိ၏။ ကောင်းသော အမြင် ရှိသော အရိယာ သာဝကသည် ''ဤကား ဒုက္ခတည်း၊ ဤကား ဒုက္ခ ဖြစ်ကြောင်းတည်း'' စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သိ၏။

''သာဠှ၊ သူရဲကောင်းသည် ကြီးမားသော ထုထည်ကို ဖောက်ခွဲနိုင်သကဲ့သို့၊ အရိယာသာဝကသည် ကောင်းသော လွတ်မြောက်ခြင်း ရှိ၏။ ကောင်းသော လွတ်မြောက်ခြင်းရှိသော အရိယာ တပည့်သည် ကြီးစွာသော အဝိဇ္ဇာအစိုင်အခဲကို ဖောက်ခွဲနိုင်၏''

## ၃။ ဗလ္လိကာသုတ်

မာတုဂါမများ အဆင် လှခြင်း မလှခြင်း၏ အကြောင်းလေးပါး

၁၉၃။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် မလ္လိကာ မိဖုရားက မေးလျှောက်သဖြင့် ဗုဒ္ဓက ဖြေကြားခဲ့ခြင်း ဖြစ်ပါသည်။

"အရှင်ဘုရား၊ဤလောက၌ အချို့သောမာတုဂါမသည် အဆင်း မလှ၊ ဆင်းရဲ၏။ နည်းသော တန်ခိုးအရှိန်အဝါလည်း ရှိ၏၊

"အချို့သော မာတုဂါမသည်ကား အဆင်း မလှသော်လည်း ချမ်းသာကြွယ်ဝ ကြီးသော တန်ခိုးအရှိန်အဝါ ရှိ၏။

"အချို့သော မာတုဂါမသည် အဆင်းလှသော်လည်း ဆင်းရဲ နွမ်းပါး၍ နည်းသော တန်ခိုး အရှိန်အဝါရှိ၏။

"အချို့သော မာတုဂါမသည်ကား အဆင်းလှ၏။ ချမ်းသာ ကြွယ်ဝ၍ ကြီးသော တန်ခိုးအရှိန်အဝါလည်း ရှိ၏။

"ဤသို့ဖြစ်ရခြင်း၏ အကြောင်း အထောက်အပံ့သည် အဘယ် ပါနည်း"

(၁) 'မလ္လိကာ၊ဤလောက၌အချို့သောမာတုဂါမသည် အမျက် ဒေါသကြီး၏။ရဟန်းပုဏ္ဏားတို့အားထမင်းအဖျော်စသည်တို့ကိုမပေးလှူ၊ သူတစ်ပါးတို့၏လာဘ်ရခြင်း စသည်တို့၌မနာလိုဖြစ်၏။ထိုမာတုဂါမသည် ဖြစ်လေရာ ဘဝတိုင်း၌ အဆင်းမလှသူ၊ ဆင်းရဲနွမ်းပါး၍ တန်ခိုးအရှိန် အဝါ နည်းသူ ဖြစ်ရ၏"

(၂) "မလ္လိကာ၊ ဤလောက၌ အချို့သော မာတုဂါမသည် အမျက်ဒေါသကြီး၏။ သို့သော် ရဟန်းပုဏ္ဏားတို့အား ထမင်းအဖျော် စသည်တို့ကို ပေးလှူ၏။ သူတစ်ပါးတို့၏ လာဘ်ရခြင်း စသည်တို့၌ မနာလိုသော စိတ်မရှိ။ ထိုမာတုဂါမသည် ဖြစ်လေရာဘဝတိုင်း၌ အဆင်း မလှသော်လည်း ချမ်းသာကြွယ်ဝ၍ တန်ခိုးအရှိန်အဝါ ...းသူ ဖြစ်ရ၏"

(၃)"မလ္လိကာ၊ ဤလောက၌ အချို့သော မာတုဂါမသည် အမျက်ဒေါသ နည်း၏၊ သို့သော် ရဟန်းပုဏ္ဏားတို့အား ထမင်းအဖျော် စသည်တို့ကို မပေးလှူ။ သူတစ်ပါးတို့၏ လာဘ်ရခြင်း စသည်တို့၌မနာလို သောစိတ်ရှိ၏။ထိုမာတုဂါမသည် ဖြစ်လေရာဘဝတိုင်း၌ အဆင်းလှသော် လည်း ဆင်းရဲနွမ်းပါးသူ၊ တန်ခိုးအရှိန်အဝါနည်းသူ ဖြစ်သည်။

(၄)"မလ္လိကာ၊ဤလောက၌အချို့သောမာတုဂါမသည်အမျက် ဒေါသနည်း၏။ ရဟန်းပုဏ္ဏားတို့အားလည်း ထမင်းအဖျော် စသည်တို့ကို ပေးလှူ၏။ သူတစ်ပါးတို့၏ လာဘ်ရခြင်း စသည်တို့၌လည်း မနာလို

သော စိတ်မရှိ။ ထိုမာတုဂါမသည် ဖြစ်လေရာဘဝတိုင်း၌ အဆင်းလှ၍ ချမ်းသာ ကြွယ်ဝပြီး တန်ခိုးအရှိန်အဝါကြီးသူ ဖြစ်ရ၏''

''မလ္လိကာ၊ မာတုဂါမတို့၏ အဆင်းလှသူ၊ မလှသူ စသည်ဖြစ်ရခြင်း၏ အကြောင်းအထောက်အပံ့ကား ဆိုခဲ့ပြီးသော အကြောင်းတို့ ပင်တည်း''

''အရှင်ဘုရား၊ တပည့်တော်သည် တစ်ပါးသော ဘဝ၌ အမျက်ဒေါသ ကြီးသူဖြစ်ခဲ့ဟန် တူပါသည်၊ ထို့ကြောင့်ပင် ယခုဘဝ၌အဆင်း မလှသူ ဖြစ်နေရပါသည်''

''အရှင်ဘုရား၊ တပည့်တော်သည် တစ်ပါးသော ဘဝ၌ ရဟန်းပုဏ္ဏားတို့အား ထမင်းအဖျော် စသည်တို့ကို ပေးလှူခဲ့ဟန် တူပါသည်။ ထို့ကြောင့်ပင် ယခုဘဝ၌ ချမ်းသာ ကြွယ်ဝသူ ဖြစ်နေရပါသည်''

''အရှင်ဘုရား၊ တပည့်တော်သည် တစ်ပါးသောဘဝ၌ သူတစ်ပါးတို့၏ လာဘ်ရခြင်း စသည်တို့၌ မနာလိုသော စိတ်မရှိသူ ဖြစ်ခဲ့ဟန် တူပါသည်။ ထို့ကြောင့်ပင် ယခုဘဝ၌ တန်ခိုးအရှိန်အဝါကြီးသူ ဖြစ်နေရပါသည်''

''အရှင်ဘုရား၊ တပည့်တော်သည် ယနေ့မှစ၍ အမျက်ဒေါသ မကြီးသူ ဖြစ်ပါတော့မည်၊ ရဟန်းပုဏ္ဏားတို့အား ထမင်း အဖျော်စသည်တို့ကို ပေးလှူသူ ဖြစ်ပါတော့မည်။ သူတစ်ပါးတို့၏ လာဘ်ရခြင်း စသည်တို့၌ မနာလိုသော စိတ်မရှိသူ ဖြစ်ပါတော့မည်''ဟု မလ္လိကာက လျှောက်ကြားလေသည်။

## ၈။ အတ္တန္တပသုတ်

မိမိကိုယ်ကို ပူပန်စေသူ စသောပုဂ္ဂိုလ်လေးမျိုး

၁၉၈။ (၁) မိမိကိုယ်ကို ပူပန်စေရန် အားထုတ်သူ၊
(၂) သူတပါးကို ပူပန်စေရန် အားထုတ်သူ၊
(၃) မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို ပူပန်စေရန် အားထုတ်သူ၊

(၄) မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို ပူပန်စေရန်
အားမထုတ်ဘဲ ငြိမ်းအေးချမ်းသာစွာနေသူ၊

ဤသို့ ပုဂ္ဂိုလ် လေးမျိုးရှိသည်။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အဝတ်မဝတ်ခြင်း၊ ရပ်လျက် ကျင်ကြီးကျင်ငယ် စွန့်ခြင်း၊ ရက်ခြား၍ အစာစားခြင်း၊ ဟင်းရွက်စိမ်း၊ စပါးစိမ်း၊ မြက်သီး ဆန် စသည်တို့ကို စားခြင်း၊ ပိုက်ဆံလျှော်အဝတ်၊ ပံ့သကူအဝတ်၊ သစ်ခေါက်အဝတ်ကို ဝတ်ခြင်း စသည့်ကိုယ်ခန္ဓာဆင်းရဲပင်ပန်းကြောင်း အကျင့်အမျိုးမျိုးကို ကျင့်၏။ဤပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်စေရန် အားထုတ်သူ မည်၏။ (၁)

ဤလောက၌ သိုးသတ်သမား၊ ဝက်သတ်သမား၊ ငှက်သတ်သမား၊ သားသတ်သမား၊ မုဆိုး၊ တံငါသည်၊ သူခိုး၊ သူခိုးဘတ်သမား၊ နွားသတ်သမား၊ အချုပ်တောင်စောင့် အစရှိသည့် ရက်စက်ကြမ်းကြုတ်မှုကိုပြုလုပ်သူများသည် သူတစ်ပါးကို ပူပန်စေရန်အားထုတ်သူမည်၏။ (၂)

ဤလောက၌ ဘိသိက်ခံယူထားသည့် မင်းသော် လည်းကောင်း၊ ပစ္စည်းဥစ္စာ လွန်စွာကြွယ်ဝသည့် ပုဏ္ဏားမျိုးသော်လည်းကောင်းဖြစ်သည့် အချို့သော ပုဂ္ဂိုလ်သည် မြို့၏ အရှေ့ဘက်၌ ယဇ်ပူဇော်ရာ အိမ်သစ်ကို ဆောက်လုပ်စေ၍ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ပြီး ခွာနှင့်တကွသော သစ်နက်ရေကို ဝတ်ရုံ၏။ ထို့နောက် ထောပတ်ဆီတို့ဖြင့် ကိုယ်ကိုလိမ်းကျံပြီး သားချိုဖြင့် ကျောက်ကုန်းကို အယားဖျောက်ကာ မိဖုရား၊ပုရောဟိတ်ဆရာတို့နှင့်အတူ ယဇ်အိမ်သို့ဝင်၏။ ယဇ်အိမ်၌ နွားချေးစိုဖြင့် လိမ်းကျံထားသည့် မြေပေါ်ဝယ် အခင်းမခင်းဘဲ အိပ်၏။ မိခင်နှင့် အရောင်အဆင်းတူသည့် သားငယ်ရှိသော နွားမတစ်ကောင်၏နို့ တိုင်တစ်ခုမှထွက်သောနို့ရည်ဖြင့် ထိုမင်းသည် မျှတ၏၊ ဒုတိယနို့တိုင်မှထွက်သောနို့ရည်ဖြင့် မိဖုရားသည် မျှတ၏။ တတိယနို့တိုင်မှထွက်သော နို့ရည်ဖြင့် ပုရောဟိတ်သည် မျှတ၏။ စတုတ္ထ နို့တိုင်မှထွက်သော နို့ရည်ဖြင့် မီးပူဇော်၏။ ကြွင်းသောနို့ရည်ဖြင့် နွားငယ်သည် မျှတရ၏။

ထိုမင်းသည် ''ယဇ်ပူဇော်ရန်အတွက် နွားလားမည်မျှကို သတ်ရမည်။ နွားပေါက်၊ နွားမတမ်း၊ ဆိတ်၊ သိုး၊ မြင်း ပည်မျှတို့ကို သတ်ရမည်။ ယဇ်တိုင်လုပ်ရန် သစ်ပင်မည်မျှကို ခုတ်ဖြတ်ရမည်။ အခင်းနှင့်အကာအတွက် မြေဇာမြက် မည်မျှရိတ်ရမည်''ဟု ဆင့်ဆို၏။ ထိုမင်း၏

ကျေးကျွန်အမှုထမ်းတို့သည် အပြစ်ဒဏ်နှင့် ဘေးရန်ကို ကြောက်ရွံ့နေကြသဖြင့် ငိုကြွေးကာ အမှုကြီးငယ်ကို ပြုလုပ်ကြကုန်၏။ ဤကဲ့သို့သော ပုဂ္ဂိုလ်သည် မိမိ သူတစ်ပါး နှစ်ဦးသားလုံး ပူပန်စေရန် အားထုတ်သူမည်၏။(၃)

ဤလောက၌ တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်သော ဘုရားရှင် ဖြစ်ပေါ်လာ၍ ထိုဘုရားရှင်၏ တရားကို နာရသော အမျိုးကောင်းသားသည် ယုံကြည်မှုရရှိ၍ လူ့ဘောင်မှထွက်ကာ ရဟန်းပြု၏။ ထိုရဟန်းသည် ရဟန်းတို့၏ ဝိနည်းသိက္ခာကို စောင့်စည်းလျက် မကောင်းသောကိုယ်မှု၊ နှုတ်မှုတို့မှ ရှောင်ကြဉ်ပြီး မျက်စိ၊ နားစသည့် ဣန္ဒြေခြောက်ပါးကိုလည်း စောင့်စည်း၏။ သွားခြင်း လာခြင်းစသော လှုပ်ရှားမှု ဟူသမျှ၌ သတိသမ္ပဇဉ်ဖြင့် ပြုလေ့ရှိ၏။

ထိုရဟန်းသည် ဆွမ်းကိစ္စပြီးသော နေ့လယ်ခင်းအချိန်တွင် ဆိတ်ငြိမ်ရာအရပ်၌ ထက်ဝယ်ဖွဲ့ခွေကာ ကိုယ်ကို မတ်မတ်ထား၍ ထိုင်ပြီး ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှုသတိကို ဖြစ်စေ၏။

အဘိဇ္ဈာနှင့် ဗျာပါဒတို့ကို ပယ်ဖျောက်၍ စိတ်ကိုနီဝရဏတရားတို့မှ စင်ကြယ်စေခြင်း၊ စိတ်ကို ညစ်ညူးစေ၍ အသိဉာဏ်ကိုလည်း အားနည်းစေတတ်သည့် နီဝရဏငါးပါးကို ပယ်ခွာပြီးသော ထိုရဟန်းသည် ကာမဂုဏ်နှင့် အကုသိုလ်တရားတို့မှ ကင်းကွာဆိတ်သုဉ်းပြီး ပထမဈာန်စသော ဈာန်အဆင့်ဆင့်သို့ ရောက်၍ နေ၏။

ထိုရဟန်းသည် ဈာန်၏အစွမ်းအားဖြင့် တည်တံ့၊ ကြံ့ခိုင်သော စိတ်ကို မိမိအလိုရှိရာသို့ ရှေးရှုညွတ်စေသည်ရှိသော် မိမိ၏ဘဝဟောင်းတို့ကို ပြန်ပြောင်းအောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်၊ သတ္တဝါတို့၏ သေခြင်း၊ ဖြစ်ခြင်းကိုသိနိုင်သော စုတူပပါတဉာဏ်၊ အာသဝေါတရားများ ကုန်ခန်းကြောင်းဖြစ်သော အာသဝက္ခယဉာဏ်တို့ကို ဆိုက်ရောက်လေ၏။ ဤရဟန်းသည် မိမိသူတစ်ပါး နှစ်ဦးသားလုံး ပူပန်စေရန် အားမထုတ်ဘဲ ငြိမ်းအေး ချမ်းသာစွာ နေသူမည်၏ဟု ဟောကြားပါသည်။(၄)

(ဤပုဂ္ဂိုလ်လေးမျိုး အကြောင်းကို မဇ္ဈိမနိကာယ်ကန္ဒရကသုတ်၌လည်း ရှုနိုင်ပါသည်။)

## ၉။ တဏှာသုတ်

တဏှာ၏ သုတ္တိလေးပါးနှင့် တဏှာအပြား ၁၀၈-ပါး

၁၉၉။ ရဟန်းတို့၊ အကြင်တဏှာဖြင့် လွှမ်းမိုးအပ်၊ မြှေးယှက်အပ် သောသတ္တဝါအပေါင်းသည် ရက်ကန်းချည် ထွေးကဲ့သို့ လည်းကောင်း၊ စာပေါင်းသိုက်ကဲ့သို့ လည်းကောင်း၊ ဖြူဆံမြက် ပြိန်းမြက်ကဲ့သို့ လည်းကောင်း ဖြစ်လျက် အပါယ်လေးပါးနှင့် သံသရာဝဋ်ဆင်းရဲကို မလွန် မြောက်နိုင်ဘဲ ရှိနေကြသည်။ ကွန်ရက်နှင့်တူသော မြစ်ရေစီးနှင့်တူသော ကပ်ငြိတတ်သော ထိုတဏှာကို သင်တို့အား ငါဟောကြားပေအံ့။

ရဟန်း တို့၊ ထိုတဏှာဟူသည် အဘယ်နည်း။ ရဟန်းတို့၊ တဏှာ ဟူသည် မိမိ၏ ခန္ဓာငါးပါးကို စွဲ၍ဖြစ်သော တဏှာဝိစရိတ် ၁၈-ပါး၊ သူတစ်ပါးတို့၏ ခန္ဓာငါးပါးကို စွဲ၍ဖြစ်သော တဏှာဝိစရိတ် ၁၈-ပါး တို့ပင်တည်း။[၁]

### မိမိကိုစွဲ၍ဖြစ်သော တဏှာ ၁၈-ပါး

ရဟန်းတို့၊ မိမိတို့၏ခန္ဓာငါးပါးကို စွဲ၍ဖြစ်သော တဏှာဝိစရိတ် ၁၈-ပါးဟူသည် အဘယ်နည်း။

(၁) ငါဖြစ်၏ဟု စွဲယူခြင်းရှိလတ်သော်
(၂) ငါသည် ဤသို့သော အမျိုးအားဖြင့် ဖြစ်၏။
(၃) ငါသည် ဤသူကဲ့သို့ ဖြစ်၏။
(၄) ငါသည် ဤသူနှင့်တူဘဲ တစ်ပါးသော အခြင်းအရာအား ဖြင့် ဖြစ်၏။
(၅) ငါသည် မပြက်စဲ အမြဲတည်နေသူ ဖြစ်၏။
(၆) ငါသည် ပျက်စီးပြိုကွဲ မမြဲသူဖြစ်၏။
(၇) ငါသည် ဖြစ်ရလေသလော။
(၈) ငါသည် ဤသို့သောအမျိုးအားဖြင့် ဖြစ်ရလေသလော။

---

၁။ တဏှာဝိစရိတ တဏှာဝိစရိတ်၊ တဏှာ အမျိုးမျိုးဖြစ်ပုံ

(၉) ငါသည် ဤသူကဲ့သို့ ဖြစ်လေသလော။

(၁၀) ငါသည် ဤသူနှင့် မတူဘဲ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်လေသလော။

(၁၁) ငါသည် ဖြစ်ပါမူ ကောင်းလေစွ။

(၁၂) ငါသည် ဤသို့သော အမျိုးအားဖြင့် ဖြစ်ပါမူ ကောင်းလေစွ။

(၁၃) ငါသည် ဤသူကဲ့သို့ဖြစ်ပါမူ ကောင်းလေစွ။

(၁၄) ငါသည် ဤသူနှင့်မတူဘဲတစ်ပါးသော အခြင်းအရာအားဖြင့်ဖြစ်ပါမူ ကောင်းလေစွ။

(၁၅) ငါသည် ဖြစ်လိမ့်မည်။

(၁၆) ငါသည် ဤသို့သော အမျိုးအားဖြင့် ဖြစ်လိမ့်မည်။

(၁၇) ငါသည် ဤသူကဲ့သို့ ဖြစ်လိမ့်မည်။

(၁၈) ငါသည် ဤသူနှင့် မတူဘဲ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်လိမ့်မည်။

ဟူ၍ (တဏှာမာနဒိဋ္ဌိတို့ဖြင့်) စွဲယူခြင်းတို့သည် မိမိ၏ခန္ဓာ ငါးပါးကို စွဲ၍ဖြစ်သော တဏှာဝိစရိတ် ၁၈-ပါးတို့ပင်တည်း။

**သူတစ်ပါးကိုစွဲ၍ဖြစ်သော တဏှာဝိစရိတ် ၁၈ ပါး**

သူတစ်ပါး၏ ခန္ဓာငါးပါးကို စွဲ၍ဖြစ်သော တဏှာဝိစရိတ် ၁၈-ပါးဟူသည် အဘယ်နည်းဆိုသော်-

(၁) ''ငါသည် ဤမည်သော ခန္ဓာဖြင့် ဖြစ်၏''ဟု စွဲယူခြင်းရှိလတ်သော်

(၂) ငါသည် ဤမည်သောခန္ဓာဖြင့်ဤသို့သော အမျိုးအားဖြင့် ဖြစ်၏။

(၃) ငါသည် ဤမည်သော ခန္ဓာဖြင့် ဤသူကဲ့သို့ ဖြစ်၏။

(၄) ငါသည် ဤမည်သော ခန္ဓာဖြင့် ဤသူနှင့်မတူဘဲတစ်ပါး သောအခြင်းအရာ အားဖြင့် ဖြစ်၏။

(၅) ငါသည်ဤမည်သော ခန္ဓာဖြင့် တည်မြဲသူဖြစ်၏။

(၆) ငါသည်ဤမည်သောခန္ဓာဖြင့် မတည်မြဲသူဖြစ်၏။

(၇) ငါသည် ဤမည်သော ခန္ဓာဖြင့် ဖြစ်လေသလော။

(၈) ငါသည်ဤမည်သောခန္ဓာဖြင့် ဤသို့သော အမျိုးဇာတ်ရှိသူ ဖြစ်သလော။

(၉) ငါသည်ဤမည်သောခန္ဓာဖြင့် ဤသူကဲ့သို့ဖြစ်လေသလော။

(၁၀) ငါသည်ဤမည်သော ခန္ဓာဖြင့် ဤသူနှင့် မတူဘဲတစ်ပါး သောအခြင်းအရာအားဖြင့် ဖြစ်လေသလော။

(၁၁) ငါသည်ဤမည်သော ခန္ဓာဖြင့် ဖြစ်ပါမူ ကောင်းလေစွ။

(၁၂) ငါသည် ဤမည်သော ခန္ဓာဖြင့် ဤသို့သော အမျိုးဇာတ် ရှိသူ ဖြစ်ပါမူကောင်းလေစွ။

(၁၃) ငါသည် ဤမည်သော ခန္ဓာဖြင့် ဤသူကဲ့သို့ ဖြစ်ပါမူ ကောင်းလေစွ။

(၁၄) ငါသည် ဤမည်သောခန္ဓာဖြင့် ဤသူနှင့်မတူဘဲ တစ်ပါး သောအခြင်းအရာ အားဖြင့် ဖြစ်ပါမူကောင်းလေစွ။

(၁၅) ငါသည်ဤမည်သော ခန္ဓာဖြင့် ဖြစ်လိမ့်မည်။

(၁၆) ငါသည် ဤမည်သော ခန္ဓာဖြင့်ဤသို့သော အမျိုးဇာတ် ရှိသူဖြစ်လိမ့်မည်။

(၁၇) ငါသည် ဤမည်သော ခန္ဓာဖြင့်ဤသူကဲ့သို့ ဖြစ်လိမ့်မည်။

(၁၈) ငါသည်ဤမည်သောခန္ဓာဖြင့် ဤသူနှင့်မတူဘဲ တစ်ပါး သောအခြင်းအရာ အားဖြင့် ဖြစ်လိမ့်မည်-

ဟူ၍စွဲယူခြင်းတို့သည် ဖြစ်ကုန်၏။ ဤစွဲယူခြင်းတို့သည်သူတစ်ပါး၏ခန္ဓာ ငါးပါးကို စွဲ၍ဖြစ်သော တဏှာဝိစရိက် ၁၈-ပါးတို့ပေတည်း။

ရဟန်းတို့၊ဤသို့လျှင် မိမိ၏ခန္ဓာ ငါးပါးကိုစွဲ၍ဖြစ်သော တဏှာဝိစရိတ် ၁၈-ပါး၊ သူတစ်ပါး၏ ခန္ဓာငါးပါးကိုစွဲ၍ဖြစ်သော တဏှာဝိစရိတ် ၁၈-ပါး အားဖြင့် ၃၆ ပါး ဖြစ်၏။

တစ်ဖန်-

အတိတ်ကာလ၌ ဖြစ်သော တဏှာဝိစရိတ် ၃၆ ပါး၊ အနာဂတ်ကာလ၌ဖြစ်သော တဏှာဝိစရိတ် ၃၆ ပါး၊ ပစ္စုပ္ပန်ကာလ၌ ဖြစ်သော တဏှာဝိစရိတ် ၃၆ ပါးအားဖြင့် ၁၀၈ ပါးဖြစ်၏။

ရဟန်းတို့၊ ကွန်ရက်နှင့်တူသော ၊ရွှေ့လျားတတ်၊ပျံ့နှံ့တတ် ကပ်ငြိတတ်သော ထိုတဏှာဟူသည် ဤသည်ပင်တည်းဟု ဟောကြားပါသည်။

## ၁၀။ ပေမသုတ်

### ချစ်ခြင်း၊ မုန်းခြင်း ဖြစ်ပုံလေးမျိုး

၂၀၀။ (၁) ချစ်ခြင်းကြောင့် ချစ်ခြင်းသည် ဖြစ်၏။

(၂) ချစ်ခြင်းကြောင့် မုန်းခြင်းသည် ဖြစ်၏။

(၃) မုန်းခြင်းကြောင့် ချစ်ခြင်းသည် ဖြစ်၏။

(၄) မုန်းခြင်းကြောင့် မုန်းခြင်းသည် ဖြစ်၏။

ဤသို့ ချစ်ခြင်း၊ မုန်းခြင်းတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်း လေးပါး ရှိသည်။

ထိုလေးပါးတို့တွင် မိမိလိုလား နှစ်သက်သူအား တစ်ပါးသောသူတို့က နှစ်သက်မြတ်နိုးသောစကားဖြင့် ပြောဆိုသည်ကို ကြားရသည့်အခါ ထိုသို့ပြောဆိုသူများ အပေါ်၌လည်း ချစ်ခင်ခြင်းသည် ဖြစ်၏။ ဤသို့လျှင် ချစ်ခြင်းကြောင့် ချစ်ခြင်းဖြစ်ပေါ်၏။ (၁)

မိမိလိုလား နှစ်သက်သူအားတစ်ပါးသောသူတို့က မနှစ်သက်သောစကားဖြင့် ပြောဆိုသည်ကို ကြားရသည့်အခါ ထိုသို့ ပြောဆိုသူများအပေါ်၌ မုန်းခြင်းသည် ဖြစ်ပေါ်၏။ ဤသို့လျှင် ချစ်ခြင်းကြောင့်မုန်းခြင်းသည် ဖြစ်၏။ (၂)

မိမိမလိုလား မနှစ်သက်သူအား တစ်ပါးသော သူတို့က မနှစ်သက်သော စကားတို့ဖြင့် ပြောဆိုသည်ကို ကြားရသည့်အခါ ထိုသို့ ပြောဆိုသူများ အပေါ်၌ ချစ်ခြင်းသည် ဖြစ်၏။ ဤသို့လျှင် မုန်းခြင်းကြောင့် ချစ်ခြင်းသည် ဖြစ်၏။(၃)

မိမိမလိုလား မနှစ်သက်သူအား တစ်ပါးသော သူတို့က မြတ်နိုးနှစ်သက်သော စကားဖြင့် မပြောဆိုသည်ကို ကြားရသည့်အခါ ထိုသို့ ပြောဆိုသူများ အပေါ်၌ မုန်းခြင်းသည် ဖြစ်၏။ ဤသို့လျှင် မုန်းခြင်းကြောင့် မုန်းခြင်း ဖြစ်၏။(၄)

ချစ်ခြင်း၊ မုန်းခြင်း မဖြစ်သူ

ဆိုအပ်ပြီးသော ချစ်ခြင်း၊ မုန်းခြင်း လေးမျိုးတို့သည် ပထမစျာန်အစရှိသော စျာန်လေးပါးကို ဝင်စားသော ပုဂ္ဂိုလ်အား ထိုသို့ဝင်စားနေချိန်တွင် မဖြစ်ပေါ်နိုင်။

အာသဝေါတရား ကင်းသည့် အရဟတ္တဖိုလ် တည်းဟူသော လွတ်မြောက်မှုကို မျက်မှောက်ပြု၍နေသော ရဟန်းအား ထိုချစ်ခြင်း၊မုန်းခြင်း လေးမျိုးတို့သည် အကြွင်းမဲ့ပယ်အပ်ပြီး ဖြစ်ကုန်၏။ ထိုရဟန်းကို 'မိမိကိုယ်မိမိ ချီးမြှောက်သူ၊ ဆန့်ကျင်ဘက်ပြု၍ မချီးမြှောက်သူ၊ အခိုးမလွှတ်သူ၊ အလျှံမလွှတ်သူ၊ မကြံမှိုင်သူ'ဟူ၍ ဆိုအပ်၏။

'ရုပ်၊ ဝေဒနာစသော ခန္ဓာငါးပါးသည် အတ္တဖြစ်၏' စသောအားဖြင့် ရှုသူသည် မိမိကိုယ်မိမိ ချီးမြှောက်သူမည်၏၊ ထိုကဲ့သို့ မရှုသူသည် မိမိကိုယ်မိမိ မချီးမြှောက်သူမည်၏။

မိမိကို ဆဲရေးသူအား ပြန်၍ဆဲရေးသူ၊ မိမိကို ထိပါးချုပ်ချယ်သူအား ပြန်၍ထိပါးချုပ်ချယ်သူ၊ မိမိကို ရန်ပြုသူအား ပြန်၍ရန်ပြုသူသည် ဆန့်ကျင်ဘက်ပြု၍ မိမိကိုယ်မိမိ ချီးမြှောက်သူမည်၏။ ထိုသို့မပြန်သူသည် ဆန့်ကျင်ဘက်ပြု၍ မိမိကိုယ်မိမိ မချီးမြှောက်သူမည်၏။

''ငါ ဟူသည်ဖြစ်၏''ဟု စွဲယူခြင်းရှိလတ်သော် ''ငါသည်ဤသို့သော အမျိုးဇာတ်ရှိသူ ဖြစ်၏'' စသောစွဲယူခြင်းသည် ဖြစ်၏။ ထိုသို့စွဲယူသော ရဟန်းသည် အခိုးလွှတ်သူ မည်၏။ ထိုသို့မစွဲယူသော ရဟန်းသည် အခိုးမလွှတ်သူ မည်၏။

"ငါသည် ဤမည်သောခန္ဓာဖြင့်ဖြစ်၏"ဟု စွဲယူခြင်းရှိလတ်သော် "ငါသည် ဤမည်သော ခန္ဓာဖြင့် ဤသို့သော အမျိုးဇာတ်ရှိသူ ဖြစ်၏။ ဤသူကဲ့သို့ ဖြစ်၏" စသော စွဲယူခြင်းသည် ဖြစ်၏။ ထိုသို့စွဲယူသော ရဟန်းသည် အလျှံလွှတ်သူ မည်၏။ ထိုသို့မစွဲယူသော ရဟန်းသည် အလျှံမလွှတ်သူမည်၏"

'ငါ' ဟူသောမာနကို မပယ်ရသေးသော ရဟန်းသည် ကြံမှိုင်သူမည်၏။ ငါဟူသော မာနကို ပယ်ပြီးသော ရဟန်းသည် မကြံမှိုင်သူမည်၏ဟု ဟောကြားပါသည်။

## ၂၁။ သပ္ပုရိသဝဂ်

### ၁။ သိက္ခာပဒသုတ်

သိက္ခာပုဒ်ငါးပါးနှင့် ပုဂ္ဂိုလ်လေးမျိုး

၂၀၁။ (၁) သူယုတ်မာ၊
(၂) သူယုတ်မာထက်သူယုတ်မာ၊
(၃) သူတော်ကောင်း၊
(၄) သူတော်ကောင်းထက်သူတော်ကောင်း၊

ဤသို့ ပုဂ္ဂိုလ်လေးမျိုး ရှိသည်။

ထိုပုဂ္ဂိုလ် လေးမျိုးတို့တွင် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း စသော သိက္ခာပုဒ်ငါးပါးကို ကျူးလွန်လေ့ရှိသူသည် 'သူယုတ်မာ' မည်၏။

ထိုသိက္ခာပုဒ်ငါးပါးကို ကိုယ်တိုင်လည်းကျူးလွန်၊ သူတစ်ပါးကိုလည်း ကျူးလွန်ရန်ဆောက်တည်စေသူသည် 'သူယုတ်မာထက်သူယုတ်မာ' မည်၏။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော သိက္ခာပုဒ်ငါးပါးကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်လေ့ရှိသူသည် 'သူတော်ကောင်း'မည်၏။

ထိုသိက္ခာပုဒ် ငါးပါးကို ကျူးလွန်ခြင်းမှ ကိုယ်တိုင်လည်းရှောင်ကြဉ်၊ သူတစ်ပါးကိုလည်း ရှောင်ကြဉ်ရန် တိုက်တွန်းသူသည် 'သူတော်ကောင်းထက် သူတော်ကောင်း' မည်၏ဟု ဟောကြားပါသည်။

## ၂။ အသုဒ္ဓသုတ်

### သဒ္ဓါမရှိသူစသော ပုဂ္ဂိုလ်လေးမျိုး

၂၀၂။ သူယုတ်မာ၊ သူယုတ်မာထက် သူယုတ်မာ စသည်ဖြင့် ပုဂ္ဂိုလ်လေးမျိုး ရှိ၏။ အကြင်သူသည် သဒ္ဓါမရှိ၊ ရှက်ခြင်း ကြောက်ခြင်း 'ဟိရိ ဩတ္တပ္ပ' မရှိ၊ အကြားအမြင်နည်း၏။ ပျင်းရိ၏။ သတိလွတ်၏။ ပညာမရှိ၊ ထိုသူသည် 'သူယုတ်မာ' မည်၏။

အကြင်သူသည် မိမိလည်းသဒ္ဓါမရှိ၊ သူတစ်ပါးကိုလည်းသဒ္ဓါမရှိခြင်း၌ ဆောက်တည်စေ၏.... မိမိလည်း ပညာမရှိ၊ သူတစ်ပါး ကိုလည်း ပညာမရှိခြင်း၌ ဆောက်တည်စေ၏။ ထိုသူသည်'သူယုတ်မာထက် ယုတ်မာ' မည်၏။

အကြင်သူသည် သဒ္ဓါရှိ၏၊ ရှက်ခြင်းကြောက်ခြင်း 'ဟိရိဩတ္တပ္ပ' ရှိ၏။ အကြားအမြင်များ၏။ ထက်သန်သော လုံ့လရှိ၏။ သတိရှိ၏။ ပညာရှိ၏။ ထိုသူသည်'သူတော်ကောင်း' မည်၏။

အကြင်သူသည်မိမိလည်း သဒ္ဓါနှင့်ပြည့်စုံ၏။ သူတစ်ပါးကိုလည်း သဒ္ဓါနှင့်ပြည့်စုံခြင်း၌ ဆောက်တည်စေ၏ . မိမိလည်း ပညာနှင့်ပြည့်စုံ၏။ သူတစ်ပါးကိုလည်းပညာနှင့်ပြည့်စုံခြင်း၌ ဆောက်တည်စေ၏။ ထိုသူသည် 'သူတော်ကောင်းထက် သူတော်ကောင်း' မည်၏ဟု ဟောကြားပါသည်။

၂၀၃–၂၁၀။ ဒုတိယမှ ဒသမထိ သုတ်တို့၌ သူယုတ်မာ၊ သူယုတ်မာထက်သူယုတ်မာစသော ပုဂ္ဂိုလ်လေးမျိုးကို ကံခုနစ်ပါး၊ ကံဆယ်ပါးစသည်တို့ဖြင့် အလှည့်အပြောင်း အမျိုးမျိုး ပြု၍ဟောကြားပါသည်။ အချုပ်အားဖြင့် ပါဏာတိပါတစသော မကောင်းမှုကို ကိုယ်တိုင်သာလုပ်သူသည် သူယုတ်မာမည်၏။သူတစ်ပါးကိုလည်းလုပ်ရန်တိုက်တွန်း သူသည် သူယုတ်မာထက်သူယုတ်မာမည်၏။ ထိုမကောင်းမှုမှ ကိုယ်တိုင်သာ ရှောင်ကြဉ်သူသည် သူတော်ကောင်း မည်၏။သူတစ်ပါးကိုလည်း ရှောင်ကြဉ်ရန် တိုက်တွန်းသူသည် သူတော်ကောင်းထက်သူတော်ကောင်းမည်၏ဟု ဟောကြားပါသည်။

# ၂၂။ ပရိသာဝဂ်

## ၁။ ပရိသာသုတ်

ပရိသတ်ကို ဖျက်ဆီးသူလေးမျိုး

၂၁၁။ အကျင့်သီလမရှိသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့သည် ပရိသတ်ကို ဖျက်ဆီးသူများ ဖြစ်သည်။ အကျင့်သီလနှင့်ပြည့်စုံသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့သည် ပရိသတ်ကို တင့်တယ်စေသူများဖြစ်သည်ဟု ဟောကြားပါသည်။

## ၂။ ဒိဋ္ဌိသုတ်

မိစ္ဆာဒိဋ္ဌိစသော တရားလေးပါးနှင့် ပြည့်စုံသူ

၂၁၂။ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်၊ မိစ္ဆာဒိဋ္ဌိ ဟူသောတရားလေးပါးနှင့် ပြည့်စုံသူသည် ယူ၍ ပစ်ချသကဲ့သို့ ငရဲ၌ ဖြစ်ရ၏။ ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်၊ သမ္မာဒိဋ္ဌိ ဟူသော တရားလေးပါးနှင့် ပြည့်စုံသူသည် ယူ၍ပစ်ချသကဲ့သို့ နတ်ပြည်၌ ဖြစ်ရသည်။

(ဤသုတ်၌ မိစ္ဆာဒိဋ္ဌိသည် မနောဒုစရိုက်၌အကျုံးဝင်သော်လည်း အပြစ်ကြီးလေးသော တရားဖြစ်သောကြောင့် သီးခြားခွဲ၍ ဟောသည်ဟု အဋ္ဌကထာ၌ ဖွင့်ပါသည်။)

၂၁၃-၂၂၀။ တတိယမှ ဒသမထိသုတ်တို့၌ ငရဲသို့ရောက်မည့်သူ၊ နတ်ပြည်သို့ ရောက်မည့်သူများကို ပဌမသုတ်နည်းတူ အလှည့်အပြောင်း အမျိုးမျိုးဖြင့် ဟောကြားသည်။

# ၃။ ဒုစ္စရိတဝဂ်

## ၁။ ဒုစ္စရိတသုတ်

ဝစီဒုစရိုက် လေးပါး

၂၂၁။ မုသားဆိုခြင်း၊ ကုန်းချောခြင်း၊ ကြမ်းကြုတ်သောစကားကိုပြောခြင်း၊ သိမ်ဖျင်းသော စကားကို ပြောခြင်းတို့သည် ဝစီဒုစရိုက် လေးပါးဖြစ်၏။

မှန်သော စကား ကို ဆိုခြင်း၊ ကုန်းမချောခြင်း၊ နူးညံ့သိမ်မွေ့သော စကားကိုဆိုခြင်း၊ ပညာဖြင့် ချင့်ချိန်၍ ပြောခြင်းတို့သည် ဝစီသုစရိုက် လေးပါးဖြစ်၏ဟု ဟောပါသည်။

၂၂၂-၂၃၀။ ဒုတိယမှ ဒသမထိ သုတ်တို့ကို တူးခြားချက်မရှိလှ သောကြောင့် မဖော်ပြတော့ပါ။

## ၁၁။ ကဝိသုတ်

### ကဝိလေးမျိုး

၂၃၁။ စဉ်းစားကြံစည်ခြင်းဖြင့်ကဗျာကိုဖွဲ့ဆိုနိုင်သော-ဗိန္တာကဝိ၊ ကြားသိခြင်းဖြင့် ကဗျာကို ဖွဲ့ဆိုနိုင်သော-သုတကဝိ၊ တစ်စုံ တစ်ခုသော အနက်အဓိပ္ပာယ်ကို မှီ၍ ကဗျာဖွဲ့ဆိုနိုင်သော-အတ္ထကဝိ၊ တစ်ခဏချင်း မိမိဉာဏ်ဖြင့် ကဗျာဖွဲ့ဆိုနိုင်သော-ပဋိဘာနကဝိ ဟူ၍ ကဝိလေးမျိုးရှိ၏ဟု ဟောသည်။

## ၂၄။ ကမ္မဝဂ်

### ၁။ သံခိတ္တသုတ်

#### ကံလေးမျိုး အကျဉ်း

၂၃၂။ ရဟန်းတို့ ငါသည် ကိုယ်တိုင်ဉာဏ်အထူးဖြင့်မျက်မှောက် ပြု၍ ဟောကြားအပ်သော ကံဟူသည် လေးမျိုး ရှိကုန်၏။ အဘယ် လေးမျိုးတို့နည်း၊ ဆိုသော်-

(၁) မည်းညစ်၍ မည်းညစ်သော အကျိုးရှိသောကံ၊

(၂) ဖြူစင်၍ ဖြူစင်သောအကျိုးရှိသောကံ၊

(၃) မည်းညစ်သည်လည်းဖြစ်၊ ဖြူစင်သည်လည်းဖြစ်၍ မည်း ညစ် သော အကျိုးလည်းရှိ၊ ဖြူစင်သော အကျိုးလည်း ရှိသောကံ၊

(၄) မည်းညစ်သည်လည်း မဟုတ်၊ ဖြူစင်သည်လည်းမဟုတ်၍ မည်းညစ်သောအကျိုးလည်း မရှိ၊ ဖြူစင်သောအကျိုး လည်းမရှိဘဲ ကံကုန်ရန်အလို့ငှာ ဖြစ်သော ကံတို့ဘည်း။

(၁-အကုသိုလ်ကံ။ ၂-ကုသိုလ်ကံ။ ၃-နှစ်ပါးစုံ ရောသောကံ။ ၄-မဂ်ဉာဏ်လေးပါးကိုဆိုလိုကြောင်း အဋ္ဌကထာ၌ဖွင့်ပါသည်။)

## ၂။ ဝိတ္ထာရသုတ်
### ကံလေးမျိုးအကျယ်

၂၃၃။ မည်းညစ်၍ မည်းညစ်သော အကျိုးရှိသောကံ စသည်အားဖြင့် ကံလေးမျိုးရှိသည်။ ထိုတွင်-

(၁) ဤလောက၌ ဆင်းရဲခြင်းနှင့်တကွ ဖြစ်သော ကာယသင်္ခါရ[၁]၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ တို့ကို ပြုလုပ်ဆည်းပူးသူသည် ဆင်းရဲခြင်းရှိသော လောကသို့ရောက်၏။ ထိုသူကို ဆင်းရဲခြင်းနှင့်တကွ ဖြစ်သော ဖဿတို့သည် တွေ့ထိကုန်၏။ ဆင်းရဲခြင်းနှင့်တကွဖြစ်သော ဖဿတို့သည် တွေ့ထိအပ်သော ထိုသူသည် စင်စစ် ဆင်းရဲသော၊ ဆင်းရဲခြင်းနှင့်တကွ ဖြစ်သော ဝေဒနာကို ခံစားရ၏။ ထိုသို့ ခံစားရသည့် သတ္တဝါများကား ငရဲသားများဖြစ်၏။ ဤကံကို မည်းညစ်၍ မည်းညစ်သော အကျိုးရှိသောကံ ဟု ဆိုအပ်၏။

(၂) ဤလောက၌ ဆင်းရဲခြင်းကင်းသော ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတို့ကို ပြုလုပ်ဆည်းပူးသူသည် ဆင်းရဲခြင်းကင်းသော လောကသို့ ရောက်၏။ ထိုသူကို ဆင်းရဲခြင်းကင်းသော ဖဿတို့သည် တွေ့ထိကုန်၏။ ဆင်းရဲခြင်းကင်းသော ဖဿတို့သည် တွေ့ထိအပ်သော ထိုသူသည် စင်စစ် ချမ်းသာသော၊ ဆင်းရဲခြင်းကင်းသော ဝေဒနာကို ခံစားရ၏။ ထိုသို့ခံစားရသည့် သတ္တဝါ များမှာ သုဘကိဏှ ဗြဟ္မာတို့ဖြစ်၏။ ဤကံကို ဖြူစင်၍ ဖြူစင်သော အကျိုးရှိသောကံ ဟု ဆိုအပ်၏။

(၃) ဤလောက၌ ဆင်းရဲခြင်းနှင့်တကွ ဖြစ်သော ကာယ၊ ဝစီ၊ မနော သင်္ခါရတို့ကို လည်းကောင်း၊ ဆင်းရဲခြင်းကင်းသော ကာယ

---

၁။ ဆင်းရဲခြင်းကို [illegible] သော ကိုယ်ဖြင့် ပြုလုပ်မှုဟု ဆိုလိုပါသည်။ သဗျာပဇ္ဈံ [illegible] ပါဠိ-အင်္ဂုတ္တရ။ သဗျာပဇ္ဈန္တိ ဝါဒဒုက္ခံ၊ အတ္တနာ ဥပ္ပါဒေတဗ္ဗေန ဒုက္ခေန သဒုက္ခန္တိ အတ္ထော။ ဒုက္ခသံဝတ္တနိကန္တိ ဝုတ္တံ ဟောတိ။ ဋီကာ ''သဗျာပဇ္ဈ'' ရှိလျှင် ''ဒေါသနှင့်တကွ ဖြစ်သော'' ဟူ၍ လည်းကောင်း ''သဗျာပဇ္ဈ'' ရှိလျှင် ''ဆင်းရဲခြင်း (ဒုက္ခ) နှင့် တကွ ဖြစ်သော'' ဟူ၍ လည်းကောင်း၊ သဒ္ဒါနည်းထွက်ပါသည်။ 'သဗျာပဇ္ဈ ကာယသင်္ခါရ' အရကိုလည်း ကာယဒွါရ၌ဖြစ်သော အကုသိုလ်စေတနာ ၁၂-ပါးကိုယူရမည်ဟု ဋီကာ၌ ဖော်ပြထားပါသည်။ ထို့ကြောင့် ဋီကာဖွင့်နှင့်အညီ ပြန်ဆိုလိုက်ပါသည်။ 'ဆင်းရဲခြင်းနှင့်တကွ ဖြစ်သော ကာယသင်္ခါရ'ဟူသည် ဆင်းရဲခြင်းကို ဖြစ်စေတတ်သော ကာယသင်္ခါရဟု ဆိုလိုပါသည်။

စေစီ၊မနော၊သခ်ါရတို့ကိုလည်းကောင်း ပြုလုပ် ဆည်းပူးသူသည် ဆင်းရဲခြင်း ရှိသည့်လည်းခြင်း၊ ဆင်းရဲခြင်းမရှိသည့်လည်းဖြစ်သော လောကသို့ရောက်၏။ ထိုသူကိုဆင်းရဲခြင်း ရှိသော ဖဿတို့သည် လည်းကောင်း၊ ဆင်းရဲခြင်းမရှိသောဖဿကိုသည် လည်းကောင်း၊ တွေ့ထိကုန်၏။ထိုဖဿတို့ တွေ့ထိအပ်သောသူသည် ရောပြွမ်းသော ချမ်းသာဆင်းရဲရှိသော ဝေဒနာကိုခံစားရ၏။ ထိုသတ္တဝါများမှာ လူ အချို့သောနတ်၊ အချို့သော ဂေမာကပြိတ္တာတို့ ဖြစ်၏။ ဤကံကို 'မည်းညစ်သည်လည်းမဖြစ်၊ ဖြူစင်သည်လည်းဖြစ်၍မည်းညစ် သောအကျိုးလည်းရှိ၊ဖြူစင်သောအကျိုးလည်းရှိသောကံ' ဟု ဆိုအပ်၏။

(၄) ဆိုအပ်ပြီးသောကံသုံးမျိုးကိုပယ်ခြင်းအလို့ငှာ ဖြစ်သောစေ့ဆော်မှု (ပဂ်းစေတနာ) ကို မည်းညစ်သည်လည်းမဟုတ်၊ ဖြူစင်သည်လည်း မဟုတ်၍၊ မည်းညစ်သောအကျိုးလည်းမရှိ ဖြူစင်သောအကျိုးလည်းမရှိဘဲကံကုန်ခြင်းအလို့ငှာဖြစ်သောကံ' ဟုဆိုအပ်၏ ဟူ၍ဟောကြားပါသည်။

(ဤသုတ်၌ကာယဒွါရ၌ဖြစ်သောစေတနာကို ကာယသခ်ါရ၊ ဝစီဒွါရ၌ဖြစ်သောစေတနာကိုဝစီသခ်ါရ၊မနောဒွါရ၌ ဖြစ်သောစေတနာကို မနောသခ်ါရဟု ခေါ်ပါသည် )

## ၃။ သောဏကာယနသုတ်

### သောဏကာယနလုလင်နှင့် ကံလေးပါး

၂၃၄။ အခါတစ်ပါး၌ သိခါ မောဂ္ဂလ္လာနအမည်ရှိသောပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်၍ ဤသို့လျှောက်၏-

"အရှင်ဂေါတမ၊ ယခင်ယခင်နေ့များ၌ သောဏကာယနလုလင်သည်ကျွန်ုပ်ထံ ... ၍ 'ဟောနေဂေါတမ၊ ကံအားလုံးကို မပြုအပ်ဟုဆိုပါသည်။ ကံအားလုံးကိုမပြုအပ်ဟုဆိုသူသည် လောက၏ ပြတ်ခြင်းကိုဆိုရာ မရောက်ပါသည်။ ဤလောကသည်ကံပြုခြင်းဖြင့်ရှိပါသည်။ ကံကို အားထုတ်ခြင်းဖြင့် တည်တံ့၍နေပါသည်' ဟု ပြောဆိုသည်။"

ထိုအခါ မြတ်စွာဘုရားက "ပုဏ္ဏား၊ ငါသည် သောဏကာယန လုလင်အား တွေ့မြင်မိခြင်းကိုပင်မမှတ်မိ။ ဤသို့သောစကား ပြောဆိုခြင်း ကား အဘယ်မှာ ရှိအံ့နည်း" ဟုမိန့်ကြားပြီး အထက်သုတ်နည်းတူ ကံလေးမျိုးကို အကျယ်ဟောတော်မူသည်။

(သောဏကာယန လုလင်ကား သိခါမောဂ္ဂလ္လာန ပုဏ္ဏား၏ တပည့် ပင်ဖြစ်သည်ဟု ဆိုပါသည်။)

## ၄။ ပထမသိက္ခာပဒသုတ်

### သိက္ခာပုဒ်ငါးပါးနှင့် ကံလေးမျိုး

၂၃၅။ မည်းညစ်၍ မည်းညစ်သော အကျိုးရှိသောကံ စသည် အားဖြင့် ကံလေးမျိုးရှိသည်။ ထိုတွင်-

(၁) လောက၌ အချို့သောသူသည် သူ့အသက် သတ်လေ့ရှိ၏။.... မူးယစ် မေ့လျော့ခြင်း အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်လေ့ရှိ၏။ ဤကံသည်မည်းညစ်၍မည်းညစ်သောအကျိုး ရှိသော ကံမည်၏။

(၂) လောက၌ အချို့သူသည်သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်လေ့ ရှိ၏။....သေရည် သေရက် သောက်ခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏။ ဤကံသည် ဖြူစင်၍ ဖြူစင်သော ကံမည်၏။

(၃) လောက၌ အချို့သူသည် ဆင်းရဲခြင်းနှင့်ထက်ဖြစ်သော ကာယ၊ ဝစီ၊မနောသင်္ခါရတို့ကို လည်းကောင်း၊ ဆင်းရဲခြင်းကင်းသော ကာယ၊ဝစီ၊ မနောသင်္ခါရတို့ကို လည်းကောင်း ပြုလုပ်ဆည်းပူး ၏။ ဤကံသည် မည်းညစ်သည်လည်းဖြစ်၊ဖြူစင်သည်လည်းဖြစ်၍ မည်းညစ်သောအကျိုးလည်းရှိ၊ဖြူစင်သော အကျိုးလည်းရှိသော ကံမည်၏။

(၄) ဆိုအပ်ပြီးသောသုံးမျိုးကိုပယ်ခြင်း အလို့ငှာဖြစ်သော စေ့ဆော် မှုသည် မည်းညစ်သည်လည်းမဟုတ်၊ ဖြူစင်သည်လည်း မဟုတ်၊ မည်းညစ်သောအကျိုးလည်းမရှိ၊ ဖြူစင်သောအကျိုးလည်းမရှိဘဲ ကံကုန်ခြင်းအလို့ငှာ ဖြစ်သောကံ မည်၏ဟူ၍ ဟောကြား ပါသည်။

၂၃၆။ ဒုတိယ သိက္ခာပဒသုတ်၌ အမိကိုသတ်ခြင်း၊ အဖကိုသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ မြတ်စွာဘုရားအား ပြစ်မှားလိုသောစိတ်ဖြင့် သွေးကိုဖြစ်စေခြင်း၊ သံဃာကိုထင်းခွဲခြင်းဟူသော ကံတို့သည်မည်းညစ်၍ မည်းညစ်သော အကျိုးရှိကာ ကံမည်၏။ ပါဏာတိပါတစသော ဒုစရိုက်ဆယ်ပါးမှ ရှောင်ကြဉ်ခြင်းသည် ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံမည်၏ဟု ဟောသည်။ ကြွင်းကံနှစ်ပါးကို ရှေ့သုတ်နည်းတူဟောသည်။

၂၃၇-၂၄၀။ ဆဋ္ဌမှဒသမထိသုတ်တို့၌ ထူးခြားချက်မရှိ၍မဖော်ပြတော့ပါ။

## ၁၀။ သမဏသုတ်

### သာသနာတော်၌သာ ရနိုင်သော ရဟန်းလေးမျိုး

၂၄၁။ ဤသာသနာတော် ၌သာလျှင် သောတာပန် ဟူသော ပထမရဟန်း၊ သကဒါဂါမိ ဟူသော ဒုတိယရဟန်း၊ အနာဂါမိဟူသော တတိယရဟန်း၊ရဟန္တာ ဟူသော စတုတ္ထရဟန်းကို ရနိုင်၏။ တစ်ပါးသော ဆယူဝါဒတို့သည် သစ္စာလေးပါးကို သိမြင်သော ရဟန်းတို့မှ ဆိတ်သုဉ်းကုန်၏ဟူ ဟောကြားပါသည်။

## ၁၁။ သပ္ပုရိသာနိသံသသုတ်

### သူတော်ကောင်းမှ ရနိုင်သော အကျိုးလေးပါး

၂၄၂။ သူတော်ကောင်းကို အမှီပြု၍ အရိယာ သီလဖြင့် တိုးပွားခြင်း၊ အရိယာ သမာဓိဖြင့်တိုးပွားခြင်း၊အရိယာ ပညာဖြင့် တိုးပွားခြင်း၊ အရိယာ ဝိမုတ္တိဖြင့် တိုးပွားခြင်း ဟူသော အကျိုးအာနိသင် လေးပါးကို ရလိမ့်မည်ဟု မျှော်လင့်အပ်၏ ဟူ၍ ဟောပါသည်။

# ၂၅၊ အာပတ္တိဘယဝဂ်

## ၁။ သံဃဘေဒကသုတ်

### သံဃာ ကွဲပြားခြင်းနှင့် အကျိုးလေးပါး

၂၄၃။ ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ သီတင်းသုံးစဉ် မြတ်စွာဘုရားက ရှင်အာနန္ဒာအား "အဓိကရုဏ်းငြိမ်းပြီလော" ဟု မေးသည်။ ရှင်အာနန္ဒာက "အရှင်ဘုရား၊ အဘယ်မှာ အဓိကရုဏ်း ငြိမ်းအေးပါအံ့နည်း၊ ရှင်အနုရုဒ္ဓါ၏ တပည့် ဗာဟိယမည်သော ရဟန်းသည် သံဃာ ကွဲပြားရန် နည်း မျိုးစုံဖြင့် ကြိုးစားလုပ်နေပါသည်။ ထိုသို့ဖြစ်ရာ၌ ရှင်အနုရုဒ္ဓါသည် တစ်ခွန်းသောစကားကိုမျှပင် ပြောအပ်၏ဟု မအောက်မေ့ပါ" ဟု ဖြေကြားသည်။

"အာနန္ဒာ၊ အနုရုဒ္ဓါသည် သံဃာ့အလယ်၌ ဖြစ်ပေါ်သော အဓိကရုဏ်းတို့၌ အဘယ်အခါကမေးမြန်း စိစစ်ဖူးသနည်း။ ဖြစ်ပေါ်လာသော အဓိကရုဏ်း မှန်သမျှကို သင်တို့က ဖြစ်စေ၊ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့က ဖြစ်စေ ငြိမ်းစေရမည် မဟုတ်ပါလော"။

"အာနန္ဒာ၊ ယုတ်မာသော ရဟန်းသည် အကျိုးထူး လေးပါးကို မျှော်လင့်လျက် သံဃာ ကွဲပြားခြင်းကို နှစ်သက်၏။ အဘယ်အကျိုးထူး လေးပါးကို မျှော်လင့်သနည်း ဆိုသော်-

(၁) ယုတ်မာသောရဟန်းသည် "ငါ၏ယုတ်မာသောအကျင့်ရှိပုံ၊ ရဟန်း မဟုတ်ဘဲလျက် ရဟန်းဟု ဝန်ခံနေပုံကို သိလျှင် ညီညွတ်သော သံဃာက ငါ့ကို ဖျက်ဆီးလိမ့်မည်။ ကွဲပြားသော သံဃာကမူ ငါ့ကို ဖျက်ဆီးလိမ့်မည် မဟုတ်" ဟု စဉ်းစားမိ၏။ ဤအကျိုးထူးကိုမျှော်လင့်လျက်ယုတ်မာသော ရဟန်းသည် သံဃာ ကွဲပြားခြင်းကို နှစ်သက်၏။

(၂) ယုတ်မာသော ရဟန်းသည် "ငါ၏ မှားသော အယူရှိ ပုံကို သိလျှင် ညီညွတ်သော သံဃာက ငါ့ကို ဖျက်ဆီး လိမ့်မည်။ ကွဲပြားသော သံဃာကမူ ငါ့ကို ဖျက်ဆီးလိမ့်မည် မဟုတ်" ဟု စဉ်းစားမိ၏။ ဤ အကျိုးထူးကို မျှော်လင့်လျက်လည်း ယုတ်မာသောရဟန်းသည် သံဃာကွဲပြားခြင်းကိုနှစ်သက်၏။

(၃) ယုတ်မာသောရဟန်းသည် ''ငါ၏ဒိဋ္ဌဓမ္မဝေဖြင့်အသက်မွေးပုံကိုသိလျှင် ညီညွတ်သောသံဃာသည် ငါ့ကို ဖျက်ဆီးလိမ့်မည်။ ကွဲပြားသော သံဃာသည်လည်း ငါ့ကို ဖျက်ဆီးလိမ့်မည် မဟုတ်''ဟု စဉ်းစားမိ၏။ ဤအကျိုးထူးကို မျှော်လင့်လျက်လည်းယုတ်မာသော ရဟန်းသည်သံဃာ ကွဲပြားခြင်းကို နှစ်သက်၏။

(၄) ယုတ်မာသောရဟန်းသည် ''ငါ၏ လာဘသက္ကာရ၌ မက်မောပုံကိုသိလျှင် ညီညွတ်သောသံဃာသည် ငါ့ကိုဖျက်ဆီးလိမ့်မည်။ ကွဲပြားသောသံဃာသည်ကား ဖျက်ဆီးလိမ့်မည် မဟုတ်''ဟု စဉ်းစားမိ၏။ဤအကျိုးထူးကိုမျှော်လင့်လျက်လည်း ယုတ်မာသော ရဟန်းသည် သံဃာ ကွဲပြားခြင်းကို နှစ်သက်၏ဟု ဟောကြားပါသည်။

## ၂။ အာပတ္တိဘယသုတ်

### အာပတ်မှ ကြောက်ခြင်းလေးမျိုး

၂၄၄။ အာပတ်မှကြောက်ခြင်းလေးမျိုးရှိသည် ကိုကြောက်ခြင်း လေးမျိုးကား—

(၁) ယောကျ်ားတစ်ယောက်သည် မင်းချင်းယော ကျ်ားတို့ကမင်း၏အမိန့်ဖြင့် ခေါင်းဖြတ်၍သတ်ရန် မြို့ပြင်သို့လက်ပြန်ကြိုးတုပ်၍ ခေါ်ဆောင်လာသော ခိုးသူကို မြင်လျှင် ကြောက်လန့်ခြင်းဖြစ်ကာ''ငါသည်ဤကဲ့သို့ခေါင်းဖြတ်ထိုက်သော အမှုကို အဘယ်အခါမှမပြုအံ့''ဟုစဉ်းစားမိ၏။ ဤနည်းတူပင် ပါရာဇိကအာပတ်တို့၌ ပြင်းပြသော ကြောက်လန့်မှုရှိသော ရဟန်း၊ ရဟန်းမိန်းမသည် ပါရာဇိကအာပတ်သို့မရောက်သေးလျှင်ရောက်တော့မည်မဟုတ်။ ရောက်ပြီ လျှင်လည်း ထိုအာပတ်ကို ဝိနည်းနှင့်အညီ ကုစားလိမ့်မည် ဟု မျှော်လင့် အပ်၏။

(၂) ယောကျ်ားတစ်ယောက်သည် မည်းနက်သောအဝတ်ကိုဝတ်၍ဆံပင်များကို ဖြန့်ကျဲ၍ ကျည်ပွေ့ကို ပုခုံးထမ်းကာ လူအများထံသို့ ချဉ်းကပ်ပြီး "ကျွန်ုပ်သည် ကျည်ပွေ့ဖြင့် ရိုက်နှက်ခြင်းငှာ ထိုက်သော ကဲ့ရဲ့ဖွယ် မကောင်းမှုကို ပြုခဲ့မိပါသည်။ ယခုကျွန်ုပ်သည် အရှင်တို့နှစ်သက်သော အမှုကိုပြုပါအံ့"ဟု ပြောဆိုရာ၏။ ထိုသို့ ပြောဆိုသည်ကို အခြားယောကျ်ားတစ် ယောက်ကမြင်၍ "ငါကားဤကဲ့သို့သော ပြစ်မှုကို ဘယ်အခါမျှမပြုအံ့"ဟုစဉ်းစားမိ၏။ဤနည်းတူ ပင်သံဃာဒိသိသ်အာပတ်တို့၌ ပြင်းပြသော ကြောက်လန့်မှု ရှိသောရဟန်း၊ရဟန်းမိန်းမသည် သံဃာဒိသိသ်အာပတ်သို့ မရောက်သေးလျှင်ရောက်တော့မည်မဟုတ်။ ရောက်ပြီးလျှင် ထိုအာပတ်ကို ဝိနည်းနှင့်အညီကုစားလိမ့်မည်ဟု မျှော်လင့်အပ်၏။

(၃) ယောကျ်ား တစ်ယောက်သည် မည်းနက်သော အဝတ်ကို ဝတ်၍ ဆံပင်တို့ကိုဖြန့်ကြဲကာ ပြာထုတ်ကို ပုခုံး၌တင်လျက် လူအပေါင်းသို့ချဉ်းကပ်ပြီး "ကျွန်ုပ်သည်ပြာထုပ်ဖြင့် ပစ်ခြင်းငှာထိုက်သော ကဲ့ရဲ့ဖွယ် မကောင်းမှုကိုပြုခဲ့မိပါသည်။ ယခု အရှင်တို့ နှစ်သက်ကျေနပ်မည့် အမှုကို ကျွန်ုပ် ပြုပါမည်"ဟုပြောဆိုရာ၏။ ထိုသို့ ပြောဆိုသည်ကို အခြားယောကျ်ားတစ်ယောက်တကြား၍"ငါထား ဤကဲ့သို့သော ပြစ်မှုကို ဘယ်ခါမှ မပြုအံ့"ဟု စဉ်းစားမိ၏။ ဤနည်းတူပင် ပါစိတ်အာပတ်တို့၌ ပြင်းပြသော ကြောက်လန့်မှု ရှိသောရဟန်း၊ရဟန်းမိန်းမသည်ပါစိတ်အာပတ်သို့မရောက်သေးလျှင် ရောက်တော့မည်မဟုတ်။ရောက်ပြီးလျှင်လည်း ထိုအာပတ်ကို ဝိနည်းနှင့်အညီ ကုစားလိမ့်မည်ဟုမျှော်လင့်အပ်၏။

(၄) ယောကျ်ား တစ်ယောက်သည် မည်းနက်သော အဝတ်ကို ဝတ်ပြီးဆံပင်ကို ဖြန့်ကျဲ၍ လူအပေါင်းထံသို့ ချဉ်းကပ်ကာ "ကျွန်ုပ်သည် ကဲ့ရဲ့ပြစ်တင်ဖွယ် မကောင်းမှုကို ပြုလုပ်ခဲ့မိပါသည်။ ယခု အရှင်တို့ ကျေနပ်နှစ်သက်မည့် အမှုကို

ကျွန်ုပ်ပြုလုပ်ပါမည်”ဟု ပြောဆိုရာ၏။ ထိုသို့ ပြောဆိုသည်ကို အခြားခယ်းကျားတစ်ယောက်က ကြား၍ “ငါကား ဤကဲ့သို့သော မကောင်းမှုကို ဘယ်အခါမျှ မပြုအံ့” ဟု စဉ်းစားမိ၏။ ဤနည်းတူပင် ပါဠိဒေသနိယအာပတ်တို့၌ ပြင်းပြသော မကြောက်လန့်မှုရှိသော ရဟန်း၊ ရဟန်းမိန်းမသည် ပါဠိဒေသနိယအာပတ်သို့ မရောက်သေးလျှင် ရောက်ခဲ့ပြည်မဟုတ်၊ ရောက်ပြီးလျှင်လည်း ထိုအာပတ်ကို ဝိနည်းနှင့်အညီ ကုစားလိမ့်မည်ဟု မျှော်လင့်အပ်၏-ဟူ၍ ဟောကြားပါသည်။

(ဤသုတ်၌ ပါရာဇိက အာပတ်ကို ဝိနည်းနှင့်အညီ ကုစားခြင်းဟူသည် သာမဏေအဖြစ်၌ တည်ခြင်းဖြစ်၏၊ ပါဠိဒေသနိယ အာပတ်ဖြင့်ကြွင်းသော ဒုက္ကဋ်အာပတ်၊ ဒုဗ္ဘာသိအာပတ်များကိုလည်းယူရမည်ဟု အဋ္ဌကထာ၌ ဖွင့်ပါသည်။)

## ၃။ သိက္ခာနိသံသယုတ်

### အကျင့်မြတ်၏ အကျိုးအာနိသင် လေးပါး

၂၄၅။ ရဟန်းတို့၊ ဤအကျင့်မြတ်ကို အကျင့်သိက္ခာဟူသော အကျိုးအာနိသင်ရှိသည်ဖြစ်၍၊ ပညာဟူသော ထွတ်အမြတ်ရှိသည်ဖြစ်၍၊ လွတ်မြောက်မှု “ဝိမုတ္တိ”ဟူသော အနှစ်ရှိသည်ဖြစ်၍၊ သတိဟူသော အကြီးအကဲရှိသည်ဖြစ်၍ ကျင့်သုံးအပ်၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ဤအကျင့်မြတ်သည် အကျင့်သိက္ခာဟူသော အကျိုးအာနိသင် ရှိသနည်းဆိုမူကား ဤသာသနာ၌ ငါသည် မကြည်ညိုသေးသူတို့ ကြည်ညိုရန်နှင့် ကြည်ညိုပြီးသူတို့ အကြည်ညိုပွားစေရန် ‘အဘိသမာစာရိက’ သိက္ခာကိုပညတ်၏၊ ရဟန်းသည် ငါပညတ်သည့်အတိုင်း ဆောက်တည်၍ ကျင့်၏။

ထို့ပြင် ငါသည်ကောင်းစွာ ဆင်းရဲမှုများ ကုန်ခန်းစေရန် ‘အာဒိဗြဟ္မစရိယက’ သိက္ခာကို ပညတ်အပ်၏၊ ရဟန်းသည် ငါပညတ်သည့်အတိုင်းဆောက်တည်၍ကျင့်၏။ ဤသို့လျှင် ဤအကျင့်မြတ်သည် အကျင့်သိက္ခာဟူသော အကျိုးအာနိသင်ရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ဤအကျင့်မြတ်သည် ပညာဟူသော အထွတ်အမြတ် ရှိသနည်း၊ဆိုသော်-ဤသာသနာ၌ ငါသည် တပည့်တို့အား ကောင်းစွာဆင်းရဲမှု ကုန်ဆုံးစေရန် တရားကို ဟောကြားအပ်၏။ ရဟန်းသည် ငါဟောကြားသည့်အတိုင်း ထိုတရားကို ပညာဖြင့်ဆင်ခြင်၏။ဤသို့လျှင် ဤအကျင့်မြတ်သည် ပညာဟူသော အထွတ်အမြတ်ရှိ၏။

ရဟန်းတို့၊ အဘယ်သို့လျှင် ဤအကျင့်မြတ်သည် လွတ်မြောက်မှု "ဝိမုတ္တိ" ဟူသော အနှစ်ရှိသနည်း၊ဆိုသော်-ဤသာသနာ၌ ငါသည် တပည့်တို့အား ကောင်းစွာဆင်းရဲမှု ကုန်ဆုံးစေရန် တရားကို ဟောကြား၏။ ရဟန်းသည် ငါဟောကြားသည့်အတိုင်း ထိုတရားကို လွတ်မြောက်မှုဖြင့် တွေ့ထိ၏။ ဤသို့လျှင် ဤအကျင့်မြတ်သည် လွတ်မြောက်မှုဟူသော အနှစ်ရှိသည်ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ဤအကျင့်မြတ်သည် သတိဟူသော အကြီးအကဲ ရှိသနည်း၊ဆိုသော်-ဤသာသနာ၌ ရဟန်းသည် 'မပြည့်သေးသော အဘိသမာစာရိက သိက္ခာ၊ အာဒိဗြဟ္မစရိယက သိက္ခာ တို့ကို ပြည့်စေအံ့၊ ပြည့်ပြီးသော သိက္ခာတို့ကိုလည်း ပညာဖြင့် မြင့်တင်ပေးအံ့' ဟု သတိကို စွဲမြဲစွာထား၏၊ 'မဆင်ခြင်ရသေးသော တရားကို ပညာဖြင့်ဆင်ခြင်အံ့၊ ဆင်ခြင်ပြီးသော တရားကိုလည်း ပညာဖြင့် မြင့်တင်ပေးအံ့' ဟူ၍ သတိကို စွဲမြဲစွာထား၏။ "လွတ်မြောက်မှုဖြင့် မတွေ့ထိရသေးသော တရားကိုလွတ်မြောက်မှုဖြင့် တွေ့ထိအံ့၊ တွေ့ထိပြီးသော တရားကိုလည်း ပညာဖြင့် မြင့်တင်ပေးအံ့'ဟူ၍ သတိကို စွဲမြဲစွာထား၏၊ ဤသို့လျှင် ဤအကျင့်မြတ်သည် သတိဟူသော အကြီးအကဲ ရှိသည်ဖြစ်၏ဟု ဟောကြားပါသည်။

(ဤသုတ်၌ 'အဘိသမာစာရိကသိက္ခာ'ဟူသည် ကျင့်ဝတ်အနေဖြင့်ပညတ်အပ်သော သိက္ခာပုဒ်တို့ကို စောင့်ထိန်းခြင်းဖြစ်၏။ 'အာဒိဗြဟ္မစရိယကသိက္ခာ'ဟူသည် အရိယမဂ်၏ အဦးအစ (ရှေးပြေး) ဖြစ်သော သီလကြီးငါးပါးဟု အဋ္ဌကထာ၌ ဖွင့်ပါသည်)

## ၄။ သေယျသုတ်

### အိပ်ခြင်းလေးမျိုး

၂၄၆။ ပြိတ္တာ၏အိပ်ခြင်း၊ ကာမဂုဏ်ခံစားသောလူတို့၏အိပ်ခြင်း၊ ခြင်္သေ့၏အိပ်ခြင်း၊ မြတ်စွာဘုရားတို့၏ အိပ်ခြင်းဟူ၍ အိပ်ခြင်းလေးမျိုး ရှိသည်။ ထိုလေးမျိုးတို့တွင်-

(၁) ပြိတ္တာတို့သည်များသောအားဖြင့်ပက်လက်အိပ်တတ်ကုန်၏။

(၂) ကာမဂုဏ် ခံစားသူတို့သည် များသောအားဖြင့် လက်ဝဲနံပါးဖြင့် စောင်း၍ အိပ်တတ်ကုန်၏။

(၃) သားတို့၏မင်းဖြစ်သောခြင်္သေ့သည်ခြေဘစ်ဖက်ဖြင့်ခြေတစ်ဖက်ကို စဉ်းငယ်လွန်ကာ တင်ထားပြီး ပေါင်အတွင်း၌အမြီးကို ထည့်သွင်းလျက် နံပါးဖြင့်စောင်း၍ အိပ်၏။ ထိုခြင်္သေ့သည် အိပ်ရာမှနိုးသော် ရှေ့ပိုင်းကိုယ်ကို စဉ်းငယ်ညွတ်စေ၍ နောက်ပိုင်းကိုယ်ကို လှည့်၍ကြည့်၏။ ခန္ဓာကိုယ် တစ်စုံတစ်ရာ ဖောက်ပြန် ချွတ်ယွင်းနေခြင်း၊ ရွေ့လျားနေခြင်းကို မြင်လျှင်ခြင်္သေ့မင်းအား မနှစ်သက်ခြင်းဖြစ်၏။ တစ်စုံတစ်ရာ ဖောက်ပြန် ချွတ်ယွင်းခြင်း၊ ရွေ့လျားနေခြင်းကို မမြင်လျှင် နှစ်သက်ကျေနပ်ခြင်း ဖြစ်၏။

(၄) ပထမစျာန် အစရှိသော စျာန်တို့ကို ဝင်စားနေခြင်းကို မြတ်စွာဘုရား၏ အိပ်ခြင်းဟုဆို၏ဟူ၍ ဟောကြားပါသည်။

## ၅။ ထူပါရဟသုတ်

### စေတီထိုက်သော ပုဂ္ဂိုလ်လေးမျိုး

၂၄၇။ မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ မြတ်စွာဘုရား၏ တပည့်သာဝကနှင့် စကြဝတေးမင်း တို့သည် စေတီထိုက်သော ပုဂ္ဂိုလ်လေးပါး ဖြစ်၏ဟု ဟောပါသည်။

## ၆။ ပညာဝုဒ္ဓိသုတ်

### ပညာတိုးပွားခြင်း၏ အကြောင်းလေးပါး

၂၄၈။ သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊

သူတော်ကောင်းတရားကို နာခြင်း၊

သင့်သောအားဖြင့် နှလုံးသွင်းခြင်း၊
တရားနှင့်လျော်သော အကျင့်ကိုကျင့်ခြင်း၊

တို့သည်ပညာတိုးပွားခြင်း၏အကြောင်းလေးပါး ဖြစ်၏ဟုဟောပါသည်။

၂၄၉။ ဗဟုကာရသုတ်၌အထက်ပါအကြောင်းလေးပါးသည်ပင် လူတို့အား ကျေးဇူးများသော တရားလေးပါး ဖြစ်၏ဟု ဟောပါသည်။

၂၅၀-၂၅၃၊ ဝေါဟာရသုတ် လေးသုတ်တို့၌ မြင်သောအရာ၊ မမြင်သောအရာစသည်တို့၌မမှန်မကန်ပြောခြင်းသည်အရိယာမဟုတ်သူတို့၏ ပြောဆိုခြင်းဖြစ်၏။ အမှန်ကို ပြော ခြင်းသည် အရိယာတို့၏ ပြောဆိုခြင်း ဖြစ်၏ဟု ဟောကြားပါသည်။

## ၂၆။ အဘိညာဝဂ်

### ၁။ အဘိညာသုတ်

ဉာဏ်အထူးဖြင့် သိတိုက်သော တရားလေးပါး

၂၅၄။ (၁) ဥပါဒါနက္ခန္ဓာငါးပါးသည်ဉာဏ်အထူးဖြင့်ပိုင်းခြားသိ ထိုက်သော တရားမည်၏။

(၂) အဝိဇ္ဇာနှင့် ဘဝတဏှာသည် ဉာဏ်အထူးဖြင့် ပယ်ထိုက် သော တရားမည်၏။

(၃) သမထနှင့် ဝိပဿနာသည် ဉာဏ်အထူးဖြင့်ပွားများထိုက် သောတရားမည်၏။

(၄) ဝိဇ္ဇာနှင့်ဝိမုတ္တိသည်ဉာဏ်အထူးဖြင့် မျက်မှောက်ပြုထိုက် သော တရားမည်၏ဟု ဟောကြားပါသည်။

### ၂။ ပရိယေသနသုတ်

ရှာမှီးခြင်းလေးမျိုး

၂၅၅။ မိမိကအိုခြင်းသဘောရှိသူ ဖြစ်လျက်အိုခြင်းသဘောကိုပင် ရှာမှီးခြင်း၊ နာခြင်းသဘောရှိသူဖြစ်လျက်နာခြင်းသဘောကိုပင်ရှာမှီးခြင်း သေခြင်းသဘောရှိသူဖြစ်လျက် သေခြင်းသဘောကိုပင် ရှာမှီးခြင်း၊ ညစ်

ညှုးခြင်းသဘောရှိသူ ဖြစ်လျက် ညစ်ညှုးခြင်းသဘောကိုပင်ရှာမှီးခြင်း တို့သည် အရိယာမဟုတ်သူတို့၏ ရှာမှီးခြင်းလေးမျိုး ဖြစ်၏။

မိမိက အိုခြင်းသဘောရှိသူ ဖြစ်လျက် အိုခြင်းသဘော၌ အပြစ်ကို မြင်၍အိုခြင်းကင်းရာဖြစ်သောနိဗ္ဗာန်ကိုရှာမှီးခြင်းစသည်တို့သည် အရိယာ တို့၏ရှာမှီးခြင်းလေးမျိုး ဖြစ်၏ဟု ဟောကြားသည်။

၂၅၆။ သင်္ဂဟဝတ္ထုသုတ်သည် စတုက္ကနိပါတ်၊ စာအုပ်ဒု ၃၂၊ သင်္ဂဟသုတ်နှင့်တူပါသည်။

### ၄။ မာလုကျပုတ္တသုတ်

တဏှာဖြစ်ခြင်း၏ အကြောင်းလေးပါး

၂၅၇။ အခါတစ်ပါး၌ ရှင်မာလုကျပုတ္တသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ "တပည့်တော်တရားအားထုတ်လိုပါသည်။ အကျဉ်းအားဖြင့် တရားဟောကြားတော်မူပါ"ဟု တောင်းပန်၏။ ထိုအခါ မြတ်စွာဘုရားက "မာလုကျပုတ္တ၊ ရဟန်းငယ်တွေကိုအဘယ်သို့ဆိုဖွယ်ရှိတော့အံ့နည်း၊ သင်လို ရဟန်းအိုကြီးကပင်အကျဉ်းအားဖြင့် တရားဟောရန်တောင်းပန်ဘိ၏"ဟု မိန့်ကြားတော်မူ၏။

ထို့နောက်မြတ်စွာဘုရားက "ရဟန်းအားတဏှာဖြစ်ပေါ်ခြင်းမှာ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ထိုထိုဘဝ၌ ကြီးပွားချမ်းသာရေး ဟူသော အကြောင်းလေးပါးတို့တွင် တစ်ပါးပါးသောအကြောင်းကြောင့်ဖြစ်၏။ ထိုတဏှာကိုအကြွင်းမဲ့ပယ်သူအားဆင်းရဲခြင်းကုန်ဆုံးလေတော့သည်"ဟု ဟောကြားတော်မူသည်။

ရှင်မာလုံကျပုတ္တသည် မြတ်စွာဘုရားဆုံးမသည့်အတိုင်းအားထုတ် ရာ မကြာမီ ရဟန္တာဖြစ်လေသည်။

(မာလုံကျပုတ္တအကြောင်းကို ပိဋကတ်အနှစ်ချုပ်သံယုတ္တနိကာယ် စာမျက်နှာ ၄၆၇ ၌လည်းကြည့်ရှုနိုင်ပါသည်။)

## ၅။ ကုလသုတ်

### အမျိုးသား အမျိုးသမီးများ ပျက်စီးခြင်းအကြောင်းလေးပါး

၂၅၈။ အမျိုးသား အမျိုးသမီးတို့အား ပစ္စည်းဥစ္စာပေါများ ခြင်းသို့ရောက်ပြီးနောက် ကြာမြင့်စွာ မတည်တံ့ခြင်း၏အကြောင်းလေး ပါးရှိသည်။ ၎င်းတို့မှာ-

(၁) ပျောက်ဆုံးသောပစ္စည်းကိုမရှာခြင်း၊
(၂) ဟောင်းသောပစ္စည်းကို မပြုပြင်ခြင်း၊
(၃) စားဖွယ် သောက်ဖွယ်၌ အတိုင်းအရှည် ပမာဏကို မချိန် ဆခြင်း၊
(၄) အကျင့်သီလမရှိသောမိန်းမသို့မဟုတ်ယောကျ်ားကိုအကြီး အမှူးအရာ (ဘဏ္ဍာစိုးအရာ)၌ ထားခြင်းတို့ဖြစ်၏။[၁]

ပစ္စည်းဥစ္စာပေါများခြင်းသို့ရောက်ပြီးနောက် ကြာမြင့်စွာ တည် တံ့ခြင်း၏ အကြောင်းလေးပါးရှိသည်။ ၎င်းတို့မှာ-

(၁) ပျောက်သောပစ္စည်းကို ရှာဖွေခြင်း၊
(၂) ဟောင်းသောပစ္စည်းကို ပြုပြင်ခြင်း၊
(၃) စားဖွယ်သောက်ဖွယ်၌ အတိုင်းအရှည်ပမာဏကို ချင့်ချိန် ခြင်း၊
(၄) အကျင့်သီလရှိသောမိန်းမကိုဖြစ်စေ၊ ယောကျ်ားကိုဖြစ်စေ အကြီးအကဲ (ဘဏ္ဍာစိုး) အရာ၌ ထားခြင်းတို့ ဖြစ်၏ဟု ဟောကြားပါသည်။

## ၆။ ပဌမအာဇာနီယသုတ်

### အာဇာနည် မြင်းအင်္ဂါနှင့် ရဟန်းမြတ် အင်္ဂါလေးပါး

၂၅၉။ အဆင်း၊ ခွန်အား၊ လျင်မြန်မှု၊ အလုံးအရပ် ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော အာဇာနည်မြင်းသည်မင်းတို့နှင့်ထိုက်တန် သကဲ့သို့၊ ထို့အတူ အဆင်း၊ ခွန်အား၊ လျင်မြန်မှု၊ အလုံးအရပ်ဟူသော

---

၁။ အာဓိပ္ပာယ် ငွေပေးနိုင်ပါတိ ဘဏ္ဍာဂါရိကာဌ္ဌါနေ ဌပေန္တိ—အံ၊ ဋ္ဌကထာ။

အင်္ဂါလေးပါးနှင့်ပြည့်စုံသော ရဟန်းသည် လောက၏ မြတ်သော ငလူကို ခံထိုက်သော ပုဂ္ဂိုလ်ဖြစ်၏။

သီလနှင့်ပြည့်စုံသော ရဟန်းသည်'အဆင်းနှင့်ပြည့်စုံသောရဟန်း' မည်၏။ အကုသိုလ် တရားတို့ကိုပယ်၍ ကုသိုလ်တရားတို့နှင့် ပြည့်စုံစေရန် အားထုတ်မှု ဝီရိယနှင့်ပြည့်စုံသော ရဟန်းသည် ခွန်အားနှင့် ပြည့်စုံသော ရဟန်း' မည်၏။သစ္စာလေးပါးကို သိမြင်ပြီးသောရဟန်းသည် 'လျင်မြန်မှုနှင့်ပြည့်စုံသော ရဟန်း' မည်၏။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါး ရခြင်းရှိသော ရဟန်းသည်'အလုံးအရပ်နှင့်ပြည့်စုံသော ရဟန်းမည်၏' ဟူ၍ ဟောကြားပါသည်။

၂၆၀။ ဒုတိယ အာဇာနီယသုတ်၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသော ရဟန်းသည်'လျင်မြန်မှုနှင့်ပြည့်စုံသော ရဟန်း'မည်၏ဟုပြောင်းလဲ ဟောကြားခြင်းသာ ထူးပါသည်။

၂၆၁။ ဗလသုတ်၌ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ပညာအား ဟူ၍ အားလေးပါးရှိကြောင်း ဟောသည်။
(ဗလ-ဗိုလ်ဟူ၍လည်း ပြန်နိုင်ပါသည်။

## ၄။ အရညသုတ်

တောကို မှီဝဲထိုက်သော ရဟန်း၏အင်္ဂါလေးပါး

၂၆၂။ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်၊ ပညာနည်း၍ မိုက်မဲခြင်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ရဟန်းသည် တောကျောင်းတို့ကို မှီဝဲခြင်းငှာမထိုက်။နေက္ခမ္မဝိတက်၊အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်၊ ပညာရှိ၍ မမိုက်မဲ မတွေဝေခြင်းဟူသော အင်္ဂါလေးပါးငှင့်ပြည့်စုံသောရဟန်းသည် တောကျောင်းတို့ကို မှီဝဲခြင်းငှာထိုက်၏ဟု ဟောကြားသည်။


၂၆၃။ ကမ္မသုတ်မှာလည်း ရှေ့၌ပါပြီးအကြောင်းအရာများသာဖြစ်၍ မဖော်ပြတော့ပါ။

၂၆၄-၂၇၃။ ကမ္မပထဝဂ်မှ ပါဏာတိပါတသုတ် စသော သုတ်ပေါင်း(၁၀) သုတ်တို့၌ ပါဏာတိပါတစသော ဒုစရိုက် ဆယ်ပါးကို ကိုယ်တိုင်ပြုခြင်း၊ သူတစ်ပါးကို ဆောက်တည်စေခြင်း၊ သူတစ်ပါးပြုခြင်းကို ကျေနပ်နှစ်သက်ခြင်း (သဘောတူခြင်း) ထိုစရိုက်များကို ပြုခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုခြင်းဟူသော အင်္ဂါလေးပါးနှင့်ပြည့်စုံသူသည် ဆောင်ယူ၍ ပစ်ချသကဲ့သို့ ငရဲ၌ ဖြစ်ရ၏။

ပါဏာတိပါတစသော ဒုစရိုက်ဆယ်ပါးတို့မှ ကိုယ်တိုင်ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးကို ရှောင်ကြဉ်ရန် ဆောက်တည်စေခြင်း၊ သူတစ်ပါး ရှောင်ကြဉ်သည်ကို ကျေနပ် နှစ်သက်ခြင်း၊ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆိုခြင်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ပစ်ချသကဲ့သို့ နတ်ပြည်၌ဖြစ်ရ၏ဟု ဟောသည်။

၂၇၄-၇၈၃။ ရာဂပေယျာလ၌ ရာဂ ဒေါသ စသော တရား ၁၇-ပါးတို့ကို အထူးသိခြင်း ပိုင်းခြား၍သိခြင်း စသော အကျိုးငှာ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွားများအပ်ကြောင်း အသီးသီးဟောကြားတော်မူသည်။ ပေယျာလများကို အပြည့်အစုံဖော်ပြလျှင် သုတ်ပေါင်း(၅၁၀) ရှိပါသည်။

စတုက္ကနိပါတ် ပြီး၏။



# ပဉ္စကနိပါတ်

## ငါးပါးစု တရားများအပိုင်း

# သေခပဗလဝဂ်

## ၁။ သံခိတ္တသုတ်

### အားငါးပါးအကျဉ်း

၁။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးသော ဗုဒ္ဓမြတ်စွာက ရဟန်းတို့အား အောက်ပါအတိုင်း ဟောကြားတော်မူသည်—

"ရဟန်းတို့၊ သေခပုဂ္ဂိုလ်၏ အား[၁]တို့သည် သဒ္ဓါအား၊ ဟိရီအား၊ ဩတ္တပ္ပအား၊ ဝီရိယအား၊ ပညာအားဟူ၍ ငါးပါးရှိကုန်၏။ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် သဒ္ဓါအားနှင့်ပြည့်စုံသူ....ပညာအားနှင့်ပြည့်စုံသူ ဖြစ်အောင် အားထုတ်ကြရမည်။"

ရဟန်းတို့သည် ဗုဒ္ဓမြတ်စွာ၏ ဟောကြားချက်ကို နှစ်သက်ဝမ်းမြောက်စွာ လက်ခံကြလေသည်။

## ၂။ ဝိတ္ထတသုတ်

### အားငါးပါးအကျယ်

၂။ ရဟန်းတို့၊ သေခပုဂ္ဂိုလ်၏ 'အား'တို့သည် သဒ္ဓါအား....ပညာအားဟူ၍ ငါးပါးရှိကုန်၏။ ထိုငါးပါးတို့တွင်—

(၁) "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့် အရဟံ မည်တော်မူ၏....ဘုန်းကျက်သရေနှင့်

---

၁။ သီလ၊ သမာဓိ၊ ပညာသုံးပါးပြည့်စုံစေရန် ကျင့်ကြံအားထုတ်နေဆဲဖြစ်သော ပုဂ္ဂိုလ်သည် သေခပုဂ္ဂိုလ်မည်၏။ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ ပုဂ္ဂိုလ်တို့ကို သေခပုဂ္ဂိုလ်ဟုခေါ်ပါသည်။ သေခပုဂ္ဂိုလ်ဟုလည်းခေါ်နိုင်ပါသည်။ ဆန့်ကျင်ဘက်တရားတို့ ကြောင့်မတုန်လှုပ်တတ်သောတရားသည် ဗလမည်၏ဟု ဖွင့်ပါသည်။ ဗလ=ဗိုလ်ဟု ပြန်ရိုးရှိသော်လည်း ဤနေရာ၌ ဆီလျော်မှုရှိစေရန် 'အား' ဟု ပြန်လိုက်ပါသည်။

ပြည့်စုံတော် မူသောကြောင့် ဘဂဝါမည်တော်မူ၏ဲ”ဟူ၍ မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်ခြင်းသည် သဒ္ဓါ အားမည်၏၊

(၂) ဒုစရိုက်သုံးပါးနှင့် အကုသိုလ် တရားများသို့ရောက်ခြင်းမှ ရှက်ခြင်းသည် ဟိရီအားမည်၏။

(၃) ဒုစရိုက်သုံးပါးနှင့် အကုသိုလ်တရားများသို့ ရောက်ခြင်းမှ ကြောက်လန့်ခြင်းသည် ဩတ္တပ္ပအားမည်၏။

(၄) အကုသိုလ်တရားများကို ပယ်ရန်နှင့် ကုသိုလ်တရားများ ပြည့်စုံစေရန် ထက်သန်စွာ အားထုတ်ခြင်းသည် ဝီရိယ အား မည်၏။

(၅) ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်မှုကို သိမြင်သော၊ ကိလေသာ အစိုင်အခဲကို ဖောက်ခွဲနိုင်သော၊ ဒုက္ခကုန်ရာသို့ကောင်းစွာ ရောက်စေနိုင်သော ဝိပဿနာပညာ၊ မဂ်ပညာသည် ပညာ အား မည်၏ဟု ဟောပါသည်။

၃။ ဒုက္ခသုတ်၌သဒ္ဓါစသောတရားငါးပါးမရှိသူသည်မျက်မှောက် ဘဝ၌ ဆင်းရဲစွာနေရ၏။ သေလွန်သော အခါ၌လည်း ဒုဂ္ဂတိဘဝသို့ ရောက်၏။ သဒ္ဓါစသော တရားငါးပါးနှင့် ပြည့်စုံသူကား မျက်မှောက် ဘဝ၌ချမ်းသာစွာနေရ၏။သေလွန်သောအခါ၌လည်း သုဂတိသို့ရောက်ရ ၏ဟု ဟောပါသည်။ ယထာဘတသုတ်လည်း အလားတူပင် ဖြစ်၏။

၅။ သိက္ခာပဒသုတ်၌ သိက္ခာချ၍ လူထွက်သွားသောဘိက္ခု၊ဘိက္ခု နီသည် 'သင့်မှာ သဒ္ဓါမရှိလေစွ....ပညာမရှိလေစွ'ဟူ၍ ငါးပါးသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ခြင်းခံရ၏ဟု ဟောကြားပါသည်။

၆။ သမာပတ္တိသုတ်၌ သဒ္ဓါစသော တရားငါးပါး တည်ရှိနေသမျှ ကာလပတ်လုံး အကုသိုလ်တရားများသို့ မရောက်နိုင်။ ထိုတရားငါးပါး ကွယ်ပျောက်သွားသောအခါ၌သာ အကုသိုလ်တရားများသို့ ရောက်နိုင်၏ ဟု ဟောကြားပါသည်။

---

၁။ အရဟံစသော ဂုဏ်တော်ကိုးပါးအနက်မှာအလွန်ကျယ်ဝန်းပြီးစာဖတ် သူအနေဖြင့်လည်း အခြားနေရာတို့၌ အလွယ်တကူ ဖတ်ရှုလေ့လာနိုင် သောကြောင့် ဤ၌ချုံ့၍ ဖော်ပြလိုက်ပါသည်။

## ၇။ ကာမသုတ်

### ကာမဂုဏ်ကို စွန့်ပယ်သော တရားလေးပါး

၇။ ရဟန်းတို့၊ သတ္တဝါတို့သည် များသောအားဖြင့် ကာမဂုဏ်တို့၌ ပျော်မွေ့နေကြကုန်၏၊ မြတ်သောကံတံစဉ်နှင့် ထမ်းပိုးစွန့်၍ ရဟန်းပြုသော အမျိုးသားသည် ယုံကြည်မှုဖြင့် ရဟန်းပြုသူကို သဒ္ဓါ ဥစ္စာဟုဆိုသင့်ပေ၏၊ အဘယ်ကြောင့်ဆိုသော် အရွယ်နုပျိုသူ ယောက်ျားသည် ကာမဂုဏ်တို့ကို ရရှိနိုင်၏။ ကာမဂုဏ်ဟူသမျှသည်လည်း အညံ့စားဖြစ်စေ၊ အလတ်စားဖြစ်စေ၊ အကောင်းစားဖြစ်စေ ကာမဂုဏ်ဟုသာ ခေါ်ရ၏။

ရဟန်းတို့၊ ပက်လက်အိပ်အရွယ် ကလေးငယ်သည် ကလေးထိန်းမိန်းမ မေ့လျော့နေချိန်၌ သစ်သားစကို ဖြစ်စေ၊ အိုးချမ်းကွဲကို ဖြစ်စေ ပါးစပ်ထဲသို့ မျိုမိငြားအံ့၊ ကလေးထိန်းမိန်းမသည် ယင်းအရာကို အလျင်အမြန်ထုတ်ယူရာ၏။ အလွယ်တကူထုတ်ယူ၍ မရခဲ့သော် လက်ညှိုးကို ကွေး၍ ပါးစပ်ထဲသို့သွင်းပြီးသွေးနှင့်တကွသော်လည်း ထုတ်ယူရာ၏၊ ထိုသို့ပြုခြင်းမှာလည်း ကလေးကို နှိပ်စက်လို၍မဟုတ်။ ကလေးကို သနားသောကြောင့်သာဖြစ်၏။ ထိုကလေးငယ်ကြီးပြင်းလာသောအခါ ပြုမှုအထိန်းမိန်းမမှာ ကြောင့်ကြစိုက်ရန်မရှိတော့ချေ။

ရဟန်းတို့၊ ထို့ဥပမာအတိုင်းပင် သဒ္ဓါ ဟိရိစသော တရားငါးဖြင့် ကုသိုလ်တရားတို့၌ ပြုသင့်သောကိစ္စကို မပြုသေးသောရဟန်းကိုမြတ်စွာဘုရားသည် အစဉ်မပြတ် ကြည့်ရှုစောင့်ရှောက်အပ်၏။ သဒ္ဓါ၊ ဟိရိစသောတရားငါးပါးဖြင့် ကုသိုလ်တရားတို့၌ ပြုသင့်သောကိစ္စကိုပြုပြီးသောရဟန်းအတွက်မူမြတ်စွာဘုရားမှာကြောင့်ကြစိုက်ဖွယ်မရှိတော့ချေဟု မိန့်ကြားပါသည်။

၈။ စပနသုတ်၌ သဒ္ဓါစသော တရားငါးပါးမရှိသော ရဟန်းသည် သူတော်ကောင်းတရားမှ ရွေ့လျော၏၊ ထိုတရားငါးပါး ရှိသောရဟန်းသည်သာ သူတော်ကောင်းတရား၌ တည်နိုင်၏ဟု ဟောပါသည်။

၉-၁၀။ ထေယျနှင့် ဒုတိယအာယျ သုတ်တို့၌ သဒ္ဓါစသောတရားငါးပါးကင်းကွာ၍ ရိုသေကျိုးနွံမှုမရှိသောရဟန်းသည် သူတော်ကောင်းတရားမှ ရွေ့လျော၏။ မြဲမြံခိုင်ခံ့သော သာသနာတော်၌ ကြီးပွားခြင်းသို့ မရောက်ထိုက်။ ယင်းတရားငါးပါးနှင့်ပြည့်စုံ၍ ရိုသေကျိုးနွံမှု ရှိသော

ရဟန်းသည်သာ သူတော်ကောင်းတရား၌ တည်နိုင်၏။ သာသနာတော်၌ ကြီးပွားခြင်းသို့ရောက်ထိုက်၏ဟု ဟောပါသည်။

## ၂။ ဗလဝဂ်

### ၁။ အနနုဿုတသုတ်

#### အားငါးပါးဖြင့် သစ္စာလေးပါးကို သိမြင်ခဲ့ခြင်း

၁၁။ ရဟန်းတို့ ငါသည်ရှေးအခါက တစ်ဆင့်ခံအားဖြင့် မကြားဖူးသေးသောသစ္စာလေးပါးတရားတို့၌ ဉာဏ်အထူးဖြင့်သိမြင်၍ ပြီးဆုံးမှုအထွတ်အထိပ်သို့ ရောက်ပြီးသူ ဖြစ်၏ဟု ဝန်ခံ၏။ ရဟန်းတို့၊ မြတ်စွာဘုရားသည် အကြောင်းအားတို့နှင့် ပြည့်စုံသည်ဖြစ်၍ မြင့်မြတ်သော အရာကို ဝန်ခံ၏။ ပရိသတ်တို့၌ ခြင်္သေ့ဟောက်သံ အလား ရဲရင့်သော စကားကို မြွက်ဆို၏။ မြတ်သောတရားစက်ကိုလည်း လည်စေ၏။ ထိုအားတို့သည် သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာ ဟူသော အားတို့ပင် ဖြစ်ပေ၏ဟု မိန့်ကြားပါသည်။

၁၊ ကူဋသုတ်၌ အထွတ် တပ်သော အိမ်၌ အထွတ်သည် အခြင်ရနယ် အားလုံးတို့၏ ပေါင်းဆုံရာအချုပ်အခြာဖြစ်သကဲ့သို့၊ သေခပုဂ္ဂိုလ်၏ အားငါးပါးတို့တွင် ပညာအားသည် ကျန်အားလေးပါးတို့၏ပေါင်းဆုံရာ အချုပ်အခြာ ဖြစ်၏။ အထွတ်အထိပ် ဖြစ်၏ ဟုဟောကြားပါသည်။

၁၃-၁၄။ တတိယနှင့် စတုတ္ထသုတ်တို့၌ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ ပညာ ဟူ၍ အားငါးပါးကို တစ်နည်း ပြောင်း၍ ဟောသည်။ ထိုငါးပါးတို့တွင် ကြာမြင့်စွာကပြုခဲ့သော အမှုပြောဆိုခဲ့သော စကားတို့ကိုပြန်၍ အောက်မေ့နိုင်သော သတိရင့်ကျက်မှုနှင့် ပြည့်စုံခြင်းသည် 'သတိအား' မည်၏။[၁] ပထမစျာန် အစရှိသော စျာန် လေးပါး သည် 'သမာဓိအား' မည်၏ဟု ဟောပါသည်။ ကျန်အားသုံးပါး၏အဓိပ္ပာယ်ကို (၂၊ ဝိတ္ထာရသုတ်) အတိုင်း ဟောပါသည်။

---

၁။ သတိနေပက္ကေနာတိ သတိယာ နေပက္ကေန၊ တိက္ခဝိသဒသူရဘာဝေနာတိ အတ္ထော—ဟူသော ဋီကာနှင့်အညီ ပြန်ဆိုပါသည်။ အဋ္ဌကထာ အလိုအားဖြင့်မူ ''သတိနေပက္ကေန သတိပညာနှင့်'' ဟုပြန်ဆိုရပါသည်။

## ၇။ ဒုဗ္ဗသုတ်

### အကြီးအမှူးအဖြစ် မှတ်အပ်သောတရားငါးပါး

၁၇။ အား ငါးပါးတို့တွင် သဒ္ဓါအားကို သောတာ ပတ္တိမဂ်၏ အကြောင်းအင်္ဂါလေးပါးတို့၌ အကြီးအမှူး အဖြစ်ဖြင့် မှတ်အပ်၏။[၁] ဝီရိယအားကိုသမ္မပ္ပဓာန်လေးပါးတို့၌အကြီးအမှူး အဖြစ်ဖြင့်မှတ်အပ်၏။ သတိအားသတိအားကိုသတိပဋ္ဌာန် လေးပါးတို့၌အကြီးအမှူး အဖြစ်ဖြင့် မှတ်အပ်၏။ သမာဓိအားကိုဈာန်လေးပါးတို့၌ အကြီးအမှူး အဖြစ်ဖြင့် မှတ်အပ်၏။ ပညာအားကို အရိယသစ္စာ လေးပါးတို့၌ အကြီး အမှူး အဖြစ်ဖြင့် မှတ်အပ်၏ဟု ဟောပါသည်။

## ၇-၁၀။ ဟိတသုတ်

### တရားငါးပါးနှင့် အကျိုးစီးပွားကိုကျင့်ခြင်း

၁၆-၂၀။ မိမိကိုယ်တိုင်သာ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏ ဒဿနတို့နှင့်၊ ပြည့်စုံပြီးသူတစ်ပါးကိုအား ထိုတရား ငါးပါးနှင့်ပြည့်စုံစေရန် မဆောက်တည်စေသူသည် မိမိအကျိုးငှာသာ ကျင့်၍၊ သူတစ်ပါးအကျိုးငှာ မကျင့်သူဖြစ်၏။

မိမိ ကိုယ်တိုင် သီလ စသော တရား ငါးပါးနှင့် မပြည့်စုံဘဲ သူတစ်ပါးအား ထိုတရား ငါးပါးနှင့် ပြည့်စုံစေရန် ဆောက်တည်စေသူသည် သူတစ်ပါးအကျိုးငှာသာကျင့်၍၊မိမိ အကျိုးငှာ မကျင့်သူဖြစ်၏။

မိမိလည်း သီလစသော တရားငါးပါးနှင့် မပြည့်စုံ၊ သူတစ်ပါးအားလည်း ထိုတရားငါးပါးနှင့် ပြည့်စုံစေရန် မဆောက်တည်စေသူသည် မိမိ အကျိုးငှာလည်းမကျင့်၊သူတစ်ပါးအကျိုးငှာလည်း မကျင့်သူဖြစ်၏။

မိမိလည်း သီလစသော တရားငါးပါးနှင့် ပြည့်စုံ၍ သူတစ်ပါးအားလည်း ထိုတရားငါးပါးနှင့် ပြည့်စုံစေရန် ဆောက်တည်စေသူသည်

---

၁။ သူတော်ကောင်းကိုမှီဝဲခြင်း၊ သူတော်ကောင်းတရား ကြားနာရခြင်း၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်း၊ တရားနှင့်လျော်သော အကျင့်ကို ကျင့်ခြင်း တို့သည် သောတာပတ္တိမဂ်ကို ရခြင်း၏အကြောင်းအင်္ဂါလေး ပါးဖြစ်၏၊ ထိုအကြောင်းအင်္ဂါလေးပါးတို့နှင့် သက်ဆိုင်သော အကျင့် ... များရှိဖို့ အထူးလိုအပ်သည်။ သဒ္ဓါအားသည် အရေးအကြီးဆုံး ရှေ့သွားခေါင်းဆောင် ဖြစ်သည်ဟု ဆိုလိုပါသည်။

မိမိ အကျိုးငှာလည်းကျင့်၍၊ သူတစ်ပါး အကျိုးငှာလည်းကျင့်သူဖြစ်၏။ ဟု ဟောကြားပါသည်။

## ၃။ ပဉ္စကနိပါတ်

### ၁။ ပဌမ အဂါရဝသုတ်

#### ရိုသေခြင်း မရှိသူနှင့် တရားငါးပါး

၂၁။ ရိုသေကျိုးနွံမှု၊ တူညီသောအသက်မွေးမှုမရှိသောရဟန်းသည် သီတင်းသုံးဖော်တို့အပေါ်၌ အဘိသမာစာရဝတ်ကို[1] ပြည့်စေဖွယ်အကြောင်းမရှိ။ အဘိသမာစာရဝတ်ကို မပြည့်စေဘဲ သေက္ခဓမ္မကို[2] ပြည့်စေဖွယ်အကြောင်းမရှိ။ သေက္ခဓမ္မကို မပြည့်စေဘဲ ပါရာဇိက၊ သီလကြီးလေးပါးတို့ကို[3] ပြည့်စေဖွယ်အကြောင်းမရှိ။ သီလကြီး လေးပါးတို့ကို မပြည့်စေဘဲ သမ္မာဒိဋ္ဌိကို ပြည့်စေဖွယ် အကြောင်းမရှိ။ သမ္မာ ဒိဋ္ဌိကို မပြည့်စေဘဲ သမ္မာသမာဓိကို ပြည့်စေဖွယ် အကြောင်းမရှိ။

ရိုသေကျိုးနွံမှု၊ တူညီသော အသက်မွေးမှုရှိသော ရဟန်းသည် သီတင်း သုံးဖော်တို့အပေါ်၌ အဘိသမာစာရဝတ်ကို ပြည့်စေဖွယ်အကြောင်းရှိ၏....သမ္မာဒိဋ္ဌိကို ပြည့်စေလျှင် သမ္မာသမာဓိကို ပြည့်စေဖွယ် အကြောင်း ရှိ၏ဟု ဟောကြားပါသည်။

၂၂။ ဒုတိယ အဂါရဝသုတ်၌ ရိုသေကျိုးနွံမှုမရှိသော ရဟန်းသည် အဘိသမာစာရဝတ်၊ သေက္ခဓမ္မ၊ သီလက္ခန္ဓ၊ သမာဓိက္ခန္ဓ၊ ပညာက္ခန္ဓ ဟူသောတရားငါးပါးကို ပြည့်စေဖွယ် အကြောင်းမရှိ။ ရိုသေကျိုးနွံမှု၊ တူညီသောအသက်မွေးမှု ရှိသော ရဟန်းသည်သာ ထိုတရား ငါးပါးကို ပြည့်စေဖွယ်အကြောင်းရှိ၏ဟု ဟောပါသည်။

---

၁။ မဟာဝဂ္ဂခန္ဓက၊ စူဠဝဂ္ဂခန္ဓက တို့၌လာသော ဥပဇ္ဈာယဝတ်၊ အာစရိယဝတ်စသည်တို့ကို အဘိသမာစာရဝတ်ဟု ခေါ်ပါသည်။

၂။ ပါရာဇိက လေးပါးမှ တစ်ပါးသော ပါတိမောက် သိက္ခာပုဒ်များကို သေက္ခဓမ္မဟု ခေါ်ပါသည်။

၃။ သီလာနိုတ် စတွာရို မဟာသီလာနိ=အဋ္ဌကထာ။ စတ္တာရိ မဟာသီလ သိက္ခာပဒါနီတိ စတ္တာရိ ပါရာဇိကာနိသန္ဓာယဒေတံ=ဋီကာ၊ နှာ ၁၈၆။

## ၃။ ဥပက္ကိလေသသုတ်

### စိတ်၏ အညစ်အကြေး ငါးပါး

၂၃။ သံ၊ ကြေး၊ သလွဲစင် (ခဲမဖြူ) သလွဲမည်း (ခဲပုပ်) ငွေ ဟူ၍ ရွှေ၏အညစ်အကြေး ငါးပါးရှိသည်။ ထိုအညစ်အကြေးငါးပါးဖြင့် ညစ်နွမ်းသော ရွှေသည် နူးညံ့ပျော့ပျောင်းမှုမရှိ၊ အရောင်မှိန်၏။ ကြွပ်ဆတ်၏။ ထိုအညစ်အကြေး ငါးပါးမှ လွတ်သော ရွှေသည်သာ နူးညံ့ ပျော့ပျောင်း၏၊ အရောင်တောက်၏၊ လက်စွပ်နားတောင်းစသော အဆင် တန်ဆာ ကိစ္စကို ပြီးစေနိုင်၏။

ထို့နည်းတူပင် စိတ်၏အညစ်အကြေးငါးပါးရှိသည်။ ၎င်းတို့မှာ–

(၁) ကာမဂုဏ်တို့၌ လိုချင်နှစ်သက်မှု-ကာမစ္ဆန္ဒ၊ (၂) စိတ်ဆိုး စိတ်ပျက်မှု-ဗျာပါဒ၊ (၃) လေးလံထိုင်းမှိုင်းမှု-ထိနမိဒ္ဓ၊ (၄) စိတ်ပျံ့လွင့် မှုနှင့် စိတ်ပူပန်မှု-ဥဒ္ဓစ္စကုက္ကုစ္စ၊ ၅။ တွေးတောယုံမှားမှု- ဝိစိကိစ္ဆာ တို့ဖြစ် သည်။

အညစ်အကြေးငါးပါးတို့ဖြင့်ညစ်နွမ်းသောစိတ်သည် နူးညံ့မှုမျှ ပျော့ပျောင်းမှုမရှိ၊ အရောင်မှိန်၏။ ကြွပ်ဆတ်၏။ အာသဝေါ ကုန်ရာ များကုန်ခန်းလောက်အောင် တည်ငြိမ်ခြင်းသို့ မရောက်၊ အညစ်အကြေး ငါးပါးမှ ကင်းကွာသော စိတ်သည်သာ နူးညံ့၏၊ ပျော့ပျောင်း၏။ အရောင်တောက်ပ၏။ အာသဝေါတရားများ ကုန်ခန်း လောက်အောင် တည်ငြိမ်ခြင်းသို့ ရောက်၏။ တည်ငြိမ်သော စိတ်ရှိသော ရဟန်းသည် ဉာဏ်အထူးဖြင့်မျက်မှောက်ပြုအပ်သောတရားကိုမျက်မှောက်ပြုရန် စိတ်ကို ညွတ်စေငြားအံ့၊ အကြောင်းအထောက်အပံ့နှင့် ပြည့်စုံသည့် အခါတိုင်း၌ ယုတရားများကို မျက်မှောက်ပြုရန် စွမ်းနိုင်၏။

ထိုရဟန်းသည်တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးကိုပြီးမြောက်စေနိုင်၏၊ ဒိဗ္ဗသောတဓာတ်ဖြင့် ကြားလိုသော အသံတို့ကို ကြားနိုင်၏၊ သူတစ်ပါး တို့၏ စိတ်အကြံကို သိနိုင်၏။ အတိတ်ဘဝတို့ကို ပြန်၍ [illegible] နိုင်၏။ ဒိဗ္ဗစက္ခုဖြင့် ဘဝအမျိုးမျိုး၌ ဖြစ်ပျက်နေသော သတ္တဝါတို့ကို သိမြင်နိုင်၏။ အာသဝေါတရားကင်းရာဖြစ်သည့်အရဟတ္တဖိုလ်စိတ်ဟူသော စေတောဝိမုတ္တိ၊ အရဟတ္တဖိုလ်ပညာဟူသော ပညာ ဝိမုတ္တိကို မျက်မှောက် ပြု၍ နေနိုင်၏ဟု ဟောကြားပါသည်။

## ၄။ ဒုသီလသုတ်

### သီလပျက်သူအား တရားငါးပါးပျက်ပုံ

၂၄။ သီလပျက်သူအား သမ္မာသမာဓိသည် ပျက်စီး၏။ သမ္မာသမာဓိပျက်သူအား ယထာဘူတဉာဏ်သည်[၁] ပျက်စီး၏။ ယထာဘူတဉာဏ် ပျက်စီးသူအား နိဗ္ဗိဒါဝိရာဂဉာဏ်သည်[၂] ပျက်စီး၏။ နိဗ္ဗိဒါဝိရာဂဉာဏ် ပျက်စီးသူအား ဝိမုတ္တိဉာဏ်အမြင်သည်[၃] ပျက်စီး၏။ ဥပမာအခက်အလက် ပျက်စီးသောသစ်ပင်မှာ အပွေး၊ အခွံ၊ အကာအနှစ်တို့သည် ပြည့်စုံ၍ မလာသကဲ့သို့ ဖြစ်သည်။

သီလပြည့်စုံသူအား သမ္မာသမာဓိသည် ပြည့်စုံလာ၏။ ..... နိဗ္ဗိဒါဝိရာဂဉာဏ် ပြည့်စုံသူအား ဝိမုတ္တိဉာဏ်အမြင်သည် ပြည့်စုံလာ၏။ ဥပမာ အခက်အရွက်နှင့်ပြည့်စုံသောသစ်ပင်မှာအပွေး၊ အခွံ၊ အကာအနှစ်တို့သည် ပြည့်စုံလာနိုင်သကဲ့သို့ ဖြစ်ပေသည်ဟု ဟောကြားပါသည်။

## ၅။ အနုဂ္ဂဟိတသုတ်

### အကြောင်းငါးပါးဖြင့် ချီးမြှောက်အပ်သော သမ္မာဒိဋ္ဌိ

၂၅။ အကျင့်သီလ၊ အကြားအမြင် သုတ၊ ဆွေးနွေးခြင်း သာကစ္ဆာ၊ စိတ်တည်ငြိမ်ခြင်း သမထ၊ အထူးရှုခြင်း ဝိပဿနာ ဟူသော အကြောင်းငါးပါးဖြင့်ချီးမြှောက်အပ်သောသမ္မာဒိဋ္ဌိသည်[၄] စေတောဝိမုတ္တိ ပညာဝိမုတ္တိဟူသော အကျိုးအာနိသင်ကို ဖြစ်စေနိုင်၏ဟု ဟောကြားပါသည်။

---

၁။ ယထာဘူတဉာဏဒဿန-ယထာဘူတ ဉာဏ်အမြင်၊ ခန္ဓာငါးပါးတို့၏ အရှိသဘောကိုအရှိသဘောအတိုင်း သိမြင်သည့်နာမရူပပရိစ္ဆေဒဉာဏ်မှသောရှေ့ပိုင်း ဝိပဿနာဉာဏ်များ။ 'တရုဏဝိပဿနာ= နုသော ဝိပဿနာဉာဏ်'ဟုလည်း ခေါ်ပါသည်။

၂။ နိဗ္ဗိဒါ—ခန္ဓာငါးပါး၌ငြီးငွေ့ဖွယ်ဟုသိမြင်သည့်နောက်ပိုင်း ဝိပဿနာဉာဏ်များ' ဗလဝိပဿနာ–အားရှိသော ဝိပဿနာဉာဏ်' ဟုလည်း ခေါ်ပါသည်။ ဝိရာဂ ခန္ဓာငါးပါး၌ တပ်မက်မှု ကင်းသော မဂ်ဉာဏ်၊

၃။ ဝိမုတ္တိ ဉာဏဒဿန ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ် စိတ်နှင့် ကိုလွတ်မြောက်မှုကို ပြန်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်။

၄။ သမ္မာဒိဋ္ဌိအရ ဝိပဿနာ သမ္မာဒိဋ္ဌိကိုယူရမည်၊ စေတောဝိမုတ္တိအရ မဂ်ဖိုလ်နှင့်ယှဉ်သော သမာဓိကိုယူရမည်၊ ပညာဝိမုတ္တိအရ ဖိုလ်စိတ်နှင့် ယှဉ်သော ပညာကို ယူရမည်ဟု ဖွင့်ပါသည်။

## ၆။ ဝိမုတ္တာယတနသုတ်
### လွတ်မြောက်မှု၏ အကြောင်းငါးပါး

၂၆။ ကိုလေသာတို့မှ လွတ်မြောက်မှု၏ အကြောင်းငါးပါးရှိသည်၊ ထိုအကြောင်းငါးပါးတို့၌ မမေ့မလျော့သည်ဖြစ်၍ အပူတပြင်းအားထုတ်သော ရဟန်းအားမလွတ်မြောက်သေးသော စိတ်သည် လွတ်မြောက်၏၊ မကုန်ခန်းသော အာသဝေါတရားတို့သည်လည်း ကုန်ခန်းခြင်းသို့ရောက်ကုန်၏။ ထိုရဟန်းသည် ယောဂခလေးပါးမှ ကင်းလွတ်ရာ အရဟတ္တဖိုလ်ဟူသော အမြတ်ဆုံး တရားတို့လည်း ဆိုက်ရောက်၏။ လွတ်မြောက်မှု၏ အကြောင်းတရား ငါးပါးတို့ကား—

(၁) တစ်ပါးသောရဟန်းသည် ဆရာကဖြစ်စေ၊ လေးစားအပ်သော သီတင်းသုံးဖော်တစ်ယောက်ကဖြစ်စေ ဟောကြားသောတရားကို ကြားနာရသည်ရှိသော် ထိုတရား၌ အနက်ကိုသိမြင်၏။ ပါဠိကိုသိမြင်၏။ အနက်နှင့် ပါဠိကိုသိမြင်သော ရဟန်းအား ဝမ်းမြောက်မှုသည်ဖြစ်၏။ ဝမ်းမြောက်သူအား နှစ်သက်မှု ပီတိသည်ဖြစ်၏။ နှစ်သက်သောစိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိသူသည်ကိုယ်စိတ်ချမ်းသာမှုကို ခံစားရ၏၊ ကိုယ်စိတ်ချမ်းသာမှုရှိသူ၏ စိတ်သည်တည်ငြိမ်၏။[၁] ဤသို့တရားနာရခြင်းသည် ပထမလွတ်မြောက်မှု၏ အကြောင်းဖြစ်ပေသည်။

(၂) တစ်ပါးသောရဟန်းသည် မိမိကြားနာရသော တရားကိုသူတစ်ပါးတို့အား ဟောကြားစဉ် ထိုတရား၌ အနက်ကိုသိမြင်၏။ ပါဠိကိုသိမြင်၏၊ အနက်နှင့်ပါဠိကိုသိမြင်သောရဟန်းအားဝမ်းမြောက်မှုသည်ဖြစ်၏.... ကိုယ်စိတ်ချမ်းသာမှုရှိသော ရဟန်း၏စိတ်သည်တည်ငြိမ်၏။ ဤသို့ တရားဟောခြင်းသည် ဒုတိယလွတ်မြောက်မှု၏ အကြောင်း ဖြစ်ပေသည်။

(၃) တစ်ပါးသော ရဟန်းသည် မိမိနာကြား သင်ယူထားသော တရားကို အကျယ်အားဖြင့် ရွတ်ဆိုစဉ် ထိုတရား၌ အနက်ကို သိမြင်၏။ ပါဠိကိုသိမြင်၏။ အနက်နှင့်ပါဠိကိုသိမြင်သောရဟန်းအား ဝမ်းမြောက်မှုသည်ဖြစ်၏...ကိုယ်စိတ်ချမ်းသာမှုရှိသူ၏စိတ်သည်တည်ငြိမ်၏။ ဤသို့ တရားကိုရွတ်ဆိုခြင်းသည်တတိယလွတ်မြောက်မှု၏အကြောင်း ဖြစ်ပေသည်။

---

၁။ နှစ်သက်ခြင်း ပီတိကိုအနိစ္စစသောအခြင်းအရာအားဖြင့် ဝိပဿနာရှုလျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ထိုအရဟတ္တဖိုလ် သမာဓိဖြင့် ခိုင်မြဲသော တည်ငြိမ်မှုကို ရရှိသွားလေ၏ဟု ဆိုလိုပါသည်။ အဋ္ဌကထာ။

(၄) တစ်ပါးသောရဟန်းသည် ကြားနာသင်ယူထားသော တရားကို စိတ်ဖြင့် အကျယ်ထပ်သုံးသပ်ဆင်ခြင်စဉ် ထိုတရား၌ အနက်ကိုသိမြင်၏။ ပါဠိကိုသိမြင်၏။ အနက်နှင့်ပါဠိကို သိမြင်သော ရဟန်းအား ဝမ်းမြောက်မှုသည်ဖြစ်၏....ကိုယ်စိတ်ချမ်းသာမှုရှိသူ၏ စိတ်သည် တည်ငြိမ်၏။ ဤသို့ တရားကို ဆင်ခြင်သုံးသပ်ခြင်းသည် စတုတ္ထလွတ်မြောက်မှု၏ အကြောင်းဖြစ်ပေသည်။

(၅) တစ်ပါးသော ရဟန်းသည် မိမိ ကောင်းစွာ သင်ယူထားသည့် သမာဓိနိမိတ် တစ်ပါးပါးကို ဆင်ခြင်နှလုံးသွင်းစဉ်ထိုကမ္မဋ္ဌာန်းတရား၌အနက်ကိုသိမြင်၏။ ပါဠိကိုသိမြင်၏။ အနက်နှင့်ပါဠိကိုသိမြင်သော ရဟန်းအား ဝမ်းမြောက်မှုသည်ဖြစ်၏။ ကိုယ်စိတ်ချမ်းသာမှုရှိသူ၏ စိတ်သည်တည်ငြိမ်၏။ ဤသို့သမာဓိနိမိတ်ကို နှလုံးသွင်းခြင်းသည် ပဉ္စမလွတ်မြောက်မှု၏ အကြောင်းဖြစ်ပေသည်ဟု ဟောကြားပါသည်။

## ၇။ သမာဓိသုတ်

### သမာဓိပွားများသူအား ဉာဏ်ငါးပါးဖြစ်ပုံ

၂၇။ ရဟန်းတို့၊ သင်တို့သည် ရင့်ကျက်သောပညာ၊ စွဲမြဲသော သတိရှိကုန်လျက် အကိုင်းအရှည် ပမာဏမရှိသော[၂] (လောကုတ္တရာ) သမာဓိကို ပွားများကြကုန်လော့။ ထိုသမာဓိကို ပွားများသူတို့အား ငါးပါးသော(ပစ္စဝေက္ခဏာ)ဉာဏ်တို့သည်[၃]ဖြစ်ပေါ်လာကုန်၏။ အဘယ် ငါးပါးသော(ပစ္စဝေက္ခဏာ) ဉာဏ်တို့သည် ဖြစ်ပေါ်လာကုန်သနည်း—

(၁) ဤသမာဓိသည် ဝင်စားဆဲ ခဏ၌လည်း ချမ်းသာ၏။ နောင်အခါ၌လည်း ချမ်းသာသောအကျိုးရှိ၏-ဟု ဆင်ခြင်သိမြင်သော ပစ္စဝေက္ခဏာဉာဏ်၊

(၂) ဤသမာဓိသည် ဖြူစင်၏။ ကိလေသာဟူသော အာမိသမှ ကင်း၏ဟု ဆင်ခြင် သိမြင်သော ပစ္စဝေက္ခဏာဉာဏ်၊

(၃) ဤသမာဓိသည် ယောကျ်ားမြတ်တို့ မှီဝဲအပ်သော တရားဖြစ်၏ဟု ဆင်ခြင် သိမြင်သော ပစ္စဝေက္ခဏာဉာဏ်။

---

၁။ သမထကမ္မဋ္ဌာန်း(၃၈)ပါးကို 'သမာဓိနိမိတ်'ဟု ဆိုပါသည်။

၂။ အပ္ပမာဏန္တိ ပမာဏကရဓမ္မရဟိတံ လောကုတ္တရံ—အဋ္ဌကထာ။

၃။ ပဉ္စ ဉာဏာနီတိ ပဉ္စ ပစ္စဝေက္ခဏာဉာဏာနိ—အဋ္ဌကထာ။

(၄) ဤသမာဓိသည် ငြိမ်သက်၏၊ မွန်မြတ်၏၊ ကိလေသာငြိမ်း အေးခြင်းဖြင့် ရအပ်သော တရားဖြစ်၏၊ စိတ်တည်ကြည်မှုဖြင့် ရအပ် သော တရားဖြစ်၏၊ လုံ့လ စိုက်ထုတ်ခြင်းနှင့်တကွ ဖြစ်သော စိတ် ဖြင့် ကိလေသာတို့ကို နှိပ်ကွပ် တားဆီး၍ ရအပ်သော တရားမဟုတ်[၁] ဟု ဆင်ခြင် သိမြင်သော ပစ္စဝေက္ခဏာ ဉာဏ်၊

(၅) ငါသည်ဤသမာဓိ ကို သတိရှိလျက်ဝင်စား၏၊ သတိရှိလျက် သာလျှင် ဤသမာဓိမှ ထ၏ဟု ဆင်ခြင် သိမြင်သော ပစ္စဝေက္ခဏာဉာဏ် တို့ ဖြစ်ပေသည်ဟု ဟောကြားပါသည်။

## ၈။ ပဉ္စင်္ဂိကသုတ်

### အင်္ဂါငါးပါး ရှိသော သမာဓိကို ပွားများခြင်း

၂၈။ ရဟန်းတို့၊ ငါသည် သင်တို့အား အင်္ဂါငါးပါးရှိသော အရိယာသမ္မာသမာဓိ ပွားများခြင်းကို ဟောကြားအံ့၊ ရိုသေစွာ နာယူ ကြကုန်လော့။ ရဟန်းတို့၊ အင်္ဂါငါးပါးရှိသော သမ္မာသမာဓိကို ပွားများ ခြင်း ဟူသည် အဘယ်နည်း—

(၁) ရဟန်းတို့ ဤသာသနာ၌ တစ်ပါးသောရဟန်း သည် ကာမဂုဏ် တို့မှ ကင်းဆိတ်၍ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခတို့နှင့်တကွဖြစ် သော ပထမဈာန်ကို ဝင်စား၍ နေ၏၊ ထိုရဟန်းသည် မိမိ တစ်ကိုယ်လုံးကို ကိလေသာကင်းဆိတ်မှုကြောင့် ဖြစ်သည့်ပီတိ၊

---

၁။ လောကီချမ်းသာတို့ကို ရရှိရန် အလို့ငှာ ထုတ်သည့်သမာဓိတို့သည် ဆန့် ကျင်ဘက် နီဝရဏတရားတို့ကို အမြဲမပြတ် နှိပ်ကွပ်တားဆီးရသည်။ နီဝရဏတို့ကို နှိပ်ကွပ် တားဆီးနိုင်မှသာ ရောက်ရှိ ဖြစ်ပေါ်လာ၏။ ဤအရဟတ္တဖိုလ် သမာဓိကား ဤသို့ကိလေသာတို့ကို တားဆီးကာ ငြိမ်းပြီးသော ... စိတ်၏ ... ဖြစ်ပေါ် လာ၏။ ဖိုလ်သမာပတ် ဝင်စားသောအခါ၌လည်း ကိလေသာတို့ကို နှိပ်ကွပ်ရန် မလိုဘဲ လွယ်ကူစွာ ဝင်စားနိုင်သော တရားဖြစ်၏ဟု ဆိုလို ပါသည်။

သုခ တို့ဖြင့် စွတ်စို ပျံ့နှံ့စေ၏။ ဥပမာ ကျွမ်းကျင်သော ရေချိုးသမားသည်[၁] ကြေးခွက်၌ ဆပ်ပြာမှုန့်များကို ထည့်ပြီး ရေဖြင့် ဖျန်း၍ ဖျန်း၍ နယ်သည် ရှိသော် ထိုဆပ်ပြာမှုန့်အခဲသည် အတွင်း ရော အပြင်ပါ အစေးဓာတ်ဖြင့် စိမ့်ဝင်ပျံ့နှံ့နေ သကဲ့သို့ ဖြစ်ပေသည်။ ဤ ပထမဈာန်ကို ဝင်စားခြင်းသည် ပထမဦးစွာ သမ္မာသမာဓိ ပွားများခြင်းတည်း။

(၂) တစ်ပါးသော ရဟန်းသည် ဝိတက်၊ ဝိစာရ မရှိတော့ဘဲ ပီတိ၊ သုခတို့နှင့် တကွဖြစ်သော ဒုတိယဈာန်ကို ဝင်စား၍ နေ၏။ ထို ရဟန်းသည် မိမိတစ်ကိုယ်လုံးကို သမာဓိကြောင့် ဖြစ်ပေါ်လာသည့် ပီတိသုခ တို့ဖြင့် စွတ်စိုပျံ့နှံ့စေ၏။ ဥပမာ လေးဘက်လေးတန်၌ ရေဝင်ပေါက် မရှိသည့် အစောက်နက်သော ရေအိုင်မှ ပေါက်ထွက်သောရေတို့သည် ထိုရေအိုင်သို့သာ လျှင်စိမ့်ဝင်ကုန် သကဲ့သို့ ဖြစ်ပေသည်။ ဤဒုတိယဈာန်ကို ဝင်စားခြင်းသည် ဒုတိယမြောက် သမ္မာသမာဓိ ပွားများခြင်းတည်း။

(၃) တစ်ပါးသော ရဟန်းသည် ပီတိကင်းကွာ၍ချမ်းသာခြင်းသုခ မျှသာ ရှိတော့သော တတိယဈာန်ကို ဝင်စား၍ နေ၏။ ထို ရဟန်းသည်မိမိတစ်ကိုယ်လုံးကို ပီတိကင်းသော ချမ်းသာခြင်း သုခဖြင့် ပျံ့နှံ့စေ၏။ ဥပမာ ရေထဲ၌ပေါက်၍ ရေထဲ၌ ကြီးပွားသော ကြာပင်တို့သည်အရင်းမှ အဖျားတိုင်အောင် ရေဖြင့်စွတ်စို ပျံ့နှံ့နေကုန်သကဲ့သို့ ဖြစ်၏။ ဤတတိယဈာန်ကို ဝင်စားခြင်း သည် တတိယမြောက် သမ္မာသမာဓိ ပွားများခြင်းတည်း။

(၄) တစ်ပါးသောရဟန်းသည်ဒုက္ခလည်းမရှိ၊သုခလည်းမရှိတော့ဘဲ ဥပေက္ခာကြောင့် ဖြစ်သည့် သတိစင်ကြယ်ခြင်းရှိသောစတုတ္ထဈာန် ကို ဝင်စား၍နေ၏။ ထိုရဟန်းသည် မိမိ တစ်ကိုယ်လုံးကို ဖြူစင် သန့်ရှင်းသော စိတ်ဖြင့် ဖြန့်၍နေ၏။ ဥပမာ ဦးခေါင်းနှင့်တကွ တစ်ကိုယ်လုံးကိုဖြူဖွေးသောအဝတ်ဖြင့်ခြုံ၍နေသောယောကျ်ား၏

---

၁။ ''နှာပကော ဝါ နှာပကန္တေဝါသီ ဝါ - ရေချိုးသမား သို့မဟုတ် သူ့တပည့်သည်'' ဟု ဆိုပါသည်။ ရှေးခေတ်က ရေချိုးဆိပ်၌ ရေချိုးလာသူတို့အား အဖိုးအခဖြင့်ကြေးတွန်း ပွတ်တိုက်၍ ရေချိုးပေးသူများရှိခဲ့ဟန် တူပါသည်။

ကိုယ်၌ ဆာတ်ဖြင့် မထိတွေ့ အပ်သော နေရာမရှိသကဲ့သို့ ဖြစ်၏။ ဤပတုတ္ထစျာန်ကို ဝင်စားခြင်းသည် စတုတ္ထဈာန်မြောက် သမ္မာသမာဓိ ပွားများခြင်းတည်း။

(၅) တစ်ပါးသော ရဟန်းသည် ကားပစ္စဝေက္ခဏာဉာဏ် တည်းဟူသော အကြောင်းနိမိတ်ကို ကောင်းစွာသင်ယူ၏။ ဥပမာ ရပ်နေသူ သည်ထိုင်နေသူကို ကြည့်ရှုဆင်ခြင် သကဲ့သို့လည်းကောင်း ထိုင် နေသူသည် အိပ်နေသူကို ကြည့်ရှုဆင်ခြင် သကဲ့သို့လည်းကောင်း၊ ထို့အတူ ပစ္စဝေက္ခဏာဉာဏ် တည်းဟူသော အကြောင်းနိမိတ်ကို ကောင်းစွာဆင်ခြင်နှလုံးသွင်း၏ ဤ ပစ္စဝေက္ခဏာဉာဏ်တည်း ဟူသော အကြောင်း နိမိတ်ကို ဆင်ခြင်ခြင်း သည် ပဉ္စမမြောက် သမ္မာသမာဓိ ပွားများခြင်းတည်း။

ရဟန်းတို့၊ ဤသို့အင်္ဂါငါးပါးရှိသော အရိယာ သမ္မာသမာဓိကို ပွားများသော ရဟန်းသည် ဉာဏ်အထူးဖြင့် မျက်မှောက်ပြုအပ်သော တရား ကို မျက်မှောက်ပြုရန် စိတ်ကိုညွတ်စေငြားအံ့ အကြောင်း အထောက် အပံ့နှင့် ပြည့်စုံသည့်အခါတိုင်း၌ ထိုတရားကိုမျက်မှောက်ပြုရန် စွမ်းနိုင်၏။

ဥပမာ ရေပြည့်နေသော အိုးစရည်ကြီး ကို အားရှိသော ယောကျ်ားက မည်သည့်ဘက်သို့ မဆို စောင်း၍လိုက်လျှင်ရေထွက်ကျလာ သကဲ့သို့ လည်းကောင်း၊ အားရှိသောယောကျ်ားသည် ရေပြည့်နေသော လေးထောင့်ကန်ကြီး၏ ကန်ပေါင်ရိုးတစ်ဖက်ဖက်ကို ဖွင့်လိုက်လျှင် ရေ များထွက်လာသကဲ့သို့ လည်းကောင်း၊ ညီညာသောမြေပြင်ရှိသည့် လမ်း ဆုံ၌ရပ်ထားသော မြင်းရထားကို ကျွမ်းကျင်သောရထားထိန်းသည်လိုရာ အရပ်သို့ မောင်းနှင်သွားနိုင် သကဲ့သို့ လည်းကောင်း၊ ထို့အတူ အင်္ဂါ ငါးပါးရှိသည့် သမ္မာသမာဓိကို ပွားများသောရဟန်းသည်ဉာဏ်အထူး ဖြင့် မျက်မှောက်ပြုအပ်သော တရားကို မျက်မှောက်ပြုရန် စွမ်းနိုင်၏။

ထိုရဟန်းသည်တန့်ခိုးဖန်ဆင်းမှု အမျိုးမျိုးကို ပြီးမြောက်စေနိုင် ၏—ပညာဝိမုတ္တိကို မျက်မှောက် ပြု၍ နေနိုင်၏ဟု ဟောကြားပါသည်။

---

၁။ တဿ တဿ သမာဓိဿ သရူပဒဿနဿ ပစ္စယတ္တာ ပစ္စဝေက္ခဏာ ဉာဏံ ပစ္စဝေက္ခဏနိမိတ္တံ နာမ။

## ၉။ စင်္ကမသုတ်

### စင်္ကြံလျှောက်ခြင်း၏ အကျိုးငါးပါး

၂၉။ စင်္ကြံလျှောက်သောရဟန်းသည်—
(၁) ခရီးရှည်သွားနိုင်ခြင်း၊
(၂) ကမ္မဋ္ဌာန်းအလုပ်ကိုအားထုတ်နိုင်စွမ်းရှိခြင်း၊
(၃) အနာရောဂါကင်းခြင်း၊
(၄) စားသောက် အပ်သော အစားအစာ ကောင်းစွာ ကြေညက်ခြင်း၊
(၅) စင်္ကြံလျှောက်ခြင်းဖြင့် ရအပ်သော သမာဓိ၏ရှည်မြင့်စွာတည်ခြင်း။[၂]
ဟူသော အကျိုးအာနိသင်ငါးပါးကိုရ၏ဟု ဟောကြားပါသည်။

## ၁၀။ နာဂိတသုတ်

### ရှင်နာဂိတအား ဟောသောတရားငါးပါး

၃၀။ အခါတစ်ပါး၌ဗုဒ္ဓမြတ်စွာသည် ရဟန်းသံဃာမြောက်မြားစွာနှင့်အတူ ကောသလတိုင်း အတွင်း၌ဒေသစာရီကြွချီစဉ် ဣစ္ဆာနင်္ဂလမည်သော ပုဏ္ဏားရွာသို့ ဆိုက်ရောက်၍ဣစ္ဆာနင်္ဂလ တောအုပ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါဣစ္ဆာနင်္ဂလ ရွာသား ပုဏ္ဏားလူကြွယ်တို့သည် များစွာသော ခဲဖွယ်ဘောဇဉ်တို့ကို ယူ၍ ဣစ္ဆာနင်္ဂလတောအုပ်သို့ရောက်လာကြပြီး ကျောင်းတံခါး အပြင်ဘက်၌ ဆူညံသော အသံတို့ကို ဖြစ်စေကာ ရပ်တန့်နေကြသည်။

---

၁။ ပဓာနက္ခမောတိ ပဓာနဝီရိယက္ခမော အဋ္ဌကထာ။
၂။ ရပ်နေစဉ်တွင် ထင်လာသော ကမ္မဋ္ဌာန်း နိမိတ်သည် ထိုင်လိုက်လျှင် ပျောက်သွားတတ်၏။ ထိုင်နေစဉ်တွင် ထင်လာသော ကမ္မဋ္ဌာန်း နိမိတ်သည်လည်း လဲလျောင်းလိုက်လျှင် ပျောက်သွားတတ်၏။ စင်္ကြံလျှောက်ရင်း လှုပ်ရှားနေသောအခါ၌ ထင်လာသော ကမ္မဋ္ဌာန်းနိမိတ်သည်ကား ရပ်သည် ဖြစ်စေ၊ ထိုင်သည်ဖြစ်စေ၊ လဲလျောင်း၍ပင် နေသည် ဖြစ်စေ ပျောက်မသွားဘဲ တည်မြဲနေတတ်၏။ ထို့ကြောင့် "စင်္ကြံလျှောက်ခြင်းဖြင့် ရအပ်သော သမာဓိ၏ ရှည်မြင့်စွာ တည်ခြင်း" ဟုဆိုခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ထိုအသံတို့ကို ကြားတော်မူသဖြင့် အလုပ်အကျွေးရဟန်းဖြစ်သော ရှင်နာဂိတအား ''နာဂိတ၊ တံငါသည်များ ငါးလုကြသလို ဆူဆူညံညံ ကြားနေရတဲ့ အသံတွေဟာ ဘာသံတွေလဲ''ဟု မေးတော်မူသည်၊ ဗြာဟ္မဏ ရွာသားတွေ ရောက်နေကြခြင်း ဖြစ်ကြောင်း ရှင်နာဂိတက ဖြေကြားသည်။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူသည်—

''နာဂိတ၊ ငါသည် အခြံအရံအကျော်အစောနှင့် ဆုံဆည်းခြင်းကို မတောင့်တ၊ အခြံအရံ အကျော်အစောသည်လည်း ငါနှင့်မဆုံဆည်းစေလို။ နာဂိတ၊ ငါသည်ကာမဂုဏ်တို့မှလွတ်မြောက်မှုချမ်းသာ၊ ကိလေသာ ငြိမ်းဆိတ်မှု ချမ်းသာ ငြိမ်းအေးမှု ချမ်းသာ၊ အမှန်သိမြင်မှု ချမ်းသာတို့ကို အလိုရှိတိုင်း ရခြင်းရှိ၏။ ထိုချမ်းသာတို့ကို ငါလိုရခြင်းမရှိသော သူသည်သာ မစင်သဖွယ် ရွံဖွယ် ဖြစ်သော ချမ်းသာ၊ အိပ်ငိုက်ခြင်း ချမ်းသာ၊ လာဘ်ရခြင်း၊ အပူအဇော်ခံရခြင်း ဂုဏ်သတင်းကြီးခြင်း ချမ်းသာတို့ကို သာယာနှစ်သက်ရာ၏''

''အရှင်ဘုရား မြတ်စွာဘုရားသည်သည်းခံတော်မူပါ။ ယခုအချိန်သည် သည်းခံရမည့် အချိန်ဖြစ်ပါသည်။ မိုးကြီးသည်းထန်စွာ ရွာသော အခါမိုးရေတို့သည် နိမ့်ရာအရပ်သို့ စီးသွားကြကုန်သကဲ့သို့ ယခုအခါ ရွာနိဂုံး ဇနပုဒ်တို့မှ ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရား ကြွသွားရာ အရပ်တိုင်းသို့ လိုက်လာကြမည်သာ ဖြစ်ပါသည်။ ဤသို့လိုက်လာကြခြင်းမှာလည်း မြတ်စွာဘုရား၏ သီလပညာ ကြီးမားလှခြင်း ကြောင့်ပင် ဖြစ်ပါသည်။

ထိုသို့တောင်းပန်သော ရှင်နာဂိတအား ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော် မူလေသည်—

''နာဂိတ၊ ငါသည် အခြံအရံအကျော်အစောနှင့် ဆုံဆည်းခြင်းကို မတောင့်တ… ထိုချမ်းသာတို့ကို ငါလို ရခြင်း မရှိသောသူသည်သာမစင်သဖွယ် ရွံဖွယ်ဖြစ်သော ချမ်းသာ…. ဂုဏ်သတင်းကြီးခြင်း ချမ်းသာတို့ကို သာယာ နှစ်သက်ရာ၏။

နာဂိတ၊ စားသောက် အပ်သော အစာအာဟာရ၏ အကျိုးဆက်ကား ကျင်ကြီး ကျင်ငယ်ဖြစ်၏။ (၁)

---

၁။ မိဋ္ဌသုတ္တ^၀ အသုစိသုခံ၊အင်္ဂုတ္တရ။

ချစ်ခင်နှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့၏ အကျိုးဆက်ကား ဖောက်ပြန်ပြောင်းလဲခြင်း၊ စိုးရိမ်ပူဆွေးငိုကြွေးရခြင်းတို့ဖြစ်၏။ (၂)

အသုဘကမ္မဋ္ဌာန်းကို အစဉ်အားထုတ်နေသော သူအား ကင့်တယ်သော အာရုံ၌လည်း စက်ဆုပ်ရွံရှာဖွယ်ဟု ထင်ခြင်းသည် အသုဘကမ္မဋ္ဌာန်း၏ အကျိုးဆက်ဖြစ်၏။ (၃)

ဖဿာယတန ခြောက်ပါးတို့၌ အနိစ္စဟု အဖန်ဖန် ရှုနေသူအား တွေ့ထိမှု ဖဿ၌ စက်ဆုပ်ဖွယ်ဟု ထင်ခြင်းသည် ထိုအနိစ္စဟု ရှုခြင်း၏ အကျိုးဆက် ဖြစ်၏။ (၄)

ဥပါဒါနက္ခန္ဓာငါးပါးတို့၌ ဖြစ်ပျက်မှုကို အဖန်ဖန်ရှုနေသော သူအား စွဲလမ်းမှုဥပါဒါန်၌ စက်ဆုပ်ဖွယ်ဟုထင်ခြင်းသည် ထိုဖြစ်ပျက်မှုကိုရှုရခြင်း၏ အကျိုးဆက်ဖြစ်၏”ဟု မိန့်ကြားပါသည်။ (၅)

## ၄။ သုမနဝဂ်

### ၁။ သုမနသုတ်

#### သုမနာမင်းသမီးနှင့် ဒါနအကျိုးငါးပါး

၃၁။ အခါတစ်ပါး၌သာဝတ္ထိပြည် ပသေနဒီကောသလမင်းကြီး၏ သမီးတော်ဖြစ်သော သုမနာမင်းသမီးသည် မင်းသမီးငါးရာ ခြံရံလျက် ရထားငါးရာတို့ဖြင့် ဗုဒ္ဓသီတင်းသုံးရာ ဇေတဝန်ကျောင်းတော်သို့ ရောက်လာသည်။သုမနာသည် ဗုဒ္ဓအား ရိုသေစွာရှိခိုးပြီး အောက်ပါမေးခွန်းကို မေးလျှောက်လေသည်။

“အရှင်ဘုရား၊ ဤသာသနာ၌ သဒ္ဓါ၊ သီလ၊ ပညာ အားဖြင့် တူညီသောတပည့်သာဝက နှစ်ပါးရှိရာပါ၏။ ထိုနှစ်ပါးတို့တွင် တစ်ပါးသည် ပေးကမ်းလှူဒါန်းမှုရှိသူ၊ တစ်ပါးကမူ ပေးကမ်းလှူဒါန်းမှု မရှိသူ ဖြစ်ရာပါ၏။ သူတို့နှစ်ပါးသည်သေလွန်၍ နတ်ပြည်သို့ရောက်သွားခဲ့သော် နတ်အဖြစ်၌ထူးခြားမှု ရှိနိုင်ပါသလော”

“သုမနာ၊ နတ်ဖြစ်သွားသော ထိုသူနှစ်ဦး တို့အား ထူးခြားမှု ရှိနိုင်၏။ ပေးလှူမှုရှိသူသည် ပေးလှူမှု မရှိသူထက် နတ်တို့၏အသက်၊ အဆင်း၊ ချမ်းသာ၊ အခြံအရံ၊ အစိုးရမှုဟူသော အကြောင်းငါးပါးတို့ဖြင့် သာလွန်၏”

"အရှင်ဘုရား၊ အကယ်၍ ထိုသူနှစ်ဦးတို့သည် နင်ပြည်မှ စုတေ၍ လူအဖြစ်သို့ ရောက်လာခဲ့သော် လူအဖြစ်၌လည်း ထိုသူ နှစ်ဦးတို့အား ထူးခြားမှု ဖြစ်နိုင်ပါသလော"

"သုမနာ၊ လူအဖြစ်၌လည်း ထိုသူနှစ်ဦးတို့အား ထူးခြားမှုဖြစ်နိုင်၏။ ပေးလှူမှုရှိခဲ့သူသည် ပေးလှူမှု မရှိခဲ့သူ ထက်လူတို့၏အသက်၊ အဆင်း ချမ်းသာ၊ အခြံအရံ၊ အစိုးရမှုဟူသော အကြောင်း ငါးပါးတို့ဖြင့်သာ လွန်၏"

"အရှင်ဘုရား၊ အကယ်၍ ထိုသူနှစ်ဦးတို့သည် လူ့ဘောင်မှထွက်၍ ရဟန်းဘောင်သို့ ဝင်သွားခဲ့ကြသော်၊ ရဟန်းအဖြစ်၌လည်းထိုသူနှစ်ဦး တို့အားထူးခြားမှု ဖြစ်နိုင်ပါသလော"

"သုမနာ၊ ရဟန်းအဖြစ်၌လည်း ထိုသူ နှစ်ဦးတို့အား ထူးခြားမှု ဖြစ်နိုင်၏။ ပေးလှူမှုရှိခဲ့သော ရဟန်းသည် ပေးလှူမှုမရှိခဲ့သော ရဟန်း ထက် အလှူခံရန် တောင်းပန်အပ်သည် ဖြစ်၍သာလျှင် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကိုများစွာ သုံးဆောင်ရခြင်း၊ နှစ်သက်ဖွယ်အပြုအမူတို့ဖြင့်သာ သီတင်းသုံးဖော်တို့၏ ပြုမူ ဆက်ဆံမှုကို ခံရခြင်းဟူသော အကြောင်းငါးပါးတို့ဖြင့် သာလွန်၏"

"အရှင်ဘုရား အကယ်၍ထိုရဟန်းနှစ်ပါးတို့သည်အရဟတ္တဖိုလ်သို့ ရောက်သွားခဲ့ကြသော် ထိုရဟန္တာ နှစ်ပါးတို့အား ထူးခြားမှု ဖြစ်နိုင်ပါ သေးသလော"

"သုမနာ၊ ဤသို့ ရဟန္တာဖြစ်သွားရာ၌မူ တစ်ပါး၏ ကိလေသာ တို့မှလွတ်မြောက်ခြင်းသည်အခြားတစ်ပါး၏ ကိလေသာတို့မှလွတ်မြောက် ခြင်းနှင့် ထူးခြားကွဲပြားမှုရှိ၏ဟု ငါမဆိုပေ"

"အရှင်ဘုရား၊ အံ့ဖွယ်ကောင်းလှပါ၏။ မဖြစ်ဖူး ထူးကဲလှပါ၏။ ကုသိုလ်ကောင်းမှုတို့ကို အလှူပြုသင့်လှပါ၏။ အဘယ့်ကြောင့် ဆိုသော်ကုသိုလ်ကောင်းမှုတို့သည် နတ်ဖြစ်သူအားလည်း ကောင်း၊ လူဖြစ် သူအားလည်းကောင်း၊ ရဟန်းဖြစ်သူအားလည်းကောင်း ကျေးဇူးများလှ သောကြောင့် ဖြစ်ပါသည်။"

သုမနာမင်းသမီးသည် ဤသို့ ဝမ်းမြောက်စကား လျှောက်ကြား လေ၏။ ထို့နောက် ဗုဒ္ဓမြတ်စွာကလည်း အောက်ပါ နိဂုံးစကားကို မိန့်ကြားတော် မူပါသည်။

"ကောင်းကင်ခရီးဖြင့် သွားသည့် ဆီနှင်း မြူတိမ် သူရိန် မီးခိုး ညစ်မျိုးငါးအင် ကင်းဝေးစင်သော လမင်းသည် အလုံးစုံသော ကြယ်တာရာ အပေါင်းတို့ကို အလင်းရောင်အားဖြင့် သာလွန်၍ တင့်တယ်သကဲ့သို့ ထို့အတူ သီလနှင့် ပြည့်စုံ၍ ရတနာသုံးပါးကို ယုံကြည်သော ပုဂ္ဂိုလ်သည် မပေးရက်လို ဝန်တိုခြင်းသဘောရှိသူတို့ကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းအားဖြင့် သာလွန်၍ တင့်တယ်ပေ၏။

လျှပ်စစ်ရောင်တန်း ခြူးပန်းခြူးနွယ်တို့ဖြင့် တင့်တယ်တောက်ပသော များစွာသောတိမ်တောင်တိမ်ထွတ်ရှိသော တစ်ချုန်းလျက်ရွာသွန်းသောမိုးသည် ကုန်းမြေကို လည်းကောင်း၊ ချိုင့်ဝှမ်းကို လည်းကောင်း ပြည့်စေသကဲ့သို့ ထို့အတူ ပညာရှိ၍ အမြင်မှန်နှင့် ပြည့်စုံသော ဗုဒ္ဓ၏တပည့်သည် မပေးရက်လို ဝန်တိုခြင်းသဘောရှိသူကို အသက်၊ အဆင်း၊ ချမ်းသာ၊ အခြွေအရံ၊ အစိုးရခြင်းတို့ဖြင့် လွှမ်းမိုး သာလွန်၏။ ထိုသူသည် စည်းစိမ်ဥစ္စာတို့က ပို့ဆောင် ပေးအပ်သည်ဖြစ်၍ တမလွန်သို့ရောက်လျှင် နတ်ပြည်၌ ပျော်ရွှင်စွာ နေရ၏။"

## ၂။ စုန္ဒီသုတ်

### စုန္ဒမင်းသမီးနှင့် အမြတ်ဆုံး ကြည်ညိုခြင်းငါးပါး

၃၂။ အခါတစ်ပါး၌ (ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရ မင်းကြီး၏ သမီးဖြစ်သော) စုန္ဒီမင်းသမီးသည် မိန်းမပျိုငါးရာ ခြံရံလျက် ရထားငါးရာတို့ဖြင့် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေသော ဗုဒ္ဓမြတ်စွာထံ ရောက်လာသည်။ စုန္ဒီမင်းသမီးသည် ဗုဒ္ဓအား ရိုသေစွာ ရှိခိုးပြီး အောက်ပါမေးခွန်းကို မေးလျှောက်လေသည်။

"အရှင်ဘုရား၊ ဘုရား၊ တရား၊ သံဃာတို့ကို ဆည်းကပ်၍ ပါဏာတိပါတစသော ကံငါးပါးမှ ရှောင်ကြဉ်သူသည် သေလွန်သော အခါ ဒုဂ္ဂတိသို့ မရောက်၊[၂] သုဂတိသို့သာ ရောက်၏ ဟူ၍ တပည့်တော်၏ မောင်စုန္ဒမင်းသားက ပြောဆိုပါသည်။ ဤစကားနှင့် စပ်၍ မြတ်စွာ

၈။ ပရိဗျူဠ္ဌော်တိဥဒကော်ဃေန ဝိယဒါနဝသေနဒီဃမာနေဟိဘောပေဟိ ပရိဗျူဠ္ဌော။ ဒေဝလောကံ သမ္ပာပိတောတိ အတ္တော အဋ္ဌကထာ။
၂။ ဒုဂ္ဂတိ (ဒု/ဂတိ) မကောင်းသော လားရာဘဝ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံ။

ဘုရားကို တပည့်တော် မေးလျှောက်လိုပါသည်- အဘယ်သို့ သဘော ရှိသော ဘုရား၊ တရား၊ သံဃာတို့၌ ကြည်ညိုသောသူသည် သေလွန် သော အခါ သုဂတိသို့ ရောက်ပါသနည်း၊ အဘယ်သို့သဘောရှိသော သီလတို့၌ ဖြည့်ကျင့်သူသည် သေလွန်သောအခါ သုဂတိသို့ ရောက်ပါ သနည်း"

စုန္ဒီမင်းသမီး၏ မေးခွန်းကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား တော်မူ၏။

"သမီးစုန္ဒီ၊ ခြေမရှိသောသတ္တဝါ၊ ခြေနှစ်ချောင်းရှိသောသတ္တဝါ၊ ခြေများစွာရှိသော သတ္တဝါတို့တွင် လည်းကောင်း၊ ရုပ်ရှိသောသတ္တဝါ၊ ရုပ်မရှိသောသတ္တဝါတို့တွင် လည်းကောင်း၊ သညာရှိသော သတ္တဝါ၊ သညာမရှိသောသတ္တဝါ၊ သညာ ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်သော သတ္တဝါတို့တွင်လည်းကောင်း ကိလေသာ အညစ်အကြေး တို့မှ ကင်းဝေး၍ သိအပ်ဖွယ်ရာ အဖြာဖြာကို မှန်စွာ ကိုယ်တိုင် သိမြင် နိုင်သော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏။ ထိုမြတ်စွာဘုရား၌ ကြည်ညိုသူတို့သည် အမြတ်ဆုံး ပုဂ္ဂိုလ်၌ ကြည်ညိုသူများ ဖြစ်ကုန်၏။ အမြတ်ဆုံး ပုဂ္ဂိုလ်၌ ကြည်ညို သူတို့အား အမြတ်ဆုံး အကျိုးသည် ဖြစ်၏။ (၁)

သမီးစုန္ဒီ၊ သင်္ခတ[၂] တရားဟူသမျှတို့တွင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အမြတ်ဆုံးဟု ဆိုအပ်၏။ ထိုအရိယမဂ်၌ ကြည်ညိုသူတို့သည် အမြတ်ဆုံးတရား၌ ကြည်ညိုသူများ ဖြစ်ကုန်၏။ အမြတ်ဆုံးတရား၌ ကြည်ညိုသူတို့အား အမြတ်ဆုံးအကျိုးသည် ဖြစ်၏။ (၂)

သမီးစုန္ဒီ၊ သင်္ခတ တရားတို့တွင် လည်းကောင်း၊ အသင်္ခတ တရား တို့တွင် လည်းကောင်း ဘေဏ္ဍာကုန်ရာ၊ ကိလေသာတို့ ကင်းကွာရာ၊ ဝဋ္ဋ ဒုက္ခ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို အမြတ်ဆုံးဟု ဆိုအပ်၏။ ထိုနိဗ္ဗာန်၌ ကြည်ညိုသူတို့သည် အမြတ်ဆုံး တရား၌ ကြည်ညိုသူများ ဖြစ်ကုန်၏။ အမြတ်ဆုံး တရား၌ ကြည်ညိုသူတို့အား အမြတ်ဆုံး အကျိုးသည် ဖြစ်၏။ (၃)

---

၁။ သုဂတိ ကောင်းသောလားရာ ဘဝ၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ ပြည်များ။

၂။ သင်္ခတ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါး တို့၏ ပေါင်းစီးမှုကြောင့် ဖြစ်ပေါ်လာသောတရား။

သမီးရတနာ၊ သီလ ဂုဏ်အင်္ဂါ ဟူသောများတို့တွင် အဓေးမှယူလာသည့်လှူဖွယ်ပစ္စည်းကို ခံယူထိုက်သော ဒေသတည်းဟူသည့်အတွက် အထူးစီမံထားသည့်လှူဖွယ်ပစ္စည်းကို ခံယူထိုက်သော၊ တမလွန်အကျိုးကို မျှော်မှန်း၍ လှူဒါန်းအပ်သော လှူဖွယ်ပစ္စည်းကို ခံယူထိုက်သော၊ တစ်လောကလုံး၏ အမြတ်ဆုံးကောင်းမှုလယ် မြေ ဖြစ်သော၊ အစုံအားဖြင့် လေးစုံ၊ အသီးသီး အားဖြင့် ရှစ်ယောက်သော မြတ်စွာဘုရား၏ တပည့်အပေါင်းကို အမြတ်ဆုံးဟု ဆိုအပ်၏။ ထိုမြတ်စွာဘုရား၏တပည့်အပေါင်း၌ ကြည်ညိုသူတို့သည် အမြတ်ဆုံး သံဃာ၌ ကြည်ညိုသူများ ဖြစ်ကုန်၏၊ အမြတ်ဆုံးသံဃာ၌ ကြည်ညိုသူတို့အား အမြတ်ဆုံး အကျိုးသည် ဖြစ်၏။(၄)

သမီးရတနာ၊ သီလ ဟူသောများတို့တွင် မကျိုးမပေါက်မပြောက် မကျားကုန်သည်ဖြစ်၍ သမာဓိအား ဖြစ်စေနိုင်သော၊ အရိယာတို့နှစ်သက်အပ်သော သီလတို့ကို အမြတ်ဆုံးဟု ဆိုအပ်၏။ ထိုအရိယာတို့နှစ်သက်အပ်သောသီလတို့၌ ဖြည့်ကျင့်သူတို့သည် အမြတ်ဆုံး သီလ၌ ဖြည့်ကျင့်သူများဖြစ်ကုန်၏။ အမြတ်ဆုံးသီလ၌ ဖြည့်ကျင့်သူတို့အား အမြတ်ဆုံး အကျိုးသည်ဖြစ်၏ဟု ဟောကြားပါသည်။(၅)

### ၃။ ဥဂ္ဂဟသုတ်
### ဥဂ္ဂဟသူကြွယ်၏ သမီးငယ်များနှင့်
### ယောဝတ် ငါးပါး

၃၂။ ဗုဒ္ဓမြတ်စွာသည် ဘဒ္ဒိယမြို့ သယံဇာတတောအုပ်၌[၁] သီတင်းသုံးစဉ် မေဏ္ဍကသူဌေး၏ မြေးဖြစ်သူ ဥဂ္ဂဟသူကြွယ်၏ ပင့်ဖိတ်ချက်အရ ထိုသူကြွယ်၏ အိမ်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူသည်။ ဥဂ္ဂဟ သူကြွယ်သည် ဆွမ်းဘုဉ်းပေးပြီးသော မြတ်စွာဘုရားအား—

"မြတ်စွာဘုရား၊ တပည့်တော်၏ ဤ သမီးပျိုတို့သည် လင့်အိမ်သို့ လိုက်၍ သွားကြရမည့် သူများ ဖြစ်ပါသည်။ မြတ်စွာဘုရားသည်

---

၁။ အရိယာတို့ နှစ်သက်အပ်သော 'အရိယကန္တသီလ' ဟူသည် ငါးပါးသီလပင်ဖြစ်၏။ မဂ်ဖိုလ်ရောက်သော ပုဂ္ဂိုလ်များ၌မူ အမြတ်ဆုံးသီလဟုဆိုသည့်အကြောင်း မဂ် ဖိုလ်နှင့်ယှဉ်သော သီလကိုသာ ယူရမည်ဟု ဋီကာ၌ ဖွင့်ပါသည်။
၂။ ဇာတသ်ဝန ဟူသော သယံဇာတတော အရှေ့ပစ္စေတ ဟိမဝန္တာနှင့် ဆက်နေသော ဗန္ဓုလ သမ္မာ ဟူသော အဋ္ဌကထာအရ မြန်မာဆိုထားခြင်း ဖြစ်ပါသည်။ ပါထေယျဝဂ် အဋ္ဌကထာ (ပ – ၁၃၂)၌မူ မြတ်လေးတော ဟု ဖွင့်ပါသည်။

ထိုသမီးပျိုတို့အား ဆုံးမစကားမိန့်ကြားတော်မူပါ'' ဟု လျှောက်ကြား တောင်းပန်သည်။ ထိုအခါမြတ်ဗုဒ္ဓက အောက်ပါ ဆုံးမစကားကို မိန့်ကြား တော်မူသည်။

''သမီးတို့၊ သင်တို့သည် လင်ယောကျ်ား၏ ရှေးဦးစွာ အိပ်ရာမှ ထသူ၊ နောက်မှအိပ်သူ၊ ဘာလုပ်ရပါမည်လဲဟု မေး၍ပြုရမည့်အလုပ်ကို နာခံသူ၊နှစ်သက်ဖွယ်ကိုပြုလုပ်သူ၊ချစ်ဖွယ်စကားကို ပြောဆိုသူဖြစ်အောင် အားထုတ်ကြရမည်။ (၁)

သမီးတို့၊ သင်တို့သည် လင်ယောကျ်ားလေးစားမြတ်နိုးအပ်သော မိဘနှစ်ပါးနှင့် ရဟန်း၊ ပုဏ္ဏားတို့အား အရိုအသေပြုကြရမည်။ (၂)

သမီးတို့၊ သင်တို့သည်သိုးမွေးချည်၊ ဝါချည်တို့နှင့် ဆိုင်သော အိမ်တွင်းမှု လုပ်ငန်းတို့၌ ကျွမ်းကျင် လိမ္မာသူ၊ စီမံခန့်ခွဲနိုင်သူများ ဖြစ် အောင် အားထုတ် ကြရမည်။[၁] (၃)

သမီးတို့၊ သင်တို့သည် လင်ယောကျ်ား၏ကျေးကျွန်အလုပ်သမား များ အလုပ် လုပ် မလုပ်ကို သိအောင်ပြုကြရမည်။ မကျန်းမာသော ကျေးကျွန်တို့ (အလုပ် လုပ်နိုင်လောက်အောင် အင်အား ရှိမရှိကို သိကြ ရမည်။ စားဖွယ် သောက်ဖွယ်များကို အချိုးကျခွဲဝေပေးကြရမည်။ (၄)

သမီးတို့၊ သင်တို့သည် လင်ယောကျ်ားရှာဖွေရရှိကာသည့် ပစ္စည်း ဥစ္စာတို့ကို လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်ကြရမည်။ ပစ္စည်းကို ခိုးဝှက်သူ၊ဖျက်ဆီးသူ၊သေရည်သေရက် သောက်စား ယောကျ်ားတစ်ပါး တို့နှင့် ပျော်ပါးသူ မဖြစ်အောင်စောင့်ထိန်းကြရမည်။ (၅)

သမီးတို့၊ ဤငါးပါးသော အကျင့်ဝတ်တို့နှင့်ပြည့်စုံသောမာတုဂါမ သည်သေ လွန်သောအခါ နှစ်သက်ဖွယ်ရာ ကိုယ်ခန္ဓာရှိသော 'မနာပ ကာယိကာ' နတ်တို့၏[၂] အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏''

---

၁။ သိုးမွေးချည်ကိုရှင်းခြင်း၊ ဆေးလျှော်ခြင်း၊ အရောင်ဆိုးခြင်း စသော အလုပ်၊ ဝါကြိတ်ခြင်း၊ ဝါဖတ်ခွဲခြင်း စသော အလုပ် များကို ကိုယ်တိုင်လည်းလုပ်တတ်ကြရမည်။ အခိုင်းအစေ များအားလည်း ခိုင်း တတ်ကြရသည်ဟု ဆိုလိုပါသည်။

၂။ 'မနာပကာယိကာ' နတ်ဟူသည် နိမ္မာနရတိဘုံမှ နတ်မင်းများပင် ဖြစ် သည်ဟုဖွင့်ပါသည်။

## ၄။ သီဟသေနာပတိသုတ်

### သီဟစစ်သူကြီးနှင့် ဒါနအကျိုးငါးပါး

၃၄။ အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ကျောင်းတိုက်၌သီတင်းသုံးတော်မူ၏။ ထိုအခါသီဟမည်သော စစ်သူကြီးသည် ဗုဒ္ဓထံချဉ်းကပ်၍အောက်ပါမေးခွန်းကို မေးလျှောက်၏။

"အရှင်ဘုရား ပေးလှူခြင်းဒါန၏ မျက်မှောက်အကျိုးကို ဟောကြားရန်ဖြစ်နိုင်ပါသလော"

"သီဟ၊ဖြစ်နိုင်ပေ၏။ ပေးလှူသူကိုလူအများတို့က ချစ်ခင်မြတ်နိုးကြပေ၏။ ပေးလှူသူထံသို့သူတော်ကောင်း မြတ်တို့သည်ချဉ်းကပ် လာကြကုန်၏။ ပေးလှူသူသည် ပရိသတ် အလယ်သို့ ရဲဝင့်စွာ ဝင်ဝံ့၏။ ပေးလှူသူ၏ ကောင်းသတင်းသည် ပျံ့နှံ့၏။ သီဟ ဤလေးပါးသော အကျိုးတို့သည် ဒါန၏ မျက်မှောက်အကျိုးများ ဖြစ်၏။

သီဟ၊ ထို့ပြင်တစ်ပါး ပေးလှူသူသည်သေလွန်သောအခါ နတ်ပြည်သို့ ရောက်၏။ ဤကား ဒါန၏ တမလွန်အကျိုးဖြစ်ပေသည်။

ဗုဒ္ဓ၏ ဖြေကြားချက်ကို ကြားနာရသောအခါ သီဟ စစ်သူကြီးက ဤသို့လျှောက်ကြားလေသည်-

"အရှင်ဘုရား၊ မြတ်စွာဘုရားဟောကြားသည့်ဒါန၏မျက်မှောက်အကျိုးလေးပါးကို တပည့်တော်သည် ကိုယ်တွေ့အားဖြင့်ပင်သိမြင်ခံစားရပါသည်။ နတ်ပြည်သို့ ရောက်ခြင်းဟူသော တမလွန်အကျိုးကိုမူတပည့်တော်သည် ကိုယ်တွေ့အားဖြင့် မသိပါ။ မြတ်စွာဘုရား၌ ယုံကြည်ခြင်းဖြင့်သာ မှတ်ယူပါ၏။"

## ၅။ ဒါနနိသံသသုတ်

### ဒါန၏ အကျိုးငါးပါး

၃၅။ (၁) လူအများ၏ ချစ်ခင်မြတ်နိုးမှုကိုခံရခြင်း၊
(၂) မိမိထံသို့ သူတော်ကောင်းများချဉ်းကပ် လာခြင်း၊
(၃) ကောင်းသောဂုဏ်သတင်း ကျော်စောခြင်း၊

(၄) လူတို့၏ အကျင့်တရားမှ¹ မကင်းကွာခြင်း၊
(၅) သေလွန်သောအခါ နတ်ပြည်သို့ ရောက်ရခြင်း၊

ဟူ၍ ဒါန၏ အကျိုးအာနိသင် ငါးပါးရှိ၏ဟု ရဟန်းတို့အား ဘုရားရှင်က ဟောကြားတော်မူသည်။

## ၆။ ကာလဒါနသုတ်

### အချိန်အခါနှင့် လျော်သော ဒါနငါးမျိုး

၃၆။ (၁) ဧည့်သည်အာဂန္တုအားလှူခြင်း၊
(၂) ခရီးသည်အား လှူခြင်း၊
(၃) လူနာအား လှူခြင်း၊
(၄) ငတ်မွတ်ခေါင်းပါးသောအခါ၌ လှူခြင်း။
(၅) ကောက်ဦး ကောက်သစ်များကိုသီလရှိသူ တို့အား လှူခြင်း၊

ဟူ၍ အချိန် အခါနှင့် လျော်သော ပေးလှူခြင်း 'ကာလဒါန' ငါးမျိုးရှိ၏ဟု ဟောကြားပါသည်။

## ၇။ သောဇနသုတ်

### ဘောဇဉ်ကိုလှူခြင်း၏ အကျိုးငါးပါး

၃၇။ စားဖွယ်သောက်ဖွယ် ဟူသော 'ဘောဇဉ်' ကို ပေးလှူသူသည် အလှူခံပုဂ္ဂိုလ်တို့အား အသက်၊ အဆင်း၊ ချမ်းသာ၊ ခွန်အား ဉာဏ်ပညာဟူသော အရာငါးပါးကို ပေးလှူရာရောက်၏။ ထိုအရာငါးပါးကို ပေးလှူသူသည် လူ ဖြစ်သောအခါ၌ လည်းကောင်း၊ နတ်ဖြစ်သော အခါ၌လည်းကောင်း၊ အသက်ရှည်သူ၊ အဆင်းလှသူ၊ ချမ်းသာခြင်းရှိသူ၊ ခွန်အားကြီးသူ၊ ဉာဏ်ပညာကြီးသူ ဖြစ်ရ၏ဟု ဟောကြားပါသည်။

---

၁။ လူတို့၏ အကျင့်တရား 'ဂိဟိဓမ္မ' ဟူသည်ငါးပါး သီလပင် ဖြစ်သည်ဟု အဋ္ဌကထာ၌ဖွင့်ပါသည်၊ လူကျင့်ဝတ်ဟုလည်းဆိုနိုင်ပါသည်။

## ၈။ သဒ္ဓသုတ်

### သဒ္ဓါရှိသူ၏ အကျိုးငါးပါး

၃၈။ သဒ္ဓါတရားရှိသောအမျိုးကောင်းသား၌ အကျိုးကျေးဇူး ငါးပါးဖြစ်ပေါ်နိုင်သည်။ အကျိုးကျေးဇူး ငါးပါးကား-

(၁) သူတော်သူမြတ်တို့ကဦးဦးဖျားဖျားစောင့်ရှောက်ကြခြင်း၊[၁]

(၂) သူတော်သူမြတ်တို့ ဦးဦးဖျားဖျားသူ့ထံသို့ချဉ်းကပ်လာခြင်း၊

(၃) သူတော်သူမြတ်တို့ကသူ့ထံမှ ဦးဦးဖျားဖျားအလှူခံခြင်း၊

(၄) သူတော်သူမြတ်တို့က သူ့အားဦးဦးဖျားဖျားတရားဟော ကြခြင်း၊

(၅) သေလွန်သောအခါ နတ်ပြည်သို့ ရောက်ရခြင်းတို့ဖြစ်သည်။

လမ်းဆုံ လမ်းခွ၌ ပေါက်ရောက်နေသော သစ်ပင်ကြီးသည် အရပ် လေး မျက်နှာရှိ ငှက်အပေါင်းတို့၏ မှီခိုရာဖြစ်သကဲ့သို့၊ ထို့အတူ သဒ္ဓါတရား ရှိသော အမျိုးကောင်းသားသည် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ စသည်များစွာသော လူအပေါင်း၏ မှီခိုရာဖြစ်ပေ၏ဟု ဟောပါသည်။

## ၉။ ပုတ္တသုတ်

### သားသမီးမှ မိဘတို့၏ မျှော်လင့်ချက်ငါးပါး

၃၉။ (၁) ငါကိုကျွေးမွေးထားသောသားသမီးသည်ငါတို့ကို ပြန်၍ ကျွေးမွေးလိမ့်မည်။

(၂) ငါတို့၏ အမှုကိစ္စဟူသမျှကို ပြုလုပ်ပေးလိမ့်မည်။

(၃) ငါတို့၏ မျိုးဆက်ကိုကြာမြင့်စွာတည်စေလိမ့်မည်။

(၄) ငါတို့၏အမွေကို ခံယူလိမ့်မည်။

---

၁။ သူတော်သူမြတ်တို့မည်သည် မည်သူ့ကိုမဆို စောက် ရှောက်တတ်ကြပါ သည်။ သဒ္ဓါတရားရှိသူကိုမူ အတူ ဦးစားပေး၍ စောင့်ရှောက်ကြသည်။ နောက် အင်္ဂါတို့၌လည်း ထိုနည်းတူစွာမှတ်ယူပါ။

(၅) ငါတို့ ကွယ်လွန်သွားလျှင် အလှူ၏ အဖို့ကို ငါတို့အား အမျှပေးဝေ လိမ့်မည်။

ဟူသော မျှော်လင့်ချက် ငါးပါးဖြင့် မိဘတို့သည် သားသမီးကို အလိုရှိကြကုန်၏ဟု ဟောကြားပါသည်။

## ၁၀။ မဟာသာလပုတ္တသုတ်

### သဒ္ဓါရှိသူကိုမှီ၍ ကြီးပွားခြင်းငါးပါးဖြစ်ပုံ

၄၀။ သစ်ပင်ကြီးများသည် ဟိမဝန္တာ တောင်မင်းကို အမှီပြု၍ အခက်၊ အရွက်၊ အခေါက်၊ အညွန့်၊ အကာ၊ အနှစ်ဟူသော ကြီးပွားခြင်းငါးမျိုးတို့ဖြင့် ကြီးပွား ကုန်သကဲ့သို့ ထို့အတူပင် သဒ္ဓါတရားရှိသော အမျိုးကောင်းသားကို အမှီပြု၍ ထိုသူ၏အိမ်သူအိမ်သားအတွင်းလူများသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဟူသော ကြီးပွားခြင်းငါးမျိုးတို့ဖြင့် ကြီးပွားကြကုန်၏ဟု ဟောကြားသည်။ (ဟောသာ သာတိ မဟာ ရက္ခာ-အဋ္ဌကထာ )

## ၅။ မုဏ္ဍရာဇဝဂ်

## ၁။ အာဒိယသုတ်

### စည်းစိမ် ဥစ္စာ ရယူခြင်း၏ အကြောင်းငါးပါး

၄၁။ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌အနာထပိဏ်သူဌေးအား ဟောကြားပါသည်။

စည်းစိမ် ဥစ္စာများကို ရယူခြင်း၏ အကြောင်းငါးပါး ရှိသည်၊ ၎င်းတို့မှာ—

(၁) ထကြွလုံ့လပြု၍ တရားသဖြင့် ရသော စည်းစိမ်ဥစ္စာတို့ဖြင့် မိမိနှင့်ပါကွ မိဘ၊ သားမယား၊ ကျေးကျွန် အလုပ်သမား တို့ကို ချမ်းသာပြည့်ဖြိုးစေရန်၊

(၂) မိတ်ဆွေ လုပ်ဖော်ကိုင်ဘက်တို့ကို ချမ်းသာပြည့်ဖြိုး စေရန်၊

(၃) မီး၊ ရေ၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက် အပ်သော အမွေခံ ဟူသော ဘေးရန် ငါးပါး ဖြစ်ပေါ်လာသည့် အခါ မိမိကိုယ်ကို ကာကွယ် စောင့်ရှောက်ရန်၊

(၄) ဆွေမျိုးတို့အား ပေးကမ်းခြင်း 'ဉာတိဗလိ'၊ ဧည့်သည်တို့အား ကျွေးမွေးခြင်း 'အတိထိဗလိ'၊ ကွယ်လွန်သွားသော ဆွေမျိုးတို့အတွက် ပေးလှူခြင်း 'ပုဗ္ဗပေတဗလိ'၊ မင်းအား အခွန်ဆက်ခြင်း 'ရာဇဗလိ'၊ နတ်တို့အား ပူဇော်ခြင်း 'ဒေဝတာဗလိ' ဟူသော ပူဇော်ခြင်းငါးပါးကိုပြုလုပ်ရန်၊

(၅) ရဟန်းပုဏ္ဏားတို့၌ မြတ်ဒသာအလှူကိုဖြစ်စေရန်တို့ဖြစ်၏။

ဤ ငါးပါးသော အကြောင်းတို့ဖြင့် စည်းစိမ်ဥစ္စာကို ရယူလိုသော အရိယာတပည့်အား စည်းစိမ်ဥစ္စာများကုန်ခန်းသွားသည်ဖြစ်စေ၊ စည်းစိမ်ဥစ္စာများတိုးပွားလာသည်ဖြစ်စေ နှလုံးမသာယာခြင်းမဖြစ်၊ ဝမ်းမြောက်ကျေနပ်ခြင်းသာဖြစ်သည်ဟု ဟောကြားပါသည်။

## ၂။ သပ္ပုရိသသုတ်

### သူတော်ကောင်းမှ ရရှိသော အကျိုးငါးပါး

၄၂။ သည်းထန်စွာရွာသောမိုးကြီးသည် ကောက်စပါးအားလုံးတို့ကို ပြည့်စေလျက် လူအများ၏ အကျိုးစီးပွားကို ဖြစ်စေသကဲ့သို့၊ ထို့အတူ သူတော်ကောင်းသည် အမျိုး၌ ဖြစ်ပေါ်လာသည် ရှိသော်-

(၁) မိဘတို့၏ အကျိုးစီးပွားကိုဖြစ်စေ၏။

(၂) သား မယားတို့၏ အကျိုးစီးပွားကိုဖြစ်စေ၏။

(၃) ကျေးကျွန် အလုပ်သမားတို့၏ အကျိုးစီးပွားကို ဖြစ်စေ၏။

(၄) မိတ်ဆွေအပေါင်းအသင်းတို့၏ အကျိုးစီးပွားကို ဖြစ်စေ၏။

(၅) ရဟန်းပုဏ္ဏားတို့၏ အကျိုးစီးပွားကို ဖြစ်စေ၏-ဟု ဟောကြားပါသည်။

## ၃။ ဣဋ္ဌသုတ်

### လိုလား နှစ်သက်အပ်သော အရာ ငါးပါး

၄၃။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် အနာထပိဏ် သူဌေးအား ဟောကြားသည်။

လောက၌ လိုလားနှစ်သက်အပ်ပြီး ရရန်ခဲယဉ်းသော အရာငါးပါးရှိသည်။ ၎င်းတို့မှာ အသက်၊ အဆင်း၊ ချမ်းသာခြင်း၊ အခြံအရံနှင့်ပြည်တို့ဖြစ်၏။ ထိုအရာငါးပါးကို နှုတ်ဖြင့် ဆုတောင်းရုံဖြင့်လည်းကောင်း၊ စိတ်ဖြင့် တောင့်တရုံဖြင့်လည်းကောင်း မရနိုင်။ ထိုအကျိုးငါးပါးကို ဖြစ်စေနိုင်သော အကျင့်ကို ကျင့်ခြင်းဖြင့်သာ ရနိုင်၏ဟု ဟောကြားပါသည်။

## ၄။ မနာပဒါယီသုတ်

### နှစ်သက်ဖွယ်ပစ္စည်းငါးပါးကိုလှူသူ

၄၄။ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးစဉ် ဗုဒ္ဓမြတ်စွာသည် နံနက်ချိန်၌ ဥဂ္ဂသူကြွယ်၏ အိမ်သို့ ကြွ၍ ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။ ထိုအခါ ဥဂ္ဂသူကြွယ်သည် မြတ်စွာဘုရားကိုရှိခိုးပြီး "အရှင်ဘုရား၊ နှစ်သက်ဖွယ်ပစ္စည်းကို ပေးလှူသူသည် နှစ်သက်ဖွယ်အကျိုးကို ရ၏ ဟူသော စကားကို မြတ်စွာဘုရားထံမှ တပည့်တော် ကြားနာဖူးပါသည်။ တပည့်တော်၏ အင်ကြင်းပန်းပွင့်နှင့်တူသော ခဲဖွယ်သည် နှစ်သက်ဖွယ်ဖြစ်ပါသည်။ မြတ်စွာဘုရားသည် တပည့်တော်အား သနားစောင့်ရှောက်သောအားဖြင့် ခဲဖွယ်ကို ခံယူတော်မူပါ" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ထိုခဲဖွယ်ကို ခံယူတော်မူ၏။

ထို့နောက် ဥဂ္ဂသူကြွယ်သည် ဆီးသီးဖြင့်စီမံထားသော ဝက်သားဟင်း၊ ကန်စွန်းရွက်ဆီပြန်ကျော်၊[၂] ဟင်းလျာနှင့်တကွသော သလေးထမင်း၊ ကာသိတိုင်းဖြစ် အဝတ်အထည်နှင့် တန်သင့်မကျော်တန်သော စန္ဒကူးနှစ်ထိုင်ခုံတို့ကိုလည်း ရှေးနည်းတူ လျှောက်၍လှူ၏။ မြတ်စွာဘုရားသည် ဥဂ္ဂသူကြွယ်အား နှစ်သက်ဖွယ်ကို ပေးလှူသည်။ နှစ်သက်ဖွယ်ကို ရရှိနိုင်ကြောင်း ဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏။

---

၁။ ဆန်မှုန့်ကို စတုမဓုရဖြင့်နယ်ပြီး အင်ကြင်းပွင့်ပုံ လုပ်ထားသော မုန့်ဟု အဋ္ဌကထာ၌ ဖွင့်ပါသည်၊ (သာလပုပ္ဖကခါဒနီယ)

၂၊ ဆန်မှုန့်နှင့်ရောနယ်ပြီး ဇီရာစသော အမွှေးအကြိုင်များ ထည့်ထားသော ထောပတ်ရည်ဖြင့် ကြော်၍ စတုမဓုရအုပ်ထားသော ကန်စွန်းရွက်ကြော်ဟု ဖွင့်ပါသည်။ (နာလိယသာကံ)

ဥဂ္ဂသူကြွယ်သည် နောင်အခါ၌ ကွယ်လွန်၍ ချမ်းသာသောစိတ်ဖြင့်ပြီးသော (သုဒ္ဓါဝါသ) ပြဟ္မာအဖြစ်သို့ ရောက်လေ၏။ သုဒ္ဓါဝါသ ပြဟ္မာသည် မြတ်စွာဘုရား ထံ ချဉ်းကပ်လာပြီး မိမိအဲလိုဆန္ဒ ပြည့်ဝပြီဖြစ်မကြောင်း လျှောက်လေသည်။

## ၅။ ပုညာဘိသန္ဒသုတ်

### ကောင်းမှုအလျှဉ်ငါးပါး

၄၅။ ချမ်းသာကိုဆောင်တတ်၊ အကျိုးစီးပွားကို ဖြစ်စေတတ်သော ကုသိုလ်ကောင်းမှု အလျှဉ်တို့သည် ငါးပါးရှိကုန်သည်။ ၎င်းတို့မှာ-

(၁) အကြင် ဒါယကာ၏ သင်္ကန်းကို ဝတ်ရုံသုံးဆောင်သော ရဟန်းသည် အတိုင်းအရှည် မရှိသော စိတ်တည်ကြည်မှုကို[၁] ပွားများ၏။ ထိုဒါယကာအား အတိုင်းအရှည် မရှိသော ကုသိုလ်ကောင်းမှု အလျှဉ်သည် ဖြစ်၏။

(၂) အကြင် ဒါယကာ၏ ဆွမ်းကို သုံးဆောင်သော ရဟန်းသည် အတိုင်းအရှည်မရှိသော စိတ်တည်ကြည်မှုကို ပွားများ၏။ ထို ဒါယကာအားအတိုင်းအရှည် မရှိသော ကုသိုလ်ကောင်းမှု အလျှဉ်သည်ဖြစ်၏။

(၃) အကြင် ဒါယကာ၏ ကျောင်းကို သုံးဆောင်သော ရဟန်းသည် အတိုင်းအရှည်မရှိသော စိတ်တည်ကြည်မှုကို ပွားများ၏။ ထို ဒါယကာအား အတိုင်းအရှည်မရှိသော ကုသိုလ်ကောင်းမှု အလျှဉ်သည် ဖြစ်၏။

(၄) အကြင် ဒါယကာ၏ ညောင်စောင်း အင်းပျဉ်ကို သုံးဆောင်သော ရဟန်းသည် အတိုင်းအရှည် မရှိသော စိတ်တည်ကြည်မှုကို ပွားများ၏။ ထို ဒါယကာအား အတိုင်းအရှည် မရှိသော ကုသိုလ်ကောင်းမှု အလျှဉ်သည် ဖြစ်၏။

---

၁။ အပ္ပမာဏံ စေတောသမာဓိန္တိ အရဟတ္တဖလ သမာဓိံ (အဋ္ဌကထာ) အရဟတ္တဖိုလ် ဝင်စားနေခြင်းဖြစ်သော သမာဓိကို အတိုင်းအရှည် မရှိသော စိတ်တည်ကြည်မှုဟုဆိုပါသည်။

(၅) အကြင် ဒါယကာ၏ ဆေးဝါးပစ္စည်းကို သုံးဆောင်သော ရဟန်းသည် အတိုင်းအရှည် မရှိသော စိတ်တည်ကြည်မှုကို ပွားများ၏။ ထိုဒါယကာအား အတိုင်းအရှည်မရှိသော ကုသိုလ်ကောင်းမှု အလျှင်သည် ဖြစ်၏။

မဟာသမုဒ္ဒရာထဲ၌ ရှိသော ရေတို့ကို "ဤမျှရှိ၍ ဤမျှရှိ၏" ဟူ၍ ခြင်တောင်း ခြင်ခွက်တို့ဖြင့် မရေတွက်နိုင်သကဲ့သို့ ထို့အတူပင် ကုသိုလ်ကောင်းမှု အလျဉ်ငါးပါးနှင့် ပြည့်စုံသော အရိယာသာဝကအား ကုသိုလ်ကောင်းမှုတို့ကိုလည်း ဤမျှရှိ၍ ဤမျှ ရှိ၏ ဟူ၍ ရေတွက်ခြင်းငှာ မတတ်ကောင်းဟု ဟောကြားပါသည်။

### ၆။ သမ္ပဒါသုတ်

ပြည့်စုံခြင်းငါးပါး

၄၆။ ယုံကြည်မှု ပြည့်စုံခြင်း 'သဒ္ဓါသမ္ပဒါ'၊ သီလ ပြည့်စုံခြင်း 'သီလ သမ္ပဒါ'၊ အကြားအမြင် ပြည့်စုံခြင်း 'သုတသမ္ပဒါ'၊ စွန့်လွှတ်မှု ပြည့်စုံခြင်း 'စာဂသမ္ပဒါ'၊ ပညာပြည့်စုံခြင်း 'ပညာသမ္ပဒါ' ဟူ၍ ပြည့်စုံခြင်း 'သမ္ပဒါ'၊ ငါးပါးရှိ၏ဟု ဟောပါသည်။

၄၇။ အထက်သုတ်ပါ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဟူသော တရားငါးပါးကိုပင် ဥစ္စာငါးပါး (ဥစ္စာနှင့်) တူ၍ ဟောကြားပါသည်။

### ၈။ အလဗ္ဘနီယဌာနသုတ်

တောင့်တ၍မရနိုင်သော အရာငါးပါး

၄၈။ အိုခြင်းသဘောကို 'မအိုပါစေလင့်' ဟု တောင့်တ၍ မရနိုင်၊ နာခြင်းသဘောကို 'မနာပါစေလင့်'ဟု တောင့်တ၍ မရနိုင်၊ သေခြင်းသဘောကို 'မသေပါစေလင့်' ဟု တောင့်တ၍ မရနိုင်၊ ကုန်ခန်းခြင်းသဘောကို 'မကုန်ခန်းပါစေလင့်'ဟု တောင့်တ၍ မရနိုင်၊ ပျက်စီးခြင်းသဘောကို 'မပျက်စီးပါစေလင့်'ဟု တောင့်တ၍ မရနိုင်၊ ဤအရာငါးပါးကို လူဖြစ်စေ၊ နတ်ဖြစ်စေ မည်သူမျှ တောင့်တ၍ မရနိုင်။

အိုခြင်းသဘော ရှိ၍ အိုခြင်း ဖြစ်လာသောအခါ ... နည်းသော ပုထုဇဉ်သည် "ငါ့အားသာ အိုခြင်းဖြစ်သည် မဟုတ်၊ ... သော သတ္တဝါတို့ ... ၊ အိုခြင်းသည် ဖြစ်၏။ အိုခြင်းဖြစ်မှုကြောင့် ငါစိုးရိမ်

ပူပန်ခဲ့ရလျှင် ထမင်းလည်း စားဝင်မည်မဟုတ်၊ ရုပ်အဆင်းလည်းပျက်လိမ့်မည်၊ အလုပ်လည်းပျက်လိမ့်မည်၊ ရန်သူတွေဝမ်းသာ၍ မိတ်ဆွေတွေ ဝမ်းနည်းကြလိမ့်မည်''ဟူ၍ မဆင်ခြင်။ စိုးရိမ်ပူပန်ခြင်းသို့ရောက်၏။ ထိုသူသည် အဆိပ်နှင့် တကွသော သောကမြောင့် စူးဝင်သည် ဖြစ်၍ မိမိကိုယ်ကိုသာလျှင် ပူလောင်စေသူမည်၏။

အိုခြင်းသဘောရှိ၍ အိုခြင်းဖြစ်ရာ၌ အကြားအမြင် များသော အရိယာ တပည့်သည် ''ငါ့အားသာ အိုခြင်းသည် ဖြစ်သည်မဟုတ် မွေးဖွားလာသော သတ္တဝါတိုင်းအား အိုခြင်းသည်ဖြစ်၏။ အိုခြင်းဖြစ်မှုကြောင့် ငါစိုးရိမ်ပူပန်နေလျှင် ထမင်းလည်း စားဝင်မည်မဟုတ်....မိတ်ဆွေတွေ ဝမ်းနည်းကြလိမ့်မည်''ဟု ဆင်ခြင်၏။ စိုးရိမ်ပူပန်ခြင်းသို့မရောက်။ ထိုအရိယာတပည့်သည် အဆိပ်နှင့်တကွသော သောကမြောင့်ကို နုတ်ပယ်၍ မိမိကိုယ်ကို ငြိမ်းအေးစေသူမည်၏။

နာခြင်းသဘော ရှိ၍ နာခြင်း ဖြစ်ရာ၌....သေခြင်းသဘော ရှိ၍ သေခြင်းဖြစ်ရာ၌ ကုန်ခန်းခြင်းသဘောရှိ၍ ကုန်ခန်းခြင်း ဖြစ်ရာ၌....ပျက်စီးခြင်းသဘောရှိ၍ ပျက်စီးခြင်း ဖြစ်ရာ၌....အကြားအမြင်နည်းသော ပုထုဇဉ်သည်....စိုးရိမ်ပူပန်ခြင်းသို့ရောက်၏....အရိယာ တပည့်သည်....စိုးရိမ်ပူပန်ခြင်းသို့မရောက်။ ထိုအရိယာတပည့်သည် အဆိပ်နှင့် တကွသော သောကမြောင့်ကို နုတ်ပယ်၍ မိမိကိုယ်ကို ငြိမ်းအေးစေသူ ဖြစ်၏ဟု ဟောကြားပါသည်။

## ၉။ ကောသလသုတ်

### မလ္လိကာဒေဝီ ကွယ်လွန်ခြင်း

၄၉။ အခါတစ်ပါး၌ ပသေနဒီ ကောသလမင်းကြီးသည် ဗုဒ္ဓမြတ်စွာထံချဉ်းကပ်၍ တစ်ခုသော နေရာ၌ ထိုင်နေ၏။ ထိုအချိန်တွင် မင်းချင်းတစ်ယောက်ရောက်လာပြီး မင်းကြီး၏ နားရင်းသို့ကပ်၍''အရှင်မင်းကြီး၊ မလ္လိကာ မိဖုရား ကွယ်လွန်သွားပြီ''ဟု လျှောက်တင်သည်။ မင်းကြီးသည် ထိုစကားကို ကြားရသည်နှင့် တစ်ပြိုင်နက် စိတ်ဆင်းရဲခြင်းကြီးစွာဖြစ်၍ မျက်နှာအောက်စိုက်လျက် တိတ်ဆိတ်စွာ ထိုင်နေ၏။ ထိုအခါ ဗုဒ္ဓက အိုခြင်း၊ နာခြင်း စသော အရာဝါးပါးကို 'မအိုပါစေလင့်၊

မနာပါစေလင့်'စသည်ဖြင့် မည်သူမျှ အခွင့်တစ်ခုမရနိုင်ကြောင်း (အသက်သုတ်နည်းသူ) ဟောကြားဆုံးမတော်မူပါသည်၊

## ၁၀။ နာရဒသုတ်

### ရှင်နာရဒက မုဏ္ဍမင်းအား ဟောသောတရား

၅၁။ အခါ တစ်ပါး၌ အရှင် နာရဒသည် ပါဋလိပုတ်ပြည် ကုက္ကုဋာရုံ ကျောင်း၌ သီတင်းသုံးနေ၏။ ထိုအခါ မုဏ္ဍမင်း၏ဘဒ္ဒါမည်သော မိဖုရားသည် ကွယ်လွန်လေ၏။ မင်းကြီးသည် ချစ်သူ မိဖုရား ကွယ်လွန်သဖြင့် ရေမချိုး၊ ထမင်းမစား၊ တိုင်းရေးပြည်ရေး ကိစ္စတို့ကိုလည်း မလုပ်တော့ဘဲ နေ့ရောညပါ မိဖုရားကြီး၏အလောင်းကိုသာ တရှိုက်မက်မက် ကြည့်နေသည်။

ထို့နောက် မင်းကြီးသည် ရွှေဘဏ္ဍာစိုး ပိယကအားခေါ်၍ မိဖုရား၏အလောင်းကို ဆီပြည့်သော သံခေါင်း၌ထည့်၍ အခြားခေါင်းတစ်လုံးဖြင့် အုပ်ထားလျှင် အမိန့်ပေးသည်။ ထိုသို့ပြုလုပ်ထားလျှင် မိဖုရား၏အလောင်းကို ကြာမြင့်စွာမြင်ရလိမ့်မည်ဟု မင်းကြီးက ဆိုလေသည်။ ပိယကလည်း မင်းကြီး၏ အမိန့်အတိုင်း ဆောင်ရွက်ထားသည်၊

နေ့ရက်များစွာကြာသောအခါ ရွှေတိုက်စိုးပိယကသည်မင်း ကြီး၏ သောကကို ပြေပျောက်စေနိုင်မည့် ပုဂ္ဂိုလ်ကိုရှာကြံစဉ်းစားသည်။ ရဟန္တာဟု ကျော်ကြားသော ရှင်နာရဒသည် မင်းကြီး၏သောကကို ပြေပျောက်စေနိုင်လိမ့်မည်ဟု တွေးမိသည်။ ထို့ကြောင့်ရှင်နာရဒထံသွား၍ မင်းကြီးအား တရားဟောရန် တောင်းပန်သည်၊ ရှင်နာရဒ နန်းတော်သို့ ကြွလာပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းစသောတရားငါးပါးကို ''မအိုပါစေလင့် မနာပါစေလင့်'' စသည်ဖြင့်မည်သူမျှ တောင့်တ၍ မရနိုင်ကြောင်းမင်းကြီးအားဟောကြားသည်။ ထိုအခါ မင်းကြီး၏သောက ပြေပျောက်၍မိဖုရား၏ အလောင်းကိုမီးသင်္ဂြိုဟ်ပြီး အရိုးဂူစေတီတည်ရန် ပိယကအား အမိန့်ပေးသည်။ တိုင်းရေးပြည်ရေးကိစ္စများကိုလည်း ပြန်၍ဆောင်ရွက်လေသည်။

## ၆။ နီဝရဏဝဂ်

### ၁။ အာဝရဏသုတ်

စိတ်ကိုပိတ်ဆို့တတ်သော တရားငါးပါး

၅၁။ စိတ်ကိုပိတ်ဆို့လွှမ်းမိုး၍ ပညာကိုအားနည်းအောင်ပြုတတ်သောတရားငါးပါးရှိသည်။ ၎င်းတို့မှာ—

(၁) ကာမဂုဏ်တို့၌ လိုချင်မက်မောခြင်း 'ကာမစ္ဆန္ဒ'
(၂) စိတ်ပျက် စိတ်ဆိုးခြင်း 'ဗျာပါဒ'
(၃) လေး လ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'
(၄) စိတ်ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နှင့် စိတ်ပူပန်ခြင်း 'ကုက္ကုစ္စ'
(၅) တွေးတောယုံမှားခြင်း 'ဝိစိကိစ္ဆာ' တို့ဖြစ်ပါသည်။

ဤတရားငါးပါးကို မပယ်နိုင်သောရဟန်းသည် အားနည်းသောပညာဖြင့် မိမိအကျိုး သူတစ်ပါးအကျိုးကိုသိမြင်နိုင်ဖွယ်အကြောင်းမရှိ။ သာမန်ပုထုဇဉ်လူသားတို့၏ အကျင့်တရား ထက်သာလွန်သည့် အရိယာတို့၏ ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်ပြုနိုင်ဖွယ် အကြောင်းမရှိ။ ဥပမာ တောင်ကုန်းပေါ်မှ လျင်မြန်သောအဟုန်ဖြင့် စီးလာသော မြစ်ရေကို ကမ်းပါးနှစ်ဖက်မှ မြောင်းပေါက်များတူးဖောက်လိုက်ပါက ထို မြစ်ရေသည် ဘေးသို့ ပြန့်ထွက်သွားမည်ဖြစ်၍ ဝေးဝေးလည်းမစီး၊ လျင်မြန်စွာလည်း မစီးသွားသကဲ့သို့ ဖြစ်၏။

ဤတရားငါးပါးတို့ကိုပယ်ပြီးသော ရဟန်းသည်ကားအားရှိသော ပညာဖြင့် မိမိအကျိုး သူတစ်ပါးအကျိုး ကိုလည်း သိမြင်နိုင်ဖွယ် အကြောင်းရှိ၏။ သာမန်ပုထုဇဉ်လူသားတို့၏ အကျင့်တရားထက်သာလွန်သည့် ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်ပြုနိုင်ဖွယ် အကြောင်းရှိ၏။ ဥပမာ တောင်ကုန်းများပေါ်မှ လျင်မြန်သော အဟုန်ဖြင့် စီးလာသော မြစ်ရေကို ကမ်းပါးနှစ်ဖက်၌ မြောင်းပေါက်များ မရှိအောင် ပိတ်ဆို့ထားလျှင် ထိုမြစ်ရေသည် ဘေးသို့ပြန့်ထွက်ခြင်း မရှိသည်ဖြစ်၍ဝေးဝေး

---

၁။ သာမန်ပုထုဇဉ်လူသားတို့၏အကျင့်တရား 'မနုဿဓမ္မ' ဟူသည်ကုသိုလ်ကမ္မပထ တရားဆယ်ပါးပင် ဖြစ်သည်ဟုဖွင့်ပါသည်။

လည်း စီးသွား၊ မြန်မြန်လည်း စီးသွားသကဲ့သို့ ဖြစ်သည်ဟု ဟောကြား ပါသည်။

၅၂။ အကုသလရာသိသုတ်၌နီဝရဏငါးပါးကို 'အကုသိုလ်အစု' ဟု ဆိုအပ်ကြောင်း ဟောကြားပါသည်။

## ၃။ ပဓာနိယင်္ဂသုတ်

### ကမ္မဋ္ဌာန်းအားထုတ်သူ၏ အင်္ဂါငါးပါး

၅၃။ ကမ္မဋ္ဌာန်းအားထုတ်သောပုဂ္ဂိုလ်တို့ ပြည့်စုံရမည့်အင်္ဂါ ငါးပါးရှိသည်။ ၎င်းတို့မှာ—

(၁) မြတ်စွာဘုရား၏ဗောဓိဉာဏ်(အရဟတ္တဖိုလ်ဉာဏ်နှင့်သဗ္ဗညုတဉာဏ်)ကို ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊

(၂) အနာရောဂါကင်း၍ ကျန်းမာသူဖြစ်ပြီး မအေးလွန်း၊ မပူလွန်းဘဲ အလယ်အလတ် ဖြစ်သော ကမ္မဋ္ဌာန်း အားထုတ်မှု၌ ခံ့ကျန်းသော၊ အစာကို အညီအမျှ ကြေကျက်စေနိုင်သော ဝမ်းမီး (ပါစကတေဇောဓာတ်)နှင့် ပြည့်စုံခြင်း။

(၃) စဉ်းလဲမှုမရှိ၊ လှည့်စားမှု (မာယာ) လည်းမရှိဘဲ ဆရာထံ၌ လည်းကောင်း၊ အသိဉာဏ်ရှိသော သီတင်းသုံးဖော်တို့ထံ၌ လည်းကောင်း မိမိကိုယ်ကို (မိမိအကြောင်းကို) ဟုတ်တိုင်း မှန်စွာ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သူဖြစ်ခြင်း၊

(၄) အကုသိုလ်တရားတို့ကို ပယ်၍ ကုသိုလ်တရားများ ပြည့်စုံစေရန် ထက်သန်သောဝီရိယဖြင့် အားထုတ်၍နေသူဖြစ်ခြင်း၊

(၅) ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်မှုကို သိမြင်၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သော ဝိပဿနာဉာဏ်ပညာနှင့် ပြည့်စုံခြင်းတို့ ဖြစ်၏ဟု ဟောကြားပါသည်။

## ၄။ သမယသုတ်

### ကမ္မဋ္ဌာန်းအားထုတ်သင့်သောအခါငါးမျိုး

၅၄။ ဤသုတ်၌ ကမ္မဋ္ဌာန်းအားထုတ်ရန်မသင့်သောအချိန်အခါ ငါးမျိုးနှင့် ကမ္မဋ္ဌာန်းအားထုတ်ရန်သင့်သော အချိန်အခါ ငါးမျိုးရှိကြောင်း ဟောကြားပါသည်။

ကမ္မဋ္ဌာန်းအားထုတ်ရန် မသင့်သော အချိန်အခါငါးမျိုးမှာ-

(၁) ဇရာနှိပ်စက်၍ အိုမင်းသူ ဖြစ်နေသောအခါ၊

(၂) ဗျာဓိနှိပ်စက်၍ နာမကျန်းသူဖြစ်နေသောအခါ၊

(၃) ဆန်ရေစပါးရှား၍ ဆွမ်းခံစားရန် မလွယ်ကူသောအခါ

(၄) တောပုန်းခေါးပြတို့ ထကြွသောင်းကျန်း၍နိုင်ငံသူနိုင်ငံသားတို့ တစ်နယ်မှ တစ်နယ်သို့ ပြောင်းရွှေ့ ပြေးလွှားနေကြရသောအခါ၊

(၅) သံဃာ ဂိုဏ်းကွဲနေသောအခါ၊
တို့ဖြစ်ပါသည်။

ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်သော အချိန်အခါငါးမျိုးကား-

(၁) ပျို့မျစ်နုနယ် ငယ်ရွယ်သောအခါ၊

(၂) အနာရောဂါကင်း၍ ကျန်းမာနေသောအခါ၊

(၃) ဆန်ရေစပါး ပေါများ၍ ဆွမ်းခံရန်လွယ်ကူသော အခါ၊

(၄) ပြည်သူ ပြည်သား လူအများတို့ ခိုက်ရန်ငြင်းခုံခြင်းမရှိဘဲ စည်းလုံးညီညွတ်သောအခါ၊

(၅) ရဟန်းသံဃာများ စိတ်ဝမ်းကွဲပြားခြင်းမရှိဘဲ စည်းလုံးညီညွတ်သောအခါ၊

တို့ဖြစ်ပါသည်။

## ၅။ မာတာပုတ္တသုတ်

### သားအမိချင်း မှောက်မှားမိကြခြင်း

၅၅။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓ သီတင်းသုံးနေစဉ် သာဝတ္ထိပြည်မှ သားအမိနှစ်ယောက်ရဟန်းပြုကြသည်။ ထိုသားအမိသည် ဘိက္ခု ဘိက္ခုနီများ ဖြစ်လာပြီး နောက်၌လည်း မပြတ် တွေ့ဆုံကြသည်။ မပြတ်တွေ့ဆုံမှုကြောင့် နီးနီးစပ်စပ်ဖြစ်ကာ ရာဂစိတ် ဝင်လာကြသည်။ မေထုန်အကျင့်ကို ကျင့်မိကြသည်။

"ထိုအကြောင်းကိုရဟန်းတို့က ဗုဒ္ဓအား လျှောက်ကြားကြသည်။ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူသည်။

ရဟန်းတို့၊ အချည်းနှီးသော ထိုယောကျ်ားသည် အမနှင့်သား အချင်းချင်း တပ်မက်နှစ်သက်မှု မဖြစ်နိုင်ဟုထင်လေသလော။ ရဟန်းတို့၊ မိန်းမရုပါရုံကဲ့သို စွဲလမ်းနှစ်သက် ယစ်မူးစေတတ်သည့် အခြားတစ်စုံ တစ်ခုသော ရူပါရုံကိုမျှ ငါမမြင်ပေ။ရဟန်းတို့၊ သတ္တဝါတို့သည်မိန်းမ၏ ရူပါရုံနောက်သို့ လိုက်ပါကုန်သည်ဖြစ်၍ ရှည်မြင့်စွာသောကာလပတ်လုံး ပူပန်သောကရောက်ကြရကုန်၏။

ရဟန်းတို့၊ မိန်းမ၏ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ကဲ့သို့ စွဲလမ်းနှစ်သက် ယစ်မူးစေတတ်သည့် အခြားတစ်စုံတစ်ခုသော ဖောဋ္ဌဗ္ဗာရုံကိုမျှ ငါမမြင်ပေ။ ရဟန်းတို့၊ သတ္တဝါတို့သည် မိန်းမ၏ ဖောဋ္ဌဗ္ဗာရုံ နောက်သို့လိုက်ပါကုန်သည်ဖြစ်၍ စိုးရိမ်ပူပန်ခြင်းသို့ ရောက်ကြရကုန်၏။

ရဟန်းတို့၊ မိန်းမသည် သွားနေစဉ်လည်း ယောကျ်ား၏စိတ်ကို ဆွဲဆောင်၏။ ရပ်နေစဉ်၊ ထိုင်နေစဉ်၊ အိပ်နေစဉ်၊ ရယ်နေစဉ် စကားပြောနေစဉ်၊ သီချင်းဆိုနေစဉ် ငိုနေစဉ်လည်း ယောကျ်ား၏စိတ်ကို ဆွဲဆောင်၏။ သေသည့်တိုင်အောင်လည်း ယောကျ်ား၏စိတ်ကို ဆွဲဆောင်၏။

ရဟန်းတို့၊ မာတုဂါမကို မာရ်နတ်၏ နေရာမလပ် ချောင်ဖွဲ့တတ်သော ကျော့ကွင်းဟု ဆိုအပ်ပေသည်"

## ၆။ ဥပဇ္ဈာယသုတ်

### ရဟန်းတို့ကျင့်ရမည့် တရားငါးပါး

၅၆။ ရဟန်းတစ်ပါးသည် မိမိဥပဇ္ဈာယ်ဆရာထံသွား၍ အောက်ပါအတိုင်း လျှောက်ကြားသည်။

"အရှင်ဘုရား တပည့်တော်၏ကိုယ်သည်လေးလံနေပါသည်၊ အရပ်ရှစ်မျက်နှာတို့သည်လည်း တပည့်တော်၏စိတ်၌ မထင်မရှား ဝိုးတဝါးဖြစ်နေပါသည်၊ (သမထဝိပဿနာ)တရားတို့သည်လည်းတပည့်တော်၏ဉာဏ်၌ မကွဲမပြား ဖြစ်နေပါသည်။ တပည့်တော်၏စိတ်ကို ထိနမိဒ္ဓက လွှမ်းမိုးနေပါသည်။ တပည့်တော်သည် မပျော်မမွေ့ဘဲ အကျင့်မြတ်ကို ကျင့်နေရပါသည်၊ တရားသဘောတို့၌ ယုံမှားခြင်း 'ဝိစိကိစ္ဆာ' သည်လည်း တပည့်တော်မှာရှိနေပါသည်ဘုရား"

ထိုအခါဥပဇ္ဈာယ်ဆရာသည် တပည့်ရဟန်းကို ဗုဒ္ဓမြတ်စွာထံ ခေါ်သွားပြီး အကြောင်းစုံကို လျှောက်ကြားသည်။ ဗုဒ္ဓက အောက်ပါအတိုင်း ဆုံးမတော်မူသည်။

"ရဟန်းမှန်ပေ၏။ဣန္ဒြေခြောက်ပါးကို မစောင့်ထိန်းသော၊ စားသောက်မှု အတိုင်းအဆကို မသိသော၊ နိုးကြားမှု၌ အားမစိုက်သော၊ ကုသိုလ်တရားတို့ကို ရှုမှတ်ခြင်းမပြုသော၊ ညဉ့် ရှေ့ပိုင်း နောက်ပိုင်း၌ ဗောဓိပက္ခိယတရားတို့ကို ပွားများအားထုတ်ခြင်းမပြုသော ရဟန်းအား ကိုယ်လေးလံခြင်း၊ အရပ်ရှစ်မျက်နှာ၌ မထင်ရှားခြင်း၊ သမထဝိပဿနာတရားများဉာဏ်၌မထင်ခြင်း၊ထိနမိဒ္ဓလွှမ်းမိုးခြင်း၊မပျော်ပိုက်ဘဲ အကျင့်မြတ်ကိုကျင့်ရခြင်း၊တရားသဘောတို့၌ တွေးတောယုံမှားမှု ရှိခြင်းတို့သည် ဖြစ်ထတ်ကုန်၏။

"ရဟန်းတို့၊ထို့ကြောင့်သင်သည်ဣန္ဒြေခြောက်ပါးကိုစောင့်ထိန်းသူ၊စားသောက်မှု၌အတိုင်းအဆကို သိသူ၊နိုးကြားမှု၌ အစဉ်အားစိုက်သူ၊ ကုသိုလ်တရားတို့ကိုရှုမှတ်သူ၊ညဉ့်၏ရှေ့ပိုင်း နောက်ပိုင်းတို့၌ ဗောဓိပက္ခိယတရားတို့ကိုပွားများအားထုတ်သူ ဖြစ်အောင်ကျင့်ရမည်။"

သာသနာ၌ မပျော်သောရဟန်းသည် ဗုဒ္ဓ၏ ဆုံးမစကားကို နာယူပြီး တမ္ဗဋ္ဌာန်းအားထုတ်ရာ မကြာမီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။

ထိုအခါသူသည် ဥပဇ္ဈာယ်ဆရာနှင့်အတူဗုဒ္ဓထံတစ်ဖန်လိုက်လာပြန်သည်။ ထိုရဟန်းကို အကြောင်းပြု၍ ဗုဒ္ဓကရဟန်းတို့အား ဂူ ခြွ ခြောက်ပါးကို စောင့်ထိန်းသူ…ဗောဓိပက္ခိယတရားတို့ကို ပွားများအားထုတ်သူများ ဖြစ်အောင်ကျင့်ကြံကြရန် တိုက်တွန်းတော်မူလေသည်။

## ၇။ အဘိဉာပစ္စေကဝဂ္ဂ ပဌမသုတ်

### အမြဲမပြတ် ဆင်ခြင်အပ်သော အရာငါးပါး

၅၇။ ရဟန်းတို့၊ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ အမြဲမပြတ် ဆင်ခြင်အပ်သော အကြောင်းအရာတို့သည် ငါးမျိုးရှိကုန်၏။ အဘယ်ငါးမျိုးတို့နည်းဆိုသော်-

(၁) ငါသည် အိုခြင်းသဘောရှိ၏။ အိုခြင်းသဘောကို မလွန်ဆန်နိုင်ဟူ၍ မပြတ် ဆင်ခြင်အပ်၏။

(၂) ငါသည် နာခြင်းသဘောရှိ၏။ နာခြင်းသဘောကို မလွန်ဆန်နိုင် ဟူ၍ မပြတ်ဆင်ခြင်အပ်၏။

(၃) ငါသည် သေခြင်းသဘောရှိ၏။ သေခြင်းသဘောကိုမလွန်ဆန်နိုင်ဟူ၍ မပြတ်ဆင်ခြင်အပ်၏။

(၄) ငါ့အား ချစ်ခင်မြတ်နိုးသော သတ္တဝါ သင်္ခါရ ဟူသမျှတို့နှင့် ရှင်ကွဲ ကွဲရခြင်း၊ သေကွဲ ကွဲရခြင်းသည် ဖြစ်လိမ့်မည်ဟူ၍ မပြတ် ဆင်ခြင်အပ်၏။

(၅) ငါသည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိသူဖြစ်၏။ ကံအမွေကို ခံယူသူဖြစ်၏။ ကံဟူသော အကြောင်းရင်း ရှိသူဖြစ်၏။ ကံဟူသော ဆွေမျိုးရှိသူဖြစ်၏ ကံသာလျှင် မှီခိုရာ ရှိသူဖြစ်၏။ ကောင်းသော ကံကို ပြုမိသည်ဖြစ်စေ၊ မကောင်းသောကံကို ပြုမိသည် ဖြစ်စေ ငါသည် ထိုကံ၏ အကျိုးကို ခံယူရလိမ့်မည်ဟူ၍ မပြတ်ဆင်ခြင်အပ်၏။

ရဟန်းတို့၊ အဘယ်အကျိုးထူးကို ရည်ရွယ်၍ ဤအကြောင်းငါးပါးတို့ကို မပြတ်ဆင်ခြင် အပ်ကုန်သနည်းဆိုသော်-

ရဟန်းတို့၊ သတ္တဝါတို့အား ပျိုရွယ်ချိန်၌ ပျိုရွယ်မှု 'ယောဗ္ဗန' မာန်ယစ်ခြင်းသည် ရှိ၏။ ထိုပျိုရွယ်မှု မာန်ယစ်သော သတ္တဝါတို့သည်

ဒုစရိုက်သုံးပါးကို ပြုကျင့်တတ်ကုန်၏။ အိုခြင်းသဘောကို မပြတ်ဆင်ခြင်သောသူတို့အား ထိုပျိုရွယ်မှု မာန်ယစ်ခြင်းသည် လုံးဝသော်လည်း ပျောက်ကင်းသွား၏။ ခေါင်းပါးမှုလည်း ခေါင်းပါးသွား၏။

ရဟန်းတို့၊ သတ္တဝါတို့အား ရောဂါကင်းချိန်၌ ရောဂါကင်းမှု 'အာရောဂျ'' မာန်ယစ်ခြင်းသည် ရှိ၏။ ထိုရောဂါ ကင်းမှုမာန်ဖြင့်မာန်ယစ်သော သတ္တဝါတို့သည် ဒုစရိုက်သုံးပါးကို ပြုကျင့်တတ်ကုန်၏။ နာခြင်းသဘောကို မပြတ်ဆင်ခြင်သော သူတို့အား ထိုရောဂါကင်းမှု မာန်ယစ်ခြင်းသည် လုံးဝသော်လည်း ပျောက်ကင်းသွား၏။ ခေါင်းပါးမှုလည်း ခေါင်းပါးသွား၏။

ရဟန်းတို့၊ သတ္တဝါတို့အား အသက်ရှင်ချိန်၌ အသက်ရှင်မှု 'ဇီဝိတ' မာန်ယစ်ခြင်းသည် ရှိ၏။ ထိုအသက်ရှင်မှု မာန်ဖြင့် မာန်ယစ်သော သတ္တဝါတို့သည် ဒုစရိုက်သုံးပါးကို ပြုကျင့်တတ်ကုန်၏။ သေခြင်းသဘောကိုမပြတ်ဆင်ခြင်သောသူတို့အား ထိုအသက်ရှင်မှု မာန်ယစ်ခြင်းသည် လုံးဝသော်လည်း ပျောက်ကင်းသွား၏။ ခေါင်းပါးမှုလည်း ခေါင်းပါးသွား၏။

ရဟန်းတို့၊ သတ္တဝါတို့အား ချစ်ခင်မြတ်နိုးအပ်သော သတ္တဝါ သင်္ခါရတို့၌ လိုချင်တပ်မက်ခြင်း ဆန္ဒရာဂသည်ရှိ၏။ ထိုဆန္ဒရာဂဖြင့် တပ်မက်သော သတ္တဝါတို့သည် ဒုစရိုက်သုံးပါးကို ပြုကျင့်တတ်ကုန်၏။ ကွဲကွာလိမ့်မည်ဟူသော အကြောင်းကို မပြတ်ဆင်ခြင်သော သတ္တဝါတို့အား ထိုလိုချင် တပ်မက်ခြင်းသည် လုံးဝသော်လည်း ပျောက်ကင်းသွား၏။ ခေါင်းပါးမှုလည်း ခေါင်းပါးသွား၏။

ရဟန်းတို့၊ သတ္တဝါတို့အား ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ဟူသော ဒုစရိုက်သုံးပါးသည်ရှိ၏။ ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိခြင်းကို မပြတ်ဆင်ခြင်သော သူအား ထိုဒုစရိုက်သုံးပါးသည် လုံးဝသော်လည်း ပျောက်ကင်းသွား၏။ ခေါင်းပါးမှုလည်းခေါင်းပါးသွား၏။

ရဟန်းတို့၊ ဤသို့သော အကျိုးထူးတို့ကို ရည်ရွယ်၍ သေခြင်းသဘောစသော ဤအကြောင်းအရာ ငါးပါးတို့ကိုမပြတ်ဆင်ခြင်အပ်ကုန်၏။

ရဟန်းတို့၊ အရိယာတပည့်သည် ''ငါတစ်ယောက်တည်းသာလျှင် အိုခြင်း၊ နာခြင်း၊ သေခြင်း သဘောရှိသည်မဟုတ်၊ ငါတစ်ယောက်တည်း

၁။ သက်ရှိကို သတ္တဝါ၊ သက်မဲ့ပစ္စည်းများကို သင်္ခါရဟုဆိုပါသည်။

သာလျှင် ချစ်ခင်မြတ်နိုးအပ်သော သတ္တဝါသင်္ခါရတို့နှင့် ရှင်ကွဲ ကွဲရခြင်း၊ သေကွဲ ကွဲရခြင်းသည်ဖြစ်သည် မဟုတ်၊ ငါတစ်ယောက်တည်း သာလျှင် ကံဟူသော ကိုယ်ပိုင်ဥစ္စာ ရှိသူ ဖြစ်သည်မဟုတ်၊ မွေးဖွား လာသော သတ္တဝါအားလုံးတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်း၊သဘောရှိကုန်၏။ ထိုသတ္တဝါအားလုံးတို့အား ချစ်ခင်မြတ်နိုးအပ်သော သတ္တဝါ သင်္ခါရတို့နှင့် ရှင်ကွဲ ကွဲခြင်း၊ သေကွဲ ကွဲခြင်းသည် ဖြစ်၏။ထိုသတ္တဝါ အားလုံးတို့သည် ကံဟူသော ကိုယ်ပိုင်ဥစ္စာ ရှိသူများ ဖြစ်ကုန်၏။''ဟူ၍ဆင်ခြင်၏။

ထိုသို့ မပြတ် ဆင်ခြင်သော အရိယာတပည့်အား အရိယာမဂ်သည် ဖြစ်ပေါ်၏။ထိုအရိယာမဂ်ကို လေ့လာပွားများသည်ရှိသော် သံယောဇဉ်တို့သည် လုံးဝကင်းပျောက်ကုန်၏။ အနုသယတို့သည် ကင်းကွာ ကုန်၏ဟု ဟောကြားပါသည်။

## ၈။ လိစ္ဆဝိကုမာရကသုတ်

### လိစ္ဆဝိမင်းသားများနှင့် ကြီးပွားရေးတရားငါးပါး

၅၈။ အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည် မဟာဝန်တော ကူဋာဂါရ ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်ချိန်တွင် ဝေသာလီပြည်၌ ဆွမ်းခံ၍ ဆွမ်းစား ပြီးသောအခါ မဟာဝန်တောအုပ်ထဲသို့ဝင်ကာ သစ်ပင်တစ်ပင်အောက်၌ နေ့သန့်စင် တော်မူ၏။[၁]

ထိုအခါများစွာသော လိစ္ဆဝိမင်းသားတို့သည် လေး မြားတို့ကို ကိုင်ဆောင်၍ ခွေးအပေါင်း ခြံရံကာ မဟာဝန်တောအုပ် အတွင်းလှည့် လည် ကြသည်။ ထိုမင်းသားတို့သည် သစ်ပင်ရင်း၌ထိုင်နေသော မြတ်စွာ ဘုရားကို မြင်ကြလျှင် လေးမြားတို့တို့ချ၍ ခွေးတို့ကို မောင်းလွှတ်လိုက် ကြပြီး မြတ်စွာဘုရားထံ ချဉ်းကပ်၍ လက်အုပ် ချီကာ ထိုင်နေကြ လေ သည်။ ထိုစဉ်တွင် မဟာဝန် တောအုပ်အတွင်း၌ အညောင်းပြေ လမ်း လျှောက်နေသော လိစ္ဆဝိမင်းသား မဟာနာမ်သည် မြတ်စွာဘုရားကိုလက် အုပ်ချီလျက် တိတ်ဆိတ်စွာ ထိုင်နေကြသော လိစ္ဆဝိ မင်းသားတို့ကို

---

၁။ နေလယ်ခင်း၌ ဖလသမာပတ် ဝင်စား၍ နေခြင်းကို နေ့သန့်စင်ခြင်းဟု ဆိုပါသည်။ (ဒီဝ ဝိဟာရ နိသီဒိ)

တွေ့မြင်၍ ''လိစ္ဆဝီမင်းသားတွေဟာ ကြီးပွားကြအုံးမှာပဲ၊ လိစ္ဆဝီမင်းသားတွေဟာ ကြီးပွားကြအုံးမှာပဲ'' ဟု ဝမ်းမြောက်စကားကို မြွက်ဆို၏။

''မဟာနာမ်၊ သင်သည် အဘယ့်ကြောင့် ဝမ်းမြောက် စကားကို မြွက်ဆိုဘိသနည်း'' ဟု ဗုဒ္ဓမြတ်စွာက မေးတော်မူ၏။

''အရှင် ဘုရား ဤ လိစ္ဆဝီမင်းသားငယ်တို့သည် ကြမ်းတမ်းသူ၊ ခက်ထန်သူ၊ မာနပြင်းထန်၍ကြီးပွားမှုကင်းသူများ ဖြစ်ပါသည်။ အမျိုးတို့၌ လက်ဆောင်ပေးသော ကြံ၊ ဆီးသီး၊ မုန့်၊ နှမ်း စသည်တို့ကို လုယက်စားသောက်ကြပါသည်။ အမျိုးသမီး ကြီးငယ်တို့နောက်မှလိုက်၍ ကန့်ကျောက်တတ်ကြပါသည်။ ယခု မြတ်စွာဘုရားကို လက်အုပ်ချီလျက် တိတ်ဆိတ်စွာနေကြသော ထိုမင်းသားငယ်တို့ကို တွေ့မြင်ရသောကြောင့် ဝမ်း မြောက်စကားကို တပည့်တော်မြွက်ဆိုခြင်းဖြစ်ပါသည်။

မဟာနာမ်က ယင်းသို့ဖြေကြားသောအခါ ဗုဒ္ဓမြတ်စွာက အောက်ပါအတိုင်း မိန့်ကြားတော်မူပါသည်။

''မဟာနာမ် အဘိသိက်ခံသော မင်းပင်ဖြစ်စေ၊ ဖခင်၏ အရိုက်အရာကို ဆက်ခံသော နယ်စားပင်ဖြစ်စေ၊ စစ်တပ်၏ အကြီးအကဲ စစ်သူကြီးပင်ဖြစ်စေ၊ ရွာသူကြီးပင်ဖြစ်စေ ထိုအရာမျိုးတို့၌ ယုံရာဆိုင်ရာ ကိစ္စကို အစိုးရသော သူပင် ဖြစ်စေ၊ အကြင် တစ်စုံတစ်ယောက်သောသူအား ငါးပါးသောတရားတို့သည် ရှိကုန်၏။ ထိုသူအား ကြီးပွားခြင်းကိုသာမျှော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကိုမမျှော်လင့်အပ်။ အဘယ် ငါးပါးတို့နည်း ဆိုသော်-

မဟာနာမ် အဘယ်တရား ငါးပါးတို့နည်းဆိုသော်-

ဤလောက၌အမျိုးကောင်းသားသည်လက်ရုံးအားဖြင့် ချွေးဒီးဒီးကျအောင် လုံ့လမ်းကြိုးကုတ် အားထုတ်စုဆောင်း၍ရသော ပစ္စည်းဥစ္စာတို့ဖြင့်-

(၁) မိဘနှစ်ပါးတို့ကိုလည်းကောင်း၊

(၂)သားမယား ကျေးကျွန်၊အလုပ်သမားတို့ကိုလည်း ကောင်း၊

---

၁။ အပါနဘာတိ ... မာနထဒ္ဓါ—အဋ္ဌကထာ။ (သဒ္ဒတ္ထကို ပါဠိပညာရှင်တို့ ... လေ့လာဖော်ထုတ်ရန်ရှိပါသည်။)

၂။ ပိတရာ ဒတ္တံ ဿာပတေယျံ ဘုဥ္ဇတီတိပေတ္တနိကော၊ ရဋ္ဌံ ဘုဥ္ဇတီတိ ရဋ္ဌိကော—အဋ္ဌကထာ။

(၃) မိမိလယ်ယာလုပ်ငန်း၏ အနီးပတ်ဝန်းကျင်မှ လယ်သမား မြေတိုင်းစာရေးတို့ကို လည်းကောင်း၊
(၄) မိရိုးဖလာ ပူဇော်ပသမြဲဖြစ်သော နတ်တို့ကိုလည်းကောင်း
(၅) သမဏ၊ ဗြာဟ္မဏ (ဟုခေါ်သော သူတော် သူမြတ်) တို့ကို လည်းကောင်း၊

အရှိအသေပြု၏၊ အလေးပြု၏။ မြတ်နိုး၏။ ပူဇော်၏။ ဤသို့ ရှိသေခြင်း၊ လေးစားခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်းပြုမှုကို ခံရသော ပုဂ္ဂိုလ်တို့သည် ထိုအမျိုးကောင်းသားကို ''ကြာမြင့်စွာအသက်ရှည်ပါစေ၊ ကြာမြင့်စွာ အသက်ကိုစောက်ရှောက်နိုင်ပါစေ'' ဟူ၍ ကောင်းသောစိတ်ဖြင့် ကူညီစောင့်မကြကုန်၏။ ဤသို့ကူညီစောင့်မခြင်း ခံရသော အမျိုးကောင်းသားအား ကြီးပွားခြင်းကိုသာမျှော်လင့်အပ်၏။ ဆုတ်ယုတ်ခြင်းကို မမျှော်လင့်အပ်''

၉။ ပထမ ဝုဍ္ဎုပဗ္ဗဇိတသုတ်

တွေ့ရခဲသော တောထွက်ရဟန်း ငါးမျိုး

၅၉။ ၁။ သိမ်မွေ့သော တောထွက်ရဟန်း။
၂။ အသွင်အပြင်နှင့်ပြည့်စုံသောတောထွက်ရဟန်း၊
၃။ အကြားအမြင် ဗဟုသုတနှင့်ပြည့်စုံသော တောထွက်ရဟန်း၊
၄။ တရားဟောတတ်သော တောထွက်ရဟန်း၊
၅။ ဝိနည်းကိုဆောင်သော တောထွက်ရဟန်း—

ဟူသော တောထွက်ရဟန်း ငါးမျိုးတို့ကို တွေ့ရှိရန်မလွယ်ဟုဟော ကြားပါသည်။

၆၀။ ဒုတိယဝုဍ္ဎုပဗ္ဗဇိတသုတ်၌—
၁။ ဆိုဆုံးမလွယ်သော တောထွက်ရဟန်း၊
၂။ ကောင်းသော အယူကို ယူတတ်သော တောထွက် ရဟန်း၊

---

၁။ နိပ္ပစ္စနောတိ သဒ္ဒေကျော် သုခုမ ဤာရဏည။ (အဋ္ဌကထာ)

၃။ ဆုံးမစကားကို ရိုသေလေးစားစွာ လက်ခံသောတော ထွက် ရဟန်း၊

၄။ တရားဟောတတ်သော တောထွက်ရဟန်း၊

၅။ ဝိနည်းကို ဆောင်တတ်သော တောထွက်ရဟန်း—

ဟူသော တောထွက်ရဟန်း ငါးမျိုးကိုလည်း တွေ့ရှိရန်မလွယ်ကူဟု ဟောကြားပါသည်။

## ၇၊ သညာဝဂ်

### ၁။ ပဌမ သညာသုတ်

ပွားများရမည့် သညာငါးပါး

၆၁။ ကြိမ်ဖန်များစွာ သော့လာပွားများလျှင် အကျိုး အာနိသင် ကြီးမား၍ နိဗ္ဗာန်တိုင်အောင် ဆက်ဝင်နိုင်သော သညာ ငါးပါးရှိသည်။ ၎င်းတို့မှာ—

၁။ ကိုယ်သည် မတင့်တယ်ဟု ရှုခြင်း —အသုဘသညာ၊

၂။ သေခြင်းသဘောကို ရှုမှတ်ခြင်း—မရဏသညာ၊

၃။ ကာမဂုဏ်ငါးပါး၏အပြစ်ကို ရှုခြင်း—အာဒီနဝသညာ၊

၄။ အာဟာရ၌ စက်ဆုပ်ဖွယ်ဟုရှုခြင်း —အာဟာရေ ပဋိကူလ သညာ၊

၅။ တစ်လောကလုံး၌ မမွေ့လျော်ဖွယ်ရှိဟု ရှုမှတ်ခြင်း သဗ္ဗလောကေအနဘိရတိ သညာ— တို့ဖြစ်၏ဟု ဟောကြား ပါသည်။

၆၂။ ဒုတိယသညာသုတ်၌—

၁။ မမြဲဟုရှုခြင်း—အနိစ္စသညာ၊

၂။ အတ္တမဟုတ်ဟု ရှုခြင်း-အနတ္တသညာ၊

၃။ သေခြင်းသဘောကို ရှုခြင်း—မရဏသညာ၊

၄။ အာဟာရ၌ စက်ဆုပ်ဖွယ်ဟု ရှုခြင်း—အာဟာရေ ပဋိကူလ သညာ၊

၅။ တစ်လောကလုံး၌ မွေ့လျော်ဖွယ် မရှိဟု ရှုခြင်း -သဗ္ဗလောကေ အနဘိရတိသညာ-

ဟူသော သညာ ငါးပါးသည်လည်း ကြိမ်ဖန်များစွာ လေ့လာပွားများလျှင် အကျိုးအာနိသင် ကြီးမား၍ နိဗ္ဗာန်တိုင်အောင် သက်ဝင်ဆိုက်ရောက်နိုင်၏ဟု ဟောကြားပါသည်။

## ၃။ ပထမ ဝုဍ္ဍိသုတ်

### အရိယာတို့၏ ကြီးပွားခြင်းငါးပါး

၆၃။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဟူသော ကြီးပွားကြောင်းတရားငါးပါးတို့ဖြင့် ကြီးပွားသော အရိယာသာဝကသည် အရိယာတို့၏ ကြီးပွားခြင်းဖြင့် ကြီးပွားသူဖြစ်၏ဟု ဟောကြားပါသည်။

၆၄။ ဒုတိယ ဝုဍ္ဍိသုတ်၌ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဟူသော ကြီးပွားကြောင်းတရား ငါးပါးတို့ဖြင့် ကြီးပွားသော အရိယာသာဝိကာမသည် အရိယာတို့၏ ကြီးပွားခြင်းဖြင့် ကြီးပွားသူ ဖြစ်၏ဟု ဟောကြားပါသည်။

## ၅။ သာကစ္ဆာသုတ်

### ဆွေးနွေးထိုက်သော ရဟန်း၏အင်္ဂါငါးပါး

၆၅။ ဤသာသနာ၌ အကြင်ရဟန်းသည်-

၁။ ကိုယ်တိုင်သီလနှင့်ပြည့်စုံပြီး သီလပြည့်စုံမှုနှင့် စပ်၍မေးလာသောပြဿနာကိုလည်း ဖြေတတ်၏။

၂။ ကိုယ်တိုင် သမာဓိနှင့် ပြည့်စုံပြီး၊ သမာဓိပြည့်စုံမှုနှင့် စပ်၍ မေးလာသောပြဿနာကိုလည်း ဖြေတတ်၏။

၃။ ကိုယ်တိုင် ပညာနှင့် ပြည့်စုံပြီး၊ ပညာပြည့်စုံမှုနှင့် စပ်၍ မေးလာသော ပြဿနာကိုလည်း ဖြေတတ်၏။

၄။ ကိုယ်တိုင် လွတ်မြောက်မှု 'ဝိမုတ္တိ' နှင့် ပြည့်စုံပြီး၊ ဝိမုတ္တိပြည့်စုံမှုနှင့် စပ်၍ မေးလာသော ပြဿနာကိုလည်း ဖြေဆိုတတ်၏။

၅။ ကိုယ်တိုင် လွတ်မြောက်မှုကို ဆင်ခြင် သိမြင်နိုင်သော ဉာဏ်အမြင်နှင့်ပြည့်စုံပြီး ထိုဉာဏ်အမြင်နှင့် စပ်၍ မေးလာလေသော ပြဿနာကိုသော်လည်း ဖြေဆိုတတ်၏။

ထိုရဟန်းသည် သီတင်းသုံးဖော်တို့ ဆွေးနွေးထိုက်သူ ဖြစ်၏ဟု ဟောကြားပါသည်။

၆၆။ အာဇီဝသုတ်၌ ကိုယ်တိုင် သီလနှင့် ပြည့်စုံ၍ သီလပြည့်စုံရေးနှင့်စပ်၍ မေးလာသည့် ပြဿနာကိုသည်း ဖြေကြားနိုင်ခြင်း စသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့နှင့် အတူ ထက္ခ အသက်မွေးခြင်း (အတူတကွနေခြင်း)ငှာ ထိုက်၏ဟု ဟောကြားပါသည်။

## ၇။ ပထမ ဣဒ္ဓိပါဒသုတ်

### ဣဒ္ဓိပါဒ် လေးပါးကို ပွားများသူ

၆၇။ အကြွင်းတိကျွုံ့၊ဘိကျွုံ့နိုသည်-

၁။ ဆန္ဒပြဓာန်းသော သမာဓိ အားထုတ်ခြင်း ဝီရိယတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွားများ၏။[၂]

၂။ ဝီရိယ ပြဓာန်းသော သာမာဓိ၊ အားထုတ်ခြင်း ဝီရိယတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများ၏။

၃။ စိတ်ပြဓာန်းသော သာမာဓိ၊ အားထုတ်ခြင်း ဝီရိယတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများ၏။

၄။ ပညာ(ဝီမံသ)ပြဓာန်းသော သာမာဓိ၊ အားထုတ်ခြင်း ဝီရိယတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများ၏။

---

၁။ အလံသာကစ္ဆာဝါတိ သာဇီဝါယ ပယုတ္တော။ သာဇီဝေါတိ ပဉ္စပုဎ္ဌ နိဒ္ဒေဝ ပဉ္စဝိသဇ္ဇနဋ္ဌ=အင်္ဂါငါးပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် မိမိမသိသော တရားကို တစ်ပါးသော ရဟန်းတို့အား မေးခြင်း၊ တစ်ပါးသော ရဟန်းတို့က မသိ၍ မေးသော တရားကို မိမိက ဖြေခြင်း အားဖြင့် သီတင်းသုံးဖော်တို့နှင့် အတူတကွ နေရန် သင့်တော်၏ဟု ဆိုလိုပါသည်။

၂။ ဣဒ္ဓိပါဒ-ပြီးမြောက်မှု၏ အခြေခံဖြစ်သော တရား။

(၅) လွန်ကဲသော ဝီရိယကို ပွားများ၏။

ထို ဘိက္ခု၊ ဘိက္ခုနီသည် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရလိမ့်မည်။ စွဲလမ်းမှု ဥပါဒါန် ကြွင်းကျန်နေသေးလျှင်လည်း အနာဂါမိဖိုလ်ကို ရလိမ့်မည်။ ဤနှစ်ပါးသော အကျိုးတို့တွင် တစ်ပါးပါးကို မုချ ရလိမ့်မည်ဟု မျှော်လင့်အပ်၏ ဟူ၍ ဟောကြားပါသည်။

၆၈။ ဒုတိယဣဒ္ဓိပါဒသုတ်၌ မြတ်စွာဘုရားသည် သမ္မာသမ္ဗောဓိဉာဏ်ကို မရမီ ဘုရားလောင်း (ဗောဓိသတ္တ) ဖြစ်စဉ်ကပင် ဣဒ္ဓိပါဒ်လေးပါးနှင့်လွန်ကဲသောဝီရိယတို့ကို ပွားများခဲ့သည်။ ယင်းသို့ပွားများခဲ့ခြင်းကြောင့်လည်း ဣဒ္ဓိဝိဓ ဉာဏ်အစ၊ အာသဝက္ခယ ဉာဏ်အဆုံး ရှိသော အဘိညာဉ် ခြောက်ပါးကို ရရှိခဲ့ခြင်းဖြစ်သည်ဟု မိန့်ကြားပါသည်။

## ၉။ နိဗ္ဗိဒါသုတ်

### ငြီးငွေ့မှု ဖြစ်စေနိုင်သော တရားငါးပါး

၆၉။ (၁) ကိုယ်၌ မတင့်တယ်မှုကို အဖန်ဖန်ရှုခြင်း၊
(၂) အာဟာရ၌ စက်ဆုပ်ဖွယ်ဟု ရှုမှတ်ခြင်း၊
(၃) တစ်လောကလုံး၌ မွေ့လျော်ဖွယ်မရှိဟုရှုမှတ်ခြင်း၊
(၄) သင်္ခါရတရား အားလုံးတို့၌ မတည်မြဲမှုကိုအဖန်ဖန် ရှုခြင်း၊
(၅) မိမိ စိတ်သန္တာန်၌မရဏသညာ စွဲမြဲစွာထားရှိခြင်း၊

ဟူသော တရား ငါးပါးကိုကြိမ်ဖန်များစွာလေ့လာပွားများလျှင် စင်စစ်ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ကိလေသာ ချုပ်ငြိမ်းခြင်း၊ အထူးသိခြင်း၊ အမှန်ကို မြင်ခြင်း၊ ဒုက္ခငြိမ်း အေးခြင်း ငါးလို့ငှါ ဖြစ်ပေ၏ဟု ဟောကြားပါသည်။

၇၀။ အာသဝက္ခယသုတ်၌ အထက်သုတ်ပါ တရားများကိုပွားများလျှင် အာသဝေါတရားကုန်ခန်းခြင်းငှါဖြစ်၏ဟု ဟောကြားပါသည်။

## ၈။ ယောဓာဇီဝ ဝဂ်

### ၁။ ပထမ စေတောဝိမုတ္တိဖလသုတ်

စေတောဝိမုတ္တိသို့ရောက်စေနိုင်သော တရားငါးပါး

၇၁။ ကိုယ်၌ မတင့်တယ်မှုကို အဖန်ဖန် ရှုခြင်းစသော တရား ငါးပါးသည် စေတောဝိမုတ္တိနှင့် ပညာဝိမုတ္တိ ဟူသောအကျိုးနှစ်ပါး၏/

ဖြစ်စေနိုင်သည်။ ထိုအကျိုးနှစ်ပါးသို့ ဆိုက်ရောက်သော ရဟန်းသည် အဝိဇ္ဇာဟူသော တံခါးကျည်ကို ဖယ်ချပြီးသူမည်၏။ ဇာတိ သံသရာဟူသော[၁] ကျုံးကို ဖျက်ပြီးသူ မည်၏။ တဏှာဟူသော တံခါးတိုင်ကို နုတ်ပြီးသူမည်၏။ ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးဟူသော တံခါးရွက်ကို ခွာချပြီးသူ မည်၏။ ငါဟူသော မာနကိုပယ်ပြီးဖြစ်၍ ချအပ်သော အလံရှိသော ချအပ်သောဝန်ထုပ်ရှိသော၊ ဝဋ္ဋဒုက္ခနှင့် ကင်းလွတ်သော အရိယာပုဂ္ဂိုလ် မည်၏ဟု ဟောကြားပါသည်။

၇၂။ ဒုတိယစေတောဝိမုတ္တိဖလ သုတ်၌-

(၁) မမြဲခြင်းသဘောကိုရှုမှတ်မှု- အနိစ္စသညာ၊
(၂) မမြဲသော တရား၌ ဆင်းရဲဟုရှုမှတ်မှု-ဒုက္ခသညာ၊
(၃) ဆင်းရဲသော တရား၌ အတ္တ မဟုတ်ဟု ရှုမှတ်မှု-အနတ္တသညာ၊
(၄) ကိလေသာ ပယ်ခြင်းကို ရှုမှတ်မှု ပဟာန သညာ။
(၅) တပ်မက်မှုကင်းသောအားဖြင့်ရှုမှတ်မှု-ဝိရာဂသညာ

ဟူသောသညာငါးပါးကို ကြိမ်ဖန်များစွာ လေ့လာသော ပွားများလျှင် စေတောဝိမုတ္တိနှင့် ပညာဝိမုတ္တိဟူသောအကျိုးအာနိသင် နှစ်ပါးကို ရရှိနိုင်သည်ဟု ဟောကြားပါသည်။

## ၃။ ပထမ ဓမ္မဝိဟာရီသုတ်

### တရားဖြင့်နေလေ့ရှိသူ နှင့် ပုဂ္ဂိုလ်ငါးမျိုး

၇၃။ "အရှင်ဘုရား တရားနှင့်နေလေ့ရှိသူ တရားဖြင့်နေလေ့ရှိသူဟုဆိုရာ၌အဘယ်မျှဖြင့် တရားနှင့်နေလေ့ရှိသူ ဖြစ်ပါသနည်း" ဟု ရဟန်းတစ်ပါးက မေးလျှောက်၏။ ထိုအမေးကိုမြတ်စွာဘုရားကအောက်ပါ အတိုင်း ဖြေကြားတော်မူ၏။

---

၁။ ဘဝအသစ်အသစ်များ ထပ်တလဲလဲဖြစ်ကာ ဘုံသုံးပါး၌ကျင်လည်နေရခြင်းကို 'ဇာတိသံသရ-ဇာတ်သံသရာ' ဟုခေါ်သည်။ တရားကိုယ်အားဖြင့် ဘဝသစ်များဖြစ်လာအောင် ဖန်တီးပေးသော ကုသိုလ် အကုသိုလ် ကံ 'ကမ္မာဘိသင်္ခါရ'ပင်ဖြစ်ပါသည်။

(၁) ဤသာသနာ၌ ရဟန်းတစ်ပါးသည် သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ ဟူသောတရားကို[၁] သင်ယူ၏။ ထိုရဟန်းသည် ထိုတရားကို သင်ယူမှုဖြင့် နေ့ရက်အချိန်ကို ကုန်လွန်စေ၏၊ တစ်ပါးတည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏။ မိမိအတွင်းသန္တာန်၌ စိတ်အေးငြိမ်းမှုကို(ရရှိရန်)အားမထုတ်။[၂] ဤရဟန်းကို 'သင်ယူမှုများသူ' ဟုသာ ဆိုအပ်၏။ တရားဖြင့် နေလေ့ရှိသူဟု မဆိုအပ်။

(၂) ရဟန်းတစ်ပါးသည် မိမိကြားနာ သင်ယူထားသည့် တရားကို အကျယ်အားဖြင့် သူတစ်ပါးတို့အားဟောပြော၏၊ ထိုရဟန်းသည် တရားဟောပြောမှုဖြင့်သာ နေ့ရက်အချိန်ကို ကုန်လွန်စေ၏။ တစ်ပါးတည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏။ မိမိ အတွင်းသန္တာန်၌ စိတ်အေးငြိမ်းမှုကို (ရရှိရန်) အားမထုတ်။ ဤရဟန်းကို 'တရားဟောမှုများသူ' ဟုသာ ဆိုအပ်၏။ 'တရားဖြင့် နေလေ့ရှိသူ'ဟု မဆိုအပ်။

(၃) ရဟန်းတစ်ပါးသည် မိမိကြားနာ သင်ယူထားသည့် တရားကို အကျယ်အားဖြင့် ရွတ်အံကျက်မှတ်ခြင်းပြု၏။ ထိုရဟန်းသည် ထိုရွတ်အံ ကျက်မှတ်မှုဖြင့်သာ နေ့ရက် အချိန်ကို ကုန်လွန်စေ၏။ တစ်ပါးသောကိန်းအောင်းမှုကိုစွန့်လွှတ်၏။ မိမိအတွင်းသန္တာန်၌ စိတ်အေးငြိမ်းမှုကို (ရရှိရန်) အားမထုတ်။ ဤရဟန်းကို'ရွတ်အံကျက်မှတ်ခြင်းများသူ'ဟုသာ ဆိုအပ်၏။ 'တရားဖြင့် နေလေ့ရှိသူ'ဟု မဆိုအပ်။

(၄) ရဟန်းတစ်ပါးသည် မိမိကြားနာ သင်ယူထားသည့် တရားကို စိတ်ဖြင့်အဖန်ဖန် ကြံစည်စဉ်းစား၏၊ စိတ်ဖြင့်အဖန်ဖန် ဆင်ခြင်၏။ ထိုရဟန်းသည် ထိုတရားကို ကြံစည်ခြင်းဖြင့် နေ့ရက်ကို ကုန်လွန်စေ၏။ တစ်ပါးတည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏။ မိမိအတွင်းသန္တာန်၌ စိတ်အေးငြိမ်းမှုကို(ရရှိရန်) အားမထုတ်။ ဤ

---

၁။ သုတ္တ ဂေယျ အစရှိသည့် အမည်ကိုးပါးမှာ 'ဗုဒ္ဓဝစန'ခေါ်တရားတော်၏ အင်္ဂါကိုးပါး ဖြစ်သည်။

၂။ သမထကမ္မဋ္ဌာန်းကို အားထုတ်ဟု ဆိုလိုသည်။

ရဟန်းကို 'ကြံစည်မှုများသူ' ဟုသာ ဆိုအပ်၏။ 'တရားဖြင့် နေလေ့ ရှိသူ' ဟု မဆိုအပ်။

(၅) ရဟန်းတစ်ပါးသည်ကား သုတ္တ၊ ဂေယျ အစရှိသော တရားကို သင်ယူ၏။ ထိုရဟန်းသည် ထိုတရားကို သင်ယူမှုဖြင့် နေ့ရက်အချိန်ကို မကုန်လွန်စေ။ တစ်ပါးတည်း ကိန်းအောင်းမှုကို မစွန့်လွှတ်။ မိမိ အတွင်းသန္တာန်၌စိတ်ငြိမ်းအေးမှုကို(ရရှိရန်)အားထုတ်၏။ ဤရဟန်းကို 'တရားဖြင့် နေလေ့ရှိသူ' ဟု ဆိုအပ်၏။

ဗုဒ္ဓသည် ပုဂ္ဂိုလ်ငါးမျိုးကို ဟောကြားပြီးနောက် ထိုရဟန်းအား အောက်ပါဆုံးမစကားကို မြွက်ကြားတော်မူသည်–

"ရဟန်း၊ ငါသည် သင်ယူခြင်းများသူကိုလည်း ဟောပြီးပြီ၊ ဟောပြောခြင်းများသူကိုလည်း ဟောပြီးပြီ၊ ရွတ်အံကျက်မှတ်ခြင်းများသူကိုလည်း ဟောပြီးပြီ။ ကြံစည်ခြင်းများသူကိုလည်း ဟောပြီးပြီ၊ တရားဖြင့် နေလေ့ရှိသူကိုလည်း ဟောပြီးပြီ။ တပည့်တို့၏ အစီးအပွားကို လိုလား၍ တပည့်တို့အား သနားထောက်ထားသော ဆရာသည် ပြုသင့်ပြုထိုက်သည့် အမှုကို သင်တို့အတွက် ငါပြုပြီးပြီ၊ ရဟန်း၊ ဤသစ်ပင်ရင်းတို့သည်ရှိကုန်၏၊ ဤဆိတ်ငြိမ်သော ကျောင်းတို့သည်ရှိကုန်၏၊ ရဟန်း၊ သင်တို့သည် ဈာန်ကို ရှုမှတ်ကြကုန်လော၊ မေ့မေ့လျော့လျော့ မနေကြကုန်လင့်၊ နောင် အခါကျမှ နှလုံးမသာယာ မဖြစ်ကြကုန်လင့်။ ဤကား ငါတို့၏ သတိပေး ဆုံးမချက်ပေးတည်း"

၇၄။ ဒုတိယ ဓမ္မဝိဟာရီသုတ်၌– သုတ္တ၊ ဂေယျ အစရှိသော တရားကို သင်ယူခြင်း၊ သင်ယူအပ်သော တရားကို သူတစ်ပါးတို့အား ဟောပြောခြင်း၊ ရွတ်အံကျက်မှတ်ခြင်း၊ ကြံစည်စဉ်းစားခြင်းတို့ဖြင့်သာ အချိန်ကုန်ပြီး တရား၏ အနက်သဘောကို ထူးကဲနက်ရှိုင်းစွာ မသိသော ရဟန်းသည် 'တရားဖြင့် နေလေ့ရှိသူ' မမည်။ တရား၏အနက်သဘောကို ထူးကဲနက်ရှိုင်းစွာ သိမြင်သော ရဟန်းသည်သာ 'တရားဖြင့်နေလေ့ရှိသူ' မည်၏ဟု ဟောကြားပါသည်။

## ၅။ ပဌမ ယောဓာဇီဝသုတ်

### စစ်သူရဲငါးမျိုးနှင့် ရဟန်းငါးမျိုး

၇၅။ လောက၌ စစ်သူရဲ ငါးမျိုးရှိသည်။ ၎င်းတို့မှာ—

(၁) ရန်သူစစ်ဘက်၏ ဖုန်မှုန့်ထုကြီးကိုမြင်ရုံဖြင့် နောက်ဆုတ်သော စစ်သူရဲ။

(၂) ရန်သူစစ်ဘက်၏ အလံထိပ်ဖျားကိုမြင်ရုံဖြင့် နောက်ဆုတ်သော စစ်သူရဲ။

(၃) ရန်သူစစ်ဘက်၏ အသံကိုကြားရုံဖြင့် နောက်ဆုတ်သော စစ်သူရဲ။

(၄) ရန်သူစစ်ဘက်၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော စစ်သူရဲ။

(၅) ရန်သူစစ်ဘက်၏ တိုက်ခိုက်မှုကို တွန်းလှန်၍ စစ်မြေပြင်ကို အောင်မြင်စွာ သိမ်းပိုက်သော စစ်သူရဲ တို့ဖြစ်သည်။

သာသနာတော်၌ သည်းစစ်သူရဲငါးမျိုးနှင့်တူသော ရဟန်းငါးမျိုး ရှိသည်။ ၎င်းတို့မှာ—

(၁) "ဤမည်သော ရွာနိဂုံး၌ အလှန် လှပသော မိန်းမ တစ်ယောက် ရှိသတဲ့"ဟူ၍ သတင်းကြားရုံဖြင့် အကျင့်မြတ်ကို ထိန်းမထား နိုင်တော့ဘဲ လူထွက်သွားသော ရဟန်း။

(၂) အလှန်လှပသော မိန်းမတစ်ယောက်ကို မြင်ရုံဖြင့် လူထွက်သွားသော ရဟန်း။

(၃) ဆိတ်ငြိမ်ရာနေရာ၌နေစဉ် မိန်းမတစ်ယောက်က သူ့အနားသို့ လာ၍ ပြုံးရယ် ကျီစယ်ခြင်း ပြုသောကြောင့် လူထွက်သွားသော ရဟန်း။

(၄) ဆိတ်ငြိမ်သောနေရာ၌ မိန်းမတစ်ယောက်က သူ့အနားသို့ လာရောက်၍ ပူးပူးကပ်ကပ် ထိုင်ခြင်း၊ အိပ်ခြင်း ပြုသောကြောင့် လူထွက်သွားသော ရဟန်း။

(၅) ဆိတ်ငြိမ်သောနေရာ၌နေစဉ် မိန်းမတစ်ယောက်က သူ့အနားသို့ လာ၍ ပူးပူးကပ်ကပ် ထိုင်ခြင်း၊ အိပ်ခြင်း

ပြုစေကာမူ ထိုမိန်းမလက်မှ လွတ်အောင်ရုန်းပြီး သွား လိုရာ အရပ်သို့ ထွက်ခွာ သွားသော ရဟန်း- တို့ဖြစ် သည်၊

ဤ ငါးမျိုးသော ရဟန်းတို့တွင် ပဥ္စမမြောက် ရဟန်းသည် ဆိတ်ငြိမ်သောနေရာသို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းအာရုံကို ရှုမှတ်ကာ မိမိ စိတ်ကို နီဝရဏ ငါးပါးတို့မှ ကင်းကွာစေပြီး ပထမစျာန် အစရှိသော စျာန်လေးပါးကို ဝင်စား၍ နေ၏။ ထို့နောက် စျာန်၏အစွမ်းအားဖြင့် တည်ငြိမ်သောစိတ်ကို အာသဝက္ခယဉာဏ်သို့ ရှေးရှုညွတ်စေ၏။ ထိုရဟန်း သည် ဒုက္ခ အစရှိသော သစ္စာလေးပါးကို သိမြင်၍ အာသဝေါတရား တို့မှ ကင်းလွတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၏။ ဤရဟန်း ကား စစ်မြေပြင်ကို အောင်မြင်စွာ သိမ်းပိုက်နိုင်သော စစ်သူရဲနှင့် တူပေသည်-ဟု ဟောကြားပါသည်။

## ၆။ ဒုတိယ ယောဓာဇီဝသုတ်

စစ်သူရဲငါးမျိုးနှင့် (တစ်နည်း) ရဟန်းငါးမျိုး

၇၆။ လောကဝယ် စစ်သူရဲ ငါးမျိုးရှိသည်။ ၎င်းတို့မှာ-

(၁) စစ်သူရဲတစ်ယောက်သည် လက်နက်စွဲကိုင်လျက် စစ်မြေပြင် သို့ ထွက်၍တိုက်၏။ သို့သော် ရန်သူ့လက်နက် ထိမှန်၍ ကျဆုံးသွား၏။

(၂) စစ်သူရဲတစ်ယောက်သည် လက်နက်စွဲကာ စစ်မြေပြင်သို့ ထွက်၍တိုက်၏။ ဒဏ်ရာရသဖြင့် သူ့ရဲဘော်များက ပြန် ခေါ်လာပြီး ဆွေမျိုးများထံ ပို့ဆောင်ကြ၏။ သို့သော် ဆွေမျိုးများထံ မရောက်မီ လမ်းမှာပင် ထိုစစ်သူရဲ သေ ဆုံးသွား၏။

(၃) စစ်သူရဲတစ်ယောက်သည် တိုက်ပွဲတွင် ဒဏ်ရာရ၍ ရဲဘော် များက ဆွေမျိုးများထံ ပို့လိုက်ကြသည်။ ဆွေမျိုးများက အစွမ်းကုန် ပြုစုကြသော်လည်း ထိုစစ်သူရဲ သေဆုံး သွား၏။

(၄) စစ်သူရဲတစ်ယောက်သည် တိုက်ပွဲတွင်ဒဏ်ရာရ၍ ဆွေမျိုး များထံ ပို့လိုက်ရာ ဆွေမျိုးများ၏ ပြုစုမှုကြောင့် ဒဏ်ရာ ပျောက်သွား၏။

(၅) စစ်သူရဲတစ်ယောက်ကား လက်နက်စွဲလျက် စစ်မြေပြင်သို့ ထွက်၍ တိုက်ခိုက်ရာ ရန်သူတို့ကို နိုင်သဖြင့် စစ်မြေပြင်ကို အောင်မြင်စွာ သိမ်းပိုက်နိုင်လေသည်။

သာသနာတော်၌လည်း စစ်သူရဲငါးမျိုးနှင့်တူသည့် ရဟန်းငါးမျိုးရှိသည်။ ၎င်းတို့မှာ—

၁။ ရဟန်းတစ်ပါးသည် ကိုယ် နှုတ် စိတ် သုံးပါးနှင့် မျက်စိ၊ နားစသော ဣန္ဒြေတို့ကို မစောင့်စည်းဘဲ ရွာနိဂုံးသို့ဆွမ်းခံဝင်သည်ရှိသော် မလုံမခြုံ ဝတ်ဆင်ထားသော မာတုဂါမကို မြင်၍ ရာဂစိတ် ထကြွလာသဖြင့် သိက္ခာမချဘဲ မေထုန်အကျင့်ကို မှီဝဲ၏။

၂။ ရဟန်းတစ်ပါးသည် ဆွမ်းခံရင်း မလုံမခြုံ ဝတ်ဆင်ထားသော မာတုဂါမကို မြင်၍ ရာဂစိတ် ထကြွလာသဖြင့် လူထွက်လိုကြောင်း သီတင်းသုံးဖော်တို့အား ပြောကြားရန် ကျောင်းသို့ ပြန်လာ၏။ သို့သော် ကျောင်းသို့ မရောက်မီ လမ်းမှာပင် သိက္ခာချ၍ လူထွက်၏။

၃။ ရဟန်းတစ်ပါးသည် ဆွမ်းခံရင်း မလုံမခြုံ ဝတ်ဆင်ထားသော မာတုဂါမကို မြင်၍ ရာဂစိတ် ဖြစ်ပေါ်လာသဖြင့် လူထွက်လိုကြောင်း သီတင်းသုံးဖော်တို့အား ပြောကြား၏။ သို့သော် သူသည် ကာမဂုဏ်တို့၏ အပြစ်ကိုပြ၍ ဆုံးမကြသော သီတင်းသုံးဖော်တို့၏ စကားကို နားမထောင်ဘဲ လူထွက်၏။

၄။ ရဟန်းတစ်ပါးသည် ဆွမ်းခံရင်း မလုံမခြုံ ဝတ်ဆင်ထားသော မာတုဂါမကို မြင်၍ ရာဂစိတ် ထကြွလာသဖြင့် လူထွက်လိုကြောင်း သီတင်း သုံးဖော်တို့အား ပြန်ပြော၏။ သီတင်းသုံးဖော်တို့က ကာမဂုဏ်တို့၏ အပြစ်ကိုပြ၍ လူမထွက်ရန် ဆုံးမကြသည်။ ထိုရဟန်းသည် သီတင်းသုံးဖော်တို့၏ စကားကို နားထောင်လျက် လူမထွက်ဘဲ နေလေသည်။

၅။ အခြားရဟန်းတစ်ပါးကား နံနက်အချိန်၌ သင်္ကန်းကို ဝတ်ရုံ၍ သပိတ် သင်္ကန်းကို ယူဆောင်ပြီး ကိုယ် နှုတ် စိတ် သုံးပါးကို စောင့်ထိန်းလျက် သတိမြဲသောသတိရှိလျက်၊ မျက်စိ နားစသော ဣန္ဒြေတို့ကို စောင့်စည်းလျက်၊ ရွာနိဂုံးသို့ ဆွမ်းခံဝင်၏။

ထိုရဟန်းသည် အဆင်းကို မြင်သောအခါ အသံကို ကြားသောအခါစသည်တို့၌ အဘိဇ္ဈာ ဗျာပါဒစသော အကုသိုလ်တရားဆိုးများ မဖြစ်ပေါ်စေရန် မျက်စိ နားစသော ဣန္ဒြေခြောက်ပါးတို့ကို စောင့်စည်း၏။ မိန်းမ ယောကျ်ားစသော နိမိတ်ပုံ၊ လက်ခြေအမူအရာစသော အသေးစိတ် အခြင်းအရာတို့ကို စွဲယူခြင်းမပြု။

ထိုရဟန်းသည်ဆွမ်းခံကိစ္စပြီးစီး၍ဆွမ်းခံရာမှပြန်လာသည့်ရှိသော် ဆိတ်ငြိမ်သောနေရာသို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းကို ရှုမှတ်၏။ နီဝရဏ ငါးပါးတို့မှ မိမိစိတ်ကို စင်ကြယ်စေပြီး ပထမစျာန် အစရှိသော စျာန်လေးပါးကို ဝင်စား၍နေ၏။ ထို့နောက် စျာန်၏အစွမ်းအားဖြင့် တည်ငြိမ်သောစိတ်၏ အာသဝက္ခယဉာဏ်သို့ ရှေ့ရှုညွှတ်စေ၏။ ထိုအခါ ဒုက္ခ အစရှိသော သစ္စာလေးပါးကို သိမြင်၍ အာသဝေါတရားတို့မှ ကင်းလွတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလေ၏။

ဤပဥ္စမမြောက်ရဟန်းကား ရန်သူကို တိုက်ခိုက်၍ စစ်မြေပြင်ကို အောင်မြင်စွာ သိမ်းပိုက်သော စစ်သူရဲနှင့် တူပေသည်ဟု ဟောကြားပါသည်။

## ၇။ ပထမ အနာဂတဘယသုတ်

### တောကျောင်း ရဟန်းနှင့်အနာဂတ်ဘေးငါးပါး

၇၇။ တောကျောင်း၌ တစ်ပါးတည်း နေသော ရဟန်းသည် (၁) 'မြွေကိုက်ခြင်း၊ ကင်းမြီးကောက်၊ကင်းခြေများ ကိုက်ခြင်းကြောင့်ငါ့အားသေခြင်းသည်ဖြစ်နိုင်၏' ဟုဆင်ခြင်၍မသေမီမရသေးသော တရားကိုရရှိရန် မမေ့မလျော့ အားထုတ်နေသင့်၏။

(၂) "ချော်လဲခြင်း၊ အစားအစာ ဖောက်ပြန်ခြင်း၊ သည်းခြေ သလိပ်ပျက်ခြင်း၊ လေပြုတ်ခြင်းတို့ကြောင့် ငါ့အားသေခြင်းသည် ဖြစ်နိုင်၏ဟု ဆင်ခြင်၍ မသေမီ မရသေးသော တရားကိုရရှိရန် မမေ့မလျော့ အားထုတ်နေသင့်၏။

(၃) "ခြင်္သေ့၊ သစ်၊ ကျား စသောသားရဲတိရစ္ဆာန်တို့ကိုက်ခြင်း ကြောင့် ငါ့အားသေခြင်းသည် ဖြစ်နိုင်၏" ဟုဆင်ခြင်၍မသေမီ မရသေး သောတရားကို ရရှိရန် မမေ့မလျော့ အားထုတ်နေသင့်၏။

(၄) "ကြမ်းကြုတ်သော သူခိုး၊ ဓားပြတို့ သတ်ခြင်းကြောင့် ငါ့အားသေခြင်းသည်ဖြစ်နိုင်၏"ဟုဆင်ခြင်၍မသေမီမရသေးသောတရား ကို ရရှိရန် မမေ့မလျော့ အားထုတ်နေသင့်၏။

(၅) ကြမ်းကြုတ်သောဘီလူးတို့သတ်ခြင်း ကြောင့်ငါ့အားသေ ခြင်းသည် ဖြစ်နိုင်၏" ဟုဆင်ခြင်၍ မသေမီ မရသေးသောတရားကို ရရှိ ရန် မမေ့မလျော့ အားထုတ်နေသင့်၏။

ဤသို့တောကျောင်း၌ တစ်ပါးတည်း နေသော ရဟန်းသည် မရောက်လာသေးသော အနာဂတ်ဘေး ငါးပါးတို့ကိုဆင်ခြင်တွေးမြော် ကျက် မရသေးသောတရားကို ရရှိရန်မမေ့မလျော့ အားထုတ်ရန်နေသင့် ပေသည်ဟု ဟောကြားပါသည်။

## ၈။ ဒုတိယအနာဂတဘယသုတ်

ရဟန်းတိုင်း ဆင်ခြင်သင့်သော အနာဂါတ်ဘေးငါးပါး

၇၈။ (၁) နုပျိုသောရဟန်းသည် အိုမင်းသောအခါ တရားကို ငါအားထုတ်နိုင်မည် မဟုတ်ဟုဆင်ခြင်၍မအိုသေးမီ မရသေးသောတရား ကို ရရှိရန် မမေ့မလျော့ အားထုတ်နေသင့်၏။

(၂) ကျန်းမာသောရဟန်းသည်မကျန်းမာသောအခါ တရားကို ငါအားထုတ်နိုင်မည်မဟုတ်ဟု ဆင်ခြင်၍ အနာရောဂါမကပ်ရောက်မီမရ သေးသောတရားကို ရရှိရန် မမေ့မလျော့ အားထုတ်နေသင့်၏။

(၃) ဆွမ်းခံ၍အလွယ်တကူ ရနေသော ရဟန်းသည်ဆန်စပါး ရှားပါး၍ ဆွမ်းခံရန်မလွယ်ကူသောအခါတရားကို ငါအားထုတ်နိုင်မည် မဟုတ် ဟုဆင်ခြင်၍ ဆွမ်းခံ၍ရလွယ်သောအချိန်၌ မရသေးသောတရား ကို ရရှိရန်မမေ့မလျော့ အားထုတ်နေသင့်၏။

---

၁။ ဝါဠေဟီတိ ကက္ခဠေဟိ၊ မာဏဝေဟီတိ ခြေဒေဟိ အဋ္ဌကထာ။

၄။ တိုင်းသူပြည်သားလူအများတို့ စည်းလုံး ညီညွတ်နေသော အခါ ရဟန်းသည် တောပုန်းခိုးပြဲတွေ ထကြွသောင်းကျန်းသောပါက တရားကိုငါအားထုတ်နိုင်မည်မဟုတ်’ဟုဆင်ခြင်၍တိုင်းသူ ပြည်သားများ စည်းလုံးညီညွတ်စွာနေရသော အချိန်တွင် မရသေးသော တရား ရရှိရန် မနေ့မလျော့ အားထုတ်နေသင့်၏။

၅။ သံဃာစည်းလုံးညီညွတ်နေသောအခါ၌ ရဟန်းသည် “သံဃာ ဂိုဏ်းကွဲမှုဖြစ်ပေါ်လာပါက တရားကိုငါအားထုတ်နိုင်မည်မဟုတ်’ဟု ဆင်ခြင်၍သံဃာညီညွတ်နေစဉ်မရသေးသောတရားကိုရရှိရန်မနေ့မလျော့ အားထုတ်နေသင့်၏။

ဤသို့လျှင် ရဟန်းသည် မရောက်လာသေးသောအနာဂတ်ဘေး ငါးပါးတို့ကို ဆင်ခြင်တွေးမျှော်လျက် မရသေးသော တရားကို ရရှိရန် မနေ့မလျော့ အားထုတ်နေသင့်ပေသည်ဟု ဟောကြားပါသည်။

## ၆။ တတိယအနာဂတဘယသုတ်

### နောင်အခါဖြစ်ပေါ်လာမည့် အနာဂါတ် ဘေးငါးပါး

၇၉။ ရဟန်းတို့၊ ယခု မဖြစ်သေးသဲ နောင်တွင် ဖြစ်လာမည့် အနာဂတ်ဘေးငါးပါး တို့ကို သင်တို့ ကြိုတင်သိထားရမည်။ သိထားပြီး လျှင် ယင်းတို့ကို ပယ်နိုင်ရန် အားထုတ်ရမည်။ ဖြစ်လာမည့် အနာဂါတ် ဘေးငါးပါးတို့ကား—

၁။ နောင်အခါ၌ ရဟန်းတို့သည် မပွားများအပ်သော ကိုယ်၊ မပွား များအပ်သော စိတ်၊ မပွားများအပ်သောသီလ၊ မပွားများအပ်၊ သောပညာ ရှိသူဖြစ်ကြကုန်လျက် တစ်ပါးသောသူတို့ကို ပဥ္စင်းခံ ပေးကြလိမ့်မည်။ ယင်းတပည့်တို့ကို လွန်မြတ်သောသီလ၊ သမာဓိ ပညာ၌ဆုံးမခြင်းငှာ၊ ဆုံးမနိုင်မည်မဟုတ်။ တပည့်တို့သည်လည်း မပွားများအပ်သော ကိုယ်စိတ်ရှိသူ၊ မပွားများအပ်သော ပညာ ရှိသူများသာဖြစ်ကြလိမ့်မည်။ထိုတပည့်တို့ကလည်း တစ်ပါးသော သူတို့ကို ပဥ္စင်းခံပေး ကြလိမ့်မည်။ထိုတပည့်တို့၏ တပည့်တို့သည် လည်း မပွားများအပ်သော ကိုယ်စိတ်ရှိသူ၊ မပွားများအပ်သော ပညာရှိသူများသာ ဖြစ်ကြလိမ့်မည်။ ဤသို့လျှင် တရားပျက်ခြင်း

ကြောင့် ဝိနည်းပျက်ခြင်းဖြစ်လိမ့်မည်။ ဝိနည်းပျက်ခြင်းကြောင့်လည်း တရားပျက်ခြင်း ဖြစ်လိမ့်မည်။

(၂) နောင်အခါ၌ ရဟန်းတို့သည် မပွားများအပ်သော ကိုယ်စိတ်ရှိသူ မပွားများအပ်သော သီလ၊ ပညာရှိသူများ ဖြစ်လျက် တစ်ပါးသောသူတို့အား နိဿရည်း ပေးကြလိမ့်မည်[1]....ထိုတပည့်တို့သည် မပွားများအပ်သော ကိုယ်စိတ်ရှိသူ၊ မပွားများအပ်သော ပညာရှိသူများ ဖြစ်ကြလိမ့်မည်....

(၃) နောင်အခါ၌ ရဟန်းတို့သည်မပွားများအပ်သော ကိုယ်စိတ်ရှိသူ၊ မပွားများအပ်သော သီလ၊ပညာရှိသူများ ဖြစ်ကြလျက် အဘိဓမ္မကထာ၊ ဝေဒလ္လ ကထာကို[2]ပြောပြောသည်ရှိသော် မည်းညစ်သော အကုသိုလ်တရားဘက်သို့ သက်ရောက်သွားကာ[3] အမှန်ကို သိကြတော့မည် မဟုတ်။ ဤသို့လျှင် တရားပျက်ခြင်းကြောင့် ဝိနည်းပျက်ခြင်း ဖြစ်လိမ့်မည်၊ ဝိနည်းပျက်ခြင်းကြောင့် တရားပျက်ခြင်း ဖြစ်လိမ့်မည်။

(၄) နောင်အခါ၌ ရဟန်းတို့သည် မပွားများအပ်သောကိုယ်စိတ်ရှိသူ၊ မပွားများအပ်သော သီလ၊ ပညာ ရှိသူများ ဖြစ်ကြလျက် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားခဲ့သည့် နက်နည်းနက်နဲကုန်၊ နက်နဲသော အနက်သည်း ရှိကုန်သော၊ လောကုတ္တရာနှင့်စပ်သော၊ ဆိတ်သော်လည်းဖြစ်ကုန်သော၊ ပုဂ္ဂိုလ်သတ္တဝါမှ ကင်းဆိတ်မှုနှင့်စပ်ယှဉ်ကုန်သော သုတ္တန်တရားတို့ကို ဟောသည်ရှိသော် ကောင်းစွာ နာယူ

---

၁။ မိမိထံ၌ တပည့်အဖြစ်ဖြင့် မှီခိုနေထိုင်ခွင့် ပေးခြင်းကို 'နိဿရည်းပေးခြင်း'ဟု ဆိုပါသည်။

၂။ သီလစသည့် ကြင်ဖြူသောတရားနှင့် စပ်သောစကားကို 'အဘိဓမ္မကထာ' ဟု ဆိုသည်။ အသိဉာဏ် ဖြစ်ပေါ်မှုနှင့် စပ်သောစကားကို 'ဝေဒလ္လကထာ'ဟု ဆိုသည်။ [အဘိဓမ္မကထန္တိ သီလ ... ကထံ။ ဝေဒလ္လကထန္တိ ဝေပဋ္ဌိသံယုတ္တံ ဉာဏ မိ ... - အ... ကထာ]

၃။ အပြစ်မဲ့ အပြစ်ရှာ၍ ကွဲရှဲရှာချ ဟောကြားခြင်းသည် မည်းညစ်သော တရားသို့ သက်ရောက်သည် မည်၏။ ... ပုဂ္ဂိုလ်ကို ... လာဘ်လာဘရှိရန် ဟောခြင်းသည်လည်း မည်းညစ်သော တရားသို့ သက်ရောက်ခြင်းပင် ဖြစ်၏ဟု ဖွင့်ပါသည်။

ကြမည်မဟုတ်၊ ဆန်းကြယ်သော အက္ခရာ၊ ဆန်းကြယ်သောသဒ္ဒါတို့ဖြင့် သာသနာပ တပည့်သာဝကတို့သည် ဖွဲ့ဆိုဟောကြားအပ်သော သုတ္တန်နှင့်ဆိုင်ရာ ကဗျာလင်္ကာတို့ကို[၁] ရွတ်ဖတ်အပ်သည်ရှိသော် ဂရုတစိုက် နာယူကြလိမ့်မည်။ ဤသို့လျှင် တရားပျက်ခြင်းကြောင့် ဝိနည်းပျက်ခြင်း ဖြစ်လိမ့်မည်။ ဝိနည်းပျက်ခြင်းကြောင့် တရားပျက်ခြင်း ဖြစ်လိမ့်မည်။

(၅) နောင်အခါ ရဟန်းတို့သည် မပွားများအပ်သော ကိုယ်စိတ်ရှိသူ၊ မပွားများအပ်သော ပညာရှိသူများ ဖြစ်ကြလိမ့်မည်။ မထေရ်ကြီးတို့သည် ပစ္စည်းလေးပါး ပေါများရေးအတွက် အားထုတ်ကြလိမ့်မည်။ လျော့ရဲသော အကျင့်ရှိလျက် မရသေးသောတရားကို ရရှိရန် အားထုတ်ကြမည်မဟုတ်၊ ထိုမထေရ်ကြီးတို့၏ နောက်လိုက်တပည့်အပေါင်းသည်လည်း မထေရ်ကြီးများသို့သာ အတုလိုက်၍ ကျင့်ကြလိမ့်မည်၊ ဤသို့လျှင် တရားပျက်ခြင်းကြောင့် ဝိနည်းပျက်ခြင်း ဖြစ်လိမ့်မည်။ ဝိနည်း ပျက်ခြင်းကြောင့် တရားပျက်ခြင်း ဖြစ်လိမ့်မည်။

ရဟန်းတို့၊ ယခု မဖြစ်သေးဘဲ နောင်တွင် ဖြစ်ပေါ်လာမည့် ဤငါးပါးသော ဘေးတို့ကိုသင်တို့ ကြိုတင်သိထားရမည်။ ကြိုတင်သိထားပြီး ထိုဘေးတို့ကို ပယ်နိုင်ရန် အားထုတ်ရမည်ဟု ဟောကြားပါသည်။

## ၁၀။ စတုတ္ထ အနာဂတဘယသုတ်

### နောင်အခါ ဖြစ်ပေါ်လာမည့် အနာဂတ်ဘေးငါးပါး (တစ်နည်း)

ဂ၀။ ရဟန်းတို့၊ ယခုမဖြစ်သေးဘဲ နောင်တွင် ဖြစ်လာမည့် အနာဂတ်ဘေး ငါးပါးတို့ကို သင်တို့ကြိုတင်သိထားရမည်။ ကြိုတင်သိထားပြီး ဘေးတို့ကို ပယ်နိုင်ရန် အားထုတ်ရမည်။ ဖြစ်ပေါ်လာမည့် အနာဂတ် ဘေးငါးပါးတို့ကား—

(၁) နောင်အခါ ရဟန်းတို့သည် သင်္ကန်းတို့၌ ကောင်းသည်ကိုသာ အလိုရှိကြလိမ့်မည်။ ပံ့သကူစုတ်တင်ကို စွန့်ကြလိမ့်မည်။ တောကျောင်းတို့ကိုစွန့်ကြလိမ့်မည်။ ရွာနိဂုံး မင်းနေပြည်များသို့ ချဉ်းကပ်နေကြ

---

၁။ ကဝိကာ ကာဝေယျာ သုတ္တန္တာ- ကဗျာလင်္ကာဖြင့် ဖွဲ့ဆိုထားသော သုတ္တန်များဟု ဆိုလိုပါသည်။

လိမ့်မည်။ သက်န်းဟူသောအကြောင်းကြောင့် မသင့်လျော်သော ရှာမှီးခြင်း အမျိုးမျိုးသို့လည်း ရောက်ကြလိမ့်မည်၊

၂။ နောင်အခါ၌ ရဟန်းတို့သည် ဆွမ်း၌ အကောင်းကိုသာ အလိုရှိကြလိမ့်မည်။ ပိဏ္ဍပါတ်ခုတင်ကို စွန့်ကြလိမ့်မည်။ တောကျောင်းတို့ကိုစွန့်ကြလိမ့်မည်။ လျှာဖျားဖြင့် ကောင်းမွန်သောအရသာကို ရှာကုန်လျက် ရွာနိဂုံး မင်းနေပြည်များသို့ ချဉ်းကပ်နေထိုင်ကြလိမ့်မည်။ ဆွမ်းဟူသော အကြောင်းကြောင့် မသင့်လျော်သော ရှာမှီးခြင်းအမျိုးမျိုးသို့လည်း ရောက်ကြလိမ့်မည်။

၃။ နောင်အခါ၌ ရဟန်းတို့သည် ကျောင်း၌ အကောင်း ကိုသာ အလိုရှိကြလိမ့်မည်။ ရုက္ခမူစုတင်ကို စွန့်ကြလိမ့်မည်။ တောကျောင်းတို့ကို စွန့်ကြလိမ့်မည်။ ရွာနိဂုံး မင်းနေပြည်များသို့ ချဉ်းကပ်နေထိုင်ကြလိမ့်မည်။ ကျောင်းဟူသော အကြောင်းကြောင့် မသင့်လျော်သော ရှာမှီးခြင်း အမျိုးမျိုးသို့လည်း ရောက်ကြလိမ့်မည်။

၄။ နောင်အခါ၌ရဟန်းတို့သည် ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေတို့နှင့် ရောရောယှက်ယှက် နေကြလိမ့်မည်။ ထိုသို့ ရောယှက်နေခြင်းကြောင့် သာသနာ၌ မမွေ့လျော်ခြင်း၊ ညစ်နွမ်းသော အာပတ်သို့ ရောက်ခြင်း၊ သိက္ခာချ၍ လူထွက်ခြင်းများ ဖြစ်လိမ့်မည်။

၅။ နောင်အခါ၌ ရဟန်းတို့သည် အရံစောင့် သာမဏေတို့နှင့် ရောရောယှက်ယှက် နေကြလိမ့်မည်။ ထိုသို့ ရောယှက် နေခြင်းကြောင့် ဆွမ်းစသောပစ္စည်းအမျိုးမျိုးကိုသိုမှီးသိမ်းဆည်း၍သုံးဆောင်ခြင်း ပြုကြလိမ့်မည်။ မြေကြီးနှင့် စိမ်းစိုသော မြက်သစ်ပင်၌ ရှန်ရင်းသောနိမိတ် ပြမှုကို ပြုကြလိမ့်မည်။[၁]

သင်တို့သည် ဤငါးမျိုးသော အနာဂတ်ဘေးတို့ကို ကြိုတင်သိထားပြီး ယင်းတို့ကို ပယ်နိုင်ရန် အားထုတ်ရမည်ဟု- ဟောကြားပါသည်။

---

၁။ မြေကြီးကို ကိုယ်တိုင်တူးသော ရဟန်းနှင့် ဤ(မြေ)စမ်းဟု သူတစ်ပါးကို ခိုင်းသော ရဟန်းသည် မြေကြီး၌ ရှန်ရင်းသော နိမိတ်ပြမှုကို ပြုသည်မည်၏။ မြက်သစ်ပင်တို့ကို ကိုယ်တိုင် ခုတ်ဖြတ်သော ရဟန်းနှင့် 'ခုတ်ဖြတ်စမ်း'ဟု သူတစ်ပါးကို ခိုင်းသော ရဟန်းသည် မြက်သစ်ပင်၌ ရှန်ရင်းသော နိမိတ်ကိုပြမှုကို ပြုသည်မည်၏။

## ၉။ ထေရဝဂ်

### ၁။ ရဇနီယသုတ်

### စွဲလမ်းခြင်းစသည့် အင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်း

၈၁။ စွဲမက်ဖွယ် အာရုံ၌ စွဲမက်ခြင်း၊ ပြစ်မှားဖွယ် အာရုံ၌ ပြစ်မှားခြင်း၊ တွေဝေဖွယ် အာရုံ၌ တွေဝေခြင်း၊ အမျက်ထွက်ဖွယ် အာရုံ၌ အမျက်ထွက်ခြင်း၊ ယစ်မူးဖွယ်အာရုံ၌ ယစ်မူးခြင်း ဟူသော အင်္ဂါငါးပါးနှင့်ပြည့်စုံသော မထေရ်ကြီး ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်ခင် ရှိသောခြင်းမခံရ၊ စွဲမက်ဖွယ်အာရုံ၌ မစွဲမက်ခြင်း စသော အင်္ဂါငါးပါး နှင့် ပြည့်စုံသောရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်ခင် ရှိသောခြင်း ခံရ၏ဟု- ဟောကြားပါသည်။

### ၂။ ဝီတရာဂသုတ်

### ရာဂကင်းခြင်းစသော အင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်း

၈၂။ ရာဂမကင်းခြင်း၊ ဒေါသမကင်းခြင်း၊ မောဟမကင်းခြင်း၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း၊ ဂုဏ်ပြိုင်ခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော မထေရ်ကြီးရဟန်းသည် သီတင်းသုံးဖော်တို့၏ချစ်ခင်ရှိသောခြင်း မခံရ၊ ရာဂကင်းခြင်းစသော အင်္ဂါငါးပါးနှင့် ပြည့်စုံသောမထေရ်ကြီး ရဟန်းသည်ကား သီတင်းသုံးဖော်တို့၏ ချစ်ခင် ရှိသောခြင်း ခံရ၏ဟု- ဟောပါသည်။

### ၃။ ကုဟကသုတ်

### အံ့ဩဖွယ်ပြုခြင်းစသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်း

၈၃။ အံ့ဩဖွယ်ပြုခြင်း၊ မြှောက်ပင့် ပြောခြင်း၊ နိမိတ်ပြခြင်း၊ ဖိနှိပ်ပြောခြင်း[၁]၊ ရထားသောပစ္စည်းဖြင့်များ၍ မရသေးသော ပစ္စည်းကို ရှာခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော မထေရ်ကြီးရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်ခင်ရှိသောခြင်းကို မခံရ။ အံ့ဩဖွယ်မပြုခြင်းစသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော မထေရ်ကြီးရဟန်းသည်ကား သီတင်းသုံးဖော်တို့၏ ချစ်ခင်ရှိသောခြင်းကို ခံရ၏ဟု ဟောကြားပါသည်။

---

၁။ မိမိအား မလှူလှူအောင် အံ့ဩစရာလုပ်ပြခြင်း၊ မြှောက်ပင့်ခြင်း၊ နိမိတ်ပြခြင်း၊ ဖိနှိပ် ပြောဆိုခြင်းဟူ၍ ဆိုပါသည်။

## ၄။ သီလဝန္တသုတ်

### သီလခြင်းစသော အင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်း

၈၄။ သီလရှိခြင်း၊ များသော အကြားအမြင် 'ဗဟုသုတ'ရှိခြင်း၊ ပီပြင် ပြတ်သား ကောင်းသောစကားရှိခြင်း၊ စျာန်လေးပါးကို ရရှိခြင်း၊ အာသဝေါကင်းရာ ဖြစ်သည့် စေတောဝိမုတ္တိ ပညာဝိမုတ္တိကို မျက်မှောက် ပြုခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော မထေရ်ကြီး ရဟန်းသည် သီတင်းသုံးဖော်များ ချစ်ခင်လေးစားခြင်း ခံရ၏ဟု ဟော ကြားသည်။

## ၅။ ထေရသုတ်

### အကျိုးကိုဖြစ်စေတတ်သော မထေရ်၏ အင်္ဂါငါးပါး

၈၅။ ကြာမြင့်စွာက ရဟန်းပြုခဲ့သော မထေရ်ကြီး ဖြစ်ခြင်း၊ ထင်ရှား၍ များသောအခြံအရံ ရှိခြင်း၊ ပစ္စည်းလေးပါး ပေါများခြင်း၊ အကြားအမြင် များခြင်း၊ လွဲမှားသောအယူ၊ ဖောက်ပြန်သောအမြင်ရှိ၍ လူအများကို သူတော်ကောင်းတရားမှ ထုတ်ယူပြီး မသူတော်တရား၌ တည်စေခြင်း ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော မထေရ်ကြီး ရဟန်းသည် နတ်နှင့်တကွသော လူတို့အား အကျိုးမဲ့ခြင်း၊ ဆင်းရဲခြင်းကို ဖြစ်စေ၏။

ကြာမြင့်စွာက ရဟန်းပြုခဲ့သောမထေရ်ကြီးဖြစ်ခြင်း... များသော အကြားအမြင်ရှိခြင်း၊ မှန်သောအယူ၊ မှန်သောအမြင်ရှိ၍ လူအများကို မသူတော်တရားမှ ထုတ်ယူပြီး သူတော်ကောင်းတရား၌ တည်စေခြင်း ဟူသော အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်းသည် နတ်နှင့်တကွသော လူတို့အား အကျိုးစီးပွား ချမ်းသာခြင်းများကို ဖြစ်စေ၏ဟု ဟောပါ သည်။

## ၆။ ပဌမသေခသုတ်

### သေခရဟန်းအား ဆုတ်ယုတ်စေသောတရားငါးပါး

၈၆။ အမှုသစ်၌မွေ့လျော်ခြင်း၊ စကားပြောမှု၌မွေ့လျော်ခြင်း၊ အိပ်မှု၌မွေ့လျော်ခြင်း၊ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ ကိုယ်လ

သားတို့မှလွတ်မြောက်သော စိတ်ကိုမဆင်ခြင်ခြင်းဟူသောတရားငါးပါးတို့သည် သေခရဟန်းအား ဆုတ်ယုတ်မှုကို ဖြစ်စေကုန်၏။

အမှုသစ်၌ မမွေ့လျော်ခြင်း...ကိလေသာတို့မှ လွတ်မြောက်သော စိတ်ကို ဆင်ခြင်ခြင်းဟူသော တရားငါးပါးတို့သည် သေခရဟန်းအား တိုးတက်မှုကို ဖြစ်စေကုန်၏ဟု ဟောပါသည်။

၈၇။ ဒုတိယ သေခသုတ်၌-များသော ပြုဖွယ်ကိစ္စများရှိခြင်း၊ အနည်းငယ်မျှသော အလုပ်ဖြင့် အချိန်ကို ကုန်လွန်စေခြင်း၊ မလျော်ကပတ်သော ရောနှောမှုဖြင့် ရဟန်းများလူများနှင့် ရောနှော၍နေခြင်း၊ ရွာထဲသို့ဝင်ပြီး မလွန်နေမြင့်မှ ထွက်ခွာခြင်း၊ ကိလေသာတို့ကို အထူးခေါင်းပါးစေ၍ စိတ်ပွင့်လင်းရေးတရားတို့အား လျော်ကပတ်သော စကားတို့ကို လွယ်ကူစွာ ကြားနာခွင့် မရခြင်းဟူသော တရားငါးပါးတို့သည် သေခရဟန်းအား ဆုတ်ယုတ်မှုကို ဖြစ်စေကုန်၏။

များသော ပြုဖွယ်ကိစ္စ မရှိခြင်း....စိတ်ပွင့်လင်းရေး တရားတို့အား လျော်ကပတ်သော စကားတို့ကို လွယ်ကူစွာ ကြားနာခွင့်ရခြင်း ဟူသော တရားငါးပါးတို့သည် သေခ ရဟန်းအား တိုးတက်မှုကို ဖြစ်စေကုန်၏ဟု ဟောကြားပါသည်။

## ၁၀။ ကကုဓဝဂ်

### ၁။ ပထမ သမ္ပဒါသုတ်

#### သမ္ပဒါတရားငါးပါး

၈၈။ ပြည့်စုံမှု 'သမ္ပဒါ' တို့သည် သဒ္ဓါပြည့်စုံမှု-သဒ္ဓါသမ္ပဒါ၊ သီလပြည့်စုံမှု-သီလသမ္ပဒါ၊ သုတ ပြည့်စုံမှု-သုတသမ္ပဒါ၊ စာဂပြည့်စုံမှု

---

၁။ သမထနှင့် ဝိပဿနာတို့သည် စိတ်ပွင့်လင်းရေး တရားများ ဖြစ်၏။ (၁) အပ္ပိစ္ဆကထာ-အလိုနည်းမှုနှင့်စပ်သော စကား၊ (၂) သန္တုဋ္ဌိကထာ-ရောင့်ရဲမှုနှင့်စပ်သော စကား၊ (၃) ပဝိဝေကကထာ=ကိလေသာကင်းဆိတ်မှုနှင့် စပ်သော စကား၊ (၄) အသံသဂ္ဂကထာ-မရောယှက်မှုနှင့် စပ်သောစကား၊ (၅) ဝီရိယာရမ္ဘကထာ-ဝီရိယစိုက်ထုတ်မှုနှင့်စပ်သော စကား၊ (၆) သီလကထာ-သီလနှင့် စပ်သောစကား၊ (၇) သမာဓိကထာ-သမာဓိနှင့် စပ်သောစကား၊ (၈) ပညာကထာ-ပညာနှင့်စပ်သောစကား၊ (၉) ဝိမုတ္တိကထာ လွတ်မြောက်မှုနှင့်စပ်သောစကား၊ (၁၀) ဝိမုတ္တိဉာဏဒဿနကထာ-လွတ်မြောက်မှုကိုသိမြင်သည့် ဆင်ခြင်ဉာဏ်နှင့်စပ်သော စကားတို့သည် စိတ်ပွင့်လင်းရေးအား လျော်ကပတ်သော စကားများ ဖြစ်ပေသည်။

စာဂသမ္ပဒါ၊ ပညာပြည့်စုံမှု-ပညာသမ္ပဒါ ဟူ၍ ငါးပါး ရှိကြောင်း ဟောသည်။

## ၃။ ဗျာကရသုတ်

### အရဟတ္တဖိုလ်ကို ပြောကြားခြင်းငါးမျိုး

၉၃။ အရဟတ္တဖိုလ်ကိုရသည်ဟုထုတ်ဖော် ပြောကြားခြင်းသည်-
(၁) ပညာနည်းသူ တွေဝေသူဖြစ်၍ ပြောကြားခြင်း၊
(၂) ယုတ်မာသော အလိုဆိုး ရှိ၍ ပြောကြားခြင်း၊
(၃) ရူးသွပ်သူ စိတ်ပျံ့လွင့်သူဖြစ်၍ပြောကြားခြင်း၊
(၄) အထင်ကြီးမှု 'အဓိမာန' ဖြင့် ပြောကြားခြင်း၊
(၅) မှန်ကန်သောအကြောင်းဖြင့် ပြောကြားခြင်း
ဟူ၍ ငါးပါးရှိ၏ဟု ဟောပါသည်။

## ၄။ သုတဓရသုတ်

### သုတကိုဆောင်ခြင်းစသော အင်္ဂါငါးပါး

၉၄။ (၁) နည်းသော ကိစ္စရှိပြီးအလုပ်၏ အားဆောက်ဆအုံဖြစ် သောပစ္စည်းသေးပါးတို့၌မွေးရှင့်ရဲလွယ်သူဖြစ်ခြင်း၊
(၂) နည်းသော စားသောက်မှုရှိ၍ ဝမ်းရေး၌ကြောင့်ကြ မစိုက်သူဖြစ်ခြင်း၊
(၃) နည်းသောအိပ်ငိုက်မှုရှိ၍နိုးကြားမှု၌အစဉ် ကြောင့် ကြစိုက်သူ ဖြစ်ခြင်း၊
(၄) များသောအကြားအမြင်'ဗဟုသုတ' ရှိ၍ပရိယတ္တိ သုတကို သေချာကျက် ဆောင်ရွက်ထားသူဖြစ်ခြင်း၊
(၅) ကိလေသာတို့မှ လွတ်မြောက်ခဲ့၊ လွတ်မြောက်ခဲ့သမျှ သောစိတ်ကို ဆင်ခြင်ခြင်း[1] ဟူသော အင်္ဂါငါးပါး

---

၁။ မိမိစိတ်သည် ဘယ်အချိန်က ကိလေသာတို့မှ လွတ်မြောက်ခဲ့သည်။ ဘယ်လို လွတ်မြောက် ခဲ့သည်။ ဘယ်ကိလေသာတို့မှ လွတ်မြောက် ခဲ့သည်။ ထိုသို့လွတ်မြောက်သဖြင့် ဘယ်လို အကျိုးကျေးဇူး များ ရခဲ့ သည်ကို ဆင်ခြင်ပြီး ထို့ထက် တိုးတက်အောင်ရန် အားထုတ်ခြင်း ဟု ဆိုလိုပါသည် အဋ္ဌကထာ။

နှင့်ပြည့်စုံသော ရဟန်းသည်အာနာပါန သတိကို ပွားများလျှင်မကြာမီပင်အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိမြင်၏ဟု ဟောပါသည်။

## ၉။ သီဟသုတ်

### ခြင်္သေ့ဟောက်သံနှင့်တူသောတရား

၉၉။ ရဟန်းတို့၊ သားတို့သနင်း ခြင်္သေ့မင်းသည် ညနေချမ်းအချိန်၌ နေရာမှထွက်၏။ နေရာမှထွက်ပြီး ကွန့်မြူးစံပယ်၏။ ကွန့်မြူးစံပယ်ပြီး အရပ်လေးမျက်နှာတို့ကို လှည့်၍ကြည့်၏။ အရပ်လေးမျက်နှာတို့ကို လှည့်၍ကြည့်ပြီး သုံးကြိမ် တိုင်အောင်ခြင်္သေ့ ဟောက်သံကို ဟောက်၏။ သုံးကြိမ်တိုင်အောင် ခြင်္သေ့ဟောက်သံကိုဟောက်ပြီး အစာရှာရန်ထွက်ခွာသွား၏။

ထိုခြင်္သေ့မင်းသည်ဆင်ကိုသတ်ပုတ်လျှင်သည်း လေးလေးစားစားသာလျှင်သတ်ပုတ်၏[၁]။ မလေးမစားမသတ်ပုတ်။ ကျွဲ၊ နွား၊ သစ်တို့ကို သတ်ပုတ်လျှင်လည်း လေးလေးစားစား သာလျှင် သတ်ပုတ်၏။ အယုတ်ဆုံးအားဖြင့် ယုန်၊ ကြောင် စသော သတ္တဝါ ငယ်လေးများကို သတ်ပုတ်ရာ၌ပင် လေးလေးစားစားသာလျှင် သတ်ပုတ်၏။ မလေးမစားမသတ်ပုတ်။ အဘယ့်ကြောင့်ဆိုသော် "ငါ၏အားထုတ်မှု လမ်းစဉ်သည် မပျက်စီးပါစေလင့်" ဟု နှလုံးသွင်းသောကြောင့် ဖြစ်၏။

ရဟန်းတို့၊ ခြင်္သေ့ဟူသော ဝေါဟာရသည် မြတ်စွာ ဘုရားကို ဆိုလိုခြင်းဖြစ်၏။ မြတ်စွာဘုရား၏ ပရိသတ်၌ တရားဟောခြင်းသည်ခြင်္သေ့ ဟောက်သံပင်ဖြစ်၏။

ရဟန်းတို့ မြတ်စွာဘုရားသည် ရဟန်းတို့အား တရားဟောလျှင်လည်း လေးလေးစားစားသာဟော၏။ မလေးမစားမဟော။ ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာတို့အား၊ တရားဟောလျှင်လည်း လေးလေးစားစားသာဟော၏။ အယုတ်ဆုံးအားဖြင့် မြက်ထမ်းသမားနှင့် ငှက်ခတ်

---

၁။ မထိမဲ့မြင် မပြုဘဲ ဂရုစိုက် သတ်ပုတ်၏၊ မလွဲချော်အောင် သတ်ပုတ်၏ ဟု ဆိုလိုပါသည်၊ (သက္ကစ္စည္စေဝ ပဟာရံ ဒေတိ).

မုဆိုးတို့အား တရားဟောရာ၌ပင် လေးလေးစားစားသာလျှင်ဟော၏။ မလေးမစားမဟော။ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် တရားကို လေးစားသောပုဂ္ဂိုလ် ဖြစ်သောကြောင့် ပေတည်းဟု ဟောကြား ပါသည်။

## ၁၀။ ကကုဓထေရသုတ်

### ကကုဓနတ်သား၏ စကားနှင့် ဆရာငါးမျိုး

၁၀၀။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံး၏။ ထိုအခါ ရှင်မဟာမောဂ္ဂလ္လာန်၏ အလုပ်အကျွေးဖြစ်သည့် ကကုဓမည်သော ကောလိယ အမျိုးသားသည် ကွယ်လွန်၍ ဈာန်စိတ်ဖြင့်ပြီးသော ဖြစ်ပွားတို့၌ဖြစ်၏။ ထိုကကုဓအား မဂဓတိုင်း၏ ရွာနှစ်ရွာ သုံးရွာစာမျှရှိသော အတ္တဘော (ကိုယ်ခန္ဓာ)သည် ဖြစ်၏။ သူသည် ထိုမျှကြီးသော အတ္တဘောဖြင့် မိမိကိုယ်ကိုပင်း မထိခိုက်စေ။ သူတစ်ပါးကိုလည်းမထိခိုက်စေ။

အခါတစ်ပါး၌ထိုကကုဓဖြစ်ပွားသည်ရှင်မောဂ္ဂလ္လာန်ထံချဉ်းကပ်၍ "အရှင်ဘုရား၊ ဒေဝဒတ်အား ငါသည် ရဟန်းအပေါင်းကိုဆောင်အံ့" ဟူသော အလိုဆိုး ဖြစ်ခဲ့ပါသည်။ ထိုအလိုဆိုး ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် ဒေဝဒတ်အား ရပြီးသောတန်ခိုးသည်ဆုတ်ယုတ်ခဲ့ပါသည်" ဟု လျှောက်၏။

ကကုဓဖြစ်ပွား ပြန်သွားသောအခါ ရှင်မောဂ္ဂလ္လာန်က မြတ်စွာ ဘုရားထံ သွား၍ ထိုအကြောင်းကို လျှောက်၏၊ မြတ်စွာဘုရားက "မောဂ္ဂလ္လာန်၊ ကကုဓ လျှောက်ကြားသော စကားသည် သူလျှောက် သည့်အတိုင်း မှန်၏ ဟု သင် သိပါသလော" ဟု မေးလျှင် ရှင်မောဂ္ဂလ္လာန်က သိပါကြောင်း ဖြေကြား၏။ ထိုအခါ မြတ်စွာဘုရားက "မောဂ္ဂလ္လာန်၊ သင်သည် ဤစကားကို စောင့်ထိန်းလော့၊ စောင့်ထိန်း လော့၊ ထိုအချည်းနှီးသော ယောကျ်ားသည် မိမိကိုယ်မိမိ ထင်ရှား ပြုလိမ့်မည်ဟု" မိန့်တော်မူပြီး လောက၌ ဆရာငါးမျိုးရှိကြောင်း ဟောကြား တော်မူပါသည်။

ဆရာဝါးမျိုးမှာ—

(၁) အချို့သောဆ ရာသည် မစင်ကြယ်သော သီလရှိသူဖြစ်ပါလျက် 'ငါသည် စင်ကြယ်သောသီလရှိသူ ဖြစ်'ဟု ဝန်ခံ၏။ တပည့်တို့သည် "ငါတို့ဆရာကား မစင်ကြယ်သော သီလရှိသူ ဖြစ်လျက် စင်ကြယ်သောသီလရှိ၏ဟု ဝန်ခံ၏" ဟူ၍ သိကြကုန်သောလည်း ဆရာမနှစ်သက်မည့်စိုးသောကြောင့် ယင်းအကြောင်းကို လူတို့အား မပြောကြကုန်။ ဤသို့သောဆရာကို တပည့်တို့က သီလအားဖြင့် စောင့်ရှောက်ကြကုန်၏။[၁] ဆရာကလည်း တပည့်တို့ထံမှသီလအားဖြင့် စောင့်ရှောက်မှုကို မျှော်လင့်တောင့်တ၏။

(၂) အချို့သောဆရာသည် မစင်ကြယ်သော အသက်မွေးမှု ရှိသူဖြစ်ပါလျက် "ငါသည် စင်ကြယ်သော အသက်မွေးမှု ရှိသူဖြစ်၏။" ဟု ဝန်ခံ၏....

(၃) အချို့သော ဆရာသည် မစင်ကြယ်သော တရားဟောမှု ရှိသူဖြစ်ပါလျက် "ငါသည်စင်ကြယ်သောတရားဟောမှုရှိသူဖြစ်၏။" ဟု ဝန်ခံ၏....

(၄) အချို့သောဆရာသည် မစင်ကြယ်သောဖြေဆိုမှုရှိသူ ဖြစ်ပါလျက် "ငါသည် စင်ကြယ်သော ဖြေဆိုမှုရှိသူ ဖြစ်"ဟုဝန်ခံ၏....

(၅) အချို့သော ဆရာသည် မစင်ကြယ်သော ဉာဏ်အမြင် ရှိသူဖြစ်ပါလျက် "ငါသည် စင်ကြယ်သော ဉာဏ်အမြင် ရှိသူဖြစ်၏ဟု ဝန်ခံ၏၊ တပည့်တို့သည်ထိုအကြောင်းကိုသိကြကုန်ငြားသော်လည်း ဆရာမနှစ်သက်မည် စိုးသောကြောင့် လူတို့အား မပြောကြကုန်၊ ဤသို့သဘောရှိသော ဆရာကို တပည့်တို့သည် ဉာဏ်အမြင်အားဖြင့် စောင့်ရှောက်ကြကုန်၏။ ဆရာကလည်း တပည့်တို့ထံမှ ဉာဏ်အမြင်အားဖြင့် စောင့်ရှောက်မှုကို လိုလား တောင့်တ၏။"

မြတ်စွာဘုရားသည် ရှင်မောဂ္ဂလာန်အား လောကဥ္စဆရာငါးမျိုးရှိပုံကို ဟောကြားပြီးအောက်ပါနိဂုံးချုပ် စကားကိုမိန့်ကြားပါသည်။

"မောဂ္ဂလာန်၊ ငါသည် စင်ကြယ်သော သီလရှိသူ ဖြစ်လျက် စင်ကြယ်သောသီလရှိ၏ဟု ဝန်ခံ၏။ တပည့်တို့သည် ငါ့ကို သီလအားဖြင့်

---

၁။ သီလတော ရက္ခန္တိ · သီလ မစင်ကြယ်မှုဖြင့်ကွဲရှဲစွန်းစွဲခြင်းများ မဖြစ်အောင် စောင့်ရှောက်ကြကုန်၏ဟု ဆိုလိုပါသည်။

မစောင့်ရှောက်ကြကုန် (စောင့်ရှောက်ဖွယ်မလို)၊ ငါကလည်း တပည့်တို့ထံမှ သီလအားဖြင့် စောင့်ရှောက်မှုကို မတောင့်တ - ငါသည် စင်ကြယ်သော ဉာဏ်အမြင်ရှိသူ ဖြစ်လျက် စင်ကြယ်သော ဉာဏ်အမြင် ရှိ၏ဟု ဝန်ခံ၏။ တပည့်တို့သည် ငါ့ကို ဉာဏ်အမြင် အားဖြင့်မစောင့်ရှောက်ကြကုန်။ ငါကလည်း တပည့်တို့ထံမှ ဉာဏ်အမြင် အားဖြင့် စောင့်ရှောက်မှုကို မတောင့်တပေ"

## ၁၁။ ဖာသုဝိဟာရဝဂ်

### ၁။ သာရဇ္ဇသုတ်

ကြောက်ရွံ့မှုကင်းကြောင်း တရားငါးပါး

၁၀၁။ သဒ္ဓါ၊ သီလ၊ သုတ၊ ဝီရိယ၊ ပညာ ဟူသောတရားငါးပါးတို့သည် ဒေသဝုဂ္ဂိုလ်အား ကြောက်ရွံ့မှု ဆင်းရဲကင်းခြင်းကို ပြုတတ်သော တရားများ ဖြစ်သည်၊ ထိုတရားငါးပါး မရှိသူအား ဖြစ်ပေါ်တတ်သော ကြောက်ရွံ့မှု (မဝံ့မရဲဖြစ်မှု)သည် ထိုတရားငါးရှိသူအားမဖြစ်နိုင်ဟု ဟောကြားပါသည်။

### ၂။ ဉဿင်္ကိတသုတ်

ယုံမှားခြင်းခံရတတ်သော ရဟန်းအင်္ဂါငါးပါး

၁၀၂။ (၁) ပြည့်တန်ဆာမအိမ်လျှင် ကျက်စားရာရှိခြင်း၊ (၂) မုဆိုးမအိမ်လျှင် ကျက်စားရာရှိခြင်း၊ (၃) အပျိုကြီး အိမ်လျှင် ကျက်စားရာရှိခြင်း၊ (၄) ပဏ္ဍုက်အိမ်လျှင် ကျက်စားရာရှိခြင်း (၅) ရဟန်း မိန်းမကျောင်းလျှင်ကျက်စားရာရှိခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ဆန့်ကျင်ဘက် ကိလေသာတို့ကြောင့် မပျက်စီးနိုင်တော့သည့် အရဟတ္တဖိုလ်ကို ရရှိထားသော ရဟန်းပင် ဖြစ်စေကာမူ ယုတ်မာသော ရဟန်းဟု တွေးတောယုံမှားခြင်း ခံရတတ်၏ဟု ဟောကြားပါသည်။

### ၃။ မဟာစောရသုတ်

ခိုးသူကြီး၏အင်္ဂါနှင့် ရဟန်းအင်္ဂါငါးပါး

၁၀၃။ (၁) သွားလာရန် ခက်ခဲသည့် မြစ်၊ချောင်း၊ မတောင်ကုန်း စသော အရပ်ကို အမှီပြုခြင်း၊

(၂) မြက်ခတာ၊ သစ်ဟော စသည့် တောအုပ်ကို အမှီပြုခြင်း၊
(၃) အင်္ဂါး ကြီးမားသည့် မင်း အမတ် စသူတို့ကို အမှီပြုခြင်း၊
(၄) ပစ္စည်း ဥစ္စာ ချမ်းသာ ကြွယ်ဝ၍ မိမိကိုယ်ကို ကာကွယ်ရန် ပစ္စည်းဥစ္စာတို့ကို ပေးကမ်း စွန့်လွှတ်နိုင်ခြင်း—
(၅) တစ်ဦးတည်း သွားလာ လှုပ်ရှားနိုင်ခြင်း—

ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော ခိုးသူကြီးသည် အိမ်ခြံစပ်ကို ဖောက်ထွင်းခြင်း၊ ရွာကို ဖျက်ခိုက်လုယက်ခြင်း၊ တစ်အိမ်တည်းကို စီးနင်းတိုက်ခိုက်ခြင်း၊ လမ်းခရီး၌ လုယက်ခြင်းတို့ကို ပြုလုပ်၏။

ထို့အတူပင်—

(၁) ညီညွတ်သောကာယကံ၊ ဝစီကံ၊ မနောကံတို့ကိုအမှီပြုခြင်း၊
(၂) လွဲမှားသော အယူ ဟူသော တောအုပ်ကို အမှီပြုခြင်း၊
(၃) အင်အား ကြီးသည့် မင်း၊ အမတ် စသူတို့ကို အမှီပြုခြင်း၊
(၄) ဆွမ်းသင်္ကန်းစသော ပစ္စည်းလေးပါးပေါများသည် ဖြစ်၍ ထိုပစ္စည်းလေးပါးကို ပေးစွန့်ခြင်းဖြင့် မိမိအပြစ်ကို ကာကွယ်နိုင်ခြင်း၊
(၅) ပစ္စန္တရာဇ် အရပ်တို့၌ အဖော်မဲ့ တစ်ပါးတည်းနေခြင်း—

ဟူသော အင်္ဂါငါးပါးနှင့်ပြည့်စုံသောရဟန်းသည် တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို ဆောင်၏။ ပညာရှိတို့ ကဲ့ရဲ့အပ်သော အပြစ်ရှိသူဖြစ်၏။ များစွာသော မကောင်းမှုကိုလည်း ပွားစေ၏ဟု ဟောကြားပါသည်။

## ၄။ သမဏသုခုမာလသုတ်

နူးညံ့သိမ်မွေ့သော ရဟန်း၏ အင်္ဂါငါးပါး

၁၀၄။ ရဟန်းတို့၊ ဤသာသနာ၌—

(၁) အကြင် ရဟန်းသည် သုံးဆောင်ပါဟု တောင်းပန်အပ်သည် ဖြစ်၍ သာလျှင် ဆွမ်း သင်္ကန်းစသော ပစ္စည်းလေးပါးကိုများစွာသုံးဆောင်ရ၏။ မတောင်းပန် အပ်ဘဲကား အနည်းငယ်သာ သုံးဆောင်ရ၏။

(၂) အကြင်ရဟန်းကို သီတင်းသုံးဖော်တို့သည် နှစ်သက်ဖွယ် ဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံ တို့ဖြင့် သာလျှင် များစွာ ပြုမူကြကုန်၏။ မနှစ်သက်ဖွယ် ဖြစ်သော ကံသုံးပါးဖြင့်မူ အနည်းငယ်သာ ပြုမူကြကုန်၏။

(၃) အကြင် ရဟန်းအား သည်းခြေ၊ သလိပ် စသည်တို့ကြောင့်ဖြစ်သော ဝေဒနာတို့သည် များစွာဖြစ် ဖြစ်ကုန်။

(၄) အကြင်ရဟန်းသည် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေနိုင်ကြောင်းဖြစ်သည့် စျာန်လေးပါးတို့ကို အလွယ်တကူ ရခြင်းရှိ၏။

(၅) အကြင် ရဟန်းသည် အာသဝေါ ကင်းရာဖြစ် သည့် အရဟတ္တဖိုလ် ဟူသော ဝိမုတ္တိကို မျက် မှောက် ပြု ၍ နေနိုင်၏။

ရဟန်းတို့၊ ဤတရား ငါးပါးနှင့် ပြည့်စုံသော ထိုရဟန်းသည် ရဟန်း အပေါင်းတို့တွင် စင်စစ် နှုးညံ့သိမ်မွေ့သော ရဟန်းမည်၏။

ရဟန်းတို့၊ 'ရဟန်းအပေါင်း တို့တွင် စင်စစ်နှုးညံ့ သိမ်မွေ့သော ရဟန်းကို'ဟူသောစကားကို ကောင်းစွာပြောဆိုလိုသူသည် ငါ့ကိုသာလျှင် ရည်ညွှန်း၍ ဆိုရာ၏။ ရဟန်း တို့၊ ငါသည် သုံးဆောင်ပါဟု တောင်းပန်အပ်သည်ဖြစ်၍သာလျှင် ဆွမ်းသင်္ကန်းစသောပစ္စည်းလေးပါးကို များစွာ သုံးဆောင်ရ၏။ မတောင်းပန်အပ်ဘဲကား အနည်းငယ်သာ သုံးဆောင်ရ၏။ သီတင်းသုံးဖော်တို့သည် ငါ့ကိုနှစ်သက်ဖွယ် ဖြစ်သော ကံသုံးပါးဖြင့် သာလျှင် များစွာ ပြုမူကြကုန်၏။ ငါ့အား သည်းခြေ၊ သလိပ်စသည် တို့ကြောင့် ဖြစ်သော ဝေဒနာတို့သည် အနည်းငယ်သာ ဖြစ်ကုန်၏။ ငါသည် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေနိုင်ကြောင်း ဖြစ်သော စျာန်တို့ကို အလွယ်တကူရခြင်းရှိ၏။ ငါသည်အာသဝေါတရားကင်းရာ ဖြစ်သည့် အရဟတ္တဖိုလ်ဟူ သော ဝိမုတ္တိကို မျက်မှောက်ပြု၍ နေနိုင်၏ဟု ဟောကြားတော်မူပါသည်။

## ၅။ ဖာသုဝိဟာရသုတ်

### ရဟန်း၏ ချမ်းသာစွာ နေခြင်းငါးမျိုး

၁၀၅။ (၁) မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ သီတင်းသုံးဖော်တို့အပေါ်၌ မေတ္တာနှင့်ယှဉ်သော ကာယကံကိုဖြစ်စေခြင်း၊ (၂)

-မေတ္တာနှင့်ယှဉ်သော ဝစီကံကို ဖြစ်စေခြင်း၊ (၃) ...မေတ္တာနှင့် ယှဉ်သော မနောကံကို ဖြစ်စေခြင်း၊ (၄) မကျိုးမပေါက် မပျောက် မကျားသော သီလတို့ဖြင့် သီတင်းသုံးဖော်တို့နှင့် တူမျှသော သီလရှိသည်ဖြစ်၍ နေခြင်း၊ (၅) မျက်မှောက်၌ ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ ဆင်းရဲမှ ထွက်မြောက်စေနိုင်သည့် မြူစင်သော အယူအားဖြင့် သီတင်း သုံးဖော်တို့နှင့် တူညီသော အယူရှိသည်ဖြစ်၍ နေခြင်းဟူ၍ ရဟန်းတို့၏ ချမ်းသာစွာနေခြင်းတို့သည် ငါးပါးရှိ၏ဟု ဟောကြားပါသည်။

## ၆။ အာနန္ဒသုတ်

ရှင်အာနန္ဒာအား ဟောသော ချမ်းသာစွာ
နေခြင်း ငါးမျိုး

၁၀၆။ 'အရှင်ဘုရား၊ ရဟန်းသည် သံဃာ၌ နေသည့်ရှိသော် အဘယ်မျှသော အကြောင်းဖြင့် ချမ်းသာစွာ နေရပါသနည်း' ဟု ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ ရှင်အာနန္ဒာက ဗုဒ္ဓကို မေးလျှောက်၏၊ ထိုအမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေဆို၏။

''အာနန္ဒာ၊ အကြင်မျှဖြင့် ရဟန်းသည်-

၁။ မိမိကိုယ်တိုင် သီလနှင့်ပြည့်စုံ၏။ သူတစ်ပါးကို အဓိသီလ ကြောင့် မကဲ့ရဲ့တတ်။[၁]

၂။ မိမိကိုယ်ကိုသာ အဖန်ဖန် ရှုလေ့ရှိ၏။ သူတစ်ပါးကို အဖန်ဖန် ရှုလေ့ မရှိ။[၂]

၃။ မထင်ရှားသူ ဖြစ်၏။ ထိုမထင်ရှားခြင်း ကြောင့်လည်း ပူပန်တောင့်တခြင်းသို့ မရောက်။[၃]

၄။ မျက်မှောက်ဘဝ၌ချမ်းသာစွာနေနိုင်ကြောင်းဖြစ်သည့် လေးပါးသော စျာန်တို့ကိုလည်း အလိုရှိတိုင်း ရခြင်းရှိ၏။

---

၁။ အဓိသီလမရှိခြင်းကြောင့် မကဲ့ရဲ့တတ်ဟု ဆိုလိုပါသည်။
၂။ မိမိ၏ အပြုအမူကိုသာ ဆင်ခြင်သုံးသပ်၏၊ သူတစ်ပါးတို့၏ အပြုအမူများကို ဆင်ခြင်သုံးသပ်ခြင်း မပြုဟု ဆိုလိုပါသည်။
၃ ဂုဏ်းဂုဏ်ပါး၍ထင်ရှားကျော်ကြားသူမဟုတ်၊ ထင်ရှား ကျော်ကြားသူ ဖြစ်ရန်လည်း လိုလားတောင့်တခြင်း မရှိဟု ဆိုလိုပါသည်။

(၅) အာသဝေါကင်းရာဖြစ်သော လွတ်မြောက်မှုကိုလည်းမျက်မှောက် ပြု၍နေ၏။

အာနန္ဒာ၊ ဤမျှဖြင့် ရဟန်းသည် သံဃာ၌ နေသည်ရှိသော် ချမ်းသာစွာ နေရ၏။ ဤထက် သာလွန်သော ချမ်းသာခြင်းကား မရှိဟု ဝါဆို၏''

## ၉။ စာတုဒိသသုတ်

အရပ်လေးမျက်နှာ လွတ်လပ်စွာ သွားလာနိုင်ကြောင်း တရားငါးပါး

၁၀၉။ သီလရှိခြင်း၊ ဗဟုသုတရှိခြင်း၊ရသမျှပစ္စည်းလေးပါးဖြင့် ရောင့်ရဲခြင်း၊ ဈာန်လေးပါးကိုရရှိခြင်း၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေနိုင်ခြင်း-ဟူသော တရားငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အရပ်လေးမျက်နှာ၌ အပိတ်အပင် အတားအဆီးမရှိ လွတ်လပ်စွာလှည့်လည်သွားလာနိုင်သူဖြစ်၏ဟု ဟောပါသည်။

## ၁၀။ အရညသုတ်

တောကျောင်း၌ နေသင့်သော ရဟန်း၏ အင်္ဂါပါးပါး

၁၁၀။ သီလရှိခြင်း၊ ဗဟုသုတရှိခြင်း၊ ဈာန်လေးပါးကို ရရှိခြင်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေနိုင်ခြင်း ဟူသော တရားငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အစွန်အဖျားကျသော တောကျောင်းတို့ကိုမှီဝဲခြင်းငှာ သင့်လျော်၏ဟု ဟောကြားပါသည်။

# ၁၂။ အန္ဓကဝိန္ဒဝဂ်

## ၁။ ကုလူပကသုတ်

ရိုသေမြတ်နိုးအပ်သော ကုလူပကရဟန်း၏ အင်္ဂါငါးပါး

၁၁၁။ (၁) မိမိနှင့်အကျွမ်းတဝင် မရှိသူတို့၌ အကျွမ်းတဝင် ပြုတတ်ခြင်း၊ (၂) အစိုးမရဘဲ အစိုးရသကဲ့သို့ စီမံခန့်ခွဲတတ်ခြင်း၊ (၃) စိတ်ဝမ်းကွဲပြား အိမ်မှစွန့်ပစ်ထားသူများထံ ချဉ်းကပ်တတ်ခြင်း၊[၁] (၄)

---

၁။ ဝိသင်္ကေပ သေဝိတိ ဝိသဘာဂါနိ ဘိန္နကုလာနိ လဒ္ဓနတ္တာယ ဥပသင်္ကမတိ-အဋ္ဌကထာ။

နားရင်း၌ကပ်၍ တီးတိုး ပြောတတ်ခြင်း၊ (၅) အလွန်အကျွံ တောင်းလေ့ရှိခြင်း ဟူသော အကျင့်ငါးပါးနှင့် ပြည့်စုံသော ကုလူပကရဟန်းသည် ဒါယကာတို့ အိမ်များ၌ ရှိသော မြတ်နိုးအပ်သူ မဖြစ် ဝိမိနှင့်အကျွမ်းတဝင် မရှိသူတို့၌ အကျွမ်းတဝင် ပြုတတ်ခြင်း စသော အကျင့်ငါးပါးနှင့် ပြည့်စုံသော ကုလူပက ရဟန်းသည်ကား ဒါယကာတို့ အိမ်များ၌ ရှိသော မြတ်နိုးအပ်သူ ဖြစ်၏ဟု ဟောပါသည်။

## ၂။ ပစ္ဆာသမဏသုတ်

နောက်လိုက်ရဟန်း၏ အင်္ဂါငါးပါး

၁၁၂။ (၁) ဆရာနှင့် ဝေးလွန်းစွာဖြစ်စေ၊ နီးလွန်းစွာဖြစ်စေ လိုက်တတ်ခြင်း၊ (၂) ဆရာ၏ ဆွမ်းပြည့်သော သပိတ်ကို လဲလှယ်၍ မယူတတ်သည်၊ (၃) ဆရာက အာပတ်နှင့်နီးစပ်သော စကားကို ပြောလျှင် မတားမြစ်ခြင်း၊ (၄) ဆရာ စကားပြောနေစဉ် ကြားဝင်၍ ပြောတတ်ခြင်း၊ (၅) ပညာနည်း၍ ထုံထိုင်း ဖျင်း အသူမ ခြင်း - ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော နောက်လိုက်ရဟန်းကို မိမိသွားရာသို့ ခေါ်မသွားအပ်။

(၁) ဆရာနှင့် မနီးမဝေးမှ လိုက်တတ်ခြင်း၊ (၂) ဆရာ၏ဆွမ်းပြည့်သော သပိတ်ကို လဲလှယ် ယူတတ်ခြင်း (၃) ဆရာက အာပတ်နှင့် နီးစပ်သောစကားကို ပြောလျှင် တားမြစ်ခြင်း၊ (၄) ဆရာစကားပြောနေစဉ် ကြားဖြတ် မပြောခြင်း၊ (၅) ပညာရှိခြင်း-ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော နောက်လိုက် ရဟန်းကို မိမိသွားရာသို့ ခေါ်သွားအပ်၏ဟု ဟောကြားပါသည်။

## ၅။ အန္ဓကဝိန္ဒသုတ်

ရဟန်းသစ်အား ဆောက်တည်စေသင့်သော တရားငါးပါး

၁၁၄။ မဂဓတိုင်း အန္ဓကဝိန္ဒ တောအုပ်၌ သီတင်းသုံးစဉ် ဗုဒ္ဓမြတ်စွာသည် ရှင်အာနန္ဒာအား အောက်ပါအတိုင်း မိန့်ကြားတော်မူသည်။

---

၁။ ဒါယကာတို့ အိမ်များ၌ အကျွမ်းတဝင် သွားလာလေ့ရှိသော ရဟန်းကို ကုလူပက ရဟန်းဟူ၍ ခေါ်ပါသည်။ (ကုလူပက ကုလ-အိမ်သို့၊ ဥပက-ချဉ်းကပ်တတ်သူ)

"အာနန္ဒာ၊ သင်တို့သည်သာသနာတော်သို့ ရောက်လာစ ဖြစ်သော ရဟန်းသစ်တို့ကို ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းခြင်း၊ ဣန္ဒြေ ခြောက်ပါးတို့ကို လုံခြုံအောင် ထိန်းသိမ်းခြင်း၊ နည်းသောစကားပြော ဆိုမှုဖြစ်ခြင်း၊ တောကျောင်း၌နေခြင်း၊ မှန်သော အမြင် ရှိခြင်းဟူသော တရား ငါးပါးတို့၌ ဆောက်တည်စေရမည်"

## ၅။ မစ္ဆရိနိသုတ်

### ဝန်တိုမှု ငါးမျိုးနှင့် ဘိက္ခုနီ

၁၁၅။ (၁) ကျောင်းအိပ်ရာနေရာ၌ဝန်တိုခြင်း-အာဝါသမစ္ဆရိယ၊ (၂) ဒါယကာ တို့၌ ဝန်တိုခြင်း-ကုလမစ္ဆရိယ၊ (၃) လာဘ်လာဘ၌ ဝန်တိုခြင်း-လာဘမစ္ဆရိယ၊ (၄) ရုပ်ရည် အဆင်း ဂုဏ်သတင်း တို့၌ ဝန်တိုခြင်း-ဝဏ္ဏမစ္ဆရိယ၊ (၅) ပရိယတ်တရား၌ဝန်တိုခြင်း-ဓမ္မမစ္ဆရိယ ဟူသော တရားငါးပါးနှင့် ပြည့်စုံသောဘိက္ခုနီသည် (သေသောအခါ) ယူ၍ ပစ်ချသကဲ့သို့ ငရဲ၌ ဖြစ်ရ၏။ ထိုတရားငါးမျိုးမရှိသော ဘိက္ခုနီ သည် (သေသောအခါ) ယူ၍ ပစ်ချသကဲ့သို့ နတ်ပြည်၌ ဖြစ်ရ၏-ဟု ဟောပါသည်။

## ၁၃။ ဂိလာနဝဂ်

### ၁။ ဂိလာနသုတ်

### အရဟတ္တဖိုလ်ရမည့် ဂိလာနရဟန်း၏ အင်္ဂါငါးပါး

၁၂၁။ အခါတစ်ပါး၌ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည်မဟာဝုန် တော ကူဋာဂါရ ကျောင်းတိုက်၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ညနေချမ်း အချိန်၌တစ်ပါးတည်းကိန်းအောင်းနေရာမှ ထ၍ သူနာဆောင် 'ဂိလာနသာလာ'သို့ ကြွသွားတော်မူသည်။ ဗုဒ္ဓမြတ်စွာ သည် သူနာဆောင်၌ အားနည်းနေသော ဂိလာနရဟန်းတစ်ပါးကိုမြင်၍ ခင်းထားသောနေရာ၌ ထိုင်တော်မူပြီး ရဟန်းတို့အား ဤသို့မိန့်ကြားတော် မူသည်။

"ရဟန်းတို့၊ ကိုယ်၌မတင့်တယ်ဟု ရှုခြင်း၊ အာဟာရ၌ စက်ဆုပ် ဖွယ်ဟု ရှုခြင်း၊ တစ်လောကလုံး၌ မွေ့လျော်ဖွယ်မရှိဟု ရှုခြင်း၊ သင်္ခါရ တရားအားလုံးတို့၌ မမြဲဟု ရှုခြင်း၊ သေခြင်းတရားကို ရှုမှတ်ခြင်းဟူသော

တရားငါးပါးတို့မှ မကောင်းကွာသော ဂိလာနပ္ပဟန်းသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလိမ့်မည်ဟု မြော်သင့်အပ်ပေသည်။ ''

## ၃။ ပထမ ဥပဋ္ဌာကသုတ်

### ပြုစုရန်ခက်ခဲသော သူနာ၏ အင်္ဂါငါးပါး

၁၂၃။ ရောဂါနှင့် မသင့်သော အမှုကိုပြုခြင်း၊ ရောဂါနှင့်သင့်သော အမှု၌ဝ ည်း၊ အတိုင်းအရှည်ကို မသိခြင်း၊ ဆေးဝါးကိုမမှီဝဲခြင်း အကျိုးလိုလားသော သူနာပြုအား ရောဂါအခြေအနေကိုဖွင့်မပြောခြင်း၊ ကိုယ်၌ဖြစ်ပေါ်လာသည့် ကြမ်းတမ်းသောဝေဒနာတို့ကို သည်းမခံခြင်း- ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော သူနာကို ပြုစုရန် ခက်ခဲ၏။

ရောဂါနှင့် သင့်သော အမှုကို ပြုခြင်းစသော အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော သူနာကို ပြုစုရန်လွယ်၏ ဟု ဟောပါသည်။

## ၄။ ဒုတိယ ဥပဋ္ဌာကသုတ်

### သူနာပြုသူ၏ အင်္ဂါငါးပါး

၁၂၄။ ဆေးဝါးကို စီမံဖော်စပ် မပေးတတ်ခြင်း။ ရောဂါနှင့် သင့်မသင့်ကို မသိခြင်း၊ ပစ္စည်းကိုလိုချင်၍ ပြုစုခြင်း၊ ကျင်ကြီးကျင်ငယ် စသည့်တို့ကို ကိုင်တွယ်ရန် စက်ဆုပ်ခြင်း၊ သူနာအား အခါအားလျော်စွာ တရားစကား မပြောတတ်ခြင်း- ဟူသော အင်္ဂါငါးပါးနှင့်ပြည့်စုံသော သူနာပြုသည် သူနာကိုပြုစုရန် မသင့် လျော်။

ဆေးဝါးကို စီမံ ဖော်စပ် ပေးတတ်ခြင်း၊ ရောဂါနှင့်သင့်မသင့်ကို သိခြင်း၊ မေတ္တာစိတ်ဖြင့် ပြုစုခြင်း၊ ကျင်ကြီး ကျင်ငယ် စသည်တို့ကို ကိုင်တွယ်ရန်မစက်ဆုပ်ခြင်း၊ အခါအားလျော်စွာသူနာအား တရားစကား ဟောပြောတတ်ခြင်း--ဟူသောအင်္ဂါငါးပါးနှင့်ပြည့်စုံသော သူနာပြုသည် သူနာကိုပြုစုရန် သင့်လျော်၏-ဟုဟောကြားပါသည်။

## ၅။ ပထမ အနာယုဿသုတ်

### အသက်ကိုဆုတ်စေသော အကြောင်းငါးပါး

၁၂၅။ မသင့်သောအမှုကိုပြုလေ့ရှိခြင်း၊ သင့်သောအမှု၌လည်း အတိုင်းအရှည်ကို မသိခြင်း၊ ကြေကျက်ခဲ့သော အစာကိုစားလေ့ရှိခြင်း၊

အချိန်မဲ့ အခါမဲ့၌ သွားလာတတ်ခြင်း၊ မေထုန်အကျင့်ကို မှီဝဲလေ့ရှိခြင်း ဟူသော အကြောင်းငါးပါးတို့သည် အသက်ကို တိုစေတတ်ကုန်၏။

သင့်သောအမှုကို ပြုလေ့ရှိခြင်း၊ သင့်သော အမှု၌ သည်း အတိုင်း အရှည်ကို သိခြင်း၊ ကြေကျက် လွယ်သော အစာကို စားလေ့ရှိခြင်း၊ အချိန်အခါ အားလျော်စွာ သွားလာတတ်ခြင်း၊ မေထုန်အကျင့်မှ ရှောင်ခြင်း ဟူသော အကြောင်းငါးပါးတို့သည် အသက်ကို ရှည်စေနိုင်ကုန်၏ ဟု ဟောကြားပါသည်။

## ၈။ သမဏသုခသုတ်

### ရဟန်းချမ်းသာငါးပါး

၁၂၈။ ရသေမျှ ပစ္စည်းလေးပါးဖြင့် မရောင့်ရဲခြင်း၊ မမွေ့လျော်ဘဲ အကျင့်မြတ်ကိုကျင့်နေရခြင်းတို့သည်ရဟန်း၏ ဆင်းရဲခြင်းငါးပါးဖြစ်၏။ ရသမျှပစ္စည်းလေးပါးဖြင့် ရောင့်ရဲခြင်း၊ မွေ့လျော်စွာအကျင့်မြတ်ကိုကျင့် နေရခြင်းတို့သည် ရဟန်း၏ ချမ်းသာငါးပါး ဖြစ်၏ဟု ဟောပါသည်။

## ၉။ ပရိကုပ္ပသုတ်

### ကုစား၍ မရသည့်ဖောက်ပြန် ပျက်စီးမှုငါးမျိုး

၁၂၉။ အမိကိုသတ်ခြင်း၊ အဖကိုသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးတွက်စေခြင်း၊ သံဃာ သင်းခွဲခြင်း ဟူသော ဤအပြစ် ငါးမျိုးသည် ကုစား၍မရသော အပါယ် ငရဲသို့ ရောက်စေနိုင်သော ဖောက်ပြန် ပျက်စီးမှုများ ဖြစ်၏ဟု ဟော ကြားပါသည်။

## ၁၀။ ဗျသနသုတ်

### ပျက်စီးခြင်းငါးပါး

၁၃၀။ ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း၊ အနာရောဂါ ကြောင့် ကျန်းမာမှု ပျက်စီးခြင်း၊ သီလပျက်စီးခြင်း၊ အယူပျက်စီးခြင်း ဟူ၍ ပျက်စီးခြင်း ငါးမျိုးရှိသည်။

ဆွေမျိုးပြည့်စုံခြင်း၊ စည်းစိမ် ပြည့်စုံခြင်း၊ ကျန်းမာမှု ပြည့်စုံခြင်း၊ သီလပြည့်စုံခြင်း၊ အယူပြည့်စုံခြင်း ဟူ၍ ပြည့်စုံခြင်း ငါးပါးရှိသည်။

---

၁။ အနာယုသာတိ အာယုပစ္ဆေဒနာန အာယုဝဍ္ဍနာ-အဋ္ဌကထာ။

ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ် ပျက်စီးခြင်း၊ ကျန်းမာမှု ပျက်စီးခြင်း တို့ကြောင့် အပါယ်ငရဲသို့ မရောက်။ သီလပျက်စီးခြင်း၊ အယူ ပျက်စီးခြင်း တို့ကြောင့်သာ အပါယ်ငရဲသို့ ရောက်သည်။

ဆွေမျိုးပြည့်စုံခြင်း၊ စည်းစိမ်ပြည့်စုံခြင်း၊ ကျန်းမာမှု ပြည့်စုံခြင်း တို့ကြောင့် နတ်ပြည်သို့ မရောက်။ သီလ ပြည့်စုံခြင်း၊ အယူပြည့်စုံခြင်း တို့ကြောင့်သာ နတ်ပြည်သို့ ရောက်၏ဟု ဟောကြားပါသည်။

## ၁၄၊ ရာဇဝဂ်

### ၁။ ပထမ စက္ကာနုဝတ္တနသုတ်

မင်္ဂလာစက်ကို လည်စေနိုင်ကြောင်း အင်္ဂါငါးပါး

၁၃၁။ အကျိုး စီးပွားကို သိခြင်း၊ အစဉ်အလာကို သိခြင်း၊ ပြစ်ဒဏ်ခတ်မှုစသည်တို့၌ အတိုင်းအဆကို သိခြင်း၊ အချိန်အခါကိုသိခြင်း၊ ပရိသတ်ကိုသိခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသောစကြဝတေးမင်းသည် လူသားဖြစ်သော ရန်သူတစ်စုံတစ်ယောက်ကမျှ မတားဆီးမနှောင့်ယှက်နိုင်သည့် စကြာရတနာကို တရားသဖြင့်သာလျှင် လည်စေ၏။

ထို့အတူပင်အကျိုးစီးပွားကို သိခြင်း၊ သစ္စာလေးပါးအမှန်တရားကိုသိခြင်း၊ ပစ္စည်းလေးပါးကိုယူသုံးဆောင်မှု၌ အတိုင်းအဆကိုသိခြင်း၊ အချိန်အခါကို သိခြင်း၊ ပရိသတ်ကို သိခြင်း ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားသည် လောကဝ၌ မည်သူမျှ တားဆီးနှောင့်ယှက်ခြင်း မပြုနိုင်သည့် အမြတ်ဆုံး ဖြစ်သော မင်္ဂလာစက်ကို လည်စေတော်မူ၏ဟု ဟောကြားပါသည်။

(လူ့နတ်ပြဟ္မာ သတ္တဝါတို့အား သစ္စာ လေးပါးကို ထိုးထွင်းသိမြင်စေလျက် ကြီးကျယ်သော ထောင်သောင်းမက များပြားလှစွာဖြစ်ပေါ်သော တရားဒေသနာတော်ကို "ဓမ္မစက္က-ဓမ္မစကြာ" ဟု ဆိုသည် ဟူ၍ ရှိကာ၌ ဖွင့်ပါသည်။)

### ၂။ ဒုတိယ စက္ကာနုဝတ္တနသုတ်

မင်္ဂလာစက်ကို အတုလိုက်၍ လည်စေနိုင်ကြောင်း အင်္ဂါငါးပါး

၁၃၂။ အကျိုးစီးပွားကို သိမြင်ခြင်း စသည့် အင်္ဂါငါးပါးနှင့် ပြည့်စုံသော စကြဝတေးမင်း၏ သားတော်ကြီးသည် ခမည်းတော် လည်

စေခဲ့သော စကြာရတနာကို တရားသဖြင့်သာလျှင် အတုလိုက်၍လည်စေ သကဲ့သို့၊ ထို့အတူ အကျိုးစီးပွားကို သိမြင်ခြင်းစသည် အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားလည်စေအပ်သောဓမ္မစကြာကို ကောင်းစွာသာလျှင် အတုလိုက်၍ လည်စေ၏ဟု ဟောကြားပါသည်။

## ၃။ ဓမ္မရာဇသုတ်

### တရားမင်း၏ စောင့်ရှောက်မှုငါးမျိုး

၁၃၃။ လောကဦ၌တရားစောင့်သောမင်းမြတ်ဖြစ်သည့်စကြာဝတေးမင်းသည် တရားကိုသာလျှင် အမှီပြု၍ နန်းတွင်းသူနန်းတွင်းသားအပေါင်း ဘိသိက်ခံသော မင်းနှင့်ဘိသိက်မခံသော မင်းငယ်အပေါင်း၊ စစ်သည်ဗိုလ်ပါအပေါင်း၊ နိဂုံး ဇနပုဒ်သား ပုဏ္ဏားသူကြွယ်အပေါင်း၊ ရဟန်းပုဏ္ဏားနှင့် သားငှက်အပေါင်းတို့ အပေါ်၌ တရားနှင့်လျော်သော စောင့်ရှောက်ကာကွယ်မှုကို စီစဉ် ဆောင်ရွက်၏။ ထိုမြင် လူသားဖြစ်သော မည်သည့် ရန်သူကမျှ တားဆီးနှောင့်ယှက်ခြင်း မပြုနိုင်သည့် စကြာရတနာကို တရားသဖြင့်သာ လည်စေ၏။

ထို့အတူ တရားမင်းဖြစ်သော မြတ်စွာဘုရားသည်လည်း တရားကိုသာအမှီပြု၍ "ဤသို့သော ကာယကံကို မှီဝဲအပ်၏။ ဤကဲ့သို့သော ကာယကံကို မမှီဝဲအပ်၊ ဤကဲ့သို့သော ဝစီကံ၊ မနောကံ အသက်မွေးမှု၊ ရွာနိဂုံးကို မှီဝဲအပ်၏၊ ဤသို့သော ရွာ နိဂုံးကိုမမှီဝဲအပ်" ဟူ၍ ဘိက္ခု၊ ဘိက္ခုနီ ဥပါသကာ၊ ဥပါသိကာတို့ အပေါ်၌ တရားနှင့်လျော်သော စောင့်ရှောက်ကာကွယ်မှုကို စီမံ ဆောင်ရွက်တော်မူ၏။ ထို့နောက် [illegible] မည်သူမျှ တားဆီးနှောင့်ယှက်ခြင်း [illegible] မပြန်စေနိုင်သော ဓမ္မစကြာကို [illegible] တရားသဖြင့်သာလျှင် လည်စေတော်မူ၏ဟု ဟောကြားပါသည်။

## ၅။ ပထမ ပတ္တနာသုတ်

### အာသဝေါကုန်ရန် တောင့်တနိုင်သော ရဟန်း၏ အင်္ဂါငါးပါး

၁၃၅။ စကြာသိမ်မင်း၊ အမျိုးဇာတ်ရှိခြင်း၊ [illegible] ကြည်ညိုဖွယ်သော ရုပ်အဆင်းရှိခြင်း၊ မိဘနှစ်ပါး ချစ်မြတ်နိုး ဖြစ်ခြင်း၊ ပြည်သူပြည်သားတို့ ချစ်မြတ်နိုးဖြစ်ခြင်း၊ မင်းသားတို့တတ်အပ်သော အတတ်ပညာကိုတတ်ကျွမ်းခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော မဘိသိက်ခံ ပြည့်ရှင်မင်း၏သားကြီးသည်မင်းအဖြစ်သို့ရောက်ရန် မျှော်လင့်တောင့်တနိုင်သည်၊

ထို အတူပင် သဒ္ဓါရှိခြင်း၊ အနာရောဂါ နည်းခြင်း၊ ရိုးသားပွင့်လင်းခြင်း၊ ဝီရိယရှိခြင်း ခန္ဓာငါးပါးတို့၏ဖြစ်ပျက်မှုကို သိမြင်သောပညာရှိခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အာသဝေါတရားများ ကုန်ခန်းခြင်းသို့ရောက်ရန် မျှော်လင့် တောင့်တနိုင်သည် ဟု ဟောပါသည်။

## ၇။ အပ္ပသုပတိသုတ်

### အအိပ်နည်းသူ ငါးယောက်

၁၃၇။ (၁) မိန်းသည် ယောကျာ်း၌ အလိုရှိသည်ဖြစ်၍ ညအချိန်၌ အနည်းငယ်သာအိပ်၏။ များစွာနိုးကြား၏။

(၂) ယောကျာ်းသည် မိန်းမ၌ အလိုရှိသည်ဖြစ်၍ ညအချိန်၌ အနည်းငယ်သာအိပ်၏။ များစွာနိုးကြား၏။

(၃) ခိုးသူသည် ခိုးယူရေး၌အလိုရှိသည်ဖြစ်၍ ညအချိန်၌အနည်းငယ်သာအိပ်၏။ များစွာနိုးကြား၏။

(၄) မင်းသည် တိုင်းရေးပြည်ရေးကိစ္စ၌ အားထုတ်သည်ဖြစ်၍ညအချိန်၌ အနည်းငယ်သာအိပ်၏။ များစွာနိုးကြား၏။

(၅) ရဟန်းသည် ကိလေသာကင်းကွာရေး၌ အလိုရှိသည်ဖြစ်၍ ညအချိန်၌ အနည်းငယ်သာအိပ်၏။ များစွာနိုးကြား၏ဟု ဟောပါသည်။

## ၈။ အက္ခမသုတ်

### အာရုံငါးပါးကို သည်းမခံနိုင်သော ရဟန်း

၁၃၈။ စစ်မြေပြင်၌ ရန်သူစစ်တပ်ကိုမြင်လျှင် နောက်ဆုတ်ခြင်း၊ ရန်သူစစ်တပ်၏ အသံကို ကြားလျှင် နောက်ဆုတ်ခြင်း၊ ရန်သူဆင်တို့၏ ကျော်ကြီးကျော်ငယ်နံ့ကိုနံလျှင် နောက်ဆုတ်ခြင်း၊ စစ်မြေပြင်၌ ၄-၅ရက်မျှ အစာပြတ်လျှင် နောက်ဆုတ်ခြင်း၊ ရန်သူ၏မြား ၄-၅ချက်မျှထိမှန်လျှင် နောက်ဆုတ်ခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသောဆင်သည် မင်း၏ စီးတော်ဆင် ဖြစ်ခြင်းငှာမထိုက်။

ထို့အတူ တပ်မက်ဖွယ် ရူပါရုံစသော အာရုံငါးပါးနှင့် တွေ့ကြုံသည့်အခါ စိတ်ကိုမထိန်း နိုင်ဘဲ တပ်မက်သော ရဟန်းသည် မြတ်သော လူဒါန်းပူဇော်မှုကို ခံခြင်းငှာ မထိုက်တန်ပေဟု ဟောကြားပါသည်။

## ၁၀။ သောတသုတ်

### နာခံတတ်ခြင်းစသည် အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရဟန်း

၁၄၀။ (၁)စစ်မြေပြင်၌ ဆင်ဦးစီး အမိန့်ကို နာခံခြင်း၊ (၂) ရန်သူစစ်တပ်ကို တိုက်ခိုက်သတ်ဖြတ်ခြင်း၊ (၃) စစ်မြေပြင်၌ မိမိ၏ခြေ လက်ဦးခေါင်းစသော ကိုယ်အင်္ဂါတို့ကိုမထိခိုက်အောင်စောင့်ရှောက်ကာကွယ်ခြင်း၊ (၄)စစ်မြေပြင်၌ရန်သူစစ်တပ်၏ ပစ်ခတ်သံ ခရုသင်းစည်မောင်း တီးခတ်သံတို့ကို သည်းခံနိုင်ခြင်း၊ (၅) စစ်မြေပြင်၌ ဆင်ဦးစီးခိုင်းရာ အရပ်သို့ လျင်မြန်စွာသွားခြင်းဟူသောအင်္ဂါငါးပါးနှင့်ပြည့်စုံသော မင်း၏ဆင်သည် မင်းနှင့်ထိုက်တန်၏။ ထို့အတူ-

(၁) မြတ်စွာဘုရား၏ တရားကို ရိုသေစွာနာယူခြင်း၊ (၂)ဖြစ်ပေါ်လာသော အကုသိုလ်ဝိတက်တို့ကို ဖျောက်ပယ်ခြင်း၊ (၃)အာရုံငါးပါးနှင့်တွေ့ကြုံသည့်အခါ အဘိဇ္ဈာဗျာပါဒစသော အကုသိုလ်တရားများဖြစ်မလာအောင်မျက်စိနားစသော ဣန္ဒြေခြောက်ပါးကို စောင့်ထိန်းခြင်း (၄) အအေး၊ အပူ စသော သဘာဝဒဏ်၊ ကြမ်းတမ်းသော စကားကြမ်းတမ်းသော ဝေဒနာပြုကိုသည်းခံခြင်း၊ (၅)ရှည်လျားလှစွာသော သံသရာ ခရီး၌ တစ်ကြိမ်တစ်ခါမျှမရောက်ဖူးသေးသည့်သင်္ခါရ အားလုံးငြိမ်းအေးရာ နိဗ္ဗာန်သို့ (အာရုံပြုသောအားဖြင့်)လျင်မြန်စွာသွားရောက်ခြင်းဟူသော အင်္ဂါငါးပါးနှင့်ပြည့်စုံသောရဟန်းသည်မြတ်သောအလှူကိုခံထိုက်၏ဟု ဟောကြားပါသည်။

# ၁၅။ တိကဏ္ဍကီဝဂ်

## ၁။ အဝဇာနာတိသုတ်

### မထိမဲ့မြင်ပြုတတ်သူ စသော ပုဂ္ဂိုလ်ငါးမျိုး

၁၄၁ (၁)နိုပ်စွည်းပေးပြီးမထိမဲ့မြင်ပြုတတ်သူ၊ (၂)နှစ်နှစ်သုံးနှစ်အတူနေပြီးမထိမဲ့မြင်ပြုတတ်သူ၊ (၃) အခြားသူ၏ဂုဏ်ကိုပြောဆိုရာ၌ အပြစ်ကိုဖြစ်စေ ပြောလျှင်လွယ်ကူစွာယုံကြည်တတ်သူ (၄) ယုံကြည်မြတ်နိုးမှုနည်းပါး၍ ပေါ့ပေါ့တန်တန်နိုင်လွန်းသူ (၅) အသိဉာဏ်ခေါင်းပါး၍ အကောင်းအဆိုးကို ခွဲခြားမသိသူဟူ၍ လောက၌ ပုဂ္ဂိုလ် ငါးမျိုးရှိ၏ဟု ဟောကြားပါသည်။

## ၃။ သာရန္ဒဒသုတ်
### လောက၌ ရှားသော ရတနာငါးပါး

၁၄၃။ အခါတစ်ပါး၌ဗုဒ္ဓမြတ်စွာသည်ဝေသာလီပြည် မဟာဝုန် တောကူဋာဂါရကျောင်း၌သီတင်းသုံးနေတော်မူ၏။ ထိုအခါ သာရန္ဒဒစေတီ၌ စည်းဝေးနေကြသော လိစ္ဆဝီမင်းသား ငါးရာတို့အား "လောက၌ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိန်းမရတနာ၊ သူကြွယ်ရတနာ ဟူသော ရတနာငါးပါးတို့ဖြစ်ပေါ်လာရန် ခက်ခဲလှပေ၏" ဟူ၍စကား ဖြစ်ပေါ်လာသည်။

လိစ္ဆဝီမင်းသားတို့သည်ဗုဒ္ဓမြတ်စွာကြွလာသည်ကိုမြင်လျှင်မိမိတို့ထံ လာ၍ အကြောင်းကြားရန် မင်းချင်းလုလင် တစ်ယောက်ကို လမ်းမ၌ တာဝန်ချထားကြသည်။ ထိုမင်းချင်းလုလင်သည်ဗုဒ္ဓမြတ်စွာ ဆွမ်းခံကြွလာသည်ကို အဝေးမှလှမ်း၍မြင်သောအခါ လိစ္ဆဝီမင်းသားတို့ထံအမြန်သွား၍ အကြောင်းကြားသည်။ လိစ္ဆဝီမင်းသားတို့သည်ဗုဒ္ဓ မြတ်စွာကိုသာရန္ဒဒ စေတီသို့ ပင့်ဆောင်ခဲ့ကြသည်။

"မင်းတို့၊ သင်တို့သည် အသယ်သို့သောစကားဖြင့် စည်းဝေး နေကြသနည်း"

ဗုဒ္ဓက ဤသို့မေးသောအခါ လိစ္ဆဝီမင်းသားတို့က ရတနာငါးပါး အကြောင်းကို ပြောဆိုနေကြခြင်း ဖြစ်ကြောင်းလျှောက်ကြားကြသည်။ ထိုအခါ ဗုဒ္ဓက အောက်ပါစကားကိုမိန့်ကြားတော်မူသည်—

"မင်းသားတို့၊ ကာမဂုဏ်၌ စိတ်ဝင်စားသောသင်တို့အားကာမ ဂုဏ်တို့၏ အကြောင်းပြု၍သာလျှင် စကားသည်ဖြစ်ပေါ်ခဲ့၏။ မင်းသား တို့၊ လောက၌—

(၁) ပူဇော်အထူးကို ခံထိုက်ပြီး သိမြင်ဖွယ် မှန်သမျှကို ကိုယ် တိုင်မန်စွာ သိမြင်တော်မူသော မြတ်စွာဘုရား၏ဖြစ်ပေါ် လာခြင်းကို ရခဲ၏။

(၂) မြတ်စွာဘုရားဟောကြားသော ဓမ္မဝိနယကိုသာ်ဆင်ပြန်၍ ဟောကြားတတ်သော ပုဂ္ဂိုလ်ကို ရခဲ၏။

---

၁။ ကာမဂုဏ်မုတ္တာနန္တ ဝတ္ထုကာမ ကိုလေသာကာမသာ အဓိပ္ပာယ်—အဋ္ဌကထာ၊ ကာမဂုဏ်ဟူသည်မှာ ငါးနှစ်မြုပ်သွားနေကြသော ဟုလည်းပြန်နိုင်ပါ သည်။

(၃) မြတ်စွာဘုရား၏ ဓမ္မဝိနယကို ဟော ပြ လျှင် သိမြင်နားလည်လာ ပုဂ္ဂိုလ်ကို ရခဲ၏။

(၄) မြတ်စွာဘုရား၏ ဓမ္မဝိနယကိုသိမြင်နားလည်သည့်အတိုင်း ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်ကို ရခဲ၏။

(၅) သူတစ်ပါးပြုဖူးသောကျေးဇူးကိုသိ၍၊ ထ ူး ပြု၍ သိတတ်သော ပုဂ္ဂိုလ်ကို ရခဲ၏၊

မင်းသားတို့၊ ဤငါးပါးသော ရတနာတို့ ဖြစ်ပေါ်လာခြင်းကို လောက၌ ရခဲလှပေ၏။" ...

## ၄။ တိကဏ္ဍကိသုတ်

ရဟန်းတို့၏ နေခြင်းငါးပါး ၁

၁၄၄။ ဗုဒ္ဓမြတ်စွာသည် သာကေတမြို့ တိကဏ္ဍက တောအုပ်၌ သီတင်းသုံးစဉ် ရဟန်းတို့အား အောက်ပါအတိုင်း ဟောကြားတော်မူသည်။

"ရဟန်းတို့၊ရဟန်းသည် ရုံဖန်ရံခါ စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၌ စက်ဆုပ်ဖွယ်ဟုအမှတ်ရှိသည်ဖြစ်၍နေရာ၏ ၁ ထိုသို့နေသောရဟန်းအား တပ်မက်ဖွယ်အာရုံ၌ တပ်မက်မှုရာဂသည် ဖြစ်မည်မဟုတ်။ (၁)

ရဟန်းသည် ရံဖန်ရံခါ စက်ဆုပ်ဖွယ်ဖြစ်သော အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ နေရာ၏၊ ၂ ထိုသို့နေသော ရဟန်းအား စိတ်ဆိုးဖွယ်အာရုံ၌စိတ်ဆိုးခြင်း ဒေါသသည် ဖြစ်မည်မဟုတ်။ (၂)

ရဟန်းသည် ရုံဖန်ရံခါ စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၊ စက်ဆုပ်ဖွယ်ဖြစ်သော အာရုံ နှစ်ပါးစုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိသည် ဖြစ်၍ နေရာ၏။ထိုသို့နေသောရဟန်းအား တပ်မက်ဖွယ် အာရုံ၌လည်း တပ်မက်မှု ဖြစ်မည်မဟုတ်၊ စိတ်ဆိုးဖွယ်အာရုံ၌လည်း စိတ်ဆိုးမှု ဖြစ်မည်မဟုတ်။ (၃)

ရဟန်းသည် ရံဖန်ရံခါ စက်ဆုပ်ဖွယ်ဖြစ်သောအာရုံ၊ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံနှစ်ပါးစုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍

---

၁။ နှစ်သက်ဖွယ်ဣဋ္ဌာရုံ၌ အသုဘရှုခြင်း၊ အနိစ္စဟုရှုခြင်း သည် စက်ဆုပ်ဖွယ် မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်ဟု ရှုခြင်းမည်၏။

၂။ နှစ်သက်ဖွယ်မဟုတ်သော အနိဋ္ဌာရုံ၌မေတ္တာပွားခြင်း ၊ ဓာတ်သဘောကို ဆင်ခြင်၍ ဓာတုကမ္မဋ္ဌာန်းကို ပွားခြင်းသည် စက်ဆုပ်ဖွယ် အာရုံ၌ စက်ဆုပ်ဖွယ် မဟုတ်ဟု ရှုခြင်းမည်၏။

နေရာ၏၊ ထိုသို့နေသောရဟန်းအား စိတ်ဆိုးဖွယ် အာရုံ၌လည်းစိတ်ဆိုးမှု ဖြစ်မည်မဟုတ်၊ ကပ်ငြိဖွယ် အာရုံ၌လည်း တပ်မက်မှုဖြစ်မည်မဟုတ်။(၄) ရဟန်းသည် ရံဖန်ရံခါ နှိပ်စက်တတ်သော အာရုံတို့၌ စက်ဆုပ်ဖွယ် ဖြစ်၏၊ စက်ဆုပ်ဖွယ် ဟုတ် မဟုတ်သော အမှတ်သညာတို့ကို ပယ်ရှား၍ လျစ်လျူရှုလျက် သတိသမ္ပဇဉ်ရှိလျက် နေရာ၏။ ထိုသို့နေသော ရဟန်းအား၊ တစ်စုံတစ်ခုသော အာရုံ၌ တပ်မက်မှု၊ စိတ်ဆိုးမှု၊ တွေဝေမှုသည် အနည်းငယ်မျှပင် ဖြစ်တော့မည်မဟုတ်”

## ၆။ မိတ္တသုတ်

### မိတ်ဆွေဖွဲ့သင့်သော ရဟန်း၏အင်္ဂါငါးပါး

၁၄၆။ လေးလံသော အလုပ်ကိုအလုပ်ခိုင်းခြင်း၊ အဓိကရုဏ်းကို ဖြစ်စေခြင်း၊ အကြီးအကဲဖြစ်သော ရဟန်းတို့အပေါ်၌ ဆန့်ကျင်ဘက် ပြုလုပ်ခြင်း၊ အချိန် မကန့်သတ်ရှိ လှည့်လည်ခြင်း၊ အခါအားလျော်စွာ တရားစကား မပြော မပြသခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို မိတ်ဆွေအဖြစ် မမှီဝဲအပ်၊

လေးလံသော အလုပ်ကို အလုပ် မခိုင်းခြင်း၊ အကြီးအကဲ ဖြစ်သော ရဟန်းတို့အပေါ်၌ ဆန့်ကျင်ဘက် မပြုလုပ်ခြင်းစသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကိုသာ မိတ်ဆွေအဖြစ် မှီဝဲအပ်၏ဟု ဟောကြားပါသည်။

## ၇။ အသပ္ပုရိသ ဒါနသုတ်

### မသူတော်တို့ ပေးလှူခြင်းငါးပါး

၁၄၇။ မရိုသေဘဲ ပေးလှူခြင်း၊ မြတ်နိုးသော စိတ်မရှိဘဲ ပေးလှူခြင်း၊[1] ကိုယ်တိုင်လက်ဖြင့် မပေးလှူခြင်း၊ ပြတ်တောင်း ပြတ်တောင်း ပေးလှူခြင်း၊ အကျိုးရလိမ့်မည်ဟု မယုံကြည်ဘဲ ပေးလှူခြင်း ဟူသော ပေးလှူခြင်း ငါးပါးတို့သည် မသူတော် (သူတော်ကောင်း မဟုတ်သူ) တို့၏ ပေးလှူခြင်းဖြစ်၏။

---

၁။ အစိတ္တီကတွာ ဒေတီတိ အစိတ္တီကာရေန အဂါရဝေန ဒေတိ—အဋ္ဌကထာ။

ရှိသေစွာ ပေးလှူခြင်း[၁]၊ မြတ်နိုးသော စိတ်ရှိလျက် ပေးလှူခြင်း[၂]၊ ကိုယ်တိုင်ကိုယ်ကျ ပေးလှူခြင်း၊ စဉ်ဆက်မပြတ် ပေးလှူခြင်း၊ အကျိုးရလိမ့်မည်ဟု ယုံကြည်လျက် ပေးလှူခြင်း တို့သည် သူတော်ကောင်းတို့၏ ပေးလှူခြင်း ငါးပါးဖြစ်၏ဟု ဟောကြားပါသည်။

## ၈။ သပ္ပုရိသဒါနသုတ်

### သူတော်ကောင်းတို့၏ ပေးလှူခြင်းငါးပါး

၁၄၈။ ယုံကြည်စွာ ပေးလှူခြင်း၊ ရိုသေစွာ ပေးလှူခြင်း၊ လျောက်ပတ်သော အခါ၌ ပေးလှူခြင်း၊ ပစ္စည်း၌ မကပ်ငြိသော စိတ်ဖြင့် ပေးလှူခြင်း၊ မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ မထိခိုက်စေမူ၍ ပေးလှူခြင်း ဟူ၍ သူတော်ကောင်းတို့၏ ပေးလှူခြင်း ငါးပါး ရှိသည်။ ထိုငါးပါးတို့တွင်-

(၁) ယုံကြည်စွာ ပေးလှူသူသည် ထိုဒါန အကျိုးပေးရာ ဘဝတိုင်း၌ ချမ်းသာကြွယ်ဝသူ ဖြစ်ရ၏။ ရုပ်အဆင်းလည်း လှပ၏။

(၂) ရိုသေစွာ ပေးလှူသူသည် ထိုဒါန၏ အကျိုးပေးရာ ဘဝတိုင်း၌ ချမ်းသာကြွယ်ဝသူ ဖြစ်ရ၏။ သားမယား၊ ကျေးကျွန်၊ အလုပ်သမားတို့ကလည်း သူ့စကားကို နာခံတတ်ကြသည်။

(၃) လျောက်ပတ်သော အခါ၌ ပေးလှူသူသည် ထိုဒါနအကျိုးပေးရာ ဘဝတိုင်း၌ ချမ်းသာကြွယ်ဝသူ ဖြစ်ရ၏။ များစွာသော အကျိုးစီးပွားတို့သည် လိုအပ်သောအခါ၌ သူ့ထံရောက်လာ တတ်ကြသည်။

(၄) ပစ္စည်း၌ မကပ်ငြိသော စိတ်ဖြင့် ပေးလှူသူသည် ထိုဒါန အကျိုးပေးရာ ဘဝတိုင်း၌ ချမ်းသာကြွယ်ဝသူ ဖြစ်ရ၏။ ထိုသူ၏စိတ်သည်လည်း ကောင်းမွန်သော ကာမဂုဏ်တို့၌ ခံစားရန် တိမ်းညွတ်၏။

(၅) မိမိကိုယ်ကို ဖြစ်စေ၊ သူတစ်ပါးကို ဖြစ်စေ မထိခိုက်စေမူ၍ ပေးလှူသူသည် ထိုဒါန အကျိုးပေးရာ ဘဝတိုင်း၌ ချမ်းသာကြွယ်ဝသူ ဖြစ်ရ၏။ မီး၊ ရေ၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်အပ်သော အမွေခံဟူသော

---

၁။ လှူဖွယ်ပစ္စည်းကို သန့်သန့်ရှင်းရှင်း ပြုလုပ်၍ ပေးလှူသူသည် 'သက္ကစ္စ ဒေတိ ရိုသေစွာ ပေးလှူသည်' မည်၏။

၂။ အလှူခံပုဂ္ဂိုလ်၌ ရိုသေမြတ်နိုးသော စိတ်ထားဖြင့် ပေးလှူခြင်းဟု ဆိုလိုပါသည်။

**အကြောင်းတို့ကြောင့် ထိုသူအား စည်းစိမ်ဥစ္စာ ပျက်စီးခြင်း မဖြစ်ဟု ဟောကြားပါသည်။**

## ၉။ ပဌမ သမယဝိမုတ္တသုတ်

### သမယဝိမုတ္တပုဂ္ဂိုလ်၏ ဆုတ်ယုတ်ကြောင်းငါးပါး

၁၄၉။ အမှုသစ်၌ မွေ့လျော်ခြင်း၊ စကားပြောမှု၌ မွေ့လျော်ခြင်း၊ အိပ်စက်မှု၌ မွေ့လျော်ခြင်း၊ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ ကိုလေသာတို့မှ လွတ်မြောက်ခဲ့၊ လွတ်မြောက်ခဲ့သော စိတ်ကို မဆင်ခြင်ခြင်း ဟူသော ဤကရား ငါးပါးတို့သည် အခိုက်အတန့်၊ အခိုက်အတန့်အားဖြင့်သာ ကိလေသာတို့မှ လွတ်မြောက်ခြင်း ရှိသော 'သမယဝိမုတ္တ' ပုဂ္ဂိုလ်အား [၁] ဆုတ်ယုတ်မှုကို ဖြစ်စေကုန်၏။

အမှုသစ်၌ မမွေ့လျော်ခြင်း စသော တရားငါးပါး တို့သည်ကား သမယဝိမုတ္တ ပုဂ္ဂိုလ်အား တိုးတက်မှုကို ဖြစ်စေကုန်၏ဟု ဟောကြားပါသည်။

## ၁၆။ သဒ္ဓမ္မဝဂ်

### ၁။ ပဌမ သမ္မတ္တနိယာမသုတ်

#### သမ္မတ္တနိယာမသို့ မရောက်ထိုက်သူ၏ အင်္ဂါငါးပါး

၁၅၁။ ဟောကြားသောတရားကို မထီမဲ့မြင်ပြုခြင်း၊ တရားဟောပုဂ္ဂိုလ်ကို မမဲ့ထိမြင်ပြုခြင်း၊ မိမိကိုယ်ကို မထီမဲ့မြင်ပြုခြင်း၊ [၂] ပျံ့လွင့်သော စိတ်၊ မတည်ငြိမ်သော စိတ်ရှိသည် ဖြစ်၍ တရားကိုနာခြင်း၊ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းဟူသောတရားငါးပါးနှင့်ပြည့်စုံသူသည်သူတော်ကောင်း တရားကို ကြားနာရသော်လည်း ကုသိုလ်တရားတို့၌ မဖောက်မပြန် မှန်ကန်သော သဘောရှိသော 'သမ္မတ္တနိယာမ' သို့ [၃] သက်ဝင်ခြင်းငှာ မထိုက်။

---

၁။ ဈာန်ဝင်စားဆဲ ခဏ၌သာ ဈာန်ဖြင့် ပယ်ခွာအပ်သော ကိလေသာတို့မှ လွတ်မြောက်သူကို 'သမယဝိမုတ္တပုဂ္ဂိုလ်' ဟု ဆိုပါသည်။

၂။ 'ဒီတရားကိုတော့ ငါသိမှာ မဟုတ်ပါဘူး' ဟု မှတ်ထင်ခြင်းသည် မိမိကိုယ်ကို မထီမဲ့မြင် ပြုခြင်း (အထင်သေးခြင်း) ဖြစ်ပါသည်။

၃။ မဖောက်မပြန် မှန်ကန်သော သဘောရှိသော 'သမ္မတ္တနိယာမ' ဟူသည် အရိယမဂ်ပင် ဖြစ်ပါသည်။

ဟောကြားသော တရားကို မထိမဲ့မြင် မပြုခြင်း စသော တရား ငါးပါးနှင့် ပြည့်စုံသူသည်ကား သမ္မတ္တနိယာမသို့ သက်ဝင်ခြင်းငှာထိုက်၏ ဟု ဟောကြားပါသည်။

## ၄။ သဒ္ဓမ္မသမ္မောသသုတ်

သူတော်ကောင်းတရား ပျောက်ကွယ်ကြောင်းငါးပါး

၁၅၄။ တရားကို ရိုသေစွာ မနာခြင်း၊ ရိုသေစွာ မသင်ယူခြင်း၊ ရိုသေစွာ ဆောင်မထားခြင်း၊ ဆောင်ထားသောတရား၏အနက်သဘောကို ရိုသေစွာ စူးစမ်းဆင်ခြင်မှု မပြုခြင်း၊ တရား၏ အနက်သဘောကို သိပြီးသော်လည်း တရားနှင့်လျော်သော အကျင့်ကို ရိုသေစွာ မကျင့်ခြင်း ဟူသော အကြောင်း ငါးပါးတို့သည် သူတော်ကောင်းတရားကို ပျောက်ကွယ် စေကုန်၏။

တရားကို ရိုသေစွာ နာခြင်း စသော အကြောင်းငါးပါး တို့သည် သူတော်ကောင်းတရားကို တည်တံ့စေကုန်၏ဟု ဟောကြားပါသည်။

၁၅၅။ ဒုတိယ သမ္မောသသုတ်၌— တရားကို မသင်ယူခြင်း၊ နာကြား သင်ယူထားသော တရားကို သူတစ်ပါးတို့အား အကျယ်တဝင့် မဟောပြောခြင်း၊ အကျယ်တဝင့် မပို့ချခြင်း၊ အကျယ်တဝင့် မရွတ်ဖတ်ခြင်း၊ ထပ်ကာလဲလဲ ဆင်ခြင်သုံးသပ်မှု မပြုခြင်း ဟူသော အကြောင်း ငါးပါးတို့သည် သူတော်ကောင်းတရားကို ပျောက်ကွယ်စေကုန်၏။

တရားကို သင်ယူခြင်း စသော အကြောင်းငါးပါး တို့သည်ကား သူတော်ကောင်း တရားကို တည်တံ့စေကုန်၏ဟု ဟောကြားပါသည်။

၁၅၆။ တတိယ သမ္မောသသုတ်၌— မကောင်းသဖြင့် သင်ယူထားသော သုတ္တန်ကို[၁] မကောင်းသဖြင့် မှတ်သားထားသော ပုဒ်ဗျည်းတို့ဖြင့်[၂] သင်ယူခြင်း၊ ရဟန်းတို့သည် ဆိုဆုံးမခက်သူများ၊ သည်းမခံသူများ ဖြစ်ကြခြင်း၊ သုတ် ဝိနည်း အဘိဓမ္မာကိုဆောင်ထားသော ရဟန်းတို့က သူတစ်ပါးတို့အား တရားကို ရိုသေစွာ မပို့ချကြခြင်း၊ မထေရ်ကြီး ရဟန်းတို့သည် ပေါ့လျော့သောအကျင့်သီလရှိ၍ လာဘ်လာဘပေါများရန်သာအားထုတ်

---

၁။ လွဲမှားသော ပုဒ်ဝါကျတို့ဖြင့် ဖြစ်စေ၊ ရှေ့နောက် မမှန်သော အစီအစဉ်ဖြင့် ဖြစ်စေ သင်ယူထားသော သုတ္တန်သည် မကောင်းသဖြင့် သင်ယူထားသော သုတ္တန်မည်၏။

၂။ သဒ္ဒါနည်း မမှန်သော၊ အစီအစဉ်မမှန်သော ပုဒ်ဗျည်း တို့ဖြင့်ဟု ဆိုလိုပါသည်။

နေကြပြီးမထေရ်ကြီးတို့၏ တပည့်များကလည်း မထေရ်ကြီးများလမ်းစဉ် သို့သာလိုက်နေကြခြင်း၊ သံဃာဂိုဏ်းကွဲခြင်း ဟူသော အကြောင်းငါးပါး တို့သည် သူတော်ကောင်း တရားကို ပျောက်ကွယ်စေကုန်၏။

ကောင်းစွာ သင်ယူထားသော သုတ္တန်ကို ကောင်းစွာ မှတ်သား ထားသော ပုဒ်ဗျည်းတို့ဖြင့် သင်ယူကြခြင်း၊ ရဟန်းတို့သည်ဆိုဆုံးမလွယ်၍ သည်းခံတတ်သူများ ဖြစ်ကြခြင်း၊ သုတ်ဝိနည်း အဘိဓမ္မာကိုဆောင်ထား သော ရဟန်းတို့က သူတစ်ပါးတို့အား တရားကို ရိုသေစွာ ပို့ချကြခြင်း၊ မထေရ်ကြီး ရဟန်းတို့သည် လာဘ်လာဘ ပေါများရန် အားမထုတ်၊ ပေါ့လျော့သော အကျင့်သီလ မရှိကုန်သည် ဖြစ်၍ တပည့်တို့ကလည်း မထေရ်ကြီးများလမ်းစဉ်သို့သာ လိုက်နေကြခြင်း၊ သံဃာစည်းလုံးညီညွတ် ခြင်း ဟူသော အကြောင်း ငါးပါးတို့သည် သူတော်ကောင်း တရားကို တည်တံ့စေကုန်၏ဟု ဟောကြားပါသည်။

## ၇။ ဒုက္ကထာသုတ်

မကောင်းသော စကားငါးမျိုး

၁၅၇။ (၁) သဒ္ဓါ မရှိသူအား သဒ္ဓါနှင့် စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

(၂) သီလ မရှိသူအား သီလနှင့် စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

(၃) သုတမရှိသူအား သုတနှင့်စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

(၄) ဝန်တိုမှုနှင့် 'မစ္ဆရိယ' အားကြီးသူအား စွန့်ကြဲမှု 'စာဂ' နှင့်စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

(၅) ပညာ မရှိသူအား ပညာနှင့်စပ်သော စကားသည် မကောင်းသော စကားဖြစ်၏။

ဤစကား ငါးမျိုးတို့သည် ပုဂ္ဂိုလ် အမျိုး အစားကို ယှဉ်၍ မကောင်းသော စကား ဖြစ်ကြရသည်။

သဒ္ဓါရှိသူအား သဒ္ဓါနှင့်စပ်သော စကားသည် ကောင်းသော စကားဖြစ်၏....ပညာရှိသူအားပညာနှင့်စပ်သောစကားသည်ကောင်းသော စကားဖြစ်၏။ ဤစကားငါးမျိုးတို့သည် ပုဂ္ဂိုလ်အမျိုးအစားကိုထောက်၍ ကောင်းသောစကားများ ဖြစ်ကုန်၏ဟု ဟောကြားပါသည်။

## ၉။ ဥဒါယီသုတ်

တရားဟောသူများ နှလုံးသွင်းရမည့် အချက်ငါးပါး

၁၅၉။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ဗုဒ္ဓ မြတ်စွာ သီတင်းသုံးစဉ် ရှင်ဥဒါယီသည် လူပရိသတ် များစွာအား တရားဟော နေ၏၊ ရှင်အာနန္ဒာက ဗုဒ္ဓမြတ်စွာထံချဉ်းကပ်၍ ရှင်ဥဒါယီ တရားဟော ကြား နေကြောင်း လျှောက်ကြားသည်။ ထိုအခါ ဗုဒ္ဓက အောက်ပါ စကားကို မိန့်ကြားတော်မူသည်။

"အာနန္ဒာ၊ သူတစ်ပါးတို့အားတရားဟောလိုသူသည် (၁)အစဉ် အတိုင်းဖြစ်သော တရားကိုဟောအံ့၊ (၂) အကျိုးအကြောင်း ပြလျက် တရားကိုဟောအံ့၊(၃) ကြင်နာသနားခြင်းကို အကြောင်းပြု၍ တရားကို ဟောအံ့၊ (၄) လူ့ဖွယ်ပစ္စည်း ရရှိရေးကို မငဲ့ဘဲ တရားကို ဟောအံ့၊ (၅)မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ မထိခိုက်စေဘဲတရားကိုဟောအံ့၊ ဟူ၍ ဤငါးပါးသော တရားတို့ကို မိမိသန္တာန်၌ တည်စေ၍ တရားကို ဟောအပ်၏"

## ၁၀။ ဒုပ္ပဋိဝိနောဒယသုတ်

ဖြေဖျောက်နိုင်ခဲသော အရာငါးပါး

၁၆၀။ စွဲလက်မှုရာဂ၊ စိတ်ဆိုးမှု ဒေါသ၊ တွေဝေမှု မောဟ၊ ဥာဏ်၌ထင်မြင်လာမှု ပဋိဘာန[၁]၊ ခရီးသွားလိုသောစိတ်-ဟူသော ဤအရာ ငါးပါးတို့သည် ဖြစ်ပေါ်လာလျှင် ရုတ်တရက် ဖြေဖျောက်ရန် မလွယ်။ သင့်လျော်သော ဆင်ခြင် နှလုံးသွင်းမှု၊ သန်သင် ဆုံးမမှုတို့ဖြင့် သာလျှင် ဖြေဖျောက်နိုင်သည်ဟု ဟောကြားပါသည်။

---

၁။ ပဋိဘာနန္တိ ကထေတု ကာမတာ ဝုစ္စတိ ဟု အဋ္ဌကထာ၌ဖွင့်ပါသည်။ စကားပြောလိုခြင်းဟုအဓိပ္ပာယ်ရသည်။ မိမိစိတ်ကူးဥာဏ်၌ ရုတ်တရက် ပေါ်လာသော အကြောင်းအရာကို ထုတ်ဖော်ပြောလိုခြင်းပင် ဖြစ်ပါ သည်။

# ၁၇။ အာဃာတဝဂ်

## ၁။ ပထမ အာဃာတ ဝိနယသုတ်

### ရန်ငြိုးဖြေနည်း ငါးပါး

၁၆၁။ ရန်ငြိုးဖွဲ့မှု 'အာဃာတ' ဖြစ်ပေါ်ရာ ပုဂ္ဂိုလ် အပေါ်၌ မေတ္တာကိုပွားရမည်။ ကရုဏာကို ပွားရမည်။ ဥပေက္ခာကို ပွားရမည်။ သတိမပြုနှလုံးမသွင်းဘဲ နေရမည်။ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိကြောင်းကို ဆင်ခြင်ရမည်။ ဤငါးပါးသောအကြောင်းတို့ဖြင့် ရန်ငြိုးဖွဲ့မှု အာဃာတ ကို ဖြေဖျောက်ရမည်ဟု ဟောပါသည်။

## ၂။ ဒုတိယ အာဃာတ ဝိနယသုတ်

### ရှင်သာရိပုတ္တရာ၏ ရန်ငြိုးဖြေနည်း ငါးပါး

၁၆၂။ ရှင်သာရိပုတ္တရာက ရဟန်းတို့အား ငါးပါးသောနည်းတို့ဖြင့် ရန်ငြိုးကို ဖြေဖျောက်ရမည်ဟု ဟောကြားပါသည်။ ငါးပါးသော နည်းတို့ကား—

၁။ ပံ့သကူ ခုတင်ဆောင်သော ရဟန်းသည် လမ်း၌ အဝတ်ပိုင်းကို တွေ့လျှင် ဘယ်ခြေဖြင့် နင်းပြီး ညာခြေဖြင့် ဖြန့်ကာ ခိုင်ခန့်ကောင်းမွန်သော အဝတ်ပိုင်းကို ဆုတ်ယူသကဲ့သို့ ထို့အတူ မစင်ကြယ်သော ကိုယ်အကျင့်နှင့် စင်ကြယ်သော နှုတ်အကျင့်ရှိသူ၌ ကိုယ်အကျင့် မစင်ကြယ်မှုဟူ နှလုံးမသွင်းဘဲ နှုတ်အကျင့် စင်ကြယ်မှုကိုသာ နှလုံးသွင်းအပ်၏။

၂။ နွေသည်၏ အပူဒဏ်ကြောင့် ခရီးပန်း၍ အလွန်ဆာလောင် မွတ်သိပ်လာသော ခရီးသွားသည် ရေမှော် ရေညှိတို့ဖြင့် ဖုံးနေသော ရေကန်ကို တွေ့လျှင် ရေမှော် ရေညှိတို့ကို လက်ဖြင့် ဖယ်ရှား၍ ရေကို လက်ခုပ်ဖြင့် ခပ်သောက်သကဲ့သို့၊ ထို့အတူ မစင်ကြယ်သော နှုတ်အကျင့်နှင့် စင်ကြယ်သော ကိုယ်အကျင့် ရှိသူ၌ နှုတ်အကျင့် မစင်ကြယ်မှုကို နှလုံးမသွင်းဘဲ ကိုယ်အကျင့် စင်ကြယ်မှုကိုသာ နှလုံးသွင်းအပ်၏။

၃။ နွေသည်၏ အပူဒဏ်ကြောင့် ခရီးပန်း၍ အလွန် ဆာလောင် မွတ်သိပ်လာသော ခရီးသွားသည် နွားခြေရာကွက်၌ အနည်းငယ်သော

---

၁။ မိမိအာဃာတ ရှိနေသူအပေါ်၌ မုဒိတာပွားရန် မလွယ်သောကြောင့် 'မုဒိတာ ပွားရမည်'ဟု မဟောခြင်း ဖြစ်ပါသည်။

ရေကိုတွေ့လျှင် ခွာင်ငယ်၊ လက်ခုပ်တို့ဖြင့် ခပ်ယူမနေတော့ဘဲ၊ နွားကဲ့သို့ လေးဘက်ထောက်ဝပ်၍ သောက်သကဲ့သို့၊ ထို့အတူ ကိုယ် နှုတ် နှစ်ပါးစုံ အားဖြင့် မစင်ကြယ်သော အကျင့်ရှိစေကာမူ ရံဖန်ရံခါ သမထဝိပဿနာ စိတ် ဖြစ်ပေါ်ရန် အခွင့်အလမ်း နှင့် စိတ်ကြည်လင်မှုရရှိသော ပုဂ္ဂိုလ်၌ ကိုယ်နှုတ် မစင်ကြယ်မှုကို နှလုံးမသွင်းဘဲ သမထဝိပဿနာစိတ်ဖြစ်ပေါ် မှုနှင့် စိတ်ကြည်လင်မှု ရနိုင်ခြင်းကိုသာ နှလုံးသွင်းအပ်၏။

၄။ ခရီးသွားတစ်ယောက်သည်လမ်းခရီးအကြား၌အားကိုးရာမဲ့ ဖြစ်နေသည့် လူနာတစ်ယောက်ကို တွေ့မြင်လျှင် သနားကြင်နာမှုကို ဖြစ်စေသကဲ့သို့၊ ထို့အတူ ကိုယ်နှုတ်စင်ကြယ်မှုလည်းမရှိ၊သမထဝိပဿနာ စိတ်ဖြစ်ပေါ်ခွင့်နှင့် စိတ်ကြည်လင်မှုရခြင်းလည်းမရှိသောပုဂ္ဂိုလ်၌ လည်း သေလျှင်အပါယ်ငရဲသို့မရောက်စေရန် သနားကြင်နာမှုကိုဖြစ်စေအပ်၏။

။၅။ နွေလ၌ အပူဒဏ်ကြောင့် ခရီးပန်း၍ အလွန်ဆာလောင် မွတ်သိပ်နေသော ခရီး သွားသည် ကြည်လင်သောရေရှိ၍ စိမ်းစိုသော သစ်ပင်တို့ဖြင့် ခြံရံနေသော ရေကန်ကိုတွေ့လျှင် ယင်းရေကန်၌ ရေလည်း ချိုး၊ ရေလည်းသောက်ပြီး သစ်ပင်ရိပ်၌ ထိုင်လိုထိုင်၊ အိပ်လိုလျှင်လည်း အိပ်နေရာ သကဲ့သို့၊ထို့အတူ ကိုယ်နှုတ်နှစ်ပါးစုံအားဖြင့်စင်ကြယ်သော အကျင့်ရှိပြီး ရံဖန်ရံခါ သမထဝိပဿနာစိတ် ဖြစ်ပေါ်ခွင့်နှင့်စိတ်ကြည် လင်မှုလည်းရရှိသော ပုဂ္ဂိုလ်၌ကိုယ်နှုတ်စင်ကြယ်မှုကိုလည်းနှလုံးသွင်း အပ်၏။ သမထဝိပဿနာစိတ်ဖြစ်ပေါ်ခွင့်နှင့်စိတ်ကြည်လင်မှုရရှိခြင်း ကိုလည်း နှလုံးသွင်းအပ်၏။

ဤသို့လျှင် ငါးပါးသော နည်းတို့ဖြင့် ရန်ငြိုးကို ဖြေဖျောက် အပ်၏-ဟု ဟောကြားပါသည်။

## ၇။ ပဉှပုစ္ဆာသုတ်

### ပြဿနာမေးခြင်း၏ အကြောင်းငါးပါး

၁၆၇။ ပြဿနာမေးခြင်းသည် ပညာနုန့်သူ တွေဝေသူဖြစ်၍ မေးခြင်း၊ယုတ်မာသောအလိုဆိုးရှိသည်ဖြစ်၍ မေးခြင်း၊ ကဲ့ရဲ့ရှုတ်ချလို၍ မေးခြင်း၊ တကယ်သိလို၍ မေးခြင်း၊ အမေးခံရသူကမဖြေနိုင်လျှင် မိမိ ကပင်ဖြေမည် ဟူသောရည်ရွယ်ချက်ဖြင့် မေးခြင်း-ဟူ၍ငါးမျိုးရှိ၏ ဟု ရှင်သာရိပုတ္တရာက ရဟန်းတို့အား ဟောကြားပါသည်။

## ၆။ နိရောဓသုတ်

### နိရောဓ သမာပတ် ဝင်စားခြင်းနှင့် မထေရ်ကြီးအင်္ဂါငါးပါး

၁၆၆။ ရှင်သာရိပုတ္တရာက ရဟန်းတို့အား ဤသို့မိန့်ကြားသည်–

ငါ့ရှင်တို့၊ သီလ အမာဓိ၊ ပညာနှင့်ပြည့်စုံသောရဟန်းသည်သညာ ဝေဒနာတို့ ချုပ်ငြိမ်းရာ နိရောဓသမာပတ်ကို ဝင်စားနိုင်ဖွယ် ဧကြောင်း ရှိ၏။ ထိုရဟန်းသည် မျက်မှောက်ဘဝ၌ အရဟတ္တဖိုလ်သို့မရောက်ခဲ့သော် ကဗဠီကာရအာဟာရလျှင်[1] အစာရှိသောနတ်အဖြစ်ကို လွန်၍စျာန်စိတ်ဖြင့် ပြီးသော ဘုံတစ်ခုခုသို့ရောက်ကာ နိရောဓသမာပတ်ကို ဝင်စားနိုင်ဖွယ် အကြောင်းရှိ၏။''

ရှင်သာရိပုတ္တရာ၏ မိန့်ကြားချက်ကို မဖြစ်နိုင်ပါဟု သုံးကြိမ်တိုင် အောင် ရှင်ဥဒါယီက ကန့်ကွက်သည်။ ထို့ကြောင့် ရှင်သာရိပုတ္တရာသည် ဗုဒ္ဓမြတ်စွာအနီးသို့သွား၍ အထက်ပါစကားကို မိန့်ကြားပြန်သည်။ ထိုအခါ၌လည်း ရှင်ဥဒါယီကကန့်ကွက်ပြန်သည်။ ထို့ဖြစ်၍ ရှင်သာရိပုတ္တရာသည် ဆိတ်ဆိတ်နေလေ၏။

ထိုအခါဗုဒ္ဓက ရှင်ဥဒါယီကို ''အဘယ်ဘုံကိုစျာန်စိတ်ဖြင့် ပြီးသော ဘုံဟုသင်ထင်သနည်း'' ဟုမေးတော်မူသည်။ ''ရုပ်မရှိဘဲသညာဖြင့်ပြီးသော ဗြဟ္မာတို့ကို[2] 'စျာန်စိတ်ဖြင့်ပြီးသော ဘုံဟုတပည့်တော်ယူဆပါသည်'' ဟူ၍ ရှင်ဥဒါယီကဖြေသည်။ ဗုဒ္ဓသည် ''သင်လိုမိုက်မဲသူ၏စကားဖြင့် အကျိုးမရှိ'' ဟု ရှင်ဥဒါယီကိုကြိမ်းမောင်းတော်မူပြီးရှင်အာနန္ဒာအားလည်း ''မထေရ် ကြီးတစ်ပါး ညှဉ်းဆဲခြင်းခံနေရသည်ကိုသင်တို့လျစ်လျူ ရှုရက်ကြပေသည်'' ဟု အပြစ် ဆိုတော်မူသည်။

ထို့နောက်ဗုဒ္ဓသည် ရှင်သာရိပုတ္တရာ၏ စကားမှန်ကန်ကြောင်း ထောက်ခံမိန့်ကြားပြီး ကျောင်းခန်းထဲသို့ ဝင်ကြွသွားတော်မူသည်။ ရှင် အာနန္ဒာသည် ဗုဒ္ဓ၏ အပြစ်ဆိုမှုကြောင့်ဆိတ်လန့်ကာ ထိုအကြောင်းနှင့် စပ်၍ ဗုဒ္ဓက တစ်စုံတစ်ရာ ထပ်မံမိန့်ကြားခဲ့သော် တုံ့ပြန်မှုပြုရန် ရှင်ဥပ

---

၁။ ကဗဠီကာရအာဟာရလျှင်အစာရှိသောနတ်ဟူသည်က မာဝစာရနတ် ဘုံခြောက်ထပ်မှ နတ်များကို ဆိုလိုပါသည်။

၂။ ရှင်သာရိပုတ္တရာက သုဒ္ဓါဝါသ ဗြဟ္မာတို့တို့ကို စျာန်စိတ်ဖြင့် ပြီးသော ဘုံဟုဆိုသည်၊ ရှင်ဥဒါယီကမူ အရူပဗြဟ္မာဘုံဟုယူဆသည်။

ဝါဏကိုတောင်းပန်လေသည် ဗုဒ္ဓမြတ်စွာသည်ညနေချမ်းအချိန်၌တစ်ပါး တည်းကိန်းအောင်ရာမှ ထလာပြီး "အဘယ်မျှသော အင်္ဂါတို့နှင့် ပြည့်စုံသောမထေရ်ကြီးသည်သီတင်းသုံးဖော်တို့ ချစ်မြတ်နိုးအပ်သူဖြစ်သနည်း" ဟုရှင်ဥပဝါဏကိုမေးတော်မူသည်။ သီလရှိခြင်း၊ အကြားအမြင်များခြင်း၊ ကောင်းသောနှုတ်ထွက်စကားရှိခြင်း၊ ဈာန်လေးပါးကိုရခြင်း၊ အာသဝေါကုန်ခန်းရာ အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော မထေရ်ကြီးသည် သီတင်းသုံးဖော်တို့ ချစ်မြတ်နိုးအပ်သူဖြစ်ပါသည်"ဟုရှင်ဥပဝါဏက ဖြေကြားရာ ဗုဒ္ဓက ကျေနပ်စွာလက်ခံတော်မူလေသည်။

## ၇။ စောဒနာသုတ်

### စောဒက ရဟန်း၏ အင်္ဂါ ငါးပါး

၁၆၇။ အခါတစ်ပါး၌ ရှင်သာရိပုတ္တရာသည် ရဟန်းတို့အား အောက်ပါအတိုင်း မိန့်ကြားတော်မူသည်–

"ငါ့ရှင်တို့၊ တစ်ပါးသောရဟန်းကို စောဒနာလိုသော စောဒကရဟန်းသည်[၁] ဆိုသင့်သောအခါ၌ဆိုအံ့၊ မဆိုသင့်သောအခါ၌ မဆိုအံ့။ ဟုတ်မှန်သောအကြောင်းဖြင့်ဆိုအံ့၊ မဟုတ်မှန်သောအကြောင်းဖြင့်မဆိုအံ့၊ သိမ်မွေ့သောစကားဖြင့် ဆိုအံ့။ ကြမ်းတမ်းသော စကားဖြင့် မဆိုအံ့။ အကျိုးရှိသော စကားဖြင့်ဆိုအံ့။ အကျိုးမရှိသော စကားဖြင့် မဆိုအံ့။ မေတ္တာစိတ်ဖြင့်ဆိုအံ့။ ဒေါသစိတ်ဖြင့် မဆိုအံ့" ဟူ၍ဤတရားငါးပါးတို့ကို မိမိသန္တာန်၌ တည်စေ၍ တစ်ပါးသော ရဟန်းကို စောဒနာအပ်၏။

ငါ့ရှင်တို့၊ မတရားသဖြင့် စောဒနာခံရသောရဟန်းကိုအခါမဟုတ်သည်၌ စောဒနာခံရခြင်းစသောအကြောင်းငါးပါးဖြင့်စိတ်သက်သာမှုကို ဖြစ်စေအပ်၏။ မတရားသဖြင့် စောဒနာသော ရဟန်းကိုလည်း အခါမဟုတ်သည်၌ စောဒနာခြင်းစသော အကြောင်းငါးပါးတို့ဖြင့် စိတ်နှလုံးမသာယာမှု(နောင်တရမှု)ကို ဖြစ်စေအပ်၏။

ငါ့ရှင်တို့၊ တရားသဖြင့်စောဒနာခံရသောရဟန်းကိုလည်းစောဒနာသင့်သောအခါ၌ စောဒနာခံရခြင်းစသော အကြောင်းငါးပါးဖြင့်နှလုံး

---

၁။ စောဒနာ=ပြစ်တင်မှုတစ်ခုခုဖြင့် စွဲချက်တင်ခြင်း၊
စောဒက–စွဲချက်တင်သူ (တရားလို)

မသာယာမှုကိုဖြစ်စေအပ်၏၊တရားသဖြင့် စောဒနာသော ရဟန်းကိုလည်း စောဒနာသင့်သောအခါ၌ စောဒနာခြင်းစသော အကြောင်းငါးပါးဖြင့် စိတ်သာယာမှုကို ဖြစ်စေအပ်၏။

ငါ့ရှင်တို့၊စုဒိတကပုဂ္ဂိုလ်သည်[၁]မှန်ကန်ခြင်းနှင့်အမျက်မထွက်ခြင်း ဟူသော တရားနှစ်ပါး၌တည်ရာ၏။ "တစ်ပါးသော သူတို့သည် ငါ့ကို စောဒနာသင့်သောအခါ၌လည်း စောဒနာကြရာ၏။မစောဒနာ သင့်သော အခါ၌လည်း စောဒနာကြရာ၏....မေတ္တာစိတ်ဖြင့်လည်းစောဒနာကြရာ၏၊ ဒေါသစိတ်ဖြင့်လည်း စောဒနာကြရာ၏။ ငါသည်ကား မှန်ကန်ခြင်းနှင့် အမျက်မထွက်ခြင်းဟူသောတရားနှစ်ပါး၌သာ ရပ်တည်အံ့။ အပြစ်ရှိ၏ ဟုသိလျှင် ရှိ၏ဟု ပြောအံ့ မရှိဟုသိလျှင် မရှိဟု ပြောအံ့" ဟူ၍ နှလုံး သွင်းအပ်၏။

ရှင်သာရိပုတ္တရာက ရဟန်းတို့အား အားပေးစကား မြွက်ကြား တော်မူသည်-

"သာရိပုတ္တရာ၊ သဒ္ဓါတရားမရှိဘဲ ရဟန်းဘောင်လာသူ၊အကျင့် သိက္ခာ၌လေးစားမှုမရှိသူ ပညာမရှိသူတို့သည်သူတို့ဘာသာ လူတို့ ရှိကြပါစေ၊ သဒ္ဓါတရားဖြင့်ရဟန်းဘောင်သို့ဝင်လာသော၊အကျင့်သိက္ခာ၌ လေးစားသော ပညာရှိသော အမျိုးကောင်းသားတို့ကိုမူ သင်သည်သွန်သင်ဆုံးမပါလော့၊ သင်သည်သီတင်းသုံးဖော်တို့ကိုမသူတော်တရားမှထစေ၍ သူတော်ကောင်း တရား၌ တည်ပါစေလော့"

## ၉။ ခိပ္ပနိသန္တသုတ်

လျင်မြန်စွာ မှတ်သားနိုင်သော ရဟန်း၏အင်္ဂါငါးပါး

၁၆၉။ "အရှင်သာရိပုတ္တရာ၊ ရဟန်းသည် အဘယ်မျှဖြင့်ကုသိုလ် တရားတို့၌ လျင်မြန်စွာ သိနိုင်သူ၊ ကောင်းစွာလည်း သင်ယူနိုင်သူ၊ များစွာလည်း သင်ယူနိုင်သူ၊သင်ကြားပြီးသည်ကိုလည်း မမေ့ပျောက်သူ ဖြစ်ပါသနည်း"

---

၁။ စုဒိတက အပြစ်ဖြင့်စွပ်စွဲခံရသူ၊ အမှုသည် (တရားခံ)
၂။ ခိပ္ပံ နိသာမယတိ ဥပဓာရေတီတိ ခိပ္ပနိသန္တိ-အဋ္ဌကထာ။

ဤသို့ မေးလျှောက်သော ရှင်အာနန္ဒာအား ရှင်သာရိပုတ္တရာက အောက်ပါအတိုင်း ပြန်၍ မိန့်ကြားတော်မူသည်။

'' အို အရှင်အာနန္ဒာ၊ အရှင်သည် များသော အကြားအမြင်ရှိသူ ဖြစ်ပါသည်။ အရှင်သည်ပင် ထိုအကြောင်းကို ဟောကြားပါလော''

'' အရှင်သာရိပုတ္တရာ၊ အနက်၊ ပါဠိ၊ သဒ္ဒါ၊ ဗျည်း၊ အက္ခရာ၊ ရှေ့နောက် အစီအစဉ်ဟူသော ဤငါးပါးတို့၌ ကျွမ်းကျင်လိမ္မာခြင်းဖြင့် ရဟန်းသည် ကုသိုလ်တရား၌ လျင်မြန်စွာ မှတ်သားနိုင်သူ....သင်ယူပြီးသည်ကိုလည်း မမေ့ပျောက်သူ ဖြစ်ပါသည်။''

ရှင်အာနန္ဒာက ဤသို့ ဖြေကြားသောအခါ ရှင်သာရိပုတ္တရာကလည်း ထောက်ခံချီးကျူးတော်မူလေသည်။

## ၁၀။ ဘဒ္ဒဇိသုတ်

### အမြတ်ဆုံးဖြစ်သော အရာငါးပါး

၁၇၀။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ရှင်အာနန္ဒာသီတင်း သုံးနေစဉ် ရှင်ဘဒ္ဒဇိသည် ရှင်အာနန္ဒာထံ ရောက်လာသည်။ ထိုအခါ ရှင်အာနန္ဒာက ရှင်ဘဒ္ဒဇိအား ဤသို့မေး၏။

''ငါ့ရှင်၊ ဘဒ္ဒဇိ၊ မြင်ရခြင်းတို့တွင် အဘယ်မြင်ရခြင်းသည် အမြတ်ဆုံးဖြစ်သနည်း။ ကြားရခြင်းတို့တွင် အဘယ်ကြားရခြင်းသည် အမြတ်ဆုံး ဖြစ်သနည်း။ ချမ်းသာခြင်းတို့တွင် အဘယ်ချမ်းသာခြင်းသည် အမြတ်ဆုံး ဖြစ်သနည်း။ သညာတို့တွင် အဘယ်သညာသည် အမြတ်ဆုံးဖြစ်သနည်း။ ဘဝတို့တွင် အဘယ်ဘဝသည် အမြတ်ဆုံးဖြစ်ပါသနည်း''

''ငါ့ရှင်အာနန္ဒာ၊ သတ္တဝါအားလုံးကို လွှမ်းမိုးနိုင်သည့် ဗြဟ္မာကြီးကို မြင်ရခြင်းသည် မြင်ရခြင်းတို့တွင် အမြတ်ဆုံး၏။ အာဘဿရ ဗြဟ္မာတို့မြွက်ဆိုသည့် 'ချမ်းသာပေစွ၊ ချမ်းသာပေစွ' ဟူသော ဥဒါန်း စကားကိုကြားရခြင်းသည် ကြားရခြင်းတို့တွင် အမြတ်ဆုံးဖြစ်၏၊ သုဘကိဏှာဗြဟ္မာတို့ခံစားရသောချမ်းသာသည်ချမ်းသာခြင်းတို့တွင်အမြတ်ဆုံး ဖြစ်၏။ အာကိဉ္စညာယတနဗြဟ္မာတို့၏ သညာသည် သညာတို့တွင်အမြတ်ဆုံး ဖြစ်၏။ နေဝသညာ နာသညာ ယတနဗြဟ္မာတို့၏ ဘဝသည်ဘဝတို့တွင် အမြတ်ဆုံးဖြစ်၏။''

ရှင်ဘဒ္ဒဇိက ထိုသို့ပြောသောအခါရှင်အာနန္ဒာက "အရှင် ဘဒ္ဒဇိ၏ အပြောသည် လူအများ၏အလိုနှင့် ညီညွတ်ပါပေ၏" ဟု ပြောဆိုသည်။ ထို့နောက် "ရှင်အာနန္ဒာသည် များသော အကြား၊အမြင် ရှိသူဖြစ်ပါ သည်။အရှင်၏အယူအဆကိုလည်းမိန့်ကြားပါဦး" ဟုရှင်ဘဒ္ဒဇိက တောင်း ပန်သဖြင့် ရှင်အာနန္ဒာက အောက်ပါအတိုင်းမိန့်ကြားသည်။

"ငါ့ရှင်ဘဒ္ဒဇိ၊ အကြင်မြင်ခြင်း၏ အခြားမဲ့၌ အာသဝေါကုန် ခန်းခြင်းသည်ဖြစ်၏။[၁] ဤမြင်ခြင်းသည်မြင်ခြင်းတို့တွင်အမြတ်ဆုံးဖြစ်၏။

အကြင်ကြားခြင်း၏ အခြားမဲ့၌ အာသဝေါကုန်ခန်းခြင်း သည်ဖြစ်၏။ဤကြားခြင်းသည် ကြားခြင်းတို့တွင် အမြတ်ဆုံးဖြစ်၏။

အကြင်ချမ်းသာခြင်းရှိသူအားအခြားမဲ့၌အာသဝေါကုန်ခန်းခြင်း သည်ဖြစ်၏။[၂]ဤချမ်းသာခြင်းသည်ချမ်းသာခြင်းတို့တွင်အမြတ်ဆုံးဖြစ်၏။

အကြင်သညာရှိသူအားအခြားမဲ့၌အာသဝေါ ကုန်ခန်းခြင်းသည် ဖြစ်၏။ ဤသညာသည်သညာတို့တွင် အမြတ်ဆုံးဖြစ်၏။

အကြင်ဘဝ၌ တည်သူအား အခြားမဲ့၌အာသဝေါကုန်ခန်းခြင်း သည် ဖြစ်၏။[၃] ဤဘဝသည်ဘဝတို့တွင်အမြတ်ဆုံးဖြစ်၏။"

## ၄။ ဝေရသုတ်

### ဘေးရန်ငါးပါးငြိမ်းသူ

၁၇၄။ ဗုဒ္ဓမြတ်စွာက အနာထပိဏ် သေဌေးအား အောက်ပါ အတိုင်း ဟောကြားတော်မူသည်။

"သူကြွယ်၊ သူ့အသက်သတ်ခြင်း၊ စသောဘေးရန် ငါးပါးကို မပယ်သူသည်ဒုဿီလမည်၏။ထိုသူသည်ငရဲသို့လည်းရောက်၏။သူ့အသက် သတ်ခြင်း စသောဘေးရန်ငါးပါးကို ပယ်သူသည်သီလရှိသူ မည်၏။ထို သူသည် နတ်ပြည်သို့လည်းရောက်၏။

---

၁။ ရူပါရုံ တစ်ခုခုကို မြင်ပြီးနောက် ဝိပဿနာပွား၍ အရဟတ္တဖိုလ်သို့ ရောက်၏ ဟုဆိုလိုပါသည်။ကြားခြင်း၌လည်းနည်းတူမှတ်ပါ။

၂။ အရဟတ္တမဂ်နှင့် ယှဉ်သောချမ်းသာကို ရည်ရွယ်သည်။ သညာ၌လည်း နည်းတူပင်။

၃။ ဤ၌ အရဟတ္တမဂ်ခဏ၌ တည်သောခန္ဓာငါးပါးကို 'ဘဝ' ဟု ဆို ပါသည်။

သူကြွယ်၊ သူ့အသက်ကို သတ်သူသည် တိုသူ့ အသက်သတ်မှု ဟူသော အကြောင်းကြောင့် မျက်မှောက်ဘဝ၌လည်း ဘေးရန်ကိုပွားစေ၏။ တမလွန်၌လည်း ဘေးရန်ကို ပွားစေ၏။ စိတ်ဆင်းရဲမှု၊ စိတ်နှလုံး မသာယာမှုကိုလည်း ခံစားရ၏။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်သူသည် ထား မျက်မှောက် ဘဝ၌လည်း ဘေးရန်ကို မပွားစေ၊ တမလွန်၌လည်း ဘေးရန်ကို မပွားစေ၊ စိတ်ဆင်းရဲမှု၊ စိတ်နှလုံး မသာယာမှုကိုလည်း မခံစားရ။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်သူအား ဤသို့လျှင် ဘေးရန်သည် ငြိမ်းအေး၏။

သူကြွယ်၊ သူ့ဥစ္စာကို ခိုးယူသူသည် ကာမဂုဏ်တို့၌ ဖောက်ပြန်စွာ ကျင့်သူသည်၊ မုသားပြောသူသည် သေရည်သေရက်ကို သောက်သူသည် တို သေရည် သေရက် သောက်မှု ဟူသော အကြောင်းကြောင့် မျက်မှောက် ဘဝ၌လည်း ဘေးရန်ကို ပွားစေ၏….သေရည်သေရက် သောက်မှုမှ ရှောင်ကြဉ်သူအား ဤသို့လျှင် ဘေးရန်သည် ငြိမ်းအေး၏ဟု ဟောကြားပါသည်။

## ၅။ စဏ္ဍာလသုတ်

### ဒွန်းစဏ္ဍားနှင့်တူသော ဥပါသကာ၏ အင်္ဂါငါးပါး

၁၇၅။ သဒ္ဓါမရှိခြင်း၊ သီလမရှိခြင်း၊ မတွေ့စဖူး အထူးအဆန်းကို မင်္ဂလာဟု ယူဆခြင်း[၁]၊ ဒိဋ္ဌသုတမင်္ဂလာကိုသာ ယုံကြည်၍ ကံကို မယုံကြည်ခြင်း[၂]၊ သာသနာ့ပြင်ပ၌ အလှူခံပုဂ္ဂိုလ်ကို ရှာ၍ ထိုသာသနာ့ပြင်ပ၌သာ ဦးဦးဖျားဖျား ကုသိုလ်ကိုပြုခြင်း ဟူသောအင်္ဂါငါးပါးနှင့် ပြည့်စုံသော ဥပါသကာသည် ဒွန်းစဏ္ဍား ဥပါသကာ မည်၏၊ ညစ်နွမ်းသော ဥပါသကာ၊ ညံ့ဖျင်းသော ဥပါသကာ မည်၏။

သဒ္ဓါရှိခြင်း…သာသနာ့ပြင်ပ၌ အလှူခံပုဂ္ဂိုလ်ကို မရှာဘဲ သာသနာတွင်း၌ သာလျှင် ဦးဦးဖျားဖျား ကုသိုလ်ကို ပြုခြင်းဟူသော အင်္ဂါ

---

၁။ ကောတူဟလမင်္ဂလိကော ထူးထူး ဆန်းဆန်း အရာတစ်ခုခုကို မြင်ရ၊ ကြားရခြင်းသည် မင်္ဂလာရှိ၏ဟု ယူဆသူ ဖြစ်ခြင်းဟု ဆိုလိုပါသည်။

၂။ မင်္ဂလံ ပစ္စေတိ နောကမ္မံ မင်္ဂလာရှိသော အရာကို မြင်ရ ကြားရလျှင် စီးပွားဥစ္စာ တိုးတက်လိမ့်မည်ဟု ယုံကြည်သည်၊ ကုသိုလ် အကုသိုလ် ကံတို့ကြောင့် ကောင်းကျိုး ဆိုးကျိုး ဖြစ်မည်ဟု မယုံကြည်။

ဝါးပါးနှင့်ပြည့်စုံသော ဥပါသကာသည်ကား ဥပါသကာရတနာမည်၏။ ပဒုမ္မာကြာနှင့်တူသော ဥပါသကာ၊ ပုဏ္ဍရိက်ကြာနှင့် တူသောဥပါသကာမည်၏ဟု ဟောကြားပါသည်။

## ၆။ ပိတိသုတ်

ဝိဝေက ပီတိ၏ အကျိုးငါးပါး

၁၇၆။ အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် အနာထပိဏ် သေဋ္ဌေးအား "သူကြွယ်၊ သင်တို့သည် ရဟန်းသံဃာအား ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးရုံမျှဖြင့် နှစ်သိမ့် ကျေနပ်ခြင်း မပြုအပ်။ ရံဖန်ရံခါကိလေသာ ကင်းဆိတ်သော ဝိဝေကပီတိကို [၁] ဝင်စား၍ နေနိုင်ရန် အားထုတ်ကြရမည်"ဟု သြဝါဒစကား မိန့်ကြားတော်မူသည်။ ထိုအခါ ရှင်သာရိပုတ္တရာက အောက်ပါအတိုင်း ထောက်ခံစကား လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ မြတ်စွာဘုရား၏ စကားသည် အလွန်သင့်မြတ်သောစကား ဖြစ်ပါသည်။ အရှင်ဘုရား၊ ကိလေသာ ကင်းဆိတ်သော ပီတိကို ဝင်စား၍နေသောအရိယာသာဝကအား ထိုအချိန်၌ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမှု၊ နှလုံးမသာယာမှုသည် မဖြစ်။ ကာမဂုဏ်နှင့်စပ်သောချမ်းသာမှု နှစ်သက်မှုသည် မဖြစ်။ အကုသိုလ်နှင့် စပ်သော ဆင်းရဲမှု၊ နှလုံး မသာယာမှု....အကုသိုလ်နှင့်စပ်သော ချမ်းသာမှု၊ ဝမ်းမြောက်မှု....ကုသိုလ်နှင့်စပ်သော ဆင်းရဲမှု၊ နှလုံး မသာယာမှုသည် မဖြစ်ပါ။ [၂] အရှင်ဘုရား၊ ကိလေသာ ကင်းဆိတ်သော 'ဝိဝေက ပီတိ' ကို ဝင်စား၍ နေသော အရိယာသာဝကအား ဤအရာငါးပါးတို့သည် မဖြစ်ပါကုန်"

ရှင်သာရိပုတ္တရာ၏ လျှောက်ကြားချက်ကို ဗုဒ္ဓမြတ်စွာ တလည်း "ကောင်းပေစွ၊ ကောင်းပေစွ" ဟု ထောက်ခံတော် မူလေသည်။

---

၁။ ပထမဈာန် ဒုတိယဈာန်တို့နှင့် ယှဉ်သော ပီတိသည် ကိလေသာ ကင်းဆိတ်သော 'ဝိဝေက ပီတိ' မည်၏။

၂။ သဒ္ဓါသမင်ကို လေးဖြင့်ပစ်ရာ၌ မထိမှန်ဘဲ လွဲချော် သွားခြင်းကြောင့် ဖြစ်သော ဒုက္ခဒေါမနဿသည် အကုသိုလ်နှင့်စပ်သော ဒုက္ခဒေါမနဿ မည်၏။ ထိမှန်သွားခြင်းကြောင့် ဖြစ်သော သုခ သောမနဿသည် အကုသိုလ်နှင့် စပ်သော သုခသောမနဿ မည်၏။ ဒါနပြုရာ၌ ပစ္စည်း မပြည့်စုံခြင်း စသော အကြောင်းများကြောင့် ဖြစ်သော ဒုက္ခဒေါမနဿသည် ကုသိုလ်နှင့်စပ်သော ဒုက္ခ၊ ဒေါမနဿ မည်၏။ အဋ္ဌကထာ။

## ၇။ ဝါဏိဇ္ဇသုတ်

### မပြုသင့်သော ကုန်သွယ်မှု ငါးမျိုး

၁၇၇။ လက်နက်ကုန်သွယ်မှု၊ လူသတ္တဝါ ကုန်သွယ်မှု၊ အမဲသား ကုန်သွယ်မှု၊ သေရည်သေရက် ကုန်သွယ်မှု၊ အဆိပ် ကုန်သွယ်မှု ဟူသော ကုန်သွယ်မှုငါးမျိုးကို ဥပါသကာတို့သည် မပြုအပ်ဟု ဟောကြားပါသည်။

## ၈။ ဂိဟိသုတ်

### သိက္ခာပုဒ်ငါးပါး စောင့်ထိန်းသော လူပုဂ္ဂိုလ်

၁၇၈။ အခါတစ်ပါး၌ အနာထပိဏ် သူဌေးသည် ဥပါသကာ ငါးရာခြံရံလျက် ဗုဒ္ဓမြတ်စွာထံ ရောက်လာ၏။ ထိုအခါ ဗုဒ္ဓက (အနီး၌ ရှိနေသော) ရှင်သာရိပုတ္တရာအား အောက်ပါစကားကို မိန့်ကြားတော်မူသည်။

"သာရိပုတ္တရာ သိက္ခာပုဒ်ငါးပါးကို စောင့်ထိန်းလျက်မြတ်သောစိတ်နှင့်ယှဉ်သည့်[1] မျက်မှောက်ချမ်းသာစွာ နေခြင်းလေးပါးတို့ကို ရသော အဝတ်ဖြူဝတ်သူ လူပုဂ္ဂိုလ်သည် မိမိကိုယ်ကိုမိမိ သောတာပန် ဖြစ်ပြီဟု ထုတ်ဖော် ပြောကြားနိုင်၏။

သာရိပုတ္တရာ၊ ထိုလူပုဂ္ဂိုလ်သည် စောင့်ထိန်းအပ်သော သိက္ခာပုဒ် ငါးပါးတို့ကား- သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း.... သေရည်သေရက် သောက်မှုမှ ရှောင်ကြဉ်ခြင်းတို့ဖြစ်၏။

သာရိပုတ္တရာ၊ ထိုလူပုဂ္ဂိုလ်သည်ရရှိသောမျက်မှောက်ချမ်းသာစွာ နေခြင်းလေးပါးတို့ကား-ဘုရား၌စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊ တရား၊ သံဃာ၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊ အရိယာတို့ နှစ်သက်အပ်သော သီလနှင့်ပြည့်စုံခြင်းတို့ ဖြစ်သည်ဟု ဟောကြားပါသည်။

---

၁။ အာဘိစေတသိကာနန္တိ ဥတ္တမ စိတ္တနိဿိတာနံ -အဋ္ဌကထာ။
၂။ အရိယာတို့ နှစ်သက်အပ်သော သီလဟူသည် မဂ်စိတ် ဖိုလ်စိတ် တို့နှင့် ယှဉ်အပ်သော သီလကို ဆိုခြင်းဖြစ်၏ဟု ဖွင့်ပါသည်။

## ၁၀။ ဂဝေသိသုတ်

### ဂဝေသိမည်သော ဥပါသကာနှင့် ငါးပါးသီလ

၁၇၀။ အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ရဟန်းများစွာနှင့်တကွ ကောသလတိုင်းအတွင်း၌ ဒေသစာရီ လှည့်လည်စဉ် အင်ကြင်းတောကြီး တစ်ခုသို့ ဆိုက်ရောက်တော်မူ၏။ ထိုအခါ ဗုဒ္ဓသည် တစ်ခုသော အရပ်၌ ပြုံးရယ်ခြင်းပြုတော်မူသည်။ ရှင်အာနန္ဒာက ပြုံးရယ်ခြင်း၏အကြောင်းကို မေးလျှောက်ရာ ဗုဒ္ဓက နောက်ပါအတိုင်း ပြန်ပြောင်း ဟောကြား တော်မူသည်။

ရှေးအခါက အင်ကြင်းတောကြီး ရှိရာအရပ်၌ စည်ကားသော မြို့တစ်မြို့ ရှိခဲ့သည်။ ကဿပ မြတ်စွာဘုရားသည် ထိုမြို့၌ သီတင်းသုံးနေ တော်မူသည်။ ကဿပမြတ်စွာဘုရားအား ဂဝေသိမည်သော ဥပါသကာ တစ်ယောက်ရှိသည်။ ဂဝေသိမှာ ဥပါသကာငါးရာတို့၏ ခေါင်းဆောင် ဖြစ်သည်။ သို့သော် ဂဝေသိနှင့်တကွ ဥပါသကာငါးရာတို့သည် ငါးပါး သီလကို ပြည့်ပြည့်ဝဝ ဖြည့်ကျင့်ခြင်း မပြုခဲ့ကြချေ။

နောက်ပိုင်းတွင်မူ ဂဝေသိက ဥပါသကာငါးရာတို့ထက် သာ လွန်လိုသောစိတ်ဖြင့် ငါးပါးသီလကို ပြည့်ပြည့်ဝဝ စောင့်ထိန်းသည်။ ထိုအခါ ဥပါသကာငါးရာတို့ကလည်း သူနည်းတူ စောင့်ထိန်းရသည်။ ဂဝေသိက အဗြဟ္မစရိယသိက္ခာပုဒ်၊ ဝိကာလ ဘောဇန သိက္ခာပုဒ်တို့ကို ထပ်တက် စောင့်ထိန်းရာ ဥပါသကာငါးရာတို့ကလည်း သူနည်းတူလိုက်၍ စောင့်ထိန်းကြသည်။ နောက်ဆုံး၌ ဂဝေသိက ကဿပဘုရားထံ၌ရဟန်း ပြု၍ အရဟတ္တဖိုလ်ရသွားသကဲ့သို့ ဥပါသကာ ငါးရာတို့သည်လည်း ရဟန်း ပြု၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက် သွားကြလေသည်။

ဗုဒ္ဓမြတ်စွာသည် ဂဝေသိဥပါသကာ၏အကြောင်းကို ပြန်ပြောင်း ဟောကြားပြီးနောက် ရဟန်းတို့အား ဤသို့တိုက်တွန်းစကား မိန့်ကြား တော်မူလေသည်-

“အာနန္ဒာ၊ ဂဝေသိ အမှူးရှိသော ဥပါသကာ ငါးရာတို့သည် တစ်ဆင့်ပြီး တစ်ဆင့် တက်၍အားထုတ်ကြခြင်းဖြင့် အမြတ်ဆုံး ဖြစ်သော လွတ်မြောက်မှုကို ရရှိခဲ့ကြကုန်၏။ ထို့ကြောင့်သင်တို့သည်လည်း အမြတ် ဆုံးဖြစ်သော လွတ်မြောက်မှုကို ရရှိရန် တစ်ဆင့်ပြီး တစ်ဆင့်တက်ကာ အားထုတ်ကြကုန်ရာ၏”

## ၁၉။ အရညဝဂ်

### ၁။ အာရညိကသုတ်

တောကျောင်း၌နေသောရဟန်းငါးမျိုး

၁၈၁။ တောကျောင်း၌ နေသော (အာရညိက ခုတင်ဆောက်တည်သော) ရဟန်းတို့သည် အသိဉာဏ်နည်းသူဖြစ်၍ တောကျောင်း၌ နေသူ၊ (သဘာပေါ်များလိုခြင်း) စသည့် ယုတ်ညံ့သော အလိုဆန္ဒရှိ၍ တောကျောင်း၌နေသူ၊ စိတ်ဖောက်ပြန်သူ ဖြစ်၍ တောကျောင်း၌ နေသူ၊ မြတ်စွာဘုရားနှင့် သာဝကကြီးများ ချီးကျူးအပ်သော နေခြင်းဖြစ်၍ တောကျောင်း၌နေသူ၊ အလိုနည်းမှု၊ ရောင့်ရဲလွယ်မှု၊ ကိလေသာ ခေါင်းပါးမှု စသော အကျိုးကိုမြင်၍ တောကျောင်း၌ နေသူဟူ၍ ငါးမျိုး ရှိသည်။ ထိုတွင် အလိုနည်းမှုစသော အကျိုးကိုမြင်၍ တောကျောင်း၌ နေသောရဟန်းသည် အမြတ်ဆုံးဖြစ်၏ဟု ဟောကြားပါသည်။

၁၈၂-၁၉၀။ စီဝရသုတ်စသောနောက် (၉) သုတ်တို့၌ ပံသုကူ ခုတင်ဂသည်ကို ဆောင်သော ရဟန်းတို့သည်လည်း ငါးမျိုးစီ ရှိကြောင်း ဟောကြားပါသည်။ (အရညိက ခုတင်စသော ခုတင် အကျင့်များ အကြောင်းကို ဝိသုဒ္ဓိမဂ်၊ ခုတင်နိဒ္ဒေသ၌ ဖလှလာနိုင်ပါသည်။

## ၂၀။ ဗြာဟ္မဏဝဂ်

### ၁။ သောဏသုတ်

ခွေးတို့၌သာတွေ့ရတော့သော ဗြာဟ္မဏဓမ္မငါးပါး

၁၉၁။ ရှေးအခါက ပုဏ္ဏားတို့သည် ခေါင်တူ ပုဏ္ဏေးမ ကိုသာ သွားလာကုန်၏။ ရာသီလာသောပုဏ္ဏေးမကိုသာသွားလာကုန်၏။ ပုဏ္ဏေးမ ကိုလည်း ရောင်းခြင်း၊ ဝယ်ခြင်းမပြုဘဲချစ်ခင်မြတ်နိုးမှုဖြင့်သာ ပေါင်းဖော်ကုန်၏။ ရွှေ၊ ငွေ စပါး စသော ပစ္စည်းများကို သိုမှီ သိမ်းဆည်း ခြင်းမပြုကုန်။ ညချမ်းအချိန်၌ ညစာကို၊ နံနက်အချိန်၌ နံနက်စာကို ဆွမ်းခံ၍သာ စားကြကုန်၏။

ဤဆိုအပ်ပြီးသော ရှေးဟောင်းပုဏ္ဏားတို့၏ ဗြာဟ္မဏဓမ္မ ငါးပါး တို့သည် ယခုအခါ ပုဏ္ဏားတို့၌ မတွေ့ရတော့၊ ခွေးတို့၌သာ တွေ့ရတော့ သည်ဟု မိန့်ကြားပါသည်။

## ၂။ ဒေါဏ ဗြာဟ္မဏသုတ်
### ဒေါနပုဏ္ဏားနှင့် ပုဏ္ဏားငါးမျိုး

၁၉၂။ အခါတစ်ပါး၌ ဒေါဏမည်သော ပုဏ္ဏားသည် ဗုဒ္ဓထံ ချဉ်းကပ်၍ အသက် အရွယ်ကြီးသော ပုဏ္ဏားတို့အား ရှိခိုးလေးစားမှု မပြုခြင်းအတွက် ဗုဒ္ဓကို အပြစ်ဆိုသည်။ ထိုအခါဗုဒ္ဓက ဤသို့မိန့်ကြားသည်။

"ဒေါဏ၊ပုဏ္ဏားတို့ သင်ကြားလေ့လာနေသည့် ဝေဒကျမ်းများကို ပြုစုခဲ့ကြသည့် အဋ္ဌက၊ ဝါမက-အစရှိသော ခေတ်ဦးရသေ့တို့သည် ဗြဟ္မာနှင့်တူသော ပုဏ္ဏား၊နတ်နှင့်တူသောပုဏ္ဏား စည်းကမ်း ရှိသော ပုဏ္ဏား။ စည်းကမ်းပျက်သောပုဏ္ဏား၊ ဒွန်းစဏ္ဍားနှင့်တူသောပုဏ္ဏားဟူ၍ ပုဏ္ဏားငါးမျိုးကို ပညတ်ခဲ့ကြသည် သင်သည်ထိုငါးမျိုးတို့တွင်အဘယ် ပုဏ္ဏားမျိုးဖြစ်ပါသနည်း။"

ဒေါဏက ထိုပုဏ္ဏားမျိုးကို မသိကြောင်း ဖြေကြားသဖြင့် ဗုဒ္ဓက အောက်ပါအတိုင်းဟောကြားတော်မူသည်။

(၁) ဤလောက၌ အမျိုးဇာတ်အားဖြင့် စင်ကြယ်သည့် အချို့သော ပုဏ္ဏားသည် ဝေဒ ကျမ်းတို့ကို သင်ယူလျက် (၄၈)နှစ်ပတ်လုံး 'ကောမာရ ဗြဟ္မစရိယ' အကျင့်ကိုကျင့်၏။[၁] ထို့နောက် သူသည်တရား သဖြင့်သာလျှင် 'ဆရာစားပစ္စည်း' ကို[၂] ရှာ၍ဆရာအား ပေးအပ်ခဲ့ပြီး ရသေ့ရဟန်းပြုကာ မေတ္တာစသော ဗြဟ္မဝိဟာရ တရား လေးပါးကို ပွားများသဖြင့် ကွယ်လွန်သောအခါ ဗြဟ္မာ့ပြည်သို့ ရောက်လေ၏။ ဤ ပုဏ္ဏားသည် ဗြဟ္မာနှင့်တူသော ပုဏ္ဏားမည်၏။

(၂) အချို့သောပုဏ္ဏားသည် အထက်ပါနည်းဖြင့် ဆရာစား ပစ္စည်းကို ပေးအပ်ခဲ့ပြီး တရားသဖြင့်သာလျှင်မယားကိုရှာ၍သားသမီးကို ဖြစ်စေ၏။ထို့နောက် ရဟန်းပြု၍ ပထမဈာန်စသောဈာန် လေးပါးကို ပွားများ၍ ကွယ်လွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားလေ၏။[၃] ဤ ပုဏ္ဏားသည် နတ်နှင့်တူသော ပုဏ္ဏားမည်၏။

---

၁။ ကောမာရဗြဟ္မစရိယ-မိန်းမနှင့် ဆက်ဆံခြင်းမှ လုံးဝကင်းရှင်းသော 'လူပျိုစင်' အကျင့်။

၂။ အာစရိယဓနံ- ဆရာစားပစ္စည်း၊ ပညာ သင်ပေးသော ဆရာအား ပူဇော်သည့် ပစ္စည်း။

၃။ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ ... ဗြဟ္မလောကမေဝ သန္ဓာယဝုတ္တံ အဋ္ဌကထာ။

(၃) အချို့သော ပုဏ္ဏားသည် အထက်ပါနည်းအတိုင်းမယားကို ရှာ၍သားသမီးကို ဖြစ်စေပြီးနောက် ရဟန်းမပြုဘဲ ထိုသားသမီးများဖြင့် သာ ပျော်ပါး၍နေ၏။ သို့သော် ရှေးရှိးပုဏ္ဏားတို့၏စည်းကမ်းတောင်ကိုမူ မချိုးဖောက်။ ဤပုဏ္ဏားသည် စည်းကမ်းရှိသော ပုဏ္ဏားမည်၏။

(၄) အချို့သော ပုဏ္ဏားသည် အထက်ပါနည်းအတိုင်းဆရာစား ပစ္စည်းကို ပေးအပ်ခဲ့ပြီး တရားသဖြင့် ဖြစ်စေ၊ မတရားသဖြင့် ဖြစ်စေ၊ မယားကို ရှာ၏။ ရှေးရှိး ပုဏ္ဏားတို့၏ စည်းကမ်းကိုလည်း ချိုးဖောက်၏။ ဤပုဏ္ဏားသည် စည်းကမ်းပျက်သော ပုဏ္ဏားမည်၏။

(၅) အချို့သောပုဏ္ဏားကား အထက်ပါနည်းအတိုင်းကာလမာဝ ဗြဟ္မစရိယ အကျင့်ကို ကျင့်ပြီး တရားသဖြင့် ဖြစ်စေ၊ မတရားသဖြင့် ဖြစ်စေ ဆရာစားပစ္စည်းကို ရှာ၏။ မယားကို ရှာရာ၌လည်း တရားသဖြင့် ဖြစ်စေ၊ မတရားသဖြင့်ဖြစ်စေ ရှာ၏။ အလုပ်မျိုးစုံဖြင့်လည်း အသက်မွေး၏။ ဤပုဏ္ဏားသည် ဒွန်းစဏ္ဍားနှင့်တူသော ပုဏ္ဏားမည်၏။

အထက်ပါ ပုဏ္ဏားငါးမျိုး အကြောင်းကို ကြားနာရသောအခါ ဒေါဏပုဏ္ဏားသည် "အရှင် ဂေါတမ၊ ကျွန်ုပ်တို့သည် ဒွန်းစဏ္ဍားနှင့် တူသော ပုဏ္ဏားကိုပင် မမီပါ"ဟု လျှောက်ကြားပြီး ဥပါသကာအဖြစ် ခံယူသွားလေသည်။

## ၃။ သင်္ဂါရဝသုတ်

### ဉာဏ်အမြင် မကြည်လင်ခြင်း အကြောင်းငါးပါး

၁၉၃။ အခါတစ်ပါး၌ သင်္ဂါရဝ မည်သော ပုဏ္ဏားသည် ဗုဒ္ဓထံ ချဉ်းကပ်၍ "အရှင် ဂေါတမ၊ တစ်ခါတစ်ရံ ကြာမြင့်စွာ လေ့ကျက် ထားသော မန္တန်များသည်ပင် ဉာဏ်၌ မထင်လာဘဲ ရှိပါသည်။ တစ်ခါ တစ်ရံတွင်မူ ကြာမြင့်စွာလေ့ကျက်မထားသော မန္တန်တို့သည်ပင်ဉာဏ်၌ ထင်လာ တတ်ပါသည်။ အဘယ့်ကြောင့် ထိုသို့ ဖြစ်ပါသနည်း" ဟု မေး လျှောက်၏။

ကာမရာဂ စသော နီဝရဏငါးပါး ထကြွနေသော အခါ ကြာမြင့် စွာ လေ့ကျက်ထားသော မန္တန်တို့သည်ပင် ဉာဏ်၌ မထင်လာဘဲ ရှိတတ် ပါသည်။ နီဝရဏငါးပါး ထကြွမနေသော အခါ၌မူ ကြာမြင့်စွာ လေ့ ကျက် မထားသော မန္တန်တို့သည်ပင် ဉာဏ်၌ ထင်လာ တတ်ကုန်၏ဟု ဗုဒ္ဓက ဖြေကြားပါသည်။

## ၄။ ကာရဏပါလိသုတ်

ကာရဏပါလိပုဏ္ဏားနှင့် ဗုဒ္ဓဂုဏ်တော်ငါးပါး

၁၉၄။ အခါတစ်ပါး၌ ဗုဒ္ဓသည် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ လိစ္ဆဝီမင်းတို့၏ ဆောက်လုပ်ရေးလုပ်ငန်းများကို စီမံအုပ်ချုပ်နေသည့် ကာရဏပါလီမည်သော ပုဏ္ဏားသည် အဝေးမှလာနေသည့်ပိင်္ဂိယာနိမည်သောပုဏ္ဏားကိုလှမ်းမြင်၍ 'ဘယ်ကပြန်လာပါသလဲ' ဟု မေးရာ ထိုပုဏ္ဏားက 'ရဟန်းဂေါတမဆီက ပြန်လာပါတယ်' ဟု ဖြေသည်။ 'ရဟန်းဂေါတမရဲ့ ဉာဏ်ပညာရှိမှု အပေါ်မှာ သင်ဘယ်လို မြင်ပါသလဲ' ဟုမေးပြန်ရာ 'ရဟန်းဂေါတမရဲ့ ဉာဏ်ပညာရှိပုံကို တော့ ကျွန်ုပ်လိုသာမန်လူက ဘယ်သိနိုင်မှာလဲ၊ သူ့လောက်ကိုပညာရှိတဲ့ ပုဂ္ဂိုလ်ကမှ သိနိုင်မှာပေါ့' ဟုပိင်္ဂိယာနိက ဖြေလေသည်။

ထို့နောက် ပိင်္ဂိယာနိက ဗုဒ္ဓအပေါ်၌ သူကြည်ညိုခြင်း၏ အကြောင်းကို ဥပမာငါးမျိုးဖြင့် ချီးကျူးပြောဆိုသည်—

အရသာအရှိဆုံး စားစရာများကို ပအောင်စားပြီးသူသည်အခြား ညံ့ဖျင်းသော စားစရာတို့ကို မတောင့်တသကဲ့သို့ ဗုဒ္ဓ၏တရားကိုကြားနာရသူသည် အခြား ရဟန်း ပုဏ္ဏားတို့၏ တရားကို မတောင့်တတော့ပါ။

အလွန်ဆာလောင်နေသောလူသည် ပျားမုန့်ဆုပ်ကို စားသုံးရလျှင် စားတိုင်းစားတိုင်း ချိုသောအရသာကို ခံစားရသကဲ့သို့ ဗုဒ္ဓ၏တရားသည်လည်း ကြားနာရတိုင်း ကြားနာရတိုင်း စိတ်ကြည်လင်နှစ်သက်မှုကို ဖြစ်စေပါသည်။

စန္ဒကူးနံ့သာတုံးကိုနမ်းသူသည်အရင်းမှနမ်းသည်ဖြစ်စေ၊ အလယ်မှနမ်းသည်ဖြစ်စေ၊ အဖျားမှနမ်းသည်ဖြစ်စေ မွှေးပျံ့သောအနံ့ကိုသာရသာသို့ ဗုဒ္ဓ၏တရားကို ကြားနာသူသည်လည်း သုတ်တရားကိုကြားနာသည်ဖြစ်စေ၊ ဂေယျစသော တရားများကို ကြားနာသည်ဖြစ်စေ နှစ်သက်ဝမ်းမြောက်မှုကို ရသည်သာဖြစ်၏။

ကျွမ်းကျင်သော ဆေးဆရာသည် လူနာတို့၏ရောဂါများကို လျင်မြန်စွာ ပျောက်ကင်းစေသကဲ့သို့ ဗုဒ္ဓ၏တရားသည်လည်း ကြားနာသူတို့၏ သောကပရိဒေဝတို့ကို ပျောက်ကင်းစေ၏။

ဂိမှအခါ၌ ခရီးပန်းလာသော ခရီးသွား ယောကျာ်းသည် ကြည်လင်သောရေရှိသည့် ရေကန်ကြီးသို့ရောက်၍ အေးမြသောရေကို သောက်လိုက်၊ ချိုးလိုက်ရသောအခါ ပူအိုက်မှု ပင်ပန်းမှုများ ပျောက်သွားသကဲ့သို့

ဗုဒ္ဓ၏တရားကိုကြားနာရသူများမှာလည်း ပူပန်မှု ပင်ပန်းမှုများ ပျောက်သွားပါသည်ဟု ပိင်္ဂိယာနီက ချီးကျူးပြောဆိုသည်။

ထိုအခါ ကာရဏပါလီပုဏ္ဏားသည်ဗုဒ္ဓမြတ်စွာ ရှိရာအရပ်သို့လက်အုပ်ချီလျက်'နမောတဿ' အစရှိသော ဥဒါန်းစကားကို သုံးကြိမ်မြွက်ဆိုလေသည်။

## ၅။ ပိင်္ဂိယာနီသုတ်

### ပိင်္ဂိယာနီပုဏ္ဏားနှင့် ရခဲသော ရတနာငါးပါး

၁၉၅။ ဝေသာလီပြည် ကူဋာဂါရကျောင်း၌ ဗုဒ္ဓမြတ်စွာသီတင်းသုံးစဉ် ငါးရာသော လိစ္ဆဝီမင်းသားတို့သည် အညိုရောင်၊ အဝါရောင်စသည့် အသွေးအရောင် အမျိုးမျိုးရှိသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ကြလျက် ဗုဒ္ဓမြတ်စွာထံချဉ်းကပ်လာကြသည်။ ဤသို့လိစ္ဆဝီမင်းသားတို့က ရောင်စုံ အဝတ်တန်ဆာတို့ကို ဝတ်ဆင် လာကြငြားသော်လည်း မြတ်စွာဘုရားသည် အဆင်းအားဖြင့်လည်းကောင်း၊ အခြံအရံအားဖြင့် လည်းကောင်း ထိုမင်းသားတို့ထက် သာလွန်၍ တင့်တယ်တော်မူ၏။

ထိုအခါ ပိင်္ဂိယာနီမည်သော ပုဏ္ဏားသည်ဗုဒ္ဓအား လက်အုပ်ချီကာ 'ပဒ္မံယထာ ကောကနဒံ' အစရှိသော ဂါထာကိုရွတ်ဆို ချီးကျူးသည်၊ လိစ္ဆဝီမင်းသားတို့က ပိုင်္ဂိယပုဏ္ဏားအားအပေါ်ရုံဝတ်စုံ ငါးရာ ချီးမြှင့်သည်။ ပုဏ္ဏားကလည်းထိုဝတ်ရုံငါးရာလုံးကိုဗုဒ္ဓအားလှူဒါန်းလိုက်သည်၊ထိုအခါ ဗုဒ္ဓကမြတ်စွာဘုရား၊ မြတ်စွာဘုရား၏ တရားကို ထုတ်ဆင့် ဟောပြောတတ်သူ၊ မြတ်စွာဘုရား၏ တရားကိုသိမြင်သူ၊ သိမြင်သည့်အတိုင်း တရားနှင့်အညီကျင့်သူ၊ သူ့ကျေးဇူးကို သိတတ်သောသူ ဟူသော ရတနာငါးပါးဖြစ်ပေါ်လာခြင်းကိုလောက၌ရခဲလှပေ၏'ဟု ဟောကြားတော်မူပါသည်။

## ၆။ မဟာသုပိနသုတ်

### ဘုရားလောင်း၏ အိပ်မက်ကြီးငါးမျိုး

၁၉၆။ သမ္မာသမ္ဗောဓိဉာဏ်ကို မရသေးသော ဘုရားအလောင်းအား အိပ်မက်ကြီးငါးမျိုး ဖြစ်ပေါ်ခဲ့သည်။ အိပ်မက်ကြီးငါးပါးကား—

(၁) ဘုရားလောင်းသည် မြေကြီးကိုအိပ်ရာ၊ ဟိမဝန္တာတောင်ကို ခေါင်းအုံးပြုလျက် အရှေ့သမုဒ္ဒရာ၌ဘယ်လက်၊ အနောက် သမုဒ္ဒရာ၌ညာလက်၊ တောင်သမုဒ္ဒရာ၌ခြေတော်အစုံကို တင်ထားတာ အိပ်မက်ရ၏''ဟု

အိပ်မက်မက်ခဲ့၏။ ဤပထမအိပ်မက်သည် သမ္မာသမ္ဗောဓိဉာဏ်ရရှိရန် ပုဗ္ဗနိမိတ်ဖြစ်၏။

(၂) ဘုရားလောင်းသည် ''မိမိချက်မှ တိရိယမည်သော မြက်ပင် ပေါက်လာပြီး ကောင်းကင်အထိ တက်သွား၏'' ဟု အိပ်မက် မြင်မက်ခဲ့၏။ ဤဒုတိယ အိပ်မက်သည် လူ့ပြည်မှ နတ်ပြည်အထိ ထင်ရှား ပျံ့နှံ့သော အရိယာမဂ်ကို သိမြင်ခြင်း၏။ ပုဗ္ဗနိမိတ်ဖြစ်၏။

( ) ဦးခေါင်းမည်းနက်ပြီး ဖြူသော ကိုယ်ရှိသည့် ပိုးကောင်တို့သည် မိမိ၏ ခြေထောက်မှ တက်လာပြီး ပုဆစ် ဒူးဝန်း တိုင်အောင် ဖုံးအုပ်နေကုန်၏'' ဟူသော အိပ်မက်ကိုလည်း ဘုရားလောင်းသည် မြင်မက်ခဲ့၏။ ဤတတိယအိပ်မက်ကား အဝတ်ဖြူ ဝတ်သော လူပုဂ္ဂိုလ်တို့ ကိုးကွယ်ဆည်းကပ်မှုကို ခံရခြင်း၏ ပုဗ္ဗနိမိတ် ဖြစ်၏။

(၄) အရောင်အဆင်း အမျိုးမျိုးရှိသော ငှက်လေးကောင်တို့သည် အရပ်လေးမျက်နှာမှ ပျံသန်း ရောက်လာကြပြီး မိမိ၏ခြေရင်း၌ အဖြူရောင်ချည်း ဖြစ်သွားကြသည်ဟူသော အိပ်မက်ကိုလည်း ဘုရားလောင်းသည် မြင်မက်ခဲ့၏။ ဤစတုတ္ထ အိပ်မက်ကား အမျိုး လေးပါးတို့သည် မြတ်စွာဘုရားထံ၌ ရဟန်းပြုကြပြီး အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြ စည်ဖြစ်ခြင်း၏ ပုဗ္ဗနိမိတ် ဖြစ်၏။

(၅) ဘုရားလောင်းသည် ''ကြီးစွာသော မစင်တောင်၏အထက်၌ မစင်ဖြင့် မလိမ်းကျံဘဲ လူးလာခေါက်ပြန် စင်္ကြံလျှောက်ရ၏'' ဟုအိပ်မက် မက်၏။ ဤပဉ္စမ အိပ်မက်သည် ပစ္စည်းလေးပါးကို သာယာမက်မောမှု မရှိဘဲ သုံးဆောင်မည် ဖြစ်ခြင်း၏ ပုဗ္ဗနိမိတ် ဖြစ်၏ဟု ဟောကြား ပါသည်။

## ၇။ ဝဿသုတ်

မိုးရွာခြင်း၏ အန္တရာယ်ငါးပါး

၁၉၇။ နိမိတ်ဖတ်သူတို့ မသိနိုင်သည့် မိုးရွာခြင်း၏ အန္တရာယ် ငါးပါးရှိသည်။ ၎င်းတို့မှာ--ကောင်းကင်၌ တေဇောဓာတ် ဖောက်ပြန်၍ မိုးတိမ်များ လွင့်ပျောက်သွားခြင်း၊ ဝါယောဓာတ် ဖောက်ပြန်၍ မိုးတိမ် များ လွင့်ပျောက်သွားခြင်း၊ ရာဟု အမည်ရှိသော အသူရိန် နတ်မင်းက မိုးရေများကို လက်ဝါးဖြင့် ခံယူပြီး သမုဒ္ဒရာထဲသို့ သွန်ချခြင်း၊ ဝဿ ဝလာဟကနတ်တို့ မိုးသားများ မေ့လျော့ နေကြခြင်း၊ လူများ တရား မစောင့်ကြခြင်းတို့ဖြစ်သည်ဟု ဟောကြားပါသည်။

## ၈။ ဝါစာသုတ်

### စကားကောင်းအင်္ဂါငါးပါး

၁၉၈။ ပြောသင့်သောအခါ၌ ပြောခြင်း၊ မှန်ကန်စွာ ပြောခြင်း၊ သိမ်မွေ့စွာ ပြောခြင်း၊ မေတ္တာစိတ်ဖြင့် ပြောခြင်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော စကားသည် ကောင်းသောစကား မည်၏-ဟု ဟောကြားပါသည်။

## ၉။ ကုလသုတ်

### သီလရှိသော ရဟန်းမှ ရနိုင်သော အကျိုးငါးပါး

၁၉၉။ သီလရှိသော ရဟန်းများ ကြွရောက်လာသော် အိမ်မှ အိမ်သားတို့သည်-

(၁) ထိုရဟန်းတို့၌ စိတ်ကြည်မှုကို ဖြစ်ဖစေခြင်းဖြင့် နတ်ပြည်သို့ရောက်နိုင်ကြသည်။

(၂) ထိုရဟန်းတို့အား အရိုအသေပေးခြင်းဖြင့် မြင့်မြတ်သော အမျိုး၌ ဖြစ်ခြင်း ဟူသော အကျိုးကို ရနိုင်ကြသည်။

(၃) ထိုရဟန်းတို့၌ ဝန်ထိုမှု 'မစ္ဆရိယ'ကို ပယ်ခြင်းဖြင့် တန်ခိုးအရှိန်အဝါကြီးခြင်း ဟူသော အကျိုးကို ရနိုင်ကြသည်။

(၄) ထိုရဟန်းတို့အား ဆွမ်းစသော ပစ္စည်းများကို လှူဒါန်းခြင်းဖြင့် ပစ္စည်းဥစ္စာ ပေါများခြင်းဟူသော အကျိုးကို ရနိုင်ကြသည်။

(၅) ထိုရဟန်းတို့ ထံ၌ တရားဆွေးနွေးမေးမြန်းခြင်း၊ တရားနာခြင်းဖြင့် ပညာကြီးခြင်း ဟူသော အကျိုးကို ရနိုင်ကြသည်-ဟု ဟောပါသည်။

## ၁၀။ နိဿာရဏိယသုတ်

### လွတ်မြောက်မှု နိဿရဏဓာတ်ငါးပါး

၂၀၀။ (၁) ကာမဂုဏ်တို့ကို နှလုံးသွင်းသောအခါ ယိုကာမဂုဏ်တို့၌ မဝင်မသက်ဝင်၊ ကာမဂုဏ်တို့မှ လွတ်မြောက်ကြောင်း 'နေက္ခမ္မ' ကိုနှလုံးသွင်းသော အခါ၌ကား ထို နေက္ခမ္မ၌ ဝင်၍သက်ဝင်ခြင်း။

(၂) ပျက်စီးမှု 'ဗျာပါဒ'ကို နှလုံးသွင်းသောအခါ ထိုဗျာပါဒ၌ စိတ်မသက်ဝင်၊ မပျက်စီးမှု 'အဗျာပါဒ' ကို နှလုံးသွင်းသောအခါ၌ကား ထိုအဗျာပါဒ၌ စိတ်သက်ဝင်ခြင်း။

(၃) ညှဉ်းဆဲမှု 'ဝိဟိံသာ'ကိုနှလုံးသွင်းသောအခါ ထိုဝိဟိံသာ၌ စိတ်မသက်ဝင်၊ မညှဉ်းဆဲမှု 'အဝိဟိံသာ' ကို နှလုံးသွင်းသောအခါ၌ကား ထိုအဝိဟိံသာ၌ စိတ်သက်ဝင်ခြင်း။

(၄) ရုပ်ကိုနှလုံးသွင်းသောအခါ ထိုရုပ်၌ စိတ်မသက်ဝင်၊ ရုပ်မဟုတ်သော တရားကို နှလုံးသွင်းသောအခါ၌ကား ထိုရုပ်မဟုတ်သော တရား၌ စိတ်သက်ဝင်ခြင်း။

(၅) ထင်ရှားရှိသည့် ခန္ဓာငါးပါးအပေါင်း ဟူသော 'သက္ကာယ'ကို နှလုံးသွင်းသောအခါ ထိုသက္ကာယ၌ စိတ်မသက်ဝင်၊ သက္ကာယ ချုပ်ငြိမ်းရာကို နှလုံးသွင်းသောအခါ၌ကား ထိုချုပ်ငြိမ်းရာ၌ စိတ်သက်ဝင်ခြင်း-

ဟူ၍ ဆန့်ကျင်ဘက်တရားတို့မှ ထွက်မြောက်မှု 'နိဿရဏဓာတ်' ငါးပါးရှိ၏ဟု ဟောကြားသည်။

## ၂၀။ ကိမိလဝဂ်

### ၁။ ကိမိလသုတ်

သူတော်ကောင်း တရား တည်တံ့ကြောင်းငါးပါး

၂၀၁။ ကိမိလမြို့ ကျည်းပင်တော၌ သီတင်းသုံးစဉ် အရှင်ကိမိလက မေးလျှောက်သဖြင့် သူတော်ကောင်းတရား ကြာမြင့်စွာ မတည်ခြင်း၊ တည်ခြင်း၏ အကြောင်းများကို ဗုဒ္ဓက ဖြေကြားတော်မူသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောအခါ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ ဥပါသိကာ တို့သည် ဘုရား၊ တရား၊ သံဃာ၊ အကျင့်သိက္ခာနှင့်အချင်းချင်း တို့အပေါ် ရိုသေလေးစားမှု မရှိလျှင် သူတော်ကောင်း တရားသည် ကြာမြင့်စွာမတည်၊ ရိုသေလေးစားမှုရှိကြလျှင် သူတော်ကောင်းတရားသည် ကြာမြင့်စွာတည်၏ဟု ဖြေကြားပါသည်။

## ၂။ ဓမ္မဿဝနသုတ်
တနားနာခြင်း၏ အကျိုးငါးပါး

၂၀၂။ တရားနာသောသူသည် မကြားနာဖူးသေးသည်ကို ကြားနာ ရခြင်း၊ ကြားနာဖူးသောတရားကို ရှင်းလင်းစေခြင်း၊ ယုံမှားသံသယကိုလွန်မြောက်ခြင်း၊ အယူအဆဖြောင့်မှန်ခြင်း၊ စိတ်ကြည်လင်ခြင်းဟူသော အကျိုးငါးပါးကိုရ၏–ဟု ဟောကြားပါသည်။

## ၃။ စေတောခိလသုတ်
စိတ်၏ငြောင့်တံသင်းငါးပါး

၂၀၄။ ဘုရား၌ ယုံမှားခြင်း၊ တရား၌ ယုံမှားခြင်း၊ သံဃာ၌ ယုံမှားခြင်း၊ အကျင့်သိက္ခာ၌ ယုံမှားခြင်း၊ သီတင်းသုံးဖော်တို့ အပေါ်၌ စိတ်မကျေနပ်ဖြစ်ခြင်း ဟူသော တရားငါးပါးတို့သည် စိတ်၏ ငြောင့်တံသင်းများ[၁] ဖြစ်သည်–ဟု ဟောကြားပါသည်။

## ၄။ ဝိနိဗန္ဓသုတ်
စိတ်၏အနှောင်အဖွဲ့ငါးပါး

၂၀၅။ ကာမဂုဏ်တို့၌တပ်မက်မှုမကင်းခြင်း၊ ကိုယ်ခန္ဓာ၌တပ်မက်မှု မကင်းခြင်း၊ ရုပ်၌ တပ်မက်မှုမကင်းခြင်း၊ ဝမ်းပြည့်အောင်စားပြီးအိပ်ခြင်း လဲလျောင်းခြင်း မှိန်းမေ့ရခြင်း ချမ်းသာတို့ကို ခံစားနေလိုခြင်း၊ နတ်ပြည်ကို မျှော်၍တ၍ အကျင့်မြတ်ကို ကျင့်ခြင်းတို့သည် (စိတ်ကိုမိမ်းဆုပ် ချုပ်ကိုင်ထားသော) စိတ်၏ အနှောင်အဖွဲ့ ငါးပါးဖြစ်၏ဟု ဟော ပါသည်။

## ၇။ ယာဂုသုတ်
ယာဂုသောက်ခြင်း၏ အကျိုးငါးပါး

၂၀၇။ ယာဂု (ဆန်ပြုတ်) သောက်သူသည် ဆာလောင်မှုကို ပြေပျောက် စေခြင်း၊ မွတ်သိပ်မှုကို ပြေပျောက်စေခြင်း၊ လေကို စုန်စေခြင်း၊ ဆီးအိမ်ကို သန့်ရှင်းစေခြင်း၊ အစာဟောင်း အကြွင်းအကျန်ကို ကြေကျက်စေခြင်း ဟူသော အကျိုးအာနိသင် ငါးပါးကို ရ၏ဟု ဟောပါသည်။

---

၁။ စေတောခိလ–စိတ်၏ ငြောင့်တံသင်း။ စိတ်ကို သစ်ငုတ် ခလုတ်ကဲ့သို့ မာကျောခက်ထန်အောင် ပြုတတ်သောတရားများ ဟုဆိုလိုပါသည်။

### ၈။ ဒန္တကဋ္ဌသုတ်

တံပူဝါးခြင်း၏ အကျိုးငါးပါး

၂၀၈။ တံပူ[၁]ဝါးသူသည် မျက်စိ ကြည်လင်ခြင်း၊ ခံတွင်း အနံ့ ကောင်းခြင်း၊ အရသာ ကို ခံစားသော အကြောများ စင်ကြယ်ခြင်း၊ သည်းခြေနှင့် သလိပ်တို့က အစာကို မဖုံးယှက်ခြင်း၊ ထမင်းမြိန်ခြင်း ဟူသော အကျိုးငါးပါးကို ရ၏ဟု ဟောပါသည်။

### ၉။ ဂီတဿရသုတ်

ဂီတသံဖြင့် တရားဟောခြင်း၏ အပြစ်ငါးပါး

၂၀၉။ သံရှည်ဆွဲ၍ ဂီတသံဖြင့် တရားဟောသော ပုဂ္ဂိုလ်အား မိမိအသံ၌ မိမိကိုယ်တိုင် စွဲမက်ခြင်း၊ သူတစ်ပါး တို့သည်လည်း ထိုအသံ၌ စွဲမက်ကြခြင်း၊ "ရဟန်းတွေလဲ ငါတို့လို သီချင်းဆိုကြတာပဲ" ဟု လူကဲ့ရဲ့ ဖွယ် ဖြစ်ခြင်း၊ အသံပြုပြင် လိုမှုကြောင့် သမာဓိ ပျက်ခြင်း၊ နောင်လာ နောက်သားတို့ အတုလိုက်ဖွယ်ဖြစ်ခြင်းဟူသော အပြစ်ငါးပါးဖြစ်နိုင်သည် ဟု ဟောပါသည်။

### ၁၀။ မုဋ္ဌဿတိသုတ်

သတိလက်လွှတ်ခြင်း၏ အပြစ်ငါးပါး

၂၁၀။ သတိသမ္ပဇဉ်ကင်းမဲ့စွာအိပ်သော ရဟန်းအား ဆင်းရဲစွာ အိပ်ပျော်ခြင်း၊ ဆင်းရဲစွာ အိပ်ရာမှနိုးခြင်း၊ အိပ်မက်ဆိုးမက်ခြင်း၊ နတ်တို့ မစောင့်ရှောက်ခြင်း၊ သုတ်လွှတ်ခြင်း ဟူသော အပြစ်ငါးပါး ဖြစ်နိုင်သည်။

သတိသမ္ပဇဉ် မလွှတ်ဘဲ အိပ်သော ရဟန်းအား ချမ်းသာစွာ အိပ်ပျော်ခြင်း စသော အကျိုးငါးပါး ဖြစ်နိုင်သည်ဟု ဟောပါသည်။

## ၂၂။ အက္ကောသကဝဂ်

### ၁။ အက္ကောသကသုတ်

ဆဲရေးခြင်း၏ အပြစ်ငါးပါး

၂၁၁။ သီတင်းသုံးဖော်တို့ကို ဆဲဆို ကြိမ်းမောင်းသော၊ အရိယာ တို့ကို စွပ်စွဲသော ရဟန်းအား သာသနာတော်မှ ရွေ့လျောခြင်း၊ ညစ်နွမ်း

---

၁။ သွားကို ပွတ်တိုက်ရန် တမာသား၊ ဖြူသာသား စသည်တို့ကို အချော သပ်၍ ထားသော သစ်သားတံကို 'တံပူ' ဟု ခေါ်သည်။ ထို တံပူဖြင့် သွားကို ပွတ်တိုက်ရုံသာ မကဘဲ သွားဖြင့် ကိုက်ဝါး ပေးလျှင် တံပူမှ ထွက်သော အရည်တို့က သွားကို ခိုင်မာ စေပါသည်။ ထို့ကြောင့် 'တံပူဝါးခြင်း' ဟု ဆိုပါသည်။

သော အာပတ်သို့ ရောက်ခြင်း၊ ပြင်းပြသော ရောဂါစွဲကပ်ခြင်း၊ တွေဝေလျက်သေရခြင်း၊ အပါယ်ငရဲသို့ ကျရောက်ခြင်းဟူသော အပြစ်ငါးပါး ဖြစ်နိုင်၏ဟု ဟောကြားပါသည်။

## ၂။ ဘဏ္ဍနကာရသုတ်
### ခိုက်ရန်ဖြစ်ခြင်း၏ အပြစ်ငါးပါး

၂၁၂။ ခိုက်ရန်ဖြစ်ခြင်း၊ သံဃာတို့ အတွင်း၌ ရုန်းရင်းဆန်ခတ် ဖြစ်စေခြင်းကို ပြုလုပ်သော ရဟန်းသည် မရသေးသော တရားထူးကို မရခြင်း၊ ရထားသော တရားထူးမှ ဆုတ်ယုတ်ခြင်း၊ မကောင်းသတင်း ထွက်ခြင်း၊ တွေဝေလျက် သေရခြင်း၊ အပါယ်ငရဲသို့ကျရောက်ခြင်း ဟူသော အပြစ်ငါးပါးကို ခံစားရ၏ဟု ဟောကြားပါသည်။

## ၄။ ဗဟုဘာဏိသုတ်
### စကားများခြင်း၏ အပြစ်ငါးပါး

၂၁၄။ စကားများသော ပုဂ္ဂိုလ်သည် မဟုတ်မမှန် ပြောမိခြင်း ကုန်းချောစကားပြောမိခြင်း၊ ကြမ်းတမ်းသော စကားကို ပြောမိခြင်း၊ သိမ်ဖျင်းသော စကားကို ပြောမိခြင်း၊ အပါယ်ငရဲသို့ကျရောက်ခြင်း ဟူသော အပြစ်ငါးပါးကိုခံစားရ၏ဟု ဟောပါသည်။

## ၅။ ပဌမအက္ခန္တိသုတ်
### သည်းမခံခြင်း၏ အပြစ်ငါးပါး

၂၁၅။ သည်းမခံခြင်းကြောင့် လူအများမချစ် မနှစ်သက်ခြင်း၊ ရန်များခြင်း၊ အပြစ်များခြင်း၊ တွေဝေလျက် သေရခြင်း၊ အပါယ်ငရဲသို့ ကျရောက်ခြင်း ဟူသောအပြစ်ငါးပါးကိုဖြစ်နိုင်၏ဟုဟောပါသည်။

## ၆။ ပဌမ အပါသာဒိကသုတ်
### ကြည်ညိုဖွယ်မရှိသူ၏ အပြစ်ငါးပါး

၂၁၇။ ကြည်ညိုဖွယ်မရှိသော ပုဂ္ဂိုလ်၌ မိမိကိုယ်မိမိ ကဲ့ရဲ့ခြင်း၊ ပညာရှိများကဲ့ရဲ့ခြင်း၊ မကောင်းသတင်း ထွက်ခြင်း၊ တွေဝေလျက်သေရခြင်း အပါယ်ငရဲသို့ ကျရောက်ခြင်း ဟူသောအပြစ်ငါးပါး ဖြစ်နိုင်၏ဟု ဟောပါသည်။

## ၇။ အဂ္ဂိသုတ်
### မီးလှုံခြင်း၏ အပြစ်ငါးပါး

၂၁၉။ မီးလှုံသော သူအား မျက်စိမှုန်ခြင်း၊ ရုပ်အဆင်းပျက်ခြင်း အားနည်းခြင်း၊ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ တိရစ္ဆာနပြကထာကို ပြောခြင်းဟူသော အပြစ်ငါးပါး ဖြစ်တတ်၏ဟု ဟောပါသည်။

## ၁၀။ မဓုရာသုတ်
### မဓုရာမြို့၏ အပြစ်ငါးပါး

၂၁၀။ မဓုရာမြို့၌မြေပြင်မညီညွတ်ခြင်း၊ဖုန်ထူခြင်း၊ ကြမ်းသော ခွေးများပေါခြင်း၊ သားရဲဘီလူးများရှိခြင်း၊ဆွမ်းခံ၍ ရခဲခြင်းဟူသော အပြစ်ငါးပါးရှိ၏ဟု ဟောပါသည်။[၁]

## ၂၃။ ဒီဃစာရိကဝဂ်
### ၁။ ပဌမ ဒီဃစာရိကသုတ်
### ခရီးရှည်သွားခြင်း၏ အပြစ်ငါးပါး

၂၂၁။ အချိန်ပိုင်းသတ်မှတ်ချက် မထားဘဲ ခရီးရှည် သွားသူအား[၂] မကြားနာဖူးသောတရားကို မကြားနာရခြင်း၊ ကြားနာဖူးသော တရားကို စင်ကြယ်စေရန် မစွမ်းနိုင်ခြင်း၊ မိမိ ကြားနာထားသော တရားဖြင့် ရဲရဲဝံ့ဝံ့ မရှိခြင်း၊ ပြင်းပြသော ရောဂါစွဲကပ်ခြင်း၊ မိတ်ဆွေအပေါင်း အသင်းမရှိခြင်း ဟူသော အပြစ်ငါးပါး ဖြစ်တတ်၏ဟု ဟောပါသည်။

### ၃။ အတိနိဝါသသုတ်
### ကြာမြင့်စွာနေရခြင်း၏ အပြစ်ငါးပါး

၂၂၃။ အရပ်ဒေသတစ်ခု၌ အလွန်ကြာမြင့်စွာ နေသောသူအား များသောပရိက္ခရာ ပစ္စည်းရှိခြင်း များသော ဆေးဝါး ပစ္စည်းရှိခြင်း၊ များသောပြုဖွယ်ကိစ္စရှိခြင်း၊ ရဟန်းတို့အား မလျောက်ပတ်သောဆက်ဆံ နည်းဖြင့် ရဟန်းရှင်လူတို့နှင့် ဆက်ဆံမိခြင်း၊ ထိုအရပ်မှ ထွက်ခွာသည့် အခါ ငဲ့ကွက်မှုရှိလျက် (နောက်ဆံတင်းလျက်) ထွက်ခွာသွားရခြင်း ဟူသော အပြစ်ငါးပါးဖြစ်တတ်၏ဟု ဟောကြားပါသည်။

---

၁။ မဓုရာမြို့သို့ ဗုဒ္ဓကြွလာစဉ် ဘီလူးမ တစ်ယောက်က တံခါးမှ နေ၍ နှောက်ယှက်သည်။ ဗုဒ္ဓက မြို့ထဲသို့မဝင်တော့ဘဲ ကျောင်းသို့ ကြွသွား ပြီး မဓုရာသုတ်ကို ဟောသည်ဟု အဋ္ဌကထာ၌ ဖွင့်ပါသည်။

၂။ အနဝတ္ထ စာရိကန္တိ အနဝတ္ထိတစာရိကံ–အဋ္ဌကထာ။

## ၇။ ဘောဂသုတ်

ပစ္စည်းဥစ္စာတို့၏ အကျိုးအပြစ်ငါးပါး

၂၂၇။ ပစ္စည်းဥစ္စာတို့သည် မီးနှင့် ဆက်ဆံခြင်း၊ ရေနှင့်ဆက်ဆံခြင်း၊ မင်းနှင့်ဆက်ဆံခြင်း၊ခိုးသူနှင့် ဆက်ဆံခြင်း၊ မချစ် မနှစ်သက်အပ်သောအမွေခံတို့နှင့် ဆက်ဆံခြင်းဟူသော အပြစ်ငါးပါးရှိသည်။

ပစ္စည်းဥစ္စာတို့ဖြင့်မိမိကိုယ်ကိုချမ်းသာစေခြင်း၊မိဘတို့ကိုချမ်းသာစေခြင်း၊ သားမယားကျေးကျွန် အလုပ်သမားတို့ကို ချမ်းသာစေခြင်း၊ မိတ်ဆွေလုပ်ဖော်ကိုင်ဘက်တို့ကို ချမ်းသာစေခြင်း၊ ရဟန်း ပုဏ္ဏားတို့အား လှူဒါန်းခြင်းဟူသောအကျိုးငါးပါးကိုပြီးမြောက်နိုင်၏ဟုဟောပါသည်။

## ၈။ ဥဿူရဘတ္တသုတ်

နေမြင့်မှ ထမင်းချက်ခြင်း၏ အပြစ်ငါးပါး

၂၂၈။ နေမြင့်မှ ထမင်းချက်သော အိမ်၌ ဧည့်သည် တို့အား အချိန်မီ မကျွေးမွေးနိုင်ခြင်း၊ နတ်တို့အားအချိန်မီမပူဇော်နိုင်ခြင်း၊ရဟန်း ပုဏ္ဏားတို့အားအချိန်မီ ဆွမ်းမကပ်နိုင်ခြင်း၊ကျေးကျွန် အလုပ်သမားများ မျက်နှာ မသာမယာဖြင့် အလုပ် လုပ်ကြခြင်း၊ အချိန်လွန်မှ စားသော ထမင်းသည် အဆီအြဩဇာမရှိခြင်းဟူသော အပြစ်ငါးပါး ဖြစ်တတ်၏ဟု ဟောပါသည်။

## ၉။ ပဌမ ကဏှသပ္ပသုတ်

မြွေဟောက်နှင့် မိန်းမတို့၏ အပြစ်ငါးပါး

၂၂၉။ မြွေဟောက်နှင့်မိန်းမတို့၌တူညီသောအပြစ်ငါးပါးရှိ၏။ ယင်းတို့မှာ မစင်ကြယ်ခြင်း၊ မကောင်းသော အနံ့ရှိခြင်း၊ ကြောက်မက်ဖွယ်အိပ်တတ်ခြင်း[၁]၊ ဘေးအန္တရာယ်ရှိခြင်း၊ အဆွေခင်ပွန်းကို ပြစ်မှားခြင်းတို့ဖြစ်၏-ဟု ဟောပါသည်။

(ဒုတိယသုတ်၌ 'လျှာနှစ်ခွ ရှိခြင်း' 'ကိုလည်း အပြစ် တစ်ပါး အဖြစ်ဖြင့် ဟောပါသည်။)

---

၁။ သဘီရှုဘိသန်ဒွေါ၊ မဟာနိဒ္ဒ[၂] နိဒ္ဒါယတိ အဋ္ဌကထာ။ အအိပ်ကြီးခြင်း ဟု အဓိပ္ပာယ်ရသည်။

၂။ ဒုဋ္ဌ[၀]ဇွေါထိ ဒွိ[၀]ဇော ဘိန္နဇိဝှော-အဋ္ဌကထာ။

## ၂၄။ အာဝါသိကဝဂ်
### ၁။ အာဝါသိကသုတ်

ကျောင်းထိုင်ရဟန်း၏ အင်္ဂါငါးပါး

၂၃၁။ မုဟ်နုံးသွင်ပြင်ရယန်းကျင့်ဝတ်နှင့် ပြည့်စုံခြင်း၊ အကြား အမြင်များခြင်း၊ ကိသလေသာ ခေါင်းပါးအောင်နေခြင်း၊ ကောင်းသော် စကား ရှိခြင်း၊ ပညာရှိခြင်း ဟူသော အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ကျောင်းထိုင် ရဟန်းသည် သာသနာစ်ပါးတို့၏ကြည်ညိုလေးစားမှုကိုတိုးပွား စေနိုင်၏ဟု ဟောပါသည်။

(နောက်သုတ်ကို၌ တရားဟောတတ်ခြင်း၊ ကျောင်း၌ ပျက်စီးယို ယွင်းမှုရှိလျှင် ပြုပြင်ထိန်းသိမ်းတတ်ကြခြင်း၊ ကျောင်း၌ အာဂန္တုရဟန်း များနေသောအခါ ဆွမ်းလုံလောက်စေရန် ဒါယကာတို့အား လှူဆော် တတ်ခြင်းစသော အချက်များကိုလည်း ကျောင်းထိုင်အင်္ဂါ အဖြစ်ဖြင့် ဟောကြားပါသည်။)

## ၂၅။ ဒုစ္စရိတဝဂ်
### ၆။ သိဝထိကသုတ်

သင်္ချိုင်းနှင့်တူသော ပုဂ္ဂိုလ်၏ အပြစ်ငါးပါး

၂၄၁။ ဒုစ္စရိတဝဂ် ပထမ(၈)သုတ်တို့၌ မိမိကိုယ်ကိုမိမိစွပ်စွဲခြင်း စသော ဒုစရိုက်ဆယ်ပါးတို့၏ အပြစ်ငါးပါးကို ဟောပါသည်။

၂၄၉။ သင်္ချိုင်းသည် မစင်ကြယ်ခြင်း၊ မကောင်းသော အနံ့ ရှိခြင်း၊ ဘေးအန္တရာယ်ရှိခြင်း၊ သားရဲဘီလူးတို့၏နေရာဖြစ်ခြင်း၊ လူအများ ငိုကြွေးရာအရပ်ဖြစ်ခြင်းဟူသောအပြစ်ငါးပါးရှိ၏၊

သင်္ချိုင်းနှင့်တူသော ပုဂ္ဂိုလ်၌လည်း အပြစ် ငါးပါးရှိ၏။ ယင်းတို့ ကား

(၁) သင်္ချိုင်းသည် မစင်ကြယ်သကဲ့သို့၊ မစင်ကြယ်သော ကံ သုံးပါးရှိခြင်း၊

(၂) သင်္ချိုင်းသည် မကောင်းသော အနံ့ရှိသကဲ့သို့ မကောင်း သတင်းထွက်ခြင်း၊

(၃) ဘေးအန္တရာယ်ရှိသောအရပ်ဖြစ်၍ သင်္ချိုင်းကို လူအများက ရှောင်ရှားသွားကြသကဲ့သို့ မစင်ကြယ်သော ကံသုံးပါးရှိသူကိုလည်းသီလ ရှိသော သီတင်းသုံးဖော်တို့က ရှောင်ရှားသွားကြခြင်း၊

(၄) သင်္ချိုင်း၌ ယားရဲဘီလူးများ နေကြသကဲ့သို့ မစင်ကြယ်သော ကံသုံးပါး ရှိသူထံ၌သည်း မစင်ကြယ်သော ကံသုံးပါး ရှိသူတို့သာ နေကြခြင်း၊

(၅) သင်္ချိုင်း၌ လူအများ ငိုကြွေးကြသကဲ့သို့ မစင်ကြယ်သော ကံသုံးပါးရှိသူကို သီလရှိသော သီတင်းသုံးဖော်တို့က ကဲ့ရဲ့ရှုံ့ချကြခြင်း-တို့ ဖြစ်သည်ဟု ဟောကြားပါသည်။

## ၁၀။ ပုဂ္ဂလပသာဒသုတ်

### ပုဂ္ဂိုလ်စွဲကြည်ညိုခြင်း၏ အပြစ်ငါးပါး

၂၅၀။ တစ်ပါးပါးသော ပုဂ္ဂိုလ်အပေါ်၌ ပုဂ္ဂိုလ်စွဲဖြင့်ကြည်ညိုသူမှာ အပြစ်ငါးပါးဖြစ်နိုင်၏။ အပြစ်ငါးပါးကား-

(၁) မိမိကြည်ညိုသော ပုဂ္ဂိုလ်ကို အပြစ်ရှိ၍ သံဃာက နှင်ထုတ်လျှင် သံဃာ့အပေါ်၌ မကြည်ညိုမှုဖြစ်၍ တစ်ပါးသော ရဟန်းတို့ကို မဆည်းကပ်သဖြင့် သူတော်ကောင်းတရားမှ ဆုတ်ယုတ်ခြင်း၊

(၂) မိမိကြည်ညိုသော ပုဂ္ဂိုလ်ကို အပြစ်ရှိ၍ သံဃာက အစွန်အဖျား၌ ထိုင်ရန် နေရာပေးထားလျှင် ထိုသံဃာအပေါ်၌ မကြည်ညိုမှုဖြစ်၍ တစ်ပါးသော ရဟန်းတို့ကို မဆည်းကပ်သဖြင့် သူတော်ကောင်းတရားမှ ဆုတ်ယုတ်ခြင်း၊

(၃) မိမိကြည်ညိုသောပုဂ္ဂိုလ် အရပ်တစ်ပါးသို့ ထွက်သွားလျှင် တစ်ပါးသော ရဟန်းတို့ကို မဆည်းကပ်သဖြင့် သူတော်ကောင်းတရားမှ ဆုတ်ယုတ်ခြင်း။

(၄) မိမိကြည်ညိုသော ပုဂ္ဂိုလ် လူထွက်သွားလျှင် တစ်ပါးသော ရဟန်းတို့ကို မဆည်းကပ်သဖြင့် သူတော်ကောင်းတရားမှ ဆုတ်ယုတ်ခြင်း၊

(၅) မိမိကြည်ညိုသောပုဂ္ဂိုလ်ကွယ်လွန်သွားလျှင် တစ်ပါးသော ရဟန်းတို့ကို မဆည်းကပ်သဖြင့် သူတော်ကောင်းတရားမှ ဆုတ်ယုတ်ခြင်း တို့ဖြစ်၏ဟု ဟောကြားပါသည်။

(၂၆။ ဥပသမ္ပဒါဝဂ်၌ သီလ သမာဓိ စသော အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ဥပဇ္ဈာယ်ဆရာလုပ်၍ ပဉ္စင်းခံပေးခြင်းစသော အမှုများကို လုပ်နိုင်ကြောင်း ဟောပါသည်။

သမ္မုတိပေယျာလ၌ အဂတိလေးပါး မလိုက်စားခြင်း ဆိုင်ရာ ကိစ္စ၌ ကျွမ်းကျင်ခြင်း စသော အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရဟန်း အား ဆွမ်းညွှန် ရဟန်းနေရာ စီစဉ်ပေးသော ရဟန်း၊ ဘဏ္ဍာစိုးရဟန်း စသော နေရာ၌ ခန့်ထားရန် သံဃာက သမ္မုတိ ပေးနိုင်ကြောင်းဟော ကြားပါသည်။

ရာဂပေယျာလ၌ ရာဂဒေါသစသော တရား(၁၇)ပါးကိုသိမြင် ပယ်ရှားနိုင်ရန်-သညာငါးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး တို့ကို ပွား များရမည်ဟု ဟောကြားပါသည်။)

ပဉ္စကနိပါတ် ပြီး၏။

ဓမ္မာစရိယ ဦးမောင်မောင်လေး

၂၆-၃-၈၆။

ပုဂ္ဂိုလ်၊ ဌာနဆိုင်ရာ နာမည်များ

# အကွဲရာစဉ်အညွှန်း


(က)

ကကုသန္ဓသား ၄၀၃
ကောဏ္ဍညရှင်အရှင် ၃၁
ကန္ဒရာယနပုဏ္ဏား ၇၆
ကပိလဝတ်ပြည်(မြို့) ၁၈၈၊ ၂၂၉၊ ၃၈၅
ကမ္မာသဒမ္မ ၃၀၀
ကဿပ-မြတ်စွာဘုရား ၅၁၆
ကဿပ-ဂေါတ္တအရှင် ၂၇၃
ကာတိယာနီ ဥပါသိကာ ၃၇
ကာယဝက္ခပုဂ္ဂိုလ် ၁၁၆
ကာရဏပါလီပုဏ္ဏား ၅၂၀
ကာလာမ မင်းမျိုး ၁၆၄
ကာသိတိုင်းဖြစ်
(အဝတ်အထည်) ၁၃၆၊ ၂၁၀
ကာဠိကုရရဃရမြို့ သူ ၃၇
ကာဠုဒါယီအရှင် ၃၂
ကုက္ကုဋာရုံကျောင်း ၄၅၁
ကုဏ္ဍဓာနထေရ်အရှင် ၃၁
ကုဏ္ဍလကေသီထေရီ ၃၇
ကုမာရကဿပအရှင် ၃၂
ကုသိနာရုံမြို့ ၂၂၇၊ ၂၉၅
ကုရုဂရဃရကျောင်း ၁၉၀၊ ၁၉၉
၃. . ၃၈၉၊ ၄၂၊ ၄၉၁၊ ၄၉၈
ကောသမ္ဗီနိဂုံး ၆၆၄
ကောသီမြင်းဆရာ ၂၁၉
ကောလိယတိုင်း ၂၀၂၊ ၃၀၄
ကောလိတကောလသဿဟာယန် ၂၀၂
ကောသမ္ဗီပြည် ၁၈၇၊ ၃၀၀၊ ၃၄၅
၃၄၅ ၃၈၀ ၄၀၃ ၄၈၈၊ ၅၀၅
ကောသလတိုင်း ၁၆၀၊ ၁၆၄၊ ၂၂၆
၅၁၆

(ခ)

ခိဒ္ဒါပဒေါသိက နတ် ၃၅၈
ခဒိရဝနိယရေဝတအရှင် ၃၁
ခုဇ္ဇုတ္တရာ ဥပါသိကာ ၃၆၊ ၉၅
ခေမာ ထေရီ ၃၄၊ ၉၅

(ဂ)

ဂိဇ္ဈကုဋ်တောင် ၂၈၉၊ ၂၆၄၊ ၃၇၀
ဂေါတမကစေတီ ၂၂၉
ဂေါတမသာကီဝင်မင်းသမီး ၃၀

(ဃ)

ဃောသိတာရုံကျောင်း ၁၇၇၊ ၃၀၁
၃၄၅၊ ၃၅၄၊ ၃၈၀၊ ၄၀၃
၄၈၈၊ ၅၀၅

(စ)

စတုမဟာရာဇ်နတ်မင်းကြီး
(လေးယောက်) ၁၃၅
စတုမဟာရာဇ် (နတ်တို့၏

သက်တမ်း) ၂၀၄
စိတ္တသူကြွယ်
မစ္ဆိကာသဏ္ဍမြို့သား) ၃၅၊၉၅
စုန္ဒမင်းသား ၄၃၀
စုန္ဒီမင်းသမီး ၄၃၀
စူဠနိကာလောကဓာတ် ၁၉၆
စူဠပန္ထက (စူဠပန်) အရှင် ၃၁

(ဆ)

ဆန္န ပရိဗိုဇ် ၁၀၆

(ဇ)

ဇမ္ဗူဒိပ်ကျွန်း ၄၆
ဇာလကုဿောလဏိပုဏ္ဏား ၃၇၀
ဇာတိခေတ် ၁၉၇
ဇီဝက (အဘယမင်းသား၏ မွေးစားသား) ၃၆
ဇေတဝန်ကျောင်း ၃၊၇၊၇၅ ၁၀၅၊၂၃၁၊၂၅၇၊ ၂၀၉၊၃၉၀

(တ)

တပုဿနှင့်ဘလ္လိက ၊၅
တာဝတိံသာ (နတ်တို့၏သက်တမ်း) ၁၀၅
တိုကဏ္ဍကီးတားအုပ် ၄၉၉
တိကဏ္ဍပုဏ္ဏား ၁၄၇
တုသိတာ (နတ်တို့၏သက်တမ်း) ၁၀၅
တောဒေယျပုဏ္ဏား ၃၇၅

(ဒ)

ဒဗ္ဗ မလ္လာမင်းသား ၃၂
ဒိဋ္ဌိပွတ်ပုဂ္ဂိုလ် ၀၁၆
ဒေဝဒတ် ၂၀၉၊၄၀၃
ဒေါဏပုဏ္ဏား ၂၆၉၊၅၁၀

(ဓ)

ဓမ္မဒိန္နာ ထေရီ ၃၄

(န)

နကုလပိတာ သူကြွယ် ၃၆၊၂၀၂
နကုလမာတာ သူကြွယ်မ ၃၇၊၂၀၂
နန္ဒအရှင် ၃၃
နန္ဒကအရှင် ၃၃၊၁၇၂
နန္ဒမာတာ ၉၅
နာဂိတအရှင် ၄၃၄
နာဒရအရှင် ၄၅၁
နာဠပုတ္တ ဟက္ကတွန်း ၁၉၀
နိဂြောဓာရုံကျောင်း ၁၀၀၊၂၂၉ ၃၀၅
နိမ္မာနရတိ (နတ်တို့၏သက်တမ်း) ၁၀၅
နေရဉ္ဇရာမြစ် ၂၅၇

(ပ)

ပဇ္ဇနိက နိဂုံး ၂၀၂
ပဋာစာရာ ထေရီ ၃၄
ပဏ္ဍိတကုမာရက လိစ္ဆဝီမင်းသား ၁၉၀
ပထမဈာန် (ပြဟ္မာတို့၏သက်တမ်း) ၃၂၉
ပရနိမ္မိတဝသဝတ္တီ (နတ်တို့၏သက်တမ်း) ၁၀၅

**ပသေနဒီ ကောသလမင်း** ၃၄၆
၄၅၀
ပါဠိလိပ်ပုတ်ပြည် ၄၅၁
ပိဂ်ဳိယာနိပုဏ္ဏား ၅၂၀
ပိုဏ္ဏာလ ဘာရဒွါဇအရှင် ၃၀
ပိလိန္ဒဝစ္ဆ အရှင် ၃၂
ပိဋကတ်(မုဏ္ဍာခင်း၏ရွှေတိုက်စိုး) ၄၅၁
ပုဏ္ဏ(မန္တာနီပုဏ္ဏားမ၏သား) ၃၀
ပုဗ္ဗာရုံကျောင်း ၇၀၊၁၇၂၊၁၀၁
ပေါတလိယ ပရိဗိုဇ် ၃၀၀

(ဗ)

ဗကုလာထေရီ ၃၄
ဗဟိတရကာဒါတာအုပ် ၂၂၇
ဗာကုလအရှင် ၃၂
ဗာရာဏသီမြို့ ၁၁၁၊၂၃၂
ဗာဟိယရဟန်း ၄၀၀
ဗာဟိယဒါရုစီရိယအရှင် ၃၂
ဗိမ္ဗိသာရမင်းကြီး ၄၃၀

(ဘ)

ဘဂ္ဂတိုင်း ၂၀၁
ဘဒ္ဒကစ္စာနာ(ယသော်ဓရာ) ၃၄
ဘဒ္ဒိယအရှင် ၅၁၁
ဘဒ္ဒသာရီမြစ် ၇၅
ဘဒ္ဒါမုဏ္ဍာခင်း၏မိဖုရား ၄၂၀
ဘဒ္ဒါကာပိလာနီထေရီ ၃၄
ဘဒ္ဒိယမြို့ ၄၄၀
ဘဒ္ဒိယလိစ္ဆဝီမင်းသား ၃၀၃
ဘဒ္ဒိယအရှင် ၃၀
ဘရဏ္ဍုကာလာမ ပရိဗိုဇ် ၂၂၉

ဘေသကဠာ တောအုပ် ၂၀၁
ဘောဂမြို့ ၃၆၆

(မ)

မက္ခလိဂေါသာလ ၄၃၊ ၂၃၀
မဂဓတိုင်း ၄၉၀
မဓုရမြို့ ၇၆၊ ၂၀၀
မနာပကာယိကာနတ် ၅၂၀၊ ၄၇၀
မနောပဒေါသိကနတ် ၃၅၀
မန္ဓာတ်မင်း ၂၂၆
မလ္လာမင်းတို့၏အင်ကြင်း
ဥယျာဉ် ၂၉၅
မလ္လိကာမိဖုရား ၃၉၀၊ ၄၅၀
မဟာကစ္စာန (မဟာကစ္စည်း)
အရှင် ၃၀၊ ၇၅
မဟာကဿပအရှင် ၃၀
မဟာကောဋ္ဌိကအရှင် ၃၆၁
မဟာဇနပဒ
(တိုင်းကြီး ၁၆ တိုင်း) ၁၄၀
မဟာနာမ်သာကီဝင်မင်း ၃၅၊၁၁၀
မဟာနာမ်လိစ္ဆဝီမင်း ၂၂၉၊၄၅၉
မဟာပဇာပတိဂေါတမီ ၃၄
မဟာပန္ထက(မဟာပန်) အရှင် ၃၁
မဟာမောဂ္ဂလာန်အရှင် ၃၀၊ ၅၂
၃၀၅
မဟာစုန်တော ၄၄၂၊၄၅၉၊၄၉၁
၄၉၀၊၅၂၀
မာရ်နတ် ၂၂၆
မာလုကျပုတ္တ အရှင် ၄၁၅
မိဂါရမာတာ(ဝိသာခါ) ၇၁၊၁၀၀
မေဏ္ဍကသူဌေး ၄၄၈
မောဃရာဇာအရှင် ၃၃

မော်ရိယဝံပ ပရိဗိုဇ်ကျောင်း ၂၄၈

(ယ)

ယမမင်း ၁၃၁
ယာမာ(နတ်တို့၏သက်တမ်း) ၁၈၅

(ရ)

ရာဇဂြိုဟ်ပြည် ၁၆၂၊၂၆၈၊၃၇၀
၃၇၄၊၃၇၅၊၄၃၈
ရာဓအရှင် ၃၃
ရောဟိတဿနတ်သား ၂၇၅

(လ)

လကုဏ္ဍကဘဒ္ဒိယအရှင် ၃၀
လိစ္ဆဝီမင်းသားများ ၄၅၉၊ ၄၉၈
၅၂၀

(ဝ)

ဝက္ကလိအရှင် ၃၁
ဝင်္ဂီသ အရှင် ၃၁
ဝစ္ဆဂေါတ္တ ပရိဗိုဇ် ၁၄၆
ဝဇ္ဇီတိုင်း (ဘဏ္ဍာရွာ) ၂၄၇
ဝပ္ပ သာကီဝင်မင်း ၂၇၅
ဝေရဉ္ဇမြို့ ၇၅
ဝဿကာရ (မဂဓတိုင်း၏
အမတ်ကြီး) ၃၇၀၊၃၇၄
ဝဿနှင့် ဘည
(ပရိဗိုဇ်နှစ်ပါး) ၂၆၅
ဝါမက စသောရသေ့များ ၅၁၈
ဝိညာဏဉ္စာယတန
(ဗြဟ္မာတို့၏သက်တမ်း) ၂၂၄
ဝိနိပါတိက ဘုံသား ၁၁၉
ဝိဋယမခတ် ၁၉၆
ဝိသာခအရှင် (ပဉ္စာလ
ပုဏ္ဏားမ၏သား) ၂၇၇
ဝိသာခါ မိဂါရမာတာ ၃၆၊၁၇၀
ဝေနာဂပုရ၊ ပုဏ္ဏားရွာ ၁၆၀
ဝေရဉ္ဇ မြို့ ၂၈၀
ဝေသာလီပြည် ၁၉၈၊ ၁၉၉
၂၂၉၊၃၈၃၊၃၈၉
၄၄၊၄၉၈၊၅၂၀
ဝေဟပ္ဖိုလ်(ဗြဟ္မာတို့၏
သက်တမ်း) ၃၃၀
ဝေဠုဝန်ကျောင်း ၁၆၂၊ ၂၆၈
၃၇၀၊၃၇၄၊၃၇၅

(သ)

သကဒါဂါမိပုဂ္ဂိုလ် ၂၀၀
သက္ကတိုင်း ၃၈၅
သက္ကနိဂုံး ၂၀၃
သင်္ဂါရဝပုဏ္ဏား ၁၅၈၊၁၅၉
သစေတနမင်း ၁၁၁
သတ္တက္ခတ္တုပရမသောတာပန် ၂၀၂
သမိဒ္ဓိ အရှင် ၁၁၆
သရဘ ပရိဗိုဇ် ၁၆၂
သသင်္ခါရ ပရိနိဗ္ဗာယီ
အနာဂါမိပုဂ္ဂိုလ် ၂၀၂
သဟမ္ပတိ ဗြဟ္မာ ၂၅၇
သာကေတမြို့ ၂၈၀၊ ၄၉၉
သာဂတအရှင် ၃၃
သာဏ
(သေခုနိယသေ၏မြေး) ၁၇၂
သာမာဝတီ ၃၆
သာရန္ဒဒစေတီ ၄၉၈

သာရိပုတ္တာအရှင် ၂၉၊ ၃၀၊ ၇၁၊
၂၃၄၊ ၂၉၀၊ ၃၅၃၊
၃၆၀၊ ၄၅၉၊ ၅၀၅၊
၅၀၀၊ ၅၀၉၊
သာရိပုတ္တာနှင့်
မောဂ္ဂလ္လာန် ၉၄၊ ၄၁၀
သာဝတ္ထိပြည် ၃၊ ၇၀၊ ၇၅
၁၁၅၊ ၂၃၁၊ ၂၅၇၊
၂၀၉၊ ၃၇၀၊ ၃၉၀
သာဠှ
(မိဂါရသေဌေး၏မြေး) ၁၇၂
သာဠှ(လိစ္ဆဝီမင်းသား) ၃၀၉
သိခါမောဂ္ဂလ္လာနပုဏ္ဏား ၄၀၅
သိခီ မြတ်စွာဘုရား ၁၉၅
သိဂါလကမာတာဥပါသိကာ ၃၄
သိပ္ပိနီ မြစ် ၁၆၃၊ ၂ ၅
၃၇၁
သီဝလိအရှင် ၃၁
သီဟစစ်သူကြီး ၄၄၂
သုဇာတာသေနိယသေဌေးသမီး ၃၆
သုဒတ္တသူကြွယ်(အနာထပိဏ်) ၂၀၃
သုမနာနတ်သားဘင် ၁၃၅
သုပ္ပဝါသာကောလိယမင်းသမီး
၃၆၊ ၂၀၃
သုပ္ပိယာဥပါသိကာ ၃၆
သုဘာကိဏှာ ဗြဟ္မာ ၁၁၉၊ ၃၃၀၊
၅၁၁
သုဘူတိအရှင် ၃၁-၃၁
သုမနာမင်းသမီး ၄၃၆
သုမ္ပဗုဒ္ဓ (သုမ္မဗုဒ္ဓ)ဥပါသကာ ၃၆
သုံသုမာရဂိရိမြို့ ၂၀၁
သေတဗျမြို့ ၂၆၉

သောဏကောဠိဝိသအရှင် ၃၁
သောဏကုဋိကဏ္ဏအရှင် ၃၁
သောဏက ယှလုလင် ၄၀၅
သောဏာဒေယရိ ၃၄
သောဘိတအရှင် ၃၂

(ဟ)

ဟတ္ထကနတ်သား ၂၄၁
ဟတ္ထကအာဠဝကမင်းသား
၃၅ ၉၅၊ ၁၂၉
ဟိမဝန္တာတောင် ၁၄၁

(အ)

အဇပါလညောင်ပင် ၂၅၇
အဇာတသတ်မင်းသား ၃၇၇
အညာသိကောဏ္ဍညအရှင် ၂၉
အဋ္ဌက... စသော ရသေ့များ ၅၁၀
အန္နဘာရ....စသောပရိဗိုဇ်များ
၂၆၄
အန္ဓကဝိန္ဒတောအုပ် ၄၉၀
အန္တရာ ပရိနိဗ္ဗာယီ အနာဂါမိ
ပုဂ္ဂိုလ် ၂၂၀
အနာထပိဏ်သူဌေး ၃၊ ၇၀၊ ၂၀၃
၄၄၄၊ ၅၁၂၊ ၅၁၄
အနုရုဒ္ဓါအရှင် ၃၀၊ ၂၃၄၊ ၄၀၀
အဘယ လိစ္ဆဝီမင်းသား ၃၀၉
အဘိဘူ(သိခီမြတ်စွာ ဘုရား၏
တပည့်) ၁၉၅
အသင်္ခါရပရိနိဗ္ဗာယီ
အနာဂါမိပုဂ္ဂိုလ် ၂၀၂
အာဘဿရာနှင့် ယတာန
(ဗြဟ္မာ) ၂၂၄

အာကိဉ္စညာယတန (ဖြဟ္ဂ်ာ) ၂၂၄၊၅၁၁
အာဏာခေတ် ၁၉၇
အာနန္ဒာစေတီ ၃၆၆
အာနန္ဒာအရှင် ၁၈၆၊၁၈၇၊၁၉၀
အာဘာဿရ (ဖြဟ္မာ) ၅၁၁
အာရာမဒတ္တပုဏ္ဏား ၇၅
အာဠဝီပြည် ၁၂၉
ဣစ္ဆာနင်္ဂလပုဏ္ဏားရွာတောအုပ် ၄၃၄
ဣတိပတန မိဂဒါဝုန်တော ၁၁၁
ဥက္ကဋ္ဌမြို့ ၂၆၉
ဥက္ကလ ဇနပုဒ် ၂၆၅
ဥဂ္ဂသူကြွယ် (ဝေသာလီမြို့သား) ၄၄၇
ဥဂ္ဂဟသူကြွယ်(ဟတ္ထိရွာသား) ၃၅
ဥဂ္ဂဟသူကြွယ် (မေဏ္ဍကသေဋ္ဌေး၏မြေး) ၄၄၀
ဥဇ္ဇယပုဏ္ဏား ၂၇၂
ဥတ္တရာနန္ဒမာတာ ၃၆
ဥဒါယီပုဏ္ဏား ၂၇၃
ဥဒါယီအရှင် ၅၀၅
ဥဒ္ဒကရာမပုတ္တ အနာဂါမ်ပုဂ္ဂိုလ် ၂၀၂
ဥပကမဏ္ဍိကာ၏သား ၃၇၅
ဥပသေနအရှင် ၃၆၂
ဥပ္ပလဝဏ်ထေရီ ၉၅
ဥပသေန (ဝင်္ဂန္တပုဏ္ဏား၏သား) ၃၂
ဥပဟစ္စ ပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် ၂၀၂
ဥပါလိအရှင် ၃၂
ဥရုဝေလကဿပ ၃၂
ဥရုဝေလတော ၂၅၇
ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ ပုဂ္ဂိုလ် ၂၀၂
ဧဒေဝယျမင်း ၃၇၅



ဘာသာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၂၁၂၉
ရက်စွဲ
သုတေသနစာကြည့်တိုက်

# အထူးပြင်ဆင်ချက်

စာမျက်နှာ ၇၉၊ စာကြောင်း ၂၆ ပါ သာဓကပါဠိကို "အဂ္ဂဝတီတိ ဥတ္တမ ပုဂ္ဂလဝတီ၊ အဂ္ဂါယဝါ ဥတ္တမာယ ပဋိပတ္တိယာ သမန္နာဂတာ" ဟု ပြင်ဆင် ဖတ်ရှုပါရန်။

စာမျက်နှာ ၈၇၊ စာကြောင်း ၁၈–၂၈ မှ ဥပမိနှင့်စပ်သော .... အနာသဝသုခ' ဟူသော စာပိုဒ်ကို "ဥပဒိနှင့်စပ်သော ချမ်းသာခြင်း– ဥပဓိသုခနှင့် ဥပမိနှင့်မစပ်သော ချမ်းသာခြင်း= နိရုပဓိသုခ။ အာသဝေါတရားတို့နှင့် တကွ ဖြစ်သော ချမ်းသာခြင်း –သာသဝသုခနှင့် အာသဝေါတရားတို့မှ ကင်းလွတ်သော ချမ်းသာခြင်း- အနာသဝသုခ" ဟု ဖြည့်စွက်ပြင်ဆင်ပါရန်။

# အမှားပြင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၉ | ၁၁ | တေဒဂ်ရ ရဟာန်း၄၂ပါး | တေဒဂ်ရ ရဟန်း ၄၁ပါး |
| ၃၃ | ၂၁ | ဘိက္ခုတေဒဂ် ၄၀မျိုး | ဘိက္ခုတေဒဂ် ၄၇ မျိုး |
| ၃၃ | ၂၄ | တေဒဂ်ရရဟန်း ၄၂ပါး | တေဒဂ်ရ ရဟန်း၄၁ ပါး |
| ၇၄ | ၁၁ | ကာယကံ | ကြမ်းသက်သောကာယကံ |
| ၈၆ | ၁၁ | ထိုစကားမှ | ထိုစကားမှာ |
| ၉၂ | ၁၅ | ဆုံးအမခက်သော | အဆုံးအမခက်သော |
| ၉၃ | ၁ | ထိုလော့ဘကို | ထိုလာဘ်ကို |
| ၁၁၁ | ၂ | မင်းအပေါင်းသည် | မင်းအပေါင်း |
| ၁၁၁ | ၂၆ | ပုဏ္ဏ ဟု | ပုဏ္ဏဒါရုံဟု |
| ၁၁၄ | ၃၁ | ဒုစရိုက်သုံးပါး | သုစရိုက်သုံးပါး |
| ၁၃၅ | ၂ | နတ်မင်းကြီးလေး<br>ယောက်လှည့်သည်ပုံ | နတ်မင်းကြီးလေး<br>ယောက်နှင့်ဥပုသ်သုံးမျိုး |
| ၁၃၀ | ၁ | အမှုးပြုခြင်းဖြင့် | အမှူးပြုခြင်းဖြင့် |
| ၁၃၉ | ၁ | ဇေဇ္ဓက်နိဗ္ဗတ္တိတံ | ဇေဗ္ဗ ကတ္တာနိဗ္ဗတ္တိတံ |
| ၁၄၉ | ၂ | ထိုရဟန်းဘာဝကို | ထိုရဟန်းအား ဘာဝကို |
| ၁၆၆ | ၂၄ | ထုအယူများ | ထို အမှုများ |
| ၁၇၂ | ၁၄ | သဌေး၏မြေး | မိဂါရသဌေး၏မြေး |
| ၁၈၄ | ၂၁ | လဖြင့် | ထိုလဖြင့် |
| ၁၈၅ | ၁၄ | နှစ်ပေါင်း သုံးဆယ်သည် | ညပေါင်း သုံးဆယ်သည် |
| ၂၆၃ | ၁၅ | တွေဝေခြင်းမျိုးသိပ်မရှိဘဲ | တွေဝေခြင်း၊ မျိုသိပ်ခြင်း<br>မရှိဘဲ |
| ၂၆၄ | ၁၀ | မမွေ့လျော်ခြင်းကိုလည်း<br>ကောင်း | မမွေ့လျော်ခြင်းကိုလည်း<br>ကောင်း၊ မွေ့လျော်<br>ခြင်းကိုလည်းကောင်း |
| ၂၆၉ | ၂၃ | နတ်လူသည်လေးမျိုး | နတ်လူစသည်လေးမျိုး |
| ၂၈၅ | ၁၂–၁၃ | ဖြစ်ပေါ်လာသည်တို့ကို | ဖြစ်ပေါ်လာသည့် ဘေး<br>ရန်တို့ကို |
| ၂၉၃ | ၂၀ | ပက ပဒ နံ | ပကဋ္ဌံ ပဓာနံ |
| ၃၂၅ | ၂၆ | သာမဏောဝစနဟောတုပိ | သာမဏာဝစနဟောတုပိ |
| ၃၃၀ | ၂၀ | ၉၄ ကပ်ကို | ၆၄ ကပ်ကို |
| ၃၃၁ | ၆ | ပထမဈာန်ကိုပွားများ၍ | မေတ္တာဈာန်ကိုပွားများ၍ |
| ၃၄၉ | ၂၄ | လျင်မြန်စွာ | နှုန်းနှေးစွာ |
| ၃၆၃ | ၂၀ | ဇာတ်ကြီးလေးပါး | ဓာတ်ကြီးလေးပါး |
| ၃၆၇ | ၂၂ | ကိုကား | ကျိုးကား |

# ပိဋကအနှစ်ချုပ် အင်္ဂုတ္တရနိကာယ်

- နိကာယ်ငါးရပ် ပိဋကတ် သုံးပုံတို့တွင် အင်္ဂုတ္တရ နိကာယ်သည် သုတ္တန်ပိဋကၡ ပါဝင်သည့် စတုတ္ထမြောက် နိကာယ်ကျမ်းကြီး ဖြစ်ပါသည်။ ဧကက နိပါတ်၊ ဒုကနိပါတ်၊ စသည်ဖြင့် အပိုင်းကြီး (၁၁) ပိုင်း ခွဲထားသောကြောင့် 'အင်္ဂုတ္တိုရ်ဆယ့်တစ်ကျမ်း' ဟုလည်းခေါ်ပါသည်။
- အင်္ဂုတ္တရနိကာယ်၌ ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကများ ဟောသည့် သုတ္တန်ဒေသနာပေါင်း (၉၉၅၇) ပုဒ်ပါရှိသည်။ ယင်းတို့ကို တစ်ပါးစုတရားများအပိုင်း၊ နှစ်ပါးစုတရားများအပိုင်း စသည်ဖြင့် အရေအတွက် သင်္ချာအားလျော်စွာ စနစ်တကျ စီစဉ်ထားသောကြောင့် သရုပ်ပြအဘိဓာန်ကျမ်းကြီးသဖွယ် ဖြစ်ပါသည်။
- အင်္ဂုတ္တရနိကာယ်၌ ယောက်ျား၏စိတ်ကို သိမ်းယူနိုင်သော တရားတစ်ပါး အကုသိုလ်၏ အပြစ်နှစ်ပါး လူမိုက်၏ လက္ခဏာသုံးပါး ဆွမ်းလှူခြင်း၏ အကျိုးလေးပါး စသောမှတ်သားဖွယ်များနှင့်တကွ ဧတဒဂ်ရ ပုဂ္ဂိုလ်ထူး (၇၅) ဦးတို့၏ အကြောင်းများလည်း ပါရှိပါသည်။
- ဆဋ္ဌ သံဂါယနာ မူအားဖြင့် စာမျက်နှာ (၁၆၀၀) ကျော်ရှိသော အင်္ဂုတ္တရနိကာယ်လာ ဗုဒ္ဓဒေသနာတို့ကို လူကြီးလူငယ် လူရွယ်မရွေး အလွယ်တကူ ဖတ်ရှု လေ့လာ နိုင်ကြစေရန် ဓမ္မာစရိယ ဦးမောင်မောင်လေးက မူရင်းလည်းမပျက် အနက်အဓိပ္ပာယ်လည်းပေါ်လွင်အောင် သိပ်သည်းကျစ်လျစ်သော မြန်မာစကားရင်းဖြင့် ပြန်ဆို ထားပါသည်။ အထူးအားဖြင့် ဓမ္မာစရိယတန်းဆိုင်ရာ စာသင်စာချပုဂ္ဂိုလ်တို့အား အထောက်အကူ ဖြစ်စေမည့် ရှင်းလင်းဖွင့်ဆိုချက်များကိုလည်း ဖော်ပြထားပါသည်။
- ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများနှင့် စာပေပညာရှင်များအတွက် အဖိုးအနဂ္ဃ ထိုက်တန်သော ဓမ္မစာမွန်အဖြစ်ဖြင့် နှလုံးလှစာပေမှ အထူးကြိုးစား တင်ဆက်လိုက်ပါသည်။